# ‘ရွှေဝါပြည်’

၁။

## ရွှေဝါပြည်၌ဆန်ပေါ၏

ထို့ကြောင့် ရွှေဝါပြည်သားတို့အားလုံး ထမင်းဝနေကြ၏။ ထမင်းဝသောကြောင့် ထုံးစံအတိုင်းပျင်းကြ၏။ ပျင်းသောကြောင့် တဖြည်းဖြည်း ဖျင်းလာကြ၏၊ ဖျင်းသောကြောင့် ကြာသော်ငတ်ကုန်ကြ၏။

ထို့ပြင် ရွှေဝါပြည်သူပြည်သားအားလုံး ဘာမျှမအောင့်နိုင် စိတ်အားညံ့ဖျင်းလာကြ၏၊

ဘာမျှမလုပ်လဲဘယ်အရာမဆိုအချောင်လိုချင်လာကြ၏၊

ဘယ်သူမဆို မိမိအဘို့ချည်း စဉ်းစားလာကြ၏၊

ဘာကိစ္စမဆို မိမိဘက်ကချည်း တွေးတောလာကြ၏။

ဤမျှနိမ့်ကျသော ရွှေဝါပြည်သူပြည်သားတို့၏ စိတ်နေယိုယွင်းမှုသည် ဝမ်းရောဂါကူးစက်သကဲ့သို့ မိမိစစ်တပ်တွင်းသို့ရောက်အောင် ကူးစက်ပြီးနေပြီကို ဗိုလ်ချုပ်ကြီးသန်မာသည် ယခုမှသိ၏။

ဗိုလ်ချုပ်ကြီးသန်မာ၏ မျက်လုံးထဲ၌ ရွှေဝါပြည်ကြီးသည် နေပူကျဲကျဲတွင် ကြည့်ရင်းကြည့်ရင်း အရည်ပျော်ကျနေသော ရေခဲတုံးကြီးကဲ့သို့ မြင်လာ၏။ ဖြစ်နိုင်လျှင် ဤရွှေဝါပြည် ကြီးတစ်ခုလုံးကို အနုမြူပုံးများဖြင့် တပြိုင်နက်တည်းကြဲချဖောက်ဖွဲ့ပစ်ချင်လာ၏၊ တွေးရင်း တွေးရင်း အလွန်စိတ်မချမ်းမသာဖြစ်နေရာမှ ငေါက်ကနဲထရပ်၏။

တပြိုင်တည်းပင် ပြင်းထန်သောသေနတ်သံများကို အလွန်နီးကပ်စွာကြားရ၏၊ သေနတ် ကျည်ဆံများသည် နံရံကိုဖောက်ဝင်လာကြ၏။ အချက်ဆက်ထွက်သော စက်သေနတ်ငယ်ကလေး များ၏အသံသည် အဆက်မပြတ်ပေါ်လာ၏။ ထိုအသံတို့ကြားထဲမှ အော်ဟစ်ဆဲဆိုနေကြသော အသံတို့သည် လူသံနှင့်မတူဘဲ တိရစ္ဆာန်တွေ အော်နေသလိုပေါ်ထွက်၏။

ညွှန်ခန်း၏အပြင်ဘက်၌ အကြိတ်အနယ် တိုက်ပွဲဖြစ်နေဟန်ရှိသည်။ ညွှန်ခန်းတွင် အရေးအကြောင်းရှိက လွယ်လင့်တကူထွက်နိုင်သော ထွက်ပေါက်သုံးခုရှိ၏။ ဗိုလ်ချုပ်ကြီးသန်မာ ၏ စားပွဲအတွင်း၌ အလိုရှိလျှင် အသင့်အသုံးပြုရန်ထားသော ကျည်ဘူးအသင့်တတ်ပြီး စက်သေနတ်အဖေါ်စားတခုရှိ၏။

ဗိုလ်ချုပ်ကြီးသန်မာသည် အကြောင်းရှိက အလွယ်ထွက်နိုင်သော ထွက်ပေါက်ကို လှမ်းကြည့်သည်။ ထို့နောက်စားပွဲအံဆွဲကိုဖွင့်လျက် စက်သေနတ်ငယ်ကိုကြည့်သည်၊ ထို့နောက် စားပွဲအံဆွဲကိုဆောင့်ပိတ်လျက် လက်ချည်းသက်သက်တိုက်ပွဲဖြစ်နေရာဘက်သို့ အိန္ဒြေရစွာထွက် ၏။

တံခါးဖွင့်လိုက်သည်နှင့် ယမ်းနံ့များက နှာခေါင်းထဲသို့ ဝင်လာ၏။ မှောင်နေသောယမ်း ငွေ့များအတွင်း၌ သေွးအိုင်ထဲတွင် အတုံးအရုံးကျဆုံးနေသော

မိမိ၏ဗိုလ် အကြပ်တပ်သားတို့ ကိုတွေ့ရ၏။ ထို့နောက်ဘယ်တုံးကမျှ မမျှော်လင့်ခဲ့သော မိမိအားရန်ပြုလာသူတို့ကို တွေ့ရ၏။

ဗိုလ်ချုပ်ကြီးသန်မာ၏ပါးစပ်သည် ဟသွား၏။ ထို့နောက် အသက်ရှူရမည်ကိုမေ့လျော့ နေ၏။ ထို့နောက် ဟက်ဟက်ပက်ပက် ရယ်၏။

ဗိုလ်ချုပ်ကြီးသန်မာ၏ရယ်မောခြင်းကို ပစ်ခတ်တိုက်ခိုက်နေကြသူတို့က အံ့အားသင့်လျက် အပစ်အခတ်ရပ်သွားကြ၏။ သေနတ်ကြီးထွေလက်ကကိုင်လျက် မျက်လုံးအပြူးသားနှင့် ဝိုင်းကြည့်ကြ၏။ ရှေးဦးစွာသတိရသူကား ဗိုလ်မှူးကျောက်တို့ဖြစ်သည်။

ဗိုလ်မှူးကျောက်တိုင်သည် ဗိုလ်ချုပ်ကြီးသန်မာ၏ ရှေ့ပြေးရပ်လျက် အကာကွယ်ပေး လိုက်၏။ ဤသို့ပြုလုပ်မှုကြောင့်ပင်လျှင် တဘက်မှ သတိရလာကြကာ သေနတ်သံပေါ်လာ၏။ ထိုသေနတ်သံနှင့်အတူ ဗိုလ်မှူးကျောက်တိုင်နှင့်တကွ ဗိုလ်ချုပ်ကြီးသန်မာလည်း လဲကျသွား၏။

(၂)

ကမ္ဘာမြေလုံးပေါ်၌ မြောက်ဘက် နေသွားလမ်းကြောင်းတည့်တည့်လောက်တွင် ရွှေဝါပြည်ရှိ၏။ တောင်တန်းကြီးများနှင့် ပင်လယ်ပြင်တို့ဝိုင်းရံကာပတ်ထားသောကြောင့် ရှေးခေတ်အခါက အခြားသော တိုင်းပြည်တို့မှ လာရောက်ဝင်ထွက်ရန်ခဲယဉ်း၏။

မုတ်သုံသစ်တောကြီးများ သံ သွတ် ခဲပုတ် ငွေ–ကျောက်စိမ်း ပယင်းနှင့် ကျောက်နီ ထွက်သော တောင်များရှိ၏။ ရေနံထွက်သောမြေများနှင့် သီးပင်စားပင်စိုက်ပျိုးရန် ကောင်းသော မြေဩဇာဖြင့် စိမ်းစိုနေသည့် မြေပြန့်လွင်ပြင်များရှိ၏။ မြောက်ဘက်ထောင်တန်းကြီးများမှ ဖြတ်၍ အနောက်တောင်ဘက် ပင်လယ်ပြင်အထိ အလျားလိုက်စီးဆင်းသော ရွှေဝါဝတီမြစ်ကြီး လည်းရှိ၏။ ထိုမြစ်ကြီး၏ကမ်းဘေးတွင် ခိုင်းနွားများ ကျွဲများတို့သည် ကွင်းပြင်ဖုံးမျှပေါပြည့်၏။ ကုန်းတန်းတောင်ကမူတို့၌မူ မြင်းများနှင့် အခြားသော တောတိရစ္ဆာန်များ ပျော်ပါးမြူးတူးကြ၏။

ဤသို့သော အရပ်တွင်ရွှေဝါလူမျိုးတို့သည် အချင်းချင်းဗိုလ်လုလျက် ပြည်နယ်အသီးသီး ခွဲဝေ၍ မြို့ပြတည်ထောင်နေကြ၏။

လွန်ခဲ့သောနှစ်ပေါင်း ၁၉၅ဝ–ခန့်က ရွှေဝါပြည်ကိုရောက်ဘူးခဲ့သော အီရန်ကုန်သည် ကြီးတဦး၏ မှတ်တမ်းတွင် အောက်ပါအတိုင်း အမှတ်အသားပြုခဲ့၏။

ရွှေဝါပြည်ကို အစိုးရသောမင်းသည် ထင်ရှားကျော်ဇော၏။ သူ၏စစ်သည်ရဲမက်များသည် ကသ္မီယ၊ ပလ္လဝနှင့် ဣန္ဒူမြစ်ဝှမ်းတလျှောက် နိုင်ငံရှိရဲမက် ဗိုလ်ပါများထက် များပြားသည် စစ်ချီ တက်တိုင်း တိုက်ဆင်ပေါင်း ငါးသောင်းနှင့် ချီတက်၏။ တပ်မတော်ကြီးတွင် စစ်သည်ရဲမက်ကို မဆိုထားဘိအထတ်လျှော်သော ခဝါသည်ဦးရေပင် တသောင်းကျော်၏။

ထိုရွှေဝါပြည်၌ အခြားဘယ်နိုင်ငံမျှ မရက်တတ်သော အဝတ်အထည်မျိုးကိုတွေ့ရ၏။ ထိုအဝတ်အထည်မျိုးတို့ကို ဝတ်ဆင်ရန် ချုပ်လုပ်ပြီးသောအခါ အလွန်နူးညံ့ပြော့ပျောင်းသော ကြောင့် လက်စွပ်ကွင်းထဲသို့ ထုတ်ပေါက်လျှိုနိုင်၏။ သားမြီးဖြင့် ပြုသောယပ်များကိုလည်း

မြင်ဘူးခဲ့ရ၏။ ခေါင်းပေါ်၌ ဦးချိုတချောင်းတည်းသာရှိသော ၎င်းတို့အခေါ်နှင့် ကြံ့ခေါ်သည့် အကောင်မျိုးကိုလည်း တွေ့ခဲ့၏။

ကျွန်ုပ်တို့သည် ထိုရွှေဝါပြည်၌ကြံ့သားကို စားခဲ့ကြရ၏။ ရွှေဝါပြည်သစ်တောတို့၌ ကြံ့ကောင်အလွန်ပေါများ၏။ အခြားနိုင်ငံများတွင် ကြံ့ကောင်ကို ကျွန်ုပ်တို့ တွေ့ဘူးကြသော်လည်း ရွှေဝါပြည်တွင်တွေ့ရသော ကြံ့များလောက် ဦးချိုလှပသည့် ကြံ့ကောင်တို့ကို မတွေ့ဘူး ခဲ့ကြရ။

ရွှေဝါပြည်သားတို့သည် ထိုကြံ့ကောင်တို့၏ ဦးချိုများကို ထွက်ကုန်အဖြစ် တရုပ်ပြည်သို့ တင်ပို့ကြ၏။ တရုပ်တို့သည် ကြံ့ချိုများကို ခါးပတ်ပြုလုပ်ဝတ်ဆင်ကြ၏၊ တန်ဘိုးကြီးစွာပေး၍ ဝယ်ကြ၏၊ ကြံ့ချို၏ပုံပန်းကိုလိုက်၍ လှပလွန်းလျှင် ငွေပိဿချိန်သုံးလေးဆယ်ပေး၍ ဝယ်ယူကြ သည်။

ကြံ့ချိုများအပြင် ဆင်စွယ်တို့ကိုလည်း အရောင်းအဝယ်ပြုကြသေး၏။ ရွှေဝါပြည်သားတို့ သည် ဆင်ကိုဖမ်းရာ မွေးမြူကြရာ၌ ဂုတ္တနိုင်ငံသားတို့ထက် ပိုမိုကျွမ်းကျင်ကြသည်။

အထက်ပါ အီရန်ကုန်သည်ကြီး၏ မှတ်တမ်းအပြင် တရုပ်ပြည်ကြီး၏ သမိုင်း၌လည်း ရွှေဝါပြည်အကြောင်းကို ရေးသားထားသော မှတ်စုမှတ်တမ်းအချို့ရှိသေးသည်။

ထိုတရုပ်ပြည်ကြီး၏သမိုင်း၌ ရွှေဝါပြည်ကြီး၏အကြောင်းကို ရေးသားရာတွင် ရွှေဝါပြည် မင်းကြီးသည် တိုင်းခမ်းလှည့်လည်သောအခါ ရွှေကြိုးများဖြင့် ဆိုင်းတပ်သော သလွန်ညောင် စောင်းထက်၌ လည်းလျှောင်းရင်း ထွက်သည်ဟုဆို၏။

ခရီးဝေးလံချိလျှင် ဆင်စီး၍ထွက်၏။ နန်းတွင်း၌ရွှေဝါပြည် ဘုရင်မင်းကြီးကို ရာပေါင်း များစွာသော အပျိုတော်တို့ဝန်းရံခစား၏။

ရွှေဝါပြည်သားတို့သည် နိုင်ငံ၏မြို့ရိုးကြီးများကို စိမ်းဖန့်ဖန့်အရောင်ရှိသော စဉ့်အုတ် ချပ်များဖြင့် ဆောက်လုပ်၏၊ မြို့များသည် မြို့ဝိုင်းများဖြစ်ကြလျက် ကျယ်ဝန်းလှပ၏။ မြို့ရိုးတံခါး ၁၂–ပေါက်ရှိ၏။ မြို့၏လေးမျက်နှာဘက် စေတီတဆူကြစီတည်ထား၏။

နိုင်ငံသူနိုင်ငံသားတို့သည် မြို့တွင်း၌သာနေကြ၏။ မြို့သူ–မြို့သားများသည် အိမ်ကိုသစ္စာများသွပ်များဖြင့် ပြုလုပ်ထားသော အုတ်ကြွပ်ဖြင့် မိုးကြ၏။ ပိတောက်သား၊ ကျွန်းသား၊ ပျဉ်းကတိုးသားတို့ဖြင့် အိမ်ကိုဆောက်လုပ်ကြ၏၊

နိုင်ငံသူနိုင်ငံသားများသည် သတ္တဝါတို့၏အသက်ကို သတ်ဖြတ်ခြင်းမှ တတ်အားသရွေ့ ရှောင်ကြဉ်ကြ၏။ တဦးနှင့်တဦးတွေ့သောအခါ တဦး၏လက်မောင်းနှစ်ဘက်ကို တဦးက လက်နှစ်ဖက်ဖြင့်ဆုပ်လျက် နှုတ်ဆက်ကြ၏။ လူတိုင်းလူတိုင်း နက္ခတ်ဗေဒင်ဟောတတ်ကြခြင်း၊ ယုံကြည်တတ်ခြင်းမှာ ရွှေဝါပြည်၏ထူးခြားချက်တရပ်ဖြစ်၏။

ရွှေဝါပြည်သားတို့သည် ဗုဒ္ဓသာသနာဝင်များ ဖြစ်ကြ၍. . . မဟာယနနှင့် ဟိနာယန ဗုဒ္ဓဘာသာနှစ်ခုလုံးကို ရေယှက်ကိုးကွယ်ကြ၏။ နတ်ကိုလည်း ကိုးကွယ်ကြ၏။ ဘုန်းကြီးများ သည် ဒကာဒကာမတို့အပေါ်၌ ဩဇာရှိလျက် လူ့ကိစ္စတို့ကို ဆုံးမညွှန်ကြားကြရ၏၊ ထို့ကြောင့် လည်း ဒကာဒကာမတို့က ဘုန်းကြီးကျောင်းပေါင်းမြောက်များစွာ ဆောက်လုပ်ကိုးကွယ်ထားကြ သည်။

ဘုန်းကြီးကျောင်းများကိုလည်း မှန်ရောင် တောက်သောအုတ်ချပ်ဖြင့် ဆောက်လုပ်ကြ၏။ မှန်ရောင်တောက်သောအုတ်ချပ်ကို ဟင်္သာပြဒါးသုတ်ကာ ရွှေငွေတို့ဖြင့်စီချယ်၏။ လှပသော ဆေးရောင်များဖြင့်လည်းသုတ်၏။ ကျောင်းများ၏ကြမ်းပြင်ကိုလည်း ဆေးသုတ်၍ အရောင်တင် ထားကြ၏။ ထိုကြမ်းပေါ်၌ အဆန်းတကျယ်ပြုလုပ်သော ကော်ဇောကြီးများ ခင်းထားကြကုန်၏။

ဘုရင့်နန်းတော်ကိုလည်း ဘုန်းကြီးကျောင်းများကဲ့သို့ လှပစွာဆောက်လုပ်၏။ ဘုရင့်နန်းတော်ကို ဘုန်းကြီးကျောင်းကဲ့သို့ အတုပြု၍ ဆောက်သလော၊ ဘုန်းကြီးကျောင်းကို ဘုရင့်နန်းတော်ကဲ့သို့ အတုပြု၍ဆောက်သလော ကျွန်ုပ်တို့မသိခဲ့ရပေ။

ကျွန်ုပ်တို့သိခဲ့ရသည်ကား ယောက်ျားကလေးများသည် ခုနစ်နှစ်သားအရွယ်သို့ရောက် လျှင် ခေါင်းတုံးရိတ်ပြီးသင်္ကန်းစည်းကြရ၏။ အသက်နှစ်ဆယ် အရွယ်ထိအောင် ကိုရင်ဝတ်ပြီးမှ လောကုတ္တရာစာပေကို မတတ်ကျွမ်းလျှင် လူဝတ်ပြန်ပြုကြရသည်။

ထိုကိုရင်လူထွက်တို့သည် ဆံပင်မရှည်မှီကာလအတွင်း ရွှေဖြင့်ပြုလုပ်သော ပန်းနွယ်ပန်း ခက်များ တပ်ဆင်ထားသည့် ဦးထုပ်မျိုး ပုလဲများအဘိုးတန်သော ကျောက်များ စီချယ်ထားသည့် ဦးထုပ်မျိုးတို့ကို ဆောင်းကြ၏၊ ကြွယ်ဝချမ်းသာလျက် အမျိုးမြတ်သောသူတို့သည် ကြံ့၏ဦးချို နှင့်တူသော ဦးထုပ်မျိုးတို့ကိုပြုလုပ်၍ ဆောင်းကြ၏၊ ဆံပင်ရှည်လာသော အချိန်တွင် ဦးရစ် ခေါင်းပေါင်းများကို ပေါင်းကြသည်။ ဦးရစ်ခေါင်းပေါင်းများသည် ပါး၍ချောသော ချည်မျှင်တို့ ဖြင့် ပန်းပွင့်ပန်းခက်ပေါ်အောင်ပြုလုပ်ထားသော ပုဝါများဖြစ်ကြ၏။ များသောအားဖြင့် ကိုရင်လူထွက်များ မဟုတ်ကြလျှင် စစ်ချီတက်သောအခါမှ ဦးထုပ်များကို ဆောင်းတတ်ကြသည်၊

ဘုရင့်နန်းတော်ကြီးတွင် ရွှေဖြင့်သွန်းလုပ်ထားသောခေါင်းလောင်းပြားတခု၊ ငွေဖြင့်သွန်း လုပ်ထားသော ခေါင်းလောင်းပြားတခု၊ သစ်ယားဖြင့် ပြုလုပ်ထားသော ကြီးမားလှသည့် ပုံကြီး တစ်ခုရှိသည်၊ ထိုအရာတို့ကိုအမှတ်အသား အမျိုးမျိုးဖြင့် နေ့စဉ်တီးခတ်ပေးရ၏။ ရွှေဝါပြည် သားတို့သည် ထိုတီးခတ်သံကိုကြားရသဖြင့် ဤကား အချိန်မည်မျှရှိပြီ၊ ဤကား. . . ဘုရင်မှုခင်း စစ်ပြီ၊ ဤကားအပြစ်ရှိသူတို့ကိုအပြစ်ပေးပြီ၊ ဤကား ရန်သူတို့ နိုင်ငံအနီးအပါးသို့ ချဉ်းကပ် လာပြီစသဖြင့် သိကြ၏၊

စစ်ဖြစ်မည်ဆိုလျှင် ကရက်နက် နံ့သာတုံးများကို မီးရှို့ကာ စစ်နိုင်မည်ရှုံးမည်ကို နိမိတ် ကောက်ကြ၏။ ဗေဒင်တွက်ကြ၏။ နတ်ကိုပူဇော်ပသကြ၏။

ရွှေဝါပြည်တွင် ပေတရာမှုမြင့်သော နတ်ရုပ်ကြီးတခုရှိ၏။ အမှုအခင်းဖြစ်ပွားသူများသည် ထိုနတ်ရုပ်ကြီး၏ရှေ့တွင် နံ့သာတုံးများကို မီးရှို့လိုက် ဒူးတုပ်ဝပ်တွားကာ အမှုရှုံးမည် နိုင်မည်ကို အဓိဋ္ဌာန်ပြုကြ၏။

နိုင်ငံတွင်း၌ ကပ်ရောဂါဆိုက်ရောက်လျှင်၎င်း၊ ရာသီဥတုဖေါက်ပြန်ခြင်း၊ ရေကြီးခြင်း၊ သီးနှံပျက်စီးခြင်း စသည်တို့ဖြစ်ပွားလျှင်၎င်း၊ ရွှေဝါပြည်ဘုရင်သည် ထိုနတ်ရုပ်ကြီး၏ရှေ့သို့ သွားရောက်ဒူးတုပ်ကာ မင်းကျင့်တရားနှင့်အညီ ကျင့်ပါမည်ဟု. . . တောင်းပန်အဓိဋ္ဌာန်ပြု၏။

ရာဇဝတ်ကောင်များကို ရွှေဝါသားတို့သည် အနှောင်အဖွဲ့မပြုပေ။ ကြီးလေးသော ရာဇဝတ်မှုကျူးလွန်သူများကို ငါးလုံးပူးထားသောကြိမ်ဖြင့် ကျောပြင်ကို ငါးချက်ရိုက်နှက်၏။

ပြစ်မှုသေးငယ်ကျူးလွန်သူများကို ငါးလုံးပူးကြိမ်ဖြင့် သုံးချက်ရိုက်နှက်၏။ ခိုးမှုကျူးလွန်သူများသည် ကြီးလေးသောပြစ်မှုကို အစပြု၍ ကျူးလွန်လာသူဖြစ်သောကြောင့် သေဒဏ်အပြစ်ပေး၏။

ရွှေဝါပြည်တွင် ပဲ၊ စပါး၊ ပြောင်းများကို စိုက်ပျိုးကြ၏။ ကြံပင်များလည်း လူ့ခြေသလုံး ခန့်ထွား၏။ ဂျုံနှင့် ပိုက်ဆံပင်များမပေါက်ချေ၊ စိုက်ပျိုးခြင်းလည်း မရှိကြချေ။

ရွှေနှင့်ငွေများကိုလည်း လဝန်းနေဝန်းနှင့် လခြမ်းသဏ္ဌာန် ပြုလုပ်သုံးစွဲကြ၏။ ရွှေဝါပြည် သားတို့သည် ညအချိန်တွင် အလင်းရောင်ရရန်ရေနံများ အခြားသော တိရစ္ဆာန်အဆီများနှင့် ဖယောင်းများကိုခွက်သို့ထည့်လျက် ထမင်းခြောက်များ နံ့သာတုံးများဖြင့် ရောထည့်မီးရှို့ထွန်းညှိ ကြ၏။

နိုင်ငံနီးခြင်းများနှင့် ကုန်ချင်းဖလှယ်ကြသောအခါ ဖွတ်ရေ၊ ဝါဂွမ်း၊ သလင်းကျောက်။ မြေရေတကောင်းများဖြင့် ဖလှယ်ကြ၏။

ရွှေဝါပြည်သူများသည် ဆံပင်ရှည်ထားကာ ဆံထုံး–ထုံးကြလျက် ပုလဲသွယ်များ. . . .

ကျောက်မျက်ရဲတို့ဖြင့်စီခြယ်အပ်သည့် ရွှေကြိုးများကိုပန်ဆင်ကြ၏။ အရောင်အမျိုးမျိုး ဆိုးထားသော ထမီကိုဝတ်ကြ၏။ အင်္ကျီပေါ်တွင်လည်း ပါးလွှာသောပိုးတဘက်ကို ခြုံလွှမ်းထား ၏။ လမ်းထွက်သောအခါ ယပ်တောင်များကို ကိုင်ဆောင်ကြသည်၊ မင်းမှုထမ်းကတော်တို့၏ နောက်၌ ယပ်တောင်ကိုင် အမြောက်အများလိုက်ပါကြရ၏။ ဤသည်ကား လွန်ခဲ့သည့်နှစ်ပေါင်း တထောင်ကျော်က ရွှေဝါပြည်ကို ရောက်ဘူးလာကြသည့် တရုပ်အမျိုးသားတို့၏မှတ်တမ်းဖြစ်၏။

အထက်ပါမှတ်တမ်းကို ဘတ်ပြီးကြသော ရာဇဝင်ဝါသနာထုံသူတိုင်း ရွှေဝါပြည် အကြောင်းကို ပို၍စိတ်ဝင်စားစေနိုင်သော မှတ်တမ်းတခုရှိသေးသည်၊ ထိုမှတ်တမ်းကို လွန်ခဲ့ သည့်ရှစ်ဆယ့်ငါးနှစ်က ဖိုက်ချ်အမည်ရှိသော အင်္ဂလိပ်လူမျိုးတဦးကရေး၏။

ရှေးအခါ ရွှေဝါပြည်သို့ရောက်ဘူးကြသော အီရန်ကုန်သည်ကြီးများ တရုပ်အမျိုးသားများ ၏ မှတ်တမ်းနှင့် အင်္ဂလိပ်လူမျိုး 'ဖိုက်ချ်'၏မှတ်တမ်းသည် နှစ်ပေါင်းကိုးရာကျော်ကွာခြား၏။

ဖိုက်ချ်ကဆိုလေသည် ရွှေဝါပြည်သားတို့သည် မွန်ဂိုအနွယ်ဖြစ်ကြောင်း သိသာထင်ရှား ၏။ လုံးသောဥက္ကောင်း ကျဉ်းသောနဖူးရှိ၏။ မျက်စေ့နေရာ၌ အထက်မှအောက်သို့သွယ်ကျဉ်း၏ ကျယ်၍ပြားသော မျက်ကြီးသောပါးရိုးရှိ၏။ မေးရိုးကြီးထွားဟန်မရှိ။ နှုတ်ခမ်းထူယောင်နှင့် တင်းတင်းစေ့၏။ မေးတို၏၊ နှာခေါင်းဝကျယ်၏။ ပြား၏။ မုတ်ဆိတ်မွေး ပါးသိုင်းမွေးမရှိကြ၊ နှုတ်ခမ်းမွေးသက်သက် ကြိုးကျဲရှိ၏။

အရပ် ၅ပေ–ခွဲပတ်လည်၌ရှိကြ၍ ကိုယ်ပေါက် လက်ရောက်အချိုးကျ၏။ ခြေတံလက်တံ မျှတ၏။ တည့်မတ်သောဥက္ကောင်း ဖြောင့်တန်းသော ပခုံးလက်ပြင်၊ ကျယ်ကားသောရင်အုပ်၊ သိမ်သောခါးရှိ၏။ ကြွက်သားကြီးများစုထွက်နေသော ခြေထောက်များရှိ၏။ ကျန်းခန့်သန့်စွမ်း သော လူမျိုးဖြစ်သောကြောင့် စိတ်မနှံ့သူကိုယ်အင်္ဂါချို့ယွင်းသူနည်း၏။

မိမိကိုယ်မိမိ ယုံကြည်စိတ်ချခြင်းကို မျက်နှာကဖော်ပြ၍ ကျန်းမာသန်စွမ်းကြောင်းကို သွက်လက်သော ခြေလှမ်းကဖော်ပြ၏။ ဆံပင်ကို ထပ်ပေါ်တွင်တုံး၏ ဆံထုံးကို ပိတ်ချော သို့မဟုတ် ပိုးပဝါဖြင့် ရစ်ပတ်ထား၏၊ ရာသီကိုလိုက်၍ ချိထည်သို့မဟုတ် သက္ကလပ်အင်္ကျီကို ခါးအထိ ဖားလျားကျစေလျက်ဝတ်၏။ ခါး၌ခြေသလုံးအထိဖုံးအုပ်သော ချည်သို့မဟုတ် ပိုးပခက် ခေါ်သည့်အရာကိုဝတ်၏။ တခါတရံထိုပုဆိုး၏ အစတဖက် ပခုံးပေါ်၌ကပိုကရိုတင်ထား၏၊ အသားညို၏။ အချို့ဝင်းဝါ၏။

ရှေ့ဝါပြည်အမျိုးသမီးတို့သည် အမျိုးသားများထက် အသားဝင်း၏။ သိမ်မွေ့သော ရုပ်ရည်ရှိကြ၏။ ကိုယ်လုံးလှပပြေပြစ်ကြော့ရှင်း၏။ သွယ်လျပျော့ပျောင်းသောခြေလက်ရှိ၏။

ထူးဆန်းသည်ကား ရှေ့ဝါပြည်သူတို့သည် မွှေးသောသစ်ခေါက်တမျိုးကို လှပစွာပြုလုပ် ထားသည့် ကျောက်ခပ်ထက်တွင် ရေဖြင့်သွေး၍ မျက်နှာနှင့် ကိုယ်လုံးကိုလိမ်းလူး၏ မျက်နှာပေါ် တွင် စိတ်ရသလောက် လှပစွာခြယ်လူး၏။

ထိုသစ်ခေါက်၏ အရောင်သည် ဝါဖျော့လျက် လှပ၏။ ထိုသစ်ခေါက်၏အနံ့သည် အလွန်ယဉ်ကျေးစွာသင်းပျံ့ပျံ့ တငွေ့ငွေ့မွှေး၏။

မျက်နှာကို အလှအပပြုပြင်ရာ၌ ရှေ့ဝါပြည်သူတို့သည် အခြားသောလူမျိုးများအသီးသီး တို့ထက် ထူးခြား၏။ စားရန်ပြုလုပ်ထားသည့် လဘက်ရွက်ကို မျက်ခုံးမွှေးဆွဲရာ၌ အသုံးပြု၏။ ထိုအရွက်သည် အသားဖြူဝင်းသူတို့၏ အတွက်ညိုမောင်းမောင်းအရောင်ဖြင့်စေ၏။ မဲနက်ပြတ် ထင်ခြင်းမရှိ ပြေပြစ်၏။

နှုတ်ခမ်းနီစေရန်အပင်မှဖြစ်သော ကွမ်းရွက်၊ ကွမ်းသီး၊ ရှားစေးနှင့် မြေမှထွက်သောထုံး တို့ကို ရောစပ်စား၏။ ထိုသို့စားခြင်းသည် နှုတ်ခမ်းတွင် သင်းပျံ့သောအနံ့တမျိုး အလွန်နူး ညံ့စွာစွဲမြဲကျန်စေသည့်အပြင် နှုတ်ခမ်းကို စကားနီရောင်ဖြစ်စေ၏။ ကွမ်းရွက်နှင့်ထုံးတို့သည် အသားအသွေးတို့၏ပုပ်စပ်သော အနံ့ကိုအထူးနိုင်နင်း၏။

ဤသို့ဖြင့် ရှေ့ဝါပြည်သူတို့၏ အလှအပလိမ်းခြယ်မှုသည် ပြတ်ပြတ်ထင်ထင်မရှိစေဘဲ အနုပညာမြောက်၏။

ကမ္ဘာပေါ်တွင် မည်သည့်မိန်းမမျိုးတို့မှ မရရှိနိုင်သောအသင်းပျံပျံ့ရနံ့ပိုင်ရှင်များနှင့် ဂုဏ်ယူလောက်သော အမျိုးသားလိမ်းခြယ်မှုကို ပိုင်ဆိုင်ထားသူများဖြစ်ကြ၏။

ရှေ့ဝါပြည်သူတို့၏ဆံပင်သည် ရှည်လျားမဲနက်၏။ ထိုဆံပင်ကို ဂန့်ဂေါ်ဝတ်မှုံနှင့် ဒေါ်န အပင်ခြောက်တို့ပါသော ပန်းသတ်သည့်ဆီမွှေးဖြင့် သေသပ်စွာလိမ်းကျံ၍ နောက်သို့ကျလျက် ထုံး၏။

ထိုဆံထုံးကို သစ်ခွပန်း စပယ်ပန်း စကားပန်းတို့ဖြင့် လှပစွာရစ်ကုန်းပန်ဆင်ကြ၏။

ရှေ့ဝါပြည်သူတို့သည် ပြည်တွင်းဖြစ်အချိတ်ပိုးထမီကိုဝတ်ဆင်ကြ၏။ ထမီကိုခါး၌တင်းကြပ်စွာချုပ်ထား၏။ ထမီသည်ခါးမှ ခြေသလုံးအထိသာလျှင် ရှည်လျားဖုံးအုပ်၏။ ထမီ၏အောက် နားတွင် ရှေ့ချည်ငွေချည်နှင့် အနက်ကန့်လန့်စင်းများ ပါသော ပန်းနုရောင် အောက်နားစ သီထား၏။ ထိုအောက်နားစသည် ခြေဖဝါး၏အောက်ကြမ်းပြင်တွင် တပေခန့်ပုံနေ၏။

ထိုအောက်နားကို ရှေ့ဝါပြည်သူတို့သည် လမ်းလျှောက်ရာ၌ငင်း လှပပျော့နွဲ့စွာနှင့်ပင် နိုင်နိုင်နင်းနင်း သိမ်းနိုင်၏။

ခါးချပ်ဝတ်ထားသော ထမီ၏အထက်တွင် ရင်သားကိုဖုံးအုပ်စည်းနှောင်သည့် နီမောင်းသောအဝတ်စတခု ကိုယ်တွင်ပတ်ထား၏။ ထိုအဝတ်၏ အဆုံးအသတ်အစကို လက်ဝဲဘက်ချိုင်းအောက်တွင် ချိုးခေါက်ထိုးညှပ်၏။

ကိုယ်၏အထက်ပိုင်း၌ ခါသာ ပိုး သို့မဟုတ် ဖဲအကျႌရင်ခွဲကို ဝတ်ဆင်ကြ၏။ ပခုံးထက်၌ ပါးလွှာသော တဘက်တထည်သည် မပါလျှင်မဖြစ်သော ခြုံလွှမ်းသည့်အသုံးအဆောင်တခုဖြစ် ၏။ ထို့နောက်ခြေထောက်တွင် ပိုးကတ္တီပါ၊ ချည်ကတ္တီပါတို့ဖြင့်ပြုလုပ်သော နီလွင်သည့် ဘိနပ်ကိုစီးလိုက်လျှင် ရွှေဝါပြည်သူတို့၏ ဆင်ယင်မှုမှာ ပြီးပြည့်စုံ၏။

သို့သော် ရှိပါသေးသည့် ရွှေဝါပြည်သူတို့သည် လည်ဆွဲနှင့်လက်ဝတ်တန်းဆာတို့ကို ဝတ်တတ်ကြသေး၏။ ထိုလက်ဝတ်တန်းဆာအားလုံးကို ရွှေစင်တွင် ပတ္တမြားနှင့် အခြားအဘိုးတန်ကျောက်မျက်ရွဲများကို စီခြယ်ထားကြ၏၊ လည်ဆွဲသည်ရွှေစင်နှင့် အဘိုးတန်လှသော ကျောက်မျက်ရွဲကိုတကုံး သို့မဟုတ် သုံးကုံးမျှဖြစ်၍ ရင်လွှမ်းတန်းဆာသည်ရွှေစင်၌ ကျောက်မျက်ရွဲအများအပြား စီခြယ်ထားသော ရင်တခုလုံးအပေါ်တွင်၊ ဖုံးလွှမ်းနိုင်သည့် အလွှာအချပ်ကြီးဖြစ်၏။

လက်ကောက်ကို အချို့ကတတောင်ဆစ်သို့ တိုင်အောင် ရွှေအတိဝတ်ဆင်ကြ၏။ အချို့ကမူ ပတ္တမြားကျောက်မျက်ရွဲတို့စီခြယ်သည့် အဘိုးထိုက်တန်လွန်းလှသော တရံတည်းသောလက်ကောက်ကိုသာ ဝတ်ဆင်ကြ၏။

ရွှေဝါပြည်သူတို့သည် ကမ္ဘာ၌ လွတ်လပ်ခွင့် အပြည့်ရရှိသော အမျိုးသမီးများဖြစ်ကြ၏။ ယောကျ်ားကိုချစ်ခင်ရိုသေကြသော်လည်း ယောကျ်ားတို့နှင့် ထပ်တူထပ်မျှာမဆိုပြုလုပ်၏။ တန်းတူလည်း အလုပ်လုပ်ကြ၏။ ထွန်ယက်စိုက်ပျိုးခြင်း မြင်းစီးခြင်းနှင့် အခြားကြမ်းတမ်းသော အလုပ်အားလုံးတို့ကို လုပ်ကြလေသည်။

သို့သော်. . . . . ရွှေဝါပြည်သူတို့သည် အလုပ်မလုပ်သော အလွတ်အချိန်တွင် သွားလာနေ ထိုင်ရာ၌ ယဉ်ကျေးသိမ်မွေ့ခြင်းကို ဂုဏ်ယူကြ၏။ ထို့ကြောင့် ရွှေဝါပြည်သူတို့၏ခါးပတ်ထား သောထမီသည် ခြေပြင်ပေါ်၌ တပေမျှပိုကျနေသော အနားကိုသီထပ်ထား၏၊ ထိုအနားသည် ဒူးဆစ်အောက်ခြေမှစတင်လျက် ရွှေချည်ငွေချည်အစင်းများဖြင့် လှပစွာချုပ်လုပ်ထား၏။

ရှည်လျားသော ထမီအနားပါသည့် ထမီကိုဝတ်ဆင်လျက် ရွှေဝါပြည်သူတိုင်း လျှင်မြန် ဖြတ်လပ်စွာ အလုပ်လုပ်နိုင်၏။ လမ်းသွားနိုင်၏။ ကခုန်နိုင်၏။

သို့သော်. . . . လမ်းသွားလျှင် ယဉ်ကျေးဖွယ်ရာရှိသည်။ ဤသို့ယဉ်ကျေးဖွယ်ရာပြုနိုင်ခြင်း ကိုလည်း တန်ဘိုးထား၏၊ ခြေတလှမ်းလျှင် ကုဋေတသန်းတန်သော အမျိုးသမီးများဖြစ်ကြသည် ဟု ရွှေဝါပြည်သူပြည်သားတို့က မိမိတို့အမျိုးသမီးများအတွက် ဂုဏ်ယူတတ်ကြ၏။

ထို့ထက်ပို၍ နှစ်သက်ဖွယ်ကောင်းသည်ကား ရွှေဝါပြည်သူတို့သည် ဘာသာရေး အကြီး အကဲတို့၏ အနှောင်အဖွဲ့မှငင်း ဇာတ်အနိမ့်အမြင့်တို့၏ အဆီးအတားတို့မှငင်း၊ ကင်းလွတ်ကြ ၍ တဘက်သားအပေါ်၌ ဟိန္ဒူနှင့် မဟာမေဒင်တို့ကဲ့သို့လည်း မယုံမကြည် သံသယပွားများ တတ်ခြင်းမရှိ၊ ဥရောပတိုက်သားများပေါ်၌ ဟန်ကြီးဖန်ကြီးပြုလုပ်လေ့မရှိ၊ အခြားသော ဘာသာ ဓလေ့ထုံးစံများကိုလည်း ရှုံ့ချရှုံ့မုန်းလေ့မရှိ၊ အလွန်ဖော်ရွေလျက် လူမှန်သမျှအားလုံးတို့ကို ရိုသေကိုင်းရှိုင်းစွာ လေးလေးစားစားဆက်ဆံတတ်၏။

ရွှေဝါပြည်သား ယောက်ျားမိန်းမတိုင်း တဘက်သားအား ရိုသေကိုင်းရှိုင်းမှု လွတ်လပ်စွာ နေထိုင်ပြောဆိုမှု နှစ်လိုဘွယ်ရာ ဖော်ရွေမှုတို့ရှိကြ၏။ အဆင်းရဲဆုံး အနွမ်းပါးဆုံး ဖြစ်သော သူများ၌ပင် ရိုးသား၏ မွန်ရေ၏။ ဣန္ဒြေရှိ၏။ ကျေးချင်မွေးချင်၏။ ရက်ရောစွာ ပေးကမ်းတတ် ၏။ ရွှင်ရွှင်ပြပြနေထိုင်တတ်၏။ ကြင်နာခင်မင်တတ်၏။ ထိုလူမျိုးတို့၏ ဟာသနှင့်ရောင့်ရဲတင်းတိမ် မှုကို မြင်ရသူတိုင်းအံ့သြကြရ၏၊ လူအားလုံးပင်တင့်တောင့်တင့်တယ်ရှိ၏။ အလွန်ကြွယ်ဝချမ်း သာလွန်းသော သူမရှိသကဲ့သို့ အလွန်ဆင်းရဲလွန်းသူများလည်း မရှိကြ။

လူတယောက် အလုပ်လုပ်လျှင် တအိမ်ထောင်လုံး ငြိမ်းချမ်းစွာထိုင်စားနိုင်၏။ တရက် အလုပ်လုပ်လျှင် ငါးရက်ခန့်အလုပ်လုပ်ဘဲ ထိုင်စားနိုင်၏။

ထို့ကြောင့် ရွှေဝါပြည်သူပြည်သား အပေါင်းတို့သည် ပွဲလမ်းသဘင်သို့ အတူသွားရာ၌ ဖြစ်စေ၊ ခရီးအတူသွားရာ၌ဖြစ်စေ၊ အားလုံးအတွက် ကုန်ကျရမည့်စားရိတ်ကို သူ့ထက်ငါဦး အောင် အလုအယက်ပြုကြလျက် တယောက်တည်းက တာဝန်ယူ၍ထုတ်ပေး၏။

ရွှေဝါပြည်၌ ဆင်းရဲသောအိမ်တအိမ်ဖြစ်စေကာမူ မိမိတို့အိမ်သို့ဝင်ရောက်တည်းခိုလာ လျှင် လူကိုဖြစ်စေ တရိစ္ဆာန်ကိုဖြစ်စေ၊ အမျိုးအမည်မခွဲခြားဘဲ၊ အဖိုးအခမယူဘဲ၊ အဆင့်အတန်း အနိမ့်အမြင့်မရွေးဘဲ အစားအစာကျွေး၏ အိပ်ရာနေရာပေး၏။ အိမ်သားများမစားမီ ဦးစွာကျွေး ခြင်းလည်း ဖြစ်၏။ အိမ်သားများမအိပ်သော အိမ်ဦးခန်း၌ သိပ်ခြင်းလည်းဖြစ်၏။ ထိုတည်းခို သောအိမ်မှ ဧည့်သည်ဖြစ်သူ ထွက်မသွားမခြင်း ကျွေးထားတတ်ကြသည်လည်းဖြစ်၏။

ကိုဧည့်သည်သည် မိမိဤသို့ တည်းခိုနေရသည့်အတွက် အလုပ်လုပ်ပေးရန်လည်းမလို၊ အဘိုးအခ ပေးရန်လည်းမလို။ စားပြီးအိပ် အိပ်ပြီးစားလျက် ငြိမ်းချမ်းစွာ မပူမပင်နေနိုင်၏။ အိမ်ရှင်သည် ကိုဧည့်သည်အား မိမိအိမ်ဦး၌တင်၍ သခင်တဆူသဘွယ် လုပ်ကျွေးပြုစုနေလိမ့် မည်ဖြစ်၏။

အချိန်ကြာလာသောကြောင့် အိမ်ရှင်၏ ချစ်ဘွယ်ကောင်းသော သမီးပျိုနှင့် နီးစပ်လာ လျှင် ကိုဧည့်သည်သည် ချစ်ရေးငင်နိုင်ပါသေး၏။

အိမ်ရှင်သိသွားလျှင် မှားကြောင်း ဝန်ခံလိုက်ပါဘိ။ ထို့နောက်အချစ်၏ တုတ်နှောင်ခံရ သောမိမိသည် မိမိ၏ နှလုံးသီးပွတ်ကို ဤအိမ်တွင်ထားခဲ့၍ ဟင်းလင်းပွင့်သောရင်၊ အမှတ် သညာကင်းမဲ့သောကိုယ်ဖြင့် ဤအရပ်မှထွက်ခွာသွားပါတော့မည်၊ မိမိကျူးလွန်မိသည့်အပြစ် ဒဏ်ကို ဤအိမ်သားတို့၏မျက်ကွယ်အရပ်၌ တသက်ပတ်လုံး ကျိတ်မှိတ်ခံစားသွားပါတော့မည်ဟု မျက်ရည်ခံထိုး၍ပြောလိုက်ပါ။

ဤသို့ပြုလုပ်ပြလိုက်မည်ဆိုပါလျှင် ကိုညွှန့်သည်သည် မည်သည့်လူမျိုးပင်ဖြစ်ပါစေ စိတ်ချ–လက်ချ ထိုအိမ်ထက်တွင်. . . . . သားမက်အဖြစ်နှင့်နေသွားနိုင်၏။

အကယ်၍ ထိုအိမ်က လက်မခံဘူးဖြစ်စေဦး ကိုညွှန့်သည်အဘို့ဘာမှစိတ်မပူပါနှင့် အခြားရွှေဝါသူများက ကိုညွှန့်သည်အား အလွန်ကြင်နာသနားကြလျက် ဆွဲခေါ်သွားကြလိမ့်မည် ဖြစ်၏။ စိတ်ချပါလေ. . .

သို့သော် ထူးခြားချက်တခုရှိသည်။ ရွှေဝါပြည်သူတိုင်းသည် အိမ်ထောင်ရေး စီးပွားရေး တို့၌ လင်ဖြစ်သူနှင့်တန်းတူအခွင့်အရေးရှိ၏။ လင်တိုင်းက မယားတိုင်းကို စီးပွားဘက်ဟု အသိအမှတ်ပြု၏။ အိမ်ထောင်တွင်းပစ္စည်းကို လင်မယားနှစ်ဦးပိုင်ဆိုင်၏။ သဘောချင်းမတိုက် ဆိုင်လျှင် လင်မယားကွဲကြလျှင် ရှိပစ္စည်းကို လင်နှင့်မယား သရက်စေ့ထက်ခြမ်းကွဲခွဲဝေယူကြရ ၏။ ရွှေဝါပြည်၌မယားသည် သော့ကိုင်ပစ္စည်းထိန်းဖြစ်၏။

ရွှေဝါပြည်တွင် ရွှေဝါပြည်သူပြည်သားတို့ လိုက်နာကျင့်သုံးကြရသော စည်းကမ်းသတ်မှတ်ချက်တွေရှိ၏။ ထိုစည်းကမ်းသတ်မှတ်ချက်တို့၌. . .

လင်သည်မယားကိုမိမိနှင့် ထပ်တူထားရ၏၊ ဉစ္စာအပ်ရ၏။ မိမိမယားမှတပါး အခြား မိန်းမများကို မပြစ်မှားရ ဝတ်စားတန်ဆာဆင်ရ၏၊ မြတ်နိုးကြင်နာရ၏ဟူသောအချက်များရှိ၏။ ထို့အတူမယားတို့ကလည်း. . . .

အိမ်တွင်းအမှုလုပ်ဆောင်ရ၏။ လင်ရှာဖွေသောပစ္စည်းကို စနစ်တကျသိမ်းဆည်းရ၏။ မိမိလင်မှတပါး အခြားသောယောကျ်ားများနှင့် မဖောက်ပြန်ရ၊ မိမိတို့စီးပွားပစ္စည်းကို သင့်လျော် စွာသုံးစွဲရ၏။ ပျင်းရိခြင်းမရှိစေရဟူသော စည်းကမ်းချက်တို့ရှိ၏။

ထိုစည်းကမ်းချက်တို့အရ ရွှေဝါပြည်သူတို့သည် ကမ္ဘာ၌မည်သည့်လူမျိုးနှင့်မျှ နှိုင်းယှဉ် မရသော ယောကျ်ားနှင့်တန်းတူအကျိုးခံစားခွင့်။ ရင်ဘောင်တန်းနိုင်ခွင့်ရရှိနေကြ၏။ ကမ္ဘာ့အမျိုး သမီးအားလုံးတို့အထဲ၌ အလွတ်လပ်ဆုံးသော အမျိုးသမီးများဖြစ်ကြ၏။

သို့သော် ရွှေဝါပြည်သူကို လိုချင်သော ကိုညွှန့်သည်အဘို့ဘာမျှ မစိုးရိမ်ပါနှင့် သဘော ကောင်း၍ ကျင်နာလိုက်လျောလွယ်သော ရွှေဝါပြည်သူတို့သည်

မိမိတို့ယူမိသောလင်က မိမိတို့ အပေါ်၌ ရှေ့ဝါပြည်သားလင်တို့ကဲ့သို့ မကျင့်သုံးစေကာမူ. . . . . .

ရှေ့ဝါပြည်သူတိုင်းသည် မိမိတို့ယူထားသည့် လင့်အပေါ်၌ မိမိတို့ပြုလုပ်ရမည့် ဝတ္တရား မပျက်ကွက်ယုံမျှမက ကိုဌေ့သည်တို့၏ဘာသာဓလေ့ကိုလည်း အလွယ်တကူ လိုက်လျော လက်ခံကြလိမ့်မည်ဖြစ်၏။

ဘာသာရေးနှင့် ပတ်သက်၍ ရှေ့ဝါပြည်သူပြည်သားတို့သည် ထိုင်းလင်းပြည်သား၊ လောပြည်သား၊ ကမ္ဘောဒီးယားပြည်သား၊ မြန်မာပြည်သားတို့နှင့် ထပ်တူဖြစ်၏။

ဟိန္ဒူပြဟ္မဏတို့၏အယူအဆ ဟင်းလေးအိုးအနှစ်တွင် ဂေါတမဗုဒ္ဓ၏ဆားမြက်မြက်ဖြင့် ခပ်ပေးထားသော ထေရာဝါဒအယူကို ယူကြ၏။

ထို့ကြောင့်အမျိုးများ၊ ဇာတ်များကို ခွဲခြားမှု ရှိသော်လည်း ပြင်းထန်မှုမရှိ၊ များပြားသော ဘာသာရေးစည်းကမ်းချက်များရှိသော်လည်း ထိုစည်းကမ်းချက်တို့ကို ဤသို့ကျူးလွန်လျှင် နောင်တမလွန်၌ ဤပုံခံရမည်၊ ဤသို့ပြုလုပ်လျှင် နောင်တမလွန်၌ ဤနှယ်ခံရမည်ဟူသော ယုံကြည်စေမှုဖြင့် ထိန်းသိမ်းပေး၏။

ရှေ့ဝါပြည်သားဘုန်းတော်ကြီးတို့သည် ဤအလွန်ကြင်နာတတ် အလွန်ယုံကြည်တတ်၊ အလွန်လိုက်လျောတတ်၊ အလွန်ပျော်ရွှင်တတ်သော ရိုးသားသည့် ရှေ့ဝါပြည်သားတို့အား နောင်တမလွန်၌ခံရစံရမည့် အကြောင်းများကို တဖွဲ့တနွဲ့ပြောကြ၏။ မိမိတို့ကိုယ်တိုင် တကယ် ရောက်လာသိလာ မြင်လာသကဲ့သို့လည်းပြော၏။ မိမိကိုယ်တိုင် ပြင်းပြင်းထန်ထန် တကယ် ယုံကြည်ကြည်နှင့် ပြောကြခြင်းလည်းဖြစ်၏။

ဤသို့ဖြင့်ရှေ့ဝါပြည်သူ ပြည်သားတို့၏ကိုယ်ကျင့်တရားများကို ကောင်းမွန်အောင်ထိန်း သိမ်းလာခဲ့နိုင်ကြသည်။

ဤသည်တို့ကား လွန်ခဲ့သောရှစ်ဆယ့်ငါးနှစ်ခန့်က ရှေ့ဝါပြည်ကို အင်္ဂလိပ်လူမျိုး တယောက်က မြင်ရသော အမြင်၏တစိတ်တဒေသဖြစ်၏။

ဤမှတ်တမ်းတွေအတိုင်း ဟုတ်သည်ဆိုလျှင် ရှေ့ဝါပြည်သည် လွန်ခဲ့သည့် အနှစ်ကိုးရာ ကျော်က ကြီးကျယ်ခမ်းနားလှသော တိုးတက်သည့်တိုင်းပြည်တပြည်ဖြစ်ခဲ့၍ လွန်ခဲ့သည့်အနှစ် ကိုးရာ၏နောက်ပိုင်းတွင် ပြောပလောက်အောင် တိုးတက်မှုမရှိရပ်တန့်နေသည်ဟု ယုံကြည်နိုင် ၏။

မှတ်တမ်း ၂–မျိုးအနက် ပထမမှတ်တမ်း ၂–ခု၌ ဘုရင်၏အကြောင်းနှင့် စစ်တပ်များ အကြောင်းပါ၏။ အနှစ်ကိုးရာမျှကွာခြားပြီးနောက် ရှေ့ဝါပြည်သို့ရောက်လာသော အင်္ဂလိပ် လူမျိုး 'ဖိုက်ချ်'ရေးသည့် ဒုတိယမှတ်တမ်းတွင် ရှေ့ဝါပြည်ဘုရင်နှင့် စစ်တပ်များအကြောင်း မပါ လာတော့။

ဤသည်ကိုထောက်၍ ရွှေဝါပြည်၌ထိုအချိန်တွင် ဘုရင်နှင့်စစ်တပ်တို့မရှိကြပြီဟုသိရ၏။ ရွှေဝါပြည်သူပြည်သားတို့၏လူနေမှုစံနစ်၊ စိတ်နေစိတ်ထားနှင့် ဆင်ယင်ထုံးဖွဲ့မှုတို့ကား အနှစ် ကိုးရာအတွင်း ထူးထူးခြားခြားမပြောင်းလဲ။ အခြေခံအားဖြင့် ထပ်တူထပ်မျှလောက်ဖြစ်၏။

ဤသို့ဝတ်စားဆင်ယင်မှုနှင့် ဓလေ့ထုံးစံများ မပြောင်းလဲကြပါဘဲလျက် ရွှေဝါပြည်တွင် ဘာကြောင့် အစဉ်အဆက်အုပ်စိုးလာခဲ့ကြသော မင်းဆက်များ ပြတ်သွားရပါသနည်း။

အချို့က တွေးထင်ကောင်းတွေးထင်ကြပေမည်။ ရွှေဝါပြည်ရှိ ဘုရင်တို့သည် ပဒေသရာဇ် စနစ်အတိုင်း သက်ဦးဆံပိုင် အုပ်စိုးလာကြသော ဘုရင်များဖြစ်ကြ၍ ခေတ်နှင့် အတူအရင်းရှင်စနစ်၏ လွှမ်းမိုးမှုကို ခံရသောကြောင့် ပျောက်သုဉ်းသွားရပါသည်ဟု ဆိုကောင်း ဆိုကြပေမည်။

ဤသို့ဆိုလျှင်လည်း မှန်သင့်သလောက်မှန်ပါလိမ့်မည်။ သို့သော် . . . . ဘုရင်စနစ်ကြောင့် ချည်း မဟုတ်ပါ။ အင်္ဂလန်ပြည်နှင့်တကွ ထိုင်းလင်းစသော အခြားသောတိုင်းပြည်အချို့၌ ယခုထက်တိုင် ဘုရင်ထားသောစနစ်ဖြင့် အုပ်စိုးနေကြပါသေး၏။ သို့သော်. . . . ရွှေဝါပြည်ကဲ့သို့ မဖြစ်ကြ။

စစ်စစ်ကား ရွှေဝါပြည်မင်းဆက် ပြတ်သွားရခြင်းသည် ရွှေဝါပြည်သားတို့အား အခြား သော တိုင်းတပါးသားတို့က အနိုင်အထက် လာရောက်စိုးမိုးကြသောကြောင့်ဖြစ်၏။ ရွှေဝါပြည် ကြီး ထီးကျိုးစည်ပေါက် ဖြစ်လိုက်ရလျက် ရွှေဝါပြည်သူပြည်သားတို့ သူ့ကျွန်အဖြစ်ခံကြရပုံ အခြင်းအရာသည် လူတို့၏ဖြစ်ရပ်ကို လေ့လာလိုသူ ဝါသနာရှင်တို့အတွက် အလွန်စိတ်ဝင်စား ဘွယ်ကောင်း၏။

အကြမ်းအားဖြင့် ရွှေဝါပြည်ကြီးတပြည်လုံး သူ့ကျွန်ဖြစ်သွားကြရခြင်း၏ လိုရင်းကို အကျဉ်းချုပ်ဖော်ပြရသော်. . . . .

## ၃။

ရွှေဝါပြည်ကြီးတွင် စိုးစံလာကြသော မင်းအားလုံးတို့အနက် နှစ်ရာ့ခုနှစ်ကြိမ်မြောက် ဘဝရှင်မင်းတရားကြီး၏လက်ထက်၌ဖြစ်လေသည် မင်းကြီးတွင် မိဖုရား–သား–သမီး–မြေး ယောက်ျား မြေးမိန်းမအားလုံးစုစုပေါင်း ၂၄၈–ယောက်ရှိ၏။ ထိုမင်းကြီးသည် နာမကျန်းရှိလေ သော် မင်းကြီးကွယ်လွန်လျှင် တိုင်းပြည်ကို ဆက်လက်အုပ်ချုပ်မင်းလုပ်နိုင်မည့်သူကို ရွေးချယ်ရန် အတွက်

အလယ်နန်းမတော်မိဖုရားနှင့်တကွ တန်းခိုးသြဇာအာဏာရှိသော မှူးမတ်အားလုံးတို့ ခေါင်းချင်းရိုက်ခတ်တိုင်ပင်ကြ၏။ မတိုင်ပင်၍ မဖြစ်သောအခြေသို့လည်း ရောက်နေကြ၏။

ထိုအချိန်ကရွှေဝါပြည်ကို နိုင်ငံခြားသားဈေးသယ် လူမျိုးများက တချက်မမှားလေနှင့် မှားလျှင် တိုင်းပြည်ပါ သိမ်းလိုက်မည်ဟု အနီးမှကပ်၍ စောင့်နေလေသည်။ ကြက်သူငယ်၏ အလှုပ်ကို အနီး၌ကပ်လျက်စောင့်နေသော တောကြောင်ပါးကြီးသဖွယ်ဖြစ်၏။

တချိန်က ရွှေဝါပြည်သားတို့သည်၊ မိမိတို့ရွှေဝါပြည်ကလေးအတွင်း၌ အချင်းချင်းဗိုလ်ဆွဲနေကြ၏။ တခါတရံမိမိတို့ရွှေဝါပြည်ကလေး၏ အနီးအပါးနယ်စပ်အထိ ကျော်လွန်ဗိုလ်ကျနိုင်၏။ ဤမျှလောက် ဗိုလ်ကျနိုင်မှုကိုပင် ရွှေဝါပြည်သားတို့နှင့် ဘုရင်ကမိမိတို့ကိုယ်မိမိတို့ ဇမ္ဗူဒိပ်ကျွန်း၏အသျှင်သခင်များ တရာ့တပါးသော ထီးဆောင်းမင်းအပေါင်းတို့က ပဏ္ဏာတော်ကြို့ရသည်။ စကြာဝတေးမန္ဓတ်မင်းနှင့်တိုင်းတော် ပြည်တော်သားများဟု အထင်ရောက်ကြ၏။

ရွှေဝါပြည်သားတို့သိသော ကမ္ဘာမြေကြီး၏အကျယ်အဝန်းကလည်း ရွှေဝါပြည်ထက် အနည်းငယ်မျှသာပိုကျယ်၏။ နယ်စပ်ယူနန်တရုပ်များနယ်၊ တခါတရံမိမိတို့က သွားရောက်အနိုင် ကျင့်နိုင်သည့် ယိုးဒယားနယ်၊ အခြားတဘက်တွင် ရွှေဝါပြည်သားတို့အဓါ ကျည်းကုလားများ နယ်နှင့် သိန်းဃိုကျွန်း ကျန်တဘက်တွင် သမုဒ္ဒရာပြင်ကျယ်ကြီး ထိုသမုဒ္ဒရာပြင်ကျယ်ကြီးကို ကူးဖြတ်လိုက်မည်ဆိုလျှင် ဗာလဝါမှ ခ–ဝဲကြီးထဲသို့ ကျရောက်ပြီးနောက် အဝီစိသို့ တုတ်တုတ် ထိအောင်မြုပ်သည်။ ကမ်းအတိုင်းသမုဒ္ဒရာပြင်ကျယ်ကြီး၏၊ တောင်ဘက်သို့လိုက်လျှင် မာလာယုကျွန်း၌ဆုံးမည်။ ပါဠိစာပေတို့၌ပါသော တိုင်းကြီးသော ဥသဓါသည့် တိုင်းပြည်ကြီး ဆယ့်ခြောက်ပြည်သည် နတ်တို့ကွယ်ဖျောက်လိုက်သောကြောင့် ပျောက်ကွယ်လေပြီ။

ဤသည်တို့ကား ရွှေဝါပြည်သားတို့သိသော ကမ္ဘာမြေကြီး၏ အစအဆုံးဖြစ်၏။ ရွှေဝါပြည်သားတို့ လေ့လာကျက်မှတ်သည့်ပါဠိစာပေတို့၌ ခေါမတိုင်း ရောမတိုင်းနှင့်ကာသိ (ကာသေ့)တိုင်းတို့ပါ၏။ ထိုတိုင်းတို့ကိုလည်း နတ်တို့ကွယ်ဖျောက်လိုက်သောကြောင့် ပျောက် ကွယ်ကုန်ကြပြီဖြစ်ရာ ရွှေဝါပြည်သားတို့သည် မိမိတို့သိသော ကမ္ဘာမြေအပြင်တွင် သို့မဟုတ် ဗမ္ဗူဒိပ်ကျွန်းမြေအပြင်တွင် မိမိတို့သာအယဉ်ကျေးဆုံး မိမိတို့သာအကြီးအကျယ်ဆုံးဟု အထင် ရောက်၏။

ရွှေဝါပြည်သားတို့သိသော တိုင်းပြည်ရွှေဝါပြည်သားတို့သိသော လူမျိုးတရာ့တပါးတို့ အထဲ၌ ပြင်သစ်၊ အင်္ဂလိပ်၊ ဂျာမဏီ၊ အီတလီ၊ အမေရိက၊ အာဖရိက၊ သြစတြေးလျ၊ ရသျှား၊ စသော လူမျိုးများနှင့် ထိုလူမျိုးတို့၏တိုင်းပြည်များ ပါကြ။

ထို့ကြောင့် ဇမ္ဗူဒိပ်ကျွန်း အပြင်ဝယ် မိမိတို့သာ အကြီးကျယ်ဆုံး မိမိတို့သာ အမြင့်မြတ် ဆုံးဟု ထင်နေဆဲ၊ ပေါက်ရောက်လာကြသော ပေါ်တူဂီ လူမျိုးအချို့တို့ကို တွေ့ကြရသည်၊ ရွှေဝါပြည်သားတို့က ထိုလူမျိုးတို့ကို ဖြူသောအရေ အရောင်ရှိသည့်

ကုလား–ကုလားဖြူဟု အသိအမှတ် ပြုလိုက်ကြ၏၊ ထို့နောက်ပြင်သစ် အင်္ဂလိပ်အစရှိသည်ဖြင့် တွေ့မြင်ကြသော်လည်း အားလုံးကုလားဖြူတို့သည်လည်း အရိုင်းအစိုင်းများ မိစ္ဆာဒိဋ္ဌိများဖြစ်ကြသည်။ မိမိတို့ကဲ့သို့ ကြီးကျယ်မြင့်မြတ်သော တိုင်းကြီးပြည်ကြီးသားများ မဟုတ်ကြဟု ထင်မှတ်ထားကြ၏။ ထိုသို့ ထင်မှတ်ထားစေရန်အတွက်လည်း ရွှေဝါပြည်သားတို့၌ ခိုင်လုံသော အကြောင်းရှိ၏။

ထိုအကြောင်းကား. . . . . ရွှေဝါပြည်သို့ ဈေးရောင်းရန် ရောက်ရှိလာကြကုန်သော ကုလား ဖြူဟူသမျှတို့သည် တစတစနှင့်ရွှေဝါဘုရင်၏ အထံ၌ဝင်ရောက် စစ်မှုထမ်းကြ၏။ ကျိုးပျပ်စွာ ခ,စားကြ၏၊

ကုလားဖြူဟုခေါ်သော လူမျိုးများသည် ဘိနပ်ဝတ်ထားသောချေဖြင့်၊ ဒူးတုပ်လျက် ခေါင်းမှူမမော်ဘဲ ဦးထပ်လက်စုံတင်၍ မြေပြင်၌တုတ်နှောင် ပစ်ချထားခြင်းခံရသော မျောက်ဖြူ ကြီးများကဲ့သို့ ရွှေဝါဘုရင်၏ရှေ့မှောက်၌ရှေးယခင်က ခ,စားနေကြသည်ဟု ယခုခေတ် ရွှေဝါ ပြည်သားတို့သိလျှင် အံ့ဩကြမည်။ သို့သော်. . . . ဤအတိုင်းပင်ဖြစ်၏။ မိမိတို့ရွှေဝါပြည် ပတ်ပတ်လည်မှအခြားတိုင်းတပါးသို့ မရောက်မပေါက်ဘူးသေးသော နယ်ကျဉ်းလှသည့် ရွှေဝါ ပြည်သားတို့၏မာနကား ဘဝဂ်သို့ ခိုက်လျက်ရှိကြ၏။

သို့သော်. . . . ၁၇၅၇–ခုနှစ်လောက်တွင် မိမိတို့အထင်သေးလာခဲ့သော အရိုင်းအစိုင်း ကိုကုလားဖြူတို့ကို ရွှေဝါပြည်သားတို့ကသတိထားစပြုလာကြသည်၊

ရွှေဝါပြည်သို့ ကုလားဖြူများလာရောက် အခြေစိုက်ခဲ့သည်မှာ ၁၆၀၀ပြည့်နှစ်လောက်စ ၏။ ၁၇၅၇–ခုနှစ်လောက်တွင် တိုင်းရင်းသားအချင်းချင်း ဖြစ်ကြသော 'ရွှေမြေပြည်'သားတို့နှင့် ရွှေဝါပြည်သားတို့ ရွှေဝါနိုင်ငံအတွင်း၌ပင် မိမိတို့အချင်းချင်း တိုက်ခိုက်စစ်ဖြစ်ကြ၏။

ထိုအချိန်၌ပင် ပင်လယ်စပ်ကျွန်းတခုပေါ်တွင် နေထိုင်ခွင့်ရသော ကုလားဖြူသည် တနိုင်ငံထဲသားအချင်းချင်းကို နိုင်မည်ထင်သောဘက်သို့၊ ကူးပြောင်းအားပေး၏။ ဟိုဘက်သို့ လက်နက်ရောင်းလိုက်၊ သည်ဘက်မှဝင်ရောက် တိုက်ခိုက်ဟန်ပြုလိုက် စသည်ဖြင့်လူးလာရောက် ယက်ခလောက်ဆန်၏။

ထိုစဉ်က ရွှေဝါပြည်သားတို့သည် မိမိတို့၏သွေးကို ကုလားဖြူများသိအောင် ပြလိုက်ကြ သည်။ တကျွန်းလုံးပေါ်ရှိ ကုလားဖြူများအားလုံးတို့ကို တယောက်မကျန်သတ် သုတ်သင်ပစ် လိုက်ကြသည်၊ ဤသို့တယောက်မကျန် ရှင်းပစ်လိုက်နိုင်ကြခြင်းသည်လည်း ရွှေဝါပြည်သားတို့ မာနတံခွန်ထူစရာအကြောင်းတခုဖြစ်လာ၏။

မာနတံခွန်လူနေသော ရွှေဝါပြည်သားတို့ထံသို့ ကုလားဖြူများက ကုန်ကူးသန်းရောင်း ဝယ်ခွင့်နှင့် ရောင်းဝယ်ရေးစနစ်တခုတည်ဆောက်ရန် ပေးသနားခွင့် တောင်းခံတိုးလျှိုး၏။

ကုလားဖြူတို့သည် ရွှေဝါပြည်သားတို့၏ စိတ်ရင်းသဘောကို သိနေကြပြီဖြစ်၏။ ကုလား ဖြူတို့ မြှော်လင့်ထားကြသည့်အတိုင်း ရွှေဝါပြည်ဘုရင်ကလည်း နှုတ်ဖြင့်ပစ်တင်ကြိမ်းမောင်း ပြီးနောက် ရောင်းဝယ်ရေး စခမ်းပြုလုပ်နေနိုင်ခွင့် ကုလားဖြူတို့ကို ပေးလိုက်၏။

သို့နှင့် ကုလားဖြူတို့က ရွှေဝါပြည်သားတို့၏ အခြေအနေကို အနီးကပ်အကဲခပ်ခွင့်ရ၏။ လူအား လက်နက်အားပြည့်တင်းနေ၏။ တဘက်ကလည်း မန်မူတက်ကြွမောက်မာလှသော ရွှေဝါလူမျိုးများကို အကြိုက်ပေးလျက် နှိမ့်ကျစွာ လိုက်လျောပေါင်း၏။

၁ရ၈၄–ခုနှစ်လောက်တွင် ကုလားဖြူတို့က ရွှေဝါပြည်သားတို့ကို စတင်တိုက်ခိုက်နိုင်ရန် အကြောင်းဆိုင်အခါသင့်လာကြသည်၊

ထိုနှစ်တွင် ဇမ္ဗူဒိပ်ကျွန်းအပြင်၌ တရာ့တပါးသော ထီးဆောင်းမင်းတို့၏ ပဏ္ဏာကြို့ခြင်း ခံရသော တပါးတည်းသော မင်းဟု မိမိကိုယ်ကိုယုံကြည်ထားသော ရွှေဝါပြည့်ရှင်ဘုရင်မင်းတရား ကြီးသည် ကုလားဖြူတို့မြှောက်ပေးသောကြောင့် ထကြွလာသော ‘ရက္ခိုက်’ပြည်ကို သွားရောက် တိုက်ခိုက်၏။

ကုလားဖြူအားကိုးနှင့် ထကြွပုန်ကန်သော ‘ရက္ခိုက်’တို့က ကုလားဖြူပိုင် ကုလားနက် နယ်ထဲသို့ ထွက်ပြေးတိမ်းရှောင်၏။

ရွှေဝါပြည်ဘုရင်က မိမိတို့အား ပုန်ကန်ထွက်ပြေးသူကို လက်မခံရ၊ လာရောက်အပ်နှံ ရမည်ဟု ရာဇသံပေး၏။ ကုလားဖြူတို့က မိမိတို့ကိုအားကိုး၍ လာရောက်ခိုကိုးသူအား ထိုသူ၏ ရန်လူလက်သို့ ပေးအပ်ရန်မရှိ။ ထိုသူကိုကာကွယ်ပေးရန်သာရှိသည်ဟု ပြန်ကြား၏။ ဤတွင် ရွှေဝါပြည်ဘုရင်၏ တပ်မတော်သားတို့က ကုလားဖြူပိုင်နယ်ထဲသို့ ချဉ်းနင်းဝင်ရောက်လျက် ရက္ခိုက်ဘုရင်နှင့်အပေါင်းပါတို့ကို ဖမ်းကြ၏။

ထိုစဉ် ကုလားနက်ပြည်ကို အုပ်စိုးထားသော ကုလားဖြူဘုရင်ခံက ရွှေဝါပြည်ဘုရင်နှင့် စေ့စပ်ရန် သံတမန်လွှတ်သေး၏။ သို့သော်. . . ဇမ္ဗူဒိပ်ကျွန်းအပြင်တွင် တဦးတည်းသော ဧကရာဇ်ဘုရင်ဟု မိမိကိုယ်မိမိ အသိအမှတ်ပြုထားသော ရွှေဝါပြည်ဘုရင်သည် ဘုရင်အချင်း ချင်း တန်းတူသူက လွှတ်သောသံတမန်များ မဟုတ်သောကြောင့် လက်မခံလိုက်။

ထို့နောက် ကုလားဖြူတို့သည် ရွှေဝါပြည်သားတို့၏ တိုက်ရည်ခိုက်ရည်နှင့်အင်အားကို ချင့်ချိန်ရန် ကသဲပုဏ္ဏားတို့အား မြှောက်ပင့်လက်နက်ပေးလျက် ရွှေဝါပြည်ကို ထောင်ထား ပုန်ကန်စေပြန်၏။ ရွှေဝါပြည်သားတို့က ကသဲတပြည်လုံးကိုဖျက်ဆီးခြေမှုံးပစ်ကြပြန်၏။

ကုလားဖြူအားကိုးရှိနေသော ကသဲဘုရင်က ကုလားဖြူပိုင်နက် ကချာနယ်ထဲသို့ ဝင်ရောက်ခိုလှုံပြန်၏။ ရွှေဝါပြည်သားတို့က အတင်းဝင်ရောက် ကျူးကျော်ဘမ်းဆီးပြန်၏။

ဤတွင် ကုလားဖြူတို့က တိုက်ရေးခိုက်ရေး၌ ကုလားနက်တို့ကို တိုက်ခိုက်ရသကဲ့သို့ ရွှေဝါပြည်သားတို့ကို မိမိတို့တိုက်ခိုက်ရန် မလွယ်ဟုသိလာကြ၏။ ဘဝင်ထိအောင်မြင့်သော မာနပြင်းပြသော ဇာတိသွေးဇာတိမာန်ဖြတ်လတ်သွက်လက်သော ကိုယ်လက်လှုပ်ရှားမှုရှိသည့် ရွှေဝါပြည်သားတို့သည် အပျင်းထူနေသည့်အခါ အပျင်းထူနေကြလိမ့်မည်ဖြစ်သော်လည်း တိုက်ရေးခိုက်ရေးတို့၌ ရဲရင့်မြန်ဆန်လိမ့်မည်ဟု အကြောင်းရှာ အကြံပြုနေကြသော ကုလားဖြူ တို့က ကြိုတင်တွက်ကြ၏။ နှစ်နှင့်ချီ၍အချိန်ယူကြ၏။ ဈေးရောင်းသလို အရှုံးအမြတ်ထွက်၏။

တွက်သား ကိုက်သောအချိန်၌ ရွှေဝါပြည်သားတို့ပိုင်သော ရက္ခိုက်ပြည်နှင့် ကုလားဖြူ တို့ပိုင်သော ကုလားနက်ပြည်အကြား ကျွန်းတခုပေါ်သို့လာ၍ ကုလားဖြူတို့က ကုလားဘုရင် မင်းမြတ်၏အလံကိုစိုက်ထူ၏။

ဤတွင် ရွှေဝါပြည်နှင့်ကုလားဖြူတို့ ထိုကျွန်းကို သူပိုင်သင့် ငါပိုင်သင့် ငြင်းခုန်ကြ၍ ရွှေဝါပြည်သားတို့က ကုလားဖြူတို့ကို တိုက်ခိုက်ဖျက်ဆီးလိုက်၏။

ထိုနှစ်ကား. . . . . ၁၈၂၄ခုနှစ် ဖြစ်လေသည်။ ရွှေဝါပြည်သားတို့နှင့် ကုလားဖြူတို့ ၂–နှစ် နီးပါးမျှတိုက်ခိုက်ကြ၏။ မိမိ၏ပတ်ဝန်းကျင်နယ်ပယ် တဝိုက်ကိုသာ ဗိုလ်လုပ်လာခဲ့ဘူးသော ရွှေဝါပြည်သားတို့သည် ကြီးကျယ်ရှည်လျားသော စီမံကိန်းများ ကောင်းမွန်သော လက်နက်များ စံနစ်ကျသော တိုက်နည်းခိုက်နည်းများနှင့် မတိုက်ခိုက်တတ်ကြ၊

ရဲရင့်မှု၊ ဖြတ်လတ်မှုတို့ကို အားကိုးလျက် တဦးချင်းစီ၊ တယောက်ချင်းစီ သူရဲကောင်း ဆန်ဆန် တိုက်နည်းမျိုးသာ တိုက်တတ်သူများဖြစ်ကြ၏။

ထို့ကြောင့် ၂–နှစ်နီးပါးမျှ ကြာသော်. . . . ကြိုတင်စီမံတွက်ချက်ထားသော ဈေးသည် ကုလားဖြူတို့ကို ရွှေဝါပြည်သားတို့က စစ်ရှုံး၏။ ရက္ခိုက်ပြည်နှင့် ပင်လယ်ကမ်းရိုးတန်းနယ် အပြင် စစ်စရိတ် ငွေတကုဋေကိုလည်းလည်း ရွှေဝါပြည်သားတို့က ကုလားဖြူတို့ကို ပေးလိုက် ရ၏။ ရွှေဝါပြည်၏ သုံးပုံတပုံကိုပေးလိုက်ရခြင်းဖြစ်သည်။ သို့သော်. . . . . ရွှေဝါပြည်မင်းနှင့်တကွ သော လူတို့သည်နောင်တရပါသလော၊ မှန်သောတွေးခေါ်မှုမျိုးကို တွေးခေါ်တတ်ကြပါပြီလော၊ နောင်တလည်းမရကြသေးပါ။ အဖြစ်မှန်ကိုလည်း မတွေးခေါ်တတ်ကြသေးပါ။

ရွှေဝါပြည်သားတို့ကား ခေါင်းထောင်မြဲ ဘဝင်ခိုက်မမြဲ မိမိတို့သည် ကုလားဖြူကြီးများ ကိုမေ့လျော့လာပြီး မိမိတို့က သနားညှာတာသဖြင့် မိမိတို့ရွှေဝါပြည်၌ ရောင်းဝယ်ဖောက်ကား ခွင့်ပေးထားရသည်ဟု ထင်မှတ်နေကြ၏။ မည်သူမျှအခြေအနေမှန်ကို တကယ့်ဖြစ်ရပ်အတိုင်း မတွေးတောကြ။

ထိုစဉ် ရွှေဝါပြည်သားတို့၏ ရန်အောင်နေပြည်အတွင်း၌ ကုလားဖြူရုက်ပက်နှင့် ကုလားဖြူလူဝစ်တို့ကို ရွှေဝါပြည်သားဖြစ်နေကြသော ရွှေဝါပြည်ဘုရင်၏သစ္စာတော်ခံ ကုလားမဲ နှစ်ယောက်တို့က လူသတ်မှု၊ လိမ်လည်မှု အတင်းအဓမ္မလုယက်မှုတို့ဖြင့် ရွှေဝါပြည်သား ရန်အောင်နေပြည် မြို့တော်ဝန်ထံသို့တိုင်၏။

ရန်အောင်နေပြည်တော် မြို့ဝန်က အမှုကိုခေါ်ယူစစ်ဆေးပြီး မှန်ကန်သောကြောင့် ကုလားဖြူရုက်ပက်နှင့် ကုလားဖြူလူဝစ်တို့အပေါ် ဒဏ်ငွေကိုးထောင်တပ်ရိုက်၏။

ဤတွင် ရန်အောင်နေပြည်မြစ်အတွင်း၌ စစ်သင်္ဘောကြီးငယ်တို့ ရုတ်တရက်ရောက်လာ ကြ၏။ ရန်အောင်နေပြည်မြို့ဝန်ကို ရာထူးမှဖြုတ်ချအရေးယူပေးရမည်ဟု ကုလားဖြူဈေးသယ် တို့ကတောင်းဆိုလာ၏။

ရွှေဝါပြည်ဘုရင်သည် ထိုတောင်းဆိုချက်ကို လိုက်လျော၍ ရန်အောင်နေပြည် မြို့ဝန်ကိုဖြုတ်ချပေးရ၏။ ထို့နောက်ကုလားဖြူဈေးသယ်တို့နှင့် အဆင်ပြေစွာဆက်ဆံရန် ရန်အောင်နေပြည်တော်သို့ မြို့တော်ဝန်အသစ် ခန့်အပ်ပေးလိုက်၏။

ထိုအသစ်ရောက်လာသည့် မြို့တော်ဝန်ရှိရာသို့ ရန်အောင်နေပြည်တော်မြစ်အတွင်း၌ စစ်သင်္ဘောတို့ဖြင့် အသင့်ရောက်နေသော ဈေးသယ်ကုလားဖြူစစ်ဗိုလ် ကွန်မင်ဒိုခွေးဘက်က မိမိဆီသို့ လာရောက်တွေ့ဆုံရန် အက်ဒွပ်ခေါ်သည့် စကားပြန်ကိုစာနှင့်လွှတ်လိုက်၏။

စကားပြန်အက်ဒွပ်သည် အပေါ်ကုလားဖြူစစ်သားများနှင့်အတူ ရန်အောင်နေပြည်တော် မြို့ဝန်၏အိမ်သို့ မြင်းကိုယ်စီနှင့် စော်ကားမော်ကား ဝင်ရောက်၏။

ဤတွင် အိပ်ပျော်နေသော မြို့တော်ဝန်အသစ်၏အိမ်တော်စောင့်တို့က ဓားမြှောင်ဖြင့် ထောက်၍ ထွက်သွားမလား မထွက်ဘူးလားဟုမေး၏။

ကုလားဖြူတို့သည် စီမံကိန်းနှင့်သာ အနိုင်ယူလျက်စော်ကားမော်ကား ပြုလုပ်ရဲသူများ ဖြစ်ကြ၏။ အကယ်တဦးချင်းတယောက်ချင်း ရင်ဆိုင်ကြရမည်ဆိုလျှင် မိမိတို့က နိုင်ခြေမရှိဘဲ သတ္တိနှင့်ယှဉ်ပြိုင်ရဲသူရှားပါး၏။

ထို့ကြောင့်လည်း မူးယစ်လာသော အက်ဒွပ်တို့လူစုသည် မြို့တော်ဝန်၏ အိမ်ဝိုင်း အတွင်း ဆဲဆဲဆိုဆို ထွက်ပြေးသွားကြ၏။

ဤတွင် မြစ်တွင်း၌ရှိနေကြသော ကုလားဖြူစစ်သင်္ဘောတို့၏ ဗိုလ်ချုပ် ကွန်မင်ဒိုခွေး ဘက်က ရန်အောင်နေပြည်တော်အလွန်၌ ဆိုက်ကပ်ထားသော ရွှေဝါပြည်ဘုရင်ပိုင် ရေနန်း ယာဉ်သာဖောင်စကြာ သင်္ဘောကြီးကို လုယူသွား၏။ ထို့နောက်ကုလားဖြူရှက်ပက်နှင့် ကုလားဖြူ လူဝစ်တို့ထံမှ တပ်ရိုက်သော ဒဏ်ငွေကိုးထောင်ကျော်ကို ပြန်ပေးရမည်၊ မြို့တော်ဝန် အသစ်ထံသို့စာလာပို့သူတို့ကို အတွေ့မခံရုံမက ညှင်းပန်းလွှတ်လိုက်သောကြောင့် စစ်ရှုံးစင်က ချုပ်ဆိုထားသော စာချုပ်ပါအတိုင်း စစ်နိုင်သောကုလားဖြူတို့ကို စစ်နိုင်သောသူတို့၏ ဂုဏ်နှင့် အညီရန်အောင်နေပြည်တော်တွင် လက်ခံဆက်ဆံရမည်။ ဤသုံးချက်ကို ရွှေဝါပြည်သားတို့က ကျေနပ်အောင် ပြုလုပ်မှလုယူသွားသော ရွှေဝါပြည်ဘုရင်၏သင်္ဘောကို ပြန်ပေးပြီး မိမိတို့၏ တိုက်သင်္ဘောများကိုလည်း နုတ်သိမ်းပြန်သွားမည်ဆို၏။

ဤသုံးချက်စလုံးကို ရွှေဝါပြည်ဘုရင်နှင့် ရန်အောင်နေပြည်တော် မြို့ဝန်တို့က လိုက်လျောပြန်သောအခါ ကုလားဖြူတို့က တဆင့်တက်လာကြသည်။

ထိုတဆင့်တက်၍ တောင်းဆိုချက်များကား (၁)မိမိတို့ တိုက်သင်္ဘောတွေ ရန်အောင် နေပြည်တော်မြစ်တွင်းသို့ အရောက်ချီတက်လာခဲ့ရသည့်အတွက် ကုန်ကျသောစရိတ်တသန်းကို ပေးရန်။

(၂) ရန်အောင်နေပြည်တော်မြို့ဝန်သစ်က ကုလားဖြူတို့၏ တိုက်သင်္ဘောရှိရာ ကွန်မင်ဒို ခွေးဘက်ထံသို့ လာရောက်ဦးညွှတ်၍ အကျေအလည်တောင်းပန်စကား ပြောရန်ဟူသော အချက် ၂ ချက်ဖြစ်၏။

ထိုနှစ်ချက်အနက်တစ်အချက်သည် ကုလားဖြူတို့၏ ဈေးသည်ဆန်လှသော အသုံးအနှုံး ဖြစ်၍ သိပ်အကြောင်းမထူးစေကာမူ နှစ်အချက်သည် ရွှေဝါပြည်သားတို့၏မာနကို ကျူးလွန် ထိပါးလွန်းလှ၏။

ထို့ကြောင့် ရွှေဝါပြည်သားတို့က လက်နက်အင်အားချင်းမမျှပါဘဲနှင့် ရှုံးမည်ဟုသိလျက် ဘုရင်နှင့်တကွ တပြည်တောင်လုံးက ထ၍တိုက်ကြ၏။

ထိုစစ်ပွဲတွင် ရွှေဝါပြည်သားတို့ရှုံး၍ အောက်ရွှေဝါပြည်တပိုင်းကို ကုလားဖြူတို့ကသိမ်း ယူ၏။ ရွှေဝါပြည်၏သုံးပုံနှစ်ပုံသည် ကုလားဖြူတို့လက်ဝယ်သို့ ရောက်ရှိလေပြီ။ ကုလားဖြူနှင့် ရွှေဝါပြည်သားတို့၏ ဒုတိယစစ်ပွဲပင်ဖြစ်သတည်း။

ရွှေဝါပြည်ကြီးကို စိုးစံလာခဲ့ကြသော မင်းအားလုံးတို့နက် နှစ်ရာ့ခုနှစ်ကြိမ်မြောက် စိုးစံရ မည့် ဘဝရှင်မင်းတရားကြီးသည် မိမိစိုးမိုးအုပ်ချုပ်မင်းလုပ်နေသော ရွှေဝါပြည်ကား တိုင်းတပါး သား ကုလားဖြူတို့၏လက်တွင်းသို့ သုံးပုံနှစ်ပုံမျှပေးထားရလျက် မိမိသည်

သုံးပုံတပုံသော တိုင်းပြည်ကိုသာလျှင် စိုးမိုးအုပ်ချုပ်မင်းလုပ်၍ နေရပါတကားဟု စိတ်မကောင်းမရှိခဲ့လေ၊ ငါတို့၏ တိုင်းပြည်ကို တိုင်းတပါးသား ကုလားဖြူတို့သည် မတရားသဖြင့် သုံးပုံနှစ်ပုံမျှသိမ်းပိုက် ထားပြီး ငါတို့၏လွတ်လပ်မှုကို ခြိမ်းခြောက် နေကျပါပကောဟု တခါမျှ နှလုံးမသာမယာမရှိလေ ဤကား ရွှေဝါပြည်သားတို့၏မျိုးရိုးစရိုက်စစ်ဖြစ်၏။

မင်းတရားကြီးသည် အလွန်လျှင်ငြိမ်းငြိမ်းချမ်းချမ်းဖြင့် ပျော်ပျော်ပါးပါးနေနိုင်တတ်သူ ဖြစ်သည်။ ဤသို့မိမိ၏တိုင်းပြည်ကို သုံးပုံနှစ်ပုံမျှ သူတပါး၏လက်ထဲသို့ ပေးထားနေရသည့် အထဲကပင် မိမိကိုယ်မိမိ နောင်တမလွန်သောဘဝ၌ ယခုထက်သာသော စကြာဝတေးမင်းကြီး ဖြစ်လာရန် သာသနာရေးဘက်က ကျိုးပမ်းအားထုတ်သည်၊ ဘဝကူးကောင်းမွန်ရေးအတွက် ဖြူစင်သောစိတ်ထားမျိုးကိုထားသည်၊ တဘက်ကလည်း မိမိဖြစ်လာရသော မင်းဘဝတွင် တိုင်းပြည်၏သုံးပုံတပုံမျှသော မြေကြီးကိုသာ ပိုင်ဆိုင်နေရစေကာမူ ရေမြေ့သနင်း ပြည့်ရှင်မင်း ဟူသော အမည်နှင့်လိုက်လျောရန် များပြားသောမိဖုရားတို့ကို လက်ဝဲလက်ယာပတ်ပတ်လည် ထားလျက် အစွမ်းကုန်စည်းစိမ်ရစ်လိုက်သေးသည်၊ ဤသို့ဖြင့် မိဖုရား သားသမီးမြေး စုစုပေါင်း ၂၄၈ ယောက်ရှိလာသည်။

မင်းတရားကြီးသည် ငါတို့အားတိုင်းတပါးသားတို့ကအနီးကပ်လျက် ကြွက်သူငယ်ကို ကြောင်အိုချောင်းသကဲ့သို့ ချောင်းမြောင်းခြိမ်းခြောက်မှုခံနေရပါပကောဟု သတိရတော်မမူ။ ဘဝရှင်မင်းတရားကြီးသည် မည်သည့်ကုသိုလ် မည်သည့်အလှူဒါန်းတွေကို ပြုလုပ်သွားသည် ဟူသော နာမည်ကိုသာခံယူလိုတော်မူ၏။

ထို့ကြောင့်လည်း ဘဝရှင်မင်းတရားကြီးသည် မိမိ၏များပြားလှသော သားတွေအထဲ၌ မည်သူသည် မိမိ၏အရိပ်အရာကို တည်တန့်စွာဆက်ခံနိုင်မည်ဟု နတ်ရွာလားသည့်တိုင်အောင် လွှဲအပ်ပေးခြင်းပြုတော်မမူနိုင်ခဲ့။

ဤအပြုအမူများသည် အလွန်ရွှေဝါပြည်သား ပြီသသောအပြုအမူများဖြစ်၏။

ရွှေဝါပြည်သားတစုံတယောက်၏အိမ်ပေါ်သို့ ဧည့်သည့်တဦးတယောက်လာသည်ဆိုပါစို့ ထိုရွှေဝါပြည်သားသည် အဆိုပါဧည့်သည်အား ဝမ်းမြောက်ဝမ်းသာစွာဧည့်ခံမည်ဖြစ်သည်။

ထို့နောက် ဧည့်သည်သည် အိမ်ပေါ်ကမဆင်းဘဲ အိမ်၏သုံးပုံနှစ်ပုံခန့်ကို နေရာချ၍ ယူထားသည်ဆိုပါစို့။

အိမ်ရှင်ရွှေဝါပြည်သားသည် ခေတ္တခဏသာလျှင် ညိုငြင်မှုရှိပြီးနောက်၊ အချိန်အနည်း ငယ်အတွင်း၌ မေ့မေ့ပျောက်ပျောက်ဖြစ်ပြီးလျှင် မိမိနေရသောအိမ်၏ သုံးပုံတပုံမျှသော နေရာ ကလေး၌ပင် ပျော်ပျော်ရွှင်ရွှင်နေသွားလိမ့်မည်ဖြစ်၏။

ထိုနောက် မိမိသည် အရွယ်လွန်လျက် သားသမီးနှင့်တကွအိုးအိမ်တို့ကို စွန့်ပစ်သေဆုံး ရတော့မည်ဆိုပါစို့။

ရွှေဝါပြည်သားသည် သေဆုံးရန်နီးကပ်လာသောအချိန် သို့ရောက်မှ ဤအိမ်၌ မိမိနေရ သည့်အစိတ်အပိုင်းကလေးကို မည်သူ့အားအပ်နှံလျှင် သင့်လျော်ပါလိမ့်မည်လဲဟု သတိရလာ လိမ့်မည်ဖြစ်၏။ ထိုသို့သတိရလာသောအချိန်၌ ဘာမျှမပြုလုပ်နိုင်တော့ပြီ။

ဤသည်ကိုလည်း ရွှေဝါပြည်သားတို့၌ ဖြေဖျောက်ရန်ဆေးနည်းကောင်းရှိ၏။

သတ္တဝါတို့သည် မကြံစည်ဘဲနှင့်လည်း ဖြစ်တတ်ကြ၏၊ ကြံစည်ပါလျက်နှင့်လည်း ပျက်တတ်ကြ၏။ ကံစီမံရာ–ကံပစ်ချရာကိုသာလျှင် ခံကြရသည်၊

ဤတရားသည် ရွှေဝါပြည်သားတို့အတွက် စိတ်ပြေပျောက်ရန် ဘာမဆိုခွင့်လွှတ်နိုင်ရန် ရရှိထားသော ဆေးနည်းကောင်းလက်သုံးစကားကြီးပင်ဖြစ်၏။

ရွှေဝါပြည်သားတို့၏ နှစ်ရာ့ခုနှစ်ကြိမ်မြောက် ဘဝရှင်မင်းတရားကြီးသည် ဤတရား တော်ကို အောင့်မေ့နှလုံးသွင်းရင်းငြိမ်းချမ်းစွာ နတ်ထီးစံရန်အတွက် ရှေးရှုတော်မူနေလေပြီ။

ဤတွင် အလယ်နန်းမတော် မိဖုယားကြီးနှင့် အမတ်ကြီးဦးဖျင်းတို့ ခေါင်းရိုင်းရိုက်ကြရ သည်။

ထိုအချိန်က အလယ်နန်းမတော် မိဖုယားကြီးနှင့် အမတ်ကြီး ဦးဖျင်းတို့သည် ရွှေဝါပြည် အား ကုလားဖြူတို့ခြိမ်းချောက်လာနေပြီဖြစ်ကြောင်းကို ဒုတိယသတိထားမိသူများဖြစ်ကြသည်၊ ပထမ သတိထားမိသူက မိမိပြုလုပ်ချင်သည်ကို မပြုလုပ်လိုက်ရဘဲ ကွယ်လွန်သွားရှာရသော မင်းတရားကြီး၏ညီ အိမ်ရှေ့ကိုယ်တော်ကြီးဖြစ်၏။

အိမ်ရှေ့ကိုယ်တော်ကြီးသည် ရွှေဝါပြည်ကြီး၏ သုံးပုံနှစ်ပုံခန့်ကို ကုလားဖြူတို့က လုယူ ထားသည့်အတွက် အခဲမကြေဖြစ်နေရှာ၏။

တဦးချင်းတယောက်ချင်း သတ္တိချင်း မည်သူမျှယှဉ်ပြိုင်၍မရသည့် ရွှေဝါပြည်သားတို့ကို ကုလားဖြူတို့က ဘာ့ကြောင့် စော်ကားမော်ကား လာရောက်အနိုင်ကျင့်ဝန့် အနိုင်ကျင့်နိုင်ကြပါ သနည်းဟု စစ်မြစ်ကိုရှာ၏။

ဘာ့ကြောင့် အနိုင်ကျင့်နိုင်ကြ–ကျင့်ဝန့်ကြသည်ဟု ရိပ်စားမိလာသောအခါ ကုလားဖြူ တို့ကဲ့သို့ စည်းစနစ်နှင့် လေ့ကျင့်သင်ကြားသော ရွှေဝါပြည်သားစစ်တပ်ကြီးဖွဲ့စည်း၏။ အရည် တူတန်းတူသော လက်နက်များကို ပြုလုပ်နိုင်ရန် လက်နက်ရုံတည်ဆောက်ဖို့ပြု၏။ ကုလားဖြူ တို့ကို ရွှေဝါပြည်သားတို့က

အရှုံးပေးလာခဲ့ကြရသည်ကား လက်နက်အင်အားချင်း မမျှသော ကြောင့်ဟု အိမ်ရှေ့ကိုယ်တော်ကြီးကသိလာသည်။

မိမိတို့သည် နောက်ဆုံးအခြေ၌ ကုလားဖြူတို့ကို တိုက်မထုတ်နိုင်သေးသည့်တိုင်အောင် မိမိတို့အား ကုလားဖြူတို့က ဆက်လက်ခြိမ်းခြောက်မှု မပြုလုပ်ဝန့်ဘဲ ရှိသေခန့်ငြားလာကြစေ ရန်ဟု ရည်ရွယ်၏။

အိမ်ရှေ့ကိုယ်တော်ကြီး၏ကျိုးပမ်းချက်ကို သူလျှိုအထောက်တို့ဖြင့် အမြဲတန်း စောင့်ကြည့်နေကြသော ကုလားဖြူတို့က ကြားသိကြ၏။

ဤတွင် ရွှေဝါပြည်သားပြီသစွာ သွေးတကြွကြွဖြင့် ဘဝင်မြင့်လုသော မင်းတရားကြီး၏ သားနှစ်ယောက်ကို ကုလားဖြူတို့က တိတ်တဆိတ် မြှောက်ပင့်အကူအညီပေးကြ၏။

အိမ်ရှေ့ကိုယ်တော်ကြီးသည် မင်းတရားကြီးကွယ်လွန်လျှင် ဘုရင်တက်ဖြစ်လိမ့်မည်။ ထိုအချိန်၌ မင်းတရားကြီး၏ သားတော်တို့သည် ထီးနန်းကို ဆက်ခံစိုးစံရန် အိမ်မက်မျှ မက်ရလိမ့်မည်ဟုတ်၊ ဤအဖြစ်ဆိုးတို့မှ ရုန်းထွက်လိုပါလျှင် မိမိတို့သည် သားတော်တို့အား အသက်နှင့်လဲ၍ ကူညီကြပါမည်ဟု တိတ်ဆိတ်စွာကတိပေးကြ၏။

ဤတွင် သွေးမြောက်ကြွနေသော ရွှေဝါပြည်ဘုရင်သားတော်နှစ်ယောက်တို့သည် ဦးရီးတော် အိမ်ရှေ့မင်းသားနှင့် ဖခင်ဘုရင်ကို လုပ်ကြံ၍ နန်းလုရန် တိုက်ခိုက်ပုန်ကန်ကြ၏။

ထိုပုန်ကန်မှုတွင် တမျိုးသားလုံးကို ကယ်တင်ရန် အစီအစဉ်ပြုပြီးဖြစ်သော အိမ်ရှေ့ကိုယ်တော်ကြီး ကွယ်လွန်ရသည်၊ မင်းသားနှစ်ယောက်ကို ကုလားဖြူတို့က ထွက်ပြေးနိုင်ရန် အကူအညီပေးလိုက်ကြသည်။ ဤသို့ဖြင့်မင်းသားနှစ်ယောက် တိုင်းတပါးသို့ လွင့်ထွက်သွားရပြီး လျှင် ရွှေဝါပြည်အတွက် ကယ်တင်ရှင်တဦး ဆုံးရှုံးနစ်နာရ၏။

ထိုကယ်တင်ရှင်ကြီး၏နောက် ရွှေဝါပြည်၏ကျရောက်လတံ့သော အန္တရာယ်ကို ကြိုတင် သိမြင်ကြသူတို့မှာ အမတ်ကြီးဦးဖျင်းနှင့် အလယ်နန်းမတော် မိဖုယားတို့ဖြစ်ကြသည်။

ထိုသူနှစ်ယောက်တို့သည် မိမိတို့ရွှေဝါပြည်က ဘာမျှကြိုတင်ပြင်ဆင်မှု ကြိုးစားမှုများ မရှိကြပါဘဲနှင့် စစ်ကိုလိုလား၍ခါးထက်သောမင်းသားတို့ကို နန်းတင်လျှင်ရွှေဝါပြည်နှင့်ကုလား ဖြူတို့ စစ်ဖြစ်ကြ၍ သုံးပုံတပုံမျှသာ ကျန်ရှိတော့သော ရွှေဝါပြည်ကြီး ကုလားဖြူတို့ လက်အောက်တွင် လုံးလုံးဆုံးပါးရချေတော့မည်ဟု တွေး၏။

ထို့ကြောင့် အသက်လည်းငယ်၍ မိမိတို့စီမံပြောဆိုရာသို့လည်းပါမည်ဖြစ်သော အဆိတ် အတောက်ကင်းသည့် မင်းတရားကြီး၏သားငယ် ကိုရင်လူထွက်ကလေးကို နန်းတင်ကြရန်စီမံ သည်။

ထိုသို့စီမံရာ၌ အခက်အခဲတခုရှိသည်။ ထိုအခက်အခဲကား ခားထက်သောရွှေဝါပြည်သား ညီတော်နောင်တော် မင်းသားတို့ရှိနေကြပါလျက် ဤသို့စီမံလျှင် မည်သူကမျှ ငြိမ်သက်အေး ချမ်းစွာ သီးခံနေကြလိမ့်မည်မဟုတ်၊ ထို့ကြောင့် ထိုခားထက်သော မင်းသားတို့၏နှောင့်ယှက်မှု မှ ကင်းဝေးရန် စီမံကိန်းအသစ်တခု ထပ်မံပြုကြရပြန်သည်။

ထိုစီမံကိန်းအသစ်မှာ လွယ်လှ၏။ နတ်ရွာမလားသေးသော မင်းတရားကြီး၏ အမိန့်နှင့် သားတော် မြေးတော်အားလုံးတို့ကို အတွင်းတော်သို့ ခေါ်ယူစုရုံးလိုက်သည်။

ထို့နောက် မင်းတရားကြီးထွက်မလာဘဲ နန်းတွင်းလက်စွဲတော်တွေထွက်လာ၍ မင်းတရားကြီး၏ သား–မြေးတို့ကို ခြေကျဉ်းစွဲရိုက်လျက် မြောက်ဥယျာဉ်တော် ကြေးတိုက်သို့ ခေါ်ယူချုပ်နှောင်လိုက်သည်။

ရွှေဝါပြည်ကြီး၏အခြေအနေသည် ကုန်းခေါင်ခေါင်တွင် ခြစ်ခြစ်ပူနေသောနေရောင်၏ အောက်၌ ရှိနေရသည့် ရေအိုင်ငယ်၏ အသွင်ဖြင့်ရှိနေလေသည်၊

သို့သော် ဤသို့ရှိနေရသည်ကို ရွှေဝါပြည်သူပြည်သားတို့အထဲ၌ ရိပ်စားမိသူ နည်းပါး လှ၏။

ဤအစီအစဉ်ဖြင့် ဘုရင်မင်းတရားကြီး နတ်ရွာလားသော်. . . . . သားတော် ကိုရင်လူထွက် ကလေးက ရွှေဝါပြည်၏ ဘုရင်ဖြစ်လာရသည်၊ အလယ်နန်းမတော် မိဖုရား၏သမီးကိုလက်ဆွဲ လျက် နန်းသိမ်းပွဲခံလိုက်ရသည်၊

ဤတွင်ဘုမသိဘမသိ အိမ်မက်မက်သကဲ့သို့ ဘုရင်တက်ဖြစ်လာရသော ကိုရင်လူထွက် ကလေးကို လက်သုံးတော်ငတုတ်က ချက်ခြင်းဆရာမွေးပစ်လိုက်၏။

ဘုရင်တယောက်လုံး ကိုပိုင်ဆရာတဦးအဖြစ် မွေးထားလိုက်နိုင်မည်ဆိုလျှင် မိမိအတွက် မည်မျှတန်းခိုးသြဇာတိုးတက်လာနိုင်သည်ကို ငတုတ်သည် ရွှေဝါပြည်သားပီသစွာ ပါးနပ်သိရှိ၏။

ထိုသြဇာအာဏာရှိရာသူတယောက်ကို ဆရာအဖြစ် ရအောင်မွေးရမည်ဆိုခြင်းမှာလည်း လွယ်ကူသောအရာမဟုတ် လုပ်ရည်ကိုင်ရည်နှင့် စွန့်စားဝံ့သောသတ္တိရှိပါမှ တန်ခိုးသြဇာရှိသော ဆရာတယောက်ကို ရအောင်မွေးနိုင်ကြသည်။

ငတုတ်သည် လုပ်ရည်ကိုင်ရည်နှင့် စွန့်စားဝံ့သောသတ္တိရှိသူဖြစ်သည်။ ထို့ကြောင့် ဆရာဘုရင်ကလေး၏ အားကိုးချစ်ခင်မှုရအောင် နည်းလမ်းရှာသည်၊ ထိုစဉ်ဆရာဘုရင်ကလေး ဖြစ်သူအမြဲကြောက်ရွံ့ ထိတ်လန့်နေရသော အချက်တချက်ကိုတွေ့သည်။ ထိုအချက်ကား မြောက်ဥယျာဉ်ကြေးတိုက်၌

ချုပ်နှောင်ထားကြသော ဘုရင်ကလေး၏နောင်တော်ပါးများ စုစုပေါင်း ၄၀–ကျော်တို့ဖြစ်သည်။

ထိုနောင်တော်အမတော် မယ်ဒီးတော်တို့သည် ဘုရင်ကလေးနှင့်နှိုင်းယှဉ်လိုက်လျှင် မြွေပဟောက် မြွေပွေးနှင့် ရေမြွေမြက်လျှော့တို့တမျှကွာခြားသည်။ ကိုရင်လူထွက် ဘုရင်ကလေး ကရေမြွေမြက်လျှာ. . . . .

ထို့ကြောင့်လည်း ဘုရင်ကလေးသည် နောင်တော် အမတော်နှင့်မယ်ဒီးတော်တို့ကို ထားရန်အတွက် နန်းတော်ကြီး၏ အနောက်မျက်နှာတွင် စည်ရှည်တံခါးလမ်းမတော်တောင်ဘက်၊ ရွှေးလက် ဝဲကွက်အတွင်း တာ၄၀–ကျော်ရှိသော လေးတောင့်ဝင်းရာမြေ၌ အိမ်တော်များ ဆောက်လုပ်ပေးရန်စီစဉ်၏။ ထိုအိမ်တော်များ၏အပြင်မှ ခိုင်ခန့်လုံခြုံသော အုတ်ဝင်းအကာကာ ၍ အပြင်သို့မထွက်နိုင်ရန် အစောင့်အထိန်းနှင့် ထားဘို့ရည်ရွယ်၏။ ဤသို့ရည်ရွယ်ဆောက် လုပ်နေဆဲ လက်သုံးတော်ကိုင် ငတုတ်တို့က၊ နန်းပါးမဝ နန်းရေမလယ်သေးသော. . . . ကိုရင် လူထွက်ဘုရင်ကလေးကို ကိစ္စတခုလာပြော၏။

ဘုရင့်မယ်တော်အတွက် ဆောက်လုပ်ပြီးစီးသော အိမ်ဖြူတော်ကို မယ်တော်သို့ အပ်ရန် အခမ်းအနားနီးလာသောကြောင့်၊ အိမ်ဖြူတော် ခေါင်းရင်း၌ရှိသော ကြေးတိုက်မှ နောင်တော် မင်းသားတို့ကို မင်္ဂလာအချိန်အခါအတွင်း ထောင်တွင်းအကျဉ်းတိုက်သို့ ခေတ္တပြောင်းရွှေ့ ချုပ်နှောင်ခွင့်ပေးပါမည့်အကြောင်းဖြစ်၏။

ကိုရင်လူထွက်ဘုရင်က အလွယ်တကူခွင့်ပြုလိုက်၏။ ရွှေဝါပြည်သားတို့၏နန်းတည် သက္ကရာဇ် ၁၂၄၀–ပြည့် တပို့တွဲလဆန်း ၁၀–ရက် ညနေ ၆–နာရီခန့်တွင် လက်နက်ကိုင် ၄၀၀နှင့် ကြပ်မတ်၍ ထောင်တွင်းအကျဉ်းတိုက်သို့ မင်းသား မင်းမြေး ၄၀–ကျော်တို့ကို ပြောင်း၏။

အစဉ်အလာရှိသည်ကား မင်းပိုင်စိုးပိုင်းမဟာဆီ မဟာသွေးဖြစ်လျှင် ထောင်တွင်း အကျဉ်းတိုက်သို့မချရ၊ သတ်မည့်သူကိုမှ ထောင်တွင်းအကျဉ်းတိုက်သို့ပို့ရ၏။ ထို့ကြောင့် ထိုနေ့ည ၉နာရီကျော်တွင် ငတုတ်နှင့် ညီငမြောင်တို့က မင်းသား၊ မင်းမြေး ၄၀ကျော်တို့ကို ဖျောက်ဖျက်သုတ်သင်ပစ်လိုက်ကြ၏။

ကိုရင်လူထွက်ဘုရင်ကလေးက သိ၍မေးသော် ဤထောင်တွင်းအကျဉ်းတိုက်သည် ဖျောက်ဖျက်ရမည့် မဟာဆီမဟာသွေးတို့ကိုမှ၊ ပို့ရသည့်နေရာဖြစ်သောကြောင့် အောက်လူ ရဲမက်တို့ပွဲရအောင် ပြုလုပ်လိုက်ကြပါသည်ဟု လျှောက်၏။

နန်းရည်မဝသေးသော ကိုရင်လူထွက်ငယ်သည် နှလုံးစိတ်မချမ်းမမြေ့ ဖြစ်လိုက်ရသော် လည်း ငတုတ်ကိုအရေးမယူ။ မိမိကိုချစ်၍ မမှားသင့်ရာ၌မှားသည်ဟု

ခွင့်လွှတ်၏။ ဤသည် လည်း ရွှေဝါပြည်သားဆရာအဖြစ် အမွေခံကြရသူတို့၏ အစဉ်အလာ အတိုင်းဖြစ်၍ ဘုရင်ကလေး ကိုအပြစ်ဆိုဘွယ်ရာမရှိ။ ဤသို့ဖြင့် ငတုတ်သည် ကိုရင်လူထွက် ဘုရင်လူငယ်ကိုဆရာအဖြစ် မွေးလိုက်သည်။

ဤတွင် ငယ်နုသွေးကြွသော ဘုရင်ကတော်လေးက ငတုတ်ကိုမျက်စေ့ကျလာ၏။ ဘုရင် ကတော်၏မျက်စေ့ကျခံရခြင်းသည် ငတုတ်အတွက် ဘုရင်ကလေးကို ဆရာအဖြစ်မွေးရသည် ထက်ပို၍ကောင်းသော အခွင့်အရေးကောင်းတခုဖြစ်၏။

အကြောင်းမူ ဘုရင်ကတော်သည် အစစအရာရာတို့၌ ကိုရင်လူထွက် ဘုရင်ကလေး ထက် ပို၍ထက်မြက်၏။ ရွှေဝါပြည်သူပြီသ၏။ ဤသုံးပုံတပုံမျှသာရှိသော ရွှေဝါပြည်၌ ဘုရင် ကတော်ဖြစ်လာရခြင်းကိုပင်လျှင် ဇမ္ဗူးဒိတ်ကျွန်းအပြင်ဝယ် တဦးတည်းသော ကေရာဇ် ဘုရင် ကတော်ကြီးဖြစ်လာရသကဲ့သို့ ထင်မှတ်၏။

ဤသို့သွေးကြွ ထက်မြက်လှသော ဘုရင်ကတော်ကလေးသည် ကိုရင်လူထွက်ဘုရင် ကလေးကို ရုပ်သေးကဲ့သို့ သဘောထားပြီးလျှင် ကြိုက်သလိုကြိုးဆွဲပစ်၏။ မိမိယုံကြည်သူမှန် သမျှကို ရာထူးကြီးများပေးစေ၏။ နန်းတွင်း၌ ကြီးမားသော အပြောင်းအလွဲများကို ပြုလုပ်ပစ် ၏။ ထိုသို့ပြုလုပ်ရာတွင် ဘုရင်ကတော်ကလေးသည် မိမိ၏အကိုတော် ဦးရီးတော် ၄၀ကျော်ကို သတ်ရဲဖြတ်ရဲသော ငတုတ်အား လက်ကိုင်ထား၏။ မိမိတို့အားကလန်ကဆန်လုပ်မည့်သူမှန် သမျှကိုလည်း ငတုတ်လက်သို့ပို့အပ်၏။ ငတုတ်ကိုလည်း ဘာမဆိုဝင်ရောက်စွက်ဖက်နိုင်သည့် အခွင့်ထူးခံ အမှုထမ်းအရာထမ်းအဖြစ်ထား၏။

ဤသို့ငတုတ်သည် ဘုရင်ကလေးထက်ပို၍ ဓားထက်သော ငယ်နုသွေးကြွသည့် ဘုရင် ကတော်၏ လက်သုံးဖြစ်လာရ၏။ မင်းသွေးမင်းသားတယောက်ကဲ့သို့ဖြစ်လာရ၏။

လက်ရဲဇက်ရဲ ပြုလုပ်ဝံ့သောငတုတ်သည် ဓားထက်သော ဘုရင်ကတော်လေးကို သခင်မ အဖြစ် မွေးလိုက်နိုင်ခြင်းကား ရွှေဝါပြည်ကြီး ပျက်စီးရန်အကြောင်း၏ အရင်းအမြစ်တခု ဖြစ်လေသည်။

ရွှေဝါပြည်၏မှူးကြီး မတ်ကြီးတို့သည် ဘုရင်ကတော်က ကိုရင်လူထွက်ဘုရင်ကလေး၏ အမိန့်ကို အသုံးပြုလျက် ဖေါင်းတော်ငြိမ့် စိတ်တော်သိသော အိမ်တော်ပါလူညံ့များကို ရာထူး ကြီး ရာထူးခံ ပေးခြင်းများကို ကန့်ကွက်ကြ၏။

ဘဏ္ဍာတိုက်ရှိ ငွေကြေးများကို ဘုရင်ကတော်က ထင်သလိုသုံးစွဲခြင်းနှင့် ပတ်သက်၍ လည်း ပြောဆိုတားမြစ်ကြ၏။

ငတုတ်ကိုလက်ကိုင်ရထားသော ဘုရင်ကတော်သည် ထိုသို့တားမြစ်ပြောဆိုကြသူများကို ချက်ခြင်းအရေးယူခြင်း ဖမ်းဆီးခြင်း၊

ရာထူးလျှော့ချပစ်ခြင်းတို့ကိုပြု၏။ ထိုအထဲတွင် ရေနံ့သာ မြို့စား ဝန်ကြီး ဖန်ခါး မြို့စားမင်းကြီး ပြည်သစ်မြို့စား ဝန်ကြီးစသော သူတို့ပင်လျှင်ပါကြ၏။

ထို ပုဂ္ဂိုလ်ကြီးတို့ကား၊ ပညာဥစ္စာ အရွေအရံကြီးမားသောသူများတို့ဖြစ်ကြ၏။ အရွယ် ရောက်စ ကတည်းက ရွှေဝါပြည်၏ ကောင်းကျိုးချမ်းသာကို ဆောင်ရွက်လာသူများဖြစ်ကြ၏။

ရွှေဝါပြည်၏ရှေ့ရေးကိုတွေးလျက် ကိုရင်လူထွက် ငယ်ကိုနန်းတင်ပေးခဲ့ကြသော မင်းကြီး ဦးဖျင်းနှင့် အလယ်နန်းမတော်မိဖုယားကြီးတို့သည် မိမိတို့မျှော်လင့်မထားသည့် ဖြစ်ရပ် များနှင့် ရင်ဆိုင်နေကြရ၏။

အလယ်နန်းမတော်မိဖုယားကြီးသည် မိမိတို့ကြိုးဆွဲရာက,ရမည့် ဘုရင်ကို သဘော ကောင်းသော မိမိ၏သမီးကြီးနှင့်ပေးမြား မိဖုယားပြုစေ၏။ သို့သော် ထက်မြက်သော မိမိ၏ သမီးလတ်သည် ငယ်နိုင်ရီးစားဖြစ်သော ကိုရင်လူထွက် ဘုရင်အား မိမိကိုပါ မိဖုယားပြုရမည်ဟု အတင်းအနိုင်ကျင့်၏။

ယခုအခါ ကိုရင်လူထွက်ဘုရင်သည် သဘောကောင်းသော မိမိ၏သမီးကြီးကို အဆောင် တခုနှင့် သီးခြားခွဲထား၍ မိမိ၏သမီးလတ်နှင့်အတူနေကြ၏။

ထို့ထက် မင်းကြီးဦးဖျင်းနှင့် မိမိတို့ကြိုးဆွဲတိုင်းက,လိမ့်မည်ဟု ထင်ခဲ့ရသော ကိုရင် လူထွက်ဘုရင်သည် မိမိတို့ထက်ကပ်၍ မိမိတို့ထက် ပိုကြောက်နေရသော မိမိ၏သမီးလတ် ဘုရင်ကတော် ကြိုးဆွဲတိုင်း က,နေရရှာ၏။

ဤအကြောင်းဖြစ်ရပ်သည် ရွှေဝါပြည်ကြီးအတွက် ကြမ္မာဆိုးနှင့် ရင်ဆိုင်ကြရမည့် အကြောင်းဖြစ်ရပ်ဖြစ်၏။

ငယ်နုသွေးကြွသော ဘုရင်ကတော်ကလေးသည် သဘောကောင်း နူးညံ့လှသော ကိုရင် လူထွက်ဘုရင်ငယ်အား အနိုင့်ထက်အတင်းယူလိုက်ရုံမျှမက မင်းကြီးဦးဖျင်းကိုလည်း ဂရုမစိုက်၊ မိခင်အလယ်နန်းမတော် မိဖုယားကြီး၏ စကားကိုလည်း စကတည်းက နားမထောင်ဘဲ ငတုတ် ကဲ့သို့သော လက်စွဲတော်ကိုင်မျိုးကို အနီး၌ထား၍ အသုံးပြုလျက် မာနတလူလူလွှတ်ထောင်နေ ၏။

ဘုရင်ကတော်ကလေး၏ဩဇာသည် ကိုရင်လူထွက် ဘုရင်ငယ်အပေါ်၌ လွှမ်းမိုးထား သည်နှင့်အမျှ ဘုရင်၏ အနီးတွင် ကြောင်းကျိုးမြော်မြင်တတ်သည့်ပုဂ္ဂိုလ်များ မရှိနိုင်ကြတော့ဘဲ အဝေးသို့လွင့်ပါးကုန်ကြရ၏။ ဤသည်လည်း ရွှေဝါပြည်သားတို့၏ ရိုးရာအကျင့်ဖြစ်၍ အပြစ် မဆိုထိုက်၊ ထိုကြောင့် ရှိသောသူတို့ကပြောဆိုကြ၍ ဘုရင်ကနားထောင်မည် ပြုလေတိုင်း ဘုရင် ကတော်ဖျက်လျှင် ပျက်ကြရ၏၊ နောက်ဆုံး၌ဘုရင်၏ အနီးအပါးတို့၌ ဘာမဆိုခေါင်းငြိတ်ကြ မည့် ပုဂ္ဂိုလ်တို့ချည်း

ဝိုင်းနေကြ၏။ ကိုရင်လူထွက်ဘုရင်အပေါ်၌ သြဇာပေးနိုင်သူတို့က ဘုရင် ကတော်နှင့် နီးစပ်သူ အသိုင်းအဝိုင်းတွေချည်း ဖြစ်ကြ၏။

ဤနန်းတွင်းအရေးအကြောင်းဖြစ်ရပ်တို့ကို ရွှေဝါပြည်သားတို့ကိုယ်တိုင် ပယဃဏန မသိရှိ ကြရသော်လည်း အနီး၌ကပ်၍စောင့်နေသော ကုလားဖြူကြောင်ပါးကြီးက အသေးစိတ်သိ၏။

ကုလားဖြူသူလျှို အက်ဖ်ရစ်ဒလေ၏ ၁၈၉၇ ခု ဧပြီလ ၁၉ရက်နေ့စွဲနှင့် ရွှေဝါပြည်ကို သိမ်းပိုက် ထားကြသော ကုလားဖြူများ၏ထံသို့ အစီရင်ခံစဉ် ××××ရွှေနန်းတော် တွင်း၌လည်း မညီမညွတ်ဖြစ်လျက်ပင်ရှိသေး၏။ ဘုရင်၏မယ်တော်က နတ်ရွာစံ မင်းတရားကြီး၏ အလယ် နန်းမတော်မိဖုယားကြီးသို့ သားတော်လမ်းလွှဲလိုက်သည်ကို ကယ်ဆယ်တော်မူရန် တောင်းပန်၏။ နန်းမတော်ဘုရားကလည်း သွန်သင်ရဖန်များ၍ ငြီးငွေ့တော်မူကြောင်းအမိန့်ရှိ၏။ ကိုရင် လူထွက်ဘုရင်ကတော်ကလည်း ဘုရင့်နှမတော်နှင့် အချင်းများကြ၏။

ထိုဘုရင်ကတော်သည် ဘုရင့်မယ်တော်နှင့်လည်း သင့်မြတ်ဟန်မရှိ မိမိမယ်တော်နှင့် လည်းကျေကျေနပ်နပ်ရှိဟန်မတူ လက်ထက်တော်ဟောင်းက မှူးကြီးမတ်ကြီးများသည် ညံ့ဖျင်း လွန်းသော ကိုရင်လူထွက်ဘုရင်နှင့်ဘုရင့်အပေါ်ကို သြဇာလွှမ်းမိုး၍တက်ကြွဘဝင်မြောက်လွန်း သော ဘုရင်ကတော်တို့ကို လုံးဝကြေနပ်မှုမရှိကြသော်လည်း မည်သူမျှ သွန်သင်သတိပေးခြင်း မပြုဝံ့ကြ။

ယခုအချိန်၌ ရွှေဝါဘုရင်၏လက်အောက်တွင်ရှိသော စစ်တပ်အမျိုးမျိုးနှင့် လူဦးရေ၏ စာရင်းမှာ အောက်ပါအတိုင်းဖြစ်၏။

နန်းမြို့၏အတွင်းဘက်၌ မာရတင်ခြေလျင်တပ် မြောက်ဘက်၌ ၈၅၀ တောင်ဘက်၌ ၃၅၀အားလုံးပေါင်း ၁၂၀၀. . . . ဓါးဝယ်ခြေလျင်တပ် မြောက်ဘက်တွင် ၆၀၀၊ တောင်ဘက်တွင် ၅၀၀–ပေါင်း ၁၁၀၀။

ရာ့ငါးဆယ်ခြေလျင်တပ် –မြောက်ဘက် ၇၀၀၊ တောင်ဘက် ၅၀၀–ပေါင်း ၁၂၀၀။

ရွှေပြည်မှန်ကင်းခြေလျင်တပ် အားလုံးပေါင်း ၇၀၀။

နတ်ရှင်ရွေး ခြေလျင်တပ် အားလုံးပေါင်း ၇၀၀။

နန်းမြို့၏အပြင်ဘက်၌။

ကြောင်းတပ်–ယာဘက် ၆၀၀ ဝဲဘက် ၇၀၀– အားလုံးပေါင်း ၁၃၀၀။

ရွဲတပ် ယာဘက် ၅၅၀၊ ဝဲဘက် ၆၅၀ အားလုံးပေါင်း ၁၂၀၀။

နတ်စုတပ် ယာဘက် ၅၅၀၊ ဝဲဘက် ၅၅၀ အားလုံးပေါင်း ၁၁၀၀။

အခြားသော သောင်းမြောင်းတပ်များ. . . . ရွှေလုံတပ် ၃၅၀– ကင်းဒါးတပ် ၃၅၀၊ ရွှေပြည့် တပ် ၄၀၀၊ သူရဲကြီးတပ် ၆၀၀၊ လင်းဇင်းတပ် ၃၅၀၊ ကုလားပျိုတပ် (ခန့်မှန်း) ၄၀၀၊ ဒိုင်းတပ် (ခန့်မှန်း) ၄၀၀၊ တံခါးနီတပ်(ခန့်မှန်း) ၄၀၀၊ လှရဲကြီးတပ် (ခန့်မှန်း) ၇၀၀။

မြင်းတပ်များ အနီးစပ်ဆုံးခန့်မှန်းထားသည်၊၊

ရွှေပြည်တံခွန်မြင်းတပ် ၅၀၀၊ ရွှေပြည်ရန်အောင်မြင်းတပ် ၅၀၀၊ ရဲဘက်မြင်းတပ် ၅၀၀၊ ကသည်းမြင်းတပ် ၅၀၀၊ ရွှေဝါပြည်ကျော်မြင်းတပ် ၅၀၀။

အမြောက်တပ်. . . . မင်္ဂလာအမြောက် ၅၀၀

ရွှေဝါပြည်သားတို့၏သက်ရှိအင်အားသည် ဤမျှသာဖြစ်ကြသည်။ သို့သော် အကြောင်း ရှိလာ၍ ရွှေဝါပြည်သားတို့၏ထုံးစံအတိုင်း ဓားပြား ရိုက်ခေါ်မည်ဆိုလျှင်အရွယ်ရှိသော ယောက်ျားတိုင်း မိန်းမတိုင်းစစ်သားဖြစ်နိုင်သည်။ ရွှေဝါပြည်၌ ဘုရင်၏အကျဉ်းသားများအထဲ၌ သံခြေကျဉ်းခတ်၍ ထားရသော မိန်းမများရှိနေသည်ကို ထောက်ချင့်၍ ရွှေဝါပြည်မိန်းမတို့ကို အထင်မသေးအပ်၊ ယခုပင်လျှင် ရွှေဝါပြည်ဘုရင်ကိုကြိုးကိုင်နေသူမှာ ဘုရင်ကတော်ဖြစ်၏။

သို့သော် ကျွန်ုပ်တို့သည် ရွှေဝါပြည်သားတို့နှင့် တိုက်ကြရမည်ဆိုလျှင် အနီးကပ်၍ တိုက်ကြရမည်ကိုသာ ကြောက်ရွံ့ဘွယ်ရှိ၏။ အဝေးမှနေ၍ တိုက်ရန်အတွက် ရွှေဝါပြည်သားတို့ ကို လုံးဝကြောက်ရန်မရှိ၊ ရွှေဝါပြည်သားတို့ အသုံးပြုသော သေနတ်များ အမြောက်များသည် အလွန်ညံ့ဖျင်းလှ၏။

ကုလားဖြူတို့သည် ရွှေဝါပြည်၏အခြေအနေကို ဤသို့လျှင် အသေးစိပ်သိ၏။

ထို့ကြောင့် ရွှေဝါပြည်သားတို့ကို တိုက်လောက်သော တိုက်နိုင်သော အင်အားစုပြီးလျှင် အင်အားရှိသည်နှင့်တပြိုင်နက် တမင်အကြောင်းရှာ၍ ရွှေဝါပြည်ကို လာရောက်တိုက်ခိုက်၏။

ထိုသို့ မတိုက်ခိုက်မီအချိန်ကလေး၌ပင်လျှင် မင်းကြီးဦးဖျင်းသည် ကုလားဖြူတို့ အကြောင်းရှာချက်ကို လိုက်လျော၍ စစ်ပြိုင်မှုအေးငြိမ်းစေပြီးလျှင် အင်အားဖြည့်တင်းရန် မိမိတို့ ဘက်မှ ကူညီမည့်နိုင်ငံများရှာဖွေရန် အကြံဉာဏ်ပေးသေး၏။

သို့ရာတွင် ငယ်နုသွေးကြွသော ဘုရင်ကတော်ကလေးသည် မင်းကြီးဦးဖျင်းအား သည်လောက် ကြောက်တတ်လျှင်. . . . . ယောကျ်ားလုပ်မနေပါနဲ့တော့ သီလရှင်သာဝတ်လိုက်ပါ တော့ဟုဆို၏။ ထို့နောက်မင်းကြီးဦးဖျင်း၏အိမ်သို့ ထမီယပ်တောင်သနပ်ခါးတုံး ကျောက်ပြင် စသည်တို့ကို ပို့လိုက်၏။

နောက်ဆုံး စစ်ဖြစ်ကြသောအခါ ဘုရင်ကတော်ကလေး၏ လက်ရုံးစစ်ဗိုလ်တို့သည် ရွှေဝါဝတီမြစ်ရိုးတလျှောက်၌ အချက်အချာနေရာတိုင်းတို့တွင် ရွှေဝါပြည်သားတို့က ယမ်းမှုန့် ထိုးသေနတ်ဖြင့်၎င်း၊ ယမ်းမှုန့်ထိုး အမြောက်ဖြင့်၎င်း ပစ်ခတ်တိုက်ခိုက်၏။

သို့ရာတွင် ရွှေဝါပြည်သားတို့သေနတ်တချက်တွင် ကုလားဖြူတို့က သေနတ်ဆယ်ချက် ခန့်ပစ်ခတ်နိုင်၏။ ကုလားဖြူတို့သေနတ်ကား ယမ်းမှုန့်ထိုးသေနတ်မဟုတ်၊ ကျည်ထိုးသေနတ် များချည်းဖြစ်ကြ၏။ ထို့အတူ ကုလားဖြူတို့၏ စစ်သင်္ဘောအပေါ်မှ အမြောက်များသည်လည်း ကျည်ထိုးအမြောက်တွေချည်းဖြစ်ကြ၏။ ရွှေဝါပြည်သားတို့က အမြောက်တချက်ပစ်လျှင် ကုလားဖြူတို့က အမြောက်အချက်နှစ်ဆယ်ခန့် ပစ်ခတ်နိုင်၏။ အမြောက်ဆံတို့ကလည်း ပေါက်ကွဲသော အမြောက်ဆံများဖြစ်ကြလျှင် ရွှေဝါပြည်သားတို့ခံတပ်ယတ်ပတ်လည်တွင် ဝိုင်းရံ ပေါက်နေကြသော ထန်းပင်များသည် တခနအတွင်း အပိုင်းပိုင်းပြတ်ကျလျက် ရှင်းလင်းသွား၏။ ရွှေဝါပြည်သားတို့၏အမြင်တွင် ရွှေဝါပြည်သားတို့၏ဗေဒစာများ၌ ပါရှိကြသော သိကြားမင်း၏ ဝရဇိန်လက်နက်ကို မျက်မြင်တွေ့ကြုံရဘိသကဲ့သို့ဖြစ်၏။

သည်တော့မှပင်လျှင် ရွှေဝါပြည်သားတို့သည် ဇမ္ဗူဒိတ်ကျွန်းအပေါ်တွင် ကေရာဇ် ဘုရင် မင်းတရားကြီး၏ နတ်စစ်သည်တမျှ ထင်မှတ်ခဲ့သော မိမိတို့ကိုယ်ကို အခြေအနေမှန်အတိုင်း သိလာကြ၏။

သို့သော် ထိုသို့သိလာကြသည့်အချိန်ကား နှောင်းလွန်းလှလေပြီ။ ထီးကျိုးစည်ပေါက်၊ သူ့လက်အောက်၌၊ ကျွန်သပေါက်ဖြစ်ပြီး နှစ်ရှည်လ,များကြာမှ ရသောအသိဖြစ်သတည်း။

ရွှေဝါပြည်သားတို့သည် ကုလားဖြူတို့၏ လက်အောက်၌အောက်ပိုင်း ၁၂၂ နှစ် အထက် ပိုင်း ၆၃နှစ်မျှ ကျွန်ဖြစ်ခဲ့ကြရပြီးသည့်နောက် အချုပ်အခြာအာဏာပိုင်သည့် လွတ်လပ်သော ရေအဝါပြည်အဖြစ်သို့ ရောက်ရှိလာကြပြန်၏။

သူ့ကျွန်ဖြစ်နေကြရသည့်အချိန်ကာလအတွင်း ဇမ္ဗူဒိပ်ကျွန်းဟူ၍ ငါတို့ထင်သကဲ့သို့ မဟုတ်ပါတကားဟု သိလာကြ၏။ သမုဒ္ဒရာထဲတွင် အဝီစိသို့ရောက်အောင်ပို့ဆောင်တတ်ကြ သည့် ဗာလဝါမုခဝဲဆိုသည်မှာ မရှိပါတကားဟု သိလာကြ၏။ သမုဒ္ဒရာအတွင်းရှိ ကျွန်းများကို လွန်မြောက်သော် နေ့စံ၍ညခံရသည့် အသူရကယ် နတ်သမီးတို့၏. . . နတ်ဘုံနတ်နန်းတို့ကား မရှိပြီ ထိုနတ်သမီးတို့အသွင်နှင့် ဆင်ဆင်တူသော တဟီတီကျွန်း ဟာဝေကျွန်းတို့သာ ရှိကြ၏ ဟုသိလာကြ၏။

မြင့်မိုရ်တောင်ကိုလှည့်ပတ်သွားလျက်ရှိသော နေနတ်ရထားသည် တောင်ကျွန်း၌နေထွက် လျှင် မြောက်ကျွန်း၌ နေဝင်ချိန်ဖြစ်၍ အရှေ့ကျွန်းတွင် နေမွန်းတည့်ပြီး အနောက်ကျွန်း၌ညသန်း ခေါင်အချိန်သို့ ရောက်သည်ဟုသိရှိခဲ့ကြရာမှ လည်နေသောကမ္ဘာမြေကြီးသည် တနှစ်လျှင် နေကိုတပတ်ရအောင် ပတ်နေခြင်းပါတကားဟု သိလာကြ၏။

ဇမ္ဗူဒိပ်ကျွန်းအလုံးကို အစိုးရသော စကြာဝတေးမင်းကြီး ဟူသည် နေမဝင်သည့်အင်ပါ ယာကို အုပ်စိုးသွားခဲ့သော အင်္ဂလိပ်ဝိတိုရိယ ဘုရင်မကြီးလောက်မျှ မကြီးကျယ်ပါတကားဟု သိရှိလာကြ၏။ အကြောင်းမူရှေးအခါက ဇမ္ဗူဒိပ်ကျွန်းဟုမှတ်ထင်ခဲ့သောအရာသည် အင်ဒိယတ ပြည်ထောင်လုံးမျှ မပြည့်လေ။

သွားလိုရာသို့အလွယ်တကူရောက်နိုင်သော စကြာရတနာဟု တင်စားသုံးထားသည့် ဘီးတပ်လှည်းသည် ပန်ကာတပ်ယာဉ် ရဟတ်လေယာဉ် ဂျက်လေယာဉ်တို့ကို မဆိုထားနှင့် မော်တော်ကား မော်တော်ဆိုင်ကယ်တို့လောက်မျှ မဟုတ်သေးပါတကားဟု သိလာကြ၏။

အရှေ့အနောက်နှင့် မြောက်ဘက်ခြမ်းတို့တွင် ယူဇနာတစ်ထောင်စီအညီအမျှရှိ၍ တောင်ခြမ်းမှာမူ ယူဇနာလေးထောင် ကျယ်ဝန်းလျက် လှည်းဦး၌ခြင်းအပ်သည့် လှည်းကပ် သဏ္ဌာန်ကဲ့သို့ တည်ရှိသော အချင်းယူဇနာတသောင်း အဝန်းယူဇနာသုံးသောင်းရှိသည့် ဇမ္ဗူဒိပ် ကျွန်းဟူသည် အင်ဒိယပြည်ကလေးမျှသာဖြစ်ပါသော်ကောဟု ယခုရွှေဝါပြည်သားတို့က သိလာကြ၏။

အကြောင်းမူ ခြောက်တိုင်နှင့် တာ-၄၀၀ မျှရှိသော တယူဇနာလျှင် အင်္ဂလိပ်မိုင် ၁၂ မိုင် ၅ဖာလုံနှင့် ဂိုက်တရာ့ရှစ်ဆယ်မျှသာရှိ၏။ ဇမ္ဗူကျွန်းအပြင်တခုလုံး၏ အဝန်းယူဇနာတစ်သောင်း ရှိသည် အင်္ဂလိပ်မိုင် သုံးသိန်းရှစ်သောင်းတထောင်ရှစ်ရာ့ဆယ်မိုင် တဖါလုံနှင့် ဂိုက်တရာမျှသာ ရှိ၏။ ယခုအင်ဒိယပြည်၏အကျယ်အဝန်းမိုင်ပေါင်းကား တသန်းနှစ်သိန်း ၆သောင်း ၅ထောင် ခုနစ်ရာ ခြောက်ဆယ့်သုံးမိုင်ရှိလေသည်။ ထို့ကြောင့် အင်ဒိယတပြည်လုံးနှင့်တကွ ကမ္ဘာ့အရပ် ရပ်တို့ကို နေမဝင်နိုင်သည့်အကျယ်အဝန်းကို အုပ်စိုးနေခဲ့သော ဝိတိုရိယဘုရင်မကြီးသည် စကြာဝတေးမင်းဆိုသူတို့ထက် ကျယ်ပြန့်သောမြေကြီးကို ပိုင်စိုးသူဖြစ်နေ၏။

ဤသို့လက်တွေ့အသိမျိုးတို့ကြောင့် ရွှေဝါပြည်သားတို့သည် အင်ဒိယမှရရှိသော ပါဠိ စာပေတို့၌ပါရှိသည့် စကြာဝဠာမျှသာမဟုတ်ပဲ တကယ့်စကြာဝဠာ အစစ်ကလည်းသိရှိလာကြ ၏။

စကြာဝဠာဆိုတာကြီး၌ ကာရံထားသော တံတိုင်းဟူသည်လည်းမရှိ စကြာဝဠာတံတိုင်း တွင် သပိတ်လုံးခန့်ရှိသော စာလုံးကြီးများဖြင့် ရေးသားထားသည့် ပညာရပ်တို့ဆိုသည်မှာလည်း တံတိုင်းမရှိသောကြောင့်မရှိ။

အကယ်စစ်စစ်ကမ္ဘာမြေပြင်ကြီးပေါ်တွင် တည်တန့်နေသော အရှေ့စူးစူးအရပ်နှင့် တည်တန့်နေသော အနောက်စူးစူးအရပ်လည်းမရှိ နေရောင်ဝင်လာရာဘက်နှင့် နေရောင် ကွယ်ပျောက်ရာဘက်သာရှိ၏။

အချိန်အခါဟူသည်မှာလည်း အားလုံးတညီတည်း တပြိုင်တည်းမရှိ နေကိုပတ်ရင်း လည်နေရသော ကမ္ဘာမြေကြီးပေါ်သို့ နေကျရောက်ရာအရပ်၌ နေကျရောက်သည့် အချိန်ကို

မှတ်ထားရသည့်အချိန်သာလျှင် အချိန်အဖြစ်နှင့်ရှိ၏။ ထို့ကြောင့် ကမ္ဘာမြေပြင်ပေါ်၌ နေရောင် ထိတွေ့မှုသည် တနေရာနှင့်တနေရာမတူညီရကား အချိန်အခါလည်း တနေရာနှင့်တနေရာ မတူ ညီကြ။

ဗုဒ္ဓဝါဒီတို့၏ အထွဋ်မြတ်နေ့တခုဖြစ်သော ကဆုန်လပြည့်နေ့၌ ရွှေဝါပြည်သား တို့သည် ထိုနေ့နေ့လည် ၁၀နာရီတွင် ဆွမ်းတော်တင်ခြင်း သံဃာတော်များကို ဆွမ်းကျွေးခြင်း ပြုလုပ်ကြမည်ဆိုပါစို့။

ထို့အတူ ရွှေဝါပြည်၏ အရှေ့ဘက် ဒီဂရီကိုဆယ်ကွာသော ဗုဒ္ဓဝါဒီတိုင်းပြည်တပြည်က ဤအတိုင်း ရွှေဝါပြည်နှင့်တချိန်တည်း တဆက်တည်း ကြိုးမဲ့ကြေးနန်းဖြင့် အချိန်ညှိ၍ ပြုလုပ် ကြမည်ဆိုလျှင် ထိုတိုင်းပြည်မှ ဆွမ်းတော်တင်၍ သံဃာတော်တို့ကို ဆွမ်းကျွေးသောအချိန်သည် ကဆုန်လပြည့်နေ့ညနေ ၄ နာရီ၌ဖြစ်ပေလိမ့်မည်။

ဤသို့လျှင် ကမ္ဘာမြေပြင်၌ နေကိုအမှတ်အသား ပြုထားသည့်အချိန်သည် မြေကြီး တနေရာနှင့်တနေရာ ဆယ့်ငါးဒီဂရီကွာဝေးတိုင်း တနာရီမျှရှေ့နောက်ကွာခြားလျှက်ရှိကြောင်း ကို ရွှေဝါပြည်သားတို့သိလာကြ၏။

ထို့ကြောင့်အင်ဒိယမှ ပါဠိစာပေတို့ဖြင့် ရောနှောပါလာသောအချိန်ကို မှန်ကန်စွာမှတ် သားစိတ်ပိုင်းလျက် လူတို့၏ကံကြမ္မာကို ကြိုတင်ဟောပြော နိမိတ်ဘတ်ကြသည့် အတတ်ပညာ သည် ခေတ်သစ် ရွှေဝါပြည်သား လူငယ်တို့အဘို့ မမှတ်နိုင်တော့ဟုသိလာကြ၏။

အကြောင်းမူ ကမ္ဘာမြေပြင်တခုလုံး မှန်သောအချိန်မရှိ မိမိတို့မြေနေရာနှင့် မိမိတို့မြေ နေရာသို့ ရောက်ဝင်လာသည့်နေရောင်ကျမှုအပေါ်၌ ကန့်သတ်ထားသောအချိန်တို့ကို မိမိတို့ အတွက် အချိန်အမှန်ဟု အသိအမှတ်ပြုနေကြရသောကြောင့်ဖြစ်၏။

ရွှေဝါပြည်သားတို့အဘို့ ဤသို့သိရှိလာကြခြင်းသည် ရွှေဝါပြည်ကြီးတခုလုံး သူ့ကျွန် ဘဝမှ လွတ်မြောက်လာကြရမည့် နိမိတ်ကောင်းတခုဖြစ်ခဲ့ရ၏။

အကယ်စင်စစ် ရွှေဝါပြည်သားတို့ကား သူ့ကျွန်ခံလိုသူများလည်းမဟုတ်ကြ၊ ကျန်းမာသန် စွမ်း ဖြတ်လတ်သူများဖြစ်ကြ၏။ သို့သော်. . . စားသောက်ရန် ဆံကမပူမပင်လုံလောက်စွာရရှိ နေသောကြောင့် ဆံပေါသောကြောင့် အေးအေးလူလူငြိမ်းငြိမ်းချမ်းချမ်းနေလိုသူများချည်းဖြစ်ကြ ၏။ အပျင်းထူကြ၏။

အပျင်းထူသောသူဟူသမျှသည် အပင်ပန်းမခံလိုကြ၊ အချောင်လိုက်ချင် အချောင်လိုချင် ကြ၏။

ထိုသို့အချောင်လိုက်ချင် အချောင်လိုချင်သော သူတိုင်းသိပ်မကြိုးစားဘဲအဆောင် ကလေးစ, အင်းကလေးစ, လက်ဖွဲ့ကလေးစ ဆောင်ထားရုံမျှနှင့် အလိုလိုကိစ္စပြီးငြိမ်းအောင်မြင် နိုင်သည်ဟူသည့် အရာမျိုးကို ယုံကြည်လိုက်စားလိုလားကြ၏။

မည်သည့်အချိန်အခါ၌ မည်သို့ပြုလုပ်လျှင် အောင်မြင်မည်ဟူသောအခါပေး ယတြာပေး တို့ကို ယုံကြည်လိုက်နာကြ၏။

မိမိတို့မြို့ရွာနေပြည်တို့ကို ကာကွယ်ဘို့ ပြုလုပ်ကျိုးစားနေရန် မလိုရလေအောင် အချိန် အခါမင်္ဂလာတို့နှင့်ကိုက်ညီစွာ နေရာရွေးချယ်မှု မြေနေရာရှာဖွေမှု အစီအရင်အင်းအိုင်မန္တာန် တို့ဖြင့် တခမ်းတနားစီရင်မှု စသည်တို့ကို လုပ်ဆောင်ကြလျက် မြို့ပြတည်ခြင်း ထီးနန်းစိုက်ထူ ခြင်း စသည်တို့ကို ပြုလုပ်ကြ၏။

ရွှေဝါပြည်ရာဇဝင်တလျှောက်လုံး ထီးနန်းရေး စစ်မက်ရေး အားလုံးတို့၌ ဤအခါမင်္ဂလာ ရွေးချယ်မှု နိမိတ်ဘတ်ကြားမှု စသည်တို့ ဖုံးလွှမ်းလာခဲ့ကြ၏။ ဘုန်းလက်ရုန်းနှင့် အဆောင် အဖွဲ့တို့ကို ယုံကြည်လွှန်းခဲ့ကြ၏။ ဘုရင်နှင့်တကွ ရွှေဝါပြည်သားအားလုံးတို့သည် ကျိုးစားမှု အပင်ပန်းခံမှုများ လျှော့နည်းလာကြလျက် ဘာမှုမလုပ်ဘဲ ဘာမှုမရှာဖွေဘဲ မိမိတို့အခြေအနေ မှတပါး အခြားသူများ၏အခြေအနေကို မလေ့လာကြဘဲ မိမိတို့၏တိုင်းပြည် မိမိတို့အင်အား ချည်း အထင်ကြီးနေကြ၏။ ထို့ကြောင့်လည်း ရွှေဝါပြည်တပြည်လုံး သူ့ကျွန်ဖြစ်ခဲ့ကြရခြင်းဖြစ် ၏။

ယခုမှ သူ့ကျွန်ဖြစ်လာခဲ့ကြရသော ရွှေဝါပြည်သားတို့သည် ကမ္ဘာကိုလည်း သိလေပြီ ရွှေဝါကိုလည်းသိလေပြီ။ ကတ္တိုင်းပြည်ကြီးတို့၏ ကြောက်မက်ဖွယ်ကောင်းသော စစ်ပြိုင်မှုများ ကိုလည်းသိလေပြီ။ ကိုယ်တိုင်ပါဝင်၍လည်း တိုက်ခိုက်ဘူးလေပြီ။

ထို့ကြောင့် ဥပါဒါန်တွေ အစွဲတွေ မပြုလုပ်ဘဲ ဆောင်ထားရုံဖြင့် အလိုအလိုအောင်မြင် သည်ဟုဆိုသော အဆောင်အဖွဲ့တွေကို စွန့်လွှတ်ကြလျက် မိမိတို့ကိုယ်တိုင် ချွေးနဲ့သွေးနဲ့ ရင်းလျက် တပင်တပန်း တိုက်ခိုက်ခဲ့ကြိုးစားခဲ့ကြလျက် ခေတ်မှီသောလူငယ်တစုတို့က ရွှေဝါ တပြည်ထောင်လုံးကို လှုံ့ဆော်စည်းရုံးကာ သူ့ကျွန်အဖြစ်မှကယ်တင်လိုက်နိုင်ခဲ့၏။

သို့သော်ရွှေဝါပြည်သားအားလုံးလိုလို တကယ်လက်တွေ့မျက်မြင်သိရှိလာကြရသော အမှန်တရားတို့ကို လက်ခံကြပါပြီလော။

ရာဇဝင်အစ နှစ်ပေါင်းထောင့်သုံးရာကျော်မျှ အရိုးထဲဦးဏှောက်ထဲသို့ စွဲဝင်လာခဲ့ကြရ သော တွေးခေါ်စွဲလန်းမှုမျိုးတွေကို စွန့်လွှတ်နိုင်ကြပါပြီလော။

ဤသည်တို့ကို ရွှေဝါပြည်ကြီး၏ ယခုမျက်မှောက်အဖြစ်တို့က အဖြေပေးနေကြ၏။

ကမ္ဘာနှင့်ချီ၍ ဖြစ်လိုက်ကြရသော စစ်ပွဲကြီးအပြီး၌ သူ့ကျွန်ဘဝမှလွတ်လပ်လာကြကုန် သော ရွှေဝါပြည်သားတို့သည် ထိုသို့လွတ်လပ်လာရသည်ကိုပင် ကြောင်တောင်တောင်၊ ယောင် တောင်တောင်ဖြစ်နေကြ၏။

ရွာလုံးကျွတ်မီးလောင်ခံရပြီးစ လာရောက်ဝေငှကြသည့်ဆန်ဆီ အိုးခွက် အထည်အဝတ် တို့ကို စုရုံးစုရုံးချင့် တို့တွေ့ယူငင်နေကြကုန်သော ရွာသားများသည် ထိုရရှိလာသည့် ဆန် ဆီ အိုးခွက် အဝတ်အထည်ကလေးတို့ကို ဝမ်းမြောက်ဝမ်းသာဆုပ်ကိုင် ပွေ့ပိုက်လျက် မိမိတို့သည် ရှေ့အဘို့တွင် မိမိတို့၏နေရေး စားရေး ရပ်တည်နိုင်ရေးအတွက် မည်ကဲ့သို့စတင်တည်ထောင် ရပါမည်နည်းဟု ရင်ထဲ၌ လှုပ်ရှားရဘိသကဲ့သို့. . . .

စစ်ကြီးအတွင်း တိုက်ခိုက်ကြရ ပျက်စီးကြရပြီးမှ လွတ်လပ်ရေးရလာကြရသော ရွှေဝါပြည်သားတို့သည်လည်း. . . .

ထိုရလာသည့် လွတ်လပ်ရေးကလေးကို ပိုက်ပွေ့ကြလျက် မိမိတို့သည် မည်ကဲ့သို့ ဆက်လက်ထူထောင်ကြရပါမည်နည်းဟု ရင်တခုံခုံရှိရင်း တွေးတောကြကုန်၏။

သို့သော် ထိုသို့တွေးတောကြသူများ ထိုသို့ရင်ခုန်ကြသူများကား၊ ရွှေဝါပြည်သူ ပြည်သားအားလုံးမဟုတ်ကြ၊ အနည်းအကျဉ်းမျှဖြစ်ကြ၏။

ထိုအနည်းအကျဉ်း၌လည်း လူနှစ်မျိုးပါဝင်၏။ ပထမအမျိုးသည် လွတ်လပ်သောရွှေဝါ ပြည်ကြီးကို ကိုယ်တိုင်ဝင်ရောက်ထူထောင်ပေးကြမည့်သူများဖြစ်ကြ၍၊

ဒုတိယအမျိုးအစားသည် ရွှေဝါပြည်ကြီး လွတ်လပ်ရေးရသည်ကိုပင် ဝမ်းမြောက်ပီတိဖြစ် နေလျှက် ထူထောင်ပေးရာတွင်ကိုယ်တိုင်မပါဝင်ဘဲ အပြင်မှစောင့်ထိန်းပေးလိုသူများဖြစ်၏။

ထိုနှစ်မျိုးအနက် ပထမအမျိုးသည် ဦးရေအားဖြင့် များပြား၍ဒုတိယအမျိုးအရေအတွက် သည် ဦးရေအလွန်နဲ၏။

ကျန်သော ရွှေဝါပြည်သူ ပြည်သားတို့ကား ရွှေဝါပြည်သားတို့၏ဓလေ့စရိုက်အတိုင်း လွတ်လပ်ရေးအတွက်တိုက်ခိုက်စဉ်က တပြည်ထောင်လုံး ရောနှောပါဝင်တိုက်ခိုက်ခဲ့ကြသော် လည်း တိုက်ခိုက်ပြီးသောအခါ လွတ်လပ်ရေးရလျှင်လည်း ကိစ္စမရှိမထူးခြား၊

မိမိအတွက် ထူးထူးခြားခြားလိုအပ်သည်ကား တပင်တပန်းအလုပ်မလုပ်ကြဘဲ လှုပ်ခါ ရွေ့ကာမျှဖြင့် မပူမပင် ကောင်းကောင်းဝတ် ကောင်းကောင်းစား ကောင်းကောင်းဖြုံး ကောင်း ကောင်းပျော်နိုင်ဘို့ဖြစ်၏။

ထို့ကြောင့် ရွှေဝါပြည်သူပြည်သားတို့သည် လွတ်လပ်ရေးရရှိခြင်းကြောင့်ခံစားရသည့် ရင်၌လှုပ်ရှားမှုကို ပြောပြတတ်သူမရှိလလောက်နည်း၏။

ရွှေဝါပြည်သားတစုံတယောက်သည် စွပ်စွဲခံနေရသော ပြစ်မှုအတွက် တရားရုံးတို့မှ ကွင်းလုံးကျွတ်လွတ်လိုက်ပြီဟုသိရသောအခါ ရင်ထဲ၌မည်သို့ခံစားကြရသည်ကိုသိ၏။ ပြောပြနိုင် စွမ်း၏။

ဘုန်းကြီးကျောင်း၌ လူကြီးမိဘတို့၏ တိုက်တွန်းမှုကြောင့် တဝါနှစ်ဝါကြာသည်အထိ ရှင်သာမဏေဝတ်နေကြရရာမှ ဘုန်းတော်ကြီးကထွက်ခွင့်ပေးလိုက်သဖြင့် ရှင်လူထွက်ရမည်ဟု သိရသောသူတို့သည် ထိုသို့သိရသည့်အချိန်၌ ရင်တွင်းဝယ် မည်သို့လှုပ်ရှားရသည်ကို ရှင်သာမဏေဝတ်ဘူးသော ရွှေဝါပြည်သားတိုင်းသိ၏။ ပြောပြနိုင်စွမ်း၏။

ထို့အတူ မမျှော်လင့်ဘဲထောင်မှ အလွတ်ခံရသူများ မိမိချစ်သူ၏ခွင့်ပေးချက်အရ ရှေးဦး အကြိမ်ချစ်သူနှင့် တွေ့ခွင့်ရသူများ ဆိတ်ကွယ်ရာ၌မဆွေ့ဘူးကြသေးသောချစ်သူချင်း မိဘ သဘောတူညီချက်ဖြင့် မင်္ဂလာဆောင်ရသည့် မင်္ဂလာဦးညကို ကြုံတွေ့ရဘူးသူများ၊ ထီပေါက်သူ များနှင့် ရှေ့ဦးစွာ မဂ္ဂဇင်း၌စာမူပါလာပြီဟုသိရသော စာပေဝါသနာပါသူများ စသည်စသည်တို့ သည် မိမိတို့ရင်၌မည်သို့လျှင် လှုပ်ရှားသည် မည်သို့ခံစားရသည်ကို ပြောပြနိုင်သူချည်းဖြစ်၏။

သို့သော် ထိုလူအားလုံးတို့သည် မိမိတို့ရွှေဝါပြည်ကြီး လွတ်လပ်လာလေပြီဟု သိပြီးသည့်သူများချည်းဖြစ်သော်လည်း ထိုသို့လွတ်လပ်ပါပြီးဟူသော ကျေညာချက်ကို ကြားကြရ စဉ်က ရင်ထဲ၌ မည်သို့လှုပ်ရှားထိခိုက်ပါသလဲဟုမေးလျှင် မည်သူမျှကောင်းစွာ မပြောတတ်သလို ရှိနေကြ၏။ အလွန်ဆုံးတွေးတောပြောနိုင်သလို ရှိသူများ၏စကားအတိုင်းဖော်ပြရသော်. . . .

ရိုးရိုးပြောရယင် ဝမ်းသာသလိုလိုတော့ရှိတာပေါ့ဗျာ သိပ်တော့မထူးခြားလှပါဘူး. . . . ဟူသောအဖြေပင်ဖြစ်၏။

လွတ်လပ်ရေးရပြီဟူသော ခံစားချက်ကို ပေါက်ပေါက်ရှာရှာ စပ်စုနေသူကား ရဲဘော်ငဆိုးထက်ခိုင်ဖြစ်၏။

ရဲဘော်ငဆိုးထက်ခိုင်က ဤသို့စပ်စပ်စုစု တွေ့သူတိုင်းသို့ မေးမြန်းသုတေသနပြုနေခြင်း ၌ အကြောင်းရှိ၏။

ရွှေဝါပြည်သူပြည်သားတို့သည် အကယ်လည်းမိမိတို့ကိုယ်တိုင် သူ့ကျွန်အောက်က လွတ် မြောက်လာသော လွတ်လပ်သော တိုင်းသူပြည်သားများဖြစ်လာခဲ့ကြပါလျက် ထိုသို့လွတ်လပ် လာရခြင်းကို မည်သူမျှထူးထူးခြားခြား ခံစားနှစ်သိမ့်မှုမျိုး မဖြစ်ဟုဆိုခဲ့လျှင် ထိုသူတို့သည် မလွတ်လပ်လျှင်လည်း မည်သို့မျှထိခိုက်တုံလှုပ်လိမ့်မည်မဟုတ်ဟု ရဲဘော်ငဆိုးထက်ခိုင်ကယုံ ကြည်၏။ ထို့ပြင်ယခုရရှိထားသော လွတ်လပ်ရေးကြီးဆုံးရှုံးသွားမည်ဆိုလျှင်လည်း သိပ်ထိခိုက် နာကျည်းကြမည့်လူများ ဖြစ်ဟန်မတူဟု ယုံကြည်၏။

သို့သော် ရဲဘော်ငဆိုးထက်ခိုင်သည် ရွှေဝါပြည်ကြီးလွတ်လပ်လာသဖြင့် ဝမ်းမြောက်ပျော် ရွှင်နေသော သူများကိုလည်းတွေ့ရပါသေး၏။ ထိုသူတို့ကား ရွှေဝါပြည်ကြီး လွတ်လပ်ရန် ကျိုးပမ်းရာ၌ ရှေ့တန်းမှပါဝင်ခဲ့သူများဖြစ်ခြင်းကြောင့် ယခုရွှေဝါပြည်ကြီးလွတ်လပ်သောအခါ ယင်းရွှေဝါပြည်ကြီးကို ငါတို့အုပ်ချုပ်သင့်သည်ဟု အုပ်ချုပ်ရေးအာဏာကို လက်ဝယ်ကိုင်ထားသူ များ ဖြစ်ကြောင်းကိုတွေ့နေရ၏။

ရဲဘော်ငဆိုးထက်ခိုင်တွေ့နေရသောသူတို့သည် လွတ်လပ်ရေးရသောနေ့သို့ရောက်တိုင်း ကြီးကျယ်ခမ်းနားသော အရိုအသေခံပွဲကြီးကို လုပ်ကြ၏။

ကြီးကျယ်ခမ်းနားသော စင်မြင့်ကြီးကို အရေးတကြီးအပြီးဆောက်လုပ်ကြပြီးလျှင် ထိုစင်မြင့်ကြီးပေါ်၌ ဝတ်ကောင်းဆင်လှတို့ဖြင့် တောက်တောက်ပြောင်ပြောင် ဝတ်ဆင်နေရယူ ကြ၍ မိမိတို့၏အုပ်ချုပ်ရေးယန္တယားကြီးအတွင်း၌ ဝင်ရောက်ဆောင်ရွက်နေကြရသည့် သူများကို လမ်းမကြီးပေါ်မှ အဖွဲ့လိုက်ချီတက်စေလျက် စင်မြင့်ကြီးဘက်သို့လှည့်၍ အရိုအသေပြုသွားစေ ၏။

ဒါကို ရွှေဝါပြည်တိုင်းသူပြည်သားတို့က လာရောက်ကြည့်ရှုစေရ၏။ ဤသို့ကြည့်ရှုစေခြင်းဖြင့် ရွှေဝါပြည်သားတို့က မိမိတို့အား ခန့်ငြားရှိသေလာလိမ့်မည်ဟု ထင်သောကြောင့်လည်း ဤသို့အရိုအသေခံ၍ပြခြင်းဖြစ်၏။

သို့သော် ရွှေဝါပြည်သားတို့က ထိုသူတို့ထင်သလို အားလုံးခန့်ငြားရှိသေမှုဖြစ်လာခြင်း မရှိဘဲ လွတ်လပ်ရေး ရတာဟာသင်းတို့ကောင်းစားတာဘဲဟု မရှုစိမ့်မှုတွေဖြစ်ကြ၏။

ထိုသူတို့ ဤလိုအရိုအသေခံနေမှုကို တွေ့ကြသောကြောင့် အားကျလာလျက် မိမိတို့လည်း နောင်တကြိမ်တွင် ထိုသူတို့ကဲ့သို့ အရိုအသေခံလူတန်းစားမျိုးတွေ ဖြစ်လေအောင် အုပ်ချုပ်ရေးအာဏာ လက်ဝယ်ရရှိလေအောင် အကြောင်းရှိလာလျှင် လွတ်လပ်ရေးတိုက်ပွဲကြီးကို ရှေ့ဆုံးကဝင်နွဲမည်ဟုသောစိတ်မျိုး မပေါ်ပေါက်ကြ။

အကြောင်းမူ လွတ်လပ်ရေးတိုက်ပွဲ ဆင်နွဲနေကြစဉ်က မိမိတို့နှင့်အတူ ပုန်းအောင်းပြေး လွှားအရက်မူးနေကြသော လူအချို့ကို ထိုစင်မြင့်ပေါ်၌တွေ့နေရသောကြောင့်ဖြစ်၏။

ထိုသူတို့သည် လွတ်လပ်ရေးရပြီးစ စပ်ကူး မတ်ကူးအချိန်တွင်. . .

အုပ်ချုပ်ရေးအာဏာရရှိနေကြသော သူတို့ကိုထောက်ခံအားပေးနေကြခြင်း အလိုတော် ကြလိုက်လုပ်ပေးကြခြင်းစသော ဘက်တော်သားများအဖြစ် ဝင်ရောက်ဆောင်ရွက်ပေးခဲ့ကြသော ကြောင့်. . . .

တဖြေးဖြေးအုပ်ချုပ်ရေးအဖွဲ့ကြီးထဲသို့ ရောက်သွားကြကာ ယခုထိုစင်မြင့်ကြီးပေါ်၌ အခန့်သားတွေ့နေကြရခြင်း ဖြစ်၏။

ထို့ကြောင့်အချို့တို့ကလည်း အုပ်ချုပ်ရေးအာဏာ ရရှိသူတို့ကိုကစ်လျက် ဘာမဆို အလိုတော်ကျလိုက်လုပ်ပေးလျင် ငါတို့လည်း ဤစင်မြင့်ကြီးပေါ်မှ အခန့်သား အရိုအသေခံနိုင် ကြသော လူတယောက်ဖြစ်လာနိုင်သည်ဟု တွေးတောအားကျလာကြ၏။

ရွှေဝါပြည်၏အုပ်ချုပ်ရေးစနစ်က ဤလိုတွေးနိုင် အားကျနိုင်အောင်လည်း အခွင့်အရေး ပေးထား၏။ ဤလိုအားကြလာကုန်သော သူတို့သည် မိမိကိုထောက်ခံမည့် လူအင်အားကို ရနိုင် သောနည်းနှင့်မွေးလျက် အုပ်ချုပ်ရေးအတွင်းတွင် ရှိနေသည့်အဖွဲ့အစည်းတခုခုဖြင့်ပူးပေါင်း၍ မည်သူ့နောက်က လူအင်အားများသည်ဟု အခြားအဖွဲ့တို့နှင့် လေးနှစ်တစ်ကြိမ် မဲချင်းပြိုင်လျက် အနိုင်ယူပြီးလျှင် အုပ်ချုပ်ရေးအာဏာရရှိပြီး ဤစင်မြင့်ပေါ်သို့တက်၍ အရိုအသေခံယူနိုင်သော အခွင့်အလမ်း ရွှေဝါပြည်၏အုပ်ချုပ်ရေးစနစ်၌ရှိ၏။

ထို့ကြောင့် လွတ်လပ်ရေး အရသာကို မြဲစမ်းလိုကြသော ရွှေဝါပြည်သားတို့သည် ဤအတိုင်းပြုလုပ်လာကုန်ကြ၏။

ရဲဘော်ငဆိုးထက်ခိုင်သည် အတော်နှလုံးစိတ်ဝမ်း မချမ်းမမြေ့ဖြစ်နေ၏။ ဤလိုဖြစ်မှ လွတ်လပ်ရေးအကျိုးခံစားရသည်ဟု ထင်နေကြခြင်းကို မကျေမနပ်ဖြစ်နေ၏။ ဤမျှစိတ်ထား နုံနဲ့သော မိမိတို့ရွှေဝါပြည်သူ ပြည်သားများကိုကြည့်လျက် အလိုလိုစိတ်ပေါက်နေ၏။

ရဲဘော်ငဆိုးထက်ခိုင်သည် မိမိရှေ့တွင်လှုပ်လှုပ်ရွရွမြင်နေရသော ရွှေဝါပြည်သူပြည်သား တို့ကို ဒေါသစိတ်ဖြင့် ညိမ်သက်ကြည့်၏။ မျက်နှာတခုလုံး ညစ်ပုပ်ပုပ်ဖြစ်နေ၏။ မျက်လုံးတွေပြာ ဝေလာ၏။

ဗိုလ်မှူးထေက်မျက်သည် ရှည်လျားသော လက်တန်ကြီးကို ဝှေ့ရမ်းလျက် စိတ်လက်ပေါ့ ပါးစွာ မြစ်ဆိပ်သို့ဆင်းလာသည်။

နွေဦး၏လေရူးသည် မြစ်ဆိပ်၌ တဖြူးဖြူးတိုက်နေ၏။ ဆိပ်ကမ်းတွင်ရှိသော ဝါးရုံပင် သံသတ်ပင် လမုပင် ကြီးငယ်တို့သည် လေအလာတွင်အပြိုင်အဆိုင် ဖရိုဖရဲကပြနေကြ၏။ မြစ်ဆိပ်တံတား၌ချည်ထားသော ငါးဆယ်ပါသမ္ဗန်ငယ်က ကမ်းထိပ်မှ က,ပြနေကြသော သစ်ပင် တို့၏က,ကြိုးကို ခေါင်းညိတ်စည်းလိုက်နေသည်။

သမ္ဗန်ဦးဖုံးပေါ်တွင် ဗိုလ်မှူး ငလုံးညီနှင့်ငဆိုးထက်ခိုင်တို့ထိုင်နေကြ၏။

ဗိုလ်မှူးလေလုံးညီသည် ငှက်ကလေးများအော်သကဲ့သို့ လေချွန်နေ၏။ ရဲဘော်ငဆိုးထက် ကမူ စည်းမကျ ဝါးမကျ အချစ်သီချင်းတပုဒ်ကို တိုးတိုးဆိုနေသည်။ သမ္ဗန်ငယ်သည် သူတို့ကို နော့်ခါနော့်ခါ စည်းလိုက်မြှလိုက်၏။ သူတို့ကိုယ်တွေမှာသမ္ဗန်ဦးပေါ်၌ ရှေ့ထိုးနောက်ငင်လှုပ် ရမ်းနေကြသည်။

'ဟေးလူတွေ အမယ်ဖိမ်ကျနေလိုက်ကြတာ ကျုပ်ဖြင့်ဘယ်ပျောက်သွားကြလဲလို့ . . . . '

ကမ်းပေါ်မှတံတားမှလျှောက်လာသော ဗိုလ်မှူးထေက်မျက်က လှမ်းအော်လိုက်ခြင်းဖြစ် ၏။ ထို့နောက်တံတားပေါ်မှနေ၍ သမ္ဗန်ပေါ်သို့ လျှောဆင်းလိုက်သည်။ သမ္ဗန်ဦးသည် ရေထဲ၌ မလှုပ်ရမ်းဝန့်တော့ဘဲ ပျပ်ဝပ်လျက် ပဲ့ထောင်လာ၏။ ဗိုလ်မှူးထေက်မျက်သည် အရပ်ရှည်သူဖြစ် လေရာ လူပိန်သော်လည်း သူ့အရိုးကားလေးလှ၏။

ထို့နောက် သုံးယောက်သားသမ္ဗန်ဦး၌ စုပြုံထိုင်နေကြသောကြောင့် ထောင်နေသော သမ္ဗန်ပဲ့သည် တဖြတ်ဖြတ် ရိုက်ခတ်နေသည့် လှိုင်းပြေးကလေးကြောင့် လှုပ်ခါနေသည်။

ရဲဘော်ငဆိုးထက်ခိုင်၏ အချစ်သီချင်းလည်း ရပ်သွားသည်၊ ဗိုလ်မှူးငလုံးညီ၏ ငှက်ကလေးတွေ အော်သလို လေချွန်သံလည်းရပ်သွားသည်၊ သုံးယောက်သား တိတ်ဆိတ်နေ ကြ၏။ ကမ်းထိပ်ရှိသစ်ပင်တို့သည် ကမြဲက,နေကြ၏။ သမ္ဗန်ငယ်ကမူ ခေါင်းငြိမ့်၍စည်းမလိုက် နိုင်တော့၊ ပဲ့စင်ကိုရမ်းခါလျက် ပင်လယ်ကျွန်းသူလိုမြူး၏။ ဝါးရုံပင်နှင့်သစ်ရွက်တို့ကို လေတိုက် သောအသံသည် ဆူညံလျက် တိတ်ဆိတ်သကဲ့သို့ထင်၏။

ရဲဘော်ငဆိုးထက်ခိုင်တို့ သုံးယောက်သားလုံး ဖြူးဖြူးတိုက်သောလေတွင် သစ်ရွက်ချင်း ရိုက်ခတ်သော အသံကိုနားစိုက်နေကြ၏။ ကွမ်းသီးတောကြီးဆီမှ လေးတွဲ့တွဲ့ ကျူးရင့်လိုက်သော ဥဩဖို၏အသံသည် ဆိပ်ကမ်းတခုလုံးကိုပို၍ ကြည်နူးအောင်ပြုပေးဘိသို့ရှိ၏။

ဗိုလ်မှူးထက်မျက်သည် ရှည်လျားသော ခြေတံလက်တံကြီးကို သမ္ဗန်ဦးဖုံးပေါ်၌ သက်တောင့်သက်သာ ပစ်ပုံ၍ချ၏။ မျက်နှာသည်ကောင်းကင်သို့မော့၏။ ဘေးသို့ ကားဆန့် ထားသောလက်တန်းကြီးနှစ်ချောင်းသည် ဥက္ကောင်းကိုသယ်ပိုးထားရသော ပုခုံးကျယ်ကြီးအား ကျားကန်ပေးထားဘိသို့ရှိ၏၊ ပြာသောကောင်းကင်တွင် ဂွမ်းပုံကြီးနှင့်တူသော တိမ်ဆုပ်ကြီးများ လွင့်နေကြ၏။

'ကျုပ်တော့ဗျာ တကယ်လို့ မသေဘဲကျန်နေအုံးမယ်ဆိုရင် အေးအေးဆေးဆေး စာဘတ် နေမယ်. . . .'

မျက်နှာကိုကောင်းကင်သို့မော်ရင်း မလှုပ်ရှားဘဲပြောလိုက်ခြင်းဖြစ်၏။

'ကျုပ်ကတော့သစ်ပင်စိုက်မယ်ဗျ။ ပင်လယ်ထဲက ကျွန်းကလေးတကျွန်းကျွန်းမှာ သွားပီး အေးအေးချမ်းချမ်းတယောက်ထဲ သစ်ပင်စိုက်နေမယ် မွေးမြူရေးလဲလုပ်မယ်. . . .'

ဗိုလ်မှူးလေးလုံးညီ၏ဆန္ဒဖြစ်သည်၊ ထို့နောက်တိတ်ဆိတ်သွား၏။ ရဲဘော်ဆိုးထက်ခိုင်ဆီ က မည်သည့်အသံမျှထွက်မလာ။

ဗိုလ်မှူးနှစ်ယောက်တို့ မကျေမနပ်ဖြစ်နေဟန်ရှိ၏။

ဤသုံးယောက်တို့သည် လက်ရှိအဆင့်အတန်းချင်းမတူသော်လည်း တဦးနှင့်တဦး လေးစားသော ရင်းနှီးသောချစ်ခင်သော အချင်းချင်းရဲဘော်စိတ်ပြင်းထန်သော အတူလုပ်ဖေါ် လုပ်ဘက်ဖြစ်၏။

ရွှေဝါပြည်ကြီး သူ့ကျွန်အဖြစ်မှ လွတ်မြောက်ရေးအတွက် ကျိုးပမ်းကြရာ၌ တဦးထက် တဦး မကျော်လွန်သော အရည်တူ ရဲဘော်ရဲဘက်ဖြစ်၏။ အချင်းချင်းတွေ့ဆုံ ခင်မင်ကြရသည် လည်း ဤရွှေဝါပြည်ကြီးလွတ်မြောက်ရေးအတွက် လက်နက်ကိုင်တိုက်ခိုက်ရန် ရွှေဝါပြည်လူငယ် ကလေးများ တိတ်တဆိတ် စတင်စည်းရုံးစုဝေးကြစဉ်ကတည်းကဖြစ်၏။

သို့သော်. . . . ရဲဘော်ဆိုးထက်ခိုင်သည် ရွှေဝါပြည်သား လူဆန်းတစ်ယောက်ဖြစ်၏။ သူသည်စည်းကမ်းအတွင်း၌ နေနိုင်စွမ်းရှိသူမဟုတ်။

သို့သော်စည်းကမ်းချက်မရှိပါမှ သို့မဟုတ်စည်းကမ်းချက်အပြင်ဘက်မှနေ၍ စည်းကမ်း ကိုအလိုလို စောင့်ထိန်းတတ်သူဖြစ်၏။

ထို့ကြောင့် ရဲဘော်ဆိုးထက်ခိုင်သည် ရွှေဝါပြည်၏ လွတ်လပ်ရေးတပ်မတော်သား တယောက် မဟုတ်ခဲ့၊ သို့ရာတွင်သူသည် ရွှေဝါပြည်မြေနုကျွန်းပေါ်အရပ်ရှိ ရွှေဝါပျောက်ကျား တပ်ဖွဲ့သားအားလုံးတို့၏ ခေါင်းဆောင်ဖြစ်၏။

ထိုအချိန်က ဗိုလ်မှူးထေက်မျက်နှင့် ဗိုလ်မှူးလေးလုံးညီတို့သည် ကမ္ဘာ့စစ်ကြမ်းအစိုးရ၏ လက်အောက်၌ တရားဝင်စစ်ဗိုလ်ကြီးများအဖြစ် အယောင်ဆောင်ကြရင်း ရွှေဝါပြည်၏လွတ်လပ် ရေးကို ကျိုးပမ်းလျက်ရှိနေကြစဉ် ရဲဘော်ဆိုးထက်ခိုင်ကမူ မိမိ၏ပြောက်ကျားတပ်သားကျော်တို့ ဖြင့် ကမ္ဘာ့စစ်ကြမ်းအစိုးရကို ခပ်ပြောင်ပြောင်တိုက်ခိုက်လာခဲ့၍ ၂ နှစ်ပြည့်လုလုအချိန်၌ဖြစ်၏။

ဗိုလ်မှူးနှစ်ယောက်တို့သည် အခြားရဲဘော် ရဲဘက်တို့နှင့်အတူ ရွှေဝါပြည်၏လွတ် မြောက်ရေးအတွက် မည်သို့သော နည်းပရိယာယ်တို့ဖြင့် တိုက်ခိုက်လျှင်သင့်တော်မည်ဟု ဆွေးနွေးဆုံးဖြတ်ရန်နှင့် သူ့ကိုယ်သူ ရဲဘော်ဟုနာမည်တပ်ထားသော လုပ်ဖေါ်လုပ်ဘက် ဆိုး ထက်ခိုင်ကို လက်နက်ခဲယမ်းတို့ ဖြည့်တင်းပေးရန်၊ ဤဆိုးထက်ခိုင်၏ ပျောက်ကျားစခမ်းသို့ တိတ်တဆိတ်ရောက်ရှိနေကြခြင်းဖြစ်၏။

ရဲဘော်ရဲဘက်စိတ်နှင့် မိမိတို့ချစ်ခင်ခဲ့ကြသော ဆိုးထက်ခိုင်သည်နေရာတိုင်းလိုလို မိမိတို့ကဲ့သို့ လူတွေးမတွေးဘဲ ဗီလာဆန့်ကျင် တွေးတတ်သူအများနှင့်မတူသူ ကန့်လန့်သမား ဟုဗိုလ်မှူးနှစ်ယောက်တို့ကထင်ကြ၏။

ထို့ကြောင့် မိမိတို့ကို အထောက်အကူမပေးဘဲ တိတ်တိတ်ဆိတ်ဆိတ်ရှိနေသော ငဆိုးထက်ခိုင်ကို ယိမ်းတိုက်ထားသကဲ့သို့ ပြိုင်တူလှည့်ကြည့်လိုက်၏။

'ခင်ဗျားကော. . . . . '

ရဲဘော်ငဆိုးထက်ခိုင်က မြေ့မြေ့မျှပြုံး၏။ ထို့နောက်အသံမထွက်ပဲ ခေါင်းကိုဖြေးဖြေး ရမ်းခါ၏။ ဗိုလ်မှူးနှစ်ဦးတို့က မကျေနပ်ကြ။

'ခင်ဗျားအဘကြီးမှာဘဲ လူဆိုတာ ရည်ရွယ်ချက်ရှိရတယ်ဗျ'

'ကိုယ့်လူအလကားလူပါ သူကအင်မတန်စည်းပျက် ကမ်းပျက်နေချင်တဲ့လူ ဘယ်တော့မှ ကြိုတင်သတ်မှတ်ထားတဲ့ အတိုင်းလိုက်နာနိုင်မယ့် လူမျိုးမဟုတ်ပါဘူး'

ဤမျှမက နှစ်ယောက်သားတယောက်တပေါက် ပြောကြ၏။ မေးကြ၏။ ကြိမ်းကြ၏။ ဗိုလ်မှူးနှစ်ယောက်လုံး ရဲဘော်ငဆိုးထက်ခိုင်နှင့် ဆုံစည်းရတိုင်း ဤသို့အနိုင်ကျင့်ရ အတင်း အကြပ်ပြုလုပ်မေးမြန်းရသည်ကို ပျော်၏။ အရသာတခုဖြစ်၏။ တနည်းအားဖြင့် မိမိတို့ရဲဘော် ကို လူလိုတွေးတတ်အောင် မိမိတို့ကအတင်းအကြပ်ဝိုင်းဝန်းပြုပြင်ပေးနေကြသည်။ ကောင်းမှု ကုသိုလ်တခုပြုလုပ်နေကြသည်ဟု ထင်မှတ်ကြ၏။

'ကဲ. . . . ပြောစမ်း. . . . ခင်ဗျား ဘာ့ကြောင့် လူတယောက်လို၊ နောက်ပြီးရင် ဘာတွေဆက် လုပ်မယ်လို့ အစီအစဉ်မရှိချင်ရတာလဲ. . . . '

'အလကားပါဗျာ ဒီလူကဗွေဝါပြည်ကြီးလွတ်လပ်ပြီးရင် ငါဗွေဝါပြည်လွတ်လပ်အောင် လုပ်တုန်းက ပါတဲ့အကောင်ကွဆိုပြီး ရာထူးတွေဘာတွေဝင်ယူဘို့စိတ်ကူးနေတာပါ. . . . '

ဤသည်ကိုတော့ ငဆိုးထက်ခိုင်မခံမရပ်နိုင် ငဆိုးထက်ခိုင်၏မျက်နှာသည် ချာကနဲ ဗိုလ်မှူးထက်မျက်ဘက်သို့ ရောက်သွား၏။ ဗိုလ်မှူးထက်မျက်ကလည်း ငဆိုးထက်ခိုင်ကို မျက်နှာရဲသွားအောင် ပြုလုပ်နိုင်လိုက်သဖြင့် ဝမ်းသာစိတ်နှင့်ကြည့်၏။ ထိုအကြည့်ကိုမြင်ရမှ ငဆိုးထက်ခိုင်၏ ပျက်နေသောမျက်နှာက ပြန်ကောင်းလာ၏။

'ဟာဗျာ. . . . ဒီလိုတော့မပြောကြနဲ့ဗျာ။ ခင်ဗျားတို့တမင်ဝိုင်းပြောနေမှန်းသိရက်နဲ့ကို နားထောင်လို့မရဘူး. . . . '

'ဟုတ်တယ် ခင်ဗျားဒီလိုတွေးနေမှာဘဲ။ ဒါကြောင့်ကျွန်တော်တို့ကို ဖွင့်မပြောဝံ့တာပေါ့။ နို့မှုတ်ရင်ပြောမှာ ကျွန်တော်လဲအခုမှ စဉ်းစားမိတယ်. . . . . '

ဗိုလ်မှူးလေးလုံးညီက ဗိုလ်မှူးငထက်မျက်၏ ထိရောက်သောစကားကို ဝင်စွက်ထောက်ခံ၏။ ထို့နောက်နှစ်ယောက်သား အတိုင်းဝိုင်းမေးကြ၏။ ကြာသော်ငဆိုးထက်ခိုင်ကစိတ်မရှည်စွာဖြင့် ဗိုလ်မှူးနှစ်ယောက်၏မျက်နှာကို မော်ကြည့်သည်။

'မှတ်ပါဘူး ကျနော်တို့က ဘာတွေကြိုတင်တွေးတောဘို့လိုသေးလဲ၊ အားလုံးသေကုန် ကြရမှာဘဲမှုတ်လား။

ခင်ဗျားအဘကြီးမှာဘဲ ဒီလိုတော်လှန်ရေးလုပ်သမျှ လူတွေအားလုံး အကုန်ဘဲသေကုန်ကြ ရတော့မှာလား၊ ခင်ဗျားတော်တော် အမြော်အမြင်ရှိတဲ့လူ။

'ဘယ့်နဲ့မသေရမှာလဲဗျ။ ကျနော်က ခင်ဗျားတို့လို ကံသမားမဟုတ်ဖူး၊ မီးခဲကိုင်ရင်ပူမယ်၊ ဓါးနဲ့ထိုးရင်ပေါက်မယ်၊ ဘိနပ်ချွတ်ပြီး ဆူးပုံပေါ်နင်းရင် စူးမယ်ဒါဘဲ၊ ခင်ဗျားစဉ်းစားကြည့်ပါလား လက်နက်အင်အား လူအင်အား စစ်သက်ဘယ်လိုမှမတူနိုင်တဲ့ ကမ္ဘာ့ထိပ်တန်းလက်ယာစွန်းနဲ့ လက်ဝဲစွန်းနိုင်ငံကြီးနှစ်ခုကို တခုပြီးတခုဆက်တိုက်နေလို့

ကျနော်တို့သေမကုန်ကြဘူးဆိုရင် အဲဒီလူညာတာဗျ၊ တကယ်တိုက်မဲ့လူကိုမဟုတ်ဖူး။ အဲဒီတော့ကျနော့် အဘို့ဘာမှတွေးတော နေဘို့မလိုဘူး၊ ဒီတိုက်ပွဲကြီးပြီးတဲ့နောက် ကျနော်လဲရှိမှာမဟုတ်ဖူး။

'တကယ်လို့ရှိရင်ကောဗျာ. . . '

'ရှိကိုမရှိရဘူးဗျ ရှိရင်လူညာဘဲ. . . . '

သို့သော် ရဲဘော်ဆေးထက်ခိုင်နှင့်တကွ ဗိုလ်မှူးနှစ်ယောက် အပါအဝင် ရှည်မြင့်စွာ ပေါင်းသင်းလာခဲ့ရသော ရဲဘော်ရဲဘက်သုံးယောက်လုံး မသေခဲ့ကြပါ။

'ဟေး. . . လူ. . . . . ခင်ဗျားမသေဘူးနော် ဘာလဲခင်ဗျားလူညာဘဲ. . . . . '

အရေးတော်ပုံခေတ္တရပ်နားချိန်၌ ကွဲကွာနေရသည့် ချစ်ရဲဘော်တို့ တွေ့လျှင်တွေ့ခြင်း နှုတ်ဆက်လိုက်ကြသောစကားဖြစ်၏။

လေဖြူးဖြူးလာသည့် သာယာသောမြစ်ဆိပ်၌ အချင်းချင်းအမှတ်မထင်နောက်ပြောင်ရန် စလာခဲ့ကြသည်ကို မမေ့ကြ။

ထိုနောက်ပြောင်ရန်စရာမှ ထွက်လာသောအတွေးအခေါ်လေးတစ်ခုသည် ရဲဘော် ရဲဘက်သုံးယောက်လုံး၏ နှလုံးသား၌နှစ်မြုပ်စွဲဝင်နေကြ၏။ ထို့ကြောင့် ဗိုလ်မှူးထက်မျက်သည် ရဲဘော်ဆေးထက်ခိုင်ကိုတွေ့လျှင်တွေ့ခြင်း ဤသို့ဤနှယ်ရန်စလိုက်ခြင်းဖြစ်၏။

'ဟုတ်တယ်ဗျာ. . . . ကျနော် လူညာဖြစ်မှာဘာလဲ၊ အသုံးမကျဘူးဗျာ၊ ကျနော် ကိုယ့်ကိုယ်ကို တော်တော်စိတ်ဆိုးနေတယ်ဗျ၊ ကျနော်လူညံ့၊ ကျနော်ကြောက်တတ်တယ်၊ တိုက်ပွဲတွေတွေ့တိုင်း မတိုက်တော့မရှိဘူးပေါ့ဗျာ၊ ဒါပေမဲ့ကိုယ့်ကိုယ်ကို မသေအောင် တိုက်နေတယ်၊ ဘယ်တော့ နှိပ်မတုံး၊ ကျနော်မစွန့်ပါဘူး'

ရဲဘော်ဆေးထက်ခိုင်က တကယ်စိတ်ထိခိုက်စွာနှင့် ပြောလိုက်ခြင်းဖြစ်၏။ မျက်နှာလေသံ နှင့် လှုပ်ရှားမှုတို့ကို မြင်ရခြင်းဖြင့် ဤအတိုင်းစိတ်ထိခိုက်လာသည်မှာ ရက်အတော်ကြာပြီဟု ခန့်မှန်းနိုင်၏။

'ဟာ. . . . ခင်ဗျားဟာအရူးဘဲဗျ၊ စစ်တိုက်ပါတယ်ဆိုမှ ဘယ်စစ်သားက ကိုယ့်ကိုယ်ကို ကိုယ်သေအောင်တိုက်မလဲ၊ တဘက်ကအကောင်တွေများများသေပြီး ကိုယ်ရှင်ကျန်နေအောင် တိုက်ကြမှာပေါ့ဗျ၊ ခင်ဗျားတိုက်ပွဲတခုခုဖြစ်မယ်ဆိုရင် မတိုက်ဘဲနဲ့ ရှောင်လာခဲ့ဘူးလို့လား. . . . '

ရဲဘော်ဆေးထက်ခိုင်သည် ဗိုလ်မှူးထက်မျက်၏ မျက်နှာကိုငေးကြောင်ကြောင်ကြည့် လျက် ခေါင်းငြိတ်၏။ နောက်မှရောက်လာ၍ ထိုအမေးအဖြေကိုဘာမျှ မသိလိုက်ရသော ဗိုလ်မှူးလုံးညီက လှမ်းအော်၏။

'ဘာ့လဲဗျို့ ဘာလဲဗျို့ ဒီလူဘာတွေထပ်ညာနေတာတုံး သူပြောတာဘဲမှတ်လား မသေဘဲ ကျန်နေယင်လူညာဆိုတာ အခုသူမသေဘဲ ကျန်တယ်'

အနီးသို့ရောက်သည်နှင့် ဗိုလ်မှူး ငထက်မျက်က ဗိုလ်မှူးလုံးညီဘက်သို့လှည့်လျက် ငဆိုးထက်ခိုင်၏ ခံစားနေရချက်ကိုရှင်းပြ၏။ ထို့နောက် မယုံကြည်နိုင်သော မျက်နှာဖြင့် ငဆိုးထက်ခိုင်ဘက်သို့လှည့်၏။

'နေပါအုံး. . . ခင်ဗျား တကယ့်ကိုတိုက်ပွဲတွေဘာတွေ တွေ့မယ်ဆိုယင် ရှောင်ခဲ့ဘူးသလား'

ခေါင်းငိုက်စိုက်နှင့် တွေဝေလျက်ရှိသော ငဆိုးထက်ခိုင်က ပင့်သက်နှင့်အတူ မျက်လွှာမပင့်ဘဲ ခေါင်းငြိတ်၏။

ဗိုလ်မှူးနှစ်ယောက်လုံး စိတ်ထိခိုက်ကုန်ကြ၏ 'စိတ်ဓာတ်တက်ကြွလွန်းလှသော ရဲဘော် ရဲဘက်တယောက်သည် ဤမျှသွေးကြောင် ညံ့ဖျင်းခဲ့ပါသည်ဟု ဝန်ခံနေသောကြောင့် ယူကြုံးမရ ဖြစ်နေကြ၏။

ဘယ်လိုဖြစ်ပြီးရှောင်ခဲ့တာတုံး၊ ဘယ်တိုက်ပွဲတွေမှာရှောင်ခဲ့တာတုံး။

ငဆိုးထက်ခိုင်သည် ကြီးစွာနောင်တရနေဟန် မျက်နှာဖြင့် ဖြည်းညှင်းစွာခေါင်းမော့၏။ ထို့နောက် ဗိုလ်မှူးနှစ်ယောက်ဘက်သို့ မကြည့်ဘဲ ရှေ့တည့်တည့်သို့ ငေးစိုက်ငြိမ်သက်၏။

အရေးတော်ပုံတလျှောက်လုံးပါဘဲဗျာ. . . . . တကယ်တော့ ကျနော်ဟာသွေးကြောင်ပြီး သေရမှာကြောက်နေတာပါဘဲ၊ ကျနော့်ပြောက်ကြားထွေနဲ့ ကျနော်ဟာ ကိုယ်ကနိုင်လောက်မယ့် ပွဲမျိုးကိုမှရွေးတိုက်တယ်၊ ကိုယ်ကမနိုင်လောက်ရင် နဲနဲပါးပါးအနှောက်အယှက်ပေးပြီး၊ ကိုယ့်လူ တွေရော ကိုယ်ရောမသေအောင် ရှောင်ရှောင်ပြေးတာချည်းဘဲ၊ ကိုယ့်ဘက်ကလူတွေ သေကုန် မယ့် တိုက်ပွဲမျိုးဆိုရင် ဘယ်တော့မှ. . . .'

ခင်ဗျားအဘကြီး၊ ခင်ဗျားအဘကြီး တော်တော်သောက်သုံးမကျတဲ့လူ၊ ဒီလူတော်တော် အူတယ်။ စစ်တိုက်ပါတယ်ဆိုမှ ကိုယ့်ကိုယ်ကိုသေအောင်တိုက်တာမှမဟုတ်တဲ။ နိုင်အောင်တိုက် တာဗျ။ ပြောက်ကျားဆိုတာ အပြီးသတ်အနိုင်အရှုံးကို အဆုံးအဖြတ်ပေးနိုင်အောင်တိုက်တဲ့ တိုက်ပွဲမျိုးမဟုတ်ဖူးဆိုတာ ခင်ဗျားဘဲပြောက်ကျားတိုက်နည်းစာအုပ်တွေ ရေးခဲ့တယ်မှတ်လား'

အဲဒါနားမလည်ခင်တုန်းကရေးတာ အဲဒီလိုရေးတာကိုက ကျနော့်မှာ မစွန့်ဝံ့ဘူး။ ကြောက်တဲ့သဘော ပါနေတယ်၊ ပြောက်ကျားဆိုတာဟာ ထောက်ပံ့ရေးတပ်တို့ သယ်ယူပို့ဆောင်ရေးတပ်တို့မရှိတဲ့အတွက် အလွယ်တကူရှောင်နိုင်ရှားနိုင်၊ ဝင်ရောက်တိုက်ခိုက်နိုင်အောင် သုံးယောင်ငါးယောက်ဆယ့်ငါးယောက်ထက်မပိုရဘူး၊ တဘက်တပ်မကြီးတွေရဲ့ လက်နက်ရိက္ခာ စိတ်ဓာတ်တို့ကိုပျက်စီးအောင် ဖျက်ဆီးနှောက်ယှက်ရေးတပ်သက်သက်ဖြစ်တယ်။. . .

အင်မတန်သေချာလောက်တဲ့ အချိန်နဲ့နေရာမျိုးကို တွက်သားမိမှ နိုင်လောက်တယ်လို့ လဲ တိကျသေချာမှ ပြန့်နေတဲ့ပြောက်ကျားတပ်ဖွဲ့တွေအားလုံးကို အချိန်းအချက်ပေးပြီး တဘက် ကတပ်ကြီးထက် ကြီးကျယ်သောတပ်ဖွဲ့ကြီးကို ဖြစ်စေလျက် အပြီးအပိုင်ခြေမှုန်းတိုက်ခိုက်နိုင်ခွင့် ရှိတယ်ဆိုတာတွေဟာ မဟုတ်ဘူး၊ တခုမှမဟုတ်တော့ဘူး၊ အဲဒီစာတွေ ရေးကတည်းက ကျနော် ဟာကြောက်လို့ အဒီအကြံမျိုးလောက်ရတာ. . . .

တကယ်တော့အဲဒီလိုမဟုတ်ဘူး ပြောက်ကျားခေါင်းဆောင်ဆိုတဲ့ လူတွေဟာ အဲဒါတွေ တတ်ရမဲ့အပြင် တကယ့်အရည်အချင်း အဘက်ဘက်ကပြည့်ဝတဲ့လူမျိုးဖြစ်ရမယ်၊ တပ်ခွဲလိုက် တပ်ရင်းလိုက်ကို ရန်သူမသိအောင် တနေရာကတနေရာကို အမြန်ဆုံးရွှေ့ပြောင်းသယ်ဆောင် သွားနိုင်တဲ့အရည်အချင်းရှိရမယ်၊ ရိက္ခာဘယ်လိုရှာပေးပါ၊ တပ်ကိုဘယ်လိုရွှေ့ပေးပါလို့ ကိုယ့်ဘက်က စစ်ဌာနချုပ်ကိုတိတိကျကျ ညွှန်ကြားအကြံဉာဏ်ပေးနိုင်တဲ့ အရည်အချင်းရှိရမယ်၊ ပီးတော့တဘက်က

တပ်တွေရဲ့အချက်အချာတွေကို မမြှော်လင့်ဘဲ တိုက်ပွဲကြီးတွေဆင်ပြီး အပြီး သတ်အောင် ခြေမှုန်းတိုက်ခိုက်၊ နောက်ဒီနေရာက ချက်ခြင်းပျောက်သွား၊ အဲဒီလိုတိုက်နိုင်မှ တကယ့်ပျောက်ကျားဗျ. . . အခုတော့ဗျို့ . . . '

'ခင်ဗျားအဘ၊ ခင်ဗျားအဘ၊ ခင်ဗျားအဘကြီးအဲဒီလိုဖြစ်လိမ့်မယ်၊ အဲဒီလိုဖြစ်ဖို့အတွက် အခုရွှေဝါပြည်ကြီးလွတ်လပ်ရေးရတယ်ထားအုံး၊ အဲဒီလိုလွတ်လပ်ရေးရပြီး အနှစ်နှစ်ဆယ်ကြာ တာတောင် အဲဒီတပ်မျိုးမဖြစ်သေးဘူး၊ လက်နက်ကိုဖန်တီးပေးနိုင်တယ်ထား ရိက္ခာထောက်ပံ့နိုင် တယ်ထား။ သယ်ယူပို့ဆောင်းရေး လိုသလိုလုပ်ပေးနိုင်တယ်ထား၊ ကျုပ်တို့အစိုးရရဲ့ ဗဟိုတပ် မတော်ဌာနချုပ်က အဲဒါတွေ လုပ်ပေးနိုင်တယ်ထား။ ကျုပ်တို့မဖြစ်နိုင်သေးဘူး။ ဒီမှာကိုယ့်လူ အဲဒီတပ်မျိုးတခုဖြစ်ဘို့အတွက် တပ်ထဲမှာ ဦးဆောင်ရမဲ့အကြပ်က ဗိုလ်မှူးအထိစစ်ဗိုလ် စစ်သားတွေ ပြည့်စုံအောင်မွေးယူဘို့ဘယ်လောက်ခဲခဲယဥ်းယဥ်း ရွေးချယ်ရတယ်ဆိုတာ ခင်ဗျား နားမလည်ဘူး၊ သူတို့ကိုရဘို့အတွက် လူနှစ်ဆယ်သုံးဆယ်လောက်မှာမှ တယောက်လောက် ရအောင် အတော်ရွေးထုတ်ယူရတာ၊ ပီးတော့အဲဒီရွေးထုတ်ထားတဲ့ လူတွေရဲ့အသက်ကလဲ ဆယ့်လေးနှစ် ဆယ့်ငါးနှစ်လောက်ရှိတဲ့ လူငယ်ကလေးတွေ နောက်ပီးတော့ သူတို့တပ်ထဲမှာ ဆယ်နှစ်ဆယ့်နှစ်နှစ်လောက် အပြင်းလေ့ကျင့်ပေး၊ ကဲ. . . အဲဒီလိုလုပ်ယူရတဲ့ တပ်ဖွဲ့ကြီးမျိုးကို ခင်ဗျားအဘကြီး ခင်ဗျားဖွဲ့လို့ရလိမ့်မယ်. . . . ဒီမှာကိုယ့်လူ အဲဒါက အခုစစ်ကြီးတွင်းမှာမှ စ,ပေါ် လာတဲ့တပ်မျိုး၊ ကမ္ဘာပေါ်မှာအခုမှ နိုင်ငံကြီးသုံးနိုင်ငံလောက် စမ်းသပ်ဖွဲ့ထားနိုင်သေးတာ သိလား'

ရဲဘော်ငဆိုးထက်ခိုင်သည် ဘာမျှပြန်မပြောသော်လည်း မသိမသာဆောင်းရမ်းနေ၏။ မျက်နှာ၌လည်း မကျေနပ်သော အသွင်အပြင်ပေါ်နေ၏။ ဗိုလ်မှူးထက်မျက်က ရဲဘော် ငဆိုးထက်ခိုင်စိတ်ထိခိုက်နေသည်ကိုသိ၏။

ကဲပါလေ–ဒါတွေလွန်ခဲ့ကြပါပြီ၊ ဒီလိုလွန်လာပြီးခဲ့တဲ့ကိစ္စထဲမှာ ငါမသေရကောင်းလား ဆိုတဲ့ ရှုးကြောင်ကြောင်အတွေးမျိုးလဲ တွေးမနေချင်စမ်းပါနဲ့၊ ခင်ဗျားနားလည်ထားဘို့က စစ်ဆိုတာသေရအောင်တိုက်တာမှတ်ဖူး၊ နိုင်ရအောင်တိုက်တာ ကိုယ့်ကိုယ်ကိုသေချင်ရုံနဲ့တော့ ဒါလောက်အပင်ပန်းခံပြီး စစ်တိုက်နေဘို့မလိုပါဘူး၊ ဒီအတိုင်းသတ်သေပစ်လိုက်လဲရတယ်၊ ဒါဘဲ၊ အဲဒီတော့ ခင်ဗျားရဲ့ အတွေးအခေါ်တွေဟာ နဲနဲကြောင်နေတယ် ဆေးစားအုံး။

သုံးယောက်သားတွေ့သည်နှင့် ထုံးစံအတိုင်း ရဲဘော်ငဆိုးထက်ခိုင်နှင့် ငြင်းကြခုန်ကြ သည်။ ရဲဘော်ငဆိုးထက်ခိုင်ကို မခံချင်အောင်ပြောကြသည်။ ဤသို့လျှင် တော်တော်နှင့်စကား ကောင်းသို့မရောက်ဘဲ ဆူဆူညံဖြစ်နေကြ၏။

ထို့နောက်မှ ယခုမိမိတို့ဆက်လက်လုပ်ကြရမည့် လုပ်ငန်းအကြောင်းကို ဆွေးနွေးကြ သည်။ လူထုကြီးတရပ်လုံးက စစ်ဒဏ်ကိုဆက်လက် မခံနိုင်ကြတော့ဘဲ ငြီးငွေ့လာကြပြီဖြစ်သော ကြောင့် လက်နက်ကိုင်တိုက်ပွဲကို ခေတ္တရပ်ဆိုင်းပြီးလျှင် ရွှေဝါပြည်တခုလုံးကို ပြန်လည်စည်းရုံး ရန်လူထုကို အုံကြွအောင်လှုံ့ဆော်၍ နိုင်ငံခြားသားတို့ဆက်လက်အုပ်ချုပ်မှုကို မကျေနပ်ကြောင်း ဆန္ဒပြသပိတ်မှောက်ရန်

ထိုသို့မရပါမှ မိမိတို့အခြေအနေ မိမိတို့နှင့်တိုက်ပွဲဆင်ရမည့် တဘက် ကရန်သူအခြေအနေ၊ ကမ္ဘာ့အခြေအနေတို့ကို ချင့်ချိန်လျက် လက်နက်ကိုင်စွဲရန် စသည်တို့ကို တိုင်ပင်ကြ၏။

ထိုသို့တိုင်ပင်ကြပြီးနောက် ထုံးစံအတိုင်း ဖောက်လာကြပြန်၏။ ဗိုလ်မှူးလေးလုံးညီက လွတ်လပ်ရေးရပြီးလျှင် ဘာလုပ်မလဲဟုရဲဘော်ငဆိုးထက်ခိုင်ကိုမေး၏။ ယခုတကြိမ်တော့ ရဲဘော် ငဆိုးထက်ခိုင်ကပြန်ဖြေသည်။

ရွှေဝါပြည်ကြီး လွတ်လပ်ရေးရပြီးရင် ကျနော်အရပ်သားလုပ်မယ်။ အခုတာဝန်ရှိရှိနဲ့ ဥက္ကဋ္ဌသိက္ခာကြီးတွေလုပ်နေရသမျှ အဲဟိုအချိန်မှာ ရိုးရိုးရွှေဝါပြည်အရပ်သား အောက်တန်းစား တယောက်လို မူးမယ် ရမ်းမယ် လွတ်လွတ်လပ်လပ်နေမယ်၊ ကိုယ့်ဝမ်းစာ ကိုရှာစားမယ်၊ ကျနော် ဝါသနာပါတဲ့ထမင်းငတ်တတ်တဲ့ ပန်းချီရေးတဲ့အလုပ်တို့ စာရေးတဲ့အလုပ်တို့ လုပ်စားမယ်၊ ခင်ဗျားတို့နဲ့အပေါင်းအသင်းမလုပ်တော့ဘူး’ ကဲ။

အဲဒါလူပေါ်စီမံကိန်းပေါ့ဗျ၊ ခင်ဗျားပြောတဲ့အထဲမှာ. . . . ဘာတိုးတက်မှုပါသလဲ၊ တိုင်းပြည် အတွက် လူမျိုးအတွက်ဘာရှိသလဲ၊ ဟောကျုပ်တို့က သစ်ပင်စိုက်မယ် မွေးမြူရေးလုပ်မယ်၊ အနဲဆုံးဗျာ တောင်ပေါ်သားတွေ၊ ကုန်းမြင့်သားတွေ ရှိရာကိုသွားပြီး သူတို့ကိုဖွံ့ဖြိုးအောင်လုပ် မယ်၊ ဆေးကုပေးမယ်. . . ကဲခင်ဗျားနဲ့မကွာလား။

‘ဟုတ်တာပေါ့ဗျာ ကွာတာပေါ့. . . ခင်ဗျားတို့နှစ်ယောက်က တကယ့်လူတော်တကယ့် မျိုးချစ်ပုဂ္ဂိုလ်ကြီးတွေဘဲ၊ ကျနော်ကသူလိုငါလိုလူမျိုးထဲက လူတယောက်ပဲ။ ကျနော်အဲဒါမျိုးတွေ လုပ်ပေးနိုင်လိမ့်မယ်လို့ ဘယ်တုန်းကမှ ကျနော့်ကိုယ်ကျနော်မထင်ဘူး။

ယခုတချီ၌မခံချင်အောင် စ,လာကြသော ဗိုလ်မှူးနှစ်ယောက်တို့ မခံမရပ်နိုင်ဖြစ်သွားကြ ၏။ ပြန်ချေ၍ မပြီးနိုင်ဘဲရှိသွားကြ၏၊ ဤလိုနှင့်လူချင်းကွဲကြပြန်ကာ မိမိတို့တာဝန်အသီးသီးကို မိမိတို့ဆောင်ရွက်ကြပြန်၏။

စည်းရုံးကြ လှုံ့ဆော်ကြ ဆန္ဒပြကြ ရာဇသံပေးကြ ခြေလွန်လက်လွန်ဖြစ်ကြပြီးသည့် နောက် ရွှေဝါပြည်ကြီးကို တနှစ်အတွင်း လွတ်လပ်ရေးပေးပါတော့မည်ဟု ဘေးကြပ်နံကြပ် ဖြစ်နေရသော ကုလားဖြူတို့က ကတိစာချုပ် ချုပ်ကြရသည်၊ သို့သော် မလျှော့သေးဘဲ နောက်ဆုံးထိုးသော အပြင်းဆုံးလက်သီးချက်အဖြစ်နှင့် ရွှေဝါပြည်သားဦးကောက်ကျစ်ကို ကုလား ဖြူတို့က မြောက်ပေးကြပြန်၏။ ရွှေဝါတပြည်လုံး၏ ကျော်ကြားသော တော်လှန်ရေးခေါင်း ဆောင်တဦးတည်းတန့်ကိုယုဉ်ပြိုင်တိုက်ခိုင်စေပြန်၏။

ဤတွင်ဘေးရန်ထင်ပြင်းသော ရွှေဝါပြည်၏ လွတ်လပ်ရေးတိုက်ပွဲ မှန်တိုင်းကြီးအတွင်း ၌ ရွှေဝါပြည်၏ခေါင်းဆောင်. . . . ဦးတည်တန့်သည် ရွှေဝါပြည်သားဦးကောက်ကျစ်၏ လုပ်ကြံ မှုကိုခံလိုက်ရရှာ၏။

ဤသတင်းကိုကြားသိလိုက်ကြရသော ရွှေဝါပြည်သူ ပြည်သားတို့သည် ဟယ်. . . ဟူသော အသံကိုပြုလျက် သွေးရူးသွေးတန်းတို့ဖြင့် အိမ်ရှေ့လမ်းမသို့ပြေးဆင်းကြ၏။ ထို့နောက် ‘ဒို့ ဘယ်နှယ်လုပ်ကြမလဲ’ ဟူသော မျက်နှာမျိုးဖြင့် အချင်းချင်းစိတ်ထိခိုက်စွာကြည့်ကြ၏။

တိုက်ပွဲ၌အချိန်ပြည့်ပါဝင်နေကြရသော ရွှေဝါပြည်သားတော်လှန်ရေးသမားတို့ကမူ ဝိုင်းလာသည့်မျက်ရေကို ခြောက်ခမ်းစေလျက် တိုက်ပွဲကိုအရှိန်မရှော့စေရန်အတွက် ခေါင်းဆောင်ဦးတည်တန့်၏နေရာ၌ သိက္ခာသမာဓိရှိသော ဦးကံပေးကိုအစားထိုးတင်ကြ၏။

ဤတွင်ရွှေဝါပြည်လူငယ်တော်လှန်ရေးသမားတို့က မကြေမနပ်ဖြစ်ကြသည်။

ရွှေဝါပြည်လူငယ်တော်လှန်ရေးသမားတို့သည် လူငယ်ပီပီ ကလေးအတွေးတွေး၍ ကလေးအမြင်နှင့်ဆုံးဖြတ်၏။ ထိုလူငယ်တို့သည် ပြီးလွန်ခဲ့သောစစ်ကြီးအတွင်းက ဦးကံပေးကို လူပျော့လူညံ့တယောက်အဖြစ်နှင့်သာမြင်ကြ၏။ ယခုလို တိုက်ပွဲမျိုး၌ ဦးကံပေးကိုတင်လိုက်ခြင်း သည် စစ်ဘုရင်ကစားရာ၌ နတ်ရုပ်တရုပ်ထပ်တင်လိုက်ရသကဲ့သို့ ရှိလိမ့်မည်ဟုဆိုကြ၏။

လူကြီးပိုင်းကမူ ယခုလိုနှလုံးရည်ဖြင့် တိုက်နေရသည့်အချိန်မျိုး၌ ဦးကံပေးသည် ဦးတည် တန့်ထက်ပို၍ သင့်လျှော်သေးသည်ဟု ယုံကြည်နေကြ၏။ ယခုဦးကံပေးပြုလုပ်ရမည့် အလုပ်သည် အဆင်သင့်ပုံဆွဲပြီး ပစ္စည်းစုဆောင်းပြီး ဖြတ်တောက်ပြီး စရွေးထွင်းပြီးရှိနေသော အရာဝတ္ထုတို့ကို ပုံတွင်ကြည့်လျက် သူ့နေရာနှင့်သူ တပ်ဆင်၍ လွတ်လပ်ရေး ဗိမာန်ကြီး ဖြစ်ပေါ်လာအောင် စေခိုင်းပေးရုံမျှဖြစ်၏။ ထိုဆောင်ရွက်ချက်မျိုးအတွက် စိတ်မြန်ကိုယ်မြန် ပုဂ္ဂိုလ်တို့ထက် ဦးကံပေးကပိုမိုသင့်တော်သည်ဟု ဆိုကြ၏။

ထိုအဆိုကို လူငယ်ပိုင်းအများစုက လုံးဝမကြိုက်၊ ရွှေဝါပြည်လူငယ်ပိုင်းသည် မိမိတို့ စစ်ဘုရင်ခုံ၌ အရုပ်တခု ပြန်တင်ရမည့်အတွက် နတ်ရုပ်ထက် စစ်ကဲရုပ်ကိုသာ တင်လိုကြ၏။ ထိုသူတို့အထဲတွင် ရဲဘော်ငဆိုးထက်ခိုင်လည်းပါ၏။ အာဘော်အတိုင်းဖော်ပြရသော်. . .

'ဒီ ငထေစ်နဲ့တော့ ရှင်ဖြစ်ဘို့ ခဲယဉ်းလှချည့်. . . တဲ့. . . .'

ဗိုလ်မှူးထက်မျက်က ရဲဘော်ငဆိုးထက်ခိုင်ကို ထောက်ခံပြီး ဗိုလ်မှူးငလုံးညီကမူ ရဲဘော် ငဆိုးထက်ခိုင်တို့နှင့်မတူပေ။

သို့သော် ဗိုလ်မှူးငလုံးညီ၏ တွေးထင်ချက်က ပိုမှန်၏။ ရဲဘော်ငဆိုးထက်ခိုင်တို့သည် ဘယ်လိုမှမမြော်လင့်ယုံကြည်မှုမရှိဘဲ တကယ်လွတ်လပ်ရေးရကြတော့မည်ဟုသိလာကြ၏။ ရွှေဝါပြည်ကြီးကို ရွှေဝါပြည်သားများက လွှဲပြောင်းယူ၍ လွတ်လပ်သောရွှေဝါပြည်အဖြစ် ကမ္ဘာသို့ ကျေညာမည့်အချိန်ပင် သတင်းစာထဲ၌ပါလာ၏။

ရဲဘော်ငဆိုးထက်ခိုင်သည် ရင်တခုံခုံဖြင့်ထိုသတင်းကိုဘတ်နေ၏။ သတင်းစာဘတ်၍ မဆုံးမီ၌ပင် စစ်ဗိုလ်မှူးကြီးများဖြစ်ကြသော ရဲဘော်ငဆိုးထက်ခိုင်၏ မိတ်ဆွေနှစ်ယောက်တို့ ရောက်လာ၏။

သူတို့သည်တယောက်နှင့်တယောက် ပြုံးကနဲစကားမပြောနိုင်ကြဘဲ နှစ်ပေါင်းများစွာ ကွဲကွာနေကြသော ချစ်သူအချင်းချင်း မမြော်လင့်ဘဲတွေ့လိုက်ကြရဘိသို့ တယောက်မျက်နှာ တယောက်ကြည့်လျက် ငေးစိုက်နေကြ၏။ သူတို့၏မျက်နှာသည် ပြုံးနေကြ၏။ သူတို့၏မျက်လုံး သည် အရောင်တောက်လျက် မျက်ရည်များရစ်ဝဲနေကြ၏။ သူတို့၏ရင်တွင်း၌ လှုပ်ရှားနေကြ၏။

အတန်ကြာအောင် ဤသို့ကြက်သေသေသလို ရှိကြရာမှ ရဲဘော်ငဆိုးထက်ခိုင်က ရှေးဦး စွာလှုပ်ရှားလိုက်၏။

'လာဗျာ အထဲဝင်ထိုင်ကြဗျာ၊ ထမင်းကြမ်းနဲ့ပဲပြုတ်လဲရှိတယ် အဆင်သင့်ဘဲ၊ ဟော့ လာဘက်ရည်ကြမ်းယူခဲ့ပါတော့. . .'

ရဲဘော်ငဆိုးထက်ခိုင်က တဘက်သို့လှည့်၍ လှမ်းအော်လိုက်၏။ ဝင်လာသော ဗိုလ်မှူး ထက်မျက်တို့က မထိုင်ကြ၊ နေရာမှမရွေ့ကြ။

‘ကျုပ်တို့ခင်ဗျားလာခေါ်တာ ကားပါလာတယ် လုပ်ဗျာ အကျႌဝတ်’

ရဲဘော်ငဆိုးထက်ခိုင်သည် မည်သို့မျှ မေးမြန်းစစ်ဆေးမနေဘဲ ရှပ်အကျႌဝတ်ရင်းဆင်းလိုက်သွား၏။ သုံးယောက်သားစကားတခွန်းမျှ မပြောကြဘဲ ရွှေဝါပြည်၏ ရန်နိုင်နေပြည်တော် ကြီးမှ လမ်းကြီးလမ်းငယ် အသွယ်သွယ်တို့ကို ဟိုဝင်ဒီထွက် လမ်းစေ့လောက်အောင် လှည့်ပတ် မောင်း၏။

လမ်းတလျှောက်လုံး ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်သက်နေကြ၏။ သုံးယောက်သားလုံးတို့ ၏ရင်သည် ဖော်မပြနိုင်သည့် လှုပ်ရှားမှုမျိုးဖြင့် လှုပ်ရှားနေကြ။ ကားသည်ရန်နိုင်နေပြည်တော်၏ ဆိပ်ကမ်းတနေရာ၌ထိုးဆိုက်ရပ်၏။ သုံးယောက်သားလုံးကားထဲမှ ရှေ့ဆင့်နောက်ဆင့်ထွက်လာ ကြ၏။

ရန်နိုင်နေပြည်တော်၏မြစ်သည် မီးခိုးများ မြူများဖြင့် ရီဝေနေ၏။ မြစ်တွင်းမှလေသည် ကမ်းဆီသို့တဖြူးဖြူးတိုက်ခတ်၏။

‘ကျနော်တို့ ရွှေဝါပြည်ကြီးလွတ်လပ်ပြီနော်. . . . ’

ရဲဘော်ငဆိုးထက်ခိုင်က လှုပ်ရှားသောအသံဖြင့် ချုပ်ချုပ်တီးတီးပြောလိုက်၏၊ ဗိုလ်မှူးထက်မျက်က ‘လေးရက်နေ့မနက်လေးနာရီလောက်မှပါ’ ဟု ဝင်ထောက်၏။ ဗိုလ်မှူးငလုံးညီက ဘာမျှမပြောဘဲ ရဲဘော်ငဆိုးထက်ခိုင်နှင့်ဗိုလ်မှူးထက်မျက်တို့၏ မျက်နှာကိုကြည့်၍နေ၏။ သုံးယောက်သားတို့၏ မျက်လုံး၌ အပြုံးနှင့်အတူ မျက်ရည်များရစ်ဝဲနေကြ၏။ ဝမ်းသာကြည်နူးမှု သည်ရင်ထဲ၌ ဆွေ့ဆွေ့ခုံအောင်လှုပ်ရှားနေကြ၏။

‘အေးဗျာ ကျနော်တို့ရွှေဝါပြည်သားတွေအနေနဲ့ တာဝန်ကျေကြပြီ ဒုက္ခအေးသွားပီ. . . . ’

ရဲဘော်ငဆိုးထက်ခိုင်မျက်လုံးထဲမှ မျက်ရည်ပေါက်တွေလိမ့်ကျလာ၏။ အသံကလည်းဆို့ နစ်သလိုဝင်နေ၏။ ငဆိုးထက်ခိုင်သည် မျက်ရည်ကိုသုတ်လိုက်ပြီးနောက်ပြုံး၏။

‘ကျနော်လဲ နောက်ဆိုယင် ကျနော်မယားသမီးသားစုံနဲ့လွတ်လွတ်လပ်လပ်နေနိုင်ပြီး ဘာတာဝန်မှမရှိတော့ဘူး’

ဗိုလ်မှူးနှစ်ယောက်က ရဲဘော်ငဆိုးထက်ခိုင်ကို ပြုံး၍ကြည့်ကြရင်း မျက်ရည်သုတ်လိုက် ကြ၏။ ထို့နောက်တယောက်ကမြစ်ဘက်သို့ လက်ညွှန်လိုက်သည်။

‘ဟို သင်္ဘောကြီးနဲ့ပြန်မှာဘဲ၊ ကျုပ်တို့ရွှေဝါပြည်မှာ လာစိုက်ထားတဲ့ သူတို့အလံကို အဲဒီ သင်္ဘောကြီးနဲ့ သူတို့တိုင်းပြည်ကို သူတို့ပြန်ယူသွားကြမှာဘဲ. . . . ’

သုံးယောက်သားတို့ သင်္ဘောကြီးကို ငေးမောငြိမ်သက်နေကြ၏။ တက်သစ်စနေလုလင် သည် ထိုသူတို့ကြည့်နေဆဲ၌ပင် မြူမှုံဝေ့ဝေ့အပေါ်မှ သင်္ဘောကြီးကို ရွှေရည်ဖျန်းပေး၏။

ဖိတ်ကျသွားသော ရွှေရသည် သင်္ဘောကြီး၏ဘေးမြစ်ထဲသို့ ကျရောက်ခါ တဖြတ်ဖြတ် လှုပ်ရှားနေကြသည့် လှိုင်းကြက်ခွပ်ကလေးများကို စိန်နားကွပ်ပေးထားလိုက်၏၊

ထိုကြည်မောဘွယ်အလှမှ သုံးယောက်လုံးသတိရလာသည်နှင့် ပင့်သက်ကြီးများ ပြိုင်တူ မှုတ်ထုတ်လိုက်ကြ၏။ လေကလေးတဖြူးဖြူးတွင် ကျွန်းကမ်းနဖူး၌ အသက်ရှူရသည်ပင် ယခုမှ အရသာတမျိုးချည်းလိုဖြစ်နေ၏။

ဒီကနေ့မနက်ခင်ပျားတို့ကို ကျနော်တခုခုကျွေးမလို့၊ ဒါကြောင့်တမင်လိုက်ခေါ်တာ၊ ဟိုရောက်မှ စားရင်းသောက်ရင်း စကားပြောကြပေါ့။

ဗိုလ်မှူးလုံးညီက ကားရှိရာသို့လက်ပြလိုက်၏။ ထို့နောက် ခမ်းနားသော ဆိုင်တခု အတွင်းသို့ရောက်ကြသည်။

လူတွေကြည့်ရသည်မှာ အားလုံးပြုံးရွှင်သစ်လွင်နေကြ၏။ ဈေးရောင်းသူတို့ကိုကြည့်ရသည်မှာလည်း ပျော်စရာကြီးဖြစ်နေ၏။ စားဘွယ်သောက်ဘွယ်တို့ကလည်း အရသာရှိလှပါဘိ တောင်း။ မိမိကိုယ်၌ဝတ်ထားသည့်အဝတ်ပင်လျှင် ယနေ့မှပို၍သက်သက်သာသာ ချောင်ချောင် ချိချိ ရှိနေကြ၏။ လူချင်းတွေ့တိုင်း တယောက်နှင့်တယောက် မခံချင်အောင်ပြောလေ့ စလေ့ရှိကြ သော ထိုသုံးယောက်တို့သည် ထိုနေ့အဘို့ တဦးနှင့်တဦး ရန်စဘို့ပင်သတိမရကြတော့။ သုံးယောက်လုံး ဝမ်းမြောက်မှုဖြင့် မူးယစ်နေကြ၏။ မြို့ဘုရားပွဲသို့ တောရွာမှ တက်လာသည့် သူများပမာ ထိုနေ့တနေ့လုံးအချိန်ကုန်မှ အိမ်ပြန်ရောက်ကြ၏။

ရဲဘော်ငဆိုးထက်ခိုင်သည် ပင့်သက်ကို မှုတ်ထုတ်၏။ ထို့နောက် မိမိတယောက်တည်း ပြုံးနေမိသည်ကိုသတိရ၏။ လွန်ခဲ့သည့်အတိတ်သည် ရဲဘော်ငဆိုးထက်ခိုင်ကို ခဏတာပြုံးစေ နိုင်၏။

မိမိတို့သည် ရွှေဝါပြည်ကြီးကို အများနည်းတူ ကိုယ်တိုင်တိုက်ခိုက်ခဲ့ယုံသာမက ရွှေဝါ ပြည်ကြီး လွတ်လပ်တော့မည်ဟုသိရသောအခါ မျက်ရည်လည်အောင် စိတ်လှုပ်ရှားဝမ်းသာခဲ့ဘူး ၏။ ရင်၌ထိတ်ထိတ်ဖိုလျက် တမျိုးတဖုံချည်းဖြစ်ခဲ့ဘူးပါ၏။ ယခုမိမိတွေ့ကြုံနေကြရသော ရွှေဝါပြည်သူပြည်သားတို့ကား. . .

၅။

နေ့ဆယ်နာရီခန့်ရှိလေပြီ။

ငဆိုးထက်ခိုင်သည် ပန်းချီဆရာ ဦးငထင်မြင့်၏ အိမ်ခန်းကျဉ်းကလေးသို့ နံနက်ရ–နာရီ ခွဲခန့်ကတည်းက ရောက်ရှိစကားပြောနေရာ ယခုအထိ အမြင်မပြတ်ကြသေး။

အမှန်မှာ ငဆိုးထက်ခိုင်က နားထောင်သမား ပန်းချီဆရာ ဦးငထင်မြင့်က အပြောသမား၊

ယခုအချိန်၌ ငဆိုးထက်ခိုင်သည်နံနက်စာ နံနက်၊ ညစာည ရှာဖွေစားသောက်နေရ၏။ မိမိတတ်မြောက်သောပန်းချီဒီဇိုင်းရေးဆွဲရသည့်အလုပ်မျိုးကို ရတာလှည့်၊ မရတာလှည့်ရှာဖွေလုပ် ကိုင်၏။

မာနကြီးသူဖြစ်စေကာမူ အခါပေါင်းများစွာ မိမိနှင့်တိုက်ခဲ့ခိုက်ခဲ့ဘူးသောရဲဘော်ရဲဘက် တို့၏ အတင်းအကြပ်ပေးကမ်းထောက်ပံ့မှုကို လက်ခံလိုက်ရသည့်အကြိမ်များရှိ၏။

စင်စစ်ငဆိုးထက်ခိုင်သည် အခါပေါင်းများစွာ ထမင်းရက်ချန် ရေရက်မှန်နှင့် နေခဲ့သည် ချည်းဖြစ်၏။ မိမိသာလျှင်မဟုတ်မိမိမယား အိုထက်လှကိုလည်း ဤအတိုင်းနေစေ၏။ သမီးငယ် အိုဖြူလွှကိုလည်း ဤအတိုင်းငတ်စေ၏။

ငဆိုးထက်ခိုင်တို့အိမ်သို့ လာရောက်လည်ပတ်ကြသော အသိမိတ်ဆွေတို့သည် ငဆိုးထက်ခိုင်၏ အခြေအနေကို အကဲခတ်မိကြသောအခါ ရှေ့ဦးစွာငဆိုးထက်ခိုင်ကို အလုပ်တခုလုပ်ရန် တိုက်တွန်းကြ၏။ အလုပ်မလုပ်လေကောင်းလားဟု အပြစ်တင်ကြ၏။

ကျနော် အလုပ်လုပ်နေတာဘဲမှတ်လား၊ ကျနော်လုပ်တတ်တဲ့အလုပ်နဲ့ ကျနော်ထမင်း စားဘို့အတွက် နေ့တိုင်းရှာနေတာဘဲ၊ ဒါ့ထက်ဘယ့်နဲ့လုပ်ရအုံးမတုံး။

ငဆိုးထက်ခိုင်၏ပေါင်းဟောင်း သင်းဟောင်းမိတ်ဆွေတို့က ငဆိုးထက်ခိုင်ကို အလွန် ထူးသောထိုင်းသော လူအ,လူအနတယောက်အနေဖြင့် ကြည့်ကြ၏။ အတော်ညံ့သောလူ တယောက်ဟု မှတ်ချက်ချကြ၏။

'ခင်ဗျားတော်တော်ရှော်တဲ့လူဘဲ၊ ခင်ဗျားတို့လက်နက်ကိုင်တိုက်ခိုက်နေကြတုံးက ထမင်း ကလေးလာပို့၊ တောက်တူကလေးနဲ့တဖက်ကမ်းပို့ပေး။ လမ်းကလေးပြပေးလုပ်ခဲ့ဘူးတဲ့သူတွေ တောင် အခုစစ်ဗိုလ်ကြီးတွေဖြစ်နိုင်ပြီး ခင်ဗျားဘာမှ မဖြစ်နိုင်တာတော့ မလုပ်လို့ပေါ့ဗျ။ ကဲပါဗျာ ခင်ဗျားအဲဒါတွေ ဘာလို့မလုပ်တာလဲ. . .

ငဆိုးထက်ခိုင်သည် ဤလိုအပြောမျိုးခံလိုက်ရတိုင်း ရှူးသွားမတတ်ဒေါသတကြီးဖြစ်၏။ ပြောလာသူအား ရိုက်တော့နှက်တော့မည့် မျက်လုံးဖြင့်ကြည့်ခါ ပက်ပက်စက်စက် မောင်းလွှတ် တတ်၏။ ထိုအခါ ပြောမိသူတို့က မည်သို့မျှ မစဉ်းစားတတ်သည့်မျက်နှာမျိုးဖြင့် ပြူးကြောင်စွာ ကြည့်လျက် အဝေးသို့ ထွက်ခွာသွားရသည်ချည်းဖြစ်၏။

ငဆိုးထက်ခိုင်သာလျှင် ဤသို့မဟုတ် ငဆိုးထက်ခိုင်၏သမီးငယ် အိုဖြူလွ,ကလည်း ဤနည်းနှင်နှင်ဖြစ်၏။

ငဆိုးထက်ခိုင်တို့၏အခြေအနေကို သိသောရဲဘော်ရဲဘက်တို့က ငဆိုးထက်ခိုင်ကို ပေးကမ်းထောက်ပံ့လျှင် လက်မခံမည်စိုးသောကြောင့် အိမ်၌သုံးလောက်စွဲလောက်သည့် ငွေတို့ ကို ကလေးငယ်အားမုန့်ဘိုးပေးသည်ပမာ ကလေးငယ်၏လက်ထဲသို့ထည့်ပေး၏။

ဤသို့ပေးမိသည်နှင့် ကလေးငယ်သည် ဒေါသတကြီးအော်ဟစ်၏။ ကြောက်ရွံ့ဘွယ်တခု ကို လက်ထဲသို့ထည့်လိုက်သည်နှယ် ထိတ်လန့်တကြားလွှင့်ပစ်တတ်၏။ မိခင်ရှိရာသို့ ပြေးဝပ် ပုန်းကပ်နေတတ်၏။

အချို့အတွင်းသိဖြစ်ကြသော ရဲဘော်ရဲဘက်တို့ကမူ ငဆိုးထက်ခိုင်၏အိမ်သို့ ခေတ္တ တည်းခိုသကဲ့သို့ ရောက်လာတတ်၏။ ထို့နောက်မိမိအတွက် ငဆိုးထက်ခိုင်တို့အား ဒုက္ခမပေး လိုဟုဆိုကာ ဆန်ဆီငြုပ်ကြက်အန် စသည်တို့ကို တလစာနှစ်လစာခန့်ဝယ်လာတတ်၏။

ထို့နောက် သုံးလေးရက်ခန့် အတူနေထိုင်စားသောက်ပြီးလျှင် အကြောင်းတစုံတခုပြ လျက် အရေးကြီးလေဟန်ဖြင့် ပြန်သွားတတ်၏။

ဤသို့ဖြင့် ငဆိုးထက်ခိုင်သည် အခြားရွှေဝါပြည်သားများနှင့် မတူသောအတွေးအခေါ် အနေအထိုင်တို့ဖြင့် ဆင်းရဲငြိုငြင်စွာနေ၏။

ယနေ့နံနက်လည်း ငဆိုးထက်ခိုင်သည် မိမိရပေါက်ရလမ်းရှိသည့် အလုပ်ဌာနများသို့ ငွေကျေးရှာရန် ထွက်ခဲ့၏။

အိမ်၌ ငဆိုးထက်ခိုင်ပြန်မှ ထမင်းချက်ရမည်ဖြစ်သည်။ နေသားကျလျက်ရှိသော ငဆိုး ထက်ခိုင်၏မယား 'အိုထက်လှ'သည် ငဆိုးထက်ခိုင်ပြန်ချိန်၌ မပြန်လျှင် မည်သည့်အခါမျှ မျှော်လေ့မရှိ အကြောင်းမညီညွတ်၍ ပြန်မလာခြင်းဖြစ်သည်ဟုသိ၏။

ထိုအခါ ကလေးငယ်နှင့်အတူ ရေနွေးကြိုသောက်ခြင်း၊ ကလေးငယ်ဆာလောင်သည်ကို မေ့ပျောက်စေရန် အတူကစားခြင်း၊ ပုံပြောပြခြင်းစသောနည်းအမျိုးမျိုးပြုလုပ်၍ နောက်ဆုံးတွင် ကလေးငယ်အားအိပ်နေစေ၏။

ထမင်းဆာလျှင် များများအိပ်ပေးက ထမင်းဆာမှန်းမသိဟူသေ သင်ခန်းစာကို ကိုယ်တွေ့သိနေ၏။ ဆန်ပေါသောရွှေဝါပြည်၌ စစ်ကြီးအပြီးလွတ်လပ်ရေးအရတွင် ငဆိုးထက်ခိုင်တို့ လင်မယားသားသမီးစုသည် ဤအတိုင်း ထမင်းမဝသောသူများဖြစ်နေကြ၏။

ယခုလည်း နံနက်ကတည်းကထွက်လာသော ငဆိုးထက်ခိုင်သည် နံနက်စာဘိုးရနိုင်ရန် အတွက် ရှာဖွေ၍မရသောအခါ မိမိဘာလုပ်ရပါမည်နည်းဟု ခေါင်းပူအောင်စဉ်းစား၏။ မည်သို့မျှ ရရာရလမ်းမမြင်သောအခါ ထိုအဖြစ်ဆိုးကိုမေ့ဖျောက်ရန် ပန်းချီဆရာဦးထင်မြင့်အိမ် သို့ဝင်၍ စကားပြော၏။ ဦးထင်မြင့်ပြောပြသော ပန်းချီနှင့်ပတ်သက်သည့် ပညာရပ်များ အကြောင်းကို နားထောင်၏။

ဤသို့နားထောင်နေခြင်းဖြင့် ငဆိုးထက်ခိုင်အဘို့ မိမိလုပ်ကိုင်စားသောက်နေရသော ပန်းချီပညာရပ်အတွက် အသိတရားလည်းတိုး၏။ အိမ်၌ကျန်ရစ်ကြသော မယား အိုထက်လှနှင့် သမီးတို့ ဆာဆာလောင်လောင် စောင့်မျှော်နေကြမည့် အကြောင်းကိုလည်းတွေးတောရန် အချိန် မရသောကြောင့် စိတ်ချမ်းသာ၏။ ငဆိုးထက်ခိုင်သည်ဘယ်ကမှ ရပေါက်ရလမ်းမမြင်တိုင်း ဤလို အချိန်ဖြုန်းတတ်၏။

ဤသို့အချိန်ဖြုန်းပြီးနောက် လူရောစိတ်ပါအနားရပြီးသောအခါ ငဆိုးထက်ခိုင်သည် နောက်တစ်ကြိမ် အကြံအစည်အသစ်ထုတ်၍ ထွက်ပြန်၏။ ရှာဖွေပြန်၏။ အနည်းဆုံး အခြားသောပန်းချီဖြင့် အသက်မွေးဝမ်းကြောင်းပြုသည့် ဆိုင်များသို့လှည့်လည်လျက် နေ့စားဖြစ်စေ ပုတ်ပြတ်ဖြစ်စေ အလုပ်လုပ်၏။

ထိုသို့အလုပ်လုပ်သဖြင့်ရလာသော လုပ်ခသည်မလုံမလောက်ရှိနေသည့်အခါ မိမိဘာမျှ မစားဘဲ မယားနှင့်သမီးစားသောက်ရန် ထမင်းကျော်ထုပ်စသည်တို့ကို ဝယ်လာကျွေး၏။

မိမိမူကား ဆာသဖြင့်စားကောက်ခဲ့သည်၊ သို့မဟုတ်အခြားသူက ကျွေးမွေးသောကြောင့် စားလာခဲ့ရသည် စသည်ဖြင့် ပြောလျက် အငတ်ခံနေတတ်၏။

ဤသို့ပြဖန်များသောအခါ ငဆိုးထက်ခိုင်၏မယားက မိမိလင် ငဆိုးထက်ခိုင်သည် ပန်းချီ ဆရာ ဦးထင်မြင့်တို့အိမ်၌ အချိန်ဖြုန်းတတ်ကြောင်းကိုလည်းသိ၏။ အခါပေါင်းများစွာ အငတ် ခံနေတတ်ကြောင်းကိုလည်းသိ၏။ ထို့ကြောင့်မိမိကိုယ်တိုင်တဘက်တလမ်းမှ အရောင်းအဝယ် ပြုလုပ်ရန် ငွေကြေးစုဆောင်း၏။

ဤသို့ငွေကြေးအရင်းအနှီးစုဆောင်းတိုင်း အိုထက်လှနှင့် ငဆိုးထက်ခိုင်တို့စကားများရ သည်ချည်းဖြစ်၏။ ငဆိုးထက်ခိုင်ကား အရင်းအနှီးစုဆောင်းခြင်းကိုမကြိုက်။

ငဆိုးထက်ခိုင်မကြိုက်သည့်အတိုင်း အိုထက်လှအဘို့လည်း အရင်းအနှီးစုဆောင်း၍ရသည်မရှိ၊ အကြောင်းမှုအရင်းပြုလုပ်ရန် မလုံလောက်မှီပင် ဝင်ငွေမရှိသည့်နေ့ရက်တို့နှင့်ကြုံကြိုက်ခါ သုံးစွဲပစ်လိုက်ရသည်ချည်းဖြစ်၏။ ယနေ့အဘို့ကားထိုသို့သုံးစွဲရန်ပင်မရှိတော့ပေ။

ငဆိုးထက်ခိုင်သည် ပန်းချီဆရာဦးထင်မြင့်၏ စကားစပြတ်သွားသည်နှင့် မိမိထွက်သွား ရန် သင့်လျှော်လေပြီလားဟု ခါးဆန့်လိုက်၏။

ထိုအတွင်း အိမ်ရှေ့၌ ကားတစီး ဆိုက်လာလျက် ကားပေါ်မှ မယားအိုထက်လှဆင်းလာ၏။

ငဆိုးထက်ခိုင်တို့လက်နက်ကိုင် လှည့်လည်ကျက်စားခဲ့သောနယ်မှဖြစ်လျက် ငဆိုးထက်ခိုင်ကို အလွန်တွေ့လိုသည်ဆိုသော သူက ယခုလိုက်ရှာပေးပါရန် ပြောနေသဖြင့် လိုက်ရှာပေးသည်ဟုပြော၏။

ထိုစဉ် ကားပေါ်မှဆင်းလာသူနှစ်ယောက်ကို တွေ့ရ၏။ တယောက်ကား ငဆိုးထက်ခိုင် တို့လူစုကို အမြဲတန်း ကျွေးမွေးပြုစုခဲ့ဘူးသည့် စေတနာရှင် အဖွားကြီးဖြစ်၏။ တယောက်ကား ငဆိုးထက်ခိုင်၏စစ်ရဲဘော်ဟောင်း ကျေးရွာတာဝန်ခံ တဦးဖြစ်၏။

သမန်းတက်နေသော ခြေထောက်ဖြင့် အလွန်လမ်းသွားမြန်လျက် ကျွဲပခုံးထသောလက် ကြီးဖြင့် အလွန်လှေလှော်ကောင်းသူဖြစ်သော ကျေးရွာတာဝန်ခံ ပြည်သူ့စစ်ရဲဘော်ကြီးသည် ယခုမော်တော်ကားကို ကိုယ်တိုင်မောင်း၍လာ၏။

'ဟား. . . အာစရိ ကျနော်တို့ဖြင့် တွေ့မှတွေ့ပါ့မလားလို့'

လူပုံပါတသွေးတမွေး ဖြစ်လာသော ရဲဘော်ကြီးသည် စကားအသုံးအနှုံးပါတမျိုးတမည် ဖြစ်လာ၏။

ငဆိုးထက်ခိုင်သည် ထိုလူကြီး၏ဂျပိုးဆန်ဆန် တောသားလူလယ်ဆန်ဆန် ပြောလိုက်သောအသုံးအနှုန်းကိုသိပ်မကြိုက်လှ။

သို့သော် အဖွားကြီး၏ ယခင်အချိုးအစားအတိုင်း ပျော့ညက်ပြုံးချိုသော မျက်နှာကို မြင်ရသည့်အတွက်ဘောက်ပြောမည့် စကားလုံးများ တန့်ရပ်သွား၏။ အဖွားကြီးသည် ငဆိုးထက်ခိုင်၏အနီးသို့ရောက်လာ၏။

'ငါ့မောင် နဲနဲပိန်သွားတယ်နော် လူကတော့အရင်ပုံပန်းမပျက်ဘူး အမဖြင့်အဲဒီလိုတွေ့ရ တာ ဝမ်းသာလိုက်တာ. . . .

အဖွားကြီးသည် မည်သည့်ရဲဘော်ကိုမဆို အလွန်ကြင်နာယုယသောလေသံဖြင့် ယခင်ကတည်းက ဤအတိုင်းပြောတတ်၏။ ထမင်းပွဲရှေ့ရောက် ကျွေးမွေးတတ်၏၊ ရဲဘော်ရဲဘက်များအပေါ်၌ ဆွေမျိုးရင်းချာကဲ့သို့ အလွန်စေတနာသဒ္ဓါတရားရှိသော အဖွားကြီးဖြစ်၏။

ယခု ရဲဘော်ရဲဘက်ဟောင်းများက အလွန်တွေ့ချင်ရှာကြသဖြင့် အိမ်မှစောင့်နေကြသည် ဟု အဖွားကြီးကဆို၏။ ငဆိုးထက်ခိုင်အိမ်သို့ပြန်ရောက်သောအခါ အဖွားကြီးပြောသည့်အတိုင်း စောင့်နေကြသည့် ရဲဘော်ရဲဘက်တွေကို အိမ်ကလေးနှင့်တလုံးအပြည့်တွေ့၏။ တောသား လယ်သမားများတောမြို့ကလေးပေါ်မှ ကျောင်းသားများ ဈေးသယ်များစသည်တို့ဖြစ်ကြ၏။ သို့သော် ထိုသူတို့သည် ယခင်ပုံဟန်မျိုး ယခင်ဝတ်စားဆင်ယင်ထုံးမျိုး မရှိကြတော့။

ငဆိုးထက်ခိုင်အိမ်ပေါ်သို့ တက်လာသည်နှင့် ထိုသူတို့ကအလွန်အံ့သြစွာ အံ့အားသင့် ကြည့်ကြ၏။ ငဆိုးထက်ခိုင်က ထိုသူတို့ကိုမြင်သည်နှင့် အထင်သေးစွာ တအံ့တသြကြည့်၏။ ယခင်ကကဲ့သို့ ရင်းနှီးခင်မင်စိတ် ဖက်လှဲတကင် ပြုချင်စိတ်ပေါ်မလာတော့။

မမြင်မတွေ့မီက တွေ့ချင်ကြပါသည်ဆိုသော သူများသည် ငဆိုးထက်ခိုင်ကို စကားမပြော နှုတ်မဆက်ဘဲ ငေးနေကြ၏။ ငဆိုးထက်ခိုင်ကလည်း ယခုမှတွေ့ဘူးမြင်ဘူးသော သူစိမ်းတို့ကဲ့သို့ ထိုသူတို့၏ရှေ့၌ခပ်စိမ်းစိမ်း ခပ်ကုပ်ကုပ် ညှော်ခံရန်ဝင်လာထိုင်၏။

မော်တော်ကားနှင့် လက်ပွေ့သားရေအိတ်ကြီးနှင့် ငဆိုးထက်ခိုင်ကို လိုက်ခေါ်သည့်လူက အလွန်ရင်းနှီးသည့်ဟန်အမူအရာမျိုးဖြင့် ငဆိုးထက်ခိုင်၏ဘေးတွင် လက်ပွေ့သားရေအိတ်ကြီးကို ပစ်ချလိုက်၏။ ထို့နောက် အနည်းငယ်ပူလာသည်ဗိုက်လာကို အနိုင်နိုင်သယ်နေရဟန်ဖြင့် ခပ်အိအိထိုင်ပြီးနောက် ရွှေသွားတွေပေါ်အောင် ပါးစပ်ကိုဖြီးလိုက်၏။

'အာစရိ ဒီရဲဘော်တွေတော့သိမှာပေါ့ အရင်အာစရိတာဝန်ယူရတဲကနယ်က ရဲဘော်တွေ ဘဲ. . .'

ဤသူသည် ငဆိုးထက်ခိုင်ကို အာစရိ–အာစရိဟု ခေါ်ခေါ်နေ၏။

ငဆိုးထက်ခိုင်က ထိုအသုံးအနှုံးကို အတော်ချဉ်နေ၏။

ထိုအသုံးအနှုံးကိုသုံးသူများသည် ယခုအချိန်၌ မိမိကိုယ်တွင်စီးပွားဥစ္စာနှင့်တကွ လုပ်ငန်း ကိုင်ငန်း အခွင့်အရေးသာလာပြီဖြစ်သောကြောင့် တချိန်ကမိမိတို့ လေးလေးစားစားဆက်ဆံခဲ့ ရသော သူအားအထင်သေးလာသဖြင့် သို့မဟုတ် မိမိနှင့်တန်းတူပြုလုပ်လိုသဖြင့်

ယခင်အတိုင်းလေးစားနေသေးယောင်ယောင်လည်း ဖြစ်နိုင်သော အရင်ကတော့ ဆရာ ဖြစ်ခဲ့ဘူးတာပေါ့ကွာ ဒါပေမဲ့အခု–ဟူသည့် သရော်လှောင်ပြောင်နေဟန် အဓိပ္ပာယ်မျိုးလည်း ရသော အသုံးအနှုံးဖြစ်၏။

ငဆိုးထက်ခိုင်သည် အရိုအသေခံရခြင်းကိုမူ ကြိုက်သော်လည်း ဤကဲ့သို့ပြုမူပြောဆို ဆက်ဆံခြင်းကိုမူ စော်ကားသည်၊ ဂျပိုးဆန်သော သစ္စာမဲ့သောအပြုအမူမျိုး ပြုသည်ဟု ထင်၏။ ထို့ကြောင့်ထိုသူ၏မျက်နှာကို တချက်စိုက်ကြည့်လိုက်သည်၊

'ကျနော်သိပါတယ်. . .'

'အား. . . ကျနော်က အာစရိမမှတ်များ မမှတ်မိဘူးလားလို့၊ ဒီရဲဘော်တွေကတော့ အာစရိ အကြောင်းအားချည်းပြော အာစရိကိုအားချည်းကြည့်သို့. . . .'

ငဆိုးထက်ခိုင်သည် ထိုသူ၏မျက်နှာကို အလွန်တည်တန့်သော မျက်လုံးဖြင့် အတန်ကြာ အောင် ငြိမ်သက်ကြည့်၏၊

'ခင်ဗျား ကျနော်နဲ့ဘယ်တုန်းကသိလဲ. . . . .'

ထိုသူသည် ရုတ်တရက်ကြောင်လျှက် မျက်နှာပျက်သွား၏။ ထို့နောက် အရောဝင်ဟန် ဖြင့်သွားဖြီးပြလိုက်လေသည်။

'ဟား. . . . အာစရိ ကျနော့်ကိုမမှတ်မိဘူးထင်တယ် ကျနော် ရွာသာယာကလေ. . . .'

'ကျနော် မှတ်မိပါတယ် ခင်ဗျားပြည်သူ့စစ်ခေါင်းဆောင် ကိုငကုံးကွမှတ်လား၊ ရဲဘော်တွေရှင်းရဲ့ လက်အောက်က တပ်ဖွဲ့ထဲမှာဟုတ်တယ်မှတ်လား ခင်ဗျားကျနော်နဲ့ ဘယ်နှစ်ခါ စကားပြောဘူးသလဲ. . .'

ကိုငကုံးကွ၏ သွားဖြီးနေသော ပါးစပ်သည် တဖြည်းဖြည်း ပွင့်ဟလာရာမှ ဝိုင်း၍သွား၏။ ထို့နောက်ပိတ်သွား၏၊ ကိုငကုံးကွ၏မျက်နှာမှာ သိသိသာသာကြီးပျက်လျက် မျက်လုံးပြူးကြောင် ကြောင်ဖြစ်လာ၏။ ကိုငကုံးကွသာလျှင်မဟုတ် အနီး၌ရှိနေသူအားလုံးတို့ပါ အံ့အားသင့် နေကြ၏။ ကိုငကုံးကွက အိန္ဒြေဆည်လိုက်သည်၊

'အရင်က စကားပြောဘူးပေမဲ့ ကျနော်အာစရိကို အရင်ထဲက ဝမ်းထဲက ရင်းနှီးနေတာ၊ အာစရိကိုကြည်ညိုတဲ့လူတွေထဲမှာ ကျနော်ပါပါတယ်. . . .'

'ခင်ဗျားက ရင်းနှီးပေမဲ့ ကျနော်မရင်းနှီးဘူး၊ ခင်ဗျားကြည်ညိုရအောင် ကျနော်ဘုန်းကြီး မဟုတ်ဘူး၊ ခင်ဗျားကြည်ညိုတာလဲမခံချင်ဘူး၊ ခင်ဗျားကိုလဲသဘောမကျဘူး၊ ခင်ဗျားအခု ဒီအိမ်ပေါ်ကပြန်ရင်ကောင်းမယ်. . .'

မျက်လုံးအားလုံးတို့သည် ငဆိုးထက်ခိုင်၏မျက်နှာမှ ကိုငကုံးကွ၏မျက်နှာပေါ်သို့ ရောက်သွားကြ၏၊

'ဟဲ့. . . . ဘယ်နဲ့ပြောလိုက်တာလဲမောင်လေးရယ်၊ မောင်ထက်ခိုင်ယ် သူလဲမောင်လေး ရဲဘော်ထဲက မှတ်လားဟယ် ဘယ်လိုဖြစ်ရတာတုံး'

'ကျနော် အင်မတန်ကြည်ညိုခဲ့တာပါဗျာ၊ ကျနော်အာစရိကို ဘာလုပ်မိလို့တုံး၊ ကျနော့်မှာ ဘာအပြစ်ရှိလို့တုံး၊ အပြစ်ရှိလဲ အာစရိဆုံးမယင် ခံမဲ့လူပါ'

'ခင်ဗျားမှာဘာအပြစ်မှမရှိဘူး၊ ခင်ဗျားကိုလဲကျနော်ဆုံးမဘို့မလိုဘူး၊ ခင်ဗျားဒီအိမ်ပေါ်ကအခုဆင်းသွားဘို့ဘဲ လိုတယ်အဲဒါဘဲ'

ငဆိုးထက်ခိုင်၏ မျက်လုံးသည် ကိုငကုံးကွ၏မျက်နှာပေါ်မှ မခွာဘဲစိမ်းစိမ်းချည်း ကြည့်နေ၏။ ကိုငကုံးကွသည် ငဆိုးထက်ခိုင်၏ မျက်နှာကိုပြန်ကြည့်၏၊ ထို့နောက်အတူလာသော အဖော်များ၏မျက်နှာကိုကြည့်၏။ ထို့နောက်လက်ဖွဲ့သားရေအိတ်ကြီးကိုဆွဲယူလျက် နေရာမှဖြည်းညှည်းစွာထ၏။ တအိမ်လုံးတိတ်ဆိတ်လျက်ရှိနေ၏။ ကိုငကုံးကွနင်းသွားသော ကြောင့် ဝါးကြမ်းပြင်မှတကျွိကျွိ မြည်သည့်အသံသည် ကျယ်ကျယ်လောင်လောင်ပေါ်လာ၏။

ငဆိုးထက်ခိုင်သည် ကိုငကုံးကွ၏မော်တော်ကား ထွက်သွားသည်အထိ မျက်တောင် မခတ်ကြည့်နေ၏။

ငဆိုးထက်ခိုင်၏မျက်နှာပြန်လှည့်လာသောအခါ ဧည့်သည်များ၏မျက်လုံးများသည် ငဆိုးထက်ခိုင်၏မျက်နှာပေါ်သို့ ရောက်နေကြ၏။

'ဘယ်လိုဖြစ်တာလဲ ငါ့မောင်ရယ် အမဖြင့်စိတ်တောင်မကောင်းဘူး၊ အားနာစရာချည်း၊ သူ့ခမြာငါ့မောင်ကိုခင်ရှာပါတယ်ကွဲ့'

ငဆိုးထက်ခိုင်ကား ဘာမျှမပြော မျက်လွှာချလျက် ငုတ်တုတ်ငြိမ်နေ၏။ ထို့နောက် စကားပြတ်သွားကြသည်၊

စကားဆက်ကြသည်နှင့် အဖွားကြီးသည် ငဆိုးထက်ခိုင်ကို ဘယ်တော့အလုပ်ဝင်မလဲ၊ စစ်ဘက်ဝင်မလား အုပ်ချုပ်ရေးဘက်ဝင်မလား နိုင်ငံရေးထဲဝင်မလားဘယ်ဘက်မှာ စိတ်ကူးထား တုံးဟုမေး၏။

ငဆိုးထက်ခိုင်က ကျနော်ဘယ်ဘက်မှစိတ်မကူးပါဘူးဟု ဖြေ၏။

'ငါ့မောင်ရယ် ဘယ်ဒီလိုနေလို့ ချည်းဖြစ်မလဲကွဲ့၊ အလုပ်ကလေးတခုခုတော့ လုပ်အုံးမှပေါ့'

'ကျနော် အလုပ်လုပ်နေသားဘဲ'

'ငါ့မောင်အလုပ်က ဘာအလုပ်တုံး'

'ကျနော် လက်ခစားပုံတွေဘာတွဆွဲတယ်၊ ကြော်ငြာတွေဘာတွေရေးတယ်'

အဖွားကြီးနှင့်ဧည့်သည်တို့သည် ငဆိုးထက်ခိုင်ကို တအံ့တသြကြည့်နေကြ၏။

'နေပါဦး. . . ငါ့မောင်က၊ ဗိုလ်ချုပ်သန်မာတို့၊ ဗိုလ်မှူးလေးလုံးညီတို့၊ ဗိုလ်မှူးထက်မြက်တို့၊ ဦးငပြည့်ဝတို့ ဦးကံပေးတို့ ဒီလိုလူတွေနဲ့မတွေ့ဘူးလား. . . . '

'တွေ့သားဘဲ. . . '

'ဒီလိုတွေ့နေရက်သားနဲ့ ဖြစ်မှဖြစ်ရလေငါ့မောင်ရယ်၊ ဒီလူတွေနဲ့ငါ့မောင်နဲ့အတူတူ လုပ်ဖေါ်လုပ်ဘက်တွေမှတ်လားကွယ် ဘာပြုလို့ သူတို့နဲ့အတူအလုပ်မလုပ်တာတုံး. . . '

'ကျနော် မလုပ်ချင်လို့. . . '

အဖွားကြီးသည် ငဆိုးထက်ခိုင်ကိုစိတ်မနှံ့ပါလေရဲ့လားဟု မျက်တောင်မခတ်ဘဲကြည့်၏။ အဖွားကြီးပြောသောပုဂ္ဂိုလ်တို့ကား ရွှေဝါပြည်ကြီး၏အုပ်ချုပ်ရေးဘက်နှင့် စစ်ဘက်တို့မှ ထိပ်သီး ပုဂ္ဂိုလ်တွေဖြစ်၏။ ထိုပုဂ္ဂိုလ်တွေနှင့်အတူ လုပ်ဖေါ်လုပ်ဘက် တိုက်ဖေါ်တိုက်ဘက်ဖြစ်သော ငဆိုးထက်ခိုင်သည် ဘာ့ကြောင့် ယခုကဲ့သို့ဖြစ်နေရပါသလဲဟုတွေး၏။

ဤအတွေးမျိုးကို အဖွားကြီးသာလျှင်မဟုတ်၊ ရွှေဝါပြည်တပြည်လုံးက တွေးကြ၏။ ရွှေဝါပြည်အတွက် မိမိတို့တစုံတခုဆောင်ရွက်ခဲ့ကြလျှင် ထိုဆောင်ရွက်ခဲ့ဘူးသည့် ဖြစ်ရပ်များ အလိုက် ယခုအချိန်မျိုးတွင် အကျိုးခံစားခွင့်ရှိသင့်ကြသည်ဟု ယုံကြည်ကြ၏။ တွေးကြ၏။

ငဆိုးထက်ခိုင်ကား ဤသို့တွေးလာပြောလာသူတို့အား ရွံမုန်း၏။ ယခင်ကမိမိတို့ကို တူရင်းသားရင်းသဖွယ် အနွံအနာခံလျက် ကျွေးမွေးလာခဲ့သော ယခုအဖွားကြီးကိုလည်း ရွံ့မုန်း လာ၏။ သို့သော် ငဆိုးထက်ခိုင်သည် အဖွားကြီးကို တတ်နိုင်သမျှသီးခံ၍ စိတ်ရှည်ရှည်စကား ပြောပါသေးသည်။

စကားပြောရင်းပြောရင်း အဖွားကြီးနှင့်တကွ ငဆိုးထက်ခိုင်ကိုချစ်ပါသည် ခင်ပါသည် ကြည်ညိုပါသည်ဟုဆို၍ရောက်လာကြသော သူတို့၏အကြောင်းရင်းကိုသိရ၏။

ကိုယ်ပိုင်ကားဖြင့် ထွက်ခွာသွားသော လယ်သမားကြီးကိုငကုံးကွသည် ရန်နိုင်နေပြည် တော်၌ သွင်းကုန်လိုင်စင်ရောင်းသော တိုက်တတိုက်ရှိသည်။

ကိုငကုံးကွသည် မိမိတို့နေသောတောရွာမှ မြို့ကလေးဖေါ်သို့တက်နေ၍ လက်နက်ကိုင် ကာကွယ်ရေး တပ်ဖွဲ့ကိုလည်းဦးဆောင်၏။ ရွှေဝါပြည်တောင်သူလယ်သမားအစည်းအရုံးကြီး၏ အမှုဆောင်လည်းဖြစ်၏။

ယခုငဆိုးထက်ခိုင်၏အိမ်ပေါ်တွင် ကျန်ရှိနေကြသော အားလုံးတို့သည်လည်း မြို့နယ် အရပ်ရပ် ကျေးရွာအသီးသီးတို့၌ အလုပ်သမားခေါင်းဆောင် လယ်သမား ခေါင်းဆောင်အဖြစ် တာဝန်ထမ်းဆောင်နေကြသော သူတို့ချည်းဖြစ်၏။

ထိုသူတို့သည် ယခင်အခါက အလုပ်သမားကြီးများအစစ်ဖြစ်ကြလျက် အလုပ်နှင့်လက် နှင့်မပြတ်အောင်အချိန်ပြည့်အလုပ်လုပ်နေကြသူချည်းဖြစ်၏။ သို့သော်

ယခုအလုပ်သမားခေါင်း ဆောင် လယ်သမားခေါင်းဆောင်ဖြစ်လာကြသည်နှင့် အလုပ်လည်းမလုပ်၊ လယ်လည်းမလုပ်ကြ တော့ချေ။

ထို့ပြင် ထိုသူတို့သည်ရွှေဝါပြည်အာဏာရအစိုးရက တည်ထောင်ထားသည့် အနိုင်ကျင့် စနစ်တိုက်ဖျက်ရေးနှင့် ရွှေဝါပြည်လွတ်လပ်ရေးအဖွဲ့ချုပ်ကြီးဖြစ်သော အတရလဖအဖွဲ့ကြီးမှ နယ်ခေါင်းဆောင်တွေလည်း ဖြစ်ကြ၏။

ထိုသူတို့အထဲ၌ မြို့ကလေးဟိုမှ ကုန်စုံဆိုင်ရှင်တဦး၏သားနှင့် မင်းစေကြီးတဦး၏ သားသည် မြို့နယ်အတ ရလဖ အဖွဲ့၏ဥက္ကဋ္ဌများဖြစ်ကြလျက် ထိုမြို့နယ်မှ ရွေးကောက်တင် မြောက်ခြင်းခံရသော အမတ်များလည်း ဖြစ်ကြ၏။

ဤဘာအစည်းရုံးရေးမှလည်း နားမလည် ဘာအုပ်ချုပ်ရေးပညာမျှကိုလည်း မလေ့လာ ဘူးကြသူတို့သည် အတ ရလဖအဖွဲ့ကြီး၏ ခေါင်းဆောင်များ အမတ်များဖြစ်နေကြသည်ကို တွေ့ရသောအခါ လွတ်လပ်ရေးရပြီးစဖြစ်သော ရွှေဝါပြည်ကြီးသည် ပျက်စီးရှာပေတော့မည်ဟု ငဆိုးထက်ခိုင်ကစိုးရိမ်လာ၏။

ယခုလည်း သူတို့ငဆိုးထက်ခိုင်ဆီသို့ ရောက်ရှိလာကြခြင်းမှာ နိုင်ငံခြားတိုင်းပြည်ကြီး များကို 'ဆန်' ရောင်းလိုကြသောကြောင့်ဖြစ်၏။

မိမိတို့သည် ရွှေဝါပြည်လွတ်မြောက်ရေးအတွက် ကျိုးပမ်းကြရာတွင် ပါဝင်သူများဖြစ် ကြောင်းကို ငဆိုးထက်ခိုင်ကထောက်ခံပေးလျက် အစိုးရဂိုဒေါင်များမှ မရောင်းဘဲရှိနေကြသည့် ဆန်များကိုလည်း ရွှေဝါပြည်ကြီးဝင်ငွေရရှိရန် ရောင်းချပေးမည်ဖြစ်ကြောင်း ထို့ကြောင့်အစိုးရ ဆန်ဂိုဒေါင်မှ ဆန်များကိုမိမိတို့ဝယ်လိုကြောင်း ထိုသို့ဝယ်ယူရေးတွင် ရွှေဝါပြည်အစိုးရက စိတ်ချယုံကြည်စွာ ရောင်းသင့်သူများဖြစ်ကြောင်းကို လိုက်ပါပြောဆိုပေးရန် ဖြစ်၏။

ရွှေဝါပြည်ကြီး၏ အစိုးရဆန်ရောင်းဝယ်ရေး ဌာနတွင် အထက်မှနေ၍ ဆန်များကို ရောင်းစေ၊ ဝယ်စေ၊ အမိန့်ပေးနိုင်သူသည် ငဆိုးထက်ခိုင်နှင့် တိုက်ဖေါ်တိုက်ဖက် ငဆိုးထက်ခိုင် ကို လေးစားသူဖြစ်ကြောင်း အဖွားကြီးကသိ၏။

ထို့ကြောင့် ဤလုပ်ငန်းကိုလိုက်ပြောပေးပါရန် ငဆိုးထက်ခိုင်ဆီသို့ အရေးတကြီး ရောက်လာကြခြင်းဖြစ်၏။

ဤသို့လိုက်ပြောပေး၍ ဆန်များရောင်းရလျှင် ၎င်းတို့သည် ဆန်အချိန်တတန်အတွက် အမြတ်ငွေရှစ်ကျပ် ရမည်ဖြစ်သောကြောင့် ဆန်တန်ချိန်ဆယ်သန်းရောင်းရမည်ဖြစ်သဖြင့် ငဆိုးထက်ခိုင်ကို ဆန်အချိန်တတန်လျှင် ငွေနှစ်ကျပ်နှုန်းဝေစုပေးမည်ဖြစ်ကြောင်းပြော၏။

အစအဆုံး နားထောင်ပြီးသည့်အချိန်၌ အဖွားကြီးနှင့်တကွ လာပြောသူတို့၏မျက်နှာကို ငဆိုးထက်ခိုင်သည် တယောက်စီလှည့်ပတ်ကြည့်သည်၊

ဘယ်တိုင်းပြည်က ဝယ်မှာလဲ။

အဖွားကြီးနှင့်တကွအဖေါ်များက ဝမ်းသာအားရပြောကြ၏။ မိမိတို့နှင့်ဆက်သွယ်သော ကုမ္ပဏီ၊ သံရုံးစသည်တို့ကိုပါပြော၏။

ငဆိုးထက်ခိုင်က စာရွက်တရွက်ဖြင့်ရေးမှတ်၏။ ထို့နောက်ပြုံးလျက် အဖွားကြီးတို့ကို ကြည့်၏။ အဖွားကြီးကလည်း ဝမ်းမြောက်စွာဖြင့် ရွှင်ပြုံးနေ၏။

ဒါဖြင့် ငါ့မောင်လိုက်ပြောပေးမှာပေါ့နော်. . . မမိုက်ပါနဲ့. . . မောင်ရယ် တန်ချိန်ဆယ်သန်း ဆိုတော့ တတန်နှစ်ကျပ်နှုန်းနဲ့ ငါ့မောင်အတွက် ငွေသန်းနှစ်ဆယ်တောင်

ရမယ်မှုတ်လား ဆန်မ ရောင်းရသေးခင် အဲ့ဒီအမိန့်ရပီးပီးခြင်း ငါ့မောင်ဒီငွေကိုရမှာ အမရအောင်ဆောင်ရွက် ပေးမယ်၊

ငဆိုးထက်ခိုင်က မရေမရာဖြင့်ပြုံးနေ၏။ အဖွားကြီးသည် ငဆိုးထက်ခိုင်၏အပြုံးကို ဇဝေဇဝါဖြစ်လာ၏။ ငဆိုးထက်ခိုင်၏ကျောကို ရင်းရင်းနှီးနှီးလှမ်းပုတ်လိုက်၏။

'ကြည့်ပါလား ဘယ်လိုချည်းလုပ်ပြုံးနေတာလဲ အမကငါ့မောင် ဆင်းဆင်းရဲရဲနေတာ မကြည့်နိုင်လို့ တမင်ရှာဖွေပြီး လာပြောတာသိရဲ့လား. . . .'

ဒီလိုစေတနာထားတာဆော့ ဝမ်းသာပါတယ် ဒါပေမယ့် ဒီလိုအဆင်သင့် ဝယ်မယ့် တိုင်းပြည်တပြည်ရှိတယ်ဆိုတာ ကျနော်တို့အစိုးရကသိလို့ အစိုးရကိုယ်တိုင် တိုက်ရိုက်ရောင်း လိုက်မယ်ဆိုရင် တတန်ကို ရှစ်ကျပ်နှုန်းပိုရတော့ တန်ချိန်ရှစ်သန်းအတွက် ငွေရှစ်သန်းပိုရမယ် မဟုတ်လား၊ ကျနော်တို့အစိုးရပိုရတာဟာ ကျနော်တို့တိုင်းပြည်ပိုရတာပေါ့၊ တိုင်းပြည် တပြည်လုံးကရမယ့် ရပေါက်ရလမ်းကို ကျနော်တို့ သုံးလေးယောက်က ဘာလို့ဝင်လုရမှာလဲ အဲဒါအစိုးရရဲ့ သက်ဆိုင်ရာဌာနကို ကျနော်အကြောင်းကြားမလို့. . .။

အဖွားကြီးနှင့်တကွ ငဆိုးထက်ခိုင်၏အိမ်ပေါ်သို့ ရောက်နေကြသူအားလုံး မျက်နှာ၌ သွေးဆုတ်သွားကြ၏။

'မင်း . . . . . မင်း. . . ဘယ့်နဲ့. . . '

ငဆိုးထက်ခိုင်သည် မည်သို့မျှ မပြောတော့ဘဲ အိန္ဒြေရရကြည့်နေလိုက်၏။

ဝန်ကြီးချုပ် ဦးကံပေး၏လက်ထက်၌ တနှစ်ထက်တနှစ် ရွှေဝါပြည်ကြီးသည် ဝရုံးသုံးကား ဖြစ်လာ၏။

သတ္တိပြောင်သော ရွှေဝါပြည်သားအချင်းချင်း အုပ်ချုပ်ကြခါမှ ထစ်ကနဲဆိုလျှင် တောခို သူပုန်ထပစ်လိုက်ကြ၏။

လူမျိုးခြားတွေ အုပ်ချုပ်ကြစဉ်က သူကြီးကိုမျှမော်မကြည့်ဝန့်ခဲ့ကြသော သူတို့သည် ယခုလွတ်လပ်သည့်ရွှေဝါပြည်သားများ ဖြစ်အလာတွင် ရဲအရာရှိကိုပင် နားရစ်ပစ်ပစ် အုပ်နေကြ၏။

အချိန်ပြည့် နိုင်ငံရေးလုပ်နေကြသည်ဆိုသော သူတို့ကလည်း အုပ်ချုပ်ရေး စက်ယန္တယား ၏အပေါ်၌ ဩဇာအာဏာများလွှမ်းမိုးလာ၏။ ထိုသူတို့သည် အခြားဘာမျှမလုပ်ကြ၊ ဘယ်က မှလည်းဝင်ငွေမရှိ၊ နိုင်ငံရေးအလုပ်ကို လုပ်ရင်းလူထုကို စည်းရုံးရင်းနှင့်ပင် မယားနှင့်သားသမီး တို့ကို မပူမပင် အိမ်တဆောင်မီးတပြောင်နှင့်ထားနိုင်ကြ၏။ ရွှေငွေရတနာလက်ဝတ်လက်စား ဆင်နိုင်ကြ၏။ သားငယ်သမီးငယ်တို့ကို လစဉ်လခကြီးကြီးပေးရသော လူမျိုးခြားတို့၏ ဘာသာရေး ကျောင်း၌ထားဖေးနိုင်ကြ၏။

ထိုသူတို့သည် အလုပ်သမားများထံမှ အခကြေးငွေတို့ကို တောင်းခံလျှက် အလုပ်သမား လယ်သမားတို့ကို ပြန်၍စည်းရုံး၏။

တနည်းဆိုရသော် အလုပ်သမားလယ်သမားတို့သည် မိမိတို့ကို စည်းရုံးရန် ခေါင်းဆောင်ရန် ဩဇာပေးနိုင်ရန်အတွက် ထိုသူတို့ကို လစဉ်အခကြေးငွေ ပေးနေကြရ၏။

သို့ဖြင့် ထိုသူတို့သည် အလုပ်သမား လယ်သမားတို့ထံမှ ရလာသော အခကြေးငွေတို့ ကို မိမိတို့အချင်းချင်း ခွဲဝေယူကြလျက် ထိုအလုပ်သမားလယ်သမားတို့ကို ပြန်၍သြဇာပေးကြ ၏။ စီမံခန့်ခွဲကြ၏။ သွားဦး၊ လာဦး၊ စုဝေးဦး၊ ဆန္ဒပြဦး ထမင်းထုပ်ပေးဦးစသဖြင့် ခိုင်းစေကြ၏။

ထို့ပြင် ရွှေဝါပြည်ကြီးကို အုပ်ချုပ်မည့်သူများ ရွေးချယ်ရေး၌လည်း မည်သူ့ကို ရွေးချယ် ကြမည်သူ့ကိုမရွေးချယ်နှင့်ဟု အမိန့်ပေး၏။

အလုပ်သမားနှင့် လယ်သမားတို့ကလည်း ထိုသူတို့အမိန့်ပေးသည့်အတိုင်း ရွေးချယ်ကြ၏။ ထိုအခါ အရွေးချယ်ခံကြရသော သူတို့သည် ထိုသူတို့အဖွဲ့မှ လူများဖြစ်လာကြ၏။ ထိုလူများသည် ရွှေဝါပြည်ကို အုပ်ချုပ်ရသည့် သူများအပေါ်မှ တိုက်ရိုက်အမိန့်သြဇာ ပေးနိုင်သည့်သူများ ဖြစ်လာရ၏။

ထိုသို့ဖြစ်လာခြင်းအားဖြင့် ရွေးချယ်ပေးလိုက်ကြရသော အလုပ်သမားနှင့်လယ်သမားတို့အတွက် အကျိုးရှိသင့်သလောက်ရှိ၏။ အမှုအခင်းတစုံတခုဖြစ်လာလျှင် မိမိတို့ရွေးချယ်လိုက် ကြသည့် သူ၏မျက်နှာဖြင့် ပြစ်မှုတို့မှကင်းလွတ်နိုင်ကြ၊ လုပ်ငန်း၌မကျွမ်းကျင်သည့် မိမိတို့ သားသမီးများကို အလုပ်ရုံများ ရုံးများသို့ရောက်အောင် သွင်းပေးနိုင်ကြ၏။ ဤသို့ဖြင့် ရွှေဝါပြည်၏ အလုပ်ဌာနအသီးသီးတို့၌ မကျွမ်းကျင်သည့် အလုပ်သမားများဖြင့် တစတစ ပေါပြည့်လာ၏။

ရှေးကတည်းက ထိုအလုပ်ဌာနတို့၌ လုပ်လာကြသော အလုပ်ကျွမ်းကျင်သူတို့သည် မိမိတို့အလုပ်ဌာနတွင် အလုပ်မကျွမ်းကျင်ဘဲ ရောက်ရှိလာသော သူတို့ကိုမပြောဝန့်မဆိုဝန့် အရေးမယူဝန့် ဖြစ်နေကြ၏။

ဤသို့သောအဖြစ်မျိုးနှင့် ကြိမ်ဖန်များစွာ တွေ့ကြုံလာကြသောအခါ ထိုအလုပ်ကျွမ်းကျင် သောသူတို့ကလည်း လုပ်ငန်းကိုင်ငန်းများကို ကောင်းမွန်တိုးတက်အောင် မလုပ်ကြတော့။

လုပ်ငန်းကိုင်ငန်းမကောင်းမွန်မတိုးတက်ခြင်းသည် ရွှေဝါပြည်သူပိုင်အလုပ်ဌာနတို့၏ ဆုံးရှုံးခြင်းသည် ရွှေဝါပြည်သူပြည်သားတို့၏ ငွေကြေးကြပ်တည်းခြင်း အကြောင်းရင်းဖြစ်၏။ ရွှေဝါပြည်သူပြည်သားတို့၏ ငွေကြေးကြပ်တည်းခြင်းသည် ရွှေဝါပြည်သားတိုင်း၏ အကျင့်ပျက် စီးရေး၊ မိမိတို့ကိုယ်ကျိုးအတွက် တကိုယ်ကောင်းစိတ်မွေးမြူရေး၏ ပင်ရင်းအစဖြစ်သည်။

ရွှေဝါပြည်သူပြည်သားတို့၏ တကိုယ်ကောင်းစိတ်မွေးသည်ဆိုရာ၌ တော်ရုံတန်ရုံမျှ မဟုတ်၊ အချို့အဝက်မျှမဟုတ်၊ သုံးပုံနှစ်ပုံမျှမဟုတ်၊ အကုန်လုံးဖြစ်၏။

လယ်ကူလီကလည်း တကိုယ်ကောင်းစိတ်မွေး၏။ လယ်ကူလီသည် လယ်များကို မိမိတို့ ကိုယ်ပိုင်ဖြစ်လာရေး သီးစားမပေးဘဲ နေနိုင်ရေးအတွက် ပုန်ကန်ထကြွသူတို့နှင့် ဆက်သွယ်ကြ ၏။ ပုန်ကန်ထကြွသူများကို မိမိတို့ရွာသို့ဘိတ်ခေါ်၏။ မည်သည့်လယ်ကိုယ်ပိုင်လုပ်သူသည် မည်မျှအရင်းအနှီးကြေးငွေရှိသည်ဟု လက်ထောက်ချ၏။

ထိုအခါ ပုန်ကန်ထကြွသူတို့သည် အဆိုပါကြေးရွာသို့ လယ်ကူလီများ၏အကူအညီဖြင့် ရွှေဝါပြည်အစိုးရ၏အလစ်တွင် ရောက်ရှိလာနိုင်ကြကုန်၏။

ထို့နောက် ကြေးရွာ၌ နေ၍ကိုယ် ပိုင်လယ်လုပ်သော လယ်ပိုင်ရှင်ကလေးများကို ဆက်ကြေးခွဲကြ၏။ ထောက်ပန့်ကြေးခွဲကြ၏။

လယ်ပိုင်ရှင်ကလေးများသည် ဤသည်တို့ကို ရွှေဝါပြည်အစိုးရအား တိုင်ကြားကြ၏၊ သူပုန်များမဝင်ရောက်နိုင်ရန် လက်နက်ကိုင်တပ်ဖွဲ့ကိုလည်း ဖွဲ့စည်းပေးပါရန်ဟု တောင်းဆိုကြ ၏။

ထိုအခါ လယ်ကူလီတို့သည် မိမိတို့ကိုယ်တိုင် လက်နက်ကိုင်တပ်ဖွဲ့များအတွင်းသို့လည်း ဝင်ကြ၏။ မည်သူ ဤသို့သွားရောက်တောင်းခံသည်ဟုလည်း ပုန်ကန်သူတို့ကိုသတင်းပို့ကြ၏။

သတင်းကိုရသော် ပုန်ကန်သူတို့သည် လက်နက်ကိုင်တပ်ဖွဲ့များအတွင်းသို့ ရောက်နေ ကြသော လယ်ကူလီများ၏ အချိန်းအချက်ပေးထားသည့်အတိုင်း ရွာသို့ဝင်ရောက်လာကြပြန်၏။ အင်အားချင်းမမျှ၍ ဆုတ်ခွာသွားရချိန်၌ အစိုးရကိုအကူအညီတောင်းသည့် ကျေးရွာနေ လယ်ပိုင်တို့အား ပစ္စည်းသိမ်းခြင်းအိမ်ကိုမီးရှို့ခြင်း စသည်တို့ကိုပြုလုပ်ကြ၏။

ထိုသို့နှစ်ကြိမ်မှ သုံးကြိမ်မှ လေးကြိမ်အထိ ခံလာရသောအခါ ကျေးရွာနေ ကိုယ်တိုင် ခါးမဦးချ လုပ်ကိုင်စားသောက်လာခဲ့ရသော လယ်ပိုင်တို့သည် မြို့ပေါ်သို့တက်ပြေးကုန်ကြရ၏။ ထိုအခါ ကာကွယ်ရေးလက်နက်ကိုင်များလည်းဖြစ်သော လယ်ကူလီများလည်းဖြစ်သော ထိုသူ တို့သည် တိုင်းပြည်ကြီးကို စွန့်စွန့်စားစားထိန်းသိမ်းနေသကဲ့သို့ မည်သူပြေးပြေး မိမိတို့မပြေး မိမိတို့မပြေးဘဲ ကျေးရွာ၌ ကျန်ရစ်ခဲ့ကြ၏။ လုပ်သူမရှိသဖြင့် 'ကော' သွားမည်စိုးရသော ထွက်ပြေးသွားသူတို့၏ လယ်မြေများကို မိမိတို့အချင်းချင်း ဝေခွဲလုပ်ကိုင်ကြ၏။ ထို့နောက် ပုန်ကန်သူတို့နှင့် ချိန်းလျက် ဟန်ဆောင်တိုက်ပွဲပြုလုပ်၍ ပုန်ကန်သူတို့လာသဖြင့် ခုခံပစ်ခတ် ရသောကြောင့် ကုန်သွားရသည့်ကျည်ဆံတို့ကို ရွှေဝါပြည်အစိုးရထံမှ ထုတ်ယူကြ၏၊ ထို့အပြင် အလုပ်ပျက်အကိုင်ပျက်ဖြင့် ကျေးရွာကို ခုခံကာကွယ်ပေးနေရသည့်အတွက် ကုန်ကျဆုံးရှုံးရ သောစရိတ်ကိုလည်း ရွာ၌ကျန်ရစ်သူတို့ထံမှ ကောက်ခံကြသေး၏။

ထို့နောက် ထိုကောက်ခံရရှိသည့်ငွေများကို သူပုန်တို့နှင့် ခွဲဝေယူကြ၏၊ တိုက်ပွဲဖြစ်ပွား ရသောကြောင့် အစားရလာရသည့် ကျည်ဆံများကိုလည်း ပုန်ကန်သူတို့နှင့် ခွဲဝေယူကြ၏။ ဤသို့ဖြင့် ရွှေဝါပြည်မှ လယ်ကူလီတို့သည် ကိုယ်ပိုင်လယ်များကို ရရှိနေထိုင်ကြသူများဖြစ်လျက် ရွှေဝါပြည်အစိုးရအပေါ်တွင်လည်း မျက်နှာရနေကြ၏။ ထိုသူတို့ကား ပုန်ကန်သူတို့ ဝိုင်းဝိုင်း လည်နေသည့်ကြား၌ပင် မိမိတို့၏လုပ်ငန်းကိုင်ငန်းကို ရဲရဲတောက်တောက် လုပ်ကိုင်နေကြသော တကယ့်သတ္တိခဲကြီးများအသွင်ဖြင့် အများတို့ကသိနေကြ၏။

မြို့ပေါ်သို့ ထွက်ပြေးကြရကုန်သော ကျေးရွာလယ်ပိုင်ရှင်တို့သည် မြို့ပေါ်သို့ရောက်စဉ် မလုပ်တတ်မကိုင်တတ် မသွားတတ် မလာတတ်ရှိနေကြ၏။ တလနှစ်လခန့်ကြာ၍ နေသားကျ လာသောအခါ ဝယ်ရင်းခြမ်းရင်းဖြင့် မြို့သူမြို့သားတို့၏'စရိုက်' ကိုသိလာကြ၏။ ရှားပါးသော ကုန်စျေးများကိုလည်း သိလာကြ၏၊

မွေးကတည်းက တောရွာ၌ကြီးပြင်းလာရသူများ ဖြစ်ရကား မည်သည့်ကုန်မျိုးသည် မည်သည့်အရပ်တွင် မည်မျှဈေးပေါပေါနှင့် ရရှိနိုင်ကြောင်းကိုသိကြ၏။ ထိုကုန်မျိုးကိုမိမိတို့ သွားရောက်တင်ဆောင်လာနိုင်ကြလျှင် မည်မျှအမြတ်အစွန်းရမည်ကို တွေးတောမိလာကြ၏။

ထိုအခါ အလုပ်အကိုင်မရှိသော အဆိုပါ တောမှပြေးလာသည့် လယ်ပိုင်တို့သည် ပုန်ကန်သူတို့၏ အကြား၌ပင် စွန့်စားလျက် ထိုကုန်များကို သွားရောက်သယ်ယူကြ၏။ ပုန်ကန် သူတို့နှင့်တွေ့လျှင်လည်း မိမိတို့သည် လုပ်ကိုင်စားသောက်ရန် အခြားနည်းလမ်းမရှိပါသော ကြောင့် ဤလုပ်ကိုလုပ်ကြရပါသည် လစဉ်အခွန်အကောက်မည်၍မည်မျှ ပေးပါမည်ဟု တောင်းပန်တိုးလျှိုးလျက် ထိုကုန်တို့ကို သယ်ယူရောင်းချကြ၏။

အဆိုပါအလုပ်သည် ဓါးမခါးချပ် လယ်ယာလုပ်ကိုင်စားသောက်ခဲ့ကြသူများအဘို့ ယခင် လယ်လုပ်သည်ထက် သိသိသာသာအမြတ်အစွန်းရရှိသည်ကိုသိလာကြ၏။ အသွားအလာ ခက်ခဲလေ ထိုကုန်စည်မျိုးရှားလေ ဈေးကောင်းရလေဖြစ်ရာ ဖော်ပြခဲ့သော ကိုယ်ပိုင်လယ်သမား ချောင်းသမားများသည် မြို့ပေါ်၌ကုန်သယ်တွေဖြစ်လာကြ၏။

မိမိတို့၏လုပ်ငန်းကို တာရှည်တည်တံ့ရန်နှင့် အမြတ်အစွန်းများပိုမိုရရှိရန်အတွက် ပုန်ကန်သူတို့အားပေးခြင်း၊ သတင်းပေးခြင်း၊ အဘက်ဘက်က ကူညီခြင်းတို့ကို ပြုနေကြ၏။

အင်းအိုင်ချောင်းမြောင်းတို့၌ ပုဇွန် သားငါးရှာဖွေသူတို့ကလည်း ပထမသော် ရွှေဝါပြည် အစိုးရကို အခွန်အခပေးရပြီးနောက်မှ ပုန်ကန်သူတို့ကို ထပ်ဆင့်အခွန်ထမ်းဆောင်ကြရသော ကြောင့်မကျေနပ်။

သို့သော်မတတ်နိုင်ပြီ၊ ထိုအခွန်အခတို့ကိုကျေအောင်အမြတ်အစွန်းတင်၍ မိမိတို့ရှာဖွေ ရသည့် သားငါးတို့ကို ရောင်းချကြ၏။

သားငါးပုဇွန်ရှားပါးလာကြသောအခါ မည်သည့်နေရာ၌မဆို အောင့်အီးမျိုသိပ်နိုင်သော အကျင့်ခေါင်းပါးလာကြသော ရွှေဝါပြည်သားတို့က ဝယ်ယူစားကြသည်ချည်းဖြစ်၏။

ထိုအခါ အမြတ်အစွန်းက ပို၍ရလာကြ၏။ ဤတွင် နှစ်စဉ်နှစ်တိုင်းအလုအယက် ချောင်းမြောင်းတို့ကို လေလံဆွဲယူကြသည့် သားငါးပုဇွန်ရှာဖွေစားသောက်သူတို့က ရွှေဝါပြည် အစိုးရလေလံမပစ်မီကပင် ပုန်ကန်သူတို့အထံ၌ လေလံဆွဲဝယ်ထားကြ၏။ အခြားသူများကို လုပ်ခွင့်မပေးရန် တောင်းပန်တိုးလျှိုးထားကြ၏။ ထို့နောက်မှ ရွှေဝါပြည်အစိုးရထံ၌ လေလံဆွဲယူ ၏။

ထိုသူတို့သည် ရွှေဝါပြည်အစိုးရထံ၌ လေလံဆွဲယူရမရသော်လည်း သိပ်မပူလှချေ။

လေလံရရှိသူသည် ပုန်ကန်သူတို့၏ လာရောက်တိုက်ခိုက်ခြင်း၊ နှိပ်စက်ခြင်း၊ သတ်ဖြတ် ခြင်း ကုန်စည်တင်ပို့ရာတွင်လမ်းမှ ဖြတ်၍ အတိုက်အခိုက်ခံကြရခြင်းတို့ကို ခံနေကြရသောအခါ ပုန်ကန်သူတို့အထံ၌လေလံဆွဲပြီးနေသော ပြိုင်ဘက်၏အထံသို့ မတန်တဆ လျှော့ဈေးနှင့် တဆင့် လွှဲပေးကြရ၏။ ပုဇွန်ငါးရှာသူတို့ကလည်း ဤအတိုင်းစီးပွားဖြစ်နေကြသောကြောင့် ပုန်ကန်ဆူပူသူတို့ကို မွေးထားကြ၏။

ထိုမျှသာလော မဟုတ်သေးပါ။

ကျေးရွာသူကြီးတို့ရှိကြသေး၏။ ထိုကျေးရွာသူကြီးတို့သည် မိမိတို့ရပ်ရွာကို တကယ့် စေတနာနှင့် ကာကာကွယ်ကွယ်လုပ်၏။ မိမိတို့အခြေအနေကိုကြည့်လျက် ရွှေဝါပြည်အစိုးရက လက်မှတ်ထွေပေးတိုင်းလက်မခံဝံ့။

မိမိတို့ကျေးရွာနှင့်တကွ အနီးရှိကျေးရွာတို့အကြောင်း ဆူပူသူတို့အကြောင်းကို အမှန်အတိုင်း အစီရင်ခံ၏။

ထိုသူကြီးမျိုးသည် မိမိ၏ကျေးရွာ၌လည်း မနေနိုင်မနေဝံ့။ နေသည်နှင့်အနီးကျေးရွာတို့ အပါအဝင်ဖြစ်သော မိမိတို့ကျေးရွာသားတို့က ဆူပူသူတို့ကို မည်သည့်အချိန်လာပါဟု သတင်း ပေးထားသောကြောင့် အလွယ်တကူ အဖမ်းအဆီးခံရနိုင်၏။ အသတ်ခံရနိုင်၏။

အခြားကျေးရွာမှ သူကြီးတို့ကလည်းမိမိတို့အကြောင်းကို ရွှေဝါပြည်အထက်အစိုးရတို့အား အမှန်အတိုင်းတင်ပြထားသောကြောင့် ဝိုင်းဝန်းမုန်း၏။

မြို့ပိုင်စသော အထက်အစိုးရတို့ကလည်း ထိုသူကြီး၏အမှန်အတိုင်းတင်ပြသော စကား သည်မိမိနယ်၌မအေးချမ်းဆူပူသည်၊ မိမိအား အုပ်ချုပ်ရေးညံ့ဖျင်းသည်ဟု ဆိုရာရောက်သော ကြောင့်ထိုသူကြီးကို သဘောမကျ။ ကြိမ်းမောင်း၏။ သူကြီးတိုင်း၏နယ်တွင် အေးချမ်းနေပါလျက် ခင်ဗျားတယောက်တည်းက ဆူပူနေသည်ပြောရသလားဟု ကြိမ်းမောင်း၏။ သူကြီးတိုင်း မိမိတို့ ရွာတွင် နေဝံ့ပါလျှင် ခင်ဗျားတယောက်တည်းမနေဝံ့ရှိရသလားဟု ကြိမ်းမောင်း၏။ ထို့နောက် ထိုသူကြီးကိုအလုပ်ဖြုတ်၏။

ရွှေဝါပြည်ကိုအုပ်ချုပ်သော ဦးကံပေးတို့၏လက်ထက်၌ လိုက်လျှောညီထွေကျင့်တတ်သော ရွှေဝါပြည်သူကြီးတို့ကား အကျိုးလည်းရှိ၏။ စီးပွားလည်းတက်၏။ ရွှေဝါပြည်အစိုးရမင်း များ၏ ချီးကျူးဂုဏ်ပြုခြင်းကိုလည်းခံရ၏။ သြဇာအာဏာလည်းရှိ၏။

ထိုသူကြီးတို့သည် ဆူပူသူတို့ လာရောက်ကောက်ခံသည့် ဆက်ကြေးများကို ရပ်ရွာ အေးချမ်းရေးအတွက်ဟု အကြောင်းပြလျက် တရွာလုံးကို ဆင့်၍ခွဲ၍ ငွေကြေးရှိသူများကို ပို၍ခွဲ ၏။ ထို့နောက်ဆူပူသူတို့ကို ကိုယ်တိုင်သွားရောက်ပေး၏။

နောက်တကြိမ်ခွဲလျှင် သုံးထောင်လိုသော် ငါးထောင်တောင်းပါရန် သို့မှမိမိသည် နှစ်ထောင်ရနိုင်ပါမည်၊ ဤသို့ရမှ ဆရာတို့ဆီမှ လက်နက်တို့ကို ဝယ်ယူနိုင်ပါလိမ့်မည်။ ရပ်ရွာ၌ အစိုးရတို့၏ရဲအရာရှိများ လုံးဝမလာဝံ့ဖြစ်နေကြရာ ဓားပြကလည်း ကျေးရွာများကို လာရောက် တိုက်ခိုက်ရန် ချောင်းမြောင်းနေကြပါသည်ဟု အကြောင်းပြ၏။

ပုန်ကန်သူတို့ကလည်း သဘောတူ၏။ ဤသို့သဘောတူသည်နှင့် သူကြီးသည် မိမိကျေးရွာကိုလည်းပြော၏။

မိမိတို့သည် ပုန်ကန်သူတို့ကို ဆက်ကြေးပေးနေရုံမျှနှင့်မပြီးသေး ရွှေဝါပြည်အစိုးရ၏ အဖွဲ့များ မရောက်လာကြသောကြောင့် ကျေးရွာကိုဓါးပြတိုက်မည် စိုးရိမ်ရ၏။ မိမိတို့ လက်ယာ ချောင်းမြောင်းအိုးအိမ် စီးပွားတို့ကိုပစ်မပြေးနိုင်သမျှ မိမိတို့ကိုယ်ရေးကိုယ်တာကို မိမိတို့ဘာသာ ကာကွယ်ကြရမည်ဖြစ်၏။ ထို့ကြောင့် ဓားပြတို့၏ရန်ကို ကာကွယ်နိုင်ကြရန် လက်နက်ဝယ်ယူ ကြရမည်၊ ဤသို့ရှာဖွေဝယ်ယူရေးအတွက် မိမိသည်ကျေးရွာလူထုအကျိုးကို ရှေးရှု၍မရမနေ ကြိုးပမ်းဆောင်ရွက်မည်။ ကျေးရွာလူထုက ငွေစုပေးကြပါဟု လက်နက်ဝယ်ယူရေးအတွက် သီးသန့်ခွဲ၏။

ထို့နောက် ဆူပူသူတို့ကိုပေးရန် ခွဲထားသည့်ငွေထဲက ပိုသောငွေကိုလိုသလောက်ယူလျက် မိမိပိုင်ငွေအဖြစ် ပြသေး၏။

ထို့နောက် ဆူပူသူတို့၏အထံမှ လက်နက်ဝယ်ယူ၏။ ထိုလက်နက်တို့ကို မိမိသြဇာအာ ဏာခံသည့် သူတို့အား ဖွဲ့စည်းကိုင်စွဲစေ၏။

လက်နက်အင်အားလည်းများ၊ ဆူပူသူတို့နှင့်လည်း ဆရာရင်းတကာရင်းသဘွယ် ပူးပေါင်းနိုင်သောအခါ သူကြီးသည်အလိုလို ပို၍အာဏာရှိလာ၏။

မြို့ပေါ်သို့တက်သည့် ချိန်၌မိမိသည် မိမိ၏ကျေးရွာသားတို့နှင့် ဆူပူသူတို့၏ရန်ကို စည်းစည်းလုံးလုံးခုခံကာကွယ်ပေးနေပါသည်ဆို၏။ ရွှေဝါပြည် မြို့ပိုင်မင်းတို့ကထောက်ခံလျက် လက်နက်ကလေးအနည်းငယ်မျှပေးလျှင်ပင် တနယ်လုံးငြိမ်ဝပ်ပိပြားအေးချမ်းအောင် တာဝန်ယူ မည်ဟုဆို၏။

ထိုသို့တာဝန်ယူသောကြောင့် သူကြီးမင်းလက်နက်ရသည်နှင့် သူကြီးမင်း၏တပ်ဖွဲ့သည် လိုင်စင်ရတပ်ဖွဲ့ဖြစ်လာ၏။ ကျေးရွာ၌မိမိကိုအာခံမည့် ပုဂ္ဂိုလ်မှန်သမျှထံကို ဆူပူသူလိုလို ဓားပြလိုလိုဖြင့် မိမိလူတို့ကိုစေလွှတ်၍သတ်ဖြတ်၏။ ရဲအရာရှိတို့သည် ထိုအရပ်သို့ သွားရောက် စစ်ဆေးခြင်းမပြုနိုင်သူဖြစ်ရာ ဤအားကိုးရသော သူကြီးပြောသမျှဟုတ်၏။ ဤသို့ဖြင့် သူကြီး သည် မိမိ၏ကျေးရွာနယ်ပယ်၌ တထီးတနန်းဖြစ်လာ၏။ နယ်စားယယ်စားကြီးဖြစ်လာ၏။

ရွှေဝါပြည်၏အထက်အရာရှိကြီးများသည် ဤသို့တထီးတနန်းနယ်စားပယ်စားကြီးဖြစ် သော သူကြီးကို ဤလိုအနိုင်ကျင့်နေပါသည်ဟုပြော၏။ သိပါလျက် မြင်ပါလျှက် ဘယ်တော့မှ မယုံကြည်။

ထိုသူကြီးသည် နယ်ကိုလည်းထိန်းသိမ်းပေးနိုင်၏။ မိမိတို့ဆီသို့လည်း လက်ဆောင် ပဏ္ဏာများဖြင့် မကြာမကြာရောက်လာတတ်၏။ ဖော်ရွေချိုသာသော မျက်နှာလည်းရှိ၏။ အရေး အကြောင်းရှိလျှင် မိမိတို့အား တကယ်လည်း အကူအညီပြုနိုင်၏။ ဤမျှကောင်းမွန်သော သူကြီး ကိုအဘယ်မည်သော မလိုတမာကောင်သည် ဘာဖြစ်သည်၊ ညာဖြစ်သည်ဟု ဘာ့ကြောင့်လာ ရောက်ပြောကြားနေရပါသနည်း၊ ဤသို့ဖြင့်လူကြီးမင်းသည် တာဝန်ကျေပွန်၍ ကျော်ဇောသော သူကြီးမင်းဖြစ်လာနိုင်၏။ ရွှေဝါပြည်၌ နာမည်ကောင်းဘွဲ့ တံဆိပ်ရလာနိုင်၏။

သူကြီးသာလော မဟုတ်သေးပါ။

ရွှေဝါပြည်ကိုအုပ်ချုပ်သည့် မြို့ပိုင်နယ်ပိုင် တို့သည်လည်း ဤအတိုင်းဖြစ်၏။ ဖြောင့်မှန် သော မြို့ပိုင် သို့မဟုတ် နယ်ပိုင်တယောက်သည် အဆိုပါနာမည်ကောင်းရနေသည့် သူကြီးမျိုး တွေများသော မြို့နယ်တခုကို ရောက်ရှိလာသည်ဆိုပါစို့. . .။

ထိုမြို့ပိုင် သို့မဟုတ် နယ်ပိုင်သည် ရက်များမကြာမီအတွင်း၌ ထိုနာမည်ကောင်းရနေ သော သူကြီးတွေ၏ အကြောင်းကိုသိ၏။ နယ်၏အကြောင်းကိုသိ၏။

မြို့ပိုင် သို့မဟုတ် နယ်ပိုင်သည် ထိုသူကြီးမျိုးတွေကို မထားလို အရေးယူသင့်သည်ကို ယူ၏။ ရဲဌာနကိုလည်း အကူအညီတောင်း၏။ ရွှေဝါပြည်၏အကျိုးအတွက် တကယ်သစ္စာရှိရှိ ပြုလုပ်၏။ ထိုအခါ သူကြီးတို့က မိမိတို့လက်ထဲ၌ ရှိသောအစိုးရလက်နက်တို့ကို ဆူပူသူတို့၏ လက်ထဲသို့ထေးလိုက်၏။

ဤအဖြစ်မျိုးနှင့်ကြုံရသော ရောက်သစ်ဧမြို့ပိုင် သို့မဟုတ် နယ်ပိုင်သည် ကြွင်းကျန်သေး သော သူကြီးများထံမှ လက်နက်တို့ကို ဆူပူသူတို့လက်ထဲမရောက်မီ သိမ်းဆည်း၏။

ထိုအခါ မိမိတို့ကိုယ်ပိုင်လက်နက်ရှိနေကြသော သူကြီးတို့သည် နယ်ဆူပူသည်ဟု မြို့ပေါ်သို့တက်၏။ ထိုသူကြီးတို့၏လက်နက်ကိုင် တပ်ဖွဲ့များက တနယ်လုံးကို ပြောင်းဆန် အောင်သောင်းကျန်းပစ်ကြ၏။

ရဲတို့ကိုဆင်းစေသောအခါ ထိုသူကြီးတို့၏ အကူအညီဖြင့် ရဲတို့က နယ်သို့ဆင်းရ၏။ ရဲတို့ရောက်ရှိနေသောနယ်တွင် ငြိမ်သက်နေသော်လည်း အခြားနယ်တို့က ပို၍ပင် ဆူနေသေး ၏။

ထိုအခါ ထိုမြို့ပိုင် ထိုနယ်ပိုင်တို့ရောက်လာမှ အုပ်ချုပ်ရေးမကျွမ်းကျင်သောကြောင့် မြို့နယ်ဆူပူခြင်းဖြစ်ရသည်ဟု ဆိုလာ၏။ အခါတိုင်းသွားနေကြ သင်္ဘောသမွန် မော်တော်စသည် တို့သည်ပင်လျှင် မသွားမလာဝန့်အောင် ဆူပူသည်ဟုဖြစ်လာကြ၏။ ရဲတို့ကလည်း ဤအတိုင်း ထောက်ခံစွပ်စွဲ၏။ ထိုအခါ အဆိုပါ မြို့ပိုင်နယ်ပိုင်တို့သည် ဖြောင့်မှန်မှုကြောင့် အကြီးအကျယ် နာမည်ပျက်သွားရရှာ၏။

ရွှေဝါပြည်၏ သူထက်သူကြီးမြင့်သောအထက်အရာရှိကြီးတို့က ထိုညံ့သော ဖျင်းသော အုပ်ချုပ်ရေး မကျွမ်းကျင်သော မြို့ပိုင်နယ်ပိုင်တို့ကို နေရာရွှေ့ပြောင်း၍ ယခင်ငြိမ်သက်အောင် အုပ်ချုပ်သွားခဲ့ဘူးကြသော မြို့ပိုင်အစရှိသည်တို့ကိုပြန်ပို့၏။

အပေးအယူသင့်ခဲ့ပြီးဖြစ်သော ထိုမြို့ပိုင်ဟောင်းတို့သည် မိမိတို့၏သူကြီးဟောင်းများ နှင့် သူတော်ချင်းချင်းသတင်းလွှေ့လွှေ့ ပေါင်းဘက်တွေ့ကြလျက် အလွန်အဆင်ပြေကုန်ကြ၏။ လက်နက်များကို ထပ်မံထုတ်ပေး၏။ ကျေးရွာနယ်မြေများကို တာဝန်ပြန်လွဲပေး၏။ သူကြီးတို့ ဆင်းသွားသည်နှင့် နယ်မြေလည်း ချက်ခြင်းအေးသွား၏။ ရောင်းရေးဝယ်တာ သွားလာသူတို့က လည်း သူကြီးကိုစောင့်ပေးလိုက်ရုံဖြင့်၊ သွားလာရောင်းဝယ်နိုင်ကြ၏။ စင်စစ်ကား. . . သူကြီးသည် ဆူပူသူကို ကြေးငွေကောက်ခံပေးကြရသော ဆူပူသူတို့၏ကိုယ်စားလှယ်ပင်ဖြစ်၏။ ထိုသို့ ကောက်ခံပေးသောကြောင့် သူကြီးကလည်းဆစုရ၏။

ယခင်က မသွားရဲမလာရဲသော အရပ်သားပိုင် ခရီးသည်တင်မော်တော်ကုန်တင်မော် တော်တို့လည်း သွားရဲလာရဲ၏။ သူကြီးဆီမှတဆင့် ဆူပူသူတို့ကို အခွန်အကောက်ပေးပြီးသော မော်တော်သည် မည်သည့်နေရာ မည်သည့်မြစ်ကြောင်းအရောက်တွင် အိုးစည်ပုံမောင်းတီးသွား ရုံမျှနှင့် အေးအေးလူလူသွားနိုင်ကြ၏။

ဤသို့တခဏခြင်း အေးချမ်းသွားလေအောင် အုပ်ချုပ်နိုင်ကြသော မြို့ပိုင်နယ်ပိုင်တို့ အတွက် နာမည်ကောင်းလည်းရနိုင်၏။ ရာထူးလည်းတိုးနိုင်၏။

ဆူပူသူတို့သည် ထိုမြို့ပိုင်နယ်ပိုင်တို့ ပြောင်းလေရာရာ အရပ်ရှိ မိမိတို့အဖွဲ့အစည်းများ ကို အဆင်ပြေပြေဆက်ဆံပေါင်းသင်းသွားနိုင်ကြသည်ဟု ထောက်ခံချက်ပို့ပေးလေ့ရှိ၏။

ထိုမြို့ပိုင်နယ်ပိုင်တို့ကလည်း အဆိုပါဆူပူသောင်းကျန်းသူတို့ ရှိနေသမျှမိမိတို့၏ ရာထူးဂုဏ်ထူးများ တက်နေကြရသည်ဖြစ်ရာ အဆိုပါဆူပူသောင်းကျန်းသူများ ပျောက်ကွယ်သွားမည်ကိုပင် စိုးရိမ်နေကြ၏။

ဤသည်တို့ကို ခရိုင်ရဲဝန်နှင့် ခရိုင်ဝန်တို့ ကလည်းမသိမဟုတ်ကြ၊ သိကြသည်ချည်းဖြစ် ၏။ သိ၍တိတိကျကျပြုလုပ်လျှင် ကျယ်ပြန့်စွာ အုပ်ချုပ်နေသော မိမိ၏နယ်များဆူပူလာကြမည် ဖြစ်၏။ ထိုအခါမိမိသည် ခေါင်းကြိမ်းမည် အပြစ်တင်ခံရမည်ဖြစ်၏။ မိမိ၏နယ်ပယ် အေးချမ်း နေသမျှ မိမိတို့နာမည်ကောင်းရမည်မဟုတ်ပါလော. . . .၊

သို့သော် တာဝန်ကြီးကြီး ထမ်းဆောင်ရသူတို့အထဲ၌ တိုင်းချစ်ပြည်ချစ်စိတ်စေတနာရှိ သော ခရိုင်ဝန် ခရိုင်ရဲဝန်တို့လည်း ရှိကြသေး၏။

ထိုသူတို့သည် မိမိလက်အောက်ရှိ မြို့ပိုင်နယ်ပိုင်တို့နှင့်တကွ ရဲအဖွဲ့မှ သူကြီးများအထိ တိတိကျကျစေခိုင်း၏။ လိုအပ်လျှင် စစ်တပ်အကူအညီကိုပါတောင်း၏။

ထိုအခါ အနှိမ်ခံရသော ဆူပူသူတို့က ရောင်းရေးဝယ်တာနှင့် လမ်းပမ်းဆက်သွယ်ရေး တို့ကိုပါ နှောက်ယှက်၏။

မိမိတို့၏ကိုယ်ကျိုး ကိုယ်စီးပွားကွက်ကွက်ကလေးကိုမျှ ကြည့်နေကြသော မြို့နေကုန်သည်တို့က ဤခရိုင်ဝန်ကြမ်းသည် ဘာဖြစ်သည်၊ ညာဖြစ်သည်နှင့် ညည်းညူလာကြ၏။

ရေသာခိုလာခဲ့ကြသော ရဲတို့က ငြူစူလာကြ၏။ နယ်လည်းဆူလာ၏။ ယခင်က တခါမျှ မဝင်ရောက်ခဲ့ကြရသော စစ်တပ်အစရှိသည်တို့က ဤခရိုင်ဝန်၏လက်ထက်၌ တိုက်ပွဲတွေဖြစ် မိမိတို့ပင်ပန်းရ သေရကြေရသောအခါ အပြစ်ပြောလာကြ၏။ နောက်ဆုံးမည်သူ၏ ထောက်ခံ ချက်မျှ မရရုံမက တနယ်လုံးပြောင်းဆန်အောင် ဆူပူလှုပ်ရှားလာသောအခါ တိုင်းမင်းကြီးကဲ့သို့ သော ပုဂ္ဂိုလ်ကြီးမျိုး၏ ခေါ်ယူကြိမ်းမောင်းခြင်းမျိုးကိုသာ ခံကြရ၏။

မကြာမီ တိုင်းမင်းကြီးသည် ပြည်ထဲရေးသို့ အစီရင်ခံလျက် အဆိုပါခရိုင်ဝန်အား ဟိုပြောင်းသည်ရွှေ့ လုပ်ပစ်တော့၏။ ထိုရောအခါ နာမည်ရပြီး ခရိုင်ဝန်တယောက်သည် ဖော်ပြပါ ဆူပူသည့်နယ်မြေသို့ ရောက်လာရ၏။

ထိုခရိုင်ဝန်သည် မိမိလက်အောက်ရှိ မြို့ပိုင်နယ်ပိုင်တို့နှင့်တကွ လက်အောက်ခံအားလုံး တို့၏ အမူအကျင့်ကို အူမချေးခါး သိသူဖြစ်၏။ ကြိုးကိုင်တတ်သူဖြစ်၏။

နယ်ခံသူကြီး စသောသူတို့နှင့် အဆင်ပြေပြေ ပြုလုပ်ကြဆက်ဆံကြရန် ခေါ်ယူသြဝါဒ ပေး၏။ ထိုအခါ နယ်သည်တခဏခြင်း ငြိမ်သက်၏။ တိုင်းမင်းကြီးသည် ထိုခရိုင်ဝန်မျိုးကို လွန်စွာသဘောကျ၏။ ထိုအခါ ခရိုင်ဝန်မျိုးတွေချည်း ထောက်ခံအားဆေး၏။ မိမိလူများအဖြစ်ဖြင့် မွေး၏။

ပြည်ထဲရေးဝန်ကြီးဖြစ်သူတို့ကိုယ်တိုင်ကလည်း မိမိလက်ထက်တွင် တိုင်းပြည်မည်မျှ ငြိမ်သက်အေးချမ်းသည်ဟူသော နာမည်ကောင်းကိုသာယူချင်နေ၏။

အကြောင်းမူ ဤသို့နာမည်ကောင်းမယူဘဲ နာမည်ပျက်လိုကပျက်ပါစေ၊ မိမိလက်ထက်၌ တိုင်းပြည်ဆူပူသည်ဟု လူတိုင်း ကဲ့ရဲ့လိုက ကဲ့ရဲ့ပါစေ၊ အတွင်း၌ ပြည်ပုတ်သွေးပုတ်တို့ဖြင့် လှိုက်အစားခံရ၍ မြုံနေသော

တိုင်းပြည်ကြီးကိုအနာရလိုကရဆာတော့ ခွဲစိတ်ကုသမည်ဟူသော စေတနာမျိုးဖြင့် အကယ်၍ တိတိကျကျအရေးယူသည်ဖြစ်အံ့။

ရွှေဝါပြည်ကြီးတခုလုံးကို ထိပ်ဆုံးမှ ကြိုးကိုင်အုပ်ချုပ်သော ဦးကံပေးသည် မိမိလက်ထက်တော်၌ ရွှေဝါပြည်ဆူဆူပူပူဖြစ်ရသည်ဟူသောအဖြစ်မျိုးကို မခံမရပ်နိုင်ဖြစ်၏။

ရွှေဝါပြည်ကြီးသည် ရောင်းဝယ်ဖောက်ကားမှုတို့ဖြင့် ကြက်ပုံမကျစည်ကားလျက်ငှင်း၊ ဆူပူသံတို့တိတ်လျက် အေးဆေးငြိမ်သက်စွာ သွားလာနေထိုင်စားသောက်နိုင်ကြသည်ဟူ၍ငှင်း၊ ဖြစ်စေလို၏။

အကယ်၍ဖြစ်နိုင်ပါက ရွှေဝါပြည်ရာဇဝင်၌ စာတင်ထားကြသည့် သာသနာ့ဒါယကာကလံစစ်သူမင်းတို့နှင့် နှိုင်းယှဉ်ချီးကျူးခြင်းခံရမည်ဆိုလျှင်လည်း ခံချင်၏။

ထို့ကြောင့် ဦးကံပေးသည် သူ့အရှိန်နှင့်သူ အိန္ဒြေမပျက် ငြိမ်ငြိမ်သက်သက်အလိုက်သင့် အုပ်ချုပ်သွားမည့်သူကိုသာလိုချင်၏။ အတွင်း၌လှိုက်စားနေသည့် ပြည်ပုတ်ပြည်ဆွေးနှင့်တူ သောမကောင်းမှုအရပ်ရပ်တို့ကို အပြင်သို့ပေါက်ကွဲပေါ်ထွက်လာအောင် စွဲစိတ်မည့်သူ အနာပေါ်လာအောင် ဖော်ထုတ်မည့်သူတို့ကိုမလိုချင်။

ထို့ကြောင့် ဤမည်သော ပြည်ထဲရေးဝန်ကြီးသည် ဤမည်သောတကယ့်အကြောင်းဖြစ် ရပ်တို့ကို မိမိသိအောင်ဖော်ထုတ်အံ့ ထိုသို့ဖော်ထုတ်ခြင်းကိုပင် ဦးကံပေးကမခံရပ်နိုင်။

တကယ့်အဖြစ်မှန်တွေကို မသိလို မကြားလို၊ မယုံလို၊ မိမိ၏လက်ထက်တွင် ဤအဖြစ်မျိုး မဖြစ်။ ဖြစ်သည်ဆိုလျှင်လည်း အသေးအမွှား မပြောပလောက်သည့်ဖြစ်ရပ်များကိုအရေးတကြီး အကျယ်ချဲ့သူများသည် လူညံ့များဖြစ်၏၊ ထိုလူညံ့တို့ကိုချက်ခြင်း အခြားသောဌာနတခုသို့ လွှဲပြောင်း၍ အဆိုပါလူညံ့နေရာ၌ သင့်တော်သောလူကိုလွှဲပြောင်းထား၏။

ပြည်ထဲရေးဝန်ကြီးကဲ့သို့သောနေရာမျိုး၌ သင့်တော်သော လူဟူသည်ကား အေးဆေးငြိမ်သက်စွာ ဆူပူသံမျိုးမပေါ်လေအောင် အုပ်ချုပ်နိုင်သော တိုင်းမင်းကြီးများ၊

အေးဆေးငြိမ်သက်စွာ ဆူသံပူသံမပေါ်နိုင်အောင် အုပ်ချုပ်တတ်သော ခရိုင်ဝန်များ၊ ခရိုင်ရဲဝန်များ၊ နယ်ပိုင်မြို့ပိုင်များ၊ သူကြီးများတို့ကို သိရှိသူ လက်ကိုင်ထားနိုင်သူ လက်သတ် မွေးနိုင်သူမျိုးဖြစ်၏။

တပြည်ထောင်လုံး လူတန်းစားအသီးသီး လုပ်ငန်းအသီးသီးတို့၏ယိုယွင်းမှု ဖောက်ပြန်မှု သစ္စာမဲ့မှုတို့ကို ပြင်ဆင်လိုစိတ်ရှိလျက် ထိုလူတန်းစားအသီးသီးတို့၏ တကိုယ်ကောင်းစိတ်မျိုးကို အတင်းပြုပြင်၍ အနယ်ထိုင်ပြီးစားသာနေသော ဆူပူမှုတို့ကို ဒုတ်နှင့်သွားသွားထိုးလိုသည့် သူမျိုးမဖြစ်စေရ။

သို့ဖြင့် ရွှေဝါပြည်ကြီးသည် ဤအတိုင်းရပ်တည်လာခဲ့လေရာ ဦးကံပေး၏လက်အောက် တွင် ၁၅နှစ်ရှိလာ၏။

ထို ၁၅–နှစ်ခန့်အတွင်း ရွှေဝါပြည်သားတိုင်း မိမိတို့ဘဝရပ်တည်နိုင်ရေးအတွက် မည်သို့ ကျင့်သုံးရမည်ဟူသော ခေတ်သစ်အသိ မိမိတို့တအိမ်ထောင် တကိုယ်ကောင်းတည်တန့်နိုင် ရေးအတွက် ဘာကိုမှုမငဲ့ဘဲ ကျင့်ကြံလိုက်နာရမည့်ခေတ်သစ်အသိ၊ ထိုအသိမျိုးတို့သည် အံ့ဩ လောက်အောင်တိုး၏။

တော်သူနေ မတော်သူသေ ဟူသောကမ္ဘာ့သဘာဝတ္တဆရာကြီး ဒါဝင်၏ စကားသည် ရွှေဝါပြည်သားတို့အဘို့ လက်တွေ့သိရှိလာကြ၏။

လူတိုင်းလူတိုင်း၌ တိုင်းပြည်ဟူ၍လည်း ဟုတ္တိပတ္တိမရှိ၊ လူမျိုးဟူ၍လည်း ရေရေ ရာရာမဟုတ်၊ သို့သော် နှုတ်ကမူ အမြင့်ဆုံးသောစကား အမြင့်ဆုံးသော အယူအဆတွေကို ပြောလျက်ကိုယ်တိုင်ကမူ မိမိ၏တကိုယ်ကောင်း ကိုယ်ကျိုးအတွက်ချည်းလုပ်နေကြ၏။

လူတစုတယောက်သည် လက်တွေ့ကိုယ်ကျိုးစွန့်ရမည့်အလုပ်မျိုး အကြံအစည်မျိုးကို ပြုအံ့၊ ထိုလူသည် လူဖျင်းလူညံ့လူရူးတယောက်သာလျှင်ဖြစ်၏။

ရွှေဝါပြည်ကြီး၏ ကာကွယ်ရေးအတွက် အဝေးရောက်ရဲကင်းတခု၌ တာဝန်ကျသူသည် မိမိတာဝန်အရ တကယ်စောင့်ရှောက်ရန် တာဝန်ထမ်းဆောင်နိုင်ရန် စိတ်ကူးသူဖြစ်အံ့ ထိုသို့ စိတ်ကူးသောရဲသားသည် လူဖျင်းလူညံ့ လူနုံလူအဖြစ်ရုံမျှမက၊ မကြာမီ အလုပ်ပြုတ်လျက် ထောင်ကျနိုင်သေး၏။

ထို့ကြောင့် ငါးယောက်မှဆယ့်ငါးယောက်အတွင်းစောင့်ရှောက် တာဝန်ယူနေကြရသည့် အဝေးရောက် ရဲကင်းတိုင်းသို့သည် ထိုမိမိတို့ တာဝန်ထမ်းဆောင်ရမည့် ရဲကင်းစခန်းသို့ ရောက်သည်နှင့် မိမိတို့အားလာရောက်မတိုက်ခိုက်ပါရန် ရွှေဝါပြည်၏ဆူပူသူတို့ကို ဒေသစခန်း အလိုက် လစဉ်ကြေးပေးကြရ၏။

တဘက်မှ ဤသို့တိတ်တဆိတ် လစဉ်ကြေးပေးပြီးလျှင် ထိုပေးရသည်တို့ကို အစားပြန်ရရှိရန် ထိုရဲကင်းအနီးရှိရွာတို့ကို မိမိတို့က စောင့်ရှောက်ပေးခဟုဆို၍ လစဉ်ကြေး ပြန်ကောက်ခံ၏။

ထိုရွာသားတို့သည် ဆူပူသူတို့ကိုလည်း လစဉ်ကြေးပေးထားရကြောင်း အဆိုပါရဲကသိ ၏။ သို့သော်မတတ်နိုင် မည်သို့ပင်ဖြစ်စေ မိမိတို့က ပေးထားရသည့်ငွေကြေးအတွက် အစားပြန်ရရှိရန် တောင်းခံပေတော့မည်။ မည်သို့မျှမညှာတာနိုင်တော့။

အကယ်၍ ထိုကျေးရွာတို့က မပေးဘူးဟုဆိုလျှင် ငွေကြေးထွက်နိုင်မည့်သူတို့ကို ဆူပူသူ တို့နှင့် ဆက်သွယ်သည်ဟု အခိုင်အမာစွပ်စွဲ၍ အမှုဆင်၍ ငွေထွက်လာသည်အထိ ဖမ်းဆီးရ မည်၊ နှိပ်စက်ရမည်။

ထိုသို့နှိပ်စက်ခြင်းကြောင့် ဆူပူသူတို့က မိမိတို့ရဲအဖွဲ့ကိုမည်သို့မျှ အနှောက်အယှက် မပြုကြလေ။ အကြောင်းမူ ရဲများဤသို့ပြုမူကြခြင်းသည် ဆူပူသူမိမိတို့အား လစဉ်ကြေးမှန်မှန် ပေးနိုင်ရန် ငွေကြေးရရာရကြောင်း ရှာဖွေနေကြခြင်းဖြစ်သောကြောင့် ဖြစ်၏။ ရဲတို့က နာမည် ပျက်ခံလျက် မိမိတို့အတွက် ဤသို့ရှာဖွေပေးလျှင် ဆူပူသူမိမိတို့သည် နာမည်ပျက်ပင်သက်သာ သေးသည်မဟုတ်ပါလော။

ရဲတို့ကည်း ဤရရှိထားသည့်အခွင့်အရေးကို သုံးလျက်၊ တဘက်မှ ကျေးရွာသူ ကျေးရွာသားတို့ကို ညှာတာမှုမပြုနိုင်ဘဲ လ,တွက်စီအောင် မှာကြရသည်ချည်းဖြစ်၏။

တဘက်မှ ကျေးရွာသားတို့ကို ညှာလျှင် မိမိတို့အိမ်သူနှင့် သားသမီးများ ငတ်ကုန်ကြရ မည်၊ လင်မယားတကျက်ကျက်ရန်ဖြစ်ကြရမည်၊ စိတ်မချမ်းမြေ့ဖြစ်ကြရမည်။

အကယ်၍ဖြောင့်မှန်သော ဘုရားအလောင်း သူတော်ကောင်းရဲသားတစုသည် ထိုရဲကင်း သို့ ရောက်လာကြသည်ဆိုကြပါစို့။

ထိုရဲအဖွဲ့သည် ဆူပူသူတို့က လာရောက်တောင်းခံ လစဉ်ကြေးကို မပေးသည်ဖြစ်အံ့။

ဆူပူသူတို့သည် ထိုရဲအဖွဲ့ထက် ဆယ်ဆမျှသော လူအားလက်နက်အားတို့ကို စုဆောင်း လာလျှက် အခွင့်သင့်တိုင်းရောက်လာ တိုက်ခိုက်မည်။ လက်နက်တို့ကိုသိမ်းယူသွားမည်၊ ရဲတွေကိုဖမ်းဆီးသွားမည်။

ထိုအခါ အဆိုပါရိုးသားစွာ တာဝန်ထမ်းဆောင်သည့် ဘုရားလောင်း သူတော်ကောင်းရဲ တို့သည် လက်နက်ပါသွားခြင်း လူသူဆုံးရှုံးခြင်းခံရသည့်အတွက် အထက်လူကြီးတို့က ကြိမ်းမောင်းမည်၊ အရေးယူမည် အလုပ်ဖြုတ်မည်။

ဤတွင်ကြောက်ကြောက်ရွံ့ရွံ့ဖြင့် တိုက်လည်းတိုက်ရ အဆင်မသင့်လျှင် ဒဏ်ရာရ သို့မဟုတ် သေ။

မသေဘဲကျန်နေလျှင်လည်း အရေးယူခံရ၊ အကြိမ်းမောင်းခံရ၊ အလုပ်ဖြုတ်ခံရ၊ ထောင်ကျခံရဦးမည်ဖြစ်ရာ ဤမျှဒုက္ခအရောက်ခံရပြီး သစ္စာရှိရမည်ကို မည်သူမျှမလိုလား ကြတော့။

ထို့ကြောင့် ရွှေဝါပြည်ရှိ ငါးယောက်မှ ဆယ့်ငါးယောက်အထိ စောင့်ကြရသော အဝေး ရောက်ရဲကင်းတိုင်းသည် ရွှေဝါပြည်၏ ဆူပူသူများကို လစဉ်ကြေးပေးနေရသူ လိုလိုချည်းဖြစ်၏။

ဤသို့ပေးထားခြင်းကြောင့် မိမိတို့၌ အမြတ်ပင်ပေါ်သေး၏။ လခအပြင် လစဉ်အပို ဝင်ငွေရနိုင်ကြသေး၏။ အထက်လူကြီးတို့၏ မျက်မှောက်၌ မျက်နှာကောင်း နာမည်ကောင်း လည်းရနိုင်သေး၏။

တခါတရံ ပြောင်းရွှေ့မပြေးနိုင်ကြသော ကျေးရွာသားတို့ကို တလှည့်စီညှင်းဆဲကြ တောင်းခံကြလွန်းသောကြောင့် ကျေးရွာသားများအတို့ မည်သို့မျှထုတ်ပေးစရာမရှိသောအခါ နွားဦးချိုကို နို့ညှစ်မရဘိသကဲ့သို့ လုံးဝညှစ်၍မထွက်လာသောအခါ အခြားနည်းရှိသေး၏။

ထိုနည်းကား ဆူပူသူတို့နှင့်အပေးအယူပြုလျှက် မိမိတို့၏အဝေးရောက်ရဲကင်းကို တိုက်ခိုက်စေခြင်းပင်ဖြစ်၏။

ထိုသို့တိုက်စေပြီးနောက် အထက်အရာရှိကြီးများထံသို့ ဝင့်ကြွားစွာ အစီရင်ခံလိုက်နိုင် ၏။

မိမိတို့အဖွဲ့အား ဆူပူသူနှစ်ရာခန့်တို့က ဝိုင်းဝန်းလာရောက်တိုက်ခိုက်ကြရာ မိမိတို့က မဆုတ်မနစ် ရွတ်ရွတ်ချွန်ချွန်ခုခံတိုက်ခိုက်လိုက်သောကြောင့် နှစ်ယောက်ခန့်ကျ၍ ဆယ့်ငါး ယောက်ခန့်ဒဏ်ရာရပြီး ဆုတ်ခွာသွားကြကြောင်း ဆူပူသူတို့ကအနီးအနားရှိမည်သည့်ရွာသို့ ဝင်ရောက်လျက် မိမိတို့အား အခဲမကျေဘဲ နောက်တကြိမ်လာရောက်တိုက်ခိုက်၍ ရဲကင်း ကလေးကို မြေလှန်မီးတိုက်ပစ်မည်သို့ ကြိမ်းဝါးသွားကြောင်း စသည်ဖြင့်အစီရင်ခံ၏။

အထက်လူကြီးတို့က စုံစမ်းလျှင် တကယ်လည်း တိုက်ပွဲဖြစ်ပွား၏။ အနီးအပါးကျေးရွာ တို့မှာလည်း အစီရင်ခံထားသည့်အတိုင်း ဟုတ်သည်ဟုသိလာနိုင်ကြ၏။ ဤသို့ဖြင့် ထိုလူစွမ်း ကောင်းတွေ၏ ရဲကင်းငယ်ကိုလက်နက်ကည်ဆံထပ်ဖြည့်ကြ၏။

ထို့နောက်မြှော်လင့်ထားသည့် အတိုင်းပင် တိုက်ပွဲထပ်ဖြစ်ပြန်၏။ ထိုအခါ လက်နက်ကျည်ဆံထပ်ဖြည့်ပြန်၏။

သုံးကြိမ်ခန့်တိုက်ပွဲဖြစ်ပြီးသောအခါ ထိုဟန်ဆောင်တိုက်ပွဲမှ ပိုသမျှကျည်ဆံတို့သည် ဆူပူသူနှင့်ရဲအဖွဲ့တို့ကို အပေးအယူတည့်စေသော စီးပွားရေးဆက်သွယ်မှုဖြစ်လာ၏။

ရွှေဝါပြည်၏ ကျည်ဆံပေါက်ဈေးသည် အမြဲတမ်းဈေးတပိသာရှိ၏။ ဆူပူသူတို့ကို ရွှေဝါပြည်အစိုးရတို့က အပြင်းအထန်နေရာအနှံ့ လိုက်တိုက်နေသည့်အချိန်မျိုးဖြစ်လျှင် လေးပိသာဈေးအထိတက်၏။

အဝေးရောက်ရဲကင်း သို့မဟုတ် အပြင်ရဲကင်း၌တာဝန်ကျရဲတို့သည် ဆူပူသူတို့နှင့် တွေ့ဆုံကြလျက် မိမိတို့တွင် ရရှိလာကြသည့် ကျည်ဆံတို့ကို ထိုအချိန်လောက် ဈေးအတိုင်း တန်ဘိုးထား၍ လစဉ်ကြေးအဖြစ် ပေးအပ်ကြ၏။ ထို့အပြင်ပိုသော ကျည်ဆံတို့ကိုလည်း ထိုဆူပူသူတို့၏အထံ၌ပင် ပေါက်ဈေးအတိုင်းရောင်း၏။ ထိုရောင်းရငွေတို့ကို ခွဲဝေယူလိုက်ကြသောအခါ ရွှေဝါပြည်အစိုးရပေးထားသဖြင့် မိမိတို့လစဉ်ရရှိနေသော လခထက်ပင် များးစွာပို၏။ နာမည်ကောင်းလည်းရ၏။ စီးပွားရေးလည်းဖြောင့်၏။

ဤသို့သောအတွက်မျိုးဖြင့် ရွှေဝါပြည်လူတန်းစားအားလုံးတို့က တွက်နေကြ၏။ ရွှေဝါပြည်၏ စစ်တပ်မတော်ကြီးပင်လျှင် ဤအတိုင်းဖြစ်နေ၏။ တဘက်နှင့်တဘက် တနေရာနှင့် တနေရာအလုပ်တခုနှင့်တခု ဂွင်းဆက်တွေရှိနေကြ၏။

ရွှေဝါပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ ဆူပူရေး၊ အုပ်ချုပ်ရေး၊ တိုက်ခိုက်ရေးတို့သည် တခုနှင့် တခု အကျိုးပြုနေကြ၏။

နယ်တနယ်တွင် ဆူပူသူတို့က ဆူပူပေးမှ စီးပွားရေးသမားများက အမြတ်ကြီးစားကြရ၏။ အုပ်ချုပ်ရေးသမားနှင့် တိုက်ခိုက်ရေးသမားတို့က နာမည်ကောင်းရကြ၊ ရာထူးတတ်ကြရ၏။ နိုင်ငံရေးသမားတို့က မြှော်လင့်ချက်ပေးလျက် လူထုကိုစည်းရုံးခွင့်ရကြ၏။

ထို့ကြောင့် ရွှေဝါပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ တိုက်ခိုက်ရေးသမား အားလုံးလိုလိုတို့သည် ရွှေဝါပြည်ဆူပူသူတို့နှင့် အဆက်အသွယ်ရှိကြရ၏။

ယနေ့ ရွှေဝါပြည်၌ ဆူပူသူတို့ လုံးဝမရှိတော့သည်ဖြစ်အံ့၊ ယနေ့တိုက်ခိုက်ရေးသမား တို့သည်လည်း အလုပ်အားလပ်ခွင့်ရကုန်ကြပေမည်။ ရာထူးတိုးတက်မှု ရပ်ဆိုင်းကုန်ကြပေမည်။

ထို့အတူ ယနေ့အုပ်ချုပ်ရေးဘက်၌လည်း ရာထူးတိုးတက်မှုရပ်ဆိုင်းခြင်း၊ အလုပ်နည်း ပါးသောကြောင့် လူတွေလျှော့ခြင်းပြုကြရပေလိမ့်မည်၊ ထို့အတူ စီးပွားရေးသမားတို့သည်လည်း အမြတ်ကြီးမစားရတော့ဘဲ စီးပွားရေးလျှော့ကျကုန်ကြပေလိမ့်မည်၊ အချောင်ခိုဝင်သော လယ်မလုပ်လိုသူ အလုပ်မလုပ်လိုသူတို့သည်လည်း အကြောင်းပြခွင့်မရတော့ဘဲ လယ်လုပ်ကြရ၊ အလုပ်လုပ်ကြရပေတော့မည်။ ထို့ကြောင့် အသက်သာခိုလိုနေကြသော မိမိတို့ကိုယ်ကျိုးကိုသာ ကြည့်လိုနေကြသော ရွှေဝါပြည်သား လူတန်းစားအားလုံးတို့က ဆူပူသူတို့ကို မွေးနေကြ၏။ လက်နက်ကိုင် ဆူပူမှုရပ်သွားမည်ကို စိုးရိမ်နေကြ၏။ ဆူပူနေသူတို့ကို နည်းအမျိုးမျိုးဖြင့် အားပေးနေကြရ၏။

ဤတွင်လုပ်တန်းစားအသီးသီးတို့၏ အားပေးခြင်းခံနေကြရသော ဆူပူသူတို့ကလည်း များလှ၏။ ထစ်ခနဲဆိုလျှင် ဆူပူသူတို့ရန်ကိုသာ ရှေးရှုနေကြ၏။ ဆူပူသူတွေများလာသောအခါ ဆူပူသူအချင်းချင်း နယ်လုကြ၏၊ အာဏာလုကြ၏။ စီးပွားရေးစားကျက်လုကြ၏။

မိမိတို့အချင်းချင်းလု၍ မနိုင်သောအခါ ရွှေဝါပြည်ကြီး၏တရားဝင် စစ်တပ်မတော်ထဲ၌ ရှိသော မိမိတို့ဘက်တော်သား စစ်ဗိုလ်ကြီးများ၊ စစ်ဗိုလ်မှူးကြီးများ၊ စစ်ဗိုလ်မှူးချုပ်ကြီးများကို အကူအညီတောင်းကြ၏။

ရွှေဝါပြည်ကြီး၏တရားဝင်စစ်တပ်မတော်ဟူသည်မှာလည်း ရွှေဝါပြည်သားအားလုံးတို့ကို စုပေါင်းဖွဲ့စည်းထားခဲ့သည်ဖြစ်ရာ. . .

ရွှေဝါပြည်ကြီး လွတ်လပ်ရေးအတွက် တိုက်ခိုက်ကြစဉ်က အများဆုံးအင်အားအဖြစ်နှင့် ပါဝင်ကြသော ဗိုလ်မှူးထေက်မြက်၊ ဗိုလ်မှူးလေးလုံးညီ၊ ရဲဘော်ငဆိုးထက်ခိုင်၊ ဗိုလ်မှူးသံခဲ၊ ဗိုလ်မှူးကျောက်တိုင်၊ ဗိုလ်မှူးချုပ်သန်မာတို့နှင့် တဖွဲ့ထဲသားဖြစ်ကြသည့် အတရလဖ အဖွဲ့ဝင် စစ်သားများ. . . .

အလုပ်သမားနီအဖွဲ့မှ အလနဖဝင် စစ်သားများ. . .

အလုပ်သမားဖြူအဖွဲ့မှ အလဖဖ ဝင်စစ်သားများ. . .

ပြည်သူ့စစ်သားဖြူအဖွဲ့ဝင်စစ်သားများနှင့် မည်သည့်အဖွဲ့ဝင်မှမဟုတ်သော ရိုးရိုးကြေးစားစစ်သားများ. . .

ရွှေဝါပြည် ပြည်နယ်စစ်သားများစသဖြင့် လူမျိုးပေါင်းအဖွဲ့ဝင်ပေါင်းစုံဖြစ်၏။

ထိုစစ်သည်တော်တို့သည် မိမိတို့ကိုယ်တိုင်ရွှေဝါပြည်တပ်မတော်စစ်သားများ ဖြစ်နေကြ ရသော်လည်း ရွှေဝါပြည်၌မိမိတို့အဖွဲ့က တက်ရောက်အစိုးရဖြစ်ရန် ကျိုးပမ်းနေကြ၏။

အပြင်နိုင်ငံရေးအဖွဲ့နှင့် အဆက်အသွယ်ရှိသူတို့က အပြင်နိုင်ငံရေးအဖွဲ့ကို အားပေး၏။ အပြင်ဆူပူသူနှင့် အဆက်အသွယ်ရှိသူတို့က အပြင်ဆူပူသူတို့ကို အားပေး၏။ အပြစ်မှကင်း လွတ်အောင်လည်း အားပေးတတ်ကြ၏။

တကြိမ်က ရွှေဝါပြည်ကြီး၏ရက္ခိုက် ပြည်နယ်တွင် ဆူပူသူများဖြစ်ကြသော အလုပ်သမား နီအဖွဲ့နှင့်အလုပ်သမားဖြူအဖွဲ့တို့ ယှဉ်ပြိုင်စည်းရုံးကြရင်း မိမိတို့ဆူပူသူအချင်းချင်း အပြင်း အထန်တိုက်ခိုက်ခဲ့ကြ၏။ တွေ့ရာနေရာ၌ ပစ်ကြ ခတ်ကြသတ်ကြဖြတ်ကြ လက်နက်သိမ်းယူကြ ၏။

ထိုတိုက်ပွဲကြီး၌ ရက္ခိုက်ပြည်နယ်၏နေရာအနှံ့အပြားတို့တွင် အလုပ်သမားနီတို့က အောင်ပွဲခံလိုက်ကြရသည်ချည်းဖြစ်၏။ အလုပ်သမားဖြူတို့သည် ရက္ခိုက်ပြည်နယ်ကြီး တခုလုံး၌ ခြေကုတ်မရနိုင် မရပ်တည်နိုင်လောက်အောင် ရှုံးနိမ့်နေကြ၏။

ဤတွင် ရွှေဝါပြည်၏ စစ်တပ်မတော်အတွင်း၌ အမှုထမ်းလျက်ရှိသော အလုပ်သမား ဖြူအဖွဲ့ဝင် ဗိုလ်မှူးချုပ်ကျော်ကြားသည် ရက္ခိုက်ပြည်နယ်တနယ်လုံးရှိ ဆူပူသူတို့ကိုအပြီးအပိုင် ချေမှုန်းသုတ်သင်ပေးပါ့မည်ဟု ရွှေဝါပြည် စစ်တပ်မတော်၏ ထိပ်တန်းအစည်းအဝေးတခု၌ တာဝန်ယူလိုက်၏။

ထို့နောက် ရက္ခိုက်ပြည်နယ်အတွင်းရှိ ဆူပူသူအလုပ်သမားနီအဖွဲ့ဝင် အားလုံးတို့ကို မီးကုန်ယမ်းကုန် သွန်ကြဲတိုက်ခိုက်၏။

အလုပ်သမားဖြူတို့အပေါ်၌ တလျှောက်လုံး အောင်ပွဲခံနေခဲ့ကြသော ရက်ခွိုက်ပြည်နယ် မှ အလုပ်သမားနီတို့သည် ထိုအချိန်၌ မိမိတို့ရှုံးလှဲ့သို့ ကျရောက်လာကြ၏။

ရွှေဝါပြည်၏စစ်တပ်မတော်၌ ဗိုလ်မှူးချုပ်အဆင့်အတန်းကို ရရှိထားသော အလုပ်သမား ဖြူ အဖွဲ့ဝင် ဗိုလ်မှူးချုပ်ကျော်ကြားသည် ရွှေဝါပြည်၏ လက်နက်ခဲယမ်းရိက္ခာတို့ကို တရားဝင် အသုံးပြုလျက် တောမုဆိုး၏ခွေးသည် ယုန်သူငယ်လိုက်ဘိသကဲ့သို့ အလုပ်သမားနီတို့၏တပ်ဖွဲ့ ကို လိုက်လံချေမှုန်း၏။

ရက်ခွိုက်ပြည်ရှိ အလုပ်သမားနီတို့သည် ဗိုလ်မှူးချုပ်ကျော်ကြားရှိနေသည့်အချိန်နှင့်အမျှ ရက်ခွိုက်ပြည်နယ်ကြီး တခုလုံးကို လှည့်ပါတ်ပြေးနေကြရ၏။

ထို့အတူ အလုပ်သမားဖြူတို့ ကြီးစိုးနေသော တိုင်းကြီးတခုလုံးကို အလုပ်သမားနီအဖွဲ့ ဝင်ဖြစ်သည့် ဗိုလ်မှူးကြီးငမြေကြီး ရောက်ရှိသွားသောအခါ ထိုနယ်ရှိ အလုပ်သမားဖြူအဖွဲ့တခု လုံး ပြိုကွဲပြေးပျောက်ကုန်အောင် ထောင်းထောင်းညက်ညက်ချေပစ်၏။

ထိုမျှသာလောမဟုတ်သေးပါ ထိုနယ်ရှိလူထုကိုလည်း မိမိတို့အဖွဲ့ဝင်တွေချည်း ဖြစ်လာ လေအောင် အမျိုးမျိုးသောနည်းတို့ကိုသုံး၍ ပြုလုပ်ကြသေး၏။

ရွှေဝါပြည်စစ်တပ်မတော်ကြီး၏ ဇာတိရုပ်ပေါ်လာသောအချိန်သည် ရွေးကောက်ပွဲအချိန် ဖြစ်၏။ ထိုအချိန်၌ရွှေဝါပြည်တပ်မတော်ကြီးသည် မည်သည့်နည်းနှင့်မျှ ဘက်မလိုက် လေအောင် ထိန်းသိမ်းထား၍မရ။

အဖွဲ့အသီးသီးမှပါဝင်လာကြသော ရွှေဝါပြည်၏စစ်တပ်မတော်သား အားလုံးတို့သည် မိမိတို့အဖွဲ့ဝင်များ အာဏာရရှိရေးအတွက် အမျိုးမျိုးသောနည်းတို့ဖြင့် အစွမ်းကုန်အကြံကုန် အိပ်သွန်ဖာမှောက်အသုံးပြု၍ ကူညီကြ၏။

နယ်တနယ်၌ တာဝန်ကျသော တပ်မှူးတဦးသည် အတရလဖ အဖွဲ့ဝင်ဖြစ်အံ့၊ မိမိလက် အောက်ရှိ ဗိုလ်တို့ကို ခေါ်ယူလျက် အတရလဖအဖွဲ့ဝင်တို့ကို မရရှိစေရန် အကူအညီပေးရမည်ဟု အမိန့်ပေး၏။

အမိန့်ပေးခံရသော ဗိုလ်သည် အလုပ်သမားနီအဖွဲ့ဝင်ဖြစ်အံ့ မိမိလက်အောက်ရှိ ရဲဘော်တို့ကိုခေါ်ယူလျက် တပ်မှူးကဤသို့ပြောလေသည်၊ သို့သော် စစ်တပ်မည်သည် ဤလို ဘက်လိုက်ရန်မသင့်ဟုရှင်းပြ၏။ ဘက်မလိုက်ရေး မည်သည့်ဘက်ကိုမျှမပါဝင်ရေးတို့ကို ပြင်းပြင်း ထန်ထန် တင်းတင်းကြပ်ကြပ် ပြုထား၏။

ထို့နောက်မျှ မိမိတကယ်စိတ်ချရသည့် ရဲဘော်သုံးလေးယောက်တို့ကို လက်နက်ကိုင်ပြု လျက် အလုပ်သမားနီအဖွဲ့အစည်းဘက်မှ မဲဆွယ်ခိုင်း၏။

မဲဆွယ်ပုံကလည်း လွယ်လှ၏။ ညနေဝင်ရိုးရီကဲ့သို့သော အချိန်မျိုး၌ 'အလုပ်သမားနီ ဘက်သို့ မဲထည့်ရမည်၊ မထည့်လျှင်ဒါကြည့်'ဟု ပြော၍ လက်ပစ်ဗုံးနှင့်သေနတ် စသည်တို့ကို တအိမ်တက်ဆင်းလိုက်ပြရုံဖြစ်၏။

အကယ်၍ထိုအရပ် ထိုနယ်၌ တာဝန်ယူတာဝန်ရှိသော စခိုင်းသူဗိုလ်ကြီးကိုယ်တိုင်သည် ဤအကြောင်းဤဖြစ်ရပ်ကို အတိုင်အတောခံရသည် ကြားသိရသည်ဖြစ်အံ့ . . .

ထိုကျူးလွန်သည့် ရဲဘော်တို့အားပြန်ခေါ်ပြီးသည့်အချိန်၌ တအိမ်တက်ဆင်း ကြိမ်းမောင်းခြိမ်းခြောက်သွားသည့် လူစွမ်းကောင်းကို ဘမ်းဆီးရန်အတွက် အဆိုပါ ဗိုလ်ကြီးသည် ရွာရိုးသို့ထွက်လာပေလိမ့်မည်။

ထိုအခါ အဆိုပါ စောစောက လူစွမ်းကောင်းသည်လည်း စစ်ဝတ်စုံကိုဝတ်လျက် လက်နက်အပြည့်အစုံကိုကိုင်စွဲလျက် ဗိုလ်ကြီး၏အနီး၌ ကပ်လျက်ကျေးရွာလူထု၏ရှေ့သို့ နှစ်ကြိမ်မြောက်ပြန်၍ရောက်လာ၏။

ပထမအကြိမ်က အလနဖ မည်သောအလုပ်သမားနီအဖွဲ့ကို မဲပေးရမည်ဟု ခြိမ်းခြောက် ပြောဆိုရန် ရောက်လာခြင်းဖြစ်၏။

ယခုဒုတိယအကြိမ်မူ ထိုသို့ပြောဆိုသူကို ဖမ်းဆီးရန်ပြောဆိုသူကိုယ်တိုင်ပင် မိမိ၏ ဗိုလ်မှူးကြီးဖြစ်သူနှင့်ရောက်လာနေခြင်းဖြစ်၏။

ကျေးရွာလူထုတို့သည် သူရဲခြောက်ခံလိုက်ရသကဲ့သို့ မျက်နှာ၌သွေးဆုတ်ကြကုန်လျက် ဘာမျှမပြောဝန့်မဆိုဝန့် ဖြစ်လာကြ၏။

ထိုသို့ဖြစ်နေရသည့်ကြားထဲ၌ တာဝန်ခံဗိုလ်ကြီး ကိုယ်တိုင်သည် ကျေးရွာလူထုကိုစုရုံးစေ၍ မိမိတပ်ကြပ်လူစွမ်းကောင်းကြီးအား စကားပြောစေပြန်၏။

ခင်ဗျားတို့ကျေးရွာသားတွေဟာ ရိုးရိုးအရပ်သား အရပ်သားပီပီ မနေချင်ကြဘူး နိုင်ငံရေးသမားယောင်ယောင်တွေဘာတွေ ဒီအရပ် ဒီနယ်မှာ ရှုတ်နေကြတယ်နဲ့တူတယ်. . .၊

ကဲ ခင်ဗျားတို့ ပြောကြစမ်းပါဦး ကျုပ်တို့လိုလက်နက်ကိုင်တပ်မတော်ကြီးတခုလုံး ဒီနယ် မှာလာပြီး စောင့်နေပါလျက်နဲ့ ဘယ်က အလုပ်သမားနီအဖွဲ့တွေဘာတွေ လာရဲကြမှာတုံး. . . ကဲ ဘယ်သူကတွေ့လိုက်တာတုန်း တိတိကျကျပြောပြစမ်းပါ. . .၊

လာရောက်ခြိမ်းခြောက်သူကိုယ်တိုင်က ပြောဆိုနေခြင်းဖြစ်ရာ တွေ့လိုက်မြင်လိုက်ကြရ သူတိုင်းက မျက်နှာအပျက်ချည်းပျက်နေကြ၏။ တပ်ကြပ်ကြီးက လူထုကြောက်မကြောက် အကဲခတ်လျက် စကားထပ်ဆက်၏။

ဒါဟာ နိုင်ငံရေးသမားတယောက်က တမင်ဆူဆူပူပူဖြစ်အောင် တစုံတခုလှုပ်ရှားလာအောင် လူတွေကြောက်ကြောက် ရွံ့ရွံ့ဖြစ်ကုန်အောင် သတင်းလွှင့်လိုက်တာဖြစ်မယ်. . . . . .၊

ဒီတော့ ကျနော်တို့ရှင်းရှင်းပြောမယ် ကျနော်တို့ဟာ ခင်ဗျားတို့ နိုင်ငံရေးတွေထဲမှာမပါ ဘူး၊ ကျနော်တို့ ဝတ္တရားဟာ ခင်ဗျားတို့ကို ကာကွယ်ပေးဘို့ စောင့်ရှောက်ပေးဘို့ ဒါဟာ ကျနော်တို့အလုပ်၊

ကျနော်တို့ကိုယ်တိုင် လက်ရှိအာဏာရနေတဲ့ အတရလဖ အဖွဲ့အစိုးရရဲ့ စစ်သားတွေ ဖြစ်နေရပေမယ့် အတရလဖ အဖွဲ့ကြီးကို မဲပေးရမယ်လို့ ဘယ်တော့မှ မတိုက်တွန်းဘူး မပါဝင်ဘူး. . . .။

အဲ ဒါပေမဲ့ ဒီအချိန်မှာ တိုင်းပြည်ဆူဆူပူပူဖြစ်လာရင် အာဏာရအစိုးရအဖွဲ့သားဘဲဖြစ် ဖြစ်၊ ဘယ်သူဘဲဖြစ်ဖြစ် အရေးယူဖြစ်မှာဘဲ ခင်ဗျားတို့နားလည်လား. . . .၊

လူကြီးတွေတုတ်တုတ်မျှမလှုပ်ဝန့်ကြ၊ မျက်လုံးအပြူးသား အငိုင်သားနှင့်ငေးကျန်ရစ်ကြ ၏။ ထို့ပြင်အချင်းချင်းမျှ စကားမပြောဝန့် ထင်မြင်ချက်ပေးဝန့်ကြတော့. . . .။

ဤသို့ဖြစ်ပြီး နှစ်ရက်ခန့်အကြာ၌ ရွှေဝါပြည်စစ်တပ်မတော်မှ ဗိုလ်ချုပ်ကြီးနှင့်အလုပ်သမားနီ အဖွဲ့ခေါင်းဆောင်ကြီးတို့ မည်သည့်နေရာ၌တွေ့ဆုံကြသည်၊ အတရလဖ ဦးကံပေးတို့ ကို ဗိုလ်ချုပ်ကြီးက အဖွဲ့လိုက်ဖမ်းဆီးတော့မည်ဟူသော သတင်းတွေပေါ်လာ၏။

ထိုသတင်းနှင့် မရှေးမနှောင်းပင် ရွာထဲရှိအိမ်တအိမ်သို့ စာရွက်စာတမ်းများနှင့်တကွ အလုပ်သမားနီအဖွဲ့၏ မြေအောက်ကိုယ်စားလှယ်တို့ ရောက်လာ၏။ ထိုကိုယ်စားလှယ်၏ စာရွက်စာတမ်းတို့သည် ကျေးရွာ၌ပင်မကဘဲ ရွှေဝါပြည်၏စစ်တပ်မတော်ကြီးအတွင်းသို့ ရောက်လာ၏။

ဤသတင်းသည် သက်ဆိုင်ရာတပ်မှူး၏နားသို့ ရောက်ပြီးနောက် မကြာမီအတွင်း မြေအောက် အလုပ်သမားနီကိုယ်စားလှယ်ကို လက်ခံမိသည့် ကျေးရွာသားတို့အား တပ်ရင်းမှ တိုက်ရိုက်လာရောက်ဖမ်း၏။ ထိုနယ်တာဝန်ခံ ဗိုလ်ကြီးတို့ကိုလည်း အခြားတနေရာ သို့မဟုတ် ရန်နိုင်နေပြည်တော်ရှိ စစ်ခုံရုံးသို့ပို့ပေးလိုက်၏။

ရွှေဝါပြည်၏ စစ်တပ်မတော်သားတို့သည် ဤသို့လျှင် မိမိတို့ကြိုက်ရာကြိုက်ရာ အဖွဲ့ အစည်းတို့အတွက် လစ်လျှင်လစ်သလို အခွင့်ရလျှင် ရသလို ဝင်ရောက်အကျိုးပြုကြ၏။

ဤသို့အကျိုးပြုဖန်များလာသောအခါ ရွှေဝါပြည်သားလူထုသည် ရွေးကောက်ပွဲနီးလာတိုင်း မိမိတို့ယုံကြည်မှုဖြင့် မိမိတို့ကို အုပ်ချုပ်မည့်သူတို့အား မရွေးခြယ်ကြတော့ဘဲ မိမိတို့ လက်တလော သက်သာမည့် အခွင့်အရေးရနိုင်မည့် အဖွဲ့အစည်းတို့ကိုသာ လိုက်လျော အားပေးလေ့ရှိကြ၏။

ဤသို့ဖြင့် ရွှေဝါပြည်လူထုသည် မည်သည့် ယုံကြည်ချက်မျှ မထားကြတော့ဘဲ လောလော ဆယ်တွေ့သိနေရသည့်အကြောင်းအရာ ဖြစ်ရပ်တို့အလိုက် ဟော. . . ခုတမျိုး၊ ခုတမျိုး၊ ခဏကြာလျှင် တမျိုးပြောင်းလဲနေကြ၏။

ရွှေဝါပြည်သားများသာလျှင် ဤသို့ဖြစ်နေကြသလော. . . . မဟုတ်ပါ။

ရွှေဝါပြည် တပ်မတော်အတွင်းရှိ စစ်သားအကြပ်အားလုံးတို့သည်လည်း ဤအတိုင်းဖြစ် နေကြ၏။

အလုပ်သမားနီကို လက်ခံယုံကြည်သော ဗိုလ်ကြီး၏လက်အောက်၌ ပူးပူးကပ်ကပ်အမှု ထမ်းနေရသော ရဲဘော်စစ်သားသည် ရဲနေအောင် နီပစ်လိုက်၏။

ထိုစစ်သားသည် ဗိုလ်ကြီး၏ ထောက်ခံချက်ဖြင့် ရာထူးတိုးလျက် အလုပ်သမားဖြူဗိုလ်မှူး ၏အနီးသို့ ပူးပူးကပ်ကပ်ရောက်လာရသောအခါ ဖွေးနေအောင်ဖြူသွား၏။

ထိုဗိုလ်မှူး၏ထောက်ခံချက်ဖြင့် ဗိုလ်သင်တန်းသို့ တက်ရောက်ရန် ရွေးချယ်ခြင်းခံရ လျက် ကျောင်းမှဆင်းလာခဲ့၍ အနိုင်ကျင့်စံနစ်တိုက်ဖျက်ရေးအဖွဲ့ဝင်ဖြစ်သော အတရလဖ အဖွဲ့ဝင် ဗိုလ်မှူးကြီး၏အနီးသို့ ပူးပူးကပ်ကပ်ရောက်လာရသောအခါ ထိုအသစ်စက်စက် ဗိုလ်ကလေးသည် တပ်ထဲသို့မရောက်မီ အနိုင်ကျင့်စံနစ်ကို ရှေ့ဆုံးမှနေ၍ တိုက်ဖျက်လာခဲ့ကြ သော တကယ့်တိုက်ဖျက်ရေးသမားလူကောင်းကြီး လုပ်ပစ်လိုက်၏။

ဤသို့လျှင် ရွှေဝါပြည်စစ်တပ်မတော်ကြီးတခုလုံးရှိ စစ်သား စစ်ဗိုလ်တို့သည်လည်း ယုံကြည်ချက် ခိုင်ခိုင်မာမာရှိသူများ နည်းလာလျက် မိမိနှင့်ထိကပ်နေရသော အထက်အရာရှိ အကြိုက်မဖြစ်မနေ ပြိုးပြိုးပြာပြာပြုလုပ်လေ့ရှိတတ်သော အကျင့်တွေဝင်လျက်ရှိကြ၏။

ဤသည်ကိုလည်း အထက်အရာရှိအဖြစ် အမိန့်ပေးနေရသူ အားလုံးတို့က အလွန်ကြိုက် နေ၏။ စစ်သားဟူသည်အထက်မှ ပေးအပ်လိုက်သော အမိန့်ကိုတိတိကျကျ နာခံဘို့သာလို၏။ ပြန်လှန်အကြောင်းပြရန်မရှိ။

သို့သော်. . . ခက်နေသည်ကား ထိုအမိန့်တို့သည် ရည်ရွယ်ချက်တခု၊ မှတ်တိုင်တခုတည်း သို့ ရှေ့ရှုထားသည့် အမိန့်မျိုးမဟုတ်ဘဲ အမိန့်ပေးသူ၏ ရည်ရွယ်မှုဆန္ဒအတိုင်း အမျိုးမျိုးကွဲ ပြားနေကြ၏။

ထို့ကြောင့် အမိန့်ကိုအတိအကျနာခံလေ၊ ရွှေဝါပြည်၏ စစ်တပ်မတော်ကြီးအတွင်း၌ တဦးနှင့်တဦး တနေရာနှင့်တနေရာ ပြုလုပ်ဆောင်ရွက်ပုံပို၍ ကွဲပြားခြားနားလာလေလေဖြစ်လာ ၏။

ထို့ပြင်နေရာအသီးသီး၊ ဆရာအသီးသီး၊ ဗိုလ်ကြီးများအသီးသီး၏ လက်အောက်သို့ ပြောင်းရွှေ့ဆောင်ရွက်နေရသော ရဲဘော်တွေအတွက်လည်း အမိန့်အမျိုးမျိုးကို နာခံတတ်လာ သောအကျင့်မျိုးကိုရလာ၏။ အမိန့်အမျိုးမျိုး၏ တာဝန်ဝတ္တရားများကို ပြုမူဆောင်ရွက်တတ် လာသောအကျင့်မျိုး၌ အသားကျလာ၏၊ အမိန့်ပေးသူတိုင်းကို စိတ်ကျေနပ်အောင် ပြုမူတတ် သောအကျင့်ကိုရလာ၏။

ဤသို့ဖြင့် ရွှေဝါပြည်စစ်တပ်မတော်ကြီးမှ ရဲဘော်တိုင်းတို့သည် ခိုင်းစေသူတိုင်း အမိန့် ပေးနိုင်သူတိုင်း၊ အာဏာရှိသူတိုင်း၏ စိတ်ကြိုက်ကို ဖြစ်သလိုနည်းနှင့်ဖြစ်အောင် လုပ်တတ်သူ တွေချည်းဖြစ်လာကြလျက် ထိုသူတို့သည် မိမိနှင့်နီးကပ်သော အထက်လူကြီးတွေ၏ အကြိုက်ကို ချည်း ပြုမူဆောင်ရွက်ကြခါ ရာထူးဌာနတိုးကုန်ကြ၏။

အချိန်ကြာသော် ထိုသူတို့သည် ရာထူးငယ်များ၌ အားလုံးလိုလိုရောက်ရှိလာကြကာ အောက်လူကို မဖြစ်ဖြစ်အောင် အမိန့်ဖြင့်စေခိုင်းလျက် အထက်လူကို အလိုကျအောင် အကြိုက် ဖြစ်အောင် မိမိကိုလည်း အလွန်တာဝန်ဝတ္တရားကျေအောင်ပြုလုပ်နိုင်စွမ်းသူဟု နာမည်ရလေ အောင် ပြုလုပ်ကုန်ကြ၏။

ဤသို့ပြုလုပ်တတ်သည့် ရွှေဝါပြည်စစ်တပ်မတော်၏ အရာရှိငယ်များသည် အပြင်နိုင်ငံ ရေးအဖွဲ့အစည်းဖြစ်သူတို့၏ အကျိုးကိုဝင်ရောက်ဆောင်ရွက်ပေးကြရာ၌ မိမိတို့ဆောင်ရွက်ပေး သည့်အဖွဲ့မှ ရာထူးအာဏာရလာသောအခါ. . . .

ထိုသူတို့ရာထူးရလေအောင် နည်းအမျိုးမျိုးဖြင့် ကူညီခဲ့ကြရသော မိမိတို့သည်လည်း သစ္စာရှိဘက်တော်သားများအဖြစ်ဖြင့် နေရာရာထူးတိုးတက်ရရှိလာကြ၏။

ဤအတိုင်းဖြတ်လမ်းမှ နေရာရာထူးတိုးတက်ရရှိသွားသူတို့ကို တွေ့ကြရသောအခါ ရွှေဝါပြည်ကြီး မလွတ်လပ်မီကတည်းက တိုင်းပြည်နှင့်လူမျိုးကိုချစ်လျက် ဦးဆွေးခံမြေ့ ကျိုးပမ်း လာခဲ့ကြသည့် ရဲဘော်,အကြပ်,ဗိုလ် စသည်တို့သည် နှလုံးမသာမယာဖြစ်လာကုန်ကြ၏။

'သို့သော်–ထိုသူမျိုးတို့ကား ဤသူတွေဤသို့ဖြတ်လမ်းမှတက်အောင်ပြုသည့်အတိုင်း မိမိတို့လည်း မည်သို့ပြုရမည်၊ မည်နှယ်အထက်လူကြီး စိတ်ကြိုက်တွေချည်း ဖြစ်အောင်လုပ်မည် ဟူသော အတွေးအခေါ်မျိုးမရှိကြ။

တိုင်းပြည်နှင့်လူမျိုး၏အကျိုးရှိရေးအတွက် ရွှေဝါပြည်စစ်တပ်မတော်ကြီးကို မထိခိုက် လာရေး အကျိုးရှိရေးကိုရှေးရှုလျက် ဖြစ်သင့်ဖြစ်နိုင်သည့်အတိုင်း မှန်မှန်သာပြုကျင့်၏။ ဖြစ်နိုင် လျှင်ဆောင်ရွက်ပေး၏။ မဖြစ်နိုင်လျှင်မဖြစ်နိုင်ဟုပြော၏။ 'အတင်းပြုလုပ်လျှင်

ဖြစ်လာနိုင်ဘွယ် ရှိသော်လည်း လူထုနှင့်ဆက်ဆံရာတွင် လူထုကမည်သို့ငြိုညင်မည် တပ်မတော်ကိုမည်သို့ ထိခိုက်နိုင်သည်စသဖြင့်ပြော၏။

ဤသို့ပြောလျှင် ဤသူတို့သည် အထက်လူကြီးတို့ကို မကျိုးနွံတတ်၊ လူဟောင်းကြီးများ ဖြစ်၍ကြည့်နေကြရ၏။ မည်သည့်အရာမျှအောင်မြင်အောင် ဖြစ်အောင်လုပ်နိုင်သူများ' မဟုတ်ကြ။ အမိန့်ပေးစေခိုင်း၍လည်းကောင်း ခြံပေါက်နွားကပ်ကြီးများကဲ့သို့ ထုံပေပေရှိ၏ဟု ယူဆကြ၏။

ဤအတိုင်း မိမိတို့အချင်းချင်းကလည်းထင်၏၊ အလုပ်ကောင်းသဖြင့် ကျော်ဖြတ်တက်လာကြရသော လူသစ်များကလည်းထင်၏။ သို့သော်အထင်ခံရသူတို့သည် ဝမ်းထဲ၌မကျေမနပ် ဖြစ်နေကြသော်လည်း မည်သို့မျှတုံ့လှုပ်မှုကိုမပြု၊ မိမိတို့တည်ထောင်လာခဲ့ကြသော ရွှေဝါပြည် စစ်တပ်မတော်ကြီးကို သံယောဇဉ်တွယ်နေသူများဖြစ်ကြရကား မျက်နှာလိုမျက်နှာရ ဝတ္တရား ကျေပွန်အောင် အတင်းဆောင်ရွက်နေကြသော သူတို့ကို မြင်ရတိုင်း မမြင်နိုင်မသိနိုင်စေရန် တအားကုန် 'မှုး' ၍ချည်းနေတတ်ကြ၏။

ထိုနည်းအတိုင်း ရွေးကောက်ပွဲသုံးကြိမ်ခန့် ပြုလုပ်ပြီးသည်နှင့်တပြိုင်နက် ရွှေဝါပြည်၏ စစ်တပ်မတော်ကြီးသည် အမျိုးမျိုး ကပြောင်းကပြန်ဖြစ်လာ၏။ အပြင်မှနိုင်ငံရေး၏ အရိပ် အရောင်မကင်းသော စစ်ဗိုလ်များသည် နေရာအသီးသီး ဌာနအသီးသီးတို့၌ တာဝန်အသီးသီးကို ယူကြလျက် တဦးနှင့်တဦး 'ဂျောက်'ချရန် အကြိတ်အခဲထားရင်း တပ်မတော်၏ စစ်စည်းကမ်း အောက်တွင် ပြုံးပြုံးချည်းလက်တွဲလုပ်ကိုင်နေကြ၏။

ထို့နောက် တဦးနှင့်တဦး မျက်ခြေမပြတ်ကြည့်ကြလျက် အချက်တွေ့သည်နှင့် အဆက်မှ ဖြုတ်၍ 'ချ'လိုက်ကြတတ်၏။

ဤသို့အချခံလိုက်ရလျှင်လည်း မိမိတို့နှင့်တဖွဲ့တည်းတဂိုဏ်းတည်းရှိသူတို့ကို အကူအညီ တောင်း၏။ လိုအပ်လျှင် အပြင်နိုင်ငံရေးအဖွဲ့အစည်းတို့မှ ငွေကိုတောင်း၏။ အပြင်နိုင်ငံရေး အဖွဲ့အစည်းတို့ကလည်း ပေးကြ၏။

မည်သူသည် မပေးဘဲနေပါမည်နည်း ရွေးကောက်ပွဲအချိန်က ထိုဗိုလ်ကြီးများ ဗိုလ်မှူးကြီး များတို့သည် လူအားလက်နက်အားသာမက မိမိတို့ကိုငွေအားနှင့်ပင် ဝိုင်းဝန်းကူညီကြသေးသည် မဟုတ်လော. . . . .။

ထို့ကြောင့် ယခုကဲ့သို့အကြောင်းရှိလာတိုင်း အပြင်မှငွေအား အပေါင်းအသင်းအားနှင့် ဝိုင်းဝန်းကူညီကြကုန်၏။ ထို့ပြင် အပြင်အရပ်ထဲ၌ မိမိတို့ဘက်တော်သား နိုင်ငံရေးအဖွဲ့ဝင် ဆရာသမားတို့၏ တပည့်တပမ်းတို့၏အမည်ဖြင့် ဖက်စပ်တည်ထောင်ထားသော ဗိုလ်ကြီးတို့ ဗိုလ်မှူးတို့ပိုင်ကုမ္ပဏီတိုက်ဆိုင်တို့လည်းရှိသေး၏။ ထိုကုမ္ပဏီတိုက်ဆိုင်တို့သည် အရေးအကြောင်းရှိသည်နှင့်ငွေသွန်၍ အသုံးပြုနိုင်သောနေရာများဖြစ်ကြ၏။

အကယ်၍ ခုံကာကွယ်ခြင်းမလုပ်လို လုပ်ရန်လည်းလက်မခံတော့ဦးဆိုစေဦး ကိစ္စမရှိပြီ။

လစာအပြည့်ဖြင့် ခွင့်သုံးလယူ၍ နုတ်ထွက်စာတင်ပြီး နုတ်ထွက်ရစေဦး အပြင်၌ အသင့် ဝင်ရောက်လုပ်ကိုင်ရန် ကုမ္ပဏီများ လုပ်ငန်းများအသင့်ရှိပြီးဖြစ်၏။

ဤသို့လျှင် ရွှေဝါပြည်စစ်တပ်မတော်ကြီး၏ အထဲ၌လည်း အပြင်၌ရှိနေကြသော နိုင်ငံရေးအဖွဲ့ပေါင်းစုံတို့၏ အမွေခံဗိုလ်များ တပ်သားများအပြိုင်အဆိုင်ရှိနေကြ၏။

ထို့ကြောင့် ရွှေဝါပြည်တပြည်လုံး တောင်သူလယ်သမားဆိပ်ကမ်းကူလီ အလုပ်သမားတို့မှစ၍ ရွှေဝါပြည်စစ်တပ်မတော်အပါအဝင် ထိပ်ဆုံးရှိအုပ်ချုပ်သူ ဦးကံပေးအထိ တစ်စထက် တစ မိမိအဖွဲ့အစည်းတို့၏ အကျိုးကို သယ်ပိုးဆောင်ရွက်နေကြသည်ဟု မှတ်ထင်ဆောင်ရွက် နေကြရင်း ထိုပြုလုပ်မိသမျှတို့သည် မိမိတို့၏ကိုယ်ကျိုးအတွက် ပြုလုပ်နေကြသည်ချည်း ဖြစ်လာကြ၏။

မိမိတို့အဖွဲ့အစည်းအတွက် သစ္စာရှိရှိဖြင့် ပြုလုပ်လေသမျှ အားလုံးတရားသည် မှန်ကန် သည်ဟု ထင်၍ပြုလုပ်လေတိုင်း မိမိကိုယ်ကျိုးအတွက် ပြုလုပ်ဆောင်ရွက်နေကြရာသို့ ရောက်ကုန်ကြ၏။

ဤသို့ဖြင့် ရွှေဝါပြည်ကြီးသည် လူတိုင်းလူတိုင်း ကိုယ်ကျိုးအတွက် ရက်ရက်ရောရော ပြုလုပ်ဝံ့သူတွေ ပြုလုပ်နေကြသူတွေချည်း ဖြစ်လာကြ၏။

ထိုအခါ ကုန်သည်တို့ကလည်း မိမိတို့၏ရောင်းကုန်များအမြဲတန်း တက်စျေးရှိနေရေး အတွက် ဆူပူသူတို့ကို မွေးထားကြ၏။

ရွှေဝါပြည် ရဲအဖွဲ့နှင့် စစ်တပ်မတော်တို့ကလည်း မိမိတို့ကိုအထက်အစိုးရကြီးများက အမြဲတန်း အားကိုးနေရစေရန်တကြောင်း. . . .

မိမိတို့ရာထူးတက်ရန်အတွက် အစွမ်းပြရာ လုပ်ငန်းပြရာဌာနကြီးတခုအဖြစ် အမြဲတန်း တည်ရှိနေစေရန် တကြောင်း. . . .

မိမိတဦးတည်းတယောက်တည်း အမိုက်ခံအသေခံ၍ တိုင်းပြည်လူထုအတွက် သူမသိ လူမသိနှင့် မစွန့်စားလိုသည်တကြောင်း. . . .

ဤမိမိတို့အတွက် ကိုယ်ကျိုးရှိသောအကြောင်း ၃ခုကြောင့် ဆူပူသူတို့ကို တမင်မတိုက် ခိုက်ဘဲ ရှောင်နေကြ၏။

လယ်သမားတို့ဘက်သို့ ကြည့်ပါဦး. . . .။

ရွှေဝါပြည်၌ တကယ့်လယ်သမားကြီးများမှအပ နောက်ပေါက်လယ်သမားတို့သာလျှင် တောရပ်တောရွာ၌ နေနိုင်ကြ၏။

တကယ့်လယ်သမားကြီးများသည် လူရိုးကြီးတွေဖြစ်သောကြောင့် ရိုးသားကြ၏။ ဆူပူသူတို့ကိုလည်း အားမပေးကြ၊ အေးအေးနေချင်ကြ၏။ ထို့ကြောင့် ထိုလယ်သမားကြီးများ သည် ဆူပူသူတို့က အကြိမ်ကြိမ်နှိပ်စက်လာသောအခါ ဆူပူသူတို့နှင့်ဝေးရာ မြို့ပေါ်သို့ပြောင်း ပြေးကြရ၏။

ထိုအခါ ဆူပူသူတို့ သတင်းပေးကြလက်ထောက်ချကြ၍ အရိုးအရင်းဝေစုရနေကြသော ရွာခံလူပေ့ါ လူပျက်များသည် လယ်သမားကြီးတို့၏လယ်ကို မိမိတို့သဘောအတိုင်း ခွဲဝေလုပ် ကိုင်ကြ၏။

ရိုး,အ,သော်လည်း ဆင်းရဲလွန်းသောကြောင့် ဘေးရန်ကင်းစွာဖြင့် ရွာ၌နေရဲထိုင်ရဲ ကျန်ရှိခဲ့သောသူတို့အား ရွာခံလူလည် လူပျက်တို့က တဆင့်သီးစားချစားကြ၏။

ထိုနောက် ထိုလူလယ်တို့က မြို့သို့တက်၍ မိမိတို့သည်ကျေးရွာကို ကာကွယ်ဆောင့် ရှောက်နေကြရပါသည်။ လယ်ရှင်တို့ပစ်ထားသဖြင့် မြေရိုင်းဖြစ်သွားတော့မည့်လယ်တွေကို လုပ်ကိုင်နေကြပါသည်။ သူကြီးလည်း ထွက်ပြေးနေသောကြောင့် မိမိတို့ရွာကိုအုပ်ချုပ်မည့်သူ

ကာကွယ်ပေးမည့်သူများလည်း မရှိဖြစ်နေပါသည်။ အကယ်၍မိမိတို့ကို လက်နက်စသည်တို့ ထုတ်ပေးလျှင် မိမိတို့ရွာမျှသာမဟုတ် အနီးအနားရွာများကိုပါ ကာကွယ်ပေးပါမည်ဟု မြို့ပိုင် အစရသည်တို့အား သွားရောက်တောင်းဆိုကြသေး၏။

တောင်းသည့်အတိုင်းလည်းရ၏။ ထိုအချိန်ကရွှေဝါပြည်အစိုးရသည် လယ်သမားကြီးများ တောသို့ မပြန်ဝံ့သည်ကို ပြန်ဝံ့အောင် မပြုလုပ်နိုင်ကြ။

တောရွာသူရွာသားများ အေးချမ်းငြိမ်သက်စွာမိမိတို့အလုပ်ခွင်သို့ ပြန်ဝင်နိုင်ကြအောင် ဆူပူသူတို့ကို ကာကွယ်မပေးနိုင်ကြ။

ထိုအခါ ထိုသို့မပြန်ဝံ့ကြသူများကို အတင်းအကြပ်မောင်းထုတ်သည့် နည်းမျိုးဖြင့် လက်ရှိလယ်လုပ်သူသာလျှင် လယ်ကိုပိုင်ဆိုင်စေရမည်ဟူသော အမိန့်ကိုထုတ်၏။

ထို့နောက် လယ်သီးစားများအပေါ်တွင် လယ်ရှင်တွေက ခေါင်းပုံဖြတ်ကြသောကြောင့် အမြတ်ကြီးစားကြသောကြောင့်ဟု အကြောင်းပြကြ၏။

ထိုအကြောင်းပြချက်အတိုင်း ဆောင်ရွက်လိုက်သောအခါ လယ်ကေတသောင်း၊ နှစ်သောင်းပိုင်ဆိုင်သည့် လယ်ပိုင်ရှင်ကြီးများကို ထိခိုက်သည်မှန်၏။ သို့သော် တကယ့်ရွှေဝါပြည်သားကိုယ်တိုင်လုပ်သော မျိုးရိုးအစဉ်အဆက်တို့မှ လယ်သမားကြီးများကို ချွင်းချက်မထား ခဲ့သောကြောင့် ထိုအများစု လယ်သမားကြီးများကိုပါ ထိခိုက်နေ၏။

ထိုလယ်သမားကြီးမျိုးတို့သည် မျိုးရိုးအစဉ်အဆက်ကခုတ်ထွင် ပိုင်ဆိုင်လာခဲ့ကြသည့် မိမိတို့၏ကိုယ်ပိုင်လုပ် လယ်မြေများကို တဦးတဦးလျှင် ကေတရာကျော်မှ အနည်းဆုံးကေသုံး ဆယ်နှင့် အစိတ်ခန့်လုပ်ကိုင်နိုင်ကြသော လယ်သမားကြီးများဖြစ်ကြ၏။

သို့သော်. . . . . ထိုလယ်သမားကြီး အများစုတို့သည် တောရပ်တောရွာသို့ မပြန်ဝံ့ဘဲ၊ မိမိတို့၏လယ်ကို ကျေးရွာ လူပေါ်လူကြော့ လူရမ်းကားတို့က ခွဲဝေယူကြရန် စွန့်ပစ်လိုက်ကြ၏။

ထိုအခါ ကျေးရွာလူရမ်းကား လူပေါ်ကြော့ တကိုယ်ကောင်းသမားတို့က ထိုလယ်များကို မိမိတို့ကိုယ်တိုင်လုပ်သည်ဟု အကြောင်းပြလျက် ကြွခင်းကလေးမျှဖြစ်ကတတ်ဆန်းသမားဟု အမည်ခံရုံမျှ လုပ်ကြပြီးလျှင် အနီးအနားရွာသို့ မိုက်ကြေးခွဲယူခြင်း၊ ဆူပူသူတို့ကို လက်ထောက် ချ၍ ဝေစုခွဲယူခြင်း စသည့်အလုပ်မျိုးကိုချည်းလုပ်နေကြ၏။

ထိုသူတို့လုပ်သောလယ်ကား တဦးလျှင် နှစ်ကေမှ ငါးကေအထိမျှသာဖြစ်၏။

အကောင်းဆုံးလယ်သည် တကေလျှင် စပါးသုံးဆယ့်ငါးတင်းမှ တင်းခြောက်ဆယ် အတွင်း၌သာထွက်၏။ တင်းခြောက်ဆယ်ထွက်သောလယ်ကရှား၏။ လယ်အလုပ်လည်းကောင်း ရ၏။ မြေလည်းကောင်းရ၏။ သို့မှထွက်သည်။

သို့အတွက် နှစ်ကေသာလုပ်သည့် လယ်သမားတယောက်သည် မြေကောင်းသည့် အတွက် မလုပ်တတ်သည့်လယ်သမားဖြစ်သည် ထားဦး စပါး ၇၀ထွက်၏။ ရွှေဝါပြည်၏အစိုးရ သတ်မှတ်ဈေး စပါး ၁၀၀–လျှင် ၃၀၀–ကျပ် ဈေးဖြင့် တလင်းသို့အရောက်လိုက်ဝယ်သည်ထား၊ စပါး ၇၀–အတွက် ဈေး ၂၁၀–ကျပ်ရနိုင်သည်။

တနှစ်လုံးမှ ငွေ ၂၁၀–ကျပ်မျှရသည်ဆိုလျှင် လင်မယားနှစ်ယောက်တည်းနေကြသည့် အိမ်ထောင်ဆိုပါက တယောက်အတွက်တလကို ရှစ်ကျပ်ခုနှစ်ဆယ့်ငါးပြားဝင်ငွေရှိ၏။ ထိုမျှ

ဝင်ငွေကလေးနှင့် လင်မယားနှစ်ယောက်တို့ စားဝတ်နေရေး မလုံလောက်ကြောင်း၊ ရွှေဝါပြည် အစိုးရက မသိမဟုတ်သိ၏။

သို့သော်. . . . သိသဖြင့် အမှန်အတိုင်းဖြစ်အောင် လုပ်မည်ဆိုပါက နောက်ထပ်ပြဿနာ များထပ်၍ပေါ်မည်၊ ထိုသို့ပြဿနာအသစ်ပေါ်လိမ့်မည်ကို ရွှေဝါပြည်အစိုးရတို့မလိုလား။ ထို့ကြောင့် မသိချင်ယောင် ပြုနေလိုက်ကြ၏။

ဤသို့ဖြင့် ရွှေဝါပြည်၌ တောင်သူလယ်သမား အတုတွေချည်းဖြစ်နေကြ၏။ ထိုတောင် သူလယ်သမားအတုတို့ကလည်း ဆူပူသူတို့ငြိမ်းချမ်းသွားမည်ကို မလိုလားကြ။

ငြိမ်းချမ်းလျှင် လယ်သမားကြီးတွေ ပြန်လာမည်၊ မိမိတို့သည် လက်နက်ကိုင်၍ အနီး အနားရွာများကို မိုက်ကြေးမခွဲကြရတော့၊ သို့မဟုတ် မိုက်ကြေးခွဲသူတို့ကိုကပ်ရပ်၍ အရိုးအရင်း မကိုက်ကြရတော့။

အလုပ်သမားလူတန်းစားတို့၌လည်း ထိုနည်းနှင်နှင်ဖြစ်၏။ အလုပ်သမားလူတန်းစားတို့ အနက် စက်ရုံကြီးများရှိ အလုပ်သမားတို့သည်မိမိတို့အလုပ်ရှင်များ အမြတ်အစွန်းရမှ မိမိတို့ လခအလျှော့မခံရ အလုပ်မှထုတ်မခံရဖြစ်မည်၊ ထို့ကြောင့်အလုပ်ရှင်တို့ အမြတ်စွန်းရရန်အမြဲ တန်း စျေးကောင်းရန်အတွက် ဆူပူသူတို့ရှိနေမှဖြစ်မည်။

ဤသို့အတိုင်း ရွှေဝါတပြည်လုံး ကိုယ်ကျိုးကိုသာ ကြည့်နေကြ၏။ တိုင်းပြည်အတွက် မည်သူမှ စိတ်မဝင်စားကြတော့. . .

ထိုသို့သော အခြေအနေမျိုးသည် တော်သူနေ မတော်သူသေကြသော အခြေအနေမျိုး ဖြစ်၏။ တော်သူဉာဏ်ရှိသူကလည်းနည်းလှ၏။

ထို. . . . တော်သူအားလုံးတို့ကလည်း မိမိတို့၏ကိုယ်ရေးကိုယ်တာ သက်သာချောင်ချိမှု အခွင့်အရေးရမှုတွေကိုချည်းကြည့်ကြ၏၊ သို့သော်. . . .

မတော်သူကား တော်သူထက် အရေအတွက်အားဖြင့်များသူ ဖြစ်ရကား၊ ထိုသို့ကိုယ် ကျိုးကိုယ့်ကိစ္စအတွက်မည်သို့မျှ တကိုယ်ကောင်းမကြံတတ်၊ ကိုယ်ကျိုးမရှာတတ်သူများအဘို့ နေရေး၊ စားရေး၊ ဝတ်ရေးတို့နှင့် ပတ်သက်၍ မဖြေရှင်းနိုင်လောက်အောင် အခက်အခဲတွေ့ကြုံ နေကြရကုန်၏။

ထိုအခါ ဦးကံပေးသည် ဤလူရိုးများ၏ပေါက်ကွဲမှုကို တားဆီးရန် ချေးသိပ်ရန်နည်းလမ်း လိုလာ၏။

ဦးကံပေးအဘို့ နည်းအမျိုးမျိုးကို စဉ်းစား၏။ သို့သော်မည်မျှ ဖြေရှင်းရန်နည်းလမ်းကို တွေးတောစဉ်းစား၍မရခဲ့။

ဦးကံပေးသည် ငယ်စဉ်အခါက ထက်မြက်ပြတ်သားသော ခေါင်းဆောင်ကောင်း တယောက် ဖြစ်ခဲ့ဘူး၏။ စိတ်ကူးဖြင့်ကျေနပ်နှစ်သိပ်ခြင်းထက် လက်တွေ့ကိုပို၍ယုံကြည်သော မြေနှင့်နီးစပ်သည့် အပြုအမူမျိုးကိုသာ ပြုမူလုပ်ဆောင်သူဖြစ်၏။ ထို့ကြောင့်သူ့ကျွန်ဘဝတွင် ရွှေဝါပြည်ကြီးကို ကယ်တင်လိုကြသည့် လူငယ်လူရွယ်တိုင်းက ဦးကံပေးကိုမိမိတို့ခေါင်းဆောင် အဖြစ်အလိုရှိကြ၏။ အလိုရှိကြသည့်အတိုင်းလည်း လူငယ်တိုင်းချစ်သည့် နှင်းဆီခိုင်ကြီးအဖြစ် ရွှေဝါပြည်၏လွတ်လပ်ရေးတိုက်ပွဲကြီးအတွက် ပြင်ဆင်ရာ၌ ဦးဆောင်ပေးရသော ခေါင်းဆောင် ကောင်းတယောက်ဖြစ်ရ၏။

ဤတွင် လွတ်လပ်ရေးတိုက်ပွဲအတွက် ပြင်ဆင်ရာ၌ ဦးဆောင်ပေးနေရသော အချိန်တလျှောက်လုံးလိုလို တဘက်ရန်သူတို့၏ ထောင်သွင်းအကျဉ်းချထားခြင်းနည်းအမျိုးမျိုးဖြင့် ညှင်းပမ်းနှိပ်စပ်ခြင်းစသည်တို့ကို ဦးကံပေးသည် ရေရေလည်လည် ခံလိုက်ရရှာ၏။

သို့သော်. . . . ဤလိုခံရသည်ဟု ချက်ခြင်း ကျိုးနွံသွားသူမျိုးမဟုတ် လတ်တလောဖမ်းဆီး လျက် ပခြုပ်တွင်းသို့ထည့်သွင်းခြင်းခံလိုက်ရသည့် မြွေဟောက်ကဲ့သို့ နည်းတမျိုးမျိုးနှင့် ရုံးထွက် ရန်ကျိုးပမ်း၏။

နောက်ဆုံး ကျိုးပမ်းချက်အားလုံးသည် နေရောင်၌ ပစ်ချထားသည့်ရေခဲတုံးကြီးကဲ့သို့ မြှော်လင့်ချက်မရှိအောင် ဆုံးရှုံးခဲ့လေပြီဟု ဦးကံပေးကတွေးထင်လာ၏။

ဤသို့တွေးထင်သော်လည်း ဦးကံပေးသည် စိတ်ဓာတ်ပျက်စီးပျော့ညံ့ခြင်းမရှိ မိမိလုပ်နိုင်ကြိုးပမ်းနိုင်သည့်နည်းကိုရှာ၏။ ထိုနည်းကား ရွှေဝါပြည်သားတိုင်းအရိုးသို့ခိုက်အောင်စွဲဝင် ယုံကြည်ခဲ့ကြသည့် အဓိဋ္ဌာန်ပြုခြင်း ပုတီးစိပ်ခြင်း သီလဆောက်တည် မေတ္တာပို့ခြင်းစသော နည်းမျိုးဖြစ်၏။

ဦးကံပေးသည် ငယ်စဉ်က ထိုနည်းမျိုးကိုမယုံ၊ သံဃာတော်တို့ကို တွေ့လျှင် ဒီကောင် တွေဒို့လူမျိုးအတွက် သက်သက်လူပိုတွေဖြစ်နေကြသည်။ လွတ်လပ်ရေးကြိုးပမ်းရင်း ဘဝတိုက်ပွဲ ထဲ၌ ရုံးကန်လှုပ်ရှားနေကြရသည့် ကျန်သောလူထုကြီးတရပ်လုံးအပေါ်မှာ ဒင်းတို့က သက်သက် စီးပိုးစားနေသည်ဟုပြော၏။ ဦးကံပေးကား လက်တွေ့သမားတည်း၊

ယခုသော် ဦးကံပေးသည် မည်သည့်အရာကမျှလက်တွေ့မလုပ်နိုင်။

သို့ကြောင့် စိတ်ဖြင့်တိုက်၏။ ရန်သူတို့သည် ဦးကံပေး၏ကိုယ်ကောင်ကြီးကို ချုပ်နှောင် ဖမ်းဆီးထားသော်လည်း ဦးကံပေး၏စိတ်သည် ကမ္ဘာကိုလှည့်ပတ်နေ၏။ ကမ္ဘာ၌ဖြစ်ပွားနေသော စစ်ကြီးကို သွားရောက်ကြည့်၏။ တခါတရံကိုယ်တိုင်ပါဝင်လျက် စိတ်ဖြင့်တိုက်ပစ်၏။ မိမိအား ချုပ်နှောင်ဖမ်းဆီးထားသည့် ရန်သူအစိုးရကိုလည်း စက္ကန့်တိုင်း မိနစ်တိုင်းအကြိမ်ပေါင်း သိန်းသန်းထိုးနှက်တိုက်ခိုက်၏။ နည်းအမျိုးမျိုးဖြင့်လည်း တိုက်၏။ အဓိဋ္ဌာန်သီလဆောက်တည် ၍ လိုရာဆုတောင်းသောနည်း မေတ္တာပို့သောနည်း၊ မိမိစိတ်ကို တံခိုးကြီးအောင်လေ့ကျင့်ပြုလုပ် ၍ အမိန့်ပေးသောနည်း နည်းပေါင်းစုံလှ၏။

ဦးကံပေးဤသို့တိုက်ခိုက်နေစဉ်အတွင်း တေည်တန့်တို့နိုင်ငံခြားသွားကြပြီ၊ တပ်ဖွဲ့ကြပြီ၊ ရွှေဝါပြည်ကိုပြန်လာကြပြီ၊ တိုက်ခိုက်နေကြပြီဟူသော သတင်းတို့ကိုတဆင့်ပြီးတဆင့်ကြားလာရ ၏။ ဤတွင်ဦးကံပေးက လက်ပန်းပေါင်းခတ်လျက် ဒါငါတိုက်တာကွ. . . . ဟု ဝမ်းထဲမှ ယုံကြည်၏။ ယုံကြည်သည့်အတိုင်း တေည်တန့်တို့ နိုင်ကြရမည်ဟုစိတ်ဖြင့် ကူတိုက်၏။ တိုက်သည့်အတိုင်း လည်း တေည်တန့်တို့နိုင်လာ၏။

တေည်တန့်တို့ နိုင်သောကြောင့် ရန်သူတို့၏ထောင်သွင်းအကျဉ်းချထားခြင်းမှ ဦးကံပေး လွတ်မြောက်လာရသောအခါ တေည်တန့်နှင့် ဦးကံပေး စကားပြောရသည်မှာ တမျိုးချည်းဖြစ်နေ ၏။

ဦးကံပေးက တေည်တန့်ကို ဗိုလ်ချုပ်တည်တန့်ဖြစ်လာသောကြောင့် တမျိုးပြောင်းလဲလာသည်ဟုထင်၏။

ဗိုလ်ချုပ်တည်တန့်ကမူ ဦးကံပေးသည် ရန်သူ၏နှိပ်စက်မှုကို နှစ်ရှည်လများခံလိုက်ရသောကြောင့် ကြောင်တောင်တောင် ဖြစ်လာသည်ဟုထင်၏၊

ဗိုလ်ချုပ်တည်တန့်က လက်တွေ့သမား၊ ဦးကံပေးကစိတ်၏စွမ်းအားသမားဖြစ်နေ၏။ ဗိုလ်ချုပ်တည်တန့်က ဆုတ်ခွာသွားပြီးသောရန်သူကို နောက်တကြိမ် ပြန်ဝင်မလာနိုင်အောင် လက်နက်ဖြင့် တားဆီးကာကွယ်ရန် ကြိုးပမ်း၏။

ဦးကံပေးက ဆုတ်ခွာသွားပြီးသောရန်သူကို နောက်တကြိမ် ပြန်မဝင်လာနိုင်ရေးအတွက် ရွှေဝါပြည်တပြည်လုံးက ထိုရန်သူကို လက်မခံလိုသောစိတ်ဓါတ်ရှိနေဘို့ လိုသည်ဟုယုံကြည်၏။ ရွှေဝါပြည်တပြည်ထောင်လုံးက လက်မခံလိုလျှင် ထိုရန်သူမလာနိုင်။

ဦးကံပေးသည် ရွှေဝါပြည် တပြည်ထောင်လုံးကရန်သူကို မုန်းတီးလာရန် လက်မခံစေရန် အတွက် ရန်သူ၏ရက်စက်ယုတ်မာမှုစံနစ်များကို ယုတ်မာရက်စက်နိုင်ပါပေ့ဟူသော အမည်ဖြင့် စာတအုပ်ရေး၍ တပြည်ထောင်လုံးကိုဖြန့်ခဲ့၏။ ထို့ကြောင့်လည်း ရွှေဝါပြည်သားတို့က ယခုထက်တိုင် ထိုရန်သူတို့၏စံနစ်ကို မုန်းနေကြသည်ဟုယုံကြည်၏။

ယခုလည်း ဦးကံပေးသည် မိမိ၏အထက်မြက်ဆုံးသော လက်နက်ကိုသတိရလာ၏။ ထိုလက်နက်သည် တကယ့်အမှန်တရားကို ဖော်ပြသော ဖြစ်စေသော စိတ်ဓာတ်လက်နက်ဖြစ်၏။

ဤစိတ်ဓါတ်လက်နက်ဖြင့် နေရာတိုင်း၌ကိုယ်ကျိုးရှာနေကြသော နေရာတိုင်းတွင်တရား ပျက်နေကြသော နေရာတိုင်း၌အနိုင်ကျင့်နေကြသော ရွှေဝါပြည်လူတန်းစားအမျိုးမျိုးတို့ကို ချက်ခြင်းပြုပြင်ပြောင်းလဲသွားအောင် ကောင်းမွန်လာအောင် စည်းကမ်းရှိလာအောင် ပြုပြင်ပေး မည်ဟု ဆုံးဖြတ်၏။

ဦးကံပေးသည် မိမိ၏ဆုံးဖြတ်ချက်ကို လက်စွဲတော်ဗေဒင်ဆရာတို့ဖြင့် တိုင်ပင်ကြည့်၏။

လက်စွဲတော်ဗေဒင်ဆရာများထားသည်ကား ဦးကံပေးတယောက်သာလျှင်မဟုတ်။ ရွှေဝါပြည်၏မင်းအဆက်ဆက်မှစ၍ ဟူးရားဖြူ ဟူးရားညိုဟု ထားလာသော အစဉ်အဆက်ရှိခဲ့ သည်ဖြစ်ရာ ဦးကံပေးလည်း ပြင်းထန်သောစိတ်ဓါတ်အစွမ်းအင်အားကို သိလာသည့်အချိန်ကစ ၍ ဗေဒင်ဆရာနှင့်တိုင်ပင်တတ်လာ၏။

ဗေဒင်ဆရာက အတိအကျဟော၏။ ဤအတိုင်းပြုလုပ်လျှင် ရွှေဝါပြည်ကြီးသည် ချက်ခြင်းငြိမ်သက်ရမည်။ အေးဆေးရမည်၊ ချမ်းသာရမည်၊ အိမ်ထောင်တိုင်းသည် ထီပေါက် သကဲ့သို့ ရွှေဝါပြည်တပြည်ထောင်လုံး အိုးသစ်အိမ်သစ် ကိုယ်စီထူထောင်ကြလျက် ဝင်ငွေများဖြင့် တပျော်တပါးကိုယ်စီကိုယ်ငှဖြစ်လာကြမည်။

ထိုသို့ဖြစ်လာစေရန် ဦးကံပေးကစ၍ ကိုးပါးသီလကို လေးဆယ့်ငါးရက်စောင့်သုံးရမည်။ ထိုသီလသည် စကြာဝတေးမင်းတို့အား စကြာရတနာဆိုက်စေသော သီလဖြစ်၏။

ဦးကံပေးနှင့်အတူ လုပ်ဖော်ကိုင်ဘက်တို့ကလည်း လေးဆယ့်ငါးရက် အဓိဋ္ဌာန်ပြု၍ ရှစ်ပါးသီလ၊ ငါးပါးသီလစောင့်စေရမည်။ ဥပုသ်ထွက်လျှင် သံဃာအပါးတထောင် ဆွမ်းကပ် လျက် ပိဋကပ်သုံးပုံ လှူဒါန်းပူဇော်ရမည်၊ ထို့နောက် ဦးကံပေးအလိုရှိတိုင်း ရွှေဝါပြည်ကြီး တပြည်ထောင်လုံးကို ပြောကြားလိုသမျှ ပြောကြားပါလေတော့ အားလုံးအောင်ပြည့်စုံသည်ဟုဆို ၏။

ဦးကံပေးလည်း ဗေဒင်ဆရာပြောသည့်အတိုင်း ပြုလုပ်၏။ ထို့နောက် ယုံယုံကြည်ကြည် ပင်တိုင်းပြည်သို့ ပြောလည်းပြော၏။ တိုင်းသူပြည်သားတို့သည် ဦးကံပေး၏ ပြောစကားကိုကြား ကြရသောအခါ အချို့ကလည်း တကယ်ယုံကြည်၏။ အချို့ကလည်း ဘယ့်နဲ့ပြောလိုက်တာပါ လိမ့်ဟု တွေးတော၏။

လူတိုင်းလူတိုင်းသည် ထီပေါက်သကဲ့သို့ ချက်ခြင်းတိုက်တာအိုးအိမ်တို့ တည်ဆောက် နေထိုင်နိုင်ကြ၍ များစွာသောဝင်ငွေတို့ဖြင့် ပြည့်စေရမည်ဆိုကာ ဘယ်လိုများရုတ်တရက်ပြောင်း လဲလာအောင် ပြုလုပ်ပေးမှာပါလိမ့်ဟုတွေးၾက၏။

သို့သော် ဦးကံပေး၏ပြောစကားအချို့သည် ရွှေဝါပြည်ရှိ ရေးဆန်သော တောသူ တောင်သားကြီးတို့အတွက် အလွန်အစွမ်းထက်သော ဆေးကောင်းတလက်ကဲ့သို့ အဆင်ပြေ၏။ ရွှေဝါပြည်၌လည်း မြို့ကြီးလေးငါးမြို့မှအပ ကျန်နေရာတိုင်း၌ သည်ရေးဆန်သေ တောသူတောင် သားကြီးတွေနှင့် အယူအဆအတွေးအခေါ် ထပ်တူထပ်မျှလိုလိုရှိကြ၏။

ဦးကံပေးသည် အနှိပ်စက်ခံနေကြရသူများကို အနှိပ်စက်မခံရအောင်လုပ်မပေး အစာငတ်နေသူတို့ကို အစာစားရအောင်လုပ်မပေး နေရေး စားရေး ဝတ်ရေးကျပ်တည်းမှု ကြောင့် မိမိဘဝရပ်တည်နိုင်ရေးအတွက် မီးကုန်ယမ်းကုန်အကျင့်ပျက်နေသူများကို အကျင့် ကောင်းလာအောင်လုပ်မပေး။

သို့သော်. . . . ရွှေဝါပြည်လူထုကြီးတရပ်လုံးအား ဖြစ်လာသမျှဆင်းရဲအဝဝတို့ကို ကုန်းရုန်း ခံနိုင်အောင် ခံနိုင်ရည်ရှိသည့်ဆေးစွမ်းကောင်းတခုကို ကျွေးထား၏။ ထိုဆေးစွမ်းကောင်းကား သတ္တဝါတခု ကံတခုဖြစ်၏။ သတ္တဝါမှန်သမျှ ကံပြုပြင်ရာ ကံစီမံရာ ကံပစ်ချရာတို့ကို ခံနေကြရ ၏။ ကံသာဆွေမျိုး ကံသာလျှင်ကိုးကွယ် လည်းလျှောင်းပုန်းအောင်းရာဖြစ်၏။ ကံကဖြစ်လိုတိုင်း လည်းမဖြစ် မိမိကမဖြစ်လိုသော်လည်း ကံပေးလျှင်အလိုလိုဖြစ်လာတတ်၏။ ယခုမိမိတို့ခံစား နေကြရခြင်းသည် ယခင်က မိမိတို့ပြုလုပ်ခဲ့ကြသည့် အကျိုးကိုခံစားနေကြရခြင်းဖြစ်၏။ ယခု မိမိတို့ထပ်၍မကောင်းပြုလုပ်လျှင် ဖြစ်လာသမျှကိုရင့်ကျက်စွာသီးမခံလျှင် နောင်ဘဝအတွက် ကောင်းမွန်ချမ်းသာရန် မိမိကိုယ်မိမိ ဆင်းရဲသည် အနှိပ်စက်ခံရသည် တပါးသူတို့ကို ငြူစူစိတ် မခံမရပ်နိုင်စိတ်မထားဘဲ အစွမ်းကုန်သီးခံခြင်း အလှူဒါနာပြုခြင်း ဥပုသ်သီလဆောက်တည်ခြင်း စသောအမှုတို့ကိုပြုလုပ်ရမည်။ အချင်းချင်းတရားစောင့်စည်းကြရမည်ဟူသော ဗုဒ္ဓပြောဟု အမည်ကင်ပွန်းတပ်ထားသည့် တရားစကားပင်ဖြစ်၏။

ထိုတရားစကားကို ကြားကြရသောအခါ ဟုတ်သည်လူတွေတရားပျက်သောကြောင့် စီးပွားပျက်ခြင်း ဘေးဥပါဒ်အန္တရာယ် တွေ့ဆုံခြင်း ကြီးနိုင်ငယ်ညှင်းအချင်းချင်း အနိုင်ထက်ပြု ခြင်းမျိုးဖြစ်ကြရသည်။

လူတွေတရားစောင့်လျှင် နတ်တွေတရားစောင့်မည်၊ နတ်တွေတရားစောင့်လျှင် မိုးလေ ရာသီဥတုမှန်၍ သီးနှံစိုက်ပျိုးမှုအောင်မြင်မည်၊ သီးနှံစိုက်ပျိုးမှုအောင်မြင်လျှင် ဆန်ရေစပါးပေါ များမည်၊ လူတို့စားဝတ်နေရေး ချောင်လည်လာကြမည်ဟု ယုံကြည်လာကြ၏။

ထိုယုံကြည်မှုမျိုးကို တကယ်ဆင်းရဲမွဲပြာကျလျက် မည်သို့မှ မကြံတတ်ကြသော သူတကာ တို့၏ အနှိပ်စက်ခံဖက်များကလည်း ယုံကြည်ကြိုက်နှစ်သက်၏။

နိုပ်စက်ရသူတို့ကလည်း ဤတရားကို ထောက်ခံခြင်းဖြင့် မိမိတို့အကျိုးမယုတ်နိုင်၊ ဆက်လက်နိုပ်စက်နိုင်မည်ဖြစ်သော ကြောင့် ထောက်ခံကြ၏။ ခေါင်းပုံဖြတ်သူတို့ကလည်း ဤတရားကိုယုံကြည်လျှင် မိမိတို့ဆက် လက်ခေါင်းပုံဖြတ်နေနိုင်မည်။ မိမိတို့အား တုံ့ပြန်ကြတော့မည်မဟုတ်ဟု ထောက်ခံကြ၏။

ဆူပူသူတို့ကလည်း မိမိတို့အယူအဆယုံကြည်ချက်နှင့် မတူပါဘဲလျက်ပင် ထောက်ခံကြ ၏။ ဤအတိုင်း ရွှေဝါပြည်တပြည်လုံးက ယုံကြည်လျှင် မိမိတို့လည်း အနေအထားမပျက်ဘဲ နေမြဲအတိုင်းနေနိုင်ကြမည် ရွှေဝါပြည်၏အချို့သောစစ်တပ်အစိတ်အပိုင်းများ၊ ရဲတပ်အစိပ် အပိုင်းများ ကုန်သည်များနှင့် အပေးအယူလုပ်လျက် အခွန်ကောက်ခြင်းအရောင်းအဝယ်တို့၌ လက်ဝါးကြီးအုပ်ထားခြင်း စသည်တို့ကိုလုပ်မြဲတိုင်း လုပ်နေနိုင်ကြမည်ဟု ယုံကြည်နားလည် လျက် ကြိုက်နှစ်သက်ကြ၏။

သို့ဖြင့် ဦးကံပေး၏ကံတရားကို ရွှေဝါတပြည်ထောင်လုံးက သောင်းသောင်းဖျဖျ ထောက် ခံကြကုန်၏။ ထိုအခါဦးကံပေးသည် မိမိ၏စိတ်ဓါတ်တိုက်ခိုက်မှုကိုပို၍ ယုံကြည်၏၊ မိမိ၏ ဗေဒင်ဆရာတို့ကို ပို၍ယုံကြည်၏၊ မိမိ၏ဘုရားကို ပို၍ယုံကြည်၏။

ရွှေဝါပြည်ကြီး၏ ထင်သလိုဖြစ်ပျက်နေမှုကို ဘယ်လက်နက်ကိုင် ဘယ်လူစွမ်းကောင်းမျှ မတားဆီးနိုင်၊ မိမိတစ်ဦးတည်းသာလျှင်တားဆီးနိုင်၏။ မိမိ၏အင်အားကြီးမားလှသော မေတ္တာ တရားတို့သာလျှင် တားဆီးနိုင်၏။ ရွှေဝါပြည်ကြီးငြိမ်းချမ်းရေးအတွက် မိမိသည် ဥပုသ်သတင်း ဆောက်တည်ကျင့်သုံး၍ မေတ္တာပို့၍ ကြီးမားသောမေတ္တာရေအလျဉ်ဖြင့် လုံ့လကြီးစွာပြုလုပ်ရ ပေမည်၊ မိမိမှတပါး အခြားသူများမပြုလုပ်နိုင်ကြတော့ဟု ယုံကြည်လာ၏။

ဦးကံပေးသည် မိမိကိုယ်မိမိ ဤသို့အလွန်အကျွံယုံကြည်လာသည်နှင့်အမျှ မိမိနှင့်အတူ လုပ်ဖော်လုပ်ဘက်များကိုပါ အထင်သေးလာ၏။ ထိုသူတို့သည် မိမိအတူ လုပ်ဖော်လုပ်ဖက် ဖြစ်ခဲ့ကြသော်လည်း ဘာမျှတတ်နိုင်သူများမဟုတ်ကြ။ ဉာဏ်ရှိသူများမဟုတ်ကြ၊ ပြဿနာတို့ကို ပွားများအောင်သာပြုလုပ်တတ်ကြ၏၊ ငြိမ်းချမ်းအောင်မလုပ်နိုင်၊ လူဖျင်းလူညံ့များသာဖြစ်ကြ၏။

ထို့ပြင်ထိုသူတို့သည် အကျင့်သိက္ခာလည်းမရှိ ဘုရားမကြိုက်နတ်မကြိုက်သော အလုပ် တွေကိုလုပ်ကြ၏။ ငပြည့်ဝဟူသော အကောင်ကြီးသည် မိမိနေရာကို မျက်စောင်းထိုးနေသော် လည်း ဝိရိယလုံ့လမရှိ လောင်းကစားမှုဖြင့်သာ အချိန်ဖြုံးနေသူဖြစ်၏။

ငမြန်ထက်သည် အကြောင်းကိစ္စပေါ်တိုင်းထက်မြက် မြန်ဆန်စွာပေါက်လာသည့်လှေကို ရွှံ့ဖြင့်ပိတ်သကဲ့သို့ ရုတ်ချည်းသက်သာအောင် ပြုတတ်သူ မှန်သော်လည်းအမြင်တို၏။ ရေရှည် စီမံကိန်း ဘာတခုမျှမတတ်၊ ဘုရားမကြိုက်သော အရက်သေစာကို နတ်တို့အား မပေးဆက်ပဲ။ သင်းချည်း လုသောက်၏။ ထို့ကြောင့်သည်လူဖျင်း လူညံ့များကို မောင်းထုတ်မှ တော်တော့မည် ဟု အတူလုပ်ဖေါ် နှစ်ယောက်တို့ကို ထိုသူတို့၏ အပေါင်းအဖေါ်များနှင့်တကွ အုပ်ချုပ်ရေး အဖွဲ့အတွင်းမှမောင်းထုတ်လိုက်၏။

မောင်းထုတ်ခံရသော ငပြည့်ဝနှင့် ငမြန်ထက် ကလည်း ဦးကံပေးအထင်သေးသကဲ့သို့ ပင်ရွှေဝါပြည်၏ အခက်ခဲတို့ဘာမျှ တည်ထွင်ဖြေရှင်းပေးနိုင်မှု၊ ရွှေဝါပြည်သူပြည်သားတို့ အတွက် အာမခံချက်ရအောင် ပြုပြင်နိုင်မှုမရှိကြ။

ထိုသူတို့သည် ရွှေဝါပြည်သားတို့၏ တကယ့်ဖြစ်ရပ်တကယ့်ခံစားနေရချက်တို့ကို မသိရှာကြဘဲ မိမိတို့ ပတ်ဝန်းကျင်ရှိ အမြတ်ကြီးစားများ ဖြစ်ကြသော ခေါင်းပုံဖြတ်သမားကုန် သည်ကြီးတို့ကိုသာ ရွှေဝါပြည်သူပြည်သားများအဖြစ်နှင့် မြင်နေကြ၏။

ထို့ပြင် ဦးပြည့်ဝနှင့် ဦးမြန်ထက်တို့သည်မိမိတို့၏ လက်အောက်၌ အသုံးတော်ခံ လက်စွဲ တော်ကြီးများဖြစ်နေကြသော ရှေးယခင်က လွတ်လပ်ရေးတိုက်ပွဲဝင် ရဲဘော်ရဲဘက်တို့လည်း လူရင်းများအဖြစ်နှင့် ယုံကြည်နေကြရ၏။ ပြောသမျှစကားတို့ကိုလည်း အတည်ပြုနေကြရ၏။ သို့သော်ထိုသူတို့ကိုယ်တိုင်သည် နယ်တွေတွင်ဆူပူသူတို့နှင့် အပေးအယူရှိနေကြသူများဖြစ်ကြ ၏။ ဆူပူသူတို့နှင့်ဖက်စပ်အခွန်ကောက်နေသူ မိုက်ကြေးဆက်ကြေး အပြိုင်ခွဲနေသူ၊ နယ်မြေ ဝေချမ်းယူထားကြသူများချည်း လိုလိုဖြစ်၏။

ထို့ကြောင့် နယ်သူနယ်သားတို့က ထိုသူတို့ကို ဆူပူသူများနှင့်အတူရွံ၏။ မုန်း၏။ ကြောက်၏။ ထိုသူတို့၏မျက်နှာကိုမြင်လျှင် အလွန်ချစ်ကြည်သို့ပြဟန် မျက်နှာမျိုးကို ကြောက်ရွံ့ စွာဖြင့်ပြုလုပ်ထားရသော်လည်း ဝမ်းတွင်းက မြန်မြန်သေချင်းဆိုးနှင့် သေကြပါစေဟုဆုတောင်း ၏။

နယ်စားကြီးတွေကမူ မိမိတို့သည် လူထု၏ ကျောက်ချဉ်တုံးကြီးများဖြစ်လာလေပြီဟု လုံးရိပ်မိ မိမိတို့ကို အမှီပြု၍ လူထုအပေါ်သို့ တဆင့်နိုပ်စက် နေကြသူများ၏ ထောက်ခံပေး လိုက်ကြသော လက်ဆောင် ပစ္စည်းများကိုယူလျက် ရန်နိုင်နေပြည်တော်ရှိ ဦးပြည့်ဝနှင့် ဦးမြန်ထက်တို့ဆီသို့ ရောက်လာတတ်ကြ၏။

ဦးပြည့်ဝနှင့် ဦးထက်မြက်တို့သည် မိမိတို့ဆီရောက်လာသော မိမိတို့ရဲဘော်ရဲဘက် ဟောင်းတွေ ပြောဆိုတင်ပြသည့် ရွှေဝါပြည်သူပြည်သားတို့၏ အခြေအနေကိုသာ သိနေကြကုန် ၏။

ထိုအခါ ဦးပြည့်ဝနှင့် ဦးမြန်ထက်တို့၏ အမြင်၌ ရွှေဝါပြည်သည် မြို့နေလူတန်းစား လည်းချမ်းသာ၏၊ တောနေလူတန်းစားလည်းချောင်လည်၏၊ မိမိတို့ကိုလည်း ကြည်ညိုချစ်ခင် ကြ၏။ ဤအတိုင်းသာမြင်နေကြ၏။ ဦးကံပေးကလည်း ဤအတိုင်းမြင်၏။ သို့သော် မြင်ပုံ အကြောင်းရင်းကမူ ခြားနား၏။

ဦးပြည့်ဝနှင့် ဦးမြန်ထက်တို့၏ အမြင်တွင် ရွှေဝါပြည်သူ လူတန်းစားအားလုံးတို့ ဤသို့ နှလုံးမွေ့လျော်ဘွယ်ရာတိုးတက် ချမ်းသာလာကြရခြင်းသည် မိမိတို့ကြောင့် မိမိတို့ရဲဘော်ရဲဘက် တွေကြောင့် မိမိတို့၏ ဩဇာခံဖြစ်သော ရွှေဝါပြည်၏ စစ်တပ်မတော်ကြီးကြောင့်ဟုထင်၏။

ဦးကံပေးကမူ ရွှေဝါပြည်ကြီး ဤသို့ငြိမ်းချမ်း သာယာပျော်မွေ့ ဘွယ်ရာဖြစ်လာရခြင်း သည် မိမိ၏အကျင့်သိက္ခာသီလ သမာဓိ ဂုဏ်ကျေးဇူးကြောင့်ဖြစ်ရသည်။ မိမိဥပုသ်ရက်ရှေစောင့် ခြင်း၊ အဓိဋ္ဌာန်ပုတီးစိတ်ခြင်း နတ်တို့ကို အမျှပေးဝေခြင်း စသည်တို့ကို ပြုလုပ်ထားသောကြောင့် နတ်တို့ချမ်းသာသည်ဖြစ်၍ နတ်တို့ကချစ်ခင်လာ၏။

နတ်တို့ကချစ်ခင်လာသောကြောင့် လူတို့ကိုစောင့်ရှောက်သဖြင့် လူတို့ချမ်းသာကြရသည် ရွှေဝါပြည်ကြီး ချမ်းသာနေရသည်ဟု အကယ်ယုံကြည်၏။

ထိုပုဂ္ဂိုလ်ကြီးများသည် ရွှေဝါပြည်ကြီးတခုလုံးကြိမ်မီးအုံးထားသကဲ့သို့ ပူလောင်နေကြရပါသည်ကို လုံးဝမသိကြ၊ မိမိတို့ကြောင့်လူတွေ ချမ်းသာချောင်လည်နေကြရသည်ဟု အသီးသီးထင်နေကြ၏။

ဦးကံပေးက မင်းတို့ကြောင့်မဟုတ်၊ ငါ၏ သီလ, သမာဓိ, သိက္ခာကျေးဇူးကြောင့်ဟုဆို၏။ ထိုအငြင်းအခုန်သည် တစထက်တစကြီးကျယ်လာသောအခါ နောက်ဆုံး၌ အချင်းချင်းကွဲကုန်ကြ ၏။ ပြိုင်ဆိုင်ကုန်ကြရ၏။ ထိုပြိုင်ဆိုင်ပွဲကြီးကို ရွှေဝါပြည်သူတို့၏မဲဖြင့် အဆုံးအဖြတ်ပြုကြသည်။

ထိုစဉ်အခါက ဦးကံပေးလည်း မိမိတကယ်ယုံကြည်သည့်အတိုင်း မိမိတို့၏နောက်လိုက် များကို အသစ်ချည်းအသုံးပြု၏။ အုပ်ချုပ်ရေးအဖွဲ့ကိုဝင်လိုသော အုပ်ချုပ်ရေးအာဏာကိုယူ၍ စီးပွားရှာလိုသော ကုန်သည်ကြီးများ အုပ်ချုပ်ရေးအာဏာကိုယူ၍ ရာထူးတက်ရန်ကြိုးစားလိုကြ သော အရာရှိကြီးများကို ခေါ်ယူအင်အားစု၏။ ထိုသူတို့သည် ရှေးယခင်အဆက်ဆက်ကတည်း က မည်သည့်နိုင်ငံရေးဆောင်ရွက်မှု မည်သည့်လွတ်လပ်ရေးတိုက်ပွဲထဲမှ ပါဝင်ဆောင်ရွက်ဘူးခြင်းမရှိကြ သို့သော် ဦးကံပေးသည် မိမိ၏သီလ သိက္ခာ သမာဓိ အဓိဋ္ဌာန်စသည်တို့ကို အလွန်ယုံကြည်သည်ဖြစ်ရကား ဤသို့ဘာတခုမျှတိုင်းပြည်အတွက် မဆောင်ရွက်ခဲ့ဘူးကြသော ထိုသူတို့နှင့်တွဲဖက်လုပ်ကိုင်စေကာမူ ရွှေဝါပြည်သူပြည်သားတို့သည် မိမိတို့ကိုချစ်ခင်လေးစား နေကြလိမ့်မည်။ မိမိတို့ကို ကြည်ညိုအားထားကြလိမ့်မည်ဟု အူထဲအသဲထဲက လှိုက်လှိုက်လှဲလှဲ ယုံကြည်ပြီးဖြစ်၏။

ဦးပြည့်ဝနှင့် ဦးမြန်ထက်တို့ကလည်း မိမိတို့သည် ရွှေဝါပြည်ကြီးကို လွတ်လပ်ရေးအတွက် ကြိုးပမ်းကြရန် ဦးဆောင်ညွှန်ကြားပေးခဲ့သော ခေါင်းဆောင်များဖြစ်၏။ မိမိတို့သည် ရွှေဝါပြည်၏အကျိုးကိုသည်ပိုးလာကြသူများဖြစ်၏။ ယခုရွှေဝါပြည်ကို အုပ်ချုပ်နေသော အဖွဲ့ကြီးတခု၌ မိမိတို့၏ တပည့်ရဲဘော်များ ငါးပုံသုံးပုံခန့်ပါ၏။ ယခုရွှေဝါပြည်ကိုစောင့်ရှောက် နေရသော ရဲဘော်တို့သည် ငါတို့၏ရဲဘော်တွေ ဆယ်ပုံခုနစ်ပုံခန့်ဖြစ်၏။ ယခုရွှေဝါပြည်၏ စစ်တပ်မတော်ကြီးတွင် ငါတို့၏ရဲဘော်များ ဆယ်ပုံရှစ်ပုံရှိ၏။ ယခုရွှေဝါပြည်အရပ်ရပ်ရှိနေကြ သော အုပ်ချုပ်ရေးဘက်၊ စစ်ဘက်၊ နိုင်ငံရေးဘက် တာဝန်ခံအရပ်ရပ်တို့သည် ငါတို့၏ တပည့်ရဲဘော်တွေချည်းဖြစ်၏ဟု အိပ်သွန်ဖားမှောက် ဖော်ထုတ်ပြောကြားလိုက်ကြ၏၊ ရှိစုမဲ့စု အကုန်သွန်၍ ကြွားလိုက်ကြ၏။

စင်စစ်ဦးပြည့်ဝနှင့် ဦးမြန်ထက်တို့သည် ရွှေဝါပြည်သူပြည်သားတို့ မသိသေးသည့်ဖြစ်ရပ် ကို အရင်းအတိုင်းထုတ်၍ ကြွားလိုက်ကြခြင်းလည်းဖြစ်၏။

ဦးပြည့်ဝနှင့် ဦးမြန်ထက်တို့၏ အကြွားနှင့်ကိုက်ညီအောင်လည်း ရွှေဝါပြည်အရပ်ရပ်ရှိ စစ်တပ်မတော်တို့က မီးကုန်ယမ်းကုန်လိုက်ပါဆောင်ရွက်ပေးနေကြ၏။

ဤတွင် ဦးပြည့်ဝနှင့် ဦးမြန်ထက်တို့အတွက် ဧည့်သည်သူငယ်ချင်းအား ပြုံးကျည်ပွေ့ လိုက်ပေးမိသော အိမ်ရှင်ကဲ့သို့ ဖြစ်လာရ၏။

တခါက လူငယ်တယောက်သည် မိမိနှင့် အလွန်ရင်းနှီးချစ်ခင်သည့် ငယ်သူငယ်ချင်း တယောက် အိမ်ထောင်ကြသည်ဆို၍ သွားရောက်လည်၏။

မတွေ့ရသည်မှာ ကြာပြီဖြစ်သော ငယ်သူငယ်ချင်းဖြစ်၍လည်း ထိုအိမ်၌ ရက်အတန် ငယ်ကြာအောင် တည်းခိုနေမိ၏။

ထိုအခါ သူငယ်ချင်း၏မိန်းမသည် စူအောင့်လာ၏၊ ထိုနောက် စောင်းမြောင်းကြိမ်း မောင်းလာ၏။ နောက်တွင် ငြုပ်ကျည်ပွေ့ဖြင့် ရိုက်မည်ပြုလုပ်လျက် ခြိမ်းချောက်နှင်ချ၏။

လင်ယောက်ျားလာသောအခါ မိမိအတန်တန် တားပါလျက် ငြုပ်ကျည်ပွေ့ကိုတောင်း မရသောကြောင့် စိတ်ဆိုးဆင်းသွားသည်ဟုပြော၏။

ဤတွင်ယောက်ျားသည်က ဖြစ်မှဖြစ်ရလေတယ်၊ သူလိုချင်တယ်ဆိုလဲ ပေးလိုက်ရောပေါ့ ဟုပြော၍ ငြုပ်ကျည်ပွေ့ကို တောင်းယူပြီး သူငယ်ချင်းနောက်သို့လိုက်၏။

အဝေးတွင် သူငယ်ချင်းကို တွေ့လိုက်သောအခါ ဝမ်းမြောက်ဝမ်းသာဖြင့် ငြုပ်ကျည်ပွေ့ ကိုထောင်ပြ၏။

ထိုအခါ ဧည့်သည်က သည်အကောင် ရခါစမိန်းမကတိုက်တာနဲ့ ယုံပြီး ငါ့နောက်လိုက် လာပြီး ငြုပ်ကျည်ပွေ့နဲ့ရိုက်မလို့ဘဲဟု တွေးလျက်ခပ်သုတ်သုတ်လျှောက်သွား၏။

ငြုပ်ကျည်ပွေ့နှင့်သူငယ်ချင်းကလည်း ဒီကောင်ဘာမဟုတ်တာလေးနဲ့ တော်တော်စိတ်နာ သွားပြီ၊ အတင်းလိုက်ပေးမှပဲဟု အပြေးကလေးရှိ၏။

အပြေးလိုက်လာသည်ကိုမြင်သော သူငယ်ချင်းကလည်း မဖြစ်ဘူး ပြေးမှဟုတွေးလျက် အတင်းပြေး၏။

ဦးပြည့်ဝနှင့် ဦးမြန်ထက်တို့လည်း ဤအတိုင်းဖြစ်နေကြ၏၊ ကာကွယ်ရေးသမား နယ်ခေါင်းဆောင်ရဲအဖွဲ့၊ စစ်တပ်ဖွဲ့တို့သည် မိမိတို့တပည့်များ ရဲဘော်များဖြစ်ကြပါသည်။ မယုံမရှိကြပါနှင့်ဟု ဆိုလေပြောလေ ယုံလေ၊ ရွှေဝါပြည်သားတို့က ရွံ့မုန်းလေ ကြောက်လေ။

ဦးကံပေးသည် မိမိတို့ လုပ်ဆောင်လုပ်ဘက် အချင်းချင်းတိုက်ခိုက်ရာ၌ ပြတ်သား၏၊ မိမိကိုယ်မိမိယုံကြည်၏။

ထို့ကြောင့် ဒီနိုင်ငံရေးသမားခေါင်းဆောင်တွေ အတရလဖတွေ ကာကွယ်ရေးအဖွဲ့တွေ ရဲအဖွဲ့ စစ်တပ် တော်လှန်ရေးသမားဟောင်းဆိုတဲ့ အကောင်တွေဟာ အလားလူထုကို နှိပ်စက် တဲ့လူတွေ။

ကျုပ်သိက္ခာသမာဓိ ဘုရားတရားသံဃာ ရတနာသုံးပါး ရှင်သိကြားနဲ့ နတ်များဒေဝါရဲ့ အကူအညီကိုကျုပ်ယူမယ်၊ သူတို့လူတွေထဲမှာ ဘယ်တုန်းကမှမပါတဲ့ ဘုရားပေးတဲ့ လူတော် လူကောင်းတွေနဲ့ ရွှေဝါပြည်ကြီးကို တည်ဆောက်မယ်၊ သင်းတို့ငရဲသားတွေလက်ထဲမှာ နေ့စဉ် နဲ့အမျှ အနှိပ်စက်ခံနေကြရတဲ့ ရွှေဝါပြည်ကြီးကို ဘုရားဂုဏ်တော် တရားဂုဏ်တော် သံဃာတော်မြတ်ဂုဏ်တော်တို့ကို ဦးထိပ်ပန်ဆင်ပြီး ကျုပ်ကျင့်သုံးဆောက်တည်လာခဲ့တဲ့ သီလဂုဏ်သမာဓိဂုဏ် သိက္ခာဂုဏ်တို့ကို အသုံးပြုပြီး ကယ်တင်မယ်။

ဦးကံပေး၏ ကျေညာချက်များသည် ရွှေဝါပြည်သားတို့၏ လိုအင်ဆန္ဒနှင့် ထပ်တူသွား ရောက်ကိုက်ညီနေ၏။

စင်စစ် ဦးကံပေး၌ မာနလည်းရှိ၏။ သတ္တိလည်းရှိ၏။ မိမိကိုယ်မိမိလည်း အလွန် ယုံကြည်၏။ ရွှေဝါပြည်ကြီးသည် အတရလဖ အစိုးရ၏အုပ်ချုပ်မှုအောက်တွင် ဖွဲမီးဖြင့်အတိုက်ခံ ရသည့် ကြိမ်လုံးကဲ့သို့ ပူပူလောင်လောင် ညိုးချုံးပိန်ရှုံ့လျက် နှလုံးမသာမယာဖြစ်နေကြသည်ဟု ဦးကံပေးက မိမိကိုယ်တိုင် တကယ်မသိပါဘဲနှင့် အတင်းစွပ်စွဲ၏။

ဤတွင် ဦးကံပေးသည် ရွှေဝါပြည်ကြီးတခုလုံး မိမိထိန်းသိမ်းထား၍သာ ချေမ်းငြိမ်ဝပ်နေ ရသည် မိမိထိန်းသိမ်းလျှင် ချက်ခြင်းပျက်စီးဆူပူမည်၊ ဤသို့မိမိကထိန်းရာ၌လည်း ဦးပြည့်ဝနှင့် ဦးမြန်ထက်တို့၏ တပည့်တပန်းများ လက်နက်အင်အား လူအင်အားများကို ယူငင်အသုံးပြု၍ ထိန်းသိမ်းနေသည်မဟုတ်၊

ထိုအင်အားများကြောင့် ရွှေဝါပြည်သူပြည်သားတို့က မိမိအပေါ်၌ အထင်ပင်လွဲသေး၏။ မိမိထိန်းသိမ်းပေးထားသည်မှာ မိမိသိက္ခာ သမာဓိ သီလဂုဏ်တို့ဖြင့်သာ ထိန်းသိမ်းပေးထားသည် ဟု တကယ်လည်း စိတ်ချလက်ချယုံကြည်လာ၏။

ထို့ကြောင့်ယုံကြည်သည့်အတိုင်းလည်း အတရလဖအသင်းကြီးမှ ခွဲထွက်လျှင် ရွှေဝါပြည် ကြီး လွတ်မြောက်ရေးဆောင်ရွက်ရာ၌ ဘယ်အခါမျှမပါဘူးသော ကုန်သည်များ ရှေ့နေများ အတရလဖမှ လွင့်စင်လာသည့် လူအချို့ကိုပူးပေါင်းစည်းရုံးစေ၍ ရွှေဝါပြည်သူပြည်သားတို့၏ ဆန္ဒကိုတောင်း၏၊

ထိုစဉ်က ဦးပြည့်ဝ ဦးမြန်ထက်တို့နှင့် ဦးကံပေးတို့ယှဉ်ပြိုင်ကြရာ ဦးကံပေးသည် အပြတ် အသတ်နိုင်ခဲ့၏။ ရွှေဝါပြည်စစ်တပ်မတော်မှ စစ်ဗိုလ်အချို့ စစ်သားအချို့တို့၏ သေနတ် ပစ်ဖောက်ခြိမ်းခြောက်ဖျက်ဆီးနေသည့်အကြားကပင် ရွှေဝါပြည်သူလူထုသည် ဦးကံပေးကိုမဲပေး ကြ၏။

ရွှေဝါပြည်စစ်တပ်မတော်၏ မဲမှန်လျှင် ဦးကံပေး၏ဘက်ကများ၏။ ရွှေဝါပြည်လွတ်လပ် ရေးတိုက်ပွဲ၌ ပါဝင်ခဲ့ဘူးကြသော ဗိုလ်မှူးအချို့ ဗိုလ်ကြီးအချို့နှင့် ရဲဘော်ဟောင်းတို့မှလွဲ၍ ကျန်သော ဗိုလ်မှူးဗိုလ်ကြီးနှင့် မြို့ပေါ်တွင်ရှိနေကြသည့် တပ်အားလုံးလိုလို ဦးကံပေးကိုမဲပေး ၏။

ထိုသူတို့က ဦးပြည့်ဝ ဦးမြန်ထက်တို့နှင့် တော်လှန်ရေးဗိုလ်မှူးဗိုလ်ကြီး ရဲဘော်ဟောင်း ဆိုသူတို့သည် ရွှေဝါပြည်တပြည်လုံးကို လက်ဝါးကြီး အုပ်နေကြသည်။ နေရာတိုင်း၌ ဝင်ရောက် တွင်ကျယ်နေကြသည်ဟု ယုံကြည်နေသူများဖြစ်၏။ မိမိတို့တက်ရောက်ရန် လမ်းကိုပိတ်ဆို့နေသူ များဖြစ်သည် ဟူ၍လည်း ယုံကြည်၏၊

သို့ဖြင့် ဦးပြည့်ဝ ဦးမြန်ထက်တို့ကို မဲမပေးဘဲ ဦးကံပေးကိုမဲပေးလိုက်ကြ၏။

ထို့ကြောင့် ဦးကံပေးက ရွှေဝါတပြည်လုံး၌ အပြတ်အသတ်နိုင်၏။ ထိုသို့ဦးကံပေးနိုင် လိုက်ခြင်းသည် ရွှေဝါတပြည်လုံး၏အတွေးအခေါ်များ ဆုတ်ယုတ်ပြောင်းလဲစေသော အကြောင်း ရင်းဖြစ်၏။

ဆန်ပေါ်သော ရွှေဝါပြည်သူပြည်သားတို့သည် စကတည်းက အသက်သာခိုကြလိုသူများ ဖြစ်၏။ လူပင်ပမ်းဘို့မလို အကြံဥာဏ်ထုတ်ဘို့မလို ကြိုးစားဘို့မလို အချိန်တန်လျှင် ထမင်းတလုတ်ဝနိုင်၏။ လူထွင်းသောခံတွင်းမဟုတ် နတ်ထွင်းသောခံတွင်းဖြစ်သည်။ ရွှေဝါပြည် ငတ်သေသောမသာမရှိ၊

ဤကား ရွှေဝါပြည်၏ အစဉ်အဆက်ကယုံကြည်ပြောကြားလာခဲ့ကြသော စကားဖြစ်၏။ ထိုစကားအတိုင်းရွှေဝါ ပြည်သူပြည်သားတို့က အလွန်ယုံယုံကြည်ကြည် လိုက်နာကျင့်သုံးလာခဲ့ ကြ၏။

သို့သော် စစ်ကြီးအတွင်း၌ ရွှေဝါပြည်သားတို့သည် ငတ်သေသောမသာကို မြင်ဘူးလာ ကြ၏။ ထို့နောက်စစ်နိုင်သဖြင့် ရွှေဝါပြည်ကို ခတ္တလာရောက်အုပ်ချုပ်သွားနိုင်ကြသော အခြား တိုင်းပြည်တပြည်သို့ ရွှေဝါပြည်သားအထော်များများတို့ ရောက်ဘူးလာကြ၏။

ထိုအခါ အဆိုပါ ရွှေဝါပြည်သားတို့သည် ထိုတိုင်းပြည်၏ကြီးကျယ်ခမ်းနားပုံ၊ ဖိမ်ခံစရာ တွေများလာပုံကို ကြည့်လျက်. . . . သဘောကျလာသူတို့လည်းရှိကြ၏။ ထိုတိုင်းသူပြည်သားတို့ သည် ပရွက်ဆိတ်များပမာ အပြေးအလွှားအမြဲတစေ အလုပ်လုပ်နေကြသည်ကိုမြင်လာ သိလာ ကြသူတွေလည်းရှိကြ၏။ ထိုသို့မြင်လာကြသူတို့သည် နောင်တရလာကြ၏။ မိမိတို့ရွှေဝါပြည်သို့ ပြန်ရောက်ကြသောအခါ အချင်းချင်းပြောပြလာကြ၏၊ လူသည် အလုပ်လုပ်ရန် မွေးဖွားလာ သော သတ္တဝါဖြစ်၏။ လူပီသလိုက အလုပ်များများလုပ်ရမည်ဟူသော ဆောင်ပုဒ်တွေပေါ်လာ၏ ကျဆုံးသွားသော ရွှေဝါပြည်၏ခေါင်းဆောင်ကြီး ဗိုလ်ချုပ်တည်တန့်သည် ကျုပ်တို့ပြိုလန်အောင် အလုပ်လုပ်နိုင်ကြမှ ရွှေဝါပြည်လွတ်လပ်ရေးခိုင်မြဲမည်ဟုပြောသွား၏။

ထို့နောက် အတရလဖ အစိုးရလက်ထက်သို့ ရောက်လာကြသောအခါ ရွှေဝါပြည်၏ ကုန်ဖြန့်ဝေရေးစံနစ် မကောင်းသောကြောင့်။

ရွှေဝါပြည်၌ ကုန်ဖြန့်ဝေရာတွင်ကြားထဲမှ တဆင့်အမြတ်ယူလိုက်ကြသော၊ အခွန် ကောက်လိုက်ကြသော၊ ဆူပူသူတို့ရှိနေကြသောကြောင့် စားသုံးသူဆင်းရဲသားတို့သည် အဘိုးကြီးပေး၍လည်း ကုန်ပစ္စည်းတို့ကို ဝယ်ယူကြရ၏။ အဘိုးကြီးပေးနိုင်အောင်လည်း အလုပ် ကိုပို၍ ပြိုအောင်လန်အောင် လုပ်နေကြရ၏။

ထိုအချိန်၌ ကုန်ရောင်းသူတို့သည် ဆူပူသူတို့ကြောင့် သွားရေးလာရေးခက်ခဲသည်။ သွားသောအခါ သယ်သောအခါပို၍ ကုန်ကျသည်ဟု အကြောင်းပြကာ ထိုအခများအတွက် ကုန်ပေါ်၌လည်းတင်၏။ ထိုအခများနှင့်ရောနှော၍ မိမိတို့ရရန် အမြတ်ကိုလည်းပိုတင်၏။

ထိုအခါ မွဲတေသူမဝယ်နိုင်သူတို့က မဝယ်ကြသောအခါ ထိုပစ္စည်းသည် နောက်၌ မရောက်လာနိုင် မရောက်နိုင်ဟူသော ချောက်လုံးကြောင့် အချောင်ကြီးပွားနေသူ အမြတ်ကြီးစား နေကြသူတို့က အောင့်မနေကြဘဲ အလုအယက် ဝယ်ပစ်လိုက်ကြ၏၊ သိုလှောင်လိုက်ကြ၏။ ဤသို့ချည်းဖြစ်လာသောအခါ ဆင်းရဲမွဲတေသူတို့ကလည်း အတုယူ၍ လုယက်ဝယ်ယူကြရ၏။

ထိုအဖြစ်တွေကို မျက်မှောက်ပြုနေကြရသော ရွှေဝါပြည်သူ ပြည်သားတို့သည် မျက်နှာ ကြီးသူ ဂုဏ်ရှိသူများ၊ စီးပွားရေးဖြောင့်တန်းသူများတို့၏ အတုကိုယူကြလျက် မအောင့်နိုင်သော အကျင့်များတပြည်လုံး ကူးစက်ပြန့်နှံ့လာကြ၏။ ယခင်က ပိဿာခြောက်ကျပ်၊ ရှစ်ကျပ်ပေးရ သော ပုဇွန်ခြောက်တပိဿာကို နှစ်ဆယ်သုံးဆယ်ပေးဝယ်စားကြ၏။ ယခင်ဗသျှူးမတွေက ဝတ်လေ့ဝတ်ထရှိသည့် တထည် ဆယ့်နှစ်ကျပ်မျှပေးရသော အင်ဒိုနေးရှားပိတ်လုံချီတထည်ကို ယခုငွေတရာကျော်ခန့်ပေး၍

ဝတ်ကုန်ကြ၏။ ရွှေဝါပြည်သူ ပြည်သားတို့သည် အစား၌၎င်း အဝတ်၌၎င်း၊ မအောင့်နိုင်သော စိတ်နေစိတ်ထားမျိုးဖြစ်လာကုန်ကြ၏။

ထိုအခါ စကတည်းကဝင်ငွေချင်း ကွာခြားလှသော ကုန်သည်ကြီးများနှင့် လက်လုပ်လက် စား ဆင်းရဲသားတို့သည် ဝင်ငွေချင်း၌ အလွန်ခြားနားကြသော်လည်း ဝယ်ယူစားသုံးကြရာ၌ တန်းတူစားသုံးနေကြရ၏။

လက်လုပ်လက်စား ဆင်းရဲသားတို့သည် တနေ့အလုပ်လုပ်လျှင် ကြက်ပေါက်ငယ် တကောင် ဝယ်ယူနိုင်သည့်ဝင်ငွေရှိသော်လည်း ကုန်သည်ကြီးတို့သည် တနာရီလျှင် ဆင်တကောင် ဝယ်ယူနိုင်သော ဝင်ငွေရရှိနေကြ၏။ သို့သော်ထိုနှစ်ဦးတို့သည် ပုဇွန်ခြောက်ကို ဝယ်စားရာ၌ တပိဿာလျှင် နှစ်ဆယ်ကျပ်ဈေးချင်းတူညီစွာ ဝယ်စားနေကြရ၏။

ဤသို့ဝင်ငွေချင်းကွာခြားနေပါလျက် တူညီသောအသုံးစရိတ်ခြင်းရှိလာကြရသောအခါ မွဲသူများပိုမွဲ၍ ပိုအလုပ်လုပ်နေကြပြီး အမြတ်အစွန်းရသူတို့ ပိုမိုမြတ်လာကုန်ကြ၏။

ထိုအခါ ဤသို့ဖြစ်ရခြင်းသည် ဘာ့ကြောင့် ဖြစ်ရပါသနည်း အရှင်. . . ဟု မဖြေရှင်းနိုင် သော ခေါင်းဆောင်ပိုင်းတို့က မိမိတို့ကိုးကွယ်ဆည်းကပ်နေကြသော ဆရာသမား ဘုန်းတော် ကြီးတို့ကို လျှောက်ထားကြ၏။

ဘုန်းတော်ကြီးတို့မည်သည် လောကလူတို့ လုပ်ဆောင်ကြ၊ ညစ်ပတ်ကြ၊ အမြတ်ကြီးစား ကြသော လောကရေးရာအကြောင်းကို သိသူများမဟုတ်ကြ။

မည်သည့်အကြောင်းကိစ္စတို့ကိုမဆို သာသနာရောင် ခြယ်ထားသည့် လောကုတ္တရာ မှန်ပြောင်းကြီးဖြင့်ပင် ကြည့်လေ့ရှိကြ၏။

သတ်နေသူနှင့် အသတ်ခံလိုက်ရသည့်သူကို တွေ့စေကာမူ ပြသူသည် အသစ်ကျူးလွန် ခြင်းဖြစ်၏။ ခံရသူသည် အဟောင်းက ကျူးလွန်ခဲ့ဘူးခြင်းကြောင့်ဖြစ်၏။ ပြုသူသည် နောက်ထပ် တဖန် အပြုခံရသူကဲ့သို့ပင် အပြုခံရရှာဦးမည်၊ နှစ်ဦးလုံးပင်သနားဘွယ်ကောင်းလှ၏။ နှစ်ဦးလုံး ငြိမ်းချမ်းကြပါစေဟုရှု၏။ ဘာ့ကြောင့်သတ်သည် ဘာ့ကြောင့်အသတ်ခံရသည်ဟု မျက်မှောက် အကြောင်းရင်းတို့ကို မစစ်ဆေးကြ။

ထို့အတူ လောလောဆယ် ကွာခြားလွန်းလှသည့် ဆင်းရဲကြပ်တည်းမှုနှင့်ပတ်သက်၍ ဒကာရင်းတို့က ဆရာရင်းကိုလျှောက်ထားကြသောအခါ ဤသို့ဖြစ်ကြရခြင်းသည် ကံစီမံသည့် အတိုင်း ကံပြစ်ချသည့်အတိုင်းဖြစ်ကြရ၏။ ဒကာတို့ကဖြစ်စေလိုသော်လည်း ဖြစ်ချင်မှဖြစ်မည်၊ ဒကာတို့ မဖြစ်စေလိုသော်လည်း ဖြစ်ချင်ဖြစ်လိမ့်မည်၊ ဤဟာကို ဤသို့ဖြစ်ရသည်ဟု ဒကာတို့ မည်သို့ပင် ကျိုးစားကြစေကာမူ ကံစီမံသည့်အတိုင်းသာ ဖြစ်ကြရပေလိမ့်မည်၊ လောက၌ကံသာ လျှင်အမိ ကံသာလျှင်အဘ၊ ကံသာလျှင် ဆွေမျိုး၊ ကံသာလျှင်ကိုးကွယ်ရာ လည်းလျှောင်းရာ ပုန်းအောင်းရာဖြစ်ကြ၏ဟု ဟောမိန့်ကြား၏။

ထိုတရားကို အုပ်ချုပ်သူတို့ကလည်းကြိုက်၏။ အုပ်ချုပ်သူတို့ချမ်းသာကြွယ်ဝလာကြ သည့် ကုန်သည်ကြီးများက မိမိတို့ကို ထောက်မနေကြသလောက် ဆင်းရဲသား လက်လုပ်လက် စားအများစုတို့က မကြေနပ်နိုင် မထောက်ခံနိုင်လောက်အောင် ဖြစ်နေကြရာ ထိုသူတို့ကိုဖြေ ရှင်းပြရန် ချေးသိပ်ပေးရန် အကြောင်းရှာ၍မရကြ။

ထိုအကြောင်းကို တကယ်ရှာဖွေတင်ပြရမည်ဆိုလျှင် မိမိတို့ကိုထိခိုက်စေပြီးမှ အကြောင်း ရှာ၍ရမည်ဖြစ်၏။ မိမိတို့ကို မထိခိုက်စေဘဲ လက်ဆုပ်လက်ကိုင် အကြောင်းရှာပြနိုင်ရန် နည်းလမ်းမရှိ ယခုမူ ဆရာတော်ကြီးများ ရှင်းပြသဖြင့် နည်းလမ်းရလေပြီ။

'ဟေ့. . . လူမွဲတို့ မင်းတို့ကံမကောင်းသောကြောင့် မွဲကြသည်။ ငါတို့ဘာမှမတတ်နိုင်၊ ဤကားဘုရားဟောသော တရားတည်း။

အုပ်ချုပ်သူ အစိုးရမင်းများ ဤတရားတော်ကို သဘောကျသကဲ့သို့ သူချမ်းသာများ ကုန်သည်များကလည်း သဘောကျကြပြန်၏။

'ဟေ့လူမွဲတွေ မင်းတို့ဘာမှမနာလိုစိတ် ဝန်တိုစိတ်မထားကြနှင့်မင်းတို့ ဤလိုစိတ်မျိုးတွေ ထားခဲ့ကြသောကြောင့် ယခုလည်းဆင်းရဲမွဲတေနေကြပြီမဟုတ်လား ကံစီမံသည့်အတိုင်း ခံကြရ ခြင်းသာဖြစ်၏။ မင်းတို့သည် ကံမကောင်းသောကြောင့် ဆင်းရဲ၏။ ငါတို့သည် ကံကောင်းသော ကြောင့် ချမ်းသာ၏။ မင်းတို့ကံကောင်းအောင်လုပ်ကြ၊ စိတ်ထားကောင်းထားကြ၊ ငါတို့ကို မငြူစူကြနှင့် မနာလိုစိတ်မရှိကြနှင့်'။

ဤတရားတော်အထဲ၌ မိမိတို့အမြတ်ကြီးစားသောကြောင့် လူမွဲတွေ နစ်နာဆင်းရဲကြရ သည်ဟု မပါလေရကား လူချမ်းသာ ကုန်သည်ကြီးတို့အတွက် ဦးထိပ်ရွက်ဆင်ရာ ပုန်းအောင်း လည်းလျှောင်းရာ တရားတော်ကြီး ဖြစ်သောကြောင့် တရားဟောတော်မူသော ဆရာတော်ကြီး တို့အား အလွန်လျှင် ကြည်ညိုမြတ်နိုးကြကုန်၏။

လူမွဲဆိုသူတို့ကလည်း ကုန်းရုန်းရလုပ်ကိုင်ကြရလွန်းသောကြောင့် မောပန်းလှလေပြီ၊ သေလည်းမသေဝံ့၊ ခွဲဝေမျှတမှုမရှိကြသော လူချမ်းသာတို့ထံမှလည်း မလုမယက်ဝံ့။

ရင်တွင်း၌မြိုသိပ်လျက် အစရှာမရဘဲ တနုံ့နုံ့နှင့်မကျေမနပ် ဖြစ်နေကြရ၏။ အကြောင်း ရှာ၍လည်းမရကြ၊ အကောင်းရှာတတ်အောင် အသိတရားလည်းမရှိကြ၊ ကြာဘူးနားဝအသိ တရားရှိသူများကလည်း မျိုးရိုးစဉ်ဆက်တို့၏စရိုက်အတိုင်း တဘက်သားတို့ကို နစ်နစ်နာနာ စွပ်စွဲရန် အားနာနေကြ၏။

ထိုစဉ် ဆရာတော်တို့၏တရားတော်တို့ကို နာကြားကြရ၏၊ ထိုအခါ အဖြေပေါက်ရလာ သည်။

ငါတို့ကား ဘဝကံအကျိုးပေးနုံနဲ့လှသောကြောင့် ဤသို့ဖြစ်ရ၏။ နောက်နောင် ဤသို့ မဖြစ်ကြရလေအောင် ဖြစ်သမျှနှင့်ရောင့်ရဲတင်းတိမ်လျက်၊ စိတ်နှလုံးချမ်းမြေ့စွာ သီးခံနေမည်ဟု မိမိတို့ကိုယ်ကို မိမိတို့နှစ်သိမ့်လာကြ၏။

ထိုစဉ်အတွင်း ဦးကံပေးသည့် အတရလဖကြီးကို တည်ထောင်ခဲ့ကြသော ဦးပြည့်ဝ၊ ဦးမြန်ထက်တို့ကို မျက်မြင်အပြတ်အသတ်နိုင်လာသောအခါ ရွှေဝါပြည်သူပြည်သားတို့သည် . . .

ဘာ့ကြောင့် . . . . .

ဘယ်သို့သောအခြေအနေ၊ ဘယ်သို့သောအချိန်အခါမျိုးနှင့် ဆုံဆီးသောကြောင့်ဟု မတွေးကြံကြတော့။

ကံတရားကား ဆန်းကျယ်လှလေစွ၊ သတ္တဝါတို့မည်သည် ကံတရားခြယ်လှယ်တိုင်း ခံနေကြရ၏။

ယခုကြည့်လော ဦးကံပေးသည် ဘုရား တရား သံဃာ ဆရာသမား မိဘတို့ကို ဦးထိပ် ထားလျက် လောကပါလသမာဓေဝ နတ်ကောင်းနတ်မြတ်တို့ချစ်ကြည်ညိုအောင် ဥပုသ်သတင်း စောင့်သုံး၏။ အဓိဋ္ဌာန်ပုတီးစိပ်၏။ နတ်တို့ကိုပူဇော်ပသ၏။

ထို့ကြောင့် လူလိုရှ်နတ်လို၏၊ နတ်လိုရှ် ဂြိုလ်မ၏။ ဂြိုဟ်မရှ်ကံကောင်းကြရ၏ဟု ရွှေဝါပြည်တပြည်လုံးက ယုံကြည်ထားကြသည်။

ဤသို့ယုံကြည်သည့်အတိုင်း ဆင်းရဲသူတို့ကလည်း အလုပ်မလုပ်ကြဘဲ သီလဆောက် တည်ရင်း ဖြစ်သမျှ ကြိတ်မှိတ်ခံ၏။

အရာရှိအရာခံတို့ကလည်း နေ့အားရက်အားရောက်တိုင်း ဥပုသ်သီတင်းဆောက်တည် ရာဌာနသို့ ရောက်ကုန်ကြ၏။ မိမိရာထူးတည်တန့်ရေး ရာထူးတိုးတက်ရေးကို အလုပ်မလုပ်ကြ ဘဲ ဥပုသ်ဆောက်တည်ရင်း အဓိဋ္ဌာန်ပြုကြ၏၊ ဆုတောင်းကြ၏။

ကုန်သည်ကြီးတို့ကလည်း မိမိတို့ အမြတ်အစွန်းရရှိရေးကို လုပ်မြဲလုပ်လျက် ပိုမိုတိုးတက် ချမ်းသာစေရန် ဥပုသ်ဆောက်တည်ရာအရပ်သို့ ရောက်ရှိကြ၏။ သီတင်း သီလ ဆောက်တည် ရင်းမသိရှိရသော အရာရှိကြီးများနှင့် သိရှိကြရ၏၊ သိရှိပြီးသား အရာရှိကြီးတို့နှင့် ပိုမိုအကျွမ်း ဝင်ခွင့်ရကြ၏။

ထို့ပြင် ထိုပုဂ္ဂိုလ်တို့သည် ဦးကံပေးစသော အခွင့်ထူးခံ အထက်တန်းနိုင်ငံအုပ်ချုပ်သူတို့ နှင့် တွေ့ဆုံကြရလျက် ထိုသူတို့၏ လေးစားခင်မင်မှုတို့ကို ခံကြရရှ် အရာရှိငယ်များအတွက် လည်း ချက်ခြင်းရာထူးလဆတိုး၏။ ကုန်သည်များအဘို့လည်း အစိုးရနှင့် ဆက်ဆံရသည့်ကိစ္စများ တွင် အလွယ်တကူ လျှောလျှောလျူလျူကိစ္စပြီး၏။

ထိုမျှမကသေး လက်နက်ကိုင်တိုက်ခိုက်နေကြသော ရွှေဝါပြည်၏ စစ်ဗိုလ်စစ်သား ကောင်းတို့ပင်လျှင် ထိုဥပုသ်ဆောက်တည်ရာအရပ်သို့ ရောက်လာကြ၏။ အဓိဋ္ဌာန်ဥပုသ် ဆောက်တည်ခြင်း၊ အဓိဋ္ဌာန်ရဟန်း ပြုလုပ်ခြင်းမျိုးတို့ကို ပြုလုပ်လာကြ၏။

ရွှေဝါပြည်ရှ် စစ်ဗိုလ်စစ်သားတို့သာလျှင် ဤသို့ပြုလုပ်ကြသည်မဟုတ်၊ ဦးကံပေးနှင့် အပြိုင်အဆိုင်ဖြစ်ခဲ့ကြကုန်သော ဦးပြည့်ဝနှင့် ဦးမြက်ထက်တို့၏ တပည့်နောက်လိုက်တို့သည် ၎င်း ဤအတိုင်း ပြုလုပ်လာကြကုန်၏။

နောက်ဆုံးရှ် ငဆိုးထက်ခိုင်၏ရဲဘော် ဗိုလ်မှူးချုပ်ကြီးသည်လည်း ဤအတိုင်းပုတီးစိတ် ခြင်း ဥပုသ်စောင့်ခြင်း အမှုတို့ကိုပြု၏။ ရွှေဝါပြည်သားတို့၏ ယူရိုးယူစဉ် အယူအဆမျိုးကို မယူသော ဗိုလ်မှူးချုပ် ထက်မြက်သည်လည်း မိမိအယူနှင့် ဥပုသ်စောင့်ခြင်း ပုတီးစိတ်ခြင်း အဓိဋ္ဌာန်ပြုခြင်းတို့ကိုလုပ်၏။

ရွှေဝါပြည်သားအားလုံးလိုလိုတို့သည် ဆင်းရဲလျှင် အလုပ်မလုပ်ကြ၊ ပုတီးစိပ်၏ ထမင်းငတ်လျှင် ထမင်းဝအောင် ရှာဖွေမစားကြ၊ ဥပုသ်စောင့်၏၊ ကုန်ရှုံးလျှင် ကုန်မြတ်ရန် မကျိုးစားကြ၊ ချင့်ချိန်တွက်ချက်မှုမပြု ဥပုသ်စောင့်၏ နတ်ပသ၏။

ဆူပူသူတို့နှင့် တိုက်ခိုက်ကြရမည့် စစ်ဗိုလ်စစ်သားတို့သည်လည်း စစ်တိုက်ကြရမည်ဆို လျှင် လက်နက်ခဲယမ်းပြင်ဆင်ခြင်း၊ စစ်ဆေးခြင်း စစ်တိုက်ကြရမည့်

နယ်မြေအနေအထားကို လေ့လာခြင်း သယ်ယူပို့ဆောင်ရေးနှင့် လက်နက်ရိက္ခာအင်အားကို စီစစ်ခြင်း စစ်ဆင်စစ်ရပ် စစ်တက်တို့ကို ကြံစည်ဆွေးနွေးခြင်း မပြုကြတော့။

ဥပုသ်ဆောက်တည်ခြင်း အဓိဋ္ဌာန်ပြုခြင်း ယတြာချေခြင်း ဓါတ်ရိုက်ခြင်း နတ်ပသခြင်းများကို ပြုလုပ်လျက် တိုက်ရေးခိုက်ရေးအတွက် လက်အောက်စစ်ဗိုလ်ငယ်များကို စီစဉ်စေ၍ အဆောင်များအချိန်အခါများပေးပြီးလျှင် စစ်ထွက်တိုက်စေ၏။

ဤသို့ဓါတ်ရိုက်ခြင်း ယတြာချေခြင်း ဗေဒင်ဟောခြင်းစသည်တို့၌ ရန်နိုင်နေပြည်တော် ကြီး၏ အရှေ့မြောက်ဘက်ရှိ ဝတ်ရုံတော်ကျွန်းအရပ်သို့ သွားရာလမ်းမှ အဝါရောင်ဝတ်တဦး နေသောကျောင်းတကျောင်းသည် နာမည်ကြီး၏။

ထိုကျောင်းမှအဝါရောင်ဝတ်ကြီးသည်ကား ပွဲကျောင်းဘုန်းတော်ကြီးများ၏ အဆက်အနွယ်လည်းမဟုတ်၊ ဗုဒ္ဓအယူယူသော သီဟိုဘုန်းတော်ကြီးများ၏ အဆက်အနွယ်လည်းမဟုတ် ပွဲကျောင်းနှင့် သီဟိုဘုန်းတော်ကြီးတို့၏ အယူနှစ်မျိုးကို မိမိကြိုက်လုံးချည်း ရွေးချယ်စပ်ဖောက် ၍ယူထားသော ယခုရွှေဝါပြည်ခေတ်သစ်၌သာ ပေါ်လာသည့် အဝါရောင်ဝတ်တဦးဖြစ်၏။

ထိုသို့သောအဝါရောင်ဝတ်မျိုးသည် ရွှေဝါပြည်၏အရပ်ရပ်၌ အတော်ပျံ့နှံ့စွာပေါ်ပေါက်လာ၏။ ရန်နိုင်နေပြည်တော်၌ပင်လျှင် အတော်များများရှိ၏။ ရန်နိုင်နေပြည်တော်၏ ကျောက်ကမူ အရပ် လူနေလမ်းထဲ၌လည်းတဦးရှိ၏။ ရန်နိုင်နေပြည်တော် မြောက်ဒဂုံရပ်ကွက်အနီး မြို့ပတ်မီးရထားလမ်းဘေး၌လည်း တဦးရှိ၏။

ထိုမီးရထားလမ်းဘေးရှိ အဝါရောင်ဝတ်သည် အထက်၌ဖော်ပြခဲ့သော အဝါရောင်ဝတ်တို့၏ တပည့်တပန်းမျှသာ ဖြစ်၏။

သို့သော် ထိုမြို့ပတ်မီးရထားလမ်းဘေးရှိ အဝါရောင်ဝတ်သည့် ရွှေဝါပြည်ဇတ်မင်းသား ညှာသကဲ့သို့ ညှာတတ်သောကြောင့် ရွှေဝါပြည်သူမိန်းမများက အလွန်ကြည်ညိုကြသဖြင့် ပို၍ ကျော်ကြား၏။ ရွှေဝါပြည်၏ အကောင်းဆုံးဇာတ်မင်းသားများ အဆိုအဟဲကောင်းသကဲ့သို့ ကောင်း၏။ အပြော၌မူ ရွှေဝါပြည်၏အကောင်းဆုံးသော ဇတ်မင်းသားတို့သည် ထိုအဝါရောင် ဝတ်ကို မည်သို့မျှမမှီကြလေ၊

ထို. . . အဝါရောင်ဝတ်၏ ‘ဒကာပွားရေ့. . . ဟု’ ခေါ်လိုက်သော ဆွဲငင်သံသည် ရုပ်စုံမင်း သား၏ စင်သံမျိုးပေါက်လျက် ‘ဒကာပွားဟန့်. . . . . ဟူသော အသံမှာ အမျိုးသမီးတို့၏ ရင်ထဲ၌ ဟာကနဲဖြစ်စေပြီး နားထောင်နေရင်း ရင်ခုံလာနိုင်၏။ ကရုဏာသံပါလွန်းလှ၏။ ထို့ကြောင့်ချက် ခြင်း ချမ်းသာကြွယ်ဝ ကျော်ကြား၏။

ထိုသို့သော ထိုအဝါရောင်ဝတ်သည် ရန်နိုင်နေပြည်တော် မြွေကြီးရပ်ကွက် သို့သာန် အနီး ဝတ်ရုံတော်ကျွန်းအရပ်သို့သွားရာလမ်း၌ နေထိုင်သည့် သူ့ဆရာအဝါရောင်ဝတ်ကြီးကို မည်သို့မျှတုပ၍ မရလေ။

သူ့ဆရာအဝါရောင်ဝတ်ကြီးကား ငုံးဆူလူမသိသောအရွက် အုပ်သီး ကျော်ကြားသူဖြစ်၏။ တံခိုးသြဇာအာဏာရှိ၏။

ရွှေဝါပြည်၌ကျော်ကြားသော ထိပ်တန်း နိုင်ငံရေးသမားများ ထိပ်တန်းနိုင်ငံရေးသမားတို့ ၏ ကတော်များ၊ ထိပ်တန်းနိုင်ငံရေးသမားတို့၏ မယားငယ်အမှတ် တစ်၊ နှစ်၊ သုံး၊ လေး၊ ငါး၊ ခြောက်၊ ခွန်၊ ရှစ်၊ ကိုး၊ တစ်ဆယ်၊ ဆယ်သုံး အားလုံးကုန်. . . .။

ထိပ်တန်းကုန်သည်ကြီးများ ထိပ်တန်းကုန်သည်ကြီးတို့၏ ကတော်များ ထိပ်တန်းကုန်သည်ကြီးတို့၏ မယားငယ်အားလုံးအကုန်။

ထိပ်တန်းစစ်ဘက်အရာရှိကြီးများ ထိပ်တန်းစစ်ဘက်အရာရှိကြီးတို့၏ ကတော်များ ထိပ်တန်းစစ်ဘက်အရာရှိကြီးတို့၏ မယားငယ်အားလုံးကုန်။

ထိုမျှမကသေး. . . .

ထိပ်တန်းနိုင်ငံရေးသမားများ အုပ်ချုပ်ရေးဘက်အရာရှိများ စစ်ဘက်အရာရှိများ ကုန်သည်ကြီးများတို့၏ မယားကြီးတွေနှင့် တိတ်တဆိတ်ဖြစ်ပွားနေကြသော လင်ငယ်များ။

ထိပ်တန်းနိုင်ငံရေးသမားများ၊ အုပ်ချုပ်ရေးဘက် အရာရှိများ စစ်ဘက်အရာရှိများ ကုန်သည်ကြီးများတို့၏ မယားငယ်အားလုံးတို့နှင့် အုံ့ပုန်းချစ် ချစ်နေကြရသည့် ချစ်သူယောကျ်ားများ ထိုသူတို့အားလုံးတို့သည် အဆိုပါ အရည်းကြီးလည်းမဟုတ် သီဟိုလည်း မဟုတ်သော အဝါရောင်ဝတ်ကြီး၏ကျောင်း သင်္ဃာန်းသို့ နေ့ညမပြတ်ဒလစပ် ဝင်ထွက်လျက်ရှိ ကြ၏။

ဝင်ထွက်ကြရသည့် ကိစ္စမျိုးတို့ကလည်း အမျိုးပေါင်းစုံလှ၏။

မိမိ၏လင်ကြီးသည် မယားငယ်၏ မျက်နှာကို မကြည့်ချင်လောက်အောင်ဖြစ်လာပြီး မိမိဆီသို့ ပြန်ရောက်လာလျက် မိမိကိုမျက်စိအောက်က အပျောက် မခံလောက်နိုင်အောင် ပြုလုပ်ပေးဘို့ လာရောက်အပူကပ်ကြသော မယားကြီးများ၏ကိစ္စ။

မိမိဆရာ၏ မယားကြီးသည် မယားငယ်နောက်သို့ လိုက်နေသော မိမိဆရာကို အမုန်း ကြီးမုန်းလျက် မိမိအားမျက်စေ့အောက်က အပျောက်မခံနိုင်အောင် ပြုလုပ်ပေးပါရန်လာရောက် အပူကပ်ကြသော အမြှောင်လင်ငယ်များ၏ကိစ္စ။

မိမိ၏မယားငယ်သည် သူ၏ချစ်ကို မုန်းတီးလျက် မိမိအား မခွဲနိုင်မခွာရက်ဖြစ်လာအောင် ပြုလုပ်ပေးဘို့ အတွက်လာရောက် အပူကပ်ကြသော မယားငယ်ယူထားသူ၏ကိစ္စ။

မိမိ၏ချစ်သူသည် မိမိ၏တိတ်တိတ်ပုန်း လင်မျက်နှာကြီးအကောင်ကြီးကို မကြည့်နိုင်လောက်အောင် ရွန်မုန်းလာလျက် မိမိဆီသို့လည်လာရန် လာရောက်အပူကပ်ကြသော မယားငယ် တို့၏ ချစ်သူများကိစ္စ။

မိမိ၏တိတ်တိတ်ပုန်းလင်သည် သူ၏မယားကြီးကို မျက်နှာမကြည့်ချင်အောင် ရွန်မုန်းလျက် မိမိအနီးမှ မခွာနိုင်အောင်လုပ်ပေးပါရန် လာရောက်အပူကပ်ကြသော မယားငယ်နေကြသူ တို့၏ကိစ္စ။

မိမိ၏အထက်လူကြီးက မိမိအားချစ်ခင်ယုံကြည်လာအောင် ပြုလုပ်ပေးပါမည့်အကြောင်း သာမဟုတ် အပူကပ်ကြသူတို့၏ကိစ္စ။

မိမိလက်အောက်ရှိ မာနကြီးလှသော ရုံးအလုပ်သမား မိန်းမပျိုက မိမိကိုမနေနိုင် မထိုင် နိုင်ကြိုက်လာအောင် ပြုလုပ်ပေးပါရန် လာရောက်အပူကပ်ကြသော ရုံးအုပ်ကြီး စာရေးကြီး အရာရှိကြီး စစ်ဗိုလ်ကြီးတို့၏ကိစ္စ။

မိမိတို့အထက်ရှိ ပညာတတ်သော မာနကြီးသော လှသော ရုံးဝန်ထောက်မ၊ ရုံးအုပ်မ၊ ဗိုလ်ကြီးမမက မိမိကိုမနေနိုင် မထိုင်နိုင်ကြိုက်လာအောင် ပြုလုပ်ပေးပါရန် လာရောက်အပူကပ် ကြသော စာရေးကြီး ရုံးအရာရှိလပ်၊ တပ်ကြပ် စစ်ဗိုလ်လေးတို့၏ကိစ္စ။

အလုပ်တွင်အငြိုးအငြင်ခံရသူ အမှုရှိသူများက အထက်အရာရှိကြီးများ ကျေနပ်ရန် အမှု နိုင်ရန် လာရောက်အပူကပ်ကြသဖြင့် ပြုလုပ်ပေးရသည့်ကိစ္စ။

မိမိရာထူးမြင့်ရေးမိမိအသံကြားသူ မြင်သူတိုင်းကမိမိကို ချစ်ခင်ရေး ရွေးကောက်ပွဲနိုင်ရေး စာမေးပွဲအောင်ရေး စစ်နိုင်ရေး မိမိကိုတိုက်ပွဲရှိရာသို့ မလွှတ်ရေး စသည်တို့ကို ပြုလုပ်ပေးပါရန် လာရောက်အပူကပ်ကြသဖြင့် ပြုလုပ်ပေးရသည့်ကိစ္စ။

လိုင်စင်ရရေး ကုန်စည်မြတ်ရေး အလုပ်အကိုင်နှင့်ပတ်သက်၍ ပြောဆိုရာတွင် အောင်မြင်ရေး မြတ်စွန်းအကျိုးပေးမည့် ကုန်စည်တို့၏ နေ့နံကိုရွေးချယ်ပေးရေး။

မယ်ဘွဲ့ရရှိနိုင်မည့် အဆောင်လက်ဖွဲ့တို့ကို စီရင်ပေးရေး ထို့ပြင် ရှေးဖြစ်နှောင်းဖြစ် ဗေဒင်ဟောရန် ဆောင်ရန်၊ ရှောင်ရန် ယာယီယတြာပြုရန် ဓါတ်ရိုက်ပေးရန်စသောကိစ္စများ။

ဤသို့သောကိစ္စများနှင့်ပတ်သက်၍ ရန်နိုင်နေပြည်တော်၏ လူအမျိုးမျိုး အလုပ်ဌာန အမျိုးမျိုးမှ လူတို့သည် အဆိုပါကျောင်းသင်ခန်းသို့ နေ့ညမပြတ် ဒလစပ်ရောက်ရှိ နေကြခြင်း ဖြစ်၏။

ရှေးယခင်အခါကမူ ရွှေဝါပြည်၏ စစ်တပ်မတော်သားတို့သည် ထိုကျောင်းကိုသိလည်း မသိ၊ လာသူလည်းမရှိ၊ သို့သော်–

နောက်ဆုံးရွေးကောက်ပွဲ၌ ဦးကံပေးအပြတ်အသတ်နိုင်သည့်အခါကစ၍ ရွှေဝါပြည်၏ စစ်တပ်မတော်သား ဗိုလ်မှူးကြီး ဗိုလ်မှူးငယ်၊ ဗိုလ်ကြီးဗိုလ်ကလေး၊ အကြပ်တပ်သားအတော် များများတို့ ထိုကျောင်းသို့ လမ်းပေါက်လာကြ၏။

ယခင်ကတည်းက အဝင်အထွက်ရှိခဲ့ကြသော ဗိုလ်မှူးကြီး၊ ဗိုလ်မှူးငယ်၊ ဗိုလ်ကြီး အကြပ် တပ်သားစသည်တို့၏ ကတော်များ ဇနီးများကားပြောဘွယ်ရာမရှိ၊ ထိုကျောင်းသင်ခန်းသည် သင်းတို့ အိုးအိမ်နေရာကဲ့သို့ ဖြစ်နေကြ၏။

ဥပမာ ဒုဗိုလ်မှူးကြီး ငဆိုးရှယ်အ အချက်ပြသည် ကွယ်လွန်သွားခဲ့၏။ ကလေးများ၏ အမေဖြစ်သော ဒုဗိုလ်မှူးငဆိုးရက်ကတော်သည် မုဆိုးဘိုဖြစ်သည့် ဗိုလ်မှူးချုပ် ငလုံးညီကို ရယူ နိုင်ပါရန် ထိုကျောင်းသင်ခန်းသို့သွားရောက် ချဉ်းကပ်ရ၏။

အဆိုပါကျောင်းသည် ဤသို့ရှုပ်ထွေးမှုကိစ္စ၊ လင်သည် မယားကိစ္စ သားကိစ္စစသော ကိစ္စ အားလုံးတို့ကို ရှုပ်ရှုပ်ထွေးထွေး ရွက်ဆောင်ပေးရာဌာနဖြစ်၏။

မင်း၊ မြူ၊ စစ်ဘက်စသော အရာရှိပေါင်းစုံကတော်တို့၏ ဦးညွှတ်ရာ ခိုလှုံရာဖြစ်သော ကြောင့်လည်း သြဇာတံခိုးကြီးလှ၏။ ထိုကျောင်းမှနေ၍ လိုအပ်သည့်နေရာ လိုအပ်သည့်အလုပ် ကို မရရအောင် ဆောင်ရွက်ပေးနိုင်စွမ်းရှိ၏။

ဤလိုဖြင့် ထိုကျောင်းသည် ငုံးဆူလူမသိဘဲ ရွက်ပုံးသီး တံခိုးသြဇာအာဏာကြီးခဲ့ရသည်။

ဤကျောင်းသို့ ရွှေဝါပြည်၏ စစ်ဘက်အရာရှိတို့ ထွက်ဝင်ပေါက်ရောက်လာသည့်အချိန် ကစ၍ ရွှေဝါပြည်၏ အခြေအနေသည် တမျိုးတဖုံပြောင်းလဲလာခဲ့၏။

ရွှေဝါပြည်ရှိ ရုံးသူရုံးသားအားလုံးလိုလိုတို့သည် ဒုလ္လဘရဟန်းမဝတ်ဘူးသူမရှိသလောက် ဖြစ်လာကြ၏။ အလွန်ရခဲပါသည်ဟု ဗုဒ္ဓက မိန့်မြွက်ထားသည့် ရဟန်းအဖြစ်ကို ဟောတယောက် ဟောတယောက်ဖြင့် တရွတ်ရွတ်ရအောင် လုပ်ပစ်လိုက်ကြ၏။

မည်သူကထွင်ပေးလိုက်သည်ဟု မသိရ ရွှေဝါပြည်ရှိ တက္ကသိုလ်ကျောင်းတော်သူအချို့ တို့ပင်လျှင် ကတုံးပြောင်ပြောင်ရိပ်လျက် ဒုလ္လဘသီလရှင်တွေပြုလုပ်ပစ်လိုက်ကြ၏။

ထို့ပြင် ရွှေဝါပြည်သူပြည်သားအားလုံးတို့သည် မည်သည့်လုပ်ငန်းကိစ္စဆောင်ရွက်ရန် မဆို နေ့ရက်အချိန်ကောင်းအခါကောင်း ရွေးချယ်ပြီးမှပြုလုပ်လာကြ၏။

ရွှေဝါပြည်ရှိ ပြည်တွင်း ရေကြောင်းခရီးအားလုံးတို့ကို သောကြာနေ့၌ ရပ်နားခွင့်ပေးရန် တိုင်ပင်စဉ်းစားနေကြ၏။ သောကြောရေကြောင်းမသွားကောင်းဟု ရှေးဟောင်းစာဆိုတို့၌ရှိသော ကြောင့်ဖြစ်၏။

ရုံးများကိုလည်း ပိတ်ရက်ညီမျှသော ကမ္ဘာ့ရုံးပိတ်ရက်များကို ပိတ်နေကြရာမှ ပိတ်ရက် မညီသောမိမိတို့၏ အဖိတ်နေ့ဥပုသ်နေ့တို့ကို ပိတ်စေခဲ့ပြီးနောက် နောက်ထပ် ပိတ်ရက်တိုးဘို့ ရန် ဆွေးနွေးတိုင်ပင်ကြပြန်သည်။

ထိုပိတ်ရက်တို့မှာ ပြဿဒါးရက် ဝါရမိတ္တုရက် တာနေရက်တို့ဖြစ်၏။ ထို့ပြင် ရွှေဝါ တပြည်လုံးရှိခရီးလမ်းတို့ကိုလည်း အသစ်ပြင်ဆင်ဖောက်လုပ်ရန် စီမံစိုင်းပြင်းကြပြန်၏။ ထိုလမ်း တို့သည် နတ်နှင့်ရင်ဆိုင်မျက်နှာပြု၍သွားရခြင်း နဂါးနှင့်ရင်ဆိုင် မျက်နှာပြု၍ နဂါးခံတွင်းသို့ ဝင်စေလျက် သွားလာရခြင်းတို့ကို ရှောင်ရှားနိုင်ရန်နှင့် မည်သည့်အရပ်ကိုမဆို လတ်နှင့်ရင်ဆိုင် ပြု၍ သွားလာနိုင်ရန်အတွက်ဖြစ်၏။

ဤလို ရွှေဝါပြည်ကြီးတပြည်လုံး ထိပ်ဆုံးမှစ၍ အတွေးအခေါ်များပြောင်းလဲလာခြင်း အပြုအမူများပြောင်းလဲလာခြင်း လုပ်ငန်းဆောင်ရွက်မပုံများပြောင်းလဲလာခြင်းစသော ပြောင်းလဲ မှုမျိုးတွေ အကြီးအကျယ်ပြောင်းလဲလာချိန်၌ မမြော်လင့်သော ကိစ္စကြီးတစ်ရပ်ပေါ်ပေါက်လာခဲ့ ၏။

ထိုကိစ္စကြီးကား ရွှေဝါပြည်၏ ပြည်နယ်အသီးသီးတို့မှ မိမိတို့သည် ရွှေဝါပြည်ကြီး၏ ပြည်ထောင်စုအတွင်းမှ ခွဲထွက်လျက် မိမိတို့သဘောအတိုင်း သီးခြားပြည်နယ် တည်ထောင်လို သည် အကယ်၍ ရွှေဝါပြည်ကြီးက အခွင့်မပေးလျှင် လက်နက်ကိုင်တိုက်လိုကတိုက်ရပါစေ ရသည့်နည်းနှင့် ခွဲထွက်မည်ဟူသော ရာဇသံများဖြစ်၏။

ရွှေဝါပြည်၏ပတ်ပတ်လည်၌ရှိသော ပြည်နယ်ခေါင်းဆောင် အသီးသီးတို့သည် ကမ္ဘာ၌ စစ်စခန်းလိုနေကြသော ကမ္ဘာ့နိုင်ငံကြီးတို့နှင့် လက်ဝါးရိုက်ထားပြီးဖြစ်နေကြ၏။

ထိုပြည်နယ်ခေါင်းဆောင်တို့သည် မိမိတို့သာချမ်းသာပါစေ တံခိုးအာဏာရှိပါစေ မိမိတို့ ပြည်နယ်ကလေးကို စစ်စခန်းပြုလုပ်လိုက ပြုလုပ်ပါ။

တိုက်ကြီးတာကြီး လေယာဉ်ကွင်းကြီး ဒုံးပျံစခန်းကြီး ရေဒါစင်ကြီးများ ဆောက်လုပ်လိုက ဆောက်လုပ်ပါ မိမိတို့အမျိုးသားတွေကို ခေတ်မှီလက်နက်တွေ တပ်ဆင်ပေးလျက် အားလုံး စစ်တပ်ဖွဲ့စည်းလိုက်ပြီးလျှင် မိမိအမျိုးသမီးတွေကို မိတ်ဆွေကြီးတို့၏ အလုပ်သမားတွေက အားလုံးယူချင်လျှင် ယူပစ်လိုက်ကြ၏။

အရေးအကြီးဆုံးက မိမိသည် မိမိပြည်နယ်၌ တဦးတည်းသော ပဒေသရာဇ် ဘုရင်သော် ၎င်း ခေတ်နှင့်အညီအာဏာအရှိဆုံးသော သမတသော်၎င်းဖြစ်လို၏။

အကယ်၍ မိတ်ဆွေကြီးတို့ ဆက်လက်ကူညီမည်ဆိုလျှင် ရွှေဝါပြည်ကြီးကိုပါ စစ်ပြုတိုက် ခိုက်လျက် မိမိတို့ပြည်နယ်ကလေး၏ လက်အောက်၌ထားလိုက်မည်။ ထို့နောက်

ငွေကြေး မြောက်များစွာ ရဦးမည်ဆိုလျှင် မိတ်ဆွေကြီးတို့ အသုံးပြုရန်ဆိပ်ကမ်းတခုကိုပင် ပေးဦးမည် စသဖြင့် လက်ဝါးရိုက်ထားကြသူများဖြစ်ကြ၏။

ထိုသို့ လက်ဝါးရိုက်ထားကြသည့် ပြည်နယ်များသည် ရွှေဝါပြည်ပတ်ပတ်လည်၌ သုံးခုမျှ ရှိခဲ့ရာ ကျန်သောပြည်နယ်များကိုပါ သွေးညှိပူးပေါင်းကြလျက် မိမိတို့ပြည်နယ်များကို သီးခြား ပြည်နယ်အဖြစ် ခွဲထွက်ခွင့်ပြုရန် ရွှေဝါပြည်ကြီးကိုပူးပေါင်း ရာဇသံပေးလိုက်ကြသည်။

ဦးကံပေးသည် ဤကိစ္စနှင့်ပတ်သက်၍ ရာဇသံပါရက်ချိန်းသို့ရောက်သည်နှင့် အဖြေပေး ရတော့မည်။ ဦးကံပေးသည် ရွှေဝါပြည်ကြီးအား မိမိယုံကြည်ချက် မိမိစေတနာဖြင့် တကယ် ကောင်းမွန်အောင် ယုံယုံကြည်ကြည် ထိန်းသိမ်းစောင့်ရှောက်လာခဲ့သူဖြစ်၏။ သို့ပါလျက်နှင့်ပင် ဦးကံပေး၌ ဤသို့သောမလိုလားအပ်သည့် ကြမ္မာဂြိုဟ်ဆိုးများ ဝင်လာခဲ့သေး၏။

ပြည်နယ်များက ဤသို့ပြုမူခြင်းသည် ပြည်နယ်များ၏ အကြီးအကဲတို့က မိမိတို့ပြည်နယ် များကိုသာ မိမိတို့ရရှိလာမည့်စည်းစိမ်အာဏာတို့ဖြင့် လဲယူရုံမျှမက ရွှေဝါပြည်ကြီးကိုပါ အဆစ် ထည့်ပေးလိုက်ချင်နေကြသည်ကို ဦးကံပေးသိ၏။

ဤလိုသိပါလျက်နှင့် ဦးကံပေးကဲ့သို့သော တိုင်းချစ်ပြည်ချစ် ပုဂ္ဂိုလ်တယောက်သည် ဤအတိုင်းငြိမ်သက်မနေ ကိုယ်၏စွမ်းအားရှိသ၍ အားသွန်ကြိုးပမ်း ကာကွယ်မည်ဖြစ်၏။ မိမိယုံ ကြည်ချက်နှင့် မိမိတကယ်လည်း ကာကွယ်၏။

ဦးကံပေးသည် ရွှေဝါပြည်ကြီးလွတ်လပ်ရေးရသည်ကိုပင် အကောင်းဆုံးသောဂြိုဟ်အိမ်၌ ဥစ်ကသစ်ရ၍ လဂ်တက်ယူနိုင်စေရန် ၄–ရက်နေ့နံနက် ၄– နာရီ၌ပြုလုပ်ခဲ့၏။

ထိုသို့ပြုလုပ်ခဲ့သည်မှာ အကြောင်းမဲ့မဟုတ် ယခုကဲ့သို့အရေးကြီးသော အချိန်သို့ ရောက်သည်နှင့် လွတ်လပ်ရေးရခဲ့သော ရွှေဝါပြည်ကြီး၏ဇာတာကို စစ်ဆေးတွက်ချက်ပြီးလျှင် ရသေ့ရှစ်သောင်းဆရာဏောင်းတို့၏ အမျိုးမျိုးသောနည်းတို့ဖြင့် ကာကွယ်ရန်ဖြစ်၏။

ထိုအစီအစဉ်အတိုင်း ယခုလည်း ဦးကံပေးက မဆုတ်မနစ်သောလုံ့လဖြင့် ကျိုးကျိုးစား စား အကယ်ယုံယုံကြည်ကြည်လုပ်ရှာလေသည်။

ရွှေဝါပြည်ကြီး၏ဇာတာကို တွက်ချက်စစ်ဆေး၏ ရွှေဝါပြည်ကြီး၏ဂြိုဟ်စီးဂြိုဟ်နင်း ဒသာစားစသည်တို့ကို ပြေပျောက်အောင်ပြု၏။ ထို့ပြင် မိမိကိုယ်တိုင်လည်း ရွှေဝါပြည်တခုလုံး အား ကိုယ်စားပြုထားသူတယောက်အနေဖြင့် အဓိဋ္ဌာန်ဥပုသ်ဆောက်တည်ခြင်း၊ အဓိဋ္ဌာန် ပုတီး စိပ်ခြင်း၊ နွား၊ ကြက်၊ ဝက်၊ ငှက်၊ ဆိတ်၊ ခို၊ ငါး စသည်တို့ကို ဘေးမဲ့လွှတ်ခြင်းတို့ကိုပြု၏။ ထို့နောက်အစီအစဉ်အတိုင်း ရွှေဝါပြည်တပြည်လုံးရှိ မြို့အသီးသီးတို့ကို တနေ့တည်း တချိန် တည်းဘုရားတည်ပြီး ထီးတင်ပြီးလျှင် ဤရွှေဝါပြည်ကြီးသည် ရန်သူအမျိုးမျိုးတို့၏ ဘေးအပေါင်း မှ လွတ်ပါစေသောဟု ဆုတောင်းပတ္တနာပြုစေ၏။

ဦးကံပေး၏ ဆုတောင်းသည် အကယ်ပင်ပြည့်ဝခဲ့ပါသည်။

(၆)

နောက်တနေ့ကား ပြည်နယ်ခေါင်းဆောင်အုပ်စုအဖွဲ့၏ ရာဇသံပေးထားချက်ကို ဦးကံပေးတို့က အဖြေပေးရမည့်နေ့ဖြစ်၏။

ပြည်နယ်ခေါင်းဆောင်တို့သည် အဆောင်အယောင်တွေနှင့်တကွ ဝင့်ဝါသောမျက်နှာထားဖြင့် ရန်နိုင်မြို့တော်ကြီးသို့ စုပြုံရောက်ရှိနေကြ၏။

၎င်းတို့အချင်းချင်းလည်း ကြိတ်ကြိတ် ကြိတ်ကြိတ်ဖြင့် တိုင်ပင်ကြ၏။ တွေ့ဆုံကြ၏။ ဆွေးနွေးကြ၏။ ရွှေဝါပြည်၏ နေပြည်တော်ဖြစ်သော ရန်နိုင်မြို့တော်ရှိ အထက်တန်းကျသော ပျော်ပွဲစားရုံဟူသမျှတို့၌ လာဘ်ကြီးဆိုက်နေကြ၏။ မင်းသမီးအမည်ခံ မယ်အမည်ခံကြလျက် အထက်တန်းစားတို့၌သာ ပေါင်းသင်းဆက်ဆံလေ့ရှိကြသည့် ရွှေဝါပြည်၏သမီးပျိုအချို့တို့သည် လည်း လာဘ်ရွှင်နေကြ၏။ မော်တော်ကား အကောင်းစားကြီးတွေနှင့် လမ်းသလားနေနိုင်ကြ၏။

ဦးကံပေးသည် ပြည်နယ်တို့၏ လိုလားချက်ကို ဆန့်ကျင်လိုက်သည်နှင့်တပြိုင်နက် မိမိတို့က ဦးကံပေးအား အမြန်ဆုံးဆန္ဒပြနိုင်အောင် မည်သို့ပြုလုပ်ထားကြသည်စသည်ဖြင့် အချင်းချင်း ဂုဏ်ပြိုင်ကြွားဝါနေကြ၏။

စင်စစ် ပြည်နယ်ခေါင်းဆောင်တို့သည် ဤအပြုအမူမျိုးကို ရွှေဝါပြည်မှ နည်းနာနိဿယ ရထားကြခြင်းဖြစ်၏။

ရွှေဝါပြည်လွတ်လပ်ရေးမရမီက ဗိုလ်ချုပ်တည်တန့်သည် ကုလားဖြူတို့၏ ရွှေမြို့တော် သို့သွားလျက် မိမိတို့အား တနှစ်အတွင်းလွတ်လပ်ရေးပေးပါမည်ဟု ကျေညာပေးရန် အရေး သွားဆိုခဲ့၏။

ထိုသို့အရေးဆိုနေဆဲအချိန်၌ ငဆိုးထက်ခိုင်နှင့်တကွသော ရွှေဝါပြည်တွင် တော်လှန်ရေး ရဲဘော် ရဲဘက်ဟောင်းတို့သည် လက်နက်များသိမ်းယူခြင်း မြို့ငယ်ကလေးအချို့တို့ကို စီးယူထားခြင်း စသည်တို့ကို ပြုလုပ်ကျူးလွန်လာကြ၏။

ထိုသည်တို့ကို ကုလားဖြူဘုရင်၏ ရွှေဝါပြည် ဘုရင်ခံက မိမိတို့ကုလားဖြူဘုရင်ရှိရာ လွှတ်ရုံးသို့ အမြဲတမ်းသံကြိုးစာပို့နေရ၏။ အခြေအနေအရ ကုလားဖြူဘုရင်၏ တာဝန်ခံအမတ် ချုပ်ကြီးသည် ရွှေဝါပြည်ကို တနှစ်အတွင်း လွတ်လပ်ရေးပေးပါမည်ဟူသော ကတိမျိုးပေးခဲ့ရ၏။

ပြည်နယ်ခေါင်းဆောင်တို့သည် ရွှေဝါပြည်၏လွတ်လပ်ရေးရာဇဝင်ကို သိကြသူချည်းဖြစ် ၏။ ထို့ကြောင့်မိမိတို့၏ လိုလားချက်ကို ရွှေဝါပြည်တာဝန်ခံတို့ထံမှ သို့မဟုတ် ဦးကံပေးဆီမှ တောင်းခံရာတွင် မိမိတို့မည်သို့ ပြုလုပ်ကြရမည်ဟု သိထားကြ၏။

ထို့ကြောင့် ဦးကံပေးက ညင်းဆိုလိုက်သည်နှင့်တပြိုင်နက် မိမိတို့သည် ဦးကံပေးမျက်လုံး ပြူးလာအောင် မည်သို့တပြိုင်နက် ဆူပူလိုက်ကြမည်ဟု အားခဲထားကြ၏။ အံကြိတ်ထား၏။ အချိန်းအချက်ပြုထား၏။ ကြိုးမဲ့ကြေးနန်းများနှင့်ပင် အချက်ပေးလိုက်နိုင်ရန် စီစဉ်ပြီးဖြစ်နေကြ ၏။

ထို့ကြောင့်လည်း ပြည်နယ်ခေါင်းဆောင်အချင်းချင်း တွေ့ဆုံကြလျက် မူးကြ၊ ပျော်ကြ၊ ပြောကြ၊ ရယ်ကြဖြင့် သွေးတကြွကြွရှိနေကြ၏။ မိမိတို့အချင်းချင်းမှလွဲ၍ တွေ့သမျှလူအားလုံး တို့ကို ဝင့်ဝါသော မျက်လုံး၊ ဝင့်ဝါသောအကြည့်၊ ဝင့်ဝါသောမျက်နှာထားတို့ဖြင့် မောက်မောက် မာမာကြည့်ကြ၏။ မောက်မောက်မာမာ

ဆက်ဆံကြ၏၊ မြင်မြင်သမျှ လူအားလုံးတို့အား မင်းတို့ ရွှေဝါပြည်မြေပြန့်သားတွေ နက်ဖြန်ခါဒို့တောင်ပေါ်သားတွေအကြောင်း သိစေမယ်ဟု ဝမ်းထဲမှ ကြိမ်းမောင်းကြ၏။

သို့သော် ဦးကံပေးအဘို့ ဤအဖြစ်ဆိုးကြီးမျိုးနှင့် တိုးနေရစေကာမူ လုံးဝတုန်လှုပ်မှုမရှိ၊

ဦးကံပေးသည် မိမိကိုယ်မိမိယုံကြည်၏။ မိမိသိက္ခာမိမိ၏သီလကို မိမိယုံကြည်၏၊ အေးအေးပြုံးပြုံးပုတီးအစိပ်မပျက်ရှိ၏။ သမာဒေဝ နတ်ကောင်း နတ်မြတ်များသည် ဤသို့ပြည် နယ်များက ဝိုင်းဝန်းခြိမ်းခြောက်နေကြသည့် ဘေးအန္တရာယ်ဆိုးကြီးမှ မိမိ၏သီလ သိက္ခာ သမာဓိ ဂုဏ်တံခိုးတို့ကြောင့် မည်သည့်နည်းနှင့်မဆို ရွှေဝါပြည်ကြီးအား ကယ်တင်ပေးလိမ့်မည်ဟု စိတ်ချ လက်ချယုံကြည်၏။

ထို့ကြောင့်လည်း ဦးကံပေးသည် သီလဆောက်တည်လျက် မေတ္တာပို့ထေလျက် နောက် တနေ့တွင် ပြည်နယ်ခေါင်းဆောင်တို့နှင့် ရင်ဆိုင်ရန်အတွက် အပူအပင်မရှိသော နှလုံးကြည် လင်သောဦးနှောက်၊ သန့်စင်သောအတွေးတို့ဖြင့် ချမ်းသာစွာအိပ်စက်၏။

× × ×

ထွက်သစ်စနေသည် ကြည်လင်ဝင်းပ၏။ သို့သော်ရွှေဝါပြည်သားတို့၏မျက်နှာ၌ တစုံတခုသနင်းနေ၏။ အချင်းချင်းတွေ့ကြသည်နှင့်တပြိုင်နက် ခေါင်းဆတ်၍မေးကြ၏။

'ဘယ်နဲ့လဲ သိပလား. . .'

အင်း. . . ကြားဒါဘဲ၊ ဟုတ်သတဲ့လား 'ကျနော်တို့လဲ သေသေချာချာမသိဘူး၊ ဒါပေမဲ့ စစ်သားတွေတော့ တချို့နေရာတွေမှာ စောင့်နေကြတယ်ဆိုတဲ့. . . . .'

ရွှေဝါပြည်၏နေပြည်တော် ရန်နိုင်မြို့တော်၌ ချက်ခြင်း တီးတိုးတီးတိုး ဖြစ်လာကုန်ကြ၏၊ ဈေးထွက်ရန်သွားကြသော ဈေးသားအချို့ ဆိုင်ပိတ်လျက် မိမိအိမ်၌ပြန်လာကုန်ကြ၏၊ ငွေကြေး ချမ်းသာကြွယ်ဝသူများ မော်တော်ကားကြီးများဖြင့် တလစာနှစ်လစာ စားရိက္ခာတို့ကို အလု အယက်ဝယ်ယူကြ၏။

ကုမ္ပဏီတိုက်ဆိုင်ကြီးများ၏ ပိုင်ရှင်တို့သည် ချက်ခြင်းမိမိတို့၏ ကုန်တိုက်ကြီးများ 'ဂိုဒေါင်'ကြီးများသို့ အပြေးအလွှားလှည့်လည်ကြလျက် အချို့သောကုန်ပစ္စည်းများကို သိုဝှက်လိုက်ကြ၏။

ထို့နောက် ရွှင်သောမျက်နှာဖြင့် လေတချွန်ချွန်ပြုလျက် အိမ်သို့ပြန်လာကြ၏၊

အိမ်ရှင်မရေ့. . . . ဒို့ရွှေဝါပြည်ကြီးတော့ အကြီးအကျယ်ပြည်တွင်း ဆူပူမှုတခုခုတော့ ဖြစ်လိမ့်အုံးမယ်ကွ ဒို့ကုန်တွေတော့ တက်ဈေးမိအုံးတော့မှာဘဲ အခုဘဲ တချို့ကုန်တွေကို 'လှောင်'ထားလိုက်ဘို့ ခိုင်းပြီးပြန်လာခဲ့တယ်ဟေ့'

'ကုန်တွေ တက်ဈေးမိတော့မယ်ဆိုတော့ အခုလက်ရှိမယားငယ်တွေအပြင် ရှင်လဲနောက် မယားငယ်တယောက် နှစ်ယောက်ယူအုံးမယ်ဆိုပါတော့'

ကုန်သည်ကြီးများသည် မိမိတို့အိမ်ရှင်မများနှင့် ဤသို့စကားငယ်အချီအချပြောနေကြစဉ် နံနက်ခင်းရေဒီယိုမှအရေးကြီးသော ကျေညာချက် အသံတခုထွက်လာ၏။

တိုင်းပြည်ကို ချစ်သောစိတ် အမျိုးကိုချစ်သောစိတ်ပျောက်ကွယ်လျက် လူတိုင်းလူတိုင်း မိမိတို့ကိုယ်ကျိုးကိုသာ ရှေ့ရှုကြည့်နေကြသည်၊ ရွှေဝါပြည်ကြီးတခုလုံး၏

အကျင့်ယိုယွင်းမှု စီးပွားရေးယိုယွင်းမှု အတွေးအခေါ်ယိုယွင်းမှုတို့ကို ထိန်းသိမ်းရန်အတွက် ရွှေဝါပြည်၏ စစ်တပ် မတော်ကြီးက လွှန်ခဲ့သည့်ညတနာရီကစ၍ အာဏာသိမ်းယူလိုက်သည်။

ထိုအချိန်နှင့်တပြိုင်တည်း တည်ဆဲအာဏာတို့ကိုလည်းနောက်ထပ်အသင့် ပြင်ဆင်ခြင်း မပြုရသေးမီ အတွင်း ယာယီအားဖြင့် အတည်ပြုထားသည်။ အစိုးရအဖွဲ့၌ ပါဝင်ဆောင်ရွက် နေကြသော ဝန်ကြီးများနှင့်တကွ ရွှေဝါပြည်၏ပြည်နယ်များမှ ဦးစီးခေါင်းဆောင်အားလုံးတို့ကို လည်း ရွှေဝါပြည်၏စစ်တပ်မတော်မှ ထိန်းသိမ်းထားလိုက်သည်။

ရွှေဝါပြည်သူပြည်သားတို့သည်၎င်း ရွှေဝါပြည်တရားရုံးတို့သည်၎င်း ရွှေဝါပြည်အမှုထမ်းတို့သည်၎င်း၊ မိမိတို့ပြုလုပ်မြဲအလုပ် ဆောင်ရွက်မြဲအမှုတို့ကိုပြုကြ၍ ဈေးအစရှိသည်တို့ကို လည်း ရောင်းဝယ်ပြီး ရောင်းဝယ် ဖောက်ကားနေကြရန် မေတ္တာရပ်ခံသည်။

ရွှေဝါပြည် ပြည်သူ့တပ်မတော်
ဦးစီးချုပ်။

ဤကြေညာချက်ကိုကြားလိုက်ကြရသောအခါ နေပြည်တော်ဖြစ်သည့် ရန်နိုင်မြို့သာလျှင် မဟုတ်ဘဲ။ ရွှေဝါပြည်ကြီးတပြည်လုံး အံ့အားသင့်သွား၏။ ထို့နောက်ကား ပြည်နယ်အားလုံးတို့ စုပေါင်းကြဲစည်ထားကြသော ရွှေဝါပြည်ကြီးကို ခြိမ်းခြောက်ကြမည့် ရောင်းစားကြမည့် အကြံ အစည်ကြီးသည်ပျက်သွား၏။ ထိုပျက်ခြင်းတို့နှင့်အတူ ရွှေဝါပြည်ပြည်သူ့တပ်မတော်အစိုးရ သည်လည်း ပေါ်လာရ၏။

ရွှေဝါပြည် ပြည်သူ့တပ်မတော် အစိုးရအဖွဲ့၌ ဗိုလ်ချုပ်သန်မာသည် ခေါင်းဆောင်ဖြစ်၏။ ဗိုလ်ချုပ်သန်မာနှင့်အတူ ဗိုလ်ချုပ်လေးလုံးညီ၊ ဗိုလ်မှူးချုပ်မြေကြီး၊ ဗိုလ်မှူးကြီးကျောက်တိုင်၊ ဗိုလ်မှူးသံခဲ၊ ဗိုလ်မှူးကြီး သံတိုင်၊ ဗိုလ်မှူးကြီးသံတူးရွှင်းစသော ပုဂ္ဂိုလ်ကြီးများပါဝင်ကြ၏။

ထိုပုဂ္ဂိုလ်တို့သည် ရွှေဝါပြည်ကြီး၏ အကျင့်ယိုယွင်းမှု စီးပွားယိုယွင်းမှု အတွေးအခေါ် ယိုယွင်းမှုများကို အမြန်ဆုံးပြင်ဆင်ပေးနိုင်မည့် အစိုးရ၏ဝါဒကို ကြေညာနိုင်ရန် အပူတပြင်း ခေါင်းချင်းရိုက်နေကြ၏။

ရှေးဦးစွာ ရွှေဝါပြည်ပြည်သူ့ တပ်မတော်အစိုးရသည် နိုင်ငံခြားရေးရာနှင့်ပတ်သက်၍ ယခင်ဦးကံပေး အစိုးရလက်ထက်အတိုင်း ကြားနေဝါဒကို ကျင့်သုံးလက်ခံမည်ဟု ဦးဦးဖျားဖျား ဆုံးဖြတ်လိုက်ကြ၏။ ထို့နောက် မိမိတို့၏အစိုးရဝါဒကို ကြေညာနိုင်ရန် ဆက်လက်ခေါင်းခြင်း ရိုက်ကြ၏။

ရွှေဝါပြည်သားတွေသည် ယခု နှစ်ကြိမ်မြောက် ဖြစ်ပွားသော ကမ္ဘာစစ်ကြီးပြီးမှ ပို၍ မျိုးချစ်စိတ်ကင်းမဲ့လာကြသည်ဟု ဗိုလ်မှူးကြီးသံခဲ ကထင်၏ ရွှေဝါပြည်၏လူငယ်အချို့သည် ကမ္ဘာအရှေ့ပိုင်းတို့ကို တပည့်ခံလိုနေကြလျက် ကျန်လူငယ်အချို့က ကမ္ဘာ့အနောက်ပိုင်းသားတို့ ထံ၌ တပည့်ခံလိုနေကြသည် လူအချို့ကမူ ရွှေဝါပြည်ကိုမင်းမူသွားကြသည့် မျက်နှာဖြူသခင် ဟောင်းများကို တန်းတလျက်၊ ကျန်လူကြီးအချို့က မိမိတို့ငွေရမှု စီးပွားဖြစ်မှုတို့ကိုသာကြည့်၍ တိုင်းပြည်ကိုသော်၎င်း၊

လူမျိုးကိုသော်၎င်း၊ ဖြစ်ပွားလိုရာဖြစ်စေဟူသည် စိတ်နေစိတ်ထားမျိုးထား နေကြသည်ဟုဆို၏။

ဗိုလ်မှူးကြီးကျော်တိုင်ကမူ ဗိုလ်မှူးကြီးသံခဲ ပြောပြသမျှအားလုံးဟုတ်၏။ သို့သော် ကျန်နေသေးသည်၊ ရွှေဝါပြည်ထဲ၌ ရွှေဝါပြည်သူပြည်သားများ မျိုးချစ်စိတ် ကင်းမဲ့ခြင်းသည်ယခု မှမဟုတ် ရွှေဝါပြည်မလွတ်လပ်မီ ကုလားဖြူတို့ အုပ်စိုးစဉ်ကတည်းက ကုလားဖြူတို့ကို အထင်ကြီးကြ၏။ ကုလားဖြူတို့ပြုလုပ်သည်ကိုမျှကောင်းသည်ထင်၏။

ကုလားဖြူတို့၏အလေ့အကျင့်အပြုအမူတို့ကို အားလုံးအတုခိုးကြ၏။ နံနက်စောစော ထမင်းကြမ်းနှင့် ပဲပြုတ်ကိုပင် ဖွန်းခရင်းတပ်လျက် ဘရိတ်ဖတ်စ်ဟုခေါ်၍ စားရမှ အရသာရှိ သည်ဟုထင်ကြ၏။ အဖေရွှေဝါပြည်သား အမေရွှေဝါပြည်သားက မွေးလာပါလျက် နာမည်ရှေ့က ကုလားဖြူနာမည် တပ်ခေါ်လိုက်လျှင် အလိုလိုဂုဏ်ရှိသွားသည်ဟု ထင်ကြ၏။ ရွှေဝါပြည်သူလူအများတို့၏ရှေ့၌ ကုလားဖြူစကားကို သွက်သွက်ကလေးပြောလိုက်ရလျှင် အရသာတွေ့သည်ဟုထင်ကြ၏။ ထို့ကြောင့် ကုလားဖြူတို့၏လက်အောက်မှ မလွတ်မြောက်မီ ကတည်းက ရွှေဝါပြည်သူပြည်သားတို့သည် မျိုးချစ်စိတ်ကင်းမဲ့ခဲ့ကြပါသည်ဟုဆို၏။

ဗိုလ်မှူးချုပ်မြေကြီးက ခေါင်းတညိမ့်ညိမ့်ပြုလျက် ရဲဘော်တို့ပြောကြသည်မှာ အားလုံး မှန်ပါကြပါသည်၊ သို့သော် မိမိလေ့လာမိသလောက်ဆိုလျှင် ရွှေဝါပြည်သူပြည်သားတို့သည် နှစ်ကြိမ်မြောက် ကမ္ဘာစစ်ကြီးပြီးမှ ပို၍မျိုးချစ်စိတ် ကင်းမဲ့သည်လည်းမှန်ပါ၏။ စစ်ကြီးမဖြစ်မီ ကုလားဖြူတို့ လက်အောက်၌ သူ့ကျွန်အဖြစ်နှင့်ရှိနေကြရစဉ်ကတည်းက မျိုးချစ်စိတ်ကင်းမဲ့ လာခဲ့သော အမျိုးဖြစ်ပါသည်ဟုဆိုလျှင် ပို၍မှန်ကန်ပါလိမ့်မည်။

ဤသို့ပြောသဖြင့် မိမိတို့၏ အမျိုးဂုဏ်သိမ်ကို သက်သက်စော်စော်ကားကား ချိုးဖဲ့ပြော ဆိုသည်ဆိုလျှင်လည်း ခံရပါမည်။ ကျနော်တို့သည် မိမိတို့ဘဝ၏ အဖြစ်မှန်ကိုရဲရဲရင့်ရင့် ဝေဖန် ပြောဆိုဝန့်ဘို့အတွက် အချိန်အခါသင့်တော်ပြီဟု ထင်ပါသည်။ ထိုသို့ဝေဖန်ရဲမှ ဂုဏ်ပကာသန တွေနှင့် နစ်မြောမူးမေ့ မနေဘဲ အမှန်ကိုသိမည်၊ အမှားကိုပြင်ရဲမှ တကယ်တိုးတက်မည်ဟုထင် ပါသည်။

ကျနော်တို့ ရွှေဝါလူမျိုးတို့၏သမိုင်းကို ကြည့်လိုက်လျှင် ကျနော်တို့၏ သမိုင်းအစ လောက်က အာရိယံ အဆက်အနွယ်တို့မှ ပေါက်ဖွားလာသော ဗုဒ္ဓ၏ဘာသာရေးတရားများ ဝင်ရောက်လာပါသည် ထိုဘာသာရေးတရားများနှင့်ရောလျက် အာရိယံတို့၏ ဇာတ်နိမ့်ဇာတ်မြင့် အဆင့်ဆင့်တို့သည် ဇာတ်ကိုဖျက်လိုက်သော ဗုဒ္ဓ၏အလိုတော်ကျဟုဆိုလျက် မင်းမျိုး ပုဏ္ဏားမျိုး သူဌေးသူကြွယ်မျိုး တောင်သူမိလက္ခာ၊ ဆင်းရဲသားမျိုးဟု အလုပ်အကိုင်ကို သတ်မှတ်ခွဲဝေ ထားသော အဆင့်အတန်းခွဲဝေမှုမျိုးပါလာပါသည်။

ထိုအထဲ၌ မင်းမျိုးတို့သည်လည်း အမျိုးမျိုးရှိနေကြရာမှ ထိုအမျိုးမျိုးတို့အထဲ၌ သာကီဝင် မျိုးသည် အမြတ်ဆုံးဖြစ်သည်ဟု ဆိုလာပါသည်။

ရွှေဝါပြည်မင်းတို့သည် မိမိတို့တိုင်းပြည်သို့ ရောက်လာသော ဗုဒ္ဓ၏အယူအဆအရပ်ရပ် တို့မှ ကြီးကျယ်ခမ်းနားလှသည့် ဗာရာဏသီ၊ ဝေသာလီ၊ သာဝတ္ထိ၊ ပါဋ္ဌလိပုတ်၊ စသောတိုင်းပြည် ကြီးများကိုငှင်း ထိုတိုင်းပြည်ကြီးတို့၌ စိုးစံကြသော

ဘုရင်မင်းတြားကြီးတို့ကိုင်း ထိုဘုရင်မင်း တြားကြီးတို့အထဲမှ အမျိုးအမြတ်ဆုံး ဘုန်းတံခိုးအကြီးဆုံးဖြစ်သော သာကီဝင်မျိုးမင်းတြားကြီး တို့ကိုင်း အားကျလာကြပါသည်။

ထိုအခါ ရွှေဝါပြည်မင်းတို့သည် မိမိတို့ကိုယ်ကို သာကီဝင်မင်းတို့နှင့် အတင်းအမျိုးတော် စပ်လိုက်ကြပြီးနောက် မိမိတို့၏နာမည်ကိုပင် ရွှေဝါပြည်သား တိုင်းရင်းစကားအတိုင်း မမှည့် ခေါ်စေဘဲ သျှရီတြိဘုဝနာဒိတျဓမ္မရာဇာ အစရှိသော အလွန်ရှည်လျား အခေါ်ခက်သည့်နာမည် မျိုးကို မှည့်ခေါ်လာကြပါသည်။

ထိုစဉ်ကရွှေဝါပြည်သားတို့မင်းတို့သည် မိမိတို့ကိုယ်ကို ရွှေဝါပြည်သားစစ်စစ်ဖြစ်နေရသည်ကို ဂုဏ်ငယ်သည်ဟုထင်နေကြပါသည်။ ထို့ကြောင့် အာရီယံအနွယ် ပါဠိစကားပြောသည့် သာကီဝင်ကုလားတို့နှင့် အတင်းကြံဖန် ဆွေမျိုးစပ်ခဲ့ကြပါသည်။

မင်းစသောသူတို့က ဤမျှမျိုးချစ်စိတ်ကင်းလျက် မိမိတို့အမျိုးကိုမိမိတို့ အထင်သေးလာ သောအခါ တိုင်းသူပြည်သားတို့ကလည်း မင်း၏အရောင်ကိုလိုက်လာကြပါသည်။

ထိုစဉ်က ရွှေဝါပြည်သားတို့သည် မိမိတို့စကားချည်းပြောရသည်ကို ဂုဏ်ငယ်သည်ထင် လျက် တိုင်းတပါး သားတို့၏ ပါဠိစကားကိုကြားညှပ်၍ပြောဆိုလာကြပါသည်။ သနားဘွယ် ကောင်းပါဘိဟူသော စကားကို ကရုဏာရှိဘွယ် ကောင်းပါဘိဟုပြောမှ ဂုဏ်ရှိသည်ဟုထင်ကြပါ သည်။

ထို့ကြောင့် ရွှေဝါပြည်သူပြည်သားတို့သည် ရှေးကတည်းကကြီးကျယ်သော တိုင်းတပါး သားတို့ကို ကြည့်လျက် မိမိတို့အမျိုးကိုမိမိတို့ အထင်သေးခဲ့ကြပါသည်။

ထို့ကြောင့် တိုင်းတပါးသားတို့နှင့် ဆွေမျိုးစပ်လျက် အချောင်မိမိတို့အမျိုးကို ကြီးကျယ်မြင့်မြတ်သောအမျိုး လုပ်ပစ်ကြသည်။ ထို့ကြောင့် ရွှေဝါပြည်၏သမိုင်းအစကတည်းက ကျနော်တို့လူမျိုးများသည် မျိုးချစ်စိတ်ကင်းခဲ့လာသည်ဟု ဆိုချင်ပါသည်။

ကျနော်၏ သဘောပေါက်ချက်အရလူသည် လူသာလျှင်ဖြစ်ပါသည်။ ကြီးကျယ်သည် မြင့်မြတ်သည်ဟူ၍မရှိပါ။ လူတိုင်း လူတိုင်းသည် မိမိတို့ဖြစ်ရာအရပ် မိမိတို့ဖြစ်ရာအမျိုး၌ အချောင်ခိုမနေကြဘဲ ကြီးပွားထွန်းကားအောင် အားသွန်ကြိုးစားကြဘို့လိုသည်ဟု ထင်ပါသည်၊ ထိုသို့အားသွန်ကြိုးစားလိုက်လျှင် သူတပါးကြီးပွားပြီး အမျိုးနှင့် ဆွေမျိုးမစပ်ရဘဲ မိမိဘာသာ အလိုအလျောက် ကြီးကျယ်ထွန်းကားနိုင်ပါသည်။ မိမိတို့ဘာသာနေနတ်မျိုးဟု အမည်မှည့်လာ သော ပင်လယ်တရုတ်မျိုးဖြစ်ကြသည့် ဂျပန်ကျွန်းသားရိုင်းကြီးများ၏ တိုးတက်လာမှုကိုကြည့် လျှင်သိနိုင်ပါသည်။

သို့အတွက် သူတပါးနှင့်ဆွေမျိုးစပ်၍ အချောင်အထင်ကြီးခံလိုသည့် ရွှေဝါပြည်၏သမိုင်း အစက ပါလာသောအထွေးအခေါ် မျိုးတွေကိုပါ ဖျောက်လျက် တကယ့်မျိုးချစ်စိတ်များပေါ် ပေါက်လာကြအောင် ပညာပေးဘို့လိုပါသည်ဟုဆို၏။

နောက်ဆုံး၌ ဗိုလ်ချုပ်သန်မာ၏ အဖွဲ့ဝင်တို့သည် ရွှေဝါပြည်သူပြည်သားတို့ မျိုးချစ်စိတ်ကင်းမဲ့ကြရခြင်း၏ အကြောင်းကို ဝိုင်းဝန်းစီစစ်လိုက်ကြသောအခါ. . .

မိမိတို့ ကိုယ်တိုင် မကြိုးပမ်းဘဲ အချောင်ဖြတ်လမ်းမှလိုက်၍ ကြီးကျယ်ခမ်းနားလိုမှု ပျင်းမှုကြွားဝါလိုမှု မရိုးသာမှုတို့ကြောင့် မျိုးချစ်စိတ်ကင်းမဲ့လာကြရသည်ဟု တွေ့မြင်လာကြ၏။

ထိုတွေ့မြင်လာကြသော ချို့ယွင်းချက်တို့သည် အကျင့်ယိုယွင်းမှုပင်ဖြစ်နေ၏။ ၎င်းတို့ မည်သို့ ပြုပြင်ပေးကြမည်နည်းဟု ဆက်လက်ဆွေးနွေးကြ၏။ နေ့ရောညပါတရက် နှစ်ရက် သုံးရက် တပတ် နှစ်ပတ် သုံးပတ်။

အကျင့်ယိုယွင်းမှုနှင့်ပတ်သက်၍ မည်သို့ပြုပြင်ရမည်၊ မည်သို့ပညာပေးရမည်ကို အစီအစဉ်အတွက် ဆွေးနွေးပြီးစီးသွား၏။

ထို့နောက်စီးပွားရေးယိုယွင်းမှုနှင့် ပတ်သက်၍ မည်သို့ပြုပြင်ပေးရမည်ကို နေ့ရောညပါ ဆွေးနွေးကြပြန်၏။ တရက် နှစ်ရက် သုံးရက်၊ လေးရက် တပတ် နှစ်ပတ် သုံးပတ် လေးပတ်။

ထိုကိစ္စ၌ အငြင်းအခုံများပေါ်လာသည်၊ ရည်ရွယ်ချက်ခြင်းတူလျက် ပြုလုပ်ပုံခြင်းကွဲလွဲ နေကြသည်။ ဗိုလ်မှူးချုပ်လေးလုံးညီသည် စီးပွားရေးကို ပြုပြင်ရာ၌ တိုင်းရင်းသားစီးပွားရှင် ကလေးများနှင့် အတူလက်တွဲယှဉ်ပြိုင်နိုင်သဖြင့် ထိုးအပ်သလောသမျှစီးပွားရေးတို့ကို ပြည်သူပိုင်လပ်ပစ်သည့် နည်းကိုကြိုက်၏။

ဗိုလ်မှူးချုပ်မြေကြီးနှင့် ဗိုလ်ချုပ်သန်မာတို့က မိမိတို့သည် တိုင်းရင်းသားစီးပွားရှင် ကလေးများနှင့် လက်တွဲလျက် ယှဉ်ပြိုင်ခြင်းမပြုဝံ့၊ မိမိတို့လူစုသည် ဘုန်းကြီးလူထွက်ကြီးများနှင့် တူ၏။ စစ်တိုက်ရန်နိုင်ငံအတွက် အသက်စွန့်ရန်ကလွဲ၍ စီးပွားရေးလုပ်မှုရေးစသည်တို့ကို နားလည်သူများမဟုတ်ကြ။

စီးပွားရေးလုပ်ငန်းသည် အလွန်ကျယ်ဝန်းရှုပ်ထွေး၏။ ဤအရာမျိုး၌ မိမိတို့ထက်တော် ခဲ့သော မိမိတို့ထက် လာဘ်မြင်ခဲ့ကြသော ဦးပြည့်ဝသည်၎င်း၊ ဦးမြန်ထက်သည်၎င်း၊ ထိုရွှေဝါပြည်စီးပွားရှင်ကလေးများနှင့် အတူယှဉ်တွဲပြုလုပ်ကြရင်း ရွှေဝါပြည် စီးပွားရှင်ကလေး များ၏ အိပ်ထဲသို့အရောက်ခံခဲ့ကြရ၏။ ရွှေဝါပြည်စီးပွားရှင်ကလေးများ၏ အသုံးခံ၊ အမွေခံ ခေါင်းဆောင်ကြီးများဖြစ်လာကြ၏။

ထို့အတူဦးကံပေးသည်လည်း ရွှေဝါပြည်စီးပွားရှင်ကလေးများ၏ အမွေခံ ခေါင်းဆောင် တဦးဖြစ်နေခဲ့ရ၏။ ဤသို့သောအတွေ့အကြုံများကြောင့် ငါတို့သည် ရွှေဝါပြည်၏ စီးပွားရှင် ကလေးများနှင့် အတူယှဉ်ပြိုင်လုပ်ရဲသော သတ္တိမရှိဟုဆို၏။

ထိုကိစ္စသည် မပြီးပြတ်ဘဲရှိနေကြရာမှ နောက်ဆုံးတွင်ရွှေဝါပြည်၏ စီးပွားယိုယွင်းမှုကိုပြင်ဆင်ရန်အတွက် လူစွမ်းကောင်း ဗိုလ်မှူးချုပ်လေးလုံးညီက စမ်းသပ်တာဝန်ယူစေဟု ဆုံးဖြတ် လိုက်ကြ၏။

ထို့နောက် အတွေးအခေါ်ယိုယွင်းမှုကို ပြုပြင်ပေးရန် ခေါင်းချင်းရိုက်ကြပြန်၏။ တရက် နှစ်ရက် သုံးရက် လေးရက်၊ ငါးရက် တပတ် နှစ်ပတ် သုံးပတ် လေးပတ် ငါးပတ်။

ဤအတွေးအခေါ်ယိုယွင်းမှုကို ပြုပြင်ပေးရန်ဟူသော ကိစ္စအား ဗိုလ်ချုပ်ကြီးသန်မာနှင့် ရဲဘော်တို့အတွက် အခက်အခဲဆုံး ကိစ္စရပ်ဖြစ်နေရ၏။

'အတွေးအခေါ်ဟူသော အကြောင်း၌ ယဉ်ကျေးမှုသည်၎င်း၊ ဘာသာရေးနှင့်စပ်သော အကြောင်းခြင်းရာ အမျိုးမျိုးတို့သည်၎င်း၊ အလေ့အကျင့်သည်၎င်း၊ ယုံကြည်မှုသည်၎င်း ပါဝင်လျက်ရှိ၏။ ထိုအကြောင်းအချက်တို့သည် ရွှေဝါပြည်သူ ပြည်သားတို့ ရိုးတွင်းခြင်ဆီ၌ စွဲဝင်လာခဲ့ကြ၏။ ရွှေဝါပြည်သူပြည်သားတို့၏ နှလုံးသား၌စွဲထုံအောင်နှစ်ပေါင်း ရာထောင်ချီလျက် လေ့ကျက်ကျင့်သားရခဲ့ပြီး ဖြစ်နေကြ၏။

ရွှေဝါပြည်သား ယောက်ျားကလေးတယောက်သည် စစ်စီသော သဘောရှိလျက် တွန့်တို လျက် ရက်ရောမှုမရှိလျှင် ငြိမ်သက်၍ ထက်မြက်မှုမရှိလျှင် မပွင့်လင်းဘဲ အမြဲသိုသိပ်လျှင် ထိုရွှေဝါပြည်သားကလေးကို ရွှေဝါပြည်လူကြီးများကငြင်း၊ ရွှေဝါပြည်မိခင်တို့ကငြင်း၊ အလွန်တော် သောကလေး၊ အလွန်တော်သားဟု သတ်မှတ်ကြ၏။ မိန်းကလေးကဲ့သို့ ပိပိ စည်းစည်းရှိသော သားဟု သတ်မှတ်ကြ၏။

မိန်းကလေးကဲ့သို့ ပိပိစီးစီးမရှိသော ရက်ရောသော ပွင့်လင်းသော သားမျိုးဆိုလျှင် ရွှေဝါပြည် လူကြီးများကငြင်း ရွှေဝါပြည်မိခင်တို့ကငြင်း သဘောကျနှစ်သက်မှုမရှိကြ၊ လူမိုက် တယောက်အဖြစ်နှင့်သာမြင်ကြ၏။

ရွှေဝါပြည်သား ယောက်ျားကလေး သို့မဟုတ် မိန်းကလေးတယောက်သည် မိမိ၏ပစ္စည်း ကို သိုသိုသိပ်သိပ် သိမ်းဆည်းနိုင်၏။ သူတပါးပစ္စည်းကို အပြောချိုစွာဖြင့် ရအောင်ယူတတ်၏။ ရွှေဝါပြည်လူကြီးများနှင့် ရွှေဝါပြည်မိခင်တို့သည် ထိုသို့သော သားသမီးစသည်တို့ကို လိမ္မာ ရေးခြားရှိသူများဟုဆိုကြ၏၊ တဦးနှင့်တဦး အတုယူနိုင်ကြ၏။

သို့သော် ရွှေဝါပြည်သားတစုံတယောက်သည် မိမိ၏စီးပွားကို အင်အားကြီးသော တစုံ တယောက်က အနိုင်ကျင့်ထိပါးစော်ကားလာသည် ဆိုကြပါစို့။

ထိုသို့အနိုင်ကျင့် ထိပါးစော်ကားခြင်းကို မခံဘဲ ဘက်ပြိုင်တုပလျှင် လူမိုက်ဟုဆိုကြပြန် သေး၏။ မကောင်းကျင့်သူ မကောင်းဖြစ်လိမ့်မည်။ တနေ့တွင် သူ့အကုသိုလ်ကံနှင့် သူ့ကိုပြန်၍ အကျိုးပေးလိမ့်မည်။ မိမိကဆက်၍အနာမခံသင့်၊ မနိုင်သောအင်အားကို တုပပြိုင်ခြင်းသည် မိမိကိုဆက်လက်ထိပါးအောင် မိုက်မဲခြင်းဖြစ်သည်၊ အလျှော့ပေးလိုက်ရမည်၊ နောက်ထပ်မထိပါး အောင် အလိုက်သင့် အလျားသင့် နေနိုင်ရမည်ဟု ဆိုနေပြန်၏။

တဖန်ရွှေဝါပြည်သား ယောက်ျားကလေး သို့မဟုတ် မိန်းကလေးတယောက်သည် သူတပါးပစ္စည်းများကိုလည်း လိုချင်မျက်စေ့မရှိတတ်၊ မိမိ၏ပစ္စည်းများကိုလည်း လိုအပ်သူတို့ အား ရက်ရက်ရောရော ပေးတတ်၏။

ထိုသို့ပေးတတ်သော မလိုချင်တတ်သော သူများကိုလည်း ရွှေဝါပြည်လူကြီးများနှင့် မိခင် တို့က မိုက်မဲသူများ၊ မလိမ္မာသူများဟု တွေးခေါ်မှတ်ချက်ချကြ၏။

ဤအတွေးအခေါ် တခုတည်းကိုပင် ကောက်နှုတ်ချက်ချလိုက်သော် ရွှေဝါပြည်လူကြီးများ နှင့် ရွှေဝါပြည်မိခင်တို့အလိုအားဖြင့် . . . .

ဘာမဆို မိမိပစ္စည်းကို သိုသိုသိပ်သိပ်ထား၊ သူတပါးစီကပစ္စည်းကို လိမ်လိမ်မာမာနှင့် ရအောင်ယူ။

မိမိတို့ပစ္စည်းကို အားကြီးသူက အနိုင်ကျင့်ထိပါးလျှင် . . . ဘက်ပြိုင်မနေနဲ့ စကားနဲ ရန်စဲ ကျေနပ်အောင်ပေးလိုက်ပြီး ကျန်သည်ကို မထိပါးအောင်ပြုဟူသည့် တွေးခေါ်ချက်မျိုးဖြစ်၏။

ထိုတွေးခေါ်ချက် တခုမျှသည်ပင်လျှင် အဘက်တက်၌ အချောင်သမားစိတ်မျိုးကို မွေးကြရန် သင်ကြားပေးနေသော တွေးခေါ်ချက်ဖြစ်နေ၏။

သူတပါး ပစ္စည်းကို ရအောင် ယူနိုင်ရာ၌လည်း တကိုယ်ကောင်းဆန်၏။ အချောင်သမား ဆန်၏။ မိမိပစ္စည်းကို အနိုင်ကျင့်ခံရရာ၌လည်း သတ္တိကြောင်၏။ ကိုယ်အသက်သာခိုစေ၏။

ရွှေဝါပြည်သားလူငယ်တိုင်းတို့သည် ဤလိုအတွေးအခေါ်မှုနှင့် ညွှန်ကြားချက်အောက်၌ ကြီးပြင်းလာကြရ၏။ ထိုတွေးခေါ်မှုမျိုးတွေကို ပြင်လျှင်ဘာသာရေးနှင့် ယဉ်ကျေးမှုတို့ကို ဖျက်ပစ်သည်ဟု ရွှေဝါပြည်သူပြည်သားတို့က စွပ်စွဲကြမည်ဖြစ်၏။ ဗိုလ်ချုပ်သန်မာတို့အဖွဲ့သည် ဤသို့စွပ်စွဲခံကြရမည်ကို ယခုအချိန်မှာအစပြု၍ ခံသင့်မခံသင့်စဉ်းစားကြ၏။

ရွှေဝါပြည်ကြီးသည် ကုလားဖြူတို့၏လက်အောက်၌ ရောက်ရှိနေရဆဲ တချိန်သောအခါ ကသခင်သံချောင်းအမည်ရှိသော ရွှေဝါပြည်သားတယောက် ပေါ်ပေါက်ခဲ့ဘူး၏။

သခင်သံချောင်းသည် ရွှေဝါပြည်သားတိုင်း သခင်ဖြစ်၏။ ကုလားဖြူသည် သခင်မဟုတ် ရန်မလိုလျှင် ရန်ပိုသည်၊ ရန်လိုမှရန်ပြု၏။ လာမည့်ဘေးကိုပြေးတွေ့ရမည်၊ မင့်ဒါးတိုလဆင် ရှေ့တလှမ်းတိုးခုတ် ဟူသော ကြွေးကြော်သံများဖြင့် ရွှေဝါပြည်တပြည်လုံးကို တပ်လှန့်နိုးခဲ့ဘူး ၏။

ထိုစဉ်က ရွှေဝါပြည်တပြည်လုံးရှိ ဘုန်းတော်ကြီးများနှင့် လူများစုတို့က သခင်သံချောင်း တို့လူနည်းစုကလေးကို. . .

ဤတလမ်းသွားကလေးများသည် ရာဇဂိုဏ်း ဓမ္မဂုဏ်၊ သင့်ကုန်ကြမည့် တလမ်းသွား ကလေးများဖြစ်၏။ မကြာမီ စိမ်ရေသင့်ကုန်ကြမည့်သူများဖြစ်၏။ မတန်မရာတွေကို ပြောဆိုပြု လုပ်နေကြသောကြောင့် ဝမ်းလျှော့သေကုန်ကြတော့မည် စသဖြင့် ပြောဆိုလျက် အတူရောနှော ဆက်ဆံမှုမပြုဝံ့ကြဘဲ အဝေးမှနေ၍ အထူးတဆန်းဝိုင်းကြည့်ကြ၏။ လဘက်ရည်ဆိုင်ထဲ၌ အတူထိုင်ရလျှင်ပင် မိုးကြိုးပစ်ချလေမည်လားဟု စက်ကွင်းမလွတ်မည်စိုးသောကြောင့် ဆိုင်ထဲ တွင် မနေဝန့်ကြဘဲ အဝေးမှ စုရုံးစုရုံး ပြုံ၍ကြည့်ကြ၏။

ဤသို့ဖြင့် မိုးကြိုးလည်းမပစ် ဝမ်းလည်းမကျဘဲ ရွှေဝါပြည်ကြီးတပြည်လုံး နောက်ဆုံး၌ သခင်တွေဖုံးလွှမ်း လာခဲ့ဘူး၏။

အတွေးအခေါ်ယိုယွင်းမှုကို ပြင်ဆင်လိုကြသည့် ဗိုလ်ချုပ်ကြီးသန်မာကိုယ်တိုင် ဤအကြောင်းများကိုသိ၏။ အဖွဲ့တည်း၌လည်း ဤအကြောင်းကိုသိသူတွေ အားလုံးလိုလို လောက်ဖြစ်၏။

ရှေးအခါက အတွေးအခေါ်တခုကို ပြုပြင်ပြောင်းလဲရာ၌ လူထုက မထောက်ခံသည့်တိုင် ပြောင်းလိုသူသည် မိမိကိုယ်တိုင်လူထုထဲက လူဖြစ်နေသောကြောင့် မည်သူ့ကိုမှမထိခိုက်နိုင် အကယ်၍ထိုသူသည် တိုင်းပြည်လူထုကို ကိုယ်စားပြုနေရသူတစုံတယောက်ဖြစ်ပါက တိုင်းလူထု ပြည်သူတရပ်လုံး၏ အငြိုအညင်ခံရမှုသည် တိုင်းပြည်ကိုထိခိုက်လာနိုင်သည်ဟု ဗိုလ်ချုပ်ကြီး သန်မာနှင့် အဖွဲ့သားတို့ကတွေး၏။ မိမိတို့ပြုလုပ်ဆောင်ရွက်ကြရမည့် အလုပ်ကိုဘဝင်မကျဘဲ ရှိနေကြ၏။

ထို့ကြောင့် ဤအတွေးအခေါ် ယိုယွင်းမှုနှင့်ပတ်သက်၍ အရေးတကြီးပြင်ဆင်ရန်ကိစ္စကို ခေတ္တရပ်ဆိုင်းထားကြကာ အကြောင်းတိုက်ဆိုင်လာမှတိုင်ပင်၍ အားလုံးသဘောတူ ပြုပြင်ကြ မည်ဟု ဆုံးဖြတ်၏။

ပြီးလျှင် မိမိတို့၏ရည်ရွယ်ချက်နှင့် ကိုက်ညီသည့်အုပ်ချုပ်ရေး စနစ်တခု ဝိုင်းဝန်းရေးကြ ၏။ ထိုအုပ်ချုပ်ရေးစံနစ်ကိုလည်း 'ခေတ်သစ် ရွှေဝါပြည် အုပ်ချုပ်ရေးလမ်းစဉ်' ဟုအမည်ပေး လိုက်ကြ၏။

ထိုလမ်းစဉ်ကို ကျေညာလိုက်သည်နှင့်တပြိုင်နက် ရွှေဝါပြည်တပြည်လုံး လှုပ်လှုပ်ရှားရှား ဖြစ်လာကြ၏။ ရွှေဝါပြည်သူပြည်သားတို့သည် ထိုလမ်းစဉ်ကို မိမိတို့လိုသလိုဆွဲယူပြောဆိုနေကြ ၏။ ထိုသို့မိမိတို့လိုသလို ဆွဲယူပြောဆို၍လည်း ရနိုင်သောလမ်းစဉ်ဖြစ်နေ၏။

ရွှေဝါပြည်သားတယောက်ဖြစ်သည့် ငဆိုးထက်ခိုင်၏လေသံအတိုင်း ရေးရမည်ဆိုသော် 'ခေတ်သစ်ရွှေဝါပြည် အုပ်ချုပ်ရေးလမ်းစဉ်' သည် မတိကျမပြတ်သား၊ ရွှေဝါပြည်၏စားနေကြ ကြောင်ဖားကြီးများ ရွှေဝါပြည်၏ အာဏာလက်ရှိကိုယ်ကျိုးရှာ အာဏာဘီလူးကြီးများ ရွှေဝါပြည် ၏ သွေးစုတ်မြှော့ကြီး ရွှေဝါပြည်၏ စာရိတ္တမဏ္ဍိုင်ကိုအခြေမှ ပြိုလဲအောင် စားနေကြသော ခြကြီးများဝင်လာနိုင်ရန် လမ်းပေါက် ဖွင့်ပေးထားသော လမ်းစဉ်ဖြစ်သည်ဟုဆို၏။

သို့သော် ဗိုလ်ချုပ်ကြီးသန်မာနှင့် အဖွဲ့ဝင်တို့သည် ရွှေဝါပြည်ကြီးကိုငင်း ရွှေဝါပြည်သူ ပြည်သားတို့ကိုငင်း လိုက်ပါနိုင်ယုံ သင့်တော်ယုံ တွဲခေါ်သည် မယုတ်မလွန်နည်းအတိုင်း ရွှေဝါ ပြည်ကြီးကို အသစ်တဖန်ပြန်လည် တည်ထောင်ခြင်းသာ ဖြစ်သည်ဟုငင်းတို့ကိုယ်တိုင်လည်း ယုံကြည်၏။ တကယ်လည်း စေတနာထား၍လုပ်ဆောင်၏။

ရွှေဝါပြည်၏အစိုးရသစ် ရွှေဝါပြည် ပြည်သူ့တပ်မတော် ခေတ်သစ်ရွှေဝါပြည် အုပ်ချုပ် ရေးစက်ယန္တယားကြီး၏ ပင်မဌာနကြီးတည်ရှိရာ အရာရှိချုပ်များရုံးသို့ သွားကြ၏။

အရာရှိချုပ်များရုံး၌ အရာရှိချုပ်များသည် မိမိတို့အလုပ်ခန်း၌ မရှိကြလေ၊ အလုပ်ခန်း အားလုံးတို့သည် အလုပ်လုပ်ဆောင်ကြရန်အတွက် အသင့်ပြင်ဆင်ပြီးရှိနေကြ၏။

ပြောင်လက်သော စားပွဲကုလားထိုင် ပန်ကာ ရုံးအသုံးအဆောင်တို့သည် အလွန်တိတ် ဆိတ်စွာဖြင့် အလုပ်လုပ်ရန်ရောက်လာကြမည့် အရာရှိကြီးများကို စောင့်ဆိုင်းနေကြ၏။

'ဟာ. . . ဒီအရာရှိချုပ်ရုံးကြီးတခုလုံး လူလဲတယောက်မှမရှိပါလား ကျုပ်တို့လာတာများ သိပ်စောနေလို့လား. . .'

ဗိုလ်ချုပ်သန်မာက မိမိ၏ရဲဘော်များဘက်သို့လှည့်၍ ထင်မြင်ချက်တောင်းလိုက်သည်၊ ဗိုလ်ချုပ်သန်မာ၏ ရဲဘော်များသည် တယောက်မျက်နှာတယောက်ကြည့်လျက် မျက်နှာပျက်ပျက် ဖြင့် တိတ်ဆိတ်နေကြ၏။ ခေတ်သစ်ရွှေဝါပြည်အုပ်ချုပ်ရေး ခေါင်းဆောင်များအဖွဲ့သည် ဤကျယ်ဝန်းလှသော အရာရှိချုပ်ရုံးကြီး၏အလယ်၌ တခန်းဝင်တခန်းထွက်ဖြင့် ယောင်လည် လည်ဖြစ်နေကြ၏။ သို့အတွင်းတော်ဝေးဝေးမှ ယိမ်းတိုက်နေသကဲ့သို့သော သံပြိုင်အသံတခုကို ကြားလိုက်ရ၏။

'ဒီလိုထင်တယ်ဗိုလ်ချုပ် ကျနော်တို့လာကြလိမ့်မယ် ဆိုတာသတင်းကြားလို့ ကြိုဆိုဘို့ အတွက် အရာရှိချုပ်တွေ အကုန်လုံးစုပြီး ယိမ်းတိုက်နေကြတာနဲ့ တူတယ်. . . . .'

ဗိုလ်မှူးချုပ်မြေကြီး၏စကားကြောင့် ဗိုလ်ချုပ်သန်မာ၏ မျက်နှာသည် ရဲကနဲဖြစ်သွား၏။ ဒီလိုစံနစ်မျိုးတွေကို ချက်ခြင်းပြောင်းလဲပစ်ရမည်ဟုလည်း ဝမ်းထဲကမှတ်ချက်ချလိုက်၏။

ကြားရသောအသံသည် တဖြည်းဖြည်း ကျယ်လောင်လာ၏။ ဗိုလ်ချုပ်သန်မာတို့အဖွဲ့ သည် အခန်းကျယ်ကြီးတခု ရှေ့သို့ရောက်လာကြသည်၊ အခန်းကျယ်ကြီးထဲ၌ အရာရှိချုပ်ရုံးကြီး တခုလုံးမှ ရုံးသူရုံးသားအမျိုးသမီး အမျိုးသားအတန်းအစားစားတို့သည် အားလုံးစုရုံးကြလျက် ဒူးတုပ်လက်အုပ်ချီပြီးလျှင် ဘုရားဝတ်ပြုနေကြ၏။

ပိယေဟိဝိပ္ပယောဂေါဒုက္ခော၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ယံပိစ္ဆံနလဘတိတံပိဒုက္ခံ၊ သိခိတ္တေနပဉ္စုပ္ပါဒါနက္ခန္ဓာပိဒုက္ခာ။

သံပြိုင်ဆိုလိုက်ကြပြီးနောက် ရှေ့ဆုံးမှအရာရှိချုပ်ကြီးတဦးသည် ကြေးစီးငယ်ကိုထုလိုက် ၏။ နောင် လွေ့. . . လွေ့. . . လွေ့ဟူသော ကြေးစီးသံနှင့်အတူ နောက်အပိုဒ်ကို ဆက်ဆိုရန် လှည့်ကြည့်လိုက်ရာ ပါးစပ်ဟောင်းလောင်း မျက်စေ့မျက်နှာ ပျက်ပျက်ဖြင့် အံ့အားသင့်သွား၏။

အရာရှိချုပ်ကြီးသည် ဗိုလ်ချုပ်သန်မာနှင့်တကွသော 'ခေတ်သစ်ရွှေဝါပြည်အုပ်ချုပ်ရေး ခေါင်းဆောင်များအဖွဲ့'ကို မြင်လိုက်သောကြောင့်ဖြစ်၏။

မိမိ၏လူများကို ဆက်ဆိုရန်လက်ပြလိုက်ပြီးနောက် ဘုရားကိုဝတ်ချလိုက်လျက် ဗိုလ်ချုပ် ကြီးသန်မာတို့ ရပ်နေရာသို့ အရာရှိချုပ်ကြီးက အရေးတကြီးထသွား၏။

ဝတ်တက်နေကြသော သူတို့သည် မည်သူမျှ ဆက်မဆိုကြဘဲ အရာရှိချုပ်ကြီးထသွားရာ ဆီသို့ လှည့်ကြည့်ကြ၏။

လူအားလုံးတို့သည် 'ခေတ်သစ် ရွှေဝါပြည်အုပ်ချုပ်ရေးခေါင်းဆောင်များအဖွဲ့'ကို မြင်သည်နှင့် မည်သို့မျှတိုင်ပင်မထားကြဘဲနှင့် ဘုရားကိုဝတ်ချပြီးလျှင် နေရာမှအားလုံး ထရပ်လိုက်ကြ၏။

'လုပ်ပါ. . . လုပ်ပါ. . . . ခင်ဗျားလူတွေပြီးအောင်ဆက်ပြီး အလုပ်ခိုင်းလိုက်ပါ ကျွန်တော်တို့ လွှတ်တော် ခန်းမဆောင်ထဲက သွားစောင့်နေပါ့မယ်၊ ပြီးယင် အဲဒီကိုခင်ဗျားတို့ အရာရှိချုပ်တွေ အားလုံးနဲ့ အဲဒီမှာတွေ့ကြရအောင်. . . .'

ဗိုလ်ချုပ်သန်မာကပြောပြောဆိုဆို ချာကနဲလှည့်ထွက်လာခဲ့၏။ အရာရှိချုပ်ကြီးသည် လေးငါးဆယ်လှမ်းခန့် လိုက်ပါလာခဲ့ပြီးနောက် ရပ်လျက်ကျန်နေရစ်ခဲ့၏။

ဗိုလ်ချုပ်သန်မာတို့ လွှတ်တော်အဆောက်အဦရှိရာသို့ရောက်ပြီး မကြာမီအတွင်း၌ပင် အရာရှိချုပ်များနှင့် ရုံးသူရုံးသားအားလုံးတို့ ရောက်လာကြ၏။

ဗိုလ်မှူးကြီးသံခဲသည် လွှတ်တော်ခန်းမဆောင်အဝသို့ ထွက်လျက် ရုံးသူရုံးသားတွေ ကိုယ်လုပ်ငန်းရှိရာကိုယ် သွားနိုင်ကြပါပြီ၊ အရာရှိချုပ်တွေချည်း သက်သက်သာ ကျနော်တို့တွေ လိုပါတယ်. . . . ဟု အလွန်တိုးတိတ်ညင်သာစွာပြော၏။ ထို့နောက် အရာရှိချုပ်များနှင့် ဗိုလ်ချုပ် သန်မာတို့ တံခါးပိတ်ဆွေးနွေးကြ၏။

အရာရှိချုပ်အများစုတို့သည် ဗိုလ်ချုပ်သန်မာနှင့် အဖွဲ့ဝင်တို့၏မျက်နှာကို တယောက်စီ တယောက်စီ အမှတ်မထင်ကြည့်ရှုအကဲခတ်နေကြ၏။

ဒီစစ်သားတွေဟာ ကုလားဖြူလက်ထက်ကတည်းက တသက်လုံး လုပ်လာခဲ့တဲ့ ငါတို့ အပေါ်မှာ ဘယ်လောက်များတတ်လို့ ကြီးကြီးကျယ်ကျယ် ဆရာလုပ်ဘို့ စိုင်းပြင်းနေရပါလိမ့် မလဲဟု ဝမ်းထဲမှ တွေးနေကြ၏။

ဒီစစ်သားတွေဟာ ဒင်းတို့အာဏာရနေကြတာနဲ့ သက်သက်ဒို့အပေါ်မှာ စော်စော်ကား ကား ဆရာလာလုပ်နေကြတာပါ တကယ်တော့ ဒီကောင်တွေဟာ ဆယ်တန်းမှအောင်ခဲ့ကြလား မသိဘူးဟုတွေးရင်း တဘက်မှပြောပြနေသည့် စကားကိုသဘောကျသကဲ့သို့ ရောနှောပြုံး၏။

ခေတ်သစ်ရွှေဝါပြည် အုပ်ချုပ်ရေးခေါင်းဆောင်များအဖွဲ့သည် အရာရှိချုပ်ကြီးများအား မိမိတို့က အလွန်အားထားကြောင်း အရာရှိချုပ်ကြီးများသည် ယခင်ခေတ်အဆက်ဆက်တို့က ကဲ့သို့ မပြုလုပ်ဘဲမိမိတို့နှင့် စိတ်တူကိုယ်တူတွဲဘက်ကြ၍ မိမိတို့ရွှေဝါပြည်ကြီးတပြည်လုံး၏ အကျိုးကိုရှေ့ရှုလျက် အထူးသဖြင့် တဦးတယောက်တဖွဲ့တသင်း၏ အကျိုးကိုမကြည့်ဘဲ ရွှေဝါ ပြည်ကြီးတပြည်ထောင်လုံး၏ ကောင်းကျိုးကိုရှေးရှု၍ လမ်းစဉ်အတိုင်း အမှန်ကန်ဆုံး ပြုလုပ် သွားကြစေလိုကြောင်း။

မိမိတို့နှင့် ရွှေဝါပြည်ကြီးအတွင်း စာရိတ္တယိုယွင်းမှု စီးပွားယိုယွင်းမှုတို့ကိုပြင်ဆင်၍ ကျွမ်းကျင်သောပန်းပုဆရာသည် အချိုးအစားမကျသည့် ပန်းပုရုပ်ထုတခုကို မျက်စေ့ရှေ့တွင် အချိုးကျလှပသော ရုပ်ထုဖြစ်လာအောင် ပြင်ဆင်လိုက်ဘိသကဲ့သို့ ပြင်ဆင်သည့်စေတနာမျှသာ ရှိကြောင်း။

ထိုစေတနာအတိုင်း မိမိတို့ရွှေဝါပြည်ကြီးကို ပြုပြင်ရန်စိုင်းပြင်းကြရာတွင် မိမိတို့အနေနှင့် အချိုးအစားကျနသည့် ပုံစံကိုရှာဖွေပေးခြင်း စသောအပိုင်း၌သာ တာဝန်ယူနိုင်ကြပါသည်။ အရာရှိချုပ်ကြီးများအနေဖြင့် ပန်းပုဆရာပညာသည်ကြီးကဲ့သို့ အသင့်ရရှိထားသော လက်နက် ကိရိယာတို့ဖြင့် အသင့်တွေ့မြင်နေရသော ပုံစံအတိုင်း စေတနာကောင်းဖြင့် ထုလုပ်ပေးကြပါရန် ထိုသို့မဟုတ်ဘဲ ပေးထားသောပုံစံအတိုင်း မထုလုပ်လိုကြဘူးဆိုလျှင် လက်ရှိပုံစံအတိုင်း ဆက်လက်ထုလုပ်ချင်နေကြပါသည်ဆိုလျှင် ထိုရုပ်ပုံသည် ရွှေဝါပြည်သူပြည်သားတို့အတွက် အန္တရာယ်ဖြစ်နေသည့် ရုပ်ပုံဖြစ်နေသောကြောင့် မိမိတို့အနေနှင့် လက်မခံနိုင်သည့်အကြောင်း။

မိမိတို့ထုလုပ်စေလိုသောပုံသည် ခေတ်သစ်ရွှေဝါပြည် အုပ်ချုပ်ရေးလမ်းစဉ်အတိုင်းသာ လျှင် ထုလုပ်စေလိုကြောင်း။

ထိုသို့မိမိတို့ထုလုပ်စေလိုသည့် ပုံသဏ္ဍာန်ကို မိမိတို့အဖွဲ့ဝင်တို့သည် ဌာနအလိုက် သက်ဆိုင်ရာဌာနအသီးသီးသို့ အသေးစိတ် လာရောက်တင်ပြကြမည်ဖြစ်ပါကြောင်း၊ အကယ်၍ မိမိတို့တင်ပြသည့်အတိုင်း မလုပ်ဆောင်နိုင်သူတို့သည် ယခုလက်ရှိဆောင်ရွက်နေကြသော အရာရှိချုပ်အဖြစ်မှ အနားယူလိုက ယူနိုင်ကြောင်းစသည်တို့ကိုပြော၏။

ထို့နောက် အရာရှိချုပ်များ၏ ဆန္ဒနှင့် မကျေနပ်ချက်တင်ပြလိုချက်တို့ကိုလည်း နားထောင်လိုပါသည်။ ပြေပြေလည်လည် ဆွေးနွေးလိုပါသည်ဟုပြော၏။

အရာရှိချုပ်ကြီးများသည် အချင်းချင်းလှည့်ကြည့်ကြ၏။ ထို့နောက် ဘာမျှမပြောဘဲငြိမ် သက်နေကြ၏။ ဗိုလ်ချုပ်သန်မာသည် မိမိနှင့်မျက်မှန်းတန်းမိထားသည့် အရာရှိချုပ်ကြီးကိုကြည့် လျက် 'ဘယ့်နဲ့လဲခင်ဗျားကော ဘာမျှထင်မြင်ချက်မပေးဘူးလား' ဟုမေး၏။

'ကျနော်တို့အနေနဲ့ကတော့ ဘာမျှထင်မြင်ချက်ပေးစရာမရှိပါဘူး။ တက်လာတဲ့အစိုးရ ခိုင်းသမျှကို ဝတ္တရားကျေပြွန်အောင် လုပ်ပေးကြဘို့ပါဘဲ လုပ်ပေးကြဘို့လဲ ဆန္ဒရှိပါတယ်. . . '

'ဒီလိုလဲ ဘယ်ဟုတ်မလဲလေ ဟိုလူလာ ဟိုလူခိုင်းတာလုပ် ဒီလူလာ ဒီလူခိုင်းတာလုပ် ဆိုတဲ့စက်ရုပ်လို အလုပ်လုပ်တာမျိုးဟာ စေတနာမပါတော့ အလျှော့အတင်းမရှိဘူး၊ အမှားမှား အယွင်းယွင်းရှိတတ်တယ်။ ကျနော်တို့ကတော့ အရာရှိချုပ်ကြီးများကိုယ်တိုင် သဘောပေါက်ပြီး ငါတို့ ရွှေဝါပြည်ကြီးအတွက် အားသွန်ခွန်စိုက် ကျိုးစားဆောင်ရွက်ပေးမယ်ဆိုတဲ့ စိတ်ထားမျိုးနဲ့ ကျနော်တို့နဲ့ ဆိုးတူကောင်းဘက် လုပ်စေချင်တာဘဲ။

ဗိုလ်မှူးချုပ်မြကြီးက ရှင်းလင်းပြောပြလိုက်ခြင်းဖြစ်၏။ အရာရှိချုပ်များသည် ဗိုလ်မှူးချုပ်မြကြီး၏ မျက်နှာကိုငေးစိုက်ကြည့်နေကြ၏။ အရာရှိချုပ်ကြီးများ၏ မျက်လုံးထဲတွင် လွန်ခဲ့သည့်ကုလားဖြူကြီးတို့ခေတ်ဟောင်းကို ပြန်ပြောင်းမြင်ယောင်လာကြ၏။

လွန်ခဲ့သည့် ကုလားဖြူကြီးတို့ခေတ်၌ ဤဗိုလ်ချုပ်ကြီးသန်မာစသော သူတို့သည် ထီးထမ်းလမ်းလျှောက်များသာဖြစ်ကြ၏။ ၎င်းတို့သည်အလွန်ဆုံး ကုလားဖြူလုပ်ငန်းပိုင်ရှင် ကြီးများ၏ အနှိပ်စက်ခံအလုပ်သမားမျိုးမျှ ဖြစ်ပေသည်။ ထိုစဉ်အခါကဆိုလျှင် ဤသူတို့သည် မိမိတို့နှင့်နှိုင်းယှဉ်၍ မရအောင် ကွာခြားသူများဖြစ်ကြ၏။ မိမိတို့ကား ထိုစဉ်ကတည်းက ကုလားဖြူကြီးများ၏ ယုံကြည်ခြင်းကိုခံရသော လက်ထောက်အရာရှိချုပ်အရာရှိချုပ်ကြီးများ မဟုတ်ကြပါလော။

သို့သော် အရာရှိချုပ်ကြီးများက ဤသို့တွေးတော နေကြသကဲ့သို့ပင် ဗိုလ်ချုပ်ကြီး သန်မာနှင့် အဖွဲ့တို့ကလည်း ထိုအရာရှိချုပ်ကြီးများ၏ ကြေးစိတ်ကျွန်စိတ်အရည်ဝစွာ ဟန်ဆောင်ထားသည့် မျက်နှာများကိုကြည့်ရင်း တွေးတောနေကြ၏။

ဤအရာရှိချုပ်ကြီးများကို ယုံကြည်စွာ ပုံအပ်ထား၍ဖြစ်မှဖြစ်ပါမည်လား ဤအရာရှိချုပ် ရုံးအတွင်းရှိ အရာရှိချုပ်အားလုံးလိုလိုတို့သည် ရွှေဝါပြည်သားများဖြစ်ကြပါလျက် ရှေးယခင် ကတည်းက ကုလားဖြူကြီးတို့၏ သစ္စာတော်ခံကုလားဖြူဘက်တော်သား ကျေးကျွန်ကြီးများ ဖြစ်ကြကုန်၏။

မိမိတို့သည် ကုလားဖြူအစိုးရကိုအတိုက်အခံဘဝနှင့် တော်လှန်ပုံကန်ကြရန် နည်းအမျိုး မျိုးဖြင့် ကြံစည်နေကြစဉ်၌ ဤအရာရှိချုပ်များသည် ၎င်းတို့အိမ်ထောင်တခု၏ အရေးအဘို့ ကိုသာ ကြည့်လျက် ရွှေဝါပြည်ကြီးတခုလုံးကို ကုလားဖြူတို့၏ လက်အောက်တွင် ကျွန်သား ပေါက်ဘဝအဖြစ်မှ လွတ်မြောက်စေရန် ကိုယ်ဘိရင်ဘိကျိုးစားခဲ့သူများဖြစ်၏။

မိမိတို့ကိုင်း မိမိတို့ကဲ့သို့ ရွှေဝါပြည်ကြီးအား ကုလားဖြူတို့၏လက်အောက်မှ လွတ်မြောက်စေရန် ကျိုးပမ်းနေကြသူများကိုင်း ရန်ရှာခဲ့သူများဖြစ်၏။ ယခုဆိုအရာရှိချုပ်ကြီး များသည် မိမိတို့လက်အောက်၌ အလုပ်လုပ်ကြရပေတော့မည်၊

မြော်လင့်ချက်တခုရှိသည်ကား ဤအရာရှိချုပ် ဆိုသူများသည် မိမိတို့ကိုယ်ကျိုးအတွက် ဖြစ်ခဲ့ပါမူ မိမိတို့တိုင်းပြည်ကိုလည်း သူ့လက်အောက်၌ ကျွန်သက်ရှည်အောင် ပြုလုပ်ရသူများ ဖြစ်ဘူးရာ ယခုမိမိတို့ကိုယ်ကျိုးလည်းရှိ တိုင်းပြည်နှင့်လူမျိုး၏ ကောင်းရာကောင်းကြောင်းလည်း ဖြစ်လည်းဖြစ်သော အလုပ်မျိုးဆိုလျှင် ပို၍အားသွန်ကျိုးပမ်း လုပ်ကြပေလိမ့်မည်ဟု ယုံကြည်နိုင်သောအချက်ဖြစ်၏။

ထိုယုံကြည်နိုင်လောက်သည့် မြော်လင့်ချက်အတိုင်း ဗိုလ်ချုပ်ကြီးသန်မာနှင့်အဖွဲ့သည် အရာရှိချုပ်များရုံးတွင် အရာရှိချုပ်တို့နှင့် လျှပ်တပြက်တွေ့ဆုံ ဆွေးနွေးကြပြီးနောက် သက်ဆိုင် ရာဌာနအလိုက်လည်း တဖွဲ့ခြင်း တဦးခြင်းအနေဖြင့် အသေးစိတ်ဆွေးနွေးကြသေး၏။ မိမိတို့၏ ရည်ရွယ်ချက်များ လုပ်ငန်းရပ်များဖြစ်စေလိုသည့် အခြင်းအရာများကိုလည်း ရှင်းပြကြသေး၏။

ခေတ်သစ်ရွှေဝါပြည်အုပ်ချုပ်ရေးအဖွဲ့၏ ခေါင်းဆောင်တို့သည် နေ့မှန်းညမှန်းမသိဘဲ အလုပ်လုပ်ကြ၏။ တိုင်ပင်ဆွေးနွေးကြ၏။ မဟာပထဝီမြေကြီး၏ အထုနှင့်အတူ ယခင့်ယခင်က အပုံလိုက်ကျန်ရှိနေသော ပြဿနာပေါင်း နှစ်သိန်းလေးသောင်းတို့ကို အနားမရှိဖြေရှင်းကြ၏။ စီမံကိန်းတွေချကြ၏။ ပြောရင်းဆိုရင်း အလုပ်လုပ်ကြရင်းအလုပ်စားပွဲတွင်ပန်းကန်ပြား တချပ် တည်း၌ ထမင်းဟင်းတို့ကို ပုံကာစားကြ၏။

ထိုအုပ်ချုပ်ရေးအဖွဲ့ခေါင်းဆောင်ချင်း အလုပ်လုပ်နေကြသည်နှင့်အမျှ ရွှေဝါပြည်၏ အုပ်ချုပ်ရေးအပိုင်း ဌာနအသီးသီးဆီတို့၌ ရွှေဝါပြည်ကြီး၏ ပြည်သူ့စစ်တပ်မတော် စစ်ဗိုလ်များ ရောက်ရှိလာကြ၏။ စစ်ဗိုလ်တို့ကား ထိုဌာနဆိုင်ရာတာဝန်ခံ ပုဂ္ဂိုလ်အကြီးအကဲတို့၏လက်အောက်၌ တွဲဘက်လုပ်ကိုင်ရန်ဖြစ်သည်။

စစ်ဗိုလ်တို့သည် မိမိတို့တာဝန်ကျသော ဌာနသို့ရောက်ရှိမိသည်နှင့် တပြိုင်နက် ဌာနတခုလုံးကိုကြည့်၍ မရလောက်အောင် ချက်ခြင်းမျက်စိစပါးမွှေးစူးလာ၏။ ရုံးအလုပ်သမားတို့သည် ပေါ့ဆဆပုံဟန်တွေချည်းဖြစ်၏။ အလုပ်လုပ်ရာ၌ လျော့ရိလျော့ရဲနိုင်သလောက် လုပ်ဆောင်ရမည့်အလုပ်များကို ပုံကြီးချဲ့လွှန်း၏။

လုပ်ငန်းတခုမှစာရွက်တရွက်သည် စားပွဲသုံးလုံးမျှ ခြားသည့်လှမ်းကြည့်လိုက်လျှင်မြင်ရ သော လှမ်းပြောလိုက်လျှင် ကြားနိုင်သော လက်ဆင့်ကမ်းလိုက်လျှင် စားပွဲတခုမှ တခုသို့ ငါးဆင့်မျှကမ်းလိုက်ရုံဖြင့် ရောက်သွားနိုင်သော နေရာကို လေးရက်ကြာမှရောက်၏။

ရောက်လာသောစစ်ဗိုလ်သည် မိမိအထက်ရှိ တာဝန်ခံအုပ်ချုပ်ရေးအရာရှိအား ဤအချက်များကိုပြင်ဆင်ပါရန် ချက်ခြင်းတင်ပြ၏။

အရာရှိကြီးသည် မိမိ၏ရုံးအလုပ်သမားအားလုံးကို ခေါ်တွေ့လျက် ချက်ခြင်းပြောကြား၏၊ ချက်ခြင်းအရေးယူ၏၊ ဤအတိုင်း ခေတ်သစ်ရွှေဝါပြည်

အုပ်ချုပ်ရေးခေါင်းဆောင်များအဖွဲ့ တက်လာပြီးနောက် မကြာမီအတွင်းရုံးတိုင်းရုံးတိုင်း အလုပ်ဌာနတိုင်း အလုပ်ဌာနတိုင်း ရုံးသူ ရုံးသားများကို သက်ဆိုင်ရာအရာရှိတို့က အားလုံးခေါ်ယူ၍ တွေ့ဆုံဆွေးနွေးသော၊ ပြောဟော သော အစဉ်အလာတခုသုတ်သီးသုတ်ပြာ ခေတ်စားလာ၏။

နိုင်ငံရေးသမားတွေ အုပ်ချုပ်လာခဲ့သော ခေတ်အဆက်ဆက်က ပျက်စီးချင်တိုင်း ပျက်စီး လာခဲ့ကြသည့် မင်းတို့ရဲ့သောက်ကျင့်တွေကို အမြန်ဆုံးဖျောက်ကြ ပြင်ဆင်ကြရမယ်၊ ဒီလိုမှ မဖျောက်ကြ မပြင်ဆင်ကြဘူးဆိုရင် မင်းတို့ငါ့ကို အဆိုးမဆိုကြနဲ့။

ငါတို့ဟာ အလုပ်လုပ်တဲ့ နေရာမှခေတ်သစ်ရွှေဝါပြည် အုပ်ချုပ်ရေးလမ်းစဉ်အတိုင်း ကျိုးကျိုးပမ်းပမ်း အလုပ်လုပ်ကြရမယ်၊ ပြီးသင့်တဲ့အလုပ်တွေ မပြီးဘဲ ကြွေးကျန်နေမယ်ဆိုရင် ထိုက်သင့်သလို တိတိကျကျအရေးယူမယ်၊ အဲဒါဟာခေတ်သစ်ရွှေဝါပြည်ရဲ့ အုပ်ချုပ်ရေးလမ်းစဉ် ဘဲ။

ပီးတော့ မင်းတို့ဟာ ရုံးနောက်မကျရဘူး၊ မနက် ကိုးနာရီထိုးတာနဲ့ နေ့စဉ်အလုပ်ဝင် ဇယားထဲမှာ လက်မှတ်ထိုးပြီးဖြစ်ရမယ်။ အဲဒီလို ကိုးနာရီထိုးလို့မှ 'နေ့စဉ်အလုပ်ဝင်ဇယား စာအုပ်ထဲမှာ လက်မှတ်ထိုးပြီး မဖြစ်ဘူးဆိုယင် ထိုက်သင့်သလို တိတိကျကျအရေးယူမယ်၊ အဲဒါ ဟာ ခေတ်သစ်ရွှေဝါပြည် အုပ်ချုပ်ရေးလမ်းစဉ်ဘဲ။

ပီးတော့ မင်းတို့ဟာအလုပ်လုပ်ယင် တိုင်းပြည်အတွက် တကယ်စေတနာထားပြီး လုပ်ကြ ရမယ်။ အချိန်တန် ငါ့လခရယင် ပီးရောဆိုတဲ့ နိုင်ငံရေးသမားတွေ အုပ်ချုပ်တဲ့ လက်ထက်က စိတ်မျိုး ခေတ်ဆွေးခေတ်ဟောင်းကစိတ်မျိုးတွေ မထားရဘူး။ အဲဒီလို စိတ်ဆွေးစိတ်ညံ့မွေးတဲ့ ရုံးအလုပ်သမားမျိုးဆိုယင် ထိုက်သင့်သလို တိတိကျကျအရေးယူမယ်။ အဲဒါဟာခေတ်သစ် ရွှေဝါပြည်အုပ်ချုပ်ရေး လမ်းစဉ်ဘဲ၊

မင်းတို့အဲဒီလိုလုပ်ကြမယ်ဆိုယင် ငါကလဲမခံဘူး။ ဟောဒီဗိုလ်ကြီးကလဲခံမှာမဟုတ်ဘူး၊ မင်းတို့ကို ငါတခါမှ အခုလိုမပြောဘူး။ ဒါပေမယ့်အခုပြောရမယ် မပြောဘဲလွှတ်ထားလို့မဖြစ် ဘူး။ မင်းတို့နားလည်လား၊ ဒါဟာခေတ်သစ်ရွှေဝါပြည်အုပ်ချုပ်ရေးအစိုးရကွ၊ ကဲ. . . . မင်းတို့သွား နိုင်ကြပြီ။

အရာရှိ၏စကားပြောပုံနှင့် မျက်နှာထားပုံတို့မှာ တမျိုးဖြစ်နေသည်ဟု ရုံးသူရုံးသားများက တွေး၏။ တခါတရံနောက်ပြောင်နေသလိုလို၊ တခါတရံ အတည်ပြောနေသလိုလို ဝေခွဲမရအောင် ရှိနေကြ၏။

ရုံးအသီးသီး အလုပ်ဌာနအသီးသီးတို့မှ အရာရှိကြီး အသီးသီးတို့သည် ဤသို့ခေါ်ယူ ပြောကြားပြီး မကြာမီအခိုက်အတန့်ကလေး၌ပင် ရုံးလုပ်ငန်းအရပ်ရပ်တို့သည် တမျိုးတဖုံဖြစ်လာ ကုန်ကြ၏။

ထိုပြောင်းလဲလာချက်နှင့်အတူ နေရာတိုင်း ဌာနတိုင်းတို့၌ စကားတလုံးခေတ်စားလာခဲ့ ၏။ ထိုစကားလုံးကား. . .

'ဟေ့. . . မင်းတို့ ကောင်းကောင်းလုပ်ကြကွ၊ ဒါဒို့ခိုင်းတာမမှတ်ဖူး။ ဗိုလ်ကြီးတွေခိုင်းတာ ဘာအောင်းမေ့လဲ. . .'

ထိုရုတ်တရက် ကျော်ကြားခေတ်စားလာသော စကားလုံး၏နောက်ဆွယ်၌ အမြီးတန်း လျက်ပါလာသော စကားတွေလည်း ရှိသေး၏။

'ဒို့ ရုံးအုပ်တွေဟာ သိပ်ကောင်းတာကွ ငယ်သားတွေကိုအားကြီးညှာတာယ်ဗျ၊ တော်ရုံ တန်ရုံကိစ္စဆိုယင် ကြည့်နေလိုက်တာဘဲ၊ ဒါပေမဲ့ အခုတော့မရဘူးဟေ့ ဗိုလ်ကြီးတွေအမိန့်တဲ့'။

တသက်လုံးပေါ့ပေါ့လျော့လျော့ ဆေးမီးတိုနည်းနှင့် အရေးကြီးလာမှ ကြီးလာသလို ဖြတ်လမ်းက အတိုခြုံး၍လုပ်ကိုင်လာခဲ့ကြသော ရုံးသူရုံးသားတို့သည် ယခုတိတိကျကျ တကယ် အလုပ်လုပ်ကြရမည်ကို သိရသောအခါ ဝန်လေးလာ၏။ စည်းကမ်းတင်းကျပ်လွန်းသည်ဟု ထင်လာ၏။

ထိုသို့ထင်နေဆဲ မိမိတို့လူကြီးကိုယ်တိုင်က ဒါဗိုလ်ကြီးတွေ အမိန့်ဟုပြောလာ၏။ ထိုအခါ မိမိတို့ဌာနသို့ ရောက်လာသည့် ဗိုလ်ကြီးကို ပေါ့ပေါ့တန်တန် နေထိုင်လုပ်ကိုင်လာခဲ့သည့် အလုပ်သမားတိုင်းက မျက်မုန်းကျိုးလာ၏။

မျက်မုန်းကျိုးနေကြသော အလုပ်သမားများအထဲ၌ အလုပ်ကျွမ်းကျင်သူတို့လည်းပါကြ၏။ အလုပ်မကျွမ်းကျင်သူတို့လည်း ပါကြ၏။ ထိုသူတို့သည် အလုပ်နားမလည်သေးသည့် ဗိုလ်ကြီးကို 'ဂျောက်' ချရန်အတွက်တမင် အမှားတွေကို အားသွန်ကျိုးပမ်းလုပ်ပေးလိုက်၏၊ အလုပ်မကျွမ်းကျင်သေးသော သူတို့သည် မိမိတို့မကျွမ်းကျင်ကြပါဘဲလျက်နှင့် ဖြစ်ချင်ရာဖြစ်စေ အလုပ်များများပြီးယင်ပြီးရောဟု ဇွတ်တိုး၍လုပ်ကြ၏။ ဤသို့ပြုလုပ်ကြခြင်းကြောင့် အလုပ်ပြီးစီး သည်နှင့်အမျှ အမှားအယွင်းတောင်ပုံရာပုံတို့နှင့် ရင်ဆိုင်လာကြရ၏၊

ခေတ်သစ်ရွှေဝါပြည်အုပ်ချုပ်ရေး ခေါင်းဆောင်များအဖွဲ့သည် အလုပ်ဌာနတိုင်း ဌာနတိုင်းတို့၌ ထိုကဲ့သို့သောအဖြစ်မျိုးနှင့် ရင်ဆိုင်နေကြရစဉ် ကျန်သောတဖက်မှလည်း အင်အားကြီးမားလှသော ရွှေဝါပြည်သူပြည်သားတို့နှင့် ရင်ဆိုင်လာကြရပြန်၏။

ရွှေဝါပြည်သူတို့ကား ကမ္ဘာအရပ်ရပ်တွင်ရှိသော တိုင်းသူပြည်သားအားလုံးထက် ပို၍ လွတ်လပ်ပျော်ရွှင်စွာ နေခဲ့ကြသော တိုင်းသူပြည်သားများဖြစ်ကြ၏။

မည်သူ့ကိုထိခိုက်သည်ဖြစ်စေ ဘာမဆို မိမိသဘောအတိုင်း လွတ်လပ်စွာ လုပ်ကိုင်နိုင် ကြသည်၊ ဤသို့ပြုလုပ်သဖြင့် အမှုအခင်းဖြစ်လျှင်လည်း ဘာမျှကြောက်ရွံ့ရန်မလို မျက်နှာရှိသူ၊ ဂုဏ်ရှိသူတို့နှင့် ပူးပေါင်းလျက် တရားရုံးပေါ်တွင် အမှုနိုင်ရေးကို စီစဉ်နိုင်ကြသည်။

ထို့ကြောင့် ရွှေဝါပြည်သား သီချင်းဝါသနာပါသူသည် မိမိရေဒီယိုကိုမိမိ အသံချဲ့စက်ဖြင့် သံကုန်ဖွင့်၍ နားထောင်နေနိုင်သည် အခြားအိမ်နီးနားခြင်းတို့ မကြားလို နားမထောင်လိုက မကြားရလည့်နေရာသို့ စိတ်ကြိုက်ရွှေ့သွားနိုင်သည်။ ဤသို့ရွှေ့မသွားဘဲ တိုးတိုးဖွင့်ရန် လာရောက်ပြောလျှင် မိမိအခွင့်အရေးကို လာရောက်ပိတ်ပင်စော်ကားသူအဖြစ် ရိုက်လွှတ်နိုင် သည်။ ထိုသို့ရိုက်လွှတ်ပြီးနောက် မိမိ၌အပေါင်းအသင်းကောင်းလျှင် အဆက်အသွယ်ကောင်း လျှင် အရိုက်ခံရသူကို တရားခံဖြစ်စေလျက် အချုပ်ထဲသို့ပေးလိုက်နိုင်သေးသည်၊

ထို့ပြင်ရွှေပြည်၌ သူတပါးအိပ်နေသောအချိန်တွင် မိမိတို့အိမ်မှ ကြိုက်သလို ဆူနေနိုင် သည်၊ မီးတထိန်ထိန် သီချင်းတကျော်ကျော်ဖြင့် ပျော်နေနိုင်သည်၊ လိုအပ်သည်ကား မျက်နှာ ကြီးများ အာဏာရှိသူများနှင့် သိကျွမ်းရင်းနှီးထားကြရန်ပင်ဖြစ်သည်။

ထိုမျှမကသေး ရွှေဝါပြည်လမ်းများပေါ်၌ မိမိတို့၏သားငယ် လက်သန်းလောက်မှ မောင်းကျောက်လောက်အထိ ရှိကုန်ကြသော အရွယ်အစားစားတို့ကို တလမ်းလုံးပိတ်ဆို့စေလျက် ဘောလုံးအကန်ခိုင်းခွင့် ပြုနိုင်သေးသည် ထိုသို့မဟုတ်ဘောလုံးကန်နေလျှင် မသိဘာသာ နေနိုင်ကြသည် မည်သည့်မိဘမျှမိမိတို့၏သားအား ပြောဆိုဆုံးမထားကြရန်မလို။

ဤသို့လမ်းကိုပိတ်လျက် ဘောလုံးကန်နေကြသဖြင့် လမ်းသွားလမ်းလာများကို ထိခိုက်သော် အရှက်တကွဲဖြစ်စေခဲ့သော် ဝိုင်း၍ရယ်နိုင်ကြသည်၊ အထိအခိုက်ခံရသူများက မခံမရပ်နိုင်၍ပြောဆိုခဲ့သော် ဝိုင်းဝန်းရိုက်လွှတ်နိုင်ကြသည်၊ ထိုသို့ရိုက်လွှတ်ရန်အတွက် မိမိတို့ ၏သားများနှင့်ချည်း မနိုင်ခဲ့သော် ဖခင်ဖြစ်သူတို့က တရပ်ကွက်လုံးအုပ်နှင့်ချီ၍ ထွက်ရိုက်လွှတ် နိုင်ကြသည်၊ ထို့နောက် မိမိက မိမိတို့နှင့် အလျဉ်းသင့်ပြီးဖြစ်သော မိမိတို့ရပ်ကွက်ကိုပိုင်သည့် ရွှေဝါရဲဌာနသို့ ဦးအောင်သွားရောက်၍ တရားလိုပြုလုပ်နိုင်ကြသည်။

ရွှေဝါပြည်ရုပ်ရှင်ကြည့်လျှင်လည်း မိမိဘေးမှလူများ မိမိရှေ့မှလူများကို လုံးဝဂရုစိုက်စရာ မလို မိမိရှေ့ရှိထိုင်ခုံ၌ရှိနေစေကာမူ ထိုထိုင်ခုံပေါ်သို့ခြေတင်၍ အဆိုပါလူကို တကိုယ်လုံးသွက် သွက်ခါနေအောင် ဒူးနှံ့နေနိုင်သည်၊ ထိုသူက သဘောမကျ၍လှည့်ကြည့်လျှင် ‘ဟေ့. . ဘာကြည့် တာလဲကွ. . .’ဟု လူအုပ်ဖြင့် ဝိုင်း၍ထိုးနိုင်၏။ ရိုက်နိုင်၏။

ရွှေဝါပြည်သားတို့သည် စည်းလုံးမှုကိုလည်း နားလည်သဘောပေါက်ပြီးသူများ ဖြစ်ကြ ၏။ အရွယ်ရောက်၍ လူပျိုပေါက်ကလေးများဖြစ်လာကြသည်နှင့် အစုလိုက်အပြုံလိုက်လမ်းထိပ် ထိုင်လျက် လမ်းသွားလမ်းလာ ကျောင်းသွားကျောင်းပြန် မိန်းကလေးများကို နောက်၏ပြောင်၏။ ယိသဲ့သဲ့ပြော၏။ မိန်းကလေးတွေက မခံမရပ်နိုင်၍ ပြန်ပြောလျှင်ဝိုင်းထားကြ၏၊ သီးမခံနိုင် လွန်းသောကြောင့် ဆဲခြင်းဆိုခြင်းပြုလျှင် ယောက်ျားခြင်းရန်ဖြစ်သကဲ့သို့ ဝိုင်းဝန်း၍လက်သီးနှင့် ထိုးကြ၏၊ ပါးရိုက် ဖနောင့်နှင့်ပေါက်ပြုကြ၏။ ထို့နောက်ဦးအောင်ရဲဌာနသို့တိုင်၏။

အကယ်၍ မိန်းကလေးသည် ထိုအမျိုးကောင်းသားလေးများ ဝိုင်းဝန်းနောက်ပြောင်ခြင်း ကို မည်သို့မျှမပြောဝန့်ဘဲ ကြောက်ကြောက်လန့်လန့် ခြေလှမ်းအမှားမှားဖြင့် သွားသည်ကိုမြင် လျှင် ထိုဝိုင်းဝန်းနောက်ပြောင်နေကြသူတို့အထဲမှ အလှည့်ကျ သူရဲကောင်းနှစ်ဦးက မိန်းကလေး နှင့်ယှဉ်လျက် တဘက်တယောက် ညှပ်လိုက်လာကြ၏။ ပခုံးချင်းတိုက်၍ ရီးစားစကားပြောကြ၏။ လက်ကလည်းအတင့်ရဲစွာ ဟိုဆွဲသည်ကိုင်ပြုကြ၏။ ရွှေဝါပြည်ကြီး၏ အမျိုးကောင်းသား လူငယ် တို့သည် ဤသို့လျှင် မိမိတို့၏ အမျိုးသမီးငယ်များကို လူမျိုးခြားတို့နှင့်အပြိုင်ကဲ့၍ အနိုင်ကြင့် ရဲကြ၊ စော်ကားရဲကြသော သူရဲကောင်းကြီးများဖြစ်နေကြ၏။

ရွှေဝါပြည်၏ ဈေးအတွင်းရှိ ဈေးသည်တို့ ကြည့်လိုက်ပါဦး။

ထိုဈေးသည်တို့သည်လည်း အခြားသော ရွှေဝါပြည်သူပြည်သားတို့နှင့်အတူ ခေတ်ကို အမှီတိုးတက်မှု စည်းလုံးမှုရှိနေသူများဖြစ်၏။

ထိုသူတို့သည် စားသုံးဘွယ်ရာမှန်သမျှသော ကုန်ပစ္စည်းတို့ကို လက်ဝါးကြီးအုပ်ထားလျက် စားသုံးသူများကို အကြပ်ကိုင်ရန် နည်းအမျိုးမျိုးတို့ဖြင့် အဆင့်ဆင့်စောင့်ကြံလျက်ရှိ၏။

ကုန်ပစ္စည်းများကို ရောနှောသောအတတ် ဈေးကိုမမှန်မကန်ပြောသောအတတ်၊ အလေး၊ ချိန်ခွင်၊ တင်း၊ ခွက်၊ ပေ၊ ကိုက်၊ တောင်အစရှိသည်တို့ကို ခိုးသောအတတ်တို့ဖြင့်လည်း ပြောင်ခိုးနည်း၊ မသိအောင်ခိုးနည်း အားလုံးတတ်ပြီးဖြစ်၏။

မိမိဆိုင်ရှေ့သို့ ရောက်လာသူမှန်သမျှကို မိမိ၏သစ်ရိပ်သို့ဝင်ရောက်လာသဖြင့် သတ်ဖြတ်စားသောက်ရန် ကြိုးစားနေကြသော ဒဏ္ဍာရီထဲမှ ဘီလူးထီး ဘီလူးမတို့၏ ပုံသွင်မျိုး ဖြင့် ကြိမ်းဝါးဟိန်းဟောက်၏။ မိမိလက်အောက်ငယ်သား တယောက်ကဲ့သို့ မာန်မဲ၏။ မိမိတို့ လုပ်သလို မခံသည့် ဝယ်သူမျိုးနှင့်တွေ့လျှင် တဈေးလုံးက စု၍ဝိုင်းဝန်းရိုက်လွတ်၏၊ ထို့နောက် အမှုဆင်၍မိမိတို့နှင့် အပေးအယူသင့်တင့်ပြီးဖြစ်နေသော ရဲဌာနသို့တရားဆိုတွေ ပြုလုပ်ကြ လျက် အရိုက်ခံရသော ဈေးဝယ်သူအားငင်းတို့ကပင်သွားပို့ကြသေး၏။

တစုံတခုဝယ်သွားမည်ဆိုလျှင်ဘာလဲ အစိုးရကန့်သတ်ဈေးနှုန်းနဲ့လား၊ အစိုးရကန့်သတ် ဈေးနှုန်းနဲ့ဆိုယင် ဒါဘဲရမယ်၊ အပြင်ဈေးနဲ့ဆိုယင်တော့ ဟောဒီလိုအမှန်အတိုင်းရမယ် နားမလည်ဘူးလား၊ မစားဘူးလားဟူသော အသုံးအနှုန်းမျိုးတွေကို သုံးနှုန်း၏။

ဤသို့ဖြင့် ရွှေဝါပြည်သူပြည်သားတို့သည် ဈေးတခါဝယ်မည်ပြုတိုင်း ထောင်ဗာယာတို့ ၏လက်အောက်၌ အလုပ်လုပ်နေကြရသော ထောင်သားတို့၏ ခံနိုင်ရည်စိတ်မျိုးတို့ကို မွေးမြူ၍ ဝယ်ခြမ်းကြရ၏။

ခရီးသွားရာ၌ကြည့်ပါဦး ရွှေဝါပြည်တွင် ခရီးသွားမည်ဆိုပါက သင်္ဘောနှင့်သွားလျှင် သင်္ဘောသားတို့၏ ကြိမ်းဝါးစော်ကားမှု၊ သင်္ဘောစောင့်တို့၏ ကြိမ်းဝါးစော်ကားမှုတို့ကို ခံနိုင်ရည်ရှိမှ သို့မဟုတ် လာဘ်ထိုးပေါင်းသင်းတတ်မှ ခရီးသွား၍ဖြစ်၏။

မီးရထားနှင့်သွားလျှင် မီးရထားတွဲစောင့်တို့မှအစ သက်ဆိုင်ရာအာဏာရှိသူတို့နှင့် ပေါင်းသင်းဆက်ဆံတတ်မှ၊ မော်တော်ကားဖြင့်သွားလျှင် မော်တော်ကား စပယ်ယာ ဒရိုင်ဗာတို့ ၏ ပြောဆိုရေရွတ်ကြိမ်းမောင်းမှုကို အရေထူထူဖြင့် ခံနိုင်ရည်ရှိမှ သွားလာ၍ရ၏။

ထို့ပြင်ခရီးသည် အချင်းချင်းတို့၏ အနိုင်အထက်ကျင့်မှုကို–

သွားနေလာနေကြလျက် မီးသင်္ဘော မီးရထား မော်တော်ကားမှ လူများနှင့် အကြောင်း အပေါင်းသင့်ပြီး သူတို့၏မတရားနေရာလုမှု၊ အနိုင့်အထက်ကျင့်မှု၊ စော်ကားမော်ကားပြုမှုတို့ကို ခံနိုင်မှ ခရီးသွား၍ဖြစ်၏။

ထိုမျှမဟုတ်သေး၊ ရွှေဝါပြည်၌ မိမိတို့ကလေးအားကျောင်းထားလိုလျှင်လည်း အလွယ် တကူထား၍မရကြ။

ကျောင်းပွဲစားများ သက်ဆိုင်ရာကျောင်းမှ ကျောင်းဝင်ခွင့်ရအောင် လုပ်ပေးနိုင်သူများကို လာဘ်ထိုးန် လာဘ်မထိုးနိုင်လျှင် ကျောင်းထားခွင့်မရ။

အကယ်၍ ရွှေဝါပြည်မိဘတစုံတယောက်သည် မိမိတို့သားသမီးအားမြို့ပေါ်ရှိ အစိုးရ အထက်တန်းကျောင်း တခုခုသို့သွားရောက်ထားလိုသည်ဖြစ်အံ့။ ထိုမိဘသည်ရိုးရိုးတန်းတန်း

သွားရောက်အပ်နှံပါက လူပြည့်နေပြီးဖြစ်သဖြင့် ထိုကလေးအိမ်ထောင်ကျပြီးသည့် အရွယ်သို့ ရောက်သည့်တိုင်အောင် လူလစ်လပ်မှုမရှိ၍ ကျောင်းထားရမည်မဟုတ်။

အကယ်၍ မည်သို့ကျောင်းထားရမည်၊ မည်သို့လာဘ်ပေးရမည်၊ မည်သူနှင့်ပေါင်းသင်း ရမည်ဟု သိတတ်သူဖြစ်ပါမူ ၆–လပတ်စာမေးပွဲစစ်ပြီးသည့်နောက်၌ပင်လျှင် ကျောင်းထား၍ ရနိုင်၏။

ကုန်ကုန်ဆိုရသော် ရွှေဝါပြည်၏တရားရုံးပေါ်၌ မြင်မြင်သမျှတာဝန်ထမ်းဆောင်နေကြသူ များအားလုံးတို့သည်ပင် မတရားမှုအမျိုးမျိုးတို့ကို တရားရုံးပေါ်မှနေ၍စံပြအဖြစ် လုပ်ပြနေကြ သူများဖြစ်ကြ၏။ ထိုသူတို့သည် မိမိတို့မျက်စိရှေ့၌ မြင်မြင်သမျှလူအားလုံးတို့ကို မိမိတို့၏ 'အမဲ'များ၊ မိမိတို့ပြုတိုင်းခံကြရမည့် ဘုရားဖန်ဆင်းပေးလိုက်သော မိမိတို့၏အလုပ်အကျွေးများ တရားခံများအဖြစ်နှင့် ချည်းမြင်နေကြ၏။

ထိုသို့မြင်နိုင်ရန်လည်း ဖန်တီးပေးထားချက်ရှိ၏။ ထိုဖန်တီးပေးထားချက်ကား တော်ရုံတန်ရုံအလွယ်တကူနှင့် နားလည်လာနိုင်မည့် ကိစ္စရပ်တို့ကို နားမလည်စေအောင် ကြိုးကြိုးစား စား ကြံကြံဖန်ဖန် ရှင်းလင်းပြထားသည့် ရုံးကိစ္စများနှင့် ပတ်သက်သောရှင်းလင်းချက် စာရွက်စာ တမ်းတွေဖြစ်၏။

ရွှေဝါပြည်သူပြည်သားတို့သည် ထိုရှင်းလင်း ဖော်ပြချက်များကို နားမလည်နိုင်အောင် ရှိရကား တရားရုံးမှ တစ္ဆေကြီးများကို ကပ်ရပ်ချော့မော့ရ၏။ ကျွေးရမွေးရ၏။ အကျင့်ပါလာသော ရုံးတစ္ဆေတို့သည် ထိုကျွေးကြမွေးကြသူတို့ကိုပင် ကြိမ်းကြမောင်းကြ ဟိန်းကြဟောက်ကြ သေးရာ မကျွေးမမွေး မပသသူများကိုမူကား ဆိုဘွယ်ရာမရှိတော့။

ဤဒုက္ခမျိုးတို့ကို ရင်မဆိုင်လိုကြသော ရွှေဝါပြည်သူ ပြည်သားတို့သည် မိမိတို့၏ အိပ်ထဲမှ ပိုက်ဆံကြေးငွေတို့ကို ထုတ်ပံ့လိုက်ကြရ၏။ ဤသို့ဖြင့် ရွှေဝါပြည် တရားရုံးတို့သည် စုံးတစ္ဆေများကို ခေါ်စာပစ်ရာကျွေးရာမွေးရာ ဌာနကြီးဖြစ်လာရ၏။

ထိုစုံးတစ္ဆေများသည် တရားရုံးသို့ ရောက်လာကြသော ရွှေဝါပြည်သူပြည်သားတို့အား မိမိတို့ကသာလျှင် ဂုတ်ချိုးသွေးစုတ်နေကြသည်မဟုတ်ဘဲ မိမိတို့မွေးထားသည့်ဆရာ တရားသူ ကြီးများအတွက်လည်း သွေးစုတ်နိုင်စေရန် တရားရုံးသို့ရောက်လာကြသူတို့အား ဂုတ်ချိုးပေးကြ ကေး၏။ ရွှေဝါပြည်တရားရုံးရှိ တရားသူကြီးတိုင်းတို့သည် တရားရုံးစာရေးကြီး ဆွဲချကြီးတို့၏ အမွေခံဆရာကြီးဖြစ်ကြ၏။ ဤသို့ဖြင့် ရွှေဝါပြည်တရားရုံးတို့သည် မတရားသောဌာနတွေဖြစ်နေ ကြရသည်။

ခေတ်သစ် ရွှေဝါပြည်အုပ်ချုပ်ရေးအဖွဲ့၏ ခေါင်းဆောင်များသည် ရွှေဝါပြည်အုပ်ချုပ်ရေး စက်ယန္တယားကြီးကိုသာလျှင် ပြုပြင်ပြောင်းလဲပစ်လိုက်မဟုတ်ဘဲ လမ်းပေါ်မှစည်းပျက်ကမ်းပျက် ကလေးများ၏ စည်းပျက်ကမ်းပျက်မိဘများ သယ်ယူပို့ဆောင်ရေးသင်္ဘောများ၊ မီးရထား၊ မော်တော်ကား တို့မှ စည်းပျက်ကမ်းပျက်မောင်းနှင်သူ စောင့်ကြပ်သူများ၊ ထိုယဉ်တို့၌ စည်းကမ်းပျက်စီးသူခရီးသည်များ။

စည်းပျက်ကမ်းပျက် ကျောင်းသားများ စည်းပျက်ကမ်းပျက်ဆရာများ စည်းပျက်ကမ်းပျက် ဈေးရောင်းသူများ ကုန်သည်များ စည်းပျက်ကမ်းပျက် ဈေးဝယ်သူများ

စည်းပျက်ကမ်းပျက် ရုပ်ရှင်ရုံများ။ စည်းပျက်ကမ်းပျက် ရုပ်ရှင်ကြည့်သူများ၊ စည်းပျက်ကမ်းပျက် တရားရုံများ စည်းပျက်ကမ်းပျက် တရားဆိုင်သူများ။

ဤသို့ဖြင့် ရွှေဝါပြည်ကြီး၌ စည်းပျက်ကမ်းပျက် ဖြစ်ချင်တိုင်းဖြစ်နေကြသော ရွှေဝါပြည် သူပြည်သား ပေါက်လွတ်ပဲစားအားလုံးတို့ကို စည်းကမ်းသတ်မှတ် ပေးလိုက်၏။ ပြုပြင်ပြောင်း လဲကြရန် စည်းနှင့်ကမ်းနှင့်နေထိုင်တတ်ကြရန် ညွှန်ကြားပေး၏။

ဤညွှန်ကြားမှုသည် ခေတ်သစ်ရွှေဝါပြည် အုပ်ချုပ်ရေးအဖွဲ့သည် ထိုသို့ရင်ဆိုင်လိုက်သည်နှင့်တပြိုင်နက် စည်းကမ်း သတ်မှတ်ပေးလိုက်သည်နှင့်တပြိုင်နက် ထိုစည်းကမ်းသတ်မှတ်ခံ လိုက်ရသော ရွှေဝါပြည်သူလူထုကြီးတရပ်လုံးသည် မိမိတို့၏လွတ်လပ်စွာနေထိုင်ခွင့်ကို တမင် သက်သက် လာရောက်ထိပါး စော်ကားခြင်းဖြစ်သည်ဟု မှတ်ယူလာကြ၏။

ဤစစ်သားအစိုးရသည် ငါတို့ကို စစ်အုပ်ချုပ်ရေးဖြင့် အလွန်ဖက်ဆစ်ဆန်စွာ အုပ်ချုပ် နေကြပေပြီဟု တတိုင်းတပြည်လုံး တအုံနွေးနွေးဖြစ်လာကြ၏။

ဗိုလ်ချုပ်ကြီးသန်မာနှင့်တကွသော ရွှေဝါပြည်အုပ်ချုပ်ရေး ခေါင်းဆောင်များ အဖွဲ့တခုလုံးသည် ရွှေဝါပြည်သူပြည်သားတို့ကို မျက်ခြေပြတ်မခံဘဲ မိမိတို့အပေါ်၌ ရွှေဝါပြည်သူပြည်သားတို့က မည်သို့ထင်မြင်ချက်ပေးနေကြသည်ကို အထူးဂရုပြုကြ၏။ အထူးစုံစမ်းကြ၏။ မိမိတို့ လက်အောက်ရှိ အလွန်ယုံကြည်ရသည့် ရဲဘော်ရဲဘက်တို့ကို ကြပ်ကြပ်မမ သွန်သင်ညွှန်ကြား၍ လူထုနှင့်ဆန့်ကျင်ဘက်မဖြစ်စေရန် လုပ်ငန်းအရပ်ရပ်တို့ကို ဆောင်ရွက်စေ၏။

သို့သော်. . . . ထိုရွှေဝါပြည်အုပ်ချုပ်ရေး ခေါင်းဆောင်များအဖွဲ့တို့သည် ရွှေဝါပြည်သူပြည်သားလူများစုတို့၏ တကယ်ပြောကြားနေကြသော တကယ်ပြုလုပ်နေကြသော သတင်းမှန် တို့ကို ကြားသင့်သလောက် မကြားရရှာပေ။ အရာရှိချုပ်များရုံးရှိ အရာရှိချုပ်တို့သည် မိမိတို့ အနီး၌နေကြသော ဗိုလ်ကြီးတို့ကို ဥပဒေအကြောင်း လုပ်ငန်းအကြောင်း စည်းစံနစ် အကြောင်း တို့ကိုရှင်းပြကြ၏။ ဗိုလ်ကြီးများကလက်မခံလျှင် ကျနော်တို့က လုပ်ရမည့်လမ်းစဉ်ကို ပြောပြတာ ပါ ဒါပေမဲ့ ဗိုလ်ကြီးတို့စိတ်တိုင်းကျ ဦးလည်မသုံဆောင်ရွက်ပေးရန် ကျနော်တို့အတင့်ရှိပါသည် ဟုဆိုကြ၏။

ဆောင်ရွက်လိုက်သည်နှင့် အမှားတွေ့၏။ အမှားတွေ့သည်နှင့် ဗိုလ်ကြီးတို့အမိန့်အတိုင်း ဆောင်ရွက်ရတာဘဲဟုပြော၏။

ဤလိုနှင့် အရာရှိချုပ်တို့သည် မိမိတို့လုပ်လိုသည်ကို လုပ်ရလျှင် လုပ်၍ မလုပ်ရလျှင် တစုံတခု ချို့ယွင်းချက်နှင့် တွေ့လေအောင် စုန်းပြုစားသကဲ့သို့ ပြုစားနိုင်သူ ဖန်တီးနိုင်သူတွေ ဖြစ်ကြသူများပြီပြီ ပြုစားလိုက်၏။ ဖန်တီးလိုက်ကြ၏။

ထို့နောက် မကြာမီအတွင်း နေရာတိုင်းနေရာတိုင်း လုပ်ငန်းတိုင်း လုပ်ငန်းတိုင်းတို့၌. . .

ခင်ဗျားတို့ ဘာအောက်မေ့နေကြလဲ၊ ဒါခေတ်သစ်ရွှေဝါပြည် အစိုးရအမိန့်ဗျဟု အရာရှိ တိုင်းလိုလို၏ ပါးစပ်မှထွက်လာကြ၏။

ရွှေဝါပြည်တပြည်လုံး၌ရှိကြသော အရာရှိအားလုံးတို့သည် မဟောသဓာသုခမိန်နှင့် မျက်စေ့တမှိတ် လျှပ်တပြတ်အတွင်း အရှင်လတ်လတ် ဆွေမျိုးအရင်းအချာ တော်ပစ်လိုက်ကြ၏။

မဟောသဓါဇာတ်တော်ကြီး၌ ပါသော ဥမင်စီရင်ခဏ်းတွင် စူဠနိပြဟ္မဒတ်မင်းသည် မဟောသဓါသုခမိန်၏ စိတ်တွင်းအကြံမသိသဖြင့် မဟောသဓါကား ငါ့ကိုချစ်ခင်မြတ်နိုးခြင်းရှိပေ ၏ဟု အောက်မေ့၏။ ဤသို့ နေခြင်းဖြင့်ပင်လျှင် နန်းတော်လေ့ကားကို စီရင်ပြီး၍ နံနက် မိုးသောက် ရောက်လတ်သော် မဟောသဓါသုခမိန်သည် မိမိနေရာသံတဲမှ နန်းတော်သို့ဝင်ပြီး လျှင် စူဠနီပြဟ္မဒတ်မင်းအား. . . .

အရှင်မင်းကြီး အကျွန်ုပ်တို့ အရှင်ဝိဒေဟရာဇ်မင်းကြီး တဲရန် တဲနန်းကို မည်သည့်အရပ် ၌ ဆောက်ရမည်ဟု အမိန့်တော်ခံ၍ ယနေ့ပင်သုတ်သင်ရှင်းလင်း ခင်းကျင်း လိုပါသည်ဟု လျှောက်၏။

စူဠနီပြဟ္မဒတ်မင်းသည်ကား သားတော် သုခမိန်တဲနန်းအသစ်ဆောက်လုပ်၍ ပင်ပန်း တော့မည်၊ ငါ၏မြို့တော်တွင် သင်လှည့်လှည်ကြည့်ရှု၍ နှစ်သက်ရာအိမ်ကိုသိမ်းယူ ပြင်ဆင်လေ တော့ဟုဆို၏။

မင်းကြီးစကားကိုကြားလျှင် မဟောသဓါ သုခမိန်သည် အရှင်မင်းကြီး ယခုအမိန့်တော် ရှိတိုင်း မယူဝံ့ပါ အကျွန်ုပ်တို့ကား တပြည်တနိုင်ငံသားဖြစ်၍ မျက်နှာငယ်ပါသည်။ ယခုသိမ်းယူ ပြင်ဆင်ရမည်လည်း မင်းထိုက်နေရာဖြစ်သောကြောင့် အိမ်သိမ်အိမ်ငယ်နှင့်မတန် အကျွန်ုပ် နှစ်သက်သည်ဟူ၍ တစုံတယောက်သော မင်းစိုးတို့အိမ်ကို သိမ်းချေလျှင် ထိုအိမ်ရှင်မင်းတို့ သည် အသိမ်းအယူမခံ၊ ခိုက်ရန်ကြီးစွာပြုကြချေသော် အကျွန်ုပ်တို့ မျက်နှာထားရာမရှိမည်ကို စိုးရိမ်ပါသည်ဟု လျှောက်၏။ မဟောသဓါသုခမိန်စကားကိုကြားလျှင် စူဠနီပြဟ္မဒတ်မင်းသည် သားတော်သုခမိန်. . .

အမိန့်တော်ရှိပြီးသည်ကို သင်အဘယ့်ကြောင့် စိုးရိမ်သနည်း၊ ထိုသူတို့စကားကို နားမထောင်နှင့်။ မည်သူ့အိမ်မဆိုသင်နှစ်သက်ရာယူဟုဆို၏။ မင်းကြီး၏စကားကိုကြားလျှင် မဟောသဓါသုခမိန်သည် အရှင်မင်းကြီးအမိန့်တော်နှင့်ပင် အကျွန်ုပ်သိမ်းယူသော်လည်း ထိုအိမ် ရှင်တို့မတားဟန့်ဘဲမနေပါချေ။ အကျွန်ုပ်လည်း ထိုအိမ်ရှင်တို့တားဟန့်သည်ဟူ၍မနေသာ အမိန့်တော်နှင့်ဖြစ်၍ ကြပ်တည်းနိုင်နင်းစွာပင် သိမ်းယူရချိမ့်မည်။ ဤသို့အကျွန်ုပ်နိုင်နင်းအောင် ပြုလျှင် ထိုအိမ်ရှင်တို့သည် အရှင်မင်းကြီးထံသွား၍ အကျွန်ုပ်၏အပြစ်ကိုသာရှာလျက် အခါခါ အဖန်ဖန် မဟုတ်မမှန်စကားနှင့် လျှောက်ထားလေသော် ထိုအိမ်ရှင်တို့လျှောက်ဖန်များသဖြင့် အရှင်မင်းကြီး နှလုံးမသာရှိမည်ကို စိုးလှပါသည်၊ အရှင်မင်းကြီးအလိုတော်ရှိပါမူ မိန့်တော်မူရင်း အတိုင်း လိုရာအိမ်ကို အကျွန်ုပ်တို့ သိမ်းယူပြင်ဆင်ပြီးရုံမျှ ကာလပတ်လုံး အကျွန်ုပ်တို့လူများကို တံခါးစောင့်ထားရပါလျှင် ထိုအိမ်ရှင်တို့ကို အလျှောက်အထားမဝင်ရအောင် ဆီးဟန့်နိုင်မည် ဖြစ်၍ အရှင်မင်းကြီးသည် နှလုံးတော်မသာမရှိရ၊ အကျွန်ုပ်လည်းနှလုံးကျကျဆန္ဒရှိရာအိမ်ကို သိမ်းယူဝံ့ပါမည်ဟု လျှောက်၏။ စူဠနီပြဟ္မဒတ်မင်းသည် သူ့စိတ်အကြံကိုမသိ မိမိအကြံကိုသာ လိမ်မိပြီးထင်လျက် ဝိဒေဟရာဇ်မင်း၏ သားတော်သုခမိန်၊ ကောင်းပြီ တံခါးမှာ သင်ကအစောင့် ထား၍ပင် လိုရာအိမ်ကိုသိမ်းယူလေတော့ဟုဆို၏။

ထိုအခါ ဘုရားအလောင်း မဟောသဓါသုခမိန်သည် မင်းကြီးနန်းတော်လှေကားမှသည် လှေကားဦးတိုင်အောင်၎င်း၊ နန်းတော်တံခါးဝ၌၎င်း. . . .

အလုံးစုံသောတံခါးတို့၌ မိမိအခြံအရံဗိုလ်ပါအပေါင်းတွင် ရဲရင့်သန်မာသူတို့ကို ရွေးကောက်၍ တစုံတယောက်သောသူမျှမဝင်စေနှင့် အကြပ်အတည်း ဆီးတားစောင့်ရှောက်ကြ ဟု မှာထားလျက်အစောင့်အရှောက်ထားပြီးသော်. . . .

စူဠနီဗြဟ္မဒတ်မင်း၏ မယ်တော်ဖြစ်သော စလာကဒေဝီအိမ် မိမိနေသင့်ရာကနေပြီးလျှင် အချင်းတို့၊ ဤအိမ်ကိုဖျက်အံ့သော အချင်းအရာကိုပြုချေဟု စေခန့်လိုက်၏။

မင်းချင်းတို့လည်း ထိုစလာကဒေဝီအိမ်၌ တံခါးမုခ်ဦးမှစ၍ တိုက်နံရံအခင်း အုပ်ချပ်လွှာ ရမတေ အင်္ဂတေမြေအခင်းအကျင်းတို့ကို အသီးသီးခွာလှန်တွန်းဖယ် ဖျက်ဆီးအံ့ဟုပြုကြကုန် ၏။

စူဠနီဗြဟ္မဒတ်မင်း၏မယ်တော် စလာကဒေဝီသည် အတွင်းတိုက်ခန်း၌နေလျက် အုတ်အုတ်ကျက်ကျက်သော ထိုအသံကိုကြားလေသော် တိုက်ခန်းမှထွက်၍. . . .။

အမောင်တို့ အဘယ့်ကြောင့်ငါ့အိမ်ကို ဖျက်မည်ကြံကြသနည်းဟုဆို၏။ မင်းချင်းတို့လည်း မိခင်အကျွန်ုပ်တို့အလျှောက်မဖျက်ဆီး မင်းမဟောသဓာသုခမိန်သည် ဤအိမ်၌ မိမိအရှင် ဖြစ်သော ဝိဒေဟရာဇ်မင်းကြီး၏တည်နေရန် နန်းတော်ဆောက်လိုသည်ဖြစ်၍ အခုအလျင် တစော စေခန့်သောကြောင့် ကျွန်ုပ်တို့ဖျက်ဆီးမည်လာရသည်ဟုဆိုကြကုန်၏။

စလာကဒေဝီလည်း အမောင်တို့ ဤငါ့အိမ်ယာမြေအကျဉ်းမျှ၌ အခြံအရံဗိုလ်ပါများစွာနှင့် ဝိဒေဟရာဇ်မင်းအဘယ်သို့ နေလောက်ပါမည်နည်းဟု ဆိုလျှင်. . . .

မင်းချင်းတို့သည် မိခင်ဤအိမ်ယာနှင့်မဆန့်လျှင် ထက်ဝန်းကျင်အနီးအစပ်ရှိသော အိမ်တို့ကိုလည်း ဖျက်ဆီးချဲ့ဖွင့်ရတော့မည်ဟု ဆိုကြကုန်၏။

ထိုစကားကိုကြားလျှင် စလာကဒေဝီသည် အမောင်တို့ငါ့ကိုမထင်မရှား မိန်းမမှတ်ကြ သလော ငါသည်ကေရာဇ်မင်းကြီးမယ်တော်တည်း၊ သင်တို့ကိုအသာတကြည်တောင်းပန် ပြောဆို ပါသည်ကိုလျက် မနာမယူဆိုလိုရာ ပြောလိုရာနှင့် မထေမဲ့မြင်ပြုကြသည်။ ယခုပင်ငါ၏သား တော်ထံသွား၍ သင်တို့မခံ့မညားပြုကြောင်းကို ပြောဆိုအံ့ဟုဆို၏။

မင်းချင်းတို့ကလည်း ရှင်မိဖုရား ယခုပင်မဟောသဓာသုခမိန်က ဖျက်စေသည်မှာ ကေရာဇ်မင်းကြီး၏ အမိန့်တော်နှင့်ပင် ဖျက်ဆီးစေသည်ဖြစ်၍ ရှင်မိဖုယားမြစ်တားနိုင်ပါမည် လော မတားမမြစ်နိုင်လျှင်လည်း မတားနှင့် အရှက်အကြောက်ရရုံမျှသာဖြစ်မည်၊ အသာတကြည် ဆင်းသွားပြောင်လွှဲရမည်ကိုသာကြံဟု ဆိုကြကုန်၏။

မင်းချင်းတို့စကားကိုကြားလျှင် စလာကဒေဝီမိဖုယားသည် အမျက်ခြောင်းခြောင်းထွက် သဖြင့် သင်တို့ ငါ့ကိုမထေမဲ့မြင်ပြုကြသည့်အကြောင်းကို ယခုပင်သွား၍ ငါ့သားတော် မင်းကေရာဇ်အား ကြားသိစေအံ့ဟုဆိုလျက် မိမိအိမ်မှ လျှင်စွာသွား၍ နန်းတော်တံခါးဝသို့ ရောက်လေသော် မဟောသဓါသုခမိန်ကထားသော တံခါးစောင့်တို့သည် ‘မိန်းမကြီးမဝင်နှင့်’ဟု တားမြစ်ကြကုန်၏။

စလာကဒေဝီလည်း အမောင်တို့ ငါကား အခြားမဟုတ် မင်းကြီး၏မယ်တော်ဖြစ်သည် ဝင်ပါရစေဟုဆို၏။

တံခါးစောင့်တို့လည်း 'မိန်းမကြီး ငါတို့မသိချေ၊ ငါတို့မှာ မင်းကြီးကမည်သူ့ကိုမျှ မဝင်စေနှင့်ဟု အာဏာတော်ထားသောကြောင့် စောင့်နေရသည် သင်–သွားလေ'ဟု ဆိုကြလတ် သော် စလာကဒေဝီသည် နန်းတွင်းသို့ဝင်ရသော အခွင့်ကိုမရို၊ တယောက်မျှလည်း မျက်နှာသိ မရှိဖြစ်၍ မိမိအိမ်သို့ပြန်သွားရသဖြင့် အိမ်အနီး၌ရပ်လျက် မျှော်ကာကြည့်နေလေ၏။

ထိုအခါ မင်းချင်းတယောက်သည် 'မိန်းမကြီး–မရှင်းသာ မဖယ်သာ အဘယ့်ကြောင့် ဤအရပ်မှာနေလာသနည်း သွားလေဟုဆို၏။

စလာကဒေဝီလည်း အဘယ့်ကြောင့်သွားရမည်နည်းဟုဆိုလျှင် မင်းချင်းတယောက်သည် 'မိန်းမကြီး သွားဆိုသည်ကို အဘယ့်ကြောင့်မသွားသနည်းဟု ကြိမ်းမောင်းလျက် နေရာမှထ၍ စလာကဒေဝီ၏လက်ကို ကိုင်ညှစ်သဖြင့် မြေ၌လဲစေ၏။

ထိုအခါ စလာကဒေဝီသည်လဲရာ မြေမှထ၍ ဤသို့ကြံ၏။ ဤသူတို့သည်လည်း ငါ့ကို မင်း၏မယ်တော်မှန်းသိလျက်နှင့် ဤသို့မလေးမခန့် ရဲဝန့်စွာပြုကြသည်မှာ စင်စစ်ပင်မင်းမိန့် ရှိသည်ဖြစ်ရချိမ့်မည်။ ဤသူတို့တွင် ပြောဆိုသော်လည်း အမှုမကုန်ရာချေ၊ မဟောသဓာသုခမိန် ထံသွား၍ ပြောဆိုမှဖြစ်တော့မည်ဟု ကြံပြီးလျှင် မဟောသဓာသုခမိန်ရှိရာသွား၍ ချစ်သား သုခမိန် အဘယ့်ကြောင့် မိခင်အိမ်ကိုဖျက်ဆီးစိမ့်ဟူ၍ လုလင်မင်းချင်းတို့ကို စေလွှတ်ဘိသနည်း ဟုဆို၏။

မိဖုယားကြီး၏စကားကိုကြားလျှင် မဟောသဓာသုခမိန်သည် 'မိခင်ဝိဒေဟရာဇ်မင်းကြီး နေရန် တဲနန်းဆောက်ရမည်ဟု ဧကရာဇ်မင်းကြီးက ခန့်ထားတော်မူသောကြောင့် ကျွန်ုပ်ဖျက် ရပါသည်ဟုဆို၏။

စလာကဒေဝီလည်း ချစ်သားသုခမိန် မိခင်အိမ်နေရာသာ တဲနန်းဆောက်ရန်သင်သည် မဟုတ်ပါ ဤကျယ်စွာသော မြို့တွင်း၌ တဲနန်းဆောက်ခြင်းငှာ လျှောက်ပတ်သော နေရာလည်း များစွာရှိပါလေ၏။ တပါးသင့်ရာမှာ ဆောက်စေချင်ပါသည်။ မိခင်အိမ်ရာကို လွှတ်ပါစေ။ အလွှတ်စားလည်း အသပြာတသိန်းကိုချစ်သားယူပါဟု ဆို၍တောင်းပန်၏။

မဟောသဓာသုခမိန်သည် ရှင်မိဖုရား ကျွန်ုပ်မှာအရှင့်အမိန့်တော်နှင့်ဖြစ်၍ တဲနန်း ဆောက်ရန် အလျှင်လိုလှသည်၊ ထိုသို့ပင် အလျင်လိုသော်လည်း အရှင့်မယ်တော်စဉ်လျက် တသိန်းသောဥစ္စာကိုပဏ္ဏာပြု၍ တောင်းပန်၍လာပေသည်ကိုပယ်၍ ကောင်းတော့မည်မဟုတ်၊ မိခင်နှုတ်စောင့်ပါမူ ပဏ္ဏာကိုသိမ်း၍ အိမ်ကိုလွှတ်ဆေသဖြင့် တပါးသင့်ရာမှာ ရှာကြည့်ပြင်ဆင် ရတော့မည်။ မိခင်နှုတ်မစောင့်၍ ပဏ္ဏာဥစ္စာဆေးသဖြင့် အိမ်လွှတ်ကြောင်းကိုသူတပါးအား ပြောချေလျှင်ထိုသူတို့လည်း မိခင်နည်းတူပင် အိမ်မဖျက်ဆီးပါမည့်အကြောင်းနှင့် ပဏ္ဏာတံစိုး ထိုးလာပြန်ချေသော ကျွန်ုပ်မှာ ဤမြို့ထဲတွင်တဲနန်းတော်ဆောက်လုပ်ရန် ရှာ၍တွေ့နိုင်တော့ မည်မဟုတ်ဟုဆို၏၊

မဟောသဓာစကားကိုကြားလျှင် စလာကဒေဝီသည် ချစ်သားသုခမိန် အဘယ်မှာလျှင် ပြောပါအံ့ နည်း၊ စင်စစ်မိခင်ပြောချေသော် မင်းမယ်တော်ဖြစ်လျက်၊ ပဏ္ဏာတံစိုးထိုးလေသည်ဟု ကျွန်ုပ်အားရှက်ဖွယ်မဖြစ်ပြီလော၊ ထို့ကြောင့် တစုံတယောက်ကိုမျှ မပြောဘဲ နှုတ်စောင့်ပါအံ့။ ဤအသပြာ တသိန်းကိုသာ သိမ်းယူပါဟုဆို၏။

မဟောသဓါသုခမိန်သည် ထိုသို့တပြီးကားကောင်းပြီ။ မိခင်အိမ်ကို လွှတ်စေတော့ဟုဆို ၍ ပဏ္ဏာဥစ္စာကိုသိမ်းလျက် စလာကဒေဝီကို လွှတ်လိုက်ပြီးသော် မိမိအခြံအရံမင်းချင်းတို့နှင့် တကွ ကေဝဋ္ဋအမတ်ကြီး၏အိမ်သို့ သွားပြန်လေ၏။

ကေဝဋ္ဋအမတ်ကြီးကိုမူကား နန်းတော်တံခါး၀၌ စောင့်နေကြသော မဟောသဓါ၏မင်းချင်းတို့သည် ကျောက်ကုန်းအရေစုတ်ပြတ်အောင် ဝါးခြမ်းစိတ်ဖြင့် ရိုက်နှက်လွှတ်လိုက်ကြသည် ဆို၏။ နောက်ဆုံး၌ မည်သို့မျှမတတ်နိုင်တော့ဘဲ မိမိအိမ်ကို မဖျက်ပါရန်အကြောင်း စလာကဒေဝီကဲ့သို့ပင် မဟောသဓါအား ကေဝဋ္ဋအမတ်ကြီးက အသပြာတစ်သိန်းလာဘ်ထိုးရ ၏။

× × ×

ငဆိုးထက်ခိုင်သည် ဗိုလ်မှူးချုပ်ငလုံးညီ၏ အိမ်ဝမှ ဆဲဆိုရေရွတ်ထွက်လာ၏။ အရက်မူး နေသောကြောင့်လည်း ဤလိုဆဲဆိုထွက်လာခြင်းဖြစ်သည်။

ဗိုလ်မှူးချုပ်ငလုံးညီ၏ အိမ်ဝ၌ အစောင့်ကျနေကြသော ရဲဘော်များအနက် ရဲဘော် သုံးယောက်ခန့်တို့သည် ငဆိုးထက်ခိုင်ကို ဆွဲရိုက်ရန် ငဆိုးထက်ခိုင်နောက်မှလိုက်သွား၏။ ငဆိုး ထက်ခိုင်ကိုသိသော ဗိုလ်ကလေး တယောက်က တွေ့သောကြောင့် ရဲဘော်တို့ကိုခေါ်ယူထား လိုက်သည်။

ငဆိုးထက်ခိုင်ကမူ ဤအကြောင်းချင်းရာတို့ကို ဘာမျှမသိ. . . .

ဒေါသတကြီး ရှူးရှူးရှားရှားဖြင့် မိမိအိမ်သို့ပြန်ရောက်လာ၏။ အိမ်ထဲသို့ ရွှေဝါပြည် ရေချိုငါးစီမံကိန်းလက်အောက်၌ အလုပ်လုပ်နေကြသော ငဆိုးထက်ခိုင်တို့၏ ရဲဘော်ဟောင်း စစ်သားဟောင်းများရှိနေကြ၏။

ထိုသူတို့သည် မိမိတို့ရိုးရာလုပ်ငန်းဖြစ်သော လယ်အလုပ်ကို လုပ်ကိုင်နေကြစဉ် ရွှေဝါပြည်အစိုးရနှင့် အမြတ်ကြီးစားငစိမ်းသယ်တို့ တိုက်ပွဲဖြစ်နေကြသောကြောင့် အစိုးရက ရှုံးတော့မည့်ဆဲဆဲ ဗိုလ်မှူးချုပ်ငလုံးညီက အကူအညီတောင်းသဖြင့် ငဆိုးထက်ခိုင်က ခေါ်ယူ ပေးလိုက်သော သစ္စာရှိ ရဲဘော်ဟောင်း လယ်သမားဘဝမှ တံငါသည်ဘဝသို့ အသစ်စက်စက် ကူးပြောင်းလာကြသည့် သူများဖြစ်ကြ၏။

'ကဲ. . . ကိုယ့်လူတို့ သူတို့လဲသိပ်အလုပ်များတယ်ကွ၊ အားမှာမဟုတ်ဖူး၊ မင်းတို့လုပ်ငန်း တွေကိစ္စတွေလဲ ပြန်ကြည့်နိုင်ကြမှာမဟုတ်ဖူး။ အဲဒီတော့ မင်းတို့ဟာမင်းတို့ အဆင်ပြေသလို ကြည့်လုပ်ကြကွာ. . . .'

ငဆိုးထက်ခိုင်သည် 'မင်းတို့အဆင်ပြေသလိုကြည့်လုပ်'ဟူသော စကားမျိုးကို ဘယ်သော အခါမျှ မပြောဘူးခဲ့၊ ငဆိုးထက်ခိုင်၏ လက်သုံးစကားသည် 'ဟေ့မင်းတို့ဘယ်သူ ဘာလုပ်လုပ် မင်းတို့ကအမှန်အတိုင်းလုပ်ရမယ်၊ မင်းတို့ကိုနှိပ်စက်ပေစေ အပြစ်ရှာပေစေ မှန်တာပြော မှန်တာလုပ်၊ မျက်နှာချိုမသွေးနဲ့ လာဘ်မထိုးနဲ့ အလုပ်နဲ့ပြ မင်းတို့ကိုမတရားအလုပ်ခံရရင် ငါ့လာပြော ငါကသူတို့ကရှာပေးပါဆိုလို့ မင်းတို့ကိုရှာပေးရတာ ငါ့နာမယ်မဖျက်နဲ့ဒါဘဲ. . .

ပြီးတော့ သူပုန်တွေဘာတွေကိုလဲ ဆက်ကြေးမပေးနဲ့ တခြားလူတွေလုပ်သလို ကာကွယ် ရေးသမားတွေ တာဝန်ယူပြီး လုပ်နေကြသလို သူပုန်နဲ့ နားလည်မှုယူပြီး

သူပုန်တဝက် ငါမလုပ်နဲ့ ခံတွယ် လက်နက်ကညည်ဆံမလုံလောက်ရင် ငါ့ပြော တောင်းပေးမယ်. . . ဟူသော စကားမျိုးဖြစ်၏။ တင်းတင်းကြပ်ကြပ်လည်းရှိ၏။

ငဆိုးထက်ခိုင်၏အိမ်၌ သတင်းကတည်း စုံလှသည်ဖြစ်ရာလိမ်၍မရ၊ ဘာမဆို ငဆိုးထက် ခိုင်ကအရင်ဆုံး သတင်းရသည်ချည်းဖြစ်၏။

တခါက ငဆိုးထက်ခိုင်တို့နှင့် တိုက်ဖေါ်တိုက်ဖက်လည်းဟုတ် ငဆိုးထက်ခိုင်တို့၏ ထမင်းရှင်ဟင်းရှင်လည်းဟုတ်သော ကျေးရွာတရွာမှကျေးရွာခေါင်းဆောင်တို့သည် ဗိုလ်ချုပ်ကြီး သန်မာနှင့် ဗိုလ်မှူးချုပ်မြေကြီး၏အိမ်သို့ အဝင်အထွက်ပြုလုပ်ပြီးနောက် ဗိုလ်ချုပ်ကြီးနှင့် ဗိုလ်မှူးချုပ်တို့၏နာမည်ကိုသုံးပြီးလျှင် နိုင်ငံရေးသမားများကို မဲဈေးခေါ်၏။

ဦးကံပေးတို့အဖွဲ့သည် ထိုကျေးရွာလူကြီးများဆီမှ မဲဝယ်လိုက်ကြသည်၊ ဦးပြည့်ဝတို့ ဘက်မှမဲမဝယ်ကြ။

အကြောင်းမှု ထိုနယ်သည် ငဆိုးထက်ခိုင် ဗိုလ်ချုပ်ကြီးသန်မာနှင့် ဗိုလ်မှူးချုပ်မြေကြီးတို့ ၏ စားအိမ်သောက်အိမ် ကျေးရွာများဖြစ်နေကြသောကြောင့် ဦးပြည့်ဝတို့က မိမိတို့မဲရနိုင်လိမ့် မည်ဟု ယုံကြည်ထား၏၊

သို့သော် ထိုကျေးရွာက ဦးပြည့်ဝတို့ကို မဲမထည့်နိုင်ကြ၊ ငဆိုးထက်ခိုင်သည် ထိုအကြောင်းကို ကြားလျှင်ကြားခြင်း အဆိုပါကျေးရွာရှိလူကြီးများနှင့် တွေ့ဆုံ၏။ ကျေးရွာလူကြီးများက ငဆိုးထက်ခိုင်ကိုလိမ်ကြ၏။ ဦးပြည့်ဝတို့ဘက်မှ မည်သူ့ကိုမကြိုက်၍ဖြစ်ပါသည်။ အကယ်၍မည်သူ့ကို လဲပေးလျှင် ဦးပြည့်ဝတို့ဘက်ကို မဲထည့်ပါမည်ဟုပြော၏။

'ခင်ဗျားတို့ထင်နေကြသလို အဲဒီလူကလဲ ခင်ဗျားတို့ဆီကမဲမဝယ်နိုင်တော့ဘူး၊ သူ့မှာ စီးပွားပျက်နေပြီ အဲဒီတော့မဲရောင်းစားဘို့ဆိုရင်တော့ ခင်ဗျားတို့လုပ်ကြပါ ကျနော်တို့ ကိုယ်တိုင်ဆင်းပြီး ဦးပြည့်ဝတို့ဘက်ကဆောင်ရွက်ကြမယ်. . . .'ဟု ငဆိုးထက်ခိုင်က ရထားသည့် သတင်းအတိုင်း ခပ်ရှင်းရှင်းပြော၏၊ ကျေးရွာလူကြီးတို့က ညင်းကြသည်၊

သို့သော် ငဆိုးထက်ခိုင်က ဦးပြည့်ဝတို့ဘက်သို့ ဤသူများမဲရောင်းနေကြသည်။ ဤသူတို့ထံမှ မဲဝယ်နိုင်မှ နိုင်ချေရှိမည်ဟု ပြောလိုက်သေး၏။ ဦးပြည့်ဝတို့ကမဝယ်လိုက်နိုင်ကြ။

ထိုနယ်သည် ဦးကံပေးဘက်မှ မဲနိုင်သွားလေသည်။ မဲရောင်းထားသော ထိုကျေးရွာ လူကြီးများကို ထိုနယ်ရှိစစ်ဘက်တာဝန်ခံတဦးက ခေါင်းကွက်ကြားရိပ်လျက် ဈေးထဲသို့လှည့်၍ ရိုက်၏၊

ဤသတင်းကိုကြားသောအခါ ဗိုလ်ချုပ်ကြီးသန်မာနှင့် ဗိုလ်မှူးချုပ်မြေကြီးတို့က အလွန် စိတ်ဆိုးစွာဖြင့် အဆိုပါစစ်ဘက်အရာရှိကလေးကို ချက်ခြင်းအရေးယူအပစ်ပေးလိုက်၏၊

ငဆိုးထက်ခိုင်သည် ထိုကျေးရွာမှ ထိုလူကြီးများက ဗိုလ်ချုပ်ကြီးသန်မာ ဗိုလ်မှူးချုပ် မြေကြီးတို့၏နာမည်ကို အလွဲသုံးစားပြုလျက် ဤအတိုင်း မဲရောင်းစားလိမ့်မည်ကိုလဲ ကြိုတင်သိ ၏။ ထိုလူကြီးများထိုသို့ မဲရောင်းစားလိုက်သည်နှင့် ရွေးကောက်ပွဲပြီးလျှင် ထိုနယ်ရှိ ရွှေဝါပြည့် စစ်တပ်မတော်မှ အရာရှိကလေး ဗိုလ်ချုပ်ကြီးသန်မာ ဗိုလ်မှူးချုပ်မြေကြီးတို့ပင် မသိလိုက်ရဘဲ ထိုကျေးရွာလူကြီးများကို ဤသို့ပြုလုပ်လိုက်ပေလိမ့်မည်ဟုလည်းသိ၏၊

ဤသို့လျှင် ငဆိုးထက်ခိုင်၌ မသိချင်၍ မနေရသောအဆက်အသွယ်တွေက အလိုလို ဖြစ်ပေါ် ဆက်သွယ်မိ နေရ၏။ ယခုလည်း ရွှေဝါပြည်၏ ရေချိုငါးစိမ်ကိန်းဌာနမှ အကြီးအကျယ် လာဘ်စားနေသော ရွှေဝါပြည်စစ်တပ်မတော်မှ အရာရှိအချို့၏အကြောင်းကို အသေးစိတ် လာရောက် တိုင်ကြားခြင်းခံနေရ၏။ လာဘ်ပေးလျှင် သူပုန်တဝက်ငါတဝက် လုပ်နေသည့်သူများ နှင့် ဟော်တယ်တကာ့ ဟော်တယ်သို့ တတွဲတွဲလှည့်လည်သွားလာနေကြလျက် လာဘ်မပေးနိုင် လျှင် ကြံဖန်အပြစ်ရှာ၍ အလုပ်မှဖြုတ်ပစ်နေသည်ဟုဆို၏။

ငဆိုးထက်ခိုင်၏လူများကလည်း အကယ်၍လယ်ဆွာသာ အခြားသူများအား ချထားပေး ပြီး မဖြစ်ခဲ့ပါမူ ချက်ခြင်းအလုပ်ကို ပြန်အပ်လိုက်နိုင်သည်။ ယခုမူလယ်တွေကိုသူတပါးအားချ ထားပြီး လုပ်ကိုင်နေကြဆဲသို့ ရောက်နေကြသောကြောင့်သာ ဤသို့လာပြောပါသည်ဟုဆိုနေကြ ၏။

ထို့ကြောင့် ငဆိုးထက်ခိုင်က ပထမ စတင်လူအရှာခိုင်းသူဖြစ်သော ဗိုလ်မှူးငလုံးညီကို အကျိုးအကြောင်းရှင်းပြရန် ဆယ့်တစ်ကြိမ်မြောက် သွားရောက်ခြင်းဖြစ်၏။

ငဆိုးထက်ခိုင်သည် လွန်ခဲ့သည့်ဆယ်ကြိမ်ကလည်း မိမိနှင့်လုံးဝမဆိုင်သောကိစ္စ ဗိုလ်မှူး ချုပ်ငလုံးညီတို့နှင့်သာ တိုက်ရိုက်သက်ဆိုင်သောကိစ္စကို အကျိုးအကြောင်းပြောပြရန် သတိပေး ရန် သတင်းပေးရန် သွားခဲ့ရောက်ခဲ့ဘူး၏ ဝင်ခွင့်မပြုခဲ့။

ဗိုလ်မှူးချုပ်ငလုံးညီလက်ရှိ နေထိုင်သောအိမ်သည် တိုင်းပြည်လူပ်လူပ်ဖြစ်တိုင်း ငဆိုးထက်ခိုင်သွားရောက်လေ့ အိပ်စက်လေ့ရှိသော နေရာဖြစ်၏။

ထိုသို့မိမိအိပ်ခဲ့ နေခဲ့ဘူးသော နေရာ၌ ယခုမိမိဝင်ခွင့်ပင်မရတော့။

မိမိလာသည်ဟု အကြောင်းကြားခိုင်းလျှင်လည်း အကြောင်းကြားပေးခြင်းမရှိကြ၊ အိမ်ဝတွင် အစောင့် ကြနေကြသော ရဲဘော်တို့ကလည်း အားလုံးမျက်နှာစိမ်းများသာ ဖြစ်နေကြ ၏။

အကြောင်းတစုံတရာကြားလာသဖြင့် သတင်းပို့ရန်သွားရောက်မေးမြန်းသည်နှင့် ဝင်ခွင့် တောင်းသည်နှင့် ငလုံးညီ၏အိမ်ပေါက်ဝ၌စောင့်နေကြသော ရဲဘော်တို့သည် ဖမ်းချုပ်တော့မည့် မျက်နှာမျိုးဖြင့် ဝိုင်းဝန်းကြည့်ကြ၏။

ငဆိုးထက်ခိုင်သည် စိတ်ဆိုးမာန်ဆိုးပြန်လာလျက် ကိုယ့်ထမင်းကိုယ်ရှာစားနေရာက ဘာ့ကြောင့် အလုပ်ပိုလုပ်ပြီး ဒီလူတွေကို သွားပြောရတာတုံးဟု မိမိကိုယ်မိမိ ကြိမ်းမောင်း ပစ်တင်၏။ တယောက်တည်း စိတ်ကောက်နေ၏။

နောက်တကြိမ်ကြားလာရပြန်၏။ ငလုံးညီတို့၏ လုပ်ဖော်လုပ်ဘက်တို့သည် မည်မျှ နာမည်ပျက်နေကြပြီး မည်သို့ဖြစ်နေကြပြီး အပြင်အရပ်၌ရှိသော ကုန်သည်ကြီးတို့နှင့်ပေါင်းသင်း လျက် ငလုံးညီ၏နာမည်ကို အသုံးပြုပြီးလျှင် မည်သို့လုပ်နေကြပြန်ပြီဟု တသင်းသင်းဆုံ့အောင် သတင်းနံ့တွေ မွှေးလာပြန်၏။

ငဆိုးထက်ခိုင်ပြန်သွားချေပြီ၊ သို့သော်အခါတိုင်းကဲ့သို့ပင် ငလုံးညီ၏အိမ်ဝမှ ရဲဘော် မျက်နှာစိမ်းအစောင့်တို့သည် ငဆိုးထက်ခိုင်ကို ဖမ်းချုပ်မထားလိုက်ရုံမျှ ဆက်ဆံလွှတ်လိုက်ကြ ၏။

ငဆိုးထက်ခိုင်သည် ယခင်က တံခါးမရှိ ဓါးမရှိ ဝင်ထွက်နေခဲ့သော ဗိုလ်မှူးချုပ်မြေကြီး နှင့်တွေ့ရန် ခြောက်ကြိမ် ဗိုလ်မှူးချုပ်ငလုံးညီနှင့်တွေ့ရန် ဆယ်ကြိမ်ကြိုးပမ်းပြီးနောက် တွေ့ခွင့် မရသောအခါ ထိုဗိုလ်မှူးချုပ်ကြီးများကိုဧင်း. . .

မိမိကို ဂရုမစိုက်ကြပါဘဲလျက် မိမိကမနေနိုင် မထိုင်နိုင်စိုးရိမ်တကြီး ပူပင်နေမိသည့် မိမိကိုယ်ကိုဧင်း ပြင်းထန်စွာကြိမ်ဆဲရင်း ရေရွတ်ရင်းဖြင့် ဒင်းတို့ဆီကို ဘယ်တော့မှမသွားတော့. . ဒင်းနှင့်ငါနှင့်အပြတ်ဟု ဆုံးဖြတ်၏။ ထိုသို့ဆုံးဖြတ်ရာမှ မိမိကိုယ်မိမိ ပို၍စိတ်ဆိုးလာလျက် အိမ်ဝ၌စောင့်နေကြသော ရဲဘော်တို့သည် ဘာကြောင့်မိမိအား လည်ကိုင်ပြီး မြေသို့လဲ လျောင်းအောင် ကိုင်ဆွဲမပစ်လိုက်ကြပါသနည်း ဘာ့ကြောင့်ဝါးစိတ်ဖြင့် ကျောမှအရေပြား ကွာစုတ်အောင် ရိုက်မလွှတ်လိုက်ကြပါသနည်းဟု ကြိမ်ဆဲတောင့်တ၏။

ဤသည်မှစ၍ ငဆိုးထက်ခိုင်သည် ငလုံးညီနှင့် ပတ်သက်သမျှကိစ္စအဝဝတို့ကို တခုမျှ နားမထောင်ဘဲနေ၏။ သို့သော်မူကြားလို၍နေရ ရှောင်မလွတ်အောင် ပို၍ပို၍ ကြားကြားလာရ ၏။

ထိုအထဲ၌ ဗိုလ်မှူးချုပ် ငလုံးညီနှင့် ပတ်သက်သည့် ကျေးရွာတို့မှ ရေချိုငါးပြုလုပ်သူများ ရောက်လာကြရာ ငလုံးညီနှင့်သွားရောက်မတွေ့ဆုံလျှင် မဖြစ်နိုင်လောက်သော အခြေသို့ရောက် နေ၏။

မိမိသည် ထိုရေချိုငါးစီမံကိန်းနှင့် ပတ်သက်၍ စိတ်ချယုံကြည်နိုင်လောက်သည့် ကျေးရွာ အသီးသီးတို့မှ ယခင်ပြည်သူ့စစ်ရဲဘော်ဟောင်းတို့၏ စာရင်းများကို စာနှင့်လည်းရေးပေးထား ၏။ လူကိုယ်တိုင်လည်းခေါ်ပေးဘူး၏။ ထိုသူတို့သည် အချို့သစ္စာရှိစွာ လုပ်ဆောင်ကြ၏။ အချို့ သစ္စာမရှိကြတော့။

ထို့ကြောင့် ဆယ့်တစ်ကြိမ်မြောက်တွေ့ခြင်းဖြင့် သွားရောက်တွေ့ခွင့်မရသောအခါ ဆဲဆို ပြန်လာပြီးနောက် စိတ်ပေါက်ပေါက်ဖြင့် မင်းတို့ဟာမင်းတို့ အဆင်ပြေသလို ကြည့်လုပ်ဟု ပြောလိုက်ခြင်းဖြစ်၏။

‘ကျနော်တို့လယ်တွေကလဲ ပြန်လုပ်ဘို့အတွက် ဒီနှစ်လက်လွှန်နေဘီဆရာ ကျနော်တို့ အဆင်ပြေအောင် လုပ်မယ်ဆိုယင်တော့ဖြစ်ပါတယ် ဒါပေမဲ့ဆရာက အမှန်အတိုင်းဖြစ်ပေစေ၊ ဘယ်သူ့မှ ပေးလားကမ်းလားမလုပ်နဲ့ လမ်းအတိုင်း. . .’

‘ဟေ့. . . ရှက်တယ်ကွာ ငါ့ကိုဘာမှ လာမပြောကြနဲ့တော့. . . . . ဘာမှမတတ်နိုင်ဘူး မင်းတို့ ကြိုက်သလိုလုပ်ကြဆိုနေ. . . . ’

ဤသို့ဖြင့် ငဆိုးထက်ခိုင်အိမ်မှ ရေချိုငါးသမား ဧည့်သည်တွေ ရှင်းသွားကြ၏၊ သို့သော် နောက်ထပ်တသုတ်ပြီး တသုတ် တသုတ်ပြီးတသုတ်။

ငဆိုးထက်ခိုင်၏မယား ‘အိုက်ထက်လှ’သည်ရေနွေးအိုးကြီးကြီးတလုံးကို အမြဲမီးပြင်းထိုး နေ၏။ ငဆိုးထက်ခိုင်တို့ကား လဘက်ရည်ကြမ်းမှလွဲ၍ ဘာမျှမတိုက်နိုင် မကျွေးနိုင်။

‘မလာနဲ့’ဟု မောင်းချရန်လည်းခက်၏။ ထိုသူတို့သည် ငဆိုးထက်ခိုင်တို့ လွတ်လပ်ရေး သူပုန်များဖြစ်နေစဉ်အခါက လက်ခံခဲ့ကြသော ကျွေးခဲ့မွေးခဲ့ကြသော ကျေးဇူးရှင်များချည်းဖြစ် နေကြ၏။

ထိုသူတို့သည် ဆေးထက်ခိုင်က ယခုမိမိဘာမျှ မလုပ်ပါဟု ဆိုလည်းမယုံကြ၊ ရွှေဝါပြည့် ကိုအုပ်ချုပ် နေကြသူများနှင့် မသက်ဆိုင်ပါဘူးဟု ဆို၍လည်းမယုံကြ။

ထိုသူတို့သည် အလုပ်တောင်းပေးရန် လာပြောကြ၏။ ယခုလက်ရှိမိမိတို့လုပ်ကိုင်နေကြ သော အလုပ်၌အခက်အခဲတွေ့သည်ကိုလည်း လာပြောကြ၏။ မိမိတို့နယ်တွင် ဘာတွေမတရား ဖြစ်နေသည် မတရားခံနေကြရပါသည်ဟုလည်း လာပြောကြ၏။

အချို့က ဆေးထက်ခိုင်ကို အထင်ကြီးကြသောကြောင့်မိမိနှင့် ရင်းနှီးခင်မင်သည်ဟူသော ဂုဏ်ကိုလိုချင်ကြသဖြင့် တမင်လာသူလည်းရှိ၏။ ထိုသူတို့ကမူ ဘာအပူမျှ ဆေးထက်ခိုင်ကိုမပေး ကြသော်လည်း ရွှေဝါပြည်ကြီး၏ ချို့ယွင်းချက်တွေကို ပြုပြင်ရန်ဆေးထက်ခိုင်ကို အကြံဉာဏ်ပေး ကြ၏။

သူတို့၏စိတ်ထဲ၌ ဆေးထက်ခိုင်ကိုပြောလိုက်သည်နှင့် ချက်ခြင်းပြောင်းလဲပစ်နိုင်သည်ဟု ယုံကြည်၏။ ဆေးထက်ခိုင်က မည်မျှပင် မိမိနှင့်မသက်ဆိုင်ပါဟု ညင်းဆိုနေသည်ဖြစ်စေ ထိုသူတို့က ဘယ်အခါမျှမယုံကြ။

ဆေးထက်ခိုင်သည် ယခင်လွှတ်လပ်ရေး သူပုန် ဘဝကလည်း ဤအတိုင်းဘဲနေ၏။ ဤအတိုင်းဘဲပြော၏။ လယ်တောထဲနေ၍ ထယ်ဝါဝင့်ကြွားသော ဗိုလ်မှူးကြီးများ ခေါင်းဆောင် ကြီးများကို ခေါ်လိုက် လွှတ်လိုက်၊ လိုတာတောင်းလိုက် ဖြစ်ချင်တာ လုပ်ချင်တာပြောလိုက်၊ စာရွက်စာတမ်းတွေကို ကိုယ်တိုင်ရေးပေးပြီး ရိုက်နှိပ်ပေးရန်ပို့လိုက်၊ ထို့နောက် ရိုက်ပေးလိုက် သည့် ဌာနချုပ်မှပို့လိုက်သည်ဟုပြောလျက် အပြင်သို့လျှောက်ထေလိုက်. . . . .၊

ဤသို့ပြုလုပ်နေသည်ကို မျက်စိတပ်အပ်မြင်နေကြရပါလျက် ယခင်ကတည်းက မိမိသည် နောက်လိုက်ဖြစ်ပါသည် မိမိထံသို့ လာရောက်တတ်ကြသော မည်သူ မည်သူတို့သာလျှင် မိမိ၏ ခေါင်းဆောင်များဖြစ်ကြပါသည်ဟု ယခင်ကလည်း ပြော၏။ အခုလည်းပြောနေပြန်ပြီ၊ ဤအပြောမျိုးသည် မိမိအတွက်မထူးတော့ ဆေးထက်ခိုင်၏ အကျင့်အမူကို သိပြီးဖြစ်ကြပါသည် ဟုဆိုကြ၏။

ဤသူတို့သည် ယခင်လွှတ်လပ်ရေး သူပုန်ဘဝက ဗိုလ်မှူးချုပ်ထက်မြက် ဗိုလ်မှူးချုပ် ငလုံးညီ ကွယ်လွန်သူဗိုလ်ချုပ်ကြီးတည်တန့်နှင့်တကွ အခြားခေါင်းဆောင်ကြီးများ ယခုလက်ရှိ တောတွင်းမှ ပုန်ကန်နေကြသော သူပုန်ခေါင်းဆောင်ကြီးများ ဆေးထက်ခိုင်ရှိရာသို့ လာရောက် ကြသည်ကို တွေ့ဘူးမြင်ဘူးကြသူများဖြစ်ကြ၏။

ထို့ကြောင့် ထိုသူတို့သည် ဆေးထက်ခိုင်က မည်သို့ပင် ညင်းပါစေ ကျုပ်တို့သိပါတယ် ဗျာ ဒါတွေ ရိုးနေပါပြီ. . . .ဟူသော ဖြီးစပ်စပ်မျက်နှာထားမျိုးဖြင့်သာ ရှိနေကြ၏။ ဘာကိစ္စကလေး တခုရှိပစေ ဆေးထက်ခိုင်အား လာရောက်တိုင်တန်းကြ၏။

မိမိဝမ်းစာကိုမိမိ အနိုင်နိုင်ရှာဖွေ စားသောက်နေရသောဆေးထက်ခိုင်သည် ထိုသူတို့ကို ဧည့်ခံစကားပြောနေရသောကြောင့် မိမိထမင်းစားဘို့အတွက် မိမိ၏အလုပ်ကို လုပ်ရသည်မရှိ၊ မိမိအလုပ်ကို လုပ်ရန်အချိန်ပင်မရနိုင်၊ ထိုသည့်အထဲ၌

ထိုသူတို့ကိုဧည့်ခံရန်အတွက် ဆေးလိပ် ဘိုးပင်လျှင် တနေ့တနေ့အတွက် ရွှေဝါပြည်သုံး ကျပ်တန်သုံးရွက်ခန့်ကုန်၏။

သို့သော် ငဆိုးထက်ခိုင်သည် ရှေးယခင်အခါက ရွှေဝါပြည်ကြီးလွတ်လပ်လာပြီးမှ မည်သည့်အစိုးရတက်လာသည်ဖြစ်စေ ထိုအစိုးရဆိုသူတို့အား အရောလည်းမဝင်၊ ဝင်ထွက်သွား လာခြင်းလည်းမပြု၊ အကြောင်းကိစ္စရှိသောအချိန်မှ မိတ်ဟောင်းဆွေဟောင်းအဖြစ်နှင့် သွားလာ ဝင်ထွက်တတ်၏။

ထိုအကြောင်းကိစ္စဆိုသည်မှာလည်း မိမိ၏အကြောင်းကိစ္စမဟုတ် ရွှေဝါပြည်နှင့်စပ်ဆိုင် သော ရွှေဝါပြည်ကြီးကို အုပ်ချုပ်သူများအတွက် အထောက်အကူရနိုင်သော အကြောင်းကိစ္စများ သတင်းများပေးပို့ရန် အကူအညီပေးရန် အကြံဉာဏ်ပေးရန် ရဲဘော်ရဲဘက်ဟောင်းအနေနှင့် တခါတရံသာသွားတတ်ခြင်းဖြစ်၏။

ယခုလည်းထိုကဲ့သို့သော အကြောင်းကိစ္စမျိုးများ ပေါ်လာ၍ ငဆိုးထက်ခိုင်သည် မိမိနှင့် အရင်းနှီးဆုံးသော မိမိဝင်နေထွက်နေ သွားရောက်လည်ပတ်နေနေကျ နေရာလည်းဖြစ်သော ဗိုလ်မှူးကြီးငလုံးညီအိမ်သို့သွား၏။

ဗိုလ်မှူးချုပ်ငလုံးညီကပင် အတွေ့မခံလေသလော ဗိုလ်မှူးချုပ်ငလုံးညီ၏ကိုယ်ရံတော် များ ဗိုလ်ကြီးများကပင် ဗိုလ်မှူးချုပ်ငလုံးညီ၏အမိန့်အာဏာကို အခွင့်အရေးယူ၍ ငလုံးညီနှင့် တွေ့သင့်တွေ့ထိုက်သော သူတို့ကို တမင်မတွေ့ရလေအောင် တားဆီးပိတ်ပင်ထားလေသလော မသိရ၊ ငဆိုးထက်ခိုင်သည် ဗိုလ်မှူးချုပ်ငလုံးညီကို တွေ့ခွင့်မရ။

ထိုအချိန်၌ ငဆိုးထက်ခိုင်သည် ဗိုလ်မှူးချုပ်ငလုံးညီကို ဆဲဆို ကြိမ်းဝါး၏။ မင်းတို့ကို ဗိုလ်မှူးချုပ်တယောက်အဖြစ်နဲ့ တွေ့ရအောင်လာတာမဟုတ်ဘူးကွ ဟုအော်၏။ မိမိအိမ်ထဲ၌မိမိ အခန်းတံခါးကိုလုံအောင်ပိတ် မိမိပါးစပ်ကိုလည်း လုံအောင်ပိတ်လျက် အသံမထွက်စေဘဲ မိမိအတွက် မိမိစိတ်ကျေနပ်အောင် အော်ခြင်းဖြစ်၏။ မောအောင်အော်၏။ ချွေးသီး ချွေးပေါက် ပြိုက်ပြိုက်ကျအောင်အော်၏။

အခန်းတံခါးဖွင့်၍ ထွက်လာသောအခါ ငဆိုးထက်ခိုင်၏မယား အိုထက်လှက ပြူးကျယ် အံ့အားသင့်သော မျက်လုံးဖြင့်ကြည့်၏။

'ရှင်ဘာလုပ်တာလဲ. . . . '

'ငါ ကျန်းမာရေးလေ့ကျင့်တာကွ ဘာပြုလို့လဲ'

ဘာမဖြစ်မဖြစ်ပါဘူး၊ မျက်နှာတွေနီ မျက်လုံးတွေနီပြီး ချွေးပေါက်ကြီးတွေသီးနေလို့၊

ငဆိုးထက်ခိုင်သည် ဤသို့မိမိရဲဘော်ဟောင်း ရဲဘက်ဟောင်းအချင်းချင်း စိတ်ဆိုးစိတ်နာ နေသည့် အခိုက်အတန့်မျိုး၌ ထိုသူတို့၏အကြောင်း ထိုသူတို့၏လုပ်ငန်းကိုင်ငန်း၊ ထိုသူတို့နှင့် စပ်ဆိုင်သော ကိစ္စရပ်များကို လာရောက်ပြောကြားသူတို့နှင့် တွေ့လျှင်ရှုးလုမတတ်စိတ်ထိခိုက် ၏။

'ခင်ဗျားတို့ မပြောကြပါနဲ့ဗျာ၊ ဒီလူတွေ ကျနော်သောက်မြင်ကပ်လွန်းလို့ ဒီလူတွေဘဝင် မြင့်ကုန်ကြပြီ၊ အလကားလူတွေ သွားလေသူနိုင်ငံရေးသမားတွေကို သူတို့က အပြစ်ပြောပြီး သူတို့ကျတော့ နိုင်ငံရေးသမားတွေထက်ဆိုးသေးတယ်၊ နိုင်ငံရေးသမားတွေရဲ့ ခြေရာကို 'ခွ' နင်းထားပြီး ကြီးကြီးကျယ်ကျယ်ဖင်ခေါင်း ကျယ်နေကြတာ နိုင်ငံရေးသမားတွေ အထွဋ်အထိပ် ရောက်နေကြတုန်းက သူတို့အိမ်ဝမှာ

ရွှေဝါပြည်ရဲ့အဖွဲ့ဘဲစောင့်တယ် အကျိုးအကြောင်းပြော လက်မှတ်ယူပြီး အိမ်ထဲဝင်ယင်ရတယ်။

အိမ်ထဲကျမှ နိုင်ငံရေးသမားတွေရဲ့ အတွင်းဝန်က 'အကိုကြီးအရေးကြီးတဲ့ အစည်းအဝေးပွဲရှိနေလို့ တော်တော်နဲ့ပြီးမှာမဟုတ်ဖူး။ နက်ဖြန်မှလာပါဆိုပြီး လိမ်လွှတ်လိုက်တာ. . . .

တကယ်တော့ အဲဒီအချိန်မှာ သူတို့အကိုကြီးဟာ စာရင်လဲဘတ်နေမယ်၊ မိန်းမနဲ့ရင်လဲ စကားပြောနေမယ် သူတို့အဖေါ်တွေနဲ့ရင်လဲ အရက်သောက်ချင်သောက်နေမယ်၊ ဖဲရိုက်ချင်ရိုက် နေမယ်။

ဒါပေမဲ့ တွေ့ချင်လို့သွားတဲ့ လူကတော့အရေးကြီးတဲ့ အစည်းအဝေးရှိတယ်ဆိုတာ ယုံပြီးပြန်လာတာဘဲ၊ ဒီအတိုင်းလေးငါးခေါက်လောက် ဖွဲကောင်းတဲ့ လူအခေါက်နှစ်ဆယ်လောက်သွားပြီး မတွေ့ရတော့ စိတ်ပျက်ပြီးနောက်သွားမတွေ့ကြရတော့ဘူး၊ အဲဒီလို သွားတွေ့ ကြတဲ့လူထဲမှာ သက်သက်အပူကပ်ဒုက္ခပေးအောင် သွားတွေ့ကြတဲ့လူတွေလဲ ရှိတာဘဲ၊ နယ်အခြေအနေ လက်ရှိဖြစ်ပျက်နေတဲ့ အခြေအနေကို အမှန်အတိုင်းသတင်းပေးခြင်လို့ သွားတဲ့လူတွေလဲရှိမှာဘဲ၊ သူတို့လုပ်နေတာတွေမဟုတ်လို့ ကိုယ့်ထမင်းကိုယ်စားပြီး ကိုယ်စားရိပ် နဲ့ကိုယ်သက်သက်အမုန်းခံ သတိပေးချင်တဲ့ လူတွေလဲရှိမှာဘဲ။

ဒါတွေ အကုန်လုံးကို အဲဒီခေါင်းဆောင်ကြီးတွေက သူတို့ရဲ့ကြည်လင်တဲ့ဦးနှောက်ကို ညစ်နွမ်းအောင် လာလုပ်ကြတဲ့လူတွေ စိတ်ဆင်းရဲစရာကောင်းတဲ့ စကားတွေကိုလာပြောတဲ့လူ တွေ ဒုက္ခပေးတဲ့လူတွေလို့ ထင်တော်မူကြတယ်၊

ခုလဲ ဘာထူးသေးလဲ အဲဒီလိုဘဲ အဲဒါထက် ဆိုးသေးတယ်၊ အခုလူတွေက တွေ့ခွင့်ရဘို့ ကိုမပြောနဲ့ အိမ်ပေါက်ဝမှာ ကြာကြာရပ်နေယင်တောင် ဆွဲဖမ်းပစ်မဲ့လူတွေဒီတော့ ကျနော်တို့ ဘယ်သွားတွေ့ဝံ့မှာတုံး၊ ခင်ဗျားတို့ဘာမှလာလာပြောမနေကြနဲ့ အပိုဘဲ။

ငဆိုးထက်ခိုင်က ဤသို့ပြောဆိုလွှတ်သော်လည်း လာရောက်ပြောကြားသူများက လုံးလုံး မယုံကြ၊ 'ဒီလူ ဒီလိုလဲ မဟုတ်မဟတ်တွေကို လုပ်ကြံပြောတတ်သားပဲ'ဟု ရယ်ဖြီးဖြီးနှင့်ကြည့်၏။

ယခုအတောအတွင်း ငဆိုးထက်ခိုင်ကြားရသော သတင်းတွေကား ဗိုလ်မှူးချုပ်ငလုံးညီ၏ အကြောင်းတွေချည်းလိုလိုဖြစ်၏။ ဗိုလ်ချုပ်ကြီးသန်မာ၏ အကြောင်းလည်းကြားရ၏။

ဗိုလ်ချုပ်ကြီးသန်မာ၏အကြောင်းကား မထူးဆန်း လွန်ခဲ့ပြီးသော ကိုယ်ရေးကိုယ်တာ ကိစ္စများဖြစ်၏။ ထိုကိစ္စသည် တိုင်းပြည်ကို မထိခိုက်နိုင်၊ တိုင်းပြည်ကိုသစ္စာဖောက်ရာမကျ၊

ဗိုလ်မှူးချုပ်ငလုံးညီနှင့်ပတ်သက်သော သတင်းတို့ကား. . .

ကိုယ်ရေးကိုယ်တာကိစ္စ ဖြစ်သော်လည်း တိုင်းပြည်နှင့်သက်ဆိုင်နေ၏။

အရေးကြီး၏ လွန်ခဲ့ပြီးသောအမှုမဟုတ်ဘဲ ယခုလတ်တလောအမှုတွေဖြစ်နေ၏။

ထိုဖြစ်ရပ်တို့သည် ဗိုလ်မှူးချုပ်ငလုံးညီ သိလျက်နှင့်ပြုခွင့်ပေးထားသော ဖြစ်ရပ်တို့ဖြစ် လေသလော၊ ဗိုလ်မှူးချုပ်ငလုံးညီလုံးဝမသိဘဲနှင့်

ပြုထားသည့်ဖြစ်ရပ်တွေဖြစ်သလော ဗိုလ်မှူးချုပ်လေးလုံးညီကို အယုံသွင်းလျက် ဝိုင်းဝန်းလိမ်ထားသည့် ဖြစ်ရပ်တွေဖြစ်လေသလော။

ဆေိုးထက်ခိုင်က မေးကြည့်ချင်၏။ ပြောပြချင်၏။ သတိပေးချင်၏။ ထိုမျှမကသေး ခေတ်သစ်ရွှေဝါပြည် အုပ်ချုပ်ရေးလမ်းစဉ်ထဲ၌ ပါဝင်ဆောင်ရွက်နေကြသော ရှေးယခင် အမှုထမ်းများအကြောင်းနှင့် ပတ်သက်၍လည်း ကြားသိသမျှပြောပြချင်သေး၏။ ဟုတ်မဟုတ်မေး ချင်သေး၏။ သို့သော်မေးခွင့်မရ၊ တွေ့ခွင့်မရ။

ဆေိုးထက်ခိုင်သည် ဗိုလ်မှူးချုပ် လေးလုံးညီတို့ အပါအဝင်ဖြစ်သော ခေတ်သစ်ရွှေဝါပြည် အုပ်ချုပ်ရေး ခေါင်းဆောင်များ အဖွဲ့တဖွဲ့လုံးကို မျက်မုန်းကျိုးနေ၏။

ဒီလူတွေ ဘဝင်မြင့်ကုန်ကြပြီ၊ ဒီလူတွေအာဏာရစ်ကုန်ကြပြီ။ ဒီလူတွေရဲ့ ဉာဏ်ဦး နောက်ကို အဆောင်အယောင် တပည့်တပန်းနှင့် လက်ရှိအာဏာတို့ဖြစ်ကြသော တိမ်သလာ တွေကဖုံးကုန်ကြပြီဟု အချိန်ပြည့်ဝမ်းထဲက စွပ်စွဲ၏။

ထိုသို့စွပ်စွဲရင်း သူတို့ဒီလိုဖြစ်ကုန်ကြတော့ကော မိမိနှင့်ဘာဆိုင်လဲဟုတွေး၏။ မိမိသာ လျှင်မဟုတ် ရွှေဝါပြည်ကြီးတပြည်လုံးနှင့်ပါ သက်ဆိုင်ပါသော်ကောဟု အဖြေပေါ်လာပြန်၏။

ဒီလိုရွှေဝါပြည်ကြီးတပြည်လုံးနှင့် သက်ဆိုင်တော့ကော မိမိကဘာဆောင်ရွက်ပေးနိုင် သတုံး၊ ဘာအကြံဉာဏ်ပေးနိုင်လို့တုံး. . .။ မိမိကိုယ်မိမိ အထင်ကြီးရန်ကောဟု တွေးတောလျက် မိမိကိုယ်မိမိ ရွံရှာလာပြန်၏။

အစကတည်းက အကြံဉာဏ်ပေးဘို့မှမတတ်ဘဲ ဖြစ်ပျက်နေတဲ့အကြောင်းတွေကို အပြင်ကမြင်ရတဲ့အမြင်အတိုင်း သစ္စာရှိရှိနဲ့ပြောပြချင်လို့ အခါတိုင်းလို သွားတွေ့တာကို သင်းတို့ကဘာကြီးကျယ်ရတာတုံးဟူသော အသိပေါ်လာပြန်၏။

အမယ်. . . . ဒါ မင်းပြောမှမြင်ရသိရမှာလား၊ သူတို့မှာပြောမယ့် သိမယ့်လူတွေကပြည့်လို့ အဲဒီလူတွေကိုမေးကြည့်မှာပေါ့ အဲဒီလူတွေကပြောပြမှာပေါ့ဟု တွေးပြန်၏။

ဘယ်ဟုတ်မလဲ အဲဒီလူတွေက သူတို့ကို ဘယ်တော့မှအမှန်အတိုင်းမပြောဘူး၊ သူတို့ အထဲကလူတွေက သူတို့လုပ်သမျှအားလုံးကောင်း သိပ်ကောင်း အားလုံးဟုတ် သိပ်ဟုတ် ရွှေဝါ ပြည်ကြီးတခုလုံး သိပ်တိုးတက်လာတယ် သိပ်ကြိုက်လာတယ်လို့ ပြောကြမှာ. . . .

သူတို့ပတ်ဝန်းကျင်မှာ သူတို့ကိုမှီပြီး မိမိကိုယ်မိမိ ပြန်လည်ပွဲထွက်ချင်နေကြတဲ့ ဇရာကျ သော နိုင်ငံရေးသမား ရွှတ်တွတွကလဲ အရုက်အကြောက်ကင်းမဲ့လွန်းစွာနဲ့ သူတို့ကိုအတင်းကပ် ပြီး ဒါကလေးလုပ်လိုက်တာကတော့ သိပ်မကောင်းဘူး ဟောဒီဆောင်ရွက်ချက်ကတော့ အလွန် ဟန်ကျတာကလား အားကြီးဟုတ် သိပ်ဟုတ် ဒီလိုပြည်သူကို တကယ်အကျိုးပြုတဲ့ လုပ်ငန်းမျိုး တော့ ခင်ဗျားတို့ကတာ့လဲ ကျုပ်တို့ကအတင်းထောက် အတင်းအားပေးရမှာဘဲဟု မျက်နှာ ပြောင်ပြောင်နဲ့ ဖွတ်ထောက်ခံနေကြမှာ။

သူတို့ကိုမလိုတဲ့ အပြင်ဘက်ကလူတွေကလဲ သူတို့လုပ်သမျှဟာခုမှ မကောင်းဘူးလို့ အတင်းကန့်ကွက် အတင်းဖျက်လိုဖျက်ဆီးလုပ်ကြမှာ။

သူတို့အထဲကိုရောက်ပြီး သူတို့ကိုမလိုတဲ့လူတွေကလဲ ဂျောက်ကျမဲ့ အလုပ်တွေမှန်သမျှ မကောင်းဘူး အန္တရာယ်ရှိတယ်လို့ပြောကြမှာ၊ အဲဒီလိုပြောရင် ပြောကြရင် သူတို့အမှန်သိနိုင် မြင်နိုင်ပ့ါမလားဟု တွေးမိပြန်၏။

ဒီလိုဝိုင်းပြောတိုင်းတော့ကော သူတို့ကယုံကြည်ကြမှာလား မင်းအပူဘာရှိလဲဟု မိမိကိုယ် ကို မိမိမေးပြန်၏။

ဒီလိုဝိုင်းပြောတိုင်းကို မယုံတတ်လျှင် မိမိကိုယ်မိမိအမှန်အတိုင်း ဆုံးဖြတ်ရန်ခဲယဉ်းသည်။

ဤသို့ခဲရင်းသည့်အတွက် အဆိုးကို အဆိုး အကောင်းကိုအကောင်းဟု မိမိ၏အတွေး အခေါ် ထင်မြင်ချက်များမပါစေဘဲ အမှန်အတိုင်း မြင်လည်းမြင် ပြောလည်းပြော ပြောရဲလည်း ပြောရဲသူနှင့်တွေ့ရန် လိုအပ်သည်ဟုစဉ်းစား၏။

ဆေးထက်ခိုင်သည် ဤသို့လျှင် မိမိတယောက်တည်း အမေးအဖြေအဆုံးအဖြတ်ပြုရင်း အပြီးသတ်တွင် ဗိုလ်ချုပ်လေးလုံးညီနှင့်တကွ ရွှေဝါပြည် အုပ်ချုပ်ရေးခေါင်းဆောင်များအဖွဲ့ကို ရေရွတ်ဆဲရေး၏။ စိတ်နာကျည်း၏။

'ဒီလူတွေက ဘာတုံး၊ ဘယ်လိုဘဝင်ဆလပင့်နေရတာတုံး ပွဲကတဲ့လူတွေတောင် ပွဲကြည့် ပရိတ်သတ်ကို ရယ်အောင် ငိုအောင် ကြိုက်လာအောင် ကိုယ်ကဖန်တီးရပေမယ့် ကိုယ်ကဖန်တီး လိုက်တာ ဘယ်နေရာချို့ယွင်းနေတယ်ဆိုတာ ကိုယ့်ဟာကိုမသိမမြင်နိုင်ဘူး၊ ပွဲကြည့်ပရိသတ်ထဲ မှာ ဝင်ပြီး စနည်းနာရတယ်၊ ပွဲကြည့်ပရိသတ်က ပြောတာတွေနားထောင်ပြီး ပြန်ပြုပြင်ယူရ တယ်၊ ဒီလိုပွဲကြည့်ပရိသတ်ကြားထဲကို သွားနားထောင်တဲ့အခါမှာလဲ ကိုယ်လုပ်တာ ကိုယ်သိပ် ကြိုက်နေတဲ့ လူမျိုးကိုမလွှတ်ရဘူး၊ ပွဲကြည့်ပရိသတ်ပြောသမျှ တိတိကျကျ အရင်းအတိုင်း ပြန်ပြောတတ်တဲ့၊ ပြန်ပြောရဲတဲ့ လူမျိုးကို လွှတ်ပြီးစနည်းနာခိုင်းရတယ်၊ ဇာတ်ဆရာကို အားနာ တတ်တဲ့လူတို့. . . . ဇာတ်ဆရာကို မျက်နှာလုပ်ချင်တဲ့လူတို့ဆိုတာမျိုးတွေကို မလွှတ်ရဘူး. . အခုဒီ လူတွေဟာ ဒီသဘောတလေးမှ မသိကြဘူးလား။

တယောက်တည်း ဒေါကန်လျက်ရှိသော ဆေးထက်ခိုင်သည် နောက်ဆုံး၌ သည်လူတွေ နှင့်မပတ်သက်သော သည်လူတွေ၏အကြောင်းကို မကြားရမည့်နေရာမျိုးသို့ သွားရောက်ရှောင် ရှားနေမည်ဟု ဆုံးဖြတ်၏။ ထိုအဆုံးအဖြတ်အတိုင်းချက်ခြင်းပြု၏။

ကုန်သည်တို့လောက၌ လက်ရှိရွှေဝါပြည်အုပ်ချုပ်ရေးအဖွဲ့အကြောင်းကို အပြောဆုံး အကြားရဆုံးဖြစ်၏။ ထိုလောကနှင့်ဝေးရာသို့သွားမည်။

စာရေးဆရာလောကသို့သွား၏။ ရွှေဝါပြည် စာရေးဆရာလောက၌လည်း ထိုအကြောင်း ကိုပင်ပြောနေကြသည်။ လူနှစ်ယောက်ဆုံမိလျှင်ပင် ထင်မြင်ချက်အမျိုးမျိုးပေးကြ၏။

ထိုလောကမှခွဲခွာလျက် နည်းစပ်ရာသတင်းစာလောကထဲသို့ တိမ်းရှောင်၏။ သတင်း စာထဲ၌ရေးသားချက်ကတမျိုး၊ ၎င်းတို့ပြောနေကြသည့် စကားကတမျိုး၊ ရွှေဝါပြည်အုပ်ချုပ်ရေး လမ်းစဉ်အကြောင်းပင်ဖြစ်၏။

အတီးအမှုတ်လောကသို့သွား၏။ ထိုအကြောင်း ထိုသတင်း သဘင်လောကသို့သွား၏။ ထိုအကြောင်းထိုသတင်း ရုပ်ရှင်လောကသို့သွား၏။

ထိုအကြောင်းထိုသတင်း ဈေးထဲသို့သွား၏။ ထိုအကြောင်း ထိုသတင်း ဆေးရုံသို့သွား၏။ ထိုအကြောင်းထိုသတင်း၊

ငဆိုးထက်ခိုင်သည် စိတ်ညစ်လာ၏။ ကြားရသည်နှင့် မိမိတို့လူများကို ပြောချင်သတိပေး ချင်၏။ သို့သော် မိမိတို့လူများက အတွေ့မခံကြ။

ထိုအခါ ထိုမိမိတို့လူများနှင့် ပတ်သက်သည့် သတင်းများကိုမကြားရသည့်နေရာ မကြားရ သည့်အရပ်ကိုရှာ၏။

အလုပ်ရုံ စက်ရုံ ဆိပ်ကမ်း၊ မီးသဘော်ာထဲ၊ မီးရထားထဲ၊ လေယာဉ်ကွင်း၊ စစ်တပ်၊ ရုံး၊ ဂါတ်၊ ထောင်၊ လယ်ထဲ၊ မြစ်၊ ချောင်း၊ ပင်လယ်၊ အင်းအိုင်၊ ဗမာစာသင်ကျောင်း၊ ဘုန်းကြီးကျောင်း၊ ဘုရားတံဆောင်း၊ မော်တော်ကား၊ ဆိုက်ကား၊ ဈေးဆိုင်၊ အရက်ဆိုင်. . . .

မည်သည့်နေရာမှမလွတ် အသံတွေထွက်နေ၏။ မကြားလိုသည်တို့ကိုကြားနေရ၏။ လမ်းပေါ်၌ လမ်းလျှောက်နေ၍ပင်မရ။

ရွှေဝါပြည်သူပြည်သားတို့သည် ယခုမှ တလှုပ်လှုပ်တရွရွ ဘာ့ကြောင့်ထိုသို့ဖြစ်နေရပါလိမ့်။ ဘာ့ကြောင့်ဤသို့ ပြောနေကြရပါလိမ့်ဟု စဉ်းစား၏။

ချက်ခြင်းလိုပင် အဖြေပေါ်လာရသည်။ ထိုအဖြေကားရွှေဝါပြည်သူပြည်သားတို့၏ ပေါ့တီးပေါ့ဆ နေထိုင်မှုကို ပြင်ပစ်မည်။ ဤသည်ကို ရွှေဝါပြည်သူပြည်သားတို့က လက်မခံနိုင်. . . စည်းနှင့်ကမ်းနှင့်မနေလိုကြချေ။

ရွှေဝါပြည်သူပြည်သားတို့၏ တကိုယ်ကောင်းကျင့်မှုကို ပြင်ပစ်မည်၊ မိမိအတွက်ကောင်း သော်လည်း အခြားသူတပါးတို့ကိုထိခိုက်မည့် ကိစ္စမျိုးမပြုလုပ်ရ၊ ဤသည်ကိုလည်း ရွှေဝါပြည် သူပြည်သားတို့က လက်မခံနိုင် မိမိတို့လွတ်လပ်စွာ ပြုမူခြင်းကို ဝင်ရောက်ချုပ်ချယ်သည်ဟုထင် ၏။

ရွှေဝါပြည်သားလူ့မလိုင်များ၏ တဖွဲ့တစု စီးပွားရေးစနစ်ကို ပြင်ပစ်မည်။ မိမိတို့ တဦး တဖွဲ့တစု၏ အကျိုးအမြတ်ကိုမကြည့်ဘဲ ရွှေဝါပြည်သူပြည်သားအားလုံးတို့၏ စားဝတ်နေရေး ချောင်လည်မှုကို အကြောင်းပြုလျက် ကုန်ရောင်းခြင်း ကုန်ဖြန့်ဖြူးခြင်းတို့ကိုပြုရမည်။

တတိုင်းပြည်လုံး၏ အကျိုးကိုကြည့်၍ ရောင်းဝယ်ဖောက်ကားမှုမျိုးသာ ဖြစ်ရမည်။ မိမိ အမြတ်အစွန်းကိုရလို၍ ရောင်းဝယ်ဖောက်ကားမှုမျိုး မဖြစ်ရဟု ပြင်ပစ်၏။ ရွှေဝါပြည်သူပြည် သားတို့က လက်မခံနိုင်၊ သည်လိုဆိုလျှင် မိမိအတွက် လွတ်လပ်စွာ စီးပွားရှာဖွေခွင့်မရှိတော့ ဘူးလား၊ မိမိအကြံဉာဏ်အရ မိမိ၏တိုးတက်ကြီးပွားမှုကို မကြံစီရဘူးလား၊ မိမိ၏ကုသိုလ်ဒါန အကြံဉာဏ်၏ အကျိုးပေးကို မိမိမခံစားရအောင် ပိတ်ပင်မှုဖြစ်၏ဟု ရွှေဝါပြည်ကုန်သည်တို့က လက်မခံနိုင်။

ရွှေဝါပြည်သူပြည်သားတို့သည် အကြံဉာဏ်လည်းမထုတ်လိုကြ၊ အပင်ပန်းလည်းမခံလို ကြ ဘာမဆိုအချောင်ရလျှင် တွယ်ကြ၏။ ထိုသို့အချောင်ရလျှင် ယူခွင့်တွယ်ခွင့်ရအောင် အကြံ ကိုလည်းမထုတ်လိုက မထုတ်ဘဲနေနိုင်အောင် အပင်ပန်းလည်းမခံလိုက မခံဘဲနေနိုင်အောင် ကာကွယ်ပေးထားသော ဖြေဆေးတခုရှိ၏။ ထိုဖြေဆေးကို ရွှေဝါပြည်သားတို့သည် ရွှေဝါပြည် ကြီးတည်ထောင် စကတည်းက အရိုးစွဲလာခဲ့ကြ၊ ယုံကြည်လာခဲ့ကြ၏။ ထိုဖြေဆေးကား လုပ်တိုင်းလည်းမရနိုင်၊

ပြုတိုင်းလည်းမဖြစ်နိုင်၊ နောက်နောင်ဘဝကပြုခဲ့ဘူးသောကောင်းမှု အဖြင့်မျိုးရှိလျှင် အလိုလိုရနိုင်ဖြစ်နိုင်သည်ဟူသော အစွဲဖြစ်၏။ ရွှေဝါပြည်သားအားလုံးလိုလို ထိုအစွဲမျိုးရှိ၏။

ခေတ်သစ်ရွှေဝါပြည်အုပ်ချုပ်ရေး လမ်းစဉ်သည် ထိုအစွဲကိုဖျောက်ပစ်ဘို့ရန် ရေးရှုနေ၏။ လုပ်မှဖြစ်မည်၊ မလုပ်လျှင်မဖြစ် လူတိုင်းလူတိုင်းတို့သည် မိမိတို့အတွက်နှင့် မိမိတို့ ရွှေဝါ ပြည်ကြီး၏အတွက် ဉာဏ်အား လုပ်အား အားသွန်ခွန်စိုက်အသုံးပြုရမည်ဟု ကြွေးကြော်လာ၏။ ဤကြွေးကြော်မှုမျိုးကိုရွှေဝါပြည်သူ လူထုကြီးတရပ်လုံးက လက်မခံနိုင်၊ မိမိတို့အရိုးစွဲလာခဲ့သည့် အတွေးအခေါ်မျိုးကို ပြုပြင်ပြောင်းလဲတွေးခေါ်ကြရန် အတွက် ရွှေဝါပြည်သူလူထုကြီးတရပ်လုံး က လက်မခံနိုင်။

ရွှေဝါပြည်သူလူထုကြီး တရပ်လုံးသာလျှင် ဖြစ်ပါသလောမဟုတ်ပါ. . . . .

ရွှေဝါပြည်သူလူထုကြီး တရပ်လုံးကိုပြောင်းလဲပြုပြင် ပေးနိုင်ကြမည်ဖြစ်သော ဗိုလ်ချုပ်ကြီးသန်းမာခေါင်းဆောင်သည့် ခေတ်သစ်ရွှေဝါပြည်အုပ်ချုပ်ရေး ခေါင်းဆောင်များ၏လက်အောက် အုပ်ချုပ်ရေးစက်ယန္တယားကြီးအတွင်း၌ ဆောင်ရွက်နေကြသော ပျက်စီးမှုအဝဝတို့၌ အသားကျနေကြသောခေါင်ထက်၌ အတွင်းတွင်းပေါက်နေသော ထိုအုပ်ချုပ်ရေးယန္တယားကြီး အတွင်းမှ လူအားလုံးတို့ကပါလက်မခံနိုင်။

ထိုသူတို့သည် လက်မခံနိုင်သော်လည်း လက်မခံနိုင်ပါဘူးဟု မည်သူမျှမပြောကြ၊ သဘောကျ လေသည်ယောင်ယောင်၊ ကြိုက်လေသည်ယောင်ယောင် ခေါင်းညိတ်ကြ၏။ ထောက်ခံကြ၏၊ အကြံဉာဏ်များပင် ဝင်ရောက်ပေးလိုက်ကြသေး၏။ ထိုသူတို့ပေးသော အကြံ ဉာဏ်များကား အကျိုးလိုလားလေသယောင်ယောင်ဖြင့် ဂျောက်ချသော အကြံဉာဏ်တွေချည်း ဖြစ်ကြ၏။

ထိုသူတို့သည် ခေတ်သစ်ရွှေဝါပြည် အုပ်ချုပ်ရေးအဖွဲ့၏ ခေါင်းဆောင်များနှင့် အလုပ်ကိစ္စအတွက် တွေ့ဆုံကြရတိုင်း ပညာတတ်တို့၏ညင်သာသော အပြုံးမျိုးဖြင့် အမြဲပြုံးနေကြ၏၊ ကြည့်တတ်သောသူတို့အဘို့မူ ထိုအပြုံး၏ နောက်ကွယ်၌လျှို့ဝှက်သော ကောက်ကျစ်ကျစ် အသွင်သဏ္ဍာန်ကို မျက်လုံးနှင့်နှုတ်ခမ်းထောင့်ကလေးများ၌ မြင်တွေ့ရနိုင်၏။

ထိုသူတို့သည် ခေတ်သစ်ရွှေဝါပြည်အုပ်ချုပ်ရေးအဖွဲ့ခေါင်းဆောင်များက မျက်နှာလွှဲသွား သည်နှင့်တပြိုင်နက် မိမိတို့၏ပြုံးသော မျက်နှာတို့ကို မဲ့ပစ်လိုက်ကြ၏၊ အချင်းချင်းမေးတငေါ့ ငေါ့ လည်တညိတ်ညိတ်ပြုလိုက်ကြ၏၊ ထို့နောက် အတင်းအဖျင်းပြောကြ၏၊ ထိုသို့အတင်း အဖျင်းပြောရင်း ပြုဘွယ်ကိစ္စလုပ်ငန်းဆောင်တာတို့ကို ဘယ်သို့အရွဲ့တိုက်လိုက်လျှင် ဘယ်လိုဖြစ်သွားမှာပဲဟု အကြံအမျိုးမျိုးနည်းအမျိုးမျိုးတို့ကို ရယ်စရာအဖြစ် (က)ဖျက်(ယ)ဖျက် ပြောကြ ၏။ ထိုသို့ပြောပြီးရယ်ပြီးကြသည်နှင့် ထိုရယ်စရာများထဲမှ အကောင်းဆုံးသောဂျောက်ချနည်းကို တမင်အရွဲ့တိုက်၍ လုပ်ပစ်ရန်ဝိုင်းဝန်း ပြောကြ၏၊ ထိုအခါတိုက်ရိုက်တာဝန်ယူရသူကလည်း 'အေးအဲဒီအတိုင်းလုပ်မယ်'ဟု ကတိပေးလိုက်၏။

ဤလိုနှင့်ရွှေဝါပြည်ကြီးသည် ခေတ်သစ်ရွှေဝါပြည်အုပ်ချုပ်ရေး အဖွဲ့ခေါင်းဆောင်များက ခေတ်သစ်ရွှေဝါပြည် အုပ်ချုပ်ရေးလမ်းစဉ်အတိုင်း

ချမှတ်လုပ်ကိုင်လေသမျှ အားလုံးကပြောင်း ကပြန်ဖြစ်လာကြရ၏၊ ထိုအခါပြဿနာတွေအမျိုးမျိုး သတင်းတွေအမျိုးမျိုးပေါ်ပေါက်လာရ၏။

ငဆိုးထက်ခိုင်သည် ထိုပြဿနာအမျိုးမျိုး ထိုသတင်းအမျိုးမျိုးကို မကြားလို၍မနေရ။

ငဆိုးထက်ခိုင်ကြားရသော သတင်းတို့သည် ကျုံးပတ်လည်ဝိုင်းရံကာပတ်သည့် နန်းမြို့ တော်ကြီးအတွင်းမှ နန်းမြို့တွင်းသူ နန်းမြို့တွင်းသားတို့၏ နားနှင့်သာထိုက်တန်သည့် စစ်ဆေး ဖြတ်တောက်ပြီးဖြစ်သော မင်္ဂလာရှိသတင်းမျိုးတွေမဟုတ်။

နန်းမြို့တော်နှင့်ဝေးကွာသော အများသူတကာလို လူနေရပ်ကွက်ထဲမှ ထီးနှင့်မတန် နန်းမဆန်သည့် ပြည်သူဆင်းရဲသားတို့၏နားဖြင့်သာ ကြားပိုင်ခွင့်ရှိသော သတင်းမျိုးဖြစ်၏။ စစ်ဆေးဖြတ်တောက်ခြင်း မပြုရသေးသည့် လှပအောင်မပြင်ဆင်ရသေးသည့် သတင်းရိုင်း သတင်းအကြမ်းစားများဖြစ်၏။

ထိုသတင်းတို့သည် ခေတ်သစ်ရွှေဝါပြည် အုပ်ချုပ်ရေး ခေါင်းဆောင်များအတွက် အကျိုး ရှိလိမ့်မည်ဟု ငဆိုးထက်ခိုင်ကယုံကြည်၏၊ ထို့ကြောင့် မိမိနှင့်အနီးကပ်ဆုံး အလွယ်တကူအတွေ့ နိုင်ဆုံးဖြစ်သော ဗိုလ်မှူးချုပ်မြေကြီးနှင့် ဗိုလ်မှူးချုပ်လေးလုံးညီတို့ကို သွားရောက်တွေ့ဆုံမည်ဟု ငဆိုးထက်ခိုင်က စိတ်ကူး၏၊

ရှေးယခင်ကဆိုလျှင် ဗိုလ်မှူးထက်မြက်ပါနှင့် သုံးယောက်ရှိသောကြောင့် တယောက်မရှိ လျှင်တယောက်အလွယ်တကူ တွေ့ဆုံနိုင်၏။ ယခုမူဗိုလ်မှူးချုပ်ထက်မြက်သည် နိုင်ငံရပ်ခြား တိုင်းတပါးသို့ ရောက်ရှိနေသောကြောင့် ငဆိုးထက်ခိုင် တွေ့စရာနှစ်ယောက်သာကျန်တော့ သည်။

သို့သော် ထိုနှစ်ယောက်လုံးက ယခုငဆိုးထက်ခိုင်နှင့်တွေ့ရန် လက်မခံသောအခါ. . .

သို့သော်ရှေးယခင်က ဘယ်လိုမျှ အိမ်ပေါက်ဝ၌အစောင့်အကြပ်တွေ မထားခဲ့သူများက အစောင့်အကြပ်တွေထားလာသောကြောင့် အစောင့်အကြပ်တွေက တွေ့ရန်ခွင့်မပေးကြသော အခါ. . .

သို့မဟုတ် ထိုနှစ်ယောက်လုံးဆီသို့ လာရောက်တွေ့ဆုံကြသူများသည် မော်တောကား ကြီးများ ပြောင်လက်စွာ ဝတ်စားဆင်ပြင်လာသူများနှင့် လယ်သမားကြီးများချည်း လာရောက် တွေ့လေ့ရှိကြရာ မော်တော်ကားကြီးလည်းမပါ ပြောင်လက်စွာ ဝတ်စားဆင်ပြင် လာသူလည်း မဟုတ် လယ်သမားကြီးလည်း ဟုတ်ပုံမရဘဲ အလုပ်လာလာတောင်းတတ်သည့် စစ်သားဟောင်း ကဲ့သို့သော လမ်းပေါ်မှ အရပ်သားတယောက်ပုံစံမျိုးဖြင့် အိမ်တံခါးဝသို့ရောက်လာသောအခါ တံခါးစောင့်များက မိမိတို့၏ဆရာသခင်များဖြစ်ကြသော ဗိုလ်မှူးချုပ်ကြီးမြေကြီးနှင့် ဗိုလ်မှူး ချုပ်ကြီးလေးလုံးညီတို့ကို လုံးဝအကြောင်းကြားပေးခြင်း၊ ဒုက္ခပေးခြင်း မပြုကြတော့ဘဲ မိမိတို့ သဘောအတိုင်း တံခါးဝမှ မောင်းထုတ်ခြင်းလည်းဖြစ်နိုင်၏။

ထို့ကြောင့် ငဆိုးထက်ခိုင်သည် သင်းတို့နှင့်ပတ်သက်သည့် သတင်းစကားမျိုးကို မကြား ရသည့်အရပ်ဒေသကို လှည့်လည်ရှာ၏။ ဘယ်နေရာမှမကြားရသည်မရှိ နေရာတိုင်း၌ တနည်း နည်းအမြဲကြားနေရ၏။ ကြားနေရခြင်းကလည်း သဘာဝကျ၏။ ရွှေဝါပြည်သားတယောက်သည် ရွှေဝါပြည်ထဲ၌နေလျှင် ရွှေဝါပြည်နှင့်ပတ်သက်သည့် အကြောင်းဖြစ်ရပ်တခုခုကိုကြားမည်သာ ဖြစ်၏။ မကြားဘူးဆိုလျှင် သဘာဝမကျ၊

ထိုအခါငဆိုးထက်ခိုင်သည် မကြားရ မကြားနိုင်သော သို့မဟုတ် ကြားရလျှင်လည်း မသိနိုင် မခံစားနိုင် မဝေဖန်နိုင်သော နည်းလည်းတခုရှာ၏။ ထိုနည်းကား ကြားရသည်ဖြစ်စေ မကြားရသည်ဖြစ်စေ ဘယ်လိုမှမသိတော့ပြီးဖြစ်အောင် ရွှေဝါပြည်၏အရက်ဆိုင်တို့မှမထွက်ဘဲ မူးနေခြင်းဖြစ်၏။ ငဆိုးထက်ခိုင်သည် ဤအတိုင်းမူးနေခြင်းဖြင့် စိတ်၏ချမ်းသာခြင်း ကိုယ်၏ချမ်း သာခြင်းတို့ကို ရရှိနေလေသည်။

သို့သော်သိပ်မကြာလှ. . . .

တခုသောနေ့၌ ငဆိုးထက်ခိုင်အရက်မူးနေသည့် ပြည်သူ့စားတော်ဆက်တခုသို့ လူတယောက်ရောက်လာ၏။ ထိုသူကို ငဆိုးထက်ခိုင်မသိ။

သို့သော် ထိုလူကငဆိုးထက်ခိုင်ကိုသိ၏။ ထိုလူသည် ငဆိုးထက်ခိုင်ကို အရေးတကြီးဖြင့် မိမိနှင့်ယခုလိုက်ခဲ့ပါမည့်အကြောင်းပြော၏။

'နေပါအုံးဘာတုံး ကျနော်ကဘာပြုလို့ လိုက်ရမှာတုံး ခင်ဗျားကကျနော့်ကို ဘယ်တုန်းက သိလို့တုံး ကျနော်လဲခင်ဗျားကို တခါမှမသိခဲ့ရပါကလား. . .'

ထိုသူက ရင်းရင်းနှီးနှီးအမူအရာနှင့် ငဆိုးထက်ခိုင်ကို မိတ်ဆွေစပ်ပြ၏။ ထိုသူကား ရွှေဝါပြည်၏ စက်ရုံပိုင်ရှင်များအသင်းမှ ဥက္ကဋ္ဌဖြစ်၏။

စက်ရုံပိုင်ရှင်များအသင်း၏ ဥက္ကဋ္ဌသည် အလွန်အရေးကြီးလှသော အမူအရာဖြင့် ဗိုလ်မှူးချုပ် ငလုံးညီက အခေါ်ခိုင်း၍ရောက်လာရကြောင်း ယခုဗိုလ်မှူးချုပ်ငလုံးညီသည် ငဆိုးထက်ခိုင်အိမ်၌ စောင့်နေသည်မှာ ယခုလောက်ဆိုလျှင် ခုနှစ်မိခန့်ပင် ရှိလောက်ပြီဖြစ်၍ အလွန်အားနာဘို့ကောင်းကြောင်း ယခုလောက် ကြာကြာစောင့်နေရသည် ဖြစ်သောကြောင့် စိတ်ဆိုးလျှင်လည်း ဆိုးနေလိမ့်မည်ဖြစ်ကြောင်း ဟုပါ၍ ယခုချက်ခြင်း ထလိုက်ခဲ့ပါရန် အကြောင်းပြော၏။

စောစောက ဘာမျှ သေသေချာချာ မသိသေးမီက ငဆိုးထက်ခိုင်သည် ဘယ်သို့မျှ မလှုပ်ရှား။

ယခုပြည့်ပြည့်စုံစုံ သိလာရသောအခါမှ မိမိအားလာခေါ်သည့် စက်ရုံပိုင်ရှင်များအသင်း ဥက္ကဋ္ဌကြီးကို ရေရေလည်လည် သောက်မြင်ကပ်သွား၏။ ထို့ပြင်အဖြစ်သဲနေပုံကို ကြည့်လျက် လည်းတော်တော်မျက်စိစပါးမွေး စူးပစ်လိုက်၏။

အော်. . . . . ဟုတ်လား ဗိုလ်မှူးချုပ်ငလုံးညီက ကျနော့်အိမ်မှာ စောင့်နေသတဲ့လား၊ ဒီမှာ ခင်ဗျားမြင်တဲ့အတိုင်း ကျနော်မအားသေးဘူး တွေ့ချင်ရင် ဒီကိုလာခဲ့ပေါ့ဗျာ။

ခဏလေးပါဗျာ. . . လူကြီးတယောက်ကို ဒီလိုလုပ်တာမကောင်းပါဘူး၊ ခင်ဗျားဒီမှာ ဘာကိစ္စရှိနေသေးလို့လဲ။

မတွေ့ဘူးလားဗျ ဒီမှာအရက်သောက်နေတဲ့ဟာ၊

စက်ရုံပိုင်ရှင်များအသင်းဥက္ကဋ္ဌကြီးက အတော်မျက်နှာပျက်သွား၏။ တမင်စော်ကား မော်ကားပြောနေသည်ဟုလည်း ထင်၏။ သို့သော် ကုန်သည်ပြီပြီသည်းခံလျက် ငဆိုးထက်ခိုင်၏ မျက်နှာကို ရင်းနှီးဟန်နှင့်ကြည့်သည်။

ထပါဗျာ လူကြီးတယောက်ကို ဒီလိုလုပ်တာ မကောင်းပါဘူး။

'အား. . ဘယ်သူကလူကြီးလဲ၊ ကျနော်ကသူ့ထက် နှစ်နှစ်ကြီးတယ်ဗျ၊ ဗိုလ်မှူးချုပ်ထက် မျက် ထက် တနှစ်ကြီးတယ်ဗျ၊ ကျနော်ကကြီးတာ ကျနော်ကလူကြီး အဲ

ခင်ဗျားဒါတွေပြောမနေ နဲ့ သောက်ချင်ယင် ဟောဒီမှာသောက် မသောက်ချင်ယင်လဲ ခင်ဗျားလူကိုသွားပြောလိုက်ဒါဘဲ. .'

'အရက်တော့ မသောက်ချင်ဘူးဗျာ. . . ဘီယာဘဲသောက်မယ်. . . .'

ငဆိုးထက်ခိုင်ကပြုံးရင်း ရွှေဝါပြည်ဖြစ် ဘီယာပေါ့တလုံးကိုမှာလိုက်၏။ ထို့နောက်ဝတ် ထားသော စိန်လက်စွပ်ကြီးနှင့်တကွ အဘိုးတန်အဝတ်အဆင်များကိုကြည့်၏၊ ထို့နောက်ပြုံးနေ သော ငဆိုးထက်ခိုင်၏ဝမ်းထဲမှ တွေးနေသည်။

သည်လူသည် ရွှေဝါပြည်၏အားအထားရဆုံးသော ထွက်ကုန်ပစ္စည်းများကို သိုလှောင် လျက် ခေတ်သစ်ရွှေဝါပြည်အစိုးရကိုပင်လျှင် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၌ ခြိမ်းခြောက်နေ ကြသူများထဲမှ တယောက်ဖြစ်၏။ တမိနစ်လျှင် ဝင်ငွေငါးကျပ်ခန့်ရှိလျက် တနေ့မှ သုံးနာရီခန့် သာအလုပ်လုပ်သူဖြစ်၏။ ထိုသူသည် ယခုအခါ မိမိတိုက်သော ရွှေဝါပြည်ဖြစ်ဘီယာကို မြိန်ရေယှက်ရေသောက်နေပါလေပြီ၊ မိမိကား တနေ့လုံးနေ၍ပင် ရေယှက်ရေသောက်နေပါလေ ပြီ။ မိမိကားတနေ့လုံးနေ၍ ဝင်ငွေတပြားမှရရှိသူမဟုတ် ဇနီးသယ်၏ရှာဖွေစာကို အားကိုးအား ထားပြု၍ စားသောက်နေထိုင်ရသူဖြစ်၏။ မိမိ၏အရဆုံးသော ဝင်ငွေစံချိန်သည် တခါတရံသော လ၌ ရွှေဝါပြည်ကျပ်သုံးစက္ကူ။ ၃၆၀– သာလျှင်အများဆုံးရှိ၏။

စက်ရုံပိုင်ရှင်များအသင်း ဥက္ကဌကြီးသည် ရွှေဝါပြည်ဖြစ်ဘီယာအပေါ့တပုလင်းကို ခဏကလေးနှင့် ချောအောင်မော့လိုက်၏။

သူကတိုင်းပြည်တာဝန်ကို ထမ်းဆောင်နေရတဲ့ လူမှတ်လားဗျာ. . . . သူက ကျနော်တို့ထက် အသက်ငယ်တဲ့ လူဖြစ်ပေမယ့် ကျနော်တို့က လေးလေးစားစားဆက်ဆံတာ ကောင်းပါတယ်။ ကျနော်တို့သွားကြရအောင်။

'အို. . တယ်ဟုတ်တဲ့အဘိဓမ္မာပါလား ဒီမှာသူကတိုင်းပြည်တာဝန် ထမ်းဆောင်ရတဲ့လူ ကျနော်တို့က တိုင်းသူပြည်သားတိုင်းပြည်တာဝန် ထမ်းဆောင်ရတဲ့ လူဆိုတာ ကုလားဖြူစကား နဲ့ 'ဆားဗစ်မင်း'အစေခံလူလို့ခေါ်တယ်၊ သူတို့ဟာပြည်သူ့အစေခံတွေ၊ ကျနော်တို့က ပြည်သူ တွေဗျ လေးစားခြင်း လေးစားယင် ပြည်သူ့အစေခံနဲ့ ပြည်သူ၊ ဘယ်သူက ဘယ်သူ့ကို လေးစား ကြရမှာလဲ။ ဒီမှာ ခင်ဗျားဘာပြုလို့ ဒါလောက်သယ်ထယ်ပိုးပိုးလုပ်နေတာလဲ၊ ခင်ဗျားဟာ ဗိုလ်မှူးချုပ်ငလုံးညီနဲ့ ပူးတွဲပူးတွဲလုပ်ရင်း ရွှေဝါပြည်သားပြီပြီ အင်မတန်အားနာတတ်တဲ့ ဗိုလ်မှူးချုပ်ငလုံးညီကို အကြောင်းပြုပြီး တခုခုအခွင့်အရေးယူနေတယ်ထင်တယ်၊ ဗိုလ်မှူးချုပ် ငလုံးညီနာမယ်ပျက်မယ် တခုခုဖြစ်မယ်ဆိုယင် ခင်ဗျားတို့ဝိုင်းနှိပ်စက်ကြလို့ဘဲ၊ ကျနော်တို့က ဘယ်တော့မှ အဲဒီလိုလဲမနှိပ်ဘူး။

အဲဒီလိုအလိုက်သင့်အနေသင့် လိုက် လိုက်ရောရောမနေဘူး သွားပြောချေဗျာ အရက် သောက်နေတယ် မအားသေးဘူး ပြီးမှလာမယ် မစောင့်နိုင်လဲပြန်သွားလို့. . .

ငဆိုးထက်ခိုင်သည် အနည်းငယ်မူး၍နေပေပြီ ထို့ကြောင့်လည်း အရက်မသောက်ရ သေးသော လူကောင်းတယောက်ကဲ့သို့ ဟန်ဆောင်မျိုသိပ်ထားမှုမျိုးမရှိဘဲ ပွင့်ပွင့်လင်းလင်း ရင်ထဲ၌ ရှိသည့်အတိုင်း ပြောချလိုက်ခြင်းဖြစ်သည်။

သို့ရာတွင် သိပ်မမူးသေးသောကြောင့် သိပ်မရိုးဖြောင့်သေး၊ ပို၍မူးလျှင်ကား အတူတူ ရဲဘော်ရဲဘက် အပေါင်းအသင်းအချင်းချင်း ဖြစ်ပါလျက် မိမိကတွေ့လိုမှတွေ့ရမည် မိမိက

မတွေ့လိုလျှင် တွေ့ခွင့်မရသော သူတယောက်ကို လိုက်ပါတွေ့ရန် လိုသေးသလားဟု မေးကောင်းမေးမိမည်ဖြစ်၏။ မေးလည်းမေးချင်နေ၏။

အကြောင်းမူ ငဆိုးထက်ခိုင်သည် ထိုသူတို့ကို ပေါင်းသင်းနေရာ၌ ထိုသူတို့၏ယူနီဖောင်း အဝတ်ကို ပေါင်းသင်းနေခြင်းလည်းမဟုတ် ထိုသူတို့၏ ရာထူးအဆင့်အတန်းကို ပေါင်းသင်းနေ ခြင်းလည်းမဟုတ် ထိုသူတို့၏ တန်ခိုးအာဏာကို ပေါင်းသင်းနေခြင်းလည်းမဟုတ် ထိုသူတို့ ရရှိ နေကြသော လခကြေးငွေကို ပေါင်းသင်းနေခြင်းလည်းမဟုတ် ထိုသူတို့၏ယူနီဖောင်း အဝတ်ကြီး မပါသော ထိုသူတို့၏တန်ခိုးအာဏာနှင့် လက်နက်များမပါသော ထိုသူတို့၏ရာထူးဂုဏ်သိရိမပါ သော ဘာမျှမပါသည့် ဗိုလ်မှူးချုပ်ငလုံးညီဟု အမည်တပ်ထားသည့် ကိုယ်လုံးတီးကြီးကိုသာလျှင် အပေါင်းအသင်းပြုလုပ်နေသူဖြစ်၏။

ထိုကိုယ်လုံးတီးကို ဗိုလ်မှူးချုပ်ငလုံးညီဟု နာမည်ဘက်သည်ဖြစ်စေ ထိုနာမည်သည် အရေးမကြီး ထိုသို့နာမည်တတ်သည့်ငလုံးညီဟူသော ကိုယ်ကောင်ကြီးနှင့် ဘာမျှမဆိုင်။

ငဆိုးထက်ခိုင် ပေါင်းသင်းနေခြင်းကား နာမည်ကိုမဟုတ်၊ ငလုံးညီဟူသော ကိုယ်ကောင် ကြီးကိုဖြစ်၏။ ထို့ကြောင့် ငဆိုးထက်ခိုင်သည် ငလုံးညီကိုမြင်ရာ၌ အပေါ်မှဖုံးထားသော ဘာထူး အဆင့်အတန်းကိုမျှ မမြင် ဗိုက်ရွှဲရွှဲဖြူပြာပြာကိုယ်လုံး ကိုယ်ထည်ကြီးကိုသာမြင်၏။ ထို့ကြောင့် ငလုံးညီနှင့် ပေါင်းသင်းဆက်ဆံရာ၌ အများတို့၏ရှေ့၌သာလျှင် အများအမြင်လှရုံ အတော်ချည်း ဟန်လုပ်အရိုအသေပေးနေရ၏။ တည့်တည့် ဆိုရသော်ငလုံးညီ၏ ယူနီဖောင်းအဝတ်ကြီးများ ရာထူးတံဆိပ်ကြီးများသည် ငဆိုးထက်ခိုင်ကို ရိုသေလေးစားလာအောင် မက်မောချစ်ခင်လာ အောင် မခြိမ်းခြောက်နိုင်ကြ။ ထို့ကြောင့်လည်း စက်ရုံပိုင်ရှင်များအသင်း၏ ဥက္ကဋ္ဌကြီးသည် ငဆိုးထက်ခိုင်မပါဘဲ ပြန်သွားရန်ခက်လျက် ငဆိုးထက်ခိုင် အရက်သောက်ပြီးသည်အထိ ထိုင်စောင့်ရင်း ရွှေဝါပြည်ဘီယာမှော်ပါတလုံးကို ထပ်စုတ်၏။

ဗိုလ်မှူးချုပ်ငလုံးညီ မျှော်လင့်ထားသည့်အတိုင်းပင် ငဆိုးထက်ခိုင်သည် တော်တော် ကလေးမူးလာ၏၊ ခဏမျှ မျက်နှာချင်းဆိုင်မိကြသည်နှင့် ပေါက်ကွဲထွက်တော့၏။ သို့သော် ရိုးနေပြီဖြစ်သော ဗိုလ်မှူးချုပ်ငလုံးညီကမူ အရယ်မှမပျက်သေး။

စက်ရုံပိုင်ရှင်များအသင်း၏ ဥက္ကဋ္ဌကြီးသည် ငဆိုးထက်ခိုင်ကိုထ, ရွက်ပစ်ချင်သော စိတ်တွေပေါ်နေ၏။ ထို့ပြင်ဗိုလ်မှူးချုပ်ငလုံးညီအတွက်လည်း ကြားမှနေလျက် အလွန်အားနာ နေ၏။ ဗိုလ်မှူးချုပ်ငလုံးညီက ဟန်ဆောင်နေခြင်းမဟုတ်ဘဲ တကယ်ရယ်ရယ်မောမောဖြင့် တမင်မပြောပြောအောင် ရန်စနေသည်ကို တွေ့သောအခါ မျက်နှာပူပူဖြင့် နှုတ်ဆက်ပြန်လာခဲ့ ၏။ ဤသည်ကား ငဆိုးထက်ခိုင်လိုလားသော ဖြစ်ရပ်ပင် ဖြစ်လေသည်။

ငဆိုးထက်ခိုင်သည် အိမ်ရှေ့တံခါးကိုပိတ်လိုက်၏။ ထို့နောက် ဗိုလ်မှူးချုပ်ငလုံးညီအား အကျႌနှင့်ဘိနပ်တို့ အချွတ်ခိုင်း၏။ ပြီးလျှင် ‘ထမင်းစားပြီးပလား’ ဟုမေး၏။

‘ဘာလုပ်မလို့လဲ. . . . ’

‘ခင်ဗျားကို ကျနော်ပြောချင်တဲ့ စကားတွေ အကုန်လုံးပြောပြရမယ်၊ အဲဒါတွေပြောချင် လွန်းလို့ ခင်ဗျားဆီကို အကြိမ်ကြိမ်လာတယ် ခင်ဗျားအဖူးမခံယုံမဟုတ်သေးဘူး၊ ခင်ဗျား အိမ်ဝမှာရှိတဲ့ အပေါက်စောင့်တွေကလဲ

လူကိုဖမ်းမချုပ်ရုံတမယ်ဘဲ တကယ်ဆိုတော့ ခင်ဗျားတို့ နားလည်ထားဘို့ ကောင်းတာက ဒီကောင်တွေဟာ ဒို့မှာဘာရာထူးကြီးရှိရှိ ဘာလုပ်ငန်းကြီးလုပ် လုပ် ဂရုစိုက်တဲ့အကောင်မျိုး သွားရည်ကျတဲ့အကောင်မျိုးမဟုတ်ဘူး. . .'

ဒို့ဆီကရာထူးလုပ်ငန်းတခုကို သူ့အရက်ဆိုင်ထဲမှာ အရက်တခွက် ထိုင်သောက်လိုက်ရ တဲ့ ဖိမ်လောက်တောင်မမက်မောဘူး ဒို့အတွက်ကူညီစရာရှိမှ ပြောပြစရာရှိမှ ရောက်လာတတ် တဲ့ကောင်မျိုးပါလားဆိုတာ ခင်ဗျားတို့ နားလည်ထားဘို့ကောင်းတယ်. . . .။

ခင်ဗျားတို့ကလဲ ဘယ်တော့မှနားမလည်ဘူး ဒီတော့ခင်ဗျားတို့ကို လာလာကပ်ပြီး အခွင့် အရေးယူနေကြတဲ့ လူတွေလာလာကပ်ပြီး မျက်နှာလုပ်နေကြတဲ့ လူတွေ၊ လာလာကပ်ပြီး ဂျောက်တွန်းနေကြတဲ့လူတွေ၊ လာလာကပ်ပြီး ဒုက္ခပေးနေကြတဲ့လူတွေ အဲဒီလူမျိုးနဲ့ကျနော့်ကို တန်းတူထားတယ်၊

အဲဒီတော့ ခင်ဗျားတို့အခုလို တခမ်းတနားနဲ့ ကြီးကြီးကျယ်ကျယ်ချည်း နေနေသေးသမျှ ကျနော်နောက်ကိုဘယ်ထော့မှ ခင်ဗျားတို့လူသိုက်ထဲက ဘယ်သူနဲ့မှမတွေ့တော့ဘူး။

ဒါကြောင့် အခု ခင်ဗျားတို့နဲ့ ပတ်သက်ပြီး ခင်ဗျားတို့သိသင့်သိထိုက် သိအပ်တဲ့ အကြောင်းတွေ ကျနော်တခါတည်း အကုန်ပြောပြလိုက်မယ်၊ အဲဒါကို ခင်ဗျားအပြီး နားထောင် သွား. . .

နားထောင်မယ်ဆိုယင်တော့ တော်တော်များများချည်းပြောရမှာမို့ အချိန်ကြာမယ် ခင်ဗျားထမင်းဆာနေမယ်၊ ဒီမှာထမင်းအရင်စားလိုက် နားမထောင်တော့ဘူးဆိုယင်လဲ ကိစ္စမရှိ ဘူး. . . ခင်ဗျားအခုပြန်ချင်လဲပြန်နိုင်တယ်။

'အမယ်ကိုယ့်လူ. . . ကြီးကြီးကျယ်ကျယ် သိပ်ဖင်ခေါင်းကျယ်မနေနဲ့၊ ကျုပ်က ခင်ဗျားလို အလုပ်မရှိ အကိုင်မရှိ အရက်ဆိုင်ထဲမှာမူးလဲနေတဲ့ လမ်းပေါ်ကလူမျိုးမဟုတ်ဖူး နားလည်လား ကျုပ်တို့က ရွှေဝါပြည်ကြီးတပြည်လုံးရဲ့ ဝတ္တရားကို နေ့မအားညမအား ထမ်းဆောင်နေရတဲ့ လူတွေ. . .

အဲဒီတော့ အမြဲတမ်းတိုင်ပင်ဆွေးနွေးနေကြတယ်၊ ဘယ်သူ့ကိုမှ လက်ခံပြီးစကားပြောဘို့ အချိန်မရဘူး၊ တခါတလေ ကိုယ်လုပ်နေတဲ့ အလုပ်ကိစ္စနဲ့ ပတ်သက်တာကိုတောင် ကိုယ့်လက် အောက်မှကပ်နေတဲ့လူက စကားတခွန်းမေးဘို့အတွက် နှစ်ရက်လောက် စောင့်နေရတယ် သိလား၊ တခါတလေ ကျုပ်တို့တနေ့လုံးထမင်းမစားမိတာ နောက်တနေ့မနက်မှ သတိရတယ်၊ အဲဒီတော့ ဘယ်သူ့မှ အတွေ့မခံနိုင်ဘူး အဲဒါဘယ့်နှယ်တတ်နိုင်မလဲ ခင်ဗျားအဘကြီးမှ. . . . .

ဗိုလ်မှူးချုပ်လေးလုံးညီသည် ပြောပြောဆိုဆို ဘိနပ်နှင့်အကျႌကိုချွတ်၏။ ထို့နောက်စားဘွယ် သောက်ဘွယ် ပြင်ဆင်နေသော အိုထက်လှအား ဆန်ပြုတ်တခွက်ဝယ်စေ၍ ဆန်ပြုတ်သောက် နေရာမှ ငဆိုးထက်ခိုင်ကို လှမ်းကြည့်၏။

'ခင်ဗျားကော ဘာမှမစားဘူးလား. . .'

'ကျနော် ညစာမစားဘူး လူကောင်ဝရင် လေးမှာစိုးလို့'

'ခင်ဗျား ကျန်းမာရေး ဂရုစိုက်သားဘဲ၊ ဒီလိုကျန်းမာရေးဂရုစိုက်တဲ့လူက ဘာလို့ အရက် သောက်သလဲ. .'

'အရက်ဆိုတာ အရက်နဲ့ထိုက်တန်တဲ့လူတွေအတွက် အဟာရလည်းဖြစ်၊ ဆေးလည်းဖြစ် ပျော်ရွှင်မှုလည်း ဖြစ်တယ်ဆိုတာ ခင်ဗျားတို့လို အရက်နဲ့မထိုက်တန်တဲ့လူတွေ နားမလည်ပါဘူး ကဲ. . . အဲဒါတွေထား၊ ကျနော်ခင်ဗျားကိုပြောချင်တာက ကျနော့်ကိစ္စမဟုတ်ပါဘူး ခင်ဗျားတို့ကိစ္စ ခင်ဗျားတို့အတွက် ပြောမှာ နောက်ကိုခင်ဗျားတို့ကလာမတွေ့ဘဲနဲ့ ကျနော်လဲ ဘယ်တော့မှ ခင်ဗျားတို့နဲ့မတွေ့တော့ဘူး အဲဒါဘဲ. . .'

'ကိုယ့်လူ သိပ်လေကျယ်မနေနဲ့ ခင်ဗျား မတွေ့တော့ကောဘာပြုအုံးမလဲ၊ ကျုပ်တို့က အစကတည်းက ခင်ဗျားနဲ့ တွေ့ပြီးမှအလုပ်လုပ်နေရလို့လား. . .'

'ဒီမှာ ကိုယ်ငလုံးညီ ခင်ဗျားအဲဒီစကားမျိုးတော့ မပြောနဲ့၊ ခင်ဗျားတို့ဟာ ခင်ဗျားတို့ အလုပ်လုပ်နေကြတာကို ကျနော်သိတယ်၊ ကျနော်လဲ ခင်ဗျားတို့လိုတာဝန်ယူနေရမယ်ဆိုယင် ခင်ဗျားတို့လို အလုပ်လုပ်နေရမှာဘဲ၊ အခု တာဝန်မှမယူတော့ဘဲ၊ ဒါပေမဲ့ အပြင်ကနေပြီး ကြည့်နေရတော့ ခင်ဗျားတို့ဒုက္ခတွေကို မြင်နေလို့ တိုင်းပြည်နဲ့လဲပတ်သက်နေလို့ လုပ်ဖော်လုပ်ဖက် ဟောင်းတယောက်အနေနဲ့ အပြင်ကမြင်နေရတဲ့ အမြင်ကိုပြောပြချင်လို့၊ ခင်ဗျားက မလိုဘူး ထင်ယင် မပြောဘူးဗျာ. . . .'

'မပြောလဲနေပေါ့ဗျ ဘာပြုသေးသလဲ. . .'

ငဆိုးထက်ခိုင်သည် မည်သို့မျှ ပြန်မပြောတော့ဘဲ နေရာမှထ,လျက် အရက်ဗူးကိုဖွင့်၏။

ဗိုလ်မှူးချုပ်ငလုံးညီကမူ ငဆိုးထက်ခိုင်၏ မယားအိုထက်လှကို ဆန်ပြုတ်ပန်းကန် ပြန်ပေးလိုက်ပြီးနောက် လဘက်ရည်ကြမ်းနဲ့ လဘက်သုတ်လုပ်ပေးခိုင်းနေ၏။

ထို့နောက် ငဆိုးထက်ခိုင်၏ ကလေးတွေကို ခေါ်ယူလျက်ကျောင်း၌သင်ရသော စာများကိုမေး၏။ ငါးပါးသီလအကြောင်းကိုမေး၏။ ရွှေဝါပြည်သူပြည်သားတိုင်း ရတနာသုံးပါးနှင့် ငါးပါးသီလကိုသိရမည် စောင့်ထိမ်းရမည်ဟုဆို၏။

ညည်းတို့ကော ငါးပါးသီလမစောင့်ဘူးလားဟု ကလေးတွေကိုမေး၏။ ကလေးတွေက ခေါင်းခါ၏။

ညည်းတို့ဒါဖြင့် ပိုးကောင်ကလေးတွေ ဘာတွေသတ်တာပေါ့၊ ငါးပါးသီလထဲမှာ သူများ အသက်သတ်ယင် ငရဲကြီးတယ် ညည်းတို့မကြောက်ဘူးလား သူများအသက်မသတ်ရဖူး'

ကလေးတို့ကပြောကြ၏။ သူများအသက်ကိုမသတ်ဘဲနေတာဟာ ကိုယ့်ကိုငရဲအကြီးခံရ မှာကြောက်လို့ မသတ်ပဲနေယင် ဘယ်ကောင်းမလဲ ကိုယ်အသက်ခံရမှာကြောက်သလို သူများလဲ ကြောက်လိမ့်မယ်လို့တွေးပြီး သနားတာနဲ့ ကိုယ်ချင်းစာပြီးမသတ်ပဲနေကြတာမှ ကောင်းမှာပေါ့၊ ကျမတို့တော့ ကိုယ်ချင်းစာလို့ ဘာဘတို့လိုငရဲကြီးမှာကြောက်လို့ မဟုတ်ပေါင်၊ ဒါဖြင့် ဘာဘတို့ ကငရဲမကြီးဘူး ငရဲကြီးမခံရဘူးဆိုရင် သတ်မှာပေါ့. . .

'သူများအသက်သတ်တဲ့နောက် ငရဲမကြီးဘဲနေမလား၊ အမြဲငရဲကြီးမှာပေါ့ဟ။ ဒီတော့ အမြဲတမ်းဘယ်တော့မှ သူများအသတ်မသတ်ဘူး နင်တို့တော့ခက်ပြီ နင့်အဖေဒီငှဲ အရက်သမား အယူတွေ ကူးစက်ကုန်ပါပြီ ခက်တာပါဘဲ. . .'

'ဘာဘ –ဘာဘဒိဋ္ဌိဆိုတာဘာလဲ. . . . '

'ဒိဋ္ဌိဆိုတာနင့်အဖေလိုလူမျိုးကိုပြောတာ. . . . '

'အင်း. . . ဟုတ်လဲဟုတ်ဖဲနဲ့ ဘာဘဖြီးနေတာ ဒိဋ္ဌိဆိုတာ အားလုံးဒိဋ္ဌိချည်းဘဲ ဘုရားလဲ ဒိဋ္ဌိဘဲ၊ ကျမတို့လဲဒိဋ္ဌိဘဲ ဘာဘလဲဒိဋ္ဌိဘဲ အားလုံးဒိဋ္ဌိ. . . '

'ဟဲ့. . . . ဟဲ့. . . . တယ် ဒီကောင်မလေးတွေတော့ ခက်ပါဘီနင့်အဖေအရက်သမားနဲ့နေရင် နင်တို့တော့ဒုက္ခပါဘဲ ငရဲမတွေကြီးကုန်တော့မယ်. . . . '

'ဘာလို့ကြီးရမှာလဲ ဘာဘကသိလဲသိဘဲနဲ့ ဖြီးနေတာ. . . '

'ဘာလို့မသိရမှာလဲ နင်တို့ကောသိလို့လား. . . '

'သိတယ်. . . သိတယ်. . . . သိတာပေါ့

ကလေးတွေက အလုအယက်တသန်တည်း ဝိုင်းအုံ၍အဖြေပေးလိုက်၏။ ငဆိုးထက်ခိုင် ကမူ မည်သို့မျှဝင်ရောက် မစွက်ဖက်ဘဲ မိမိအရက်ခွက်နှင့်မိမိ ခပ်လှမ်းလှမ်း ငြိမ်သက်နေသည်။

ကလေးချစ်တတ်သော ဗိုလ်မှူးချုပ်လေးလုံးညီသည် အငယ်ကောင်ကိုပေါင်ပေါ် ဆွဲပွေ့ယူ လိုက်ပြီး ကဲညည်းပြော၊ ညည်းတို့တတွေကနေကြအုံး. . ဟုအငယ်ကိုမေးလျက် အကြီးကောင်တို့ ကိုတားဆီးထားသည်။

'ဒိဋ္ဌိဆိုတာ ရွှေဝါပြည်သားတွေစကားလဲမှုတ်ဖူး ရွှေဝါပြည်သားတွေစာလဲမှုတ်ဖူး. . . '

'ပြောပါအုံး ဒါဖြင့်ဘာသူ့စာလဲ. . . . '

'ကုလားတွေစာ. . . . '

'ကုလားတွေစာ ဒို့တွေ့ဘူးသားဘဲ တူလို့လား ဒို့ရွှေဝါပြည်မှာ ကုလားကျောင်းတွေကို ပြေ့လို့ ဒီစာကို ကုလားစာလို့ တခါမှမတွေ့ဘူးပေါင်. . . '

''ဘာဘကလဲ ပြောနေတာနားထောင်ပါအုံး ရွှေဝါပြည်သားတွေဆီ ရောက်လာပြီး စာလုံး တွေက တဖြည်းဖြည်းပြောင်းကုန်လို့ အစကတည်းက ကုလားစာ. . . . '

နင်ကလဲ အဲဒီလိုမှုတ်ပါဖူးဟဲ့ ဒို့ရွှေဝါပြည်သားတွေမှာ အစကတည်းက စာရှိပါတယ် ဒါပေမဲ့မပြည့်စုံဖူး အဲဒီစာနဲ့ကုလားပြည်ကရောက်လာတဲက စာတွေနဲ့ပေါင်းပြီးမှ အခုဒို့စာတွေ ပြည့်စုံလာတာ ဒို့ပြောတဲ့စကား ဆယ်ခွန်းပြောရင် သုံးခွန်းလောက်အထဲမှာ ကုလားအခေါ်တွေ ပါတယ်. . . '

'ဟင့်အင်း ညည်းဝင်ဝင်မပြောပါနဲ့ ငါပြောပ့ါမယ် ဘာဘငါ့ကိုမေးတာ. . . '

အငယ်လတ်မက ဝင်ရောက်ဖြည့်စွက်ပြောခြင်းကို မခံမရပ်နိုင်သဖြင့် အငယ်မကာ ရန်ထောင်၏။

'အေးဟုတ်တယ်. . . ဟုတ်တယ်. . . ညည်းတို့မပြောကြနဲ့ ညည်းတို့တတွေ ဘယ်လောက် ပျက်စီးနေကြတယ်ဆိုတာ သူ့ကိုပဒါးအချိန်အဖြစ်နဲ့ ခန့်မှန်းကြည့်ရမယ်. . . . '

'အမယ်. . . . ပျက်စီးနေတာက ကျမတို့မဟုတ်ပါဘူး ဘာဘတို့နဲ့ ရွှေဝါပြည်ကြီးတပြည်လုံး ပျက်စီးနေတာ. . . '

'ဘယ်ဟုတ်ရမလဲ ပျက်စီးတာက ညည်းအဖေအရက်သမားမှ ပျက်စီးနေတာ ဒို့ကပျက်စီး တာမှုတ်ဖူး. . . . '

‘ဟုတ်လိမ့်မယ်. . အားကြီးဟုတ်လိမ့်မယ် အရက်သောက်တာက ပျက်စီးတာမှတ်ဖူး ဘဘတို့လို အတွေးအခေါ်ယိုယွင်းနေတဲ့ လူတွေကမှ တကယ်ပျက်စီးတာ နလံကိုမထူနိုင်အောင်ပျက်စီးတာလလား. . ’

‘ကြည့်စမ်းကြည့်စမ်း လူပါးဝလိုက်တာ စကားလုံးတွေက ကြီးကြီးကျယ်ကျယ်နဲ့ ကဲပြော စမ်းပါအုံး ဒို့ကဘယ်လို အတွေးအခေါ်ယိုယွင်းနေလို့တုံး. . . . ’

ကလေးချစ်တတ်သော ဗိုလ်မှူးချုပ်လေးလုံးညီသည် ကလေးငယ်များကို ‘ညည်းနှင့်အေ’ နှင့် စကားနိုင်လုနေရာမှ ငဆိုးထက်ခိုင်၏သမီး အငယ်ကောင်မက တွယ်လိုက်သောကြောင့် ဖျစ်ညှစ် ပွေ့လိုက်ရင်း သဘောကျသွား၏။ အငယ်ကောင်မသည် ဗိုလ်မှူးချုပ်လေးလုံးညီကလက်ထဲမှ လျှော့ချလိုက်သည်နှင့် ရန်ထောင်သံဖြင့်စကားဆက်၏။

အတွေးအခေါ်ယိုယွင်းတယ်ဆိုတာ ခုနကကျမတို့ကို ဒိဋ္ဌိလို့ သိလဲသိဘဲနဲ့ ပြောပြောနေတာမျိုး. . . ’

‘ဒါဖြင့် ညည်းကကောသိလို့လား. . . . မသိလို့မပြောနိုင်တာနဲ့ ဒို့ကိုရန်ထောင်နေတာ. . . ’

‘သိတယ်. . . ဘာလို့ မသိရတာလဲ ဒိဋ္ဌိဆိုတာ ရွှေဝါပြည်သားတွေပြောတဲ့ စကားမဟုတ် ဖူး၊ ကုလားမြေမှာ ရေးတုံးကသုံးကြတဲ့ ကုလားစာတွေထဲက စကား မြင်တာကိုပြောတာ၊ မြင်သလိုသိတယ် မျက်စိနဲ့မြင်ရသလို ယုံကြည်တယ်လို့ ပြောတာမြင်တယ် မြင်သလိုသိတယ်၊ မြင်သလိုယုံတယ် အဲဒါ၊ ဘသူမဆို ကိုယ်ကြိုက်သလို သိယင်ယုံယင် ဒိဋ္ဌိချည်းဘဲ၊ ဘုရားလဲ ဘယ်ဘုရားဖြစ်ဖြစ်ဒိဋ္ဌိကြီးဘဲ။ ကျမတို့လဲဒိဋ္ဌိဘဲ၊ ကောင်းတာကိုမြင်ရသလို ယုံတဲ့လူဟာ ကောင်းတဲ့ဒိဋ္ဌိ၊ ဆိုးတာကိုမြင်ရသလို ယုံတဲ့လူဟာ ဆိုးတဲ့ဒိဋ္ဌိ အဲဒါက လူတွေကခေါ်ကြတာ၊ ဒါပေမဲ့ ကောင်းတယ် ဆိုးတယ်ဆိုတာ ဘယ်ဟာမှမမှန်လုံး။ ကိုယ့်အကြိုက်နဲ့ ကိုယ်ပြောကြတာ အဲဒါ. . . ကဲ သိပလား။

ဗိုလ်မှူးချုပ်လေးလုံးသည် မိမိရင်ခွင်၌ ထိုင်နေသော ကလေးငယ်ကို မျက်လုံးအပြူးသားနှင့် ကြည့်နေ၏။ တော်တော်နှင့် စကားမပြောနိုင်။

‘ကဲ. . . သွားပါဘီ နင်ကတောင် ဒီလိုပြောနေယင် ဒီအိမ်တော့သွားပါဘီ. . . နေအုံး. . . အခု ညည်းပြောနေတဲ့ စကားတွေ ညည်းကိုယ်တိုင်တကယ်သိလို့လား နှုတ်တိုက်ရထားတာတွေ လျှောက်ရွတ်နေတာလား. . . . ကဲ. . . . ပြောစမ်း. . . . ’

‘ဘာလဲ နှုတ်တိုက်ဆိုတာ. . . . ’

‘ဟောတော် ညည်းနှုတ်တိုက်တော့မသိဖူး ဒိဋ္ဌိတော့သိတယ်. . . . ’

‘ဒိဋ္ဌိက အဖေရှင်းပြောပြတာကိုး။ ဒါဖြင့် ဘဘက ‘နှုတ်တိုက်’ ဆိုတာ အခုရှင်းပြောပြ. . . ’

‘ဟဲ့. . . နှုတ်တိုက်ဆိုတာ နှုတ်တိုက်ပေါ့ ဘာရှင်းပြောပြဘို့ လိုနေသေးသလဲ။ ညည်းပါးစပ် ထဲရနေတာကို အဓိပ္ပါယ်သိသိ မသိသိ လျှောက်ရွတ်နေတာကိုပြောတာ. . . . ’

‘ဒီလို လျှောက်ရွတ်နေတာကို ဘာပြုလို့ ‘နှုတ်တိုက်’ လို့ခေါ်တာလဲ. . . . ’

‘နှုတ်တိုက်မို့လို့ နှုတ်တိုက်ခေါ်တာပေါ့၊ ညည်းဝမ်းထဲက သိသိမသိသိ ပါးစပ်ထဲက ရတာကို လျှောက်ရွတ်နေတာကို ပြောရလွယ်အောင် ‘နှုတ်တိုက်’ လို့နာမည်တတ်ပေးလိုက်တာ ကဲသိပလား. . . ’

'အဲဒါကို လာပြုလို့'နှုတ်တိုက်'လို့ နာမည်တတ်ရတာလဲ 'အရမ်းလျှောက်ရွတ်'လို့ နာမည် တတ်လိုက်ပါလား. . .'

'ကဲ. . အဲဒါတော့ ညည်းအဖေဘဲ ညည်းမေးပေတော့၊ ငါတော့မပြောတတ်ဖူး၊ ဒီမှာလာပါ အုံးဗျ၊ ခင်ဗျားသမီးကမေးနေတယ် ပြောပြလှည့်ပါအုံး ကျုပ်တော့ မပြောတတ်တော့ဘူး' ဗိုလ်မှူးချုပ်ငလုံးညီ လှမ်းအော်လိုက်ရာမှာ ရင်ခွင်ထဲက ကလေးကိုလည်း 'သွား ညည်းအဖေကို ဆွဲခေါ်လာခဲ့'ဟု ပြော၏။

ကလေးကလည်း မည်သို့မျှမလှုပ်၊ ငဆိုးထက်ခိုင်ကလည်း မည်သို့မျှမလှုပ်။

'သွားလေ သွား ညည်းအဖေကို သွားခေါ်ချေ'

ဗိုလ်မှူးချုပ်ငလုံးညီသည် ကလေးကို တိုက်တွန်းရာမှ ငဆိုးထက်ခိုင်ကို အတင်းလှမ်းခေါ် ၏။

'ကဲ. . လာပါဗျာ ကျနော်တို့နဲ့ပတ်သက်တဲ့ စကားတွေမပြောချင်လဲ ကလေးသိချင်တဲ့ စကားတွေတော့ ပြောပြပါအုံး။ ကျနော်တို့လဲ နားထောင်ချင်ပါတယ် လုပ်ပါ။

ငဆိုးထက်ခိုင်သည် အရက်ကို သောက်မြဲသောက်နေ၏။ ငဆိုးထက်ခိုင်၏ မျက်နှာ၌ လည်း အတော်စိတ်ထိခိုက်နေသော အရိပ်အယောင်ပေါ်နေ၏။ ဗိုလ်မှူးချုပ်ငလုံးညီသည် အိုထက်လှ၏ဘက်သို့လှည့်လိုက်၏။

'ခင်ဗျားယောက်ျား ဒီလိုဘဲသောက်သလား၊ အဒီအရက်တွေဟာ မကောင်းဘူး ဥပါဒ်ဖြစ် တယ်။ ဒီအတိုင်းဆိုယင် တဖြေးဖြေးကျန်းမာရေးထိခိုက်လာမှာဘဲ၊ ကဲ. . . ခေါ်စမ်းပါအုံး'

ဗိုလ်မှူးချုပ်ငလုံးညီက အတင်းခေါ်ခိုင်းနေသောကြောင့် အိုထက်လှသည် ငဆိုးထက်ခိုင် အနီးသို့ကပ်၍ တိုးတိုးခေါ်၏။

'အားနာစရာကြီးတော် အချင်းချင်းတွေမို့ တမင်စတဲ့ဟာကိုး. . . .'

'စတာ ဒီလိုစရသလားကွ၊ ဒါငါ့သိက္ခာကိုထိခိုက်တယ်. . .'

'သိက္ခာမဟုတ်ပါဘူး ခင်ဗျား အဲဒီလိုကြောက်မနေစမ်းပါနဲ့ ရဲရဲပြောလိုက်စမ်းပါ ခင်ဗျား မာနကို ထိခိုက်နေတယ်မှတ်လား ခင်ဗျားက ခင်ဗျားဟာ ခင်ဗျားကိုယ့်အိမ်ခေါင်းထဲမှာ တယောက်ထဲနေပြီး လူတကာနဲ့ မတည့် လူတကာနဲ့ ရန်ဖြစ် ငါ့ဟာငါ တယောက်ထဲနေမယ်၊ တယောက်ထဲ ဟုတ်မယ်ဆိုပြီး မာနကြီးနေတဲ့ လူမဟုတ်ဖူးလား. . . ကဲ။

လှမ်းအော်ပြောနေသော ဗိုလ်မှူးချုပ်ငလုံးညီကိုလှည့်၍ မကြည့်ဘဲ အရက်တခွက်ကို မော့ချလိုက်၏။ ငဆိုးထက်ခိုင်၏ မျက်နှာသည် နီမြန်းလျက်အဆီပြန်နေသည်။ ငလုံးညီက ငဆိုးထက်ခိုင်၏ဘက်မှ မျက်နှာလှည့်လာ၏။

'အေးလေ ကျုပ်ကဧည့်သည် ခင်ဗျားအိမ်ရှင်ဘဲ ပီးတော့ရင်းရင်းနှီးနှီးမို့ တမင်ပြောတာ ဘဲ ခင်ဗျားဘာတွေ လုပ်လာတယ် ဘယ့်လောက်တာဝန်ကြီးတွေ ဆောင်ရွက်တည်ထောင်လာ တယ်ဆိုတာ ကျုပ်မသိတာမှမဟုတ်ပဲ သိနေသားဘဲ ခင်ဗျားက ဒီလိုလုပ်လာခဲ့ဖူးတဲ့ လူတယောက်အမြင်နဲ့ ပြောချင်နေတယ် ကျုပ်က ခင်ဗျားဘယ်လောက်ပြောချင်နေတယ် ဘယ်လောက်စေတနာရှိတယ်ဆိုတာကို သိလို့ တမင်မပြောအောင်စ,တယ် ကျုပ်ထင်တာက ကျုပ်ဘယ်လို စ,စ,

ခင်ဗျားပြောလိမ့်မယ်ထင်တာ အခုတော့ ခင်ဗျားကတကယ်မပြောဖူး ကဲ မပြောချင်လဲနေတော့ဗျာ မတတ်နိုင်ဖူး. . .'

တအိမ်လုံးတိတ်ဆိတ်သွား၏။ ဗိုလ်မှူးချုပ် ငလုံးညီသည်အိမ်ရှေ့ဝရံတာ၌ ကလေးတွေ နှင့်အတူ လမ်းမဘက်သို့ကြည့်နေ၏။ လမ်းပေါ်၌ လူရှင်းလျက်ရှိသည်။ လမ်းဓါတ်မီးရောင်တွင် ပိုးကောင်များ မှောက်ထားသော 'ကတော့ခွက်' ကဲ့သို့ရှိနေကြ၏။ ငဆိုးထက်ခိုင်သည် ဝရံတာရှိ ရာသို့ ရောက်လာကာ တိတ်တိတ်ဆိတ်ဆိတ်ထိုင်၏။

ဗိုလ်မှူးချုပ်ငလုံးညီ၏ရင်ခွင်တည်းရှိ အငယ်ကောင်မက လှည့်ကြည့်လိုက်သည်။

'အဖေ နှုတ်တိုက်ဆိုတာ ဘာလို့'နှုတ်တိုက်' ခေါ်ရတာတုံး. . . . .'

'နှုတ်ဆိုတာ ပါးစပ်ကိုခေါ်တာ နှုတ်ခမ်းနှစ်ခု၊ နှုတ်သီး၊ အဲဒီကနှုတ်ပဲ နှုတ်သီးစွာတယ်ဆို ရင် 'စွာ' ဆိုတာက ရှေ့ကိုတိုးထွက်နေတာကို စွာလို့ခေါ်တယ် စွန်းတွက်တာ နှုတ်သီးစွာတယ်ဆို တာ နှုတ်သီး နှုတ်ခမ်းကစကားတွေ စွန်းထွက်လာတာ စွာထွက်လာတာ ပါးစပ်က ခဏခဏ ကျယ်ကျယ်လောင်လောင်နဲ့ စကားပြောတဲ့လူ တခြားလူတွေကို ထိခိုက်အောင်ပြောတတ်တဲ့လူ အဲဒီလူတွေကို နှုတ်သီးစွာတဲ့လူ။

အဲဒီတော့ 'နှုတ်ဆိုတာ ပါးစပ်ဆိုတာက တခုနဲ့တခုထိအောင် ဆိုင်အောင်ပြုတာ ယှဉ်ကြည့်တာ အဲဒါဟာတိုက်တာဘဲ မော်တော်ကားဆိုက်တယ်ဆိုရင် ကားနှစ်စင်းတခုနဲ့တခု တိုက်တာထိတာ စာချင်းတိုက်ကြည့်တယ်ဆိုရင် ရေးထားတဲ့စာမူနှစ်ခုကို တခုနဲ့တခုယှဉ်ပြီး မှန်မမှန်ထိနေသလို ဖြစ်အောင် ကြည့်တာကိုတိုက်တာ အဲဒီတော့ 'နှုတ်' ဆိုတာ စာနဲ့သင်တာ မဟုတ်ပဲ တယောက်ကပါးစပ်နဲ့ရွတ်တာကို တယောက်ကလဲ ပါးစပ်နဲ့လိုက်ရွတ်ပြီး ရအောင် တိုက်ယူတာ အဲဒါကို နှုတ်တိုက်ခေါ်တယ်. . . .။

'ရှေးတုံးက ကုလားပြည်မှာ စာလုံးတွေ ပေါ်လာပေမယ့် လူတိုင်းကလက်မခံကြဘူး နှုတ်တိုက်ရွတ်ကြတာ. . . နှုတ်တိုက် အဓိပ္ပာယ်ရှင်းကြတာများတယ် ဒို့ရွှေဝါပြည်သားတွေ ကိုးကွယ် တဲ့ ဗုဒ္ဓမိန့်ဆိုချက်တွေကိုတောင် စာနဲ့မှတ်ထားခြင်းရေးထားခြင်း မရှိကြဘူး. . . .'

ဗုဒ္ဓနိဗ္ဗာန်စံပြီးနောက် နှစ်ပေါင်း ၄၅၀–ကြာမှ သီဟိုဠ်ကျွန်း မလယရွာနားက အာသောက ဆိုတဲ့ လိုဏ်ဂူမှာ ပထမဆုံး ဗုဒ္ဓမိန့်ဆိုချက်လို့ ယုံကြည်လက်ခံထားတဲ့စာတွေကို ပေရွက်ပေါ် မှာ စာနဲ့ရေးမှတ်ကြတယ်၊ ဟုတ်မဟုတ် မှန်မမှန်ကိုစုပေါင်း စစ်ဆေးကြည့်ကြတယ်၊ အဲဒီအချိန် မတိုင်မီကဆိုရင် ဒို့ရွှေဝါပြည်သားတွေကိုးကွယ်တဲ့ ဗုဒ္ဓရဲ့မိန့်မြွက်ချက်တွေဟာ စာနဲ့ပေနဲ့မရှိခဲ့ ဖူး. . . .'

'ဒါဖြင့် နှုတ်တိုက်ဆိုတာ ကြက်တူရွေးစကားပြောသလို ဘာမှအဓိပ္ပာယ်မသိဘဲနဲ့ ဟုတ်ဟုတ်မဟုတ်ဟုတ် လျှောက်ရွတ်နေတာမျိုး မဟုတ်ဖူးပေါ့. . .'

ဗိုလ်မှူးချုပ်ငလုံးညီက ဝင်ထောက်၍ မေးလိုက်ခြင်းဖြစ်၏။

'ဘယ်ဟုတ်မလဲဗျ အရှင်းကလေးဘဲ နှုတ်တိုက်ဆိုတာ ပါးစပ်ချင်းတိုက် နှုတ်ချင်းတိုက်ပြီး စာတွေပေတွေ မကြည့်ဘဲ အလွတ်သင်တာ ဒီလိုအလွတ်သင်ပေမယ့် အဓိပ္ပာယ်သိချင်လဲ သိမှာ ပေါ့ မသိချင်လဲမသိဖူးပေါ့ ကျနော့်အထင်တော့ ခင်ဗျားတို့ ဗုဒ္ဓကိုယ်တိုင် စာတတ်ချင်မှတတ်မှာ တတ်တယ် ထားဦးစာတွေပေတွေ သိပ်ဝါသနာပါပုံမရဖူး နှုတ်တိုက်ပြော နှုတ်တိုက်သင်တာနဲ့ တူတယ်. . .'

'ကဲ မဖြစ်ဖူး မဖြစ်ဖူးခင်ဗျားဟာ ဒီစကားမျိုးတွေ ပြောလိုက်တာနဲ့ အမြဲတမ်းဖောက်လာ လေ့ရှိတယ် အဲဒီတော့ အခုစကားဖြတ်လိုက်တော့ စောစောက ခင်ဗျားပြောချင်လှချေရဲ့ဆိုတဲ့ စကားကိုဆက်ပြော၊ ကျုပ်အဲဒါကို နားထောင်ရအောင် တမင်စောင့်နေတာ အခု ခင်ဗျားကို ကျုပ်ပြောခွင့်ပေးလိုက်ပြီ. . . .'

ငဆိုးထက်ခိုင်သည် ဗိုလ်မှူးချုပ်လေးလုံးညီဘက်သို့ စွေကြည့်လိုက်၏။

'ခင်ဗျား တော်တော်မကောင်းတဲ့လူဗျာ၊ ကျနော်ပြောမဲ့ဟာတောင် မပြောချင်အောင် လုပ်ပစ်တယ်'

'အဲဒါ ခင်ဗျားအထင်သက်သက်ထွဲနေတာဘဲ။ ကျုပ်ကခင်ဗျားကို ပြောချင်အောင် တမင် လုပ်နေတာ ပြောခွင့်ပေးထားပါပြီဆိုမှ၊ ဒါထက်ပြောချင်အောင် ဘယ့်နှယ်လုပ်ရမှာလဲ'

'တော်ဗျာ ခင်ဗျားတို့အလကားဘဲ'

'ဘယ့်နဲ့ အလကားရမှာလဲ၊ အလကားမဟုတ်ယင် ပိုက်ဆံပေးရမှာလား၊ ကဲ. . . ပိုက်ဆံပေး ဆိုယင် ပေးမယ်ပြော'

ငဆိုးထက်ခိုင်သည် မလှုပ်မရှားဘဲငြိမ်နေ၏။ အတော်ကြာအောင် အားလုံးငြိမ်သက်သွား ၏။ ဗိုလ်မှူးချုပ်လေးလုံးညီက လက်ပတ်နာရီကို ထောင်ကြည့်လိုက်သည်။

ကဲ. . . . ပြောမှာဖြင့်ပြောဗျာ. . . . ကျုပ်တို့က ခင်ဗျားလို အလုပ်လက်မဲ့ဟုတ်ဖူး၊ တနေ့လုံး တနေ့လုံးအလုပ်ကြီးတွေ အမျိုးမျိုးထဲမှာ ပြေးလွှားနစ်နေရတာ၊

'ကဲ ပြောမယ်ဗျာ ကျနော် နောက်ကိုလဲ ဘယ်တော့မှမပြောဘူး အားလုံး အိပ်သွန် ဖာမှောက်ပြောပြမယ်'

'ပြောစေ. . . အတားအဆီးမရှိ မချွင်းမချန်ပြောစေ'

ငဆိုးထက်ခိုင်သည် ပြောမည့်စကားကို မပြောဘဲရပ်လိုက်၏။

'ပြောလေဗျာ ခင်ဗျားအဘကြီးမှတဲ ပြောမယ်ဆိုပြီး. . .'

ငဆိုးထက်ခိုင်သည် အတန်ကြာတိတ်ဆိတ်နေ၏။ ထို့နောက် အဝေးရှိလမ်းမီးတိုင်ကို လှမ်းကြည့်လိုက်သည်။ လမ်းမီးတိုင်၏ မီးရောင်အောက်၌ ပိုးကောင်မျိုးစုံတို့သည် စုံချေဆန်ချေ လူးလာတုံ့ခေါက်ပျံသန်းစုဝေးနေကြ၏။

'ဟိုပိုးကောင်တွေမြင်ရတော့ ဗမာပြည်သားပညာတော်သင် တယောက်ပြောဘူးတဲ့ သူတို့ဆီက ထွန်ခေါင်ဆရာတော် ဘုန်းတော်ကြီးရေးတဲ့ 'ပိုးဖလံမျိုး မီးကိုတိုး၊ ကိုယ်ကျိုးနဲ့လှပြီ' ဆိုတဲ့ ကဗျာကို မဆီမဆိုင်သွားသတိရတယ်၊

'အမယ် အရက်သမားပါးစပ်က တရားစကားတွေများရွတ်လို့ ဘုန်းတော်ကြီးများ ဝတ်အုံး မယ်လို့လား၊ ကိုယ့်လူ အဲဒီဗမာပြည်ဆိုတာက ကိုယ်တို့ရွှေဝါပြည်နဲ့ တူတာမဟုတ်ဖူး အင်မတန် ဗုဒ္ဓသာသနာထွန်းတဲ့တိုင်းပြည် အင်မတန် ကြည်ညိုသဒ္ဓါနဲ့ ပြည့်စုံတဲ့လူတွေနေတဲ့တိုင်းပြည် တလောကတွင် သူတို့ဝတ်သမျှ သူတို့ဆီမှာရှိသမျှ စာအုပ်တွေအားလုံးကို စုပေါင်းပြီး ဗုဒ္ဓနှုတ် ခပတ်တွေအဖြစ် အသိအမှတ်ပြုတဲ့ ဆဋ္ဌသင်္ဂါယနာတင်ပွဲ လုပ်ပြီးကာကလေးရှိသေးတယ်၊ ကိုယ့်လူနားလည်လား'

'မှတ်ပါဘူး ကျနော်ပြောမယ့်ဟာက အဲဒါမဟုတ်ဖူး. . . ပိုးကောင်တွေဟာ မီးကိုလောင် မြိုက်ခြင်းခံရမယ့် အရာဝတ္ထုမှန်းမသိပဲ အတင်းဝင်တိုးကြသလို လူတွေဟာလဲ

အာဏာကို လောင်မြိုက်ခြင်းခံရမဲ့ အရာဝတ္ထုမှန်းမသိပဲ လောင်မြိုက်ခြင်းခံရအောင် ဝင်တိုးနေကြတယ်ဆို တာ သတိရသွားရလို့ပါ' တဏှာတဲ့အာဏာကိုလဲတွေးလိုက်တာပေါ့။

'ဒါနဲ့ခင်ဗျားကျုပ်ကို အာဏာတတ်မက်တဲ့လူတွေ အာဏာငန်းငန်းတက်လိုချင်နေတဲ့ လူတွေလို့ စွပ်စွဲလိုက်တာပေါ့ဟုတ်လား'

ခင်ဗျားဒီလိုထင်ယင်မှားတာပေါ့ ကျနော်ကခင်ဗျားတို့ကို အာဏာနဲ့ မထိုက်တန်တဲ့ လူတွေအာဏာကို အသုံးမချတတ်တဲ့လူတွေလို့ အခိုင်အမာ အကြောင်းအကျိုးပြပြီး စွပ်စွဲမလို့။

ခင်ဗျားပြောတာမရှင်းဘူး ကျုပ်တို့ဟာ အာဏာနဲ့မထိုက်တန်ပဲ အာဏာကိုတက်မက် နေတယ် ငန်းငန်းတက် လိုချင်နေတယ် ဒီလူပါ'

'မဟုတ်သေးပါဘူး ဘယ့်နဲ့လဲ ခင်ဗျားနာတာက စောလှချည့်လား ဘာပြုလို့ ခင်ဗျားတို့ အခုမှ အထိမခံနိုင်အောင် အရေးပါလာကြရတာလဲ ကျနော်ပြောတဲ့စကားထဲမှာ အာဏာတက် မက်တယ်လို့လဲမပါပါဘူး။ အာဏာငန်းငန်းတက် လိုချင်နေတယ်လို့လဲ မပါပါဘူး၊ အာဏာဟာ မီးလို လောင်မြိုက်တတ်တဲ့သဘောရှိတယ်၊ လူတွေဟာလဲ လောင်မြိုက်ခြင်းခံရအောင် အာဏာ ရှိရာကို ဝင်တိုးနေကြတယ်လို့သာ ပြောရပါသေးတယ်. . . . '

ဒီမှာ ကျနော်က အာဏာကို မီးနဲ့တူတယ်လို့ နှိုင်းရှင်ပြီးပြောပြလို့ မီးဟာသုံးတတ်တဲ့ လူတွေအတွက် ကောင်းကျိုးပြုဘို့ အရာရာမှာ အသုံးချယင် အကောင်းကျိုးတွေဖြစ်ပေါ်လာရ သလို. . . .

အာဏာဟာလဲ သုံးတတ်တဲ့လူတွေအတွက် ကောင်းကျိုးပြုဘို့အရာမှာ အသုံးချယင် အကောင်းကျိုးတွေအများကြီး ရရှိနိုင်တယ်။

ပီးတော့ မီးဟာပေါ့ဆတဲ့လူ မကိုင်တတ်တဲ့ လူတွ ဉာဏ်နဲတဲ့လူ ချင့်ချိန်မှုမရှိတဲ့လူတွေ ကိုင်ယင် လောင်မြိုက်ခြင်း ခံရကြတတ်သလို. . . .

အာဏာဟာလဲ ပေါ့ဆတဲ့လူ မကိုင်တတ်တဲ့လူ ဉာဏ်နဲ့တဲ့လူ ချင့်ချိန်မှုမရှိတဲ့လူတွေ ကိုင်ယင် လောင်မြိုက်ခြင်းခံရတတ်တယ်. . . . .

ပီးတော့ မီးဟာ မသူတော်တွေရဲ့ လက်ထဲမှာ အသုံးပြုဘို့ရောက်သွားယင် အခြားသူတွေ ကို ဒုက္ခကြီးစွာပြုနိုင်သလို. . . .

အာဏာဟာလဲ မသူတော်တွေရဲ့ လက်ထဲမှာ အသုံးပြုဘို့ ရောက်သွားယင် အခြားသူ တွေကို ဒုက္ခကြီးစွာပြုနိုင်တယ်၊ အဲဒါကနှိုင်းယှဉ်ချက်–

အခုခင်ဗျားတို့လက်ထဲမှာ အာဏာရောက်နေတယ် ဒီအာဏာဟာ ခင်ဗျားတို့နဲ့ ထိုက်တန်သလား မထိုက်တန်ဘူးလား ခင်ဗျားတို့မှာဘယ်လို အတွေးအခေါ် ဘယ်လိုအရည် အချင်းဘယ်လိုပြုရဲလုပ်ရဲတဲ့ သတ္တိမျိုးရှိသလဲ အဲဒါကို ကျနော်တို့က နှိုင်းချိန်ပြရမယ်'

သူတကာတွေ တွေးတာလုပ်တာ ပြောတာ အဲဒါတွေနဲ့ ဆန့်ကျင်ဘက်မှန်သမျှ ခင်ဗျား ထင်မြင်ချက်ချည်းဘဲ၊ ကျုပ်တို့နားထောင်နေဘို့မလိုဘူး၊ ကျုပ်တို့လူတွေအားလုံးသိပီးပီ။

ခင်ဗျား အဲဒီလိုလုပ်မပစ်စမ်းပါနဲ့၊ ကျနော်ပြောမဲ့ဟာက အကျိုးအကြောင်းနဲ့ ဆက်စပ် ပီး ပြောမှာပါ အဲဒီလို အကျိုးအကြောင်း ဆက်စပ်ပီးပြလိုက်တဲ့အခါမှာ

လူထုရဲ့အမြင်တွေ၊ လူထုရဲ့ ဝေဖန်ချက်တွေလဲ ခင်ဗျားတို့မကြားရ၊ မကြားနိုင်၊ မသိရမသိနိုင်တဲ့ အကြောင်းတွေ ဖြစ်ရပ်တွေပါလာလိမ့်မယ်–

ခင်ဗျားတို့ကတော့ ထင်မှာဘဲ အားလုံးခင်ဗျားတို့သိကြတယ်လို့၊ ခင်ဗျားတို့မှမဟုတ်ပါဘူး၊ အုပ်ချုပ်တဲ့ လူတန်းစားတွေအားလုံး ဒီလိုဘဲ ထင်ခဲ့ကြတာချည်းဘဲ–

နိုင်ငံခြား တိုင်းပြည်တခုခုက ဝန်ကြီးချုပ် တယောက်ဟာ ရွှေဝါပြည်ကိုလာလည်တဲ့အခါ မှာ ရွှေဝါပြည်ရန်နိုင်မြို့တော်အစွန်းက တံခိုးကြီးဘုရားတဆူကို သွားရောက်ဖူးခဲ့မြင်ခဲ့ သိရှိခဲ့ရ ပေမယ့် အဲဒီရန်နိုင်မြို့တော်ရဲ့ အလယ်ခေါင်က ဘိန်းခန်းတွေကို ဘယ်လိုမှသိမသွားရသလိုဘဲ. . '

'ခဏာကလေး. . . ခင်ဗျားဒီအကြောင်းကို ဝတ္ထုစာအုပ် ဖြစ်အောင်ရေးတော့မလို့လား. . .'

'နေပါအုံး ခင်ဗျားတို့ကကော အခုလောက် အထပ်ထပ် အမျိုးမျိုး ရှင်းပြတာတောင် နားလည်ကြလို့လား. . . .'

'ကိုယ့်လူ သိပ်လဲလေကျယ်မနေနဲ့ ခင်ဗျားလို လူပေါမဟုတ်လို့ ဒါတွေငါသာသိတယ်၊ ဒိပြင်လူတွေမသိဖူး ထင်ပြီး ဟိုလူ့ဆရာလုပ် ဒီလူ့ဆရာလုပ်မလုပ်ဘဲနေကြတာ. . .'

ကျနော်တော့ အဲဒီလိုမထင်ဖူး တတ်သလိုလို သိသလိုလိုကိုယ့်ကိုယ်ကို အထင်ကြီးကြီး ဟန်ကြီးပန်ကြီး စခမ်းကြီးနဲ့ဘယ်သူပြောတာမှ ဟုတ်တယ်မထင် နားမထောင်ပဲတကယ့် တကယ်ကျတော့ ဘာမှမသိတဲ့လူကြောင်တွေ. . .'

'ကဲ ဒါဖြင့်လူပေါက ဆက်ပြောပါအုံး. . .'

'လူကြောင်ကလဲ တကယ်သိအောင် နားထောင်သွားပေါ့'

အနီးတွင်ရှိသော ကလေးတွေကရယ်ကြ၏။ ဗိုလ်မှူးချုပ်ငလုံးညီသည် မိမိရင်ခွင်ထက်မှ ကလေးကို ပွေ့လူပ်ငုံ့ကြည့်လိုက်၏။

'သမီးတို့ကတောင် ရယ်ကုန်ကြပြီ ညည်းတို့အဖေလူပေါကြီးက သောက်တုံးကတော့ အရေတွေသောက်ပြီး အခုပြန်ထုတ်တော့ လေတွေပြန်ထုတ်နေတယ်၊ ညည်းတို့ကိုမျက်လှည့်ပြနေတာကြည့်ထား. . .'

'ခင်ဗျား အဲဒီလိုအလကားဖြစ်အောင် ပြောမနေပါနဲ့ဗျ. . .၊ ကျနော်ပြောတဲ့စကားတွေကို အရက်မူးလို့ ပြောနေတာလို့ ခင်ဗျားယူဆရင် ခင်ဗျားတို့အနေနဲ့ တန်ဘိုးမရှိ ဖြစ်သွားလိမ့်မယ်.

ကျနော် အခုပြောနေတာဟာ အရက်ကောင်းကောင်းမမူးသေးလို့ မှန်တဲ့အတိုင်းအကုန် ထွက်မလာသေးဖူး ဟန်ဆောင်ထားတာတွေ အလိမ္မာသုံးထားတာတွေ စကားလှအောင်ပြောနေ တာတွေပါသေးတယ်. . .

. . . . ကျနော်တို့အနေနဲ့ အရက်ဆိုတာသစ္စာရေဗျ လူတယောက် တကယ်အရက်မူးလာရင် ဝမ်းထဲမှ ဖုံးဖိဟန်ဆောင်ထားတဲ့ အကြောင်းအရာတွေ ဖြစ်ရပ်တွေအကုန် အမှန်အတိုင်းဖေါ် လိုက်တာ. . . .'

'အဲဒါက နောက်ထပ်ဝတ္ထုတကျမ်းဘဲ. . .'

'အေးဗျာ ကဲ ဒါလောက်တောင်ဖြစ်တာ ကျမ်းနဲ့တူအောင်ပြောမယ် အခိုင်အမာဘယ်လို အကြောင်းတွေကြောင့် ဘယ်လိုအကျိုးတွေဖြစ်ပေါ်ကုန်ကြတယ်ဆိုတာကို အကြောင်းအကျိုး ဆက်စပ်ပြီးတော့ ပြောပြမယ်. . . . '

'အခုဟာက နောက်တကျမ်းအတွက် အချီးနိဒါန်း. . . '

'ဟုတ်တယ် အချီးနိဒါန်းဘဲ အဲဒီအချီးနိဒါန်းကိုလဲ အချီးနိဒါန်းနဲ့တူအောင်ပြောမယ်. . . '

'ဟုတ်ကဲ့. . . . မိုးလင်းသွားပါစေ အလောင်းဘုရားတို့ ထုံးနှလုံးမူပြီး အရိုးကျေကျေ အရေ စုတ်စုတ် မဆုတ်မနစ်ပဲ စွန့်စွန့်စားစားနားထောင်ပါမယ်'

'ကောင်းပြီနားထောင်'

ပြောမယ်ပြောမယ် သေသေချာချာပြောမယ်၊ ဒီမှာ ခင်ဗျားတို့ ခေတ်သစ်ရွှေဝါပြည်အုပ် ချုပ်ရေးခေါင်းဆောင်များအဖွဲ့ရဲ့ ဉက္ကဋ္ဌဗိုလ်ချုပ်ကြီးသန်မာဆိုတဲ့ လူဟာ နိုင်ငံရေး ခေါင်းဆောင် လုပ်ဘို့ ထိုက်တန်တဲ့လူမဟုတ်ဖူး'

'ဘာ ဘာကိုယ့်လူ ဘယ်လိုပြောလိုက်တယ်'

'ခင်ဗျားတို့အဖွဲ့ရဲ့ ဉက္ကဋ္ဌဗိုလ်ချုပ်ကြီးသန်မာဆိုတဲ့ လူဟာ နိုင်ငံရေးခေါင်းဆောင်လုပ်ဘို့ထိုက်တန်တဲ့ လူမဟုတ်ဖူး'

ဗိုလ်မှူးချုပ်လေးလုံးညီသည် ရင်ခွင်ထက်မှကလေးငယ်ကို ဘေးသို့ချလိုက်၏။ ထို့နောက် ငဆိုးထက်ခိုင်ဘက်သို့လှည့်လျက် တင်ပလ္လင်ခွေ၍မျက်နှာချင်းဆိုင်ထိုင်လိုက်၏။

'ခင်ဗျားဘာဆိုလိုချင်တာတုံး ဗိုလ်ချုပ်ကြီးသန်မာက နိုင်ငံရေးခေါင်းဆောင် လုပ်ဘို့ မထိုက်တန်ဖူးဆိုတော့ စစ်တပ်ထဲမှာ နေရမယ်ဆိုပါတော့'

'ဘယ်ဟုတ်မလဲ စစ်တပ်ထဲမှာလဲ စစ်သားလုပ်ဘို့ ထိုက်တန်တဲ့လူမဟုတ်ဖူး ရွှေဝါပြည် ကြီးငြိမ်သက်အေးချမ်း နေမယ်ဆိုယင် ဘယ်ဒီလိုလူမျိုးတွေ. . . '

ဗိုလ်မှူးချုပ်လေးလုံးညီသည် ရှေ့သို့ဖင်တရွှေ့ တိုးလိုက်၏။

'ဒါဖြင့်ခင်ဗျားက ဘယ်လိုပြောချင်တာတုံး'

ငဆိုးထက်ခိုင်သည် ဗိုလ်မှူးချုပ်လေးလုံးညီ ရှေ့သို့တိုးလာသည်ကို သတိထားမိနေ၏။ ထို့ကြောင့်စကားကို တော်တော်နှင့်မဆက်ပဲ ရပ်ဆိုင်းထား၏။ ဗိုလ်မှူးချုပ်လေးလုံးညီက ရှေ့လောတ ကြီးထပ်ဆင့်မေး၏။

'ခင်ဗျားကဗိုလ်ချုပ်ကြီးသန်မာကို ဘာနဲ့မှ ထိုက်တန်တယ်လို့ ပြောချင်တာတုံး'

'နေပါအုံးလေ ကျနော်တဆင့်စီ အကျိုးအကြောင်း ဆက်စပ်ပြောပါ့မယ် ဒီကြားထဲမှာ ခင်ဗျားသိပ်သိချင်နေယင်အကြမ်း ပြောထားနှင့်မယ်ဗျာ ခင်ဗျားတို့ဗိုလ်ချုပ်ကြီးသန်မာနဲ့ အထိုက်တန်ဆုံးအလုပ်က သူပုန်ထဘို့အလုပ်ဗျ. . .

. . . . အခုသူပုန်ထနေတဲ့ ဉက္ကဋ္ဌကြီး ဗိုလ်ဆေန်ကောက်က နိုင်ငံရေးခေါင်းဆောင်လုပ်ဘို့ အထိုက်တန်ဆုံးဗျ. . . .

. . . . . အခုသူပုန်အဖွဲ့တဖွဲ့ဖြစ်တဲ့ ဉက္ကဋ္ဌကြီးဗိုလ်အစားကောင်းက တိုင်းပြည်ရဲ့စစ်တပ်ကြီး တတပ်ကိုကိုယ်တိုင်မတိုက်ပဲ၊ ဦးစီးကြိုးကိုင်လုပ်ရတဲ့ ကာကွယ်ရေးဝန်ကြီးလုပ်ဘို့ အထိုက်တန် ဆုံး အသင့်တော်ဆုံးလူဗျ

. . . အဲ စစ်တပ်ကြီးတခုမှာ ဗိုလ်ချုပ်ကြီးအလုပ်နဲ့အသင့်တော်ဆုံး လူကတော့ ခင်ဗျားလဲ မဖြစ်နိုင်ဖူး တောထဲက လူတွေလဲမဖြစ်နိုင်ဖူး ကျနော်မြင်ထားတဲ့ လူရှိတယ် အဲဒီလူဟာ စစ်သား သက်သက်ပဲ အမိန့်မှန်သမျှသို့ ဦးလည်မသုံ တကယ် သစ္စာရှိရှိနဲ့ တကယ်လုပ်တတ်တဲ့ လူမျိုး အဲဒါဟာ တခြားမဟုတ်ဖူး ဗိုလ်မှူးချုပ်မြေကြီးဘဲ

. . . . ခင်ဗျားကတော့ နိုင်ငံရေးဘက် သွားဘို့ကောင်းတဲ့လူ ဒါပေမယ့် ခင်ဗျားဟာ တကယ့်နိုင်ငံရေးသမားအစစ်၊ ဒါမှမဟုတ်ယင် ကြေးစားနိုင်ငံရေးသမား ဘယ်တော့မှ မဖြစ်နိုင် ဖူး၊ ကြေးစားနိုင်ငံရေးသမားမဖြစ်နိုင်တဲ့လူမျိုးဟာ နိုင်ငံရေးခေါင်းဆောင်ဖြစ်နိုင်တဲ့ အရည် အချင်းတည်းက အရည်အချင်းတခု လျော့သွားတာပဲ

. . . အဲဒီတော့ အဲဒါတွေကို ခင်ဗျားသိချင်နေတဲ့အတွက် ကြိုတင်ပြီး အကြမ်းမှတ်ထား’

ငဆိုးထက်ခိုင်ကပြောလက်စ စကားကိုခဏရပ်ထား၏၊ ထို့နောက် ဗိုလ်မှူးချုပ်ငလုံးညီ သည် ငဆိုးထက်ခိုင်ကိုကြည့်လျက် တစုံတခုမပြောမလည်ဖြစ်နေ၏။ သို့သော်ဘာမျှမမေးဘဲ ငဆိုးထက်ခိုင်ပြောမည်ကို စောင့်နေ၏။

ဒီမှာ ခင်ဗျားတို့ရဲ့ ခေတ်သစ်ရွှေဝါပြည် အုပ်ချုပ်ရေးခေါင်းဆောင်များအဖွဲ့ ဥက္ကဌဟာ နိုင်ငံရေးခေါင်းဆောင် လုပ်ဖို့မထိုက်တန် မသင့်တော်ဘူးဆိုတဲ့ အကြောင်းကိုပြောပြမယ်။

. . . . နိုင်ငံရေးခေါင်းဆောင်တယောက်ရဲ့ အင်္ဂါရပ်ထဲမှာ

တစ် အေးစက်မာကြောတဲ့ နှလုံးသားရှိရမယ်

နှစ် တကယ်ကိုယ်ယုံကြည်တဲ့ကိစ္စ တကယ်ကိုယ်ယုံကြည်တဲ့အလုပ်တခုကို တိုင်းပြည် အတွက် လိုအပ်တဲ့အချိန်မျိုးမှာ လူထုအားလုံးနဲ့ ဆန့်ကျင်ပြီးလုပ်ရဲတဲ့သတ္တိရှိရမယ်။

သုံး တိုးတက်နေတဲ့ ကမ္ဘာနဲ့အမှီလိုက်နိုင်တဲ့ အတွေးအခေါ် ယုံကြည်ချက်မျိုးရှိရမယ်။

လေး ဟန်ပန်လေသံကောင်းရမယ် လုပ်တတ်ရမယ်။

ငါး ဟန်ပန်လေသံနဲ့ လိုက်လျောခန့်ညားတဲ့ ဥပဓိရုပ်ရှိရမယ်။

ခြောက် ဖြတ်ထိုးဉာဏ် ဖြတ်ထိုးစီမံကိန်းလဲရှိရမယ်။

ခွန် ကြိုတင်ပြင်ဆင်ထားတဲ့ စီမံကိန်းမျိုးလဲ ဂဏန်းသင်္ချာနဲ့ ကိုယ်တိုင်တွက်တတ်ရမယ်။

ရှစ် ပြုံးကနဲလုပ်ရှားတတ်တဲ့စိတ် ယုံကြည် လွယ်တတ်တဲ့စိတ်မျိုးလဲမရှိရဘူး။

ကိုး ဘာကိုမှမယုံကြည်ဝန့် မယုံရဲဝန့်တဲ့စိတ်မျိုးလဲမရှိရဘူး။

တဆယ် လောင်းကစားစိတ် အပျော်စိတ် အလျော်အစားမှာ မတုံလှုပ်တတ်တဲ့ စိတ်မျိုးလဲရှိရမယ်။

ဆယ့်တစ် အခိုင်အမာစွဲလာခဲ့တဲ့ ယုံကြည်ချက်မျိုးကိုစွန့်သင့်တဲ့အချိန်မျိုးမှာ အလွယ် တကူ စွန့်ပစ်နိုင်တဲ့ စွန့်လွှတ်မှု စိတ်မျိုးရှိရမယ်။

ဆယ့်နှစ် ပင်ကိုယ်ကျင်နာတတ် စွန့်လွှတ်တတ်ပြီး ဖြောင့်မှန်မှုကို ကြိုက်တတ်တဲ့ စိတ်ထားရှိရမယ်။

ဆယ့်သုံး မိမိတိုင်းပြည်နဲ့မိမိအမျိုးကို တကယ်ရက်ရက်ရောရော ချစ်တဲ့စိတ်နဲ့ ခေါင်းဆောင်လုပ်ချင်တဲ့စိတ် ပေါင်းစပ်ပြီးသားရှိရမယ် ခင်ဗျားတို့ဗိုလ်ချုပ်ကြီးသန်မာ အဲဒီအချက်ဆယ့်သုံးချက်နဲ့ ပြည့်စုံရဲ့လား။

ကိုယ့်လူ နိုင်ငံရေးခေါင်းဆောင်လုပ်မယ့်လူဟာ ဒီအချက်တွေနဲ့ ပြည့်စုံမှ ခေါင်းဆောင် ဖြစ်နိုင်တယ်လို့ ခင်ဗျားကိုဘယ် ဘုရားကဟောကြားထားခဲ့တာတုံး။

'အဲဒါပေါ့ဗျ ခင်ဗျားတို့ဟာ တိုင်းပြည်တခုကို တာဝန်ခံထိန်းသိမ်း ခေါင်းဆောင်နေတဲ့ အဖွဲ့ဝင်ဖြစ်ပီး နိုင်ငံခေါင်းဆောင်တိုင်းမှာ ရှိသင့်ရှိထိုက်တဲ့ အရည်အချင်းလဲ နားမလည်ဘူး. . . .'

'ခင်ဗျားကနားလည်နေရင် ခင်ဗျားကိုယ်တိုင် ဘာလို့နိုင်ငံခေါင်းဆောင်တက်မလုပ်လဲ'

'ကျနော့်မှာ အဲဒီအရည်အချင်းတွေထဲက အရေးအကြီးဆုံး အချက်တိုင်းလို ချို့ယွင်းနေ လို့ပေါ့ နို့မို့ရင်ခင်ဗျားတောင် ခင်ဗျားနဲ့ထိုက်တန်တဲ့ နေရာမှာရောက်နေရပြီ'

'အင်း ပြောစမ်းပါအုံး ဘယ်လိုအချက်တွေက အရေးကြီးလို့တုံး ဒီအချက်နဲ့ ညီညွတ်မှ ခေါင်းဆောင် ဖြစ်ရမယ်လို့ဘယ်သူက သတ်မှတ်ထားလို့တုံး. . .'

'ဒီမှာ. . . အဲဒီအချက်တွေက ကမ္ဘာကျော်ကြားတဲ့ နိုင်ငံရေးခေါင်းဆောင်တိုင်းလိုလိုမှာ ရှိကြတယ်လို့ 'ဝေါရှေ့ဖ်'ခေါ်တဲ့ ခေါင်းဆောင်ကြီးတယောက်အကြောင်းကို မှတ်တမ်းတင်ထား တဲ့ မှတ်တမ်းရေးဆရာက ကောက်နုတ်ချက်ပေးသွားတယ်. . .

အဲဒီအထဲမှာ ဥပမာတစ်ဗျာ အေးစက်မာကျောတဲ့ နှလုံးသားရှိရမယ်တဲ့၊

ခင်ဗျားတို့ ဗိုလ်ချုပ်ကြီးသန်မာမှာ ဒီအရည်အချင်းမျိုးရှိသလား။

ဒီလိုခွေးချစ်တတ်၊ ကြောက်ချစ်တတ်၊ ကလေးချစ်တတ်တဲ့ လူမျိုးဟာ ဘယ်တော့မှ အေးစက်မာကျောတဲ့ နှလုံးသားပိုင်ရှင်မျိုး မဖြစ်နိုင်ဘူး။

ဝေါရှေ့ဖ်ကို အစိုးရခေါ်တွေ့တော့ သူဟာမြင်းလှည်းနဲ့ အစိုးရဆီကိုသွားတယ်၊ 'ဝေါရှေ့ဖ်ကို ဝိုင်းပီးအားပေးနေကြတဲ့ တိုင်းသူပြည်သားတွေဟာ 'ဝေါရှေ့ဖ်'ကရိက္ခာပိတ်ဆို့ထားလို့ အဆောက်အဦးကင်းမဲ့တဲ့ မီးလောင်ပြင်လမ်းဘေးမှာ နံရိုးကျဲကျဲ ကလေးတွဲလဲနှင့် ခွေလဲနေကြတယ်။

အဲဒီငတ်နေတဲ့လူထုကြီးဟာ 'ဝေါရှေ့ဖ်'လာတာမြင်တော့၊ ဒို့ခေါင်းဆောင်ကြီး ဝေါရှေ့ဖ် အောင်မြင်ပါစေလို့ အတင်းအားယူထပြီး ကြွေးကြော်ကြတယ်၊

အဲဒီအထဲမှာ သားသယ်အမေတယောက်က 'ခေါင်းဆောင်ကြီး ဝေါရှေ့ဖ်'ငရဲသားအစိုးရ ကို လဲအနိုင်တိုက်ပါ ငါတို့ကိုလဲ ရိက္ခာပေးပါလို့ အော်ရင်းကလေးချီလျက် လဲကျသွားတယ်၊

ဝေါရှေ့ဖ်ဟာ ဒီရှုကွင်းကိုမြင်တော့ အတော်စိတ်ထိခိုက်သွားတယ်။ ဒါကြောင့် သူဟာ လမ်းဘေးကိုမကြည့်ဘဲ ရှေ့တည့်တည့်ကိုသာ စူးစိုက်ကြည့်နေတယ်၊ ဒါပေမဲ့ သူ့မျက်စေ့ထဲမှာ မီးလောင်မြေပေါ်က ငတ်ပြတ်ကြုံလှီနေကြတဲ့ မြို့လူထုကိုမြင်နေရသေးတာဘဲ။

အစိုးရဘက်က လူတွေနဲ့တွေ့တော့ အစိုးရဘက်ကလူတွေဟာလဲ ပိန်ခြုံးနေကြတယ်၊ အစိုးရအဆောက်အဦအချို့ဟာလဲ အမြောက်မှန်ပြီး ကျိုးဖဲ့ပျက်စီးနေကြတယ်၊ ဒါပေမဲ့ အစိုးရက ဝေါရှေ့ဖ်ကချစ်ပါတယ်ဆိုတဲ့ တိုင်းသူပြည်သားတွေသာအထိနာပါတယ်။

သူတို့အစိုးရ အဘို့ စားနပ်ရိက္ခာအပြည့်အစုံနဲ့မို့ ဘယ်လိုမှမထိခိုက်ပါဘူးလို့ အကြောင်းပြပြီး ဝေါ်ရေ့ဗ်ရဲ့ လိုလားချက်ကို တချို့တဝက်သာပေးတယ်။

နောက်ဆုံး 'ဝေါ်ရေ့ဗ်ဟာ အပေးအယူမတဲ့ခဲ့ကြဘူး။ နောက်'ဝေါ်ရော့ဗ်'ဟာ တမြို့လုံး ကိုပတ်ကြည့်ပြီး မြို့ပြင်ကို ပြန်ထွက်လာခဲ့တယ်၊

ဝေါ်ရေ့ဗ်ရဲ့ စခန်းဘေးမှာ အသီးအနှံ စားဘွယ်သောက်ဘွယ်တွေဟာ လှည်းတပ်ကြီးနဲ့ အသင့်ရှိနေကြတယ်၊

ဝေါ်ရေ့ဗ်ဟာ အဲဒီလှည်းတပ်ကြီးကို တခြားမြို့တွေဘက်သို့ ပြန်မောင်းသွားဘို့ အမိန့် ပေးလိုက်ပြီး လှည်းတပ်ကြီးနေရာကို အမြောက်တွေရွှေ့ယူလာဘို့ခိုင်းတယ်၊

ပီးတော့ မြို့ထဲကိုပစ်ဘို့ အမိန့်ပေးပြီး ကျောက်တုံးတခုပေါ်မှာမြို့ကို နောက်ခိုင်းထိုင်လိုက်တယ်၊ ပီးတော့ ဝေါ်ရေ့ဗ်ဟာ မျက်နှာကိုလက်နှစ်ဘက်နဲ့ တမိနစ်လောက် အုပ်နေလိုက် တယ်။

နောက် ကျောက်တုံးပေါ်ကထလာပြီး စီမံခန့်ခွဲစရာရှိသမျှကို အိန္ဒြေမပျက် ဆက်လက်လုပ်ကိုင်တာဘဲ။

ခေါင်းဆောင်လုပ်မည့်လူတွေဆိုတာဟာ အဲဒီလိုအေးစက်မာကျောတဲ့ နှလုံးသားမျိုးရှိရ မယ်။

အကြင်နာကင်းမဲ့ရမယ်။ ရက်စက်ကြမ်းကြုတ်ရမယ်လို့ ပြောတာမဟုတ်ဖူး။ လူသားတယောက်ရဲ့ လူဆန်တဲ့ကြင်နာစိတ်ကို ရင်ထဲမှာထိန်းချုပ်ပြီး ဖြစ်ရပ်တိုင်းအကြောင်းကိစ္စတိုင်း ဤနေရာ၌ ဤသူတို့ကိုကြင်နာခြင်းသည် တပြည်ထောင်လုံးတွင်ရှိသောလူများကို ရက်စက်ရာ ရောက်လေမည်လား၊ ထိခိုက်လေမည်လား။

အဲဒါကို အမြဲတမ်းသတိမလစ်ပဲ ချိန်ထိုးပြီးမှ သနားတတ်ကြင်နာတတ်ဖို့အဲဒီလိုသနား တတ် ကြင်နာတတ်တဲ့လူမျိုး အဲဒါမျိုးပြောတာ'

'အင်း ပြောပါအုံးနောက်ထပ် ချို့ယွင်းတဲ့ အချက်တွေကို. . . . '

'ရှိပါတယ် ပြောပြမှာပါဘဲ ကဲနှစ်အချက် မိမိတကယ်ယုံကြည်တဲ့ကိစ္စ၊ တကယ်ယုံကြည် တဲ့အလုပ်တခုကို တိုင်းပြည်ကလဲ လက်မခံဘူး။ ဒါပေမဲ့ တကယ်လဲလိုအပ်တယ်၊ တိုင်းပြည် အတွက်ကောင်းမယ်တိုးတက်မယ်ဆိုယင် လူထုအားလုံးနဲ့ ဆန့်ကျင်ပြီး လုပ်ရမဲ့သတ္တိ. . .

. . . . ကျနော်တို့ ရွှေဝါပြည်မှာ အဲဒီသတ္တိမျိုးရှိတဲ့လူဟာ မရှိသလောက်သာ ရှားပါးတယ်။

အနုပညာသယ်ဆိုတဲ့ လူတွေက အများလက်ခံတာ အများကြိုက်တာဘဲလုပ်တယ် ကိုယ်ယုံတာ ကိုယ်မှန်တယ်ထင်တာ မလုပ်ရဲဘူး ကိုယ်လုပ်တာကိုလူထုက ကြိုက်လာအောင် လက်ခံလာအောင် မစွန့်စားရဲဘူး။

. . . ကျနော်တို့ ရွှေဝါပြည်ရဲ့ နိုင်ငံရေးခေါင်းဆောင် တွေလဲ ဒီအတိုင်းဘဲ ငါတို့ကောင်း မယ်ထင်တာ လုပ်ထိုက်တာကိုလုပ်မယ် လူထုကြိုက်ဘို့မကြိုက်ဘို့မလို။

. . . . . လုပ်ပြီးတဲ့အခါ လက်တွေ့အကျိုးရှိယင်ပြီးစတမ်း လူထုဆိုတာ ဒီလိုလက်တွေ့အကျိုး ရှိတာတွေကို တွေ့ပါမြင်ပါလျက်နဲ့ အကျိုးမရှိတဲ့ဖြစ်ရိုးဖြစ်စဉ် လုပ်ရိုးလုပ်စဉ်တွေကို ဇွတ်ကြိုက် တတ်သေးတာဘဲဆိုတဲ့စိတ်မျိုး မထားဝန့်ကြဖူး။

'အင်း အဲဒီလိုစိတ်ထားမျိုးကို ခင်ဗျားတို့လို ကြောင်တောင်တောင်လူမျိုးမှ ထားနိုင်တယ် ထားဝန့်တယ် ဆိုပါတော့. . . '

ဟာ ဟုတ်လှချည့်ပေါ့ဗျာ ကျနော်က အဲဒီတစ်အချက်ရော နှစ်အချက်ရော တင်းပြည့် ကျပ်ပြည့်ညီညွတ်တဲ့လူဗျ။

'အင်း ဒီလိုဆိုတော့ ခင်ဗျားက တကယ့်လူတော်ကြီးပါလား. . . ကျနော်တို့မသိဘူးဗျို့. . . . အခု ခင်ဗျား ပြောပြမှဘဲ သိရတော့တာဘဲ နို့ဒီအချက်တွေဟာ ခေါင်းဆောင်ဖြစ်ဖို့အတွက် အရေးကြီးတဲ့ လိုအပ်ချက်တွေ မဟုတ်သေးဘူးပေါ့'

'ဘယ်ဟုတ်မလဲ ဒီအချက်ဟာ ခေါင်းဆောင်ဖြစ်ထိုက်မဖြစ်ထိုက်နဲ့ မဆိုင်သေးဘူး၊ ခေါင်းဆောင်ဖြစ်ပြီးလူတွေမှာ ရှိထိုက်တဲ့အရည်အချင်းသက်သက်ပဲ. . . .

'ဒါဖြင့် ခင်ဗျားပြောလိုတာက ဗိုလ်ချုပ်ကြီးသန်မာမှာ နိုင်ငံရေးခေါင်းဆောင်တယောက် ဖြစ်ပြီးနောက် ရှိသင့်ရှိထိုက်တဲ့ အရည်အချင်းမျိုးလဲ မရှိဘူးဆိုပါတော့'

'ဟုတ်တယ်မရှိဘူး'

'ပီးတော့ ခေါင်းဆောင်ဖြစ်သင့်ဖြစ်ထိုက်တဲ့ အရည်အချင်းလဲမရှိဘူး'

'ဟုတ်တယ်မရှိဘူး'

ဗိုလ်မှူးချုပ်လေ့းညီသည် ငဆိုးထက်ခိုင်၏ မျက်နှာကိုမည်သို့မျှ စဉ်းစားမရသကဲ့သို့ စိမ်းစိမ်းစိုက်ကြည့်၏။ ငဆိုးထက်ခိုင်ကလည်း ပြန်ကြည့်နေ၏။ အတန်ကြာမှ ဗိုလ်မှူးချုပ်လေ့းညီ ကခွန်းဆင့်လိုက်သည်။

'ကဲ ဒါဖြင့် ပြောစမ်းပါအုံး ခေါင်းဆောင်ဖြစ်ဖို့အတွက် မရှိယင်မဖြစ်တဲ့ အရည်အချင်း. . .

'ခင်ဗျားကတော့ ကျနော်ပြောယင် ရယ်စရာလို့ထင်မှာဘဲ ဒါပေမယ့် ကျနော်အခိုင် အမာပြောပြမယ်'

'ကိုယ့်လူသိပ်ချဲ့မနေနဲ့ ပြောမှာဖြင့်လိုရင်းတွေကို တခုပြီးတခုပြောစမ်း အခုကျပ်ကိုကျပ် ဝေခွဲမရဘဲဖြစ်နေတာက ခင်ဗျားပြောနေတဲ့ စကားတွေကို ထိုင်ပီးနားထောင်နေတာဟာ ကျုပ် ပါပေါနေသလားလို့'

'ဒီမှာ ကိုလေ့းညီ ခင်ဗျားဟာ ကျနော်လိုလူတယောက်နဲ့ အပေါင်းအသင်းဖြစ်နေရတဲ့ ကိစ္စထဲမှာ လူကောင်ကြီးရဲ့ အပြင်ဘက်က အဝတ်အဆင်နဲ့ သတ်မှတ်ခေါ်နေကြတဲ့ နာမည် ကိုပါ ထည့်သွင်းထားလို့ ဒီစကားမျိုးပြောတယ်လို့ ကျနော်ထင်တယ်. . . .

ခင်ဗျားတို့ပြောသလိုသာ ပြန်ဆင်ရမယ်ဆိုယင် အဝတ်မဝတ်တဲ့ တောင်ပေါ်သားတွေရဲ့ စကားပုံအတိုင်း ဖြစ်နေမှာဘဲ ခင်ဗျားမှတ်ထား'

'ပြောစမ်းပါအုံး ခင်ဗျား အဝတ်မဝတ်တဲ့ တောင်ပေါ်သား လူရိုင်းတွေရဲ့စကားပုံက'

'ခင်ဗျား သေသေချာချာမှတ်ထား၊ ပီးတော့ စစ်စစ်ပေါက်ပေါက်လဲတွေးကြည့်. . . . . '

တောင်ပေါ်မှာရပ်နေတဲ့လူတွေက တောင်အောက်မှာရပ်နေတဲ့လူကို ကြည့်လိုက်တဲ့ အခါမှာ အကောင်သေးသေးကလေး မြင်ရသလို တောင်အောက်ရပ်နေတဲ့လူကလဲ

တောင်ပေါ် မှာရပ်နေတဲ့လူကို မော့ကြည့်လိုက်တဲ့အခါမှာ အကောင်သေးသေးကလေးဘဲမြင်ရတယ်တဲ့ အဲဒီအတိုင်းဘဲ'

ကဲ ထားပါတော့ဗျာ၊ ခင်ဗျားကလဲ ကျနော်တို့ကိုသေးသေးကလေးဘဲ မြင်ရတယ်ဆိုပါ တော့ အဲဒီတော့ ကိုယ့်ဟာကို တယောက်ထဲကြီးကြီးချည်းရှိနေတဲ့ လူက ပြောပြစမ်းပါအုံး ခေါင်းဆောင်ဖြစ်ဖို့အတွက် မရှိတာမဖြစ်တဲ့အရည်အချင်း'

'ဒီမှာ ခင်ဗျားမှတ်ထား ကျနော်ဟာတယောက်ထဲသမားမို့ ကြီးကြီးချည်းလူဘဲ ခင်ဗျား စဉ်းစားကြည့်။ ဆိုပါတော့ ဒီရွှေဝါပြည်မှာ ခင်ဗျားနဲ့ကျန်တဲ့ကလူတွေအကုန်လုံးထဲက တဘက် ကျနော်တယောက်ထဲကတဘက် အဲဒီလိုရှိနေကြယင် ကျနော်ဟာ ခင်ဗျားတို့အကုန်လုံးထက် အကြီးကြီးလူပဲ. . .

အဲဒီအတိုင်းလွှန်ပွဲတပွဲမှာ လွှန်ပြိုင်ဆွဲကြတယ်ထားပါအုံး ဆွဲပီးမှ ကျနော်က ရှုံးတယ်ဘဲ ထားပါ ခင်ဗျားတို့အားလုံးကို ကျနော်ကပြိုင်ဆွဲပြပြီးမှ ရှုံးလိုက်ယင် ခင်ဗျားတို့နဲ့ကျနော်ဘယ်သူ ကအားရှိသလဲ'

ကမ္ဘာကျော်နော်ဝေးပြဇာတ်ရေးဆရာကြီး အစ်ဗီဆင်ဟုထင်သည်။ အဲဒါက 'သီအင်း နီးမီးဆော့ဖ်ပီးဝဲလ်'ဆိုတဲ့ ပြဇာတ်ထဲမှာဒီလိုပဲ ကျနော်ယူဆတဲ့အတိုင်းပဲ'

'ဟုတ်ပါတယ်ခင်ဗျ ကျုပ်တို့ကလဲယုံကြပါပြီ ခင်ဗျားအဘကြီးတဲ့မှုပဲ အဲဒါကိုထားလိုက် ပါတော့၊ ခေါင်းဆောင်ဖြစ်မယ့် လူတယောက်မှာ မရှိယင်မဖြစ်နိုင်ဘူးဆိုတဲ့ အရည်အချင်းဆိုတာ ကို မိန့်ခွန်းတော်ရွှေပါအုံး'

'ပြောမှာပါဘဲ၊ ဒါပေမဲ့ကျနော်ကပြောလိုက်ယင် ခင်ဗျားတို့နားထဲရောက်သွားတာနဲ့ ရယ်စရာဖြစ်သွားတတ်လွန်းလို့ ကြိုတင်ပြောနေရတာ'

'ကဲပါဗျာ မဖြစ်ပါဘူး၊ တကယ်ပဲအဏေးတယူနဲ့မှတ်သားနာခံပါ့မယ်၊ ဘယ်လိုနားထောင်ရ မလဲ လက်အုပ်ချီပြီး နားထောင်ရမလား'

ဗိုလ်မှူးချုပ်လေးလုံးညီသည် စိတ်မရှည်သံနှင့်ပြော၏။ ငဆိုးထက်ခိုင်ကလည်း မိမိပြောမည့် စကားကို လှောင်ပစ်လိုက်မည်စိုးနေ၏။

ဒီမှာ နိုင်ငံရေးခေါင်းဆောင်ဆိုတဲ့ လူတွေအတွက်မရှိယင်မဖြစ်တဲ့ ခေါင်းဆောင်တို့ရဲ့ အရည်အချင်းတရပ်က ကျနော်ပြောခဲ့တဲ့အချက်ပေါင်းဆယ့်သုံးချက်ထဲမှာ အမှတ်လေးအချက် ဖြစ်တဲ့. . . .

ဟန်ပန်လေသံကောင်းရမယ်။ လုပ်တတ်ရမယ်ဆိုတဲ့အချက်

'ဘ. . . . လို'

'ဟန်ပန်လေသံ ကောင်းရမယ်။ လုပ်တတ် ရမယ်ဆိုတဲ့အချက်. . .'

'ခင်ဗျား အဲဒီအချက်ရဲ့ အဓိပ္ပာယ်က ဘယ်လိုတုံး။ ကျုပ်သေသေချာချာနားမလည်ဘူး'

ဗိုလ်မှူးချုပ်လေးလုံးညီသည် မျက်မှောင်ကုပ်လျက် အလွန်စိတ်ဝင်စားစွာ နားစွင့်နေ၏။

'ဘာနားမလည်စရာရှိလဲဗျ၊ ရွှေဝါပြည်စကားနဲ့ ရွှေဝါပြည်သားလို ပြောနေတာဘဲ'

ဟန်ပန်လေသံကောင်းရမယ်၊ လုပ်တတ်ရမယ်. . .

ခေါင်းဆောင်တွေရဲ့ ဟန်မျိုး ထယ်ထယ်ဝါဝါ ခမ်းခမ်းနားနားရှိရမယ်။ ခေါင်းဆောင်တွေ ပြောတဲ့ လေသံမျိုး ထယ်ထယ်ဝါဝါ ခမ်းခမ်းနားနား ပြောတတ်ရမယ် မျက်နှာအမျိုးမျိုး အသံ အမျိုးမျိုး အမူအရာအမျိုးမျိုး ခမ်းခမ်းနားနား လုပ်လဲလုပ်တတ်ရမယ်၊ ပြောလဲပြောတတ်ရမယ်။

ခေါင်းဆောင်တွေဟာ ကမ္ဘာမှာရှိသမျှ အကောင်းဆုံးရုပ်ရှင် မင်းသားမင်းသမီးတွေထက် ပိုပြီးသာ၍ကောင်းသော သာ၍ခံ့ညားသော အတူဆုံးအကောင်းဆုံး အမူအရာတွေနဲ့၊ လုပ်ပြ တတ်ရမယ်၊ ပြောပြနိုင်ရမယ်။

အဲဒီလိုမလုပ်နိုင်ဘူး မပြောနိုင်ဘူးဆိုယင် ခေါင်းဆောင်ဖြစ်ရေးအတွက် အရေးပါဆုံး အချက်အချာ အရည်အချင်းတခု ချို့ယွင်းတာဘဲ'

ဗိုလ်မှူးချုပ်လေးလုံးညီသည် အတန်ကြာသည်အထိ စဉ်းစားတွေဝေနေ၏။ ထို့နောက် ဟက် ဟက်ပက်ပက် မရပ်မနားရယ်၏။ တော်တော်နှင့် အရယ်မရပ်နိုင်။

အူနှိပ်နေ၏။

'အမယ်လေး. . . ခေါင်းဆောင်တယောက်အတွက်။ မရှိယင်မဖြစ်နိုင်တဲ့ အရေးအကြီးဆုံး အရည်အချင်းတဲ့. . . . ဟား. . . . ဟား'

အမယ်လေး ခေါင်းဆောင်တယောက်အတွက်တဲ့. . . . ဟား ဟား ရုပ်ရှင်မင်းသမီး မင်းသား တွေထက် တော်သောအမူအရာတွေ ဟား ဟား လုပ်ရပြောရမယ်တဲ့ ဟား ဟား. . . '

ကျုပ်အဟုတ်မှတ်လို့ နားထောင်နေလိုက်တာဗျာ ဟား ဟား ကျုပ်လဲ ပေါချာချာ ပေါချာခွျဖြစ်နေပါပြီ။

ဒီလိုပဲ ခင်ဗျားနဲ့တွေ့တိုင်း ကျုပ်ပါ ရောရောရူးတာအခါပေါင်းလဲ မရေနိုင်ဖူး ဒါနဲ့ ဟား ဟား ဒါနဲ့လဲအမှတ်မရှိဖူး။

ငဆိုးထက်ခိုင်သည် ဗိုလ်မှူးချုပ်လေးလုံးညီ ခွက်ထိုးခွက်လန်ရယ်နေသည်ကို ပြီးသည်အထိ ငြိမ်သက်စွာစောင့်နေ၏။ ဗိုလ်မှူးချုပ်လေးလုံးညီသည် အရယ်ရပ်ပြီးမှ ထွက်လာသောမျက်ရည်တို့ ကို သုတ်လျက် ငဆိုးထက်ခိုင်ကိုကြည့်၍ ရယ်ပြန်၏။

'အံ့ဩတယ်ဗျာ တကယ့်ကိုခင်ဗျားမဟုတ်မဟတ်တွေပြောတတ်တဲ့လူ'

'ဒီမှာ ခင်ဗျား ကျနော်ကိုအဲဒီလိုထင်ရင် ကျနော်ကလဲ ခင်ဗျားကို ဒီလူဟာ တော်တော် ညံ့တဲ့လူလို့ ထင်မှာဘဲ ထင်မှာမဟုတ်ပါဘူးလေ ထင်နေတာ'

ဗိုလ်မှူးချုပ်လေးလုံးညီသည် ရယ်ချင်စိတ်ကို မနဲချုပ်တည်းအောင့်လျက်၊

'အင်း ဆိုစမ်းပါအုံး' ခင်ဗျားပြောတဲ့ အရည်အချင်းနဲ့ နိုင်ငံကို ခေါင်းဆောင်တဲ့လူထွေနဲ့ ဘယ်လိုများဆက်စပ်သလဲလို့ အရေးတကြီးဆက်စပ်ပုံဆက်စပ်နည်း'

'ခင်ဗျားတို့ဟာဗျာ အကန်းတွေလိုပဲ အံ့ရောအံ့ရော ခေါင်းဆောင်ဆိုတဲ့လူတွေကို ခင်ဗျားလေ့လာကြည့်စမ်း၊

. . . . ဒုတိယကမ္ဘာစစ်ကြီးကို အစပျိုးခဲ့တဲ့ ကမ္ဘာတခုလုံးကို သိမ့်သိမ့်တုန်အောင်ကိုင်လှုပ် ပြီး စစ်ရှုံးသွားရတဲ့ ဂျာမဏီက ဟစ်တလာ။

. . . . . ကဲ သူတို့ကိုကြည့်စမ်း ဘယ်လောက်အမူအရာကောင်းသလဲ ဘယ်လောက်ဟန်ပန် ကောင်းသလဲ ဘယ်လောက်လေယူလေသိမ်းကောင်းသလဲ

သူတို့ဟာ အကောင်းဆုံး ရုပ်ရှင်မင်းသား အကောင်းဆုံးရုပ်ရှင်မင်းသမီးတွေထက် ဆွဲအားကောင်းကောင်းနဲ့ အမူအရာလုပ်နိုင်တယ်၊

စင်မြင့်ပေါ်ကနေပြီး ဟစ်တလာစကားပြောလိုက်တဲ့အခါမှာ သန်းနဲ့ချီပြီးနားထောင် နေကြတဲ့ ပရိသတ်ကြီး တခုလုံး ရင်တလှပ်လှပ်နဲ့ သွေးဆူလာရမယ် နားထောင်ရင်းနားထောင် ရင်း မျက်နှာကြီးတွေနီလာပြီး ငါတို့ဟာ မဟာဂျာမန်လူမျိုးကြီးပါတကားဆိုတဲ့ အသိတရားဝင် လာပြီး ကျန်တဲ့လူမျိုးတွေအားလုံးကို တိရစ္ဆာန်တွေ အမဲတွေလို့ ထင်လာကြရာယ်။

ဟစ်တလာက မိမိတို့လူမျိုးတွေ အကြားမှာ ရဟူဒီတွေရောက်လာကြတဲ့ အတွက်ကြောင့် သွေးချင်းရောနှောပြီး မိမိတို့အမျိုးသားတိမ်ကောပပျောက်ရတော့မလောက် ဖြစ်နေလာရပြီမို့ မဟာဂျာမန်ထု လူမျိုးကြီးအတွက် နှမြောဝမ်းနည်းဖို့ကောင်းကြောင်းပြောတဲ့အခါမှာ သန်းနဲ့ချီ ပြီး နားထောင်နေကြတဲ့ လူထုပရိသတ်ကြီးအဘို့ မျက်ရေတွေ ကျအောင်ဝမ်းနည်းလာကြရတယ်

အီတလီအာဏာရှင် မူဆိုလိုနီကို ကြည့်အုံး ဒီအတိုင်းပဲ ရှရှားနန်းတွင်းမှာ ကျော်ကြားတဲ့ 'ရပ်စ်ပြူတင်း' ကိုကြည့်အုံး' ဒီလိုအပြောကောင်းရာက တုန်လှုပ်ချောက်ခြားဘွယ်ရာဖြစ်လာရ တာပဲ။

ကျန်တဲ့ ကျော်ကြားတဲ့ ကမ္ဘာ့ခေါင်းဆောင်မှန်သမျှ ဒီအတိုင်း အမူအရာကောင်း ပြောကောင်းချည်းပဲ။

သူတို့ရဲ့ စကားတလုံးတလုံးကို ကမ္ဘာလူထုကြီး တရပ်လုံးကတန်ဘိုးအမြင့်ဆုံးထားပြီး သိမ်းဆည်းမှတ်သားထားကြရာယ်။

အဲဒါဟာ ကျော်ကြားတဲ့ ခေါင်းဆောင်ကြီးက ပြောတဲ့စကားမို့ ကမ္ဘာလူထုကြီးက လိုက်မှတ်ကြတာ မှုတ်ဖူး မှင်နဲ့မောင်းနဲ့ အပြောကောင်းလွန်းလို့ ကမ္ဘာလူထုကြီးက သဘော ကျပြီး ပြောတဲ့လူတွေဟာ တဖြည်းဖြည်း ကျော်ကြားလာရတာ၊

အဲဒီတော့ ခင်ဗျားတို့ဥက္ကဋ္ဌကြီး ဗိုလ်ချုပ်ကြီးသန်မာဟာ အဲဒီလိုပြောတတ်သလား အဲဒီလိုအမူအရာ လုပ်တတ်သလား။

ဒီလိုအလုပ်မျိုးဟာ တော်ရုံတန်ရုံကြောင်လို့ မလုပ်ရဲဖူး၊ ဘေးမှာ သိန်းနဲ့သန်းနဲ့ချီပြီးရှိ နေတဲ့ ပရိသတ်ကြီးတခုလုံးကိုလူစာရင်းထဲ မသွင်းပဲနေနိုင်အောင် ကြောင်ရဲတဲ့သတ္တိမျိုးရှိမှ လုပ်ရဲတာ။

အမူအရာလုပ်ရုံနဲ့မပြီးသေးဘူး အဲဒီအမူအရာပြလိုက်ရင် ပရိသတ်ကျလောက်တဲ့ အသုံး အနှုံးလုပ်ဇာတ်တွေကိုလဲ တတ်ရသေးတယ်။

ဒီမှာ ကျနော်တို့အာရှတိုက်က ခေါင်းဆောင်ကြီးတဦးဟာ အဲဒီလို အပြောကောင်းတာနဲ့ တတိုင်းပြည်လုံးရဲ့ ထောက်ခံအားပေးမှုကို ရခဲ့ဘူးတယ်၊

သူဟာ တောင်းပန်ရမဲ့စကားလုံးမျိုးကို ပြောရမယ်ဆိုယင် အသံကိုကကမ္ဘာ့အခေါ်နဲ့ 'မိုင်နာ' MINOR ကျနော်တို့ ရွှေဝါပြည်အခေါ်နဲ့ဆိုယင် ကျသံ၊ အောက်သံ ဘယ်သံနဲ့ အစချီ လိုက်တာပဲ၊ သူ့အသံထဲမှာ ကျင်နာစရာ သနားစရာအပြည့်ပါနေတယ်၊ ရေဒီယိုကိုဖွင့်ပြီး နားထောင်လိုက်တဲ့ လူတိုင်းဟာ အဲဒီအသံကိုကြားလိုက်တာနဲ့ အသံရှင်ပုဂ္ဂိုလ်ကြီးဟာ တိုင်းပြည်အတွက် အင်မတန်စိတ်ထိခိုက်နေရှာလို့ အခုလိုသနားဖွယ် မေတ္တာရပ်ခံနေရှာတာပါ လားဆိုတဲ့ အသိနဲ့ သနားစရာကောင်းတဲ့ မျက်နှာပုံပှာန်တွေကိုပါ

မျက်စိထဲကမြင်လာကြတယ် စကားလုံးနဲ့ ပြောဘို့အကြောင်းအရာကို ဖွဲ့စည်းထားတာကလဲ တမင်ကြိုးစားပမ်းစား ရှာကြံ ရေးသားထားတဲ့ စကားလုံးဆိုတော့ လူတွေဟာ နားထောင်ရင်းနားထောင်ရင်း ခွင့်လွှတ်လာ လိုက်လျှောလာကြတာပဲ။

အဲ လှုံ့ဆော်ပေးရမဲ့စကားမျိုး ပြောရမယ်ဆိုယင် အသံစတည်လိုက်တာနဲ့ ကမ္ဘာ့အခေါ် မေဂျာ Major သံ၊ ကျနော်တို့ ရွှေဝါပြည်အခေါ်နဲ့တက်သံ အထက်သံ ညာသံ။

. . . . စကားပြောပုံကိုက မြန်လာတယ် စကားလုံးတွေ ကလဲတောက်ပလာတယ် စကားလုံး ပြောင်လာတယ် အောက်သံနဲ့ ပြောတုန်းကလို တခွန်းချင်း လေးလေး သလိပ်ကပ်သံကလေးမျိုး နဲ့ ဆွေးဆွေးမြေ့မြေ့ ပြောပုံမျိုးမဟုတ်တော့ဘူး။

. . . ခင်ဗျားတို့ဥက္ကဌကြီးဟာ အဲဒီလိုအမူအရာ လုပ်တတ်ရဲ့လား အသံလုပ်တတ်ရဲ့လား မျက်နှာပြောင်ရဲရဲ့လား စကားလုံးတွေလုပ်ကြံရှာဖွေရေးသားတတ်ရဲ့လား။

အဲဒီအချက်ဟာ ခေါင်းဆောင်ဖြစ်ဘို့အရေးအကြီးဆုံး လိုအပ်တဲ့အချက် အဲဒီအချက်နဲ့ မပြည့်စုံတဲ့ ခေါင်းဆောင်တွေဟာ ဘယ်တော့မှ တာရှည်သဖြင့် ခေါင်းဆောင်အဖြစ် မရပ်တည် နိုင်ဘူး။

. . . . အတိုက်အခံထဲက အဲဒီလိုအရည်အချင်းနဲ့ ပြည့်စုံတဲ့လူတယောက်ပေါ်လာတာနဲ့ တိုင်းပြည်လူထုဟာ အဲဒီအမူအရာကောင်း အပြောကောင်းနောက်ပါသွားရမှာဘဲ။

အမူအရာကောင်းတယ်ဆိုတဲ့ စကားကိုထပ်ပြီး အဓိပ္ပာယ်ဖော်လိုက်ယင် ဟန်ဆောင် ကောင်းတာဘဲ၊ မိမိကို ကြည့်နေမြင်နေကြတဲ့လူတွေကို တကယ်ယုံကြည်လာအောင် အဟုတ် ထင်လာအောင် ဟန်ဆောင်ပြဒါဘဲ၊ ဒါမှလဲ လူထုဆိုတဲ့လူဆွာက အဟုတ်ယုံကြည်ယင် ခေါင်းဆောင်ဖြစ်တာဘဲ၊ လူထုဆိုတာဟာ မှန်ဘို့ဟုတ်ဘို့မလိုဘူး သူတို့ကြိုက်အောင်ပြဘို့ သူတို့ယုံဘို့ဘဲလိုတယ် အဲဒီတော့ အဲဒီလိုယုံအောင်ကြိုက်အောင် လုပ်ပြနိုင်ဘို့ အရေးအကြီးဆုံး အရည်အချင်းက ဟန်ဆောင်ကောင်းခြင်းဘဲ။

'တိကိစ္ဆာ၊ ဣတိဟာသာစ ဖော်တိမာယာစ ဆန္ဒတိ'ဆိုတဲ့ တဆယ့်ရှစ်ရပ်သော အတတ် တို့ကို ဖော်ပြရာမှာ အဲဒီဟန်ဆောင်ကောင်းတဲ့အတတ်ပါတယ် အဲဒီအတတ်ကို 'မာယာလို့ ခေါ်တယ်' 'မာယာစ လှည့်ပတ်တတ်ခြင်း အတတ်သည်ငှင်း. . . တဲ့'။

လှည့်ပတ်တတ်ခြင်းဆိုတာ ဟန်ဆောင်ကောင်းခြင်းဘဲဗျ ခင်ဗျားတို့ခေတ်သစ်ရွှေဝါပြည် အုပ်ချုပ်ရေး အဖွဲ့ဥက္ကဌကြီးက အဲဒီလိုဟန်ဆောင်ကောင်းလို့လား။

'ခင်ဗျား အဲဒီအကြောင်းကို ကျမ်းတကျမ်းဖြစ်အောင် ရေးပါလားဗျ၊ အခုလဲအတော်ခိုင် လုံသားဘဲ၊ နားထောင်လို့လဲကောင်းပါတယ်၊ အဲဒီအကြောင်းကလေးကို အခုထက်ပြည့်စုံအောင် ရှာဖွေစုဆောင်းပြီး ကျမ်းတကျမ်းဖြစ်အောင် ရေးလိုက်ယင် ရွှေဝါပြည်မယ် ခေါင်းဆောင်ဖြစ်ဘို့ ကျိုးစားကြမဲ့လူတွေအတွက် တော်တော် အသုံးဝင်မယ်ရေးပါလား. . . . '

ဗိုလ်မှူးချုပ် ငလုံးညီက ငဆိုးထက်ခိုင်ကို သရော်၏။ ငဆိုးထက်ခိုင်က ခေါင်းရမ်းလိုက် သည်။

'ဒီမှာ ကိုငလုံးညီ ခင်ဗျားအဲဒီလို ရှော်ရှော် မပစ်လိုက်နဲ့ ခင်ဗျားပြောရမှာက မဟုတ်ယင် မဟုတ်ဖူး၊ ဟုတ်ယင် ဟုတ်ယင်ဟုတ်တယ်၊ ခေါင်းဆောင်ဖြစ်ထိုက်တဲ့ လူတယောက်မှာ ဒီအချက်မလိုယင်မလိုဘူး၊ လိုယင်လိုတယ်ဆိုတာ ငြင်းရမယ်၊ ကျနော်က အခိုင်အမာပြောနေ တာ'

'ကျုပ်တို့က ခင်ဗျားတို့လို လူကြောင်တွေ တွေးသလို တွေးတတ်တဲ့လူမျိုးတွေမဟုတ်ဖူး ဗျ၊ ဘာငြင်းနေစရာလိုသလဲ၊ ခင်ဗျားဆက်ပြောမဲ့ဟာကို ပြောစမ်းပါအုံး. . .'

'ကျန်တာတွေကတော့ လူတိုင်းလဲသိ၊ ခင်ဗျားလဲသိတဲ့ အချက်အလက်တွေဘဲ၊ အထူးပြောဘို့မလိုပါဘူး. . . . ရှိနိုင်မရှိနိုင်ဘို့ကလဲ သိပ်မခဲယဉ်းပါဘူး. . . .

အဲ ဆန့်ကျင်ဘက်ရှိရမယ့် အချက်နှစ်ခုတော့ပါရဲ့။ တခုက စိတ်မလှုပ်ရှားလွယ်ရဘူး၊ မယုံကြည်လွယ်ရဘူး၊

အဲ နောက်တခုက ဘာမှမယုံကြည်ဝံ့၊ မယုံရဲဝံ့တဲ့ စိတ်ဓါတ်မျိုးလဲမရှိရဘူးတဲ့၊ လူတယောက်ထဲမှာ အဲဒီနှစ်ခုလုံးပြည့်စုံဘို့ဆိုတာ ခက်တာပေါ့။

ပီးတော့ နောက်ဆုံးအချက်ဖြစ်တဲ့ အကြောင်းအရာဆယ့်သုံးက တိုင်းပြည်ကို ချစ်ယုံ မဟုတ်သေးဘူး ကိုယ့်ကိုယ်ကို ခေါင်းဆောင်ဖြစ်နိုင်တယ်လို့လဲ ယုံရမယ် ခေါင်းဆောင်လဲလုပ် ချင်တဲ့စိတ်ရှိရမယ်ဆိုတဲ့အချက်ပဲ။

တကယ်တော့ လူတော်တွေဟာ လုပ်ရင်းကိုင်ရင်း ခေါင်းဆောင်ဖြစ်မှန်းမသိ ဖြစ်လာကြ ရတာချည်းဘဲ ဒါပေမဲ့ခေါင်းဆောင်ဖြစ်လာပြီးတဲ့နောက် ခေါင်းဆောင်ဖြစ်ချင်တဲ့ စိတ်မျိုးစွဲစွဲ မြဲမြဲရှိကို ရှိရမယ်။ မရှိယင်မဖြစ်နိုင်ဘူး။

ဒီမှာ ကျနော်မေးကြည့်ချင်တယ်၊ ခင်ဗျားတို့ ခေတ်သစ်ရွှေဝါပြည်အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဌကြီး ဗိုလ်ချုပ်ကြီးသန်မာက ဒီရွှေဝါပြည်ကြီးကို ငါခေါင်းဆောင်လုပ်ပီးခေါ်ဆောင်သယ် ပိုးသွားမှ ဖြစ်တော့မယ်၊ ငါမှမလုပ်ယင် မဖြစ်တော့ဘူးလို့ သူ့စိတ်ထဲမှာ တကယ်ယုံကြည်ရဲ့ လား'

'ကိုယ့်လူတော်တော် 'ပေါ'တာဘဲ၊ အဲဒီလိုဆိုယင် ခေါင်းဆောင်လုပ်တဲ့လူတိုင်း ဒီလို မယုံကြည်ယင် ခေါင်းဆောင်မဖြစ်တော့ဘူး။ ခေါင်းဆောင်တိုင်း ဒီလိုယုံကြည်နေကြရတယ်ပေါ့. . '

'အင်း. . ခင်ဗျားတို့ဟာ ကျနော်တို့ထင်တာထက်ပိုညံ့တယ်. .

. . . ခင်ဗျားမှတ်ထား ကျနော်တို့ကမ္ဘာ့ခေါင်းဆောင်တွေကို ကြည့်လိုက်ယင် ဥပမာဗျာ ကွယ်လွန်သူ မဟာစတာလင်ကြီးကိုကြည့် ငါမှတပါး ငါဆိုရှယ်လစ်စုပေါင်းသမတနိုင်ငံတော်ကြီး ကိုဘယ်သူမှ ခေါင်းမဆောင်နိုင်တော့ဘူးလို့ ယုံကြည်ပြီးဘယ်သူ့မှ နေရာဖယ်မပေးခဲ့ဘူး။

ဟော နောက်မဟာစတာလင်ကြီး ကွယ်လွန်သွားတော့ စောစောစီးစီးနေရာ ဖယ်မပေး ကောင်းလားလို့ ခေါင်းဆောင်ကြီးစတာလင်ပေါ်မှာ အညှိုးကြီးခဲ့တဲ့ ကရူးရှက်ကိုယ်တိုင်ဟာလဲ ဒီအတိုင်းဘဲ ငါခေါင်းမဆောင်ယင် ငါ့တို့ဆိုရှယ်လစ်စုပေါင်းသမတနိုင်ငံတော်ကြီးရော အယူ အဆပါ ပျက်စီးရတော့မှာဘဲလို့ အူလှိုက်သဲလှိုက်ယုံကြည်လာရတယ်၊ ဟောကျနော်တို့ ရွှေဝါ ပြည်ရဲ့ ဟိုဘက်ဗုဒ္ဓဘာသာနိုင်ငံ ဗမာပြည်နားက တရုတ်ပြည်သူ့ သမတနိုင်ငံတော်ကြီးကိုကြည့် အုံး

အဲဒီနိုင်ငံကဥက္ကဋ္ဌကြီးဟာလဲ ငါမှခေါင်းမဆောင်ယင် တရုတ်ပြည်သူ့သမတနိုင်ငံတော်ကြီး ယိုယွင်းရလိမ့်မယ်လို့ ယုံကြည်ထားတာပဲ။

ဒါတင်ဘဲလားဆိုတော့ မဟုတ်သေးဘူး သူတို့နိုင်ငံကို အုပ်ချုပ်ကြတဲ့ အုပ်ချုပ်ရေးစံနစ် ကိုတောင်ရှုရှက ခေါင်းဆောင်ကြီးကလဲ ငါထိန်းသိမ်းထားမှ အမှန်ကို မယိုယွင်းအောင်ရှေ့ ဆောင်ညွှန်ကြားနိုင်မယ်လို့ ယုံကြည်ကြတယ်။ တရုပ်ကလဲဒီတိုင်းဘဲ။

အဲဒါခင်ဗျားတို့မျက်မြင်ဘဲ ဒါ့ကြောင့်ခင်ဗျားတို့ ဥက္ကဋ္ဌကြီးမှာ ငါမှတပါးတခြားလူတွေ ခေါင်းဆောင်နဲ့မတန်တော့ဘူးလို့ တကယ်ယုံယုံကြည်ကြည် အူလှိုက်အသဲလှိုက် အဲဒီစိတ်မျိုး ထားရဲရဲ့လားလို့ ကျနော်မေးတာ။

ဗိုလ်မှူးချုပ်လေးလုံးညီသည် တဖြေးဖြေးစိတ်ညစ်ငြီးငွေ့လာဟန် မျက်နှာရှုံ့မဲ့နေ၏။

ဒီမှာ ခင်ဗျားပြောမယ်ဆိုတဲ့ ပေါကြောင်ကြောင် စကားတွေဟာ ဒါအကုန်ပဲလား၊ ကျုပ်အခု ဖြုန်းနေရတဲ့အချိန်တွေက အင်မတန်တန်ဘိုးရှိတဲ့အချိန်တွေဗျ’

‘ဒါ့ကြောင့်လဲ ကျနော်က ဘယ့်တော့မှမကြားနိုင် မရနိုင်တဲ့ အင်မတန်တန်ဘိုးရှိတဲ့ စကားတွေပြောနေတာဗျခင်ဗျား မရှုံး ကျနော်ပြောနေတာကို မဟုတ်ပါဖူးလို့ ခင်ဗျားအခိုင် အလုံငြင်းနိုင်ယင်ငြင်း မငြင်းနိုင်ယင် လက်မခံချင်နေ ဒါပေမယ့် ဟုတ်နိုင်တယ်ဆိုတာတော့ ယုံရမယ်။

ဒီမှာပိုပြီးတော့ ခိုင်လုံတာကိုပြောပြမယ် ကျနော်တို့အာရှတိုက်သားချင်းဖြစ်တဲ့ ဗုဒ္ဓဘာသာဗမာရာဇဝင်ထဲမှာ သူတို့ရဲ့ တောင်ပိုင်းသားတွေကို မြောက်ပိုင်းသား ‘သိုဟန်ဘွား’ ဆိုတဲ့ ဘုရင်က အတော်ကလေး ရက်ရက်စက်စက်အုပ်ချုပ်တယ်။

အဲဒီအချိန်အခါမှာ တောင်ပိုင်းသားတွေက မခံမရပ်နိုင် ဖြစ်နေကြပေမယ့် ဘယ်သူမှ ခေါင်းမထူနိုင်ကြဘူး။

အဲဒီလိုဖြစ်နေတုန်း အကြံဉာဏ်ဖွဲ့သတ္တိနဲ့ပြည့်စုံတဲ့ တောင်ပိုင်းသားမင်းကြီးရန်နောင် ဆိုတာက ယိမ်းနွဲ့ပါးဆိုတဲ့ဓါးကို ကိုင်ပြီး အဲဒီမြောက်ပိုင်းသား ‘သိုဟန်ဘွား’နဲ့တကွ ကျန်တဲ့ သိုဟန်ဘွားရဲ့ အသိုင်းအဝိုင်းတွေကိုပါ ဦးဆောင်ပြီး ရှင်းလင်းပေးခဲ့တယ်။

အဲဒီမင်းကြီးရန်နောင်ဟာ သူတို့ဗမာပြည်သားတွေရဲ့ ရာဇဝင်ထဲမှာ အင်မတန် လက်ရုံး ရည် နှလုံးရည် အကြံဉာဏ်နဲ့ပြည့်စုံတဲ့ ကယ်တင်ရှင် တော်လှန်ရေးခေါင်းဆောင် တယောက် ပေ့ါ။

ဒါပေမယ့်သူ့မှာ ဒီတိုင်းပြည်ကြီး ငါ့ခေါင်းဆောင်မှ ရပ်တည်နိုင်လိမ့်မယ်လို့ အူလှိုက် အသဲလှိုက် ယုံကြည်တဲ့ စိတ်မျိုးမရှိဘူး။

ဒါ့ကြောင့်သူဟာ တိုင်းပြည်အတွက် ဆက်လက်ခေါင်းဆောင်မှုပေးတာမျိုးမတွေ့ရပဲ ရဟန်းပြုပြီး ရာဇဝင်ထဲက ပျောက်သွားခဲ့ရတယ်။

ဒါ့ကြောင့် ကျနော်ပြောနေတာက လူဆိုတာ ခေါင်းဆောင်မှုပေးနိုင်တိုင်း တကယ် ခေါင်းဆောင်မဖြစ်နိုင်ဘူး အခိုက်အတန့်ခေါင်းဆောင်ဖြစ်ပြီး နောက်ပျောက်သွားတာပဲ တကယ်ခေါင်းဆောင်ဖြစ်ချင် လုပ်ချင်တဲ့စိတ်မျိုးလဲ အူလှိုက် သဲလှိုက်ပါမှ ခေါင်းဆောင်ဖြစ်တာ။

အူလှိုက်အသဲလှိုက် ဖြစ်ချင်တဲ့ စိတ်မျိုးမရှိဘဲနဲ့လဲခေါင်းဆောင်တယောက် မဖြစ်နိုင်သေး ဖူး၊ ဘာပြုလို့လဲဆိုတော့ တော်ရုံတန်ရုံလောက် ဖြစ်ချင်လုပ်ချင်တဲ့ လူမျိုးဆိုယင် ခဏကလေး စိတ်ပျက်ပြီး စွန့်လွှတ်သွားမှာစိုးရလို့ အဲဒါကြောင့်မို့

မဖြစ်ကာမှနေရော ဖြတ်ဖြတ်လူးမလုပ်ရ ယင် မနေနိုင်တဲ့ စိတ်ဓါတ်မျိုးရှိမှ တကဲ့ကို အူလှိုက်အသဲလှိုက်လုပ်ချင်နေတဲ့ လူမျိုးဖြစ်မှ ခေါင်းဆောင်ဖြစ်နိုင်တာ။

အဲဒါကလဲ အတော်ကိုအရေးကြီးတဲ့အချက်ပဲ။

ဗိုလ်မှူးချုပ်ငလုံးညီ၏စိတ်ထဲ၌မူ မှတ်ရသားရမည့် နက်နက်နဲနဲအကြောင်းအရာများ မိမိတို့တကယ်မသိသည့် သိလျှင် တအံ့တသြနားထောင်ရမည့် အကြောင်းအရာများကို ကြားရလိမ့်မည်ဟုထင်၏။ ယခုမိမိကြားရသောအခါ၌ ထိုသို့မဟုတ်။

'ဒီမှာ ခင်ဗျားအခုပြောနေတဲ့ စကားတွေက ပေါကြောင်ကြောင်စကားတွေ ပြောနေတာ ပဲ၊ ကျနော် နားထောင်ချင်သိချင်တာက အဲဒီလိုပေါကြောင်ကြောင်စကားတွေ မဟုတ်ဖူးဗျ။ သုံး သုံးလီကိုးဆိုတဲ့ တိကျတဲ့ စကားမျိုးတွေကို နားထောင်ရမယ်ထင်လို့ အခုလောက်အချိန်ဖြုန်းပြီး နားထောင်နေတာ။

ငဆိုးထက်ခိုင်သည် ဗိုလ်မှူးချုပ်ငလုံးညီကို တိတ်တိတ်ဆိတ်ဆိတ်ကြည့်၏။ အတန်ကြာမှ ခေါင်းကို တဆတ်ဆတ်ငြိတ်လိုက်၏။

'ခင်ဗျားဟာ တော်တော်နုပါသေးတယ်၊ နေပါအုံး ခင်ဗျားကိုယ်တိုင် သုံးသုံးလီကိုးဖြစ် ရတဲ့ ဂဏန်းအကြောင်းကို သိလို့ ကျနော်က သုံးသုံးလီကိုးဖြစ်မဲ့စကားတွေကို ပြောရမှာလား ခင်ဗျားအနေနဲ့ အပေါင်းနဲ့အမြှောက် ဘယ်သင်းက ဂဏန်းပိုများလာတယ်ဆိုတာကို တကယ် သိလို့လား၊

'ဒီမှာ ကိုယ့်လူ ကျုပ်ကခင်ဗျားလို ငပေါလဲမဟုတ်ဖူး ဖြစ်ကတတ်ဆန်း ပေါက်လွှတ်ပဲစား ကြီးလာတဲ့လူလဲမဟုတ်ဖူး ကျောင်းမှာ အတန်းတိုင်း သင်္ချာကို အထူးနဲ့ချည်းအောင်လာခဲ့တဲ့လူ ကိုယ့်လူနားလည်လား။

'ခင်ဗျားတို့ဟာခင်ဗျားတို့ အထူးနဲ့အောင်အောင် ဘာနဲ့အောင်အောင် ကျနော်က ခင်ဗျားတို့ကျောင်းတွေကို အထင်ကြီးတဲ့ အကောင်မှမဟုတ်ပဲ ခင်ဗျားတို့မှာအခြေခံမခိုင်လုံပါ ဖူး အပေါင်းနဲ့အမြှောက် ဘယ်သင်းက ဂဏန်းပိုပြီးများများထွက်လာတယ်ဆိုတာ မသိပါဖူး။

'ကျနော်အစက ခင်ဗျားကို ဒါလောက်ကြောင်လိမ့်မယ်လို့ မထင်ဖူး အခုမှခင်ဗျားစကား တွေနားထောင်လေ ခင်ဗျားဟာတကယ်ပေါတဲ့လူ ဖြစ်မှန်းသိလာလေပဲ'

'ထားပါ ပေါတာပဲထားပါ ခင်ဗျားဂဏန်းသင်္ချာစကားပြောလို့ ပေါင်းတာနဲ့မြှောက်တာ ဘယ်သင်းက. . .'

'ခင်ဗျား အဘကြီးမှပဲ မြှောက်တာကပိုပြီးဂဏန်း အဆများလာနိုင်တယ်ဆိုတာ တတန်း နှစ်တန်းကလေးတွေတောင် သိတယ် မြှောက်တယ်ဆိုတာ ဂဏန်းတွေကို အဆလိုက် ပါလာတာ၊ ပေါင်းတယ်ဆိုတာက သူ့ဂဏန်းရှိသလောက် ရနိုင်တာ။

ငဆိုးထက်ခိုင်ကပြုံးသည်။

'ဟုတ်တယ် ခင်ဗျားအခုဖြေတဲ့အဖြေဟာ တတန်းနှစ်တန်း ကလေးတွေ ဖြေတဲ့အတိုင်းပဲ ဒါနဲ့များခင်ဗျားက သုံးသုံးလီကိုးဆိုတာမျိုး သိချင်တယ်လို့ ပြောလိုက်သေးတယ်၊ ပီးတော့ခင်ဗျား ကိုယ်တိုင်လဲ ဂဏန်းသင်္ချာအကြောင်းနားမလည်ဖူး။

ဒီမှာမှတ်ထားဂဏန်းဆိုတာ သူ့မှာရှိတဲ့တန်ဘိုးနဲ့အမျှဖြစ်လာတာပဲ။

မြှောက်တယ်ဆိုတာလဲ မြှောက်တဲ့အဆ ဂဏန်းကလေးရဲ့တန်ဘိုးအရ တိုးပွားလာရတာ ပဲ ပေါင်းတယ်ဆိုတာလဲ သူ့အချင်းချင်း ပေါင်းစပ်ကြရတဲ့ ဂဏန်းလုံးကလေးတွေရဲ့ တန်ဘိုးနဲ့ အမျှ တိုးပွားလာရတာပဲ၊

၁ကို၁ဆနဲ့မြှောက်တော့ ၁ပဲဖြစ်တယ် အဲဒါမြှောက်တာ။ ၁ကို ၁ နဲ့ပေါင်းတော့ ၂ ဖြစ် တယ်။ အဲဒါပေါင်းတာ ကဲပေါင်းတာနဲ့မြှောက်တာ ဘယ်သူက ဂဏန်းပိုများလာသလဲ ၁ ကို တန်ဘိုးသုံးခုနဲ့ မြှောက်တော့ ၃ ဘဲဖြစ်တယ်၊ ၁ ကိုတန်ဘိုးသုံးခုနဲ့ ပေါင်းတော့ ၄ ခုဖြစ်လာ တယ်။

၂ ကိုတန်ဘိုး ၁ ခုနဲ့မြှောက်တော့ ၂ဘဲဖြစ်ရတယ်၊ ၂ ကို တန်ဘိုန်း ၂ ခုနဲ့မြှောက်တော့ ၄ ဖြစ်လာတယ်။ ကောင်းဘီ ၂ ကိုတန်ဘိုး ၁ ခုနဲ့ပေါင်းတော့ ၃ ဖြစ်လာတယ်၊ မြှောက်တုံးက ထက်ပိုတယ်နော်။

ဟော ၂ ကို တန်းဘိုးနှစ်ခုနဲ့ပေါင်းတော့ ၄ ဖြစ်တယ်၊ မြှောက်တာနဲ့အတူတူဘဲ၊ အဲဒီတော့ ပေါင်းတယ်မြှောက်တယ်ဆိုတာ ဂဏန်းတန်ဘိုးအပေါ်မှာ မူတည်ပြီး အများအနဲဖြစ်ရ တယ်၊ ခင်ဗျားပြောသလို မြှောက်တာက ပေါင်းတာထက်ပိုပြီး ဂဏန်းအဆပွားလာတယ်လို့ တရားသေ မှတ်ထားလို့မရဘူး၊ ၂–ကို သုညတန်ဘိုးနဲ့ မြှောက်ယင်ပိုတောင်လျော့သွားသေး တယ်၊ သုညဘဲဖြစ်မယ်။ ၂ ကိုသုညနဲ့ပေါင်းတော့ ၂ ခုအတိုင်းရှိနေရမယ်။ အဲဒီတော့ မြှောက် တယ်ဆိုတာဟာ မြှောက်တိုင်းလဲများလာတာမဟုတ်ဖူး၊ မြှောက်လိုက်တဲ့ ဂဏန်းတန်ဘိုးပေါ်မှာ မူတည်ပြီး လျော့သင့်တာလျော့တယ်၊ ပွားသင့်တာပွားတယ်၊ တချို့ဂဏန်းဟာ ပေါင်းတာထက် လျော့တယ်။ တချို့ဂဏန်းဟာ ပေါင်းတာနဲ့ တန်းတူဖြစ်တယ်။ တချို့ဂဏန်းဟာ ပေါင်းတာထက် ပိုတယ် အဲဒါမှအမှန်။

အဲဒီတော့ ကျနော်က ခင်ဗျားကို သုံးသုံးလီကိုးဆိုတာမျိုး အဖြေထွက်လာအောင် ပြောမလို့ အစပျိုးနေတာ ခင်ဗျားက နားမလည်နိုင်ဘူး၊ အဲဒါဘဲ. . . '

ဗိုလ်မှူးချုပ်လေုံးညီသည် အိုထက်လှဆီသို့ ခေါင်းအုံးတောင်းယူလိုက်ပြီးနောက် ခေါင်းအုံးကို ရင်ဘတ်အောက်သို့ သွင်းလျက် ဝမ်းလျားမှောက်လိုက်သည်။

'အေးထားပါတော့ဗျာ ဒီပညာမျိုးက ခင်ဗျားတို့လို ပေါကြောင်ကြောင်လူတွေမှ တတ်တဲ့ ပညာမျိုးတွေ ကျုပ်တို့တော့မသိဘူး၊ မြှောက်ယင်များတာဘဲ ပေါင်းယင်လဲများလာတာဘဲ ဒါပေမဲ့မြှောက်တာက ပိုများတာဘဲ၊ အခု ခင်ဗျားနဲ့တွေ့မှ မြှောက်တိုင်းလဲမများဘူး၊ လျော့သွား တာလဲရှိတယ်၊ သူ့အတိုင်းလဲရှိတယ် တိုးလာတာလဲရှိတယ်ဆိုတာ သိရတာပေါ့. . . '

'ဟုတ်တယ်လေဗျာ ၉ ဟာ သုညတန်ဘိုးနဲ့မြှောက်ယင် သုညဖြစ်လာတော့လျော့သွားတာ ပေါ့။ ၁–တန်ဘိုးနဲ့မြှောက်တော့ သူ့အတိုင်းရှိတာပေါ့. . . . '

'ဟုတ်ပါဘီ. . . ဟုတ်ပါဘီ. . . ကျုပ်သဘောပေါက်ပါဘီဆိုနေမှ ခင်ဗျားအဘကြီးမှဘဲ၊ ထားလိုက်ပါတော့၊ ခင်ဗျားအချို့နိဒါန်းကြီးလဲ အတော်ရှည်သွားပါပြီ၊ ပြောမဲ့စကားသာ ဒဲ့ထိုး ပြောပါတော့. . . . '

'ကဲ. . . . ကောင်းပြီ ဒါဖြင့်ပြောမယ်၊ ခင်ဗျား ကျုပ်ပြောတဲ့ခေါင်းဆောင်ဖြစ်ထိုက်တဲ့ အရည် အချင်းထဲမှာ အဲဟိုအချက် ၃–ချက်ရှိမှ တကယ့်ခေါင်းဆောင် ဖြစ်နိုင်တယ်ဆိုတာ လက်ခံပြီပေါ့. . .'

'ဘယ်အချက် ၃–ချက်လဲ. . . .'

'ဘယ့်လောက်ပဲသနားစရာပဲ ကြင်နာစရာတွေ့တွေ့ မတုံမလှုပ်မိမိရည်ရွယ်ချက်ကို အောင်မြင်အောင် တိုင်းပြည်အတွက်သာကြည့်ပြီး လုပ်ရတယ်ဆိုတာရယ်. . . .

. . . . ပရိသတ်ကြီး သိန်းနဲ့သန်းနဲ့ချီပစေ အဲဒီပရိသတ်ရှေ့မှာ မှင်နဲ့မောင်းနဲ့ ရုပ်ရှင်မင်း သမီး မင်းသားရှုံးအောင် ကိုယ်ပြောတာတွေ တကယ်ထင်လာအောင် အသံရော ရုပ်ရော ဟန်ရော မျက်နှာခပ်ပြောင်ပြောင်နဲ့ လုပ်ရဲပြောရဲရမယ်ဆိုတာရယ်–

နောက်ပိတ်ဆုံးတခုက တိုင်းပြည်ကို ချစ်တဲ့စိတ်ထက် အလေးချိန်မလျော့စေဘဲ အူလှိုက် အသဲလှိုက် ခေါင်းဆောင်လုပ်ချင်တဲ့ စိတ်ရှိရမယ်ဆိုတာရယ်. . . .

အဲဒီအချက်သုံးချက်နဲ့ အပေါင်းကျန်တဲ့ ဆယ်ချက်ပေါ့ဗျာ'

'အင်းယုံဘီဘဲထားပါတော့လေ နေပါအုံးခင်ဗျားဒီခေါင်းဆောင်ဖြစ်ထိုက်တဲ့ အရည် အချင်းတွေ ဘာတွေသိနေသားနဲ့ ဘာလို့ခေါင်းဆောင်မလုပ်တာလဲ ခေါင်းဆောင်လုပ်စားပါ လားဗျ. . .'

ကိုလုံးညီ ခင်ဗျား အဲဒီစကားပြောတာတော့ ကျနော်သိပ်နာတယ်၊ ကျနော်သာခေါင်း ဆောင်လုပ်စားယင် ရနိုင်တယ်ဆိုတာ ခင်ဗျားအစင်းသိပါဗျာ၊ ကျနော်တို့လူထုကို စည်းရုံးကြရ တဲ့အချိန်တုန်းက ကျနော်တို့နောက်ကိုလိုက်ယင် လက်သဲခွန်အခွာခံရမယ်ဆိုတာ သိရက်သားနဲ့ လူထုက လိုက်လာကြတာ။

ဒို့ ဒီလူတွေနောက်ကိုလိုက်ရင် ရှေ့မှာကန်ထရိုက်အလုပ်တွေရမယ်။

စစ်ပစ္စည်းတွေသွင်းနိုင်မယ် လိုင်စင်တွေရောင်းစားနိုင်မယ် အင်းချောင်းတွေ ရမယ် ဆိုတာမျိုးတွေ မျှော်လင့်ချက် မရှိဘူး၊

ကျနော်တို့နောက်က လိုက်လာကြတဲ့ လူတွေရဲ့ ရှေ့မှာ စီးပွားပျက်မယ် အိမ်သူအိမ်သား တွေ ဝတ်ကျန်ရစ်မယ် ကိုယ်တိုင် ကျိုးမယ် ကန်းမယ် သေမယ် ဒါတွေပဲမျှော်လင့်ချက်ရှိကြရ တယ်ပေးခဲ့တယ်။

အဲဒီလို ကျိုးဘို့ ကန်းဘို့ သေဘို့ဆိုတဲ့ မျှော်လင့်ချက်မျိုးပေးပြီး ပြေးရင်းလွှားရင်း စည်းရုံးရတာတောင် ငွေအင်အားအာဏာရှိ အထောက်အပံ့ အင်အားတွေ အပြည့်ရနိုင်တဲ့ အခုတောခိုဘုရင်ကြီး ဗိုလ်အစားကောင်းတို့ထက် ပိုပြီးအင်အားများအောင် စည်းရုံးနိုင်ခဲ့တယ် မှတ်လားဒါတွေ ခင်ဗျားအသိဆုံးပါ။

'ဟုတ်ပါတယ်လေ ကျုပ်ကလဲ အဲဒါတွေသိလို့ ပြောနေတာပါ၊ ခင်ဗျားကိုမခံချင်အောင် စိတ်ဆိုးအောင် ရန်စနေတာမှတ်ပါဘူး'

'ကဲဗျာ ကျနော့်မှာ အရေးအကြီးဆုံးအချက်တချက်နဲ့ အခုဖော်ပြထားတဲ့အချက်တွေထဲ မှာမပါတဲ့ အချက်တချက်ချို့ယွင်းလို့ဗျို့ အဲဒါတခြားမဟုတ်ဖူး အူလှိုက် အသဲလှိုက်မပြောနဲ့ ခဏတဖြုတ်တောင် ခေါင်းဆောင်လုပ်ချင်တဲ့စိတ် မရှိတာရယ်. . . .

နောက်ပီး တာဝန်ဆောင်ရွက်နေမယ်ဆိုယင် အားချည်းစည်းကမ်းကြီးကြီး အဲဒီစည်းကမ်း ကို သိပ်မုန်းလို့ဘယ်တာဝန်မှ မဆောင်ရွက်လိုတာရယ် အဲဒီနှစ်ချက်မပြည့်စုံလို့’

ဒါဖြင့် ဒီအချက် ၂ ချက်သာပြည့်စုံယင် ဒါလောက်ရှိ ခင်ဗျားဟာ ခေါင်းဆောင်ကြီး ဖြစ်နေပြီပေါ့ လက်စသတ်တော့ကျုပ်တို့က သီသီကလေးကံကောင်းလာကြတဲ့ လူတွေဘဲ၊ နို့ မဟုတ်ယင် ခင်ဗျား ခေါင်းဆောင်မှုလက်အောက်မှာ ကျုပ်တို့တတွေ မင်းသားရှုးကြီး ခစားရ သလိုဖြစ်နေပြီ’

‘ခင်ဗျားတို့ အဲဒီလိုလဲခံစားခဲ့ဘူးကြပြီ မဟုတ်လား သိပ်ကြီးကျယ်မနေပါနဲ့’

‘ကဲ လုပ်ပါအုံးဗျာ အိုထက်လှ ကျနော့်ကို စောင်တထည်ပေးစမ်းပါအုံး ဒီနေ့ညတော့ ခင်ဗျားယောက်ျား နှိပ်စက်တာနဲ့ မိုးလင်းတော့မှာပါဘဲ၊ ကဲ လင်းချင်လဲလင်းပါစေတော့ ဒါတောင် အခုတည လုံးပြောတဲ့ စကားတွေထဲက သူပြောချင်တာဘာလဲဆိုတာ ဂရ ရက်လောက်မနဲကြိုးစား ယူရမယ်’

‘ကျနော်က ရှင်းရှင်းလိုရင်းတွေကိုချည်း အကြောင်းအကျိုးနဲ့ ပြောပြမလို့ ခင်ဗျားက ဝင်ဖောက်နေတာ’

ကလေးငယ်တို့ကားအိပ်လေပြီ အိုထက်လှသည် ဗိုလ်မှူးချုပ်ငလုံးညီ ငဆိုးထက်ခိုင်တို့ အေးအေးလူလူ စကားပြောနိုင်စေရန် သင်ဖျာချော နှစ်ချပ်ခင်းပေးလျက် ခေါင်းအုံးများ စောင်များ အသင့်ချပေး၏။

ငဆိုးထက်ခိုင်တို့သည် အိုထက်လှပြင်ဆင်ပေးသည်ကို နေရာဖယ်ပေးကြပြီးနောက် သင်ဖျာချောတချပ်စီတွင် ခေါင်းချင်းဆိုင်လျက် ဝမ်းလျားမှောက်လိုက်ကြ၏။

လမ်းပေါ်၌ လူသူရှင်းလင်းတိတ်ဆိတ်နေလေပြီ ကုက္ကိုပင်ရိပ်သည် တချက်တချက် လမ်းမီးရောင်ကိုဖုံးကွယ်ကစား၏။

လမ်းမီးရောင်ကို ကုက္ကိုပင် အကိုင်းအခက်တို့က ဖုံးကွယ်ပေးလိုက်တိုင်း နက်ကျောကျော

ကောင်းကင်ပြင်တွင် ကြယ်ရောင်ကလေးတို့က ပြိုးပြက်လာတတ်သည်။

‘ကဲ ခင်ဗျားပြောတာတွေ ကျုပ်အားလုံး လက်ခံလိုက်ပြီး ကျုပ်တို့ဘာတွေချို့ယွင်းလဲ အဲဒါ ခင်ဗျားအမြင်အတိုင်းပြောစမ်း. . . .။

ဗိုလ်မှူးချုပ်ငလုံးညီက စကားစလိုက်၏။ ငလုံးညီ၏မျက်နှာသည် ခပ်စောစောကကဲ့သို့ မဟုတ်ပဲ တည်တန့်ငြိမ်သက်သည် အိပ်ချင်ဟန်လည်းပေါ်နေ၏။ ငဆိုးထက်ခိုင်သည် ဗိုလ်မှူးချုပ်ငလုံးညီ၏ မျက်နှာကို တချက်လှမ်းကြည့်လိုက်သည်၊ ငဆိုးထက်ခိုင်၏မျက်နှာ၌မူ အရက်သမားတို့၏မျက်နှာအတိုင်း ရိုက်ခတ်လာသောမီးရောင်တွင် အဆီတဝင်းဝင်းပြောင်နေ၏။ သို့သော် အတော်အတန်အမူးပြေလာဘိသို့ တည်ငြိမ်နေ၏။

‘ကျနော်ပြောမှာပါဘဲ ဒါပေမဲ့ ကျနော့်စကားမဆုံးခင် ခင်ဗျားအိပ်ပျော်သွားမယ်။ ထပြန် သွားမယ်ဆိုယင်မဖြစ်ဖူး၊ ဆုံးအောင်နားထောင်မှ လိပ်ပတ်လည်မှာ. . .’

‘ပြောမှာသာ ပြောစမ်းပါဗျာ ခင်ဗျားလိုရင်းကို ဘယ်တော့မှ တန်းကနဲရောက်အောင် မလုပ်ဖူး၊ ကျုပ်မို့ ဒါလောက်မငြီးငွေ့ဘဲ နားထောင်နေတာ. . . .’

'အဲဒါ ခင်ဗျားဘက်ကအမြင်ဘဲ အခုခင်ဗျား အဲဒီစကားအရှည်ချည်း ပြန်ပြောနေရမယ့် အစား ကျုပ်ဆုံးအောင်နားထောင်မယ် ပြောလို့ဆိုလိုက်ယင် ပီးတာဘဲ၊ အခုတော့ ခင်ဗျားတို့ ဟာ လူတဘက်သားဆီကသာလိုချင်တယ်၊ ကိုယ့်ဘက်က စော်ကားတဲ့အဖြစ်မျိုး မဖြစ်စေရပါဘူး လို့ ကတိမပေးချင်ဘူး. . . .'

'ရှေတယ်ဗျာ. . . ကဲ ကျုပ်နားထောင်မယ်ပြော. . .'

'နားထောင်နေတာတော့ သိသားဘဲဗျ၊ ဆုံးအောင်နားထောင်ဘို့ပြောတာ. . .'

'ခင်ဗျားအဘကြီးမှာဲ ဆုံးအောင်နားထောင်မယ် ကဲ. . .'

ဆေးထက်ခိုင်က ကျေကျေနပ်နပ်ပြုံးလိုက်၏။ ဗိုလ်မှူးလုံးညီက နားစွင့်နေသည်။ ညဥ့်လေသည် ထိုသူနှစ်ယောက်တို့၏ ကျောပြင်ကို အေးချမ်းစေ၏။

'ပြောလေဗျာ'

'ပြောမှာပါဘဲ။ ဒါပေမယ့် ခင်ဗျားတို့ ခေတ်သစ်ရွှေဝါပြည်အုပ်ချုပ်ရေးအဖွဲ့ရဲ့ ချို့ယွင်း ချက်တွေကို ခနဖယ်ထားအုံး။ ခင်ဗျားကိုအဖွဲ့လို'

'လာပြန်ပြီ ခင်ဗျားအဘကြီးမှပဲ လိုရင်းကို မရောက်တော့ဘူး။ နောက်ထပ် ဘာတွေ လျှောက်ချဲ့အုံးမလဲ၊ ခင်ဗျားစကားတခုကို သေနတ်နဲ့ပစ်လိုက်သလို ဒက်ကနဲ လိုရင်းရောက် အောင်မပြောတတ်ဖူးလား'

'ပြောတတ်ပါတယ် ကျနော်က အဲဒီလိုပြောတော့ ခင်ဗျားတို့က နားမလည်ဘူးဗျ၊ ဥပမာဗျာ ကျနော်တို့ရွှေဝါပြည်သားတွေ ကိုးကွယ်နေကြတဲ့ ဂေါတမဗုဒ္ဓက နောင်တမလွန်ဆို တဲ့အစွဲကို လက်မခံဘူးပြောလိုက်ယင် ခင်ဗျားတို့လူသိုက်တွေက ဒီကောင် ဓမ္မန္တရာယ်စကားတွေ ပြောတယ် ဗုဒ္ဓဝါဒဖျက်တယ် ဘာညာနဲ့လုပ်လာကြမယ်မှုတ်လား. . . .

အဲဒီတော့ အဲဒီစကားတခုပြောမယ်ဆိုယင် အဲဒီလိုမပြောသေးခင်ခိုင်လုံတဲ့ အကြောင်း အရာတွေ အရင်ပြရအုံးမယ်။ ပြီးတော့မှ အဲဒီအကြောင်းကို ပြောရမယ်။ ဒီတော့မှ ခင်ဗျားတို့က လက်ခံမှာ. . . .

ဆိုပါတော့. . . . ဗုဒ္ဓမပေါ်မီနှစ်ပေါင်းများစွာက အာရိယံလူမျိုးတွေ ဟိန္ဒူတွေမှာ အဆင့်ဆင့် နှုတ်တိုက်သင်ကြားလာကြတဲ့ ဝေဒလင်္ကာကျမ်းကြီးတခုရှိခဲ့တယ်။

အဲဒီ ဝေဒလင်္ကာကျမ်းကြီးဟာ ရှည်လွန်းအားကြီးတော့ သုံးပိုင်းခွဲပစ်လိုက်ကြတယ်၊ အဲဒီ အထဲက ပထမအပိုင်းကို ရိဂဝေဒလို့ အမည်မှည့်တယ်။ လင်္ကာပေါင်း တထောင်ပါတယ် ဟိန္ဒူ ဘုရားအမျိုးမျိုးတွေရဲ့ ကျေးဇူးတော်အစုံ ဂုဏ်တော်အနန္တတွေကို ဖွဲ့ဆိုချီးကျူးထားတဲ့ လင်္ကာ တွေချည်းပဲ။

ကျနော်တို့ ရွှေဝါပြည်သားတွေ ကိုးကွယ်တဲ့ ဂေါတမဗုဒ္ဓကို ချီးကျူးကန်တော့တဲ့ ပါဠိလင်္ကာတွေဟာ အဲဒီ 'ရိဂဒေဝ'လင်္ကာတွေနဲ့မကင်းဘူး။

လေ့လာတဲ့လူတွေအတွက် အားလုံးပုံတူခိုးချထားသလောက်နီးနီး တွေ့နိုင်ကြတယ်၊

'သမ္မာသမ္ဗုဒ္ဓမတုလံ၊ သသဒ္ဓဂဏာဂ္ဂတ္တမံ'ဆိုတဲ့ ကန်တော့လင်္ကာတွေ။

'အနန္တဂုဏံ ဗုဒ္ဓံ ဝန္ဒိတွာ၊ ဆိုတဲ့ ကန်တော့လင်္ကာတွေ။

'ဗုဒ္ဓံ ဓမ္မဉ္စ ဝိပ္ပသန္နေနစေတသာ၊ ဝန္ဒိတွာဝန္ဒနမာန၊ ပူဇာသက္ကာရ ဘာဇနံဆိုတဲ့ ကန်တော့လင်္ကာတွေ'

‘ယောကောစိမံ အဋ္ဌိ ံကတွာ၊ သုဏောယျ လဘောထ ပုဗ္ဗာပရိ ံ ဝိသေသံ. . . ဆိုတဲ့ လင်္ကာ အဖွဲ့အနွဲ့တွေ၊ အဲဒီအဖွဲ့အနွဲ့တွေဟာ ဗုဒ္ဓချုပ်ငြိမ်းပြီး နှစ်ပေါင်းသုံးရာက အတော်ချည်းကြာခဲ့ လို့ စတုတ္ထသင်္ဂါယနာတင်ပြီးမှ ထမ်းရွက်ပေရွက်ပေါ်မှာ ရောက်လာရဆမယ့် ဗုဒ္ဓမပေါ်မှီ နှစ်ပေါင်း ရှစ်ရာတထောင်လောက်က အာရိယံလူမျိုးတွေနှုတ်တိုက်ရွတ်နေကြတဲ့ ‘ရိဂဝေဒ’ လင်္ကာထဲက အဖွဲ့အနွဲ့တွေကို တိုက်ရိုက်ရော သွယ်ဝိုက်ပြီးတော့ရော ယူထားတာတွေ့နိုင်တယ်။

နောက် အဲဒီဝေဒလင်္ကာရှည်ကြီးရဲ့ ဒုတိယအပိုင်း ဒါမှမဟုတ်ယင် ဒုတိယအတွဲကို ယဇုဝေဒလို့ခေါ်တယ်၊ အဲဒီယဇုဝေဒလင်္ကာမှာလဲ နှစ်ပိုင်းခွဲထားတယ် ပထမပိုင်းက သုက္ကယဇု ဒုတိယပိုင်းက ကဏှယဇုလို့ခေါ်တယ်။

အဲဒီယဇုဝေဒလင်္ကာရဲ့ တဝက်ဟာ ရိဂဝေဒထဲမှာပါတဲ့ ဟိန္ဒူဘုရားတွေရဲ့ ဂုဏ်ကျေးဇူး တွေကို ဖွဲ့ဆိုထားတာ နောက်သုက္ကယဇုက အထက်တန်းယဇ်ပူဇော်နည်းများနဲ့ ဆုတောင်းများ. . .

. . . ကဏှယဇုကအောက်တန်း ယဇ်ပူဇော်နည်းများနဲ့ ဆုတောင်းများ အဲဒီမှာ အထက် တန်း ယဇ်ပူဇော်နည်းဆိုတာက ဘုရားကိုးဆူပူဇော်တာလိုဟာမျိုး အောက်တန်း ယဇ်ပူဇော်နည်း ဆိုတာ ဦးရှင်ကြီးတင်တာတို့ ကိုးမျိုးရှင်နတ်ပွဲပေးတာတို့ လိုဟာမျိုး၊

. . . . နောက်ပီး တတိယဆေဒကျမ်း ဒါမှမဟုတ်ယင် ဝေဒလင်္ကာရှည်ကြီးရဲ့ တတိယပိုင်းကို သာ မဝေဒလို့ ခေါ်တယ်။ အဲဒီဝေဒလင်္ကာဟာ အပေါ်က လင်္ကာတွေ အတိုင်းဖြစ်ပီး လင်ကာအသစ် ၇၅ ပုဒ်ပါတယ်လို့ သိရတယ်၊ အဲဒီဟာကတော့ ယဇ်ပူဇော်ရတဲ့အကျိုးနဲ့ ဆုတောင်းတွေကို ယဇ်ပူဇော်ရင်းရွတ်ဆိုကြဘို့ လင်္ကာတွေဘဲ။

အဲဒီ လင်္ကာတွေဟာ ဘာတွေနဲ့တူသလဲဆိုတော့ ဗုဒ္ဓမပေါ်မီ အနှစ်ရှစ်ရာတထောင်က ရှိခဲ့ပေမဲ့ ဗုဒ္ဓလက်ထက်မှာရှိခဲ့ပြုလုပ်ခဲ့ ရွတ်တတ်သရဇ္ဈာယ်ခဲ့ကြတယ်ဆိုတဲ့ ပရိတ်တွေနဲ့အင် မတန်တူတယ်၊ ဥပမာရတနသုတ်ပရိတ်လိုဟာမျိုး၊ အင်္ဂုလိမာလပရိတ်၊ ခန္ဓသုတ်ပရိတ်၊ မေတ္တာ သုတ်ပရိတ်လိုဟာမျိုးတွေပဲ၊

ဓဇဂ်သုတ်နဲ့ အာဋ္ဌာနာဋိယသုတ်ဆိုယင် အတ္တရဂဝေဒလင်ကာ၊ အဲဒီလင်ကာထဲမှာ တောင် ဆင်တူရိုးမှား တစိတ်တဒေသပါသလိုပဲ၊ ဒါပေမဲ့ အဲဒီလင်ကာဟာ ဗုဒ္ဓမပေါ်မီနှစ်ရာ ပေါင်းအတော်ကြာကြာက ဖေါ်လာတဲ့လင်ကာ။

. . . ဟော အာရိယံတွေရဲ့ နောက်ဆုံးပေါ် ဥပနိသျှဝေဒလင်ကာကြီးကတော့ အဲဒီနတ်တွေ ဗြဟ္မာတွေရဲ့ အကြောင်းမဟုတ်ပဲ၊ နတ်တွေဗြဟ္မာတွေ လူတွေဟာ ဘယ်လိုဖြစ်တယ်၊ ဘယ်လို တည်ရှိတယ် သူတို့ရဲ့ခန္ဓာကိုယ်တွေ ဘယ်လိုပြောင်းလဲပေမဲ့ သူတို့ရဲ့အတ္တဟာ ဘဝတခုက ဘဝတခုကို ဘယ်လိုကံ ဥပါဒ်၊ ဇော၊ ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ မနောဒွါရဝဇ္ဇာန်းစသည် တို့နဲ့ ဘယ်လိုဖြစ်ရတယ်ဆိုတာ ဖွဲ့ဆိုသီကုံးထားတဲ့လင်ကာဘဲ၊ ဗုဒ္ဓရဲ့ အဘိဓမ္မာဆိုတာနဲ့ ဝိသုဒ္ဓိ မဂ်လိုကျမ်းတွေဟာ အဲဒီဗုဒ္ဓမပေါ်မီ နှစ်ရာပေါင်းများစွာက ပေါ်ပေါက်ခဲ့တဲ့ ဥပနိသျှလင်ကာ ကြီးထဲက အယူအဆတွေနဲ့ တူနေတယ်၊ လူနတ်ဗြဟ္မာ ငရဲဆိုတဲ့ ဘုံတွေကို ဖွဲ့စည်းပုံ တည်ဆောက်ပုံတူနေတယ်. . . .

. . . . နောက်တခုက မဟာဘာရတာ လင်ကာကြီးထဲမှာ အဲဒီမဟာဘာရတာ လင်ကာကြီးဆို တာ စောစောကပြောတဲ့ ရိဂဝေဒလင်ကာကြီးတွေနဲ့ အတူ ဂုဏ်ပူဇော်ခြင်းခံရတဲ့ ‘ခရစ်သျှနာ’ ရဲ့ဗုဒ္ဓဝင် တစိတ်တဒေသ။

အဲဒီ ဘာရတလင်္ကာကြီးထဲမှာ ‘ဘဂဝါဂီတ’ လို့ ဟိန္ဒူအမျိုးသားတွေ သီးသန့် ကျမ်း တစောင်တဖွဲ့အဖြစ် မြတ်နိုးနေကြရတဲ့ ‘ခရစ်သျှနာ’ ရဲ့ မိန့်ခွန်းလင်ကာတခုပါတယ် အဇ္ဇုနကို ညွှန်ကြားဆုံးမတဲ့ မိန့်ခွန်း၊

အဲဒီမိန့်ခွန်းရဲ့ လိုရင်းအဓိပ္ပာယ်အချုပ်က. . . . .

‘အို. . . အဇ္ဇုန ဤစစ်ကြီးသည် အမှန်တရားကိုပေါ်ပေါက်အောင် ဖော်ထုတ်ဆုံးဖြတ်ပေးရ မည့်စစ်ကြီးဖြစ်၏။

အဇ္ဇုန သင်စိုးရိမ်ပူပန်သကဲ့သို့ အတ္တသည် သေကြေပျက်စီးခြင်းမရှိ ဤကိုယ်ခန္ဓာ ရုပ်ကောင်ကြီး သေကြေ ပျက်စီးသော်လည်း အတ္တဝိဉာဏ်သည်မပျက်စီး။

အို. . . အဇ္ဇုန အတ္တသည် အဝတ်အဆင်တည်းဟူသော ကိုယ်ခန္ဓာကို လဲလှယ်လေ့ရှိ၏။ အတ္တသည် ထိုကိုယ်ခန္ဓာအား မိမိ၏ကောင်းမှုကုသိုလ် မကောင်းမှုအကုသိုလ်တို့ကို ပြုလုပ်မှု အလိုက်သာလျှင် လူ့ကိုယ်၊ နတ်ကိုယ် ဗြဟ္မာကိုယ် တိရစ္ဆာန်ကိုယ်စသည်ဖြင့် ကိုယ်ကောင်အမျိုး မျိုးမှ တခုကိုရယူကြံရ၏။

ထို ကိုယ်ကောင်သည်မတည်မြဲ။ အတ္တ၏ကောင်းမှုမကောင်းမှုပြုလုပ်သော အခြင်းအရာ အကျိုးပေးတို့ ကုန်လျှင် ကုန်ဆုံး၍နောက်တဖန် ကိုယ်ကောင်အသစ်ရယူရန် ရှေးရှူ၏။ ဤသို့ ကိုယ်ကောင်လဲလှယ်ရသောသေခြင်းမှ သတ္တဝါဟူသမျှသည် ရှောင်လွှဲမရကြလေကုန်။

အဲဒါတွေဘဲ အဲဒီတော့ ကျနော်တို့သိတဲ့ အခုရှေ့ဝါပြည်သားတွေ ကိုးကွယ်နေကြတဲ့ ဗုဒ္ဓက အနတ္တ အတ္တလဲမရှိဘူး။

. . . အဲဒီဝေဒလင်ကာတွေ ဥပနိသျှလင်ကာတွေနဲ့ ဘာရတလင်္ကာတွေ ဘဂဝါဂီတ လင်ကာတွေကို အယုံအကြည်လဲမရှိဖူး ရွတ်ဆိုနေဘို့လဲ ဝါသနာပါပုံမရဘူး။

. . . ပီးတော့ ဒီလင်ကာတွေကိုရေးခဲ့တဲ့ အာရီယံတွေနဲ့အပြိုင် ငါလင်ကာတွေရေးမယ်ဆို တဲ့ အပြိုင်အဆိုင်စိတ်ထားမျိုးလဲရှိပုံမရဖူး။

. . . . ပီးတော့ အိမ်ယာထောင်တဲ့လူသားတွေနဲ့ ရောထွေးရောထွေးလုပ်ပြီး ဂါထာမန္တယား တွေလို့ခေါ်နိုင်တဲ့ ပရိတ်တွေကိုလဲရွတ်နေမှာမဟုတ်ဖူး။

. . . . ဓမ္မခန္ဓာရှစ်သောင်းလေးထောင်နဲ့ မှတ်ထား ရလောက်အောင် စကားတွေနင်းကန် ပြောနေမယ့် ပုဂ္ဂိုလ်မျိုးလဲမဟုတ်ဖူး။

. . . . . တိတ်ဆိတ်သော ငြိမ်းချမ်းသော အိမ်ယာထောင်သည့် လူတို့နှင့် မနီးလွန်းသော နေရာမျိုးမှာ လိုချင်မှုကင်းသည့် ကိုယ်စိတ်နဲ့ ဆိတ်ဆိတ်ငြိမ်ငြိမ် နေလိမ့်မယ်လို့ ယုံမှတ်ရတယ်။

. . . . ဒါ့ကြောင့် ဗုဒ္ဓဟာ စာတွေပေတွေလဲ တွေးချင်ဖတ်ချင်သိချင်လိမ့်မယ်မဟုတ်ဖူး။

. . . . ဒါ့ကြောင့်လဲ ဗုဒ္ဓနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေပြောစကားတွေကို ဗုဒ္ဓချုပ်ငြိမ်း ပြီးတဲ့နောက် လေးကြိမ်မြောက် အတည်ပြုကြတဲ့ အချိန်ကိုရောက်မှ စာနဲ့ပေနဲ့ မှတ်တမ်းတင် ထားဝန့်လာကြတယ်ဆိုတာက သတ်သေခံအထောက်အထားပဲ။

ပီးတော့ အနတ္တဆိုတဲ့ စကားအရ ဗုဒ္ဓဟာအတ္တမရှိဖူး အတ္တရှိတယ်ဆိုတာ မယုံဘူး ခရစ်သျှနားပြောသလို အဝတ်အထည်နဲ့တူတဲ့ ကိုယ်ခန္ဓာကြီးကို အလဲအလှယ်ပြုပြီး အမြဲတည်ရှိ နေတယ်ဆိုတဲ့ အတ္တကိုမယုံဘူး။

. . . ဒါ့ကြောင့် ဗုဒ္ဓဟာ နောင်တမလွန်ဘဝဆိုတဲ့ အစွဲကိုလက်မခံဖူးလို့ ပြောရင် ခင်ဗျား လက်ခံမလား။

ဗိုလ်မှူးချုပ်လေးလုံးညီသည် လုံးဝလှုပ်ရှားခြင်းမပြု တိတ်ဆိတ်နေ၏။ ငဆိုးထက်ခိုင်သည် ဗိုလ်မှူးချုပ်လေးလုံးညီ၏မျက်နှာကို ငုံ့ကြည့်၏။

'ဘယ့်နဲ့ခင်ဗျား အိပ်ပျော်နေပြီလား. . . .'

'မအိပ်ပါဘူး ခင်ဗျားလိုရင်းကို ဒဲ့ထိုးပြောအောင် ဘယ်လိုလုပ်ရပါ့မလဲလို့ စဉ်းစားနေတာ. . . .'

'ကိုယ့်လူဖြစ်နိုင်လောက်တဲ့ကဟာမှ လက်ခံမှာပေါ့ မဖြစ်နိုင်ဘူးလို့ လူတိုင်းကသိနေတဲ့ ဟာမျိုး၊ ခုနခင်ဗျားပြောတဲ့ လူကြောင်တွေရဲ့ အယူအဆမျိုး အဲဒါမျိုးဆိုယင် နောက်ထပ် ခင်ဗျား မိုးလင်းအောင်ရှင်းပြနေလဲ ကျုပ်တို့လက်မခံဘူးဒါပဲ. . .'

'ခက်တယ်ဗျာ အဲဒါခက်တာပဲ ခင်ဗျားတို့က အထောက်အထားနဲ့ အခြေနဲ့ အကျိုးအကြောင်းဆက်စပ်ပြီး ပြောပြလို့လဲလက်မခံဖူးရှိပါစေလေ၊ အခုကျနော်ပြောမယ်ဆိုတဲ့ လိုရင်း အကြောင်းပြောချင်တဲ့စကားတွေကိုဘဲ ခင်ဗျားနားလည်ရုံလောက်ရှင်းပြီး ပြောပြပါတော့မယ်'

ဗိုလ်မှူးချုပ်လေးလုံးညီသည် အဝေးမှရိုက်ခတ်လာသော မီးရောင်မှိန်မှိန်၌ လက်ပတ်နာရီကို ထောင်ကြည့်လိုက်၏။

'အင်း ဆယ့်နှစ်နာရီဆယ်မိနစ်. . . .'

'မှတ်ထား မှတ်ထား ကျနော် တတ်နိုင်သမျှ ခင်ဗျားနားလည်ရုံလောက်ပဲ ပြောပြမယ်. . . .'

. . . ဒီမှာ ကျနော်တို့ရွှေဝါပြည်လို တိုင်းပြည်မျိုးကို ဇိကုတ်နတ်ပြည်တင်ဘို့ ကျိုးစားမယ်ဆို ယင်. . .

. . . ကျနော်တို့ ရွှေဝါပြည်သူပြည်သားတွေ အရိုးစွဲအောင်အကျင့်ရနေကြတဲ့ လူလူချင်း ခေါင်းပုံဖြတ် မတရားအမြတ်ရှာတဲ့ စီးပွားရေးစနစ်ဆိုးကြီးကို အရင်ဆုံး ဖျက်ပစ်ရမယ် အဲဒါက တချက်။

. . . . . နောက်တချက်က လူလူချင်း ခေါင်းပုံဖြတ် မတရားအမြတ်ရှာထားတဲ့ စီးပွားရေး စံနစ်မျိုးမဟုတ်တဲ့ ပြည်သူ့စီးပွားရေးစံနစ်တခုကို ချက်ခြင်းအစားထိုးရမယ်။ အဲဒါကတချက်၊

. . . . အဲဒီအချက်နှစ်ချက်ဟာ ဘယ်နည်းနဲ့မဆို တပြိုင်တည်း လုပ်ကြမဲ့အလုပ်၊

. . . . အဲဒီအလုပ်ကို လုပ်တော့မယ်ဆိုယင် အရေးကြီးတာက လုပ်ငန်းအကောင်အထည် ဖေါ်ဘို့အတွက် ဆုံးဖြတ်ချက်တွေချတာ လူတွေခွဲဝေစေခိုင်းတာ အဲဒါတွေက အရေးမကြီးဘူး နောက်မှလုပ်ရမယ့် အလုပ်။

. . . . ပထမဆုံးလုပ်ရမှာက ဘာလဲဆိုတော့ ကျနော်တို့ ရွှေဝါပြည်သားတွေရဲ့ ‘အတွေး အခေါ်တွေကို အရင်ဆုံးပြောင်းလဲပေးနိုင်ဘို့ အဲဒါကိုအရင်လုပ်ရမှာ’

‘ဒီမှာ. . . . ဒီမှာ အခုခင်ဗျားပြောနေတာက ခင်ဗျားကကျုပ်တို့ကို ဆရာလုပ်နေတာလား၊ ကျုပ်တို့လုပ်ငန်းဘယ်လိုဖြစ်နေတယ်ဆိုတာကို ပြောပြနေတာလား’

‘ခက်တယ်ဗျာ. . . ကိုငလုံးညီ အကျိုးအကြောင်းရေလည်အောင် ပြောမယ့်ကြံ့ယင်ခင်ဗျား တို့က ခင်ဗျားတို့ကို ဆရာလုပ်တယ်ချည်း ထင်နေကြတာကိုး အကြောင်းအရာကလေးတရပ်ကို ဆုံးအောင်နားထောင်ပါအုံး. . . .

‘အခုနားထောင်နေတာတော့ ခင်ဗျားက ကျုပ်တို့လုပ်ပီးသားတွေကို ဆရာထပ်လုပ်နေ တာဘဲ’

‘မဟုတ်သေးပါဘူးဗျ၊ ခင်ဗျားတို့လုပ်ပီးသားတွေနဲ့ မတူတာတွေ ပါပါလိမ့်မယ်။ ပီးတော့ ခင်ဗျားတို့နားထဲမှာ မကြားရမသိရတဲ့အကြောင်းဖြစ်ရပ်တွေ ဘာ့ကြောင့်ပေါ်လာရတယ် ပေါ်နေတယ်ဆိုတဲ့အကြောင်းတွေ ပြောမှာပါ’

‘ကဲ. . . . ဒါဖြင့်ပြောပါအုံး’

‘ပြောမယ်ဗျာ လိုရင်းတွေတိုတိုတုတ်တုတ်ပြောမယ်. . . .’

. . . . ကျနော်တို့ ရွှေဝါပြည်သားတွေ အလေ့အကျင့်ရနေတဲ့ ‘တကိုယ်ကောင်း အမြတ်ကြီး စား စီးပွားရေးစံနစ်ကို နောက်ကချက်ခြင်း အစားထိုးပေးရမယ်။

အဲဒါက လက်တွေ့လုပ်ရမဲ့အလုပ် အဲဒါကိုမလုပ်ခင် အဲဒီအလုပ်ကိုလုပ်လို့ရအောင် ပဏာမ အလုပ်တခုရှိသေးတယ်. . . အဲဒီပဏာမအလုပ်က. . . .

. . . . ကျနော်တို့ ရွှေဝါပြည်သူပြည်သားတွေရဲ့ ‘အတွေးအခေါ်တွေကို အမြစ်ကလှန်ပြီး ပြောင်းလဲပေးဘို့. . . .

. . . . အဲဒီအတွေးအခေါ်ယုံကြည်ချက်ကို ပြောင်းလဲမပေးနိုင်ယင် ခင်ဗျားတို့လုပ်ချင်တဲ့ ပြည်သူ့စီးပွားရေးစံနစ်ကို ဘယ်တော့မှ အစားထိုးလို့မရဘူး. . . .

အဲဒီအတွေးအခေါ်ပြောင်းလဲပစ်ဘို့ဆိုတာ တိုင်းသူပြည်သားတွေအတွက် ခနဖယ်ထား၊ ခင်ဗျားတို့လူထုထဲမှာကို တကယ် ယုံယုံကြည်ကြည် ပြောင်းလဲလာအောင် လုပ်ပေးဘို့လိုတယ်။

ကိုယ်တိုင် မယုံကြည်ဘဲနဲ့ အထက်ကခိုင်းတာကို တာဝန်ကျေကျေလုပ်နိုင်တဲ့ လူရှိယင် ပြီးရောဆိုပီးလုပ်လို့မရဘူး။

. . . . မရကြောင်းကို နောက်ပိုင်းမှာ ကျနော် လက်ဆုပ်လက်ကိုင်ပြောပြမယ်၊ အဲဒါတွေကို ပြောမပြခင် အတွေးအခေါ်ပြောင်းလဲအောင် လုပ်ပေးဘို့ဆိုတဲ့ ပဏာမလုပ်ငန်းရဲ့ ခက်ခဲ ကြောင်းတွေကို ကျနော်နဲနဲအတိုချုံးပြီးပြောအုံးမယ်. . . .’

‘အင်း အခုဆယ့်နှစ်နာရီနဲ့မိနစ်နှစ်ဆယ်’

‘အေးလေဗျာ ဆယ့်နှစ်နာရီလေးဆယ့်ငါးမိနစ်မထိုးခင် ခင်ဗျားအရေလည်လာမှာပါ. . . . နားထောင်ပါ’

. . . . ကျနော်တို့ ရွှေဝါပြည်သားတွေရဲ့ ‘သမာအာဇီဝ’ဆိုတဲ့ အချက်ထဲမှာ ကောင်းသော ကုန်သွယ်ခြင်း၊ ကောင်းသော လယ်လုပ်ခြင်းလို့ရှိတယ်၊

. . . . ကုန်သည်တွေက အမြတ်ယူတာကို မကောင်းဘူးလို့မဆိုဘူး၊ ရောင်းသူနဲ့ဝယ်သူ ကျေနပ်လို့ ရောင်းကြဝယ်ကြတယ်လို့ ယုံကြည်ယူဆတယ်၊

. . . . မဝယ်ဘဲ မသုံးစားဘဲမနေနိုင်အောင် အကြပ်ကိုင်ပြီး သုံးစွဲနေကြတဲ့ ပြည်သူလူထုကို လည်ညှစ်ထားတာတို့ ဈေးကစားတာတို့. . . .

. . . . ပီးတော့ ကုန်ထုတ်လုပ်သူတွေက မိမိတို့အရင်းအနှီးကိုလုပ်သားတွေရဲ့ သွေးချွေး အင်အားနဲ့ပေါင်းစပ်ပြီး ကုန်တွေဖြစ်အောင် ထုတ်လုပ်ကြတာတို့၊

. . . . အဲဒီကုန်တွေကို ပြည်သူလူထုမသုံးစွဲဘဲ မနေနိုင်အောင် ပိုင်ဆိုင်လက်ဝါးကြီးအုပ်ထား ပြီး အမြတ်ကြီးစားနေတာတို့။

. . . . အဲဒီလိုအမြတ်ကြီးစားပြီး ချမ်းသာကြွယ်ဝလာလေစီးပွားအရင်းတိုးလာလေ ပြည်သူလူ ထုအပေါ်ပိုပြီး စီးပွားရေးနဲ့မသုံးစွဲဘဲ မနေနိုင်အောင် အကြပ်ကိုင်နိုင် လည်ညှစ်နိုင်လာလေဖြစ် လာတာတို့၊

. . . . . အဲဒါတွေကိုနားမလည်ဖူး၊ နားလည်အောင်မယုံကြည်ဖူး။

. . . . ကြွယ်ဝချမ်းသာတယ်ဆိုတာ အတိတ်ဘဝကကုသိုလ်ကံကောင်းလို့ ချမ်းသာကြွယ်ဝ တယ် အဲဒီလိုသာယုံကြည်ကြတယ်၊

. . . . . နောက်ဆုံး ကျုပ်တို့တော့ ကံကံ၏အကျိုးကိုယုံကြည်လာရမှာဘဲလို့ အဖြေပေးကြ တယ်။

. . . . အဲဒီလို အဖြေပေးတဲ့လူတွေ အဲဒီလိုယုံကြည်နေတဲ့ လူတွေရှိနေသမျှ ကျနော်တို့ ရွှေဝါပြည်ကြီးရဲ့ လူလူချင်းခေါင်းပုံဖြတ်မတရား အမြတ်ကြီးစားတဲ့ စီးပွားရေးစံနစ်ကို ဘယ်တော့မှဖျက်လို့ မရနိုင်ဖူး၊ ဖျက်တာကိုလက်မခံနိုင်ဖူး ပြည်သူ့စီးပွားရေးစနစ်ကို အစားထိုး လို့မရဖူး'

. . . . အဲဒီတော့ဘာလုပ်ရမလဲ. . .

ပထမဆုံး ခင်ဗျားတို့တဖွဲ့လုံး ခင်ဗျားကစပြီး ခင်ဗျားတို့ရဲ့ ဗိုလ်ချုပ်ကြီးသန်မာကစပြီး နောက်ဆုံး ခင်ဗျားတို့ဌာနက စာပို့လုလင်အထိ တံခါးစောင့်အထိ 'အတွေးအခေါ်'နဲ့ပတ်သက် ပြီးနောက် ခင်ဗျားတို့ကိုယ်တိုင် အစားထိုးကြမယ့် 'ပြည်သူ့စီးပွားရေးစံနစ်' ကို ယုံကြည်တဲ့လူတွေ ချည်းဖြစ်ရမယ်။

. . . 'လူလူချင်း ခေါင်းပုံဖြတ်မတရား အမြတ်ကြီးစားတဲ့ စီးပွားရေးစံနစ်ဆိုးကြီး' ကြောင့် ဒို့ရွှေဝါပြည်သားတွေဆင်းရဲရတယ်၊ ဒီစံနစ်ဆိုးကြီးကို လုံးဝပျောက်ကွယ်သွားအောင် ဒို့တတွေ အတင်းအကြပ် စုပေါင်းဖျက်ဆီးပစ်ကြရမယ်၊ ရွှေဝါပြည်သူပြည်သားတွေ နားလည်သဘော ပေါက်အောင် လုပ်ကြရမယ်လို့ အူလှိုက်အသဲလှိုက် ယုံကြည်တဲ့ လူတွေချည်းဖြစ်ရမယ်။

. . . ခင်ဗျားတို့အထဲကလူတယောက်ဟာ အဲဒီလိုမယုံကြည်ဖူး ဒါပေမဲ့တာဝန်ပေးချက်အရ ခိုင်းတာတော့လုပ်မယ်ဆိုပါတော့။

. . . . အဲဒီလူဟာ တာဝန်ထမ်းဆောင်ရင်း 'အမြတ်ကြီးစား စီးပွားရေးစံနစ်' ကို လက်ခံတဲ့ လူတွေရဲ့ ဆင်ခြေကို နေ့စဉ်နဲ့အမျှကြားနေရပြီး ကြားနေရသည်နှင့်အမျှ တဖြည်းဖြည်းကိုယ် တာဝန်ထမ်းဆောင်မှုတွေက ကိုယ်ရွံ့မုန်းလာပြီး တုံ့ပြန်မဲ့အင်အားစုထက်သားဖြစ်လာနိုင်တယ်။

. . . . နောက်တခုက ပေးထားတဲ့ တာဝန်ကို ဘုမသိဘမသိနဲ့ ထမ်းဆောင်ပြီး စံနစ်ဆိုးကြီး ပပျောက်အောင် တာဝန်ထမ်းဆောင်ခြင်းမျိုးမဟုတ်ပဲ မိမိဝတ္တရားကြေရုံ

နာမည်ကောင်းရရုံ ထမ်းဆောင်ရခြင်းမျိုး ဖြစ်တတ်တဲ့အတွက် ပြည်သူပြည်သားတွေကို အကြောင်းမပြနိုင်ဘဲ သက်သက်နှိပ်စက်သလိုဖြစ်နိုင်တယ်။

အဲဒီတော့ အဲဒီအဖြစ်မျိုးမဖြစ်အောင် ဘယ်လိုလုပ်ရမလဲ။

. . . . တာဝန်ဆောင်ရွက်ကြမဲ့ ခင်ဗျားတို့အားလုံး စီးပွားရေးစံနစ်ဟောင်းကြီးကို အပြစ်ရှိ တယ်လို့မြင်ပြီး ရုံကြည့်ပြီး၊ ပြည်သူ့စီးပွားရေးစံနစ်ကို အကျိုးရှိတယ်လို့မြင်ပြီး ယုံကြည်ပြီးသူတွေ ချည်း ဖြစ်ကြရမယ်။

တကယ်လို့ ခင်ဗျားတို့အထဲမှာ အဲဒီအတိုင်းတော့ ကျုပ်တို့မယုံကြည်နိုင်သေးဖူး ယုံကြည်လို့ မရသေးဖူးဒါပေမဲ့ ရေးကတည်းက လုပ်ဘော်လုပ်ဘက်တွေဖြစ်တဲ့အတွက် သစ္စာရှိရှိနဲ့ အတူပေါင်းပြီး လုပ်ကြမှာပါပဲဆိုတဲ့ လူမျိုးတွေရှိနေယင်။

. . . . အဲဒီလူတွေရဲ့ အတွေးအခေါ်ဟာ စီးပွားရေး စံနစ်အဟောင်းအစဉ်အလာဟောင်းကို သာယုံကြည်လက်ခံနိုင်တဲ့လူ၊ အရိုးစွဲနေတဲ့ လူလို့သိရမယ်၊ အဲဒီတော့အဲဒီလူတယောက် တာဝန်ထမ်းဆောင်ရမယ့်နေရာမှာ ယုံယုံကြည်ကြည်နဲ့တာဝန်ထမ်းဆောင်မဲ့ လူကိုမထားရတဲ့ အတွက် ခင်ဗျားတို့မှာနစ်နာတယ်၊

နောက်တချက်က ဝမ်းထဲက ခင်ဗျားတို့ ယုံကြည်ချက်ကိုဆန့်ကျင်နေတဲ့ လူတယောက် ကို ခင်ဗျားတို့ရဲ့ လုပ်ဆောင်ချက်အတွင်းမှာ အတင်းဆွဲသွင်းကြတာဘဲ. . .

. . . . အဲဒါဟာ မလိုလားအပ်တဲ့အလုပ် မလိုလားအပ်တဲ့ဖြစ်ရပ်. . . .

. . . . ဒီတော့ ဘာလုပ်ရမလဲ. . . .

. . . ခင်ဗျားတို့ဟာဒီအလုပ်မျိုး ဒီယုံကြည်ချက်မျိုးနဲ့တကယ်တိုင်းပြည်ကို အသစ်ပြန်လည် ထူထောင်ဘို့ ကျိုးစားနေကြတဲ့ ခေါင်းဆောင်တွေဖြစ်ခဲ့ယင် ခေါင်းဆောင်ပြီသတဲ့ ပြတ်သားမှု အတွေးအခေါ်ရှိရမယ်. . . .

ဘယ်လိုရှိရမလဲ. . .

. . . . ရှိရမဲ့အလုပ်ကတော့ ယုံကြည်ချက်ချင်းမတူတဲ့ လူတွေအားလုံးကိုလူရင်း လူကျက် တွေ ရဲဘော်ရဲဘက်တွေလို့ တွေးတောမနေပဲ ခင်ဗျားတို့တာဝန်ဆောင်ရွက်မယ့် အဖွဲ့အစည်းထဲ ကကြိုတင်ပြီး အားလုံးထုတ်ပယ်ပစ်ရမယ်။ ပြတ်ပြတ်သားသားဖောင်းထုတ်ပစ်လိုက်ရမယ် ဒါဘဲ’

‘ခင်ဗျားပြောတာရှည်နေတယ်။ ဘာကြောင့်ဘာပြုရမယ်ဆိုတဲ့ အကြောင်းတွေဘာတွေ ပြမနေစမ်းပါနဲ့ ခင်ဗျားပြောချင်တဲ့လိုရင်းကို ပြောစမ်းပါ။ ဘာတွေကို ထုတ်ပစ်ရမယ်ဆိုတာ. . . ’

ဗိုလ်မှူးချုပ်လေ့ုံးညီသည် ဝမ်းလျားမှောက်နေရာမှ လူးလဲကုန်းထ၏။ ငဆိုးထက်ခိုင်က လျှော့ရဲရဲပြုံးလိုက်၏။

တပြည်ထောင်လုံးရဲ့ အတွေးအခေါ်နဲ့ စီးပွားရေးစံနစ်ဆိုးကြီးကို ပြောင်းလဲမပေးရခင် ပြောင်းလဲပေးကြမဲ့ လူတွေဖြစ်တဲ့ခင်ဗျားတို့အဖွဲ့ထဲမှာ. . .

ဒီစီးပွားရေးစံနစ်ဆိုးကြီးကိုအမြစ်က နှုတ်ပြီးပြောင်းလဲပစ်မှ ဒို့ရွှေဝါပြည်ကြီးကောင်းမယ် လို့ ယုံကြည်တဲ့လူတွေချည်းဖြစ်ရမယ်. . . . .

အကယ်လို့ မယုံကြည်တဲ့လူပါယင် အဲဒီလူကို လူရင်းလူကျက် ရဲဘော်ရဲဘက်လို့ ရွေးမနေနဲ့တခါတည်း ထုတ်ပစ်၊ ရင်းတဲ့လူရဲဘော်ရဲဘက်ဖြစ်ခဲ့ဘူးတဲ့ လူဆိုယင်ပိုပြီး မြန်မြန် ထုတ်ပစ်. . .

အဲဒီလိုထုတ်မပစ်ကြပဲ အားပီးထားမယ်ဆိုယင် တော်တော်ကြာ ကိုယ်ယုံယုံနဲ့လုပ်မယ့် အလုပ်တောင် သူ့အားနာတာနဲ့ သူပြောတဲ့စကားနားထောင်ပြီး မလုပ်မိမှာစိုးရတယ်၊

ဒါကြောင့် ဒီစီးပွားရေးစံနစ်ဆိုးကြီးကို အမြစ်ကနုတ်ပြီး ပြည်သူ့စီးပွားရေးစံနစ်ကို ဖြစ်အောင် ထူထောင်ပေးမှ ရွှေဝါပြည်ကြီးချမ်းသာတိုးတက်မယ် ယုံသလား၊ မယုံယင်ရဲဘော်ရဲဘက်ဖြစ်ခဲ့တယ်ဆိုတဲ့လူ အရင်ဆုံးမြန်မြန်ထွက်၊ နို့မဟုတ်ယင် အဲဒီမယုံကြည်တဲ့လူတွေပြော တာကို နားယောင်မိမှာစိုးရတယ်။ အဲဒီလိုလုပ်ရမှာ. . . . '

'ကိုယ့်လူ ခင်ဗျားတော်တော် လူမဆန်တဲ့လူဘဲ အခု ခင်ဗျားပြောလိုက်တဲ့စကားတွေကို ကြားရတာ၊ ကျုပ်နားထောင်တော်တော် ယုတ်ညံ့သွားတယ်. . . . မဖြစ်ဖူး ခင်ဗျားလိုရက်စက်ရိုင်း စိုင်းတဲ့ လူတယောက်ရဲ့ စကားတွေ အကြံဉာဏ်တွေကို နားထောင်နေလို့တော့ မဖြစ်ဖူး'

'ဒါတော့ ခင်ဗျားနားထောင်ချင်မှလဲ နားထောင်ပေါ့. . . ခင်ဗျားတို့ အဲဒီမလုပ်ရဲကြဘူး၊ မလုပ်ဝံ့ခဲ့ကြဘူးမှတ်လား အဲဒီလိုမလုပ်ဝံ့ မလုပ်ရဲခဲ့တဲ့အတွက် ခင်ဗျားတို့တတွေ အပ်နဲ့ထွင် ပြီး ဖြေရှင်းမရတော့ပဲ၊ ပေါက်ဆိန်နဲ့ပေါက်ပြီးဖြေရှင်းကြရမယ့် လုပ်ငန်းတွေ ကိစ္စရပ်တွေ ပေါ်ဆဲပေါ်လတ္တံ့ဖြစ်နေကြတာ ရင်ဆိုင်နေကြရတာပေါ့. . . .

ဒီမှာ အဲဒီဟာ ကျနော်စောစောကပြောခဲ့တဲ့ နိုင်ငံရေးခေါင်းဆောင်လုပ်မယ့် လူတွေမှာ လိုအပ်တဲ့အရည်အချင်းတစ်ခု မပြည့်စုံပါဘူးဆိုတဲ့သက်သေပဲ. . .

ကျနော် စောစောကပြောခဲ့တယ်မှတ်လား တစ်–အေးစက်မာကျောတဲ့ နှလုံးသားရှိရမယ် ခင်ဗျားတို့ကမရှိနိုင်ဘူးဒါပဲ၊

အဲဒါဟာ ခင်ဗျားတို့လုပ်ငန်းတခုလုံး အောင်မြင်ရေးအတွက် ပန္နက်ကစပြီးလိုအပ်လာတဲ့ ချို့ယွင်းချက်'

'ဟေ့လူ ခင်ဗျားတော်လောက်ပြီထင်တယ် ခင်ဗျားပြောတာတွေကို ကျုပ်တို့ယုံလဲမယုံဘူး လက်သင့်လဲမခံဘူး လူထုကလဲ ခင်ဗျားတွေးသလို မတွေးဘူး။

'ဒီမယ် လူထုက ဘယ်လိုပြောနေသလဲသိလား၊ ကျုပ်တို့ဒါလောက် လိုက်လိုက်လျောလျောလုပ်နေတာကိုတောင် စစ်အစိုးရ ဖက်ဆစ်အစိုးရ၊ ဘာညာနဲ့ပြောနေတာ ခင်ဗျားပြောသ လိုလုပ်ရင် ကျုပ်တို့ဘာဖြစ်သွားမလဲ ခင်ဗျားဟာလူကြည့်တော့ တော်ပုံတော်ပန်နဲ့ တော်တော် လူစိတ်ကင်းတဲ့လူ၊ ခင်ဗျားပြောတဲ့ လုပ်ပုံလုပ်ဟန်တွေဟာ ကျုပ်တို့ရွှေဝါပြည်နဲ့ ညီညွတ်တဲ့ လုပ်ပုံလုပ်ဟန်မဟုတ်ဖူး နားလည်လား၊ ခင်ဗျားပြောတာတွေဟာ တဘက်အစွန်းရောက်နေ တယ်။

'ဒီမှာကိုငလုံးညီ ခင်ဗျားတို့ ဒီမူချယင်း ဒီအလုပ်ကိုမလုပ်ချင်လို့ မရဖူးလုပ်ရမယ်၊ ဒီမူလဲ ချတယ်၊ ဒီလိုလဲမလုပ်ဝန့် မလုပ်နိုင်ဘူးဆိုယင် အစကတည်းက ဒီမူမချနဲ့၊

. . . . ခင်ဗျားတို့ တိုက်ရမှာကဘာလဲ. . .

ခင်ဗျားတို့ပြောတဲ့ မတရားခေါင်းပုံဖြတ် အမြတ်ကြီးစားစံနစ်ဆိုတာက ခင်ဗျားတို့မြင်နေ တဲ့ အသွင်သဏ္ဍာန်ပဲရှိသေးတယ် အဲဒီအသွင်သဏ္ဍာန်ကို

ခင်ဗျားတို့တိုက်ယင် အရိပ်ကို တိုက်နေသလိုနေမှာပဲ ခင်ဗျားတို့ဘယ်လိုမှအရာထင်မှာမဟုတ်ဖူး။

. . . . ခင်ဗျားတို့တကယ်တိုက်ကြရမှာက ကျနော်တို့ရွှေဝါပြည်သားတွေမှာရှိနေတဲ့ တကိုယ် ကောင်းအတွက် လွတ်လပ်စွာကိုယ်ကျိုးရှာနိုင်ခွင့်ရှိတယ်ဆိုတဲ့ ယုံကြည်ချက်ကိုတိုက်ရမှာ. . . .

. . . . လူတိုင်းလူတိုင်းမှာ အဲဒီယုံကြည်ချက်ရှိသေးသမျှ ခင်ဗျားတို့ပြောတဲ့ မတရားခေါင်းပုံ ဖြတ် အမြတ်ကြီးစား စံနစ်ကို ဘယ်တော့မှတိုက်လို့ရမှာမဟုတ်ဖူး။

အဲဒီတော့ဘာလုပ်ရမလဲ. . .

တစ်။ ခင်ဗျားတို့ရွှေဝါပြည်ကြီးကို အတင်းထူထောင်ကြပ့်မယ်ဆိုတဲ့ လူတွေကိုယ်တိုင် ဒီလိုလုပ်မှရမယ်ဆိုတာကို တကယ်ယုံကြည်ရမယ်၊ မယုံကြည်တဲ့လူတွေကို ခင်ဗျားတို့ အဖွဲ့ထဲက ကြိုတင်ထုတ်ပစ်၊

နှစ်။ ခင်ဗျားတို့လုပ်မဲ့အလုပ်ကို ခင်ဗျားတို့ယုံကြည်သလို မယုံကြည်တဲ့ နောက်လိုက် အင်အားများပြားတဲ့ လူတွေရှိယင် ဒီလူတွေကို စကားပြောခွင့် လူထုနဲ့ဆက်ဆံခွင့်မပေးဘဲ တနေရာရာမှာ စုပေါင်းထားပေးပြီးခင်ဗျားတို့ ယုံကြည်သလို ယုံကြည်လာသည်အထိ ခင်ဗျားတို့ စရိတ်နဲ့ပညာပေး။

သုံး။ ကျန်တဲ့သာမန်ရွှေဝါပြည်သားအားလုံးကို. . . .

ခင်ဗျားတို့ရွှေဝါပြည်သူပြည်သားအားလုံးဟာ အရင်ကရရှိကြတဲ့ တကိုယ်ကောင်း အတွက် လွတ်လပ်စွာ ကိုယ်ကျိုးရှာနိုင်ခွင့်တွေကို ကျနော်တို့အားလုံးပိတ်ပစ်မယ်။

. . . . . အဲဒီတော့ကာ ခင်ဗျားတို့ ရွှေဝါပြည်သူပြည်သားလူထုတိုင်း လူထုတိုင်းတို့ဟာ အရင်လို ဘရမ်းပတာစည်းကမ်းမဲ့ နေနိုင်ခွင့် စားနိုင်ခွင့်အလုပ်လုပ်နိုင်ခွင့် မရှိတော့ဖူး ရွှေဝါပြည်ကြီး တပြည်ထောင်လုံးအတွက် ခင်ဗျားတို့လူတိုင်း အိမ်ထောင်တိုင်းက အထိခိုက်ခံရ မယ် အနာခံရမယ်။

. . . . . အဲဒီလို အထိခိုက်မခံနိုင် အနာမခံနိုင်ယင် ကိုယ်သက်သာဘို့အတွက်သာကြည့်တဲ့ လူရှိယင် ဒီလူဟာရွှေဝါပြည်ကြီး တပြည်ထောင်လုံးရဲ့ အကျိုးကိုမကြည့်ဘဲ ကိုယ်ရေးကိုယ်တာ အတွက်သာကြည့်တာတဲ့ ရွှေဝါပြည်ကြီး တိုးတက်မှုကိုပိတ်ဆိုတဲ့လူအဖြစ်နဲ့ အရေးယူခံကြရ မယ် အဲဒီလိုအတိအလင်း ကျေညာရမယ်၊

. . . . အဲဒီလိုကျေညာပြီးမှ ရွှေဝါပြည် တပြည်ထောင်လုံးအတွက် စားကုန်များနေကုန်များ ဝတ်ကုန်များကို နှစ်စီမံကိန်းနဲ့တွက်ပြီး တကယ်တပြည်ထောင်လုံးချောင်ချိလာအောင် ပြုလုပ်ရ မယ်၊ အဲဒီအလုပ်လောက်ကိုမှ တိတိလင်းလင်း ပြတ်ပြတ်သားသား မလုပ်ရဲမကျေညာရဲယင် ခင်ဗျားတို့အစိုးရဟာ အစိုးရသိက္ခာကိုဘယ်တော့မှ ဆက်လက်မထိန်းသိမ်းနိုင်ဘူး။

. . . . နောက်တခုက အဲဒီလိုတော့ယုံတယ်၊ ဒါပေမယ့် အဲဒီလောက်အထိတော့ မလုပ်ရက်ဖူး မလုပ်ချင်ဖူးဆိုယင်လဲ အဲဒီအစိုးရအဖွဲ့ရဲ့ ခေါင်းဆောင်ဟာ ခေါင်းဆောင်လုပ်ဘို့ မသင့်တော် သေးဘူး ပန်းဥယျာဉ်ကြီးထဲက သစ်ရိပ်မှာပျားရည်နဲ့ချက်တဲ့ အရက်ချိုကလေးကိုသောက်ပြီး။

ယမင်းရုပ်ပေါက်နေတဲ့ လုကေရီမကလေးတွေရဲ့ အပြုအစုကိုခံရင်း ပန်းလိပ်ပြာနဲ့ နှင်းဆီနဲ့ကလေးတွေပါတဲ့ အချစ်ကဗျာစုကို ရေးစပ်တဲ့ကဗျာဆရာမျိုးလုပ်နေဘို့ဘဲ ကောင်းတယ်၊

'ကဲ ကောင်းပြီဗျာကိုယ့်လူ ခင်ဗျားတော်တော် စော်ကားမော်ကားနိုင်တယ် အဲဒီတော့ ကျုပ်မေးမယ်၊ ထားပါ ကျုပ်တို့ခင်ဗျားပြောတာတွေနဲ့မညီဖူးဘဲထား အဲဒီလိုမညီညွတ်တဲ့ အတွက် ဆိုကြပါစို့ဗျာ ခင်ဗျားပြောသလို ရက်ရက်စက်စက်နိုင်ငံရေးသမား အဲနိုင်ငံရေးသမား ခေါင်းဆောင် ပီပီသသမလုပ်ဘူးဆဲ့အတွက် ခင်ဗျားစကားနဲ့ပြောယင် မလုပ်ရက်တဲ့ အတွက် တိုင်းပြည်မှာဘယ်လိုများ ထိခိုက်နစ်နာကုန်ကြလဲ'

'အား ဟုတ်တယ်ကျနော်လဲ အဲဒါပြောချင်နေတာ လိုရင်းကအဲဒါ'

. . . . ကျနော် ခင်ဗျားသိတဲ့အပိုင်းကနေပြီး တဆင့်စီနောက်ပိုင်းကို ပြန်ရှင်းပြမယ်'

အခု ခင်ဗျားတို့အုပ်ချုပ်နေတဲ့စနစ်ဟာ အရင်ကရွှေဝါပြည်ကို အုပ်ချုပ်ခဲ့တဲ့ စနစ်ဟောင်းမဟုတ်ဖူး အရင်ကအုပ်ချုပ်ရေးနဲ့မတူအောင် တစတစပြင်လာတဲ့စနစ်သစ်၊

ခင်ဗျားတို့စပြီး အခြေတည်လိုက်တဲ့ အုပ်ချုပ်ရေးက မတရားစီးပွားရှာ အမြတ်ကြီးစား တဲ့ တကိုယ်ကောင်းစီးပွားရေးကို မလုပ်နိုင်အောင် တည်ဆောက်ထားတဲ့ အုပ်ချုပ်ရေး၊

ဒီအုပ်ချုပ်ရေးကိုစလိုက်တာနဲ့ဘယ်သူတွေကို သွားထိတယ်ထင်သလဲ၊

ရွှေဝါပြည်သားတွေကို အကုန်လုံးသွားထိတယ်၊ ခင်ဗျားတို့အုပ်ချုပ်ရေးအဖွဲ့ထဲက လူတွေကိုပါသွားထိတယ်။

ဘာပြုလို့လဲသိလား ရွှေဝါပြည်သားတွေ အကုန်လုံးဟာ အကုန်လုံး အမြတ်ကြီးစားတွေ မဟုတ်ပေမဲ့ သူတို့ဟာ

'တကိုယ်ကောင်းအတွက် လွတ်လပ်စွာ ကိုယ်ကျိုးရှာနိုင်ခွင့်ရှိသည်' ဆိုတဲ့ ယုံကြည်ချက် ကို လက်ခံထားတဲ့လူတွေဖြစ်နေကြလို့–

နေရာတိုင်းမှာ အမြတ်ကြီးစားတဲ့လူတွေရဲ့ အယူအဆအတိုင်း ကိုယ်သက်သာဘို့ ကိုယ်ချောင်ဘို့ဘက်ကချည်းတွေးတယ်၊

ဆိုပါတော့ဗျာ ပဲပြုတ်သယ်ကလဲ အလေးခိုးပြီး အမြတ်များများလိုချင်တယ်။

ပဲပြုတ်ဝယ်တဲ့လူကလဲ အဆစ်များများ တောင်းတဲ့အပြင် ကိုယ့်ပန်းကန်ထဲကို အတင်း လက်နဲ့ နှိုက်ထည့်လိုက်ချင်သေးတယ်။

မြူကူလီကလဲ အလုပ်မလုပ်ဘဲ အပါးခိုပြီး လခထုတ်ယူလိုက်ချင်သေးတယ်။

မြူကူလီခေါင်းကလဲ အလုပ်မလုပ်ချင်နေ မင်းလခထဲကတလဆထုတ်ယင် ငါ့ဘယ် လောက်ပေးဆိုပြီး ကိုယ်တွက်ရရင် ကျေနပ်နေကြတယ်။

'ထားပါတော့ဗျာ တတိုင်းတပြည်လုံးကလူတွေ အကုန်လုံး ခင်ဗျားတယောက်မှလွဲပြီး ကိုယ်ကျိုးကြည့်နေကြတယ် ကိုယ်သက်သာဘို့ချည်းကြည့်နေကြတယ် ဆိုပါတော့'

'အား ဟုတ်တာပေါ့ ဒီအထဲမှာ ကျနော်လဲပါပါတယ် ခင်ဗျားတို့ကိုယ်တိုင်လဲပါပါတယ် အားလုံး ကိုယ်သက်သာမှုနဲ့ ကိုယ်တကိုယ်ကောင်းအတွက် ကိုယ်ကျိုးချည်းကြည့်နေ'

'ဟုတ်ပီဗျာ အဲဒီတော့ တတိုင်းပြည်လုံး ကိုယ်ကျိုးချည်းကြည့်နေကြ'

'အဲ–အဲ ကိုယ်ကျိုးချည်းကြည့်နေရုံမကဖူး ကိုယ့်အတွက်လွတ်လွတ်လပ်လပ် ကိုယ်ကျိုး ရှာခွင့်ရှိတယ်၊ အဲဒီလို ကိုယ်ကျိုးရှာတာဟာ ဘယ်သူ့မှမထိခိုက်ဖူး၊ တရားတယ်လို့လဲယုံနေကြ တယ်၊ အဲဒီယုံကြည်မှုနဲ့ ခင်ဗျားတို့ အခုချပေးထားတဲ့ စနစ်ဟာ ပြောင်းပြန်ဘဲ'

စနစ်က ရွှေဝါပြည်တပြည်လုံး တိုးတက်မှုအတွက် လူတိုင်းအနာခံပြီးလုပ်ရမယ့် စနစ်၊

လူတွေကဘာချည်းလုပ်ရလုပ်ရ ဘယ်လိုဖြစ်ရဖြစ်ရ ကိုယ်ကျိုးကို လာမထိရင်ပြီးရောဆိုတဲ့ လူတွေ၊

အဲဒီတော့ ကိုယ်ကျိုးကိုလက်တွေ့ ထိခိုက်လာတာနဲ့ ဘယ်သူမှ ခင်ဗျားတို့ကို သဘော မကျတော့ဖူး'

'ဟော့လူ့ . . . ခင်ဗျား အဲဒီလိုမတရားမပြောနဲ့ ကျုပ်တို့ကလူများစုအတွက် လက်တွေ့သက် သာချောင်ချိအောင် လုပ်ထားတာ ခင်ဗျားမြက်မြင်မှတ်လား . . .

. . . . . လူများစုဖြစ်တဲ့ လယ်သမား လူထုတရပ်လုံးနဲ့ အလုပ်သမားလူထုတရပ်လုံးကို ဘယ်တုန်းက ဘယ်သူ ဘယ်အစိုးရမှ မပေးတဲ့အခွင့်အရေးကို ကျုပ်တို့ကချက်ခြင်း ပေးပစ်လိုက်တာ ခင်ဗှားမမြင်ဘူးလား . . .

. . . ခင်ဗျား အဘကြီးမှဘဲ တော်ဘီ တော်ဘီ ခင်ဗျားကျုပ်တို့လုပ်သမျှ အကောင်းမထင်ဘဲ သက်သက်အပြစ်ပြောနေတဲ့လူဘဲ'

'ဒီမှာ ကိုငလုံးညီကျနော်က ခင်ဗျားတို့လုပ်တာကို သက်သက် အကောင်းမထင်ဘဲ ဖြစ်နေရအောင် ခင်ဗျားတို့နဲ့ကျနော်နဲ့ ရာထူးလုဘက်မဟုတ်ဖူး၊ ခင်ဗျားလို တပင်တပန်း တာဝန်ထမ်းဆောင်နေရတဲ့ အလုပ်မျိုးကို နေကလေးအကျ လေကလေးအထမှာ ကိုယ့်ဘဝ ကိုယ် ဖြေဖြောက်နေကြတဲ့ ကဖော်ဆိုင်ထဲကလူတွေကိုကြည့်ရင်း လက်ထဲမှာရောက်လာတဲ့ တခွက် တဖလားလောက် ကျနော်က တန်ဘိုးမထားဘူး ခင်ဗျားမှတ်ထား–

အခု ကျနော်ပြောနေတာက ခင်ဗျားတို့စေတနာလဲ ယုံတယ်လုပ်တဲ့လမ်းစဉ်လဲ မှန်တယ်၊ ရည်ရွယ်ချက်လဲ ကောင်းတယ် ဒါပေမယ့် ခင်ဗျားတို့မှာ ချို့ယွင်းချက်လဲရှိတယ်၊ အဲဒီချို့ယွင်း ချက်တွေ ကျနော်ပြောခဲ့ပီးပြီ။

ဒီမှာဗျာ ကဲ ကျနော်နှစ်ခုဘဲမေးမယ်၊ ခင်ဗျားတို့အခု လယ်သမားတွေနဲ့ အလုပ်သမား တွေအပေါ်မှာ ဘယ်အစိုးရ လက်ထက်ကမှ မပေးခဲ့တဲ့ အခွင့်အရေးတွေပေးခဲ့တယ်။ အဲဒီတော့ လယ်သမားတွေနဲ့အလုပ်သမားတွေက တကယ်ဝမ်းထဲကကျေနပ်တယ်လို့ ထင်သလား'

'ဘာလို့ မကျေနပ်ရမှာလဲ ခင်ဗျားတော်တော် ခင်ဗျားဒါ သက်သက်'

'နေပါအုံးလေ ရှေ့လောမကြီးစမ်းပါနဲ့ ဒီလိုင်ဒို့က စေတနာထားပါလျက်နဲ့ သူတို့အတွက် လုပ်ပေးပါရက်နဲ့ သူတို့ကဘာလို့ မကျေနပ်ရတာလဲဆိုတာကို ခေါင်းအေးအေးထားပီး ကျနော့်ကို မေးစမ်းပါအုံး အဲဒါကို ကျနော်ပြောတဲ့အခါ မခိုင်လုံယင် မယုံနဲ့ပေါ့ဗျာ'

'ကိုယ့်လူဒါတွေဟာ နှီးနှောဖလှယ်ပွဲတွေမှာ ကြားရလွန်းလို့ရိုးနေပြီ အဲဒီတကယ့် လယ်သမားကြီး ပြောတာထက် ဘယ်လိုများပိုပြီး အကြောင်းထူးတာတွေ ခင်ဗျားကသိလို့တုံး'

'ထူးလားမထူးလား ခင်ဗျားစဉ်းစားကြည့်ဗျာ ဥပမာခင်ဗျားတို့ လယ်အမတော်ကြေးငွေကို လယ်တကေအတွက် ရွှေဝါပြည်သုံးဒင်္ဂါးပြားရေ ကျပ်အစိတ်တောင် ပေးထားတယ်မဟုတ်လား၊ ဒါပေမယ့် အဲဒီလိုပေးတာကိုလဲမကြိုက်ဖူး'

'ခင်ဗျားအရှူးစကားမပြောနဲ့ ဘာလို့မကြိုက်ရမှာလဲ အရင်တုန်းကအစိုးရက တကေမှ ငါးကျပ်ဘဲပေးတယ်၊ ဒါတောင်ရုံးကစား၊ တောင်သူလယ်သမား အစည်းအရုံး ခေါင်းဆောင်တွေကစား၊ ကာကွယ်ရေးတွေက ခေါင်းပုံဖြတ်၊ လယ်သမားလက်ထဲမှာ တကေအတွက် တကျပ်ခွဲလောက်ရတယ် မှတ်လား၊ အခုကျုပ်တို့က လယ်သမားတွေလက်ထဲကို အသားတင်တကေကို ကျပ်အစိတ်ရောက်အောင် ပေးထားတယ်၊ အဲဒါကိုမကြိုက်ဘူးဆိုယင် ခင်ဗျားတို့လိုအရူးတွေမှမကြိုက်မှာ'

'ဒီမှာ ကိုလုံးညီ ခင်ဗျားတို့မသိတာတွေ အများချည်းရှိနေတယ်၊ သူတို့မကြိုက်နိုင်လောက်တဲ့ အရေးကြီးတဲ့ အချက်တချပ်ကို ခင်ဗျားတို့လုပ်ထားကြတယ်မှတ်လား၊ အဲဒါကတခြားမမှတ်ဖူး၊ လယ်သမားတွေရဲ့ ပစ္စည်းဆိုယင် ဘယ်လိုဘဲအကြွေးရှိရှိ ဝမ်းစာစပါး ကျွဲနွားထွန်ယက်လုပ်တဲ့လယ်နဲ့ အိုးအိမ်ဆိုတာတွေကို ကြွေးရှင်ကမသိမ်းရဘူးဆိုတဲ့ ဥပဒေကို သူတို့လုံးဝမကြိုက်ဖူး'

'ဘာ ဘာ ဘာပြောတယ် ကြွေးရှင်ကပစ္စည်းမသိမ်းရဘူးဆိုတာ လက်သမားတွေကမကြိုက်ဖူး'

'ဟုတ်တယ်မကြိုက်ဖူး'

ဗိုလ်မှူးချုပ်လေုံးညီသည် လှုပ်လှုပ်ရှားရှားဖြစ်လျက် ရှေ့တိုးထိုင်၏။ ထို့နောက် ငဆိုးထက်ခိုင်၏ မျက်နှာကိုလည်း ဂရုစိုက်ကြည့်၏။

'အိုထက်လှ. . . . အိုထက်လှ လာပါအုံး'

ဗိုလ်မှူးချုပ်လေုံးညီသည် ကလေးသိပ်နေသော အိုထက်လှရှိရာသို့ ထသွား၏။

'ဒီမှာ ခင်ဗျားယောက်ျား စိတ်ကောင်းရဲ့လား ဆရာဝန်တွေဘာတွေနဲ့ စမ်းသပ်ကြည့်ဘို့ကောင်း တယ်'

'အိုထက်လှ'ကမူ ကလေးသိပ်ရာမှ ရယ်နေရှာ၏။

'မရီနဲ့ဗျ. . . . ကျုပ်တကယ်စိုးရိမ်ပြီးပြောတာ'

အိုထက်လှကား ပြုံးမြဲပြုံးလျက်၊

ဗိုလ်မှူးချုပ် လေုံးညီသည် စိတ်တွင်း၌ မပြေမလည်နှင့် ငဆိုးထက်ခိုင်၏ရှေ့၌ မျက်နှာချင်းဆိုင် ထိုင်၏။ စိုးရိမ်စိတ်နှင့် ငဆိုးထက်ခိုင်ကိုကြည့်၏။

'ဒီမှာ ခင်ဗျားအရက်နဲနဲ လျှော့သောက်ဘို့လိုပြီ၊ ပြီးတော့အခု ကျုပ်ပြောတဲ့စကားကို နဲနဲသတိ ထားပြီး ဂရုစိုက်နားထောင်စမ်း. . . .'

. . . . အခုလယ်ယာစီမံကိန်းနဲ့ပတ်သက်ပြီး ဦးဆောင်ပြီးလုပ်တဲ့လူဟာ ကျုပ်မဟုတ်ဖူး၊ လယ်သမား မျိုးရိုးက ကြီးပြင်းလာပြီး လယ်အကြောင်းကို ကောင်းကောင်းသိတဲ့ ဗိုလ်မှူးချုပ်မြေကြီးက ဘယ်လိုပြု လုပ်သင့် စီမံသင့်တယ်ဆိုတာ ပထမရေးဆွဲ နောက်ခေတ်သစ်ရွှေဝါပြည် အုပ်ချုပ်ရေး ခေါင်းဆောင်များ အဖွဲ့ကို တင်ပြ၊ နောက်အားလုံးက ဝိုင်းဆုံးဖြတ်အတည်ပြုပြီးမှ လုပ်ကြတာ. . . .

. . . . ဒီအထဲမှာ လယ်သမားတွေ အမတော်ကြေးပိုပေးမယ်. . .

. . . . လယ်သမားတွေရဲ့ လယ်လုပ်ပစ္စည်းတွေနဲ့ ဝမ်းစာစပါးမျိုးစပါးကို ကြွေးနဲ့မသိမ်းရဘူး. . .

. . . အဲဒီအချက်ကို လယ်သမားထွေသက်သာချောင်ချိဘို့ တမင်ထည့်ထားတယ်၊ ဒါကို လယ်သမား တွေကမကြိုက်ဖူးလား။

'မကြိုက်ဖူး'

'ကဲ ဘာပြုလို့ မကြိုက်တာလဲ၊ ကျုပ်ကို နားလည်အောင်ပြောစမ်း'

''ခင်ဗျားတို့ဟာ ကိုယ့်တိုင်းပြည်က လုပ်ငန်း ကိုင်ငန်းတွေနဲ့ တော်တော်ကင်းကွာကုန်ကြပြီ၊ ကျနော် လိုရင်းပြောရယင်လဲ ခင်ဗျားတို့ဆက်စပ်ပြီး နားလည်ကြမှာမဟုတ်ဘူး။

'နားလည်အောင်ပြောယင်လဲ ဒီကောင်အရှည်ကြီးချဲ့ထွင်နေပြန်ပြီလို့ ထင်မှာဘဲ။

ခင်ဗျားတို့ အခုသိနေကြတာက လယ်ယာလုပ်ငန်းကိုရိုးရိုးစိုက်ပျိုးရေးသက်သက်လို့ ထင်နေ တယ်၊

အခုကျနော်တို့ ရွှေဝါပြည်က လယ်ယာလုပ်ငန်းဟာ ရိုးရိုး စိုက်ပျိုးရေးလုပ်ငန်း သက်သက် မဟုတ်တော့ဘူး။ အရင်းရှင်အမြတ်ကြီးစားစံနစ်ရဲ့ လက်အောက်ကို ငါးပုံမှာ လေးပုံရောက်နေတဲ့ အကုန်ထုတ်လုပ်မှု လုပ်ငန်းတခုဖြစ်နေဘီ၊

အသွင်သဏ္ဍာန်ကို ခင်ဗျားတို့က စိုက်ပျိုးရေးအဖြစ်နဲ့ မြင်နေရပေမဲ့ ဒီလုပ်ငန်းဟာ စိုက်ပျိုးရေး အဓိကဖြစ်တဲ့ လုပ်ငန်းရပ် လုံးဝမဟုတ်တော့ဘူး။ အတိုးကြီးစား အမြတ်ကြီးစား အဓိကအလုပ်ဖြစ်နေ တဲ့ လုပ်ငန်းရပ်ဖြစ်နေပြီ ခင်ဗျားသဘောပေါက်ကဲ့လား. . .

အဲဒါကြောင့် လယ်သမားထွေဟာ ခင်ဗျားတို့က စိုက်ပျိုးမှုကို အရေးကြီးတဲ့ အကြောင်းလုပ်ငန်း အဖြစ် ရည်ရွယ်ပြီး သက်သာချောင်ချိအောင် သတ်မှတ်ဆေးလိုက်တဲ့ အမတော်ကြေးပိုပေးတာတို့ ပစ္စည်းကြွေးနဲ့ မသိမ်းရဘူးဆိုတာ လုပ်ငန်းတခြားပေးတာတခြား အနာတလွဲ ဆေးတလွဲဖြစ်နေတယ်။

. . . . . ဒါကြောင့် လယ်သမားတွေကပေးတာလဲသိတယ်၊ ရတာလဲသိတယ်၊ သူတို့ကိုယ်တိုင်က သူတို့ ဒုက္ခရောက်တော့မယ်ဆိုတာလဲ သိတယ်။ ပြောလဲမပြောတတ်ဘူး၊ ဒုက္ခရောက်မယ်ဆိုတာလဲ မပြောတတ် ဖူး. . . . .

အဲဒီတော့ သူတို့ဘာလုပ်ရ ဘာပြောရမှာ မသိဖြစ်နေတုန်း ခင်ဗျားတို့အယူအဆကို မယုံကြည် ကြ မကြိုက်ကြတဲ့လူတွေက အကြောင်းတခုခုထပြီး ပြလိုက်မယ်. . .

'ဒီတော့ အကြောင်းမပြတတ်ပဲ ကိုယ်တိုင်ဆင်းရဲဒုက္ခရောက်နေကြတဲ့ လယ်သမားတွေက သူတို့ရဲ့ အကြပ်အတည်းကိုမဖြေရှင်းနိုင်တော့ ရောရောင်ထောက်ခံမယ်'

ခင်ဗျားတို့အစိုးရာလဲ အဲဒါမျိုးတွေ ဖြစ်မလာနိုင်အောင် တကယ်ခေတ်ပြောင်း နိုင်ငံရေးသမား ပီပီ မလုပ်ခဲ့ဖူး မဆုံးဖြတ်ခဲ့ဖူး မပေါ်ပေါက်အောင် ကြိုတင်အစမသိမ်းခဲ့ဘူး'

'ဒီမှာ ကိုယ့်လူကိုယ့်လူပြောတာတွေ တခုမှနားမလည်ဘူး ကိုယ်မေးတဲ့စကားကို လိုရင်းပြောစမ်း ပါ'

'လိုရင်း ပြောပြီးပါကောဗျ လိုရင်းပြောပြီးလို့ ခင်ဗျားတို့ ဘယ်လိုဖြစ်လိမ့်မယ်ဆိုတာကိုပါ ဆက်ပြောနေပါပကော'

'အဲဒီလိုဖြစ်လိမ့်မယ်ဆိုတဲ့ ခင်ဗျား ဗျာဒိတ်တော်က နောက်မှချမှတ်၊ လယ်သမားတွေအတွက် ရွှေဝါပြည်ရဲ့ရာဇဝင် တလျှောက်လုံး ပြည်တည်ထောင်စကတည်းက

အခုအထိ ဘယ်အစိုးရလက်ထက် ကမှ မပေးခဲ့တဲ့အခွင့်အရေးကို ကျုပ်တို့ရက်ရက်ရောရောပေးခဲ့တယ်၊

. . . အဒီလိုပေးခဲ့တာကို လယ်သမားတွေက ကြိုက်မကြိုက် ကျုပ်တို့မြောင်မေးခဲ့တယ်၊

. . . . လယ်သမားတွေကလဲ ကြိုက်တယ်လို့ ပြောင်ပြောကြတယ်၊

. . . . အဲဒါကို ခင်ဗျားကမေးတာမှန်တယ် ဒါပေမဲ့ လယ်သမားတွေက မကြိုက်ဖူးလို့ပြောတယ်. . . ဘာ့. . .'

'အဲဒီလယ်သမားတွေ အလုပ်သမားတွေ ကုန်သည်တွေမကြိုက်ကြတာကို အခွင့်အရေးယူပြီး ခင်ဗျားတို့ရဲ့ ယုံကြည်ချက်ကို မယုံကြည်တဲ့ လူတွေက အကြောင်းပြ ထတိုက်မှာစိုးလို့ဗျို့'

ငဆိုးထက်ခိုင်သည် ဗိုလ်မှူးချုပ် ငလုံးညီ၏ စကားမဆုံးမီ ထအော်လိုက်၏။ ငလုံးညီက ငဆိုးထက်ခိုင်၏မျက်နှာကို ခပ်လျှော့လျှော့ကြည့်သည်။

'ဟုတ်ပါတယ် ကျုပ်နားလည်ပါပြီ ခင်ဗျားစေတနာသိပါတယ်၊ ကျုပ်မေးနေတာက ကျုပ်တို့ ဒါလောက် ပေးတယ်၊ ဒါလောက်စေတနာထားတယ် အဲဒါမကြိုက်ဖူးလို့ပြောတယ်၊ ဘာပြုလို့ မကြိုက် တာတုန်း ဘာကိုမကြိုက်တာတုန်း'

'ကျနော်ပြောပြီးပါပကော ခင်ဗျားတို့က စိုက်ပျိုးရေးအောင်မြင်မှုကို အရေးကြီးတဲ့အကြောင်း တရပ်အနေနဲ့ လုပ်နိုင်အောင် အမတော်ကြေးတွေထုတ်ပေးတယ် ကြွေးရှင်တွေက ပစ္စည်းမသိမ်းနိုင် အောင် လုပ်ပေးတယ်၊

လယ်သမားတွေရဲ့ လက်ရှိအလုပ်က စိုက်ပျိုးရေးမဟုတ်ဖူး ငွေရှင်တွေ စပါးဈေးကစားသူတွေရဲ့ လည်ပင်း လှီးမှုကိုခံပြီး လုပ်အားယေးရ အရောင်းခံရတဲ့အလုပ်၊

သူတို့ဟာ အတိုးကြီးပေးရမှ အမြတ်ကြီးစားခံရမှ သူတို့ရဲ့ဘဝရပ်တည်နိုင်မယ်

စိုက်ပျိုးရေးကိုယုံကြည်ပြီးလုပ်လို့ သူတို့ဘဝရပ်တည်မှု မရနိုင်ကြဖူး၊ ယုံလဲမယုံကြည်နိုင်ဘူး ဘာပြုလို့လဲ ဆိုတော့ ကျနော်တို့ရွှေဝါပြည်က လယ်သမားတိုင်းဟာ ကိုယ့်လုပ်ငန်းကို ကိုယ်အသိဆုံး ဖြစ်နေကြတယ်၊

လယ်သမားတွေဟာ လယ်အလုပ်နဲ့တော့ ဘယ်နည်းနဲ့မှ ကိုယ့်ဘဝကဆေးကိုယ် ရပ်တည် အောင်လုပ်နိုင်မှာလဲ မဟုတ်ဖူး၊ နောက်ထပ် အခုလုပ်နေကျနည်းထက် ကောင်းတဲ့နည်းလဲ မရှာနိုင်ကြ တော့ဘူး၊

အဲဒီတော့ အတိုးကြီးတွေပေးပြီး အမြတ်ကြီးစားတာတွေ ဆက်ခံပြီး ကျွန်ခြေမပျက်နေနိုင်ယင် တော်ပြီလို့ လက်တွေ့အသိနဲ့နှစ်စဉ် ဆက်ဆက်လုပ်လာကြရာက တဖြေးဖြေးလယ်ယာစိုက်ပျိုးရေး လုပ်ငန်းဟာ စိုက်ပျိုးရေးအလုပ်က အဓိကမဖြစ်ဘဲနဲ့ အတိုးကြီးနဲ့ ငွေတိုးချေးငှားရေး အမြတ်ကြီးနဲ့ စပါးဝယ်ယူ သိမ်းဆည်းရေးက အဓိကဖြစ်လာကြရတာဘဲ။

စိုက်ပျိုးရေးလုပ်ငန်းက ဘယ်လို အတိုးကြီးစားရေး အမြတ်ကြီးစားရေး လုပ်ငန်းဖြစ်သွားရတဲ့ အကြောင်းကို ခင်ဗျားနားမငြီးရင် ကျနော်အခိုင်အမာဆက်ပြောပြမယ် ဒါမှလဲခင်ဗျားတို့မှားတာကို ထောက်ပြလို့ရမယ်၊

'လေကျယ်မနေစမ်းပါနဲ့ဗျာ ပြောမှာပြောစမ်းပါ'

'ဒီမှာ ကျနော်တို့ရွှေဝါပြည်မှာ စိုက်ပျိုးနိုင်တဲ့ လယ်မြေကေပေါင်း ဆယ့်နှစ်သန်းကျော်ရှိတယ်၊ ဒါပေမဲ့စိုက်ပျိုးလို့အောင်မြင်တဲ့ လယ်ကေပေါင်းက ကိုးသန်းနဲ့ခြောက်သိန်းသာရှိတယ်၊

အဲဒီလယ်ကေပေါင်းကိုးသန်းနဲ့ ခြောက်သိန်းကို လုပ်ကိုင်ကြတဲ့ လယ်သမားတွေအထဲမှာ ကွဲခြမ်းမပျက်လုပ်ကိုင်နိုင်တဲ့ လယ်သမားမျိုးက ခင်ဗျားသေသေချာချာမှတ်ထား၊

တစ်အချက် လယ်ကေဆယ်ကေနဲ့ ဆယ့်နှစ်ကေပိုင်တဲ့ ဒါမှမဟုတ်ယင် လုပ်တဲ့လူတွေလဲ ဖြစ်ရမယ်၊

နှစ် နွားတရှဉ်းပိုင်ပြီး ထွန် ထယ် လယ်ကြိယာအပြည့်အစုံ ပိုင်သူပဲဖြစ်ရမယ်။

သုံး ကိုယ်တိုင်လယ်ထဲဆင်းလုပ်နိုင်တဲ့ အိမ်ထောင်ဦးစီးနှစ်ယောက် အကူရနိုင်တဲ့ သားတ ယောက် သမီးတယောက်ရှိသူလဲ ဖြစ်ရမယ်၊

ဒီအချက်သုံးချက်နဲ့ ပြည့်စုံတဲ့ လယ်သမားကတမျိုး၊ နောက်တမျိုးက၊

တစ် လယ်ကေနှစ်ဆယ်နဲ့ နှစ်ဆယ့်ငါးကေပိုင်သူ ဒါမှမဟုတ်ယင် ထုပ်တဲ့လူဖြစ်ရမယ်၊

နှစ် ထမ်းပိုးရုံးနိုင်တဲ့ နွား ငါးကောင် ဒါမှမဟုတ်ယင် လေးကောင်ပိုင်သူဖြစ်ပြီး ထွန် ထယ် လယ်ကြိယာ အပြည့်အစုံပါပိုင်သူရှိရမယ်၊

သုံး ကိုယ်တိုင် လယ်ထဲဆင်းလုပ်နိုင်တဲ့ လယ်မယား အိမ်ထောင်ဦးစီးနှစ်ယောက်အပြင် အရွယ် ရောက်ပြီး ထွန်နိုင်ယက်နိုင်တဲ့ သားကြီးနှစ်ယောက်နဲ့ ကူဖော်လောင်ဘက်ရတဲ့ သမီးတယောက်အပါ အဝင် နောက်ထပ် ၃–ယောက်ပေါင်း ငါးယောက်ထက်မပိုတဲ့ အိမ်ထောင်ဖြစ်ရမယ်၊

. . . အဲဒီအချက်တွေနဲ့ညီတဲ့ လယ်သမားအိမ်ထောင်စု နှစ်မျိုးသာ ကျနော်တို့ရွှေဝါပြည်ကြီးမှာ အိန္ဒြေရရနဲ့ တကယ့်စိုက်ပျိုးရေးကို အာရုံပြုပြီး အသက်ရှူချောင်ချောင်လုပ်နိုင်တယ်. . . . .

အဲဒီအချက်တွေနဲ့ မညီညွတ်ယင် ဘယ်လယ်သမားမှစိုက်ပျိုးရေးကို အာရုံပြုပြီး လယ်မလုပ်နိုင် ကြတော့ဘူး ဘယ်ကချေးတဲ့ငွေတိုးကို ဘယ်လိုလှည့်မယ်၊ စပါးကိုစျေးရအောင် ဘယ်လိုရောင်းမယ်ဆို တာကို စိုက်ပျိုးရေးထက်ပိုပြီး အာရုံစိုက်လာကြရာယ်။

. . . . ကျနော်တို့ ရွှေဝါပြည်မှာ အဲဒီလယ်ဆယ်ကေ ဒါမှမဟုတ်ယင် ဆယ့်နှစ်ကေလုပ်တဲ့လူ၊ နွားတရှဉ်းရှိတဲ့လူ၊ ဦးဆောင်ပြုနိုင်တဲ့လူ လုပ်တတ်တဲ့လင်မယားနှစ်ယောက်နဲ့ အကူသားသမီး နှစ်ယောက်သာရှိတဲ့လူဆိုတဲ့ အချက်တွေနဲ့ ညီညွတ်တဲ့ လယ်သမားပေါင်း ဘယ်နှစ်ယောက်ရှိသလဲ၊

. . . အဲဒီလယ်သမားဟာ လုပ်မဲ့လယ်ကေ ရှစ်ကေ ကိုးကေလောက်သာ ရှိတယ်ဆိုတာနဲ့တပြိုင် နက် နောက်နှစ်လယ်ဆက်လုပ်ဘို့ ခဲယဉ်းသွားပြီ၊ အဲဒီလို ကေလျော့မှမဟုတ်ဖူး၊ လယ်မြေကေပိုပြီး ဆယ့်လေးကေ၊ ဆယ့်ငါးကေဖြစ်လာတယ်ဆိုယင်လဲ သွက်သွက်လည်အောင်ရုန်းပြီး မလုပ်နိုင်တော့ဘူး။ အကြောင်းကတော့ နောက်ထပ်နွားတရှဉ်းနဲ့ ပင်တိုင်သူရင်းငှားတယောက် ခေါ်ထားရလို့ဘဲ. . . .

. . . . အခု ကျနော်ဆက်ပီးတွက်ပြမယ် မအိပ်ချင်သေးဘူးမှုတ်လား။ ခင်ဗျားနားထောင်၊

'ပြောမှာ ပြောစမ်းပါဗျာ'

'လင်မယားနှစ်ယောက် အကူအညီရနိုင်လောက်တဲ့ သားတယောက် သမီးတယောက်. . . .

ပြီးတော့ သူတို့ပိုင် လယ်ဆယ်ဧက၊ နွားသားအမိထုံးကောင် လယ်လုပ်ကြိယာအစုံ နွားတင်းကုပ် အပါအဝင်ရှိတဲ့ လယ်တဲတလုံး။ သူတို့ဟာ ရွာထဲမှာအိမ်မရှိဘူး၊ ကွင်းထဲမှာလယ်ထဲမှာဘဲနေတယ်။ သူတို့မှာ မိုးတွင်းစာအတွက် ဝမ်းစာ စပါးငါးဆယ်လှောင်ထားတယ်၊ သုံးပိဿာဈေးနဲ့ဆိုယင် ရွှေဝါပြည် သုံး ဒင်္ဂါးပြားရေ တရာ့ငါးဆယ်ကျပ်ဘိုးပေါ့. . . .

နောက်ပီး အဲဒီလင်မယားဟာ လယ်သမား မျိုးရိုးတွေဆိုတော့ ဝမ်းစာအတွက် အချိန်ကုန် ငွေကုန်သက်သာအောင် ဘယ်လိုချိုးခြံ ချွေတာရမယ်ဆိုတာကို နားလည်တယ်။

. . . . အဲဒီတော့ သူတို့ဟာ မိုးတွင်းအတွက် အားလုံးအပြည့်အစုံ ဝယ်ယူသိုလှောင်ထားတယ် သူတို့ သိုလှောင်တဲ့ ပစ္စည်းတွေက. . .

ငပိ ၁၅–ပိဿာ–ရွှေဝါပြည်သုံးငွေ ၃၇–ကျပ် ပြား ၅၀

ဆီ ၂ ပုံး ။ ၆၀ ကျပ်

ဆေး ၈ ပိဿာ ။ ၄၀ ကျပ်

ဆေးရိုး ၅ တင်းခွဲ ။ ၄၄ ကျပ်

ရေနံဆီ ၆ ပုံး (တပုံး ၅ ကျပ်နှုန်းနှင့်) ၃၀ ကျပ်

ထင်း ၇၂၀၀ (တရာ ၂ ကျပ် ၅၀ ပြားဈေး) ၁၈၀ ကျပ်

ပဲ ၂ အိတ် (တအိတ်၃၅ ကျပ်နှုန်း) ၇၀ ကျပ်

ဆား ၅ ပိဿာ (တပိဿာပြား ၄၀ နှုန်း) ၂ ကျပ်

အားလုံးပေါင်း ၄၆၃ ကျပ် ၅၀ ပြားဘိုး သူတို့ဝယ်ထားကြတယ်၊ အဲဒါတွေဟာ စပါးပေါ်ပေးနဲ့ နွေဘက်မှာ ပုံမှန်စပါးပေါက်ဈေးသုံးပိဿာ ရှိမယ်ဆိုယင် ငွေချေးတဲ့ လူက စပါးဈေးကို နှစ်ပိဿာ ၅၀ ဈေးဖြတ်ပြီး လိုတဲ့ငွေအတွက် စပါးတင်းရေ ဘယ်လောက်ဆိုတာ တွက်ပီးချေးရတယ်. . . .

. . . . ဒီတော့ကာ လယ်ဆယ်ဧကလုပ်မယ့် လယ်သမားတအိမ်ထောင်အတွက် သုံးဘိုစွဲဘိုနဲ့ ပျိုးနှုတ်ခ ကောက်စိုက်ခ ပေးဘို့။ လယ်ကိရိယာတန်ဆာပလာပြင်ဘို့ ငွေ ၅၀၀ ကျပ်လောက်လိုတယ်၊

အဲဒီတော့ ငွေ ၅၀၀ ကို စပါးပေးနဲ့ ချေးယင်စပါးကို ၂ ပိဿာ ၅၀ ဈေးထားပြီး ငွေ၅၀၀ကျပ် အတွက် ပေးရမယ့် စပါးတင်းရေက ၂၀၀ တင်း၊ ပီးတော့ ငွေ၅၀၀၊ ငွေတရာတလ သုံးကျပ်တိုးထားပြီး ဆယ်လအတိုးငွေ ၁၅၀ကျပ်အတွက် စပါးတင်းရေ ၆၀တင်း၊ ပေါင်းစပါးတင်းရေ ၂၆၀ တင်းပေးပါ့မယ် ဆိုပြီး ငွေချေးရတယ်. . . .

အဲဒီလိုချေးပီးတဲ့ငွေနဲ့ လယ်လုပ်တော့ သားလုပ်တဲ့လူက နွားကျောင်းတယ်၊ မြက်ရိတ်တယ်၊ ပျိုးကူနှုတ်တယ်၊ သမီးကထမင်းချက်တယ် ကောက်ကူစိုက်တယ်၊ နွေရောက်တော့လဲ ဒီသားနဲ့သမီးက စပါးကူရိတ်တယ်၊ ကောက်လှိုင်းထမ်းတယ်၊ ရွက်တယ်၊ စပါးနယ်တယ် လှေ့တယ်။ အားလုံးဝိုင်းကူနိုင်ကြ တယ်။

. . . . . . အဲဒါကြောင့် မိုးတွင်းဘက်မှာ မျိုးနှုတ်ငှားခငွေ အစိတ်ကောက်စိုက်ခငွေငါးဆယ် အားလုံး ၇၅ ကျပ်ဘိုးဘဲကုန်တယ်။

နွေဘက်ရောက်တော့လဲ စပါးတွေကျွမ်းမှာစိုးလို့ အရိပ်ငှားရပေမယ့် ရိပ်ခဆယ်လှိုင်း တလှိုင်းနှုံး နဲ့ အငှားရိပ်သမားကို ကောက်လှိုင်းရှစ်ဆယ်ဘဲပေးရတယ်။

ဒါပေမဲ့ အခုရွှေဝါပြည်ရဲ့ ကောက်ရိပ်စံနစ်က အရင်လို သုံးလှိုင်းတတင်းမဟုတ်ပဲ ငါးလှိုင်း နှစ်တင်းဖြစ်နေလို့ အငှားရိပ်သမားအတွက် ပေးလိုက်ရတဲ့ စပါးတင်းရေဟာ ဆယ့်ခြောက်တင်းကျတယ်

ဒီတော့ လယ်ဆယ်ကေလုပ်ယင် မိုးရော နွေရော ဝမ်းစာအတွက် စားရိက္ခာကြိုတင်ဝယ် ၄၆၃ ကျပ် ၅၀ ပြား မိုးတွင်းက မျိုးနှုတ်ကောက်စိုက်ငှားခ ၇၅ ကျပ် အားလုံးပေါင်း ၅၃၈ ကျပ် ၅၀ပြား ကုန် ကျစရိတ်ရှိတယ်. . .

. . . . လယ်ကေထွက်စပါး ၃၅၀တင်း၊ အဲဒီအထဲက နောက်နှစ်အတွက်၊ ဝမ်းစာစပါးတင်းငါးဆယ်၊ မျိုးစပါးဆယ်တင်း၊ ကောက်ရိပ်ခ ၁၆တင်းပေါင်း ၇၆တင်းနှုတ် လက်ကျန်စပါး ၂၇၄တင်းကျန်။ အဲဒီ လက်ကျန်စပါးမှ စပါး ၂၆၀တင်း အကြွေးဆပ်၊ စပါး ၁၄တင်းကျန် အဲဒီစပါးကို ၃ပိဿာဈေးနဲ့ ရောင်းလိုက် လယ်ဆယ်ကေအတွက်လယ်ခွန်တော်ဆောင်လိုက်၊ ပြီးယင်နောက်နှစ်အတွက် ငွေထုတ်ပေး မယ့် လူမှာငွေထပ်ချေး. . . .

. . . . အဲဒါဟာ စပါးပေါက်ဈေး ၂ ပိဿာ ပုံမှန်လဲဖြစ်၊ လယ်လုပ်တတ်တဲ့လူတွေလဲဖြစ် လယ်သမားလင်ကိုယ်မယားနှစ်ယောက် ကူဖော်လောင်ဘက်၊ သားနဲ့သမီးနှစ်ယောက်စီရှိတဲ့ အိမ်ထောင် လဲဖြစ်၊ နွားနှစ်ကောင်နဲ့လယ်လုပ်ကိရိယာ အပြည့်အစုံရှိတဲ့ လယ်သမားလဲဖြစ်။ လယ်ဆယ်ကေရှိတဲ့ လူလဲဖြစ်ယင် ချိုးချိုးခြံခြံနဲ့ အပတ်လည်အောင် ဘယ်လိုလုပ်ရတယ်ဆိုတာကို တွက်ပြတာ

အဲဒီလိုမဟုတ်ဘဲ လယ်၅ကေ လုပ်တတ်တယ်ဆိုပါတော့။

လင်ကိုယ်မယားနှစ်ယောက် သားတယောက်သမီးတယောက်တို့အတွက် စားစရိတ်က လယ်ငါး ကေလုပ်ရတယ်လို့ လျှော့မသွားဘူး ၄၆၃ကျပ် ၅၀ပြားဘဲကုန်မှာဘဲ။

ကိုယ်ပိုင်နွားရှိတယ်ထား လုပ်သူတောင့်လို့ ကောက်စိုက်ပျိုးနှုတ်နဲ့ စပါးရိတ်မငှားရဘူးဘဲထား၊

နွေတလင်းသိမ်းလို့ စပါးပေါ်တာနဲ့ လယ်ငါးကေထွက်စပါး ၁၇၅ တင်းပဲရမယ်။

စပါးပေးအကြွေးဆပ်ရမှာက စပါး ၂၆၀ တင်းကြွေးကျောဘို့ စပါး ၈၅တင်းလိုသေးတယ် ဝမ်းစာ စပါးလဲမရှိဘူး မျိုးစပါးလဲမရှိဖူး အဲဒီတော့ ရှေ့နှစ်လယ်ဆက် မလုပ်နိုင်တော့ဘူး။

နောက်တခု အဲဒီအိမ်ထောင်ဘဲ လယ်၁၅ကေလုပ်တယ်ဆိုပါတော့ ဒီအတိုင်းမရတော့ဘူး နွားတရှဉ်းနဲ့ ပင်တိုင်တယောက်ငှားရမယ် ကောက်ရိတ်ကောက်စိုက်နဲ့ မျိုးနှုတ်ပိုပြီး ငှားရမယ်။ ပင်တိုင် ကို မိုးစပါး ၅၀ နွေစပါး ၃၀ပေးပြီးငှားရမယ် အဲဒီစရိတ်ဟာ လယ်ကေ ၂၀လုပ်တဲ့ စရိတ်နဲ့တန်းတူ ရှိတယ်။

အဲဒီတော့ ကျနော်တို့ရွှေဝါပြည်မှာ တတုန်းထွန်နဲ့တန်တဲ့ လယ်ကေ ဒါမှမဟုတ်ယင် နှစ်တုန်းထွန်နဲ့ တန်တဲ့လယ်ကေ အဲဒီလယ်ကေအတိုင်းလုပ်နိုင်တဲ့ လုပ်တတ်တဲ့လယ်သမား

စစ်စစ်တွေ ကို စစ်ဆေးရွေးခြယ်ပြီး အလုပ်ခိုင်းပြီးတော့ အမတော်ကြေး လုံးဝမပေးဘဲ လယ်သမားတွေအတွက် လယ်ယာစိုက်ပျိုးနိုင်အောင် ငွေချေးဘဏ်တွေဖွင့်ပေးပြီး နှစ်စဉ်လယ်မြေကေအလိုက် အတိုးမရှိငွေချေးပေး နောက်ဆုံးငွေတရာတလငါးပြားတိုးယူပြီးဘဲချေးအုံး။

လုပ်ရမှာက အဲဒီလိုလုပ်ရမှာ အခုတော့ခင်ဗျားတို့က အဲဒီသဘောတွေ နားမလည်ဖူးစေတနာနဲ့ ရမ်းကြိတ်လိုက်တယ်။

ဘယ်လိုရမ်းကြိတ်လိုက်သလဲ လယ်မြေကေကို ရွှေဝါပြည်သုံး ဒင်္ဂါးပြားရေအစိတ်နှုန်းနဲ့ အိမ်တိုင်ယာရောက် လိုက်ပြီး အမတော်ကြေးထုတ်ပေးကြတယ်။

အဲဒီတော့ လယ်လုပ်နိုင်တဲ့ စံချိန်မှီလယ်မြေကေ ဆယ်ကေလုပ်တဲ့လူဆိုပါတော့ အဲဒီလူဟာ ငွေဘယ်လောက်ရသလဲ ရွှေဝါပြည်သုံး ဒင်္ဂါးပြားရေ ၂၅၀ရတယ်။

အဲဒီတော့ မိုးရွာရွာမှာ ဆေးတပျစ်ပျစ်ငုံတဲ့ လယ်သမားတွေဟာ ဆေးတို့ဆေးရိုးတို့အတွက် ဖြစ်သလိုနေမယ် မဝယ်ဘူးထား မရှိမဖြစ်တဲ့ ငပိ၊ ဆီ၊ ရေနံဆီ၊ ထင်း၊ ပဲ၊ ဆား၊ အဲဒါတွေပဲ ဝယ်တယ် ဆိုပါတော့ အထက်ကတွက်ပြခဲ့တဲ့ နှုန်းအတိုင်း ၃၇၉ကျပ်ကုန်မယ်။

ပြီးတော့မျိုးနှုတ်စရိတ် စပါးရိတ် စရိတ်လဲလိုအုံးမယ်၊ အဲဒီလိုတဲ့ငွေအတွက် ဘယ်ကမှ ချေးလို့ ငှားလို့မရတော့ဘူး။

ဘာပြုလို့လဲ ငွေတိုးချေးစားတဲ့လူတွေဟာ လယ်သမားတွေဆီက ဝမ်းစာစပါးနဲ့ ကျွဲနွားထွန် ထယ်လယ်သုံးပစ္စည်းတွေကိုကြွေးနဲ့ မသိမ်းရဖူးဆိုတဲ့အမိန့်ကြောင့် ဘယ်သူကမှ မချေးငှားတော့ဘူး။

ဒီလိုဆိုယင်အရင်ကတော့ ဘယ်လိုလုပ်ကြသလဲလို့ မေးစရာရှိတယ်။

ယခင်က အမတော်ကြေးဆိုတာဟာ လယ်လုပ်ဘို့မဟုတ်ဖူး လယ်သမားတွေက ငွေရှင်ကြေးရှင်တွေဆီကို မျက်နှာချိုသွေးဘို့ သွားစရိတ်လာစရိတ် လက်ဆောင်ဝယ်ဘို့ စရိတ်အဲဒါဘဲ။

ပီးတော့ အဲဒီလယ်သမားကရှုံးလို့ ဒီနှစ်လယ်မလုပ်နိုင်ယင် ကိစ္စမရှိဘူး အဲဒီလယ်သမားက ဘောက်လုပ်စားတယ်၊ ငွေရှင်ကြေးရှင်တွေရဲ့ ယုံကြည်ခြင်းခံရတဲ့လူက အဲဒီလယ်ကို ဆက်လုပ်တယ် ဒီလိုနဲ့ လယ်တွေဟာ ဒီနှစ်ဒီလူလုပ် ဟိုနှစ်ဟိုလူလုပ်ဖြစ်လာကြတယ်၊

ဒါဘဲလားဆိုတော့ မဟုတ်သေးဖူး အခုစစ်ပြီး ဒီဘက်မှာလယ်တွေကို တကယ်လယ်သမားအမည်ခံတဲ့ လုပ်တတ်တဲ့ လူတွေမလုပ်ကြတော့ဘူး။ လုပ်ယင်လဲ အင်မတန်နဲတယ် အဲဒီလယ်သမား လူရိုးကြီးတွေဟာ ကြောက်လန့်ပြီး မြို့တွေပေါ်တက်ပြေးနေကြရာက မပြန်နိုင် မပြန်ခဲ့ကြတော့ဖူး။

တကယ်လို့ ပြန်ကြမယ်ဆိုယင်လဲ သူတို့လယ်တွေကို အားပြုပြီး လုပ်ကိုင်စားသောက်တဲ့ စံချိန်မှီလယ်မြေကေ ပြန်မရတော့နိုင်တာမို့ ပြန်သွားယင်လဲငတ်မှာပဲဆိုပြီး တောကိုမပြန်ကြ တော့ဖူး. . .

ရိုးရိုးသားသားလုပ်စားတဲ့ လူတွေအတွက် လုပ်ကိုင်စားသောက်တဲ့ စံချိန်မှီလယ်မြေကေ ရှိတယ်၊ အဲဒီစံချိန်ဆိုတာဟာ အနည်းဆုံးကုန်ကျစရိတ်နဲ့ ကုန်ကျစရိတ်ကို ကာမိအောင် စပါး အတွက်ရှိတဲ့လယ်မြေကေ။

ဒီစံချိန်လယ်ကေဟာ ရွှေဝါပြည်တနေရာနဲ့ တနေရာ သိပ်မတူကြဖူး အကြမ်းအားဖြင့် လေးမျိုးလောက်ကွဲတယ်၊

ရွှေဝါပြည် မြစ်ဝကျွန်းပေါ်မှာရှိတဲ့ တတုန်းထွန်ကေ ရွှေဝါဝတီမြစ်ဝှမ်းနဲ့ မြေလတ်ပိုင်း တဝိုက်မှာရှိတဲ့ တတုန်းထွန်လုပ်နိုင်တဲ့ကေ မိုးခေါင်ရေရှားအရပ်မှာရှိတဲ့ တတုန်းထွန်ကေနဲ့ ဆည်ရေသောက်လယ်တွေမှာ လုပ်ကြတဲ့ တတုန်းထွန်ကေ၊

အဲဒီတတုန်းထွန်ကေဆိုတာတွေဟာ လယ်သမားတအိမ်ထောင်လုပ်ကြရမဲ့ စံချိန်မှီ လယ်ကေပဲ။

အဲဒီလိုစံချိန်မမှီဘဲလုပ်ရတဲ့ လယ်ကေဟာ တတုန်းထွန်မလုပ်လောက်ဖူး ဒါမှမဟုတ်ယင် တတုန်းထွန်လုပ်နိုင်တဲ့ ကေမပြည့်ဖူးဆိုယင် တကယ်လယ်လုပ်တဲ့ လယ်သမားတွေက ဘယ်တော့မှမလုပ်ဖူး ဘာပြုလို့လဲဆိုတော့ ရှုံးမှာကျွေးတင်မှာ သိလို့ အကြောင်းကတော့ စော စောက တွက်ပြသလိုဘဲ ကုန်ကျစရိတ်က တတုန်းထွန်အပြည့်ကုန်ပြီး လယ်ကတတုန်းထွန်မပြည့် တော့ ရလာမဲ့စပါးက နည်းနေလို့ ကုန်ကျစရိတ်နဲ့ ရစပါးမကာမိလို့ဘဲ၊

ဒါကြောင့် မြေလတ်ပိုင်းမှာ လုပ်ရတဲ့ကုန်ကျစရိတ်နဲ့ ထွက်လာမဲ့ လယ်ထွက်တွေကို ကာမိအောင် လယ်ပီးတာနဲ့ နှမ်းစိုက်၊ ဝါစိုက်၊ ဆက်ပီးလုပ်ကြရတယ်၊ အဲဒီလို ဆက်စိုက်တဲ့ လယ်မြေကေအတွက်တဲ့ စံချိန်မှီကေဆိုတာရှိတာဘဲ။

ခင်ဗျား ဒီနေရာမှာ မေးစရာတခုရှိတယ် မင်းကသာပြောနေတယ် အိမ်ထောင်တခု လုပ်လောက်တဲ့ စံချိန်မှီလယ်ကေမပြည့်ယင် လယ်သမားအစစ်ဟာ မဟုတ်ဖူးလို့ ဒါပေမဲ့ ဒို့တွေ့နေတာက ၂ ကေ လုပ်တဲ့လူတို့ ၃ ကေလုပ်တဲ့ လူတို့ ၄ကေ ၅ကေလုပ်တဲ့လူတို့ တွေ့နေပါ ကလားလို့ မေးစရာရှိတယ်။

ခင်ဗျားမှတ်ထား အဲဒီလူတွေဟာ တယောက်မှ လယ်သမားမဟုတ်ဘူး ကာကွယ်ရေး ရောင်ရောင် သူပုန်ရောင်ရောင် သူကြီးနဲ့လဲပေါင်းလိုက် သူပုန်နဲ့လဲပေါင်းလိုက် လုပ်နေကြတဲ့ တောသားလူပျက်စီးတွေ စစ်အတွင်းမှာ ကြီးပြင်းလာတဲ့ လူတွေ။

အဲဒီလူတွေဟာ လယ်တွေကိုသူတို့နာမည်နဲ့ ထားပြီး လယ်မလုပ်ရမနေနိုင်တဲ့ တကယ့် လယ်သမားအစစ်တွေကို သူတို့က သူတို့လယ်တွေစုပေါင်းပြီး သီးစားချစားကြသဗျ ပြီးတော့သူ တို့က လယ်ထောက်ခယူတယ်၊ ကာကွယ်ရေးစရိတ်တောင်းတယ် လယ်လုပ်တတ်တဲ့လူတွေက သူတို့လယ်တွေကို အကုန်လုံး စုပြီး စံချိန်မှီလုပ်နိုင်တဲ့ လယ်မြေကေအထိပေါင်းလုပ်ကြရတယ် ခင်ဗျ။

အဲဒါအခု လယ်သမားတွေ လယ်လုပ်နေကြတဲ့ သဘောဘဲ၊ အဲဒီတော့ အခုခင်ဗျားတို့က အမတော်ကြေးတွေ ထုတ်ပေးကြတယ်။

ယူတဲ့လူတွေက ဘယ်သူတွေလဲ အဲဒီလူတွေပဲ၊ သူတို့ဟာ အမတော်ကြေးတွေကို ယူသုံး ပစ်လိုက်ကြပြီး သူတို့လယ်တွေကိုသူတို့ အချင်းချင်း သုံးလေးဦးကစုပြီး အဲဒီလုပ်နေကြလယ် သမားကို သီးစားချတယ်။

ဒါပေမဲ့ လုပ်နေကျလယ်သမားက ယူနေကျငွေရှင်ဆီက ငွေချေးလို့မရတော့ မလုပ်နိုင် ဖူး ဒီတော့ အဲဒီတောသား လူပျက်စီးတွေက သူတို့မကင်းတဲ့ငွေရှင်ကြေးရှင်တွေဆီက အနိုင် ကျင့်ငွေချေးပြီး အဲဒီငွေကို လုပ်နေကျလယ်သမားတွေ အပေါ်ကိုကြားဖြတ်အတိုးတင်ပြီး ထပ်ထပ်ချေးကြတယ်။

သူတို့ချေးတဲ့ ငွေကိုမယူယင် သူတို့ချတဲ့လယ်ကို မလုပ်ယင် အဲဒီမလုပ်တဲ့ လယ်သမား ကြီးတွေကို သူတို့က အပစ်ရှာကြတယ်။

. . . . တောရွာတွေမှာ အဲဒီတောကမြို့ကို တက်မပြေးလာနိုင်ကြတဲ့ လယ်သမားကြီးတွေ ဟာ အဲဒီသူတို့တောရွာကသူတို့အောက်တွင် ကြီးလာကြတဲ့ တောသားလူပျက်စီးတွေကို ကြောက်နေကြရတာဟာ နောက်ဆုံးဖြစ်လိုက်တဲ့ ကမ္ဘာစစ်ကြီးပြီးကတည်းကဘဲ။

. . . . အခုဆိုယင် အဲဒီတောသားလူပျက်စီးတွေဟာ ကျေးရွာမြေယာဝေခြမ်းရေးနဲ့ ချထား ရေးကော်မတီဆိုလဲ သူတို့ဘဲ။ ကျေးရွာ ကာကွယ်ရေးနဲ့ အုပ်ချုပ်ရေးအဖွဲ့ဆိုယင်လဲ သူတို့အထဲ က တယောက်ယောက်ပဲ၊ ကျေးရွာသူကြီးဆိုယင်လဲ သူတို့အထဲက တယောက်ယောက်ပဲ သူပုန် နဲ့ ဆက်သွယ်တာဆိုယင်လဲ သူတို့ဘဲ၊

သူတို့တွေဟာ သူတို့နာမည်ခံထားတဲ့လယ်တွေကို စံချိန်မှီလုပ်နိုင်အောင် စုပေါင်းပေးပြီး ဒီနှစ် ဒီလယ်သမားကြီးချ၊ လုပ်ရသမျှအားလုံးယူ၊ မပေးယင်နှိပ်စက် အဲဒီလယ်သမားကြီးဟာ မရှုမလှ အိုးပျက်အိမ်ပျက်နဲ့ ထွက်ပြေး နှောင်နှစ်ဟိုလယ်သမားကြီး လယ်သီးစားချ အဲဒီလို စုပေါင်းနှိပ်စက်တဲ့နည်းနဲ့ ဝိုင်းပြီးနှိပ်စက်လွှတ်ကြလို့ ပျက်စီးကုန်တဲ့ ရွာတွေအိမ်ခြေတွေ လျော့ ကုန်တဲ့ရွာတွေဟာ ကျနော်တို့ရွှေဝါပြည်မှာ ဒုနဲ့ဒေးပေါ့။

. . . . . အဲ ခင်ဗျားတို့ပေးတဲ့ လယ်အမတော်ကြေးကို ဝိုင်းထောက်ခံကြတဲ့ လယ်သမားတွေ ဆိုတာ အဲဒီလူတွေဘဲ။ တကယ့်လယ်လုပ်စားတဲ့ လူတွေက ဘယ်လိုမှ အလုပ်လုပ်လို့ မဖြစ်နိုင် လို့ မယူဝံ့ကြမယူလိုကြဘူး၊

. . . . . ဒါပေမဲ့ မြို့ပေါ်က ကာကွယ်ရေးနဲ့ အုပ်ချုပ်ရေးအဖွဲ့။ မြို့နယ်ကအဖွဲ့တွေက ဘာလုပ်တယ်ထင်သလဲ။

. . . . . မလိုချင်မနေရဘူး ယူရမယ်။ ခင်ဗျားဘာပြုလို့ မယူချင်ရတာလဲ။ တကေကို သုံးကျပ် လောက် ငါးကျပ်လောက်ပေးတုံးကတောင် ခင်ဗျားတို့ယူခဲ့ကြတယ်မှတ်လား။ ကျုပ်စာရင်းထဲမှာ တွေ့တယ်၊ ဒီအစိုးရပေးတာကို ငါတို့မယူဘူးဆိုတဲ့ သဘောလားဆိုပြီး အတင်းပေးကြတယ်၊

. . . . ကျနော်တွေ့ခဲ့ရသလောက်ပြောရယင် ကျနော်တို့ရွှေဝါပြည်နယ်စပ် ဖလ္လာဝတီမြစ် ဖျားဘက်ကလူတွေဟာ အိမ်ထောင်တခုကို ငါးဆယ်လံလယ်တခွက်လောက်ပဲ လုပ်ကြတယ်။ အဲဒီနယ်စပ်ကလူတွေ လယ်လုပ်ကြတာက စားဘို့လုပ်ကြတာ စပါးရောင်းဘို့မဟုတ်ဖူး၊ ရောင်းရလောက်အောင် ပိုပိုလျှံလျှံလဲမလုပ်တတ်ဖူး။

. . . အဲဒီလူတွေကို လယ်အမတော်ကြေးတွေ အတင်းလိုက်ပေးတော့ မယူပါရစေနဲ့ဆိုပြီး

'ခင်ဗျားကိုအားနာလို့ မေးမေးနေတာပါ။ ကျနော်က ပြောမှာပါပဲ။ စောစောက ကျနော် ပြောတဲ့ အထဲမှာ ခင်ဗျားတို့ရည်ရွယ်တာက တကယ့်လယ်ယာစိုက်ပျိုးရေး တိုးတက်ဖွံ့ဖြိုးမှုကို ရည်ရွယ်တယ်၊ လယ်သမားတွေဆီက အတိုးကြီးစားတွေဟာ လယ်လုပ်ကိရိယာတွေနဲ့ ဝမ်းစာတို့ မျိုးစပါးတို့ကိုမသိမ်းနိုင်အောင် ရည်ရွယ်တယ်။ အဲဒီရည်ရွယ်ချက်ကို အကောင်အထည်ဖေါ်နိုင် အောင် လယ်အမတော်ကြေးတွေကို

မကြုံဖူးမကြိုက်ဖူးအောင် တိုးမြှင့်ပေးတာတို့ လယ်သမား တွေရဲ့ စီးပွားကာကွယ်ရေးဥပဒေတို့ လုပ်ပေးကြတာဘဲ။

ဒါပေမယ့် ကျနော်ပြောခဲ့တဲ့ အတိုင်းပဲ ကျနော်တို့ ရွှေဝါပြည်မှာက အရင်ကုလားဖြူ တွေလက်ထက်ကတည်းက လယ်လုပ်တဲ့ လူတွေအထည်းမှာ စံချိန်မှီတတုန်းထွန် လယ်ကေလုပ် တဲ့ လူတွေနဲ့စံချိန်မှီ နှစ်တုန်းထွန်လယ်ကေအပြည့်လုပ်တဲ့ လူတွေကလွဲပြီး ကျန်တဲ့လယ်သမား တွေအားလုံးဟာ နှစ်စဉ်ရှုံးနေကြတာဘဲ။

ဒီတော့ လယ်သမားလောကမှာ ဘာတွေဖြစ်လာကြရသလဲဆိုတော့ လယ်သမားတွေဟာ လယ်ယာသီးနှံ ပိုမိုထွက်ဘို့ ကိစ္စအားထားရမဲ့ အရင်းခံလုပ်ငန်းရပ်မဟုတ်တော့ဖူး၊

ဘာကအရင်းခံလဲဆိုတော့ ငွေချေးငှားဖလှယ်ရေး ရသမျှစပါးဆန်ကို အဆင့်ဆင့်ရောင်း ဝယ်ရေး လယ်ယာမြေကို လက်လွှဲပေါင်နှံရေး အဆင့်ဆင့်သီးစားချထားရေး အမြတ်ထုတ်ရေးဆို တဲ့ လုပ်ငန်းတွေက စိုက်ပျိုးရေးလုပ်ငန်းထက်ပိုပြီး အရေးကြီးတဲ့ အရင်းခံလုပ်ငန်းတွေဖြစ်လာ တယ်။

ခင်ဗျားမှတ်မိမှာပေါ့ ဦးကံပေးတို့ ဦးပြည့်ဝတို့လက်ထက်က လယ်လုပ်သူလယ်ပိုင်စေ ရမယ်ဆိုတဲ့ ဥပဒေဟာ။

အဲဒီဥပဒေကြောင့် ကုလားဖြူလက်ထက်က ကြွင်းကျန်နေကြသေးတဲ့ မြေရှင်တွေ အထူးသဖြင့် ပြဿနာတရပ် ထပ်ပေါ်ပေါက်လာတယ်။

အဲဒါဟာ ငွေရှင်တွေက လုပ်လုပ်ချင်တဲ့ လူတွေကို လယ်လုပ်နိုင်အောင်ဆိုပြီး အတိုးနဲ့ ငွေချေးကြတဲ့ပြဿနာပဲ။

ဒီအချိန်မှာ ရှုံးလို့မလုပ်ကြတဲ့လူ၊ နိုင်ငံခြားသားတွေလက်တည်းမှာ လယ်ဆုံးသွားလို့ မလုပ်တဲ့ လူ အဲဒီလူတွေဟာလုပ်သူမရှိတဲ့ လယ်လွတ်တွေကို ပြန်လုပ်လာကြတယ်၊

အဲဒီကစပြီး ရွှေဝါပြည်ရဲ့ လယ်ယာလုပ်ငန်းဟာ စပါးစိုက်ပျိုးရေးကို အာရုံပြုပြီး လုပ်ကြ ရတဲ့အလုပ်က ငွေချေးငါးဖလှယ်မှုကို အာရုံပြုပြီးလုပ်ကြတဲ့လုပ်ငန်းအဖြစ် လုံးဝပြောင်းလဲသွား တယ်။

လယ်လုပ်တဲ့လူကလဲ စပါးရဘို့မရဘို့ အရေးမကြီးဖူး ဒီနှစ်ငွေချေးရလို့ တနှစ်စာအလုပ် လုပ်ရင်း ထမင်းစားသွားရယင်တောပြီ နောက်နှစ်ကို နောက်ငွေတိုးချေးနိုင်မဲ့ ငွေရှင်ကိုရှာရမှာ ဘဲ ဒီကြားထဲမှာထီပေါက်သလို စပါးဈေးသိပ်ကောင်းလာမယ်ဆိုယင်လဲကံပဲ၊

အဲဒီလို ကံကိုမြှော်ကိုးပြီးလုပ်တဲ့လူက အတိုးကြီးနဲ့ငွေကို ဆပ်ပဲ့မယ်ဆိုပြီး ယူတယ် စပါးပေးမယူဖူး။

ငွေချေးတဲ့လူကလဲ ဒီလယ်သမားတွေဆီက အတိုးရသလောက် မြက်မြက်ကလေးယူပြီး တခါတရံ ဆုံးပါးသွားမဲ့ အချိန်မျိုးကို ကာမိအောင်လုပ်ထားကြတာဘဲ၊ ဒီလိုနဲ့လယ်ယာစနစ် ဟာစိုက်ပျိုးရေးအသွင်သဏ္ဍာန်က ငွေရှင်ကြေးရှင်တွေဆီမှာ တနှစ်အတွက်လယ်လုပ်အား ရောင်းစားရေးအသွင်သဏ္ဍာန်ကိုပြောင်းသွားရတယ်၊ လယ်အခွန်ဆောင်ရေး စတဲ့ကိစ္စအရပ်ရပ် ကို လယ်လုပ်သူ ဒါမှမဟုတ်ယင် လုပ်အားကိုရောင်းစားသူက တာဝန်ယူရတယ်၊

ကဲ အဲဒီတော့ တကယ်ဖြစ်နေရတဲ့ လယ်လုပ်ငန်းနဲ့ ခင်ဗျားတို့အားပေးထောက်ပံ့တဲ့ ထောက်ပံ့ရိုစနစ်ဟာ တခြားစီဖြစ်နေတယ်။ ဒီတော့ဘာဖြစ်သလဲ ခင်ဗျားတို့လဲငွေကုန်တယ် လယ်သမားအမည်ခံပြီးလုပ်အားကို နှစ်ချုပ်ရောင်းစားနေကြရတဲ့ လူတွေအတွက် အလုပ်မဖြစ် တော့ဖူး။

ပိုဆိုးတာက အဲဒီလူတွေဟာ အလုပ်မဖြစ်ဖူးဆိုတဲ့ အကြောင်း ဘာ့ကြောင့်အလုပ်မဖြစ် ပါဘူး ဆိုတဲ့အကြောင်း ခင်ဗျားတို့ကိုမပြောကြဖူး ပြောပြမယ့်လူမရှိဖူး။

ဥပမာ ခင်ဗျားတို့ကမေးတယ် ‘ဘယ့်နဲ့လဲဟေ့ ဟန်ကျတယ်မှတ်လား လယ်သမားတွေက သူတို့မရစဖူး ရကြလို့ သိပ်ဝမ်းသာကြတယ်မှတ်လား’

အဲဒီတော့ ခင်ဗျားတို့ လူတွေက ‘ဟာ လယ်သမားတွေ သိပ်ဝမ်းသာတာပေါ့ ဆွေ့ဆွေ့ ကိုခုန်နေတာပဲ၊ သူတို့တသက်နဲ့တကိုယ် ဒီလိုစေတနာထားတဲ့အစိုးရမျိုး မတွေ့ဖူးသေးဖူးလို့ ဝမ်းသာလွန်းအားကြီးပြီး မျက်ရည်တွေ လည်ပြီးတော့တောင် ပြောရှာကြတယ်ခင်ဗျ’ လို့ ဖြေတယ်။

အဲဒီတော့ ခင်ဗျားတို့ကလဲသိပ်ကျေနပ် သွားကြတာပေါ့။ ဒါပေမဲ့ တကယ့်ဖြစ်ရပ်ကို ခင်ဗျားတို့မျက်စိထဲမှာ မြင်လာအောင်ပြောပြမယ်၊

ရွှေဝါပြည်ရဲ့ အစိုးရအရာရှိ ကင်းဂတ်ကလေးတခုချထားတဲ့ နေရာဆိုပါတော့၊

အဲဒီ ကင်းဂတ်မှာ တာဝန်ယူနေကြရတဲ့ ရွှေဝါပြည်ရဲ့ လက်နက်ကိုင်အရာရှိတွေအနက် ခြောက်လုံးပြူးကိုင်တဲ့ အရာရှိက ဆူပူနေတဲ့ ရွှေဝါပြည်သောင်းကျန်းသူတွေကို တလဆယ့်ငါး ကျပ်ပေးရတယ်၊ စတင်းသေနတ်ကိုင်သူက တလတဆယ်၊ ရိုင်ဖယ်သေနတ်ကိုင်တဲ့သူက ငါးကျပ် အဲဒီလိုပေးထားရတယ်၊ မပေးလို့ရှိယင် ဒီကင်းဂတ် ဒီမှာမနေနိုင်ဖူး အဲဒါဟာ ဟိုတုန်းကတွေ ဒီတုန်းကတွေမဟုတ်ဖူး အခုခင်ဗျားတို့ လက်ထက်မှာ ကျနော်ပြောယင် အဲဒါကစပြောရမှာဘဲ။

ပြီးတော့ ခင်ဗျားတို့အခု တကေဘယ်လောက်လဲ၊ လယ်ခွန်တော်ကောက်တာ ရွှေဝါပြည် သုံး ဒင်္ဂါးပြားရေ နှစ်ကျပ်လား သုံးကျပ်လား။

အဲ ရွှေဝါပြည်သောင်းကျန်းသူတွေကိုလဲ အဲဒီခင်ဗျားတို့နဲ့ ညီတူမျှတူ အခွန်တော်ပေးရ တယ်၊ ဒါမှ ဒီလယ်သမားဟာ လယ်လုပ်နိုင်တယ်။

အဲဒါအပြင် ငွေချေးတဲ့ သူကလဲ လယ်လုပ်မဲ့ လူတွေကို ငွေချေးခွင့်ရဘို့အတွက် အဲဒီ ရွှေဝါပြည်ရဲ့ သောင်းကျန်းသူတွေကို အခွန်တော်ပေးရသေးတယ်။ ကျေနပ်အောင် အခွန်တော် ပေးနိုင်တဲ့ လူဆိုယင် အကြွေးကူပြီးတောင်းပေးသေးတယ်။

. . . . လယ်သမားတယောက်ဟာ အဲဒါတွင်ဘဲလားဆိုတော့ မဟုတ်သေးဘူး။ ခရီးသွားလာ နိုင်ခွင့်အတွက် အသိအမှတ်ပြုဘို့လဲ ဆက်ကြေးပေးရသေးတယ်။ အဲဒီတော့မှ ဒီလယ်သမားတွေ ဟာ မပူမပင်သွားနိုင်လာနိုင်ခွင့် ရှိတယ်။

. . . . အဲဒီ လယ်သမားတွေဟာ ခင်ဗျားတို့ကို ယုံကြည်ချင်အားကိုးချင်ပေမဲ့ မယုံကြည်ဝံ့၊ အားမကိုးဝံ့ကြဘူး၊ ဘာပြုလို့လဲဆိုတော့ ခင်ဗျားတို့လူတွေက ဒီလယ်သမားတွေကို တကယ် ကြင်ကြင်နာနာနဲ့ ငါအသေခံပြီးစောက်ရှောက်ပေးမယ်ဆိုတဲ့ စိတ်ထားတွေမရှိဘူး။ အနာခံဘို့ စိတ်ထားမရှိရှာဘူး။ အသေခံပြီး တိုင်းသူပြည်သားကို ကာကွယ်ပေးဘို့ ဘယ်တော့မှ အိပ်မက် မမက်ဖူး။ သက်သာသလိုကြည့်နေတာဘဲ. . . .

. . . . ဒီတော့ကာ တလ ၁၅ ကျပ်ပေးရတဲ့လူကလဲ ၁၅ ကျပ်ပေးထားရတဲ့ အဘိုးအခ ကျေအောင် လယ်သမားတွေဆီကကြက်ဆွဲဘာဆွဲ လုပ်ကြတာဘဲ၊ သူတို့ကင်းတဲနေပြီး ကာကွယ် ရေးစရိတ်ကောက်ကြတာဘဲ၊

. . . . အဲဒီ လယ်သမားတွေဟာ ခင်ဗျားတို့က အိမ်တိုင်ယာရောက် အမတော်ကြေးငယ် လိုက်ပြီးပေးကြတော့ မယူခင်သူတို့မှာ ဒီလာပေးတဲ့ အမတော်ကြေးကို ယူရမလား မယူရဘူး လားဆိုတာ ကြိုတင်ဆွေးနွေးပြီးသား။

. . . . . ဒီလိုအမတော်ကြေးတွေယူပြီး ငွေရှင်တွေကပစ္စည်းသိမ်းခွင့်မရှိလို့ ကျနော်တို့ကို ငွေမချေဘဲနေယင် ဘယ်လိုလုပ်ရပ့်မလဲဆိုတဲ့ ပြဿနာကိုလဲ အနီးဆုံးမှာရှိနေတဲ့ ဓါးပိုင်ရှင်ကို တင်ပြပြီးသား။

. . . . ဒီတော့ အနီးဆုံးကပ်နေတဲ့ ဓားပိုင်ရှင်တွေက အမတော်ကြေးပေးယင်လဲ ယူသာယူ၊ ငွေရှင်တွေဆီကငွေရအောင် ချေးဘို့ တို့တာဝန်ယူမယ်လို့ ရဲရဲတာဝန်ခံပြီးသား။

. . . ပီးတော့ ငွေချေးနိုင်တဲ့ ငွေရှင်ကျေးရှင်တွေကိုလဲ သူတို့လာငွေချေးယင် ချေးသာချေး မင်းတို့ငွေမဆုံးစေရဘူး ဒို့တာဝန်ယူမယ်လို့ တဘက်ကိုလဲ တာဝန်ခံပြီးသား. . .

. . . . အဲဒီလို တာဝန်ခံပြီးတဲ့နောက် ထုတ်ပေးလိုက်တဲ့ အမတော်ကြေးတွေရဲ့ တဝက်ကို ရွှေဝါပြည်ရဲ့ သောင်းကျန်းသူတွေက ခွဲဝေယူလိုက်ကြတယ်၊

. . . . ခွဲဝေယူတယ်ဆိုလို့ သွားယူတယ်လို့ များမထင်လိုက်ကြနဲ့ ခင်ဗျာ့။ လာပို့လဲ့ဆိုပြီး အမိန့်နဲ့မှာတာကို သွားပေးရတာ။

. . . . ဒီနေရာမှာ နဲနဲလေးသရုပ်ပေါ်အောင်ပြောပြမယ်။

မြို့ပေါ်ရှိတဲ့ ကာကွယ်ရေးနဲ့ အုပ်ချုပ်ရေးအဖွဲ့ 'ကအဖ'က သက်ဆိုင်ရာဌာနတွေကို ဘယ်နေရာမှာ ဘယ်နေရာကစပြီး တောင်သူလယ်ဿမားတွေကို ဘယ်နေရာမှာ ဘယ်နေရာက စပြီး တောင်သူလယ်သမားတွေကို အမတော်ကြေး အိမ်တိုင်ယာရောက် သွားထုတ်ပေးမယ်၊ ရွှေဝါပြည်လက်နက်ကိုင် အုပ်ချုပ်ရေးအဖွဲ့က ဘယ်လောက်ပါရမယ်။ ရွှေဝါပြည်လက်နက်ကိုင် တိုက်ခိုက်ရေးအဖွဲ့က ဘယ်လောက်ရပါမယ်၊ နယ်ကျွမ်းကျင်တဲ့ အရာရှိတို့ သူကြီးတွေကို သိတဲ့ မြို့ပိုင်တို့ အဲဒါတွေကို ကြိုတင်အမိန့်ပေးလိုက်တယ်။

. . . . ဒီတော့ကော ရွှေဝါပြည်ရဲ့ လက်နက်ကိုင် အုပ်ချုပ်ရေးအဖွဲ့က ရွှေဝါပြည်ရဲ့ နယ်မှာ ရှိတဲ့ ကင်းဂတ်ကို အကြောင်းကြားလိုက်တယ်။ မင်းတို့နယ်တကယ်အေးချမ်းရဲ့လား စိတ်ချရ အောင် လုပ်ထား ဘယ်နေ့မှာ ဒို့'ကအဖ'တွေနဲ့ အတူမင်းတို့နယ်ကို လယ်အမတော်ကြေးလာ ပေးမယ်လို့'

. . . . အဲဒီလိုပြောလိုက်တာဘဲ၊ အဲဒီတော့ နယ်ကကင်းဂတ်က ဘယ့်နဲ့အကြောင်းပြန်လိုက် လဲဆိုတော့ 'ဟာ. . . ဆရာတို့စိတ်သာချ အချိန်မရွေးလာခဲ့ပါ။ ကျနော်တို့နယ်က သိပ်အေးချမ်း တယ် မအေးချမ်းယင်လဲဘယ်ဖြစ်မလဲ၊ ကျနော်တို့လျှောက်တီးလိုက်မှာပေ့ါ။

. . . အဲဒါက ရွှေဝါပြည်ဆူပူသူတွေကို တလ ဆယ့်ငါးကျပ်ပေးပြီးထားတဲ့ နယ်က ကင်းဂတ် ရဲ့ ခေါင်းဆောင်ကပြန်အဖြေပေးလိုက်တဲ့ စကား၊ စာနဲလဲ ဒီအတိုင်းဘဲ အပြည့်အစုံဖော်ပြသေး တယ်။

ဒီတော့ ခါမြို့ပေါ်မှာရှိတဲ့ လက်နက်ကိုင်အုပ်ချုပ်ရေးအဖွဲ့ဝင်တွေက ပြုံးကြတယ်။

ပြုံးမှာပေါ့ သူတို့ကိုယ်တိုင်လဲ ဒီအကြောင်း အကုန်လုံးသိနေတာဘဲ သိပေမယ့် တရား ဝင်အောင် တမင်မေးထားပြီး အစီရင်ခံချက်ကို ယူထားရတာကိုး။

အစီရင်ခံလိုက်တဲ့ လက်နက်ကိုင် အုပ်ချုပ်ရေးအဖွဲ့က အစီရင်ခံပြီးတာနဲ့ ရွှေဝါပြည် ဆူပူသူတွေရှိရာကို ချက်ခြင်း အကြောင်းကြားသွားလိမ့်မယ် ဆူပူသူတွေကလဲ တချို့ကို အရပ်သားအဖြစ်နဲ့ ရွာထဲမှာထားပစ်ခဲ့ကြပြီး လွတ်လွတ်မှာ သွားရှောင်နေကြလိမ့်မယ်ဆိုတာ မြို့ပေါ်က လက်နက်ကိုင် အုပ်ချုပ်ရေး အဖွဲ့တဖွဲ့လုံး ကိုယ်တွေသိပြီးသားပေါ့ ဒါပေမဲ့မသိရောင် ပြုပြီး မေးမြန်းနေကြတာလေ၊

အဲဒီလူတွေကို ခင်ဗျားတို့လူယုံတွေ ခေါင်းဆောင်ပါဝင်နေကြတဲ့ မြို့ပေါ်ကာကွယ်ရေးနဲ့ အုပ်ချုပ်ရေးအဖွဲ့ ကအဖ ကပိုပြီးသေချာအောင် ဝတ္တရားကျေပြွန်အောင် ထပ်မေးကြတယ်။

ဒီနယ်မှာတကယ်အေးချမ်းရဲ့လား သူပုန်သူကန်မရှိဖူးလား လယ်သမားတွေကို အမတော် ကြေးသွားပေးလို့ ဖြစ်ပါ့မလား အဲဒီလယ်သမားတွေဟာ အေးအေးချမ်းချမ်း လယ်လုပ်နိုင်တဲ့ လူတွေဟုတ်ရဲ့လား အစိုးရထောက်ခံတဲ့ လူတွေဟုတ်ရဲ့လား မဖြစ်ယင်မဖြစ်ဖူးပြော၊ ကျုပ်တို့မှာ တပ်ရှိတယ်။ ခင်ဗျားတို့နဲ့ ပူးပေါင်းပြီး ဒီကောင်တွေကိုလိုက်ချပစ်မယ်။

အဲဒီလို မေးလိုက်တော့ အမေးခံရတဲ့ လူတွေကလဲသိတယ် အမှန်အတိုင်းပြောလိုက်လို့ ရှိယင် မိမိတို့အပေါ်မှာ အပြစ်တွေပုံလာမယ်။ ဘာ့ကြောင့်အခုမပြောသလဲ၊ ဘာ့ကြောင့်စော စောက ကြိုတင်နှိမ်နှင်းဘို့ အစီရင်မခံသလဲ၊ ဘာပြုလို့ ဒီလောက်ဝတ္တရားပျက်ကွက်ရသလဲ၊ အဲဒီ လိုထပ်ဆင့်အမေးခံရတော့မယ်ဆိုတာသိတယ်။

. . . . . နောက်တခုက အဲဒီလက်နက်ကိုင် အုပ်ချုပ်ရေးအဖွဲ့ဆိုတဲ့ ရဲတွေကလဲကိုယ့်ကိုဘယ့် နှယ်မှုပြန်မလုပ်တဲ့လူတွေဆိုယင် နဲနဲပါးပါး အပင်ပန်းခံပြီး သွားတိုက်ရချင် တိုက်ရပါစေ၊ ကိစ္စ မရှိပါဘူး။ အပင်ပန်းလဲခံလိုက်အုံးမယ်။ အဲကိုယ်ကချည်းတိုက်ရတာမဟုတ်ဖူး။ တဘက်ကလဲ ကိုယ့်လိုဘဲလက်နက်တွေကိုင်ပြီး၊ ကိုယ့်ကိုပြန်တိုက်ကြအုံးမယ်၊ အဆင်မသင့်ယင် သေလာနိုင်ကြ ဘို့ အခြေအနေမျိုးလဲရှိနေတယ်ဆိုတာကို သိနေကြယင်တော့ လူပီပီဘဲ၊ အထူးသဖြင့် ရွှေဝါပြည် သားပီပီ အသေလဲမခံချင်ဘူး၊ အပင်ပန်းလဲမခံချင်ဘူး။

. . . . အဲဒီတော့ ဘယ်လိုလုပ်သလဲ၊ ကိုယ်လဲသက်သာအောင် ဒိပြင်လူတွေလဲ ဒုက္ခမများ အောင် ကိုယ့်အထက်က လူတွေလဲ စိတ်ချမ်းသာအောင် လက်ရှိအခြေအနေအတိုင်းဘဲ ရွှေဝါရဲ့ ဆူပူသူတွေကို ကျေနပ်သလိုနည်းနဲ့ ချွေးသိပ်ပြီး အခုတိုင်းဖြစ်သလိုနေလာကြတာဘဲ၊

. . . . အဲဒီနည်းကို အဲဒီလက်နက်ကိုင် အုပ်ချုပ်ရေးအဖွဲ့သားတွေကလဲ ကြိုက်တယ်၊ ရွှေဝါပြည်ရဲ့ လက်နက်ကိုင်ဆူပူသူတွေကလဲ ကြိုက်တယ်၊ နယ်မှာရှိနေကြတဲ့ မြေစာပင်လယ် သမားတွေကလဲ ကြိုက်တယ်။

. . . . တကယ်တော့သူတို့ဟာ တယောက်နှင့်တယောက် တိုက်ဟယ်ခိုက်ဟယ်ဖြတ်ဟယ်နဲ့ လုပ်နေကြရတဲ့ပြည်တွင်း တိုက်ပွဲတွေလဲမပါဝင်နေကြရတာကို မကြိုက်ကြဘူး၊ ဒါပေမဲ့ ကိုယ့်ဘက်ကလဲအနာခံပြီး

ငဒို့မတိုက်တော့ဘူးကွာဖြီးပြီ ကြားထဲက မြေစာပင်ဖြစ်နေတဲ့ ရွှေဝါပြည်သားတွေကို သနားတယ်လို့လဲ မလုပ်လိုကြဘူး၊ ပီးတော့ ကဲ ဖြစ်ချင်ရာဖြစ်ကွာ မြန်မြန်အေးယင် မြန်မြန်ပြီးတာဘဲဆိုပြီး သူပြုတ်ပြုတ် ကိုယ်ပြုတ်ပြုတ်ချမယ်လို့ ပြုလုပ်ရအောင် ကလဲ ကိုယ့်ဘက်ကလူတွေနဲ့ ကြားထဲကမြေစာပင်တွေကို အတင်းအကြပ်ကိုင်ပြီး သွေးညှိဝံ့ရဲတဲ့ သတ္တိမျိုးမရှိကြဘူး။

. . . . ကိုယ့်ဘက်ကိုယ်နာမယ်ပျက်ခံပြီး အမိန့်ကွ ဒီလိုလဲမကျေညာဝံ့ကြဘူး။

. . . . အဲဒီတော့ ဘယ်လိုဖြစ်နေလဲ ကျနော်တို့ ရွှေဝါပြည်ရဲ့ဆူပူသူလူတန်းစား၊ ထိန်းသိမ်း လူတန်းစား ကြားနေလူတန်းစား၊ အဲဒီလူတန်းစားသုံးရပ်လုံးဟာ ပြည်တွင်းငြိမ်းချမ်းမှုကို လဲလိုချင်နေကြတယ်၊ မတိုက်ချင် မခိုက်ချင်ကြဘူး။

. . . . ဒီဆူပူမှုကို ဖန်တီးပေးနေကြတဲ့ ဆူပူသူနဲ့ ထိန်းသိမ်းသူ လူတန်းစား နှစ်ရပ်လုံးကလဲ လုံးလုံး မတိုက်တော့ဘူးကွာ မဟောသဓါသားလု တရားစီရင်ခန်းထဲကလို ကြားထဲကသားနဲ့တူနဲ့ မြေစာပင်တွေကို သနားလို့ ငဒို့အရှုံးပေးလိုက်တယ်ဆိုတဲ့ နည်းမျိုးလဲမလုပ်ဖူး. . . .

ဟော့. . . . သေသည်အထိ ဒို့နဲ့ ရောတိုက် မတိုက်သူရန်သူဘဲ၊ ကြားလူတန်းစားမရှိရ၊ ဟိုဘက်ယင်လဲ သတ်သတ်ပေါင်း ဒီဘက်ယင်လဲသတ်သတ်ပေါင်း ရွှေဝါပြည်တပြည်လုံး ငတ်ပါ စေ မီးဟုန်းဟုန်းတောက်ပေစေ အခုအပူခံလိုက်မှ နောက်မြန်မြန်အေးမယ်ဆိုတဲ့နည်းမျိုးလဲ မလုပ်ဝံ့ကြဘူး။

ကိုယ့်အိုးအိမ်ကို တိုက်ရိုက်လာပြီးအထိမခံရတိုင်း စစ်နာတာရှည်ကြီးကို ဖန်တီးပေးသလို ဖြစ်နေကြတော့ အောက်ကလူတွေက စောစောကပြောပြတဲ့နည်းနဲ့ ကိုယ်သက်သာအောင် ကြံဖန်ပြုလုပ်နေကြတာဘဲ။

. . . . . ဘယ်လိုပြုလုပ်သလဲ။

. . . . စောစောကအတိုင်း သက်ဆိုင်ရာမြို့နယ် ကအဖ တွေက ခင်ဗျားတို့နယ်တွေ တကယ် ကောအေးချမ်းရဲ့လားဆိုတာနဲ့တပြိုင်နက်

'ဟာ ဗိုလ်ကြီးအားကြီးအေးတယ် နေ့ညအချိန်မရွေးသွားသာသွား ဘာမှမဖြစ်စေရဘူး ဒီနယ်လောက်တော့ ဗိုလ်ကြီးတို့ကိုယ်တိုင် တိုက်နေဘို့မလိုပါဖူး ကျနော်တို့နိုင်အောင်အုပ်ချုပ် ထားပါတယ် ဒီနယ်ထဲကို သူပုန်သာဝင်လာလို့တော့ အခုလာအခုသိ အခုထတိုက်လွှတ်တာပေါ့ ဘယ်အဝင်ခံမလဲ ဗိုလ်ကြီးတို့ စိတ်ချလက်ချကြိုက်သလိုသွားကြ'

ဒီစကားကဗိုလ်ကြီးကြိုက် ဌာနာပိုင်ကြီးကြိုက် ရဲဝန်ကြီးကြိုက် တောနေလူတန်းစား အများစုလည်း ကြိုက်သောစကား။

တောနေလူတန်းစားအများစုတို့က မိမိတို့အရပ်၌ တိုက်ပွဲဖြစ်လျှင် အလုပ်အကိုင်ပျက်၏၊ အသွားအလာခက်၏။ ထိန်းသိမ်းသူ လူတန်းစားနှင့်ဆူပူသူ လူတန်းစား နှစ်ဘက်လုံးပင် မည်သည့်ဘက်က ရှုံးသည်ဖြစ်စေ မည်သို့မျှ ပြန်မလုပ်နိုင်ကြသည့် မိမိတို့အား အကြောင်းရှာ လျက် တဘက်ကိုရှုံးလာသည့်ဒဏ်နှင့်အမျှ နှိပ်စက်ကြ၏။

ဆူပူသူကရှုံးလျှင် အစိုးရကို သတင်းသွားပေးကြသည်။ မိမိတို့ကိုကြိုတင်သတင်းပို့ ရန်ပျက်ကွက်သည်ဟု ကျေးရွာသားတွေကို စွဲချက်တက်၏။ ယခုတိုက်ပွဲအတွက်

ကုန်ကျရသည့် ကျည်ဆန်ရိက္ခာတို့ကို ဖြည့်ရန်ဟုပစ္စည်းခွဲ၏။ ငွေခွဲ၏။ ဝမ်းစာစပါးတွေထမ်းချယူသွား၏။

ထိန်းသိမ်းသူရှုံးလျှင် သူပုန်ရွာဟုစွပ်စွဲ၏။ စစ်လက်နက်ကိုင် အုပ်ချုပ်ရေးအဖွဲ့ဝင်တွေနှင့် လက်နက်ကိုင်တိုက်ခိုက်ရေးအဖွဲ့ဝင်တွေက တအိမ်တက်ဆင်းရှာကြ၏။ ဘယ်လိုက်ပို့ရမယ်၊ ဘာလုပ်ရမယ် ဘယ်သူတွေမသင်ကာဘူးဟုခေါ်သွား၏။ ထိုသူတို့ထွက်သွားလျှင် လေမုန်တိုင်း ကျရောက် တိုက်လှည်းခြင်းခံရသည့် သစ်တောကဲ့သို့ ကျေးရွာလူထုကျန်ရစ်၏။

ထို့ကြောင့် တောနေ မြေစာပင်လူတန်းစား တို့ကလည်း မိမိတို့အရပ်၌ဘာမျှမရှိ အေးချမ်းပါသည်ဟူသော စကားကိုကြိုက်၏။

'ကဲ အဲဒီအတိုင်းဘဲဗျ ခင်ဗျားတို့ဟာ ဘာမှအမှန်မသိရဖူး ခင်ဗျားတို့ရဲ့ ကအဖ' တွေက လဲ အဲဒီအတိုင်းခင်ဗျားတို့ကို အစီရင်ခံကြရတာဘဲ။

ဒီအထဲမှာ ကျနော်ပြောချင်တာက ဒီလိုအဖြစ်မျိုးတွေ ဖြစ်မှာစိုးလို့ ခင်ဗျားတို့လူတွေကို အကွပ်နာအောင် ခင်ဗျားတို့က ကွပ်ကဲတယ် အဲဒီတော့ဘာဖြစ်သလဲသိလား။

ခင်ဗျားတို့လူတွေဟာ ခင်ဗျားတို့နဲ့တွေ့တာနဲ့ ကိုယ်လုပ်လို့မရတာတွေ ကိုယ်အခက်ခဲ တွေ့တာတွေကို ဟန်ဆောင်ဖုံးဖိထားပြီး ဘယ့်လောက်လုပ်လို့ အောင်မြင်တယ် လူတွေက ဘယ်လောက်ထောက်ခံကြတယ်ဆိုတာတွေကိုဘဲ သူတို့ပြောကြအစီရင်ခံကြတာဘဲ။

ဒါပေမဲ့ သူတို့ပြောတာတခုမှမဟုတ်ဖူး၊ လူတွေကလဲ ခင်ဗျားတို့ လုပ်ကြဆောင်ရွက်ကြ တာကို တခုမှမကြိုက်ဖူးနေအုံးနေအုံး ခင်ဗျား ကျနော်ပြောတာရဲရဲနားထောင်စမ်းပါ။

လူတွေကခင်ဗျားတို့ လုပ်ပေးကြဆောင်ရွက်ပေးကြတာကို တခုမှမကြိုက်ဖူး။

ဘာလို့မကြိုက်လဲသိလား။

ကျနော်တို့ရွှေဝါပြည်တပြည်လုံးဟာ အချောင်သမားတွေအဖြစ်နဲ့ နေကျင့်ရလာခဲ့ကြပြီ ဗျ။

လူတိုင်းလူတိုင်းဟာ ကိုယ့်အတွက်ချောင်လည်ဘို့ ကိုယ့်အတွက် အမြတ်အစွန်းရှိဘို့ လည်လျှင်လည်သလို စားသာတဲ့ တကိုယ်ကောင်းစနစ်နဲ့ စီးပွားရှာဘို့ဆိုတဲ့ စီးပွားရေးစနစ်ကို အရင်က ကျနော်တို့ ရွှေဝါပြည်ကြီးကို အုပ်ချုပ်သွားတဲ့ကုလားဖြူကြီးတွေက လုပ်ကျင့်နေကျင့် ရအောင် အမွေပေးထားခဲ့တယ်။

ဥပမာဗျာ သစ်တောဌာန လယ်ခွန်ဌာန အမြတ်တော်ခွန်ဌာန စာရင်းမင်းကြီးဌာန အဲဒီ ဌာနတွေအားလုံး စနစ်တခုရှိတယ် အဲဒီစနစ်က အဲဒီဌာနမှာ အလုပ်တာဝန်ခံ လုပ်တဲ့လူတွေကို စားပေါက်ဖွင့်ပေးထားတဲ့စနစ်ဘဲ။

အဲဒီစနစ်က မင်းတို့လဲ စားတတ်သလောက်စားကြ ဒို့အစိုးရအတွက်လဲ ငွေရနိုင်သ လောက်ရှာပေး ကျန်တာဘယ်သူ့ကို ထိခိုက်ထိခိုက် မင်းတို့နဲ့လဲမဆိုင်ဖူး ဒို့အစိုးရနဲ့လဲမဆိုင် ဖူးလို့သဘောထားမယ်ဆိုတဲ့စနစ်ပဲ။

ပြောသာပြောရတာပါဗျာ တကယ်တော့ ဒီဖြစ်ရပ်တွေကို လက်ငင်းထိတွေ့နေရတဲ့ ခင်ဗျားက ကျနော်ထက်ပိုသိပါတယ်၊ ဒါပေမဲ့ငြုပ်သီးထည်းကပိုးက ငြုပ်သီးကိုပူမှန်းမသိတာ မျိုးလိုဖြစ်နေရင်တော့ မပြောတတ်ဖူးဆဲ့ဗျာ။

ကျနော်ပြောလိုတဲ့လိုရင်းက အရင်လိုကုလားဖြူတွေ လက်ထက်ကကျန်ရစ်ခဲ့တဲ့ အုပ်ချုပ်ရေးနဲ့ စီးပွားရေးစနစ်က ဘယ်သူမဆို ကိုယ်ကျိုးရှာနိုင်ခွင့်ရှိတယ်၊ ခေါင်းပုံဖြတ်နိုင်ခွင့် ရှိတယ် တဘက်ကလူကြေနပ်ရင်ပြီးရော လုပ်သာလုပ် အကြပ်ကိုင်တတ်ရင်လဲ ကိုင်သာကိုင် ဒို့အစိုးရအတွက် အကျိုးရှိပေစေဆိုပြီး ကကိုယ်ကောင်းစိတ်ထားကို လမ်းဖွင့်ပေးထားတဲ့ အုပ်ချုပ်ရေးနဲ့ စီးပွားရေးစနစ်။

အခုခင်ဗျားတို့လုပ်တာက မင်းတို့တကိုယ်ကောင်းတော့ မလုပ်ကြနဲ့ ဒို့တိုင်းပြည်ကို ဒို့လူမျိုးနဲ့ ဒို့အစိုးရဖြစ်နေပြီ။

အဲဒီတော့ခါ ဒို့တိုင်းပြည်သားတွေ အကုန်လုံးကတိုင်းသူပြည်သားတွေနဲ့ ရင်အောင်တန်း လိုက်နိုင်အောင် ဒို့လုပ်ကြရမယ်။

အဲဒီလို လုပ်နိုင်ကြဘို့အတွက် လူတိုင်းအလုပ်ပိုလုပ်ကြရမယ် အနေအစားလျှော့စားရမယ် လူတိုင်း အတန်းအစားအားလုံး ခြိုးခြံရမယ်ဆိုတဲ့ လုပ်နည်းလုပ်ဟန်မျိုး။

ဒီလုပ်နည်းလုပ်ဟန်အတိုင်း လုပ်လိုက်တော့ ဘာဖြစ်လဲ။

ခင်ဗျားတို့ကတော တိုင်းပြည်အနေနဲ့ တွက်ပြီး တလထက် တလ အစိုးရဘဏ်တွေမှာ ငွေပိုမိုလာလို့ ဒို့ငွေတွေတန်ဘိုး မြင့်လာတော့မယ်ဆိုပြီး ဝမ်းသာနေကြတယ်၊

လေးငါးနှစ်အတွင်း ရွှေဝါပြည်သုံး ကြေးပြားကလေးတွေနဲ့ ဝယ်နိုင်ခြမ်းနိုင်သည့်အထိ ငဒို့ငွေတွေ တန်ဘိုးမြင့်လာတော့မယ် ကဇွန်းရွက်တစီးတပြား လဘက်ရည်တခွက် သုံးပြားနဲ့ ဝယ်နိုင်တဲ့အခြေမျိုးရောက်လာတော့မယ်လို့ ခင်ဗျားတို့က ဝမ်းသာနေကြတယ် အဲဒါက ခင်ဗျား တို့အမြင်။

တိုင်းသူပြည်သားတွေနဲ့ ခင်ဗျားတို့အတည်းကလူတွေ အပါအဝင် လူများစုကတော့ ခင်ဗျားတို့လုပ်လိုက်ကြတဲ့အတွက် အချောင်ခိုလို့မရတော့ဖူး ကိုယ်ကျိုးရှာလို့မရတော့ဖူး အမြတ်ကြီးစားလို့ မရတော့ဖူး။

အဲဒီတော့ခါ ဒို့တိုင်းပြည်သားတွေ အကုန်လုံးကတိုင်းသူပြည်သားတွေနဲ့ ရင်အောင်တန်း လိုက်နိုင်အောင် ဒို့လုပ်ကြရမယ်။

အဲဒီလို လုပ်နိုင်ကြဘို့အတွက် လူတိုင်းအလုပ်ပိုလုပ်ကြရမယ် အနေအစားလျှော့စားရမယ် လူတိုင်း အတန်းအစားအားလုံး ခြိုးခြံရမယ်ဆိုတဲ့ လုပ်နည်းလုပ်ဟန်မျိုး။

ဒီလုပ်နည်းလုပ်ဟန်အတိုင်း လုပ်လိုက်တော့ ဘာဖြစ်လဲ။

ခင်ဗျားတို့ကတော တိုင်းပြည်အနေနဲ့ တွက်ပြီး တလထက် တလ အစိုးရဘဏ်တွေမှာ ငွေပိုမိုလာလို့ ဒို့ငွေတွေတန်ဘိုး မြင့်လာတော့မယ်ဆိုပြီး ဝမ်းသာနေကြတယ်၊

လေးငါးနှစ်အတွင်း ရွှေဝါပြည်သုံး ကြေးပြားကလေးတွေနဲ့ ဝယ်နိုင်ခြမ်းနိုင်သည့်အထိ ငဒို့ငွေတွေ တန်ဘိုးမြင့်လာတော့မယ် ကဇွန်းရွက်တစီးတပြား လဘက်ရည်တခွက် သုံးပြားနဲ့

ဝယ်နိုင်တဲ့အခြေမျိုးရောက်လာတော့မယ်လို့ ခင်ဗျားတို့က ဝမ်းသာနေကြတယ် အဲဒါက ခင်ဗျား တို့အမြင်။

တိုင်းသူပြည်သားတွေနဲ့ ခင်ဗျားတို့အတည်းကလူတွေ အပါအဝင် လူများစုကတော့ ခင်ဗျားတို့လုပ်လိုက်ကြတဲ့အတွက် အချောင်ခိုလို့မရတော့ဖူး ကိုယ်ကျိုးရှာလို့မရတော့ဖူး အမြတ်ကြီးစားလို့ မရတော့ဖူး။

. . . . . လူလူချင်း ဝေစားလို့အညွန့်ခူးစားလို့မရတော့ဘူး လတ်တလော ထိခိုက်နစ်နာနေကြ ရတဲ့လူတွေကတောင် ခင်ဗျားတို့ကို မုန်းတယ်၊ မယုံကြည်ဘူး။

. . . . ခင်ဗျားတို့ရှေ့မှာ 'ဟုတ်' ဆိုပြီး ခြေထောက်ကလေးရပ်ပြီး လှည့်ထွက်သွားမယ့် ခင်ဗျားတို့ကို နောက်ခိုင်းမိတာနဲ့ နှုတ်ခမ်းကမဲ့လိုက်တာပဲ

. . . . ပီးတော့ ကိုယ့်နေရာ ကိုယ်ပြန်ရောက်တာနဲ့ ဘာခေါ်ပြောတာလဲလို့ သိချင်တဲ့စိတ်နဲ့ စောင့်နေကြတဲ့ လုပ်ဖော်လုပ်ဖက်တွေကို. . . .

. . . . အလကားပါကွာ ဘာတွေမှန်းလဲမသိပါဘူး၊ ကိုယ်တို့အဘိုးကြီးတွေကတော့ သူတို့လုပ်ချင်တာ စွပ်ကြိတ်လိုက်တာပဲ။ ကိုယ်တို့ကလဲ ခိုင်းတာတော့ မဖြစ်ဖြစ်တဲ့နည်းနဲ့ ကိုယ့်ဝတ္တရားကျေအောင်တော့ ကျဲချလိုက်တာဘဲ၊ နောက် ဘာတွေညာတွေဖြစ်လာတာ ကိုယ်တို့ နဲ့မဆိုင်ဘူး။ ခိုင်းတာဖြစ်အောင်လုပ်ဖို့က ကိုယ်တို့တာဝန်၊

. . ကဲ. . . အဲဒီစကားနားထောင်စမ်း၊ စေတနာတခုမှ မပါဘူး ယုံကြည်ချက်မရှိဘူး ဖြစ်ချင်ရာ ဖြစ်ခိုင်းတာလုပ်မယ်။ ကိုယ့်ဝတ္တရားကျေပွန်လို့ ကိုယ့်အပေါ်မှာ အပြစ်မဖြစ်ယင်ပီးရောဆိုတဲ့ စိတ်ထားမျိုးတွေ ပေါ်နေတာဘဲ။

. . . . နောက်တမျိုးက အဲဒါထက်ဆိုးတယ်၊ တိုင်းပြည်ကောင်းဘို့မကောင်းဘို့ တိုင်းသူပြည် သားက နားလည်ဘို့မလည်ဘို့ ဒို့နဲ့မဆိုင်ဘူး။ ခိုင်းသမျှ အတင်းဖြစ်အောင်လုပ်၊ များများလုပ် နိုင်ယင် များများနာမည်ကောင်းပြီး များများလူကြီးတွေရဲ့ ယုံကြည်ခြင်းခံရမယ်။ ရာထူးတိုးနိုင် တယ်ဆိုတဲ့ စိတ်မျိုးထားတဲ့လူတွေ။

နောက်အဆိုးဆုံး လူမျိုးကတော့ ခင်ဗျားတို့ရဲ့ အတွေးအခေါ် ယုံကြည်ချက်မျိုးကို လုံးဝ လက်မခံနိုင်ကြတဲ့ ပညာတတ်လူတန်းစားအပိုင်း အဲဒီအမျိုးအစားကတော့ တမင်ခင်ဗျားတို့ လုပ်ငန်းကို လုပ်သမျှမဟာအမှားဆော်ပုံကြီးနဲ့ ချည်းတိုးအောင် 'ဂျောက်' ချတဲ့လူစားမျိုး. . . .

. . . အဲဒီလို ပညာတတ်လူတန်းစားတွေက တမင်ဂျောက်ကျအောင် ဂျောက်ချတယ်ဆိုတဲ့ အလုပ်ဟာ သိပ်လွယ်တယ်၊ ခင်ဗျားတို့အမှားလုပ်လုပ်၊ အမှန်လုပ်လုပ် အကုန်လုံး အမှားချည်း ဖြစ်အောင်လုပ်လို့ရတယ်. . . . .

. . . . ခင်ဗျား. . . . . ဗုဒ္ဓဘာသာထွန်းကားတဲ့ မြန်မာတိုင်းပြည်က စာအုပ်တအုပ်ကို ရွှေဝါပြည် သုံးဘာသာနဲ့ ဘာသာပြန်ထားတဲ့စာအုပ်တအုပ်ကို ဖတ်ဖူးသလား။

အဲဒီစာအုပ်နာမည်က စကားတောင်စား ဝတ္ထုတဲ့။

အဲဒီစာအုပ်ထဲမှာ စကားတောင်စားဆိုတဲ့ သာမန်အိမ်စေတယောက်က၊ သူ့ဆရာလွှတ် တော်အရာရှိကြီးကို နည်းအမျိုးမျိုးနဲ့ ဂျောက်ချပုံအကြောင်း ရေးထားတာ အင်မတန်ဘတ်လို့ ကောင်းတယ်။ ရယ်လဲရယ်ရတယ်၊ သင်ခဏ်းစာကိုအများချည်းရနိုင်တယ်။

ကျနော်ပြောလက်စ နည်းနည်းပြောလိုက်အုံးမယ်၊ 'တနေ့တော့ လွှတ်တော်အရာရှိကြီး ဟာ လွှတ်ရုံးမှာအနားရတဲ့အချိန် ကွမ်းစားမလို့ ကွမ်းအစ်ကိုမေးတော့ စကားတောင်စားကမေ့ လာကြောင်းပြောသတဲ့၊

ဒီတော့ လွှတ်တော်ရုံးအရာရှိကြီးက 'မင်းဟာ ငါလွှတ်တော်တက်တိုင်း မြင်းနောက်က ကွမ်းအစ်ပိုက်ပြီး လိုက်လာရတဲ့ အလုပ်အပြင် တခြားဘာအလုပ်မှမရှိဘူး၊ ဒါတောင် ဒီနေ့စဉ် ပိုက်လာရတဲ့ အလုပ်ကလေးကို မေ့တယ်ဆိုတာ ကိုယ့်ဆရာသမားကို မလေးစား ဂရုမစိုက်လို့ဘဲ တပည့်ဆိုတာ ကိုယ့်ဆရာသမားကို လေးစားရတယ်။ ကိုယ့်ဆရာသမားပစ္စည်းအသုံးအဆောင် ဆိုယင် ဂရုစိုက်ရတယ်၊ ဆရာသမားရဲ့ အသုံးအဆောင်ဆိုယင် ယုတ်စွအဆုံး ကိုယ့်ဆရာသမား စီးတဲ့ မြင်းချေးဖြစ်ပေစေ ကွမ်းအစ်ဖုံးနဲ့ ထည့်ပြီး တရိုတသေသိမ်းဆည်းရာယ် မှတ်ထား. . . လို့ ကြိမ်းသတဲ့။

စကားတောင်စားက နောက်ကို ဒီလိုမဖြစ်စေရပါဘူးလို့ ဝန်ခံခဲ့တယ်။

ဝန်ခံထားတဲ့အတိုင်းလဲ နောက်တနေ့ လွှတ်ရုံးအရာရှိက ကွမ်းအစ်ကိုမေးမလို့ ပါးစပ်ဟ လိုက်တာနဲ့ ကျိုးကျိုးနွံနွံနဲ့ ကွမ်းအစ်ကိုအသင့်ယူပြီး အနားသို့ရောက်လာသတဲ့. . .

ဒီကောင် အခုလိုတော့ နာခံတတ်ဘဲလို့တွေးရင်း လွှတ်ရုံးအရာရှိက ကွမ်းအစ်ဖုံးကို ဆွဲဖွင့်လိုက်တာနဲ့ တပြိုင်နက် အထဲကမြင်းချေးတွေထွက်ကျလာသတဲ့. . .

. . . . မေးတော့ ကိုယ့်ဆရာသမားပစ္စည်းဆိုယင် မြင်းချေးဖြစ်စေ ဂရုတစိုက်သိမ်းဆည်းရ မယ်လို့ သင်ကြားထားတဲ့ အတွက် လမ်းတုန်းက မြင်းချေးယိုချတာနဲ့ သိမ်းဆည်းခဲ့မိပါတယ်လို့ ပြောသတဲ့. . .

. . . . . အဲဒါမျိုးတွေပေါ့ဗျာ. . . . တိုင်းပြည်အစိုးရက ရသင့်ရသထိုက်တာမျိုးတွေရှိယင် ငါ့အဖ ဖြစ်ပေစေရအောင် တောင်းရမယ်ဆိုတာနဲ့ တပြိုင်နက်. . .

. . . . အဲဒီလိုအမိန့်ပေးတဲ့လူရဲ့ဆွေမျိုး ညီအစ်ကိုမောင်နှမတွေ တည်ထောင်တဲ့လွှန်ခဲ့တဲ့ သုံးနှစ်လောက်ကအရှုံးနဲ့ ဖျက်လိုက်ရလို့ ပြုတ်ပြီးသား ကုမ္ပဏီရဲ့ စာရင်းအင်းတွေကို ပြန်တင်ပြ ရမယ်ဆိုပြီး အမြွက်တော်ကြေးဘက်က လိုက်လာတာမျိုးက စလာတာဘဲ၊

. . . . ဒါပေမယ့် အဲဒီအရာရှိတွေဟာ သူတို့မျက်စေ့အောက်မှာရှိနေတဲ့ လက်ရှိလူမျိုးခြား ကုမ္ပဏီတွေ သူတို့နဲ့ အပေးအယူသင့်တင့်ပြီး ကုမ္ပဏီတွေကိုတော့ ဒီလိုလိုက်မလာနိုင်အောင် ဘယ်လိုအကာအကွယ် လုပ်ထားရမယ်ဆိုတာကို အကြံဉာဏ်ပေးပြီး မသိချင်ယောင်ဆောင်နေ ကြတယ်လေ. . .

. . . . အဲဒီလိုလုပ်ငန်းမျိုးတွေအကုန်လုံးကို ကြိုးကိုင်နေကြတာက ဘယ်သူတွေလဲဆိုတော့ အယင်ခေတ်အဆက်ဆက်က ကျန်နေပြီး၊ အခုထက်ထိအားကိုးအားထားပြုပြီး ခိုင်းနေကြရတဲ့ ခင်ဗျားတို့အရာရှိချုပ်များရုံးက အရာရှိချုပ်ကြီးတွေပေါ့။

. . . တိုတိုဆိုကြပါစို့ဗျာ၊ ခင်ဗျားတို့ဟာ စတည်ကတည်းက မှားလာချက်တွေရှိတယ်၊ အဲဒီ မှားလာချက်တွေက ဘာလဲဆိုတော့ ဒို့ဗွေဝါပြည်ကြီးမှာ ဒီလိုလယ်သူစားနိုင်ခွင့် ကိုယ်ကျိုးရှာ နိုင်ခွင့်ရှိတယ်ဆိုတဲ့ စံနစ်ဆိုးကြီးကြောင့် လူတွေရဲ့

အကျင့်ရော စီးပွားရေးရော ပျက်စီးနေကြရ တာဘဲ ဆိုတာလဲသိတယ်၊ ဒီစံနစ်ကြီးတခုလုံးကို ပြောင်းပစ်ကြရမယ်ဆိုတာလဲသိတယ်။

. . . . ဒါပေမယ့် ခင်ဗျားတို့ဟာ အဲဒီစံနစ်ကြီးကို လက်ခံပြီး ရှင်သန်အောင် လုပ်ပေးနေတဲ့ အမြစ်အရင်းတွေကိုတော့ မဖြိုဖျက်ဝန့်ကြဘူး ဖြိုဖျက်ပစ်လိုက်ယင် အမြစ်ကတူးပြီး နှုတ်လိုက် ယင် အင်မတန်ရက်စက်တဲ့လူတွေ စစ်သားဆန်တဲ့လူတွေ၊ စစ်ဝါဒဆန်တဲ့လူတွေလို့ စွပ်စွဲခံရမှာ ကို သိပ်ကြောက်နေတယ်။ အဲဒါဟာ ခင်ဗျားတို့သတ္တိနဲ့တာ. . . . .

. . . . ကျနော်တို့ရွှေဝါပြည်သားတွေရဲ့ အကျင့်ကို ခင်ဗျားတို့ သဘောမပေါက်ခဲ့ကြဘူး။ ဘယ်လိုသဘောမပေါက်လဲဆိုတော့ ကျနော်တို့ရွှေဝါပြည်သားတွေဟာ ကြောင်ယင်တာစူလို့ မရအောင် ကြောက်ပြီး ရဲယင်အမြောက်ကြီးနဲ့ပစ်တား သိကြားမင်းကြီးနကင်းကြီးနဲ့ ဆင်းတား တောင် တားလို့မရနိုင်ပဲ ရဲတတ်တဲ့အလေ့အကျင့်ရှိတယ်ဆိုတာကို သဘောမပေါက်ကြတာပဲ။

. . . ကြည့်လေ ဒုတိယကမ္ဘာစစ်ကြီးမှာ ကျနော်တို့ရွှေဝါပြည်သားတွေကို နိုင်ငံခြားသားတွေ က အုပ်ချုပ်ထားတော့ ရှေ့ဆောင်လုပ်တဲ့လူတွေက ကြောက်ရွံ့လေးစားပြလိုက်တာနဲ့ ကြောက် နေလိုက်ကြတာ၊ နောက်ရှေ့ဆောင်လုပ်တဲ့လူတွေက တော်လှန်လှုပ်ရှားပြ လိုက်တော့လဲ သိပ်တောင် သွေးညှိဘို့မလိုဘူး၊ ကြုံရာနေရာကနေ ဝိုင်းဆော်လိုက်ကြတာပဲ၊

. . . . ကျနော်ပြောလိုတာက ရွှေဝါပြည်သားတွေရဲ့စရိုက်ကို ခင်ဗျားတို့ကိုယ်တိုင် ရွှေဝါပြည် သားဖြစ်ပြီး ကုလားဖြူတွေလောက်တောင် သဘောမပေါက်ကြဘူး၊ ရှေးရှေးရွှေဝါပြည်ရဲ့ ပဒေသရာဇ်မင်းတွေလောက်လဲ ခင်ဗျားတို့သဘောမပေါက်ကြဘူးလို့ ပြောချင်နေတာ၊ ဒီတော့ ခင်ဗျားတို့ရဲ့ ဆုံးဖြတ်ချက်တွေ လုပ်ပုံလုပ်နည်းတွေဟာ အခက်အခဲတွေ တမင်ဝင်နိုင်အောင် ဝင်သာအောင်လမ်းဖွင့်ပေးပြီး ခေါ်နေသလို ဖြစ်နေတယ်၊

အခု အဲဒီအခက်အခဲတွေဟာ ခင်ဗျားတို့ဆီကို အလံနက်နက်ကြီးတွေ တလူလူလွင့် ထူပြီး ရွံ့ညွှံတွေထဲကရော တောင်ယာစိုက်ခင်းတွေထဲကရော စက်ရုံအလုပ်ရုံတွေထဲကရော ဈေးကြိုဈေးကြားတွေထဲကရော ခင်ဗျားတို့ရဲ့ အနီးကပ်ဆုံး လက်အောက်ခံအုပ်ချုပ်ရေး စက်ယန္တယားကြီးရဲ့ ခွေးသွားစိတ်တွေအကြားထဲကရော သဲသဲမဲမဲနဲ့ တိတ်တိတ်ဆိတ်ဆိတ် ချီတက်လာနေကြပြီ။

ဒါပေမဲ့ ခင်ဗျားတို့ဟာ အဲဒီအခက်အခဲတွေရဲ့ ချီတက်လာသံကို သိပ်မကြားရသေးဖူး၊ နောက်ထပ် နှစ်တပတ်လည်ပြီးတဲ့ အချိန်လောက်ဆိုယင် အဲဒီအခက်အခဲပေါင်းစုံရဲ့ စစ်ချီလာသံ ကို ခင်ဗျားတို့အတိအလင်း ကြားရကောင်းပြီ။

အဲဒီလိုကြားရပြီး နောက်တနှစ်မှာ အဲဒီအခက်အခဲပေါင်းစုံရဲ့ စစ်အင်အားကို ထိတ်လန့် သံကြားဖြစ်လာအောင် ခင်ဗျားတို့မြင်ကြရမှာဘဲ အဲနောက်တနှစ် အားလုံးပေါင်း ငါးနှစ်ပြည့်တဲ့ အခါ ဆိုပါတော့ဗျာ အဲဒီအချိန်အခက်အခဲပေါင်းစုံနဲ့ ခင်ဗျားတို့ရဲ့ သူနိုင်ငါနိုင် ရင်ဆိုင်တိုက်ကြ ရမဲ့ စစ်ရဲ့အပြင်းအထန်ဆုံးအစပဲ၊

ခင်ဗျားကကျနော် ဒီလိုပြောတာကို စိတ်ကူးယဉ်ပြီ၊ ပြောတယ်များထင်နေသလားမသိဖူး၊ ကျနော်အခု တွက်နေတာက

အိမ်ယာအသစ်ထူထောင်တဲ့ လယ်သမား တယောက်ရဲ့ အိမ်ထောင်ရေး စီးပွားတခုအခြေအနေနဲ့ ညှိနှိုင်းတွက်ချက်ပြီး ပြောတာပဲ။

ကျနော်တို့ ရွှေဝါပြည်သား လယ်သမားတွေဟာ ကိုယ့်သားသမီးတွေ အရွယ်ရောက်လာ လို့ အိမ်ထောင်ချပေးတယ်ဆိုယင် လယ်ယာ ကျွဲ နွား လှည်း လှေ ဆိုတဲ့ လုပ်ဆောင်မှုကိရိယာ တန်ဆာပလာတွေနဲ့ နှစ်ဖက်မိဘကလက်ဖွဲ့ပေးလေ့ အစဉ်အလာမျိုး ရှေးကရှိခဲ့ကြတယ်၊ အဲဒီ အသစ်စက်စက် လင်မယားဟာ အိုးသစ် အိမ်သစ်တဲဆောက်ပြီး လယ်ယာအလုပ်ကို စလုပ်တော့ တာဘဲ၊

နှစ်ဘက်လူကြီးမိဘတွေဟာ သူတို့ရဲ့ အရည်အချင်းကို သုံးနှစ်လယ်ပြီး ယောက်ျားလုပ် တဲ့အကောင်က အလုပ်အကိုင် နိုင်နိုင်နင်းနင်း လုပ်နိုင်တယ်မလုပ်နိုင်ဖူး လာဘ်မြင်တယ် မမြင်ဘူး၊

မိန်းကလေးက ယောက်ျားရှာဖွေပေးသမျှ ထိန်းသိမ်းနိုင်တယ် မထိန်းသိမ်းနိုင်ဖူး စီးတဲ့ရေ ဆည်တဲ့ကသင်း ဖြစ်တယ်မဖြစ်ဖူး အကဲခတ်နိုင်ကြတယ်။

အဲ လေးနှစ်မြောက်တဲ့အခါမှာ အဲဒီလင်မယားမွဲတော့မယ်ဆိုယင်လဲ မွဲတို့အရိပ်နိမိတ် စမြင်ရတဲ့အချိန် ကြွေးတွေဘာတွေနဲ့ မရူသာမရှုက်သာတဲ့အချိန်ဘဲ ချမ်းသာတော့မယ် ဆိုယင် လဲ ကြွေးမြေကင်းရှင်းပြီး အဲဒီနှစ်ဟာ အပိုအလျှံစထွက်မဲ့အချိန်ပဲ၊ အဲ ငါးနှစ်မြောက်တဲ့အချိန် ဟာ မွဲတော့မယ်ဆိုယင်လဲ မွဲကွက်ကို ခြေတဘက်ထောက်မိပြီး လူမွဲစာရင်းဝင်တဲ့နှစ်၊ ချမ်းသာ မယ်ဆိုယင်လဲ ချမ်းတာကွက်ကို ခြေတဘက် ထောက်မိပြီး လူချမ်းသာစာရင်းကို စဝင်ရတဲ့နှစ်ပဲ၊

အဲဒီအတိုင်းပဲ ကျနော်ရွှေဝါပြည်ကြီးကို အိုးသစ်အိမ်သစ်ထူထောင်စ အိမ်ထောင်သစ် တခုအဖြစ်နဲ့ နှိုင်းယှဉ်ကြည့်ယင် ဒီလိုပဲတွေ့နိုင်လိမ့်မယ် ကူညီနိုင်တယ်လို့ ယူဆပြီး နှစ်နဲ့တွက် ပြောတာ။

ဟုတ်နိုင်မဟုတ်နိုင် ခင်ဗျားတို့ကို အချိန်က အဖြေပေးလိမ့်မယ်၊ ကျနော်အမြင်တော့ ခင်ဗျားကို အခု အထပ်ထပ်ပြောပြီးဘီ။

ခင်ဗျားတို့ဟာ စေတနာကောင်းပေမဲ့ သတ္တိကြောင်တယ် ဝမ်းတည်းမှာရှိတာ တကယ် မလုပ်ရဲဖူး အဲဒီမလုပ်ရဲတာကို ရွှေဝါပြည်နဲ့ လိုက်လျောကိုက်ညီအောင် ပျော့ပြောင်းစွာလုပ်နေ ပါတယ်လို့ ခင်ဗျားတို့ကိုယ် ခင်ဗျားတို့ ပြန်ပြီး နှစ်သိမ့်နေကြတယ်၊ ပီးတော့လဲ ရွှေဝါပြည်သူလူ ထုရဲ့ စရိုက်ကို ခင်ဗျားတို့ နားမလည်ဖူး။

ဥပမာဆိုကြပါစို့ ခင်ဗျားတို့ဟာ ရွှေဝါပြည်ရဲ့ စီးပွားရေးစနစ်ကို ပြောင်းပစ်မှရမယ်ဆို တာယုံကြည်တယ်၊ ပီးတော့ ရွှေဝါပြည်ရဲ့ အုပ်ချုပ်ရေးစနစ်ဟာလဲ အဲဒီခင်ဗျားတို့မကြိုက်တဲ့ စီးပွားရေးစနစ်နဲ့ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ အပြန်အလှန် အထောက်အကူပြုပြီး လုပ်ထားတဲ့ အုပ်ချုပ်ရေးစနစ်ပါ လို့လဲသိတယ်၊

ဒါပေမယ့် စီးပွားရေးစနစ်လဲပြောင်းတယ် အုပ်ချုပ်ရေးစနစ်လဲပြောင်းတယ်၊ အုပ်ချုပ်တဲ့ လူတွေတော့ ခင်ဗျားတို့ လက်ခံထားတယ်။ အဲဒီခင်ဗျားတို့ စီးပွားရေးစနစ်ကို လုံးဝမယုံတဲ့ ယုံချင်ယောင်ပြုနေကြတဲ့ အုပ်ချုပ်တဲ့လူတွေကို လက်ခံထားတာကိုက ခင်ဗျားတို့အမှား။

ခင်ဗျားတို့ဟာ ဒီလိုအတွင်းထဲကဝင်ပြီး အန္တရာယ်ပေးလာမယ့် ရောဂါပိုးလိုလူတွေကို ခင်ဗျားတို့ရဲ့ အုပ်ချုပ်ရေး သွေးကြောကြီးထဲမှာ လက်ခံထားတယ်၊

ဒီလိုလက်ခံလိုက်တဲ့ အကြောင်းကလဲ ခင်ဗျားတို့အစိုးရကို စစ်အစိုးရလို့ခေါ်မှာစိုးလို့ အခေါ်မခံဝန့်လို့ကြောက်လို့၊

ခင်ဗျားတို့ဟာ သံမဏိဆုံးဖြတ်ချက်နဲ့ ဆောင်ရွက်ရမယ့် လုပ်ငန်းတွေမှာ ကျုပ်တို့ပျော့ ပြောင်းစွာ ဆောင်ရွက်နေကြပါတယ်ဆိုတဲ့ လေသံတွေပေးနေတယ်၊ ရွှေဝါပြည်သားတွေ အပေါ် မှာ အဲဒီလိုလေသံပေးတာဟာ လူမျိုးစရိုက်ကိုလေ့လာတဲ့ နေရာမှာ ခင်ဗျားတို့ဟာခင်ဗျားတို့ သူငယ်နှပ်စားဖြစ်ကြောင်း ဖော်ပြထားတာဘဲ၊

ရွှေဝါပြည်သားတွေစရိုက်က ဒီလိုမှတ်ဖူး ခင်ဗျားတို့ကို ထွက်လာထွက်လာခြင်း အင်မတန်လေးစားရိုသေကြတယ်။

ဒီအချိန်မှာ ဒို့ဒီလိုလုပ်မယ် ဒီလမ်းစဉ်သွားရမယ် ဒါမှပြောရဖူး ဒါမကြိုက်ဖူး ဒီလိုအနာ ခံကြလို့ ပြတ်ပြတ်သားသား ကျေလဲကျေညာလုပ်လဲလုပ်။

ခင်ဗျားတို့ဟာ စကတည်းကသာ အဲဒီလိုလုပ်ခဲ့ယင် အခုလောက်ဆို ရွှေဝါပြည်တပြည် လုံး အတော်အသားကျသွားပြီ၊

အခုတော့ ခင်ဗျားတို့က ဒီလိုမကျေညာပဲ ခင်ဗျားတို့မြှောက်မှန်းချက်တွေကို မသိမသာလုပ်လာတယ်။

အဲဒီတော့ ဒီအတွေ့အကြုံမျိုးကို ‘စိမ်း’နေတဲ့ ရွှေဝါပြည်သားတွေက ငြိုငြင်လာတယ်၊

ဒီအချိန်မှာ ခင်ဗျားတို့လုပ်ငန်းကို မကြိုက်တဲ့လူတွေက နေရာတိုင်းမှာ ဝင်ပြီးသွေးထိုး လာတယ်၊

ပီးတော့ ခင်ဗျားတို့လုပ်ငန်းကိုမကြိုက်ပေမဲ့ အခွင့်သင့်တုံးဝင်ပြီး နေရာယူချင်တဲ့ လူမျိုး တွေကလဲ ထောက်ကွက်လုပ်လာကြတယ်၊ ကန့်ကွက်လာအောင် လမ်းဖွင့်ပေးပြီးမှ ထောက်ခံတာ၊ ပွဲလန့်ပြီး သူများလန့်လို့ ထသွားတုန်း နေရာကောင်းမှာဖျာဝင်ခင်းပြီး ထိုင်ဘို့ စိတ်ကူးတဲ့ လူမျိုးပေါ့ဗျာ။

အဲဒီလိုမကြိုက်လို့ ဖျက်လိုဖျက်ဆီးလုပ်တဲ့ လူတွေရော ငါတို့ကြိုက်ကြိုက် မကြိုက်ကြိုက် ခိုင်းတာကိုဖွတ်လုပ်ချလိုက်မှာပဲ၊ ပျက်ပျက်စီးစီး ဖြစ်ချင်တာတွေဖြစ်ပေစေ ဒို့တာဝန်ကျေရင် ပြီးရောဆိုတဲ့ လူမျိုးတွေရော၊

တကယ်ကြိုက် တကယ်စေတနာထားပြီး မကြိုက်သည့် လူတွေကို မခံချင်စိတ်နှင့်ဖြစ် အောင် ပြုလုပ်ပြချင်လွန်းလို့ ရှေ့လောတကြီး ဆောင်ရွက်လုပ်ကိုင်နေခဲ့လို့ မိမိလုပ်နေတဲ့ လုပ်ငန်းမှတပါး ပတ်ဝန်းကျင်မှာ ဆက်သွယ်ထိခိုက်မှုမျိုးကို မသိအားမမြင်အား သတိမထားအား လောက်အောက် အရင်စလို ဆောင်ရွက်နေကြတဲ့လူတွေ။

အဲဒီလူတွေအားလုံးရဲ့ ဝိုင်းဝန်းလုပ်ဆောင်မှု တွေကြောင့် ဖြစ်သင့်တာထက်ပိုပြီး လူထုကို ထိခိုက်လာကြတဲ့ အခါမှာ လက်ညှိုးထားပြစရာတွေ ပေါ်လာတဲ့အခါမှာ နဂိုကအပင်ပန်းမခံလို ကြတဲ့ အကျင့်တွေ အရိုးစွဲအောင်ရနေကြတဲ့ ရွှေဝါပြည်သားတွေက၊

ခင်ဗျားတို့ကို ပွင့်ပွင့်လင်းလင်း မပြောရဲကြယင်တောင် တိုးတိုးကြိတ်ကြိတ်တော့ အချင်း ချင်း ပြောနေကြမှာပဲ။

ဒီလိုအပူချိန်ရနေတဲ့အခါမျိုးမှာ လူထုကိုအကြိုက်ပေးပြီး ဓာတ်ဆီလောင်းတတ်တဲ့ ဦးကံပေးတို့လို လူမျိုးရှိယင် ဟုန်းကနဲမီးတောက်နိုင်တာပေါ့ဗျ၊

ဒါပေမယ့် ဦးကံပေးက ခင်ဗျားတို့ကို ဘာမှမလုပ်နိုင်တဲ့အခြေမှာ ရောက်နေလို့ ဒို့အတွက်တခေါင့်တမီး အေးနေတယ်ဆိုပြီး စိတ်အေးနေလို့ မရဖူး ဦးကံပေးလိုပဲ တမျိုးတဖုံ အန္တရာယ်ကြီးတဲ့ ဦးငကျိုင်းကောင်လိုလူဆွေရဲ့ ပြဿနာတွေကရှိသေးတယ်။

. . . . ဦးကျိုင်းတောင်ဆိုယင် နာမည်နဲ့လိုက်အောင် ရွှေဝါပြည်ရဲ့ သီးနှံပင်တွေကို တပြည် လုံး ပြုတ်ပြုတ်ပြုန်းပြုန်းအောင် ဖျက်ဆီးနိုင်စွမ်းရှိတဲ့ ကျိုင်းကောင်တွေနဲ့ ဘာမှမထူးဖူး၊ သူလဲ ရွှေဝါပြည်ကြီးတပြည်လုံးကို သူ့အတွက်သူလိုချင်တဲ့ ကိုယ်ကျိုးကလေးတကွက်ကို ကြည့်ပြီး တိုင်းပြည်ကြီးတခုလုံးကိုပါ အလျော်အစားလုပ်ရဲတဲ့လူ. . . .

ကျနော်ပြောတာ နားလယ်တယ် မှတ်လား၊ ဦးငကျိုင်းကောင်ဟာ အတွေးအခေါ်မြင့်တဲ့ လူတော်တယောက်လို့ ကျနော်ယုံတယ်၊ သူဟာ အခုသူဖြစ်လာရတဲ့ လူ့ဘဝကလေးမှာ ကြီးကျယ်တဲ့ လူတယောက်သာဖြစ်ရမယ်ဆိုယင် တိုင်းပြည်ကြီးနဲ့ရော လူမျိုးတွေနဲ့ရော လဲပြီး ယူမယ့်လူ၊ အရော်အစားလုပ်ပီး လောင်းကစားယူမယ့်လူ. . . . အခုသူဘာလုပ်သလဲ ဘာပြောသလဲ.

'ဟာ. . . ဒီအစိုးရကိုထောက်ခံမယ်၊ ဒီအစိုးရလုပ်တာတွေမှန်တယ်၊ ဒါပေမဲ့ ဒီအတွေး အခေါ် ဒီယုံကြည်ချက်အလုပ်မျိုးမှာ ဒီအစိုးရမှဟာ သိပ်မရင့်ကျက်သေးဘူး၊ ဒါကြောင့်ကျုပ်တို့ တတွေက အပြုသဘောနဲ့ ဝေဖန်ပေးရမယ်လို့ ပြောလာတယ်၊

ပီးတော့ ဘာလုပ်သလဲ အစိုးရက ခင်ဗျားတို့ကယ်ပေါ့ဗျာ၊ ဒီဟာ ဒီလိုလုပ်ယင် မှားများ သွားမလားလို့ ချိန်ဆနေတဲ့လုပ်ငန်း အမှားတခုကို များများလုပ်ပီး များများမှားသွားအောင် ဟုတ်တယ် မှန်တယ် လုပ်သင့်တယ်ဆိုပြီး ထောက်ခံတယ်၊ ဒါပေမယ့်သူ့မှာတော့ တာဝန်မရှိဘူး ပေါ့ ခင်ဗျားတို့မှားလေ တနေ့နေ့မှာ ခင်ဗျားတို့ရဲ့ အမှားကို သူ့အတွက်လက်ဆုပ်လက်ကိုင် ထောက်ပြနိုင်စရာအကြောင်းရလေပေါ့။

. . . . နောက်တခုရှိသေးတယ် ခင်ဗျားတို့ စီမံကိန်းတခုခုရှိတယ်ဆိုယင် မသိသိအောင် စုံစမ်းတယ်။ အပင်ပန်း အဆင်းရဲခံပြီး ငွေကုန်ကြေးကျခံပြီး ကျွေးမွေးသင့်သူတွေကို ကျွေးမွေး ပေးကမ်းပြီး ရအောင်စုံစမ်းတယ်၊

နောက်ပီး ဘာလုပ်သလဲဆိုယင် ဒီလိုပြဿနာမျိုး စီမံကိန်းမျိုးကို ဘယ်လိုလုပ်သင့်တယ်၊ ဘာလို့လုပ်သင့်တယ်ဆိုပြီး ရွှေဝါပြည်လုံးသိအောင် ကြိုတင်ကျေညာတယ်၊ အကြံဉာဏ်ပေး တယ်။

အဲဒီအကြံဉာဏ်ဟာ ခင်ဗျားတို့ဆုံးဖြတ်ပီးသားဖြစ်ချင်ယင်လဲ ဖြစ်မယ်။

ခင်ဗျားတို့ဆုံးဖြတ်ပြီးသားဖြစ်လို့ ခင်ဗျားတို့လုပ်ဘို့ ဆုံးဖြတ်ထားတာနဲ့ သူအကြံဉာဏ် ပေးတာနဲ့ တထပ်တည်း ဖြစ်နေချင်ယင်လဲဖြစ်နေမယ်။ ဆန့်ကျင်ယင်လဲဆန့်ကျင်မယ်။

ခင်ဗျားတို့မဆုံးဖြတ်ရသေးတာ ဆုံးဖြတ်ဘို့ စီမံဘို့ခက်နေတာ ဖြစ်ချင်ယင်လဲဖြစ်မယ်။

ဒါပေမဲ့ ဘယ်လိုဘဲဖြစ်ဖြစ် အဲဒီဦးငကျိုင်းကောင်အတွက်တော့ အမြတ်ချည်းဘဲ။

ဘာလို့လဲဆိုတော့ ခင်ဗျားတို့ဆုံးဖြတ်ပြီး စီမံကိန်းချပြီးသားကိစ္စတခုကို သူအကြံဉာဏ် ပေးထားတာနဲ့ တထပ်တည်းဖြစ်နေတယ်ဆိုယင်လဲ. . . .

အဲဒီစီမံကိန်းကို ဦးကျော်ကောင်က ဒီလိုလုပ်တို့ အကြံဉာဏ်ပေးလိုက်တာပေါ့။ ဒီခေတ် သစ်ရွှေဝါပြည်အုပ်ချုပ်ရေးအဖွဲ့က ဒါတွေဘာနားလည်လို့လဲ ဒီကောင်တွေဟာ စစ်သားတွေဘဲ လို့ ရွှေဝါပြည်သားတွေပါးစပ်က လေသံထွက်လာနိုင်တယ်။

ဒီလိုလေသံမျိုးထွက်လာတဲ့အခါမှာ လုပ်ငန်းအောင်မြင်တဲ့ စီမံကိန်းမျိုးဆိုယင် အို. . .ဗျာ ဒါတွေထုတ်ပြောဘို့ မသင့်ပါဘူးဆိုပြီး မဟုတ်ဖူးလဲမငြင်း ဟုတ်တယ်လို့လဲ ဝန်မခံဘဲ. . . အဓိပ္ပာယ်အမျိုးမျိုး ကောက်လို့ရတဲ့ အဖြေမျိုးပေးမှာဘဲ။

အဲဒီစီမံကိန်းဟာ မအောင်မြင်ယင်တော့ သူတို့တိုင်ပင်ကြတဲ့အထဲမှာ ကျုပ်မပါပါဘူး၊ ဘေးကနေထင်မြင်ချက်သာ တိုင်းသူပြည်သားတယောက်အမြင်နဲ့ ပေးတာပါလို့ ငြင်းမယ်. . . .

အကယ်လို့ ခင်ဗျားတို့က ဒီစီမံကိန်းကို မဆုံးဖြတ်ရသေးတဲ့ ကိစ္စဆိုယင်လဲ သူ့အကြံ ဉာဏ်ကို ထည့်စဉ်းစားချင်၊ ထည့်စဉ်းစားမယ် မစဉ်းစားမိချင် မစဉ်းစားဖူး

ထည့်စဉ်းစားမိလို့ လုပ်မိယင်လဲ သူ့အဘို့အကြံဉာဏ်ပေးလိုက်ရ၊ ဆရာတပ်လိုက်ရတာ ကလဲ အမြတ်ဘဲ၊

နောက်တခုက ကိုယ့်အမြင်ကို ကိုယ်တာဝန်မယူရဘဲ စမ်းသပ်ကြည့်နိုင်တာကလဲ အမြတ်ပဲ၊ ခင်ဗျားတို့ဗိုက်နဲ့ ဓါးထိုးခံကြည့်လိုက်တာပေါ့ဗျာ။

သူပေးတဲ့ အကြံဉာဏ်ကို မယူဘဲခင်ဗျားတို့ ဆုံးဖြတ်ချက်နဲ့တမျိုးဆုံးဖြတ်ပြီး လုပ်ယင် လဲ သူတို့အဘို့ မရှုံးဖူး ကြိုတင်အကြံပေးလိုက်ရတာကိုက အမြတ်၊ အဲဒီကိစ္စကလေး ‘ခဲ’နဲ့ တေးပြီး မှတ်ထားလိုက်ရုံပဲ။ နောက်ခင်ဗျားတို့ စီမံကိန်းကြီးအကြောင်းအမျိုးမျိုးကြောင့် မအောင်မြင်တဲ့ အခါမှာ ဦးကျော်ကောင်ကြီးက ‘ကျုပ်အတန်တန် ကြိုတင်အကြံဉာဏ် ပေးပါ တယ်၊ ခင်ဗျားတို့အစိုးရ နားမထောင်ကြလို့ ဒီလိုဖြစ်ရတာပါလို့ အသားယူနိုင် အမြတ်ထုတ်နိုင် ဦးမှာပေါ့။

အဲ. . . .အဲဒီအတိုင်း ဦးကျော်ကောင်လို လူတွေက ဟန်မဆောင်နိုင်လောက်အောင် ခင်ဗျားတို့ကို အတင်းထောက်ခံ စေတနာကောင်းနဲ့ အကြံတွေပေးသလိုလိုနဲ့ ကပ်ပြီး‘ဂျောက်’ တွန်းယင်း အကြောင်းတခုခုရှိယင် ခေါ်ပြီးအတိုင်ပင်ခံရအောင်လုပ်၊

ဒါဘဲလားဆိုတော့ မဟုတ်သေးဘူး ဥပမာခင်ဗျားက တန်ခိုးအာဏာအရှိဆုံးလူဆိုပါတော့ ဗျာ တချို့ကိစ္စတွေလုပ်ဆောင်ဘွယ်တွေမှာ ကိုယ့်အရည်အချင်း သဘောမတိုက်ဆိုင်မှုတွေ ရှိလာ ချင်ရှိလာမယ် လူဆိုတာက နေရာတိုင်းမှာ အားလုံးသဘောမတိုက်ဆိုင်နိုင်ဘူး ကိုယ့်အမြင်နဲ့ ကိုယ် သူ့အမြင်နဲ့သူရှိကြတာချည်းဘဲ။

တခါတရန် ကိုယ့်အချင်းချင်း အကြောက်အကန် ငြင်းခုန်နေကြတဲ့အခါမျိုး ရှိချင်လဲရှိ လာမယ်၊ ဒီလိုအချိန်အခါမျိုးမှာ ဦးကျော်ကောင်လိုလူမျိုးက ဟိုဘက်လဲသွားတွေ့ ဒီဘက်လဲ သွားတွေ့ပြီး တဘက်နဲ့တဘက် ပိုပြီးစိတ်ဝမ်းကွဲအောင် ညှိနှိုင်းလို့မရအောင် လုပ်မယ်၊ နောက်ဆုံးလုံးဝပဲ့ထွက်သွားအောင် လုပ်မှာပဲ၊

ဘာပြုလို့ အဲဒီလို လုပ်ရသလဲဆိုတော့ ဒီလိုမလုပ်ယင် ခင်ဗျားတို့အစုအဝေးက စည်းလုံးပြီး အင်အားရှိနေကြမယ်မှတ်လား၊ လူ ၁၂ယောက်ကို ပြောလို့ ဆွယ်လို့ရပေမဲ့

ကျန်တဲ့ ခေါင်းမာမာ သုံးယောက်လောက်က အဲဒီဦးကျောင်းကောင်လိုလူမျိုးတွေ လိုမ့်လို့မရနိုင် ဖူး ဒီတော့ ခင်ဗျားတို့ရဲ့ အင်အားစုကိုလဲရလာရွေ့ ခွဲပစ်ရအုံးမယ်။

ဒါတွင်ပဲလား မဟုတ်သေးဖူး ခင်ဗျားတို့နဲ့ အခုလတ်တလော အဆင်မပြေမျက်နှာချင်း ဆိုင်မရတဲ့ ရဲဘော်ရဲဘက်လုပ်ဖော်လုပ်ဘက် ဟောင်းတွေရှိချင်ရှိအုံးမယ်။

အဲဒီလုပ်ဖော်လုပ်ဘက်တွေဟာ ခင်ဗျားတို့နဲ့ ယုံကြည်ချက်ခြင်းမတူပေမယ့် မိသားစု စိတ်ဓါတ်ရှိကြလိမ့်မယ် ဟိုသင်းဗျာတယောက်နဲ့တယောက် ဆူဆူညံညံရန်ဖြစ်ပြီး မခေါ်မပြော နေကြတဲ့ ဆွေမျိုးညီအကိုမောင်နှမတွေလိုပေါ့။

ဒါပေမယ့် ကိုယ့်ဆွေမျိုးကို တခြားသူစိမ်းတွေက လာစော်ကားလာတော့ယင် ဟိုအိမ် သည်အိမ်ထဲက ထွက်လာကြပြီး ဝိုင်းရိုက်လွှတ်လိုက်ကြတာပဲ အရေးကြီးယင် သွေးနီးမှုဆိုတာမျိုး

အဲ့. . . အဲဒီလို လုပ်ပီးပလား ပီးယင်ပြောကြဘီ. . .

'ကောင်းတယ် သင်းဒို့ကြောင့်သူများ စော်ကားတာ၊ ကံကြီးထိုက်နေတာကို ဘယ့်နှယ် ညာ့နှယ်'ဆိုတာမျိုးပေါ့ဗျာ။

အဲဒီလိုမိသားစုစိတ်ဓါတ်ရှိပြီး အခုလောလောဆယ် တစ်ဦးနဲ့တဦးကြည့်လို့မရဖြစ်နေကြ ရတဲ့ လူတွေကိုလဲ ခင်ဗျားတို့နဲ့ပိုပြီးကွဲအောင် နောက်တသက်လုံး ဘယ်တော့မှမျက်နှာချင်းဆိုင် မရအောင် အဲဒီဦးကျောင်းကောင်လိုလူက လုပ်နေမှာပဲ။

ကျနော်ပြောနေတာ ဦးကျောင်းကောင်လုပ်လို့ ခင်ဗျားတို့ဟာ ဒီလိုဖြစ်ကုန်ကြဘီ ဒီလိုကွဲ ကုန်ဘီလို့ ပြောတာမဟုတ်ဖူး၊

ခင်ဗျားတို့ဟာ ခင်ဗျားတို့ ကွဲချင်ကွဲမကွဲချင်နေ ဦးကျောင်းကောင်လိုလူမျိုးကတော့ ခင်ဗျားတို့ယုံယုံ မယုံယုံဒီလိုလုပ်ပေးမှာဘဲ အက်ကြောင်းကလေးတွေ့ရင် သတ်လျှိုမှာဘဲ၊ အပဲ့ကလေးရှိယင် ဖဲ့ပြီးဝေးဝေးကိုလွင့်သွားအောင် လွှင့်ပစ်လိုက်မှာဘဲ။

ဦးကျောင်းကောင်လိုလူမျိုးက ဘာပြုလို့ ဒီလိုလုပ်ရလဲသိလား. . . .။

. . . . . သူ့မှာ ရည်ရွယ်ချက်ကြီးမားတယ်၊ အဲဒီရည်ရွယ်ချက်ကို အောင်မြင်အောင် အခါ အခွင့် ကြုံကြိုက်တိုင်း ဆောင်ရွက်ဘို့ အမြဲတမ်းအသင့်ရှိနေတယ်၊ ဒီတော့ကာ. . .

. . . . . ခင်ဗျားတို့ လူစုတွေကို ဦးကျောင်းကောင်လို လူရဲ့အမြင်က စစ်သားအဖြစ်နဲ့သာမြင် တယ်၊ နိုင်ငံရေးမှာ အင်မတန်နုတယ် အတွေ့အကြုံမရှိဖူးလို့ မြင်တယ်။ အုပ်ချုပ်ရေးမှာ လုံးဝ နားမလည်ဘူးလို့မြင်တယ်. . . .

. . . . . အဲဒီတော့ခါ ဦးကျောင်းကောင်က ခင်ဗျားတို့ကို ကူညီအကြံဉာဏ်ပေးရင်း ခင်ဗျားတို့ ရဲ့ စည်းလုံးမှုတွေ၊ အင်အားတောင့်တင်းမှုတွေကို တတ်နိုင်သမျှပဲ့ထွက်အောင် ပြိုကွဲအောင် လုပ်ပစ်ရမယ်၊ ပီးယင်ခင်ဗျားတို့ကို အကြပ်အတည်းတွေနဲ့ ရင်ဆိုင်လာရအောင် ဂျောက်တွန်းရ မယ်၊ ဒီအခါမှာ ခင်ဗျားတို့ဟာ အတူပူးတွဲဆောင်ရွက်နေတဲ့ 'သူ့ကို'ဦးကျောင်းကောင်ပေါ့ဗျာ တိုင်ပင်ယင်း တိုင်ပင်ယင်းနဲ့ နေရာပေးလာရမယ်။

. . . . ဒီလိုနေရာရပီးတဲ့အခါမှာ ခင်ဗျားတို့အထဲက လူတွေကိုခွဲပြီး ကိုယ့်လူဖြစ်အောင် မွေးမယ်၊ နောက်ဆုံးအင်အားတောင့်တင်းလာယင် ခင်ဗျားတို့ကို

ဆော်ချလိုက်ပြီး ‘ခေတ်သစ်ရွှေ ဝါပြည်ရဲ့ အောင်မြင်သော ခေါင်းဆောင်ကြီး’ အဖြစ်ခံယူမယ်. . .

အဲဒီလို ခံယူရမယ့် အချိန်ဟာ အသက်ရှစ်ဆယ်ကျော်မှ ဖြစ်ပါစေ ဦးငကျိုင်းကောင်လို လူမျိုးကတော့ အားမလျှော့ဖူး။

. . . . ခင်ဗျားတို့ကပြောမယ် ဒီလိုလူက ဒီလိုလုပ်တိုင်း ဖြစ်ရမှာလား ဒို့ကကော သူငယ်နှပ် စားလားလို့။

ဒါပေမဲ့ ဖြစ်တာမဖြစ်တာကို ကျနော်က ပြောပြနေမဟုတ်ဖူး၊ ဒီလူက ဒီလိုအချိန်မျိုးမှာ ဒီလိုအခွင့်ကောင်းယူပြီး ခင်ဗျားတို့ကို သူငယ်နှပ်စားလောက်အောင့်မေ့ပြီး လုပ်နေတာကို ပြော ပြတာ၊

ခင်ဗျားစဉ်းစားကြည့် ခင်ဗျားတို့ဟာ ရွှေဝါပြည်က အချောင်သမား အကျင့်ရနေတဲ့ လူထုကြီးတရပ်လုံးကို အတွေးအခေါ်ပြောင်းလဲလာအောင် အသိတရားကို အရင်မသွင်းဘဲ လည်သူစား မလည်သူဖားစီးပွားရေးစံနစ်ကြီးကို ဖျက်ပစ်လိုက်တယ်။

ဒီလိုဖျက်ပစ်ရာမှာ ခင်ဗျားတို့ရဲ့ အကြီးဆုံးအမှားက အမိန့်နဲ့လိုက်နာရမယ်လို့လဲ မထုတ်ပြန် မကျေညာဝံ့ဖူး။

ဒီတော့ ဘာဖြစ်သလဲ အချောင်နေကျင့်လုပ် ကျင့်ရလာတဲ့ ရွှေဝါပြည်လူထုကြီးတရပ်လုံး က အချောင်နေလို့ လုပ်လို့မရတော့ တိုးတိုး တိုးတိုးကနေပြီး တဖြေးဖြေး ကျယ်ကျယ် ကျယ်ကျယ် ပြောလာကြတယ်. . .

အဲဒီလို ပြောခွင့်ပေးခြင်း ပြောခံရခြင်းဟာ ခင်ဗျားတို့ရဲ့ ခေတ်သစ်ရွှေဝါပြည် တည်ဆောက်ရေးအတွက် ယိုယွင်းမှုအစဘဲ။

ဘာလို့လဲသိလား။

ခင်ဗျားရေကာတာတွေကို ရေလှံ့နေတဲ့အခါမျိုး မြင်ဖူးမှာပေါ့။ ရေကာတာတွေမှာ ရေလှံ့နေတဲ့အခါ တာစောင့်တို့တာပိုလ်တို့ဟာ ရေမကျမခြင်း နေ့ရောညပါ အခါမလပ် လိုက်ကြည့်နေရတယ်။

အကယ်လို့ အဲဒီရေကာတာကြီးမှာ ရေပေါက်ကလေးအပ်ပေါက်လောက် ပန်းထွက်ယင် နောက် နှစ်နာရီကြာယင် ဇီးစေ့လောက် အပေါက်ဖြစ်လာရော လေးနာရီလောက်ကြာတော့ ဂုံညင်းလုံးလောက် အပေါက်ဖြစ်လာပြီး ရှစ်နာရီလောက်ကြာတော့ အုန်းသီးလုံးလောက် အပေါက်ဖြစ် ဆယ်နာရီလောက်လဲကြာရော တာကြီးတခုလုံးလဲကျိုးရော။

အဲဒီအတိုင်းဘဲ လူတွေဟာလဲ မကျေနပ်ချက်တခုကို တိုးတိုး စုပီးပြောခွင့်ရယင် နောက် ကျယ်ကျယ်စုပြီး ပြောလာတယ်၊ နောက်လက်သီးလက်မောင်း တန်းပြီးပြော၊ နောက် အသေခံပီး ပြော အဲဒီလိုဖြစ်တတ်ကြတယ်၊

အဲဒီလိုဖြစ်တတ်ကြတဲ့လူတွေထဲမှာ ကျနော်တို့ ရွှေဝါပြည်သူ ပြည်သားတွေဟာ တခြား လူမျိုးတွေထက်ပိုပြီး သဲကြတာပေါ့၊ ဒါ့ကြောင့်ရှေးတုန်းက ကျနော်တို့ ရွှေဝါပြည်ဘုရင်တွေဟာ စစ်တိုက်တာတောင် ‘စစ်ဦးဘီလူး’ ဆိုပြီး ခပ်ကြမ်းကြမ်းတိုက်ပစ်ကြတာပေါ့၊ လျှော့ပေးစရာရှိရင် တောင် နောက်မှလျှော့ပေးတယ်။

ဘယ်တော့မှ လှန်ရဲအောင် အခွင့်မပေးဖူး အဲဒါဟာ ကိုယ့်ရွှေဝါပြည်သူပြည်သား တွေရဲ့ စရိုက်သိလို့ပဲ၊

အေးဗျာ ပြောရင်းပြောရင်းနဲ့ ပိုပိုကျယ် ပိုပိုရှည်လာဘီ လိုရင်းပြန်ကောက်မယ်။

ကျနော်ပြောခဲ့တယ်မဟုတ် လား နိုင်ငံရေးသမား ဆိုတာ တစ်အေးစက်မာကျောတဲ့ နှလုံးသား ရှိရမယ်လို့ . . . .

ဒါပေမဲ့ ခင်ဗျားတို့ရော ခင်ဗျားတို့ရဲ့ ဥက္ကဋ္ဌဗိုလ်ချုပ်ကြီးသန်မာရော ဒီလိုခေါင်းဆောင် တယောက်မှာ ရှိရမယ့် အင်္ဂါအရည်အချင်းနဲ့ မပြည့်စုံဖူး မရှိခဲ့ဖူး။

အတွေးအခေါ်နဲ့ စနစ်တခုကို ပြောင်းလဲ ပေးတဲ့နေရာမှာ စည်းကမ်းပျက်နေတဲ့ လူတွေ ဝေဖန်ခွင့်ပေးခဲ့တယ် ငိုညည်းခွင့်ပေးခဲ့တယ်၊ အော်ဟစ်ခွင့်ပေးခဲ့တယ် အဲဒါဆူပူခွင့်ပေးတာနဲ့ အတူတူပဲ၊ ခင်ဗျားတို့ရဲ့အခက်အခဲကို ခင်ဗျားတို့ဖန်တီးတာဘဲ။

နောက်တခုက ခင်ဗျားတို့ဟာ အပြစ်တွေ့ထားတဲ့ စည်းပွားရေးစနစ်ကိုတော့ဖျက်တယ်၊ အဲဒီစီးပွားရေး စနစ်ကြီးကို တည်တန့်အောင် ဆောက်တည်လှုပ်ရှားပေးနေတဲ့ အရင်းအမြစ် အခြေခံတွေကိုတော့ ပြောင်းလဲမဖြစ်ဖူး အားနာနေတယ်၊ ရက်စက်ရာကျမှာ စိုးနေတယ်၊ သူတို့ လုပ်တာကိုင်တာကြည့်မယ် ဆန့်ကျင်လာမှသင့်သလို ထုတ်တန်ထုတ်သစ်မယ်လို့ ခွင့်လွှတ်ထား တယ်။

အဲဒါ ခင်ဗျားတို့မပြတ်သားမှု ကြောက်ရွံ့မှု၊ အားနာမှု၊ ယန္တယားကြီးကို လည်အောက် လှည့်ပေးကြရတဲ့ အရာရှိချုပ်ရုံးကလူတွေ အကြောင်းကိုသိတယ်၊ မသိမဟုတ်ဖူး။

ဒီလူတွေဟာ ဖားလောင်းကောင်တွေ ဖားဖြစ်ပြီး ရေယက်တွေက ခြေလက်ဖြစ်လာသလို ပဲ သူတို့ဟာ ခေါင်းပုံဖြတ် စက်ယန္တယားကြီးကို လှည့်ပေးနိုင်ခွင့်ရတဲ့ ‘ဖား’အတန်းအစားဖြစ်ပြီး နေတဲ့အတွက် သာမန်လူအတန်းအစားလိုအမှန်ကို မြင်နိုင် ယုံနိုင်တဲ့ ငါးပြန်ဖြစ်ခွင့်မရတော့ဖူး မဖြစ်နိုင်တော့ဘူး ငါးတွေနဲ့ ရောယောင်ပြီး ရေထဲ ငုတ်ချင် ငုတ်နေလိမ့်မယ်၊ ဒါပေမယ့် သူတို့တတွေဟာ ဖားဘဲဖြစ်နိုင်တယ်၊ ဖားလိုဘဲခုန်နိုင်တယ်၊ ဖားလိုဘဲစားနိုင်တယ်၊ ငါးလိုမနေ နိုင်ကြဖူး။

လယ်သူစား မလယ်သူသွားတဲ့ စီးပွားရေးစနစ်ရဲ့ စက်ယန္တယားကိုလှည့်ပေးနိုင်ခွင့် ရတယ် ဆိုတဲ့လူမျိုးတွေဟာ ဖားဖြစ်ပြီးသားလို လူမျိုးတွေမှ လှည့်ပေးနိုင်ခွင့်ရတာ၊ အဲဒီလို လူမျိုးတွေမှ အရာရှိချုပ်ရုံးထဲမှာ အရာရှိချုပ်ဖြစ်နိုင်ခွင့်ရတာ သူတို့ဟာ ဘယ်တော့မှ ငါးပြန် မဖြစ်နိုင်ဘူး ဘယ်တော့မှလယ်သမား အလုပ်သမားတို့ရဲ့ အကျိုးစီးပွားရေးစနစ်မျိုးကို မယုံကြည် နိုင် ထူထောင်မပေးနိုင်ချင်ကြဘူး။

အဲဒါတွေကို ခင်ဗျားတို့မောင်းမထုတ်ဝံ့ခြင်းဟာလဲ ခင်ဗျားတို့ရဲ့ အုပ်ချုပ်ရေးသွေးကြော ထဲကို ပျက်စီးရာ ပျက်စီးကြောင်း ရောဂါပိုးတွေ လက်ခံသွင်းထားသလိုဘဲ။

ပီးတော့ ပိုဆိုးတဲ့ အချက်တခုကို ကျနော်မပြောချင်ဘဲနဲ့ ပြောရတော့မှာဘဲ။

ခင်ဗျားတို့ဟာ ယုံကြည်ချက်တခုကို တည်ဆောက်တဲ့အခါမှာ အမိန့်နဲ့ စည်းကမ်းနဲ့ ကြပ်ကြပ်မတ်မတ် ဆောင်ရွက်ရင် ရနိုင်လိမ့်မယ်လို့ ထင်တယ်၊

အမိန့်နဲ့စည်းကမ်းကို လိုက်နာမယ်ဆိုတာက လိုက်နာတဲ့ လူတွေရဲ့ အမြင်နဲ့ကိုယ်ကျိုး ပါတယ် ဒီအမိန့်ဒီစည်းကမ်းကို လိုက်နာယင် လိုက်နာရမှုနဲ့ ကိုယ်ကျိုးရမှုကိုလဲလိုက်ပြီး ကိုယ်ကျိုးရမှုက ပိုများလိမ့်မယ်ဆိုတာ ယုံကြည်ပြီးသားဖြစ်နေလို့ လိုက်နာတာ၊

တကယ်လို့ ဒီအမိန့်ဒီစည်းကမ်းတွေကို လိုက်နာမိယင် ဒို့အကျိုး ဒို့စီးပွားတွေကော ဆုံးရှုံးကုန်တော့မှာပါဘဲလို့ ယုံကြည်လာကြယင် ဘယ်သူကမှ အဲဒီအလုပ်ကိုမလုပ်တော့ဘူး မလိုက်နာကြတော့ဘူး။

ခင်ဗျားတို့ဟာ အဲဒီကိစ္စကို ခပ်ပေါ့ပေါ့တွေးပြီး ဒို့လုပ်ချင်တဲ့ ရွှေဝါပြည်ကြီးရဲ့ လူမှုစီးပွားရေး စနစ်ကြီးတခုလုံးကို အမိန့်နဲ့စည်းကမ်းနဲ့ ကွပ်ညှပ်ပြီးလုပ်သင်ပြောင်းလဲပေးယင် ပြောင်းလဲနိုင်းယင်ရမှာဘဲဆိုပြီး အလွယ်တကူ လုပ်ခဲ့ကြတယ်။

ခင်ဗျားတို့ရဲ့ အမိန့်စည်းကမ်း ဘောင်အတွင်းမှာ ရှိနေတဲ့လူတွေကို ယုံကြည်လာအောင် ပညာကိုအယင်မပေးဘူး။

. . . . ဒါမျိုးဟာ ပညာပေးဘို့ ယုံလာအောင်လုပ်ဘို့ အချိန်မရယင် အဲဒီမယုံကြည်တဲ့လူ တွေကို ကိုယ်အလုပ်လုပ်ရမယ့် စည်းဝိုင်းအတွင်းဘောင်အတွင်းက ပြုတ်ပြုတ်သားသားမောင်း ထုတ် ရဲရတယ်၊

. . . . အနည်းဆုံးဗျာ ယုံရကောင်းနိုးနိုး မယုံရကောင်းနိုးနိုးနဲ့ နောက်ကို အလားအလာရှိ နိုင်လိမ့်မယ်ထင်တဲ့ လူမျိုးတွေရှိယင်တောင် ခင်ဗျားတို့ရဲ့ အတွေးအခေါ်ပြောင်းလဲစေရေး လုပ်ငန်းမှာ တာဝန်ပေးအပ်ဆောင်ရွက်ဆေမှုတို့ကို မပြုလုပ်ကြရဘူး၊ သူတို့ကိုပညာပေးပြီး ယုံကြည်မှုရစေပြီးမှ တစတစစမ်းသတ်တာဝန်ပေးကြည့်ရတယ်၊

အခုတော့ ခင်ဗျားတို့ဟာ အဲဒီလိုမလုပ်ခဲ့ဘူး မလုပ်ရက်ဘူး အမိန့်နဲ့စည်းကမ်းရဲ့ ဘောင်အတွင်းကအလုပ်တွေကို လက်တွေ့အရင်ခိုင်း ပညာကိုနောက်မှပေးပြီး ယုံကြည်ချက်ကို က ဖြည်းဖြည်းသွင်းယူ ခင်ဗျားတို့က အဲဒီလိုလုပ်ကြတယ်။

. . . . ဒီတော့ ဘာဖြစ်သလဲ ခင်ဗျားတို့ရဲ့လုပ်ငန်းကြီးတခုလုံးဟာ သွေးမတိတ်တဲ့ ရောဂါ ရှိတဲ့လူတယောက် သမန်းမြက်တော ကိုင်းမြက်တောထဲကို တိုးနေသလိုဖြစ်နေတယ်။

. . . . . သွားရမယ့်လမ်းက အန္တရာယ်များတယ်၊ သမန်းမြက်ရွက် ကိုင်းမြက်ရွက်တွေဟာ ထိလိုက်ယင် မလွတ်အောင်ရှတတ်တယ်၊ လူကသွေးထွက်ယင် မတိတ်တဲ့ရောဂါရှိနေတယ်။

. . . . ထိပါး ရှမိသက်မိတာက ပြောပလောက်တဲ့ ဒဏ်ရာမျိုးမဟုတ်ဖူး လူတိုင်းသွားယင် လူတိုင်းအရှအသက်ခံရတဲ့လမ်း၊ ဒါပေမဲ့ ကိုယ်ထဲမှာသွေးမတိတ်တဲ့ ရောဂါကရှိနေတော့ တနေ ရာထဲ ပေါက်ပြဲသွားတာထက် အကုရခက်ပြီး ခြေထောက်နှစ်ဘက်လုံးသွေးချင်းချင်းစီးယိုရသလို ဒုက္ခရောက်ရသလို ခင်ဗျားတို့ရဲ့ စီးပွားရေးစနစ်ပြောင်းလုပ်ငန်းကြီးထဲမှာလဲ သွေးမတိတ်တဲ့ ရောဂါလက်ခံထားရသလို မယုံကြည်ရသေး၊ ပညာမပေးရသေးတဲ့လူတွေ လက်ခံထားမိလျက် သားဖြစ်နေတယ်။

. . . . အဲဒါဟာ ခင်ဗျားတို့မလုပ်ဝံ့မှု၊ မပြတ်သားမှု ခေါင်းဆောင်တွေလုပ်နေပြီး ခေါင်းဆောင်လိုမကျင့်ဝံ့မှုပေါ့။

. . . . အဲဒီတော့ဘာဖြစ်သလဲ အပြင်ကတကိုယ်ကောင်း မလုပ်ကြရဘို့ မကျေနပ်တဲ့တိုင်းသူ ပြည်သား အချောင်သမားစနစ်နဲ့ ခေါင်းမဆောင်ရတဲ့ နိုင်ငံရေးဆောင်ရွက်သူ အချောင်ခေါင်းပုံ မဖြတ်ရတဲ့ စီးပွားရေးသမား၊ ကိုယ်ကျိုးမရှာရတော့တဲ့ အမှုထမ်း၊ ကိုယ်တိုင်ဆောင်ရွက်နေကြရ တဲ့ လုပ်ငန်းကို

ကိုယ်တိုင်မယုံကြည်တဲ့ ခင်ဗျားတို့လူ တောတွင်းမှာတမင်မှုံးပြီး ကြီးစိုးနေနိုင် ကြတဲ့ ဆူပူသူ အဲဒီလူတွေအားလုံးဟာ ခင်ဗျားတို့ပြောင်းလဲလိုက်တဲ့ စီးပွားရေးစနစ်မအောင် မြင်သေးမီ စပ်ကူးမတ်ကူးအချိန်မှာ ဘယ်လိုမှ မရှောင်သာတဲ့ အကြပ်အတည်းရယ်။

အဲဒီလိုအတွေးအခေါ်နဲ့ ယုံကြည်ချက်တွေကိုပြောင်းလဲပစ်စ အချိန်တိုင်း ဘယ်နိုင်ငံကမှ အခွင့်အရေးမပေးခဲ့တဲ့ ဆန့်ကျင်ယုံကြည်ခွင့်နဲ့ ပြောခွင့်ရယ် အဲဒါတွေဟာ ကျနော်စောစောက ပြောခဲ့တဲ့ ရေကာတာကြီးက ရေပေါက်ကလေးထွက်ယိုခွင့် ပေးခဲ့သလိုပေါ့ဗျာ အဲဒီအခွင့်အရေး ပေးမှုတွေဟာ ပေါင်းစပ်လိုက်တော့ အဖြေဟာ ဘာထွက်လာသလဲဆိုယင် (နှစ်) နဲ့ (နှစ်)ပေါင်း တော့ (လေး)ဖြစ်သလို ခင်ဗျားတို့ဟာ ဘေးကြပ်နံကြပ် မရှုသာမရှိက်သာ ဖြစ်ကြရတော့မှာဘဲ ဆိုတဲ့ အဖြေထွက်တယ်၊ နောက်တခါ အဲဒီလိုဘေးကြပ် နံကြပ်ဖြစ်လာရတာနဲ့ နဲနဲဖြစ်မဲ့ဟာကို များများဖြစ်အောင် အမြတ်ထုတ်ချင်တဲ့ ကိုငကျိုင်းကောင်လို နိုင်ငံရေးသမားနဲ့ မြှောက်လိုက် တော့ နှစ်နဲ့ နှစ်မြှောက် လေးဖြစ်သလို လေးဘဲဖြစ်လာတာပဲ အဲဒီလေးဟာ ဘာလဲဆိုယင် ခင်ဗျားတို့ အားလုံးအပေါ်မှာ ပြားနေအောင် ပိပြီး လေးလာမဲ့ဆေးပဲ၊ ခင်ဗျားနားမလည်ယင်ထဲ နေတော့ အဲဒါဘဲ။

ဒါဟာ ခင်ဗျားတို့အတွက် လိုအပ်တဲ့ အရည်အချင်းအခုမပြည့်စုံလို့ ဖြစ်လာတဲ့ဖြစ်ရပ် ကျန်တဲ့အရည်အချင်းတွေမပြည့်စုံလို့ ခင်ဗျားတို့ခံကြရမယ့် ဖြစ်ရပ်တွေကိုတော့ ကျနော်မပြော တော့ဖူး ပြောယင်လဲမိုးလင်းသွားမှာဘဲ’

ငဆိုးထက်ခိုင်သည် ဗိုလ်မှူးချုပ် ငလုံးညီဘက်သို့ လှည့်ကြည့်လိုက်သည်၊

ဗိုလ်မှူးချုပ်ငလုံးညီကား တရှူးရှူးနှင့်အိပ်ပျော်နေလေပြီ။

ငဆိုးထက်ခိုင်သည် အိပ်ပျော်နေပြီဖြစ်သော ဗိုလ်မှူးချုပ်ငလုံးညီကိုကြည့်လျက် စိတ်မချမ်းသာဖြစ်နေ၏။

အဲလေ. . . . ဒီလူတွေဟာ ဒါမျိုးတွေ သူတို့နားထောင်ချင်ကြမှာမဟုတ်ပါဖူး ‘ဒါသူ့အပစ်မှ မဟုတ်ဘဲ ကိုယ့်အပစ်ဘဲဟု နေရာမှဖြေးညှင်းစွာထလျက် ပုလင်းရှိရာသို့သွား၏။

ထို့နောက် ရွှေဝါပြည်ဖြစ်အမျိုးသားချက်အရက်ကို သောက်ခွက်၌ထည့်ခါ ယူလာသည့် အရက်ကိုတကျိုက်ကျိုက်သောက်ယင်း ဗိုလ်မှူးချုပ်ငလုံးညီ၏ မျက်နှာပေါ်၌ ဝဲနေသောခြင်များ ကို စာအုပ်တအုပ်ဖြင့် ယပ်ခတ်မောင်းပေးသည် ဤအတိုင်းငြိမ်ငြိမ်သက်သက် အရက်သောက်၍ သုံးခွက်ခန့်ကုန်ပြီးသောအခါ ဗိုလ်မှူးချုပ်ငလုံးညီနိုးလာသည်၊

‘ဘယ်နှစ်နာရီမထိုးသွားပြီးလဲဗျ ကျုပ်အိပ်လို့ကောင်းလိုက်တာ အတော်အိပ်ပျော်သွား တယ်၊ အိမ်မှာဆိုယင်ဟိုစဉ်းစား ဒီစဉ်းစားနဲ့အိပ်လို့မရဘူး အိပ်ဆေးသောက်သောက်နေရတယ်။ ခင်ဗျားဆီလာရတာ ဟန်ကျတယ်ဗျာ သိပ်အိပ်လို့ကောင်းတာဘဲ. . . .’

‘ဟုတ်တယ် ခင်ဗျားတော်တော် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတာဘဲ ဘယ်အချိန်က အိပ်ပျော်သွားလဲဆိုတာတော့ ကျနော်မသိလိုက်ဘူး. . . .’

ငဆိုးထက်ခိုင်သည် ဣန္ဒြေမပျက်ပင် ပြောလိုက်၏။ ဗိုလ်မှူးချုပ်ငလုံးညီကလည်း မိမိအိပ် ပျော်သွားသည်ကို မကျေနပ်ပါပဲနှင့် တမင်မည်သို့မျှစိတ်မကောင်း မဖြစ်လေဟန်ပြု၍

ပြောခြင်း ကိုသိ၍၊ သူတို့နှစ်ယောက်ကား တယောက်အကြောင်းကို တယောက်သိနေကြသူများသာတည်း။

'အခုဘယ်နှစ်နာရီထိုးသွားပလဲဗျ. . .'

ဗိုလ်မှူးချုပ်လေးကအင်္ကျီကို ကျယ်သီးတပ်ရင်းမေးလိုက် ခြင်းဖြစ်၏။ ငဆိုးထက်ခိုင်သည် နေရာမှထလျက် အရက်ခွက်ထဲသို့ အရက်ထည့်ရင်း နာရီကိုကြည့်သည်၊ 'နှစ်နာရီဆယ့်ငါးမိနစ်' ဟုလှမ်းပြောလိုက်၏။

'အေးဗျာ အိပ်ရေးလဲဝသွားပါပြီ၊ ကျုပ်မှာ အလုပ်တွေရှိနေတယ် အိမ်ရောက်တာနဲ့ အဲဒီ အလုပ်တွေကို မိုးအလင်းထိုင်လုပ်ရမှာဘဲ ကဲ. . . သွားမယ်ဗျာ'

'ဟုတ်ကဲ့. . . .'

ငဆိုးထက်ခိုင်ကအရက်ခွက်ကိုချလျက် လိုက်ပို့၏။

စင်စစ်ဗိုလ်မှူးချုပ် ငလုံးညီက မိမိဤသို့ ပြုမူပြောဆိုလျှင် ငဆိုးထက်ခိုင်ကမခံမရပ်နိုင် ဖြစ်လျက် 'ခင်ဗျား ကျုပ်ပြောတာတော့ နားမထောင်ဖူး ကျုပ်စေတနာကို တန်ဘိုးမထားဖူး' ဘာညာနှင့် ပြောစေချင်၏။ သို့သော်ငဆိုးထက်ခိုင်က ဝမ်းထဲမှာအတော်ချည်း မကျေမနပ်ဖြစ် နေသော်လည်း တမင်မပြောဘဲထား၏။ ဘာမျှမဖြစ်သလို ပြုမူနေ၏။ သည်လိုနှင့်တယောက် နှင့်တယောက် စောစောကအရေးတကြီး စိုးရိမ်ကြီးစွာပြောနေကြသည့် ကိစ္စကို ဘယ်သူကမှ သတိမရကြသလို ဟန်ဆောင်ကြကာ ဗိုလ်မှူးချုပ်ငလုံးညီလည်း ငဆိုးထက်ခိုင်၏အိမ်မှပြန်သွား ခဲ့သည်။

## အခဏ်း ၈။

ဗိုလ်မှူးချုပ်ငလုံးညီပြန်သွားပြီးသည့်နောက် ငဆိုးထက်ခိုင်သည် ထိုသူတို့နှင့် နောက်ထပ် မတွေ့တော့ဘဲ အရက်ဆိုင်သို့ ချည်းရောက်နေ၏။

ငဆိုးထက်ခိုင်ကဲ့သို့သော အရက်သမားအဘို့ အရက်သောက်ရန်အတွက် အကြောင်းရှာ စရာ တခုရလျက်ရှိနေလေပြီ။

ထိုရရှိထားသော အကြောင်းကို ရိုးမယ်ဖွဲ့လျက် ငဆိုးထက်ခိုင်သည် ရွှေဝါပြည်၏ ပြည်သူ့အရက်ဆိုင်မှ မထွက်ဘဲနေကုန်နေခမ်းနေလေ့ရှိ၏။

ဤသို့အရက်ဆိုင်၌ထိုင်ရင်း မိုးသားကလေးတွေ အုံ့မှိုင်းသည့်နေ့တနေ့တွင် ထူးဆန်းသော သတင်းတခုပြီးတခု အဆက်မပြတ်ထွက်လာ၏။

ထိုသတင်းတို့ကား ဦးကံပေးကို ဗိုလ်ချုပ်ကြီးသန်မာက ခေါ်ယူဆွေးနွေးနေပြီ ဦးကံပေး ကို ရွှေဝါပြည်ပြန်အပ်တော့မည်ဟူသည့် သတင်းဖြစ်၏။

ထိုသတင်းအရှိန်မသေသေးမီ နောက်သတင်းတခုထွက်လာ၏။ ထိုသတင်းကား ဦးပြည့်ဝ နှင့် ဦးမြန်ထက်တို့က ခေါင်းဆောင်လျက် ဗိုလ်ချုပ်ကြီးသန်မာတို့လူ့ဟစုကို တိုက်ထုတ်မည်၊ တန်ပြန်တော်လှန်ရေးလုပ်မည်ဟူသော သတင်းဖြစ်၏။

အဆိုပါသတင်းသည် ငဆိုးထက်ခိုင်၏အိမ်ပေါ်သို့ တက်ရောက်လာ၏။

သတင်းယူလာသူကား ဦးပြည့်ဝတို့၏ အတရလဖ အဖွဲ့နှင့် ပြိုင်ဘက်အဖွဲ့မှဖြစ်သည်။ ငဆိုးထက်ခိုင်က မဖြစ်နိုင်ဟုငြင်း၏။ ဦးပြည့်ဝတို့၏ အတရလဖ အဖွဲ့၌ လက်နက်ကိုင်လိုသူ တယောက်မျှမရှိ၊ ဦးပြည့်ဝတို့ကို ကပ်ပါးရပ်ပါးပြုလျက်

အခွင့်အရေးတောင်းမည့်သူ၊ ကုန်သွယ်မှု လက်မှတ် တောင်းမည့်သူများသာ ရှိကြကြောင်းကို ငဆိုးထက်ခိုင်သိ၏။

သတင်းကြားရဖန်များသော်လည်း ငဆိုးထက်ခိုင်မယုံ၊ စုံစမ်းကြည့်ပြန်သောအခါ ဦးပြည့်ဝ တို့သည် အဖေါ်များနှင့်စိတ်လက်ပျောက် အပျော်ဖဲကစားနေရသောကြောင့် နေရောညပါ အိပ်ရေးပျက်နေကြသည်ကိုသာ တွေ့ရ၏။

'ခင်ဗျားတို့ကတော့ အေးနေပါကော ရွှေဝါပြည်တပြည်လုံးမှာတော့ အဲဒီသတင်းတွေဖြစ် နေဘီခင်ဗျ. . . '

'ဒို့လဲကြားသားဘဲကွ ဒီသတင်းတွေက ဒို့ကိုသောက်မြင်ကပ်နေတဲ့ အစိုးရနဲ့ အစိုးရနား ကပ်ပြီး မျက်နှာရမလားလို့ သွားသွားဆွန်းတဲ့အဖွဲ့တွေက အထင်နဲ့လုပ်ကြံပြီး လွှင့်တဲ့ သတင်းတွေဘဲ. . . '

'ခင်ဗျားတို့ တပည့်တွေထဲကလဲ ပြောနေတယ်လို့ ကြားတာဘဲ. . . . '

'တချို့ကောင်တွေပြောချင် ပြောကြမှာပေါ့ကွာ သူတို့လဲ ပြောစရာ လုပ်စရာအလုပ်မရှိ ကြဘူးမှတ်လား၊ ဒါပေမယ့်သူတို့ကတော့ စပြောတာမဟုတ်ဖူး ငါပြောရဲတယ်၊ သတင်းဖြစ်လာမှ ဝမ်းသာအားရနဲ့ဖိပြောနေတာဖြစ်ကြလိမ့်မယ် တချို့ကောင်တွေ ငါဒို့ကိုလာမေးသားပဲ ကျနော်တို့ ဘာတွေဆောင်ရွက်ရမလဲလို့. . . .

ငါကပြန်ဖြေသားဘဲ ဒို့ဘာလုပ်စရာလိုလဲ၊ ဒို့ကိုယ်စားလုပ်နေတဲ့လူတွေရှိသားဘဲ၊ ဒို့လူမှု ရေး၊ ရပ်ရေးရွာရေးလုပ်ပေ့ါ။ အေးသူတို့လုပ်လို့ မဖြစ်ကြတဲ့အချိန်ရောက်ယင် လာပါကူလုပ်ပါ အုံး လို့ပြောလိမ့်မယ် အဲဒီအခါကျတော့ ဒို့ကဖြစ်တဲ့နည်းနဲ့ ဖြစ်အောင်လုပ်ပေ့ါ၊ အဲဒါဘဲ သူတို့ လဲ ဒို့ရဲ့ ရဲဘော်ရဲဘက်တွေဘဲ လုပ်ကြပေစေလို့ ပြန်ပြောရတာဘဲကွ' ဦးမြမြန်ထက်ကမူ ဤသို့ မဟုတ်။

'ဟော့–ငဆိုးထက်ခိုင် မင်းငတို့ကိုဖမ်းဘို့ လာကြည့်တာလား'ဟု ကြို့တင်မေး၏။

အပြင်၌ဖြစ်နေသမျှ သတင်းအားလုံးဆိုလိုတို့ကို ဦးဦးဖျားဖျား ကြို့တင်ပြော၏။

'ဘယ့်နဲ့လဲ မင်းကိုခေတ်သစ်ရွှေဝါပြည်အဖွဲ့က လခဘယ်လောက်ပေးထားသလဲ၊ ဒို့ကအများချည်း ပိုပေးမယ် လုပ်မလား မင်းလုပ်မယ်ဆိုယင် ဒို့ရဲ့တန်ပြန်တော်လှန်ရေး တပ်မတော်ကြီးမှာ ဒုတိယသေနာပတိခန့်မယ်. . . '

. . . . မင်းရဲ့ ပထမဆုံးလုပ်ရမယ့် အလုပ်ကတော့ တန်ပြန်တော်လှန်ရေးတပ်မတော်ကြီးရဲ့ ခဲယမ်းမီးကျောက် စုဆောင်းရေးလုပ်ငန်းပေ့ါကွာ၊ တနေ့တနေ့ကို လောက်စာလုံး တသောင်းရ အောင်လုံးရမယ်။ ပီးတော့ ငဒို့အတရလဖ တန်ပြန်တော်လှန်ရေး တပ်မတော်ကြီးရဲ့ ပထမ သေနာပတိချုပ်ကြီး ငငြိမ်သိမ်အတွက် နှလုံးမတုန် ရင်မခုန်နိုင်အောင် တလုံးသုံးဆယ်လောက် တန်တဲ့ ထိုးဆေးက တနေ့ငါးလုံး ရအောင်ရှာပေးရမယ်. . . .

ဒို့သေနာပတိချုပ်ကြီးက လေ့ခါးဆယ်ထစ်လောက်တက်လိုက်ယင် နှလုံးတုန်ရင်ခုန်ပြီး မောတယ်မှုးတယ်၊ သူ့အိမ်ကလှေခါးဆယ့်သုံးထစ်လောက်ရှိတော့ ဆင်းတိုင်းတက်တိုင်း နှလုံး တုန်ရင်ခုန်လာတယ်မှတ်လား၊ အဲဒီတော့ အဲဒါပျောက်အောင် တနေ့ဆေးငါးလုံးလောက်ထိုးပေး မှ အဲဒါဒုသေနာပတိရဲ့ တာဝန်ပေ့ါ လခကတော့ တနေ့ရွှေဝါပြည်သုံးပြားရေ အစိတ်ပေးမယ် အဲဒါဆိုယင် ကိုယ်တို့ဝန်ကြီးဟောင်း သခင်ပဝင်းရဲ့ နေ့စဉ်သုံးစရိတ်ထက် အများကြီးပိုတာပေ့ါ လုပ်မယ်မဟုတ်လား. . . . '

ဦးငမြန်ထက်သည် ဤသို့ရှင်းပြပြဆီးကြိုပြောဆို၏။ ငမြန်ထက်၌ လူတစုံတယောက် ကို လှောင်ပြောင် သရော်ထားသော မထီတရီစိတ်ဓါတ်ရှိ၏။ ဤစိတ်ဓါတ်ကြောင့်လည်း ဂျောက်တွန်းလိုသူများက အတည်ပေါက်ပြ၍ ဂျောက်တွန်းတိုင်း ဂျောက်အကျခံရသည့် အကြိမ် ပေါင်းလည်း မနည်းလှ။

ထို့ပြင် စိုးရိမ်စိတ်များသူလည်း ဖြစ်တတ်သေး၏။ ငါ့ကိုဒီလိုများထင်မလား ဒီလိုများ ပြောမလား ဒီလိုများလုပ်မလားဟုထင်တတ်၏။ ဤသို့ထင်လာသည်ကိုလည်း ရယ်စရာအဖြစ်နှင့် ဖွင့်ထုတ်ပြောတတ်၏။

ထို့ကြောင့်မဟုတ်လျှင် ဦးငမြန်ထက်သည် ငဆိုးထက်ခိုင်ကိုတွေ့လျှင်တွေ့ခြင်း. . .

'ဘယ့်နှယ့်လဲ ခင်ဗျားကျုပ်တို့ကိုဖမ်းရအောင် လာကြည့်တာလား ခင်ဗျားတာဝန်က ဖမ်းပေးရုံဘဲလား၊ သတ်ပေးဘို့ကော အမိန့်မရသေးဘူးလား'ဟုမေး၏။

ဤတွင် တယောက်အကြောင်း တယောက်သိပြီးဖြစ်သော ငဆိုးထက်ခိုင်သည် ဦးငမြန် ထက်ကို ခပ်တည်တည်ပြုံးကြည့်၏။

'ဖမ်းတော့ဖမ်းမလို့ပဲ ဒါပေမဲ့ ခင်ဗျားတို့က ဖမ်းရဆီးရလောက်အောင် အထင်ကြီးစရာ ကောင်းတဲ့လူတွေထဲမှာမပါသေးလို့ ဘယ်သူကိုမှ စိတ်ကူးရဟန်မတူဘူး'ဟု ပြန်ပြော၏။

ဤလိုနှင့်ငဆိုးထက်ခိုင်သည် ဤသတင်းများတခုမှမဟုတ်မဟုတ်မှန်ကြောင်းကို သိလာ ၏။ သို့သော် သတင်းကားမရ၊

နောက်ထပ် အသစ်အသစ်တွေ ဖြစ်လာသည် ဈေးထဲ၌ဖြစ်သောသတင်းနှင့် ကုန်သည် ရပ်ကွက်တို့တွင် ဖြစ်သောသတင်းတို့ကား ကြောက်မက်ဖွယ်ကောင်းလောက်အောင် ဆိုးဝါး၏။

နယ်တွေ၌ အုပ်ချုပ်ရေးသည်၎င်း ဆူပူသူတို့၏ဘေးရန်သည်၎င်း၊ ယခင်အထက်အထက် ကအတိုင်းဆင်ရှိ၏။ မည်သို့မျှထူးခြားမှု ပြောပလောက်အောင်မရှိ။

သို့သော် အုပ်ချုပ်ရေးဘက်မှ အရာရှိတို့ကမူ ယခင်ကထက်ပို၍ အာဏာကိုသုံးလာ၏။

'ဒါ ရီးတီးယားတား မအောင့်မေ့နဲ့နော်၊ ဗိုလ်ကြီးတွေအမိန့် ဘာအောက်မေ့လဲတခါ တည်း ဖမ်းချုပ်လိုက်မယ်'ဟူ၍၎င်း၊

'ဒါ. . ကျုပ်တို့လုပ်တာမဟုတ်ဖူး၊ ဗိုလ်ကြီးတွေခိုင်းတာဗျ၊ ကျုပ်တို့တော့ မတတ်နိုင်ဘူး'ဟူ ၍ ၎င်းနေရာတိုင်း၌ ကြားနေရ၏။

ဤသို့ဖြစ်နေဆဲလုပ်ငန်းမှန်သမျှ အားလုံးတို့က အစိုးရကသိမ်းတော့မည်ဟူသော သတင်းဖြစ်လာပြန်၏။ ထိုသတင်းနှင့်အတူလိုလို ရွှေဝါပြည်ခေတ်သစ်အစိုးရသည် ရွှေဝါပြည်ရှိ ဘဏ်လုပ်ငန်းအားလုံးတို့ကို သိမ်းပစ်လိုက်လေသည်။ ကုန်သွယ်မှုစနစ်ကိုလည်း အစိုးရက ချုပ်ကိုင်မှန်းမသိ ချုပ်ကိုင်ထားစဖြစ်၏။

ကုန်စိမ်းဖြန့်ချိရေးနှင့်ပဲပြုတ်သယ် သမဝါယမ တို့ကိုလည်း ကူညီလုပ်ဆောင်ပေး၏။

'ကဲ. . . မပြောဘူးလား အခုလုပ်နေဘီ သိပ်မကြာတော့ဖူး ရွှေဝါပြည်အစိုးရဟာ ရွှေဝါပြည် တခုလုံးကို ကွန်မြူနစ်တိုင်းပြည် ထူထောင်တော့မှာဘဲ အခုတောထဲက ဆူပူသူတွေတောင် ကြိုက်သလိုဝင်လာကြဘို့ အလျှော့ပေးပြီး ခေါ်တော့မယ်တဲ့'

ထိုသတင်းသည် ရွှေဝါပြည်ကုန်သည်ပိုင်း ဘာသာရေးပိုင်းနှင့် အချို့သော နိုင်ငံရေး သမားပိုင်းရပ်ကွက်တို့၌ တောမီးလောင်သလို အရှိန်ပြင်းစွာချက်ခြင်း ပြန့်ပြန့်ကျယ်ကျယ် ကူးစက်ပြောဆိုလာကြ၏။

ရွှေဝါပြည်သားကုန်သည်များ၊ ရွှေဝါပြည်သား ဗုဒ္ဓဘာသာ ဘုန်းကြီးများ ကျန်သော ခရစ်ယံဘုန်းကြီးများနှင့် မိုစလင်မော်လဝီဆရာကြီးများအဘို့ မကျေမချမ်း မပြောမပြီးနိုင် လောက်အောင်ရှိနေကြ၏။ ရွှေဝါပြည်ရှိ နိုင်ငံခြားကုန်သည်ကြီးများကမူ နာကျည်းမှုမကျေနပ်မှု တို့ကိုပင် မပြောနိုင်ကြတော့ မိမိတို့၏ လုပ်ငန်းစီးပွားရပ်တို့ကို မိမိတို့နိုင်ငံသို့ ပါနိုင်သမျှပါ အောင်မည်သို့ သယ်ယူသွားရပါမည်နည်း မိမိတို့၏ ကြွင်းကျန်ရစ်သော စီးပွားများကို ရွှေဝါပြည် အား ပျက်စီးရာ ပျက်စီးကြောင်းဖြစ်လေအောင် မည်သို့ထောင်ချောက်ဆင်ထားခဲ့ရပါနည်းဟု သုံးမှုဆိတ်ငြိမ်သော မျက်နှာဖြင့် နည်းလမ်းမျိုးစုံရှာကြံနေကြ၏။

ထိုစဉ်၌ သတင်းတခုထပ်ဆင့်ဖြစ်လာ၏။ ထိုသတင်းကား ဦးကံပေး၏လက်ရုံးကြီးများကို ရွှေဝါပြည် ခေတ်သစ်အစိုးရက ကြိုတင်လွှတ်ပေးမည်။

ဤသို့ ကြိုတင်လွှတ်ပေးရန်အတွက် ဦးကံပေးနှင့် ဗိုလ်ချုပ်ကြီးသန်မာတို့ ရွှေဝါပြည်၏ နန်းတော်ဟောင်းကြီးထဲ၌ ဆွေးနွေးနေကြသည်မှာ ခြောက်ရက်ရှိပြီဟူသော သတင်းဖြစ်၏။ ထိုသတင်း၏ နောက်ဆက်တွဲကား ရွှေဝါပြည်သည် ရွှေဝါပြည်တွင်းရှိ လက်ဝဲဆူပူသူများကို လိမ်လည်လှည့်ဖျား ခေါ်ယူချေမှုန်းပြီးနောက် ဦးကံပေးကို လွှတ်ပေးလိုက်ပြီးလျှင် ကမ္ဘာ့လကျာ် အုပ်စု၏အကူအညီကို အတိအလင်းယူတော့မည်ဟူသော သတင်းဖြစ်၏။

ထိုသတင်း၏ ဖြစ်ပွားရာအရပ်ကား ကမ္ဘာ့ငြိမ်းချမ်းမှုကို ထိန်းသိမ်းရန် အတွေးအခေါ် မတူသူတို့နှင့် လက်တွဲသွားလိုသော အလုပ်သမား လယ်သမားအကျိုးပြု တိုင်းပြည်၏အင်္ဂွေဝါသိ က တပည့်ကျော်များရှိရာ ရွှေဝါပြည်သားစစ်စစ်တို့၏ ရပ်ကွက်၌၎င်း. . . .

အတွေးအခေါ်မတူသူတို့ကို သတ္တိရှိရှိ တိုက်ပစ်ရမည်ဟုဆိုနေကြသော အလုပ်သမား လယ်သမားအကျိုးပြု တိုင်းပြည်၏ အင်္ဂွေဝါသိက တပည့်ကျော်များရှိရာ ရွှေဝါပြည်သားစစ်စစ် တို့၏ ရပ်ကွက်၌၎င်း အဆိုပါသတင်းဖြစ်ပွားလာ၏။

ထိုတိုင်းတပါးသားတို့၏ တပည့်တပမ်းဖြစ်နေကြသော ရွှေဝါပြည်သားစစ်စစ် အဖွဲ့နှစ်ဖွဲ့ သည် မိမိတို့၏ ခေါင်းဆောင်တိုင်းပြည်ဆရာကြီးများ မသင့်မြတ်ကြသည်နှင့်အမျှ ရွှေဝါပြည် တွင်း၌လည်း မိမိတို့အဖွဲ့အချင်းချင်း မတည့်ကြ မသင့်မြတ်ကြသော်လည်း ခေတ်သစ်ရွှေဝါပြည် အစိုးရကို မျက်ကွယ်တွင်ရှုတ်ချရာ၊ သွားပုတ်လေလွင့်ပြောရာ၊ အရပ်သတင်း ဈေးသတင်းပြော ရာ။ ကြားရာ၌တာထပ်တည်းဖြစ်၏။ သဘောချင်းတူညီတိုက်ဆိုင်ကြ၏။

ထိုသူတို့သည် မိမိတို့ကြားရပါသည်ဆိုသော ဖော်ပြပါအရပ်သတင်း ဈေးသတင်းကို အကြောင်းပြုလျက်။

'ဒီသတင်းဟာဖြစ်နိုင်တယ်၊ မှန်နိုင်တယ်၊ ခေတ်သစ်ရွှေဝါပြည်အစိုးရဟာ လူတန်းစား မမှန်ဘူး၊ လူလတ်တန်းစားစစ်အာဏာရှင်အဖွဲ့သာဖြစ်တယ် သူတို့ဟာ သူတို့အထဲကတချို့ တလေက လယ်သမား အလုပ်သမားတွေအပေါ်မှာ ကာယကံမြောက်အကျိုးပြုတဲ့ စေ့ဆော်မှု

မျိုးရှိကောင်းရှိပေမယ့်၊ သူတို့အထဲကအများစုဟာ ရွှေဝါပြည်ရဲ့လယ်သမား အလုပ်သမားတို့ အပေါ်မှာ ကြိုးကိုင်ချယ်လှယ်ပြီး ကိုယ်ကျိုးရှာဘို့ ဦးတည်ချက်ပြုနေကြတယ် . . . .

. . . ဒါကို သူတို့ရဲ့ အခုလိုမှားယွင်းမှုကို ငါတို့ကဲ့သို့သော မှန်ကန်သည့် မှန်ကန်သည့် ကမ္ဘာ့လက်ဝဲအင်အားစုက ဦးဆောင်ပညာပေးသွားဘို့ စိတ်ရှည်ရှည်နဲ့ သိမ်းသွင်းဆွဲဆောင်သွား ဘို့ သူတို့ရဲ့အမှားတွေကို ရဲရဲရင့်ရင့်သတ္တိရှိရှိ ညွှန်ကြားသွားဘို့တာဝန်ရှိတယ်၊ ဒီတာဝန်ကို ထမ်းဆောင်တဲ့ နေရာမှာ ငါတို့တတွေဟာ မဆုတ်မနစ်တဲ့ လုံ့လနဲ့သံမဏိစိတ်ဓါတ်မျိုးသွင်းပြီး အောင်မြင်ချက်ရရှိသည်အထိ ကြံ့ကြံ့ခိုင်ခိုင်ဦးဆောင်မှုပြုရမယ်' ဟုဆို၏။

နောက်တဦးကလည်းဟုတ်သည် သည်အစိုးရသည် စစ်အာဏာရှင် ဖောက်ပြန်ရေးအစိုး ရသာဖြစ်သည်။ လက်တွေ့အားဖြင့် လက်ဝဲဖြူဝါဒီတို့ထက် ရုပ်အသွင်အပြင်ကောင်းသော အမှန်ဘက်သို့တိမ်းလုလုရှိသော လူလတ်တန်းစားစစ်ဝါဒီဖောက်ပြန်ရေးသမားတို့ဖြစ်သည်၊ ငါတို့၏ မဟာလက်ဝဲနီ ဝါဒကိုကျောပြုနေသူများဖြစ်သည်။

ထို့ကြောင့် သင်းတို့၏စီးပွားရေးပိုင်ဆိုင်ရာ တာဝန်ခံဟူသမျှတို့သည် လယ်သမားအလုပ် သမားတို့ကို အကျိုးပြုလိုသောစိတ်မရှိ အစွယ်ငေါငေါပြူးသော သွေးစုတ်ကောင်ရုပ်ပေါ်နေ၏။ သင်းတို့၏ပြည်သူ့ဆိုင်ပြည်သူ့စီးပွားရေးလုပ်ငန်းအရပ်ရပ် တာဝန်ခံဟူသမျှတို့၏ စာရင်းကို ကောက်ယူကြည့်၊ ထိုသူတို့၏ တနှစ်အတွင်းသုံးသောငွေ၊ ဆောက်သောတိုက် စီးသောကား ဆွေမျိုးတို့လုပ်သော အလုပ်တွေကို လိုက်လျှင် သင်းတို့၏ဘဝသရုပ်ကို မျက်နှာဖုံးခွာကြည့်သလိုက် ဘိသို့ အထင်းသားမြင်နိုင်၏။

သင်းတို့သည် ရွှေဝါပြည်ကြီး သက်သာချောင်ချိရေးကို မျက်နှာဘမ်းပြုလျက် လုပ်ငန်းဟူ သ၍တို့ကို လက်ဝါးကြီးအုပ်ထားသော ပါတီအာဏာရ အရင်းရှင်ကြီးတွေဖြစ်လာကြမည့် သရုပ် ပျက် လူတန်းစားတရပ်သာဖြစ်သည်၊ သည်လို လူတန်းစားမျိုးသည် ပါးစပ်ကအသံကောင်း အမျိုးမျိုးကို အူသံပေါက်အောင် ဟစ်နေသော်လည်း လက်တွေ့အားဖြင့် ရွှေဝါပြည်ကြီး၏ ရွှေတွင်း ငွေတွင်း ပယင်းဒုတ္တာရတနာမျိုးတို့နဲ့တကွ သမီးကညာတွေကိုပါ လက်ဝါးကြီးအုပ် သိမ်းပိုက် ထားမည့်သူတွေ ဖြစ်သောကြောင့် ငါတို့မဟာလက်ဝဲနီဝါဒကို လက်ခံကျင့်သုံးထားသူ တိုင်းက သင်းတို့ကိုမျက်ခြေမပြတ် ကြည့်လျက် နေရာအသီးသီးတို့ကို အစိတ်စိတ်ခွဲ၍ အမှည့် ချွေချွေပစ်နိုင်အောင် ကြိုးစားရမည်၊ ငါတို့သည် မြေနေရာအခြေခံအကောင်းဆုံးသော အရပ်၌ တပ်စိုက်လျက် သင်တို့ကိုဒူးနှင့်တိုက်နိုင်အောင် မဟာဝီရိယဖြင့် ရုပ်ဝါဒဆန်ဆန် လုံ့လပြုရမည်။ ငါတို့သည် ရွှေဝါပြည်တပြည်လုံးကို အလင်းရောင်ပေးလျက် သင်းတို့၏မျက်နှာဖုံးကို ချွတ်ခွာချ ပြနိုင်သောအခါ မြေပေါ်မြေအောက် ဝိုင်းညှပ်လျက် ကျောတရာရင်တရာရိုက်ခတ်ပြီး သင်းတို့ နှင့်တကွ သင်းတို့အယူအဆကိုပါ ခွေးရေအိတ်၌အလုံပိတ်လျက် ရေဆိတ်ချဖြောက်ဖျက်ပစ်ရ မည်ဟုဆိုလာ၏။

ထိုသို့ပြောဆိုကြိမ်းမောင်းနေကြဆဲ၌ပင် ရွှေဝါပြည်အစိုးရနှင့် တောတွင်းဆူပူသူခေါင်း ဆောင်အချို့ တိတ်တဆိတ်တွေ့ဆုံ ဆွေးနွေးနေကြပြန်ပြီဟူသော သတင်းတခုထွက်လာသည်။

ထိုသတင်းသည် ရွှေဝါပြည်ကို လွှတ်တော်စနစ်ဖြင့် အုပ်ချုပ်ရမည်ဟု ယုံကြည်ယူဆထား သော အတရလဖ အနီနှင့် အတရလဖ အဝါဖွဲ့တို့ရှိရာ ရပ်ကွက်က ထွက်ပေါ်လာသောသတင်း ဖြစ်၏။

ထိုသတင်းနှင့်အတူ ရွှေဝါပြည်သူပြည်သားတို့သည် ထောင်သားတွေကဲ့သို့ တပြည်ထောင်လုံးနေကြရတော့မည်။ ရွှေဝါပြည်၌ သာသနာဘာသာ အနုပညာတွေပါ ဆိတ်သုဉ်းတော့ မည်ဟုသော သတင်းပါ ဝမ်းနည်းပက်လက်ပေါ်ထွက်လာ၏။ မကြာမတင်က ဂြိုဟ်ကြီး ၉လုံးပူး ခြင်းသည် ရွှေဝါပြည်ကြီးအတွက် ပျက်စီးရန် နိမိတ်ပင်ဖြစ်သည်။ ထိုနိမိတ်အတိုင်း ရွှေဝါပြည်၏ ရန်အောင်မြို့တော်တွင် ရွှေဝါပြည်သားခေါင်းဆောင်ကြီး ၉ယောက်ဆုံမိပြီးကြသောအခါ ရွှေဝါပြည်ကြီးပျက်မည့်နေ့ ဖြစ်မည်။ သူတို့သည် သတိလက်လွတ်ဖြစ်ကြလျက် အကြောင်းမဲ့ အချင်းချင်းတိုက်ခိုက်သတ်ပုတ်ကြလိမ့်မည်။ ထိုကပ်ဆိုးကြီးမှ လွတ်မြောက်ရန်အတွက် ရွှေဝါပြည်ကို လွှတ်တော်စနစ်ဖြင့် အမြန်ဆုံးပြောင်းလဲ အုပ်ချုပ်ရမည်။ ရွှေဝါပြည်အလုပ်သမား လယ်သမားနှင့် ကုန်သည်တို့ကို ပျော့ပြောင်းစွာ ချုပ်ကိုင်ရမည်။ လာလတ္တံ့သော ဘေးဆိုးကပ် ဆိုးကြီးမှ လွတ်ရန် ရွှေဝါပြည်ကြီးတခုလုံး ကြွက်ကြွက်နေအောင် တနိုင်ငံလုံးချီ၍ ဂြိုဟ်ကြီး၉လုံး အစာကြွေးပစ်ရမည်ဟု တိုးတိုးကြိတ်ကြိတ်ပြောလာကြ၏။

အရပ်ထဲဈေးထဲတွင် မိန်းမတွေအပြောဆုံးဖြစ်၏။ ထို့နောက်ကား စာရေးစာချီနှင့် ကုန်သည်တို့ငှင်း အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အရာရှိငယ်များနှင့် ရွှေဝါပြည်အရာရှိချုပ်ရုံးမှ အရာရှိ ချုပ်များသည်ငှင်း၊ စစ်ဗိုလ်စစ်သား အငယ်စားများနှင့် အချို့သော စစ်ဗိုလ်အကြီးစားများသည် ငှင်း၊ သက်သက်လွတ် စားခြင်းအရက်သေစာရှောင်ကြဉ်ခြင်း ဂုဏ်တော်ပုတီးစိတ်ခြင်းများကို ပြုလုပ်လာကြ၏။

ထိုသို့ပြုလုပ်နေကြဆဲ ရွှေဝါပြည်တပြည်လုံး မျက်လုံးပြူးလောက်သော အဖြစ်တခု ဖြစ်ပွားလာ၏။ ထိုအဖြစ်ကား ဈေးသတင်း ပါးစပ်သတင်းမဟုတ်ဘဲ တကယ်ဖြစ်ပွားလာသော သတင်းဖြစ်၏။ ထိုသတင်းကို အစိုးရသတင်းဌာနနှင့် အစိုးရ၏ အသံလွှင့်ရုံမှချက်ခြင်း အတည်ပြုကျေညာပေး၏။

ရေဒီယိုရှိသော ရွှေဝါပြည်သားတို့သည် ထိုသတင်းမလာမီအချိန် တနာရီခန့်စောလျက် ရွှေဝါပြည်ရေဒီယို၏အနီး၌ထိုင်စောင့်၏။ ရေဒီယိုမရှိသော ရွှေဝါပြည်သားတို့ကမူ ရေဒီယိုရှိ သော အိမ်တိုင်းအိမ်တိုင်းတို့၏ရှေ့၌ တယောက်နှင့်တယောက်ပူးကပ်ကာ တိတ်တိတ်ဆိတ်ဆိတ် ထိုင်စောင့်နေကြ၏။ ထိုသူတို့သည် အချိန်နှစ်နာရီခန့်စောစွာ နေရာယူ ထိုင်စောင့်နေကြခြင်း ဖြစ်၏။ ရွှေဝါပြည်၏ ရာသီဥတုသည်လည်း ထိုသူတို့နှင့်အတူ ထိုင်းမှိုင်းသောအသွင်ဖြင့် ရေဒီယို သတင်းကို ရောနှောစောင့်ဆိုင်းနားထောင်ဘိသကဲ့သို့ တိတ်ဆိတ်မှုံမှိုင်း၏။ လေကလည်းငြိမ်လှ လေသည်။

ရွှေဝါပြည်သူလူထုတရပ်လုံး သိရှိရန် ရွှေဝါပြည်၏အစိုးရ သတင်းဖြန့်ချီရေးဌာန အောက်ပါသတင်းတရပ်ကို ကျေညာသည်၊

ရွှေဝါပြည်၏ သေနာပတိချုပ် ဗိုလ်ချုပ်ကြီး သန်မာသည် ခေတ်သစ်ရွှေဝါပြည်အုပ်ချုပ် ရေးခေါင်းဆောင်အဖွဲ့၏ ဥက္ကဋ္ဌအဖြစ်မှငှင်း

ရွှေဝါပြည်စစ်တပ်မတော်၏ သေနာပတိချုပ် ဗိုလ်ချုပ်ကြီးအဖြစ်မှရင်း၊ ခေတ်သစ်ရွှေဝါပြည် အုပ်ချုပ်ရေးခေါင်းဆောင်များအဖွဲ့၏ သဘော တူညီချက်အရလွှန်ခဲ့သည့် ခြောက်နာရီခန့်က နုတ်ထွက်လိုက်သည်။

ရွှေဝါပြည်၏ ရေဒီယိုသတင်းသည် ထိုမျှသာဖြစ်၏။ ရေဒီယိုနားထောင်နေကြသော ရွှေဝါပြည်သူပြည်သားတို့သည် ထိုထက်ပိုသိချင်ကြ၏။ သို့သော်ရွှေဝါပြည်၏အသံလွှင့်ရုံမှ ထို့ထက်ပို၍ ကျေညာမပေး။

နားထောင်နေကြသူတို့သည် တယောက်နှင့်တယောက် ဗြုံးကနဲစကားမပြောနိုင်ကြဘဲ ရေဒီယိုရှိရာအိမ်ရှေ့မှ တိတ်တိတ်ဆိတ်ဆိတ် ထွက်ခွာသွားကြ၏။ အချို့ကမူ နောက်ထပ်အပြည့် အခံများ ကျေညာအုံးမလားဟု ဖွဲကောင်းစွာဖြင့် ရေဒီယိုရှိသော အိမ်ရှေ့မှမထပဲ ဆက်လက် နားထောင်နေကြ၏။ ရွှေဝါပြည်၏မိုးကောင်းကင်ကလည်း ထုံထိုင်းအုံ့မှိုင်းဆဲ ရှိသေး၏။

ရွှေဝါပြည်၏သတင်းစာတိုက် အသီးသီးတို့သည် ခေတ်သစ်ရွှေဝါပြည်အုပ်ချုပ်ရေး အစိုးရတက်လာမှ အစိုးရသည် ချုပ်ချယ်လွန်း၏။ သတင်းရေးစရာမရှိ။ သတင်းစာတိုက်ထော ရပ်ပစ်ရတော့မည်ဟု အချို့ကတိုးတိုးအော်၏။ အချင်းချင်းတွေ့မှပြောကြ၏။ အချို့ကအများ ကြားလောက်အောင် သတင်းလွှင့်လျက်အစိုးရနှင့်တွေ့လျှင် အားကြီးကောင်း သိပ်ကောင်းဟု အစိုးရကို ပြော၏။ အချို့က အစိုးရကို ပြောင်တိုက်ခိုက်ပြော၏။

အစိုးရကမူ ကျုပ်တို့သည် သတင်းစာတို့ကို ချုပ်ချယ်ခြင်းမဟုတ်ပါ တိုင်းပြည်တပြည်၏ သိက္ခာရှိသောအစိုးရပြီပြီ တိုင်းပြည်ကိုမထိခိုက်လာစေရန် စည်းကမ်းကို ထိန်းသိမ်းခြင်းသာဖြစ်ပါ သည်ဟုဖြေဆို၏။

ထိုသို့ ဖြေဆိုနေကြချိန်၌ပင် သတင်းစာတို့အတွက် သတင်းမရှိပါဖူးဟု ပြောနေဆဲ ရွှေဝါပြည်အတွင်း၌ ထူးခြားသောသတင်းတို့သည် တခုပြီးတခု စောင့်မနေပဲအထပ်လိုက်အပုံ လိုက် အလုအယက်ဖြစ်ပေါ်နေကြ၏။ နေ့စဉ်ဖြစ်နေကျအကြောင်း အရာပင်လျှင် ဖြစ်ရိုးဖြစ်စဉ် မဖြစ်ဘဲ ထူးခြားဆန်းကျယ်စွာဖြစ်၏။

ရွှေဝါပြည်၏ ရန်အောင်မြို့တော်ဆိပ်ကမ်းရှိ ပစ္စည်းသယ်အလုပ်သမားတို့သည် ခရီးသည်မှန်သမျှတို့ကို မိမိတို့၏ရန်သူသဖွယ် ဆက်ဆံပေါင်းသင်းလာကြ၏။ ခမ်းခမ်းနားနား ကြီးကြီးကျယ်ကျယ် အိပ်ယာလိပ်ကြီးများ သားရေသေတ္တာကြီးများ ရေခဲဘူးများ နောက်လိုက် နောက်ပါများနှင့် လာကြသော ခရီးသွားမျိုးကိုမြင်လျှင် ရွှေဝါပြည်ဆိပ်ကမ်းအလုပ်သမားတို့က မုန်းတီးရွံရှာစွာကြည့်ကြ၏။

ငဒို့လိုပြည်သူ့အလုပ်သမား ကျေးဖူးရှင်ကြီးတွေအပေါ်မှာ ခေါင်းပုံဖြတ် သွေးစုတ် အမြတ်ကြီးစားပီး ကြီးပွားခမ်းနားနေကြတဲ့ အကောင်ကြီးတွေဟု ရန်လိုမုန်းတီးနေသောအကြည့် မျိုးဖြင့် ကြည့်ကြ၏။

ထို့ကြောင့် ဆိပ်ကမ်းအလုပ်သမားတို့သည် ထိုသူတို့ကိုမြင်လျှင် မောက်မာစွာပြောဆို ဆက်ဆံကြ၏။

ကျုပ်တို့လို ပြည်သူ့အလုပ်သမား ကျေးဇူးရှင်ကြီးတွေအပေါ်မှာ သွေးစုတ်ခေါင်းပုံဖြတ် အမြတ်ကြီးစားပြီး ခင်ဗျားတို့ကြီးကျယ်ခမ်းနားနေကြတာ အခုခေတ်မှာ ခင်ဗျားတို့ ဒီလိုစော်ကား လို့ မရတော့ဘူး။ ဒါလယ်သမားအလုပ်သမားခေတ် နားလည်လား. . . ဟု အထမ်းအပိုးမငှားရမီ ကပင်လျှင် ကြိမ်းဝါးကြ၏။

ထိုသူတို့ကို ချဉ်သောကြောင့် မိမိနောက်လိုက် နောက်ပါများနှင့် မိမိတို့ပစ္စည်းများကို မိမိတို့ကိုယ်တိုင် သယ်ယူသောအခါ ဆိပ်ကမ်းအလုပ်သမားများမှအပ အခြားသူများ ကုန်ပစ္စည်း သယ်ယူထမ်းပိုးခြင်းတို့ကို ဆိပ်ကမ်း၌မလုပ်ရဟု အတင်းဆွဲလွဲပစ်ချကြ၏။

ဤတွင် ဆိပ်ကမ်း၌ ခရီးသည်အချို့နှင့် ဆိပ်ကမ်းအလုပ်သမားများဆူပူမှု၊ လုစုလုယူဓားဖြင့် ရုတ်ရုတ်သဲသဲရန်ဖြစ်မှု၊ ရိုက်မှုများဖြစ်ကြ၏။

ဤလိုဖြစ်သည်နှင့် ထိုအမှုမျိုးသည် သက်ဆိုင်ရာရွှေဝါပြည် ဆိပ်ကမ်းပုလိပ်အဖွဲ့သို့ ရောက်ရှိရ၏။ ရွှေဝါပြည်ဆိပ်ကမ်းပုလိပ်အဖွဲ့မှ အရေးယူနေဆဲ ရွှေဝါပြည်အလုပ်သမားဌာနကြီး မှူးများလည်း ရောက်လာကြ၏၊ ထိုဌာနကြီးမှူးတို့ကား ရွှေဝါပြည်ခေတ်သစ်အစိုးရတပ်မတော် မှ ဗိုလ်ကြီးများဖြစ်သည်။

ကျနော်တို့ အလုပ်သမားတွေကတော့ ဘယ်နည်းနဲ့မှ ဒီလိုမျက်နှာကြီးတွေကို ပြောဆိုရဲ ရန်လုပ်ရဲကြမှာမဟုတ်ဖူး အလုပ်သမားဆိုတာ အညှဉ်းဆဲခံ သွေးစုတ်ခံ လုပ်အားကိုရောင်းစား နေရတဲ့ လူတန်းစားဘဲ ကျနော်တို့အစိုးရရဲ့ ဦးတည်ချက်ပြုထားတဲ့ ဝါဒကလဲ တစုံတခုဖြစ်လာ ယင် လယ်သမားနဲ့အလုပ်သမားတွေကို ဦးစားပေးပြီး စဉ်းစားရမယ်လို့ ဆိုထားတယ်၊ တော်ရုံ တန်ရုံအနှိပ်စက်ခံရလို့လဲ ကျနော်တို့အလုပ်သမားတွေက တုံ့ပြန်ရဲကြမှာမဟုတ်ဖူး။ ဒါ့ကြောင့် ကျနော်တို့အလုပ်သမားတွေကို အာမခံပေးပါ. . . .'

ဆိပ်ကမ်းအလုပ်သမား ဌာနကြီးမှူးများကိုယ်တိုင်လိုက်လာ၍ အလုပ်သမားများကို အာမခံပေးလျက် ခေါ်ထုတ်နေစဉ် ရွှေဝါပြည်သတင်းစာတိုက် အသီးသီးတို့မှ သတင်းထောက် တွေရောက်လာကြ၏။

ရွှေဝါပြည်ရှိ သတင်းစာများ၌ နောက်ကြောင်းရာဇဝင် အသီးသီးရှိကြသည်၊ အချို့သော သတင်းကြီးများသည် ရွှေဝါပြည်သူ့လက်အောက်၌ ရောက်နေကြစဉ်က အစိုးရကို အတိုက်အခံ ပြုနေကြသော အဖွဲ့အသီးသီးတို့က တည်ထောင်ထားသော သတင်းစာတိုက်များဖြစ်ကြ၏။

နောက်တွင်အချို့အလိုတော်ရိ ဖြစ်ကုန်ကြလျက် အချို့ခေါင်းဆောင်များကမူ နိုင်ငံရေးမှ ထွက်ခွာသွားကြသောကြောင့် အချိန်ကြာမြင့်လာသောအခါ စီးပွားရေးအဖြစ် ထုတ်ဝေသော သတင်းစာသက်သက်ဖြစ်လာကုန်ကြ၏။

အချို့သော သတင်းစာတို့ကား ရွှေဝါပြည်လွတ်လပ်ရေးရပြီးမှ အာဏာလုနေကြသော နိုင်ငံရေးအဖွဲ့အသီးသီးတို့ပိုင်သည့် သတင်းစာများဖြစ်ကြ၏။

ထိုအထဲ၌ ဦးငကျိုင်းကောင်ကဲ့သို့သော လူမျိုးများပိုင်ဆိုင်သည့် သတင်းစာမျိုးတွေ လည်း တပုံချည်းဖြစ်၏။

ထိုသတင်းစာတိုက်အသီးသီးမှ သတင်းထောက်များသည် အထက်ဖော်ပြပါ ဆိပ်ကမ်း ရှုန်းရင်းဆန်ခတ် ဖြစ်သည့်နေရာမျိုးသို့ ရောက်ရှိသွားသောအခါ သတင်းမှာတခုတည်းဖြစ်သော် လည်း သတင်းယူပုံယူနည်းတို့သည် တဦးနှင့်တဦးမတူကြ။

သတင်းထောက်သည် မိမိတို့ သတင်းစာတိုက်ရှိ သတင်းတည်းဖြတ်သော စာတည်းချုပ် ကြိုက်နှစ်သက်သည့် နည်းဖြင့် သတင်းကိုယူကြရ၏။

လက်ရှိအစိုးရကို သတ္တိရှိရှိဖြင့် အတိုက်အခံလုပ်ရဲသော သတင်းစာတိုက်မှ သတင်း ထောက်သည် လက်တွေ့ခံလိုက်ရသော မကြေမနပ်ဖြစ်နေသည့် ခရီးသည်ကိုတိုက်ရိုက်တွေ့၏။ တိုက်ရိုက်မေး၏။ ရွှေဝါပြည်ပုလိပ်အဖွဲ့မှ မည်သို့အရေးယူပုံကို တစေ့တစောင်းကြည့်၏။

ထို့အတူ လက်ရှိအစိုးရကို အစွမ်းကုန် ‘ပင့်’ပေး လိုချင်နေသော သတင်းစာတိုက်မှ သတင်းထောက်ကလည်း ရွှေဝါပြည်ဆိပ်ကမ်း ပုလိပ်အဖွဲ့ရှိရာသို့၎င်း မခံမရပ်နိုင်ဖြစ်နေသည့် ခရီးသည်ကို၎င်း တိုက်ရိုက်မေး၏။ အလုပ်သမားများကိုလည်း တိုက်ရိုက်မေး၏။

ခရီးသည်ကိုမေးသောအခါ ဆွဲချမေးခွန်းမျိုးဖြင့် မသိမသာမေး၏။

ဦးကြီးတို့ကတော့ အမှတ်မထင်အခါတိုင်းလိုဘဲ ဟော့ကောင်တွေ မင်းတို့လူပါးဝတယ် မငှားဘူး ငါ့နောက်ပါတွေ ငါအသယ်ခိုင်းမယ်ဆိုပြီး လုပ်လိုက်မိတာပေါ့ ဒါပေမဲ့ဒီအလုပ်သမား တွေက အခါတိုင်းလိုခံမနေကြတာနဲ့ ဒီလိုဖြစ်ကုန်ကြတယ်ဆိုပါတော့ဟူသော မေးခွန်းမျိုးဖြစ်၏။

အလုပ်သမားများဘက်သို့ လှည့်မေးသော အခါ၌လည်း. . . .

‘အရင်တုန်းကဆိုယင် ဒီလိုဖြစ်လာလဲ မပြောဝန့်တာနဲ့ ခင်ဗျားတို့ကြိတ်မှိတ်ခံနေကြတာ ဘဲမှတ်လား အခုခေတ် ရောက်လာမှ ဒို့မခံရပ်နိုင်ယင်ပြောနိုင်ခွင့် ရှိတယ်ဆိုပြီး ပြန်ပြောတော့ ဒို့လိုလူတွေကို ဒီအလုပ်သမားတွေက ပြန်ပြောရမလားဆိုပြီး တဘက်ကလဲ အစော်ကားခံရာယ် ထင်နေလို့

အခုလောက်ကြီးကြီးကျယ်ကျယ် ဖြစ်လာရပြီးခင်ဗျားတို့ကလဲ ပေါက်ကွဲကုန်ကြတယ် ဆိုပါတော့ ဒီလိုလုပ်တယ်မှတ်လားဟု လမ်းကြောင်းမေးခွန်းမျိုးမေး၏။ ထိုသတင်းထောက်မျိုးသည် လက်ရှိရွှေဝါပြည် အစိုးရ၏ဌာနတိုင်းတို့၌ မျက်နှာပွင့်စွာ ထွက်နိုင်ဝင်နိုင်ခွင့်ရနေသော သတင်းထောက်မျိုးလည်းဖြစ်၏။ လက်ရှိရွှေဝါပြည်အစိုးရ၏ ပုလိပ်ဌာနတို့ကလည်း မိမိတို့ကို အထောက်အကူပြုနိုင်သူ ဒါမှမဟုတ်ရန်ရှာနိုင်သူဟု ကြောက်ရွံ့ရိုသေစွာ 'မီး'ကို ပူဇော်ရိုသေသကဲ့သို့ ရိုသေပူဇော်ကြ၏။

မီးသည် အသုံးချတတ်ဆည်းကပ်တတ်လျှင် အကျိုးကြီးစွာပြုသကဲ့သို့ အသုံးမချတတ် မဆည်းကပ်တတ်သူများ အဘို့လောင်ကျွမ်းပြာကျစေနိုင်၏။ ဤသိမျိုးကို ရွှေဝါပြည် ပုလိပ် အရာရှိကြီးငယ်များသာမက ရွှေဝါပြည်၏ ကာကွယ်ရေးနှင့် အုပ်ချုပ်ရေးအဖွဲ့ဝင် တပ်မတော် သားအများစုကပါ သိရှိနေကြသည်၊

ရွှေဝါပြည်အစိုးရကို သဘောမကျသော်လည်း ပြောင်အတိုက်အခံမလုပ်ရဲသော သတင်း စာတိုက်မှ သတင်းထောက်တို့ကမူ၊ ဘာတခုမျှငင်ရောက် မေးမြန်းခြင်းမျိုးမပြုပဲ အခြားသူများ မေးမြန်းသည်ကို ဘေးမှတစေ့တစောင်းကြည့်၏၊ အနီးအနားရှိ မြင်တွေ့ကြသောဈေးသည်များ လဘက်ရည်ဆိုင်များသို့ သွားရောက်စုံစမ်း၏။

မိမိတို့ စီးပွားရေးအရထုတ်ဝေသော သတင်းစာတိုက်တို့မှ သတင်းထောက်များကမူ ဤသတင်းမျိုးကို ဘာမျှ မေးမြန်းစုံစမ်းခြင်းမပြု သာမန်ဖြစ်ရိုးဖြစ်စဉ်သတင်းအဖြစ်သာ အသိအမှတ်ပြု၏။

ထို့ကြောင့် နောက်တနေ့နံနက် သတင်းစာထွက်သောအခါ ဤမပြောပလောက်သည့် ဖြစ်ရပ်တခု၏သတင်းသည် သတင်းစာအသီးသီးတို့၌ တမျိုးတဖုံစီပါလာကြ၏။

'ဆိပ်ကမ်းလုပ်သားကြီးများ၏လက်ရာ' ဤသည်ကား ပထမ သတင်းခေါင်းစီးဖြစ်၏။

'ကျေးဇူးရှင် ဆိပ်ကမ်းလုပ်သားကြီးများက ခရီးသည်တဦးအား အလုပ်သမားမငှားရကောင်းလားဟု ဓနရှင်သွေးစုတ်ကောင်ကြီးဟူ၍ ဝိုင်းဘေလိုက်ကြခြင်း၊

ဤသည်ကား ဒုတိယခေါင်းစီးဖြစ်သည်၊ နောက်သတင်းစာတစောင်ကမူ ထိုသို့မဟုတ်. . .

အနှိမ်ခံဆိပ်ကမ်းအလုပ်သမားတို့၏ ပေါက်ကွဲမှု ပထမသတင်းခေါင်းစီးဖြစ်၏။ ဒုတိယခေါင်းစီး၌မူ မောက်မာသောခရီးသည် ပွဲစားကြီး၏ စော်ကားချက်ကို အညွန့်ချိုးမခံနိုင်သော ဆိပ်ကမ်းလုပ်သားများကတုန့်ပြန်လိုက်၏။

နောက်ထပ်သတင်းစာတစောင်၏ သတင်း ပထမခေါင်းစီး. . . .

'ဆိပ်ကမ်းလုပ်သားရုတ်ရုတ်သဲသဲ' သတင်းဒုတိယခေါင်းစီး

ရန်အောင်နေပြည်တော်၏ ဆိပ်ကမ်း၌ ဆိပ်ကမ်းအလုပ်သမားများ ဒုတ်ကိုယ်စီဖြင့် ပြေးကြလွှားကြ သောကြောင့် အထိတ်တလန့် ဖြစ်ကုန်ကြရခြင်း၊

အခြားသတင်းစာတစောင်ကမူ ပထမခေါင်းစီး၌. . .

'မြို့တော်ဆိပ်ကမ်းမှုရန်ပွဲ' သတင်း၏ ဒုတိယခေါင်းစီး. . .

'ခရီးသည်နှင့်ဆိပ်ကမ်းအလုပ်သမားတို့ ခိုက်ရန်ဖြစ်ပွားကြခြင်း၊

ဤသို့လျှင် သတင်းတခုသည် သတင်းစာ စာတည်းချုပ်တို့၏ လိုအင်ဆန္ဒအရ သတင်းထောက်တို့က ဖန်တီးပေးကြရသဖြင့် အဖြစ်မှန်အကြောင်းမှန်တခုကို သတင်းစာဖတ်သူ တို့အား သတင်းဖြန့်ချီသော သတင်းစာတိုက်တို့က သိစေချင်သလို သတင်းစာဘတ်သူတို့က သိကြဘတ်ကြရသည်၊

သို့သော် သတင်းစာဖတ်သူတို့ကလည်း မိမိတို့သိချင်သလို သတင်းဖော်ပြလေ့ရှိသော သတင်းစာကိုမှ ရွေးချယ်ဝယ်ယူဘတ်ရှုလေ့ရှိသော သတင်းစာကိုမှ ရွေးချယ်ဝယ်ယူဖတ်ရှုလေ့ ရှိ၏။ ဤအကြောင်းတို့ကြောင့်လည်း ရွှေဝါပြည်၏သတင်းစာလောက၌ ရိုးရိုးသားသား ထုတ်ဝေ သော သတင်းစာတို့ထက် တဖက်ဖက်သို့ဘက်လိုက်၍ ချဲ့ထွင်ရေးသားသော သတင်းစာများ၏ စောင်ရေက တနေ့တခြားတိုးတက်လာလျက်ရှိလာ၏။

ထိုသတင်းစာများ စောင်ရေတိုးတက်လာခြင်းနှင့်အတူ ရွှေဝါပြည်၏သတင်းများကလည်း တနေ့ထက်တနေ့ ထူးခြားဆန်းကျယ်လာ၏။

ရွှေဝါပြည်ကြီး၏နယ်စပ်သို့ နယ်ချဲ့တိုင်းပြည်ကြီးများမှ စစ်တပ်မတော်ကြီးများ ရောက်ရှိ နေကြပြီဟူ၍၎င်း။

ထိုတပ်မတော်ကြီးများမှ စစ်သေနာပတိချုပ်ကြီးတို့သည် ဦးမြန်ထက်တို့ကိုလာရောက် တွေ့ဆုံကြသည်ဟူ၍၎င်း။

အခြားတိုင်းပြည်မှရောက်လာသော တပ်မတော်ကြီးတခု၏ စစ်သေနာပတိချုပ်ကြီးကမူ ဦးကံပေးကိုတွေ့ရန် လာရောက်ရာ အစိုးရ၏ထိန်းသိမ်းခြင်းကိုခံနေရသော ဦးကံပေးနှင့်မတွေ့ ရဘဲ ပြန်သွားရသောကြောင့် အလွန်စိတ်ဆိုးနေကြောင်း ထို့ကြောင့်နယ်စပ်၌ ရောက်ရှိနေနှင့် ကြသော အခြားတိုင်းပြည်မှ စစ်တပ်မကြီးများဖြင့် ရွှေဝါမြေကိုပူးပေါင်းတိုက်ခိုက်တော့မည် ဖြစ်ကြောင်းတွေ သတင်းဖြစ်လာ၏။ ထိုစဉ်ရွှေဝါပြည်၌ ဝမ်းရောဂါတွေဖြစ်ပွားလာရပြန်သည် တခဏခြင်း သတင်းတခုဖြစ်လာပြန်၏။ ထိုဝမ်းရောဂါများသည် ရွှေဝါပြည်ကို မကျေနပ်သော နိုင်ငံခြားတိုင်းပြည်တပြည်မှ ရောဂါပိုးတွေ ကြဲချသွားသောကြောင့် ဤသို့ရောဂါတွေ ဖြစ်လာရ ပါသည်ဟူ၏။

ဤသို့သော သတင်းတွေအကြားမှ တပြည်တောင်လုံး အံ့သြလောက်သည့် အတင်းကား ရွှေဝါပြည်အစိုးရသည် ရွှေဝါပြည်ရှိ ဆူပူသူအားလုံးကိုကြိုက်သလိုနည်းနှင့် ပြန်လာကြ ဘယ်သူမှားလို့ ဘယ်သူမှန်လို့ ဆိုတာတွေ မပြောကြစတမ်း ရွှေဝါပြည်ကြီးရှေ့အဘို့ တိုးတက် လာလျှင်ပြီးရော လယ်သမားတွေ အလုပ်သမားတွေ ဦးစားပေးအကျိုးပြုနိုင်တဲ့နည်းမျိုးနဲ့ တိုင်းပြည်ကိုတည်ဆောက်ဘို့ လက်ခံမယ်ဆိုလျှင် ခင်ပျားတို့နဲ့ ပူးပေါင်းဆောင်ရွက်မည်ဟု ဘိတ်ခေါ်၏။

ရွှေဝါပြည်သူပြည်သားတို့သည် ဤသတင်းမျိုးထွက်ပေါ်လာလိမ့်မည်ဟု မမျှော်လင့်ကြ။

ဤသတင်းသည် ဒုတိယကမ္ဘာစစ်ကြီးအပြီး၌ ရွှေဝါပြည်တွင် ဖြစ်ပွားပေါ်လာသမျှ သတင်းအားလုံးတို့အနက် ဟင်းလင်းပွင့်သောပါးစပ်ဖြင့် တခဏမျှသတိကင်းလွတ်သွားစေနိုင်သော သတင်းဖြစ်၏။

ရွှေဝါပြည်ခေတ်သစ်အစိုးရသည် ဤသို့ပြုမူခြင်း၊ လိုက်လျှောခြင်းအတွက် ခေတ်သစ် ရွှေဝါပြည် အုပ်ချုပ်ရေးလမ်းစဉ်လို လျှောလျှောလျူလျူလုပ်ဆောင်သွားနိုင် လိမ့်မည်ဟု ယုံကြည် ကြ၏။ တပြည်ထောင်လုံးက ကျေနပ်နှစ်သက်ကြလိမ့်မည်ဟု ယုံကြည်၏။ ဆူပူသူတို့ကိုယ်တိုင် ကလည်း ဝမ်းပန်းတသာလက်ခံ ကြလိမ့်မည်ဟု ယုံကြည်၏။ ဤသို့ယုံကြည်တွယ်ရန်လည်း ကောင်း၏။

ရွှေဝါပြည်ရန်အောင်မြို့တော်ထဲတွင် အဆိုပါ ဆူပူသူတို့၏ ကိုယ်စားလှယ် ပေါင်းစုံတို့ သည် ကမ္ဘာ့ငြိမ်းချမ်းရေးအဖွဲ့နှင့် ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့များ ဖွဲ့စည်းထားကြ၏။

ငြိမ်းချမ်းရေးချက်ခြင်းပေး၊ ငြိမ်းချမ်းအောင် ရွှေဝါပြည်၏ အစိုးရကအခုလုပ်ပေးစသော ကြွေးကြော်သံများကား အရက်ဆိုင်ထဲမှငင်း၊ ကြွက်ကြွက်ညံအောင် ပေါ်ပေါက်၏။

သို့သော် ချွင်းချက်ကားရှိသည်။ ထိုငြိမ်းချမ်းရေးကို တွေ့ဆုံဆွေးနွေးရေးမှုဖြင့် ဖြေရှင်းရ မည်။ ငါအစိုးရဟူသောအနေဖြင့် တရားခံတယောက်ကို ခွင့်လွှတ်လိုက် အပြစ်မှချမ်းသာပေး လိုက်သည့် နည်းမျိုးဖြင့်ဖြေရှင်းလျက် ငါတို့ဆူပူသူများကလက်မခံ။

ငါတို့သည် ရွှေဝါပြည်သူပြည်သားတွေကို ရင်ဝယ်သားကဲ့သို့သနားလှ၏။ သည်အစိုးရ က နယ်ချဲ့ကိုအကျိုးပြုနေသောကြောင့်သာ ငဒို့လက်နက်ကိုင် ဆူပူနေကြရသည်။

ဒါကြောင့်အစိုးရက ငဒို့ကို သင်းတို့အစိုးရဆိုသူများနှင့် ရည်တူတန်းတူထား၍ တွေ့ဆုံ ဆွေးနွေးကြရမည်။

သည်ကဲ့သို့မဟုတ်ပဲ ပြည်သူလူထု၏ကြိမ်မီးအုံသို့ တအုံနွေးနွေးရှိနေရသော ပူပန်သောကကို ပယ်ဖျောက်စိမ့်သောငှာငှင်း၊ ပြည်သူလူထု၏သွားလာမှုအခက်အခဲ၊ နေထိုင်မှုအခက် အခဲစသည်တို့ကို လွယ်ကူချောင်ချိလာစေရန်ငှင်း၊ ငဒို့သူပုန်တွေဆင်းရဲပင်ပမ်းမှုကို ကြင်နာ သနားသောကြောင့်ငှင်း၊ ငဒို့ပြုခဲ့သောအပြစ်အားလုံးမှ ခွင့်လွှတ်ရုံမျှမက တိုင်းပြည်ကိုပြန်လည် ထူထောင်ရာ၌ သဘောထားချင်း တိုက်ဆိုင်၍ ကူညီလိုသူများကို လက်ခံကူညီခွင့်ပြုအံ့မည် စသော လက်ကမ်းချက်တို့သည် ငဒို့၏ရုပ်အကောင်အထည်ကို မထိခိုက်စေကာမူ ငဒို့၏ သိက္ခာကိုကျစေ၏။ ထို့ကြောင့်ငဒို့သည် ရွှေဝါပြည်သူပြည်သားတို့ကို ရင်ဝယ်သားကဲ့သို့ သနား လင့်ကစား၊ ငဒို့၏သိက္ခာကို ထိပါးသောကြောင့် ငဒို့လက်မခံနိုင်စသဖြင့် ယခင်ရွှေဝါပြည် အစိုးရအဆက်ဆက်တို့က ငြိမ်းချမ်းရေးကမ်းလှမ်းကြသောအခါ၌ တုန့်ပြန်ကျေငြာခဲ့ကြ၏။

ယခုခေတ်သစ်ရွှေဝါပြည်အစိုးရကမူ ယခင်ခေတ်အဆက်ဆက်က အစိုးရတွေကဲ့သို့ မဟုတ်။

ကိုယ့်လူတို့ကြိုက်သလိုလာကြ၊ ကြိုက်သလိုပြောကြ လယ်သမားအလုပ်သမားကို လက်တွေ့အကျိုးပြုမည့် ဦးတည်သောအုပ်ချုပ်ရေးကို ကျုပ်တို့လည်းလုပ်မည် ခင်ဗျားတို့လည်း သဘောကျသည်၊ လက်ခံယုံကြည်သည်ဟု ကျုပ်တို့ယုံသည်၊ ရှေးအကြောင်းနောက်အကြောင်း တွေ မပြောကြစို့နှင့်လာသာလာကြ အတူပေါင်းလုပ်ကြစို့ဟူသော အဓိပ္ပာယ်ကို ဖော်ပြလိုက်၏။ ဤအချက်သည် ခေတ်သစ်တော်လှန်ရေးအစိုးရ၏ စွန့်လွှတ်ချက်ပင်ဖြစ်သည်။ ဤသို့စွန့်လွှတ် လိုက်လျှင် တောတွင်းဆူပူသူအားလုံးတို့လိုလို အလွယ်တကူထွက်လာကြလိမ့်မည်ဟုယုံကြည်၏၊ ရွှေဝါပြည်၏လူတန်းစားအားလုံးတို့ကလည်း အပြုံလိုက် အစုလိုက် ပြည်လုံးကျွတ်ထောက်ခံကြလိမ့်မည်ဟု ယုံ၏။ ယုံကြည်သည့်အတိုင်းလည်း ရဲရဲဝန့်ဝန့် တိကျပြတ်သားစွာကျေညာပြုလုပ် လိုက်၏။

ထို့ကြောင့်လည်း ရွှေဝါပြည်သူလူထုက 'ငြိ'ကနဲ ပါးစပ်ဟလိုက်ကြကာ ပါးစပ်အတွင်းရှိ လျှာသည် အပြင်သို့ခုန်ထွက်သွားတော့မတတ် အံ့အားသင့်လိုက်ကြ၏။ ထို့နောက်မိမိကိုယ်ကို မိမိထိန်းလျက်။

'အား. . . သိပ်ကောင်းတာပေါ့၊ ဒါမှ တိုင်းပြည်ကြီးမြန်မြန်ငြိမ်းချမ်းပါမှ. . .'ဟုစကားကို အဆုံး မသတ်ဘဲ အချင်းချင်းလူကြားလောက်အောင် ပြောလာကြ၏။

သို့သော်. . . . ထိုသို့ထောက်ခံပြောဆိုနေကြသည့် လူတန်းစားအမျိုးမျိုးတို့၏ ဝမ်းထဲ၌ သို့လော သို့လောဖြင့် သို့လောတွေများနေကြ၏။ ရင်ခုန်နေကြ၏။

တောတွင်းအင်အားစုတို့၏ အထောက်အပံ့ဖြင့် ကျောင်းလာနေကြရသော ကျောင်းသား အချို့က ဒီလူတွေ မြေပေါ်ရောက်လာကြယင် ဒို့ကိုကျောင်းဆက်ထားပေးပါ့မလားဟု စိုးရိမ်လာ ကြ၏။

ဆူပူသူတို့၏ မြေပေါ်အဖွဲ့အစည်းများကလည်း တောထဲကလူတွေ မြေပေါ်တက်လာလျှင် ဆူပူနေကြတဲ့ တောထဲကလူတွေရဲ့ လက်အောက်ရောက်ပြီး သြဇာခံတွေဖြစ်ကုန်ကြရတော့ မှာဘဲဟုတွေး၏။

ရွှေဝါပြည်စစ်တပ်မတော်ထဲမှ သတင်းပို့လက်နက်ပို့ လုပ်ပေးနေကြကုန်သော တပ်သား တပ်ဗိုလ်တို့ကလည်း၊ ဒီတောထဲကလူတွေနဲ့ ဒို့အစိုးရနဲ့ပူးပေါင်းမိကြယင်၊ ဒို့အကြောင်းတွေ တော့ ပေါ်ကုန်ကြတော့မှာဘဲဟုတွေး၏။

ဆူပူသူတို့ကို ဆက်ကြေးပေးလျက် ဆူပူသူတို့၏ ကုန်ပစ္စည်းများနှင့်တကွ ခရီးသည်တို့ ကို နေ့နေ့ညညအချိန်မရွေး သယ်ယူပို့ဆောင်ပေးနေကြသော ကြားသဘော်ပိုင်ရှင်တို့ကလည်း သည် . . . . တောတွင်း ဆူပူသူတွေမရှိလျှင်တော့ ငါ့သဘော် ငါ့မော်တော်တွေသာ သွားဝံ့ လာဝံ့တဲ့ လမ်းကို အပြိုင်လုပြီး ခရီးသည်ပို့ပေးမဲ့မော်တော်တွေ သဘော်တွေဝင်လာတော့မှာဘဲဟု စိုးရိမ် ပူပန်လာ၏။

ဆူပူသူတို့ကို ဆက်ကြေးပေး၍ အခြားသူများမသွားလာဝံ့သည့်လမ်းမှ ကုန်များကို သယ်ယူတင်ဆောင်ရောင်းချ အမြတ်ကြီးစားနေသော ကုန်သည်တို့ကလည်း ရွှေဝါပြည်ဆူပူသူ တွေ လက်နက်ချ၍ သည်လမ်းတွေအေးသွားလျှင်တော့ ငါနဲ့အပြိုင်ရောင်းနေတဲ့ကောင်တွေ ခေါင်းထောင်လာကြဦးမှာဘဲဟု စိတ်မသက်မသာဖြစ်နေ၏။ ရိုးသားသစ္စာရှိသဖြင့် ဆူပူသူတို့နှင့် တည့်အောင် မပေါင်းသင်းနိုင်သောကြောင့် မိမိတို့ရပ်ရွာမှ မြို့ကြီးပြကြီးသို့ တက်ရောက်ခိုကပ် နေသော တောသူတောင်သားတို့သည် ရွှေဝါပြည်ကြီးအေးဆေးသွားသည်နှင့် မိမိတို့ရပ်ရွာသို့ မိမိတို့ပြန်လာကြပေလိမ့်မည်။

ထိုအခါ ထိုကျေးရွာလယ်သမားကြီးများ၏ လယ်ယာကွဲနွားနှင့်တကွ ပစ္စည်းဥစ္စာတို့ကို ယူငင်သိမ်းပိုက်ထားကြကုန်သော ရွှေဝါပြည်တောသား လူလယ်တို့သည် သီးစားလက်ငုတ်ဥပဒေ ကြောင့် လယ်တွေကို ပြန်မပေးရတော့ဘဲ မိမိတို့ဆက်လက်ရရှိနေမည့်တိုင်အောင် နွားတွေကို ပြန်ပေးရမည်စိုးရိမ်၏။ အိမ်တွေကိုပြန်ပေးရမည်စိုးရိမ်၏။ ပစ္စည်းဥစ္စာတွေကို ပြန်ပေးရတော့မည် ကိုစိုးရိမ်၏။

ထို့ထက် ထိုသူတို့သည် တကယ်ရိုးရိုးဖြောင့်ဖြောင့် လုပ်ငန်းကိုင်ငန်း လုပ်စားတတ်သူ များမဟုတ်။

လက်နက်ကလေးကိုင်၍ ကာကွယ်ရေးသမားယောင်ယောင် အစိုးရ၏လူယုံလိုလိုလည်း လုပ်၏။ ရပ်ရွာရိုကြောက်ရွံ့တတ်ကြသော

လူရိုးလူကောင်းကြီးများအတွက် မိမိတို့ကပင် ရှေ့မှ စွန့်စားပေးသယောင်ယောင်ပြုကာ၊ သူပုန်တို့နှင့်တွေ့ဆုံကြလျက် တည့်အောင်ပေါင်းနိုင်သူများ လည်းဖြစ်၏။ ထို့နောက်သူပုန်နှင့် အစိုးရတို့၏ ဩဇာအာဏာကို တဆင့်ခံယူပြီးနောက် ရပ်ရွာ တွင်ကျန်ရှိနေသေးသော လူရိုးလူကောင်းကြီးများ အပေါ်သို့ တဆင့်လယ်သီးစားချခြင်း၊ ခေါင်းပုံ ဖြတ်ခြင်း မိုက်ကြေးလစဉ်ခွဲခြင်းစသော အမှုတို့ကိုလည်းပြု၏။ ယခုအစိုးရနှင့် သူပုန်တို့အပေး အယူ တည့်ကြလျက် ပြည်တွင်းငြိမ်းချမ်းသွားကြမည်ဆိုသော် ငါတို့ဘာလုပ်စားကြရပါမည်နည်း ဟု စိုးရိမ်နေကြ၏။

ပြည်တွင်းငြိမ်းချမ်းလျှင် အစိုးရကိုလည်း လက်နက်ကဆေးကိုင်လျက်ညာရန်မလို သူပုန် ကိုလည်းတည့်အောင် ပေါင်းရန်မလို လစဉ်မိုက်ကြေးခွဲ၍လည်း ရတော့မည်မဟုတ်။

မြို့နေအတိုက်အခံ နိုင်ငံရေးသမားတို့ကလည်း ဆူပူသူတွေနှင့် အစိုးရအပေးအယူ တည့်လာကြမည်ကိုစိုးရိမ်၏။

ထိုသူတို့သည် ဆူပူသူတို့ကို တိုက်ခဲ့သူရှုတ်ချခဲ့သူများဖြစ်သောကြောင့် ဆူပူသူတို့သည် မြို့ပေါ်သို့ရောက်လာသည်နှင့် မိမိတို့ကို ရှေးဦးစွာတိုက်ကြမည်၊ မိမိတို့အတွက်အင်အားကြီး သော ပြိုင်ဘက်ပေါ်လာမည်၊ ထို့ပြင် ဤဆူပူသူ ပြည်သူ့သစ္စာဖောက်များကို မည်သို့မျှကြည့်ရ မရ၊ ထို့ကြောင့်အတိုက်အခံနိုင်ငံရေးသမားတို့သည် ဆူပူသူတွေနှင့် အစိုးရအပေးအယူ တည့်၍ ငြိမ်းချမ်းလာကြမည်ကိုစိုးရွံ့၏။ ဆူပူသူတွေ လက်နက်စွန့်လျက် မြို့ပေါ်ရောက်လာကြမည်ကို ကြောက်၏။

ယခုရွှေဝါပြည်ခေတ်သစ်အစိုးရ၏ အဘက်လုပ်ခြင်း ခံရသော မခံရသော အစိုးရနှင့် အယူအဆခြင်း တူကြသည့် လက်ဝဲနိုင်ငံရေးသမားဆိုသူအားလုံးကလည်း အစိုးရနှင့် ဆူပူသူတို့ အပေးအယူတည့်လာကြမည်ကို စိုးရိမ်နေကြ၏။

ယခုအချိန်သည် မြေပေါ်၌မိမိတို့တဦးတည်းပြေးနေရသည့် အချိန်ဖြစ်၏။ မိမိတို့တဦး တည်း လက်ဝဲဆန်သူများ ပြည်သူ့ဘက်တော်သား၊ အလုပ်သမားလယ်သမား နင်းပြားလူတန်းစား တို့၏ အကျိုးကိုရှေ့ရှု၍ စွမ်းစွမ်းသန်သန်ဆောင်ရွက်နေကြသူ လူစွမ်းကောင်းများအဖြစ် ထင်ပေါ်မျက်နှာပန်း ပွင့်နေကြသူများဖြစ်၏။

ထိုသို့ရှိနေစဉ် ဆူပူသူတို့နှင့် အစိုးရအပေးအယူ တည့်ကြသည်နှင့် ဆူပူသူတို့သည် မြေပေါ်သို့ရောက်လာကြလိမ့်မည်၊ ထိုအခါအစိုးရသည်၎င်း၊ တိုင်းသူပြည်သားတို့သည်၎င်း လက်နက်ကိုင်ဆူပူသူတို့ကို အသက်နှင့်လဲ၍ တိုင်းပြည်အတွက်ဆောင်ရွက်လာခဲ့သူ လူစွမ်း ကောင်းများ အလုပ်သမားတို့အတွက် လက်နက်စွဲ၍ တိုက်ခိုက်ဆောင်ရွက်လာခဲ့ကြသော တိုင်းချစ်ပြည်ချစ်မျိုးချစ်ရဲဘော်ကြီးများအဖြစ် ထိုသူတို့ကိုမြင်ကြလိမ့်မည်။

ဤသို့ထိုသူတို့အပေါ် မြင်သည်နှင့်အမျှ မိမိတို့ကိုလည်း အလကား'စပြီး'တွေ လေပေါ တွေ အချောင်သမားလူညာတွေ မြို့ပေါ်မှတဖဝါးမှမခွါဝန့်ကြ မစွန့်လွှတ်ရဲကြသော 'ငကြွား'တွေ ဟု အထင်ခံလာကြရပေတော့မည်။ ထို့ထက်မိမိတို့သြဇာသည် လုံးဝကျဆင်းလာကြရလျက် လက်နက်စွန့်လာကြသော ဆင်းရဲသားချစ်လူစွမ်းကောင်းကြီးများ၏ သြဇာသာလျှင် ထင်ပေါ်စူး ရှလာပေတော့မည်၊ ရွှေဝါပြည်ကြီးငြိမ်းချမ်း၍ ထိုသူတို့မြေပေါ်ရောက်လာသည်နှင့် မိမိတို့သည် နေမင်း၏ လင်းရောင်ခြည်ပေါ်လာသဖြင့် စိမ်းလဲ့လဲ့ အလင်းရောင်ကလေး ပျောက်ဆုံးခြင်းခံရ သော ပိုးစုန်းဖြူကဲ့သို့ဖြစ်ကြရတော့မှာပါတကားဟု မရှုနိုင်မကယ်နိုင်ဖြစ်နေကြ၏။

ရွှေဝါပြည် ပုလိပ်အဖွဲ့ကြီးကလည်း အစိုးရနှင့် ဆူပူသူတို့ကြည်ဖြူအေးချမ်းလာလိမ့်မည် ကို စိုးရိမ်နေ၏။ တကယ်များအေးချမ်းသွားယင်တော့ ငါတို့ကိုလျှော့ပစ်ဖြုတ်ပစ် လူဦးရေနည်း သွားလို့ ဌာနကိုချုံးပစ်လိုက်လို့ ရာထူးလျှော့လာလျှော့တဲ့အထဲတော့ ပါကုန်ကြတော့မှာဘဲဟု စိုးရိမ်နေ၏။

ရွှေဝါပြည်သံဃာအမည်ခံတို့ကလည်း စိုးရိမ်၏။ ထိုသူတို့သည် သဒ္ဒါတရား ရှိသူများ မဟုတ်ကြ၊ အစားရ ချောင်သောကြောင့်၎င်း အလုပ်မလုပ်ချင်ကြသောကြောင့်၎င်း သံဃာဟန် ဆောင်လျက် သံဃာတို့၏အဝတ်ကို ဝတ်နေကြသူများဖြစ်၏။ ထိုသူတို့သည် သံဃာအလုပ် ဖြစ်သော သံဃာ့စာပေကိုလည်းမသင်ကြ၊ သံဃာ့ကျင့်စဉ်ကိုလည်း မကျင့်ကြ။

သို့သော် သံဃာအမည်ခံတို့သည် ဘာမျှမလုပ်ဘဲ သည်အတိုင်းနေ၍လည်း ရွှေဝါပြည်လူထု၏ ပေးကမ်းလှူဒါန်းခြင်းကို မရလေမည်စိုးရကား တကယ့်မျိုးချစ်ပြည်ချစ် ဆင်းရဲသားချစ်ကြီးများအသွင်ယူလျက် လက်သီးလက်မောင်းမြှောက်ကာ လက်ဝံ သံဃာတွေလုပ် နေကြကုန်၏။ မြေအောက်ဆူပူသူများကလည်း တအင်တအားရလျှင်မနည်းဟု အသုံးပြုနေကြ ၏။ ယခုမြေအောက်လက်နက်ကိုင် ဆူပူသူတို့ မြေပေါ်ရောက်လာလျှင် ထိုသံဃာတို့ကို အသုံး မလိုတော့။

အသုံးမလိုယုံသာလျှင်မဟုတ် နိုင်ငံရေးလုပ်လိုလျှင် လူထွက်ပြီးလာခဲ့၊ လူထုအကျိုး အတွက် ခါးချီးပြီး အောက်ခြေကစ၍လုပ်၊ သံဃာ့အလုပ်လုပ်မည်ဆိုလျှင် သံဃာနှင့်တူအောင် လုပ်ဟု ပြောလျှင်ပြောကြမည့်ကောင်များဖြစ်သည်ဟု ထိုသံဃာအမည်ခံတို့ကသိ၏။ ထို့ကြောင့် ယင်းတို့ကလည်း အစိုးရနှင့်ဆူပူသူ ကြည်ဖြူငြိမ်းချမ်းကြမည်ကို မလိုလား။

ထို့ပြင် တောတွင်းရှိလက်နက် ဆူပူသူတို့ကလည်း ရွှေဝါပြည်အစိုးရနှင့် ဆူပူသူတို့ကြည် ကြည်ဖြူဖြူ ပေါင်းသင်းကြရတော့မည်ဆိုခြင်းကို မကြိုက်။

ဆူပူသူတို့သည် မိမိတို့တောတွင်း မိမိတို့အမှောင်တွင်း၌ မိမိတို့သာအစိုးရဖြစ်၏။ မိမိတို့သာအာဏာပိုင်ဖြစ်၏။ ထိုသူတို့သည် မိမိတို့အလင်းသို့ရောက်ရှိပါက ယခုရရှိနေသော အခွင့်အရေးနှင့် ညီမျှလောက်သည့်အခွင့်အရေးမျိုး ရနိုင်ကြပါမည်လားဟု စိုးရိမ်နေကြ၏။

ဤသို့ဖြင့် ရွှေဝါပြည်တပြည်ထောင်လုံးကို ခြုံကြည့်လိုက်လျှင် ရွှေဝါပြည်အစိုးရနှင့် လက်နက်ကိုင်ဆူပူသူတို့ ကြည်ဖြူငြိမ်းချမ်းကြမည်ကို စိုးရိမ်ကြောက်ရွံ့နေကြသူများက ပိုများ၏။

ရွှေဝါပြည်၏ လူများစုတို့သည် အချောင်ဖြတ်လမ်းမှ ကြီးပွားလိုသူ ချမ်းသာလိုသူ ကျော်ကြားလိုသူ အခွင့်အရေးကောင်းရလိုသူတို့ချည်း လိုလိုဖြစ်ရာ။

ထိုသူတို့သည် ရွှေဝါပြည်ကြီးဆူပူနေသည်ကို အကြောင်းပြု၍ အသွားအလာ ခက်ခဲမှုကို အခွင့်ကောင်းယူလျက် အမြတ်ကြီးစားကုန်သည်များ. . . .

ရွှေဝါပြည်ကြီး ဆူပူနေသည်ကို အကြောင်းပြု၍ အစိုးရ၏တိုးချဲ့ထားရသော လုပ်ငန်း အရပ်ရပ်တို့ကို အခွင့်သာခိုက်ဝင်ရောက် လုပ်ကိုင်လျက် ငြိမ်းချမ်းသွားလျှင် ထိုဌာနတွေကိုဖျက် ပစ်လိုက်မည်လားဟု ကြောက်ရွံ့နေကြသူများ. . .

ရွှေဝါပြည်ကြီးဆူပူနေသဖြင့် လယ်မလုပ်ဝံ့သူတွေ ထွက်ပြေးစဉ် အချောင်ရထားသော လယ်တွေကို လုပ်ကိုင်နေကြရသောကြောင့် တကယ်လုပ်ကိုင်တတ်သူများ ပြန်လာကြပါက မိမိတို့ရရှိပြီးသား လယ်တွေသည် တကယ်လုပ်တတ်သူများထံသို့ အလိုလျောက် ရောက်ရှိသွား လိမ့်မည်ကို စိုးရွံ့နေကြကုန်သော လယ်သမားအတုများ. . . .

ဆူပူသူတို့၏အကူအညီဖြင့် မိမိတဦးတည်းသာ တရားဝင်လေလံဆွဲဝံ့သောကြောင့် အချောင်အခွင့်အရေးထူးရရှိလာခဲ့ရာ ဆူပူသူတို့မရှိပါက အပြိုင်လေလံဆွဲဝံ့သူများပေါ်လာ လိမ့်မည်ကို စိုးရိမ်နေကြရသော အင်းသမားများ. . . .

ဆူပူသူတို့မရောက်လာကြသေးသဖြင့် မိမိချည်းရှေ့ဆုံးမှ ပြေးနေကြရရာ ဆူပူသူတို့ ရောက်လာပါက အပြိုင်ပေးရမည်ဖြစ်သောကြောင့် ညှိုးမှိန်နိမ့်ကျသွားမည်ကို စိုးကြောက်နေကြ သော နိုင်ငံရေးသမားများ. . .

ဤသို့ဤသို့သော အချောင်သမားတွေချည်းလိုလို ရွှေဝါပြည်၌ရှိနေကြ၏။

ထိုရွှေဝါပြည် အချောင်သမားထုကြီး တရပ်လုံးထဲ၌ အတော်ဆုံးအမျှတဆုံး အမှန်တရား ကို အကြိုက်ဆုံးပါဟုဆိုသော လူနည်းစုတို့ပင်လျှင်. . .

ရွှေဝါပြည်ကြီးငြိမ်းချမ်း၍ တောတွင်းရှိ လက်နက်ကိုင်များ မြို့ပေါ်သို့ ရောက်လာကြမည် ကို ဦးနှောက်က လိုလားလျက် ယင်းတို့၏နှလုံးသားကမူ ဤသူတွေဘာကြောင့် ဤသူတွေ ဆူပူ မှုကိုအကြောင်းပြု၍ မိမိတို့ရရှိနေရသည့်

အခွင့်အရေးကလေးများ ဆုံးပါးသွားကြရလေမည်လား ဟု ယင်းတို့ကိုယ်တိုင်မသိဘဲ စိုးရွံ့နေကြ၏။

သို့သော် ရှေ့ဝါပြည်လူထုကြီးတရပ်လုံးသည် ‘ပြည်တွင်းငြိမ်းချမ်းရေးချက်ခြင်းပေး’ ဟု အချိန်ကြာမြင့်စွာကပင်လျှင် တခဲနက်အော်လာကြ၏။

ဤသို့အော်လာခဲ့ကြခြင်းသည် အကြောင်းမဲ့မဟုတ် ရှေ့ဝါပြည်လူထုကြီး၌ ခိုင်လုံသော အကြောင်းရှိ၏။

ထိုခိုင်လုံသောအကြောင်းကား ရှေ့ဝါပြည်လူထုကြီးသည် ရှေ့ဝါပြည်အစိုးရအဆက်ဆက် ကို သစ္စာဖောက်လျက် ရှေ့ဝါပြည်တွင်းဆူပူမှုကို အကြောင်းပြု၍ မိမိတို့ကိုယ်ရေးကိုယ်တာ အတွက် အခွင့်အရေးယူနေကြ၏။ ကိုယ်ကျိုးရှာနေကြ၏။ နေရာတိုင်းတွင် သစ္စာမဲ့စွာ အချောင် သမားပြီသစွာ ကိုယ်ကျိုးရှာနေကြ၏။

ထိုကိုယ်ကျိုးရှာမှုကို ဖုံးကွယ်ရန်တခုတည်းသော လုပ်ငန်းသည် မိမိတို့က ငြိမ်းချမ်းရေး လိုနေပါလျက် ရှေ့ဝါပြည်အစိုးရက ငြိမ်းချမ်းရေးရအောင် မပြုလုပ်သောကြောင့် ရှေ့ဝါပြည်ကြီး တွင် ရှေ့ဝါပြည်လူထု ဤသို့ဖြစ်နေရပါသည်ဟု အကြောင်းပြလျက် ရှေ့ဝါပြည်အစိုးရကိုတရားခံ အဖြစ် လက်ညှိုးထိုးပြနေရန်ပင်ဖြစ်၏။ ဤအတိုင်းလည်း လက်ညှိုးထိုးပြခဲ့၏။ ရှေ့ဝါပြည်အစိုးရ ကို တရားခံနေရာ၌ ထားခဲ့ကြ၏။

သို့သော်. . . . မိမိတို့ ဤသို့ဝိုင်းအော်လျှင် ရှေ့ဝါပြည်အစိုးရတို့သည် အထိတ်တလန့်ဖြင့် လိုက်လျောကောင်း လိုက်လျောလာမည်ကို စိုးရိမ်ရကား မည်သည့်အစိုးရတို့မှ မလိုက်လျာနိုင် သောအစိုးရဟူသည့် သိက္ခာမျိုးကင်းမဲ့စေသည့် နည်းလမ်းများနှင့် လက်နက်ကိုင်ဆူပူသူတို့ကို အစိုးရနှင့် တန်းတူရည်တူ အကယ်၍ ကြားဝင်လာလိုသော တိုင်းပြည်ရှိချင်လျှင် ရှိလာပါစေ လက်နက်ကိုင်ဆူပူသူတို့သည်လည်း မိမိတို့ကဲ့သို့ ရှေ့ဝါပြည်၏အစိုးရဖြစ်ပါသည်ဟု အသိ အမှတ်ပြုလျက် ကျေညာလျက်တွေ့ဆုံ ဆွေးနွေးကြရမည်ဟု တောင်းဆိုလာကြ၏။ ဘေးတီးလာ ကြ၏။

ရှေ့ဝါပြည်သူပြည်သားတို့နှင့်တကွ ရှေ့ဝါပြည်ဆူပူသူတို့သည် ဤအတိုင်း ရှေ့ဝါပြည် အစိုးရနှင့် ဆူပူသူတို့ မည်သည့်အခါမျှ ငြိမ်းချမ်းရေးမရနိုင်သည့် ဆွေးနွေးမှုမပြုနိုင်သည့် နည်းလမ်းကို တည်ထွင်ပြုလုပ်ကြလျက်. . . .

‘ပြည်တွင်းငြိမ်းချမ်းရေးချက်ခြင်းပေး’

‘အစိုးရက ရည်တူတန်းတူအခွင့်အရေးပေး၍ တွေ့ဆုံဆွေးနွေးပါ’ ဟူသော ကြွေးကျော်သံ ဖြင့် တက်လာသမျှ အစိုးရကို အကြပ်ကိုင်ခဲ့၏။ ထိုသို့အကြပ်ကိုင်သော

နည်းလမ်းဖြင့် အနိုင် ယူလျက် တိုင်းပြည်နှင့်အစိုးရအပေါ်တွင် သစ္စာကင်းမဲ့စွာ မိမိတို့၏ ကိုယ်ကျိုးရှာမှုများကို ဖုံးလွှမ်းခဲ့ကြ၏။

တိုင်းပြည်တပြည်၌ တရားဝင်အစိုးရအဖွဲ့တဖွဲ့သည် အခြားဆူပူသူအဖွဲ့တဖွဲ့အား မိမိတို့ ကိုယ်တိုင်က မိမိတို့ကဲ့သို့ပင် အရည်တူဂုဏ်တူအဆင့်အတန်းတူ အဖွဲ့တဖွဲ့ဖြစ်ပါသည်ဟု ကျေညာအံ့။

ထိုကျေညာချက်ကို လက်ခံအတည်ပြု၍ ကြားဝင်လိုသော တိုင်းပြည်တစုံတခုသည် အစိုးရဘက်သို့သော်၎င်း၊ ဆူပူသူတို့၏ဘက်သို့သော်၎င်း၊ တရားဝင် ဝင်ရောက်အားပေးနိုင်၏။ စောင့်ရှောက်ပါသည်၊ ကူညီပါသည်၊ ကာကွယ်ပေးပါသည်ဟု ဆိုလာနိုင်၏။

ဤနည်းဖြင့် မိမိတို့၏ပြည်တွင်းရေးကို နိုင်ငံခြားတိုင်းပြည်တို့က ဝင်ရောက်စွက်ဖက်ခွင့်ရ လာနိုင်၏။

ရွှေဝါပြည်သားတို့နှင့်တကွ ဆူပူသူတို့သည် ဤအကြောင်းကို မသိမဟုတ်သိ၏၊

သို့သော်. . . ဘယ်တော့မှုမငြိမ်းချမ်းစေရန် ရွှေဝါပြည်အစိုးရက ဘယ်တော့မှု မလိုက် လျောစေရန် အကြပ်ကိုင်နိုင်သော နည်းသည် ဤတနည်းသာရှိသည်ဖြစ်ရာ. . . ပက်စက်စွာပင် ဤအတိုင်းပြုလုပ်ဆွေးနွေးရမည်ဟု ကျေညာ၏။ တောင်းဆို၏။ ထို့နောက် မိမိတို့ကဦးစွာ ပြည်တွင်းငြိမ်းချမ်းရေး ချက်ခြင်းဆောင်ရွက်ပေးဟု တခဲနက်သောအသံကို ဖြစ်စေလျက်အော် ဟစ်၏။

စည်းပျက်ကမ်းပျက်သိက္ခာ ပျက်နေကြသော ရွှေဝါပြည်သူလူထုကြီးသည် ဤနည်း အတိုင်း အစိုးရအဆက်ဆက်တို့ကို လက်ညှိုးထိုး၍ တရားခံလုပ်လာခဲ့ကြ၏။ အနိုင်ယူလာခဲ့ကြ ၏။ သို့သော် ယခုခေတ်သစ်ရွှေဝါပြည်အုပ်ချုပ်ရေးအဖွဲ့က ရွှေဝါပြည်လက်နက်ကိုင် ဆူပူသူများ နှင့်ပတ်သက်၍ ကျေညာလိုက်သည့် ကျေညာချက်ကို ရင်ဆိုင်လိုက်ကြရသောအခါ တပြည်လုံး တိတ်ဆိတ်သွားအောင် အံ့သြတုန်လှုပ်ကုန်ကြ၏။

နေရာတိုင်း၌ ခေတ်သစ်ရွှေဝါပြည်အစိုးရ၏။ ငြိမ်းချမ်းရေးဖိတ်ခေါ်ချက်အကြောင်းကို ပြောနေကြ၏။

အစိုးရအနေနှင့်တော့ ဒါထက်လိုက်လျောစရာ မရှိတော့ဘူး။ ဒါပေမယ့် တောတွင်း လက်နက်ကိုင်ဆူပူသူတွေက လာပါ့မလားဟု သံသယဝင်သော စကားသံတွေ ပေါ်လာကြ၏။

ထိုသံသယစကားကို ပြောကြားနေသူများကား ရှေးအခါက ရွှေဝါပြည်အစိုးရကို လက်ညှိုး ထိုးလျက် ငြိမ်းချမ်းရေးတရားခံများအဖြစ် စွပ်စွဲနေကြသူများပင်ဖြစ်၏။ ယခုခေတ်သစ် ရွှေဝါ ပြည်အစိုးရသည် မည်သူမျှ မမျှော်လင့်သော အပြုအမူကို ပြုမူလိုက်လေပြီ။

'ဒါလောက် အစွမ်းကုန်ဖိတ်ခေါ်လို့မှ မလာကြယင် မလာတဲ့လူတွေဟာ ပြည်တွင်းငြိမ်းချမ်းရေး ဖျက်ဆီးတဲ့လူထွေဖြစ်ကုန်ကြမှာပေ့ါ၊ ဘယ်မလာဘဲနေဝံ့ကြတော့မလဲ။

'ဒီလိုဆိုယင် သူတို့တကယ်လာကြတော့မှာပေါ့နော်. . . . '

ဟုတ်တာပေ့ါ၊ လာကြရတော့မှာပေ့ါ၊

ဒါဖြင့် သူတို့တကယ်ငြိမ်းချမ်းရေးရအောင် အပေးအယူမျှတအောင် ဆွေးနွေးကြတော့မှာပေ့ါ။

ဆွေးနွေးမှာဘဲ အခုအစိုးရကတော့ တကယ့်ကို ငြိမ်းချမ်းရေးရအောင် လုပ်မယ့်အစိုးရ။

ကောင်းပါလေရဲ့ဗျာ. . . ရွှေဝါပြည် တပြည်လုံး မပူမပင် အလွယ်တကူသွားနိုင်လာနိုင် ကြတော့မှာပါဘဲ။

ဤစကားသည် သဘောကျ၍ ပြောလေခြင်းလား၊ သဘောမကျသောကြောင့် ပြောလေ ခြင်းလား ပြောဆိုသူကိုယ်တိုင်ပင် သိအံ့မထင်။

ဤသို့တပြည်ထောင်လုံး သို့လော သို့လောဖြစ်နေဆဲ၊ ရွှေဝါပြည်အစိုးရသည် တောတွင်း ဆူပူသူလက်နက်ကိုင် အဖွဲ့တို့နှင့်က တဖွဲ့ပြီးတဖွဲ့ဖိတ်ခေါ်ဆွေးနွေး၏။

ဤအပြုအမူသည် ရွှေဝါပြည်တပြည်ထောင်လုံး၏ အသံကောင်းဟစ်နေခြင်းကို ခေတ်သစ် ရွှေဝါပြည်အစိုးရက တကယ်လက်တွေ့ကျင့်သုံးပြလိုက်ခြင်းဖြစ်၏။

ဤသို့လက်တွေ့ကျင့်သုံးပြလိုက်သည်နှင့် အချို့ကမူ မိမိတို့ကြွေကျော်ဟစ်အော်မှုနှင့် မိမိတို့တိတ်တိတ်ဆိတ်ဆိတ် အကြည်အသက်ငြိမ်နေကြ၏။ အချို့က မအောင့်နိုင်ဘဲ ပွင့်အံထွက် လာကြ၏။

ထိုလေသံ အမျိုးမျိုးတို့၏ ကြားထဲ၌ အကျယ်လောင်ဆုံးလေသံကား ဦးကျိုင်းကောင်၏ လေသံဖြစ်၏။ ဦးကျိုင်းကောင်သည် ခေတ်နှင့်အမှီ တကယ်လိုက်နိုင်သော ခေတ်မှီသူ တယောက်ဖြစ်၏။

စစ်ပြီးခေတ် ရွှေဝါပြည်သား လူငယ်ကလေးများသည်. . ငယ်နုစဉ်အခါက နိုင်ငံခြားသား စစ်သားတို့ အထံမှ ချောကလက်ကလေးအစ သကြားလုံးကလေးအစ တောင်းခံစားသောက် လာဘူးကြသူများလိုလိုချည်းဖြစ်၏။ ထိုလူငယ်ကလေးတို့သည် မှောင်ခိုဈေးထဲ၌ ပြေးဆော့လျက် ခေတ်ပျက်သူဌေးတို့ကို မျက်မှောက်ပြုပြီးလျှင်၊ ရယူစရာရှိပါက၊ ဘာမဆို လိုက်လျောလုပ်ကိုင် တတ်ကြသည့် စည်းကမ်းပျက် အကျင့်ပျက်၊ အချောင်ခေတ်ကြီးအတွင်း၌ ကြီးပြင်းလာကြသူများ ဖြစ်၏။

ထိုလူငယ်တို့သည် ပတ်ဝန်းကျင်ကသင်ပေးသသော အသိတရားအရ လေးနက်မှု ခိုင်မာမှု အနာခံလိုမှုမရှိကြ၊ အလုပ်ထက်အပြောကိုပို၍ အလေးပေးကြသူများဖြစ်၏။ ဦးနှောက် ၏ခံစားချက်ထက် နှလုံးသားခံစားချက်ကို ပို၍အလေးအနက်ပြုသူတို့ဖြစ်ကြ၏။

ဦးကျိုင်းကောင်သည် ထိုလူငယ်အများစုနှင့် ထပ်တူထပ်မျှစံချိန်မှီ အကျင့်သိက္ခာပျက်သူ ဖြစ်၏။ ခေတ်သစ်ရွှေဝါပြည် အုပ်ချုပ်ရေးအဖွဲ့အတွင်းမှ ဗိုလ်ချုပ်ကြီးသန်မာသည် ဥက္ကအဖြစ်မှ ၎င်း၊ အခြားသောတာဝန်ခံများ အဖြစ်မှ၎င်း၊ ထွက်ခွာမသွားမီက ဦးကျိုင်းကောင်သည် ဗိုလ်ချုပ်ကြီးသန်မာအိမ်သို့ နေ့တိုင်းလိုလိုရောက်၏။ ပြေးနေကျယုန်၏လမ်းကဲ့သို့ လမ်းတလျှောက်လုံး မြူအလုပ်သမားများ တံမြက်လှည်းရန်ငြိမ်းလောက်၏။ ဗိုလ်ချုပ်ကြီးသန်မာ ပြုလေသမျှ အားကြီးကောင်း၊ သိပ်ကောင်း၊ ဆွေမျိုးမေ့နေအောင်ကောင်းနေ၏။ ဗိုလ်ချုပ်ကြီး သန့်မာ ခေတ်သစ်ရွှေဝါပြည်အုပ်ချုပ်ရေးအဖွဲ့က နှုတ်ထွက်သွားပြီ ဆိုသောအခါ၌မူကား ဦးကျိုင်းကောင်သည် ခေတ်သစ်ရွှေဝါပြည် အုပ်ချုပ်ရေးအဖွဲ့၏သဘောထားကို ရှေးဦးစွာ တီးခေါက်စုံစမ်းကြည့်၏။

ပထမ ဦးကျိုင်းကောင်သိရသည်ကား ခေတ်သစ်ရွှေဝါပြည် အုပ်ချုပ်ရေးအဖွဲ့သည် ဗိုလ်ချုပ်ကြီးသန်မာအပေါ်၌ မည်သို့မျှအပြစ်တင်လိုသော သဘောမရှိဟုသိရ၏။ ထိုအခါ ဦးကျိုင်းကောင်သည် ဗိုလ်ချုပ်ကြီးသန်မာကဲ့သို့ တိုင်းပြည်အတွက်လုပ်အားပေးနိုင်သူတဦး ယခုလိုအရေးကြီးချိန်၌ ထွက်သွားရန်မသင့်ဟုဆိုလာ၏။

ဦးကျိုင်းကောင်သာလျှင် ဤသို့ပြောသည်မဟုတ် ခေတ်သစ်ရွှေဝါပြည် အုပ်ချုပ်ရေး အဖွဲ့ကြီး၏ အုပ်ချုပ်ရေးစက်ယန္တယားအတွင်း၌ ရှိကြသော လူအားလုံးတို့ကလည်း ဤသို့ပြော ကြ၏။ ရွှေဝါပြည်သူလူထုကြီးကလည်း ဤအတိုင်းပြောကြ၏။

မကြာမီ ဦးကျိုင်းကောင်သည် ဗိုလ်ချုပ်ကြီးသန်မာထွက်သွားခြင်းကား ခေတ်သစ်ရွှေဝါ ပြည် အုပ်ချုပ်ရေးခေါင်းဆောင်များအဖွဲ့ကို စိတ်ကောက်၍ထွက်သွားခြင်းဖြစ်သည်ဟု သိလာရ ပြန်၏။ ထိုအခါ ဦးကျိုင်းကောင်သည် ဗိုလ်ချုပ်ကြီးသန်မာသူသူကား ဖောက်ပြန်ရေးသမား ဘာသာရေးရူး ခေတ်သစ်ရွှေဝါပြည် အုပ်ချုပ်ရေးနှင့် လုံးဝမထိုက်တန်သူဟု ဆိုလာ၏။

ထို့နောက် ခေတ်သစ်ရွှေဝါပြည်အုပ်ချုပ်ရေး၏ စက်ယန္တယားအတွင်း၌ ရှိကြသော လူအားလုံးတို့ကလည်း ဦးကျိုင်းကောင်ဆိုသကဲ့သို့ လိုက်ဆိုလာကြ၏။

ရွှေဝါပြည်သူပြည်သားအများစုတို့ကလည်း ဦးကျိုင်းကောင်ဆိုသကဲ့သို့ပင် ဗိုလ်ချုပ် ကြီးသန်မာကား လူပေါ လူကြောင်ဟုဆိုလာကြပြန်၏။

ထိုစဉ် ခေတ်သစ်ရွှေဝါပြည် အုပ်ချုပ်ရေးခေါင်းဆောင်များအဖွဲ့သည် လယ်သမား အလုပ်သမားအကျိုးပြုသော စည်းပွားရေးစနစ်ကို ခေတ်သစ်ရွှေဝါပြည်အုပ်ချုပ်ရေး လမ်းစဉ်နှင့် အညီစိစစ်မျက်နှာဖြန့်၍ အစပျိုးလိုက်သကဲ့သို့ အစပြုလုပ်ဆောင်လိုက်၏။

ခေတ်သစ်ရွှေဝါပြည် အုပ်ချုပ်ရေးအဖွဲ့၏ လက်အောက်၌ ပါဝင်ဆောင်ရွက်နေကြသူ အများစုတို့ကလည်း စက်ရုပ်ကိုစေခိုင်းလိုက်သကဲ့သို့ အထက်မှချမှတ်ပေးသည့် လမ်းစဉ် အတိုင်း တန်းတန်းမတ်မတ် တိတိကျကျလုပ်ဆောင်လိုက်ကြ၏။

ထိုအခါ နှစ်ဆယ်ကျော်ကကိုယ်ကျိုးရှာကျင့် ရေသာခိုကျင့် အချောင်လိုက်ကျင့်ရလာ သော ရွှေဝါပြည်သူလူထုသည် မိမိတို့၏ နေထိုင်လုပ်ကိုင်မှုကို တိုက်ရိုက် ထိခိုက်လာရသည် ဖြစ်ရကား နှာခေါင်းရှုံ့ကြ၏။ ညည်းညူကြ၏။ တိုးတိုးအတင်းပြောကြ၏။

ခေတ်သစ်ရွှေဝါပြည် အုပ်ချုပ်ရေးအဖွဲ့၏ လက်အောက်၌ ပါဝင်ဆောင်ရွက်နေကြကုန် သော ဦးစက်ရုပ်တို့သည် စက်ရုပ်ကဲ့သို့ ဆောင်ရွက်နေကြသည်ဆိုသော်လည်း လူလိုစကားပြော တတ်သေးသူများဖြစ်ရကား ရွှေဝါပြည်သူပြည်သားတို့ကို မေးကြမြန်းကြဆွေးနွေးကြသေး၏။

'ခင်ဗျားတို့ ကျုပ်တို့လုပ်တာမကြိုက်ဘူးလား၊ ခင်ဗျားတို့ ကောင်းဘို့အတွက် ကျုပ်တို့ ဘယ်လောက်ဂရုစိုက်ပြီး လုပ်ပေးသလဲ အရင်လူတွေ ကျုပ်တို့လိုလုပ်ပေးကြရဲ့လား အခုကျုပ်တို့ လုပ်ပေးတာကို ခင်ဗျားတို့သဘောကျသလား၊ မကျဖူးလား သဘောမကျယင်ပြော။

ဤသို့မေးလိုက်မြန်းလိုက် ဆွေးနွေးလိုက်တိုင်း အချောင်ရေသာခို ကျင့်ရလာခဲ့ကြသော ရွှေဝါပြည်သူပြည်သားတို့က ပြာပြာသလဲဖြေကြ၏။ ပြောကြ၏။

အားကြီးကောင်းပါသည်ခင်ဗျား၊ အားကြီးသဘောကျပါသည်ခင်ဗျား၊ အားကြီးကျေနပ် ပါသည် ခင်ဗျား။

စက်ရုပ်နှင့်တူသော ဦးစက်ရုပ်တို့သည် ပြုံး၍ပြန်သွားကြ၏။ ခေတ်သစ်ရွှေဝါပြည် အုပ်ချုပ်ရေး ခေါင်းဆောင်များ အဖွဲ့က မိမိတို့၏ သစ္စာရှိတပည့်တပန်းတို့ကို ဂရုတစိုက်မေး မြန်းစုစမ်းကြည့်၏။

'ဟေ့ မင်းတို့နယ်တွေ ဘယ့်နှယ်တုန်း ငဒို့ချပေးတဲ့ စီမံကိန်းတွေဖြစ်အောင် လုပ်နိုင်ရဲ့ လား၊ မင်းတို့နယ်ကလူထုက လက်ခံနိုင်ရဲ့လား'

'ကျနော်တို့နယ်တွေ သိပ်တိုးတက်တယ် ကျနော်တို့လုပ်ပေးတာတွေ သိပ်သဘောကျ တယ်၊ ကျနော်တို့လူထုရဲ့ အလွှာထဲကိုဝင်ပြီး စမ်းကြည့်တယ်

လူထုကကျနော်တို့ဆောင်ရွက်ပေး တာတွေကို အားကြီးကောင်းပါသည်ခင်ဗျား အားကြီးသဘောကျပါသည်ခင်ဗျား အားကြီးကျေနပ် ပါသည် ခင်ဗျားလို့ပြောကြတယ်။

ဦးစက်ရုပ်တို့က ဤအတိုင်း ခေတ်သစ်ရွှေဝါပြည် အုပ်ချုပ်ရေးခေါင်းဆောင်များအဖွဲ့ကို ပြန်ကြားပြောဆိုကြ၏။

ထိုအခါ ခေတ်သစ်ရွှေဝါပြည် အုပ်ချုပ်ရေးခေါင်းဆောင်များအဖွဲ့ကလည်း ဒို့လူတွေသိပ် တော်သည် သိပ်စည်းကမ်းရှိသည်၊ ဘာမဆိုဖြစ်အောင်လုပ်နိုင်သည်ဟု ဝမ်းသာကြ၏။

ဦးစက်ရုပ်တို့ကသာလျှင်မဟုတ် ဦးကျေါင်းကောင်ကလည်း ဤအတိုင်းပြော၏။ ဤအတိုင်းမြင်၏။ ခေတ်သစ်ရွှေဝါပြည် အုပ်ချုပ်ရေးခေါင်းဆောင်များ လုပ်သမျှ အားကြီး ကောင်း၏၊ အားကြီးမှန်၏။

သို့သော် ရွှေဝါပြည်၏မျိုးချစ် မျက်ကန်းများကမူ ဦးကျေါင်းကောင်၏ အပြောအဆို အပြုအမူမှန်သမျှကို ရွှေဝါပြည်အား နစ်မွန်းအောင် လုပ်နေသော အချောင်သမားများ၏ စံကိုက် ပြဒါန်းချိန်ဟုသတ်မှတ်ထားကြ၏။

ခေတ်သစ်ရွှေဝါပြည် အုပ်ချုပ်ရေးခေါင်းဆောင်များ အဖွဲ့သည် အချောင်သမားတို့၏ 'စံ' ဖြစ်သော ဦးကျေါင်းကောင်၏လေသံနှင့် ဦးစက်ရုပ်တို့၏ လေသံမှတပါး အခြားမည်သည့် လေသံကိုမျှမကြားကြရ၊

ထိုအခါ မိမိတို့အားလိမ်လည်နေကြသော ရွှေဝါပြည်သား လူပေါ် လူသွမ်းအချောင် သမားအများစုတို့၏ ဆန္ဒကိုအမှန်အတိုင်း မသိရှိကြလေ။

ထို့ကြောင့် ခေတ်သစ်ရွှေဝါပြည် အုပ်ချုပ်ရေး ခေါင်းဆောင်များအဖွဲ့သည် ရွှေဝါပြည်သူ လူထုကြီးက ရွှေဝါပြည်တပြည်ထောင်ကို နစ်ပြည်ထောင်ခွဲလျက် တောတွင်းဆူပူသူတို့၏ ပြုမူချက်ကို အသုံးချကာ မိမိတို့စီးပွားရေးချောင်လည်အောင် ပြုမူနေကြသည်ကို မသိဘဲ။

ရွှေဝါပြည်သူလူထုသည် ယင်းတို့အော်ဟစ်နေကြသည့် လေသံတိုင်း အကယ်ငြိမ်းချမ်း ရေးလိုချင်နေကြသည်ဟု ထင်သဖြင့် အကယ်ရက်ရက်စက်စက် ငြိမ်းချမ်းရေးရလေအောင် စီမံကိန်းကြီးများနှင့် အားလုံးအလျှော့ပေးကာ ပြုလုပ် ဘိတ်ခေါ်လိုက်လေသည်၊

ထိုသို့ပြုလုပ်ဘိတ်ခေါ်ခြင်းမပြုမီ ရွှေဝါပြည် အစိုးရသည် ရွှေဝါပြည်ဆူပူသူတို့ ကြွေးကြော်အော်ဟစ်နေကြသော လုပ်ငန်းတို့ကိုလည်း တကယ်လက်တွေ့ တခုပြီးတခု လုပ်ပြ သေး၏။

ထိုမျှမကသေး ရွှေဝါပြည်ဆူပူသူတို့နှင့် ယုံကြည်ချက်ခြင်း မတူသော တချိန်ကရွှေဝါပြည် ၏ နယ်ချဲ့တော်လှန်ရေး ခေါင်းဆောင်ပိုင်းမှ အတရလဖ အဖွဲ့ကြီး၏ ခေါင်းဆောင်များ ဖြစ်ကြ သည့် ငပြည့်ဝ ငမြန်ထက်စသည့်သူတို့ကိုလည်း ဖမ်းဆီးချုပ်နှောင်ထားသေး၏။

ခေတ်သစ်ရွှေဝါပြည်အစိုးရသည် ရွှေဝါပြည်ရှိဆူပူသူတို့ လက်နက်ကိုင်တိုက်ခိုက်ရင်း ပါးစပ်မှ အသံကောင်းထွက်အောင် သက်သက်ကျေညာနေခြင်းမျိုးမဟုတ်ပဲ တကယ်လုပ်ပြလာ ၏။ တကယ်အကောင်အထည်ဖေါ်လာ၏။

ဤတွင် ရွှေဝါပြည်လူထုသည် ဘာလုပ်ရမည်မသိဘဲ မျက်စိမျက်နှာပျက်ဖြင့် အခက်အခဲ တွေ့လာကုန်ကြ၏။

မကြိုက်ပါဘူး မဟုတ်ပါဘူး ကျုပ်တို့ခင်ဗျားတို့အစိုးရတွေကို လိမ်ညာနေကြတာပါ၊ ကျုပ်တို့ဟာ အချောင်ခိုချင်တဲ့လူတွေပါ၊ ကိုယ်ကျိုးရှာနေကြတဲ့လူတွေပါ၊ ကိုယ်အနာခံရမည်ကို အင်မတန်ကြောက်ကြတဲ့လူတွေပါ၊ ကိုယ်အနာခံရမည်ကို အင်မတန်ကြောက်ကြတဲ့လူတွေပါ၊ ကျုပ်တို့ဟာ တောတွင်းဆူပူနေသူတွေရဲ့ ဆူပူမှုကိုအကြောင်းပြုပြီး ရွှေဝါပြည်ကြီးမှာ တကိုယ်ကောင်း လုပ်ငန်းတွေလုပ်နေလိုက်ကြတာ သိပ်စားသာနေကြပါတယ်၊ ရွှေဝါပြည်ကြီး တပြည်လုံး တဖြေးဖြေးကြပ်တည်းလာပြီး မလှုပ်ရှားဝံ့တဲ့လူတွေ ရိုးသားသေးတဲ့လူတွေ တနေ့ ထက်တနေ့ ငတ်ငတ်ပြီး ကြပ်တည်းလာကြမေမင့် ကျုပ်တို့လို တကိုယ်ကောင်းသမားတွေအဘို့ တကိုယ်ကောင်း လုပ်ရဲလေ၊ ကျုပ်တို့အတွက် ချောင်လည်လေ၊ မလုပ်ရဲကြတဲ့လူညံ့လူဖျင်းတွေ ငတ်လေဖြစ်နေတာပါပဲ၊ ဒါကြောင့် တော်သူနေ မတော်သူသေဆိုတဲ့ လူ့ပြည်ကြီးမှာ လုနိုင်တဲ့ ကျုပ်တို့တတွေဟာ ရွှေဝါပြည်ကြီးမှာ ချောင်လည်နေတာကို အစိုးရက ဘယ်လိုမှပြုပြင်ဘို့ မလိုပါဖူးဟုဖွင့်၍ ဝန်ခံကြရတော့မလိုလို ဖြောင့်ချက်ပေးကြရတော့မလိုလို ဖြစ်နေကြ၏။ သို့သော် ရွှေဝါပြည်အချောင်သမား လူထုကြီးကား ဖြောင့်ချက်မပေးဝန့်ဘက။

ရွှေဝါပြည်သူလူထုကြီး၏အဘို့သည် မရောင်းနိုင်ပါဘူးဟု ဆိုနေသောပစ္စည်းတခုကို တမင်မရောင်းနိုင် လောက်အောင် ဈေးဆစ်၍ အတင်းထယ်ယူသည်နှင့်တူခဲ့၏။ ထိုသူတို့သည် တက်လာသမျှ အစိုးရကို ဤကဲ့သို့ပင်ဈေးဆစ်၍ ဤကဲ့သို့ပင် အတင်းထယ်၏။ ထို့နောက် ခင်ဗျားတို့က ရောင်းမှမရောင်းကြဘဲကိုး တိုင်းပြည်ကြီးကြပ်နေမှာပေ့ါ့ဟု မိမိတို့တကိုယ်ကောင်း ကိုယ်ကျိုးရှာ၍ ကြပ်တည်းခြင်းကို တိုင်းပြည်အစိုးရအပေါ်သို့ လွှဲချ၏။ ဤသဘောသည် ရွှေဝါပြည်၏ဆူပူသူတို့နှင့် ရွှေဝါပြည်၏ ပြည်သူတို့ တထပ်တည်းဖြစ်ကြ၏။

ဤတွင် ခေတ်သစ်ရွှေဝါပြည်အစိုးရ တက်ရောက်လာ၏။ ရွှေဝါပြည်သူလူထုနှင့် ဆူပူသူ တို့က ခေတ်သစ်ရွှေဝါပြည်အစိုးရတို့ပို၍ တွန့်တိုမည့်အစိုးရ၊ ဈေးကိုင်မည့်အစိုးရ၊ သည်အစိုးရ လက်ထက်တွင် အစိုးရကို လက်ညှိုးထိုးထိုးပြလျက် တရားခံအဖြစ် စွပ်စွဲကာ

ငါတို့ပိုပြီး ကိုယ်ကျိုး ရှာနိုင်တော့မည်ဟု တွေးဆတွက်ချက်လျက် လက်ပန်းပေါင်းခတ်လိုက်ကြ၏။ ဝမ်းပန်းတသာဖြင့် ကြိုဆိုကြ၏။

အထင်နှင့်အမြင်ကား တက်တက်စင်အောင် မှားကုန်ကြလေပြီ ခေတ်သစ်ရွှေဝါပြည် အစိုးရကား ဈေးဆစ်ရန်ပင်မလိုဘဲ တကယ်ရောင်းနေ၏။ လာလှည့်ယူလှည့် ဝယ်လှည့်ဟု အတင်းဆေးနေ၏။

မဝယ်လျှင် မကောင်းကြ ဝယ်ာကရပေတော့မည်။ ခေတ်အဆက်ဆက်က မိမိတို့တမင် အကြပ်ကိုင်လာခဲ့သော ဖြစ်ရပ်တခုသည် ဖူးပေါ်သလို အထင်အရှား 'ပေါလောချည်း' ပေါ်ပေ တော့မည်။

ရွှေဝါပြည်ကြီးကို အကြောင်းပြကာ ဆူပူ၍ ကိုယ်ကျိုးရှာနေကြသူများ မလိုက်လျောသော အစိုးရကြောင့် ဆူပူနေကြသောသူတို့ကို အကြောင်းပြကာ တပြည်ထောင်လုံး ကိုယ်ကျိုးရှာနေ ကြသူများ ထိုသည်တို့ကို လက်ညှိုးညွှန်လျက် မလိုက်လျောသောအစိုးရကို အပြစ်ပို၍ နိုင်ငံရေး လူစွမ်းကောင်း လုပ်စားနေကြသူများအားလုံးတို့သည် ယခုခေတ်သစ်ရွှေဝါပြည်အစိုးရ၏ လက်ထက်တွင် အထိကြီးထိနေကြလေပြီ။

သို့သော် ထိုသူတို့သည် ပသာယာသောနှလုံး မပြုံးရွှင်သော မျက်နှာတို့ကို အတင်းဖုံးဖိ လျက် ပြုံးရွှင်သဘောကျဟန်ဖြင့် ခေတ်သစ်ရွှေဝါပြည်အစိုးရကို ထောက်ခံရင်း အားကိုးမဲ့သော မျက်နှာဖြင့် တောတွင်းဆူပူသူတို့ဘက်သို့ လည်တဆန့်ဆန့်လှည့်ကြည့်၏။

မိမိတို့ထက် အကြံဉာဏ်များကောင်းမွန်ပြည့်စုံသော တောတွင်းဆူပူသူတို့သည် ခေတ် သစ်ရွှေဝါပြည် အစိုးရက အတင်းရောင်းနေခြင်းကို မဝယ်ဖြစ်လေအောင် လုပ်နိုင်ကောင်းရဲ့ဟု ကြီးစွာသော မျှော်လင့်ခြင်းဖြင့် အားကိုးအားထားပြုလျက် နားစွင့်၏။

ထိုသို့နားစွင့်နေဆဲ ရွှေဝါပြည်တွင်း ဆူပူသူတို့သည် ခေတ်သစ်ရွှေဝါပြည်အစိုးရနှင့် လာရောက်တွေ့ဆုံကြလေသည်။ အရောင်းအဝယ် ပြုလုပ်နေကြလေသည်။

ရောင်းသူအစိုးရသည် အတင်းရောင်းတော့မည်ဖြစ်၏။ ဆစ်သမျှဈေးနှင့် ရောင်းတော့ မလိုဖြစ်နေ၏။ ဝယ်သူက ဒီတခါတော့တကယ်များ ဝယ်သွားလေလိမ့်မလားဟု ရွှေဝါပြည်သူ ပြည်သားတို့က ရင်တဖိုဖို နှလုံးတဒိတ်ဒိတ်ခုံလျက် စောင့်ကြည့်၏။ ထိုအရောင်းအဝယ်လုပ်နေ ဆဲ တချိန်လုံး ရွှေဝါပြည်သူပြည်သားတို့သည် အသက်မှမရှူဝန့်ဘဲနားစွင့်နေကြ၏။

ထိုသို့ တိတ်တိတ်ဆိတ်ဆိတ် နားစွင့်နေဆဲ ရှေးဦးစွာ ထွက်လာသောအသံကား ဦးငကျိုင်းကောင်၏ အသံဖြစ်လေသည်။

ဦးကျိုင်းကောင်၏အသံသည် ခေတ်သစ်ရွှေဝါပြည်အစိုးရ၏ဘက်မှ အော်လိုက်သော အားပေးကူညီလိုက်သော အသံဖြစ်၏။

ဤတွင် ဦးကျိုင်းကောင်၏ မဖျောက်နိုင်သော 'ငယ်ကျင့်ညာဉ်'ကို သိရှိထားကြသော ရွှေဝါပြည်သား အချို့သည်ပင်လျှင် နားမလည်နိုင်ဘဲ 'ကြောင်'ကုန်ကြ၏။ မျက်စိလည်ကုန်ကြ၏။

ဦးကျိုင်းကောင်သည် စင်စစ် ရွှေဝါပြည်ကြီးအတွင်း၌ ရွှေဝါပြည်သူလူထုကို ညွှန်ပြသော ရှေ့ဆောင်လမ်းပြအဖြစ်၊ မိမိတဦးတည်းသာရှိလိုသောသူဖြစ်၏။

ရွှေဝါပြည်ဆူပူသူတို့ကား၊ အရည်အချင်းအလိုက် ရွှေဝါပြည်ကို ညွှန်ပြရှေ့ဆောင်နိုင်ရန် ကျိုးပမ်းနေကြသူများသာဖြစ်၏။ ဦးကျိုင်းကောင်ကဲ့သို့ အချောင်ခေါင်းဆောင်ဖြစ်ချင်သူများ မဟုတ်ကြ။

ထို့ပြင်သွေးနေသောဓါးသည် ထက်သကဲ့သို့ တိုင်းပြည်လူထုနှင့်အမြဲတစေ ထိတွေ့နေရ သောကြောင့် လူထုအကြောင်းကို သိ၏။ လူထု၏အတွေးအခေါ်ကိုသိ၏။ လူထု၏တောင်းတ ချက်ကို သိ၏။ ကောက်ကျစ်မှု ချောပစ်ဂုံးတိုက်မှု အတတ်မှုတပါး၊ အစစ ဦးကျိုင်းကောင်ထက် သာ၏။ ထိုသူတို့သည် ဦးကျိုင်းကောင်နှင့် တချိန်တုန်းကအတူတကွ လုပ်ဖေါ်လုပ်ဘက်ဖြစ်ခဲ့ ကြရကာ၊ ဦးကျိုင်းကောင်၏ ဂျောက်တွန်းမှုကို အလူးအလိမ့်ခံခဲ့ကြရသူတွေချည်းဖြစ်၏။ ထို့ကြောင့်အဆိုပါ ရွှေဝါပြည်ဆူပူသူများသည် 'မဟာနောင်တကြီး'ရရှိနေကြပါလျက် ရွှေဝါပြည်သူတို့လိုချင်နေကြသည့် ငြိမ်းချမ်းရေးကို ခေတ်သစ်ရွှေဝါပြည် အုပ်ချုပ်ရေးခေါင်းဆောင်များ၏ ဝယ်လိုသောဈေးနှင့် အဆစ်များများပေး၍ ရောင်းချပွဲသို့ ဝယ်ယူရန်ရောက်လာကြသောအခါ ဦးကျိုင်းကောင်နှင့်တွေ့ရန် ဝေးစွာရှောင်ကြ၏။

ရွှေဝါပြည်သူလူထုသည် ထိုအရောင်းအဝယ်ဈေးဆစ်ပွဲကြီးကို ရင်တထိတ်ထိတ်နှင့် စောင့်နေကြဆဲ. . .

ရောင်းမည့် ခေတ်သစ်ရွှေဝါပြည် အုပ်ချုပ်ရေးအဖွဲ့ကလည်း ဝယ်ချင်သောဈေးနှင့်တည့် အောင်ရောင်း၍ အဆစ်များများပင်ပေးလိုက်ဦးမည်ဟု အားခဲထားကြဆဲ. . .

တောတွင်းနေလျှင် အာဏာပိုင်ထိပ်သီးခေါင်းဆောင် မြို့ပေါ်နေလျှင် ရွေးကောက်ပွဲနိုင်ငံဖြစ်က ဝန်ကြီးချုပ်နှင့်သမတ တခုခု၊ အာဏာရှင်နိုင်ငံဖြစ်က အာဏာရှင်အဖြစ်ထက် တပြားသားမှ လျှော့မယူလိုဟူသော သူမျိုးမှတပါး ရိုးရိုးသားသားယုံကြည်ချက်ကြောင့် အဆင်းရဲခံ အငတ်ခံ၍ တောတွင်းသို့ရောက်နေကြရသော ဝယ်သူတို့ကလည်း မိမိတို့တွင်ပါသမျှ ရှိသမျှ 'အိတ်တလုံး'အဖုံးကိုမျှမဖွင့်ဘဲ အိတ်လိုက်ပစ်ပေးကြ၍ ဝယ်ယူကြတော့မည့်ဆဲဆဲ. . .

ထိုသို့ တပြည်ထောင်လုံးတထိတ်ထိတ် ရင်တဖိုဖိုနှင့် 'ငြိမ်းချမ်းရေး' ဈေးဆစ်ပွဲကြီးကို အသက်မရှူဝံ့ပဲ စောင့်နေကြချိန်၌ ရွှေဝါပြည်သူပြည်သားတို့သည် တပြည်ထောင်လုံးတခဲနက် ဖုံးလွှမ်းသွားသော အသံတသံကို အမှတ်မထင်ကြားလိုက်ရ၏။ ထိုအသံကား ဦးငကျိုင်းကောင်၏ အသံဖြစ်၏။

'တောတွင်းမှအဝယ်ရောက်လာကြသော သူတို့၏ အိမ်ထောင်တွင်း၌ ငွေအတုတွေသာ ပါသည် ငွေလိမ်တွေသာပါသည်။ သည်အတိုင်းသာဆိုလျှင် ရောင်းဝယ်မှုမဖြစ်နိုင် ရောင်းဝယ်မှု မလုပ်နိုင်ရောင်းဝယ်ပွဲပျက်ရမည်။

ရွှေဝါပြည်သူပြည်သား တကိုယ်ကောင်း အချောင်သမား ရေသာခိုတို့သည် ပထမသော် အံ့အားသင့်၏။ ဒုတိယသော် ဘဝင်ကျသွား၏။ တတိယပြုံး၏ စတုတ္ထ 'ရောင်းဝယ်ပွဲကြီးပျက် တော့မတဲ့ဟုအော်၏။

ထို့နောက်ကား ရောင်းဝယ်ပွဲကြီး ပျက်တော့မတဲ့ဟေ့. . . ရောင်းဝယ်ပွဲကြီး ပျက်တော့ မဟေ့ ပျက်မှာပေါ့ ခေတ်သစ်ရွှေဝါပြည်အစိုးရက တကယ်ရောင်းချင်တာမှ မဟုတ်တဲ့ဟူ၍ရင်း။

ဘယ်ရမလဲ လာဝယ်တဲ့လူတွေက သူတို့ဝယ်ပြီးလို့ရယင် အပိုင်စီးလို့ရမလားလို့ လာဝယ်တာ 'ခုန်ဆင်းငွေချေ' စနစ်မျိုးနဲ့ ရွှေဝါပြည်ကြီး ကောင်းတာတွေ မကောင်းတာတွေ ဘာမှမပြောကြနဲ့ ခုန်သာဆင်းလိုက် ငြိမ်းချမ်းရေးဆိုတဲ့ ငွေကို ချပေးလိုက်မယ်ဆိုတဲ့ သဘော မျိုးနဲ့ လာဝယ်တော့ဘယ်မှာရနိုင်မလဲဟူ၍ရင်း ကျယ်လောင်စွာပုတ်ခတ်အော်ဟစ်လိုက်၏။

ထိုအသံသည် ဘဝင်သို့လျှံသွားအောင် ရွှေဝါပြည်အလုံး သိမ့်သိမ့်တုန်စေလျက် ဖုံးလွှမ်း သွားသည်။

ရွှေဝါပြည်သူပြည်သား အချောင်သမားတို့သည် ကူကယ်မည့်သူနှင့်တွေ့ကြရလေပြီ။ ရင်တထိတ်ထိတ်ဖြင့် အရောင်းအဝယ်တည့်လေမလား တည့်လေမလားဟု စောင့်နေကြကုန်သော သူတို့သည် ယခုမှအချောင်သမားတို့၏ အကြိုက်ဖြတ်လမ်းကိုလိုက်လျက် အချောင်နှိုက် ဘို့ကြံရွယ်ရာတွင် ရက်ရက်စက်စက် လက်ရဲဇက်ရဲနှင့် လုပ်ရဲပြောရဲသော အခွင့်အရေးသမားကြီး ကိုဘွားကနဲ တွေ့ရကြုံရသိလိုက်ရလေသည်။

ထိုအသိနှင့်အတူ ရွှေဝါပြည် တပြည်ထောင်လုံးရှိ ရင်တထိတ်ထိတ်နေကြကုန်သော အချောင်သမား လူထုကြီးတရပ်လုံးက တခဲနက်သြဘာပေးလိုက်ကြကုန်၏။ ထိုအသံထဲတွင် အတရလဖ အဖွဲ့ဝင်တို့၏ အသံများလည်း ကျယ်လောင်စွာပါလာကြလေသည်။

အတရလဖအဖွဲ့ဝင်တို့ကား ရွှေဝါပြည်ကြီး မိမိတို့လက်ထဲ၌ ရှိနေရစဉ်က ရွှေဝါပြည်၏ ဆူပူသူတွေကို ဦးဆောင်တိုက်ခိုက်ခဲ့သူတွေဖြစ်၏။ နေရာအချိန်မရွေး

စစ်ကျေညာခဲ့၏။ ယခုခေတ်သစ်ရွှေဝါပြည် အုပ်ချုပ်ရေးတဖွဲ့ ဖြစ်နေကြသော ရွှေဝါပြည်၏စစ်တပ်မတော်ကြီးကို လက်ညှိုးညွှန်လျက် အတင်းတိုက်စေခဲ့သူများဖြစ်၏။ ထိုသူတို့သည် ယခုခေတ်သစ်ရွှေဝါပြည် အုပ်ချုပ်ရေးအဖွဲ့က ရွှေဝါပြည်ကြီးရှိဆူပူသူတို့နှင့် အရောင်းအဝယ်သင့်မြတ်ရန် ဖိတ်ခေါ်ကမ်း လှမ်းချက်ကို သဘောမကျနိုင်ပေ၊ ထို့ကြောင့် ဦးငကျိုင်းကောင်အား ဩဇာပေးလိုက်သောအသံ ၌ ထိုသူတို့၏အသံသည် ပို၍ကျယ်လောင်သည်၊

သို့သော် ထိုသူတို့ကား သတ္တိကြောင်သော လူညံ့များဖြစ်ကြ၏။ ခုတ်ရင်းတုန်းလာကြ သော ဓါးမဟောင်းကြီးများဖြစ်ကြ၏။ ထိုသူတို့သည် ရွှေဝါပြည်အစိုးရနှင့် ဆူပူသူတို့၏အရောင်း အဝယ်ပွဲကြီးကို မကြိုက်လျှင် မိမိတို့မကြိုက်ပါဖူးဟု မပြောရဲကြ။

မိမိတို့ဤသို့ပြောမိလျှင် ရွှေဝါပြည် တပြည်ထောင်လုံးက သဘောကျလေယောင် လိုလားလေယောင် ဟန်ဆောင်တောင်းဆိုနေကြသော အကြောင်းကိစ္စကြီးတရပ်လုံး၏ ဆန့်ကျင် ဘက်များဖြစ်လာကြရမည်ကို ကြောက်ရွံ့နေကြ၏။ သို့သော် ရွှေဝါပြည် တပြည်ထောင်လုံးက ရွှေဝါပြည်အစိုးရ အဆက်ဆက်ကို ခြိမ်းခြောက်နိုင်ရန်အတွက် ဟန်ဆောင် အော်ဟစ်နေကြခြင်း ဖြစ်ကြောင်း ထိုသူတို့ပိုသိ၏။

သို့သော် ပွင့်ပွင့်လင်းလင်းမပြောဝံ့တော့သော နိုင်ငံရေးသမားမပြီသတော့သော လူကြောက်များ ဖြစ်လေရကား ဦးငကျိုင်းကောင်၏ 'အသံဗလံ'ဆွကို ထောက်ခံအားဆေးရင်း နှောင်းခေတ်က ဦးဆောင်ခဲ့သော နိုင်ငံရေးသမားကြီးများလေသံဖြင့်. . .

ဟုတ်သည် ဦးငကျိုင်းကောင်ပြောတာဟုတ်သည်၊ ဤလိုဘဲဖြစ်ရမည်။ ဤလိုဘဲ အရောင်းအဝယ်ပျက်ရမည်။ ဤသို့ဖြစ်ရခြင်းမှာ ခေတ်သစ်ရွှေဝါပြည် အုပ်ချုပ်ရေးလမ်းစဉ်၌ ချို့ယွင်းမှုရှိနေသောကြောင့်သာ ဖြစ်သည်ဟု လိုက်အော်ကြ၏။

ဤတွင် မဟာအချောင်သမားဖြစ်သော ဦးငကျိုင်းကောင်၏ နှလုံးသား၌ နှစ်လိုဘွယ် သော အသိတရား၏ အလင်းရောင်သည် လက်ကနဲပွင့်လာ၏။

ဤအတရလဖအဖွဲ့ကြီးသည် ယခုမိမိ၏အော်သံကို ထောက်ခံနေသော်လည်း တခုသော အချိန်တချိန်၌ သင်းတို့လုပ်ဖော်လုပ်ဘက် အချင်းချင်း ခေတ်သစ်ရွှေဝါပြည် အုပ်ချုပ်ရေး ခေါင်းဆောင်များနှင့် အရေးကြီးက သွေးနီးနိုင်ကြသည်၊

ထိုသူများသည် ယခုပူညံပူညံ လုပ်နေသော်လည်း အရေးကြီးလာသောကြောင့် သွေးနီး စွာ ခေတ်သစ်ရွှေဝါပြည် အုပ်ချုပ်ရေးခေါင်းဆောင်နှင့် ပြန်ပေါင်းထုတ်မိကြသော် မိမိသည် ဣန္ဒြေမဲ့စွာ ရောက်ယက်ခတ်ရကျိုးမနပ်ဘဲ ဖြစ်ရပေချိမ့် မည်ဟု အမှန်ကိုတွေး၏။

ဦးကျိုင်းကောင်၏နားထဲ၌ ခေတ်သစ်ရွှေဝါပြည် အုပ်ချုပ်ရေးခေါင်းဆောင်များအဖွဲ့သို့ အတရလဖအဖွဲ့ကြီးမှ ဦးမြေနိထက်က ပြောကြားလိုက်ပုံကလေးကို သတိရလာ၏။

‘ခင်ဗျားတို့နဲ့တော့ သဘောချင်းမတိုက်ဆိုင်ဖူး၊ ဒါပေမဲ့ခင်ဗျားတို့လုပ်နေသရွေ့ ကျုပ်တို့ အတရလဖအဖွဲ့ကြီးက သဘောချင်းတူတဲ့အလုပ်တိုင်းမှာ ဝိုင်းကူမယ်၊ သဘောချင်း မတူတဲ့အလုပ်မှာ မတူဘူး မနှောက်ယှက်ဘူး၊ ဝေဖန်တာကြိုက်ယင်ဝေဖန်ပေးမယ်။ ဒီလိုဝိုင်းလုပ် ဘို့အတွက် ကျုပ်တို့ အတရလဖအဖွဲ့ကြီးကို လက်ခံပါ၊ ကျုပ်ကိုမကြိုက်ယင် ကျုပ်ကိုဖယ်ထား ပါ၊ အတရလဖအဖွဲ့ကြီးထဲကပါ ကျုပ်ထွက်ပေးမယ် တခြားလူတွေကို မကြိုက်သေးဘူးဆိုယင်လဲ အတရလဖ အဖွဲ့ကြီးထဲက အဲဒီမကြိုက်တဲ့လူတွေအားလုံး တို့ထုတ်ပစ်ပေးလိုက်အုံးမယ်. . .’

ဦးကျိုင်းကောင်သည် ကြက်သီးထသွား၏၊ ‘မဖြစ်ဖူး မဖြစ်ဖူး ဒီကောင်တွေဟာ တော် တော်ကြာ လင်မယားရန်ဖြစ်ပြီးသလို ပြန်တည့်ချင်တည့်သွားမှာပဲ’ဟု စိုးရိမ်လာ၏။ ချွေးသီးချွေး ပေါက်ကျလာ၏၊ ဦးကျိုင်းကောင်ကထ၍ အော်လိုက်ပြန်သည်။

အတရလဖအဖွဲ့ ခေါင်းဆောင်ပျက်ကြီးတို့သည် ခေတ်သစ်ရွှေဝါပြည်အစိုးရကရွှေဝါပြည် ဆူပူသူတို့နှင့် တွေ့ဆုံခဲ၊ ခေတ်သစ်ရွှေဝါပြည်အစိုးရ၏ ယုံကြည်ချက်တို့ကို ချိုးယွင်းနေပါသည် ဟု အပြစ်ထောက်ပြနေ၏။ ဤသို့ပြုခြင်းသည် ခေတ်သစ်ရွှေဝါပြည် အစိုးရ၏နောက်ကျောကို ဓါးနှင့်ထိုးခြင်းဖြစ်သည်။ ရွှေဝါပြည်ဖြစ်ဓါးမဟုတ် ကမ္ဘာ့စစ်အုပ်စုကြီး တခုကပေးထားသောဓါး ဖြစ်၏။ အလွန်ကြောက်မက်ဘွယ်ထက်မြက်၏ ခေတ်သစ်ရွှေဝါပြည်အစိုးရကို ဒဏ်ရာပြင်းထန် စွာ ရစေလျက် ထုတ်ခြင်းပေါက်သွားနိုင်၏။ ကမ္ဘာ့စစ်အုပ်စုကြီးတစုသည် အတရလဖ ခေါင်းဆောင်ပျက်ကြီးတို့၏လက်သို့ ဓါးချည်းသက်သက် ပေးအပ်လိုက်ရုံမဟုတ် အကြံဉာဏ် လည်း ပေးလိုက်သေး၏။

ထို့ကြောင့် ကြောက်ဘွယ်ကောင်းသော ဆရာနှင့် တပည့်တို့လေသံ တသံတည်းထွက် လာကြသည်ဟု အော်ဟစ်လိုက်ပြန်သည်။

ထိုအသံသည် ရွှေဝါပြည် တပြည်ထောင်လုံးကို ဖုံးလွှမ်းသွား၏၊ မျှားမကြာမီ ဦးကျိုင်း ကောင် မျှော်လင့်ထားသည့်အတိုင်း ခေတ်သစ်ရွှေဝါပြည် အုပ်ချုပ်ရေးခေါင်းဆောင်များအဖွဲ့ဝင် ပုဂ္ဂိုလ်တို့သည် တော်တော်လုပ်ရက်ကြတဲ့ လူတွေဘဲဟု တွေးတောစိတ်မကောင်းဖြစ်လာကြ၏။

ဦးကျိုင်းကောင်သည် တဘက်မှဤသို့ အထင်တွင် အတရလဖ အဖွဲ့ကြီးမှလူများ မည်သို့မကောင်းကြောင်း၊ မည်သို့စေတနာယုတ်ကြောင်းကို ဖိဖိပြော၏။ ဤသို့ပြောရသည် ပြောရက်သည်ကိုလည်း ဂုဏ်ယူ၏။

ငါကား သာမန်လူကဲ့သို့သော လူသားတယောက်မဟုတ် အများသူတကာတို့ထက် ပို၍ ထူးကဲသော သတ္တိရှိသောလူသားတည်း လူသားတယောက်သည် လူသား လူသားအချင်းချင်း အထင်အမြင်လွဲမှားကာ မုန်းတီးနေအံ့။ ငါသည် ထိုမုန်းတီးနေသူကို ချက်ခြင်း တယောက်နှင့် တယောက် ထသတ်ကြလေအောင် အပစ်အနာတို့ကို ပက်ပက်စက်စက်၊ ယုတ်ယုတ်မာမာ ဖော် ပြ၍ ထိုလူသားနှစ်ယောက်တို့ ထသတ်ကြသောအခါ မြိန်ရေယှက်ရေနှင့် ကြည့်နေနိုင်သူတည်း။ ထို့နောက်တယောက်သည် မရှုမလှသေဆုံးသွားအံ့၊ ထိုအခါ၌ ငါသည် သင်းတို့သတ်ပုတ်နေကြ သည်ကို မြိန်ရေယှက်ရေနှင့် ကြည့်နေရာမှ လဲကျသေဆုံးနေသူအား ဖနောင့်နှင့်ပြေး၍ ပေါက် ရက်သူတည်း။ မောပန်းလာသည်အထိ ချွေးသီးချွေးပေါက် ကျလာသည်အထိ ပေါက်ရက်သူ တည်း။ ထို့နောက် အလွန်ပေါ့ပါးသော စိတ်ဖြင့် လေချွန်၍ထွက်လာလျက် ထမင်းမြိန်မြိန်စားနိုင် သူတည်း။ ဦးငကျိုင်းကောင်သည် ဤအတိုင်းပြုရဲသူပြုနေသူဟု မိမိကိုယ်တိုင်မိမိဂုဏ်ယူ၏။

ရွှေဝါပြည်အုပ်ချုပ်ရေးသည် မိမိတို့နှင့်ဆန့်ကျင်ဘက်ဖြစ်သော ကမ္ဘာ့စစ်အုပ်စုတစုဘက် သို့ ယိမ်းလေပြီဟုမခံမရပ်နိုင်ဖြစ်ခါ မကျေနပ်သောစစ်အုပ်စုက မိမိသဘောအတိုင်း မိမိအလို အလျောက်ဝင်၍ ရွှေဝါပြည်တွင်း၌ဖြစ်ပျက်သော အဖြစ်များသည် မည်သူမှန်၏။ မည်သူမှား၏ ဟု တမင်ဝေဖန်လာ၏၊ တမင်စွက်ဖက်လာ၏။

ဤတွင် ဦးငကျိုင်းကောင် အဘို့တအားတက်လာ၏။ မိမိအတွက်တွန်းစရာ တိုက်စရာ အကွက်ရလာ၏။

အတရလဖအဖွဲ့ချုပ်၏။ ပြောဆိုဝေဖန်ချက်တို့သည် ယခုဝင်ရောက်စွက်ဖက်လိုက်ကြ သော ကမ္ဘာ့လက်ျာအုပ်စု၏ လေသံနှင့်တဆက်တည်းဖြစ်နေ၏။ ထို့ကြောင့် အတရလဖသည် ကမ္ဘာ့လက်ျာအုပ်စုကြီးနှင့် အဆက်အသွယ်ရှိသူဖြစ်၏။ ဤအတိုင်းဆိုသော် အတရလဖအဖွဲ့ ချုပ်ကြီးကို ခေတ်သစ်ရွှေဝါပြည်အစိုးရအဖွဲ့သည် လစ်လျူမရှုထားဘဲ မျက်ခြေမပြတ် ဂရုစိုက် အကဲခတ်သင့်၏။ သိမ်းဆည်းထားရန်သင့်၏။ စသဖြင့်ပြောဆိုလာ၏။

ထိုမျှမကသေး ဦးငကျိုင်းကောင်သည် ဤသို့သောစကားကို မိမိတဦးတည်းသာ ပြောနေ ရုံမျှမက၊ ရွှေဝါပြည်ရှိကမ္ဘာ့လက်ဝဲအုပ်စု၏ ကိုယ်စားလှယ်သံရုံးသို့လည်း သွားသေး၏။ ကမ္ဘာ့ လကျာ်အုပ်စုကြီးများမှ ဆက်ခါဆက်ခါဝေဖန်လိုက်သော ဝေဖန်ချက် စာအုပ်စာတမ်းကိုလည်း ယူသွား၏။ ထို့နောက်ကမ္ဘာ့လက်ဝဲအုပ်စုမှ သံရုံး၏ဝါဒရေးရာပုဂ္ဂိုလ်ကိုပြော၏။

ခင်ဗျားတို့ဒီလိုလက်မနှေးနေနဲ့ ဟောဒီမှာ ဘတ်ကြည့်ကမ္ဘာ့လက်ျာအုပ်စုကကောင်တွေ ဘယ်လောက်ခြေသွက်နေသလဲ ရွှေဝါပြည်က အတရလဖအဖွဲ့ချုပ်က အကောင်တွေနဲ့ပေါင်း၊ ရွှေဝါပြည်ကို ကမ္ဘာ့လကျာ်အုပ်စု အဖွဲ့ဝင်ဖြစ်အောင် လုပ်တော့မယ်။ ခေတ်သစ်ရွှေဝါပြည် အစိုးရရဲ့ လုပ်နည်းလုပ်ဟန်တွေက

လက်ဝဲဆန်ဆန်ဖြစ်နေလို့တော့ ခင်ဗျားတို့စိတ်ချမနေနဲ့ ခေတ်သစ်ရွှေဝါပြည်အစိုးရရဲ့ အင်အားကလဲ ဘာမှသိပ်ရှိတာမဟုတ်ဖူး။ ကျုပ်တို့ဝိုင်းဝန်းထိန်း ထားကြလို့ အခုလောက်ခိုင်နေရတာ။

ကမ္ဘာ့လက်ဝဲလက်ျာအုပ်စုကြီးများကား ဤသို့သောအချက်ကို တမင်စောင့်နေသူများဖြစ် ၏။ ထိုသူတို့သည် အခြားပြည်တွင်းရေးတခုခုကို မဝင်လိုသေးသမျှ အခြေအနေကို အကဲခပ် လျက်ငြိမ်နေ၏။ ဝင်လိုသည်နှင့်တပြိုင်နက် ထိုပြည်တွင်းရှိ ကွဲနေကြသောအဖွဲ့အသီးသီးမှ မိမိတို့အာဘော်နှင့် ကိုက်ညီသည့်အဖွဲ့ တဦးဦးကိုဖြစ်စေ၊ သို့မဟုတ် ပို၍ကွဲသွားမှ ထိုပြည်ငယ် ကလေး အင်အားနည်းသွားမည်ကိုသိသောကြောင့် ပို၍ကွဲသွားရန် ပို၍အင်အားယုတ်လျော့ သွားစေရန်ဖြစ်စေ အဆိုပါ ပြည်တွင်းရှိ အဖွဲ့တခုခုကို အားပေးသော ထောက်ခံသော အပြုအမူ ကို ပြုစမြဲဖြစ်၏။

ဤသို့ပြုမူကြရသော အလေ့အထသည် ကမ္ဘာ့လက်ဝဲအုပ်စုနှင့် ကမ္ဘာ့လက်ျာစစ်အုပ်စုတို့ ၏ လုပ်ရိုးလုပ်စဉ်အတူတူချည်းဖြစ်ကြ၏။

လက်ဝဲအုပ်စုကနိုင်ငံတခုကို အားနည်းစေရန် ဝင်ခွဲလျှင် လက်ျာအုပ်စုကလည်း ထိုနိုင်ငံ ကို အားနည်းစေရန်ပင် ထပ်၍ ခွဲကြ၏။

ကမ္ဘာ့လက်ဝဲအုပ်စုနှင့် ကမ္ဘာ့လက်ျာအုပ်စုကြီးတို့အတွက် တိုင်းငယ်ပြည်ငယ်တခုသည် ဤသို့တဘက်တက်ကို အတိအလင်းဝင်ရောက်လာအောင် ပြုမူနိုင်ရေးသည်ပင်လျှင် စစ်အတွက် ကျားကောင်တကောင်ကို ရွှေ့လိုက်နိုင်ရေးဖြစ်၏။ ဤအချက်သည်ပင်လျှင် မင်းကတကွက်သာ သည် တကောင် သာသည်ဟု ဆုံးဖြတ်နိုင်သောအချက်ဖြစ်၏။

ထို့ကြောင့် ထိုကမ္ဘာ့လက်ဝဲစစ်အုပ်စုနှင့် ကမ္ဘာ့လက်ျာစစ်အုပ်စု နှစ်စုလုံးကလည်း တိုင်းပြည်တပြည်ကို မိမိဘာသာရပ်တည်နေနိုင်ခြင်း ကြားနေအဖြစ်အခိုင်အမာ နေနိုင်ခြင်းကို မလိုလား မြန်မြန်ပြိုကွဲပျက်စီးလျက် မြန်မြန်အားအင် ချိနဲ့စေချင်သည်ချည်းဖြစ်၏။

သို့သော် အကြောင်းတခုရှိ၏။ ဤတိုင်းပြည်ငယ် တခုသည် မြန်မြန်ပြိုကွဲ၍ မြန်မြန် အားအင်ချိနဲ့လာမည်ဖြစ်အံ့ ထိုသို့ဖြစ်သည်နှင့် ကမ္ဘာ့လက်ဝဲစစ်အုပ်စုဘက်သို့ ရောက်ရန် သေချာလျှင် ကမ္ဘာ့လက်ျာအုပ်စုသည် ထိုတိုင်းပြည်ကိုမပြိုကွဲစေရန် ယင်းသို့သဘောအတိုင်း ရပ်တည်စေနိုင်ရန်အတွက် အစွမ်းကုန်အထောက်အကူပေး၏။

ထို့အတူ ကမ္ဘာ့လက်ဝဲစစ်အုပ်စုကလည်း တိုင်းပြည်ငယ်တခုသည် ယင်းတို့၏သဘော အတိုင်း မရပ်တည်နိုင်သည်နှင့် ကမ္ဘာ့လက်ျာအုပ်စုဘက်သို့ မြေကြီးလက်ခတ်မလွဲ ရောက်လိမ့် မည်ဖြစ်အံ့၊ ထိုတိုင်းငယ်ပြည်ငယ်ကို မပြိုကွဲလေအောင် ယင်းတို့သဘောအတိုင်း အစွမ်းကုန် အထောက်အကူဖေးသည်ချည်းဖြစ်၏

ထိုမျှသာမဟုတ်သေး. . . . .

တိုင်းငယ်ပြည်ငယ်တခုသည် ပြိုကွဲအားနည်းလာသည်နှင့် မိမိတို့ဘက်သို့ မြေကြီးလက် ခတ်မလွဲပါလာလိမ့်မည်ဖြစ်အံ့။

ထိုတိုင်းငယ်ပြည်ငယ်ကို တဘက်စစ်အုပ်စုက တိုင်းငယ်ပြည်ငယ်ကလေး၏ သဘောအတိုင်း ကြာရှည်နေနိုင်သမျှနေနိုင်အောင် အစွမ်းကုန်အထောက်အကူပြုသကဲ့သို့ မိမိတို့စစ်အုပ်စုကလည်း ထိုတိုင်းငယ်ပြည်ငယ်ကလေးကို အမြန်ဆုံးအားအင်နည်းပါးဆုတ်ယုတ်သွား အောင် အစွမ်းကုန် ဖြိုခွဲပေးကြရမြဲ ထုံးစံဖြစ်၏။

သို့မှသာလျှင် မိမိတို့ဘက်သို့ မြန်မြန်ရောက်လျက် မိမိတို့ကို ထိုတိုင်းငယ်ပြည်ငယ်ကလေးက တဘက်သတ် အားကိုးနေရမည်ဖြစ်လေသည်။

ကမ္ဘာ၌ လက်ျာစစ်အုပ်စုနှင့် ယှဉ်ပြိုင်၍ တပြည်ထောင်ပြီးတပြည်ထောင် မိမိတို့လက်ဝဲ စစ်အုပ်စုဘက်သို့ သိမ်းသွင်းခဲ့ပြီးသော တိုင်းကြီးပြည်ကြီးမှ သံရုံးရှိဝါဒရေးမှူးက ဦးကျောင်း ကောင်ကို အလွန်သဘောကျစွာကြည့်၏။ ထို့နောက်လိုသမျှအကူအညီကိုလည်း ပြောပါ၊ သို့ပြင် ပြည်သူလုပ်သားထုကြီးကို ချစ်ခင်တတ်လှသော ခေါင်းဆောင်ကြီး လူကြီးမင်း၏မြင့်မြတ်သော အကြံဉာဏ်ကိုလည်း ကျနော်တို့နာယူပါမည်ဟုပြောလိုက်၏။

ထို့နောက် ကမ္ဘာ့လက်ဝဲစစ်အုပ်စုကြီး၏ အရေးပါသော အာဘော်သတင်းမှအတရလဖ တို့သည် ဖောက်ပြန်ကြောင်းဖောက်ပြန်သော ကမ္ဘာ့လက်ျာစစ်အုပ်စုနှင့် ပေါင်းသင်းနေကြောင်း ခေတ်သစ်ရွှေဝါပြည်အစိုးရသည် ထိုဖောက်ပြန်သော မျိုးဖျက်တိုင်းဖျက်တို့၏ ကမ္ဘာ့လက်ျာစစ် အုပ်စုနှင့် ပေါင်းသင်းခြင်းကိုမျက်ခြေမပြတ် ကြည့်နေသင့်ကြောင်းရေး၏။

ဦးကျောင်းကောင်ကမူ ဤသို့ပြုမူရေးသားခြင်းသည် မိမိ၏အစွမ်းအစကြောင့်ဟုထင်၏။

ထို့ပြင် ခေတ်သစ်ရွှေဝါပြည်အစိုးရ၏ ခေါင်းဆောင်များအဖွဲ့နှင့်တွေ့ဆုံ၍. . . .

'ကဲ. . . ကမ္ဘာ့လက်ဝဲစစ်အုပ်စုကြီးရဲ့ အာဘော်ဟာကျုပ်အာဘော်နှင့် တထပ်တည်းမဟုတ် ဖူးလားဟု ကြွားဝါပြောဆို၏။

ဦးကျောင်းကောင်သည် ထိုမျှသာမဟုတ်သေး၊ ခေတ်သစ်ရွှေဝါပြည်အစိုးရနှင့် လာရောက် တွေ့ဆုံကြကုန်သော တောတွင်းဆူပူသူတို့ကိုလည်း တဦးပြီးတဦးတဖွဲ့ပြီးတဖွဲ့ ဝေဖန်လှတ်၏။

ခေတ်သစ်ရွှေဝါပြည်အစိုးရ၏ ရှေ့မှနေ၍ ခေတ်သစ်ရွှေဝါပြည်အစိုးရနှင့် ရွှေဝါပြည် တောတွင်းဆူပူသူတို့လုပ်ကြသော ငြိမ်းချမ်းရေးအရောင်းအဝယ်သည် ဘယ်တော့မှမဖြစ်နိုင်။

ထိုအရောင်းအဝယ်ကို ဖြစ်မြောက်အောင် ကျုပ်တို့ကလည်း လိုလား၏။ ရွှေဝါပြည် လူထုကြီးကလည်း လိုလား၏။ ရွှေဝါပြည်ခေတ်သစ် အစိုးရကလည်း ဝယ်လာသည့်ဈေးနှင့် အတင်းတည့်အောင် ရောင်းမည်ဟုဆိုနေ၏။ သို့သော် ထိုအရောင်းအဝယ်သည် ဘယ်တော့မှ မဖြစ်၊ အကြောင်းမူအဆိုပါငြိမ်းချမ်းရေးကို လာဝယ်သောရွှေဝါပြည်၏ တောတွင်းဆူပူသူတို့ သည် တဦးတယောက်မှမရှိုးသားကြ၊ လက်ထဲ၌ခဲပိုက်ဆံတွေချည်း ယူလာကြ၏ဟု ရွှေဝါပြည် တပြည်လုံး မြို့အနှံ့ ရွာအနှံ့ ဟစ်အော်ကြွေးကျော်ပေးလိုက်သည်၊

တကိုယ်ကောင်းအချောင်သမား အကျင့်ပျက်များဖြစ်နေကြသော ရွှေဝါပြည်သားလူထု ကြီးတရပ်လုံးရင်ထဲ၌ရှိသော အလုံးကြီးကျသွား၏။

မောင်မင်းကြီးသားကယ်မပေးပေလိုသာ သို့မဟုတ်လျှင် ငဒိုးစည်းနှင့်ကမ်းနှင့် နေရတော့ မည် တကိုယ်ကောင်းအမြတ်ကြီးစား အလုပ်တွေစွန့်ရတော့မည်၊ မောင်မင်းကြီးသား ကျေးဇူး ကြီးပါပေသည်ဟု ‘ဟင်း’ ချလိုက်ကြ၏။

ကမ္ဘာလက်ဝဲလက်ျာအုပ်စုကြီးနှစ်စု၏ ရွှေဝါပြည်နေသံ အရာရှိများကလည်း ဝမ်းမြောက် ဝမ်းသာဖြစ်လာကြ၏၊ ဦးကျော်ငြိမ်းကောင်ကိုအရေးပေးလျက် လေးစားသမှု အမူအရာပြကြ၏။

ဦးကျော်ငြိမ်းကောင်သည် သံအရာရှိကြီးများ၏ အသွင်ကိုမြင်သောအခါ မိမိသိပ်ဟုတ်ပါ လားဟု မိုးမမြင် လေမမြင်ဖြစ်လျက် ပို၍လူပ်ရှားလာ၏။

ရွှေဝါပြည်ကြီး တကယ်စည်းလုံးတော့မည်လား၊ တကယ်စည်းလုံးတော့မည်လားဟု စိုးရိမ်တကြီးနှင့် ရင်တထိတ်ထိတ်ရှိနေခဲ့ကြရာ ဦးကျော်ငြိမ်းကောင်ဝင်၍ ခလောက်ဆန်လိုက်မှ ‘ဟင်း’ ချလိုက်ကြရ၏၊ စင်စစ်ကမ္ဘာလက်ဝဲစစ်အုပ်စုကြီးကလည်း ရွှေဝါပြည်ကြီးပြိုကွဲလျှင် မိမိတို့ ဘက်သို့ ရောက်လိမ့်မည်ဟု မြေကြီးလက်ခတ်မလွဲ မြှော်လင့်ထား၏။ ခေတ်သစ်ရွှေဝါပြည် အုပ်ချုပ်ရေး အဖွဲ့ခေါင်းဆောင်များသည် မိမိတို့နှင့်ယုံကြည်ချက်ခြင်းတူသည် မဟုတ်ပါလော။

ရွှေဝါပြည်ကြီးကို အမဲဖျက်လိုကြသော နိုင်ငံခြားသားများနှင့် ရွှေဝါပြည်၏တိုင်းဖျက်ပြည် ဖျက် မျိုးဖျက်သစ္စာဖောက် ကိုယ်ကျိုးရှာ တကိုယ်ကောင်းသမား လူထုကြီးသည် ဦးကျော်ငြိမ်း ကောင်ကို ဝိုင်းဝန်းသြဘာပေးကြကုန်၏။ ဦးကျော်ငြိမ်းကောင်၏ အာဘော်ကို အရေးတစိုက်နား ထောင်လာကြကုန်၏။

ရွှေဝါပြည်ကြီးတပြည်လုံး ထိုသို့အရေးတကြီး လှုပ်ရှားနေချိန်တွင် ငဆိုးထက်ခိုင်ကား နိုင်ငံခြားစာပေတို့ကို အေးဆေးစွာနေနိုင်အားသောသူအဖြစ် နေစိမ့်၏။

ငဆိုးထက်ခိုင်သည် ရွှေဝါပြည်၏အနီးအနား မြန်မာနိုင်ငံမှ မြန်မာရာဇဝင်တို့ကို လေ့လာဆည်းပူးနေလေသည်။

ငဆိုးထက်ခိုင်အဘို့ နိုင်ငံခြားသား မြန်မာများ၏ ရာဇဝင်ထဲ၌ မှတ်ဖွယ်ဖတ်ဖွယ်လေ့လာ ဘွယ်တို့ကို တွေ့ရှိနေ၏။

အလွန်စိတ်ဝင်စားစွာဖြင့် ထမင်းမှန်း ဟင်းမှန်းမသိဘဲ အဆိုပါ မြန်မာရာဇဝင်ပါ အကြောင်းအရာတို့ကို အထပ်ထပ်ဖတ်၏။

မြန်မာဘုရင်ငယ်တဦးဖြစ်သော မင်းတရား ရွှေထီးဆိုသူသည် ဟံသာဝတီအရပ်ကို အကြိမ်ကြိမ်တိုက်သော်လည်း ဟံသာဝတီဘုရင် သုရှင်တကာရွတ်ပိ၏ အသက်အရွယ် အိုရင့်သော အတွေ့အကြုံများသော အထိန်းတော် ဗညားလောနှင့် အချီတော် ဗညားကျန်းတို့ အစီ အမံ ခိုင်ခန့်လှသောကြောင့် တိုက်ယူမရနိုင်အောင်ရှိ၏။ ဆင်မြင်း အလုံးအရင်းနှင့်သုံးကြိမ်တိုင်တိုင် တိုက်ခိုက်ပါသော်လည်း အတွေ့အကြုံများလှသော အထိန်းတော်အချီတော် လူအိုကြီးနှစ် ယောက်၏ အစီအမံ အကွပ်အကဲကောင်းမှုကြောင့် မည်သို့မျှမရလေ။

သို့သော် အင်အားခြင်းမမျှတသော ဟံသာဝတီဘုရင် ‘သုရှင်တကာရွတ်ပိ’ သည် စစ်မက် ယှဉ်ပြိုင်မဝန့်သည်အလျှောက် မင်းတရား ရွှေထီး၏အထံသို့ နှစ်ပြည်ထောင်မင်းနှစ်ပါး ရွှေတပြားတည်း ခပ်သကဲ့သို့ သင့်တင့်ညီညွတ်စွာ နေကြပါရန် သံစေ၍ သဝဏ်စာချွန်ပါးလေ သည်။

စာချွန်၌ကား . . .

‘ရာမညတိုင်း ဟံသာဝတီပြည်ကြီးကို အစိုးရသော မဏိ သုရ ပဝရ ဓမ္မရာဇာကြားလိုက် အပ်သော ဇေယျဝပုနတိုင်းသည် ဘေးလောင်းတော် ဘိုးလောင်းတော်တို့လက်ထက် ရေဝယ် သားသော် အခြားမမြင်သကဲ့သို့ မီးမလေရေမနောက် ဖြစ်လေသည်။

ယခုလည်းရှေးကဲ့သို့ နှစ်ပြည်ထောင်မင်းနှစ်ပါး ရွှေတပြားတည်းကဲ့သို့ဖြစ်မှ တိုင်းကား နိုင်ငံ၌ နေကုန်သော ခပ်သိမ်းသော သတ္တဝါအပေါင်းတို့သည် ချမ်းသာခြင်းသို့ရောက်ကြ၍ ပရိယတ္တိ၊ ပဋိပတ္တိသာသနာတော် အစဉ်ရှည်စွာ တည်မည်ဟူသတည်း။

ထိုစာချွန်ကို ရွှေပေ၌ရေးစေ၏။ ထို့နောက် အထူးထူးသော အထည်မျိုးအုပ်မျိုးတို့ကို လည်း လက်ဆောင်အဖြစ် ပါးစေ၏။

ဘုရင်သုရှင်တကာရွတ်ပိသည် ထိုသို့သံစေရာ၌ မိမိတဦးတည်းမဟုတ်ဘဲ အထိန်းတော် အချီတော်ကြီးများ ဖြစ်ကြသော ဗညားလောနှင့် ဗညားကျန်းတို့ကိုလည်း အရေးအရာပေးသော လေးစားရိုကျိုးသောအားဖြင့် မိမိသံများနှင့်အတူ မြန်မာဘုရင်တပင်ရွှေထီးထံသို့ 'သံ' အတူစေ ပါရန် တိုက်တွန်း၏။

ဘုရင်'သုရှင်တကာရွတ်ပိ' ၏ တိုက်တွန်းချက်အရ ဗညားလောနှင့် ဗညားကျန်းတို့က လည်း ဘုရင့်'သံ' နှင့်အတူ မိမိတို့ 'သံ' များကို သီးခြားထည့်ပေးလိုက်ရ၏။

မြန်မာဘုရင် တပင်ရွှေထီး၏ထံသို့ သံ တွေ့ရောက်ကြသော် မြန်မာဘုရင်တပင်ရွှေထီး သည် ဘုရင် 'သုရှင်တကာရွတ်ပိ' ပေးလိုက်သော စာချွန်တော်ကို နားဆင်တော်မူလျက် မည်သို့မျှ မမိန့်မဟာရှိ၏။

ကွမ်းတရာညက်ခန့် ဆိတ်ဆိတ်နေပြီးသော် သံတို့ကို ရှေ့တော်မှ သံတဲသို့ပြန်စေ၏။

သံတို့ ဝင်းပြင်သို့ရောက်သောအခါ တပင်ရွှေထီးသည် ဘုရင်'သုရှင်တကာရွတ်ပိ' ၏ အထိမ်းတော် အချီတော်ဖြစ်ကြသော ဗညားလောနှင့် ဗညားကျန်းတို့၏သံကို အတွင်းတော်သို့ ပြန်၍ခေါ် ၏။

ထို့နောက် ဦးရီးတော်ဗညားလောနှင့် ဗညားကျန်းတို့ကို ဤရွှေသစ္စာပန်းနှစ်ပွင့်ပေးပါဟု ပြော၍ ရွှေဖြင့်ပြုလုပ်သောပန်းနှစ်ပွင့်ကို ပေးအပ်လိုက်၏။

ဗညားလောနှင့် ဗညားကျန်းတို့၏သံများ ဤကဲ့သို့ပြန်ရောက်လာကြသောအခါ ဘုရင် သုရှင်တကာရွတ်ပိ၏ သံအကြီးအကဲက ဘုရင်တပင်ရွှေထီးသည် ရောင်းရင်းတို့ကို အဘယ် အကြောင်းပြောသနည်းဟုမေး၏။

ဗညားလောနှင့် ဗညားကျန်းတို့သံက ဘုရင်တပင်ရွှေထီးသည် ငါတို့ကိုဘာမျှမပြော၊ ဤရွှေသစ္စာပန်းနှစ်ပွင့်ကို ဦးရီးတော်ဗညားလောနှင့် ဗညားကျန်းတို့ကို ဆက်ပါလေဟုသာပြော ၏ဟုဆို၏။

ထိုအခါ ဘုရင်သုရှင်တကာရွတ်ပိ၏သံအကြီးအကဲကမယုံ၊ ဤသူတို့သည် ဘုရင်တပင် ရွှေထီးပြောသည့်စကားကို ထိန်ချန်လျှို့ဝှက်ထားဟန်ရှိ၏ဟု စိတ်၌အမှတ်ထား၏။

ထိုသို့ရှိစဉ် ဘုရင်တပင်ရွှေထီးသည် သံအရာရှိကြီးတို့မပြန်မချင်း ဗညားလောနှင့် ဗညား ကျန်းတို့၏သံကိုသာ အထူးဂရုပြုလျက်၊ မပြတ်ခေါ် ယူကျွေးမွေး၏။ ဘုရင်သုရှင်တကာရွတ်ပိ၏ သံအကြီးအကဲကိုမူ မရှိသလိုမသိသလိုပြု၏။

ဘုရင်သုရှင်တကာရွတ်ပိ၏သံသည် ဟံသာဝတီသို့ရောက်လျှင် ကေတုမတီ၌ တွေ့ကြုံခဲ့ ရသော ဤအကြောင်းချင်းရာများကို အစေ့အစုံထပ်လျှောက်၏။

ထိုအခါဟံသာဝတီတုရင် သုရှင် တကာရွတ်ပိသည် အထိန်းတော်နှင့် အချီတော်ကြီးဖြစ်သော ဗညားလောနှင့် ဗညားကျန်းအပေါ် တွင် မယုံမကြည်ရှိလာ၏။

ထိုအချိန်၌ မင်းတရားရွှေထီးသည် မိမိစေလွှတ်ထားသော အထောက်တော်များအထံမှ ဟံသာဝတီသတင်းကိုရ၏။

ထိုအခါ ရွှေပေတွင်စာရေး၍ ဗညားလောနှင့် ဗညားကျန်းတို့အထံသို့ ပို့လိုက်သည့်ဟန် စီရင်၏။

စာတွင်ပါသည်ကား. . . ဖေယျာဝပုနတိုင်း၊ ကေတုမတီပြည်ကြီးကို အစိုးရသောတူတော် မင်းတရားကြားလိုက်သည့် ဦးရီးတော်နှစ်ပါး ဦးရီးတော်တို့မှာ စာတွင်အရေးပြီးလျှင် ဦးရီးတော် ဗညားကျန်းမှာ မုတ္တမမြို့ကိုစားပါမည်။ မှာသည့်အတိုင်းအရေးတော်ပြီးလျှင် သူကောင်းပြုရမည် ဖြစ်သည်။ ငါ့အမှုတော်ကိုသာ ကျိုးစားအားထုတ်ပါဟူ၍ဖြစ်သတည်း။

စာကိုသက္ကလပ်အုပ်တွင် တံဆိပ်လကျာ်နှင့် သွတ်ပြီးမှ နှီးကိုယက် သားရိုးကိုင်ထားသော ရေမိုးလုံသည် ‘ပူတာခေါင်ယက်’ တွင်ထည့်သည်။

ထိုစာနှင့်အတူ ကတ္တီပါမော်ယော်၊ မှိုင်းလုံး၊ ရွှေဖျင်အများထည့်လျက် မောက်မာဝင့်ကြွား တတ်သူ နှစ်ယောက်ကို သံအကြီးကဲခန့်တော်မူ၍ လူသုံးကျိပ်ကျော်နှင့် သွားစေ၏။

သံတို့ကို မှာတော်မူသည်ကား ဟံသာဝတီ ကျေးလက်ရောက်လျှင် ဟံသာဝတီကျေးရွာ သားတို့ကို တရွာမှတရွာဝန်စည်ပို့ဆောင်ရန် အတင်းအကြပ်ခေါ်ဆောင် မောက်မောက်မာမာ စေခိုင်း နှစ်စခန်းသုံးစခန်းရောက်၍ သင့်တော်ကြီးကျယ်သည့် ရွာသို့ရောက်လျှင် ရွာသားတို့နှင့် အချင်းများသည်အထိ ဖြစ်လေအောင် ရွာသားတို့ကို ချည်နှောင်နှိပ်စက်အပိုင်အနိုင်ပြုကျင့်လေ။

ယင်းသို့လျှင် ရွာသားတို့မခံနိုင်၍ ခုခံသတ်ပုတ်သော် အနိုင်ထက်သတ်ပုတ်လျက် ယူဆောင်သွားသော ဝန်စည်နှင့်စာချွန်ပါသည့် ‘ပူတာခေါင်’ ကိုပစ်ခဲ့၍ အလွန်ပြေးခဲ့ကြဟု မှာတော်မူ၏။

‘သံ’ တို့လည်း ဟံသာဝတီကျေးရွာများသို့ရောက်လျှင် မှာတော်မူထားသည့်အတိုင်း ဟံသာဝတီ ကျေးရွာသားများကို ထမင်း ဟင်းအရက်သေစာနည်းသည်၊ ညံ့သည်ဟု မောက်မာ စွာပစ်တင်စော်ကားမှုပြု၏။ ဝန်စည်ကိုသယ်ပိုးစေ၍ တရွာမှတရွာသို့ အပို့ခိုင်း၏။

အချင်းဖြစ်ရန်သင့်တော်သည့် ရွာကြီးရွာကောင်းသို့ရောက်လျှင် ရွာသူကြီးနှင့် လူကြီးသူမ များကို ချည်နှောင်တုတ်ဆွဲ၍ ထမင်းဟင်း အရက်သေစာတို့ကိုနည်းသည်၊ ညံ့သည်၊ ကောင်းစွာပေးလော စသည်ဖြင့် မခံမရပ်နိုင်လေအောင် ပြုကျင့်တောင်းဆိုသည်၊

ထိုအခါ ဟံသာဝတီကျေးရွာသားတို့လည်း မခံရပ်နိုင်ရှိကြ၍ အထွေးထွေးဖြစ်အောင် ခုခံသတ်ပုတ်၏။ သံတို့လည်း 'ပူတာခေါင်ယက်' နှင့် ဝန်စည်တို့ကိုပစ်ခဲ့၍ အားမတန်သဖြင့် ပြေးကြဟန် ပြန်ပြေးလာကြ၏။

ဟံသာဝတီကျေးရွာသားတို့သည် မင်းတို့၏ ရေးရာဖြစ်သော ပူတာခေါင်ယက်ကို ယူငင် ထိန်ကျန်မထားဝံ့ကြသည်ဖြစ်၍ မိမိတို့သခင် ဟံသာဝတီတုရင် သုရှင်တကာရွတ်ပိကိုဆက်၏။

မင်းကြီးလည်း ဆက်လာသည့် ပူတာခေါင်ယက်တွင်ပါသည်ကို ကြည့်ရှုတော်မူလေသော် သက္ကလပ်အိတ်တွင် စာကိုတွေ့၏။

ဖတ်စေရာတွင် စာပါသမျှကို ကြားတော်မူလျှင် ပညာတော်ဖြင့် ထောက်ရှုတော်မမူ အထက်ကယုံကြည်ရင်း မရှိတော့ပြီဖြစ်သော အထိန်းတော်ဗညားလောနှင့် အချီတော်ဗညား ကျန်းတို့ကို နန်းတွင်းသို့ခေါ်၍ သတ်လေ၏။

တောင်ငူဘုရင် တပင်ရွှေထီးသည် ဟံသာဝတီ၌ အကွပ်အကဲအထိန်းအအုပ်နာစွာ ပြုတတ်သော ဗညားလောနှင့် ဗညားကျန်းတို့မရှိတော့ပြီဟုကြားသည်နှင့် ဟံသာဝတီသို့ စတုတ္ထ အကြိမ်ချီတော်မူ၏။

ဟံသာဝတီတုရင် သုရှင်တကာရွတ်ပိလည်း အားကိုးရသော ဗညားလောနှင့် ဗညားကျန်း တို့ မရှိတော့ပြီဖြစ်သောကြောင့် တောင်ငူဘုရင်ကိုရင်မဆိုင်ဝံ့ဘဲ တောင်ငူဘုရင်တပင်ရွှေထီး ချီလာ၍ သုံးစခမ်းရောက်သည်နှင့် ဟံသာဝတီကိုပစ်လျက် ပြည်သို့ပြေးရလေသည်။ တပင်ရွှေထီး ဟံသာဝတီကို စတုတ္ထအကြိမ်ချီတော်မူသည်ကား ဤသို့တည်း။

နိုင်ငံခြားစာပေကို လေ့လာလျက်ရှိသော ရွှေဝါပြည်သား ခေဆိုးထက်ခိုင်သည် မြန်မာပြည် ရာဇဝင်စာအုပ်ကိုပိတ်လိုက်၏။ ထို့နောက် စူးစူးစိုက်စိုက်ငြိမ်သက်စွာ တွေးတော၏။ မိမိတို့ ရွှေဝါပြည်၌ လတ်တလော ဖြစ်ပျက်နေသော အတွေ့အကြုံတွေကိုတွေးတော၏။

ခေတ်သစ်ရွှေဝါပြည်အစိုးရသည် တဘက်တွင် မိမိတို့ကျင့်သားရလာပြီးဖြစ်ကြသော တကိုယ်ကောင်း အချောင်သမားစိတ်ထားကို မစွန့်နိုင်ကြသည့် ရွှေဝါပြည်လူထုကြီးနှင့် ရင်ဆိုင် နေရ၏။

တဘက်တွင် ရှေးရှေး အုပ်ချုပ်သူအစိုးရတို့၏ ခေတ်အဆက်ဆက်က မိမိတို့အစိုးရ အပေါ်လိမ်လည်လျက် ကိုယ်သက်သာသလို နေတတ်လုပ်တတ်သော အရာရှိဟောင်း အမျိုးစုံ တို့နှင့် ရင်ဆိုင်နေရ၏။

ကျန်တဘက်တွင် မိမိတို့ခိုင်းလိုက်သမျှကို ဦးနှောက်မပါသော စက်ရုပ်ကဲ့သို့ အတင်း ဖြစ်အောင်လုပ်လျက် လုပ်ပြီးသမျှကိုလည်း သိပ်ကောင်းပါသည်ဟု ပြောတတ်သော အပြစ်တင် မခံဝန့်၊ မခံရဲကြသည့်မိမိတို့၏ လူရုံတော် ရဲဘော် ရဲဘက်များနှင့်ရင်ဆိုင်နေရ၏။

ကျန်အခြားတဘက်၌ကား ရွှေဝါပြည်၏ အကြပ်အတည်းအမျိုးစုံတို့ကို မမှိတ်မသုံသော မျက်စေ့ဖြင့်ကြည့်လျက် နောက်ဆုံး၌မိမိတို့ဘက်သို့ ရောက်လာလေအောင် ဘယ်အချိန်တွင် ကြားငင် ကိုင်လှုပ်လိုက်ရပါမည်နည်းဟု စောင့်ဆိုင်းနေကြသော ကမ္ဘာ့လက်ျာလက်ဝဲစစ်အုပ်စုနှစ် ခုနှင့် ရင်ဆိုင်နေကြရ၏။

ထိုအထဲတွင် ဇာတ်စင်နှင့်အနီးဆုံးနေရာကို ဖျာဝင်ခင်း ပွဲလှန့်နေသော ဦးကျော်ငြိမ်း ကောင်လိုလူမျိုးကလည်း ပွဲလန့်အောင်ခလောက်ဆန်နေချေသေး၏။

ဤလိုအရေးတကြီး အချိန်အခါမျိုးသို့ရောက်ကာမှ ယခင်ကတစည်းတလုံးတည်း ရှိခဲ့ကြ သော သေဖော်သေဘက် တိုက်ဖော်တိုက်ဖက်များဖြစ်ခဲ့ကြသော ရဲဘော်ရဲဘက်များနှင့်လည်း စိတ်ဝမ်းကွဲနေကြရ၏။ တကွဲတပြားစီဖြစ်နေကြရ၏။

ငပြည့်ဝနှင့် ငမြန်ထက်တို့ကလည်း အထိန်းသိမ်းခံနေကြရ၏။ ငထက်မြက်နှင့် ငလုံးညီ တို့ကလည်း ခေတ်သစ်ရွှေဝါပြည်အုပ်ချုပ်ရေး ခေါင်းဆောင်များအဖွဲ့မှ ထွက်ခွာသွားကြရ၏။ ဗိုလ်ချုပ်ကြီးသန်မာသည်လည်း ဤခေတ်သစ်ရွှေဝါပြည်အုပ်ချုပ်ရေး ခေါင်းဆောင်များအဖွဲ့မှ စိတ်ကောက် ထွက်ခွာသွားလေပြီ။

ရင်းနှီးသော တယောက်ကိုတယောက် အသက်ပေးခဲ့ကြသော ဤရဲဘော်ရဲဘက်များ ယခုကဲ့သို့ စိတ်ဝမ်းကွဲကြရ တကွဲတပြားစီဖြစ်ကုန်ရခြင်းမှာ ဘယ်ကစာချွန်များရောက်လာ၍ ဤသို့ဖြစ်ကြရပေသနည်းဟု ငဆိုးထက်ခိုင်တွေး၏။

နိုင်ငံရပ်ခြားတိုင်းတပါးသားဖြစ်သော မြန်မာတို့၏ရာဇဝင်၌ ဟံသာဝတီတုရင် သုရှင် တကာရွှတ်ပိသည် ရန်သူဖြစ်သောတောင်ငူဘုရင်က ပေးလာသည်ဆိုသည် စာတိုကလေး သုံးလေးကြောင်းမျှဖြင့် မိမိအားအထားရဆုံးသော အထိန်းတော်ကြီး ဗညားလောနှင့် အချီတော် ကြီး ဗညားကျန်းတို့ကို အဆုံးစီရင်ပစ်ခဲ့၏။

ငါတို့ရွှေဝါပြည်တွင်ကား ငါတို့၏ရဲဘော်ရဲဘက်များသည် အဘယ်မည်သောရန်သူ၏ စာကြောင့် ငါတို့ရဲဘော်ရဲဘက်အချင်းချင်း အထင်မှားအမြင်မှား ကွဲပြားကုန်ကြရပါသနည်းဟု တွေးတော၏။

ငဆိုးထက်ခိုင်သည် မည်သို့မျှတွေးတော၍မရ။

နောက်ဆုံး၌ ခေတ်သစ်ရွှေဝါပြည် အုပ်ချုပ်ရေး ခေါင်းဆောင်များအဖွဲ့သို့သွားရောက် လျက်. . .

'ယခုကဲ့သို့ အရေးကြီးသော အချိန်၌ တိုင်းပြည်အတွက်နောက်ဆုံး ပူးပေါင်းဆောင်ရွက် ခြင်းအဖြစ်နဲ့ ခင်ဗျားတို့ ကြိုက်ကြိုက်မကြိုက်ကြိုက် ဝါဒလမ်းစဉ်တွေ အယူအဆရေးတွေကို စွန့်ပစ်ကာ ရဲဘော်ရဲဘက်စိတ်နှင့် ပူးပေါင်းလုပ်ကိုင်သင့်ကြပါပြီ၊ ယခင်ကလည်း ကျနော်တို့ မကြိုက်ဘဲနှင့် လက်မခံလိုကြဘဲနှင့် မိမိယုံကြည်ချက်ကို မျိုသိပ်ခါ မျက်စိစုံမှိတ်၍ ရဲဘော်ရဲဘက် အချင်းချင်း ပူးပေါင်းထောက်ခံလျက် ဆောင်ရွက်ပြုလုပ်ခဲ့ကြသည် မဟုတ်ပါလား။

ယခင်ကပင် မိမိမကြိုက်သည်ကို ရဲဘော်ရဲဘက်ဟူသော စိတ်နှင့်လိုက်လျောဆောင်ရွက် ပေးနိုင်ခဲ့သေးလျှင် ယခုကော ဘာ့ကြောင့်လိုက်လျောဆောင်ရွက် ကူညီပေးခြင်းမပြုနိုင်ကြရမှာ တုံး။

ယခင်ယုံကြည်ချက်ခြင်းမတူသူ ရဲဘော်ရဲဘက်တို့၏ ကူညီဆောင်ရွက်ချက်တွေကို လက်ခံနိုင်၊ စဉ်းစားနိုင်၊ ဆွေးနွေးနိုင်ကြလျှင် ယခုလည်း ယုံကြည်ချက်ခြင်းမတူသော ရဲဘော်တွေ က မိမိတို့ယုံကြည်ချက်ကို မြိုသိပ်လျက်ဝိုင်းဝန်းအကူအညီပေးခြင်း အကြံဉာဏ်ပေးခြင်းကို ဘာ့ကြောင့် လက်မခံဝံ့ဘဲရှိရမည်လဲ။

ငဆိုးထက်ခိုင်သည် ဤအတွေးအတိုင်း ခေတ်သစ်ရွှေဝါပြည် အုပ်ချုပ်ရေးအဖွဲ့သို့ အတင်းအကြပ် တိုက်တွန်းရန် အိမ်မှထွက်၏။

အခဏ်း ၉။

ခေတ်သစ်ရွှေဝါပြည်အုပ်ချုပ်ရေးရုံးဝ၌ ငဆိုးထက်ခိုင်၏ အသိတဦးတယောက်မျှမရှိ မျက်နှာစိမ်းတွေချည်းရှိ၏။

ငဆိုးထက်ခိုင်က မိမိသည် ခေတ်သစ်ရွှေဝါပြည်အုပ်ချုပ်ရေးအဖွဲ့မှ. . . .

တယောက်ယောက်နှင့် တွေ့လိုသဖြင့် လာကြောင်းပြော၏။

ရုံးဝ၌ တာဝန်အရစောင့်ကြပ်နေကြသော အမှုထမ်းအရာထမ်းတို့သည် အထူးအဆန်း သတ္တဝါတကောင်ကား တွေ့ရသကဲ့သို့ ဝိုင်းဝန်းကြည့်ကြ၏။ ထို့နောက် တယောက်က အော်လိုက်၏။

ဒီမှာ ခေတ်သစ်ရွှေဝါပြည် အုပ်ချုပ်ရေးအဖွဲ့နဲ့တွေ့ချင်လို့တဲ့။

ထိုအသံကို ကြားလိုက်ကြသောသူတို့သည် 'ချာ'ကနဲခေါင်းလည်လာကြသော ငဆိုးထက် ခိုင်ရှိရာသို့ တဖြည်းဖြည်း ဝိုင်းလာကြ၏။ တခဏအတွင်း တယောက်မှတယောက် တဆင့်မှ တဆင့်ပြောကြားကြလျက် တဖြည်းဖြည်း

လက်နက်ကိုင်တွေ ပတ်ပတ်လည်တွင်ရောက်လာကြ၏။ ထိုရောက်လာသူတို့၏အထဲ၌ ငဆိုးထက်ခိုင်နှင့် သိသူတယောက်ပါ၏။

ငဆိုးထက်ခိုင်သည် မိမိအား ဤသို့ဝိုင်းဝန်းကြည့်နေကြခြင်းကို မလိုလားမနှစ်သက်ဟန် ဖြင့် ထိုဝင်လာသောမိမိနှင့်သိသူကို ဆီးကြိုပြော၏။

'ဟော့လုပ်ပါအုံးကွ ဒီမှာ ငါခေတ်သစ်ရွှေဝါပြည် အုပ်ချုပ်ရေးအဖွဲ့နဲ့တွေ့ချင်လို့. . . . '

ထိုသူကား ငဆိုးထက်ခိုင်ဆီသို့ တချက်မျှကြည့်လိုက်ပြီးနောက် ရုံးခန်းဝ၌ရေးမှတ်နေ သောသူရှိရာသို့သွား၏။ ရေးမှတ်နေသောသူက ထိုသူကိုအလေးပြုပြီးလျှင် နေရာဖယ်ပေး၏။ ထိုသူထိုင်လိုက်သောအချိန်၌ ငဆိုးထက်ခိုင်သည် သူ၏စားပွဲရှေ့သို့ရောက်ရှိနေလေပြီ။

ထိုသူသည် ငဆိုးထက်ခိုင်ကိုမော်မကြည့်ဘဲ ကလောင်တံကိုကိုင်လျက် နာမည်ဟုမေး လိုက်သည်။

ငဆိုးထက်ခိုင်က မိမိနာမည်ရေးရန် ကလောင်ကိုင်၍ ငြိမ်သက်စောင့်နေသော ထိုသူကို အပေါ်မှစီးကြည့်၏။

ငဆိုးထက်ခိုင်ကလည်း တော်တော်နှင့်မပြော ထိုသူကလည်းမရေးသေး။

ခဏကြာသော်ထိုသူက တချက်မျှမော်ကြည့်ရင်း 'နာမည်'ဟု ထပ်မေး၏။

'ဟေ့ ဒို့ဇာတ်တိုက်နေကြတာလားကွ၊ မင်းငါ့နာမည် သိနေသားဘဲ ကိုယ့်ဟာကိုယ်ရေး ချလိုက်ပေါ့. . . . '

'ခင်ဗျားမေးတာပြောပါနာမည်. . . '

ငဆိုးထက်ခိုင်၏စိတ်၌ ဒီကောင်တွေ ဘယ်လိုဖြစ်နေကြတာလဲဟုတွေး၏။ ထို့နောက် အတော်မျိုသိပ်အောင့်အီးပြီးမှ 'ငဆိုးထက်ခိုင်'ဟုပြော၏။

'နေရပ်. . . . '

ငဆိုးထက်ခိုင်က ထိုသူ၏ငုံ့နေသော ခေါင်းကို စူးစိုက်ကြည့်၏၊ ထိုသူသည် အသင့်ရေး ရန် ငဆိုးထက်ခိုင်အပြောကိုစောင့်နေ၏။ ထိုသူနှင့်ငဆိုးထက်ခိုင်ကား တရပ်တည်းနေသူများ တည်း။ ငဆိုးထက်ခိုင်နေသာနေရာနှင့် ထိုသူနေသော နေရာသည် တိုက်သုံးလုံးသာခြား၏။ နံနက်ကပင် မိမိတို့နေသော တိုက်ရှေ့မှဖြတ်သွားရင်း မော့ကြည့်ပြုံးရယ်သွားသေး၏။

'ဟေး. . . မင်းကဘယ်လိုလဲကွ မင်းသိပြီးသားဘဲ မှတ်လားရေးချလိုက်ပါလားကွ'

ထိုသူကမော်ကြည့်ပြန်၏။ မခံမရပ်နိုင်ဖြစ်နေပုံရသော ငဆိုးထက်ခိုင်၏မျက်နှာကိုကြည့် လျက်. . .

ခင်ဗျားစကားတွေအပိုမပြောပါနဲ့ မေးတာကိုပြောပါဟုဆို၏။

ထိုအတွင်းပို၌ ရာထူးဂုဏ်ထူး ကြီးဟန်ရှိသော ပုဂ္ဂိုလ်တယောက်ရောက်လာပြန်၏။

စာပွဲ၌ရေးမှတ်နေသော ငဆိုးထက်ခိုင်၏ မျက်နှာသိသည် ဝင်လာသူကိုနေရာမှထ၍ အရိုအသေပေးလျက်အစီရင်ခံ၏။

ဒီလူဘဲခင်ဗျ နာမည်ငဆိုးထက်ခိုင် နေရပ်မေးလို့မရသေးဘူးခင်ဗျ. . . .'

ရာထူးဂုဏ်ထူးကြီးဟန်ရှိသော ပုဂ္ဂိုလ်သည် ငဆိုးထက်ခိုင်၏ကိုယ်၌ လက်နက်ပါမပါ ရှေးဦးစွာရှာစေ၏။ ထို့နောက်ငဆိုးထက်ခိုင်၏အိတ်တွင်ပါသော စာရွက်စာတမ်းတွေကိုသိမ်း၏။ ပြီးမှ အစောင့်လေးယောက်ခြံရံစေလျက် ငဆိုးထက်ခိုင်ကိုခေါ်သွား၏။

ထိုသည့်နောက်ကား အစောင့်အရံ အထပ်ထပ်ရှိသော ဝင်းခြံကြီးတခုအလယ်ရှိ ခမ်းနား သပ်ယပ်သော တိုက်ခန်းကြီးတခု၌ ငဆိုးထက်ခိုင်ကိုစစ်ဆေး၏။

ငဆိုးထက်ခိုင်အဘို့ ခေတ်သစ်ရွှေဝါပြည် အုပ်ချုပ်ရေးအဖွဲ့ဝင် ခေါင်းဆောင်များနှင့် တွေ့ချင်သည်ဆိုရုံမျှနှင့် ဤသို့အကြီးအကျယ်ပြုလုပ် စစ်ဆေးနေသည်ကို လုံးဝမခံမရပ်နိုင် အောင်ဖြစ်နေ၏။ ထို့ကြောင့်စစ်ဆေးမေးမြန်းသည်တို့ကို မပြောဘဲ မိမိပြောချင်တာတွေစွပ်ပြော နေ၏။

'နေပါအုံးဗျ ခေတ်သစ်ရွှေဝါပြည် အဖွဲ့ခေါင်းဆောင်တယောက်ယောက်နဲ့ တွေ့ချင်တယ် ဆိုရုံနဲ့ အခုလို ခေါ်စစ်နေကြတယ်ဆိုတော့ ခင်ဗျားတို့က ဒီအုပ်ချုပ်ရေးအဖွဲ့ဝင် ခေါင်းဆောင် တွေရဲ့အပေါ်မှာ ဘယ့်လောက်များ သစ္စာရှိကြချစ်ကြလို့တုန်း. . . .'

ဒီလူတွေက ခေတ်သစ်ရွှေဝါပြည်ရဲ့ ထိပ်ဆုံးတန်းမှာရောက်နေလို့ မျက်နှာရအောင် ခင်ဗျားတို့အခုလို လုပ်နေကြတာ မဟုတ်လား'

ဒီလူတွေအောက်ဆုံးအတန်းကိုရောက်ယင် ဒါမှမဟုတ်ဒီလူတွေတခုခုဖြစ်ယင် ခင်ဗျားတို့ အခုလို လုပ်အုံးမလား ဒီလူတွေအတွက် တကယ်အရေးရှိယင် ခင်ဗျားတို့တကယ် စွန့်စား ဆောင်ရွက်ပေးကြမယ့် လူတွေဟုတ်လို့လား. . . .

ငဆိုးထက်ခိုင်သည် စိတ်ချဉ်ပေါက်လျက်ပြော၏။ ငဆိုးထက်ခိုင်အတွက် ဆိုးဝါးသည်ကား မေးသည်ကိုမပြောဘဲ ပြောချင်သည်ကို ဒေါသတကြီးပြောနေခြင်းပင်ဖြစ်၏။

မျက်နှာစိမ်းအရာရှိတို့သည် ငဆိုးထက်ခိုင်၏အပေါ်၌စိတ်မရှည်နိုင်အောင် ဖြစ်လာကြ၏။ ထို့နောက်ပို၍မသင်္ကာ ဖြစ်လာကြ၏။

'ဟေ့လူ ခင်ဗျားမေးတာမပြောဘူးလား၊ ခင်ဗျားဘာလုပ်ရအောင် ဒီလူကြီးတွေကို လာမေးနေတယ်ဆိုတာ ကျုပ်တို့မသိဘူးအောင်းမေ့နေသလား ခင်ဗျားကောင်းကောင်းမေးတာ ကောင်းကောင်းပြောယင်ပြော မပြောယင်တော့ ခင်ဗျားတို့ သိပ်ကံမကောင်းတဲ့လူ ဖြစ်သွားမယ် နားလည်လား ကဲကောင်းကောင်းပြောစမ်း ခင်ဗျားဘယ်သူလဲ'

'ခင်ဗျားတို့ကကော ကျုပ်ကို. . . . ဒါနဲ့များခင်ဗျားတို့ ဒီလိုနေရာမျိုးရောက်နေကြတယ်၊ တော်တော်ဟုတ်တဲ့ လူတွေဘဲ၊ ဒါကြောင့်လဲ ရွှေဝါပြည်သူပြည်သားတွေက၊ ခင်ဗျားတို့နောက် ကွယ်မှာ တီးတိုးစကားဖြန့်နည်းနဲ့ ခင်ဗျားတို့ကို ပြင်းပြင်းထန်ထန် တိုက်ခိုက်နေနိုင်တာ၊ အခုခေတ်သစ်ရွှေဝါပြည် အုပ်ချုပ်ရေးအဖွဲ့ကို အခက်အခဲတွေ့အောင်လုပ်နေတာ အခြားလူတွေ မဟုတ်ဖူး ခင်ဗျားတို့. . . . .

. . . . ခင်ဗျားတို့ညံ့လို့ ခင်ဗျားတို့ဦးနှောက်မရှိလို့ ခင်ဗျားတို့ကိုယ်ကျိုးအထိခိုက်ခံပြီး ဟုတ်ယင်ဟုတ်တယ်၊ မဟုတ်ယင်မဟုတ်ဖူး မပြောရဲ မပြောဝံ့ကြလို့ ကိုယ်ကျိုးကြည့်နေကြလို့ ရဲဘော်ရဲဘက်မပီသလို့ နားလည်လား. . . '

ငဆိုးထက်ခိုက်၏မျက်လုံးထဲ၌ မီးဝင်းဝင်းတောက်သွား၏။ နားထင်နားရင်းနှင့်တကွ တခေါင်းလုံးထူပူသွားသည်ဟု သတိထားလိုက်မိပြီးနောက် မျက်လုံးထဲ၌မှောင်ကျသွား၏။ ငဆိုးထက်ခိုင်ပထမဆုံး သတိထားသည်ကား မိမိသည် မှောင်သောအခန်းတခု၏ သံမံတလင်း ပေါ်တွင် အိပ်ပျော်နေရာမှ နိုးလာခြင်းဖြစ်၏။ မိမိသည် မည်သို့မည်ပုံ ဤကဲ့သို့သောနေရာ၌ အိပ်ပျော်နေရသည်ကို ရုတ်တရက်အံ့သြနေ၏။ လွန်ခဲ့သည့်နေ့က သိပ်အရက်မူးလွန်သွားဟန် ရှိသည်ဟုအောင့်မေ့ရင်း လူးလဲထ၏။

အပြင်းအထန်အလုပ်လုပ်ထားရသူကဲ့သို့ တကိုယ်လုံးနာကျင်နေ၏။ မှောင်ထဲတွင် ငုတ်တုတ်ထိုင်ရင်း အဖြစ်မှန်ကိုတဖြည်းဖြည်း စဉ်းစားမိလာ၏။ မိမိဘေး၌ကြွက်များဖြတ်ပြေးနေ သည့် အသံကိုကြားရ၏၊ ဝမ်းထဲက ဟာသလိုဖြစ်နေ၏။

သို့သော် ထမင်းဆာခြင်းမဟုတ်၊ အရက်ဆာခြင်းဖြစ်သည်။ မိမိမည်သည့်နည်းနှင့်မျှ အရက်ရနိုင်တော့မည် မဟုတ်ကြောင်းကို ငဆိုးထက်ခိုင်သိ၏။ ရွှေဝါပြည် သူ့လက်အောက်ရှိ နေရစဉ် သူ့ကျွန်ခေတ်က ငဆိုးထက်ခိုင်သည် ဤသို့ပင်အဖမ်းအဆီးခံခဲ့ရဘူးသည်။

ထိုအခါ ခေတ်မှီဆေးလိပ်ဖြူကို စွဲလာခဲ့သော ငဆိုးထက်ခိုင်သည် တိကနဲဆေးလိပ်ဖြူကိုဖြတ်ခဲ့ဘူး၏။ ယခုလည်းငဆိုးထက်ခိုင် သောက်လာကျင့်ရသော အရက်ပြတ်တော့မည်ထင်သည်။

ငဆိုးထက်ခိုင်သည် တွေးတောရင်း ခြောက်သွေ့လျက်ရှိသော နှုတ်ခမ်းကို လျှာဖြင့်လျက်လိုက်၏။

ထိုစဉ် ဖြုံးကနဲအခန်းတံခါးပွင့်လာလျက် အလင်းရောင်တွေထိုးဝင်လာ၏။ နေ့လည်ကြောင်တောင်ဖြစ်ကြောင်း သိရလေသည်၊ အရက်စွဲလာသောအရက်သမားတို့၏အစဉ်အလာ အတိုင်း မျက်နှာ၌ သွေးဆုတ်အောင်ထိတ်လန့်လျက်ပါးစပ်မှအသံထွက်သွား၏။

'လူစွမ်းကောင်းကြီးလုပ်ပြီး ဒါလောက်တောင် ကြောက်ရသလားကွ'

အခန်းထဲသို့ဝင်လာသူသည် နှုတ်မှပြောပြောဆိုဆို ငဆိုးထက်ခိုင်၏ပါးကို ဖြန်းကနဲရိုက်လိုက်၏။

ထို့နောက် ထလိုက်ဟု ဘေးကိုခြေထောက်ဖြင့်ကန်၍ထခိုင်း၏။ ထိုသူ၏နောက်မှလက်နက်ကိုင်လေးယောက်တို့က လက်နက်များဖြင့် ဝိုင်းဝန်းချိန်ထားကြ၏။

ငဆိုးထက်ခိုင်ကို အခန်းကျယ်ကြီးတခုအတွင်းသို့ ခေါ်သွားကြသည်။

နေသည် နေပူပူကျဲကျဲမှဖြုံးကနဲ ညဉ့်မှောင်ကိုကူးလာဘိသို့ရှိ၏။ အခန်းကျယ်ကြီးသည် သည်ညကဲ့သို့ မှောင်လျက်အခန်း၏အလယ်တွင်ဓါတ်မီးတပွင့်ထွန်းထား၏။

ထိုဓါတ်မီးပွင့်အောက်၌ ခွေးချေတခုရှိ၏။ ရှေ့တွင်ထိုင်သူအဘို့သက်သက်သာသာရှိစေ သော ကုလားထိုင်(၃)ခုပေါ်၌ မိမိအားပထမစစ်ဆေးခဲ့သူနှင့်အခြားအဖော်နှစ်ဦးတို့ရှိ၏။

ငဆိုးထက်ခိုင်ခွေးခြေပေါ်သို့ ထိုင်မိသည်နှင့် တလုံးတည်းသောမီးသည် မှိတ်သွား၏၊ တခန်းလုံးမှောင်သွား၏။

ထိုအချိန်၌ စူး၍လင်းလွန်းလှသော မီးရောင်တခုသည် လက်နှိပ်ဓါတ်မီးဖြင့် ထိုးလိုက်သကဲ့သို့ ငဆိုးထက်ခိုင်၏မျက်နှာကို ထိုးထား၏၊

အားကြီးလှသော မီးလုံးသည် ငဆိုးထက်ခိုင်ကို နွေးလာစေလျက်အိုက်စပ်စပ်ဖြစ်စေလေ ၏။

ဆေိုးထက်ခိုင်သည် မိမိမျက်နှာကိုထိုးထားသော မီးအလင်းရောင်မှတပါး အခြားဘာကိုမျှ မမြင်ရ။

ထိုစဥ်ဆေိုးထက်ခိုင်အား မေးမြန်းသော စစ်ဆေးသောအသံများကို စတင်ကြားရသည်၊ အသံကိုသာ ကြားရခြင်းဖြစ်၏။ ခပ်စောစောက ဝိုးတဝါးတွေ့လိုက်ရသော မိမိအားစစ်ဆေးနေ သည့်သူများကို လုံးဝမတွေ့ရ။

အခန်းကျယ်ကြီးတွင် မိမိတယောက်တည်း ရှိနေသကဲ့သို့ထင်ရ၏၊ မေးမြန်းသံမှတပါး အမြဲတိတ်ဆိတ်နေ၏။ မီးရောင်၏အပူရှိန်ကလည်း ချွေးပြန်လာ၏။ ချွေးချေပေါ်၌ ထိုင်နေရ သည်ကလဲ မလှုပ်သာ မလှည့်သာကျဉ်းကြပ်လှ၏။

ဆေိုးထက်ခိုင်က ‘မိမိသည် အနည်းဆုံး ဗိုလ်မှူးကြီးသံခဲနှင့်ဖြစ်ဖြစ် ဗိုလ်မှူးချုပ်မြေကြီး နှင့်ဖြစ်ဖြစ် တွေ့လိုသည်။ နောက်ထင်ဘာမှမမေးနှင့်’ ဒါဘဲဟုဖြေ၏။

ဆေိုးထက်ခိုင်က ဘာမှမပြောသော်လည်း မေးသူများက ဆက်လက်မေး၏။ အသံတခု နှင့် တခုမတူသည်ကို မှန်းဆလျက် မေးမြန်းသူများသည် လေးနာရီတကြိမ်ခန့် အလဲအလှယ် ပြု၍ မေးနေသည်ဟုသိရ၏။

အခန်းထဲ၌ နေ့မှန်းညမှန်းမသိရ ဆေိုးထက်ခိုင်ကို ထမင်းမကျွေးဘဲ၊ လဘက်ရည်အချို ကိုတိုက်၏။

အရက်ကြောင်နေသော ဆေိုးထက်ခိုင်သည် ထမင်းကျွေးလျှင်လည်း စားနိုင်မည်မဟုတ်ရ ကား လဘက်ရည်တိုက်သည်ကိုပင် ဝမ်းသာနေ၏။

ဆာလောင်နေသည်ဖြစ်သောကြောင့် ခပ်ပူပူအတိုင်းကမန်းကတန်းမော့လိုက်၏။ လဘက် ရည်ထဲမှ အဖျားဖြတ်ဆေးနှင့် တူသော ဆေးပြားအပဲ့ငယ်တခုပါလာသည် ဗီတာမင်နှင့်ခပ်ဆင် ဆင်တူ၏။

သိလိုသော ဆေိုးထက်ခိုင်က ဝါးစားကြည့်၏။ ဗီတာမင်အရသာအတိုင်း ချဥ်ချဥ်ခါးခါး ဖြစ်သည်။

ဆေိုးထက်ခိုင်သည် မေးမြန်းခြင်းမပြု ကျွေးမွေးခြင်းခံရပြီးနောက် မေးသူတို့က ဆက်လက်မေးကြပြန်၏။

ဆေိုးထက်ခိုင်သည် ပြောမြဲစကားအတိုင်း မိမိတွေ့လိုသောသူများကိုသာ ခေါ်ပေးရန် ပြောပြီးနောက် စကားမပြောဘဲနေ၏။

မေးသူများက မေးမရသောအခါ စကားဝင်ရောက် ပြောချင်လာအောင် ဟိုစကားသည် စကားပြောကြ၏။ ထို့နောက် ၄ နာရီခန့်ကြာသောအခါ စကားပြောသံရပ်သွားလျက် ခဏကြာ သည်နှင့် နောက်အသံကတမျိုးပေါ်လာ၏။

ဤသို့ဖြင့် နေ့မှန်းညမှန်းမသိ အချိန်မည်မျှ မည်ရွေ့ကြာသည်မသိဘဲ သေးငယ်ကျဉ်း ကြပ်သော ခွေးခြေပေါ်၌ မလှုပ်မလှည့်သာပဲ ညောင်းညာစွာထိုင်နေရ၏။

ဆေးထက်ခိုင်သည် ပျင်းရိညီးငွေ့စွာနှင့် အိပ်ငိုက်လာ၏။ အိပ်ငိုက်မိသည်ဆိုသည်နှင့် အနှိုးခံရ၏။ အမေးခံရ၏။

'ခင်ဗျားအိပ်ချင်နေပြီထင်တယ်၊ မျက်လုံးကျယ်သွားအောင် လဘက်ရည်ကျကျလေး တခွက်လောက် သောက်လိုက်ပါအုံးဟုပြော၍ အလင်းရောင်ရှေ့၌ လဘက်ရည်ခွက် ပေးနေသော လက်တဘက်ပေါ်လာ၏။

ဆေးထက်ခိုင်ကလည်း ငြင်းဆိုခြင်းမပြု အလွယ်တကူသောက်၏။ သို့သော်မရ အိပ်ငိုက် မြဲငိုက်၏။

ဤသို့အိပ်ငိုက်လိုက် အနိုးခံလိုက်ရနှင့်ဖြစ်နေရင်း လည်တိုင်၏ဘေးနှစ်ဘက်ရှိ သွေးကြောများ တဖျောက်ဖျောက် လှုပ်နေသည်ဟု သိလာရ၏။

ထို့နောက် ရင်ထဲကတလှပ်လှပ်တွန့်လာ၏။ ငိုချင်သလိုလို စိတ်တိုသလိုလိုဖြစ်လာ၏။

ဆေးထက်ခိုင်သည် ယခင်ကဤသို့မကြာကြာဖြစ်ဖူး၏။ အရက်အလွန်အကျွန်သောက်ပြီး နောက်တနေ့၌ ဤသို့ဖြစ်တတ်၏။

အရက်သမားတို့၏ထုံးစံကား ဤသို့ဖြစ်လာလျှင် အနည်းငယ်မျှတခွက်နှစ်ခွက်သောက် လိုက်လျှင် ပျောက်ကင်းမြဲ ဖြစ်၏။

သို့သော် ဤသို့ပြုလျှင် ဝမ်းထဲ၌ သွေးကြောထဲ၌ အရက်အမြဲရှိနေမှ ဖြစ်တော့သည်။ သွေးကြောထဲ၌ အရက်ကုန်သွားသည်နှင့် ဤအတိုင်း နှလုံးတုန်ရင်ခုံဖြင့် ဂယောင်ချောက်ချား ဖြစ်ပါလေတော့သည်။

ထို့ကြောင့် ဆေးထက်ခိုင်သည် တရက်ကိုလွန်၍ နောက်တနေ့နှလုံးတုံရင်ခုံဖြစ်လာလျှင် ဘယ်တော့မှထပ်မသောက် ပေခံ၏။

ဤနှလုံးတုန်ရင်ခုံမှုသည် အချိန်နှစ်ရက်နှင့်မပျောက်သေး၊ ထိုကာလအတွင်း အရက် မသောက်။

နှလုံးတုန်ရင်ခုံပျောက်မှ ထိတ်ကနဲ ထိတ်ကနဲလန့်တတ်ခြင်း လုံးဝပျောက်မှ အရက်ကို ပြန်သောက်လေ့ရှိ၏။

ထို့ပြင်အရက်သမားတို့၌ တွေ့ကြုံခံစားကြရသော အခြားအခြားအကြောင်းတခု ရှိသေး၏။

ထိုသည်လည်း နှလုံးတုန်ရင်ခုံခြင်း အမှတ်မဲ့ လှန့်တတ်ခြင်းတို့ပင်ဖြစ်သည်။

အရက်သောက်နေကျချိန်တွင် မသောက်ရဘဲ လေတအေ့အေ့ ပျို့အန်လာပြီး တနာရီခန့် ကြာသောအချိန်၌ ဖြစ်တတ်သည်။

ထိုသို့သောက်နေကျအချိန်၌ မသောက်ရဘဲ အချိန်လွန်လာရသောအခါ အမှတ်မဲ့ လူရိပ်ကို မြင်ရုံမျှနှင့်လည်း လန့်တတ်၏။ သစ်ရွက်ကြွေကျသံကို ကြားရုံမျှဖြင့်လည်း လန့်တတ်၏။ အလိုလိုနေရင်း ဝမ်းနည်းသလိုလို ကြောက်လာသလိုလို ဒေါသဖြစ်နေသလိုလို ဖြစ်တတ်၏။ စိတ်တို၏။

ယခုလည်း ဤအတိုင်းဖြစ်နေရသည် ငဆိုးထက်ခိုင်၏ခေါင်းထဲကတွေး၏။

ငါအရက်မသောက်ရလို့ဘဲ။

ဤအတိုင်း မည်မျှကြာခဲ့သည်ကို ငဆိုးထက်ခိုင်မမှန်းတတ်တော့။

ရှေးဦးစွာငဆိုးထက်ခိုင်သည် မကြာမကြာငိုက်မြည်း၏။ ဤသို့ငိုက်မိသည်နှင့်အနှိုးခံရ၏။

အိမ်မက်ဆိုးနှင့်အတူ လှုပ်နှိုးခြင်းခံလိုက်ရသော ငဆိုးထက်ခိုင်သည် လန့်အော်မိတော့ မည်ကဲ့သို့ မျက်စိမျက်နှာပျက်လျက် ပါးစပ်ဖွင့်ဟသွားရသည်ချည်းဖြစ်၏။

ထို့နောက်ချက်ခြင်းသတိရလျက် မမြင်ရသောအလင်းရောင်ထိုးရာဘက်သို့ မခံမရပ်လို သောမျက်လုံးဖြင့် လှမ်းကြည့်၏။

ခင်ဗျားတို့အလကားဘဲ ကျုပ်ခင်ဗျားတို့ကို ဘာမှပြောတော့မှာမဟုတ်ဖူး ပြောစေချင် ယင် ကျုပ်တွေ့စေချင်တဲ့ လူတွေကိုခေါ်ပေး အဲဒီလူတွေကိုတွေ့ရမှ ကျုပ်ပြောမယ်’

ငဆိုးထက်ခိုင်နှလုံးမခိုင်ဘဲ ရင်တုံ ပါးတုံ ဖြစ်နေသည့်အကြားက ဤအတိုင်းပြောမြဲပြော ၏။ ကြာသော် ငဆိုးထက်ခိုင်သည် အိပ်ငိုက်လိုမှုပြေပျောက်လာ၏။ မျက်လုံးကြောင်လာ၏၊ မိမိပြောသည့်စကားသံကို မိမိအားမရဖြစ်လာ၏။

သို့သော် ဤအတိုင်းအချိန်ကြာမြင့်စွာ နေမြဲနေ၏။ ဒေါက်တာခိုင်နှင့် လာလာစကားပြောကြသော မေးမြန်းကြသော အသံများသည် တပတ်ပြီးတပတ် တကြိမ်ပြီးတကြိမ် အထပ်ထပ်လည်လာ၏။

ဒေါက်တာခိုင်က ထိုသူတို့ကို အသံအမှတ် ၁၊ အသံအမှတ် ၂၊ စသဖြင့် အမည်တပ်၍ ခေါ်ဝေါ်၏။

ကျနော် စဉ်းစားကြည့်တယ်ဗျာ လူတွေဟာ တူရိယာပစ္စည်းတွေကို အသုံးပြုတဲ့အခါမှာ သက်မဲ့ပစ္စည်းတွေချည်း အသုံးပြုနေကြတယ်၊ ကျနော်အခုခင်ဗျားတို့နဲ့တွေ့ရင်း အကြံတခုရ တယ်။ အသံမတူတဲ့လူတွေကို အသံစုံတန်းစီထားပြီး ပတ်တလားဆို့ စန္ဒယားတို့တီးသလို အရာဝတ္ထုတခုခုနဲ့ ညှန်ပြီးအအော်ခိုင်းယင် လူသံကဖြစ်ပေါ်လာတဲ့ တူရိယာတခုဖြစ်မှာဘဲဗျ။

ဒေါက်တာခိုင်သည် ဤသို့ပြောနေရသော်လည်း မိမိကိုယ်မိမိအတော်ချည်း အားနည်းလာပြီဖြစ်ကြောင်းကို သိရ၏။

ပြောသာနေရသော်လည်း ရင်တလှပ်လှပ်ရှိနေရလျက် အကြောင်းမဲ့ငိုချင်သလိုဖြစ်နေ၏။ ကြည့်ရသော မျက်လုံးသည်ပင်လျှင် အတော်အားနည်းနေပြီဖြစ်ကြောင်းကိုသိ၏။ အသားရေများ ပြော့တွဲလျက် မိမိလက်ကိုမိမိတွေ့နေရသည်ပင် ပိန်ကြုံသေးကွေးသွားသည်ကိုတွေ့ရ၏။

ဒေါက်တာခိုင်သည်မိမိလက်ကိုမိမိကြည့်ရင်း ဝမ်းနည်းယူကြုံးမရသကဲ့သို့ဖြစ်လာရာ မျက်ရည်ကျမလာရန် ဟန်ဆောင်ပြုံးလျက် လူကိုမမြင်ရသည့် မိမိကိုစစ်မေးနေသော အသံရှင် ဘက်သို့ ရင်းနှီးဟန်ဖြင့်ကြည့်၏။

သို့သော် ဒေါက်တာခိုင်သည် ထိုသို့ပြုံးနေရင်း မြင့်မားသော တောင်ထိပ်မှထိုးကျသွားဘိ သကဲ့သို့ ရင်ထဲ၌ဟာကနဲဖြစ်လျက် စိတ်ဆင်းရဲမှုကိုယ်ဆင်းရဲမှုအပေါင်းတို့ကို မေ့ပျောက်သွား ၏။

မည်မျှကြာကြာ ဤဆင်းရဲဒုက္ခတို့မှ ကင်းလွတ်လာခဲ့သည်ကို မခန့်မှန်းနိုင်ပဲ ဒေါက်တာ ခိုင်၏နားထဲ၌ မိမိနှလုံးတုန်သံကို စည်တီးနေသကဲ့သို့ မိမိနားထဲ၌ပြန်ကြားလာရသည်။

ထို့နောက် ရင်တလှပ်လှပ်တုန်လျက်ပင် မိမိ၏ဖြစ်ရပ်တို့ကို တခုပြီးတခုတွေးမိလာ၏။

ထိုသို့တွေးမိသည်နှင့် ချက်ခြင်းဟုတ်မှဟုတ်ပါ့မလားဟု မိမိကိုယ်မိမိ သံသယဖြစ်လာသည်။

အကြောင်းမူ ယခုမိမိ၏ကျောအောက်၌ ရှိသောအရာသည် အေးစက်မာကျောသော အုတ်သမံတလင်းမဟုတ် နွေးထွေးနူးညံ့သော အိပ်ယာခင်းတခု ဖြစ်နေကြောင်းကို သတိထား မိနေသည်။

ထိုစဉ် မိမိကြားဘူးသော အသံနှစ်မျိုးသုံးမျိုးကို ကြားလိုက်ရ၏။ ငဆိုးထက်ခိုင်သည် အထိတ်တလန့်မျက်လုံး ပွင့်သွား၏။ အိပ်ရာထက်မှ ဝေါက်ကနဲထိုင်လိုက်မိ၏။

စကားပြောလာသော အသံရှင်တို့သည် ငဆိုးထက်ခိုင်ရှိရာသို့ အပြေးရောက်လာကြ လျက် ဖေးမထားကြသည်၊

'ကိုယ့်လူ အဲဒီလိုမလုပ်နဲ့ သေသွားလိမ့်မယ် နားလည်လား ဘာလို့ဒီလိုပြုးကနဲထလိုက် ရတာတုန်း'

မျက်မှန်ထူကြီးနှင့် ခြေဆန်လက်ဆန်ရှည်သော ဗိုလ်မှူးချုပ်ဟောင်း ငထက်မြက်က ပြောလိုက်ခြင်းဖြစ်၏။ ဗိုလ်မှူးချုပ်ဟောင်း ငထက်မြက်၏အသံကို မကြားရသည်မှာကြာပေပြီ။ ဤသို့ပြုံးစိစိ မထီတရိ မျက်နှာမျိုးကို မမြင်ရသည်မှာလည်း ကြာလေပြီ၊ လေသံပျော့ပျော့နှင့် ဒဲ့ဒိုးပြောတတ်သော စကားလုံးများကို မကြားရသည်မှာလည်း ကြာလေပြီ။

ဗိုလ်မှူးချုပ်ဟောင်း ငထက်မြက်၏ဘေး၌ ဗိုလ်မှူးချုပ်ဟောင်း ငလုံးညီ ထို့နောက် ဗိုလ်ချုပ်ကြီးသန်မာ ဤသူတို့ကား ရွှေဝါပြည်ကြီးကို ပစ်ထားခဲ့လျက် မိမိသွားလိုရာသို့ အလျှိုလျှိုထွက်သွားခဲ့ကြသူများဖြစ်၏။

ထိုသူတို့၏နောက်၌မူ မျက်စိမှိတ်လျက် ပုံကျလာသမျှ တာဝန်တွေကို ဖြစ်သည့်နည်းနှင့် ရင်ဆိုင်နေကြရရှာသော ဗိုလ်မှူးချုပ်မြေကြီး ဗိုလ်မှူးကြီးသေံခဲစသည့် ရဲဘော်ရဲဘက်များဖြစ်ကြ ၏။

ကိစ္စမရှိပါဘူး ကျနော်ဘာမှမဖြစ်ပါဖူး ကျနော်ဝမ်းသာလိုက်တာဗျာ မမျှော်လင့်ဘဲ ခင်ဗျားတို့အသံကြားလို့ ထလိုက်တာဗျ. . . .။

ကိစ္စမရှိဖူးမလုပ်နဲ့ ကိုယ့်လူနှလုံးအား သိပ်နဲနေတယ် သိလား ဝမ်းလဲသိပ်မသာနဲ့အုံး ဝမ်းလည်းသိပ်မနည်းနဲ့အုံး ကျုပ်တို့ရောက်လာခါမှ တခါထဲ သေသွားအုံးမယ်ခင်ဗျ. . . .'

'မဖြစ်နိုင်ပါဘူး ကျနော်ဒီလိုပါပဲ အရက်ပြတ်နေလို့ပါ၊ ကျနော်ဖြစ်နေကျပါ ကဲ အဲဒါတွေ ဖယ်ထားတော့ အခု ဒီလူတွေအားလုံး စုစုဝေးဝေးဘဲမှတ်လား တော်ဘီဗျာ ဒီလိုဆိုယင် ကျနော် ဝမ်းသာပြီ ကျနော်ပြန်ရုံဘဲရှိတော့တယ်. . . .'

ဝမ်းသာမနေနဲ့အုံး ခင်ဗျ၊ ဒီအတိုင်းပြန်သွားလို့ သေနေအုံးမယ် မင်းသိလား မင်းသောက်သောက်နေတဲ့ လဘက်ရည်ထဲမှာ နှလုံးအားနဲတဲ့ဆေးတွေပါတယ် ဒါကြောင့်မို့လို့ အခုလို ဆေးရုံတင်ကုထားရတာ ဒို့ပြန်လာတာ မှီခင်ပေလို့ ပီးတော့ ဒို့လုပ်စရာတွေလဲရှိသေး တယ်. . . .။

ငဆိုးထက်ခိုင်၏ နားထဲ၌အစွဲဆုံးကား ပီးတော့ ဒို့လုပ်စရာတွေလဲရှိသေးတယ်ဟူသော စကားဖြစ်၏။

ဤ'ဒို့'သည် ငဆိုးထက်ခိုင်ဝမ်းသာလောက်သော 'ဒို့'ဖြစ်လာပါစေ. . .

ငဆိုးထက်ခိုင်သည် တွေးရင်း ရင်ခုန်လာ၏။ ငဆိုးထက်ခိုင်၏ပြုံးနေသော မျက်နှာ၌ ချက်ခြင်းသွေးဆုပ်သလိုဖြစ်သွား၏။ နဖူးနောက်စေ့တို့၌ ချွေးပေါက်ကြီးများ ချက်ခြင်းစို့လာ၏။ ငဆိုးထက်ခိုင်၏ခေါင်းထဲတွင် ရိပ်ရိပ်ရိပ်ရိပ်ဖြစ်လာလေသည်။

ဗိုလ်ချုပ်ကြီးသန်မာနှင့် ဗိုလ်မှူးချုပ်ဟောင်း ငထက်မြက်တို့နှစ်ယောက်က ချက်ခြင်းရိပ် မိ၏။ ငဆိုးထက်ခိုင်၏ နောက်မှခေါင်းအုံးများထိုးပေး၏။ ဗိုလ်မှူးချုပ်ဟောင်း ငလုံးညီက 'ကျွန်တော်တို့သွားယင်ကောင်းမယ်'ဟု ဗိုလ်ချုပ်ကြီးသန်မာတို့ကိုပြော၏။ ထို့နောက်. . .

'ဒီမှာ ကိုယ့်လူမြန်မြန်နေကောင်းအောင်လုပ် နေကောင်းဘို့ဆိုတာ ထင်သလိုနေလို့ မရဘူး ခင်ဗျားအဘကြီးမှတဲ. . .'

ဗိုလ်မှူးချုပ်ဟောင်းငလုံးညီက ဤသို့ကြိမ်းလိုက်သည်ကို အတူပါလာသူများက ပြုံးလိုက် သည်။

ထို့ကြောင့်လည်း ငဆိုးထက်ခိုင်သည် ဆရာဝန်ညွှန်ကြားသည့်အတိုင်း လိုက်နာနား ထောင်သောကြောင့် အမြန်ဆုံးပျောက်ကင်း ကျန်းမာပြီးလျှင် မိမိတို့ရဲဘော်ရဲဘက် ဟောင်းများ နှင့် တွေ့ဆုံရန်ခေါ်လာသူ၏နောက်သို့ လိုက်ပါသွားနိုင်ခဲ့သည်။

အသင့်စောင့်နေသော ရဲဘော်တယောက်သည် လူသူကင်းရှင်းတိတ်ဆိတ်သော ရုံးကြီး အတွင်းသို့ ရှေ့ဆောင်ခေါ်သွား၏။

အတော်ရှည်လျားစွာ ကွေ့ပတ်ခေါ်သွားပြီးနောက် ရဲဘော်နှစ်ဦးခန့်စောင့်နေသော ပိတ်ထားသည့် အခန်းတခုရှေ့သို့ ရောက်လာ၏။

အစောင့်ရဲဘော်တဦး တံခါးဖွင့်ပေးလိုက်သောအခါ အတွင်း၌ဝိုင်းထိုင်နေကြသည့် လူဆယ့်ငါးယောက်ခန့်အနက် အရာရှိနှင့်တူသူတဦးက ခရီးဦးကြိုပြုကာ ဆက်လက်ခေါ်သွားပြန် ၏။

တံခါးတခုကို ဖွင့်ပေးလိုက်သဖြင့် အတွင်းသို့ လှမ်းကြည့်လိုက်သောအခါ ကျယ်ဝန်း သော အခန်းမကြီးအတွင်း၌ စားပွဲရှည်ကြီးတခုကို မျက်နှာချင်းဆိုင်လျက် ထိုင်နေနှင့်ကြပြီးသော ရဲဘော်ရဲဘက်ဟောင်းတို့ကိုတွေ့ရ၏။

'လာ. . . လာကိုယ့်လူ ဒါပေမဲ့ အရမ်းဝင်မထိုင်နဲ့ သေသေချာချာဆုံးဖြတ်ပြီးမှ ဝင်ထိုင်. . .

ဗိုလ်မှူးချုပ်ဟောင်း ငလုံးညီက ထိုင်နေရာမှ လှမ်းပြောလိုက်ခြင်းဖြစ်၏။ ငဆိုးထက်ခိုင် သည် ထိုအခါမှ သတိထားကြည့်လိုက်မိသည်။ အထိန်းသိမ်းခံရရာမှ ထွက်လာခါစစ်သော ဦးပြည့်ဝကမူ. . . .

'ဒီကောင် ဟိုဘက်မှာ ဝင်ထိုင်ရမယ့်အကောင်ဖာ၊ ဒို့ဘက်ကိုလာထိုင်ယင်လဲ ငါတော့ မောင်းထုတ်မှာဘဲ'ဟ အသံခပ်ဝဲဝဲဖြင့်ပြော၏။

ဟုတ်ပေသည် ငဆိုးထက်ခိုင်၏ခေါင်းထဲ၌ အလိုလိုသဘောပေါက်လာ၏။ မိမိသည် မိမိချစ်သော ဗိုလ်မှူးချုပ်ဟောင်း ငထက်မြက်၊ ဗိုလ်မှူးချုပ်ဟောင်း ငလုံးညီ တော်လှန်ရေး အတွင်းမှ ပေါင်းသင်းတွေ့ဆုံကြရသော်လည်း အချစ်ဆုံးမိတ်ဆွေလည်းဟုတ်၊ ရဲဘော်ရဲဘက် လည်းဟုတ်သော ငငြိမ်ဆိတ်၊ အတူလုပ်ဖော်လုပ်ဘက်လည်းဖြစ်၊ ရန်ဖြစ်ဘက်လည်းဖြစ်သော ငလွတ်လပ်တို့နှင့် ဆန့်ကျင်ဘက်မျက်နှာချင်းဆိုင်ဘက်မှ ဝင်ထိုင်ရတော့မည်ဟု အလိုလိုသိလာ ၏။

ငဆိုးထက်ခိုင်က နေရာလွတ်တခု၌ ဝင်ထိုင်လိုက်လေသည်။ ထို့နောက် မိမိထိုင်သည့် ဘက်အတန်းကို ပြန်လှည့်ကြည့်၏။

မျက်နှာချင်းဆိုင်ဘက်မှ ထိုင်နေသော လွှတ်လပ်ကထုံးစံအတိုင်း ဆေးထက်ခိုင်ကိုရန်စ လိုက်သည်၊

ကိုယ့်လူသိပ်ကြည့်မနေနဲ့ ကိုယ့်လူတို့ဘက်က လူနည်းစုကိုယ်တို့က လူများစု ဒီမိုကရေ စီနည်းအရ များရာသဘောလိုက်လုပ်ရမယ်ဆိုယင် ကိုယ်တို့သဘောကျတာလုပ်ရမှာ အခုကိုယ် တို့က ကိုယ့်လူတို့လုပ်ချင်တာ စမ်းသပ်ပီးလုပ်ကြည့်ချင်ကြည့်ပါစေတော့လို့ တမင်လိုက်လျောပြီး ကိုယ့်လူတို့အစွမ်းကုန်လုပ်နိုင်အောင် အကြံဉာဏ်တွေပါပေးအုံးမှာ ကိုယ့်လူသိပလား။

ဆေးထက်ခိုင်သည် ဤလိုအပြောမျိုးမကြိုက်။

ဤလိုအပြောမျိုးကြောင့် စိတ်ဝမ်းကွဲနိုင်ကြ၏။ မခံမရပ်နိုင်ဖြစ်လာတတ်ကြ၏။ ဖြစ်လည်း ဖြစ်ခဲ့ဘူးလေပြီသို့ပါလျက် လွှတ်လပ်သည် အလွန်လွတ်လပ်စွာ ဤသို့သောစကားမျိုးကို ပြောချလိုက်၏။ သို့သော် အမှတ်မထားပြောပြီးလျှင် ပြီးသောလူစားမျိုးဖြစ်၏။

ဤအကြောင်းကို သိကြသော်လည်း လွှတ်လပ်၏ဘက်၌ အတူထိုင်နေကြသူများက မျက်စိမျက်နှာပျက်နေကြ၏။ ဆေးထက်ခိုင်သည် လွှတ်လပ်၏ဘက်သို့ လှည့်ကြည့်လိုက်သည်၊

'ဒီမှာ သခင်လွှတ်လပ် ခင်ဗျားတသက်လုံး မှတ်ထား။ လောကမှာ လူတော်နဲ့လူညံ့ကို ခွဲထုတ်လိုက်ယင် လူတော်ကနဲနဲကလေးရယ်၊ လူညံ့တွေက သိပ်များတယ်၊ ကျုပ်တို့တိုင်းပြည်လို နေရာမှာ များရာစုအကြိုက်လုပ်ယင် လူညံ့တွေအကြိုက်ဖြစ်ကုန်တဲ့အတွက် ဒုက္ခရောက်သထက် ရောက်ကုန်မှာပေါ့။ ကမ္ဘာ့အနောက်ခြမ်းဘက်မှာ အများစုအကြိုက်လုပ်တယ်ဆိုတာက အဲဒီ အများစုဆိုတဲ့ တိုင်းသူပြည်သားတွေက ကျုပ်တို့ဆီက အတော်ဆုံးလူနည်းစုဆိုတဲ့လူတွေထက် အမျိုးသားရေး စီးပွားရေးဆိုတာကို နားလည်ပြီးသားလူတွေ၊ သူတို့ဆီမှာ လူနည်းစုဆိုတာက အကြောင်းတခုကို ကျူးကျူးလွန်လွန် အဆန်းထွင်ချင်တဲ့ ကမ္ဘာကို 'ဘောလုံး' လုပ်ပြီးကစားချင် တဲ့ လူမျိုးတွေဘဲရှိတယ်၊ ဒါကြောင့်သူတို့ဆီမှာ အများသဘောတူ ဒီမိုကရေစီဆိုတာကို လုပ်လို့ ဖြစ်တယ်။ ကျုပ်တို့စီမှာ မဖြစ်ဖူး၊ လူများစုမှာ အသိတရားမပြည့်ဝသေးဘူး၊ ခင်ဗျားတို့လုပ်ခဲ့ပြီး ပြီမဟုတ်လား ဖြစ်သလား အဲဒီတော့ကျုပ်တို့စမ်းကြည့်ချင်တာကိုလဲ ဒီလိုခနဲ့သံတွေမပါဘဲ အနည်းဆုံးခင်ဗျားတို့ရဲ့ သုံးပုံနှစ်ပုံ အပိုင်းအခြားလောက်တော့စောင့်. . .'

'ဟေး. . . . တော်လောက်ရောပေါ့။

ဒီလိုဘဲတဘက်နဲ့တဘက်စကားနိုင်လုပြောခဲ့ကြလို့ အယင်ကလဲ အချင်းချင်း အထင်မှား အမြင်မှားခဲ့ကြပြီမဟုတ်လား ရှေးကအဘိုးကြီးတွေတောင် ဘုရားစကား တရားစကား အနိုင်လုကြရင်း တယောက်နဲ့တယောက် ထသတ်ကြသေးတာဘဲ၊ သခင် လွှတ်လပ်ကလဲ အပေါက်အစအားကြီးများတယ်. . . ကျုပ်ကတော့ ခံနိုင်တယ်။ ဒါပေမဲ့ မခံချင်တဲ့လူတွေက မခံနိုင်တော့ စိတ်ထဲမှာအကျိတ်အခဲဖြစ်လာယင် မကောင်းဘူး။ ကွယ်ရာမှာ တိုးတိုးတိုးတိုးနဲ့ မကျေနပ်သံတွေ ထွက်လာကြရာက နောက်တော့ တဘက်နဲ့တဘက်ကွဲကြရော မဟုတ်ဖူးလား. . . .'

ဗိုလ်ချုပ်ကြီးသန်မာက ဝင်ဖြတ်လိုက်ခြင်းဖြစ်၏။ ငလွတ်လပ်သည် မျက်နှာပျက်နေ၏။ ဆေးပြင်းလိပ်ကို မီးညှိလိုက်ပြီးနောက်။

'ကျနော်ပြောတာလဲ လွန်တာမပါပါဘူး၊ ပြောရိုးပြောစဉ် အချင်းချင်းတွေ့ကြလို့ ဒီလိုပြောလိုက်တာပါဘဲ အခါတိုင်းလဲပြောနေကြ၊ ငြင်းခုံနေကြပါဘဲအခုမှ'

'မဟုတ်ပါဖူး သခင်ငလွတ်လပ် အဲဒီလိုထင်ယင်မှားမှာပေါ့ ကျနော်ကမခံနိုင်လို့ ပြောနေ တာမဟုတ်ပါဖူး တခြားမခံမရပ်နိုင်ဖြစ်မယ့် လူတွေရှိယင် ကျေနပ်ပါစေတော့လို့ တမင်ရှင်းပြ နေတာပါ။ ဒီလိုကျနော်ကရှင်းလို့ ခင်ဗျားစိတ်ထဲမှာ ဘယ်လိုမှမထိခိုက်ဖူးဆိုတာသိလို့ပါ'

ဤသို့ဖြင့် တဘက်နှင့်တဘက်မခံချင်မည့် စကားများကိုဆက်လက်မပြောကြားကြတော့ ဘဲ ပြေလည်သွား၏၊ ထို့နောက်ဆွေးနွေးပွဲကိုစ၏။

ငဆိုးထက်ခိုင်က ဆွေးနွေးပွဲ၌ စောဒကတခုဝင်သည်။

'ယခု မိမိတို့ဘက်ရှိကြသူတို့သည် လက်ဝဲအယူအဆဖြင့် တိုင်းပြည်တည်ဆောက်လိုကြ သော ခေတ်သစ်ရွှေဝါပြည် အုပ်ချုပ်ရေးလမ်းစဉ်ကို တကယ်အူလှိုက်အသဲလှိုက်ယုံကြည်သူများ ဖြစ်သည်ဟု အားလုံးဟုတ်အံ့မထင်. . .

ဥပမာ အချို့သောနေရာ၌ တာဝန်ယူထမ်းဆောင်လျက်ရှိနေရသော ပုဂ္ဂိုလ်များသည် အလုပ်အတွေ့အကြုံ မဟုတ်သောစွဲလမ်းမှု ထင်မှတ်မှုအတွေးအခေါ်တို့ကို ယုံကြည်နေကြသူများဖြစ်သေး၏။

ထိုသူတို့သည် ကျနော်ဘက်၌ ရှိနေကြပြီးနောက် ကျနော်တို့၏ အတွေးအခေါ်ကို ပြန်၍ ဆန့်ကျင်နေကြမည်ဆိုလျှင် ကျနော်တို့ဘက်မှ နစ်နာမည်ဟုထင်သည်။

ထို့ကြောင့် ကျနော်ဘက်တွင် ယခုရှိနေသော ငယ်စဉ်အခါက အရိုးစွဲနေသည့် လက်တွေ့ မဟုတ်သော အစွဲအလန်းအတွေးအခေါ်မှုတို့ကို ယုံကြည်သူတို့လည်း တဘက်တွင် ရှိသော ရဲဘော်များဘက်သို့ အတူပူးပေါင်းထိုင်စေလိုသည်ဟု အဆိုပြုလာလေသည်။

ငဆိုးထက်ခိုင်၏ အဆိုပြုခြင်းကို စားပွဲ၏တဘက်၌ ရှိနေကြသော ဗိုလ်မှူးချုပ်ငလုံးညီ၊ ဗိုလ်မှူးချုပ်ငထက်မြက် စသော ပုဂ္ဂိုလ်တို့က ထောက်ခံလျက် မည်သူလာ၊ မည်ဝါလာစသဖြင့် မိမိတို့ဘက်သို့ခေါ်၏။

ဤသို့ဖြင့် တွန်းထိုးထုတ်ယင်းတဘက်မှ ဆွဲသူတို့ကလည်း ဆွဲယင်း နောက်ဆုံးအခြေ အနေသို့ရောက်ရှိသောအခါ စားပွဲရှည်ကြီး၏ တခုသောဘက်၌ ဗိုလ်ချုပ်ကြီးသန်မာ၊ ဗိုလ်မှူး ချုပ်မြေကြီး ငဆိုးထက်ခိုင်စသဖြင့် လူပေါင်းရှစ်ယောက်ခန့်သာရှိ၏။ ကျန်သောစားပွဲရှည်ကြီး၏ ဘက်တွင်မူကား လူပေါင်း ၃၀ကျော်ခန့်ရှိလေသည်။

ဗိုလ်ချုပ်ကြီးသန်မာသည် ပြုံးပြုံးရွှင်ရွှင်နှင့် နေရာမှထ၏။ ရှေ့အကြောင်းနောက် အကြောင်းတွေလဲ မပြောလိုဘူး၊ လူဆိုတာ လူတိုင်းမှားကြတာချည်းဘဲ၊ ကျုပ်တို့လဲ မှားတာဘဲ ခင်ဗျားတို့လဲမှားတာဘဲ ဒီတော့ ဒါတွေကို မေ့ထားလိုက်ကြတော့။

အခု ကျုပ်ပြောချင်တာက ကျုပ်တို့ကလူနဲစု၊ ခင်ဗျားတို့မြင်တဲ့အတိုင်းဘဲ၊ ဒါပေမယ့် ကျုပ်တို့လုပ်ချင်တာကို ထောက်ခံမယ့်လူတွေလဲ ခင်ဗျားတို့ဘက်က ထိုင်နေတဲ့အထဲမှာ

ပါနေတာဘဲ၊ ကျုပ်တို့လိုချင်တာမျိုးမဖြစ်ဖူး၊ မဖြစ်နိုင်ဖူး ကြမ်းလွန်းတယ်လို့ ထင်တဲ့လူတွေလဲ ခင်ဗျားတို့ဘက်မှာ ရှိနေတာဘဲ။

ဒါပေမဲ့ ကျုပ်တို့က ကျုပ်တို့ရွှေဝါပြည်သူ ပြည်သားတွေဟာ ကျုပ်တို့နည်းနှင့်ကြပ်မတ် ပြီး အတင်းမောင်းထုတ်မှကျုပ်တို့လိုချင်တဲ့လမ်းကို ကျုပ်တို့ရွှေဝါပြည်ကြီး ရောက်လိမ့်မယ်လို့ ထင်တယ်။

အဲဒီတော့ ကျုပ်တို့စမ်းကြည့်ချင်တယ်၊ ကျုပ်တို့စမ်းကြည့်လို့တွေ့လာတဲ့ အခက်အခဲ တွေကို ပြေလည်အောင်ခင်ဗျားတို့က အကြံကောင်း ဉာဏ်ကောင်းဝိုင်းပေးစေချင်တယ်။

အဲဒီလိုအကြံဉာဏ်ပေးတာနဲ့ပတ်သက်ပြီး ဘောင်တခုသတ်ထားမယ်၊ ဒီတောင်က ခင်ဗျားတို့ပေးတဲ့ အကြံဉာဏ်ဟာ ခင်ဗျားတို့နည်းနဲ့ လုပ်မှရမယ်ဆိုတဲ့ အကြံဉာဏ်မျိုးမဖြစ်စေ ရဘူး။ ကျုပ်တို့လမ်းစဉ်နဲ့လုပ်လို့ရမယ့် အကြံဉာဏ်မျိုးဖြစ်စေရမယ်။

အဲဒီလို ကျုပ်တို့ထင်မြင်သလောက် လုပ်ကြည့်လို့ဘယ်လိုမှ မဖြစ်နိုင်တော့ဘူးလို့ ကျုပ်တို့ကိုယ်တိုင်က သဘောပေါက်လာတဲ့အချိန်မှာ ကျုပ်တို့လမ်းစဉ် ပြောင်းသင့်ယင်ပြောင်း မယ်။

ကျုပ်တို့ကလုပ်မကြည့်ရသေးဘူး၊ အောင်မြင်မယ် မအောင်မြင်မယ်မသိသေးဘူး ခင်ဗျား က ဘယ်နှစ်ခုနှစ်အတွင်း ခင်ဗျားတို့လမ်းစဉ်အတိုင်း ပြောင်းလုပ်ပေးပါ့မယ်လို့ ကျေညာပါ ကျုပ်တို့ဝိုင်းကူပါမယ် ဆိုတာမျိုးဟာ ရဲဘော်ရဲဘက်စိတ်မပြီသဘူး၊ နောက်ပီးတယူသန်လွန်း တယ်၊

ထားပါတော့လေ အဲဒါတွေပြောယင် အခုကျုပ်ကခင်ဗျားတို့ကိုပြောယင်း မလိုလားအပ် တဲ့ စကားလုံးတွေ ပြောမိသွားပြီ အဲဒါကျုပ်တောင်းပန်တယ်ဗျာ နောက်ခင်ဗျားတို့က ပြန်ပြော ယင်လဲ အဲဒါတွေပါလာမှာဘဲ အဲဒီတော့ မပြောတာဘဲကောင်းတယ်။

အဲဒီတော့ အခုကျုပ်တို့ကြိုက်တဲ့ လမ်းစဉ်နဲ့ ရွှေဝါပြည်ကြီးကို ခေတ်မှီနိုင်ငံတခု ဖြစ်သွားအောင် ပို့ပေးချင်တယ်။ အဲဒီလိုပို့ပေးဘို့ စေတနာကောင်းနဲ့ တကယ်လုပ်နေတဲ့ အချိန်အခါမှာ အခုကျုပ်တို့အခက်အခဲတွေ အနည်းနဲ့ အများဆိုသလို တွေ့ကြုံနေကြရတယ်။ အဲဒီတော့ ကျုပ်တို့လမ်းစဉ်အတိုင်းလုပ်ယင်း အဲဒီအခက်အခဲတွေက ကျော်လွန်အောင် ကျုပ်တို့ ကို ဘယ်လိုအကြံဉာဏ်ပေးကြမလဲ၊ ဒါဘဲ. . . ’

ဗိုလ်ချုပ်ကြီးသန်မာ ပြောပြီးသည့်နောက် စားပွဲရှည်တခုလုံး တိတ်ဆိတ်နေ၏။ မည်သူမျှ လှုပ်ရှားခြင်းမရှိ မိမိအတွေးနှင့် မိမိတို့ငြိမ်းနေကြ၏။ အတန်ကြာသောအခါ ဦးငြမြန်ထက်က နေရာမှထလေသည်။

‘ကျနော်တယောက်အနေနဲ့တော့ အခုရွှေဝါပြည်ကြီးမှာ ဘယ်လိုပြဿနာတွေနဲ့ ရင်ဆိုင် နေရတယ်ဆိုတာ ကျနော်သိသင့်သလောက်တော့ သိပါတယ်၊ အဲဒီ ပြဿနာတွေကို အခုခေတ် သစ်ရွှေဝါပြည် အစိုးရလမ်းစဉ်နဲ့ ဖြေရှင်းဘို့တော့ အကြံဉာဏ်မပေးတတ်ဖူး ဒီနည်းနဲ့ ဖြေရှင်း တာတွေကိုလဲ ကျနော်လေ့လာထားမှုမရှိဖူး ဒ့ါကြောင့် ကျနော့်အနေနဲ့ အကြံဉာဏ်မပေးနိုင်ဖူး။

ဒါပေမဲ့ အကြံဉာဏ်ပေးနိုင်မည့်လူရှိလို့ အားလုံးကဝိုင်းပြီး လက်ခံကြယင် ကျနော်ပါကူ ညီပြီးတတ်နိုင်တဲ့ ဘက်က တာဝန်ယူပါ့မယ်လို့ ကတိပေးလိုတာဘဲ။

ဆွေးနွေးပွဲကား အချိန်ကြာမြင့်လှလေသည်။ နားချိန်မရှိနေ့မှညသို့ ကူးပြောင်းလာ၏။

တဘက်မှ ဗိုလ်မှူးချုပ်ငလုံးညီသည် ငဆိုးထက်ခိုင်ကို ထုံးစံအတိုင်း လှမ်းကြည့်၏။

'ဟော့. . . ကိုယ့်လူရ ကိုယ့်လူက အခုခေတ်သစ်ရွှေဝါပြည်ရဲ့ လမ်းစဉ်သစ်ကို အင်မတန် ကြိုက်၊ သိပ်ကြိုက်ပြီး အပြင်းချီတက်ချင်ပါတယ်ဆိုလဲ ပါးစပ်ကဆိုသေးတယ်. . . .

. . . . ပီးတော့ အခုကိုယ့်လူပြောတဲ့စကားတွေကလဲ ဒီလမ်းစဉ်သစ်ကြီးကို အခုကိုယ့်လူတို့ ရှစ်ယောက်ကလွဲလို့ ဘယ်သူမှလက်မခံနိုင်ဘူး၊ အတွေးအခေါ်ဟောင်းတွေ မစွန့်ပစ်နိုင်ကြဘူး။ ကြိုက်ချင်ယောင်ဆောင်ပြီး ဝိုင်းလိမ်နေကြတာလို့လဲ ပြောသေးတယ်. . . .

. . . . အဲဒီတော့ ကိုယ့်လူပြောတဲ့အတိုင်းသာ ဟုတ်ရိုးမှန်ယင် ကျုပ်တို့က ဇွတ်အတင်း အကြံဉာဏ်ပေးပြီး လုပ်ခိုင်းဘို့လိုနေသေးလား. . .

ငဆိုးထက်ခိုင်က ခေါင်းကိုတွင်တွင်ညိတ်လိုက်၏။ မိမိအမြင်ကို ရှင်းပြရန်အားတက်သရောဖြစ်လာ၏။ ထိုအချိန်၌ တဘက်မှ အသံထွက်လာသည်။

အနိုင်ကျင့်စနစ်တိုက်ဖျက်ရေးနှင့် ရွှေဝါပြည်သူ လွတ်လပ်ရေးအဖွဲ့ အတရလဖအဖွဲ့ကြီး မှ အတွင်းရေးမှူးချုပ် ဦးငမြန်ထက်၏အသံဖြစ်၏။

'ဒီမှာ ကိုငဆိုးထက်ခိုင် ကျနော်တို့တခု စဉ်စားစေချင်တယ်၊ အဲဒါဟာ ခင်ဗျားတို့ ယုံကြည်နေကြတာကို မယုံကြည်ရဖူးလို့ ဖျက်လိုဖျက်ဆီးပြောတာမဟုတ်ဖူး၊ ကျနော်တို့ ရိုးရိုး သားသားပဲပြောတာပဲ၊ အဲဒါကို ခင်ဗျားတို့အထင်မမှားကြပါနဲ့ ကျနော်တို့ပြောချင်တာက အခုန ကိုငဆိုးထက်ခိုင်ရှင်းပြသလိုဘဲ ကိုငဆိုးထက်ခိုင်တို့ ယုံကြည်နေကြတဲ့ ခေတ်သစ်ရွှေဝါပြည် အုပ်ချုပ်ရေးလမ်းစဉ်နဲ့ အုပ်ချုပ်တာကို ကိုငဆိုးထက်ခိုင်တို့ လူပေါင်းလေးငါးရှစ်ယောက်အပြင် ကျန်တဲ့ လူတွေဘယ်သူကမှ မကြိုက်ဖူး၊ ဘယ်သူကမှ ကိုယ်ကျိုးမစွန့်လွှတ်နိုင်ကြဖူး၊ ကိုယ့်အရင်းအနှီးဆုံး ရဲဘော်ရဲဘက်တွေတောင် စိတ်မချရ၊ မယုံရတော့ဖူး အခုန ကိုငဆိုးထက် ခိုင်ရှင်းပြတဲ့ အတိုင်းပြန်ပြောရယင် အဲဒီကိုယ်တိုင်မယုံချင်တဲ့ မကြိုက်တဲ့လူတွေက ယုံကြည်ချင်ယောင်ဆောင်ပြီး ခိုင်းတာတွေ အတင်းအကြပ်ဖြစ်အောင် ကွပ်ညှပ်ပြီးလုပ်ခိုင်း လုပ်ပြပီးတော့ ကိုယ့်အတွက်မျက်နှာရအောင် ကျနော်တို့နေရာတွေကတော့ သိပ်ဟုတ်နေပါပြီ ပြည်သူလူထုက ကိုသိပ်သဘောကျနေတာပါလို့ အထက်လူကြီးကို အဲ. . . ခင်ဗျားတို့ယုံကြည်နေတဲ့ လူကြီးပိုင်းက လူကြီးတွေကိုလိမ်၊ ခင်ဗျားတို့ကလဲ အခြေအနေမှန်အဖြစ်မှန်ကိုမသိပဲ ကိုယ့်လူတွေက ပြန်လိမ် တာကို ယုံကြည်နေကြရ အဲဒီလိုဖြစ်နေရတာကို အခုသိလာကြဘီဖြစ်တော့ ဒါလောက်လူကြိုက် နည်းတဲ့ဟာကို ဆက်ပီးမလုပ်စေချင်ဖူး၊ ကျနော်တို့ရွှေဝါပြည်သားတွေနဲ့ ကိုက်ညီနိုင်မဲ့ အုပ်ချုပ်ရေးဖြစ်လိမ့်မယ် မထင်ဘူး. . . အဲဒီတော့. . . .'

'ဒီမှာ ဦးငမြန်ထက် ကျနော်တို့စောစောကတည်းက အခုလိုဆွေးနွေးကြတဲ့အချိန်မှာ ကျနော်တို့လုပ်ကြမဲ့ လမ်းစဉ်ကိုသာ မူတည်ပြီး. . .

ငဆိုးထက်ခိုင်က ဦးငမြန်ထက်၏စကားကို ဝင်ဖြတ်ကန့်ကွက်လိုက်ရာ ဗိုလ်ချုပ်ကြီး သန်မာသည် ငဆိုးထက်ခိုင်ကို လက်တားလိုက်၏။

'ပြောပါစေ ပြောပါစေ ဆုံးအောင် ပြောပါစေအုံး ဆုံးအောင်နားထောင်ကြပါအုံး'

ဗိုလ်ချုပ်ကြီးသန်မာ၏ တိုက်တွန်းချက်အရ ဦးငြမ်းထက်သည်နေရာမှ ထရပ်လိုက်၏။

'အဲဒီတော့ ကျနော်တို့တိုက်တွန်းချင်တာကတော့ ကျနော်တို့ဆိုကြပါစို့ အတရလဖ အဖွဲ့ကြီးဟာ ရွှေဝါပြည်အတွက် အင်မတန်ကောင်း အင်မတန်ညင်သာပြီး ဥပါတ်အန္တရာယ်ကင်း တဲ့ ယာဉ်ကြီးတစ်စီးကိုရလာခဲ့ကြပါတယ်. . .'

ဒီလိုရလာတဲ့အခါမှာ ကျနော်တို့ တတွေဟာ အဲဒီယာဉ်ကိုမောင်းတဲ့လူတွေအနေနဲ့ မတော်ခဲ့ပါဘူး မကျွမ်းကျင်ခဲ့ပါဖူး ဒါတွင်မကသေးဘူး ကျနော်တို့လိုလူတွေဟာ မောင်းရတဲ့ အဖွဲ့ဝင်လူတွေအဖြစ်နဲ့ ဘဝင်မြင့်ခဲ့ကြပါတယ် ထင်ရာ ကျင့်ခဲ့ကြပါတယ်'

အဲဒီတော့ခါ အဲဒီအင်မတန်ညင်သာ ကောင်းမွန်တဲ့ယာဉ်ကြီးနဲ့တူတဲ့ ကျနော်တို့ရဲ့ အုပ်ချုပ်ရေးစနစ်ကြီးကိုတော့ စွန့်မပစ်ပါနဲ့ ဗိုလ်ချုပ်ကြီးသန်မာကိုယ်တိုင် ခေါင်းဆောင်ပီး ဆက်မောင်းသွားပါ ကျနော်တို့ကနောက်ကနေပြီး အခိုင်းအခံအဖြစ်နဲ့ လိုက်ပါ့မယ်၊

အခုဗိုလ်ချုပ်ကြီးသန်မာတို့ ရွှေဝါပြည်ကြီးကိုတင်ပြီးမောင်းမည့် ယာဉ်ကြီးဟာ အသွား ကြမ်းပါတယ် ညင်သာမှုမရှိပါဘူး အထည်းမှာ ဒိန်းဒိန်းဂျုံးဂျိုင်းနဲ့ ခလောက်ဆန်နေပါတယ် လိုက်ကြရတာ မသက်သာပါဖူး အထဲမှာ စီးပြီးလိုက်ကြမည့် တိုင်းသူပြည်သားတွေကလဲ မကြိုက်ပါဘူး၊ အဲဒါကြောင့် ညင်သာတဲ့ယာဉ်ကြီးနဲ့တူတဲ့ အရင်အတိုင်းပျော့ပြောင်း သက်သာ အုပ်ချုပ်ရေးမျိုးကို အုပ်ချုပ်ပြီး ဗိုလ်ချုပ်ကြီး သန်မာဘဲ ဦးဆောင်မောင်းနှင်သွားပါလို့ ကျနော် တို့ပြောချင်တာဘဲ. . .'

ဦးငြမ်းထက်သည် ရင်ထဲ၌ပေါ့သွားဘိသကဲ့သို့ လည်တိုင်ကို ဘယ်ညာလှည့်ဆန့်လျက် ကုလားထိုင်တွင် ပြန်ထိုင်၏။ ဗိုလ်ချုပ်ကြီးသန်မာက ငဆိုးထက်ခိုင်သို့ လက်ညှိုးထိုးလိုက်သည်၊

'မင်းပထမပြောနေတဲ့စကားက မဆုံးသေးဘူး မှုတ်လားဆက်ပြော'

'ကျနော်ဗိုလ်မှူးချုပ်လုံးညီ မေးတာကို ဖြေဘို့လုပ်နေတာပါ အဲဒီအမေးကိုဖြေရင်း ခုန ဦးငြမ်းထက်အကြံပေးထားတာကိုပါ ရှင်းလင်းဖြေပြီးသားဖြစ်သွားပါလိမ့်မယ်။

ကျနော့်အမြင်နဲ့ ပြောရရင် ပြန်ပြီးနောင်တရနေ အပြစ်ပြောနေလို့ မဖြစ်ပေမဲ့အခု လက်ရှိ ဗိုလ်ချုပ်ကြီးသန်မာဦးဆောင်တဲ့ ခေတ်သစ်ရွှေဝါပြည်အုပ်ချုပ်ရေးဟာ အစမကောင်းခဲ့ တဲ့အတွက် တနည်းဆိုရင် ပန္နက်ရိုက်တုံးက မတိကျခဲ့တဲ့ အတွက် တနည်းဆိုရင် ဒီပျက်ပျက် စီးစီးပေါက်လွတ်ပဲစား ဖြစ်နေကြတဲ့ ရွှေဝါပြည်သားတွေကို မသက်ညှာသင့်ဘဲ သက်ညှာလိုက်မိ တဲ့အတွက် အခုလို ပြဿနာတွေနဲ့ ရင်ဆိုင်ရတယ်လို့ ယုံကြည်တယ်။

ကျနော်ပြောမယ် ကျနော်တို့ ရွှေဝါပြည်သားတွေဟာ ဘုရင်စနစ်နဲ့အုပ်ချုပ်မှု သေဝပ်ကြ တဲ့ အကျင့်ဟာ အရိုးစွဲလာကြတယ်။ မိဘဘိုးဘွားလက်ထက်ကတည်းက အမွေပါလာကြတယ်. .။

ကျနော်တို့ ရွှေဝါပြည်သားတွေဟာ အခွင့်အရေးကလေးနဲ့နဲရရင် ထိပ်ပေါ်တက်ပြီးအလံ ထူချင်တဲ့ သွေးမျိုးရှေးကတည်းက ရှိခဲ့ကြတယ် ဒါကြောင့်ကျနော်တို့ရဲ့ ရှေးရှေး ရွှေဝါပြည် ဘုရင်တွေဟာ ဓါးထက်ထက်နဲ့ရယူထားရတဲ့ ဘာသာရေး အယူအဆကို အသုံးချပြီး လူတက် မလာဝံ့အောင် အုပ်ချုပ်ခဲ့ကြရတယ်။

တဆိတ်စိတ်ရှည်ရှည်နဲ့နားထောင် စေချင်ပါတယ်ခင်ဗျာ ကျနော် အခုပြောနေတာက ရွှေဝါပြည်သားတွေရဲ့ စရိုက်ကို ဖော်ပြချင်လွန်းလို့ပါ။

ကျနော်တို့ရွှေဝါပြည်သား လူအများစုကပြောကြတယ်. . .။

ကျနော်တို့ ရွှေဝါပြည်သားလူမျိုးတွေဟာ ခေါင်းဆောင် မကောင်းလို့ နောက်လိုက်တော့ အင်မတန်ကောင်းတယ်တဲ့၊ ပြီးတော့ ကျနော်တို့ရွှေဝါပြည်သားလူမျိုးတွေဟာ သိပ်သတ္တိပြောင် တယ် သတ္တိကောင်းတယ်တဲ့။

ကျနော်တော့ အဲဒီလိုကိုမယုံဘူး ရင့်သီးရင် သီးခံကြပါခင်ဗျာ ကျနော်ကိုယ်တိုင် မိဘမျိုးရိုးအစဉ်အဆက်အားလုံး ရွှေဝါပြည်သားစစ်စစ်ပါဘဲ ကျနော်တို့ ရွှေဝါပြည်သားတွေဟာ ဘာနဲ့တူသလဲဆိုတော့။

တချို့တောရွာတွေ ရပ်ကွက်တွေထဲမှာ ရှိတတ်တဲ့ ဟောင်တတ်တဲ့ခွေးတွေလိုပါဘဲ။

အဲဒီခွေးတွေဟာ တကောင်ကအော်လိုက်ရင် ဘာမှန်းမသိဘဲ အုပ်စုနဲ့ပြေးထွက်လာပြီး စားတော့ဝါးတော့ ကိုက်တော့ဆွဲတော့မလို ဝိုင်းဟောင်ကြတယ်၊

အဲ အဟောင်ခံရတဲ့ ခွေးအချင်းချင်းဘဲဖြစ်ဖြစ် လူဘဲဖြစ်ဖြစ် တခြားဘာကောင်ကြီးဘဲဖြစ်ဖြစ် ကြောက်သလိုလို ရွံ့သလိုလိုများတော့ မလုပ်လိုက်နဲ့ တကယ်လိုက် တကယ်ကိုက် တကယ်ပင်ဆွဲပြီဘဲ။

အဲ သူတို့အဟောင်ခံရတဲ့သူက တကောင်က ငယ်ချင်ငယ်ပေစေ သူတို့ကိုမထီဘဲ ခုခံမည့်ပုံမျိုးလုပ်လာဘီ ဆိုယင်တော့တကောင်မှ အနားမကပ်ဝံ့ကြတော့ဖူး အဝေးကဝိုင်းပြီး ဟန်ရေးဝါရေးပြနေတော့တာပဲ။

အဲ ရှေ့ဆုံးက အနီးဆုံးရောက်လာတဲ့ တကောင်နှစ်ကောင်လောက်ကိုခုခံ ရန်မူပြီးလိုက် ပြလိုက်ရင် ဘယ်လောင်အကောင်ငယ်ကလေးမျိုးက ရန်မူရန်မူ အဲဒီရှေ့ဆုံးက အကောင်ပြေး တာနဲ့ဘဲ ဝိုင်းပြီးဟန်ရေးဝါရေးပြနေတဲ့ တခြားအကောင်တွေလဲ အကုန်ပြေးကြရော. . .

ကျနော်တို့ ရွှေဝါပြည်သားတွေလဲ အဲဒီအတိုင်းပဲ ကျနော်ကိုယ်တိုင် ရွှေဝါပြည်တိုင်းရင်း သားစစ်သားတွေကို ခေါင်းဆောင်ပြီး စစ်တိုက်လာခဲ့တာဘဲ။

အဲဒီစစ်သားတွေဟာ နိုင်ခြေရှိရင်တားမရဘူး တဘက်ရန်သူကို အစိမ်းစားတော့မည့် အတိုင်း သစ်ငုတ် ခလုပ်မှန်းမသိ တောင်မှန်းမြောက်မှန်းမသိ အတင်းလိုက်ကြတော့တာဘဲ. . .။

အဲ တဘက်ရန်သူက ခပ်တင်းတင်းခံပြီး စွန့်စွန့်စားစားဝင်လုပ်ပြလိုက်လို့ ကိုယ့်ဘက်က သုံးလေးယောက်လောက်ကျပြီးယင် မျက်နှာသွေးဆုတ်ကုန်ကြပြီ ဆောက်တည်ရာမရအောင် ရုပ်ပျက်ဆင်းပျက် ဖြစ်လာကုန်ကြပြီ နောက်တခဏအတွင်း ထိန်းမနိုင်သိမ်းမရနဲ့ ပြေးကြဆုတ် ကြ ကစင့်ကရဲ ဖြစ်ကြတော့တာပဲ၊

ကျနော်ဟာ အဲဒီလိုဖြစ်တတ်တဲ့ ရွှေဝါပြည်သားတွေရဲ့ စရိုက်ကိုသိထားလို့ ကျနော့် စစ်တပ်က စစ်သားတွေကို ဒီလိုမဖြစ်ရအောင် ကြိုတင်ထိန်းထားနိုင်တဲ့အတွက် ကျနော့်စစ်တပ် ဟာ စစ်တိုက်တိုင်းလိုလို အနိုင်များခဲ့တယ်၊ ဆုတ်ရယင်လဲ အိမြွေအရဆုံး ဆုတ်နိုင်ခဲ့တယ်။

ရှေးရှေး ရွှေဝါပြည်ဘုရင်တွေလက်ထက်က ရွှေဝါပြည်သားတွေ ရာဇဝင်ပြောင်ခဲ့တာလဲ အဲဒါမျိုးပဲ။

ရှေးက ရွှေဝါပြည်စစ်သားတွေဟာ ရှေ့ကရန်သူထက် နောက်ကဓါးကိုပိုပြီးကြောက်ကြတယ်။

ရှေ့ကိုရန်သူကိုတိုက်ရင် ကိုယ်ရင်လဲသေမယ် ကိုယ်မသေရင် ပွဲတွေလမ်းတွေရနိုင်တယ် ရာထူးနာမည် တိုးတက်လာနိုင်တယ် လမ်းနှစ်လမ်းရှိတယ်. . .။

ရှေ့ကိုရန်သူကိုမတိုက်ရင်တော့ ကိုယ်သေဘို့လမ်းတလမ်းပဲရှိတယ်။ သေပြီးတဲ့နောက်လဲ လူကြောက်လူညံ့အဖြစ်နဲ့ နာမည်ပျက်ရအုံးမယ်။ အဲဒီနာမည်ကြောင့် ကျန်ရစ်တဲ့သားသမီးဆွေ မျိုးတွေပါ မျက်နှာငယ်ကြရမယ်. . . .။

. . . . အဲဒီတော့ ရှေးက ရွှေဝါပြည်သားတွေဟာ လူပီပီအသက်သာဆုံးဖြစ်တဲ့ အခွင့်အရေး ရှိတဲ့လမ်းကို ရွေးခဲ့ကြလို့ ရာဇဝင်ပြောင်ခဲ့ကြရတာဘဲ။

. . . . နောက်ဆုံး အကျဉ်းချုံးပြောရယင် ရွှေဝါပြည်ကြီးတိုင်းတပါးသားရဲ့ လက်အောက်ကို ရောက်သွားတော့

. . . . ရွှေဝါပြည်ကြီးရဲ့ သက်ဦးဆံပိုင် ဘုရင်တွေထက် အသက်သာဆုံး အမျှတဆုံး အုပ်ချုပ် ပါတယ်ဆိုတဲ့ တိုင်းတပါးသားတွေဟာ ရွှေဝါပြည်ရဲ့ ရွာပေါင်းများစွာကို ၁၃–နှစ်လုံး မြေလှန် ပစ်ကြတာဘဲ။

. . . ယုတ်မာရိုင်းစိုင်းတဲ့ အာရိယံစစ်တပ်တွေလွှတ်ပြီး မိန်းမတွေ မုဒိန်းကျင့်ပြီးသတ် ကလေးသတ်၊ ယောကျာ်းအချင်းချင်းကိုတောင် ရွှေဝါပြည်သားတွေရှေ့မှာ မုဒိန်းကျင့်ပြပြီးမှသတ် နောက် ရွာလုံးကျွတ်မီးနဲ့တိုက်။

. . . . အဲဒီသတင်းတွေကို ရွှေဝါပြည်တပြည်လုံး ပြန့်စေပြီး. . . ဘယ်လိုမှမလှန်ဝံ့အောင် သေဝပ်စေပြီးမှ. . .

ရွှေဝါပြည်သက်ဦးဆံပိုင်ဘုရင်အုပ်ချုပ်တာထက် ဘယ်လိုမှ နှိုင်းယှဉ်လို့မရအောင် တိုင်းသူပြည်သားတွေ အတွက်အခွင့်အရေးတွေ တိုးတက်ရရှိနိုင်တဲ့ အုပ်ချုပ်ရေးမျိုးနဲ့ အုပ်ချုပ် ခဲ့တယ်မဟုတ်လား။

. . . အဲဒါကြောင့်လဲ ဒီတိုင်းတပါးသားတွေဟာ ဒါလောက်ကြာကြာခံတာ၊ ဒါတောင် ရွှေဝါ ပြည်သားတွေကို လေးလက်မထက်ရှည်တဲ့ ဓါးစူးတွေဘာတွေကိုင်ခွင့်မပေးခဲ့ဘူး။

. . . . အကယ်လို့များ ဒီတိုင်းတပါးသားတွေဟာ စကတည်းက သူတို့အုပ်ချုပ်ရေးနဲ့ ချက်ခြင်းပြောင်းလာပြီး အုပ်ချုပ်ပေးခဲ့ယင် အဲဒီအကောင်တွေဟာ ဆယ့်သုံးနှစ်အတွင်း ရွှေဝါပြည်ကပြေးကြရမှာဘဲ။

. . . . ကျနော်အခုပြောနေတာကို နားထောင်နေတဲ့လူတွေက ဒီကောင်သိပ်ရက်စက်ပြီး စစ်အာဏာရှင်စနစ်ကို ထောက်ခံချင်လက်ခံချင်နေတဲ့ အကောင်လို့ထင်မယ်၊ နားထောင်ရင်း ကြက်သီးထကြမယ်။

. . . . ကျနော်ပြောနေတာက ကျနော်တို့ ရွှေဝါပြည်သားတွေရဲ့ စရိုက်ဟာ တကောင်က စပေးယင် အားလုံးဝိုင်းလုပ်တယ်။ သွေးညှိပေးဘို့မလိုဘူး။

. . . အခွင့်အရေးရယင် 'လူ'ပီးထလာချင်တဲ့ သဘောဝိုင်း 'အာ'ချင်တဲ့သဘောရှိတယ်။

. . . တကယ်နှိပ်လိုက်လို့ ကြောက်စရာရှိယင်လဲ သိပ်ကြောက်တတ်တယ် မျက်နှာမှာ သွေးပေါက်မရှိဖူး။

. . . . အဲဒါက ကျနော်တို့ ရွှေဝါပြည်သားတွေရဲ့ စရိုက်၊

. . . . နောက်တခုက ကျနော်တို့ကို တိုင်းတပါးသားတွေကမျိုးချစ်စိတ်တွေ ကင်းကုန်အောင်၊ စည်းရုံးမှုတွေ ပျက်ပြားကုန်အောင် မိမိတို့တာရှည်အမြတ်စွန်း အခွန်အကောက်ရလျှင် အကျိုးရှိ လျှင်ပြီးရော မည်သူ့ကိုထိခိုက်ထိခိုက် တကိုယ်ကောင်းကိုယ်ကျိုးရှာလိုသူများ လွတ်လွတ်လပ်လပ် ကိုယ်ကျိုးရှာနိုင်ခွင့်ရှိကြစေ၊ ကိုယ့်လူမျိုးအချင်းချင်း နှိပ်စက်နိုင်ခွင့် ခိုင်းစေ၊ ညှင်းပမ်းအမြတ် ထုတ်နိုင်ခွင့်ရှိကြစေဆိုတဲ့ အုပ်ချုပ်ရေးနဲ့ အုပ်ချုပ်ခဲ့တယ်။

ကိုယ့်လူမျိုးအချင်းချင်းသာမဟုတ်ဖူး တခြားတိုင်းတပါးသားတွေကိုပါ ခေါ်ယူပြီး သူတို့ တကိုယ်ကောင်း ကိုယ်ကျိုးအတွက် ရွှေဝါပြည်သားတွေကို ခိုင်းစေညှင်းပမ်း အမြတ်ထုတ်နိုင်ခွင့် ပေးခဲ့တယ်။

. . . အဲဒီလိုနှစ်ပေါင်းတရာကျော် တရာနီးပါး ရွှေဝါပြည်သားတွေကို ကိုယ်ကျိုးရှာခွင့်ပေး လာခဲ့တော့ မိမိကိုယ်ကျိုးရှိရေး တကိုယ်ကောင်းအတွက်။

. . . . မိမိကိုယ်အား ဉာဏ်အားရှိသမျှ တပါးသူက ကျေနပ်အောင် ခေါင်းပုံဖြတ်နိုင်လျှင် အမြတ်ထုတ်နိုင်လျှင် အမြတ်ထုတ်စေ၊ ခေါင်းပုံဖြတ်စေ တရားတယ်လို့ ခေါင်းထဲမှာစွဲမြဲယုံ ကြည်လာခဲ့ကြတဲ့ အကျင့်ရလာကြတယ်၊

. . . အခုဒီအကျင့်ကို ဖျောက်ရမယ်၊ ကိုယ်ကျိုးအထိခိုက်ခံရမယ်၊ ငါကိုယ်ကျိုးရှိယင်ပြီးရော ဆိုတဲ့ အပြုအမူမျိုးမလုပ်ရတော့ဘူးလို့လဲဆိုတယ်၊

. . . . အခွင့်အရေးရလို့ တယောက်ကစလိုက်ယင် ဝိုင်းပြီး'အာ' တတ်တဲ့ စရိုက်ရှိတဲ့ ရွှေဝါ ပြည်သားတွေကိုလဲ 'အာ' ခွင့်ပေးထားတယ်။

အဲဒီပြုမူချက်ဟာ ခေတ်သစ်ရွှေဝါပြည် အုပ်ချုပ်ရေးလမ်းစဉ်ကို ကိုင်လာကြတဲ့ ဗိုလ်ချုပ် ကြီးသန်မာအမှူးရှိတဲ့ ပုဂ္ဂိုလ်ကြီးတွေရဲ့ တခုတည်းသောမဟာအမှားကြီးဘဲ၊

ဒီအမှားကြီးကို အခြေခံပြီး ကုန်တဲ့ မလိုလားအပ်တဲ့ ဖြစ်ရပ်တွေအားလုံးဖြစ်နိုင်တယ်။

အဲဒီတော့ ကျနော့်သဘောက ကျင့်သားရလာတဲ့ ကိုယ်ကျိုးရှာစိတ် တကိုယ်ကောင်း စိတ်တွေကို ရွှေဝါပြည်သားတွေရဲ့ ခေါင်းထဲကထွက်မသွားသေးသည့်အထိ။

ဒါမှမဟုတ်ယင် အဲဒီတကိုယ်ကောင်းအခွင့်အရေးရလျှင် ပြီးရောခံတဲ့လူရှိယင် ခေါင်းပုံ ဖြတ်တတ် ကပ်လိုးတတ်ယင် ဘယ်သူမဆို ပြုလုပ်နိုင်ခွင့်ရှိတယ်ဆိုတဲ့ အစွဲပျောက်အောင် ရွှေဝါ ပြည်သားတွေကို အသိတရားဆေးပြီးသည့်အထိ။

. . . . အဲဒီအချိန်တွေ နှစ်တွေအတောအတွင်းမှာ၊

. . . 'ငဒို့ရွှေဝါပြည်ကို ခေတ်သစ်ရွှေဝါပြည် အုပ်ချုပ်ရေးလမ်းစဉ်နဲ့ အုပ်ချုပ်တယ်၊

. . . ဒို့လမ်းစဉ်ဟာ ရွှေဝါပြည်ကြီး တပြည်ထောင်လုံး တနှစ်ထက်တနှစ် ချောင်ချိလာမှုကို သာ ရှေးရှုတယ်။

. . . အိမ်ထောင်တခုရဲ့ ချမ်းသာရေးဟာ ဒီအိမ်မှာရှိတဲ့ အိမ်သူအိမ်သားအားလုံး ဝင်ငွေရ အောင် အလုပ်ပိုလုပ်ပြီး အိမ်သူအိမ်သားအားလုံး တခုမှအပိုမသုံးဘဲ သုံးသင့်သမျှ အနေအစား အဝတ်ကိုပါခြိုးခြံပေးမှ အဲဒီအိမ်ထောင်ဟာ တနှစ်ထက်တနှစ် ပိုပိုချမ်းသာလာပြီး အိမ်သူအိမ် သားလူစေ့ ရွှေတွဲလွဲ ငွေတွဲလွဲ ဖြစ်လာနိုင်ကြသလို ရွှေဝါပြည်ကြီးရဲ့ အိမ်သားတွေနဲ့တူတဲ့ ပြည်သူ လူထုကြီးဟာ အလုပ်ပိုလုပ်ပြီး အနေအစား လျှော့စားကြရမယ်။

. . . နောက်တခုက ရွှေဝါပြည်ကြီးရဲ့ အိမ်သားတွေနဲ့တူတဲ့ ပြည်သူလူထုကြီးဟာ ဒီအိမ်ထဲ မှာ အတူနေအတူစားပြီး အိမ်ထောင်ခွဲစိတ်ဓါတ်မျိုးမထားရဘူး မိသားစုစိတ်ဓါတ်မွေးပြီး အလုပ် အကိုင်ဝင်ငွေရနိုင် စားနပ်ရိက္ခာရနိုင်တဲ့ အလုပ်အားလုံးကို ရွှေဝါပြည်ဆိုတဲ့ အိမ်ထောင်ကြီးတခု လုံးအတွက် အားလုံးစုစုပေါင်းလုပ်ဆောင်ကြရမယ်။

. . . အဲဒီလို စုပေါင်းလုပ်ဆောင်သွားနိုင်ကြရအောင်လဲ ခေတ်သစ်ရွှေဝါပြည် အုပ်ချုပ်ရေး အဖွဲ့က ခေတ်သစ်ရွှေဝါပြည် အုပ်ချုပ်ရေးလမ်းစဉ်အတိုင်း တစတစတာဝန်ယူပြီး စုပေါင်းလုပ် ကိုင်စေမယ်။

. . . . ပီးတော့ခေတ်သစ်ရွှေဝါပြည် အုပ်ချုပ်ရေး လမ်းစဉ်ရဲ့ဆောင်ရွက်ချက်ကို မလိုက်နာ သူမှန်သမျှ ခေတ်သစ်ရွှေဝါပြည် အုပ်ချုပ်ရေးကို ဆန့်ကျင်သူများလို့ ယူဆမယ်ဆိုတာမျိုးတွေ အတိအလင်းကျေညာထားသင့်တယ်။

. . . ဒီလိုတင်းတင်းကြပ်ကြပ် ကြေငြာထားတဲ့အတွက် ရွှေဝါပြည်သားတွေရဲ့ စရိုက် အရဆန့်ကျင်လာမယ့်လူမရှိဘူး၊ ရှိယင်လဲ ချက်ခြင်းအရေးယူပစ်လိုက်၊ အကြွေးမထားနဲ့ တိုးပွား လာနိုင်တယ်။

. . တကယ်တော့ ဒါလောက်လုပ်တာဟာ ဘယ်လိုမှမလွန်ဖူး၊ ကမ္ဘာ့တိုင်းပြည်အများအပြား ဟာ အခုလိုအတွေးအခေါ် ယုံကြည်ချက်တွေကိုပါ ပြောင်းလဲပစ်တဲ့ တိုင်းပြည်တိုင်းအနည်းနဲ့ အများ လူတွေသေကြကျေကြချည်းဘဲ၊ အခုရွှေဝါပြည်မှာ ဒီလိုမဖြစ်ခဲ့ရဘူး အဲဒါဟာ ရွှေဝါပြည် အတွက် ကြီးမားတဲ့အောင်မြင်ချက်ကြီးတရပ်ဘဲ။

. . . ဒီအောင်မြင်ချက်ကြီးကို အောင်မြင်ပြီးနောက် ခိုင်မာတည်တန့်အောင် ဆက်လက် တည်ဆောက်တဲ့နေရာမှာ ခေတ်သစ်ရွှေဝါပြည် အုပ်ချုပ်ရေးအဖွဲ့ဟာ ရွှေဝါပြည်သူပြည်သား တွေရဲ့ အစွဲအလန်းကို လျှော့လျှော့ပေါ့ပေါ့ တွေးလွန်းတယ်။

. . . . ဒီနေရာမှာ အပြည်ပြည်ရာဇဝင်ကို နည်းနည်းပါးပါး ဝါသနာပါတဲ့ လူတယောက် အနေနဲ့ ပြောရယင် ကျနော်တို့ ရွှေဝါပြည်သားတွေဟာ ကျနော်တို့ အိမ်နားနီးချင်းနိုင်ငံ ဗမာပြည်သားတွေရဲ့ အစွဲအလန်းထက် သိပ်မလျော့ဖူး၊

. . ဗမာပြည်သားတွေဟာ သူတို့ရဲ့ ဘုရင်လက်အောက်မှာ နေကြရစဉ်က မော်ကြည့်စေ လို့ အမိန့်မပေးဘဲ သူတို့ရဲ့ ဘုရင်ကိုရော သူတို့ရဲ့ မှူးကြီးမတ်ကြီးတွေရော သူတို့ရဲ့ အသျှင် သခင်တွေကိုရော ဘယ်သူမှမော်မဖူးဝံ့ကြဘူးတဲ့။

. . . ပီးတော့ ဗမာဆင်းရဲသား ပြည်သူလူထုဟာ နေဘို့အိမ်ဆောက်ရာမှာဖြစ်ဖြစ် စားဘို့ အစားအစာထည့်တဲ့ ပန်းကန်ခွက်ရောက် အသုံးအဆောင်ကို သုံးစွဲရာမှာဘဲဖြစ်ဖြစ် သူတို့ဘုရင် သူတို့မှူးကြီးမတ်ကြီး သူတို့အသျှင်သခင်တွေက ခွင့်မပေးဘဲ ဘယ်တော့မှတူညီကောင်းမွန်တဲ့ အိုးအိမ်မျိုးကို သုံးစွဲနိုင်ခွင့်ဆောက်လုပ်နေထိုင်ခွင့် မရှိဘူးတဲ့။

. . . အဲဒီလိုနေထိုင်ကြရတဲ့ ဗမာအမျိုးသားတွေရဲ့ အောက်ပိုင်းမှာတော့ မျက်နှာဖြူလူမျိုး တွေက ဗမာအမျိုးသားတွေ အပေါ်မှာ စစ်နိုင်ထားလို့ ဗမာပြည်ကြီးကို တပိုင်းပိုင်းယူထားပြီး လာနေကြသတဲ့။

. . . တခါတော့ အဲဒီဗမာပြည်မှာရှိတဲ့ မျက်နှာဖြူတွေကို ကြီးကိုင်အုပ်ချုပ်နေတဲ့ အင်ဒိယကဘုရင်ခံချုပ်က ဗမာပြည်မှာရှိတဲ့ ကာနယ်လင်းဘတ်ခေါ်တဲ့ မျက်နှာဖြူကို၊

. . . ဗမာဘုရင် သီပေါဆိုတာကိုသွားဖမ်းရင် စစ်သားပေါင်း ဘယ်လောက်ကုန်မလဲ. . လို့ မေးသတဲ့။

. . ဒီတော့ ကာနယ်လင်းဘတ်ဆိုတဲ့ မျက်နှာဖြူက၊

. . . . စစ်သားပေါင်း ခြောက်ရာနဲ့သွားဖမ်းယင်ရမယ်။ အချိန်ခြောက်ရက်အတွင်းရနိုင်တယ်၊ ဒါပေမဲ့ သီပေါကို ဖမ်းပြီးတဲ့နောက် အသျှင်သခင်ဖြစ်တဲ့လူကို ဒူးတုပ်ခေါင်းငုံ့ပြီး ဝပ်နေကြရ တဲ့အဖြစ်က မတ်မတ်တောင့်တောင့်ရပ်ပြီး စကားပြောရတဲ့အဖြစ်ကို ပြောင်းလဲတာမကြိုက်တဲ့ အတွက် ခုခံနေကြမဲ့တိုင်းသူပြည်သားကို နှိမ်နင်းဘို့ခြောက်နှစ်ကြာမယ် အဲဒီခြောက်နှစ်စာ အသုံးပြုဘို့အတွက် စစ်သားခြောက်ထောင်လိုမယ်လို့ ပြန်ကြားခဲ့တယ်တဲ့ခင်ဗျ။

. . . အဲဒီနောက် တကယ်တိုင်ကြတော့ ဗမာသီပေါဘုရင်ဖမ်းဘို့အတွက် စစ်သားပေါင်း ၃–ထောင်အသုံးပြုခဲ့တယ်တဲ့။

ဗမာလူမျိုးတွေဟာ သက်ဦးဆံပိုင် ဘုရင်လက်အောက်မှာဝပ်တွားပြီး စောင့်နေကြရာက လူလူချင်း ရင်ဘောင်တန်းပြီး ဆက်ဆံကြရတာထွေ မင်းကိုင်း စိုးကိုင်းဆိုတာကိုမထားဘဲ အသုံး အဆောင်တွေထင်ရာသုံး နေထိုင်ဘို့အတွက် အိမ်တွေထင်သလိုဆောက် အဲဒီလိုလုပ်တာထွေ မကြိုက်ကြလို့ ဒို့မျိုးရိုးကို ကုလားတွေဖျက်ပါတယ်ဆိုပြီး တိုက်နေကြတယ်ဆိုတာက ၁၃နှစ်ကြာ တယ်။ စစ်သားပေါင်း ၃ သိန်းကိုအသုံးပြုကြတယ်တဲ့ခင်ဗျ။ နောက်ဆုံးမျက်နှာဖြူတွေက ဗမာ ဘုန်းကြီးတွေကို ငွေတွေလှူ မီးရထား မီးသင်္ဘော လက်မှတ်တွေအခမဲ့ စီးနင်းနိုင်ခွင့်ပေး ဘွဲ့ထူး ဂုဏ်ထူးတွေပေးပြီး ဆူပူတဲ့ဗမာတွေကို လက်နက်ချဖို့ တရားအဟောခိုင်းတော့မှ. . .

. . . . ဘုန်းကြီးတွေတရားဟောတာနဲ့ တချို့မဆူပူဘဲ ရပ်သွားကြတယ်၊ တချို့လက်နက်ချ အဖမ်းခံကြ။ အဲဒီလိုလုပ်ကြသတဲ့။ အဲဒီတော့မှ မျက်နှာဖြူတွေက ဗမာဆူပူသူ လက်နက်ကိုင် တွေဖမ်းမိကြပြီး သိတ်မိန့်ပေးလိုက်နိုင်ကြတယ်လို့ စာထဲမှာဘတ်ရတယ်ခင်ဗျ။

. . . အဲဒီတော့ ပြောလိုတာက ကျနော်တို့ အိမ်နီးချင်း ဗမာတွေဟာ သူတို့ဘုရင်ကို ကုလားဖြူစစ်ဗိုလ်တွေက တခဏခြင်းနဲ့ ဖမ်းလိုက်နိုင်ပေမယ့် သူတို့ဗမာလူမျိုးတွေရဲ့ ဝမ်းထဲမှာ စွဲနေရစ်တဲ့ ပဒေသရာဇ်သက်ဦးဆံပိုင် ဘုရင်ရဲ့အုပ်စိုးမှုမှ ခံလိုနေတဲ့အစွဲကို ၁၃– နှစ်လုံးလုံး ရက်ရက်စက်စက် မြေလှန်ပြီးတိုက်ခဲ့ရတယ်။

ဒါတောင်မရာူး ဗမာဘုန်းကြီးတွေက လှူဒါန်းတာတွေယူပြီး ကုလားဖြူတွေဘက်က လိုက်ကူပေးလို့သာ ငြိမ်သွားခဲ့ကြရာ. . . .

. . . အဲဒီအတိုင်းဘဲ အခုလဲကျနော်တို့တတွေဟာ ခေတ်သစ်ရွှေဝါပြည် လမ်းစဉ်နဲ့ရွှေဝါ ပြည်ကြီးကို အတွေးသစ် အမြင်သစ်နဲ့ အုပ်ချုပ်ကြမယ့် ကိစ္စမှာ လူတွေဟာ မိမိတို့ အရိုးစွဲလာ ကြတဲ့နစ်ဟောင်းကို စွန့်လိုကြမှာမဟုတ်ဖူး။

. . . . ဒီလိုစနစ်ဟောင်းစနစ်ဆွေးကြီးကို မစွန့်နိုင်၊ မစွန့်လိုကြလူထွေအထဲမှာ ခေါင်းဆောင် လုပ်နေကြတဲ့ တဘက်က ထိုင်နေသူတွေပါပါတယ်။

. . . ဒါကြောင့် ခေတ်သစ်ရွှေဝါပြည် အုပ်ချုပ်ရေးအဖွဲ့ဟာ ဒီလိုအတွေးအခေါ်တခုကို ပြောင်းလဲပစ်ရမယ့် လုပ်ငန်းမျိုးမှာလူတွေအပေါ် ခပ်ပေ့ါပေ့ါတွေးထားတာများတယ်။

. . . . ခပ်ပြောင်ပြောင်ပြောရယင် အခုတဘက်ကဦးမြန်ထက်တို့တောင် ဗိုလ်ချုပ်ကြီး သန်မာတို့ အခုလိုခေါင်းဆောင်အုပ်ချုပ်နေတာကို ဘာမှမနာလိုမရှုစိမ့်မရှိဘူး။

. . . . ဒါပေမဲ့ ကိုယ်ကိုယ်တိုင် လုပ်လို့အောင်မြင်ခဲ့တာ မအောင်မြင်ခဲ့တာ ဘေးချိတ်ပြီး တော့ ဗိုလ်ချုပ်ကြီးသန်မာတို့ကိုလဲ စနစ်ဟောင်းအတိုင်း မပြုပြင်ဘဲဆက်လုပ်နေစေလိုတယ်၊ အုပ်ချုပ်နေစေလိုတယ်၊ စောစောကလဲ ဒါဘဲတိုက်တွန်းသွားတာဘဲ၊

. . . . ကျနော့်အမြင်တော့ ကျနော်တို့ရွှေဝါပြည်ကြီး တခုလုံးကို မွှေနှောက်ရှာလိုက်ယင် ညင်သာတဲ့ ယာဥ်ကလေးနဲ့တူတဲ့ ပျော့ပျောင်းလှတဲ့ အုပ်ချုပ်ရေးစနစ်ကို အနိုင်နင်းဆုံး အကျွမ်းကျင်ဆုံး အုပ်ချုပ်နိုင်သူတွေဟာ. . .

. . . . ရွှေဝါပြည်ကြီး တပြည်လုံးက ကောင်းချီးအပေးခံရတဲ့ ဦးကံပေးတို့နောက်ပီး ဦးမြန် ထက်တို့လို ပုဂ္ဂိုလ်မျိုးမှတပါး အခြားသူတွေမရှိတော့ပါဖူး. . . .

. . . . ဒီလိုလူတွေတောင် ရှစ်နှစ်ဆယ်နှစ်လုံးလုံး ဦးဆောင်လို့မရယင် ကျန်တဲ့လူတွေ ဘယ်သူမှ မတတ်နိုင်တော့ဖူး၊

. . . . ပီးတော့ကျနော်တို့ ရွှေဝါပြည်သားတွေရဲ့ စရိုက်ဟာနဂိုက အသက်သာခိုတဲ့ အညာ အလှိုင်းသမားတွေရဲ့ စရိုက်မျိုးရှိနေတဲ့ကြားထဲက တိုင်းတပါးသားတွေက ဖျက်ဆီးထားတော့ သိပ်ပျက်စီးနေကြတယ်။

. . . . အဲဒီညင်သာတဲ့ ယာဥ်ကလေးပေါ်မှာ ကောင်းကောင်းမလိုက်ပဲ ဆင်းလိုက်တက်လိုက် ဘေးကလူတွေဆွဲတင်လိုက် လုပ်နေကြတယ်၊ ပီးတော့ ခရီးလဲမတွင်ဖူး။

. . . ဒါကြောင့် အဆင်းရအတက်ရခက်တဲ့ ယာဥ်မျိုး၊ ရှေ့တန်းကိုရောက်နေတဲ့ အခြား တိုင်းပြည်တွေကို အမှီလိုက်နိုင်တဲ့ယာဥ်မျိုး၊ အထူးသဖြင့် တကိုယ်ကောင်းအကျင့်ရနေတဲ့ လူပျက်စီး ရွှေဝါပြည်သားတွေနဲ့ အသင့်တော်ဆုံး ယာဥ်မျိုး၊ အဲဒီယာဥ်မျိုးနဲ့တူတဲ့ အခုခေတ် သစ်ရွှေဝါပြည် အုပ်ချုပ်ရေးလမ်းစဥ်ကိုဘဲ ကျနော်တို့ကြိုက်တယ်၊

. . . . ဒါပေမဲ့ မှားခဲ့တာတော့ အထက်ကပြောခဲ့တဲ့အတိုင်း ရွှေဝါပြည်သားတွေရဲ့ စရိုက် ကို မေ့ချန်ပီး တိတိကျကျ ပြောင်မကျေညာခဲ့ မလုပ်ခဲ့တာဟာ အပြစ်ပဲ၊ မပေးသင့်တဲ့အချိန်မှာ ခေတ်သစ်ရွှေဝါပြည် အုပ်ချုပ်ရေးလမ်းစဉ်ရဲ့'ဘောင်'အပြင်က လွတ်လပ်စွာပြောခွင့်ဆိုခွင့် ဝေဖန် ခွင့်ပေးလိုက်ခဲ့တဲ့အမှားပဲ။

. . . . အဲဒီအမှားကြောင့် စောစောကကျနော်ပြောခဲ့တဲ့ အယူအဆဟောင်းတွေကို မစွန့်လို ကြတဲ့ လူအများစုရဲ့ မသိမသာဆန့်ကျင်လာမှုကို ခံနေရပြီး၊ အဲဒီဆန့်ကျင်မှုတွေကိုလဲ ခေတ် သစ်ရွှေဝါပြည်အုပ်ချုပ်ရေးအဖွဲ့ ခေါင်းဆောင်များ လက်အောက်ခံအုပ်ချုပ်သူတွေက၊ သကြား ဖုံးဖုံးပြီးပြတာကို ယုံကြည်လာမိကြတဲ့အတွက်၊ တတိုင်းပြည်လုံး စွန့်ပစ်လိုက်တော့မတတ်၊ အတွင်းမှာ အချဥ်ပေါက်နေပါပြီ။

. . . အဲဒါ ဘယ်လိုလုပ်ရမလဲဆိုတာ ကျနော်တို့ကြိုက်တဲ့ စနစ်ထဲကိုဝင်မဲ့နည်းနဲ့ အကြံပေးကြဘို့ အဲဒါပါဘဲ'

ဆွေးနွေးပွဲကား ၃–ရက်နှင့်လည်းမပြီး ၄–ရက်နှင့်လည်းမပြီး။

တဦးတဦးတိုင်း အိတ်သွန်ဖါမှောက် ဝမ်းထဲရှိသမျှဖွင့်ဆွေးနွေးကြ၏။ အချိန်သည် အဆုံး အဖြတ်ကိုပေးသည့်အတိုင်း ရက်အချိန်ကြာညောင်းလာသောအခါ ခေတ်သစ်ရွှေဝါပြည်လမ်းစဉ် ဘောင်အတွင်း၌ တွေ့ကြုံနေရသည့် လတ်တလောအခက်အခဲကြီးများကို ဖြေရှင်းရန်အပိုင်းသို့ ရောက်လာ၏။

ထိုအပိုင်း၌ ခေတ်သစ်ရွှေဝါပြည်၏ ပြည်နယ်တို့က ရွှေဝါပြည်သားတကျပ် တောင်တန်းသားတကျပ်ဟု တောင်းဆိုလာသောအပိုင်းကိုမည်သို့ ဖြေရှင်းကြမည်နည်းဟူသော အပိုင်း သို့ရောက်လာ၏။

နောက်ဆုံး အားလုံးသဘောတူညီကြသည်ကား ရွှေဝါပြည်သား တကျပ်တောင်တန်းသား တကျပ်သည် တောင်တန်းသားတို့အဘို့ နည်းသေး၏။ ရွှေဝါပြည်အတွက် ရည်မှန်းထားသော တကျပ်ကိုပါ ပူးပေါင်း၍ နှစ်ကျပ်လုံး တောင်တန်းသားတို့ကယူကြပါ၊ ထို့နောက် ရွှေဝါပြည်ကြီး အတွက် တစီးပွားတည်းပြု၍ ရွှေဝါပြည်ကြီးကိုပါ ခေတ်သစ်ရွှေဝါပြည်၏ လမ်းစဉ်အတွင်းက အတူ တည်ဆောက်ကြပြီး အတူယူထားကြပါဟု ထိုးအပ်ရန်သဘောတူကြ၏။

ရွှေဝါပြည်သည် သေးငယ်သော တိုင်းပြည်ဖြစ်ရကား အိပ်ထောင်ခွဲထွက်လေ မိမိတို့ တိုင်းပြည်ကို မိမိတို့ချည်း ရပ်တည်နိုင်မှု ကင်းလာကြမည်ဖြစ်လေ ဖြစ်သဖြင့် မည်သူမျှ ခွဲမထွက် ကြဘဲ ရွှေဝါပြည်ကြီးကို အပိုင်သိမ်းကြလျက် ခေတ်သစ်ရွှေဝါပြည်လမ်းစဉ်၏ အတွင်းမှ အတူ ပူးပေါင်းတည်ထောင်ကြရန်ဟူသော ဆုံးဖြတ်ချက် ချမှတ်ရေးအတွက် သဘောတူညီကြ၏။

ဆွေးနွေးပွဲသည် ဆက်လက်ရှည်လျားလာခဲ့ကြပြန်သည် ဗိုလ်မှူးချုပ်မြေကြီးက အဆိုတခုပြု၏။

ခေတ်သစ်ရွှေဝါပြည် ထူထောင်ရေး၌ ပြည်တွင်း ဖူလုံရေးအတွက် တိုင်းတပါးကို အမှီခို ကင်းမှုသည် အရေးတကြီးအကျိုးပွားစီးနိုင်သော အချက်တချက်ဖြစ်ကြောင်း။

ရွှေဝါပြည်ကြီးသည် ရှေးရှေး ရွှေဝါဘုရင် အဆက်ဆက်ကတည်းက မိမိပြည်တွင်းကို မိမိတိုင်းပြည်ထွက်ဖြင့် ဖူလုံခဲ့သည်ချည်းဖြစ်ကြောင်း။

ကမ္ဘာ့ဒုတိယစစ်ကြီးအတွင်းကလည်း ရွှေဝါပြည်သည် မိမိတိုင်းပြည်ကို လုယူနှိပ်စက်သူတို့ရှိနေကြပါလျက်နှင့် မိမိပြည်တွင်းဖြစ်နှင့်ပင် ဖူလုံသော စားကုန်သုံးကုန်များရှိခဲ့သေးကြောင်း။

ယခုမှာ ရွှေဝါပြည်သည် ထုတ်လုပ်ကုန် ပိုမိုကောင်းမွန်လျက် ပိုမို၍လည်းထွက်နေပြီဖြစ် ကြောင်း။

ယခုလတ်တလော အရေးကြီးသည်မှာ မိမိတို့စက်ရုံအလုပ်ရုံများအတွက် မိမိတို့ပြည်တွင်းဖြစ်ကုန်ကြမ်း ပစ္စည်းများကို အသုံးပြုနိုင်ဘို့ပင်လျှင်ဖြစ်ကြောင်း။

ဥပမာ မိမိတို့တိုင်းရင်းဖြစ် ဝါဂွမ်းကို မိမိတို့ချည်စက်၌ အသုံးပြုနိုင်ရေး မိမိတို့ပြည်တွင်း ထွက် ကြံအားလုံးကို သကြားချက်ရန် စက်ရုံမရှိသောကြောင့် လျှော့စိုက်ရသည့်အဖြစ်မျိုး ကဲ့သို့ မဖြစ်စေဘဲလုံလောက်သည့် သကြားချက်လုပ်စက်များ တည်ဆောက်ထားနိုင်ရေး သကြားချက်ပြီး အကျိုးမဲ့ စွန့်ပစ်ရမည့် ကြံချေးတို့ကို ကောက်ယူချက်လုပ်ခြင်းကြောင့် စစ်သားသုံး အရက်များ ထွက်နိုင်သော အရက်ချက်စက်ရုံများကို သကြားစက်အနီး စသည်တို့၌တည်ဆောက်ရေး။

ပြည်တွင်းစားသုံးဆီအတွက် မြေပဲ၊ နှမ်းစသည်တို့ကို စားသုံးသူတို့လုံလောက်သည်အထိ တိုးချဲ့စိုက်ပျိုးရေး။

ကြက်သွန်၊ ငြုတ်တို့ကို ပြည်တွင်းဖူလုံသည်အထိ တိုးချဲ့စိုက်ပျိုးရေး။

ဤအခြေခံလိုအပ်သည့် စားဝတ်ပစ္စည်းတို့ကို. . .

'ပြည်တွင်းဖြစ်ကုန်ဖြင့် ပြည်တွင်းကိုဖူလုံစေအံ့. . . .'ဟူသော ကြွေးကြော်သံနှင့် တက်တက် ကြွကြွထူထောင် စိုက်ပျိုးစေမည်။

ထို့နောက် ရွှေဝါပြည်ဖြစ်ထွန်းလသော ကြံမှ ထွက်သည့်သကြားများ အရက်များနှင့် ဆန်များကို ထွက်ကုန်ပစ္စည်းအဖြစ်ပြည်ပသို့ ထုတ်လျက် စားကုန်ပစ္စည်းအမျိုးမျိုးနှင့် ဝတ်ကုန် အထည်အလိပ်တို့ကို လုံးဝပြည်တွင်းသို့ ပြည်ပတိုင်းပြည်များမှ ပြန်မသွင်းဘဲ။

ပြည်တွင်းဖြစ်ပစ္စည်းကို သုံးခြင်းဖြင့် တိုင်းပြည်ကို ကြွယ်ဝစေအံ့ဟူသော ကြွေးကြော်သံ ကို ကြွေးကြော်စေ၍ တတိုင်းပြည်လုံး တိုင်းရင်းဖြစ်များကိုသာ အဝတ်ခိုင်းမည်။

ထို့နောက် တိုင်းတပါးသားတို့က ရောင်းကုန်ကိုမဝယ်သောကြောင့် ရွှေဝါပြည်ဆန်နှင့် သကြားအရက်စသည်တို့ကို မယူမဝယ်လျှင် မိမိတို့အပေါ်၌ ကူညီထောက်ပံ့သည့် တိုင်းပြည်များကို အလကားပေးပစ်မည်၊ အချို့ဘဝတူ တိုင်းပြည်ငယ်များကို အခမဲ့ကူညီထောက်ပံ့လျက် ဆက်လက်စျေးကွက်ရှာမည်။

စျေးကွက်ရှာရာဖြင့် ထွက်ကုန်များတင်ပို့နိုင်သည့်အခါ ပိုလျှံသည့်ငွေများဖြင့် ရွှေဝါပြည် ထွက် ကုန်ကြမ်းများကို အသုံးပြုနိုင်သည်လည်း ဖြစ်သော မိမိတိုင်းပြည်သို့ အသုံးဝင်သည့် ပစ္စည်းမျိုးလည်းထုတ်လုပ်နိုင်သော အခြား တိုင်းပြည်များသို့ရောင်းချလျှင်လည်း လွယ်ကူစွာ ရောင်းချနိုင်သော စက်ရုံမျိုးကို ထူထောင်တည်ဆောက်မည်။

ရွှေဝါပြည်သံများ သံဖြူများ ခဲမဖြူများထွက်၏။ ထိုကုန်ကြမ်းပစ္စည်းတို့ကို ရွှေဝါပြည်အတွင်း၌ပင် ကုန်ချောပစ္စည်းဖြစ်သည်အထိ ပြုလုပ်နိုင်သောစက်ရုံများ လိုအပ်နေလေသည်။

ဤလိုအပ်သည်တို့ကို တည်ဆောက်နိုင်ရန်အတွက် ရွှေဝါပြည်ထွက်ပစ္စည်းများနှင့် ရွှေဝါ ပြည်သားတို့ စားဝတ်နေရေး ဖူလုံ လုံလောက်ဘို့လိုအပ်သည်။

ထိုလုံလောက်အောင်. . . ပြုလုပ်နိုင်ရေးအတွက် မခက်ခဲ ခက်ခဲသည်ကား ရွှေဝါပြည်သူ ပြည်သားတို့၌ ကိန်းအောင်းကပ်နေသော စားဝတ်နေမှု၌ လျှပ်ပေါ်လော်လီခြင်းပင်ဖြစ်သည်။

ထိုလျှပ်ပေါ်လော်လီမှုကို သတ်မှတ်ချက်တို့နှင့်ပညတ်လျက် ရွှေဝါပြည်သားတိုင်း ရွှေဝါပြည်ဖြစ်ပစ္စည်းကိုသာ သုံးရမည်ဟု သတ်မှတ်ဘို့ရည်ရွယ်ထားလျှင် ကောင်းမည်ဟု တင်ပြ ၏။

ဤအတိုင်းကောင်းနိုးရာရာ မိမိတို့မြင်ကြရ၊ တွေ့ကြရသော ချို့ယွင်းချက်တွေကို ဝိုင်းဝန်းပြင်ကြရင်း နောက်ထပ်အချိန်နှစ်ပတ်ခန့်ကြာသွား၏။ ဆွေးနွေးမှုကိစ္စအားလုံး ပြီးသွားသောအခါလေးပတ်အတွင်းသို့ပင် ရောက်လာခဲ့လေပြီ။

ထိုလေးပတ်နီးနီးမျှ ဆွေးနွေးဆုံးဖြတ်ကြရသည့် ဆုံးဖြတ်ချက်များကို စတင်အကောင်အထည်ဖော်ရန်အတွက် တာဝန်ယူဆောင်ရွက်ကြရသည့် အချိန်ကား 'ခေတ်သစ် ရွှေဝါပြည်အုပ် ချုပ်ရေးအဖွဲ့' အစိုးရ၏ထုံးစံအတိုင်း လေးနာရီမျှသာအချိန်ပေး၏။

ထိုလေးနာရီစီအတွင်း ရွှေဝါပြည်အသံလွှင့်ရုံမှ ကျေညာချက်တွေ ထွက်လာတော့သည်။

ရွှေဝါပြည်သူပြည်သားတိုင်းသိရှိရန် ခေတ်သစ်ရွှေဝါပြည် အုပ်ချုပ်ရေးအဖွဲ့၏ ဥက္ကဋ္ဌက အောက်ပါအတိုင်းကျေညာသည်ဟု အစချီလျက် တပြည်တောင်လုံး အံ့အားသင့်စေသော ကျေညာချက်တွေ ထွက်လာတော့သည်။

ထိုကျေညာချက်များ၌ အကျင့်ယိုယွင်းမှု၊ စီးပွားရှာနည်းယိုယွင်းမှု၊ အတွေးအခေါ်ယိုယွင်း မှုများကို ပြုပြင်ရန် ခေတ်သစ်ရွှေဝါပြည် အုပ်ချုပ်ရေးအဖွဲ့က အချိန်ယူလျက် ပျော့ပြောင်းစွာ ကြိုးပမ်းလာခဲ့ရာ မည်သည့်နည်းနှင့်မျှ ကြိုးပမ်း၍ ရနိုင်ရန်လမ်းမမြင်သောကြောင့် ခေတ်သစ် ရွှေဝါပြည် အုပ်ချုပ်ရေးကို ယခုကျေညာသည့်အချိန်မှစ၍ အောက်ပါအတိုင်းပြုပြင်ရန် သတ်မှတ် သည်။

၁။ ခေတ်သစ်ရွှေဝါပြည် အုပ်ချုပ်ရေးကို ယခင်အတိုင်း ခေတ်သစ်ရွှေဝါပြည်အုပ်ချုပ်ရေး လမ်းစဉ်ဟု ခေါ်တွင်စေမည်။

ထိုတစ်အချက်မှတပါး ကျန်သော နှစ်–သုံး–လေး–ငါး စသည်စသည်တို့သည် နား ထောင်နေကြရသည့် ရွှေဝါပြည်သူလူထုကြီးအသို့ ဟာကနဲ ဟင်ကနဲဖြစ်စေ၏။

ရွှေဝါပြည်သူလူထုကြီးစာရပ်လုံးသည် အုပ်ချုပ်ရေးကို တင်းတင်းကြပ်ကြပ် ချုပ်ကိုင် အုပ်ချုပ်မည်ဟု ကျေညာလိုက်သော်လည်း မည်သူမျှသိသာလောက်အောင် လှုပ်ရှားမှုမရှိကြ။

လူမှုရေးနှင့်စီးပွားရေးကဏ္ဍကို ကျေညာသည်နှင့် တပြိုင်နက် ရင်တခုန်ခုန်ဖြင့် နား ထောင်ကြတော့သည်။

စီးပွားရေးကဏ္ဍကို ရပ်ကြမ်းကြမ်းပင်ရှင်းပြ၏။ ပြင်ပတိုင်းပြည်များမှ သွင်းကုန်များ သွင်းလိမ့်မည်မဟုတ်တော့။ အကယ်၍သွင်းရမည်ဆိုလျှင် တိုင်းပြည်အဘို့ တကယ်လိုအပ်သည့် မရှိလျှင်မဖြစ်သော ပစ္စည်းဟုတ်သည်မဟုတ်သည်ကို အကြိမ်ကြိမ်စစ်ပြီး လိုအပ်မှ သွင်းသင့်မှ သွင်းပေးမည်ဟုကျေညာ၏။

ထိုကျေညာချက်နှင့်အတူ ရွှေဝါပြည်အတွင်းသို့ ရှိပြီးသမျှဖြစ်သော နိုင်ငံခြားမှ သွင်းကုန် အားလုံးတို့ကို နိုင်ငံခြားမှမှာယူရသည့် အနဲဆုံးပေါက်ဈေးအတိုင်း တန်ဘိုးကိုချေယူ၍ ကုန်ရှင် များ၏လက်မှ အစိုးရကသိမ်းဆည်းမည်ဟု ကျေညာ၏။

ထို့ပြင်အရေးတကြီးအမြဲလိုအပ်သော ဆန်၊ ဆီ၊ ငပြေ၊ ကြက်သွန်၊ ရေနံဆီ၊ ထင်း၊ မီးသွေး၊ ငပိ အပါအဝင် ဖြစ်သည့် ပစ္စည်းအားလုံးတို့ကို အစိုးရတဦးတည်ကတိုက်ရိုက် ရောင်းချ မည်ဟုကျေညာ၏။

ထိုကျေညာချက်၌ အစိုးရမှတ်ပုံတင်ပြီးသော အစိုးရထံသို့လည်း အိမ်သားစာရင်းပေးပြီး သော အလုပ်သမား၊ လယ်သမားတို့ကို အိမ်သားစာရင်းအတိုင်းတလစာ ဝယ်ယူနိုင်သည့် လုပ်ခ လက်မှတ်များကို သက်ဆိုင်ရာ အလုပ်ဌာနတို့မှ လစဉ်တိုက်ရိုက်ထုတ်ပေးမည်ဟုဆို၏။

လူတစုံတယောက်သည် ထိုလုပ်ခလက်မှတ်နှင့် ဝယ်ယူလျှင်ဆန်တပြည်ကို ရွှေဝါပြည်သုံး ဆန်ပြားရေ ဆယ်ပြားဖြင့်ဝယ်ယူနိုင်မည်ဟုဆို၏။ ဆီတပိဿာလျှင် ရွှေဝါပြည်သုံးပိုက်ဆံပြားရေ ၂၅ ပြားဖြင့်ဝယ်ယူနိုင်မည်ဆို၏။

ဤသို့ကျေညာသည့် အချိန်၌ ရွှေဝါပြည်တွင်ဆန်တပြည်ကို ရွှေဝါပြည်သုံးငွေဖြင့် တကျပ်ကျော်ကျော်မျှ ပေါက်ဈေးဖြစ်လျက်ရှိ၏။

ခေတ်သစ်ရွှေဝါပြည် အုပ်ချုပ်ရေးအဖွဲ့၏ ဥက္ကဋ္ဌကဆက်လက်ကျေညာရာတွင် သက်ဆိုင် ရာလုပ်ငန်းဌာနမှ လုပ်ခလက်မှတ်မရှိသေးသောကြောင့် မိမိတို့ငွေကြေးပိုက်ဆံတို့ဖြင့် ဝယ်ယူ မည့်စားသုံးသူတို့ကိုမူကား ရွှေဝါပြည်အစိုးရသည် လက်ရှိပေါက်ဈေးအတိုင်း ဤပစ္စည်းတို့ကို ဆက်လက်ရောင်းချပေးမည်။

သို့ရာတွင် မှတ်ပုံတင်ဌာန၌ မိမိတို့၏အိမ်သားစာရင်း ဤ၍ဤ၍မျှရှိကြောင်းထောက်ခံချက် လက်မှတ်ကိုယူထားကြရမည်။ ထိုလက်မှတ်ကိုပြလျက် မိမိတို့ဒေသစိတ်ဆိုင်တွင် တနေ့စာ သော်၎င်း တလစာအထိသော်၎င်း၊ အိမ်သားဦးရေ၏အချိုးကျရသင့်ရထိုက်သမျှကို ဝယ်ယူနိုင် သည်။

အလျှုအတန်းကိစ္စအတွက် အသုံးပြုသော် ရုတ်တရက်ဖြစ်ပေါ်လာတတ်သည့် နာရေးကိစ္စမှတပါး သုံးထအချိန်က ကြိုတင်လျှောက်ထားရမည်။ သို့သော်တိကျသောစာရင်းများ မှတ်သားထားရမည်ဖြစ်၍ အကယ်ဟုတ်မဟုတ် အချိန်မရွေးစစ်ဆေး အရေးယူမည်ဟူ၍ဖြစ်၏။

ထိုကျေညာချက်အားလုံးတို့၏ နောက်ဆုံး၌ ထူးဆန်းသောအချက်တခုပါလေသည်။ ထိုအချက်ကားနိုင်ငံရေးသမားတို့ကို ဖိတ်ခေါ်ထားသောအချက်ဖြစ်၏။

နိုင်ငံရေးသမားတို့ကို ဖိတ်ခေါ်ရာ၌ ရှေ့ဆုံးမှရှင်းလင်းချက်ကလေးကို ကြားကြရသောအခါ ရွှေဝါပြည်သားတို့သည် မကြည်မသက်ရှိနေကြရာမှပြုံးမိကြ၏။

ခေတ်သစ်ရွှေဝါပြည်၌ နိုင်ငံရေးသမားဟု အမည်ခံသူများ အမျိုးအမည်လည်းများစွာရှိကြသည်။ အရေအတွက်လည်းများစွာရှိခဲ့ကြသည်။

ထိုသူတို့အားလုံးသည် မည်သူမျှအလုပ်မရှိကြ၊ ထိုသူတို့၏အလုပ်ကား ရွှေဝါပြည်သူပြည်သားများ ကောင်းစားရေးကို မိမိတို့ကိုယ်ကျိုးမပါစေဘဲ သက်သက်လုပ်ပေးနေကြရသောအလုပ်ဖြစ်သည်။

သို့ပါလျက် ထိုသူတို့သည် မိမိကိုယ်တိုင် ကိုယ်ကျိုးမပါပဲ ဝင်ငွေမရှိပဲတပါးသူတို့အတွက် လုပ်ပေးနေကြရင်း နှစ်ရှည်လများ ထမင်းစားနေနိုင်ကြ၏။ ဇနီးနှင့်သားသမီးတို့ကို ရွှေငွေရတနာ ဆင်နိုင်ကြ၏။ သားသမီးတို့ကိုအကောင်းဆုံးကျောင်းသို့ပို့ပေးနိုင်ကြ၏။ အကောင်းဆုံးယာဉ်များစီးနေနိုင်ကြ၏။

ခေတ်သစ်ရွှေဝါပြည်အစိုးရသည် ဝင်ငွေမရှိဘဲ မိမိကိုယ်တိုင်အလုပ်မလုပ်ဘဲ ဤသို့အလိုအလျောက်စားဝတ်နေနိုင်သည်ဆိုခြင်းကိုမယုံ။

ဤသို့မိမိတို့၏ စားဝတ်နေရေးကို မိမိတို့ကိုယ်တိုင်လုံးဝ အလုပ်မလုပ်ပဲ မပူမပင်နေနိုင် မည်စားနိုင်မည်ဆိုလျှင် လူအားလုံးတို့သည်လည်း အခြားအလုပ်ကိုမလုပ်ကြဘဲ နိုင်ငံရေးချည်း အလုအယက်လုပ်နေကြရန်သာ ရှိတော့၏။

ထို့ကြောင့် အခြားအလုပ်အကိုင်မရှိပဲ နိုင်ငံရေးကို ကြေးစားလုပ်နေကြသည်မှာ သဘာဝ မကျ၊ နိုင်ငံရေးကို အခစားလုပ်သည်ဆိုခြင်းသည်လည်း ရုံးစာရေးနှင့်ဘာမျှမထူး။

ဝမ်းစာအတွက် နိုင်ငံရေးရုံးတွင် နိုင်ငံရေးနှင့်ပတ်သက်သည့် မှတ်စုများကို အခစားရေး မှတ်ခြင်း ကျေညာစာတမ်းထုတ်ပြန်ခြင်း စသည့်ရုံးအလုပ်များကို လုပ်နေခြင်းမျှဖြစ်သည်။

အကယ်ဖြစ်ရမည်ကား ရွှေဝါပြည်၏ လယ်ယာကိုင်းကျွန်းလုပ်ငန်းကို တိုးတက်မြင့်တင်လို သူ ရွှေဝါပြည်၏ လယ်ယာကိုင်းကျွန်း လုပ်ငန်းလုပ်သူများ၏ စားဝတ်နေရေးကို တိုးတက်အောင် မြင့်တင်ပေးလိုသူတို့သည်. . .

ရွှေဝါပြည်လယ်သမားများဖြစ်ကြရမည်၊ ရွှေဝါပြည်အရပ်ရပ်မှ လယ်အမျိုးမျိုးတို့ကို ကိုယ်တိုင်လုပ်ဖူးသူ တွေ့ကြုံရတတ်သည့် အခက်အခဲအမျိုးမျိုးတို့ကို ကိုယ်တိုင်သိသူများ ရှေးဦးစွာ ဖြစ်ကြရသည်။

ထို့နောက်မှ ကမ္ဘာ့အပြည်ပြည် လယ်လုပ်ငန်းများ လယ်လုပ်သူများကို လေ့လာပြီး နောက် မိမိတို့တိုင်းပြည်နှင့်ကိုက်ညီသင့်လျော်သော လယ်ယာထွက်သီးနှံများ တိုးတက်ရေးလယ် ယာလုပ်သူတို့၏ စားဝတ်နေတိုးတက်ရေးအတွက် မည်သို့ပြုသင့်သည်ဟု ရှေ့ဆောင်ပြုခြင်း အကြံဉာဏ်ပေးခြင်း ဆွေးနွေးတင်ပြခြင်း ပညာပေးခြင်းတို့ကိုပြုလုပ်ရမည်။

ဤသို့ပြုလုပ်သူကားအလိုအလျောက် လယ်သမား ခေါင်းဆောင်အဖြစ် ရပ်တည်မိခြင်း ဖြစ်၏။

ထိုသို့သောသူမျိုး နိုင်ငံခြားသို့သွားရောက် လေ့လာမှုအတွက် အစိုးရကအကူအညီပေး ခြင်း စရိတ်ခံခြင်းသည် ရွှေဝါပြည်အစိုးရ၏ တာဝန်ဖြစ်၏။

ဤသူသည် ဤသို့နိုင်ငံခြားသို့သွားရောက် လေ့လာခြင်းကို အစိုးရကကူညီထောက်ပံ့ရုံမျှ နှင့် ကြေးစားနိုင်ငံရေးသမား မဟုတ်။

ဤသူ၌ ကိုယ်ပိုင်လယ်လုပ်ငန်းရှိသောကြောင့် ကိုယ်ပိုင်ဝင်ငွေရှိသူဖြစ်၏။ ကိုယ်ပိုင် သိသောအလုပ်ကို ကိုယ်ပိုင်နစ်နာမှုများကို ထိတွေ့သိရှိထားရသောကြောင့် မိမိနှင့်ဘဝတူလယ် သမားများအတွက် အကျိုးဆောင်နိုင်၏။

ထို့အတူ အလုပ်သမားများအတွက် အလုပ်များအတွက် အလုပ်တိုးတက်ရေး အလုပ် သမားတို့၏ တိုးတက်ရေးကို ရွှေဝါပြည်အလုပ်သမားကိုယ်တိုင်မှသိနိုင်၏။

ဥပမာ ရွှေဝါပြည်သင်္ဘောကြီး ကုန်တင်ကုန်ချ လုပ်ငန်းအကြောင်းကို ရွှေဝါပြည်သင်္ဘော ကြီး ကုန်တင်ကုန်ချ အလုပ်သမားများကိုယ်တိုင်မှသိနိုင်၏။

သင်္ဘောကြီး၌ အလုပ်သမားများ ကုန်စည်တို့ကို ထမ်းပိုးသယ်ယူရသည့် အကွာအဝေး သည် ပေပေါင်းမည်မျှရှည်လျားသနည်း။

ထိုအကွာအဝေးကို ဆယ်ပေခန့်တိုလိုက်လျှင် နီးစေလျှင်ကုန်တင်ကုန်ချပြုလုပ်ရာ၌ မည်မျှအချိန်စော၍ အလုပ်ပြီးစီးနိုင်သနည်း။ အလုပ်သမားများအတွက် မည်မျှပို၍သက်သောာစေ နိုင်သနည်း။ ကုန်တခေါက်သယ်ယူတိုင်း ကုန်အလေးချိန်ကို ထမ်းပိုးလျက် ဆယ်ပေ၊ ကုန်အလေး ချိန်မပါပဲ ဆယ်ပေလှုပ်ရှားသွားလာရန် သက်သာလျက် မည်မျှပင်ပန်းမှု သက်သာစေမည်နည်း။

ကိုယ်အလေးချိန် မည်မျှလေးသော အလုပ်သမား တစုံတယောက်သည် တနေ့လျှင် အင်အားဖြစ်စေသည့် 'ကိုလိုရီ' မည်မျှပါသော အစားမည်မျှစားလျှင် အလေးချိန်မည်မျှ 'သယ်ပိုး' လျက် ပေပေါင်းမည်မျှ အကွာအဝေးကို အကြိမ်ပေါင်းမည်မျှ သယ်ယူသင့်သနည်း။

ဤသည်တို့ကို ကိုယ်တိုင်လေ့လာလျက် လူတယောက်သည် တခါသယ်ယူလျှင် ကုန်အလေးချိန်မည်မျှသာ သယ်ယူရမည်၊ အလေးချိန်ကို ထမ်းပိုးသွားရသည့် ပေပေါင်း မည်မျှ သာ ဖြစ်စေရမည်။ ထိုလုပ်အားကိုအသုံးပြုနိုင်ရန် တနေ့လျှင် 'ကိုလိုရီ' မည်မျှပါသော အစာကို စားသောက်ရမည်ဖြစ်သဖြင့် ဇနီးသားသမီးအတွက်ကမည်မျှ ထိုအလုပ်သမား၏အတွက်က မည်မျှ ထို့ကြောင့်တပတ်လျှင် မည်မျှလုပ်ခရစေရမည်။

နောက်ဆုံး၌ ခြေတလှမ်းလျှင် ကုန်ချိန်မည်မျှရွေ့လျား၍ အလုပ်ချိန်မည်မျှပြီးစီးပြီး အလုပ်သမား၌ 'ကိုလိုရီ' မည်မျှကုန်ဆုံးသွားရသည်ကို ကိုယ်တိုင်တွက်ချက်နိုင်သူမျိုးဖြစ်ရမည်။ ထိုသို့တွက်ချက်ပြီးနောက် အလုပ်လည်းတွင်ကျယ်အောင် အလုပ်သမားလည်းသက်သာအောင် နည်းလမ်းအမျိုးမျိုးကို ရှာကြံနိုင်သူ။ အလုပ်သမား၏ နစ်နာမှုအမျိုးမျိုးတို့ကို ကိုယ်တွေ့သိရှိ လျက် ကိုယ်တွေ့တောင်းဆိုဖြေရှင်း ပေးနိုင်သည်နှင့်အမျှ အလုပ်ခွင်လုပ်ငန်းကိုလည်း တိုးတက် ကောင်းမွန်အောင် ပို၍ပြီးစီးအောင် ပြုလုပ်နိုင်သူမျိုးဖြစ်ရမည်။

ထိုသူသည် လိုအပ်လျှင် နိုင်ငံအရပ်ရပ်သို့ အလုပ်သမားရေးရာတို့ကို အစိုးရစရိတ်ဖြင့် လှည့်လည်လေ့လာရန် စေလွှတ်ခံရမည့်သူမျိုးဖြစ်နိုင်သည်။

ရွှေဝါပြည်၌ ထိုကဲ့သို့သောအလုပ်သမားနှင့် လုပ်ငန်းအမျိုးမျိုးကို ဦးဆောင်မည့်သူများ လယ်သမားနှင့် လယ်မြေအမျိုးမျိုးကို ဦးဆောင်လုပ်ကိုင်မည့်သူများ လိုအပ်လျက်ရှိရာ၊

နိုင်ငံအကျိုးကိုသည်ပိုးလိုပါသည်ဆိုသော နိုင်ငံရေးသမား အမည်ခံပုဂ္ဂိုလ်တို့သည် ထိုသို့ သောနေရာမျိုးတွေကို ကိုယ်တိုင်ဝင်လုပ် ကိုယ်တိုင်ဦးဆောင်ပေးရန်အတွက် အမြောက်အများ လိုအပ်နေသည်။

ထိုနေရာမျိုးတွေကို ဝင်ရောက်ဦးဆောင်ကြရန် မည်သည့်နိုင်ငံရေးဆောင်ရွက်လိုသူများ မဆို စာရင်းပေးသွင်းနိုင်သည်။

ဤသို့သော ‘ဘောင်’ ဤသို့သော စည်းကမ်းမျိုးမှအပ နိုင်ငံရေးသမားအမည်ခံ မိမိကိုယ်တိုင်နိုင်ငံအတွက် ဘာမျှလုပ်အားမပေးဘဲ အခြားသူများလုပ်ကိုင်ထားသော နိုင်ငံ၏ရိက္ခာ ကိုလုပ်ကိုင်သူများအပေါ်၌ ဆရာလုပ်ရင်း စီးပိုးစားသောက်နေသူများမရှိရ။

စသည်တို့ကို အပိုင်းပိုင်းအကန့်ကန့်ပြု၍ ကျေညာလာ၏။ စီးပွားရေးကဏ္ဍတွင်းလည်း ရွှေဝါပြည်တပြည်လုံးအတွက် လူ့အတန်းအစားမရွေး မသုံးလျှင်မဖြစ်သည့် ကုန်စည်ပစ္စည်းများကို အစိုးရ၏ဆိုင်၌ သက်ဆိုင်ရာ အလုပ်ဌာန လယ်ယာဌာနတို့မှ ပေးဝေသော ကုန်လဲလှယ်ရေး လက်မှတ်ဖြင့် ဝယ်လျှင်အလွန်သက်သာသည့် နှုန်းထားဖြင့်ရနိုင်လျက် အလွတ်ငွေဖြင့် ဝယ်ယူကြသောအခါ နိုင်ငံခြား တိုင်းပြည်များမှ ဈေးနှုန်းအတိုင်းပေါက်ဈေးရှိလိမ့်မည်ဖြစ်ကြောင်း ကျေညာ၏။

ထို့ပြင်လိုအပ်သော လူသုံးကုန်ပစ္စည်းနှင့် အသိပညာတိုးပွားစေသော အပိုကုန်ပစ္စည်းမျိုးမှတပါး အခြားဘာကုန်ပစ္စည်းမျိုးကိုမျှ နိုင်ငံခြားတို့ကမှာယူတင်သွင်းခွင့် ပြုလုပ်လိမ့်မည်မဟုတ်စသည်ဖြင့် ကျေညာ၏။

ဤသို့လျှင် ခေတ်သစ်ရွှေဝါပြည် အုပ်ချုပ်ရေးအဖွဲ့၏ ကျေညာချက်သည် ရွှေဝါပြည်တပြည်လုံး နားလည်စေရန် အပိုင်းပိုင်း အပုဒ်ပုဒ်ပြု၍ တပိုင်းစီ တပိုင်းစီ တပိုဒ်စီကျေညာခဲ့ရာ ထိုကျေညာချက်ကား တော်တော်နှင့်မပြီးဆုံး။

ထို့ပြင် ယနေ့အသံလွှင့်ကျေညာသော ကျေညာချက်သည် နောက်တနေ့၌ ရွှေဝါပြည်၏ မြို့ပေါ်ရပ်ကွက်တိုင်း တောလက်ကျေးရွာတိုင်းတချိန်တည်း ရှင်းလင်းပြပြီးဖြစ်စေ၏။

ဤသို့ပြုလုပ်နေချိန်၌ပင် ရွှေဝါပြည်တပြည်လုံး စားရေးအတွက် သိသိသာသာချည်းကြပ် တည်းလာ၏။ လက်ရှိအလုပ်သမားများနှင့် လက်ရှိလုပ်ကိုင်နေသူများတို့အဘို့မူ ယခင်တရက် စာမျှသော ငွေကြေးနှင့်ညီမျှသည့် ရိက္ခာလဲလှယ်ရေး လက်မှတ်ကို အသုံးပြုလဲလှယ်လိုက်ရုံမျှဖြင့် တပတ်စာရိက္ခာကို ရရှိလျက်ရှိရာ မည်သူမျှပူစရာမလို။

ထိုသူတို့မှတပါးမည်သည့်အလုပ်မှ မလုပ်သူများ၊ သို့မဟုတ်မိမိထက်ပို၍ ဆင်းရဲသူတို့ အထံမှ ခေါင်းပုံဖြတ်သော အလုပ်မျိုးမှတပါး အခြားအလုပ်မျိုးကိုမလုပ်တတ်သူများကား လတ်တလော အငတ်ပြဿနာနှင့် ရင်ဆိုင်နေကြရ၏။ ခေတ်သစ်ရွှေဝါပြည်အုပ်ချုပ်ရေး ခေါင်းဆောင်များအဖွဲ့သည် ယခုအချိန် ဒုတိယတော်လှန်ရေးပြုလုပ်ရာ၌ လူပေါင်းစုံသော ကြောင့် အကြံဉာဏ်ပေါင်းစုံသောကြောင့် အတော်အသင့် စေ့စေ့စပ်စပ်ရှိလာ၏။

ထို့ကြောင့် အဆိုပါရုတ်တရက် အငတ်ပြဿနာနှင့်ရင်ဆိုင်လာကြရမည့်သူများအတွက် လုပ်ငန်းအသင့်ရှိနေ၏။

ထိုလုပ်ငန်းကား ရွှေဝါပြည်တပြည်လုံးအတွက် ဖြစ်ပေါ်လာမည့် အခြေအနေအရပ်ရပ်တို့နှင့် ကိုက်ညီသော လမ်းဖောက်လုပ်ရေးလုပ်ငန်း၊ ရွှေဝါတပြည်လုံး ရွာသိမ်ရွာငယ်ပါမကျန် လျှပ်စစ်ဓါတ်အား ရရှိရေးလုပ်ငန်း၊ ထိုလုပ်ငန်းများအတွက် အလုပ်သမားအမြောက်အများ လိုလျက်ရှိရာ ထိုလိုအပ်သော အလုပ်သမားများကို ရွှေဝါပြည်အရပ်ရပ်၊ အမြို့မြို့အရွာရွာတို့မှ လက်ခံလျက်ရှိ၏။

အလုပ်ရရှိသူတိုင်းကို ကုန်ပစ္စည်းလဲလှယ်နိုင်ခွင့် လက်မှတ်ကြိုတင်ထုတ်ပေးထားသည် ဖြစ်ရာ ထိုသူတို့၏ဝမ်းရေးအတွက် ချက်ခြင်းဖူလုံလာကြသည်၊ သို့သော်အချို့ကား၊ အငတ်ခံ လျက်ပေကပ်ကပ်ပြုလုပ်နေသေး၏။ လူတိုင်း အလုပ်လုပ်ရမည်ဟူသော စံနစ်ကို မလိုမုန်းထား လိုက်ဖြစ်နေကြ၏။

ထိုစဉ်ရွှေဝါပြည် မြို့ပေါ်ရပ်ကွက်တိုင်း ရွှေဝါပြည်တောလျက်ကျေးရွာတိုင်းတို့၌ ခေတ်သစ်ရွှေဝါပြည်အစိုးရက အခမဲ့ပေးပို့ထားသော ရေဒီယိုများရောက်ရှိလာကြ၏။ ထိုရေဒီယိုတို့ကို ကာကွယ်ရေးနှင့် ကာကွယ်ရေးနှင့် အုပ်ချုပ်ရေးအဖွဲ့ ‘ကအဖ’ များက ထိန်းသိမ်း ဖွင့်ပြသဖြင့် ခေတ်သစ်ရွှေဝါပြည်အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၏ကြေညာချက်ကို လူတိုင်းလူတိုင်း တိုက်ရိုက်ကြားနိုင်ကြ၏။

ထိုကြေညာချက်သည် လူနေမှုကြီးတခုလုံးနှင့်တကွ ရွှေဝါပြည်သူပြည်သားတို့၏ အတွေး အခေါ်ကိုပါ ပြောင်းလဲပေးနေရသော ကြေညာချက်ဖြစ်နေရာ ခြောက်လကျော်မျှ ကြာရှိခဲ့ပြီး ဖြစ်သော်လည်း မပြီးဆုံးသေး။

သို့သော် ရွှေဝါပြည်သူပြည်သားတို့၏ စီးပွားရေး စနစ်နှင့်လူနေမှုစနစ်ကား မျက်စိရှေ့၌ ပင် သိသိသာသာချည်း မယုံနိုင်အောင် ပြောင်းလဲနေကြ၏။

ထိုသို့ပြောင်းလဲနေသည်နှင့်အမျှ ခေတ်သစ်ရွှေဝါပြည်အစိုးရက ပြောင်မကျေညာသေးမီ က အသံကောင်းဟစ်နေကြသည့် သူတို့ကလည်း အတိအလင်းဆန့်ကျင်လာကြ၏။

သို့သော် ခေတ်သစ်ရွှေဝါပြည်အစိုးရသည် ယခုအကြိမ်၌ တိုက်ကွင်းကို တဘက်တည်း သာလျှင် ဖွင့်ပေးထားသောကြောင့် အလင်းနှင့်အမှောင်နှစ်မျိုးတည်းသာရှိလဖြင့် ရန်သူကိုမြင် လွယ်နေ၏။ မိမိကိုထောက်ခံသူ လုပ်အားပေးသူသော်၎င်း၊ မိမိကိုဆန့်ကျင်သူ တိုက်ခိုက်သူသော် ၎င်း ဖြစ်ရမည်ဖြစ်ရာ အတိအလင်းဆန့်ကျင်လာသူတို့ကို မြင်လွယ်နေ၏။

ထိုသူတို့ကိုမြင်ရသည်နှင့် ရွှေဝါပြည်ရပ်သူရွာသားများအဘို့ ထူးဆန်းသလိုလိုဖြစ်နေကြ သော်လည်း ခေတ်သစ်ရွှေဝါပြည်အစိုးရအဘို့မည်သို့မျှ မထူးဆန်း။

ထိုသူတို့ကား မည်သို့မျှအလုပ်မလုပ်လိုကြသောအပြောနှင့် ဆရာလုပ်နေကြသည့် လက်ဝဲ လက်ျာ နိုင်ငံရေးခေါင်းဆောင်အမည်ခံနိုင်ရေးခေါင်းဆောင်များနှင့် မြို့မိမြို့ဖလူအထက် တန်းစားကြီးများပေါ်မလာ၊ ရွှေဝါပြည်၏သူဌေးအမည်ခံ ဘုရားဒကာကြီးများဖြစ်ကြသည်။

ထိုသူတို့သည် ခေတ်သစ်ရွှေဝါပြည်အစိုးရကို ရုတ်ချည်းထ၍ ဆန့်ကျင်လိုက်ကြသော် လည်း စင်စစ်လက်နက်ကိုင် တိုက်ခိုက်တတ်သူများလည်းမဟုတ်၊ အဆင်းရဲခံနိုင်သူများလည်း မဟုတ်ရကား ရက်ပိုင်းလပိုင်းအတွင်း၌ပင်၊ ပြိုကွဲပျက်စီးသွားကြရရှာသည်။

ထိအချိန်အထိ ခေတ်သစ်ရွှေဝါပြည် အုပ်ချုပ်ရေးအဖွဲ့၏ ဥက္ကဋ္ဌကား ခေတ်သစ်ရွှေဝါ ပြည် အုပ်ချုပ်ရေး၏ စီးပွားရေးစနစ်နှင့် လူမှုဆက်ဆံရေး၊ အတွေးအခေါ်အယူအဆ စသည်တို့ ကိုရှင်းလင်းဆဲ။

## အခဏ်း ၁၀။

ရွှေဝါပြည်သည် မိုးလေကင်းသော ကန်၏ရေပြင်ကဲ့သို့ငြိမ်သက်၏။

ရွှေဝါပြည်သူပြည်သားတို့၏ မျက်နှာသည် နှစ်မျိုးသာရှိ၏ တမျိုးကားတက်ကြွသော မျက်နှာ၊ တမျိုးကား ငြိမ်သက်သောမျက်နှာ။

တက်ကြွသော မျက်နှာရှင်တို့ကား၊ တကယ်ယုံကြည်လာကြသူတို့၏ မျက်နှာဖြစ်၏။ ထိုသူတို့၏ဦးရေသည် တစထက်တစတိုးပွားများပြား လာကြသော်လည်း တည်ငြိမ်သောသူတို့၏ မျက်နှာနှင့်စာလျှင် မနှိုင်းယှဉ်သာလောက်အောင် နည်းပါးလှ၏။

တည်ငြိမ်သောသူတို့၏မျက်နှာသည် တစထက်တစ သိသာထင်ရှားနိုင်လောက်အောင် လျော့နည်းသွားသည် မှန်သော်လည်း အလွန်များပြားသေး၏။

ထိုသူတို့သည် မရယ်နိုင်မပြုံးနိုင်ကြ၊ ပျော်ရွှင်မှုကင်းနေကြ၏။ ကလေးတွေသည်ပင်လျှင် ထိုသူတို့စာရင်း၌ပါ၏။ ရွှင်သောစိတ်များမရှိကြ။

ရွှေဝါပြည်မြို့တော်၏လမ်းမ၌ ပြေးလွှားဆော့ကစားနေကြသော ကလေးငယ်များကင်းလျက် ရှင်းလင်းသည့်လမ်းများဖြင့် သွားလာသူတို့အတွက် လွတ်လပ်၏။

ယခုခေတ်သစ် ရွှေဝါပြည်သား ကလေးသူငယ်များသည် လမ်းပေါ်၌ ဘောလုံးမကန်ကြရ တော့။

ရပ်ကွက်အုပ်ချုပ်ရေးသူကြီးသည် မိမိရပ်ကွက်အတွင်းရှိ လမ်းပေါ်၌ဘောလုံးကန်သည့် ကလေးများ၏ စာရင်းကိုအပြည့်အစုံကောက်ယူလျက် သက်ဆိုင်ဌာနသို့ပို့ပေး၏။

ရွှေဝါပြည်မြို့ကြီးများ၏ အပြင်ဘက်၌ကျယ်ပြန့်သော ကစားကွင်းကြီးများရှိကြ၏။ ရွှေဝါ ပြည်၏ ကာကွယ်ရေးနှင့် အုပ်ချုပ်ရေးအဖွဲ့မှ ရပ်ကွက် ကအဖ တို့သည် မိမိတို့ရပ်ကွက်အတွင်း ရှိ ဘောလုံးကန်ဝါသနာပါသည့် ကလေးများကို တနေ့လျှင် နှစ်ကြိမ်ကျ နံနက်တချိန်ညနေတချိန် မြို့ပြင်ကစားကွင်းရှိရာသို့ စုရုံးပို့ဆောင်ပေး၏။

ကစားကွင်း၌ စနစ်တကျသင်ကြားပေးမည့် ဆရာတို့သည် အသင့်စောင့်ဆိုင်းနေကြ၏။ ထိုဆရာတို့သည် ဘောလုံးဝါသနာပါသော ကလေးများကိုအလွန်စည်းကမ်းကြီးစွာ အလွန်စနစ် ကြီးစွာသင်ကြားပေးကြ၏။

ဝါသနာပါသည်ဆိုသော ကလေးသူငယ်တို့သည် အလွန်စိတ်ပျက်အားလျှော့ကာ ကျနော် တို့ မကန်ပါရစေနဲ့ဟု ပြောလာကုန်ကြသည်။

သို့သော် သက်ဆိုင်ရာသင်ကြားပေးသူတို့က ထိုသို့လာပြောတိုင်း ကလေးငယ်များကို ခွင့်လွှတ်ပေးခြင်းမရှိ။

ကလေးငယ်တို့၏ ခြေစလက်စ အပြေးအလွှားစိတ်ဓါတ်စသည်တို့ကို သိရှိသည်အထိ စစ်ဆေးကြည့်ရှုပြီးမှ ညံ့ဖျင်းသူတို့ကိုသာနောက်နောင်တွင် ဘောလုံးကစားကွင်းသို့ မလာဘဲနေ နိုင်သည်ဟု ပြန်လွှတ်၏။

ခြေစလက်စရှိသူ ကျန်းမာရေးခိုင်လုံသူ စိတ်ဓါတ်ခိုင်မာသူတို့ကိုကား ပြန်လွှတ်လေ့မရှိ။

ခေတ်သစ်ရွှေဝါပြည်အစိုးရသည် လမ်းပေါ်၌သာကန်သည့် ကလေးသူငယ်ကလေးများကို ဤစနစ်ဖြင့် စမ်းသပ်လေ့ကျင့်ပေးလိုက်သောအခါ ရွှေဝါပြည်သူပြည်သားတို့၏စရိုက်ကိုပို၍ သိလာရသည်။

ရွှေဝါပြည်သူပြည်သားတို့၏စရိုက်ကား ဟန်ရေးပါရေးပြနေသူများသာဖြစ်၏။ တကယ် ထိထိရောက်ရောက် လုပ်ကြမည်ဆိုသည်နှင့် နောက်ဆုတ်ကုန်ကြ၏။

ကလေးသူငယ်တို့သည် လူသွားလမ်းမပေါ်၌ တားမနိုင်ဆီးမရဘောလုံးကန်ကြ၏။ လမ်းသွားလမ်းလာများကို နောက်ရှက်ကြ၏။

ထိုကလေးသူငယ်တို့ကို နေ့စဉ်ကားဖြင့် ခေါ်ဆောင်လျက် ကျယ်ပြန့်သော ဘောလုံးကွင်းကြီးထဲ၌ စနစ်တကျလေ့ကျင့်သင်ကြား ပေးလိုက်သောအခါ ရာခိုင်နှုန်းရှစ်ဆယ်ကျော်မျှသော ကလေးသူငယ်တို့သည် စိတ်ပျက်ငိုညည်းကုန်ကြ၏။ ဘောလုံးကိုစိတ်ကုန်သွားကြ၏။

ရွှေဝါပြည်၏ အုတ်တံတိုင်းပြုပြင်ဆေးသုတ်ထားသော နံရံစသည်တို့၌ ပျက်စီးပေကျံအောင် ကြောင်ကြောင်ကျားကျား ရေးခြစ်နေသည့်ကလေးကိုတွေ့လျှင် ရွှေဝါပြည် ကအေဖအဖွဲ့ သည် ဖမ်းဆီးစစ်ဆေးလျက် အချိန်ပိုတွင်နေ့စဉ် သင်ကြားပေးသော ပန်းချီပုံဆွဲကျောင်းသို့ သွားရောက်သင်ကြားရမည်ဟု လိုက်ပို့အပ်နှံပေး၏။

ထိုသို့အပ်နှံခြင်းခံလိုက်ရသည်နှင့်တပြိုင်နက် ထိုကလေးငယ်သည် ပန်းချီရုပ်ပုံများ တကယ်ရေးဆွဲရမည်ကို ကြောက်လာ၏။ ပန်းချီရေးရန်စိတ်ကုန်လာ၏၊ နောက်ကိုဘယ်တော့မှ မရေးတော့ပါဟု ကတိဝန်ခံပြုလျက်ကျောင်းမှထွက်၏။

သို့သော် ခေတ်သစ်ရွှေဝါပြည်၏ ထိုအခမဲ့ကျောင်းတို့သည် လက်စလက်နတုံးလျက် အဖြစ်ရှိပုံမပေါ်သော ကလေးငယ်တို့ကိုသာလျှင် ထွက်ခွင့်ပေးလေ့ရှိသည်။

ထို့အတူလမ်းပေါ်၌ငင်း အရပ်ထဲ၌ငင်း အမြဲတန်းဆူဆူညံညံ သီချင်းအော်ဆိုလေ့ရှိသော ကလေးသူငယ်တို့ကိုလည်း အချိန်ပို၍သင်ကြားပေးသည့် အဆိုအတီးသင်ကြောင်း စသည်တို့ကို ဖမ်းဆီးပို့ဆောင်ပေးလေ့ရှိကြ၏။

ရွှေဝါပြည်သားကလေးသူငယ်တို့သည် ခေတ်သစ်ရွှေဝါပြည်အစိုးရက ဤနည်းနှင့်နှင့် တကယ်ပြုလုပ်ပေးသော အချိန်ကာလ၌ များစွာသောကလေးသူငယ်တိုင်း စိတ်ပျက်ညည်းညူနေ ကြကုန်၏၊

ရွှေဝါပြည်၌ တကယ်မဟုတ်ပဲ ခြိမ်းခြောက် ကြွားဝါနေသော အကျင့်ဆိုးကြီးသည် အရိုးစွဲ လာခဲ့ပြီးသည်ဖြစ်ရာ ထိုအကျင့်ဆိုးသည် ကလေးသူငယ်တို့အဖို့ မည်သူမျှမထင်ရှားမွေးက တည်းက တတ်ကြ၏။

ဟန်ရေးပြလျက် ဘာတခုမျှ တကယ်မလုပ်နိုင် တကယ်မလုပ်တတ် တကယ်မလုပ်ရဲသော လူကြွားလူဝါကလေးများ ဖြစ်နေကြ၏။ ခေတ်သစ်ရွှေဝါပြည်အစိုးရသည် မိမိရွှေဝါပြည်သား ကလေးသူငယ် အားလုံး၏အဖြစ်မှန်ကို ဤအတိုင်း စိတ်မချမ်းမြေ့ဘွယ်ရာ သိရှိမြင်တွေ့လာရ ၏။

တဆက်တည်းပင်လျှင် ကလေးသူငယ်များကိုသာမဟုတ်ဘဲ ရွှေဝါပြည်သားလူကြီးများကို လည်း ဤအတိုင်းတွေ့မြင်လာကြရသည်၊

အလုပ်သမားလယ်သမားတို့အပေါ်၌ ဩဝါဒပေးခဲ့ဘူးကြ ရှေ့ဆောင်ပေးခဲ့ဘူးကြသော နိုင်ငံရေးသမားဆိုသူတို့သည် အလုပ်ဌာန လယ်ယာဌာနတို့၌ အညံ့ဆုံးဖြစ်သည့် လူပျင်းကြီးများ အဖြစ်နှင့်သာတွေ့လာရ၏။

ထိုသူတို့သည် ယခင်ကစကားကြွယ်ခဲ့ကြသလောက် လက်တွေ့၌မူ မျက်နှာကြီးဆုပ်လျက် လူဘုတ်ထိုင်းကြီးများ ဖြစ်နေကြရ၏။

ရွှင်လန်းဖြတ်လပ်မှုမရှိဘဲ တညည်းညည်းတညူညူ ပြုလာကုန်ကြ၏။

ဒါတွေလူအလုပ်မှမဟုတ်ပဲ ဒီလိုသာလုပ်ကိုင် စားသောက်ကြရမယ်ဆိုယင် ဘယ်လူနဲ့ တူတော့မလဲ ဘယ့်နှယ်လုပ်ပြီး သီးထပ်စိုက်ပျိုးနိုင်ပါ့မလဲ တနှစ်တသီးဘဲ တကယ် စိုက်ကြည့်ကြ စမ်းပါဦး ဘယ်လောက်ပင်ပန်းတယ်ထင်သလဲ နွားနဲ့အတူရုန်းပြီး ဖင်ထဲရွှံ့တခွဲသားဝင်မှ တသီး တသီးစားကြ ရတာဘဲဟု ညည်းညူလာကြကုန်၏။

အလုပ်သမားဌာနသို့ ရောက်ရှိနေကြသူများကလည်း ဤနည်းနှင်နှင်ဖြစ်၏။ ထိုခေါင်း ဆောင်အမည်ခံခဲ့ကြဘူးသော ပုဂ္ဂိုလ်ကြီးများသည် တကယ့်လယ်ယာဌာနနှင့် တကယ်အလုပ် ဌာနသို့ရောက်ရှိလာကြသောအခါ ယခင်ခေါင်းဆောင်အဖြစ်နှင့် ဩဝါဒပေးနေကြစဉ်ကကဲ့သို့ လူတော်လူချွန်များမဟုတ်ကြတော့။

အဆင်းရဲအပင်ပန်းခံနိုင်သူများ လုံ့လဝိရိယရှိသူများ တိုးတက်အောင် တီထွင်နိုင်သူများ မဟုတ်ကြတော့။

ယခင်အခါက ထိုသူတို့သည် ကျောင်းဆရာများက ကျောင်းသားတို့အလယ်၌ ဝင့်ကြွား နိုင်သကဲ့သို့ငင်း ရဟန်းတော်များက လူပရိသတ်တို့အလယ်၌ ဝင့်ကြွားပြောဟော နိုင်သကဲ့သို့ ငင်းဖြစ်ခဲ့ကြ၏။

ယခုမူ ထိုသူတို့အဘို့ ကျောင်းဆရာသည် ဆရာအဖြစ်မှထွက် မိမိပညာသင်ပေးခဲ့ရ သော ကျောင်းသားများနှင့် ယှဉ်ပြိုင်လျက် လူအများနှင့်တန်းတူစီးပွားရှာကြံနေရသကဲ့သို့ငင်း။

ရဟန်းတော်သည် အများ ဒကာဒကာမတို့၏ တမင်အခွင့်ရေးပေးထားသော ပြောတိုင်း ဆိုတိုင်း တင့်တယ်သည့် ဘဝကိုစွန့်လျက် လူဝတ်လဲခါလူအများနှင့် တန်းတူရှာဖွေလုပ်ကိုင် စားသောက်နေကြရသည့်အခါမှ တကယ်ညံ့ဖျင်းသူတယောက်၏အဖြစ်ကို အများလူတကာတို့၏ မျက်စိရှေ့၌ခံယူနေကြရသကဲ့သို့ငင်း။

ထိုယခင်က နိုင်ငံရေးသမားအမည်ခံ လာခဲ့ကြ ကုန်သော ပုဂ္ဂိုလ်အများစုတို့သည် တကယ်လုပ်ဆောင်ကြရသည့် အလုပ်ခွင်တို့၌ လူညံ့လူဖျင်းများအဖြစ်နှင့် ခံယူနေကြရရှာသည်။

ဤပုဂ္ဂိုလ်များမှသာလောမဟုတ်သေးပါ. . . .။

ယခင်ဉာဏ်ရှိသူပညာရှိသူ စီးပွားရေး ထက်မြက်သူ အပေါင်းအသင်းဝင်ဆန့်သူဟု အမည်ရရှိခဲ့ကြသော အမြဲအထက်တန်းလွှာတို့နှင့် တွဲနေခဲ့ကြရဘူးသည့် လူ့အတန်းလွှာတို့သည်လည်း ရှုံ့မဲ့သောမျက်နှာ မသက်သာသော အသွင်အပြင်နှင့် လူပျင်းလူညံ့များ ဖြစ်နေ ကြရရှာသည်။

ထိုသူတို့သည်ခေါင်းပုံဖြတ်ရေးအတွက် မြှော်မြင်စရာလာဘ်မမြင်တော့။

မိမိတို့ကိုယ်တိုင် လက်တွေ့လုပ်ကိုင်နေသည့် အလုပ်ခွင်တွင် အားတက်သရော စိတ်ပါဝင်စားစွာ တကယ်လုပ်ကိုင်ရင်း ပို၍အလုပ်တွင်ကျယ်အောင် မည်သို့မည်ပုံ တီထွင်နိုင်မှ လာဘ်မြင်နိုင်မှ တကယ့်လူဆော်တယောက် ဖြစ်လာနိုင်မည်ဟု သိနေကြရ၏။

ဤအသိမျိုးသည် မိမိတို့၏ရေသာခိုတတ် သူတပါးကိုစေစားတတ်သော ဉာဏ်မျိုးနှင့် ဗီလာဖြစ်ကြောင်းကိုလည်း ဆုံးဖြတ်ယူနိုင်သည့် အသိဖြစ်သောကြောင့် မျက်စိမျက်နှာမလှမပဖြစ် နေကြရရှာ၏။

ယခုအချိန်မျိုး၌ ဝင့်ကြွားနိုင်သူကား ခေတ်အဆက်ဆက်က ဖိနှိပ်ညှင်းပန်းမှုအမျိုးမျိုးတို့ ကို ခံယူ၍ ကုန်းရုန်းလုပ်ကိုင်ခဲ့ကြသော လယ်သမားအလုပ်သမား လူတန်းစားတွေချည်းဖြစ်ကြ ၏။

ထိုသူတို့သည် မတိုးတက်သော်လည်း လှေကြီးထိုးရိုးရိုးသမားများဖြစ်ကြ၍ မိမိတို့လုပ်ရိုး လုပ်စဉ်လုပ်ငန်းမျိုးကိုမူ ကျွမ်းကျင်ပိုင်နိုင်ကြသည်ချည်းဖြစ်၏။ တကယ့်လက်တွေ့အတွေ့အကြုံ တို့နှင့်ပြည့်ဝ၏။

သို့သော် ထိုလက်တွေ့သမားတို့၏ မျက်နှာပွင့်လင်းမှုကား လုံးဝတင်းပြည့်ကျပ်ပြည့် မဟုတ်သေး၊ ယခင်ကထက်နေရာတိုင်း၌ အစစသက်သာသင့်တော်ရုံမျှရှိ၏။

ခေတ်သစ်ဗွေဝါပြည်အုပ်ချုပ်ရေး အဖွဲ့ဝင်များသည် ထိုလယ်သမားအလုပ်သမားလူတန်း စားရပ်များကို အလွန်အကျိုးပြုနေကြ၏။

ခေတ်သစ်ဗွေဝါပြည် အုပ်ချုပ်ရေးအဖွဲ့တို့၏ လက်အောက်ရှိအမှုထမ်းအရာထမ်းတို့သည်လည်း ဗွေဝါပြည်၏ လယ်သမားအလုပ်သမား လူတန်းစားရပ်များကို အလွန့်အလွန်ပို၍ ပို၍ အကျိုးပြုမှုသည် မလိုလားအပ်သောဖြစ်ရပ်တို့ကို တမင်သက်သက်ရောက်အောင် ပြုလုပ် ပေးနေသကဲ့သို့ရှိ၏။

သို့သော် ထိုမလိုလားအပ်သည့် ဖြစ်ရပ်အမျိုးမျိုးတို့ကို ဖြေရှင်းပေးကြရသည့် တရားမျှတသော ခုံရုံးတို့ကိုလည်း ဖွင့်လှစ်ပေးထားခဲ့သေး၏။

အဆိုပါခုံရုံးတို့၌ အလုပ်သမားကိစ္စ လယ်သမားကိစ္စများ မကြာမကြာရောက်လာလေ့ရှိ ၏။ ခုံရုံးမှန်သမျှသည် အလုပ်သမားတို့ဘက်ကသာ အမြဲတန်းအလေးပေး၍ စဉ်းစားဆုံးဖြတ်ကြ ရသည်။

ဗိုလ်ချုပ်ကြီးသန်မာသည် မိမိခုံရုံးတို့၏ စီရင်ဆုံးဖြတ်ထုံးကို သိလိုသောကြောင့် တရားစီ ရင်နေသော ခုံရုံးတခုသို့ မိမိ၏အတွင်းလူယုံတယောက်ကို စေလွှတ်နားထောင်ခိုင်းသည်။

ထိုအချိန်၌ ခုံရုံးတွင် ကန်ထရိုက်တာတဦးက အလုပ်သမားတို့ကို နှိပ်စက်အလုပ်ထုတ် ပစ်သော အမှုတခုရောက်ရှိနေ၏။

အမှု၏သတင်းကို နားထောင်လိုက်ရုံမျှနှင့် ထိုအမှုသည် ကန်ထရိုက်ကြီးက ဆင်းရဲသား ပြည်သူတို့နှိပ်စက်လွန်းသောကြောင့် မခံမရပ်နိုင်ဖြစ်ကြ၍ လာရောက်တိုင်တန်းခြင်းဖြစ်သည်ဟု ခုံရုံးတရားသူကြီးကသိ၏။

ထို့ကြောင့် သက်ဆိုင်ရာ ခုံရုံးအကြီးအကဲသည် အမှုတွင်တရားခံဖြစ်သော ကန်ထရိုက် တာကို ခေါ်လိုက်၏။

ထုတ်ပစ်သော အလုပ်သမားများကို ပြန်ခေါ်ခိုင်းရမည်။ ထုတ်ထားပြီးသောလူများ အတွက် အလုပ်သမားရသင့်ရထိုက်သော ငွေများကို ချက်ခြင်းပေးချေလိုက်ရမည်ဟု အမိန့်ချ မှတ်လိုက်၏။

ကန်ထရိုက်တာက မိမိအနည်းငယ်ရှင်းပါရစေဟု ခုံရုံး၌လျှောက်ထား၏။

ခုံရုံးတရားသူကြီးသည် ကန်ထရိုက်ကြီးများ၏အကြောင်းကို နောကျေပြီးသားဖြစ်သည်၊ ပါးစပ်ဟလိုက်ယုံမျှဖြင့် အူမတွင်ဘယ်နှစ်ခွေရှိပြီးသည်ကို သိပြီးသားတွေချည်းဖြစ်သည်။ ထို့ကြောင့် တရားခံကန်ထရိုက်၏ လျှောက်လဲချက်ကို လုံးဝလက်မခံ လုံးဝလျှောက်လဲထုချေခွင့် မပြု. . .

တရားစီရင်ပြီးသောအချိန်၌ ဗိုလ်ချုပ်ကြီးသန်မာ၏အတွင်းလူယုံသည် ကန်ထရိုက်ဖြစ်သူ ကို ချဉ်းကပ်၍မေး၏။

ဦးတော်ခင်ဗျား၊ ဦးတော်သည် မည်သည့်ကန်ထရိုက်အလုပ်ကိုလုပ်ပါမည်နည်း. . .

ခေါင်းပုံဖြတ်သော ကန်ထရိုက်ကြီးက အလွန်စိတ်နာကျည်းစွာဖြင့် အောက်ပါအတိုင်း ရှင်းပြ၏။

မိမိသည် အိမ်များအလုပ်တိုက်များသို့ လှည့်လည်ကျက်စား ပွဲကုလားထိုင်များကို အသစ်ပြုလုပ်ပေးခြင်း၊ အဟောင်းတို့ကိုအသစ်ဖြစ်အောင် ပြုလုပ်ပြင်ဆင်ပေးခြင်း ဆေးသုတ်ပေးခြင်းစသည့်အလုပ်များကို လက်ခံ၍ပြုလုပ်ပေးပါမည်။

ထိုအလုပ်များကို လက်ခံပြီးသောအခါ၌ မိမိကိုယ်တိုင်သည် ခေါင်းဆောင်လက်သမား တယောက်နှင့် ဝင်ရောက်လုပ်ရပါသည်။ မိမိမှအပကျန်လေးယောက်သောသူတို့ကား မိမိလက် အောက်ခံလက်သမားနှင့် ဆေးသုတ်ကြိမ်ထိုးသမားများဖြစ်ကြပါသည်။

မိမိသည် ဤအလုပ်ကို ဦးဆောင်ဦးရွက်ပြု၍လုပ်ခဲ့ရာ လွန်ခဲ့သည့်လေးလခန့်ကစ၍ အလုပ်ပါးရှားလွန်းသောကြောင့် မိမိနှင့်အတူတကွ ပူးပေါင်းလုပ်ကိုင်လာခဲ့ကြသော အလုပ်သမားများကို အခြားလုပ်ငန်းကိုင်ငန်းအသစ် ပြောင်းလဲလုပ်ကိုင်ကြဦးစို့ဟုပြော၍ လူချင်း ခွဲခဲ့ကြသည်။

ဤသို့လူချင်းခွဲကြပြီးနောက် တလခန့်ကြာသည့်အခါ မိမိတို့အား အလုပ်အပ်နေကြအိမ် ရှင်တဦးသည် မိမိကိုခေါ်၍ အလုပ်တခုကိုအပ်သည်။

ထိုအခါမိမိကအရေးမကြီးလျှင် အရင်မလိုလျှင် ဤအလုပ်ကို လူငှားအပိုမငှားဘဲ မိမိတဦးတည်းလုပ်ပါရစေဟု အိမ်ရှင်ကိုပြောသည်၊ အိမ်ရှင်ကလည်း သဘောတူသည်၊

ထို့ကြောင့် မိမိထိုအလုပ်ကိုပြုလုပ်နေစဉ် ယခင်ကမိမိနှင့်အတူ အလုပ်လုပ်ဘူးသူတို့က အလုပ်ကိုခွဲဝေပေးရန် ပြောလာကြသည်။

အလုပ်ရှားပါးချိန်ဖြစ်သောကြောင့် ခွဲဝေမပေးနိုင်ပါ။ အလုပ်ကောင်းလာလျှင် ယခင်အတိုင်း မိမိကအလုပ်ရှာဖွေ၍ ယခင်အတိုင်းစုပေါင်းလုပ်ကိုင်ကြပြီးလျှင် ယခင်ကဲ့သို့ အချိုးကျခွဲဝေယူကြရာပေါ့ဟု ပြန်ပြောလိုက်သည်၊

မိမိသည် အလုပ်ကိုခေါင်းဆောင်ရှာဖွေပေးခ ငွေကြေးကိုပိုမယူပါ။ အလုပ်ကိုလက်ခံထား သည့်ရက်အတိုင်း ပြီးစီးနိုင်ရန်အတွက်သာလျှင် အလုပ်ကျွမ်းကျင်သူတို့ကို စုပေါင်းခေါ်ယူလုပ် ကိုင်ခြင်းသာဖြစ်သည်ဟုဆို၏။

ဗိုလ်ချုပ်ကြီးသန်မာ၏လူယုံသည် ထိုအကြောင်းကို သိရသည်နှင့် ဗိုလ်ချုပ်ကြီးသန်မာဆီ သို့တိုက်ရိုက် အစီရင်မခံသေးဘဲခုံရုံး၌ တရားသူကြီးအဖြစ်ဆောင်ရွက်ရသူနှင့်သွားတွေ့၏။

ခုံရုံး၌ တရားသူကြီးအဖြစ် ဆောင်ရွက်ရသူကား ဗိုလ်ချုပ်ကြီးသန်မာ၏လူယုံနှင့် ရင်းနှီး သူတည်း။

သို့သော် ထိုသူသည် ခုံရုံး၌တရားစစ်ဆေးစဉ်ကမူ အများနှင့်ရောလျက် တိတ်တဆိတ် လာရောက်နားထောင်သွားပြီးလျှင် ယခုမှကိုယ်တိုင်ကိုယ်ကျအသိပေး၍ လာရောက်တွေ့ဆုံခြင်း ဖြစ်၏။

ထိုသူသည် ခုံရုံးတရားသူကြီးဆုံးဖြတ်လိုက်သော ကန်ထရိုက်ကိစ္စကို အဖြစ်မှန်အတိုင်း ပြန်၍ဖောက်သည်ချ၏။

ကန်ထရိုက်ဆိုသော်လည်း အလုပ်သမားတယောက်ပင် ဖြစ်ကြောင်းအလုပ်တွေကို လုည့်လည်လက်ခံပြီး အချိန်နှင့်အပ်ရန်အတွက် မိမိကဲ့သို့အလုပ်ကျွမ်းကျင်သောသူများကို စုရုံး ခေါင်းဆောင်၍လုပ်ကြခြင်းသာဖြစ်ကြောင်း ထိုသို့စုရုံးခေါင်းဆောင်ရသော်လည်း အလုပ်ရှာဖွေ ခေါင်းဆောင်ပြုလုပ်ရသည့်အတွက် အခကြေးငွေကိုလည်း ပို၍ခွဲဝေယူခြင်းမပြုကြောင်း။

ယခုအချိန်၌မူ အလုပ်ရှားပါးလှသဖြင့် လူခြင်းခွဲလာခဲ့ကြရာ ယင်းကန်ထရိုက်တာဆိုသူ အား အလုပ်အပ်သူတဦးပေါ်လာသဖြင့် ထိုအလုပ်ကိုအတူခွဲဝေလုပ်ကြရမည်ဟု သူနှင့်ယခင် အတူလုပ်ဘူးသူတို့က လာရောက်တောင်းဆိုကြသည်ဆိုကြောင်း။

ဤသို့တောင်းဆိုကြသည်ကို ခွဲဝေမပေးနိုင်သဖြင့် ဤရုံးသို့လျှောက်ထားပြီး ရောက်လာ သည့်အမှုဖြစ်ရာ ကန်ထရိုက်ထိုသူလက်ရှိအလုပ်ကို ခွဲဝေယူရန်အတွက် ဤရုံးမှစီရင်ချက်ကို မလွန်ဆန်ဝံ့၍ ခွဲပေးကောင်းပေးလိမ့်မည်ဖြစ်သော်လည်း. . .

အလုပ်ရှားပါးသောကြောင့် လူချင်းခွဲလိုက်ကြရသည့် လများအတွက် လုပ်ခတွေပြန်ပေး ရမည်ဆိုခြင်းကို ထိုသူသည် မည်သို့မျှပြန်မပေးနိုင်ဘဲ ထောင်ကျခံလိမ့်မည်ဖြစ်ကြောင်းတို့ကို ပြော၏။

ခုံရုံးတရားသူကြီးသည် ဗိုလ်ကြီးသန်မာ၏သူယုံအား အလွန်စိတ်မချမ်းမြေ့စွာနှင့်ကြည့်၏

'ဒါတွေကျနော်သိပါတယ်ဗျာ အဲဒီကန်ထရိုက်တာဆိုတဲ့လူက ကျနော်တို့အရပ်သား ကျနော်တို့နဲ့ကို ဆွေမျိုးနီးစပ်တော်တယ်၊ ပြီးတော့လက်သမားအလုပ်လဲ အလွန်လက်ရာကောင်း တဲ့လူ သူ့လုပ်ငန်းနဲ့သူ့အကြောင်းအဖြစ်မှန်တွေကို ကျနော်အကုန်သိတယ်။

ခင်ဗျားထက်ကို ပိုသိတယ်ဗျာ၊ ကဲပြီးရော. . .'

ဗိုလ်ချုပ်ကြီးသန်မာ၏လူယုံသည် ခုံရုံးတရားသူကြီးကိုတအံ့တသြကြည့်၏။ စိတ်ထဲ၌ လည်း အတော်ထူးဆန်းနေ၏။

'နို့ သိရက်နဲ့ဘယ်နဲ့'

ခုံရုံးအရာရှိတရားသူကြီးသည် အလွန်စိတ်လှုပ်ရှားစွာ မျက်စိမျက်နှာပျက်နေ၏။ ဒေါသ လည်းဖြစ်ပုံရ၏။ မယ်မယ်ရရမဖော်နိုင်ဘဲ စိတ်တိုနေ၏။

'ခက်တယ်ဗျာ သိပ်ခက်တာဘဲ၊ ခင်ဗျားကလဲဘာပြုလို့ ဒါတွေကို လာလာမေးနေရတာ လဲ'

'ကျနော်က ခင်ဗျားဘက်က ခင်ဗျားကို ကူညီချင်လို့ဘဲ. . . ဘာရယ်တော့မဟုတ်ဖူးပေါ့ဗျာ၊ ကျနော်နဲ့ခင်ဗျားနဲ့ ရင်းနှီးကြတယ်မှတ်လား အဲဒီတော့ ခင်ဗျားအမှန်အတိုင်း ပြန်ပီးမစစ်ဆေး မဆုံးဖြတ်နိုင်ဘူးလား'

ခုံရုံးတရားသူကြီးသည် ပို၍စိတ်တိုလာ၏၊ ပို၍ရှုံ့ရှုံ့ရှဲ့ရှဲ့ဖြစ်လာ၏။ စိတ်လှုပ်ရှားသည်နှင့်အမျှ ဆေးလိပ်ကိုကြိုးကြမ်းစွာ ဆိုးဆိုးဆက်ဆက်ကောက်ကိုင်၏။ မီးခြစ်ကို ဒေါသဖြင့်ပြင်းစွာ ခြစ်၏။ အတန်ကြာကြာစိတ်ငြိမ်အောင် ဆေးလိပ်ဖွာနေပြီးမှ ဗိုလ်ချုပ်ကြီးသန်မာ၏ လူယုံကို မကျေနပ်စွာ မျက်လွှာတချက်လှန်ကြည့်၏။

'ခင်ဗျားမသိပါဘူးဗျာ. . . ခင်ဗျားဘာမှမသိပါဘူး ကျနော်လုပ်တာမှန်ပါတယ်. . . .'

'ဘယ်လိုမှန်တာလဲ. . . ခင်ဗျားစောစောကပြောတော့ ဒီကန်ထရိုက်ဆိုတဲ့လူကြီးရဲ့ လုပ်ငန်း တွေကို အကုန်သိတယ်ဆို၊ ခင်ဗျားနဲ့တောင် ဆွေမျိုးနီးစပ်တော်တယ်ဆို'

ခုံရုံးတရားသူကြီးသည် လက်ထဲမှ ဆေးလိပ်ကိုပေါက်ချေပစ်လိုက်၏။ နေရာမှဝုံးကနဲ ထရပ်၏။

'အဲဒါကြောင့်မို့ပေါ့ဗျ. . .'

အဲဒီလူကြီးက ကျနော့်ဦးကြီး အခုကျနော့်ကို သေခန်းပြတ်လောက်ပီသိလား၊ ဒါပေမဲ့ မတတ်နိုင်ဘူး၊ ဒီအလုပ်သမားဆိုတဲ့အကောင်တွေက ကျနော်အမှန်အတိုင်းဆုံးဖြတ်လိုက်ယင် ဗိုလ်ချုပ်ကြီးတို့ဘာတို့ဆီကို စာတွေဘာတွေရေးပြီး တိုင်ချင်တိုင်မယ် ကျနော်နဲ့ပြိုင်ဘက်တွေက လဲ ကျနော့်ကို ပွဲစားတို့အမြတ်ကြီးစားကန်ထရိုက်တာတို့ ဘက်ကဘက်လိုက်ပြီး တရားစီရင်ရာ မှာ အလုပ်သမားတွေကိုနှိမ်တယ်၊ နှိပ်စက်တယ်နဲ့ဝိုင်းတွန်းကြမယ်၊ ကျနော်တို့က အမှုတခုဖြစ် လာယင် အလုပ်သမားအမည်ခံထားတဲ့ဘက်ကို ပိုပြီးဦးစားပေးစဉ်းစားရမယ်မှတ်လား၊ ဒီတော့ အမှုတွေအများကြီးထဲမှာ ဒီလိုအမှုမျိုး အနည်းအကျဉ်းတော့ ပါသွားမှာဘဲ မတတ်နိုင်ဘူး။

ဗိုလ်ချုပ်ကြီးသန်မာ၏လူယုံသည် ခေါင်းရမ်းလိုက်သည်၊ ခုံရုံးတရားသူကြီး၏မျက်နှာကို စိတ်မသက်မသာဖြင့်ကြည့်သည်။

‘ကျနော်တော့ခင်ဗျားဆုံးဖြတ်ချက်ကို မကြိုက်ဘူးအခု ခင်ဗျားပြောတဲ့စကားထဲမှာ တကယ့်အလုပ်သမားတွေဘက်က ရပ်တည်ချင်တာထက် ခင်ဗျားကိုယ်ကျိုးထိခိုက်မှာပိုပြီး စိုးရိမ် နေတာဘဲ၊ ခင်ဗျားကိုဝိုင်းတိုက်မှာစိုးလို့ ဒါကိုသိရက်သားနဲ့ ဖွတ်လုပ်တာဘဲ မသိရင်သာဒါမျိုး အဖြစ်ခံမယ်။ သိရက်နဲ့မလုပ်ရဖူး ခင်ဗျားဟာ တရားသူကြီးမှုတ်လား အထင်လွဲကြစမ်းပါစေ၊ ခင်ဗျားကိုအချောင်သမား အရင်းရှင်တွေ အမြတ်ကြီးစားတွေ ခေါင်းပုံဖြတ်သမားတွေရဲ့ဘက်က မားမားမတ်မတ်ရပ်နေတဲ့ အကောင်ကြီးလို့ ဝိုင်းဝန်းပြောကြစမ်းပါစေ၊ ခင်ဗျားဘယ်လောက် မှန်ကန်တယ် ခင်ဗျားအတွက် အလုပ်သမားတွေဘက်က ဘယ်လိုရပ်တယ်ဆိုတာကို ခင်ဗျားကို ခင်ဗျားအသိဆုံးကိုဘာ့ကြောင့် ခင်ဗျား လိပ်ပြာငယ်ရမှာလဲ အလကားခင်ဗျားလူကြောက်။

ခုံရုံးတရားသူကြီးသည် ဆွေ့ဆွေ့ခုံနေ၏။ တက်တော့မတတ်ဒေါသဖြစ်လာ၏။ သံကုန် ဟစ်၍ ‘တော်. . . ခင်ဗျားတော်’ဟု အော်လိုက်၏။

‘ဒီမှာ ဒါကျုပ်တယောက်ထဲမဟုတ်ဖူး လူတိုင်းဒီလိုချည်းပဲ၊ ကျုပ်မှာမိန်းမနဲ့ကလေးနဲ့ ဒါကျုပ်ကြည့်ရမယ်။ ကျုပ်ဒီလိုဘဲလုပ်ရမယ် ခင်ဗျားသွားထွက်သွားတော့. . .’

‘သွားမယ် ကျုပ်သွားမှာပါဘဲ ကျုပ်မိတ်ဆွေတယောက် ရဲဘော်ရဲဘက်တယောက်အနေနဲ့ ခင်ဗျားကိုတမင်လာပြောတာ ခင်ဗျားတို့အလကားလူညာ. . . .

. . . ရွှေဝါပြည်သူပြည်သားတွေကိုတော့ ကိုယ်ကျိုးရှာနေကြတယ် ဒီလူတွေကိုယ်ကျိုးရှာ ကျင့်ကိုဖျောက်ပေးရမယ်၊ တိုင်းပြည်အတွက် ဒို့လုပ်နေကြတယ်ဆိုတဲ့ စိတ်တွေဝင်အောင် သွင်းပေးရမယ်လို့ ခင်ဗျားတို့ပဲ ပြောနေတယ် ခင်ဗျားတို့ဘဲ ပြောတယ် အခုခင်ဗျားကိုယ်တိုင် ခင်ဗျားကိုယ်ကျိုးထိခိုက်လာမှာကို ကြောက်ပြီးအမှန်မလုပ်ရဲဖူး၊ ကိုယ်ကိုယ်တိုင်မလုပ်ရပဲနဲ့ လုပ်မပြဘဲနဲ့သူများကို အလုပ်ခိုင်းတယ်ဆိုတာပြုပြင်တာ မဟုတ်ဖူး နှိပ်စက်တာ ခင်ဗျား ရွှေဝါပြည်သူလူထုကိုနှိပ်စက်နေတာ ခင်ဗျားဘက်လောက်ကြာကြာနှိပ်စက်နိုင်မလဲ စောင့်ကြည့် ကြပေါ့. . .’

ဗိုလ်ချုပ်ကြီးသန်မာ၏လူယုံသည် ပြောမရသော မိမိ၏ရဲဘော်အား စိတ်ရှိလက်ရှိပြော၍ ထွက်လာ၏။ ထို့နောက်မိမိချက်ခြင်းသွားရောက် အစီရင်ခံရလျှင် ဒေါသတွေပါနေမည်စိုးသော ကြောင့် တမင်အချိန်ယူစောင့်ဆိုင်းနေ၏။ နောက်မှ ဗိုလ်ချုပ်ကြီးသန်မာနှင့်သွားရောက်တွေ့၏။

ဗိုလ်ချုပ်ကြီးသန်မာအဘို့ အခြေအနေကို တမျိုးမြင်လာရသည်၊ ယခင်ကစေတနာ အလျှောက် ရှေ့လောတကြီး ဆောင်ရွက်လာခြင်းနှင့် ယခုအနယ်ထိုင်လာမှ တွေးတွေးတော တောဆောင်ရွက်ရခြင်း၏ ခြားနားမှုအမှန်တရား မြင်လာနိုင်မှုတို့ကိုကိုယ်တွေ့သိလာ၏။ မိမိတို့ လူတွေကလည်း မိမိပြုလုပ်ချင်သည့် လုပ်ငန်းကိုယုံကြည်၍ပြုလုပ်နေကြခြင်းမဟုတ် မျက်နှာရ အောင်နာမည်ကောင်းရအောင် သူ့ထက်ငါအောင်မြင် ပါသည်ဟုကားနိုင်အောင် ပြုလုပ်နေကြ ခြင်းဖြစ်၏။

ဤသို့အပြိုင်အဆိုင် သူ့ထက်ငါ သာလေအောင် မည်မျှအောင်မြင်ပြီဟု ကြွားနိုင်အောင် ပြုလုပ်ပြနေကြခြင်းကား. . . .

ဗိုလ်ချုပ်ကြီးသန်မာ လုပ်ချင်သည့် အလုပ်ကို အောင်မြင်ပြုလုပ်ခြင်းမဟုတ်ပဲ၊ လူထုက ရွံ့မုန်းလာအောင်၊ ဤသို့ပြုလုပ်ခြင်းကို လက်မခံချင်လာအောင် နောက်ယုက်ဖျက်ဆီးတတ်သကဲ့ သို့ ဖြစ်စေသည်။

သို့သော် တကယ်စေတနာကောင်းဖြင့် တကယ်ယုံကြည်၍ တကယ်လုပ်နေကြသော သူများလည်းရှိ၏။ သို့သော်မရှိသလောက်နည်းပါးလှ၏။

ထိုပုဂ္ဂိုလ်တို့သည် မိမိနာမည်ကောင်းရရေး မိမိရာထူးတိုးတက်နိုင်ရေးတို့ကို မကြည့်ဘဲ၊ မိမိဆောင်ရွက်သောအလုပ်ကို ပြည်သူလူထုက လက်ခံအောင် ကြိုက်နှစ်သက်လာအောင် ဆောင်ရွက်၏။

မိမိ၏ဆောင်ရွက်ချက်တခုကို လက်မခံလျှင် ဇွတ်မလုပ်ပဲရပ်ပစ်လိုက်ကြ၏။ ဤသို့ပြုလုပ် ဆောင်ရွက်ခြင်းကြောင့် ပြည်သူလူထုနှင့်တကွ ရွှေပြည်ဌမည်မျှအကျိုးရှိမည်ဖြစ်ကြောင်း လူထုနားဝင်အောင်ရှင်းပြ၏။

ထိုသို့ရှင်းပြပြီးမှ လူထုကိုပညာပေးပြီးမှ လူထုလက်ခံမည့်နည်းဖြင့် ထိုဆောင်ရွက်ချက်ကို ဆက်လက်ဆောင်ရွက်၏။

ထိုပုဂ္ဂိုလ်တို့သည် တခါတရံမိမိဆောင်ရွက်ရမည့် အထက်မှချမှတ်ထားသော လုပ်ငန်း တခုကို တနည်းနှင့်ပြုလုပ်၍ လူထုကလက်မခံလိုလျှင် နှစ်နည်း၊ သုံးနည်း၊ လေးနည်း ရှာဖွေ၍ အမျိုးမျိုးပြောင်းလဲစမ်းသပ်လုပ်၏။

ထိုကြောင့် အလွန်အလုပ်ကိုင်မြန်သော လူထုမကြိုက်ကြိုက်ကြိုက် ဇွတ်လုပ်ပြီးလျှင် လူထုကိုကြိုက်သည်ကောင်းသည်ဟု အတင်းအအော်ခိုင်းသော ပုဂ္ဂိုလ်အများစုတို့၏ အလည်၌ အဆိုပါလူထုက တကယ်လက်ခံလာအောင် ပြုလုပ်ဆောင်ရွက်နေကြသော တကယ်ယုံကြည်သူ တကယ်စေတနာထားသူတို့သည် မျက်စိမလှ မျက်နှာမလှဖြစ်နေကြရရှာ၏။

ထို့ပြင် အဆိုပါတကယ်ဆောင်ရွက်သော ပုဂ္ဂိုလ်တို့၏နယ်သို့ သွားရောက်ကြည့်ရှုလေ့ လာလျှင် မပြုမပြင်ပဲ ပကတိအတိုင်းထားသောကြောင့် တကယ့်အရှိအတိုင်းမြင်ရ၏။ မိမိတို့၏ ဆောင်ရွက်ချက်များကို ကြိုက်သူမကြိုက်သူ နှစ်မျိုးလုံးမြင်ရ၏။ အချို့မကြိုက်ဖဲနေခဲ့ရာမှ ကြိုက် လာသူတို့လည်းပါ၏။ အချို့လုံးဝမကြိုက်သေး၊ ထို့ကြောင့် ယင်းတို့အချင်းချင်း ယခုထက်တိုင် မိမိတို့ရှေ့၌ ရန်ဖြစ်နေကြသေးသည်ကို ရယ်မောဘွယ်ရာ တွေ့နိုင်ကြ၏။

ပြည်သူလူထုကို မရှင်းလင်းဘဲ မိမိတို့ဆောင်ရွက်ချက်ကို တကယ်နှစ်သက်ယုံကြည်လာအောင် မဟုတ်ပဲ ဖွတ်ဆောင်ရွက်ထားသူတို့၏နေရာသို့ သွားရောက်ကြည့်ရှုရသူတို့နှင့် မည်သို့မျှမတူပေ၊ ထိုအရပ်တို့ကို သွားရောက်ကြည့်ရှုရသောအခါ အကြိုအဆိုတွေများလှ၏။ တနယ်လုံးတရပ်လုံးက အံ့သြလောက်အောင် သောင်းသောင်းဖျဖျ အကတွေအခုန်တွေနှင့် ကြိုဆိုကြ၏ တခဲနက်သော ကောင်းကြီးသြဘာထောပနာသံတွေ ကောင်းကင်ပွင့်အောင်ထွက်ပေါ်လာကြ၏။ အားလုံးတိုးတက်နေသည် အားလုံးကောင်းနေသည်ဟု ပြောကြ၏၊ ထိုသူတို့သည် မိမိတို့အိမ်၌ရှိသည့်အလုပ်ကိုမလုပ်ဖဲ ဤသို့ပြောခြင်း အလုပ်မျိုးလုပ်နေသည်ဟုပင်ထင် ကြရ၏။

ယခုဗိုလ်ချုပ်ကြီးသန်မာသည် မိမိလူများက မိမိအပေါ်၌ ဤသို့လှည့်ပတ်ထားကြကြောင်း လုပ်ထားပြသထားကြကြောင်းကိုသိလာ၏။ လုပ်ရက်လေခြင်းဟုလည်း အောင့်မေ့၏။

မိမိသည် ထိုသူတို့အပေါ်၌လည်း ကောင်းမွန်ခဲ့၏။ ရဲဘော်ရဲဘက်စိတ်အဖြစ်နှင့် လေးလေးစားစားလည်း ပေါင်းသင်းခဲ့၏။ တိုင်းပြည်အတွက်လည်း စေတနာထားခဲ့၏။ မိမိ၏ ရိုးသားစွာဆောင်ရွက်မှုကို ဤသူတို့ ဤလုပ်ဖော်လုပ်ဘက်တို့သည်. . . .

ကောင်းပါသည် အလွန်ကောင်းပါသည်ဟု ပြောလျက်ဘာ့ကြောင့် မိမိအားလိမ်လည်ချင်ရသနည်း။ ဘာ့ကြောင့်လူထုတို့မခံမရပ်နိုင်အောင် လူထုကမကြိုက်လာအောင် ဖွတ်လုပ်ချင်ရပါသနည်းဟု တွေးတောအဖြေရှာ၏။

ယခုမိမိ၏လူယုံကပြောပြသော ခုံရုံးတရားသူကြီး၏စစ်ဆေးချက်များ စီရင်ပုံများ ဖြစ်ရပ် များသည် ထိုမိမိသိချင်နေသော အဖြေဖြစ်၏။

ဗိုလ်ချုပ်ကြီးသန်မာသည် ချက်ခြင်းအစည်းအဝေးခေါ်၏။ ရွှေဝါပြည်ကြီးအတွက်ပူပန်လာ၏။ ခေတ်သစ်ရွှေဝါပြည် အုပ်ချုပ်ရေးအဖွဲ့ဝင်လူကြီးများကို မိမိတွေ့သောသိသော အတွေ့ အကြုံများ သတင်းများဖြစ်ရပ်မှန်များကို တင်ပြ၏။

ခေတ်သစ်ရွှေဝါပြည်အုပ်ချုပ်ရေး လူကြီးအဖွဲ့ဝင်အများစုက ငြိမ်နေကြ၏၊ အချို့က အနည်းအကျဉ်းတော့ ဒီအဖြစ်မျိုးတွေ ဒီအဖြစ်မျိုးတွေရှိကြပါတယ်. . .

ဒါပေမဲ့ အားလုံးတော့လဲမဟုတ်ပါဘူး၊ စိုးရိမ်လောက်အောင်လဲမဟုတ်ပါဘူး’ဟု ထ၍ ကာကွယ်ကြ၏။

ဗိုလ်ချုပ်ကြီးသန်မာ၏စိတ်၌ ဤကိစ္စမျိုးသည် ဤလိုအေးအေးလူလူငြိမ်သက်နေ၍မရ၊ လျှင်မြန်သောယာဉ်ကဲ့သို့စက္ကန့်နှင့်အမျှ သွားနေ၏။ အနည်းငယ်တိမ်းလျှင် တိမ်းသည့်ဘက်သို့ အချိန်ရှိသရွေ့သွားနေတိုးနေ၏။

ကြာကြာလစ်လျူပြုထား၍ ကြာကြာကြည့်ထားလျှင် လမ်းမှန်သို့ပြန်ရောက်လာအောင် ကြာကြာပြန်မောင်းနေရမည်။ ထို့ကြောင့်အမှန်အတိုင်းသိကြရန် တွေးကြရန်လုပ်ကြရန် လိုအပ် လာပြီဟုစဉ်းစား၏။ ထိုစဉ်းစားချက်ကိုလည်းတင်ပြ၏။

အစည်းအဝေးခန်းမဆောင်တခုလုံး ငြိမ်သက်နေသည်။ မည်သူမျှမျက်နှာမကောင်း ဤအကြောင်းတွေကို ဗိုလ်ချုပ်ကြီးသန်မာကမည်သို့ သိသွားရပါလိမ့်မည်နည်းဟု တွေးကြ၏။ မည်သူတွေသွားပြောကြပါသနည်းဟုတွေးကြ၏။ နောက်ဆုံး၌နည်းလမ်းမရှိသောအခါ မဟုတ်ပါ ဘူး ပြောသလောက်မဟုတ်ပါဖူးဟု ငြင်းဆိုရန်ဆုံးဖြတ်ကြ၏၊ ဒါတွေဒီလိုဖြစ်နေတယ် ဒါလောက် ဖြစ်နေတယ်ဆိုတာ မဟုတ်ပါဘူးဟုခေတ်သစ်ရွှေဝါပြည်အုပ်ချုပ်ရေးအဖွဲ့ဝင်အများစုက ဝိုင်းဝန်း ငြင်းကြ၏။

ဗိုလ်ချုပ်ကြီးသန်မာသည် မိမိ၏ခေတ်သစ်ရွှေဝါပြည် အုပ်ချုပ်ရေးအဖွဲ့ဝင်များ၏ မျက်နှာ ကို တယောက်စီလိုက်ကြည့်၏။

‘ဒါဖြင့်ကျုပ်က မမှန်သတင်းတွေရနေတာပေါ့ ဟုတ်လား ကျုပ်ရတဲ့သတင်းတွေဟာ မမှန်သတင်းတွေချည်း ဖြစ်နေတယ်လို့ ခင်ဗျားတို့တကယ်ပြောရဲလား’

ခန်းမဆောင်ကြီးတခုလုံးတိတ်နေကြ၏။ မည်သူမျှမဟကြ၊ မည်သူမျှတုတ်တုတ်မလှုပ်ကြ၊ ဗိုလ်ချုပ်ကြီးသန်မာသည် မိမိ၏လူတွေဘက်သို့ လှည့်ပတ်ကြည့်၏။

‘အခုကျုပ်တို့လူတွေလုပ်နေကြရတဲ့ အလုပ်ဟာ ခင်ဗျားတို့သိတဲ့အတိုင်းဘဲ စည်းပျက် ကမ်းပျက်ဖြစ်ပြီး ဘာလုပ်လုပ်ကိုယ်ကျိုးကိုယ့်ဘို့ချည်းကြည့်နေကြတဲ့ တတိုင်းလုံးတပြည်လုံးရဲ့ ပျက်စီးနေတဲ့အကျင့်ကိုပြင်ပေးဘို့ အတွေးအခေါ်တွေ၊ ယုံကြည်ချက်တွေကိုပါ ပြောင်းလဲပေး ဘို့ဝိုင်းလုပ်နေကြတယ်၊

အဲဒီဝိုင်းလုပ်နေကြပါတယ် ဝိုင်းပြင်နေကြပါတယ်ဆိုတဲ့ လူတွေကိုယ်တိုင်ကတော့ ဘာလုပ်နေကြတုန်း တကယ်စေတနာကောင်းနဲ့ တိုင်းပြည်ကြီး ကောင်းလာအောင် လူထုက လက်ခံလာအောင် မလုပ်ဖူး ကြိုက်ရကောင်းမလား မကြိုက်ရကောင်းမလားလို့

ဇဝေဇဝါဖြစ်နေ တဲ့လူထုကို လုံးဝကြိုက်ချင်သွားအောင် ဖွတ်အလုပ်ခိုင်းတယ်၊ ဖွတ်အပြောခိုင်းတယ်။

ငါနဲ့သက်ဆိုင်တဲ့နယ်က မြန်မြန်အလုပ်ဖြစ်တယ်၊ မြန်မြန်အောင်မြင်တယ်လို့ ကိုယ့်နာ မည်ရဘို့ တခုထဲကြည့်ပြီး လုပ်ကြတယ်၊ ကိုယ်ကျိုးအတွက်သာအတင်းအကြပ်လုပ်ကြတယ်၊ ဒို့ရွှေဝါပြည်ကြီးတိုးတက်အောင် ဒို့ရွှေဝါပြည်သားတွေ တကယ်ယုံယုံကြည်ကြည်နဲ့အခြေခံကနေ ပြီး သဘာကျလာအောင်ဆိုတဲ့ စေတနာကောင်းနဲ့ မလုပ်ကြဖူး။

အဲဒီတော့ အခုနေရာတိုင်း ဌာနတိုင်းမှာ ဘာတွေဖြစ်ကုန်ပြီထင်သလဲ’

အစည်းအဝေးပွဲခန်းမကြီးတခုလုံး တိတ်ဆိတ်မြဲတိတ်ဆိတ်နေ၏။ မည်သူမျှစကားမပြော ကြ မည်သူမျှဘုတ်တုတ်မလှုပ်ကြ။

ဗိုလ်ချုပ်ကြီးသန်မာကိုယ်တိုင် အလွန်စိတ်မချမ်းမြေ့စွာဖြင့် အတန်ကြာအောင်တစုံတခု ကို တွေးတောဆုံးဖြတ်နေ၏။ ထို့နောက် ခေတ်သစ်ရွှေဝါပြည် အုပ်ချုပ်ရေးခေါင်းဆောင်များ အဖွဲ့၏မျက်နှာကို တယောက်ချင်းကြည့်၏။

ကဲ. . . . ခင်ဗျားတို့ပြောကြစမ်း အခုခင်ဗျားတို့ ကျနော်တို့ယုံယုံကြည်ကြည် လုပ်နေကြတဲ့ အလုပ်တွေဟာ တခြားလူတွေဖယ်ထား ခင်ဗျားတို့အိမ်က ခင်ဗျားတို့မိန်းမတွေကိုယ်တိုင် လက်ခံအောင်ကော လုပ်ပြီးပလား ခင်ဗျားတို့မိန်းမတွေကကော လက်ခံကြပလားပြောစမ်း။

အုပ်ချုပ်ရေးအဖွဲ့ဝင်လူကြီးတို့သည် တယောက်မျက်နှာကို တယောက်ကြည့်နေကြ၏။

မည်သူမျှအဖြေမပေးကြ ဗိုလ်ချုပ်ကြီးသန်မာက တယောက်စီလက်ညှိုးထိုး၍မေး၏။

တယောက်စီမေးနေသဖြင့် မဖြေမဖြစ်သောကြောင့် ဖြေကြရလေသည်။ အားလုံး တယောက်ပြီးတယောက်စီမေး၍ ပြီးဆုံးသောအခါ ဗိုလ်ချုပ်ကြီးသန်မာ၏မျက်နှာသည် ခပ်လျော့လျော့ သရော်နေသည့် မျက်နှာမျိုးပြောင်းလဲလာ၏။

‘ကဲဗျာ ကိုယ့်အိမ်ကိုသိမ်းသွင်းပြီးတဲ့လူနဲ့ မသိမ်းသွင်းရသေးတဲ့လူတွေ ဘယ်သူက များသလဲဆိုတာသိရအောင် ကိုယ့်အိမ်ကမိန်းမတွေကို ကိုယ်လိုလဲ လက်ခံယုံကြည်လာအောင် ပြောပြီးသားဆိုတဲ့လူတွေ ဟိုဘက်က စားပွဲမှာသွားထိုင်ကြ၊ ကိုယ့်မိန်းတောင်ပြောလို့ မရသေး သေးဆိုတဲ့လူတွေက ဒီဘက်မှာနေရစ်ခဲ့ကြ၊ ကဲ. . . ဘယ်သူကများသလဲဆိုတာကိုသိရအောင်’

ခေတ်သစ်ရွှေဝါပြည်အုပ်ချုပ်ရေးအဖွဲ့၏ ခေါင်းဆောင်ကြီးတို့သည် စိတ်လှုပ်ရှားစွာ တဦးမျက်နှာကိုတဦးကြည့်ရင်းတဘက်စားပွဲသို့ သွားရောက်ထိုင်ကြ၏။ အချင်းချင်းလည်း မသိ မသာအကဲခတ်နေကြ၏။

ဗိုလ်ချုပ်ကြီးသန်မာ၏စားပွဲ၌ နှစ်ယောက်မျှသာ ကျန်ရစ်သည်။ ကျန်ရစ်သူတို့ကား မည်သို့မျှ မလှုပ်ရှားသော မျက်နှာမျိုးဖြင့် ခပ်ငြိမ်ငြိမ်ခပ်ပေပေပင်ရှိကြ၏။ ဗိုလ်ချုပ်ကြီးသန်မာက ထိုနှစ်ယောက်ကိုလှည့်ကြည့်၏။

ဘယ်နှယ်လဲ ခင်ဗျားတို့နှစ်ယောက်ကတော့ တခြားလူတွေကိုဖယ်ထား။ ကိုယ့်အိမ်က ကိုယ့်မိန်းမတောင် မနိုင်သေးဘူး မသိမ်းသွင်းနိုင်သေးဖူးဆိုတဲ့ လူတွေပေါ့ဟုတ်လား။

နှစ်ယောက်သားတို့က မထီတထီဖြင့် ခပ်ငြိမ်ငြိမ်ပင် ခေါင်းညိတ်လိုက်ကြ၏။

ကဲလေ. . . . ထားပါတော့ကျနော် ဟိုဘက်ကလူတွေမေးကြည့်အုံးမယ်။

ဒီမှာ. . . ခင်ဗျားတို့ ဟိုဘက်ကလူတွေကို ကျုပ်တခုမေးမယ်။ ခင်ဗျားတို့အရမ်းလဲမဖြေ ကြနဲ့၊ အခုခင်ဗျားတို့မိန်းမတွေဝတ်တဲ့ အကျီလုံချီတွေဟာ တိုင်းရင်းဖြစ်လား နိုင်ငံခြားဖြစ်လား၊ အဲဒါပြောကြစမ်း၊ ခင်ဗျားတို့ပြောပြီးတာနဲ့တပြိုင်နက် ခင်ဗျားတို့မိန်းမတွေကို ချက်ခြင်းစုပြီး အခေါ်ခိုင်းလိုက်မယ် အဲဒါဘဲ၊

တဘက်စားပွဲ၌ ထိုင်နေကြသော ခေတ်သစ်ရွှေဝါပြည် အုပ်ချုပ်ရေးအဖွဲ့ဝင်လူကြီး အများစုက ငြိမ်နေကြသည်။

ဗိုလ်ချုပ်ကြီးသန်မာက ကဲလေပြောကြမ်းပါအုံးဟု ဆက်မေး၏။ အတန်ကြာမပြောဘဲ တဦးနှင့်တဦးလှည့်ကြည့်နေကြရာမှ လူကြီးတဦးကထရပ်လိုက်သည်။

‘တိုင်းရင်းဖြစ် အဝတ်တွေကို ဝတ်သလောက်တော့ဝတ်ကြပါတယ်၊ ဒါပေမဲ့အရင်က ကျန်ရစ်တဲ့ နိုင်ငံခြားအထည်အထတ်တွေကလဲ မကုန်သေးတော့ ဆက်ဝတ်နေကြတာပါဘဲ’

‘တယ်ဟုတ်ပါလားအရင်ကကျန်တဲ့ အဝတ်တွေဟာ အခုနောက်ထပ်အခြေအနေပြောင်း ပြီး တနှစ်ကျော်ကျော်လောက်ရှိတဲ့အထိ မကုန်သေးဘူးလား၊ ကဲတိုင်းရင်းဖြစ်အဝတ်တွေဝတ် တယ်ဆိုယင် ဘယ်နှစ်ထည်လောက်ရှိသလဲ၊ ညှော်ခံပွဲတွေဘာတွေမှာ အမြတ်တနိုးလုပ်ပြီး ရှေ့ကနေ ဝတ်ပြဘို့ရှိရုံလား၊ ဘယ်နှစ်စုံစီလောက်ရှိကြသလဲ အရမ်းမဖြေနဲ့နော်အိမ်မှာလိုက် ကြည့်မှာ’

အားလုံးထိတ်သွားကြ၏၊ အကြောင်းလည်းမပြဝံ့ကြတော့။ ဆင်ခြေ့ရန်ရှောင်လည်း မပြောဝံ့ကြတော့။

ဗိုလ်မှူးကြီးသန့်မာက ခပ်လျောင်လျောင်ပြုံးလိုက်၏။ ထို့နောက် မိမိဘက်မှလူနည်းစု နှစ်ယောက်ဘက်သို့ လှည့်လိုက်၏။

'ကဲ. . . ခင်ဗျားတို့နှစ်ယောက်ကကော၊ ပြောစမ်းပါအုံးခင်ဗျားတို့အိမ်က မိန်းမတွေက တိုင်းရင်းဖြစ်အထည်တွေ ဘာတွေဝတ်ကုန်ကြပလား၊ အဲလေ ကိစ္စမရှိပါဖူး၊ ခင်ဗျားတို့က အစောကြီးထဲက ကိုယ့်ကိုယ်ကိုစည်းရုံးလို့ မရသေးပါဖူးလို့ဝန်ခံထားပြီးသားပဲ. . . '

'အဲဒါလောက်တော့ရတယ်ခင်ဗျ ကျနော်တို့မိန်းမတွေရော ကလေးတွေရော အားလုံး တိုင်းရင်းဖြစ်ဝတ်ရမယ်လို့ စည်းရုံးထားတယ် အဝတ်လောက်တော့ ဝတ်ပါပြီဆို အပိုအဆောင် အယောင် လက်ဝတ်လက်စားတွေကိုတော့ ချွတ်ခိုင်းလို့မရသေးဘူး'

'ခင်ဗျားကကော. . . '

'ကျနော်လဲသူ့လိုပါဘဲ'

ဗိုလ်ချုပ်ကြီးသန့်မာကခေါင်းငြိမ့်လိုက်၏။

'ခင်ဗျားတို့နှစ်ယောက်လုံး ဒီလိုဆိုယင် ကျနော်ထက်သာကြတာပေါ့ ကျနော်တော့အိမ်က မိန်းမတောင် တိုင်းရင်းဖြစ်အဝတ်ကိုဂုဏ်ယူပြီး တကယ်မြတ်မြတ်နိုးနိုး ဝတ်ကြည့်စမ်းပါလို့ဆိုပြီး ခိုင်းကြည့်တာတောင် မရသေးဖူးအဲဒီတော့ ထားပါတော့လေ. . . .

. . . . ကျနော်ပြောချင်တာက ဟိုဘက်ကလူတွေကို ပြောမလို့ ဟိုဘက်ကလူတွေခင်ဗျားတို့ အကုန်လုံး ကျုပ်ကိုဝိုင်းညာနေကြတာဘဲ၊

. . . . အခုခင်ဗျားတို့ကိုယ်တိုင် ကိုယ်လုပ်နေတဲ့အလုပ်ကို ခင်ဗျားတို့အိမ်ကလိုက်နာအောင် ခင်ဗျားတို့တအိမ်လုံးက လိုလိုချင်ချင်ယုံကြည်လာအောင် လိုက်နာလာအောင် မလုပ်ကြဖူး။ ခင်ဗျားတို့ကြိုက်ယင် ခင်ဗျားတို့ယုံကြည်ယင်ခင်ဗျားတို့ အတင်းလုပ်ခိုင်းမှာပေါ့ အတင်းလိုက်နာ အောင် ကိုယ့်အိမ်ကိုယ်အရင်လုပ်ကြမှာပေါ့။

အခု ခင်ဗျားတို့ ကိုယ့်အိမ်ကိုအရင်မလုပ်ဖူး တခြားလူတွေကို တခြားခင်ဗျားတို့ ဆောင်ရွက်နေရတဲ့ ဌာနတွေကို အလုပ်လုပ်ခိုင်းတယ် အလျှင်လိုက်နာခိုင်းတယ်။

. . . . ဒီတော့ဘာဖြစ်မလဲ ခင်ဗျားတို့ကိုယ်တိုင် မယုံကြည်သေးတဲ့ အလုပ်တခုကိုတခြားလူ ယုံကြည်လာအောင် ခင်ဗျားတို့တကယ်ကျကျနနမရှင်းလင်းနိုင်ဘူး အတင်းအယုံခိုင်း အတင်း အလုပ်ခိုင်းတာသာဖြစ်ရမှာဘဲ။

. . . . ကျုပ်လဲ ခင်ဗျားတို့လိုပဲ ကျုပ်အိမ်ကို ကျုပ်စည်းရုံးလို့ မရသေးဖူး၊ ဒါပေမယ့် ကျုပ်က ခင်ဗျားတို့လိုမညာဖူး၊ အားလုံးဝန်ခံတယ် အားလုံးဖွင့်ပြောတယ်

ကျုပ်အိမ်ကမိန်းမကို ဒီပြင်က မိန်းမတွေက ဒို့လမ်းစဉ်ကိုကန့်ကွက်နေရင် ဘယ်နှယ်လုပ်ပါ့မလဲလို့ နည်းလမ်းရှာတယ်။

. . . ခင်ဗျားတို့စဉ်းစားကြည့်ကြစမ်းပါ ကျုပ်တို့ကခေတ်သစ် ရွှေဝါပြည်လမ်းစဉ်နဲ့ တိုင်းပြည်ကိုတည်ဆောက်ဘို့ လုပ်နေတယ်၊ ကျုပ်တို့မိန်းမတွေနဲ့ ကျုပ်တို့အိမ်တွေက အခွင့် ထူးခံလူတန်းစားတွေလို စားတယ် ဝတ်တယ် နေတယ်'

တတိုင်းပြည်လုံးကို ပြည်တွင်းဖြစ်သုံးစွဲရေးနဲ့ ထွက်ကုန် ပိုထုတ်လုပ်ရေးကိုကြွေးကြော်ပြီး တတိုင်းပြည်လုံးကို တိုင်းရင်းဖြစ်အဝတ်ခိုင်းတယ် ဒီအချိန်မှာ ကျုပ်တို့လိုခေါင်းဆောင်တွေရဲ့ မိန်းမတွေက လူအများမြင်နိုင်တဲ့ ပွဲသဘင်အခမ်းအနားတွေမှာ နိုင်ငံခြားဖြစ်အကောင်းဆုံး အထည် အသစ်အဆန်း တွေကိုဝတ်ပြနေကြတယ်၊ လက်ဝတ်ရတနာအဘိုးတန်တွေကို ဝတ်ပြ နေကြတယ်။ အဲဒါဟာကောင်းသလား။

. . . . အဲဒီလိုချို့ယွင်းချက်တွေ ကျုပ်တို့မှာအများချည်းရှိနေကြတယ်၊ ဒီချို့ယွင်းချက်တွေကို ခင်ဗျားတို့မသိမဟုတ်ဖူး သိကြတယ်၊ သိပေမယ့် မပြောကြဖူး ကျုပ်မေးလိုက်ယင် အားလုံး ကောင်းတယ် အားလုံးအဆင်ပြေတယ် အားလုံးအောင်မြင်ကြတယ်လို့ ပြောတယ် တကယ့် အဖြစ်မှန်ကို ကျုပ်ဘယ်တော့မှမသိရဖူး။

အဲဒီတော့ ကျုပ်ကအဟုတ်ကြီးမှတ်လို့ ဆက်လုပ်ဆက်လုပ် ရှေ့ဆက်လုပ် နောက်က တော့ဖြစ်ချင်တိုင်းဖြစ်ပျက်ပြီး ဘယ်လိုပျက်စီးနေကြတယ် ဘယ်လိုပြင်ကြရမယ်ဆိုတာကိုလဲ ကျုပ်ကမသိ ကျုပ်သိအောင်လဲခင်ဗျားတို့ကမပြော၊

ကျုပ်တော့ ဒီအတိုင်းထင်တယ်၊ ခင်ဗျားတို့ကိုယ်တိုင် ကျုပ်အပေါ်မှာ မရိုးသားဖူး အဖြစ်မှန်တွေကို တင်မပြဖူး ခင်ဗျားတို့လုပ်လို့ ဘယ်လောက်အောင်မြင်နေပါတယ်ဆိုပြီး ကျုပ်ကိုဝိုင်းလိမ်နေကြတယ် အဲဒီတော့ခင်ဗျားတို့ကို ကျုပ်ပြောင်ပြောပြပြီးပြီ။

. . . ဒီတော့ခါ အခုဆွေးနွေးပွဲမှာ ခင်ဗျားတို့သိတဲ့ တကယ့်အဖြစ်အပျက်တွေကို ထိန်ချန် မထားပဲ အမှန်အတိုင်းဖွင့်ပြီး တင်ပြဆွေးနွေးပါလို့ သတိပေးချင်တယ် . . . . ။

. . . . . ကျုပ်အပြင်က အကြံဉာဏ်ပေးအဖွဲ့တွေကိုလဲ ခေါ်ထားတယ် သူတို့ရှေ့မှာပဲဆက်ပြီး တင်ပြပေတော့ ဒါပဲအခုခဏနားကြအုံး . . .'

ဗိုလ်ချုပ်ကြီးသန်မာက မိမိစကားကို အဆုံးသတ်လိုက်ပြီးသည်နှင့် ဘေးမှအသင့်စောင့် နေကြသော ရုံးအလုပ်သမားတို့သည် စားဘွယ်သောက်ဘွယ်များကို ယူကာချပေးသည်၊ အပြင်မှ အသင့်စောင့်နေကြသော ဆိုးထက်ခိုင် ငလုံးညီ ငထက်မြက် ဦးငမြန်ထက် ဦးပြည့်ဝ ဦးလွတ်လပ် ဦးငြိမ်ဆိတ်တို့ပါ ပါဝင်ရောက်ရှိလာကြသည်၊

. . . . ထိုသူတို့သည် ခေတ်သစ်ရွှေဝါပြည်အုပ်ချုပ်ရေးအဖွဲ့ဝင်တို့နှင့်အတူ ရင်းနှီးခင်မင်စွာ စားသောက်ကြပြီးနောက် အစည်းအဝေးကို ပြန်စကြ၏။

. . . . အစည်းအဝေးစသည်နှင့် ဗိုလ်ချုပ်ကြီးသန်မာက မိမိတို့စေတနာနှင့် ဆောင်ရွက်ခဲ့ကြ သော လုပ်ငန်းအရပ်ရပ်တို့သည် အောင်မြင်သင့်သလောက် မအောင်မြင်ကြောင်း ရွှေဝါပြည် လူထုသည် လူထု၏အကျိုးသက်သက်ကို ရှေ့ရှုပြုလုပ်ကြပါလျက် မနှစ်သက်သူတို့များသည်ဟု သိရကြောင်းတို့ကို တိုတိုနှင့်အကျဉ်းရုံး၍ပြော၏။ ထို့နောက် မိမိတို့အဖွဲ့ဝင်များက မအောင်မြင် ချက်တို့ကို လုပ်ငန်းတခုစီရှင်းပြပါလိမ့်မည်။ ထိုရှင်းပြချက်ကို နားထောင်ပြီး မည်သို့ဆောင်ရွက် ရမည်ကို ဝိုင်းဝန်းအကြံဉာဏ်ပေးပါရန်ဟု အဆုံးသတ်လိုက်၏။

ဗိုလ်ချုပ်ကြီးသန်မာ၏စကားအဆုံး၌ အားလုံးငြိမ်သက်နေကြ၏။ အကြံဉာဏ်ပေးအဖွဲ့ဝင် တို့၏ မျက်နှာ၌လည်း တည်ငြိမ်သောအသွင်ကို ဆောင်နေကြ၏။ ခေတ်သစ်ရွှေဝါပြည်အုပ်ချုပ် ရေးအဖွဲ့ ဗိုလ်မှူးကြီး ငတူရှင်းကနေရာမှထ၏။

'ကျနော်တင်ပြမယ့် အကြောင်းဖြစ်ရပ်တွေကတော့ အားလုံးသိပြီးသားဖြစ်ပါလိမ့်မယ်၊ ဒါ့ကြောင့် ကျနော်တို့၏ လုပ်ဆောင်ချက်ကို အကျဉ်းချုပ်အစီရင်ခံပြီး အကျိုးသက်ရောက်မှုနဲ့ ပြည်သူလူထုလိုလားချက် မလိုလားချက်တို့ကို ကျနော်ဉာဏ်မှီသလောက် အတိုရုန်းပြီးရှင်းပြပ့ါ မယ်။

. . . ကျနော်တို့ ခေတ်သစ်ရွှေဝါပြည်ရဲ့ ဒုတိယအကြိမ်ထပ်ဆင့်တော်လှန်ရေးအချိန်ကစပြီး ရွှေဝါပြည်ရဲ့ စီးပွားရေးစနစ်ကို အောက်ပါအတိုင်း အတိအကျလောက်နီးနီး လုပ်ဆောင်ခဲ့ပါ တယ်။

. . . . ကျနော် ရွှေဝါပြည်မှာ ရှေးရှေးရွှေဝါပြည် ဘုရင်အဆက်ဆက်ကစပြီး ရွှေဝါပြည်သူ ပြည်သားတွေဟာ မိမိရွှေဝါပြည်ဖြစ် ကုန်ပစ္စည်းတွေနဲ့ ဖူလုံခဲ့ကြပါတယ်။

. . . နောက်ဆုံးကမ္ဘာစစ်ကြီးအတွင်း ရောက်လာတဲ့အချိန်ကြတော့လဲ ရွှေဝါပြည်သူပြည် သားတွေဟာ မိမိတို့အပေါ်က အတင်းအကြပ်လုပ်ယက်ကြတဲ့ စစ်ဝါဒီသမားတွေနဲ့ ခွဲဝေနေရ တဲ့ကြားထဲက ရွှေဝါပြည်ထွက်ကုန်ပစ္စည်းများနဲ့ ရွှေဝါပြည်သားတွေဟာ ဖူလုံခဲ့ကြပါတယ်။

. . . . ကျနော်တို့တကယ်တွက်ကြည့်လိုက်တဲ့အခါကျတော့၊ ရွှေဝါပြည်သူပြည်သားတွေ အတွက် ရွှေဝါပြည်ထွက်တိုင်းရင်းဖြစ် ကုန်ပစ္စည်းတွေဟာ မဖူလုံတာမဟုတ်ဖူး။

. . . ရွှေဝါပြည်သူပြည်သားတွေရဲ့ စားဝတ်နေရေးမှာ လျှပ်ပေါ်လော်လီတဲ့စိတ်ဓါတ်တွေကြောင့် နိုင်ငံခြားကုန်ပစ္စည်းတွေကို ဖိမ်ခံဘို့အတွက် ရွှေဝါပြည်ထဲကို သွင်းနေကြရတာပါ။

အဲဒါကြောင့် ကျနော်တို့ နိုင်ငံခြားကနေပြီး မဝယ်ယူဘဲ မသွင်းပဲနေယင် ဘယ်လိုမှ မဖြစ်နိုင်တဲ့ ရွှေဝါပြည်သူလူထုကို တကယ်ထိခိုက်နိုင်မယ့် ကုန်ပစ္စည်းကို သေသေချာချာစီစစ် ကြည့်လိုက်တော့ ငါးမျိုးလောက်ထက်မပိုပါဘူး။

. . . ဥပမာ စက္ကူလိုပစ္စည်းမျိုးပါဘဲ၊

. . . စက္ကူဟာ ကျောင်းသူကျောင်းသားနဲ့တကွ ရွှေဝါပြည်သူပြည်သားနဲ့ ရွှေဝါပြည်ရုံးများ မှာ မသုံးမဖြစ်တဲ့ အများသုံးပစ္စည်းဖြစ်ပါတယ်။

. . . ဓါတ်ပုံနဲ့ပတ်သက်တဲ့ ပစ္စည်းမျိုးကတော့ ရွှေဝါပြည်သူလူထုအများသုံးပစ္စည်းမဟုတ်ပါ ဖူး၊ ဒါ့ကြောင့်ကန့်သတ်ပြီး တင်သွင်းပါတယ်။

. . . . အပိုဖြုန်းတဲ့အပျော်ထမ်း သမားများဟာ အပျော်လုပ်ငန်းမျိုးမဖြစ်စေဘဲ လုပ်ငန်းကို တိုင်းပြည်အတွက် တခုခုမှာ အသုံးချရင်း တိုးတက်အောင် အလုပ်လုပ်မည့်သူများမှ ကန့်သတ် ဈေးနဲ့ ထုတ်ပေးပါတယ်၊ သက်သက်အပျော်သမားများအတွက်တော့ ဈေးကြီးနဲ့အစိုးရက ရောင်းချပါတယ်။

အဲဒီလိုနည်းမျိုးနဲ့ ရွှေဝါပြည်က ဝယ်ရတဲ့နိုင်ငံခြားကုန်ပစ္စည်းကို အများပြည်သူမသုံး မဖြစ်တဲ့ကုန်ပစ္စည်းမျိုးကိုသာဝယ်ယူတင်သွင်းခြင်း အများပြည်သူအတွက် အသက်သာဆုံးဈေး နှုန်းနှင့်ရောင်းချခြင်း။

အဲဒီနောက် ရွှေဝါပြည်တွင်းရှိ စီးပွားရေးလုပ်ငန်းအားလုံးအနက် အများပြည်သူတို့ရဲ့ စားဝတ်ရေးနှင့် သက်ဆိုင်သော စီးပွားရေးလုပ်ငန်းအရပ်ရပ်တို့ကို ရွှေဝါပြည်သူလူထုအများတို့ အသက်သာဆုံးဈေးနှုန်းနှင့် ဝယ်ယူသုံးစွဲနိုင်ကြစေရန် ရွှေဝါပြည်အစိုးရက လုပ်ငန်းတိုးတက်ရေး အတွက် မူချပေးခြင်းလုပ်ငန်းလုပ်သူများ စားဝတ်နေဖူလုံမှုအတွက် မူချပေးခြင်း။

. . . ဒီနေရာမှာကျနော်တို့ခေတ်အဆက်ဆက်က မှားလာခဲ့တဲ့အမှားကို ပြင်လိုက်ကြပါတယ်။

. . . . . ကျနော် ရိုးရိုးဖွင့်ပြီး အစီရင်ခံရရင်အဲဒီပြင်ဆင်ချက်ဟာ လက်တွေ့အကျိုးရှိပေမဲ့ ရွှေဝါပြည်သူလူထုက မခံမရပ်နိုင်ဖြစ်လာကြပုံကို ကျနော်တင်ပြပါ့မယ်။

ရွှေဝါပြည်မှာ အစဉ်အလာအတိုင်း ဆန်ရေစပါးစိုက်ပျိုးရန် အဖြစ်ပွားဆုံးတိုင်းပြည်ဖြစ်တဲ့အတွက် ဆန်စပါးစိုက်ပျိုးတဲ့ လူဦးရေကများပါတယ်။

. . . . . ပီးတော့ အဲဒီစိုက်ပျိုးတဲ့လူတွေကိုယ်တိုင်ဆန်စပါးကိုပဲအားကိုးအားထားပြုပြီး စားသောက်နေကြရပါတယ်။

. . . ဒါပေမဲ့ ဆန်စပါးစိုက်ပျိုးတဲ့လူများစုက သူတို့စိုက်ပျိုးလို့ရလာတဲ့ ဆန်စပါးကိုပြည်တွင်းမှာဘဲ ပေါက်စျေးကောင်းကောင်းနဲ့ ရောင်းချင်နေကြတယ် စျေးကောင်းလိုချင်ကြတယ်။

. . . ဒီလိုမစားဘဲမနေနိုင်ဘဲ ဆန်စပါးကို တခြားပြည်တွင်းစားသုံးသူတွေကစျေးကြီးပေး ဝယ်ရတဲ့အခါမှာ။

. . . အဲဒီစျေးကြီးပေးဝယ်ရတဲ့လူတွေကလဲ မိမိတို့လုပ်အားက ထွက်လာမယ့်ကုန်ပစ္စည်း တွေကို စျေးကြီးတဲ့ဆန်ကို ဝယ်စားနိုင်သည့်အထိ စျေးမြင့်ပစ်လိမ့်မယ်ဆိုတာဆန်စပါးစိုက်ပျိုး သူတွေဟာ မတွေးတောဘူး။

. . . ပီးတော့ မိမိတို့အလုံအလောက် စားသုံးဘို့ သိုလှောင်ထားနိုင်တဲ့ဝမ်းစာစပါးဟာလဲ အလကားရတာမဟုတ်ဖူး၊ တန်ဖိုးဖြတ်လိုက်ရင်စျေးကြီးနဲ့သိုလှောင်ထားကြရတာဘဲဆိုတာ မတွက်မိဘူး။

. . . ဒီတော့ အဲဒါကိုကျနော်တို့ ခေတ်သစ်ရွှေဝါပြည်အစိုးရကပြည်တွင်းထွက်ဆန်စပါးကို ပြည်တွင်းမှာ စျေးချပစ်တယ် ပီးတော့ ပြည်သူလူထုအတွက်လုံလောက်ရုံ ကန့်သတ်ပြီးတော့လဲ ရောင်းတယ်။

. . . ပိုတဲ့ဆန်စပါးကိုတော့ နိုင်ငံခြားပေါက်စျေးအတိုင်းတက်စျေးနဲ့တခြားတိုင်းပြည်တွေ ကို အစိုးရကရောင်းပစ်တယ်။

. . . ဒါပေမဲ့ ဆန်စပါးစိုက်ပျိုးတဲ့ ရွှေဝါပြည် လယ်သမားတွေရဲ့စားဝတ်နေဖူလုံမှုအတွက် ကျွန်တော်တို့ခေတ်သစ် ရွှေဝါပြည်အစိုးရကလိုအပ်သလောက်ကူညီနိုင်ဘို့ အားလုံးအစီအမံ လုပ်ထားတယ် အာမခံချက်ပေးထားတယ်၊

. . . ဒါကြောင့် အခုခေတ်သစ်ရွှေဝါပြည်မှာ ဆန်၊ ဆီ၊ ငါးပိ၊ ငါးခြောက်၊ ထင်း၊ရေနံဆီ၊ လျှပ်စစ်၊ ပိတ်၊ ဖျင်ကြမ်း၊ ယာဉ်ခ ဆိုတဲ့အရာဝတ္ထုကိုးမျိုးကိုပြည်သူသုံးအဖြစ်သတ်မှတ်ပြီး စျေးလဲကန့်သတ်ပေးထားတယ်အကန့်အသတ်နဲ့အရောင်းအဝယ် ပြုလုပ်နိုင်ဘို့လဲ အစိုးရပိုင် အရောင်းအဝယ်ကုန်ပစ္စည်းအဖြစ်နဲ့သိမ်းထားတယ်၊

. . . . နောက်ထပ် အိုးအိမ်အဆောက်အဦးနဲ့ ပတ်သက်ပြီး ရွှေဝါပြည်သားလူတိုင်းလူတိုင်း ကို ခေတ်မီအဆောက်အဦးတွေနဲ့ ကျန်းမာညီညွတ်အောင် နေနိုင်ရေးအတွက် ဈေးအသက်သာ ဆုံးဆောက်လုပ်နေနိုင်ဘို့ ခြောက်နှစ်စီမံကိန်းတခုလဲလုပ်ထားပါသေးတယ်။

. . . . ကျနော်တို့ အဲဒီလိုလုပ်လိုက်ကြတဲ့အတွက်၊ အချို့ကျနော်တို့ ရွှေဝါပြည်ကို သွင်းကုန် အမြဲပို့နေရတဲ့ တိုင်းပြည်တွေက မကျေနပ်ဖူးအကြပ်ကိုင်ချင်ကြတယ်။

. . . ဒီလိုအကြပ်ကိုင်လဲ ကျနော်တို့ ရွှေဝါပြည်သားတွေဟာ၊ အမျိုးသားစိတ်သာ တကယ် ရှိကြမည်ဆိုယင်၊ နောက်ထပ်အနှစ်တရာအကြပ်ကိုင်ထား၊ ရွှေဝါပြည်မြေကြီးက စပါးထွက်မြဲ ထွက်မှာဘဲ၊ မြေပဲထွက်မြဲထွက်မှာဘဲ၊ ရွှေဝါပြည်မြေကြီးမှာ စပါးပင်တွေ မြေပဲပင်တွေ နှမ်းပင် တွေ၊ ဝါဂွမ်းပင်တွေ ပြောင်းပင်တွေစိုက်ပျိုးလို့ ပေါက်နေသမျှ၊ ရွှေဝါပြည်သူပြည်သားတွေ အဝတ် အတွက်လဲမပူရဘူး အစားအတွက်လဲမပူရဘူး။

. . . ရွှေဝါပြည်ပင်လယ်ရေဟာ ဘယ်အချိန်ထချက်ချက် ဆားမထွက်တဲ့အခါရယ်မရှိဘူး၊ ရွှေဝါပြည်ပင်လယ်နဲ့ ရွှေဝါပြည်ချောင်းမြောင်းအင်းအိုင်တွေဟာ ဘယ်တော့မှ ငါးမျိုးပျောက် မသွားနိုင်ဘူး။

. . . တချိန်က ရွှေဝါပြည်သားတွေရဲ့ ဆူပူသူတွေလက်ထဲမှာ ချောင်းမြောင်းအင်းအိုင်တွေရှိ နေလို့၊ အမြတ်ကြီးစားလိုတဲ့ငါးရှဲကြီးတွေနဲ့ ဆူပူသူတွေပူးပေါင်းပြီး ရွှေဝါပြည်ကို ငါးဈေးတက် အောင် လုပ်ခဲ့ဖူးတယ်၊

ဒါပေမဲ့ သူတို့ဟာ အဲဒီငါးတွေကို ငါးခြောက်မဖြစ်အောင် မတားဆီးနိုင်ကြတော့ ရွှေဝါပြည်သူပြည်သား၊ ရှေးရိုးစဉ်လာမပျက် နေလာစားလာတဲ့ လူတွေအတွက်ဘယ်လိုမှမထိခိုင်နိုင်ခဲ့ဖူး၊ အဲဒါကြောင့် ကျနော်တို့ရွှေဝါပြည်ကို ဘယ်တိုင်းပြည်ကအကြပ်ကိုင်ကိုင် ဘယ်လိုမှ မထိခိုက်နိုင် မတုန်လှုပ်နိုင်ဘူး။

. . . ဒီလို နိုင်ငံခြားတိုင်းပြည်တွေက အကြပ်ကိုင်နိုင်ကြတဲ့ ပစ္စည်းတွေထဲမှာ အရေးအကြီး ဆုံးပစ္စည်းတမျိုးကတော့ သံနဲ့စပ်ဆိုင်တဲ့ ပစ္စည်းဘဲ ကျနော်တို့တိုင်းပြည်မှာလဲ သံရိုင်းတွေ အများအပြားထွက်တယ် ပြည်တွင်းသုံးအဖြစ်လုံလောက်နိုင်တယ် ဒါကြောင့် သံရိုင်းကို သံယဉ် ဖြစ်လာအောင် စက်ရုံဆောက်ဘို့ အစီအစဉ်လုပ်ထားတယ်၊

ဒီအစီအစဉ်အတိုင်း ကျနော်တို့တတွေက တိုင်းပြည်ရွှေးချယ်မနေဘဲ အသက်သာဆုံးနဲ့ အကောင်းဆုံးနောက်ပိုင်းမှာ နိုင်ငံခြားပညာသယ်တွေပါရဂူတွေမပါဘဲ လုပ်နိုင်တဲ့အလုပ်စက်ရုံ မျိုး နှစ်ကာလအပိုင်းအခြားနဲ့ အာမခံချက်ရှိတဲ့ စက်ရုံမျိုးတည်ဆောက်ဘို့ ကမ္ဘာကို လေလံ ခေါ်ယူဘို့စီစဉ်ထားတယ်။

. . . . . ကျနော် အတိုချုပ်ပြောရမယ်ဆိုယင် ကျနော်တို့ ရွှေဝါပြည်စီးပွားရေး စီမံကိန်းစနစ် နဲ့ပတ်သက်ပြီး နိုင်ငံခြားတိုင်းပြည်တွေက အကြပ်ကိုင်တာတွေကို ဘယ်လိုမှလဲမကြောက်ဖူး ဘယ်လိုမှလဲမှုစရာမလိုဖူး။

. . . . အခု ကျနော် အကြံဉာဏ်တောင်းခံလိုတာကတော့ ကျနော်တို့ ရွှေဝါပြည်သားတွေက ဘယ်လိုမှမထိခိုက်လုပါဘဲနဲ့ ကျနော်တို့စီမံကိန်းကို ဆန့်ကျင်နေကြတာပါပဲ။

. . . ဥပမာ ကျနော်တို့ဟာ ရွှေဝါပြည်သား လူအများသုံးစွဲဘို့အတွက် အလွန်ကောင်းမွန် အထက်တန်းကျတဲ့ ခရီးသည်ပို့ယာဉ်ကြီးတွေကို ရွှေဝါပြည်တပြည်ထောင်လုံးအတွက် အလုံ အလောက်တည်ဆောက်ပေးခဲ့တယ်၊ အဝေးပြေးယာဉ်တွေ မြို့တွင်းသွားယာဉ်တွေ ဘယ်မှာမှ လိုအပ်သေးတာမရှိဖူး။

. . . ဒါပေမဲ့ တဖက်က ကိုယ်ပိုင်ယာဉ်တွေကို မလိုအပ်တဲ့လူတွေက ဖိမ်ခံဘို့သုံးတာကို မသုံးနိုင်အောင် စီမံကိန်းတခုချထားတဲ့ အလုပ်နဲ့မပတ်သက်ပဲ အပိုသုံးတဲ့လူတွေအတွက် ယာဉ်နဲ့ပတ်သက်တဲ့ အခွန်အကောက်တွေ တိုးမြှင့်တယ်၊ ယာဉ်မှာသုံးတဲ့ဆီကို ဝယ်တိုင်းမရ အောင် ကန့်သတ်တယ်၊ အပိုသုံးတဲ့သူအတွက် ဈေးကြီးမြှင့်ထားတယ်။

. . . . ဒီလိုဈေးကြီးမြှင့်လိုက်တဲ့အတွက် ပြည်တွင်းကယာဉ်သုံးဘို့ထွက်တဲ့ဆီက အမြောက် အများပိုလျှံလာပြီး တန်ဘိုးရှိတဲ့နိုင်ငံခြားကို ရောင်းဘို့ထွက်ကုန်ဖြစ်လာရတယ်၊

. . . အဲဒီလိုဖြစ်လာလို့ တိုင်းပြည်မှာ အကျိုးရှိလာပေမဲ့ ကျနော်တို့ ရွှေဝါပြည်သားတွေဟာ ကျနော်တို့လုပ်တာကို မကျေမနပ်ဖြစ်နေကြတယ်။

. . . . . ကြည့်ပါဦးဘယ်လောက်အခြေအနေဆိုးသွားသလဲ ယာဉ်တွေတောင်မမြင်ရတော့ဘူး ယာဉ်သုံးဆီဆိုင်တွေမှာ ဆီဝယ်လို့မရတော့ဘူး တိုင်းပြည်ကြီးသိပ်ကြပ်သွားပြီလို့ ပြောနေကြ တယ်။

. . . အဲဒီလိုပြောတဲ့လူတွေဟာ ကိုယ်ပိုင်ယာဉ်သုံးနိုင် စီးနိုင်တဲ့လူမှမဟုတ်ဘူး ကိုယ်ပိုင် ယာဉ်မသုံးနိုင်မစီးနိုင်တဲ့ လူတွေကပါ ဝိုင်းဝန်းမကျေမနပ်ဖြစ်နေတယ်ခင်ဗျ။

. . . ကျနော်တို့ရဲ့ စီးပွားရေးစီမံကိန်းကို စတင်အကောင်အထည်ဖော်တာနဲ့ လူများစု ပြည်သူလူထုအားလုံးကို စားဝတ်နေရေးအတွက် အလုံလောက်ဝယ်ယူသုံးစွဲနိုင်ဘို့ ဝယ်ယူသုံးစွဲ ရာမှာလဲ အရင်ကနဲ့ နှိုင်းယှဉ်လို့မရတဲ့လျှော့ဈေးနဲ့ ဝယ်ယူနိုင်ဘို့ ဒီနေရာမှာကျနော်တို့ဟာ ကြွရောက်အကြံဉာဏ်ပေးကြတဲ့ လူဦးရေ သုံးယောက်ရှိတဲ့ အိမ်တအိမ်ကိုတကယ်နိုင်ငံရဲ့ အလုပ်သမားလယ်သမား မှတ်ပုံတင်ရှိတဲ့ သူတိုင်း လူဦးရေကိုးယောက်စာအထိ ထုတ်ယူသုံးစွဲ နိုင်ခွင့်ပေးခဲ့တယ်၊

. . . . ပီးတော့ အိမ်တိုင်းအိမ်တိုင်းမှာ အလုပ်လုပ်တဲ့လူတယောက်ကို မှီခိုစီးပိုးပြီး အလုပ်မလုပ်ပဲ စားသောက်နေကြတဲ့ ကျောင်းသားလဲမဟုတ် အသက်ကျော်လွန်အောင် အရွယ် ကြီးသူတွေလဲမဟုတ်တဲ့ လူရှိနေတယ်ဆိုယင် ကျနော်တို့အစိုးရက အဲဒီလူအတွက် အဲဒီလူ အရည်အချင်းနဲ့အလိုက် ချက်ခြင်းလုပ်ကိုင်နိုင်တဲ့အလုပ်ကို ရှာပေးတယ်။

. . . ဒီလိုရှာပေးလျက်သားနဲ့မှ အဲဒီလူကမလုပ်လိုယင် အဲဒီလူကိုလက်ခံထားတဲ့ အိမ်အတွက် ရိက္ခာဝယ်ယူသုံးစွဲနိုင်ခွင့်အခွင့်အရေးကို အလုပ်လက်ရှိလုပ်ကိုင်သူများ စားသောက် သုံးစွဲနိုင်ရန်အထိသာဆးပြီး အပိုဝယ်ယူသုံးစွဲနိုင်ခွင့်တွေကို ဖြတ်ပစ်တယ်။

. . . . အဲဒါကိုလဲကျနော်တို့ ရွှေဝါပြည်သားတွေက လက်မခံနိုင်အောင်ဖြစ်လာကြတယ်ခင်ဗျ၊ ရွှေဝါပြည်သား လူအများစုတွေဟာ အားလုံးချောင်လည်နေကြတယ်၊ အခုလောလောဆယ် ရွှေဝါပြည် ခေတ်သစ်အစိုးရအသိအမှတ်ပြုထားတဲ့နိုင်ငံရဲ့ အလုပ်သမား လယ်သမား မှတ်ပုံတင် ရှိသူတိုင်းဟာ ရွှေဝါပြည်ထွက် ဆန်တပြည်ကို ရွှေဝါပြည်သုံးငွေဆယ်ပြားနဲ့ နေရာတိုင်းမှာ အလွယ်တကူဝယ်ယူနိုင်တယ်၊ နိုင်ငံခြားသားများကိုယ်ပိုင်လုပ်ငန်းရှင်များ သံရုံးများနဲ့ ကိုယ်ပိုင် ကုန်သည်များဆိုယင် အလုပ်သမားလယ်သမား မှတ်ပုံတင်လက်မှတ် မရရှိတဲ့အတွက် ရွှေဝါပြည် ထွက်ဆန်တပြည်ကို ရွှေဝါပြည်သုံးငွေပြားတရာ့ငါးဆယ်ပေးမှ ဆန်ဆိုင်တွေကရောင်းချတယ်။

. . . အဲဒီတော့ ကိုယ်ပိုင်အမြတ်စီးပွားရှာကြတဲ့ ကုန်သည်တွေဟာ မိမိတို့ရဲ့ ဝယ်ယူသုံးစွဲ စရိတ်ကိုကာမိအောင် အမြတ်တွေမတန်တဆတင်ကြရတယ်၊

. . . ဒီတော့ကာ ရွှေဝါပြည်သားတွေက တကယ်မလိုအပ်ပဲ ဒီလူတွေရောင်းတဲ့ ပစ္စည်းကို ဝယ်ယူသုံးစွဲခြင်းမပြုကြတော့ဖူး မသုံးလျှင်မဖြစ်မှ အစိုးရဌာနတွေကလဲ ဝယ်လို့မရနိုင်မှ အဲဒီ ဆိုင်တွေကို သွားရောက်ဝယ်ယူကြတယ် ဒါကြောင့် အဲဒီဆိုင်တွေမှာ အမြဲတမ်းလူရှင်းနေရတယ်၊

ရွှေဝါပြည်သူပြည်သားတွေဟာ အဲဒီလိုမိမိတို့အပေါ်မှာ အမြတ်ကြီးစားနေကြတဲ့ ကိုယ်ပိုင်လုပ်ငန်းဌာနတွေ ကိုယ်ပိုင်ဆိုင်တွေမှာ ရှင်းနေကြတာကိုကြည့်ပြီး ကြည့်ပါဦး တိုင်းပြည် ကြီးဘယ့်လောက်ကြယ်ထွားသလဲ ဒီဆိုင်တွေကို ကြည့်စမ်း သူရဲခြောက်မှာတောင်ကြောက်ရသေး တယ်လို့ မခံမရပ်နိုင်အောင်ဆိုလာကြတယ်ဆင်ဗျ။

. . . အဲဒီမိမိတို့အပေါ်မှာ ခေါင်းပုံဖြတ်အမြတ်စားနေကြတဲ့ လူကလေးလက်တဆုပ်စာနဲ့ စောစောကတင်ပြခဲ့သလို မိမိတို့အိမ်မှာ အလုပ်မရှိအကိုင်မရှိနဲ့ မိမိတို့အပေါ် စီးပိုးစားသောက် နေတဲ့ ပါးစပ်ကောင်းလေကောင်း ဟန်ကောင်း လူမျိုးတွေကို ထိခိုက်တာ မိမိတို့ကိုနှိပ်စက်နေ တဲ့လူတွေထိခိုက်တာ အဲဒီလိုထိခိုက်တာကို မခံမရပ်နိုင်ဖြစ်နေကြတယ်ခင်ဗျ၊

. . . . ပီးတော့ ကျနော်တို့ နောက်ဆုံးအတည်ပြုလိုက်တဲ့ စီးပွားရေးစံနစ်သစ်အရ ရွှေဝါ ပြည်သူပြည်သားတွေဟာ လမ်းပေါ်မှာအကြောင်းမဲ့ လှုပ်ရှားသွားလာနေတဲ့ အချိန်ဖြုန်းနေတဲ့ လူမျိုးတယောက်မှမမြင်ရတော့ဖူး။

. . . . ရွှေဝါပြည်သူပြည်သားတယောက်ရဲ့ 'လှုပ်' လိုက်ခြင်းဟာ တိုင်းပြည်အတွက်သော်၎င်း၊ မိမိ၏ကိုယ်ရေးကိုယ်တာကျန်းမာရေး ပညာရေးအတွက်သော်၎င်း၊ လှုပ်နေတာဖြစ်ရမယ်။ အရင်တုန်းကလို အကြောင်းမဲ့အချိန်ဖြုန်းနေတဲ့ တိုင်းပြည်အတွက်လဲမဟုတ် မိမိကိုယ်ကျိုး အတွက်လဲမဟုတ်တဲ့ 'လှုပ်'မှုသွားလာမှုတို့ကို မတွေ့ကြရတော့ဖူး။

. . . . အဲသည်လို မတွေ့ကြရတဲ့ ရွှေဝါပြည်သူ ပြည်သားတွေအားလုံး အဓိပ္ပာယ်ရှိတဲ့ အကျိုးရှိတဲ့ လှုပ်ရှားမှုမျိုးတွေနဲ့၊ လှုပ်နေတာကို တွေ့နေကြရတာကိုလဲ ရွှေဝါပြည်သူပြည်သား တွေက ဝမ်းမသာဘဲနဲ့ စိတ်မကောင်းဖြစ်နေကြသတဲ့ခင်ဗျ. . . အဲဒီမြင်မြင်သမျှလူတွေကိုကြည့်ပြီး သနားနေကြသတဲ့။

. . . . နောက်ဆုံး ရုပ်ရှင်ရုံတွေမှာ အရွယ်ငယ်လွန်းတဲ့ကလေးတွေကို အစိုးရက ဈေး မရောင်းစေပဲ စရိတ်ခံပြီးကျောင်းပို့ပေးတယ် မိဘကို အလုပ်လုပ်ပေးတယ်၊ အရွယ်ဆယ့်သုံးနှစ် နဲ့ ဆယ့်ရှစ်နှစ်ကြား ကလေးတွေကို အချိန်ကန့်သတ်ပြီး ကျောင်းချိန်မှတပါး ဈေးရောင်းခွင့်ပေး တယ် ရောင်းရတဲ့ ကုန်ပစ္စည်းကိုလဲ အစိုးရကထုတ်ပေးပြီး ခမ်းနားတဲ့ဈေးရောင်းအဝတ်နဲ့ အဆင့်အတန်းမြင့်မြင့်ရောင်းစေတယ်၊ ပီးတော့အချိုးကျရောင်းရတဲ့အခကို လုံလောက်အောင် ပေးတယ် ရှုံးတယ်ဆိုတာမရှိ ရှိယင်လဲအစိုးရကသာ အရှုံးခံရမယ်။

. . . . အဲဒီလိုစံနစ်နဲ့လုပ်ပေးလို့ ဈေးရောင်းတဲ့ မိန်းမယောက်ျားတွေ တခမ်းတနား သီးသန့် ဈေးရောင်းတဲ့နေရာနဲ့ လှလှပပခမ်းခမ်းနားနားဖြစ်နေတာကိုလဲ ရွှေဝါပြည်သူ ပြည်သားတွေက မကြိုက်ဖူးခင်ဗျ။

. . . . လူတွေတောထဲမှာ ညစ်ညစ်ပေပေနဲ့ အတိုးအဆုတ်အလုံအယက်ရောင်းချနေတဲ့ ငါးနှစ်ခြောက်နှစ်သားကစပြီး ကျောင်းသားကြီးများ အရွယ်တွေအထိ စည်းပျက်ကမ်းပျက်ဂျပိုး ဆန်ဆန်ပြုမူရောင်းဝယ်နေကြတာကို မတွေ့ကြရလို့ အစိုးရဟာရုပ်ရှင်ရုံဈေးရောင်းတဲ့ အလုပ် တောင် လိုက်လုထားတယ်၊ သနားပါတယ်လို့ပြောနေကြတယ်ခင်ဗျ။

. . . . အဲဒီလိုပြောတုန်း သူတို့အရင်က သိဖူးမှတ်ဖူးတဲ့ရုပ်ရှင်ရုံအောက်က ဈေးရောင်းတဲ့ ဈေးသယ်ကလေးဟာ သပ်သပ်ရပ်ရပ် ခန့်ခန့်ညားညားအဝတ်နဲ့ မှင်သေသေ

အိန္ဒြေရရမျက်နှာ နဲ့ ရုပ်ရှင်ရုံအောက်က အစိုးရဈေးဆိုင်မှာ မွန်မွန်ရည်ရည်တွေ့ရပြန်တော့. . . .

. . . . မင်းဒီမှာဘဲပြန်အလုပ်လုပ်နေသလား ဘယ်နဲ့လဲဟေ့ အယင်ကနဲ့ အခုဘယ်သင်းက မင်းအဘို့ နေ့တွက်ကိုက်သလဲလို့မေးတော့. . . .

. . . . အခုအင်မတန်ကောင်းကြောင်း ရှုံးရမည်ကိုမပူရတော့ကြောင်း မပူမပင်နေ့ထွက်ရ သည့်အပြင် ကျောင်းလဲနေရပြီဖြစ်ကြောင်းကို အမှန်အတိုင်း သိမ်သိမ်မွေ့မွေ့ ပြောပြတာကို. . .

. . . . ရွှေဝါပြည်သူပြည်သားတွေဟာ အဲဒါကိုပဲ သနားနေကြသတဲ့ခင်ဗျ၊ သူ့ခမျာ ဒီလိုဘဲ ပြောရှာရပေမပေ့ါ။ သနားပါတယ် ကောင်ကလေးအရင်တုန်းကလိုတောင် မရွှင်တော့ဘူးလို့ ဆိုကြတယ်ခင်ဗျ။ အရင်တုန်းကဆိုယင် အဲဒီကလေးတွေဟာ လူကြီးမှန်းမသိ၊ လူငယ်မှန်းမသိ အော်ဟယ် ဟစ်ဟယ် ဂျပိုးဆန်ဆန်ပြောဟယ်ပေ့ါခင်ဗျ။

'ကိုယ့်လူကိုယ့်လူဘာတုံး ဘာတုံးနားမလယ်ဖူးလား၊ မစားဖူးဘူးလား ဒီပစ္စည်း ဒီဈေးနဲ့ ရတယ်လို့ ခင်ဗျားဘယ်သူကပြောသလဲ မြန်မြန်ပြန်ထားလိုက်။ နံ,ပ,ထုတ်လိုက်မယ်ဟာအောင့် မေ့လဲဆိုတဲ့ အသုံးအနှုန်းမျိုးနဲ့ ဖအေလောက် ဦးကြီးလောက်မှတဲ့တွေကို ပြောနေတဲ့ကလေး တွေဟာ အခုအဲဒီလိုမပြောဘဲ ဣန္ဒြေသိက္ခာရှိရှိဖြစ်နေလို့ သနားနေကြတယ်ခင်ဗျ။

အဲဒီတော့ ကျနော်တင်ပြလိုတာက ကျနော်တို့ရဲ့ စီးပွားရေးစီမံကိန်းဟာ တကယ်စကိုင် ပြီး တိတိကျကျလုပ်လိုက်တာနဲ့ ပြည်သူလူထုလဲအကယ်ချောင်ချိပါတယ်၊ အစိုးရရည်မှန်းချက်လဲ အောင်မြင်နိုင်တဲ့အလားအလာ ရာခိုင်နှုန်း ခုနစ်ဆယ်လောက်ရှိပါတယ် ဒါပေမဲ့ ဒီရွှေဝါပြည်သူ လူထုဟာ အကြောင်းတစုံတရာ ထိခိုက်မှုမရှိပါဘဲနဲ့ ဖြစ်ရိုးဖြစ်စဉ် မြင်ရိုးမြင်စဉ်မဟုတ်လို့ လက်မခံကြဘူးဆိုတဲ့ အကြောင်းကို ကျနော်တင်ပြတာပါဘဲ။

. . . . အခါတိုင်းဆိုယင်တော့ ကျနော်တို့ဟာ ပြည်သူလူထုရဲ့ ထင်မြင်ချက်ကို အမှန်အတိုင်း တင်ပြမိမယ်မဟုတ်ပါဘူး ကျနော်တို့လုပ်ဆောင်ချက်ကို အောင်မြင်နိုင်တယ်ဆိုတဲ့ အလား အလာမြင်နေရတဲ့အတွက် ပြည်သူလူထုက ဘယ်လိုလဲ မနှစ်သက်ကြောင်းပြပေမဲ့ အခုလို ဆွေးနွေးပွဲမျိုးမှာ နှစ်သက်တယ်လို့ပဲ ပြောမှာပါပဲ ကျနော်တို့တကယ်သွားရောက် စုံစမ်းယင်လဲ ပြည်သူလူထုကနှစ်သက်ချင်ယောင် ဆောင်ပြလိုက်ကြတာပါဘဲ။

ဒါကြောင့် ကျနော်တို့က ပြည်သူလူထုဟာ ကျနော်တို့ပြုလုပ်သမျှ အင်မတန်ကြိုက်နေ ပါတယ်လို့ ပြောပြဘို့လွယ်ပါတယ်။

ဒါပေမယ့် တကယ့်ဖြစ်ရပ်က ရွှေဝါပြည်သူလူထုဟာ အခုလက်ငင်းလက်တွေ့အကျိုး ခံစားနေကြရတဲ့ အလုပ်သမားလယ်သမား ဆင်းရဲသားအများစုဆိုသူတွေကိုယ်တိုင်က မိမိတို့ကို နှိပ်စက်လာခဲ့ကြတဲ့ သွေးစုတ်အမြုတ်ကြီးစားတွေ၊ ပြုရိုကရက်အရာရှိ သွားလေသူတွေအတွက် စိတ်မကောင်းဖြစ်နေကြတယ်။

မိမိတို့အတွက်အကျိုးရှိပြီး မိမိတို့ကိုနှိပ်စက်တဲ့လူတွေ ထိခိုက်ခြင်းခံနေကြရတာကို ကိုယ်တိုင်ထိခိုက်နေစဉ်ကထက် ပိုပြီးနာကျည်းသလိုဖြစ်နေတာကို တွေ့ရတယ်ခင်ဗျ၊ အဲဒါဟာ ကျနော်တို့စီးပွားရေးစနစ်ကို အတိအကျလုပ်လျှင်လုပ်ခြင်း ရင်ဆိုင်နေရတဲ့ အခက်အခဲပါဘဲ။

သက်ဆိုင်ရာတာဝန်ခံသည် မိမိတို့တွေ့ကြုံရသည့် ဖြစ်ရပ်ကို အမှန်အတိုင်း အစီရင်ခံပြ လိုက်၏။ ထို့နောက် ကျန်သောစီးပွားရေးလုပ်ဆောင်ချက်များနှင့် ပတ်သက်၍ တိုက်ရိုက်ဆောင် ရွက်ရသူက ဆက်လက်တင်ပြဆွေးနွေးပါလိမ့်မည်ဟု ပြောဆို၍ထိုင်၏။

ဆက်လက်ဆွေးနွေးသော စီးပွားရေးလုပ်ငန်းများမှာ ရွှေဝါပြည်ကိုနေရာတိုင်း၌ တနှစ် သုံးသီးစိုက်ပျိုးနိုင်ရေးအတွက် ရေအမြဲအလွယ်ရရှိနိုင်သည့်တူးမြောင်းများ ဆည်များဖောက်လုပ် ပေးခဲ့ရာ. . .

ဤသို့အောင်မြင်စွာ ဖောက်လုပ်ပေးနိုင်သည့်အတွက် ရွှေဝါပြည်စိုက်ပျိုးရေးသမားတိုင်း လိုလိုက မကျေနပ်ကြကြောင်း ထိုသို့ စိုက်ပျိုးရေးသမားတွေကိုယ်တိုင် ဖို့ထားသောတာတမံများ ဆည်ထားသောဆည်များကို တိတ်တဆိတ်ဖျက်ဆီးကြကြောင်း။

စင်စစ်ထိုသူများသည် တနှစ်သုံးသီးစိုက်ပျိုးရမည်ကို မစိုက်ပျိုးချင်ကြဘဲဖြစ်နေကြောင်း ရွှေဝါပြည်သားတို့၏ ဉာဏ်အတိုင်းမိမိတို့ဖူလုံနေသားဘဲ တော်ရောပေါ့ဟူသည့်အတွေးဝင် နေကြကြောင်း ပညာပေးမည့်နိုင်ငံရေးဆိုင်ရာ ပုဂ္ဂိုလ်များလည်း မလာရောက်ကြကြောင်းစသည် တို့ကို တင်ပြ၏။

ထို့နောက် သတ္တုရိုင်းတူးဖော်ရေးနှင့် စံနှစ်တကျသစ်တောမွေးမြူရေးကျွန်းနှင့် သနပ်ခါး ပင်စိုက်ပျိုးရေး လုပ်ငန်းတို့အောင်မြင်ပုံကိုတွက်ပြ၏။ အထူးခြားဆုံးကား အနုမြူဓါတ်အားရရှိ နိုင်သော သတ္တုအမြောက်အများကိုတွေ့ရှိနေရသဖြင့် မိမိတို့တိုင်းပြည်အနေနှင့် ဘာမျှမပြုလုပ် နိုင်သောကြောင့် ဓါတ်အားသိုလှောင်သည့်တိုက်ကြီးများဆောက်လုပ်လျက် ဓါတ်အားတွေကို လှောင်ထားခဲ့ရကြောင်း၊

ထိုသို့လှောင်ထားရခြင်းမှာ ဟုတ်မဟုတ်ဖြစ်မဖြစ်စမ်းသပ်ထုတ်ကြည့်ရာမှ ဟုတ်နေသော အခါ ထိုဓါတ်အားများကို မည်သို့မှမလုပ်ဝန့်မလုပ်တတ်ဘဲ သိမ်းထားနေရကြောင်း စမ်းသပ်ဖျက်ဆီးပစ်ရန်အတွက် မိမိတို့တွေ့နေရသည့် အခက်အခဲမှာ

အနုမြူဓါတ်အားတွေ ထည့်ရန်ဗုံးခွံလိုနေကြောင်း ထိုဗုံးခွံကို မိမိတို့သည် ယခုအချိန်ထိလုပ်လည်းမလုပ်တတ် လုပ်ရန် လည်းငွေကြေးမရှိကြောင်း။

အနုမြူဓါတ်အားတွေ အလွယ်တကူရနေသလောက် အနုမြူဓါတ်အားများ ထည့်သွင်း စုဆောင်းထားနိုင်ရန် ဗုံးခွံမရှိဖြစ်နေကြောင်း ထို့ပြင်အဆိုပါအနုမြူဓါတ်အားသုံးသည့် ဗုံးခွံကို ရရှိသည့်တိုင် ထိုဗုံးခွံကိုသယ်ယူရန်အထူးပြုလုပ်ထားသည့် လေယာဉ်ပျံမရှိသေးသမျှ စမ်းသပ် ဖောက်ခွဲနိုင်ရန် မဖြစ်နိုင်သေးကြောင်း စသဖြင့်ရှင်းလင်း၏။

သို့သော် အနုမြူဓါတ်အားများကို အခြားတိုင်းပြည်များသို့ ရောင်းကုန်အဖြစ် ထုတ်လုပ် ပြီးသမျှကို ဓါတ်အားသိုလှောင်သော တိုက်ကြီးများတည်ဆောက်၍ သိုလှောင်ထားပြီးရှိကြောင်း စသည်တို့ကို တင်ပြ၏။

ထို့ပြင် ရတနာအဖြစ်ဝတ်ဆင်ရန်အထိ တန်ဘိုးမရှိသေးသော်လည်း အရုပ်ထုရန်အတွက် တန်ဘိုးအမြင့်ဆုံး အမျိုးအစားဖြစ်လာနိုင်သော ကျောက်စိမ်းတွက်ရောတောင်ခြေ၌ အရုပ်ထု သော အလုပ်ရုံ့ဌာနတခုအဖြစ်တကယ် ပြုလုပ်နိုင်လျှင်ကျော်ကြားလာဘို့ အလားအလာရှိကြောင်း၊

ဝူဖရန်စသောသံရိုင်းများကို ပြည်တွင်း၌ပင် သံယဉ်များဖြစ်လာအောင် ကြိုချက်နိုင်ရေး အတွက် ကျိုးစားနေဆဲဖြစ်ကြောင်း ဤလုပ်ငန်းအားလုံးတို့အတွက် အရေးအကြီးဆုံးပြဿနာမှာ အလုပ်သမားရရှိရေးပင်ဖြစ်ကြောင်း။

ရွှေဝါပြည်၌ အလုပ်လက်မဲ့ပြဿနာ ပေါ်ပေါက်ခဲ့ဘူးသည်။ အလုပ်လက်မဲ့တွေ အတော်များများ ရှိခဲ့ပါသည်ဟုဆိုခဲ့သော်လည်း ထိုအလုပ်လက်မဲ့တို့သည် ခေတ်သစ်ရွှေဝါပြည် အုပ်ချုပ်ရေးလက်အောက်၌ လွယ်ကူပေါ့ပါးသော အလုပ်တစုံတခုကို လက်ရှိအလုပ်အဖြစ် ပြုပြီးလျှင် ခပ်ပေါ့ပေါ့သာယခင်အတိုင်း နေခဲ့ကြကြောင်း။

ရှေးယခင်ကရွှေဝါပြည်၌ အလုက်လက်မဲ့တွေ တိုးပွားလာပြီး အလုပ်လက်မဲ့ပြဿနာ ဖြေရှင်းပေးကြပါဟု နိုင်ငံရေးသမားတွေကိုယ်တိုင် ခေါင်းဆောင်အော်ဟစ် နေကြသော်လည်း ထိုနိုင်ငံရေးသမားများကိုယ်တိုင် အလုပ်လုပ် မစားချင်ကြသော အလုပ်လက်မဲ့များဖြစ်နေကြ ကြောင်း။

ယခုမိမိတို့က အတင်းအကြပ်လိုက်၍အလုပ်ပေးသောအခါ ကျနော်တို့၌ အလုပ်ရှိနေ ကြပါသည်။ ကျနော်တို့၌ မအားပါစသဖြင့် တိမ်းရှောင်ပြေးကြကြောင်း၊ အခကြေးငွေတိုးတက် မြှင့်တင်ပေးထားသော်လည်းမရကြောင်း ရွှေဝါပြည်သူပြည်သားတို့သည် လေးလံပင်ပန်းသော အလုပ်ကိုလုပ်၍ အခကြေးငွေအမြောက်အများရယူခြင်းထက် ပေါ့ပေါ့ပါးပါး တာဝန်ကင်းသော အလုပ်ကိုလုပ်၍ နည်းသောအခကြေးငွေဖြင့် ချိုးခြံစွာအေးအေးပျော်ပျော်နေလိုသော စိတ်မျိုး

ရှိကြောင်း။ ထို့ကြောင့် အလုပ်သမားရရှိရေးအခက်အခဲသည် အရေးအကြီးဆုံးသော အဓိက အခက်အခဲဖြစ်နေကြောင်းဖြင့် ရှင်းလင်းသွား၏။

ထို့နောက်ပြန်ကြားရေးဘက်မှ နိုင်ငံရေးကို ဆောင်ရွက်နေရသည့်တာဝန်ခံက မိမိတို့ လက်ငင်းတွေ့ကြုံနေကြရသည့် အခက်အခဲကိုရှင်းလင်းပြ၏။

နိုင်ငံရေးတာဝန်ခံ၏ ရှင်းလင်းချက်ကို ကြားကြရသောအခါ နားထောင်နေကြသူများ အဘို့ ပြုံးချင်ရယ်ချင်ဖြစ်လာ၏။ သို့သော်ပြုံးရယ်စရာစကားမျိုးကားမဟုတ် ကြောက်လန့်ဘွယ် ရာစကားများဖြစ်၏။ ဗိုလ်ချုပ်ကြီးသန်မာကား ဟားတိုက်ရယ်လျက်ရှိသည်။ 'အေးဟုတ်ပီဟုတ်ပီ ပြောစမ်း ပြောသာပြော. . . ပြောပါဦးဟု မကြာမကြာလည်း ရေ့လောတကြီးအားပေး၏။

ကျနော်တို့က အခုခေတ်သစ်ရွှေဝါပြည် လမ်းစဉ်မှတပါး အခြားနိုင်ငံရေးအဖွဲ့အစည်း မရှိရ ကျနော်တို့လမ်းစဉ်သည် ဒီမိုကရေစီလမ်းစဉ်မဟုတ်။

ပျက်စီးနေသော တိုင်းသူပြည်သားများကြောင့် ကမ္ဘာ့တိုင်းပြည်အဆင့်အတန်းတွင် တစက္ကန့်ထက်တစက္ကန့် အခြားတန်းတူရည်တူတိုင်းပြည်ကလေးများထက် နောက်ကျလာသော တိုင်းပြည်ကို အခြားတိုင်းပြည်များသို့ အမှီပေးပို့လိုသောကြောင့် ဇိကုတ်နတ်ပြည်တင်သောနည်း နှင့် ပျက်စီးနေသော တိုင်းသူပြည်သားများကို အတင်းအကြပ် စည်းကမ်းဘောင်တွင်းသို့ သွပ်သွင်းပေးမည့် အုပ်ချုပ်ရေးစံနစ်နှင့် အုပ်ချုပ်နေသည် ဖြစ်ကြောင်း။

ဤသို့အုပ်ချုပ်ရာတွင် ကမ္ဘာတွင်ရှိမှုသော တိုင်းပြည်အများစုတို့နှင့် တန်းတူရည်တူ ဖြစ်ရုံမျှ စည်းကမ်းသတ်မှတ်ပေးသောနည်းဖြင့် အုပ်ချုပ်မည်။ ထိုအများစုတိုင်းပြည်တို့ထက် တင်းကြပ်သော စည်းကမ်းမျိုးမဖြစ်စေရဟု ကတိပေးသည်လို့အတိအလင်း ကျေညာလိုက်တယ် ခင်ဗျ။

. . . အဲဒီလိုကျေညာပီးတဲ့နောက် နောက်ဆက်တွဲအနေနဲ့ ရွှေဝါပြည်ကို ပြုပြင်မြှင့်တင်လို သော စေတနာရှင်မျိုးချစ်များတိုင်းပြည်ကို ရေ့ဆောင်လမ်းပြအလိုရှိသည်။ ကျွမ်းကျင်ကျော်ကြား သော နိုင်ငံရေးသမားများကို ရေ့တန်းတင်၍အခွင့်အရေးပေးမည်လို့ ကြော်ငြာလိုက်တယ်ခင်ဗျ၊ ကြော်ငြာကောင်စီကိုတော့ နိုင်ငံရေးဆောင်ရွက်ရန် ဗိုလ်ဝင်ခံပြီ. . . . လို့ နာမည်ကတ်ပေးလိုက် တယ်။

. . . အသင်းအဖွဲ့အသီးသီးတွေကို အမိန့်နဲ့အားလုံးဖျက်ပြီးပြီဖြစ်တော့၊ အဖွဲ့အသီးသီးက နိုင်ငံရေးသမား အမည်ခံသူအတော်များများ နာမည်စာရင်းလာပေးကြတယ်၊

အဲဒီလိုလာပေးတဲ့ လူတွေကိုနာမည်စာရင်း အစဉ်လိုက်အတိုင်း လူပေါင်း၃၀၀–လောက် ကန့်သတ်ခေါ်ယူပြီး ကျနော်ကရှင်းပြတယ်။

အဲဒီလူတွေအားလုံးဟာ နိုင်ငံရေးလုပ်ရာမှ လယ်သမားတွေအကျိုးစီးပွားအတွက် ဆောင် ရွက်ချင်တဲ့ လူတွေပါလို့ ပြောတဲ့အတွက်လဲ ဝမ်းသာအားရတဲ့အကြောင်း။

. . . . ကျနော်တို့ ရွှေဝါပြည်ကြီးမှာ နိုင်ငံကိုပြုပြင်ပြောင်းလဲလိုတဲ့ လယ်ယာဝါသနာပါသူ တိုင်း တကယ့်တောသူတောင်သား လယ်သမားကြီးတွေနဲ့အတူ လယ်ထဲကို ဆင်းဘို့လိုနေပါပြီ။ အတူတကွလုပ်ကိုင်ကြည့်ရင်း လယ်သမားကြီးတွေမပြင်တတ်တဲ့ ချို့ယွင်းချက်တွေကို ပြင်ဘို့လို နေပါပြီ။ အဲဒါကြောင့်မည်သည့်နယ်မှာ လယ်ယာကဧပေါင်း ဘယ်လောက်က လယ်သမားကြီး ပေါင်း ဘယ်နှစ်ယောက်ဆိသို့ အတူတူပူးပေါင်းသွားရောက်လုပ်ကိုင်ရင်း လယ်ယာအကြောင်းကို လေ့လာကြပါ။

နောက်ပြီးလေ့လာလို့ တွေ့ကြုံတဲ့ အသိတွေကို ခင်ဗျားတို့အချင်းချင်း စုပေါင်းဆွေးနွေး ကြပါ။ ဆွေးနွေးဆုံးဖြတ်လို့ရလာချက်တွေကို လက်တွေ့စမ်းသပ်ကြပါ။

ဒီလိုကိုယ်တိုင်လေ့လာဘို့အတွက် ခင်ဗျားတို့သွားရောက်ကြတဲ့အခါမှာ လယ်သမားကြီး တွေဆီက စားရိက္ခာတို့ကို မစားမသုံးဘဲ ခင်ဗျားတို့ကိုယ်တိုင်လယ်သမားကြီးတွေနဲ့ တန်းတူ စားနိုင်သောက်နိုင်အောင် ဝမ်းစာစပါး၊ ဆီ၊ ဆား၊ ငရုပ်၊ ကြက်သွန်စသည်တို့ကို ခေတ်သစ်ရွှေဝါ ပြည်အစိုးရက အလုံအလောက်ထောက်ပံ့ပါမယ်။ အဲဒါတောင်သူလယ်သမားတွေအတွက် အင်မတန်အကျိုးပြုလိုကြတဲ့ နိုင်ငံရဲ့ခေါင်းဆောင်ဟောင်းများ စေတနာကိုလဲ ယုံကြည်လေးစား ပါတယ်။ ကြွရောက်စာရင်းပေးကြပါလို့ တောင်းတယ်ခင်ဗျ။

အဲဒီလိုလဲကျနော်တောင်းမိရော တောင်သူလယ်သမားအလုပ်ကို စိတ်ဝင်စားပါတယ်။ လယ်ယာလုပ်ငန်းကို တိုးတက်အောင်မြင်အောင် တင်ပေးချင်ပါတယ်ဆိုတဲ့ ရွှေဝါပြည်ကြီးရဲ့ နိုင်ငံရေးသမားခေါင်းဆောင်ဟောင်းတွေဟာ ဟိုကြည့်သည်ကြည့်နဲ့လုပ်နေကြတယ်ခင်ဗျ၊ မျက်စိ မျက်နှာတွေပျက်ကုန်ကြတယ် သူတို့ကိုသက်သက်ထိတ်ခေါ်ပြီး အနိုင်ကျင့်နှိပ်စက်တာလို့ ထင်ကုန်ကြတယ်ခင်ဗျ။

တချို့ကတော့ အောင့်သက်သက်နဲ့ဘဲ မင်းတို့နိုင်တုံးနှိပ်စက်ပေါ့ကွာ မင်းတို့ခိုင်းသမျှ ကုန်းလုပ်လိုက်အုံးမယ်ဆိုတဲ့မျက်နှာမျိုးနဲ့ မကြည်မသက်လာပြီး စာရင်းပေးကြတယ်ခင်ဗျ. . . ပို့တဲ့ နေရာသွားမယ်ပေါ့လေ။

တချို့ကတော့ မိမိတို့အလွန်ကူညီချင်ပေမဲ့ အခုလက်ရှိအလုပ်တွေက တန်းလန်းချည်း ဖြစ်နေလို့ လုပ်ငန်းတွေလက်စသတ်ပီးမှသွားပါရစေ၊ ဘာညာပေါ့ခင်ဗျာ အကြောင်းအမျိုးမျိုးပြ ကြတယ်။

အဲဒီလိုလဲ လယ်သမားတွေအကျိုးပြုဘို့စာရင်းတောင်း၊ ရွှေဝါပြည်ရဲ့နယ်အသီးသီးက လယ်တွေထဲလွှတ် လုပ်လိုက်ရော ရွှေဝါပြည်နိုင်ငံရေးသမားဟောင်းတွေဟာ ကြွက်စီ ကြွက်စီနဲ့ ဖြစ်လာကြတာပါဘဲ။

ဟန်ဆောင် ဟန်ဆောင်နဲ့ ကျနော်တို့ကို အသံကျယ်ကျယ်နဲ့ထောက်ခံလာကြတဲ့ ဦးငကျိုင်းကောင်လိုလူတွေကိုယ်တိုင် ဇာတိရုပ်ပေါ်လာတာဘဲ။

အစိုးရဟာ တန်ရာတန်ရာမလုပ်ဖူး၊ ဒါလောက်ပညာတတ်တဲ့လူတွေကို ဒီလိုမဟုတ်တဲ့ နေရာမှာထားပြီး အသုံးချထားတယ်၊ တကယ်ဆိုရွှေဝါရဲ့လုပ်အားကို အလဟဿမဖြစ်အောင် စူးနေရာစူး ဆောက်နေရာဆောက် သုံးဘို့သင့်တယ်၊ ဘာညာနဲ့အပြင်းအထန် ပြောဆိုလာတော့ တာပါဘဲ၊ ရွှေဝါပြည်အစိုးရအပေါ်မှာ ပြောလိုတာကတော့ မိမိတို့လို့. . . . .

မင်းသားတွေကိုခေါ်ပြီး ခွေးဟောင်ခိုင်းတယ်ဆိုတဲ့သဘောပေါ့ခင်ဗျာ။

. . . အလုပ်သမားနဲ့ပတ်သက်ပြီး စိတ်ဝင်စားပါတယ်ဆိုတဲ့ နိုင်ငံခေါင်းဆောင်ဟောင်းတွေ ကလဲ ဒီအတိုင်းပဲခင်ဗျ။

. . . အားလုံးခြုံပြောရလျှင်တော့ ကျနော်တို့ ရွှေဝါပြည်မှာရှိနေကြတဲ့ နိုင်ငံရေးသမား ဟောင်းတွေအားလုံးလိုလိုဟာ မိမိတို့ကိုယ်တိုင်တကယ်မသိ၊ တကယ်နားမလည်တဲ့ အလုပ် သမားတွေရဲ့လုပ်ငန်း လယ်သမားတွေရဲ့လုပ်ငန်းအားလုံးကို အင်မတန်တတ် အင်မတန်သိချင် ယောင်ဆောင်ပြီး အင်မတန်ရိုးကြတဲ့ အလုပ်သမားလယ်သမားကြီးတွေအပေါ်မှာ အချောင် ဆရာလုပ်စားချင်နေကြတာဘဲခင်ဗျ။

. . . ဒီဆင်းရဲပါတယ်ဆိုတဲ့ အလုပ်သမားကြီးတွေ လယ်သမားကြီးအပေါ်မှာ ဝင်ကြေးတွေ ကောက် နှစ်စဉ်ကြေးတွေကောက်ပြီး အဖွဲ့အစည်းတွေဖွဲ့ပေးကြတယ်ခင်ဗျ အဲဒီဝင်ကြေးတွေ နှစ်စဉ်ကြေး လစဉ်ကြေးတွေက အလုပ်သမားတွေ လယ်သမားတွေအတွက် အသုံးချဘို့ အကျိုး ပြုဘို့လို့အမြင်အားဖြင့်ပြထားတယ်ခင်ဗျ။

. . . . ပီးတော့ဘယ်လိုအသုံးချသလဲဆိုတော့ ခင်ဗျားတို့လယ်သမားတွေရဲ့ အကျိုးဆောင် ရွက်ဘို့အတွက် ကျုပ်တို့က အထက်ကချုပ်ကိုင်အမိန့်ပေးနိုင်တဲ့ အာဏာရမှုဖြစ်နိုင်မယ်၊ အဲဒီ တော့ အခု ကျုပ်တို့ဖွဲ့စည်းပေးထားတဲ့ လယ်သမားအင်အားစုကြီးနဲ့ အလုပ်သမားအင်အားစု ကြီးက ကျုပ်တို့အာဏာပေးမှုဖြစ်မယ် အဲဒီတော့ခင်ဗျားတို့က ကျုပ်ကိုအုပ်ချုပ်တဲ့လူ အဖြစ် လိုလားပါတယ်လို့ စုပေါင်းတောင်းဆိုကြလို့ ခိုင်းတယ်ခင်ဗျ။

. . . အဲဒီလိုလဲခိုင်းရော အလုပ်သမားအစုအဝေးကြီးနဲ့ လယ်သမားအစုအဝေးကြီးက အလံတွေ တလူလူကိုင်ပြီး စီတန်းလှည့်လည်ကြ အော်ကြဟစ်ကြ အလုပ်ပျက်အကိုင်ပျက် ထမင်း ဆာဆာ ဝမ်းဟာဟာနဲ့ တမောတပန်းကြီး လမ်းလျှောက်ကြ၊ လှည့်ကြပေါ့ခင်ဗျ။

. . . . ဒီနေရာမှ မိမိတို့နဲ့ဘယ်လိုမှမတူတဲ့ ဝတ်ကောင်းစားလှကိုဝတ်ပြီး အဲဒီနိုင်ငံရေး သမားက များသွားပြီး နှုတ်ဆက်လိုက်မယ် တခုခုရင်းနှီးနှီး ဆက်ဆံလိုက်မယ်ဆိုယင် အဲဒီအလုပ် သမားကြီး လယ်သမားကြီးတွေကလဲ ပြောလို့မပြီးအောင် ကျေနပ်ကြတယ်ခင်ဗျ. . .

. . . ခေါင်းဆောင်ကြီးရဲ့ အသားအရေတွေဟာ နုနေတာပဲ ကျုပ်အနားမှာ နီးနီးကပ်ကပ် ကြည့်လိုက်ရမှ သိသာတယ် ဥပဓိရုပ်ကောင်းတဲ့လူ ဒါကြောင့်ခေါင်းဆောင်ဖြစ်တာပေါ့ ဝတ်ထား တဲ့လုံချည်ကလဲ ကောင်းလိုက်တာဆို ရွှေရောင် ငွေရောင်ပေါက်နေတာဘဲ မျက်စိနဲ့မြင်ရတာကို နူးညံ့ပြီး တယ်အဘိုးတန်တယ်အရသာရှိ၊

. . . ကျုပ်လက်ကိုဆွဲပြီးစကားပြောတော့ ကျုပ်ကအားနာလိုက်တာလေ ကျုပ်လမ်းကြမ်းကြီး နဲ့ သူ့အသားနုနုကလေးတွေ ပွန်းကုန်မှာစိုးလို့ ဒါပေမယ့် ကျုပ်ကိုနှုတ်ဆက်သွားရှာတယ်ခင်ဗျ၊ တယ်ပြီးမွှန်မွှန်ရည်ရည်ရှိတဲ့လူဗျာ ခေါင်းဆောင်လဲဖြစ်ထိုက်ပါတယ်။

. . . . လယ်သမားကြီးတွေဟာ မိမိတို့ဘယ်သူ့အတွက် လယ်သမားတွေဟာ စည်းလုံးရမယ်၊ ညီညွတ်ရမယ် စည်းလုံးကြောင်း ညီညွတ်ကြောင်း အင်အားပြနိုင်ရမယ်လို့ပြောတော့ အခုလိုဘဲ လှည့်လည်အော်ကြဟစ်ကြပေါ့ခင်ဗျာ။

. . . . အဲဒီလို အလုပ်သမားတွေ လယ်သမားတွေ အတွက်ခေါင်းဆောင်ကြီးက ဆောင်ရွက် ပေးလာလိုက်တာဟာ ခေါင်းဆောင်ကြီးမှာ အာဏာတွေဘာတွေရပြီး စီးတော်ယဉ်တွေတိုက်တွေ ဘာတွေနဲ့လဲဖြစ်လာရော လယ်သမားကြီးတွေအဖို့မှာတော့ ရှိတဲ့လယ်ကလေးနှစ်ကွက်ဟာ တကွက်ဘဲ ကျန်တော့တာဘဲ အလုပ်သမားကြီးအဖို့ကတော့ အရွယ်ရောက်လာတဲ့သားကိုပါ ရိုးရာမပျက် မိမိလုပ်နေတဲ့ ကူလီအလုပ်ထဲသွင်းထားနေရပြီပေါ့။

နိုင်ငံရေးသမားဟောင်းတွေဟာ အဲဒီလိုနည်းမျိုးနဲ့သာ အလုပ်သမားလယ်သမားတွေရဲ့ အကျိုးကို ဆောင်ရွက်ချင်နေကြတယ်၊ အဲဒီအရသာကိုသာတွေ့နေကြတယ်၊ အဲဒီလိုလယ်သမား အလုပ်သမားတွေရဲ့ အကျိုးကို ဆောင်ရွက်ဖေးပါတယ်ဆိုရင်း မိမိတို့သားသမီးနဲ့ အဆောက် အအုံကြီး တခုလုံးခန့်ထယ်လာတဲ့ အလုပ်မျိုးကိုဘဲ လုပ်ချင်ကြတယ်ခင်ဗျ။

. . . . တကယ့်အလုပ်သမားလယ်သမားတွေအထဲမှာ မိမိဘဝကို အတူနှစ်မြှုပ်ပြီး ရွှေဝါပြည်ကြီးတခုလုံးမှာရှိတဲ့ အလုပ်သမား လယ်သမားတွေကို မိမိနဲ့အတူ တိုးတက်လာအောင် ပြုလုပ်ရ မယ့် ဆောင်ရွက်မှုမျိုးတွေကို မလုပ်ချင်ကြတော့ဘူး။

. . . . ကျနော်တို့ကို တကယ်ထောက်ခံပါတယ်လို့ ပြောနေကြတဲ့ နိုင်ငံရေးသမားတွေ ကိုယ်တိုင် တကယ်လူထု တရပ်လုံးရဲ့တိုးတက်မှုအတွက် ကိုယ်တိုင်အပင်ပန်းခံ လုပ်ရမယ့် အလုပ်ကိုယ်တိုင်ဖောက်ချပြီး လေ့လာရမယ့် အလုပ်မျိုးကို မလုပ်ချင်ကြတော့ဖူး အပင်ပန်း မခံလိုကြ မခံနိုင်ကြတော့ဖူး နှာခေါင်းရှုံ့လာကြတယ် တခါတရံအပျော်စမ်းလုပ်ကြည့်တာမျိုး နာမည်ရအောင်လုပ်တာမျိုးသာလုပ်လိုကြတယ်၊ အဟုတ်အစစ်လုပ်မပြချင်ကြဘူး။

အလုပ်သမားလယ်သမားတွေနဲ့ ပူးပေါင်းပြီး တကယ်ဝမ်းစာအတွက် ရှာဖွေလုပ်စားရင်း အလုပ်သမား လယ်သမားတွေကို ရှေ့ဆောင်ပြီးခေါ်ယူမသွားချင်ကြတော့ဖူး အဲဒီလူတွေ ကိုယ်တိုင်က တန်ရာတန်ရာခိုင်းရင်တိုင်းပြည်အတွက်ပိုပြီး အကျိုးရှိလိမ့်မယ် အရာရောက်လိမ့် မယ် ပညာတတ် လူတန်းစားကိုပညာနဲ့လုပ်ကိုင်ရတဲ့ နေရာမျိုးမှာသာ ထားသင့်တယ်၊ လူတိုင်းကိုအနည်းငယ်လေ့ကျင့်ပေးလိုက်ရုံနဲ့လုပ်လို့ဖြစ်နိုင်တဲ့လယ်သမားလို အလုပ်သမားလို နေရာမျိုးမှာမခိုင်းသင့်ပါဘူးဆိုတဲ့ ငိုညည်းသံနဲ့ကန့်ကွက်လာကြတယ်ခင်ဗျ။ အရင်းရှင်ခေါင်းပုံဖြတ်စီးပွားရေးစံနစ်ကို အကျိုးပြုတဲ့ ပညာတတ်လူလတ်တန်းစားတွေရဲ့ အတွေးမျိုးနဲ့တွေးခေါ်လာကြတယ်ခင်ဗျ။

. . . . လယ်မြေတခုမှာအပူချိန် ဘယ်လောက်ရှိတယ် မြေကြီးထဲမှာ သဲဓါတ်ဘယ်လောက် ကျောက်ဆားဓါတ်ဘယ်လောက် ထုံးဓါတ်ဘယ်လောက် ပြာဓါတ်ဘယ်လောက် မီးသွေးဓါတ် ဘယ်လောက် မီးစုံးဓါတ်ဘယ်လောက်ရှိတယ် ဘယ်အချိုးအစားနဲ့ရှိတတ်ကြတယ်၊

. . . မီးတုံး ရွှေဝါစပါးစိုက်ပျိုးယင် ဘယ်အချိုးအစားရှိတဲ့မြေကြီးမှာစိုက်မှ ဖြစ်ပွားနိုင်တယ်။ ငစိန်ကိုစိုက်ယင် ဘယ်အချိုးအစားရှိတဲ့မြေကြီးမျိုးမှာ စိုက်ရတယ်မှယင်းကို ဘယ်မြေနဲ့မှသင့် တော်တယ်။

မြေကြီးထဲမှာ မီးစုံးဓါတ်ရလာအောင် ဘာတွေကိုမြေဩဇာအဖြစ်ချရတယ်၊ မီးသွေးဓါတ်ပြာဓါတ်ကျောက်ဆားဓါတ်လျှော့နေယင် ဘာတွေကိုထည့်ပေးရတယ်။ ယမ်းစိမ်းပေါက်လာ အောင် ဘာလုပ်ရတယ်ဆိုတာမျိုးဟာ ဘယ်လယ်သမားဆင်းရဲသားကြီးတွေကသိနိုင်မလဲ။

ဒီပညာတတ်တွေကိုယ်တိုင် လယ်သမားတွေနဲ့ ပူးပေါင်းပြီး လယ်အလုပ်တွေကို တကယ် ကျွမ်းကျင်အောင် လုပ်ကိုင်တတ်အောင် လယ်သမားကြီးတွေဆီက သင်ကြားပြီး လုပ်ကိုင်တတ် လာတဲ့အခါမှာ လောကဓါတ်နည်းနဲ့ စမ်းသပ်စိုက်ပျိုးပြီး နည်းလမ်းတွေရှာဖွေပေးပြီး တကယ် ဖြစ်မြောက်လာမှ လယ်သမားကြီးတွေကို မိမိကိုသိလာအောင် ယုံကြည်လာအောင်လက်တွေ့ လုပ်ပြနိုင်မှုတ်လား။

. . . နိုင်ငံရေးသမားအမည်ခံတဲ့ ပညာတတ်တွေဟာ အဲဒါကိုနားမလည်နိုင်ဖူး ကိုယ်တိုင် မလေ့လာချင်ဖူး သူတို့ကိုယ်တိုင်လယ်ယာစိုက်ပျိုးရေးနဲ့ ပတ်သက်ပြီး လယ်သမားကြီးတွေ တွေးတောယုံကြည်ထားတဲ့အတိုင်းပဲ ယုံကြည်နေကြတယ်၊ ခေတ်မမှီကြဖူး အဲဒီလူတွေဟာ သူတို့ကိုလယ်တောထဲ ဆင်းခိုင်းတဲ့အတွက် သိပ်မကျေမနပ်ဖြစ်နေကြတယ်ခင်ဗျ။

အလုပ်သမားတွေနေရာမှာလဲ ဒီလိုပါဘဲ ဥပမာကူလီဆိုပါတော့ အရွယ်ရောက်တဲ့ လူတယောက်ကို တနာရီလောက် လေ့ကျင့်ပေးယင် ဘယ်သူမဆိုလုပ်တတ်လုပ်နိုင်ကြပါတယ်။ ခက်ခဲတဲ့အလုပ်မျိုးမဟုတ်ပါဘူးလို့ နိုင်ငံရေးဆရာတွေက ယူဆထားကြတယ် ကူလီလုပ်စားရရှာ တဲ့လူတွေ တွေးသလိုဘဲတွေးတောနေကြတယ်၊

ကိုယ်အလေးချိန်ပေါင်ပေါင်းမည်မျှရှိပြီး၊ တနေ့ကို ‘ကိုလိုရီ’ မည်မျှပါရှိတဲ့ အစာကို စားသောက်နေတဲ့ လူတယောက်ဟာ အပူချိန်မည်မျှရှိတဲ့နေရာမှာ အလေးချိန် မည်မျှရှိတဲ့ ပစ္စည်းတခုကို သယ်မယင် ခြေတလှမ်းလှမ်းလိုက်တဲ့အခါမှာ မိမိကိုယ်ထဲမှာရှိတဲ့ ‘ကိုလိုရီ’ မည်မျှ ကုန်ခမ်းသွားနိုင်တယ်ဆိုတာမျိုးကို အဲဒီကူလီတွေကသိပ့်မလားဆိုတော့. . .

. . . . . အလုပ်သမားတွေရဲ့ သက်သာရေးနဲ့ တိုင်းပြည်အတွက်လုပ်အားပိုမိုရရှိရေးကိုလိုလား ပါတယ်ဆိုတဲ့ နိုင်ငံရေးဆရာကြီးတို့က ဒါတွေမလိုပါဘူးတဲ့ခင်ဗျ။ ကူလီတွေတွေးသလိုဘဲ တွေးပြီး ကူလီတွေပြောသလိုဘဲပြောနေကြတယ်။

. . . . လူသားတယောက်ဟာ ထမ်းရပိုးရတဲ့ ကူလီအလုပ်မျိုးကိုလုပ်ရအုံး၊ အဲဒီလူသားဟာ အလုပ်လုပ်ရာမှာ ပင်ပန်းမှုသက်သာရမယ်။ လုပ်အားကုန်ခန်းတာနဲ့ညီညွတ်တဲ့ တန်ရာတန်ဘိုး ရမယ်။ အချိန်အနည်းဆုံးနဲ့ အလုပ်အပြီးစီးဆုံးဖြစ်ရမယ်ဆိုတဲ့ အချက်သုံးချက်တပြိုင်နက် ပြီးမြောက်ဘို့ အမှန်အကန်သတ်မှတ်နိုင်ဘို့ လိုအပ်တယ်ဆိုတာကိုလဲ လက်မခံချင်ကြဘူး။

အလေးချိန်ရှစ်ပိဿာရှိတဲ့ ပစ္စည်းတခုကို ပူအိုက်တဲ့နေရာ၊ နွေးတဲ့နေရာ၊ အေးတဲ့ နေရာ အဲဒီနေရာသုံးမျိုးမှာ သယ်ရတာခြင်းမတူဘူး၊ အလေးချိန်ချင်းမတူဖူးဆိုတာကို အလုပ်သမားတွေ သင်ကြားပေးဘို့ လိုတယ်ဆိုတာလက်မခံချင်ကြဘူး။

လေ. . ရဲ့ ဖိနှိပ်မှုအင်အားဟာ အပူချိန်ကို အကြောင်းပြုပြီးအလေးအပေါ့ရှိတယ်။ လူရဲ့ သွေးကို လှည့်ပတ်စေတဲ့ အဆုပ်နဲ့နှစ်လုံးတို့ရဲ့ ဖိနှိပ်မှုအင်အားဟာ အပူချိန်ကိုအကြောင်းပြုပြီး အလုပ်လုပ်လေ့ရှိတယ်။ အဲဒီအသက်ရှူနိုင်မှုကို အကြောင်းပြုပြီးလူတယောက်ဟာ မောပမ်းမှု ဖြစ်လာရတယ်၊ သွေးကြိတ်ကလေးတွေ ပူလာရတယ်ဆိုတာ ဘယ်အလုပ်သမားကသိမတုံး သတ်မှတ်နိုင်မတုံး။

. . . . အဲဒါဟာ အနိမ့်ဆုံးဖြစ်တဲ့ သယ်ရပိုးရတဲ့အလုပ်သမားတွေအတွက် သိသင့်သိထိုက် တဲ့ အကြောင်းတွေထဲက အနည်းအကျဉ်းပါ၊ ဒါတွေကိုပညာတတ်တွေကမှ ရှာဖွေစမ်းသပ်နိုင် ပါလိမ့်မယ်၊ အမှန်ကိုသတ်မှတ်နိုင်ပါလိမ့်မယ်၊ ဒါကြောင့်ဆရာတို့တတွေဟာ အလုပ်သမားတွေ အထဲဝင်ပြီး ကိုယ်တိုင်လေ့လာပြီး မှန်ကန်တဲ့လုပ်အားသတ်မှတ်ချက်တွေ ရှာစမ်းပါ။ အလုပ်တွေ ပိုမိုပြီးစီးအောင် အလုပ်သမားတွေ အလုပ်လုပ်ရသက်သာအောင် ကျိုးကြောင်းဆီလျော်တဲ့ နည်းလမ်းတွေရှာပေးကြစမ်းပါလို့ ပြောတယ်ခင်ဗျ။

နိုင်ငံရေးသမားအများစုတွေက ဒို့ကို ကူလီလုပ်ခိုင်းတယ်ဆိုပြီး အတော်ကြီးစိတ်ဆိုး ကုန်ကြတယ်။ အချို့ကမျက်နှာမသာမယာနဲ့ ကဲ. . . ကြိုက်တဲ့နေရာခိုင်းလေ လုပ်လိုက်ကြသေးတာ ပေါ့လို့ပြောတယ်ခင်ဗျ။

ဒါနဲ့ ရသလောက်တွေကို တချို့လယ်ယာတွေထဲမှာအချို့စက်ရုံနဲ့ အလုပ်ဌာနကြီး အသီးသီးတွေထဲမှာပို့လိုက်တယ်။

ပို့ပြီးလို့မကြာမီဘဲ ရှေးအချိန်တွေကထက် အခွင့်အရေးတွေပိုရနေကြလို့ ကျေနပ်ပြီး ဖြစ်နေကြတဲ့ အလုပ်သမားတွေ လယ်သမားတွေဟာ ကြွက်စီကြွက်စီနဲ့ ဖြစ်လာကြတော့တာဘဲ။

လယ်ယာလုပ်နည်းတွေ တိုးတက်ဘို့ စပါးဆန်ရေတွေပိုထွက်ဘို့ အဲဒါတွေဖြစ်မလာ တော့ဘူး။

စပါးတွေဈေးပိုပေးရမယ်၊ ကျေးရွာတွေလမ်းပြင်ပေးရမယ် သယ်ယူပို့ဆောင်ရေးအတွက် အစိုးရက ဘာလုပ်ပေးရမယ် ဆေးရုံနဲ့စာသင်ကျောင်းကို ဘယ်လိုဆောက်ပေးရမယ် ရွာဦးကျောင်းမှာ ဘာလုပ်ပေးရမယ်။ အဲဒါတွေ လာတော့တာဘဲ၊

အလုပ်သမားတွေနေရာမှာလဲ ဒီအတိုင်းဘဲ ဖြုန်းလိုက်ရတဲ့လုပ်အားနဲ့ရလာတဲ့လုပ်ခ ဘာ့ကြောင့်တန်တယ်၊ ဘာ့ကြောင့်မတန်ဘူး ဆိုတာကိုအကျိုးအကြောင်းဆင်ခြင်မှု မှန်ကန်တဲ့ အကြောင်းပြချက်ရှာဖွေချက်မပါဘဲ လုပ်ခတွေတိုးပေးရမယ်။ ဆေးရုံဘယ်နှစ်ခု ဆရာဝန် ဘယ်နှစ်ယောက်ထားရမယ် ရိပ်သာဆောက်ပေးရမယ်နဲ့ ဖြစ်လာတော့တာဘဲ၊

ဘာတွေကြောင့်အလုပ်သမားတွေ သက်သာတယ် ပင်ပန်းတယ် အလုပ်ပိုတွင်အောင် ဘယ်လိုလုပ်ရမယ် ဒါတွေမလာတော့ဘူး တိုင်းပြည်အတွက်နဲ့တိုင်းပြည်အတွင်းမှာရှိနေရတဲ့လူ တွေအတွက်ကိုမျှ မကြည့်တော့ဖူး မိမိရောက်နေတဲ့ နေရာကလေး ကွက်ကွက်ကြည့်ပြီး ဒါတွေ ကတော့ ဒီလိုဘဲဖြစ်မှာပါပဲ၊ ဒို့အစိုးရဖြစ်လာမှ အာဏာရှိလာမှဒါတွေပြင်ပေးနိုင်မှာပါ၊ အခု ကြည့်ပါလား ဒို့ကိုတောင်မတန်မရာ ခိုင်းနေတာဘဲဆိုတဲ့ အပြောမျိုးအလုပ်မျိုးကိုလုပ်နေကြ တယ်ခင်ဗျ။

နောက်ဆုံး တိုတိုအစီရင်ခံရရင်တော့ အဲဒီလူတွေသိထားရသလောက်အကုန်လုံးကို ဖမ်းချုပ်ထားလိုက်ပြီးပြီ၊ ဒါပေမဲ့သိတဲ့လူတွေလဲ အများကြီးကျန်သေးတယ်၊ အဲဒီကျနော်တို့မသိ တဲ့နိုင်ငံရေးသမားဟောင်းတွေကလဲ လယ်သမားနဲ့ အလုပ်သမားတွေကြားထဲမှာ သူတို့ကိုယ် တိုင် လယ်သမားနဲ့အလုပ်သမားတွေအတွင်းကို အထဲဝင်ပြီးရှေ့မဆောင်ကြဘဲနဲ့ စိတ်ပျက် အောင်ချည်းလှုံ့ဆော်နေကြတယ်ခင်ဗျ။

ကျောင်းကထွက်လာတဲ့ လူငယ်ကလေးတွေကလဲ ဒီလယ်သမားတွေ အလုပ်သမားတွေ ထဲမှာ ကိုယ်တိုင်ဝင်ပြီးတကယ်လုပ်ပြ တကယ်ရှေ့ဆောင်ပြချင်တဲ့စိတ်တွေ မရှိကြတော့ဘူး၊ ဒီလိုဆိုယင် ကျုပ်တို့ပညာသင်လာရတာတွေ ဘာလုပ်ဖို့လဲ အလုပ်သမားလုပ်ဖို့နဲ့ လယ်သမား လုပ်ဖို့လောက်ဆိုရင် အချိန်ကုန်ခံပြီး ပညာသင်ဘို့လိုသေးသလားလို့ ပြန်မေးကြတယ်ခင်ဗျ၊ ကျနော်တို့ နိုင်ငံရေးရာဆောင်ရွက်ချက်နဲ့ ပတ်သက်လို့ကတော့ အဲဒီအခြေအနေအတိုင်းပါဘဲ။

စကားသံဆုံးသည်နှင့် တခန်းလုံးလှုပ်လှုပ်ရှားရှား ဖြစ်သွားကြ၏။ အချို့ကလည်း အချင်း ချင်းလှည့်၍ပြုံးကြ၏။

'ကဲ . . . ဟိုဘက်ကပညာရေးဆရာကြီးကလဲ ပြောစမ်းပါအုံး'

ခေါင်းငိုက်စိုက်ပြုလျက်ရှိသော ပညာရေးတပ်ဝန်ခဲသည် ရယ်ဖြဲဖြဲပြုနေသော ဗိုလ်ချုပ်ကြီးသန်မာကို ခပ်ကြောင်ကြောင်ငေးကြည့်၏။ ထို့နောက်လေးလံစွာ စားပွဲမှထရပ်လိုက် သည်။

'ကျနော်ကတော့ သိပ်ပြီးပြောပြစရာမရှိပါဘူး အားလုံးသိပြီးထားကြတဲ့အတိုင်းပါပဲ'

ကျနော်တို့ဒုတိယအကြိမ် ထပ်ဆင့်တော်လှန်တဲ့ ကျေညာချက်ထုတ်ပြီးကထဲက ကျောင်းတွေမှာ ဘာအဖွဲ့အစည်းမှမရှိရဖူး အစိုးရကဖွဲ့စည်းပေးတဲ့ ကျောင်းသားသမဂ္ဂတခု တည်းရှိရမယ်လုပ်ခဲ့တာဘဲ။

ပီးတော့အားလုံးသိကျတဲ့အတိုင်း ကျောင်းသားတွေကသပိတ်မှောက်မယ် ဖက်ဆစ်အစိုးရ ကိုတိုက်ရမယ် ဘာညာနဲ့လုပ်ကြတယ် ကျနော်တို့ကလဲ အသာကြည့်နေလိုက်သေးတယ် ဘာမှမလုပ်သေးဘူး။

အမှန်ကတော့ ဘယ်သူတွေ ခေါင်းဆောင်ကြမယ်ဆိုတာ သိချင်လို့ပဲ အဲဒီလိုသိအောင် အတော်ကလေးအချိန်ကြာအောင် စောင့်ကြည့်နေလိုက်တယ်။

စောင့်ကြည့်နေလို့ တော်တော်ကလေးလဲသိရော ရွှေဝါပြည်တပြည်လုံးမှာရှိတဲ့ ကျောင်းသား ခေါင်းဆောင်တွေရော သပိတ်မှောက်အဖွဲ့ကအမှုဆောင်တွေ အကုန်လုံးရော တပြိုင်ထဲဖမ်းလိုက်တယ်။

မဖမ်းခင်ကတည်းက သူတို့ကိုထားဘို့ ထောင်သုံးခုသီးသန့်လုပ်ထားတယ်၊ အဲဒီထောင် သုံးလုံးထဲမှာ အားလုံးစုထားလိုက်တာပဲ၊ တချိန်ထဲလိုလိုပဲကျောင်းတွေထဲ တတိုင်းပြည်လုံးပိတ်ပစ် လိုက်တာပဲ။

အားလုံးလဲ ကြားခဲ့သိခဲ့ကြပြီးပါပြီ ဘာ့ကြောင့်ဒီလိုလုပ်ပစ်ရတယ်ဆိုတာကို ရေရေလည် လည် ကျနော်တို့က တိုင်းပြည်နားလည်အောင် ရှင်းပြခဲ့တယ် ကြေညာချက်တွေထုတ်ခဲ့တယ် ကြေညာချက်ရဲ့လိုရင်းကတော့. . .

အနာဂတ်မှာရွှေဝါပြည်ကြီးကို ဆက်လက်ထူထောင်ကြမဲ့ရွှေဝါပြည်ကြီးက အားကိုးကြရ မယ့် လူညာကလေးတွေကို လက်ကြောခြေကြောတင်းအောင် အလုပ်မလုပ်လိုကြဘဲ အနာမခံလို ကြပဲ အများရဲ့ ကောင်းကျိုးကိုမကြည့်ကြဘဲ အင်အားစုပြီး လူမိုက်လုပ်ဗိုလ်ကျတဲ့အကျင့်မျိုးတွေ စွဲကပ်နေတာကို မခံမရပ်နိုင်လို့ တားမြစ်ချင်လို့. . . . သည်လို လုပ်ရပါတယ်ဆိုတဲ့ အဓိပ္ပာယ်ပဲ။

ကျနော်တို့က အဲဒီလိုကြေညာချက်တွေ ထုတ်ပြီးတော့မှကျောင်းတွေကိုပြန်ဖွင့်ပေးမယ် ကျောင်းဝင်လိုသူတွေဟာ ကျနော်တို့ချမှတ်ပေးတဲ့ စည်းကမ်းကိုလိုက်နာပါ့မယ်လို့ ဂတိပြုမှ ဝင်ခွင့်ပေးမယ် ဖောက်ဖျက်ယင်ချက်ခြင်းကျောင်းက ထုတ်ပစ်မယ် နောင်ကိုလဲဘယ်တော့မှ လက်မခံဖူးဆိုပြီး တိတိကျကျလုပ်လိုက်တယ်။

အဲဒီလိုလုပ်လိုက်တော့ ကျနော်တို့ထင်သလောက် အခုခေတ်ကျောင်းသားတွေဟာ မပြင်းထန်မဆိုးဝါးကြပါဖူး ချက်ခြင်းငြိမ်သွားကြပါတယ်၊ စည်းကမ်းအတွင်းဘောင်အတွင်း လိုက်နာနေထိုင်ပါ့မယ်ဆိုတဲ့ ကျောင်းသားတွေဟာ အကုန်လိုလိုပါဘဲ။

ထောင်ထဲမှာဖမ်းထားတဲ့ ကျောင်းသားခေါင်းဆောင်ဆိုသူတွေကိုတော့ ကျနော်တို့က ကောင်းကောင်း ကျွေးတယ် အစောင့်အကြပ်တွေနဲ့ လုံလုံခြုံခြုံထားတာကလွဲလို့ သူတို့နေခဲ့တဲ့ အိမ်တို့ ကျောင်းတို့ထက်သာအောင် ဂရုစိုက်ထားတယ်၊ သည်ကျောင်းသားတွေဟာ အပြင်က သူတို့နောက်လိုက် ကျောင်းသားတွေနဲ့ ယှဉ်လို့မရစပ်လို့မရအောင် ကွာခြားသွားတယ်၊

အပြင်ကကျောင်းသားတွေဟာ ‘ဝေါ’ကနဲရေကို သွန်ချလိုက်သလို သူတို့ရဲ့မာန်တွေဟာ အကုန်ကျဆင်းကုန်ကြတယ် မိဘနဲ့တကွ ထားတဲ့အတိုင်းနေပါ့မယ်ဆိုတဲ့ ဝန်ခံချက်တွေကို ပေးနေကြတယ်။

ထောင်ထဲက ကျောင်းသားတွေကတော့ အဲသည်လိုမဟုတ်ဖူး ခြောက်သွေ့သော သစ်တောကို လောင်တဲ့တောမီးလိုပဲ အင်မတန်အရှိန်ပြင်းတဲ့မာနစိတ်နဲ့ ဝင့်ဝါနေကြတယ်၊ သူတို့ကို ကောင်းကောင်းကျွေးမွေးထားတာ ဘယ်လိုမှမလုပ်ဘဲ ထားတာ သူတို့ကိုကြောက်လို့ လို့ထင်နေကြတယ်၊ မဖွယ်မရာတဲ့အပြုအမူတွေ ကျနော်တို့ကိုမြင်တိုင်း ဆဲတာအော်တာ သရော်တာ လှောင်တာတွေလုပ်ကြတယ်။

ပီးတော့မှ ဒို့တတွေဟာ လယ်သမား အလုပ်သမားအကျိုးပြုနိုင်တဲ့ တိုင်းပြည်တခု တည်ဆောက်ဘို့ ကျိုးစားနေတယ် ဒီလိုကျိုးစားရင်း နောက်အချိန်မှာ မင်းတို့ကဆက်လက်ပြီး လုပ်ဆောင်နိုင်အောင် ဒို့ထက်သာအောင်လုပ်နိုင်စေဘို့ဆိုတဲ့ မျှော်လင့်ချက်လဲထားတယ်၊

ဒါပေမဲ့မင်းတို့ အခုလုပ်နေကြတာဟာ ဒို့မျှော်လင့်သလိုမဟုတ်ပါဘူး။ ဒါကြောင့်မင်းတို့ ကို ပြစ်ဒဏ်ပေးတဲ့သဘောနဲ့ အကောင်းဆုံးအရေးယူနည်းနဲ့ယူမယ်။

အဲဒါဟာ တခြားမဟုတ်ဖူး မင်းတို့ကို ဒို့ရွှေဝါပြည်မှာ မထားတော့ဘဲ အလုပ်သမား လယ်သမားအကျိုးပြုတဲ့နည်းနဲ့ ထူထောင်ထားတဲ့တိုင်းပြည်ကို ကျောင်းသားအဖြစ်နဲ့ အားလုံး စုပို့ပေးလိုက်မှာဘဲ၊ အဲဟိုတိုင်းပြည်မှာ ဒို့ကကျောင်းသားဆေးမှာပေ့ါကွာ။

ဘယ့်လောက်အထိ ထားမလဲဆိုယင် ကျနော်တို့မှားပါဘီ ကျနော်တို့အမိတိုင်းပြည်ကြီး ကို ပြန်လာပြီး ကျောင်းစည်းကမ်းအတိုင်း လိုက်နာကျင့်သုံးနေထိုင်ပါ့မယ်လို့ ခိုင်ခိုင်လုံလုံကတိ ပေးမှပြန်ခေါ်မှာဘဲ။

အဲဒီလိုပြောပြီး ကျနော်တို့စီစဉ်ထားတဲ့အတိုင်း တကယ်ပို့ပေးလိုက်တယ်။

ပထမတော့ ဝမ်းသာကျသပေါ့ဗျာ။ ကျနော်တို့က ပို့ပေးလိုက်တာကိုဘဲ တပျော်တပါး ချည်း အကတွေအဆိုတွေ အတီးတွေတဲ့ ထွက်သွားကြတာဘဲ၊

အဲဒီကျောင်းသားတွေက ကျုပ်တို့ဟာ ပညာတွေအကုန်တတ်အောင်သင်ပြီးမှ ရွှေဝါပြည် ကြီးကို ပညာပေးဘို့ပြန်လာခဲ့မတဲ့လေ၊ အင်မတန်ကျေးဇူးတင်လှပါတယ်တဲ့။

နောက်တော့ ဒီနိုင်ငံခြားရောက် ကျောင်းသားတွေဟာ သုံးလအတွင်းမှာဘဲ ကျနော်တို့ မှားပါပြီ ကျနော်တို့ကို ပြန်ခေါ်ပါတော့ ကျနော်တို့ခေတ်သစ်ရွှေဝါပြည်အုပ်ချုပ်ရေးအဖွဲ့က ညွှန်ကြားတဲ့အတိုင်းသေဝပ်စွာ လိုက်နာနေထိုင်ပါ့မယ်ဆိုတဲ့ စာတွေရောက်လာတော့တာပါဘဲ။

ကျနော်တို့ကလဲ သူတို့တကယ် ပြန်ချင်ကြတယ်ဆိုတာ သိတယ် ဒါပေမဲ့မယုံချင်ယောင် ပြုပြီး၊ မင်းတို့စာတွေကို မယုံဖူး အဲဒီတိုင်းပြည်ဟာ အင်မတန်တိုးတက်တဲ့ တိုင်းပြည်ဖြစ်တယ်။ မင်းတို့ကိုယ်တိုင်ကလဲ အင်မတန်သွားချင်ကြတယ်၊ မင်းတို့အင်မတန်စိတ်ဝင်စားတဲ့ အလုပ်သမား လယ်သမားအကျိုးပြု တိုင်းပြည်လဲဖြစ်တယ်။ မင်းတို့အပြောနဲ့ပြောရယင် ငါတို့ တိုင်းပြည်ဟာ ဖောက်ပြန်တဲ့ အုပ်ချုပ်ရေးစံနစ်နဲ့ ငါတို့လို ဖက်ဆစ်ကောင်ကြီးတွေတက်ပြီး အုပ်ချုပ်နေတဲ့တိုင်းပြည်မဟုတ်လား ငါတို့ရွှေဝါပြည်က ကျောင်းတွေဟာ ကျောင်းတွေကို နွားသတ်ရုံထဲမှာထားတဲ့ နွားတွေထားသလို ထားနေတယ်မှတ်လား၊ ဒီလိုထားနေတဲ့နေရာကို ဘာလို့ချက်ခြင်း ပြန်လာချင်ရတာလဲ၊ မင်းတို့ပညာနဲ့ မင်းတို့မှာအကြံတခုခုရှိလို့ ပြန်လာချင် တယ်ပြောနေတာပါ။ ပီးတော့ မင်းတို့ကျောင်းတွေအကုန်လုံးက ပြန်လာချင်တယ်ပြောနေတာ ဒို့မယုံဘူး၊ ပြန်မခေါ်နိုင်ဖူးလို့ အကြောင်းပြန်လိုက်တယ်၊

ဒါတွေကျနော်တို့ကတမင် အကြောင်းပြန်လိုက်တာပဲ ကျနော်တို့သိထားတယ်လေ။

အဲဒီနိုင်ငံကို မပို့ခင်ကထဲက ကျနော်တို့ဆီက ပို့လိုက်တဲ့ကျောင်းသားတွေဟာ ခင်ဗျားတို့ တိုင်းပြည်က အုပ်ချုပ်ရေးနဲ့စံနစ်တွေကို အင်မတန်အားဆေးထောက်ခံတဲ့ ကြိုက်နှစ် သက်တဲ့ကျောင်းသားတွေပါပီးတော့ ခင်ဗျားတို့ဆီမှာ ကျောင်းနေရင်း ကျနော်တို့ဆီက ကျောင်း တွေလူငယ်တွေကို ပြုပြင်ဘို့လေ့လာချင်လို့ အနည်းဆုံးခြောက်လ အများဆုံးတနှစ်အထိပို့ထား ချင်ပါတယ်။

အဲဒီကျောင်းသားတွေကို ရွှေဝါပြည်သားဖြစ်တဲ့အတွက် အထူးအခွင့်အရေးမပေးပါနဲ့၊ ခင်ဗျားတို့ဆီက ကျောင်းသားတွေအတိုင်း တန်းတူထားဆေးပါလို့ ကြိုတင်ပြောထားပြီးသား။

အဲဒီနောက် ကျနော်တို့တိုင်းပြည်က ကျနော်တို့ ကျောင်းသားတွေကို သူတို့ဆီက ကျောင်းသားတွေအတိုင်း တကယ်ထားမထားသိရအောင် ကျနော်တို့ရဲ့လူတွေကိုလဲ တမင် ထည့်ပေးလိုက်တယ် တကျောင်းတည်းတမြို့တည်းကမထားနိုင်အောင် ကျနော်တို့ဆီက ကျောင်းသားတွေလိုချင်တဲ့ဘာသာရပ် အသီးသီးလဲ ဒီမှာကတည်းကခွဲပြီးဘာသာရပ်တူတဲ့ ကျောင်းသားအချင်းချင်းပေါင်းပေးပြီး တသုတ်စီပို့ခဲ့တာဘဲ။

ကျနော်တို့အတွက် အရေးကြီးတာက ဟိုရောက်ရင် ဟိုမှာရှိတဲ့တိုင်းရင်းသားကျောင်း သားတွေနဲ့ ရောမထားဘဲ အထူးအခွင့်အရေးတွေ ပေးလွှတ်လိုက်မှာစိုးလို့ ထားမထားသိရ အောင် ကျနော်တို့လူတွေ တိတ်တဆိတ်ကျောင်းသားလုပ်ပြီး ကျောင်းသားတွေနဲ့ ရောထည့် ပေးလိုက်ရတာဘဲ။

ဟိုရောက်တော့ ကျနော်တို့ထည့်လွှတ်ပေးလိုက်တဲ့လူတွေဆီက သတင်းပို့လိုက်ကြတယ် ရွှေဝါပြည်က လွှတ်လိုက်တဲ့ကျောင်းသားတွေကို အထူးအခွင့်အရေးပေးကြသေးတာပဲတဲ့၊ အဲဒါတောင် ကျောင်းသားတွေက ချက်ခြင်းပြန်ချင်လောက်အောင် စိတ်ပျက်ကုန်တယ်လို့သိရ တယ်။

ဟိုကကျောင်းသားတွေဟာ တကျောင်းလုံးက ကျောင်းသားတွေစွန့်ပစ်တဲ့မစင်ကို နေ့စဉ်အလှည့်ကျသိမ်းဆည်းသန့်ရှင်းရသေးသတဲ့ အဲဒီအတည်းမှာကျနော်တို့ ရွှေဝါပြည်သား ကျောင်းသားတွေကို အထူးအခွင့်အရေးအဖြစ်နဲ့ မသိမ်းဆည်းစေရဖူး။

ဒါပေမဲ့ ကျောင်းသားတွေဟာ မိမိတို့စားဘို့အသီးအနှံကို မိမိတို့ကိုယ်တိုင်စိုက်ပျိုးကြရ တယ် မိမိတို့ကျောင်းခန်း အိမ်ခန်းတွေကို မိမိကိုယ်တိုင်သန့်ရှင်းကြရတယ်၊ စားရေးသောက်ရေး အတွက် အဖွဲ့တွေဖွဲ့ပြီး မိမိတို့ကိုယ်တိုင် အလှည့်ကျချက်ကြရတယ်။

ကစားခုံစားဝါသနာပါတဲ့ ကျောင်းသားတွေကလဲ မိမိတို့သဘောအတိုင်း အလွတ် အပျော်ကစားရတယ်ဆိုတာ ဟိုမှာမရှိဖူး ဆရာနဲ့အတူ အမြဲတန်းစနစ်တကျကျောင်းသင်တန်း တက်သလို အချိန်နဲ့လေ့ကျင့်ကြရတယ်။

ကစားခုံစားဝါသနာပါတဲ့ ကျောင်းသားတွေကလဲ သတ်မှတ်ထားတဲ့ နေ့မှတပါး အချိန် အားမရှိဘူး၊ ကျောင်းသားတွေရဲ့ ကိုယ်လက်ကျန်းမာမှုကို အလုပ်ကြမ်းတခုခုလုပ်ဖို့ စနစ်တကျ ခိုင်းရင်းလုပ်ရင်းနဲ့ ကျန်းမာစေကြတယ်၊ ကျောင်းထဲမှာအသစ်တိုးချဲ့တဲ့ အဆောက်အဦးတွေကို ဆောက်လုပ်နေတဲ့ အလုပ်သမားတွေစေခိုင်းတာကိုခံပြီး အမြဲတန်းကူညီလုပ်အားပေးကြရတယ်။

ဒီအထဲမှာ တပတ်တကြိမ် နှစ်ပတ်တကြိမ်ဆိုသလို အပြင်ကိုထွက်ပြီး တနေကုန် တနေခမ်း လုပ်အားပေးကြရတယ်၊ အဲဒီလုပ်အားပေးကြရတဲ့နေရာတွေဟာ တိုင်းပြည်အတွက် အရေးတကြီးပြင်ဆင်ရမဲ့နေရာမျိုးတွေ။

ဥပမာ ကမ်းပြိုမယ့်နေရာတွေကို ကမ်းမပြိုအောင်ရေမစားအောင် ရေကာရေလွှဲတွေပြု လုပ်ဘို့ အကြောင်းတခုခုကြောင့် ရုတ်တရက်ပျက်သွားတဲ့လမ်းကို ချက်ခြင်းအစားပြန်လုပ်ဘို့လို အပ်တဲ့အတွက် ပြုလုပ်ပေးဘို့ အမှည့်လွန်ပြီး ကြွမ်းကုန်တော့မည်ကဲ့သို့ဖြစ်နေတဲ့ ဘုံလယ်ကွက်ကိုကူရိပ်ပေးဘို့ ပျက်စီးတဲ့။ ဒါမှမဟုတ်ယင် ဆောက်လုပ်ဆဲဖြစ်နေတဲ့ အစိုးရ အဆောက်အဦးတခုခုကို တနေကုန်လုပ်အားဝိုင်းပေးဘို့ဆိုတာတွေ လုပ်ကြရတယ်။

အားလပ်ရက်အဖြစ်နဲ့သတ်မှတ်ပြီး အပြင်ထွက်လယ်ခွင့် ပေးတယ်ဆိုတာဟာလဲ မိမိ သဘောနဲ့ မိမိထင်သလို လည်ပတ်ခွင့်ရတာမဟုတ်ဖူး၊ ဒီနေ့ဒီနေရာဒီနေရာသွားလို့ သတ်မှတ် ပေးလိုက်တဲ့ ပန်းခြံဥယျာဉ်တွေကို အဖွဲ့အစည်းတွေခွဲပြီးသွားကြရတာမျိုး။

အဲဒီပန်းခြံတည်းမှာ ဘယ်ကျောင်းကဘာအဖွဲ့နဲ့ ဘယ်ကျောင်းက ဘာအဖွဲ့တွေ့ဆုံကြရ မယ်၊ အစီအစဉ်တစ်ရပ်အရ ချက်ပြုတ်စားကြရမယ်၊ နှစ်အရ

မိတ်ဖြစ်ဆွေဖြစ် ဘော်လီဘော ကစားကြရမယ်၊ သုံးအရ ဗဟုသုတခြင်းဖလှယ်တဲ့ ပြောဟောပွဲလုပ်ရမယ်။

လေးအရ အဖွဲ့နှစ်ခုလုံးက ပူးပေါင်းပြီး မည်သည့်နေရာမှ အသင့်စောင့်နေကြတဲ့ ကလေးငယ်တထောင်ကို ပုံပြောပွဲသီချင်းဆိုပွဲနဲ့ သွန်သင်ရှေ့ဆောင်မှုပြုရမယ်၊ ဒီအချိန်အခါမှာ ကလေးငယ်ကလေးတွေက သီချင်းဆိုကြိုဆိုရမယ် ပန်းစီးဆက်ကြလိမ့်မယ် အဲဒီနောက် ဘယ်နေရာမှာ ကျောင်းပေါင်းမည်မျှက ကျောင်းသားပေါင်းမည်မျှဆုံကြရမယ်၊ တွေ့ဆုံနှုတ်ဆက် ကြရမဲ့ ညနေ ၅နာရီမှာ မည်သည့်ကျောင်းကဆရာ မည်သူကနိုင်ငံတော်ရဲ့ လယ်ယာမြေ အကြောင်းကို ဟောပြောလိမ့်မယ်အပြီးမှာ ကျောင်းသားထုကြီးအကုန်လုံးက ဒို့လယ်ယာမြေဆို တဲ့သီချင်းကို အားလုံးစုပေါင်းသီချင်းဆိုကြပြီး နှုတ်ဆက်လူစုခွဲကာ မိမိတို့ကျောင်း မိမိတို့ပြန် ကြမယ်. . .

အဲဒါဟာ ကျောင်းသားတွေ ၇ ရက်မှာ တကြိမ်ရက်အားရတဲ့နေ့တိုင်း လှည့်လည် လည်ပတ်ရတဲ့အစီအစဉ်ဘဲ။

. . . . ဟိုတိုင်းပြည်မှာ လူတယောက်လုပ်လိုက်တာဟာ ငဒို့တိုင်းပြည်အတွက်သာဖြစ်တယ်၊ တခြားအကြောင်းနဲ့မဖြစ်ရဖူး တွေ့ရသမျှ မြင်ရသမျှလူတွေရဲ့ လှုပ်ရှားမှုပျော်ရွှင်မှုအားလုံး ငဒို့တိုင်းပြည် ငဒို့လူမျိုးအတွက်ချည်းဖြစ်ရမယ်။ ပီးတော့လဲ အသက်နဲ့ကိုယ်နဲ့မြဲနေသမျှလဲ မအားတမ်း မနားတမ်းလှုပ်ရှားနေကြရမယ်။ ရပ်နားရမဲ့အချိန်ဟာ မိမိတို့ဆက်လက်လှုပ်ရှား နိုင်ဘို့အတွက် မိမိကိုယ်ကို အနားပေးတာသာဖြစ်ရမယ်။

သီချင်းဆိုတာဟာ တိုင်းပြည်အတွက် ပွဲကတာဟာ တိုင်းပြည်အတွက် ကစားတာဟာ တိုင်းပြည်အတွက် ရုပ်ရှင်ကြည့်တာဟာ တိုင်းပြည်အတွက်၊

ရုပ်ရှင်ရုံတွေဟာ ကြည့်ချင်တိုင်းမကြည့်ရဘူး၊ မည်သည့်နေရာ မည်သည့်အဖွဲ့က ဘာရုပ်ရှင်ကားကိုကြည့်မယ်၊ မည်သည့်နေရာမည်သည့်ကျောင်းကို မည်သည့်ရုပ်ရှင်ကြည့်ခွင့် ပေးတယ်၊ ရုပ်ရှင်ကြည့်လိုသူများစာရင်းပေးပြီး လက်မှတ်ဝယ်ယူထားကြပါ။ မည်သည့်အချိန် ကျောင်းမှစုရုံးထွက်ခွာ၍ မည်သည့်ခုံတန်းတွေမှာထိုင်ကြည့်ရမည်၊ ပြီးလျှင် မည်သို့ပြန်လာရ မည်၊ အချိန်မည်မျှအားလပ်ခွင့် မည်သည့်အဆန်းဆောင်၌ ကြည်လင်လာခဲ့ပြီးသော ရုပ်ရှင်ကား ကို မည်သည့်အချိန်တွင် စတင်ဝေဖန်ဆွေးနွေးကြမည်၊ မည်သည့်အချိန်ဝေဖန်ဆွေးနွေးပွဲပြီးမည်။

အဲဒီလိုအချိန်နဲ့ကြည့်ရတယ်၊ အပျော်သဘောကြည့်ခြင်းထက် ပညာရှာမှီးတဲ့ သဘော ကြည့်ကြရတယ်ခင်ဗျ၊ ကျောင်းသားဖြစ်တဲ့အတွက်ကြောင့်မို့ အချိန်အားမရဖူး ကျောင်းသားဖြစ် ရခြင်းကြောင့် အခြားသူတွေထက်ပိုပြီး အလုပ်လုပ်နိုင်တဲ့ စွမ်းအားကိုပိုပြီးပြကြရတယ်။ စည်းကမ်းပိုပြီးသေဝပ်ကြောင်း ပြကြရတယ်၊ ကျောင်းသားဆိုတာဟာ နောက်တခေတ်အတွက် တိုင်းပြည်ကို ထူထောင်ရမယ့်

လူငယ်တွေအဖြစ်နဲ့ အသိပေးထားပြီး အခုလက်ရှိလူတွေထက် ပိုပြီး အလုပ်လုပ်အားပညာရှာမှီးနိုင်အား၊ အနစ်နာခံ၊ ကိုယ်ကျိုးစွန့်နိုင်အား ပြကြရတယ်ခင်ဗျ။

ကျနော်တို့ဆီကပို့လိုက်တဲ့ ကျောင်းသားတွေဟာ ခေတ်သစ်ရွှေဝါပြည်အစိုးရရဲ့ ညွှန်ကြားသမျှစီမံသမျှကို အားတက်သရောလိုက်နာပါမည်။ ဖျက်ဆီးတဲ့ကျောင်းသား မလိုက်နာ တဲ့ကျောင်းသားရှိယင် ကျနော်တို့ကခေါင်းဆောင်ပြီး တိုက်ဖျက်ပေးပါ့မည်။ ကျနော်တို့ ခေတ်သစ်ရွှေဝါပြည်အစိုးရကြိုက်သလို သေဝပ်စွာနေကြပါမည်။ ခေတ်သစ်ရွှေဝါပြည်အစိုးရဟာ ကျနော်တို့အပေါ် ဘယ်လောက်သက်ညှာကြောင်း ဘယ်လောက်စေတနာထားကြောင်း ယုံကြည် ပါပြီဆိုပြီးစာတွေရောက်လာတော့တာပါဘဲ။

ခြောက်လအတွင်းအဲဒီစာတွေအဲဒီလို ဝန်ခံချက်တွေဟာ မနည်းဘူး။ ကျနော်တို့ကလဲ ခြောက်လပြည့်မှဘဲ ပြန်ခေါ်လိုက်တယ်ခင်ဗျ။

အဲဒီကျောင်းသားတွေဟာ ရွှေဝါပြည်ကို ရောက်လာယင်လာခြင်း သူတို့သဘောနဲ့သူတို့ ကျေညာချက်တွေ ထုတ်တယ်၊ ခေတ်သစ်ရွှေဝါပြည်အစိုးရရဲ့ ပညာရေးစနစ်ထောက်ခံကြောင်း နှင့် ကျောင်းသားတွေအပေါ်မှာ ဆက်ဆံသင်ကြားတဲ့ စနစ်ကောင်းကြောင်း၊ သက်ညှာမှုရှိ ကြောင်း၊ အလုပ်သမားလယ်သမားအကျိုးပြုတဲ့ တိုင်းပြည်တွေထဲမှာဆိုယင် ခေတ်သစ်ရွှေဝါ ပြည်ရဲ့ ကျောင်းစနစ် ပညာရေးစနစ်ဟာ အကောင်းဆုံးဟု မိမိတို့ထင်ကြောင်းပေါ့ခင်ဗျာ။

အဲဒီအချိန်မှာ ကျနော်တို့ရွှေဝါပြည်မှာလဲ တပြည်ထောင်လုံး ကျောင်းတွေအကုန်လုံး ပိတ်ပစ်ထားလိုက်ရာက မိဘဝန်ခံချက်တရပ်ရဲ့ ခံဝန်ချက်နဲ့ ကျောင်းသားတွေကို လက်ခံထားလို့ ကျောင်းသားအတော်များများ ကျောင်းတွေကို ပြန်ရောက်နေကြပြီ။

ဒီကြားထဲမှာ အချို့ကျောင်းသားတွေက သဟာယစာဘတ်အသင်းကလေးတော့ ပြုလုပ် ပါရစေ အားကစားအဖွဲ့ကလေးတော့ ပြုလုပ်ပါရစေဆိုပြီးစလာတယ်။

အဲဒီလိုစလာတဲ့ကျောင်းသားပြောအောင် တိုက်တွန်းတဲ့ကျောင်းသားတွေကိုစစ်ပြီး တပြိုင်နက် ကျောင်းထုတ်ပစ်လိုက်တယ်. . .၊

အစိုးရဖွင့်ပေးထားတဲ့ စာဖတ်အသင်းတို့ စားသောက်ခန်းတို့ ကစားကွင်းတို့ ရှိပါလျက် သားနဲ့ အခုလိုကိုယ်ပိုင် မိမိတို့သဘောနဲ့ ဖွဲ့ချင်တယ်ဆိုတာ အစိုးရရဲ့ ကျေညာချက်ကို ဖောက်ဖျက်ရန် ကျိုးစားတာဘဲဆိုပြီး ချွင်းချက်မရှိ ကျောင်းကထုတ်လိုက်တယ်၊

ထုတ်ရုံမကသေးဘူး အပြင်ရောက်တာနဲ့နေ့တိုင်း ရွှေဝါပြည်ရဲဌာနမှာ လက်မှတ်သွားထိုး ရတဲ့ လူဆိုးစာရင်း သွင်းလိုက်တယ်။

အဲဒီလိုလုပ်လိုက်လို့ တိုးတိုးတိတ်တိတ်လုပ်တဲ့ ကျောင်းသားတွေကိုပါ တခါတည်းဆက် ပြီး ကျောင်းကထုတ်လိုက်တယ်၊ တချို့မိဘတွေကပါ ပြင်းထန်လွန်းပါတယ် ဒီလိုမလုပ်သင့်ပါဘူး လို့ပြောလာတယ်၊ မိဘတွေကိုပါ သားသမီးဆိုးထောအောင် ဖျက်ဆီးတဲ့မိဘ သွန်သင်ညွှန်ကြားမှု မရှိတဲ့ မိဘဆိုပြီး သားသမီးတွေကို မြှောက်ပေးတဲ့မိဘဆိုပြီး အရေးယူပစ်လိုက်တယ်၊

ဒီတော့ကျနော်တို့က ကျေညာလိုက်တယ်၊ ဟင်းသီးဟင်းရွက်အသီးအနှံစသည်တို့ဟာ ပုပ်တဲ့အသီးအနှံတလုံး တည္ဒွန့်ရှိယင် ချက်ခြင်းဖယ်ပစ်မှ ကျန်တဲ့အသီးအနှံတွေ မကူးစက်နိုင်ဖူး ဖယ်မပစ်ပဲထားယင် ချက်ခြင်းကူးစက်ပြီး အားလုံးပုပ်သွားနိုင်တယ်။

အဲဒီလိုဘဲ ဒီကျောင်းသားရဲ့ အစပြုမှုကို ကျနော်တို့ကချက်ခြင်းဖယ်ရှားပစ်ရမှာဘဲ ကျနော်တို့ဟာ ဒါတွေကို ဒီအတိုင်းခွင့်လွှတ်လက်ပိုက်ကြည့်နေပြီး မနိုင်မနင်းဖြစ်လာတော့မှ အစုလိုက်အပြုံလိုက် သေနတ်နဲ့ မပစ်ချင်ဘူးလို့လဲ ကျေညာလိုက်တယ်။

အဲဒီလိုနာမည်အပျက်ခံပြီး တင်းတင်းကြပ်ကြပ် လုပ်ပေးလိုက်တော့ ကျောင်းသားတွေ ဟာ ငြိမ်သွားတာပဲ၊ တကယ်တော့ ဝန်ခံချက်နဲ့ ကျနော်တို့လက်ခံထားတဲ့ ကျောင်းသားတွေထဲ မှာ အရင်ကကျောင်းသား ခေါင်းဆောင်တွေ ဆူပူသူတွေ အများအပြားပါတယ် ကျနော်တို့ကလဲ သိတယ် အဲဒီအထဲက နဲနဲလှုပ်ပြီး သွေးတိုးစမ်းတဲ့ကျောင်းသားကို စောစောကပြောသလို ကျနော်တို့က အရေးယူပြလိုက်တော့. . . နောက်ကျောင်းသားတွေလဲဘယ်လိုမှ မလှုပ်ဝံ့တော့ဘူး ဝမ်းထဲကတော့ကြိတ်ပြီး မကျေမနပ်ဖြစ်နေကြတယ်ခင်ဗျ။

အဲဒီအချိန်မှာဘဲ နိုင်ငံခြားက ကျောင်းသားခေါင်းဆောင်တွေ ပြန်လာကြတော့ ကျနော်တို့က ကျောင်းသားတွေကိုဘဲ သွားကြိုခိုင်းတယ်၊

ဒီတော့ ကျောင်းသားတွေကလဲ တချိန်က သူတို့ရဲ့ခေါင်းဆောင်တွေ ခေတ်သစ်ဖွှေဝါ ပြည်အစိုးရကို ပြတ်ပြတ်သားသားတိုက်လာတဲ့ ခေါင်းဆောင်တွေပြန်လာကြပြီဆိုပြီး ဝမ်းသာ အားရကြိုကြတယ်ခင်ဗျ။

အဲဒါ ကျနော်တို့ မှားတဲ့အကွက်တခုဘဲ ဘာပြုလို့လဲဆိုတော့ ဝန်ခံချက် အမျိုးမျိုးနဲ့ မြန်မြန်ပြန်ခေါ်ပါတော့ နောင်တရပါပြီ သတိတရားရပါပြီလို့ အကြိမ်ကြိမ်ဝန်ခံတောင်းပန်ကတိ ပေးခဲ့ကြတဲ့ ကျောင်းသားခေါင်းဆောင်အချို့ဟာ လေယာဉ်ကလဲ ဆင်းကရော သူတို့ကို လာကြိုကြတဲ့ ကျောင်းသားအုပ်ကြီးလဲမြင်ရော မအောင့်နိုင်မထိန်းနိုင်ဘဲ မိန့်ခွန်းတော်ချွေတော့ တာဘဲ။

. . . ဘယ်လိုမိန့်ခွန်းတော်ချွေသလဲဆိုတော့ ရဲဘော်ကျောင်းသားတို့ ငတို့ဟာရဲဘော်တို့ သိတဲ့အတိုင်း ကမ္ဘာ့အလုပ်သမားလယ်သမားတိုင်းပြည်ကို

ခြောက်လလုံးလုံးသွားရောက်လေ့လာ ခဲ့ပြီး ပြန်လာခဲ့ကြတာဖြစ်တယ်၊ ဒီလိုငါတို့သွားရောက်လေ့လာနိုင်ခွင့်ရတာဟာ ရဲဘော်တို့ ငါတို့ရဲ့ညီညွတ်မှုအင်အားနဲ့ ပြင်းထန်တဲ့စိတ်ဓါတ်တွေ တောင်းဆိုချက်တွေကို မလွန်ဆန်ဝံ့တဲ့ အတွက် ငါတို့ကိုပို့ပေးရတာဘဲ၊ အဲဒီလိုပို့ပေးတဲ့အတွက် အခုငါတို့ဟာရဲဘော်တို့ကို ဘယ်လို ဦးဆောင်ရမယ်ဆိုတာကို ပိုပြီးတော့ တိကျမှန်ကန်တဲ့ လမ်းစဉ်တွေရလာတဲ့အတွက် ငါတို့ဟာ အရင်တုန်းကထက်ပိုပြီး စည်းလုံးညီညွတ်စွာ ငါတို့မျှော်မှန်းချက်ကို မမှိတ်မသုံရှေ့ချီတက်ကြရ မယ်။ ရဲဘော်တို့ချီတက်ကြစို့။ ကျောင်းသားအရေးတော်ပုံအောင်ရမည်။

အဲဒါလေယာဉ်လေ့ကားပေါ်ကနေပြီး ပြောတဲ့မိန့်ခွန်းပေ့ါခင်ဗျာ။ ကျနော်တို့ခေါ်သွား တဲ့ ကြိုဆိုတဲ့ ကျောင်းသားတွေကလဲ ပန်းစည်းတွေပန်းကုံးတွေ ပြေးဆက်ကြ၊ ကျောင်းသား အရေးတော်ပုံအောင်ရမည်ဆိုတဲ့ ကြွေးကျော်သံတွေအော်ဂက ဟစ်ကြနဲ့တအားတက်လာကြ တယ်ခင်ဗျ၊ ဒို့ခေါင်းဆောင်တွေပြန်လာပြီ ဒို့ကိုချုပ်ချယ်ထားတာတွေ အခုမှတိုက်ရတော့မယ် ပေ့ါ။

'ဒါပေမဲ့ ကျနော်တို့ကလဲလေယာဉ်ကွင်းထဲမှာဘဲ ကျောင်းသားတွေအားလုံးကိုစုပြီး မင်းတို့ပြောတဲ့အတိုင်း ငါတို့ဟာမင်းတို့ရဲ့ စည်းရုံးမှုညီညွတ်မှုအင်အားကို မလွန်ဆန်ဝံ့တဲ့ အတွက် မင်းတို့ရဲ့ခေါင်းဆောင်တွေကို တကယ့်အလုပ်သမား လယ်သမားဦးဆောင်တဲ့ တိုင်းပြည်ကို ပို့ပေးခဲ့ရပါတယ်'

အဲဒီလိုပြောလိုက်တော့ ဟုတ်တယ်မှန်တယ် ဒါဒို့အောင်မြင်ချက်ပဲ ဒီအောင်မြင်မှုမျိုး အမြဲရအောင် ဆုပ်ကိုင်ထားရမယ်နဲ့ ဝိုင်းအော်ကြတယ်ခင်ဗျ။

အဲဒီလိုအော်တာကို ခဏထားပြီး ကျနော်တို့က ဆက်ပြောတယ်။ 'အခုလဲပဲမောင်တို့ ကျောင်းသားတွေရဲ့ စည်းရုံးမှုအင်အားကို မလွန်ဆန်ဝံ့တဲ့အတွက် မောင်တို့ကျောင်းသားခေါင်း ဆောင်ကြီးများကို တကယ့်အလုပ်သမား လယ်သမားတိုင်းပြည်ကြီးကို ဒီလေယာဉ်ကွင်းကပဲ အခုပြန်လာတဲ့ လေယာဉ်နဲ့ အခုချက်ခြင်းပြန်ပို့ဘို့ သက်ဆိုင်ရာ ပညာရေးဌာနက နှုတ်မိန့် ပေးပါတယ်လို့ ကျေညာလိုက်တယ်ခင်ဗျ။

ဒီအချိန်မှာ ပြန်လာကြတဲ့ ကျောင်းသေားခေါင်းဆောင်အချင်းချင်း မိန့်ခွန်းခွေ့တဲ့ ကျောင်းသားကို ဝိုင်းဆူဆဲကြထိုးကြကြိတ်ကြဖြစ်လာကြတယ်၊ မိန့်ခွန်းခွေ့တဲ့ ကျောင်းသားကို သာပြန်ပို့ပါ။ ကျနော်တို့မပို့ပါနဲ့ ပြောလာကြတယ်။

ကျနော်တို့က ဒီလိုလာပြောတာကို ဒီအတိုင်းလက်မခံဖူး ဆူဆူပူပူမင်းတို့အချင်းချင်း ဘာမှမလုပ်ကြနဲ့။ မင်းတို့လိုချင်တာ လိုလားချက်တွေကို ကျောင်းသားအများရှေ့မှာပဲ လူကြီး လူကောင်းကျောင်းသားများပီပီ ပြောင်တောင်းကြ ပြောင်ပြောကြလို့ ခိုင်းလိုက်တယ်ခင်ဗျ။

ပြီးတော့ မင်းတို့အင်မတန်စိတ်အားထက်သန်တဲ့ အလုပ်သမားလယ်သမားအကျိုးပြု တိုင်းပြည်တပြည်ရဲ့ ကျောင်းကိုပြန်ပို့တာ ပြီးတော့မင်းတို့ရဲ့က စီးလုံးညီညွတ်မှုကို မလွန်ဆန်ဝံ့ တဲ့အတွက် ပြန်ပို့ရတာကို မင်းတို့ဘာကြောင့် မကျေနပ်ကြတာလဲ မင်းတို့အဲဒါ အမှန်အတိုင်း တင်ပြရင် မင်းတို့ကိုပြန်ပို့ရေးမပို့ရေးကိစ္စကို စဉ်းစားမယ်လို့ ပြောလိုက်တယ်ခင်ဗျ။

အဲဒီတော့မှ နိုင်ငံခြားပြန်ကျောင်းသားတွေဟာ မိမိတို့နိုင်ငံခြားကျောင်းမှာ ဘယ်လို နေရတယ်ဆိုတဲ့အကြောင်းတွေ ပေါ်လာတယ်။

ကျောင်းသားတယောက်ကဆိုယင် အလုပ်သမား လယ်သမားအကျိုးကို တကယ်ရှေ့ဆောင်ရွက်ပြီး တကယ်တိုင်းပြည်ကို ထူထောင်တဲ့နိုင်ငံမျိုးမှာ လူတိုင်းသိပ်အလုပ်လုပ်ရတယ်ရေ သာခိုလို့မရဘူး။

ကျောင်းသားတွေလဲ လုပ်ကြရတာဘဲ ကျောင်းသားဆိုတာ အဲဒီလိုတိုင်းပြည်မျိုးမှာ သာမန်အရပ်သားတွေထက်ပိုပြီး တိုင်းပြည်အကျိုးကို စံပြလုပ်ဆောင်ပေးကြရတယ် စံပြအနာခံ ပြကြရတယ် စံပြစည်းကမ်းလိုက်နာကြရတယ်။

ကျနော်တို့က ကျနော်တို့တိုင်းပြည်မှာ စည်းကမ်းတွေထားရမလားဆိုပြီး အစိုးရကိုတိုက် တယ်ဆဲတယ်၊ ကျောင်းပိတ်မပေးကောင်းလားလို့ အစိုးရကိုတိုက်တယ်ဆဲတယ်၊ လိုရင်းချုပ်ယင် ဒို့ကျောင်းသားတွေဘဲ ဒို့ကိုအချောင်ဘာမဆို အစိုးရကအသိအမှတ်ပြုပေးရမယ် အချောင် မလုပ်ရယင် ဒီအစိုးရကိုဖက်ဆစ်အစိုးရလို့ အသိအမှတ်ပြုမယ်လို့ ကျနော်တို့လုပ်ခဲ့ကြတာဘဲ။

စားမေးပွဲမေးခွန်းတွေခက်ရမလားဆိုပီး ကျနော်တို့ဆီမှာဆူပူတယ်၊ အဲဒါဟာ ဟိုတင်း ပြည်မှာရှက်စရာ ရယ်စရာ ကောင်းတဲ့လူတောထဲ ထုတ်မပြောဝန့်တဲ့အဖြစ်မျိုးဘဲ။

ဟိုတိုင်းပြည်က မူလတန်းပညာဟာ ကျနော်တို့ဆီက အထက်တန်းပညာနဲ့ တန်းတူ လောက်ရှိတယ် အားလုံးခြုံလိုက်ယင် ဟိုတိုင်းပြည်က ကျောင်းသားတွေဟာ အစစပညာရှာရာ မှာရော အလုပ်လုပ်ကြရရာမှာရော အိပ်တဲ့အချိန်ကလွဲပြီး မနားမနေရှာကြလုပ်ကြရပါတယ် ဒီမှာလိုမသက်သာပါဖူး၊ ဒါကြောင့်ကျနော်တို့မသွားပါရစေနဲ့လို့ ပြောပြတယ်ခင်ဗျ။

ဒီလိုအမှန်အတိုင်းဖွင့်ပြောပြီးမှ ကျနော်တို့က အဲဒီကျောင်းသားတွေအားလုံးကိုဘဲ ပြန်ပို့ဖြစ်အောင်ပို့လိုက်ကြတယ်၊

'မောင်တို့ဆန္ဒမောင်တို့ရဲ့ ညီညွတ်မှုကို မလွန်ဆန်ဝံ့လို့ ဒို့ကတော့ပြန်ပို့ရမှာဘဲဆိုပြီး ဇွတ်ပြန်ပို့လိုက်တယ်။

နောက်ထပ် ၃လကြာပြီးတော့မှ ပြန်ခေါ်တယ်၊ ဒီတကြိမ်မှာလဲ ပထမတကြိမ်ထက်များ ပြားတဲ့ ကျောင်းသားအုပ်ကြီးနဲ့ လေယာဉ်ကွင်းကနေပြီး သွားကြိုကြတယ်။

လေယာဉ်ပေါ်ကဆင်းလာတဲ့ ကျောင်းသားတွေဟာ အင်မတန်ငြိမ်ဆိမ်သေဝပ်တဲ့ မျက်နှာနဲ့ဆင်းလာကြတယ်၊ ပထမတခါတုန်းကလို မိန့်ခွန်းတွေဘာတွေမခြွေကြတော့ဘူး။

ဒီရောက်တော့လဲ အဲဒီကျောင်းသားတွေကိုဘဲ ဦးဆောင်ခိုင်းပြီး ကျောင်းစည်းကမ်း ကျောင်းသန့်ရှင်းရေး ကျောင်းပညာသင်ကြားရေးတွေအလုပ်ခိုင်းတယ် ကျောင်းရဲ့စနစ်တွေကို ပြင်ပြင်လာတယ်။

အဲဒီလိုပြင်လာခါမှ အခုဘယ်လိုအခြေအနေရောက်လာရလဲဆိုတော့ အဲဒီနိုင်ငံခြားပြန် ကျောင်းသားခေါင်းဆောင်တွေ သေဝပ်ကျိုးနွံသလောက် ကျနော်တို့ဆီမှာရှိတဲ့ ဘယ်တုန်းကမှ မဆူပူတဲ့ ကျောင်းသားတွေဟာ အခုလဲဆူတော့မဆူ ကြပါဖူး၊ တဖြေးဖြေးကျောင်းထွက်ကုန်ကြ တယ်။

အဲဒီလိုကျောင်းထွက်ကြတဲ့အတွက် မိဘတွေကပါသဘောတူညီကြတယ်။

ကလေးတွေကို ဒီလိုခိုင်းလို့ ဘယ်ဖြစ်မလဲ စာတွေကိုဒါလောက်အတင်းအကြပ်သင်ယင် ဘယ်ဖြစ်မလဲ ဒါလောက်နုတဲ့ကလေးတွေဟာ လူရောဉာဏ်ရော ထုံကုန်ကြမှာပေါ့လို့ ပြောတယ် ပညာမတတ်ခြင်လဲနေပါစေတော့ဆိုပြီး မိဘတွေ ကိုယ်တိုင်က သားတွေသမီးတွေကို ကျောင်းနှုတ်ပစ်လိုက်ကြတယ်ခင်ဗျ။

အခုဆိုယင် ရွှေဝါပြည်တပြည်လုံးရဲ့ ကျောင်းသားဦးရေဟာ အင်မတန်နည်းပါးနေပါ တယ် တက္ကသိုလ်ကျောင်းတော်ကြီးတခုလုံးမှာမှ ကျောင်းသားဦးရေ ခြောက်ဆယ်ကျော်ဘဲရှိ တယ်. . . . ၊

ကျောင်းသားတယောက်ကို ကျောင်းတခုလုံးနေနိုင်လောက်အောင် ကျောင်းသားဦးရေ လျှော့ပါးလာတယ်ခင်ဗျ။

အဲဒီတော့ကျနော်တို့ဟာ ဘယ်အရွယ်က ဘယ်အရွယ်အတွင်း ကျောင်းမနေပဲလူမရှိရဆို တဲ့ ဥပဒေကိုအတင်းအကြပ်ထုတ်မလား ဒါမှမဟုတ်ယင်. . .

အရင်တုံးကလို ကျောင်းသားတွေလုပ်ချင်တာ လုပ်တာကိုလွှတ်ပေးလိုက်ပြီး စာသင်ချိန်နဲ နဲ မေးခွန်းလွယ်လွယ်နဲ့ အားလုံးအအောင်ပေးတဲ့စနစ် ပြန်လုပ်မလားဆိုတဲ့ ပြဿနာလောက် ပါဘဲ။

ပညာရေးဆိုင်ရာ ဗိုလ်မှူးကြီးကထိုင်ချလိုက်၏။ ဗိုလ်ချုပ်ကြီးသန်မာကရယ်လိုက်သည်၊

အေး. . . သိပ်အကြောင်းမထူးလို့သာ ထူးများထူးယင်တော့ ထားပါတော့လေ ကဲ ဘယ်သူ ကျန်သေးလဲ သာသနာရေးဆရာကြီးထပါအုံး ဘာတွေအခက်အခဲတွေ့နေတယ်ဆိုတာ လုပ်စမ်း ပါအုံး ဒီတခါတော့ အရင်တုံးကလို အားကြီးကောင်း သိပ်အားကြီးကောင်း အားကြီးအောင်မြင် တာတွေမဟုတ်ကြတော့ဘူး မဟုတ်လားခင်ဗျားတို့ အားကြီးကောင်းအားကြီးအောင်မြင်ခဲ့ကြတာ တွေကြောင့် မြုံ့နေတဲ့အနာကြီးလို အထဲမှာ သွေးပုပ်ပြည်ပုပ်တွေနဲ့ လှိုက်စားနေတာ၊ အခုဘယ် မှာ သွေးပုပ်ပြည်ပုပ်တွေ ဘယ်လောက်များနေပြီဆိုတာ မြင်ကြရ. . . . ကြားကြရပြီမဟုတ်လား၊ ကဲ ပြောပြော သာသနာရေးဆရာကြီးပြောသာပြောတော့. . .

ကျနော်ကတော့ အစကတည်းက အောင်မြင်ပါပြီ ဟုတ်ပါပြီလို့ မပြောခဲ့ဘူးထင်တာပဲဗျ၊ ဘာပြုလို့လဲဆိုတော့ အဲဒီလို ပြောစရာပြစရာ တဦးတယောက်မှမရှိခဲ့ဖူး။

ကျနော်တို့ ရွှေဝါပြည်မှာ ဘာသာအယူဝါဒ အမျိုးမျိုးရှိခဲ့ကြတယ် အဲဒီဘာသာအယူဝါဒ အမျိုးမျိုးအနက် ရွှေဝါပြည်သူပြည်သားအများစု ကိုးကွယ်ကြတာက ဗုဒ္ဓဘာသာဘဲခင်ဗျ။

အဲဒီဗုဒ္ဓဘာသာဟာတကယ်တော့ တခြားဘာသာတွေကထက်ပိုပြီး စောင့်စည်းထိန်းသိမ်း ရတဲ့ သိက္ခာပုဒ်တွေများတယ် တင်းကြပ်လွန်းအားကြီးတယ်။

တခြားဘာသာတွေဆိုယင် အဲဒီလိုတင်းကြပ်တဲ့ သိက္ခာပုဒ်တွေ များပြားလွန်းတဲ့ သိက္ခာပုဒ်တွေမရှိဘူး၊ လူသာမာန်တယောက် အလွယ်တကူလိုက်နာ ကျင့်ကြံနိုင်လောက်တဲ့ သိက္ခာပုဒ်မျိုးဘဲရှိတယ်။

ဒါပေမဲ့ လူအများစုရဲ့ ပျော်ပွဲရွှင်ပွဲနေရာတို့ လမ်းမပေါ်တို့မှာ လိုက်နာဘို့အကျင့်သိက္ခာ တင်းတင်းကြပ်ကြပ်မရှိတဲ့ တခြားဘာသာဝင်တွေရဲ့ ဘုန်းကြီးတွေကိုမမြင်ရဘူး စောင့်စည်းဘို့ လိုက်နာဘို့ အကျင့်သိက္ခာတွေအင်မတန်များ အင်မတန်တင်းကြပ်တဲ့ ရွှေဝါပြည်သူလူများစုတို့ ကိုးကွယ်ကြတဲ့ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးတွေကိုဘဲ အများအပြားတွေ့ရတယ်။

ဘောပွဲ မိန်းမအလှပြိုင်ပွဲ၊ ညကြည့်ချင်ပွဲ၊ ရုံပွဲနဲ့ ရုပ်ရှင်ရုံတွေမှန်သမျှ ဗုဒ္ဓဘာသာဘုန်း တော်ကြီးတွေကို လူတွေနဲ့တိုးဝှေ့နေတာကို အချိန်မရွေးမြင်နိုင်တယ် အကျင့်သိက္ခာစောင့်စည်း စရာများများစားစားမရှိတဲ့ တခြားဘာသာက ဘုန်းတော်ကြီးတွေကို ဘယ်အခါမှ အဲဒီလိုနေရာ မျိုးတွေမှာ မတွေ့နိုင်ဘူး မတွေ့ရဘူး။

ပီးတော့ ရွှေဝါပြည်မှာလူတိုင်းကြောက်ကြရတဲ့ သားသုံးသားရှိတယ်လို့ ပြောစမှတ်ပြု နေကြရတယ်၊ အဲဒါကစစ်သားကျောင်းသား ဘုရားသားတဲ့၊ အဲဒီဘုရားသားကို ရွှေဝါပြည်သူ ပြည်သားတွေက ဂေါ်ရာဝါလို့လဲ ကင်ပွန်းတပ်ထားကြတယ်၊

အဲဒီသားသုံးသားဟာ အုပ်နဲ့ချီပြီး အနိုင်ကျင့်တဲ့အလုပ်တို့ ဖျက်ဆီးတဲ့အလုပ်တို့ တိုက်ခိုက်တဲ့အလုပ်တို့ လုပ်လေ့ရှိကြတယ်ခင်ဗျ စည်းကမ်းမရှိဖူး။

အဲဒီအထဲမှာစစ်သားကိုတော့ သူတို့တပ်တွေ ဗိုလ်တွေကတင်းတင်းကြပ်ကြပ် အုပ်ချုပ် ထား အရေးယူထားကြလို့အတော်ကလေး ငြိမ်ဝပ်ပိပြားသွားပြီ။

ကျောင်းသားဆိုတာက အခုနဗိုလ်မှူးကြီးပြောသလို မရှိသလောက်ဖြစ်နေပြီ ရှိသလောက် ကျောင်းသားတွေကလဲ ပညာသင်ရတာနဲ့ မအားလပ်ကြတော့ဘူး၊ အဲဒီတော့ဘယ်သူကျန်သလဲ ဆိုတော့ ဂေါ်ရာဝါဆိုတဲ့ ဘုရားသားတွေပဲ ကျန်တော့တယ်၊

ဒီဘုရားသားတွေက ဘာလုပ်သလဲဆိုတော့ အခုခေတ်သစ်ရွှေဝါပြည်အုပ်ချုပ်ရေးအဖွဲ့က အုပ်ချုပ်တာကို လုံးဝမကျေနပ်ကြဘူး၊ မကျေနပ်တဲ့ အကြောင်းကတော့ သူတို့ဒကာဒကာမ ကုန်သည်ပွဲစားတွေက အရှင်ဘုရားတို့ကို အခါတိုင်းလို တပည့်တော်တို့ မလှူနိုင်တော့ဖူး၊ ခုတပည့်တော်တို့ အလုပ်အကိုင်တွေ အားလုံးရပ်ပစ်လိုက်ရပါတယ်၊ တပည့်တော်တို့စီးပွားရေး တွေကို ဘယ်လိုထိခိုက်ကုန်လာပါတယ်။ နောက်ဆိုယင်ဆွမ်းတောင်လောင်းဘို့ ခဲယဉ်းပါလိမ့် မယ်လို့ လျှောက်ထားကြတယ်၊

အဲဒီလိုလျှောက်ထားလိုက်တာနဲ့ တပြိုင်နက်၊ ဘုန်းတော်ကြီးတွေဟာ ဒေါသတကြီးနဲ့ ဖြစ်လာကြတော့တာပါပဲ။ သူတို့ဟာတဖက်သတ်လျှောက်တင်ချက်နဲ့ကို ထိန်းမနိုင်သိမ်းမရဖြစ် ကုန်ကြတော့တာပါပဲ၊

အဲဒါနဲ့ ဒီအတိုင်းအလျှော့ပေးထားလို့ မဖြစ်ဘဲ ဘုန်းတော်ကြီးတွေကို ဂရုစိုက်လာကြ ရတယ်၊ ဒီဂရုစိုက်လိုက်တော့ ဘာတွေတွေ့ရသလဲဆိုယင် ကျနော်တို့တတွေက အကြည်ညိုပျက် အောင် နိုင်ငံခြားသားတွေက ရွှေဝါပြည်သား ဘုန်းတော်ကြီးတွေကို အထင်သေးအောင် ဘုန်းတော်ကြီးတွေရဲ့ ဂုဏ်သိက္ခာလျှော့ပါးအောင်လုပ်နေတဲ့ ရွှေဝါပြည်ဘုန်းတော်ကြီးအများစု ကို သတိထားလာမိတယ်။

အဲဒီ ဘုန်းတော်ကြီးတွေဟာ အသက် ၂၀က အသက် ၄၀ပတ်ဝန်းကျင်အတွင်းမှာပဲ ရှိကြ တယ်။ သူတို့ဟာစာပေကျမ်းဂန်လဲမသင် မတက်ဖူး။ သီလသိက္ခာ ကမ္မဋ္ဌာန်းဘာဝနာကို အားထုတ်နေသူတွေလဲမဟုတ်ဖူး၊ သူတို့ဟာ အရက်လဲသောက်တယ် မိန်းမလဲပိုးတယ်။ ရုပ်ရှင်ရုံ တွေဘောလုံးပွဲတွေမှာလဲတိုးတယ်။ နိုင်ငံရေး သာသနာရေးအဖွဲ့အစည်းတွေဖွဲ့ပြီး ဘုန်းတော်ကြီး ချင်းလဲ အနိုင်ကျင့်မိုက်ကြေးခွဲတယ်။ သူတို့အထဲက တချို့အမျှော်အမြင်ရှိတဲ့ ဘုန်းကြီးအနည်း အကျဉ်းက ရွှေဝါပြည်ရဲ့အတန်းစာမေးပွဲကိုဖြေတယ်၊ အဲဒီလိုဖြေတဲ့ဘုန်းတော်ကြီးလောက်ပဲ ရွှေဝါပြည်စာကို ဖြောင့်ဖြောင့်တန်းတန်း ဖတ်နိုင်ရေးနိုင်တယ်

အဲကျန်တဲ့ဘုန်းတော်ကြီးအများစု ကတော့ ရွှေဝါပြည်စာကိုထောင် ဖြောင့်အောင် ရေးတတ်ဖတ်တတ်ခြင်းမရှိဘူး သတ်ပုံမမှန်ဖူး။

ပီးတော့ ဘုန်းတော်ကြီးအများစုက တကယ့်ဘာသာကိုယုံကြည်လို့ တကယ့်ကျမ်းဂန် စာပေကိုတတ်ချင်လို့ တကယ်သင်ကြားကျင့်ကြံနေတဲ့ ဘုန်းတော်ကြီးအနည်းစုကို အမြဲတန်း အနိုင်ကျင့်တယ်၊ သြဇာပေးတယ် လွှမ်းမိုးတယ်။

တကယ့် ဘုန်းတော်ကြီးတွေက သူတို့စာပေကျမ်းဂန် အေးအေးသင်ရယင် သူတို့ယုံ ကြည်တဲ့ ကမ္မဋ္ဌာန်းဘာဝနာကို အေးအေးကျင့်ကျန်အားထုတ်နေရယင် တော်ပြီဆိုပြီး ဟိုဘုန်း တော်ကြီးတွေက ဘာတွေသြဇာပေးပေး ခေါင်းငြိတ်လွှတ်လိုက်ကြတာချည်းပဲ. . .

တနေ့တော့ နိုင်ငံခြားက စစ်သဘောတစင်းရောက်လာတယ်၊ အဲ ရွှေဝါပြည်သားတွေကို ကြည့်ခွင့်ပေးတော့တန်းစီပြီး ငါးရာတသုတ် ငါးရာတသုတ် ဆင်းကြည့်ကြတယ် အဲဒီတုံးက မိန်းမတွေ ယောကျာ်းတွေနဲ့ ကလေးတွေကြားထဲမှာ ရွှေဝါပြည် ဘုန်းတော်ကြီးတွေဟာဝင်းလို့၊

အဲဒီတုံးက နိုင်ငံခြားသဘောသားတွေက သဘောခေါင်မိုးပေါ်မှာ ခြေတွဲလောင်းချပြီး ကားကားကြီးတွေ ထိုင်နေကြတယ်။ သဘောကိုတက်ကြည့်တဲ့လူတွေက အောက်ကသဘောထဲ ကို ဝင်ကြရတယ်၊

ခေါင်းပြောင်ပြောင်နဲ့ဘုန်းကြီးတပါးက သဘောထဲကိုဝင်မယ်လုပ်တော့ ဖနပ်ချွတ်ထား တဲ့ နိုင်ငံခြားသဘောသားက ဘုန်းတော်ကြီးရဲ့ ပြောင်နေတဲ့ခေါင်းကိုခြေထောက်နဲ့ လှမ်းတို့ ကြည့်တယ်၊ ဘုန်းကြီးကမော့်ကြည့်တော့ ရင်းနှီးတဲ့မျက်နှာနဲ့ရယ်ပြတယ်၊ ဘုန်းတော်ကြီးကလဲ ရွှေသွားတဝင်းဝင်းနဲ့ ပြန်ရယ်တယ်၊ မြင်ကြရတဲ့ ဘေးကရွှေဝါပြည်သားပြည်သူတွေက မျက်နှာ ပျက်နေကြတယ် စိတ်မကောင်းဖြစ်နေကြတယ်၊

အဲဒီလိုအဖြစ်မျိုးတွေနဲ့ ဆင်တူရိုးမှား အဖြစ်မျိုးတွေဆိုယင် နေ့တိုင်းလိုလို ဖြစ်နေမြင် နေကြားနေကြရတာဘဲ။

တခါကလဲ နိုင်ငံခြားသား ဖော်လှန်ကား ကပွဲတခုလုပ်လို့ဘုန်းတော်ကြီးတွေကို လက်မှတ်မရောင်းဘူး ကပွဲဝင်ခြင်းကို လက်မခံဘူး အဲဒီတုန်းကဘုန်းတော်ကြီး ဆယ်ပါးလောက် ဟာ အရက်မူးပြီး ကပွဲလုပ်တဲ့နေရာကို သုံးလေးကြိမ် လှည့်ပတ်နေတယ် နောက်ပြီးကြော်ငြာရုပ် ကို ခဲနဲ့ပေါက်ပြီးမှ ပြန်သွားကြတယ်၊

ဒီလိုအပြုအမူတွေဟာ ဗုဒ္ဓသာသနာ အင်မတန်ထွန်းကားတဲ့ ကျွန်တော်တို့အိမ်နီးချင်း မြန်မာတိုင်းပြည်ကများ သိသွားမယ်ဆိုယင် အတော်ချည်းရှက်စရာကောင်းတယ် ကျနော်တို့ တိုင်းပြည်ကို အထင်သေးသွားနိုင်တယ်။

ကျနော်တို့ ရွှေဝါပြည်ရဲ့ ဘုန်းတော်ကြီးကျောင်းတွေဟာ မြန်မာတိုင်းပြည်က ဘုန်းတော် ကြီးကျောင်းတွေနဲ့ မတူတော့ဘူး တောတွင်းဆူပူသူတို့ရဲ့ သံရုံး။

အဖမ်းအဆီးမရှိ လျစ်လျူအပြုခံရသော သူခိုးဓါးပြတို့၏ ဘေးမဲ့နယ်မြေ၊

ဖဲဝိုင်း၊ အရက်ဆိုင်၊ မိန်းမရှုင်တို့ လွတ်လပ်စားကျက်စားနိုင်သော ဘေးမဲ့နယ်မြေလို ဖြစ်နေတယ်။

တချို့တိုက်ကျောင်းကြီးတွေနဲ့ ဘုန်းတော်ကြီးတွေ ဆိုယင် အဲဒီတိုက်ကျောင်းကြီးရဲ့ သီးသန့်အခန်းတခုထဲမှာ တိုက်ရှင်အလှူ့ဒကာရဲ့ မယားငယ်တယောက်ဟာ အမြဲနေထိုင်လေ့ရှိ တယ်၊ အဲဒီမယားငယ်ဟာ ဘုန်းတော်ကြီးရဲ့ ကပ္ပိယဒါယိကာမအဖြစ်နဲ့ နာမည်ယူပြီး အဲဒီကပ္ပိယ ဒါယိကာမရဲ့ အလှူ့ဒကာသူဌေးကလဲ သုံးရက်တကြိမ်လေးရက်တကြိမ် ဘုန်းတော်ကြီးကျောင်း မှာ လာလာအိပ်လေ့ရှိတယ်။

အဲဒီကပ္ပိယဒကာမယားလဲ တခါတလေ တလနှစ်လမှာတယောက်ပြောင်းတယ် တခါ တလေ ခြောက်လတနှစ်လောက်ကြာမှ တယောက်ပြောင်းတယ်။

တခါတလေ အဲဒီအခန်းထဲမှာ ကပ္ပိယဒါယိကာမမရှိတော့ဖူး ဒါပေမဲ့ အဲဒီသီးသန့်ခန်းထဲ မှာတော့ အုတ်ကျောင်းကြီးဒကာနဲ့အတူ ကပ္ပိယဒါယိကာမလောင်းလေးတွေ တည့်ဉ့်တယောက် လောက်ရောက်လာလေ့ရှိတယ်။

ပြီးတော့ အဲဒီအုတ်ကျောင်းကြီးထဲမှာ ကပ္ပိယဒါယိကာမတွေ မကြာမကြာပြောင်းလဲပေမဲ့ အုတ်ကျောင်းဒကာကတော့ ဘယ်တော့မှမပြောင်းဖူး။

အဲဒီအဖြစ်မျိုးတွေဖြစ်နေတွေ့နေရတဲ့အတွက် ကြာယင်တော့ သာသနာတော်ကြီးဟာ အခုထက်ပိုပြီး လျော့ရဲရဲဖြစ်ရတော့မယ်။ ရွှေဝါပြည်သားဘုန်းတော်ကြီးတွေရဲ့ အတုကိုသာ လူတွေကလိုက်ယူနေကြမယ်၊ အကောင်းအမှန်မှတ်ပြီး ဆီးကပ်ကိုးကွယ်နေကြမယ် ဘုန်းတော် ကြီးတွေရဲ့ အကျင့်အတိုင်း လိုက်ကျင့်ကုန်ကြမယ်ဆိုယင်. . .

အယူတူဝါဒတူဖြစ်တဲ့ အိမ်နီးချင်း မြန်မာနိုင်ငံကိုတောင် မျက်နှာပြဝံ့စရာမရှိကြတော့ဘူး ရှက်ဖွယ်လိလိ ဖြစ်ကုန်တော့မယ်။

လူတွေအားလုံးဟာ ဖြစ်ပ်စပ်နဲ့ အိန္ဒြေကင်းသူတွေ ဘာမှတပင်တပန်း အလုပ်မလုပ်ချင် ဘဲ အချောင်ကောင်းကောင်းစား ကောင်းကောင်းဝတ် ကောင်းကောင်းနေလိုသူတွေ ခြိုးခြံမှု ချုပ်တီးမှုမရှိတဲ့ လျှပ်ပေါ်လော်လီသူတွေ ကိုယ်ကျင့်တရားပျက်တဲ့ တကိုယ်ကောင်းအချောင် သမားတွေချည်း ဖြစ်ကုန်ကြတော့မှာဘဲ ပီးတော့ ရွှေဝါပြည်သာသနာကြီးလဲ အထင်သေးစရာ လူမလေးခွေးမခန့်ဖြစ်ပြီး နိုင်ငံခြားသား တိုင်းကနှာခေါင်းရှုံ့စရာဖြစ်တော့မှာဘဲဆိုပြီး. . . .

လွန်ခဲ့တဲ့ အပတ်လောက်ကနေ အမိန့်တခု အတိအကျထုတ်ခဲ့တယ်။

အဲဒီအမိန့်က သာသနာတော်ကြီးကို လူမသမာတွေဟာ သေးသိမ်အောင် နာမည်ပျက် အောင် ဝင်ရောက်လုပ်ကြံနေကြတဲ့အတွက် အဲဒီသာသနာတော်ကြီးကို အဖတ်ဆည်ပေးဘို့ နာမည်မပျက်အောင် ကာကွယ်ပေးဘို့ လိုအပ်တဲ့အတွက် သာသနာဝန်ထမ်း ရဟန်းတဝါရသူ တိုင်း အိမ်နီးချင်းတိုင်းပြည်ဖြစ်သော မြန်မာပြည်မှရဟန်းများကဲ့သို့ မိမိတို့ကျင့်ရမည့် ကျင့်ဝတ် သိက္ခာအားလုံးကိုရရှိရမည်။

ရဟန်းဖြစ်ပါလျက် ရဟန်းဝါတဝါလည်းရရှိပြီးသူဖြစ်ပါလျက် ရဟန်းတို့ကျင့်ရမည့် ကျင့်ဝတ်သိက္ခာကို မရမသိသောသူများတွေ့လျှင် သာသနာတော်ကို နာမည်ပျက်အောင်ပြုသူ သာသနာကို ဖျက်ဆီးသူအဖြစ် သင်္ကန်းကိုချွတ်ယူလျက် နီးရာကျောင်းရှိ ရဟန်းကောင်းတို့ကိုပေး လှူပစ်မည်၊ လူကို ဖမ်းဆီးအရေးယူပစ်မည်လို့ ကျေညာလိုက်တယ်ခင်ဗျ။

အဲဒီလိုကျေညာလိုက်တာနဲ့တပြိုင်နက် ရွှေဝါပြည်မှာ ရှိတဲ့ တကယ့်သိက္ခာသမာဓိနဲ့ စာတတ်၊ ပေတတ်၊ ဘုန်းတော်ကြီးတွေကပါ လူတကာတွေဟာ ငါတို့ရဟန်းသံဃာတွေကို စော်ကားကုန်ပြီလို့ ယူဆလာကြတယ်၊

ငါတို့ကို နာမည်ဖျက်နေတဲ့ ရဟန်းယောင်တွေကို ရှင်းအောင်လုပ်ပေးတာပါကလား ဒီရဟန်းတုရဟန်းယောင်တွေကြောင့် ညှိုးမှိန်နေရတဲ့သာသနာကြီးကို အရောင်တောက်လာ အောင် ငါတို့ရဟန်းစစ်ရဟန်းမှန်တွေ ပိုပြီး ရတနာစစ်ဖြစ်လာအောင် တန်ဘိုးမြင့်လာအောင် ပြုလုပ်ပေးတာပါကလားလို့ မယူဆကြတော့ဘူး၊ အတူတူရောနှော နေရတဲ့အတွက် မိမိတို့ပါ ဒီရဟန်းတုတွေနဲ့အတူရောနှောပြီး အထင်သေးခံနေရတဲ့ ရဟန်းတုတွေကို ဒီရဟန်းအစစ်တွေ ကပါ တကယ်ကာကွယ်ပေးနေကြတယ် နာကျည်းနေကြတယ်၊

ရဟန်းအမည်ခံထားတဲ့ အရက်သမားတွေ လူလိမ်လူဆိုးတွေကို ရှင်းထုတ်ပေးနေတာကို ငါတို့ပါစော်ကားနေပြီလို့ ထင်လာကြတယ်ခင်ဗျ။

စာတတ်ကျမ်းတတ် ဆရာတော်ကြီးတွေ တကယ် သံဃာတော်အစစ်တွေကသာစိတ်ဆိုး ကြတာမဟုတ်ဘူး ရွှေဝါပြည်သူပြည်သားတွေကပါ ဒို့သာသနာကို သည့်ခေတ်သစ်ရွှေဝါပြည် အစိုးရက ဝင်ရောက်စော်ကားပြီး ချုပ်ချယ်လာပြီလို့ ထင်ကုန်ကြတယ်၊

အထူးသဖြင့် ရွှေဝါပြည်သူအမျိုးသမီးတွေက ပိုဆိုးတယ်၊ ပိုပြီးမခံမရပ်နိုင်ဖြစ်နေကြ တယ်၊

ကျနော်တို့ကရှင်းပြတယ် အကျင့်သိက္ခာရယ်လို့ စောင့်စည်းစရာသိပ်မရှိပါဘူးဆိုတဲ့ ခရစ်ယံဘုန်းတော်ကြီး မိုစလင်မုဖ္တီတွေ၊ မော်လဝီဥပသကာကြီးတွေနဲ့ကျနော်တို့ ဘုန်းတော် ကြီးတွေကိုယှဉ်ကြည့်စမ်းပါ။

အဲဒီဟိုဘာသာခြား ဘုန်းတော်ကြီးတွေကို ဘယ်ပျော်ပွဲရွှင်ပွဲတွေမှာတွေ့သလဲ ဘယ်လူတွေ ကြားထဲမှာတွေ့ရသလဲ၊

ဘာသာတူအယူတူဖြစ်တဲ့ အိမ်နီးချင်းတိုင်းပြည် မြန်မာပြည်က ရဟန်းတွေနဲ့ဘဲ ယှဉ်ကြည့်ပါဦး ကျနော်တို့ ဗွေဝါပြည်ရဟန်းတွေဟာ အင်မတန်သိက္ခာပျက်နေကြပါတယ်၊ အတုအယောင်တွေ အဆမတန်များနေကြပါတယ်၊ ဒါ့ကြောင့်တကယ့်ဆရာဆော် သံဃာတော် ကြီးတွေရဲ့ ဂုဏ်သိက္ခာကိုထိန်းဘို့ သည်လိုလုပ်ရတာဘဲ၊

သည်လိုလုပ်တဲ့အထဲမှာ ထိခိုက်နစ်နာအောင် ပြုလုပ်တဲ့သဘော စော်ကားတဲ့အပြုအမူ တခုမှမပါပါဖူး။

ရဟန်းအစစ်ဆိုယင် ရဟန်းကျင့်ဝတ်ကိုသိရမယ် မသိယင် ရဟန်းယောင်ဆောင်ပြီး ရဟန်းတွေကိုနာမည်ဖျက်နေတဲ့လူ ဒီလူကိုရဟန်းအဝတ်ဆွဲချွတ်တယ် ဖမ်းဆီးအရေးယူပေးတယ်၊ ရဟန်းတွေကို ကျနော်တို့ဟာ ရိုသေမြဲ လေးစားမြဲပါဘဲလို့ရှင်းပြတယ်။

အဲဒါမရဘူး ရဟန်းတွေကရော အထူးသဖြင့် ဗွေဝါပြည်သူ အမျိုးသမီးတွေကရော သိပ်စိတ်ဆိုးနေကြတယ်။

ပီးတော့ ရဟန်းသိက္ခာကို မေးတဲ့နေရာမှာလဲ မဖြေနိုင်အောင် တမင်မေးတယ်လို့ စွပ်စွဲ လာကြပြန်တယ်။

သိက္ခာပုဒ်ပေါင်းဘယ်လောက်ရှိလဲ၊ ဘယ်လိုမှ ကျူးလွန်ခွင့်မရဘဲ ကျူးလွန်လိုက်ယင် လူဖြစ်တဲ့ သိက္ခာပုဒ်ပေါင်း ဘယ်လောက်ရှိလဲ၊ ဝတ်စောင့်ရတဲ့ သိက္ခာပုဒ်ပေါင်းဘယ်လောက်ရှိ လဲ၊ သတင်းသည်ချည်း နောက်မလုပ်မိအောင် စောင့်စည်းပါ့မယ်လို့ ကတိပေးရုံနဲ့ပြေပျောက်တဲ့ သိက္ခာပုဒ်ပေါင်း ဘယ်လောက်ရှိလဲ၊ အခဏ်းကဏ္ဍပေါင်းဘယ်လောက်ရှိတယ်ဆိုတဲ့ ခေါင်းစဉ် လောက်မေးတာတောင် မဖြေနိုင်ကြတဲ့ရဟန်းတုဆွေက. . .

တမင်မိမိတို့ရဟန်းတွေကိုအပြစ်ရှာပြီး လူဝတ်လဲခိုင်းဘို့အတွက် မဖြေနိုင်တဲ့ခက်ခက်ခဲခဲ တွေ တမင်မေးနေပါတယ်၊ ဒါသာသနာဖျက်ဘို့လုပ်နေတာပါလို့ စွပ်စွဲလာတယ်ခင်ဗျ။

အခုအဲဒီမကျေနပ်မှုဟာ အတော်ကြီးအုံကြွလာပြီး အဆောက်အအုံလဲတော်တော်ကြီးမား နေပြီလို့ သိရပါတယ်။

ကြီးဆိုရရာတုန်ခါးခဲ ပုလင်းတွေနဲ့ ကိုင်ပြီးမိန်းမတွေနဲ့. . . ဘုန်းတော်ကြီးတွေဟာ အခုရွှေဝါပြည်အစိုးရကို တိုက်ခိုက်ဘို့လုပ်လိုက်ကြသေးတယ်ခင်ဗျ။ နောက်တခါဘာအကြောင်း မှန်း ကျနော်တို့မသိလိုက်ရှူး ဒီသတင်းဟာ ရပ်သွားတယ်၊

အပြင်းအထန်လိုက်စုံစမ်းလို့ သိရတာကတော့ ဗေဒင်ကိန်းအရအောင်နိုင်မဲ့ အချိန်အခါ ကို ရွေးဘို့အတွက် ပြန်ဆိုင်းလိုက်ကြတယ်လို့ သိရတယ်ခင်ဗျ။

သူတို့ထလှုပ်ရှားမဲ့ အချိန်ဟာ နက္ခတ်တွေနဲ့ညီတဲ့ အချိန်မှဓါတ်ရိုက်ယတြာပြု အင်းမြှုပ် ပြီးစနစ်တကျတိုက်မယ်လို့ ကြားရတယ်၊

အဲဒီလိုထတိုက်လိုက်တာနဲ့ ရွှေဝါပြည်တပြည်လုံးက အိမ်ရှေ့မှာသပြေပန်းနဲ့ရေချမ်းအိုး ထိုးပြီး စောင့်ကြိုရမတဲ့။

အဲဒီလို စောင့်ကြိုဆုတောင်းတဲ့အိမ်တွေနဲ့ အိမ်သူအိမ်သားတွေဆီကို ရောက်လာတဲ့ လက်နက်လက်ခဲယမ်းတွေဟာ အနောဓါတ်အိုင်ကရေသီတာပေါက်တွေဖြစ်ပြီး အင်မတန်အေးမြ ချမ်းမြေ့သွားသတဲ့။

ဒီတိုက်ပွဲဟာ ကျနော်တို့ခေတ်သစ် ရွှေဝါပြည်အုပ်ချုပ်ရေးအဖွဲ့ဝင်တွေကို အားပေးကူညီ တဲ့သူတွေအားလုံး ဖွဲပြာတွေဖြစ်ပြီး တိုက်ပွဲအပြီးမှာရွာချလိုက်တဲ့ မိုးရေပေါက်တွေနဲ့အတူ အဲဒီပြာတွေမြောပါသွားရမတဲ့။

ပြီးတော့ လူတွေဟာ အေးချမ်းပြီဆိုပြီး မိုးရေထဲပြေးထွက်လာကြမတဲ့ တယောက်နဲ့ တယောက်ပွေ့ဖက်ပြီး ဒီကပ်ကြီးကလွတ်လာခဲ့တဲ့အတွက် အလွန်ပျော်ကြမတဲ့။

အဲဒီအချိန်မှာ ရွှေငွေကျောက်သံပတ္တမြားမိုးတွေ ရွာချလိုက်တော့ လူတွေဟာ အိမ်တွေထဲကို ဝင်ပြေးကြမတဲ့ မိုးတိတ်သွားတဲ့အချိန်၌ အိမ်ပတ်ဝန်းကျင်မှာပုံနေတဲ့ ကျောက်မြက်ရတနာဆွေ ရွှေတွေငွေတွေကြုံးယူကြပြီး ဘုရားတွေတယ် ကျောင်းတွေဆောက် အလှူအတန်းပွဲတွေ လမ်းတွေလုပ်နဲ့ နေ့ညဥ့်ဆိုင်းသံမပြတ်ပဲ နတ်ပြည်တမျှစီကားသာယာလာ မတဲ့။

အဲဒီအချိန်မှာမှ မြောက်အရပ်က စကြာဝတေးမင်းလောင်းဟာ ရွှေဝါပြည်ကြီးနဲ့တကွ တကမ္ဘာလုံးအုပ်ချုပ်လွှမ်းမိုးဘို့ စကြာခြေနင်းနဲ့ နတ်မြင်းပျံကိုစီးပြီး ဆိုက်ရောက်လာမတဲ့ခင်ဗျ။

အဲဒါဟာ နောက်ဆုံးသိထားတဲ့အခြေအနေနဲ့ သတင်းတွေပါဘဲ။

သာသနာရေးဆိုင်ရာဌာနတာဝန်ခံ ပြောပြီးသွားသည့်အချိန်၌ အားလုံးတိတ်ဆိတ်နေကြ ၏။ ဗိုလ်ချုပ်ကြီးသန်မာလည်း မလှုပ်အခြားသူများလည်းမလှုပ်တော့. . .

ဆိုးထက်ခိုင်က တက်ခေါက်လိုက်၏။

ကျနော်တို့ ရွှေဝါပြည်သူပြည်သားတွေဟာဗျာ ခုခေတ်အခုအချိန်ကြီးမှာတောင် ဒါလောက်အထိ အတွေးအခေါ်ကည့်နေကြတုံးဘဲလား။

စည်းဝေးပွဲသည် တိတ်ဆိတ်မြဲတိတ်ဆိတ်သွားပြန်၏။ တခါတရံပင့်သက်ရှူသံတို့ပေါ်လာ ၏။ နံရံမှနာရီကြီး၏ ချက်ချက်မြည်သံသည် တခန်းလုံးကို ကျယ်လောင်စွာဖုံးလွှမ်းနေ၏။

၅ မိနစ်၊ ၁၀ မိနစ်၊ ၁၅ မိနစ် ဗိုလ်ချုပ်ကြီးသန်မာ၏ အထံမှ ချောင်းဟန့်သံပေါ်လာ၏။ ခြောက်ကပ်အားနည်းလှသောအသံဖြစ်သည်။

ကဲ. . . ကျနော်တို့လွန်တာတွေ ပြန်မပြောကြနဲ့တော့ အခုလတ်တလောအခြေအနေကို ကျနော်တို့ ဘယ်လိုထိန်းသိမ်းမလဲ ဘာတွေလုပ်ပေးရမလဲ ကျနော်တို့လုပ်တာတွေဟာ ဘာတွေ မှားသလဲ ကျနော်တို့ဘာတွေပြင်ရမလဲ။

အနိုင်ကျင့်စံနစ်ကိုတိုက်ဖျက်ရေးနှင့် ရွှေဝါပြည်သား လွတ်လပ်ရေးအဖွဲ့ချုပ်ကြီး၏ ဒုတိယဥက္ကဌဖြစ်သော ဦးမြေနိထက်က နေရာမှမတ်တတ်ရပ်လိုက်သည်၊

'ဘယ်လိုလုပ်ရမယ်ဆိုတာက ကျနော်အကြံမပေးနိုင်ဘူး၊ ဒါပေမဲ့ကျနော်အကူအညီယေး နိုင်တာတခုရှိတယ်၊ အဲဒါရိုပ်စားမိထားတာဘဲ၊

အဲဒါကဘာလဲဆိုတော့ ခင်ဗျားတို့ရဲ့ အမှားဟာရွှေဝါပြည်ကြီးကို တကယ်ကောင်းဘို့ စေတနာနဲ့လုပ်လာမှုဘဲ။

ခင်ဗျားတို့က ရွှေဝါပြည်သားတွေကို ပညာတတ်အောင်ဝိရိယကောင်းအောင် မိမိကိုယ် မိမိ ထိန်းသိမ်းချုပ်တီးနိုင်အောင် အတင်းလေ့ကျင့်ပေးတယ်။

ပီးတော့ ရွှေဝါပြည်ကြီး နေ့ချင်းညချင်း ကမ္ဘာ့တိုင်းပြည်တွေအဆင့်အတန်းမှီအောင် လူများစုတွေလဲ ကမ္ဘာ့တိုင်းကြီးပြည်ကြီးသားတွေနဲ့ တန်းတူချောင်လည်အောင် အတင်းလုပ်ပေး တယ်။

ရွှေဝါပြည်ကြီးရဲ့ ဘာသာရေးသာသနာရေးကို တန်ဘိုးရှိလာအောင် မြင့်မားလာအောင် ခင်ဗျားတို့အတင်းလုပ်တယ်။

အဲဒီလို စေတနာနဲ့တကယ်လုပ်ပေးနေတဲ့ ခင်ဗျားတို့ရဲ့အပြုအမူကို ဘယ်ရွှေဝါပြည် သားကမှ ခင်ဗျားတို့အပေါ်မှာ ခွင့်မလွှတ်နိုင်ဘူး။

ကျနော် ဥပမာတခုပြောမယ် ကျနော်တို့ရွှေဝါပြည်အောက်ပိုင်းကလူတွေက ရွှေဝါပြည် ငပိစစ်စစ် ဘာမှမရောတာကိုစားတယ်၊ အဲဒီရွှေဝါပြည်ငပိစစ်စစ်ကို ရွှေဝါပြည်အထက်ပိုင်းက လူတွေကမကြိုက်ဖူး ရွှေဝါပြည်အထက်ပိုင်းကလူတွေဟာ ငပိကုန်သည်တွေက ထမင်းဆန်မှုန့် ထိုးပြီး ရောင်းတဲ့ငပိမျိုးကိုမှ ကြိုက်တတ်ကြတယ်။ ငပိစစ်ကိုပေးယင် မကောင်းတာပေးတယ် လိမ်ညာရောင်းတယ်လို့ထင်ကြတယ်။

အဲဒီလိုဘဲ ရွှေဝါပြည်သူပြည်သားတွေဟာလဲ ခင်ဗျားတို့တကယ် အစစတိုးတက်အောင် လုပ်ပေးတာတွေ မလိုက်နာချင်ကြဖူး အဲဒါကြောင့် ခင်ဗျားတို့ရဲ့အမှားဟာ တကယ့်စေတနာနဲ့ အစစ်လုပ်ပေးတာ အမှားဘဲ လူဆိုတာ ကောင်းတာမှန်တာလုပ်တိုင်း မကြိုက်တတ်ကြဖူးဆိုတာ ကို ခင်ဗျားတို့ သတိလစ်နေတယ် သဘောမပေါက်ကြဖူး။

အားလုံးငြိမ်နေကြပြန်၏။ ရွှေဝါပြည်ကြီးအရေးရှိတိုင်း. . . . အရေးပေါ်လျှပ်တပြတ်စီမံကိန်း ဖြင့်ငြိမ်သက်အောင် ထိန်းသိမ်းပေးတတ်သော ဗိုလ်မှူးချုပ်လေးလုံးညီသည် ဗိုလ်မှူးချုပ်ထေက်မြက် မျက်နှာကိုလှည့်ကြည့်လိုက်၏။ ဗိုလ်မှူးချုပ်ထေက်မြက်ကား ရွှေဝါပြည်ကြီးအတွက် ရေရှည်စီမံ ကိန်းကြီးများကို စံနစ်တကျရေးဆွဲတတ် စီမံကိန်းချတတ်သောသူဖြစ်၏။

ဗိုလ်မှူးချုပ်လေးလုံးညီကမူ စက္ကူမပါ ခဲတန် မင်တန်မပါဘာကိုစွမဆို အလွယ်တူပါးစပ်ဖြင့် စီမံ၍ ၆ လတန်သည် တနှစ်တန်သည် အေးဆေးအောင် ထိန်းသိမ်းပေးတတ်သူဖြစ်၏။ အကြိမ် ပေါင်းများစွာလည်း ထိန်းသိမ်းပေးခဲ့ဖူး၏။

ဗိုလ်မှူးချုပ်လေးလုံးညီ ဤသို့ထိန်းသိမ်းပေးထားဆဲ ဗိုလ်မှူးချုပ်ထေက်မြက်က ခိုင်မာသော စီမံကိန်းကြီးများဖြင့် တည်တန့်အောင်ပြုလုပ်နိုင်၏။ အဘက်ဘက်က ယိုပေါက်ဟာပေါက်ကို ရှာဖွေပိတ်ဆို့တတ်၏။

ဤဗိုလ်ချုပ်နှစ်ယောက်သည် ယနေ့လည်း မိမိတို့ဘယ်လိုများအပြေးအလွှား ထိန်းသိမ်း ဆောင်ရွက်ပေးရပါ့မည်ဟု တာဝန်ယူလိုက်ချင်သော မျက်နှာမျိုးနှင့် တဦးနှင့်တဦး ကြည့်လိုက်ကြ ခြင်းဖြစ်၏။ ဗိုလ်မှူးချုပ်ထေက်မြက်ကလည်း ခေါင်းဆတ်ပြလိုက်၏။ ဗိုလ်မှူးချုပ်လေးလုံးညီသည် ချောင်းဟန့်လိုက်၏။

'အခု အစီရင်ခံတာတွေကိုနားထောင်ရသမျှ နိုင်ငံရေး စီးပွားရေး ပညာရေး ဘာသာရေး အဲဒါတွေအားလုံးကို ခေတ်သစ် ရွှေဝါပြည်အစိုးရကလဲ အကောင်းဆုံးဖြစ်အောင် လုပ်တာဘဲ ရွှေဝါပြည်သူပြည်သားတွေကလဲ ဒီလိုကောင်းအောင်လုပ်လေ သူတို့ကိုနှိပ်စက်တယ်လို့ထင်လေ မခံမရပ်နိုင်ဖြစ်ကြလေဆိုတာ တွေ့နေရတယ်။

အဲဒီတော့ ဒီပြဿနာကို လတ်တလော အေးဆေးအောင်ဖြေရှင်းဘို့ ကျနော်အကြံပေး ရမယ်ဆိုယင်. . .

ဒီနိုင်ငံရေး စီးပွားရေး ပညာရေး ဘာသာရေး ဆိုတဲ့အချက်လေးချက်မှာ ရွှေဝါပြည်သူ ပြည်သားတွေဟာ ဘယ်အချက်ကို မကျေနပ်ဆုံးဖြစ်နေကြတယ်ဆိုတာကို ရွေးကြရမယ်။

ဒီလိုရွေးလိုက်ယင် ကျနော်တော့ ဘာသာရေးလို့ထင်တာဘဲ အဲဒီဘာသာရေးကို ကျနော် တို့ယုံကြည်ချက်နဲ့ ကျနော်တို့ပြန်ပြီး လျှော့လိုက်တဲ့ကျေညာချက်တခု အမြန်ဆုံး ပြန်ထုတ်လိုက် ဘို့လိုတယ်ထင်တယ်။

အဲဒီလိုလျှော့ပေါ့ လိုက်လျှောတဲ့ ကျေညာချက် ထုတ်ပြီးတာနဲ့တပြိုင်နက် တကယ့် ရဟန်းစစ်ဆရာတော်သဃာတော်တွေကို ပင့်ဖိတ်လျှဒါန်းပြီး ရဟန်းတုရဟန်းယောင် တွေရှိတဲ့ အတွက်ဆရာတော်တို့မှာ ထိခိုက်ကြောင်း ဒကာဒကာမတို့ကိုလဲ အမုန်မြင်လာအောင် ဟောပြောခဲ့ဆုံးမတို့အကြောင်း၊ သို့သော်ဤကိစ္စမျိုးကို ဆရာတော်ကြီးတွေကိုယ်တိုင်မနှစ်သက်ပါ က တပည့်တို့လဲဆက်လက်ပြုလုပ်ကြလိမ့်မည်မဟုတ်ပါ ဆရာတော်တို့ကလဲ အခြေအနေဆူပူ လှုပ်ရှားမှုမျိုး မဖြစ်အောင် ဝိုင်းဝန်းထိန်းသိမ်းပေးကြပါ ဆုံးမပေးပါဆိုပြီး လျှောက်ထား. . .

ဒီလိုပြုလုပ်လိုက်လို့ ခေတ္တငြိမ်သက်သွားတော့ ဆက်လက်အေးချမ်းအောင်နှင့် မိမိတို့ ပြုလုပ်ကြရမည့် လုပ်ငန်းများကို အောင်မြင်အောင် ဝိုင်းဝန်းအကြံပေးကြ စီမံကိန်းတွေ ပြုလုပ် ကြယင် ကောင်းမယ်ထင်တယ်။

ဗိုလ်ချုပ်လုံးညီ၏ အကြံပေးချက်ကို အားလုံးက လက်ခံကြလျက် ထိုအကြံပေးချက်ကို ဝိုင်းဝန်းဆောင်ရွက်ရန် စည်းဝေးခြင်းကို နောက်တနေ့ရွှေ့လိုက်ကြသည်။

အစည်းအဝေးမှပြန်သွားသူတို့၏ မျက်နှာများမှာ တည်ငြိမ်နေကြ၏။ ထိုသူအားလုံးတို့ သည် မိမိတို့ရွှေဝါပြည်ကြီး၏ အခြေအနေကိုငှင်း၊ မိမိတို့ရွှေဝါပြည်သူပြည်သားတို့၏ ညံ့ဖျင်း နိမ့်ကျလှသော အချောင်သမားစရိုက်တို့ကိုငှင်း၊ အားလုံးသိရှိကြသူများဖြစ်လေသည်

အခဏ်း ၁၁။

ဗိုလ်ချုပ်ကြီးသန်မာသည် အစည်းအဝေးသို့တက်ရောက်ရန် မိမိရုံးရှိညွှန်ခန်းဆောင်သို့ အစောချည်းရောက်နေ၏။

ရုံး၏ပတ်ဝန်းကျင်၌ အလွန်တိတ်ဆိတ်နေသည်။ ရုံးသူ ရုံးသားတို့သည် အလွန်ငြိမ်သက် သေဝပ်စွာ မိမိတို့၏အလုပ်ခွင်သို့ တိတ်တိတ်ဆိတ်ဆိတ် ဝင်ရောက်လာကြ၏။ ရုံး၏အပြင်ဘက် သရက်ပင်ပေါ်မှ ဥဩငှက်တကောင်သည်

အလွန်သာစွာအော်မြည်နေ၏။ ဗိုလ်ချုပ်ကြီးသန်မာ သည် ဥသြငှက်၏ အော်မြည်သံကို စူးစိုက်နားထောင်နေသည်။ ဗိုလ်ချုပ်ကြီး၏ခေါင်းထဲ၌ အတွေးများဝင်လာသည်။

ရွှေဝါပြည်ဆန်ပေါ၏။ ထို့ကြောင့် ရွှေဝါပြည်သားတွေအားလုံး ထမင်းဝနေကြ၏။ ထမင်း ဝသောကြောင့် ထုံးစံအတိုင်းပြင်းကြ၏။ ပျင်းသောကြောင့် တဖြေးဖြေးဖျင်းလာ၏။ ဖျင်းသော ကြောင့် အတွေးအခေါ်မမှန်၊ တကိုယ်ကောင်းဆန်လာကြ၏။

ဘာမှမလုပ်ပဲ အချောင်စီးပွားဖြစ်ချင်၏။ ဘာမျှမသင်ဘဲ ပညာတတ်သည်ဟူသော လက်မှတ်ကိုအချောင်လိုချင်၏။

ဘာမျှမလုပ်ပဲ အချောင်ခေါင်းပုံဖြတ်၍ စီးပွားရှာသည့်အလုပ်မျိုးမလုပ်ရလျှင် လုပ်ခွင့် မပေးလျှင် အစိုးရ အလကားအစိုးရတဲ့။

ဘာမျှမသင်ဘဲပညာတတ်ဟူသော လက်မှတ်မပေးလျှင်. . . . အချောင်အတန်း မတက်ရ လျှင်ဒီအစိုးရ အလကားအစိုးရတဲ့။

လွန်ခဲ့သည့်နေ့က ကြားရချက်များကို စေ့စေ့တွေးတိုင်း ရွှေဝါပြည်သူပြည်သားတို့ မည်မျှ စိတ်နေစိတ်ထား ယိုယွင်းနေကြသည်ကို အထင်းသားတွေ့နိုင်သိနိုင်၏။ ပြုပြင်၍မရနိုင် လောက်အောင် ဖြစ်နေသည်ကိုတွေ့နိုင်၏။

သားသမီးဖြစ်စေဦး တယောက်တလေပြုပြင်မရလျှင် ဖြစ်ချင်တာဖြစ်စေတော့ဟု လျစ်လျူပြု၍ရ၏။ ယခုကား ရွှေဝါပြည်ကြီးတပြည်ထောင်လုံးဖြစ်နေကြသည်။

ဤရွှေဝါပြည်သူ ပြည်သားအားလုံးတို့ တကိုယ်ကောင်းအချောင်သမားစိတ်ဝင်ခြင်း၊ ရေသာခိုစိတ်ခေါင်းပုံဖြတ်အမြတ်ယူလို စိတ်ဝင်ခြင်းတို့ကို သည်အတိုင်းလျစ်လျူပြုထား၍ ဖြစ်ပါ မည်လော။

ဗိုလ်ချုပ်ကြီးသန်မာ၏ မျက်လုံးထဲ၌ ရွှေဝါပြည်ကြီးသည် နေပူကျဲကျဲတွင် ကြည့်ရင်းကြည့် ရင်း အရည်ပျော်ကျနေသော ရေခဲတုံးကြီးကဲ့သို့ မြင်လာ၏။ သွားပြီ၊ ဤတိုင်းပြည် ဤလူမျိုး တို့ကားသွားလေပြီ။

ထိုစဉ် ငေါက်ကနဲထရပ်၏။ တပြိုင်တည်းပြင်းထန်သော သေနတ်သံများကို အလွန်နီး ကပ်စွာကြားရ၏။

ဗိုလ်မှူးချုပ်လေးလုံးညီက ရွှေဝါပြည်ကိုဆက်လက်ထိန်းသိမ်းထားနိုင်ရန်အတွက် ယနေ့ ကျေညာချက်တခုထုတ်မည်ဆို၏။

ထိုကျေညာချက်ထုတ်ရန်နှင့် ဆောင်ရွက်ဖွယ်ရှိသည်တို့ကို ဆက်လက်ဆောင်ရွက်ရန် အစည်းအဝေးပြုလုပ်ဘို့ မိမိကကြိုတင်ရောက်ရှိနေ၏။

ဆွေးနွေးတိုင်ပင်ကြမည့်သူများကား ယခုအချိန်ထိ မလာသေး။

ဤအတွင်း ပြင်းထန်သောသေနတ်သံများကို ကြားလိုက်ရသောအခါ မိမိတို့နောက်ကျ ခဲ့လေပြီ. . . . ဟု ဗိုလ်ချုပ်ကြီးသန်မာကသိလာ၏။ ထို့နောက် ဆူပူသူတို့နှင့် ရဲရဲရင့်ရင့်ထွက်၍ရင် ဆိုင်တော့မည်ဟု ဆုံးဖြတ်၏။ ဗိုလ်ချုပ်ကြီးသန်မာသည် မိမိ၏စားပွဲအံဆွဲအတွင်း၌ အဆင်သင့် ရှိနေသော စက်သေနတ်ငယ်ကိုမျှယူမသွား။

ညှော်ခန်းတံခါးကို ဖွင့်လိုက်သည်နှင့်ယမ်းနံ့များက နှာခေါင်းထဲသို့ဝင်လာ၏၊ မှောင်နေသော ယမ်းငွေ့များအတွင်း၌ သွေးအိုင်ထဲတွင် အတုံးအရုံးကျဆုံးနေကြသော မိမိ၏ဗိုလ်အကြပ် တပ်သားတို့ကိုတွေ့ရ၏။ ထို့နောက်ဘယ်တုံးကမျှမမျှော်လင့်ခဲ့သော မိမိအားရန်ပြုလာသူတို့ကို တွေ့ရ၏။

ဗိုလ်ချုပ်ကြီးသန်မာ၏ပါးစပ်သည်ဟ သွား၏။ ထို့နောက် အသက်ရှူရမည်ကို မေ့လျော့ နေ၏။ ထို့နောက် ဟက်ဟက်ပက်ပက်ရယ်၏။

ရန်သူတို့ကား အခြားသူများမဟုတ်ကြ၊ မိမိ၏ဇနီး၊ မိမိ ဗိုလ်မှူးချုပ်များ ဗိုလ်မှူးများ၏ ဇနီး မိမိ၏သားသမီး မိမိဗိုလ်မှူးများ ဗိုလ်မှူးချုပ်များ၏သားသမီးတို့ဖြစ်နေကြ၏၊ ရင်းတို့၏ နောက်၌ ဘုန်းတော်ကြီးများနှင့် နိုင်ငံခြားသားဟန်ဆောင်နေသော လူငယ်တစု။

ထိုသူတို့၏လက်ထဲ၌ စာရွက်စာတန်းတွေလည်းပါလာကြ၏။ အတီးအမှုတ်ဝိုင်းများလည်း ပါလာကြ၏။

လူမုန်းလျှင် ကောင်းကောင်းဝတ်လို၏။

လူမုန်းလျှင် ကောင်းကောင်းစားလို၊

ခေတ်နောက်ပြန်ဆွဲတဲ့အစိုးရ အတင်းဆွဲချ။

ရွှေဝါပြည်ဖြစ်ဖျင်အကျီအလိုမရှိ။

နိုင်ငံခြားဖြစ် ခေတ်မှီအထက်ချက်ခြင်းသွင်း။

သွားပါများ ခြေထောက်ညောင်းသည်။ ခေတ်မှီသူတိုင်း မော်တော်ကားစီး၏။

မတော်သူငတ် တော်သူမြတ်ခြင်းသည် လောကဓမ္မတရားတခု၊

ဝတ်နိုင်လို့ ဝတ်တာကိုမချုပ်ချယ်နဲ့။

ပျော်ပျော်နေချင် စုံတွဲကကြ။

လုပ်တော့ နွားလို စားတော့မဝတဝ၊ မသေရုံနေရတဲ့စံနစ်ကို တော်လှန်ပစ်၊

အများအတွက်အများလုပ်လိမ့်မယ်၊ ကိုယ့်အတွက်ကိုယ်လည်း။

စာတန်းကြီးများကိုကိုင်သူတို့ကလည်း နိုင်ငံခြား 'တွစ်စ်'အကကို ဖင်တလှုပ်လှုပ် ရင်တလှုပ်လှုပ်ကနေကြ၏။

ထိုသူတို့၏အလယ်မှ ယောကျာ်း လူပျိုပေါက်ကလေး တယောက်နှင့် မိန်းကလေး အပျိုပေါက်ကလေးတယောက်ကတွဲ၍ ကကြ၏။ ဘေး၌ဝိုင်းရံပါလာကြသူတို့က ဝါးချက်မှန်မှန် သေနတ်ကို ကောင်းကင်သို့ထောင်၍ပစ်ဖောက်နေကြ၏။

စင်စစ် ထိုသူတို့ကား ပုန်ကန်ထကြွခြင်းသက်သက်မဟုတ် အသေခံလျက် အမြင့်မားဆုံး ဆန္ဒလာပြကြခြင်းဖြစ်၏။

လက်နက်တွေဖြင့် အတင်းဝင်လာသောကြောင့် ပြောရခက်ပစ်ရခက်ဖြစ်နေသော ဗိုလ်ချုပ်ကြီးသန်မာ၏ ကိုယ်ရံတော်တပ်ဖွဲ့ကိုကား ဗိုလ်ချုပ်ကြီးသန်မာ၏ဇနီးနှင့် ဗိုလ်မှူးချုပ်များ ဗိုလ်မှူးများ၏ဇနီးများကပစ်သတ်လိုက်၏။

ခေတ်သစ်ရွှေဝါပြည်အုပ်ချုပ်ရေးအဖွဲ့သည် မိမိတို့၏သားသမီး ဇနီးကစ၍ တိုင်းပြည် ကို ပြုပြင်ရန် နမူနာပြုရမည်ဖြစ်ရာ. . .

မိမိတို့၏ သမီးဇနီးများ ပြည်တွင်းဖြစ်ကိုသာ အမြတ်တနိုးဝတ်စေ၏။ အဝတ်ဝတ်ရာ၌ ရာသီဥတုနှင့် ကိုက်ညီခြင်း သန့်ရှင်းသပ်ရပ်ခြင်း မိမိကိုမြင်ရတွေ့ရသူတို့၏ မျက်စေ့ကိုမထိခိုက် အောင် မျက်စေ့မနောက်အောင် စသည်တို့ကို အလေးပေးလျက်ဝတ်ဆင်စေ၏။

အလှအပအတွက် စိန်ရွှေရတနာလက်ဝတ်တို့ဖြင့် ဖြည့်တင်းဖုံးလွှမ်းမှုမပြုစေဘဲ ကျန်းမာ ရေးကိုလေ့ကျင့်စေ၏။ ကျန်းမာသူသည် အလှဆုံးဖြစ်၏ဟူသော သင်ခန်းစာကို လက်တွေ့ပြ စေ၏။

အစားအစာစားရာ၌ ပြည်တွင်းဖြစ်လည်းဖြစ် ကျန်းမာရေးနှင့်လည်း ညီညွတ်သော ဟင်းရွက်ဟင်းသီးတို့ကို ကိုယ်တိုင်စိုက်စေ၍ ကိုယ်တိုင်မွေးမြူသော ကြက်၊ ဝက်၊ ဘဲ၊ ဖား၊ ငါးတို့နှင့်အတူ အလတ်ဆတ်ဆုံး အသန့်ရှင်းဆုံးသော အစားအစာကိုစိုက်ပျိုးချက်ပြုစားသောက် စေ၏။

ရွှေဝါပြည်၌ ယာဉ်အမျိုးမျိုးတို့ကို အရေးကြီးသောအလုပ်ဌာနတို့အတွက်သာ အသုံးပြု စေ၏။ ဇိမ်ခံပစ္စည်းအဖြစ်နှင့် အသုံးပြုခွင့်မပေး။

သားသမီးတို့ကို ကျောင်းသို့ အတင်းအကြပ်ပို့လျက် စံပြကျောင်းသူကျောင်းသားအဖြစ် ပညာသင်စေ၏။ ကျောင်းဝေယျာဝစ္စတို့ကိုလုပ်စေ၏။ ရပ်ကွက်လူထုအတွက် တိုင်းပြည်အတွက် အချိန်အားတိုင်းလုပ်အားလှူစေ၏။

ဤသို့ပြုလုပ်ခြင်းဖြင့် ရွှေဝါပြည်ကြီး စား၊ ဝတ်နေကို မိမိတို့ပြည်တွင်းဖြစ်ဖြင့် ဖူလုံစေ လျက် နိုင်ငံခြား သွင်းကုန်တို့ကိုတားဆီးပြီးလျှင် ပြည်တွင်းဖြစ်ကုန်များကိုသာ နိုင်ငံခြားသို့ပို့စေ ၏။

ဤသို့စီမံကိန်းအတိုင်း ကြိတ်မှိတ်လိုက်နာလာခဲ့ကြရသော ဗိုလ်ချုပ်ကြီးသန်မာ၏ဇနီးနှင့် တကွ ဗိုလ်မှူးချုပ်များ ဗိုလ်မှူးများတို့၏ဇနီးတို့သည် ဝမ်းတွင်းမှကြိတ်၍ မကျေမနပ် ဖြစ်နေကြ ၏။

မိဘလက်ထက်ကပင် ဤသို့မဆင်းရဲခဲ့ရဘဲ ယခုမှဆင်းရဲလှချည်ရဲ့ဟု တွေးတော စိတ်မချမ်းမြေ့ဖြစ်ကုန်ကြ၏။

ရွှေဝါပြည်ဖြစ် ဖျင်အကျီကို ဝတ်လျက် ပွဲနေပွဲထိုင်ရှိရာ ဗိုလ်ပုံအလယ်သို့ သွားကြရသည် ကို မျက်ရည်တောက်တောက် ကျအောင်စိတ်ထိခိုက်ကြရ၏။

ဤသည်တို့သည် ယခုပေါက်ကွဲထွက်လာကြချေပြီ။ ပေါက်ကွဲသူတို့၏ဘက်မှ အဖော် တွေကလည်းများလှ၏။ ရယ်နေမိရာမှ လှမ်းမြော်ကြည့်မိသောအခါ ပုရွက်ဆိပ်အုံကြီးကိုဖြိုချ လိုက်သကဲ့သို့ တလမ်းလုံးပြည့်ညှပ်လျက် ရုံးကြီးတခုလုံးလည်း ပြည့်ညှပ်လျက် လူအုပ်ကြီးသည် သိပ်သည်းထူထပ်စွာ ပိတ်ဆို့နေ၏။

ပြည့်သိပ်နေသော လူအုပ်ကြီးသည့်ပွဲလမ်းသဘင်ကို အပျော်တိုးနေသကဲ့သို့ရှိ၏။

အံ့သြရာမှ မိမိတို့ဖြစ်ရပုံ ရယ်မောလိုက်သော ဗိုလ်ချုပ်ကြီးသန်မာကို တွေ့မြင်ရင်ဆိုင် ရသည်နှင့် ဗိုလ်ချုပ်ကြီးသန်မာ၏ဇနီးနှင့်တကွ ဗိုလ်မှူးချုပ်များ ဗိုလ်မှူးကြီးများ၏ဇနီးတို့သည် သေနတ်ကြီးတွေလက်ကကိုင်လျက် မျက်လုံးအပြူးသားနှင့် ဝိုင်းကြည့်ငြိမ်သက်နေကြ၏။

ရှေးဦးစွာသတိရသူကား ဗိုလ်မှူးကျောက်တိုင်ဖြစ်သည်။ ဗိုလ်မှူးကျောက်တိုင်သည် ဗိုလ်ချုပ်ကြီးသန်မာ၏ရှေ့သို့ပြေးရပ်လျက် အကာအကွယ်ပေးလိုက်၏။

ဤသို့ပြုလုပ်မှုကြောင့်ပင်လျှင် တဘက်မှသတိရကြကာ သေနတ်သံပေါ်လာ၏။ ထိုသေနတ်သံနှင့်အတူ ဗိုလ်မှူးကျောက်တိုင်နှင့်တကွ ဗိုလ်ချုပ်ကြီးသန်မာလည်းလဲကျသွား၏။

နားထဲ၌ ပိုမိုဆူညံလာသည်ဟုထင်၏။ သေနတ်သံတွေလည်း ပိုမိုကျယ်လောင်လာသည် ဟုထင်၏။ ထို့နောက်မိမိတို့ကို တဦးဦးက အတင်းဆွဲထူနေသလို

သတ်ပုတ်နေသလို ထင်ရ၏။ ပြင်းထန်စူးဝါးသောသေနတ်သံနှင့်အတူ နားထဲ၌ အူလျက်နောက်ထပ်ဘာကိုမျှမကြားမသိဘဲဖြစ် ရ၏။

သတိရသည်နှင့် အဝေးမှသေနတ်သံများကို စတင်ကြားရ၏။ အိပ်ရာ၏နံဘေး၌အဖုံးအုပ် ထားသည့် မီးလုံးတလုံးထွန်းထား၏။

ဟော ဗိုလ်ချုပ်သတိရပြီဟူသော အသံတခုကိုကြားရ၏။ ဗိုလ်ချုပ်ကြီးသန်မာက ခေါင်း ထောင်ကြည့်လိုက်သည်။ လက်ျာဘက်ကိုယ်တခြမ်းက မလှုပ်နိုင်အောင် လေးလံနေ၏။ မိမိ၏ ဘေး၌အခြားကုတင်ဆေးခုပေါ်မှ လူနာများလည်းတွေ့ရ၏။

ထိုသူတို့ကား ဗိုလ်မှူးကျော်ကိုတိုင်၊ ဗိုလ်မှူးကြီးသံခဲ၊ ဗိုလ်မှူးချုပ်မြေကြီးနှင့် ဗိုလ်မှူးကြီး တေူရွှင်းတို့ဖြစ်ကြ၏။

ဗိုလ်မှူးချုပ်လေုံးညီနှင့် ဗိုလ်မှူးချုပ်ထေက်မြက် တို့သည် ဗိုလ်ချုပ်ကြီးသန်မာအနီးသို့ ရောက်လာကြ၏။

'ဗိုလ်ချုပ်ဘာယူမလဲ ဘယ့်နှဲ့နေသလဲ. . '

'ငါနဲ့နဲ့ထိုင်ချင်တယ် တို့အခုဘယ်ရောက်နေတာလဲ ဘယ်လိုလဲ. . .'

'ကျနော်တို့ဟိုဘက်က ဦးငမြန်ထက်၊ ဦးငငြိမ်ဆိတ်နဲ့ သခင် ငလွတ်လပ်တို့ကျတယ်၊ ဗိုလ်မှူးကြီးကျော်ကိုတိုင်၊ ဗိုလ်မှူးကြီးသံခဲ၊ ဗိုလ်မှူးချုပ်မြေကြီးနဲ့ ဗိုလ်မှူးကြီး တေူရွှင်းတို့ဒဏ်ရာ ရတယ်၊

ကျနော်တို့အကုန်လုံးကိုတော့ ငဆိုးထက်ခိုင်ကားနဲ့အတင်းခေါ်လာတာဘဲ ဒီနေရာက တော့ ဗိုလ်မှူးကြီးတေူရွှင်းလမ်းပြလာတာပဲ နိုင်ငံခြားတွေကိုရောင်းဖို့ ကျနော်တို့ ပြုလုပ်ထား ကြတဲ့ အနုမြူဓါတ်အားထုတ်လုပ်သိုလှောင်ရာဌာန အမှတ်၁ပဲ ဒီနေရာမှာ အစထဲက တပ်အသင့်စောင့်ပြီးသားရှိတဲ့နေရာ ဘေးရန်လုံခြုံတယ်ဆိုပြီး ခေါ်လာတာ. . . .

'ဆေးမှူးရှိသလား ငါဘရန်ဒီကလေးနဲနဲသောက်ချင်တယ် အခြေအနေဘယ့်နှဲ့နေသလဲ ငဆိုးထက်ခိုင်ကော'

'ငဆိုးထက်ခိုင်သတင်းဆဲနားထောင်ရင်း သူ့မိန်းမနဲ့ကလေးတွေဆီ ခဏပြန်သွားလိုက် အုံးမယ်ဆိုပြီး သွားတာဘဲ. . '

'ဘာလို့မင်းတို့ကလွှတ်လိုက်ရတာလဲ တော်တော်ကြာ ဟိုကဆီးသတ်ထားလို့ သေနေ တော့မှာဘဲ မင်းတို့သိပ်အသုံးမကျတာဘဲ ဟိုကောင်ကလဲ သေမှာဖြင့်မမြင်ဘူး ဒါလောက် တောင်ဖြစ်နေယင်လဲ လည်ပင်းအကွင်းလိုက် စွပ်ထားပါလား၊ ဟိုလူတွေကကော တော်တော် ဒဏ်ရာများသလား သတိရရဲ့လား. . . '

‘ရပါတယ် ဗိုလ်မှူးကျောက်တိုင်တယောက်ပဲ နဲနဲဒဏ်ရာများတယ် ဒါပေမဲ့ဗိုလ်ချုပ်အရင် တနာရီလောက်ကတည်းက သတိပြန်ရတယ် ဆေးဌာနဗိုလ်မှူးကြီးသံခဲချောင်းရှည်က စိုးရိမ်စရာ မရှိဘူးလို့ပြောတယ်၊ အခုကျနော်တို့ဒီရောက်တာနှစ်ရက်ရှိသွားပြီ. . . . ’

‘ဟ. . . ငလေခွေး နှစ်ရက်တောင် ရှိသွားပလားဟ. . . ’

ထိုအချိန်၌ ဗိုလ်မှူးကြီးသံချောင်းရှည်နှင့် ဆေးဘက်ဆိုင်ရာဗိုလ်မှူးကြီးတို့ရောက်လာကြ ၏။ ဗိုလ်မှူးချုပ်ကြီးသန်မာအပါအဝင်ဖြစ်သော ဒဏ်ရာရသူတို့ကို အပူတိုင်းခြင်း၊ ဆေးထိုးခြင်း စသည်တို့ကိုပြုလုပ်၏။

အချိန်တွင် ရေဒီယိုမှ အသံစာစာဖြင့်. . .

‘တရားမျှတသော ပြည်တော်ချစ်အစိုးရသစ်က အရေးကြီးသော ကျေညာချက်တရပ်ကို မကြာမီ ထုတ်ပြန်ကျေညာပါတော့မည် စောင့်ဆိုင်းနားသောတဆင်တော်မူကြပါဟု ပေါ်လာ၏။ ထို့နောက်ကြားနေကြဖြစ်သော ရေဒီယိုအဆိုကျော်၏ သီချင်းသံတခုပေါ်လာ၏။ ထိုအဆိုကျော် ၏ဓါတ်ပြားသံသည် ခေတ်သစ်ရွှေဝါပြည်အစိုးရ၏ လက်ထက်ကအတိုင်းပင် ကြည်လင်ပြတ်သား စွာပေါ်မြဲပေါ်၏။ ဓါတ်ပြားသံအဆုံး၌ ပြည်တော်ကြိုက်အစိုးရ၏ကျေညာချက်ပေါ်လာတော့ သည်။

ကျေညာချက်၌ တရားမျှတသော ပြည်တော်ကြိုက်အစိုးရသည် ပထမနေ့တွင် ရန်နိုင်မြို့တော်နှင့်တကွ အချက်အချာဖြစ်သော မြို့ကြီးခြောက်မြို့ကို တပြိုင်နက်သိမ်းပိုက်နိုင်ခဲ့ကြောင်း။

ဒုတိယနေ့တွင် ပြည်သူလူထု၏ တောင်းတချက် ကူညီချက်အရ မြို့ပေါင်းနှစ်ဆယ်ကို ဆက်လက်သိမ်းပိုက်နိုင်ခဲ့ကြောင်း။

တတိယနေ့တွင် ခေတ်သစ်ရွှေဝါပြည်အစိုးရအမည်ခံ သေွဖီသော လက်ဝဲဖက်ဆစ်တို့၏ လက်ထဲမှ ရွှေဝါပြည်ကြီးတခုလုံးကို စစ်ဘက်ရဲဘက်အပါဝင်ဖြစ်သော ရွှေဝါပြည်သားတို့တရပ် လုံး၏ အုံကြွကူညီမှုဖြင့် အားလုံးကို သိမ်းပိုက်နိုင်ခဲ့ပြီဖြစ်ကြောင်း။

သို့သော်. . . လက်ဝဲဖက်ဆစ်တို့၏ သစ္စာတော်ခံစစ်တပ်အချို့ကိုမူကား တရားမျှတသော ပြည်တော်ကြိုက်အစိုးရသည် ရွှေဝါပြည်သူလူထုကြီး၏ အကူအညီဖြင့်ဆက်လက်တိုက်ခိုက်ချေ မှုန်းနေကြောင်း ထွက်ပြေးသွားသော လက်ဝဲဖက်ဆစ်ခေါင်းဆောင်တို့ကိုလည်း တရားမျှတသော ပြည်တော်ကြိုက်အစိုးရက ရွှေဝါပြည်သူလူထု၏အကူအညီဖြင့် ဆက်လက်ရှာဖွေလျက်ရှိကြောင်း စသဖြင့်ပါ၏။

သတင်းကို တရားမျှတသော ပြည်တော်ကြိုက်အစိုးရ၏ အဖွဲ့ဝင်တာဝန်ခံတဦးက ကိုယ်တိုင်ကျေညာသည်ဖြစ်ရာ ဗိုလ်ချုပ်ကြီးသန်မာတို့သည် ထိုအသံကို ရင်းရင်းနှီးနှီးသိဘူးဟန် ရှိနေ၏။ သို့သော် မည်သူမည်ဝါနာမည်ကို ဖော်နိုင်စွမ်းမရှိခဲ့ကြ။

လူနာသည်များဖြစ်ကြသော ဗိုလ်ချုပ်ကြီးသန်မာနှင့် ဗိုလ်မှူးချုပ်ငလုံးညီစသောသူတို့သည် တရားမျှတသော ပြည်တော်ကြိုက်အစိုးရ၏ ကျေညာချက်များကို စိတ်ဝင်စားစွာ နားထောင်နေကြရသော အလုပ်မှတပါး အခြားဘာအလုပ်မျှမရှိဘဲဖြစ်နေကြ၏။ ပြည်တော်ကြိုက်အစိုးရအဖွဲ့၏ ခေါင်းဆောင်သည် မိမိတို့ဖမ်းဆီးထိန်းသိမ်းထားခဲ့သော ဦးကံပေးကြီးပင် ပြန်၍ဖြစ်လေမလားဟု နားတစွင့်စွင့်ပြုနေကြ၏။

မကြာမီ ထိုအလုပ်ထက် အရေးတကြီး အာရုံစိုက်ရသော အလုပ်ပေါ်လာပြန်၏။ ယင်းအလုပ်ကား ဗိုလ်ချုပ်ကြီးသန်မာတို့ရှိနေရာကို တရားမျှတသော ပြည်တော်ကြိုက်အစိုးရ၏ တပ်များက အပြင်းအထန်ဝိုင်းဝန်းတိုက်ခိုက်လာကြခြင်းဖြစ်၏။

ဤအနုမြူဓါတ်အားသိုလှောင်ရာဌာနကို ယခင်ကတည်းက အလွန်အရေးကြီးသောကြောင့် အခိုင်အမာအကာအရံအထပ်ထပ်ပြုလျက် တပ်ရင်းတရင်းခွဲမျှ ပတ်ပတ်လည်၌ နေရာယူ အစောင့်ချထားခဲ့သည်ဖြစ်ရာ ယခု ဗိုလ်ချုပ်ကြီးသန်မာတို့ ရောက်ရှိရာမှ ဗိုလ်ချုပ်ငလုံးညီနှင့် ဗိုလ်မှူးချုပ်ငထက်မြက်တို့က အချို့သော တပ်များကို ဆက်သားလွှတ်ခေါ်ယူထားသောကြောင့် တပ်ရင်း သုံးရင်းခန့်မျှရှိနေ၏။

ထိုတပ်တို့ကို နောက်ထပ်လာသည့် ပြည်တော်ကြိုက်အစိုးရ၏တပ်များက အပြင်းအထန် လာရောက် ဝိုင်းဝန်းတိုက်ခိုက်နေကြပြီဖြစ်ရာ ဒဏ်ရာရနေကြသော ဗိုလ်ချုပ်ကြီးသန်မာနှင့် ၄–ယောက်တို့မှတပါး ကျန်သော ဗိုလ်မှူးချုပ်များ ဗိုလ်မှူးကြီးများကိုယ်တိုင် အပြင်သို့ထွက်၍ ကွပ်ကဲအုပ်ချုပ်တိုက်ခိုက်နေကြရ၏။

အတိုက်အခိုက်သည် တနေ့ထက်တနေ့ပို၍ပို၍ ပြင်းထန်လာရာမှ ၅–ရက်ခန့်ကြာသော အခါ တိုက်ခိုက်သူတို့ဘက်မှ အားပျော့သွား၏။

အပစ်အခတ်ရပ်ဆိုင်းလာ၏။ ဗိုလ်မှူးချုပ်ငလုံးညီနှင့် ဗိုလ်မှူးကြီးငထက်မြက်တို့သည် ထိုအချိန်ကလေးကို အခွင့်ကောင်းယူလျက် မိမိတို့တပ်ရင်းသုံးခုလုံး၏ အနေအထားကို အားရှိ အောင်ပြင်ဆင်ကြရ၏။

ဤပတ်ဝန်းကျင်နှင့် မြေအနေအထားစသည်တို့ကို အသေးစိတ်သိပြီးဖြစ်သော ခေတ်သစ် ရွှေဝါပြည်အစိုးရ၏ စီးပွားရေးတာဝန်ခံ ဗိုလ်မှူးကြီးငတူရွင်းသည် ပတ်တံးကြီး အဖွေးသားဖြင့် ဗိုလ်မှူးချုပ် ငလုံးညီတို့နှင့်အတူ လိုက်ပါဆောင်ရွက်နေရ၏။

ထိုသို့ အေးအေးဆေးဆေးဖြစ်လာ၍ အသက်ရှုချောင်လာဆဲ ဗိုလ်မှူးချုပ်ငလုံးညီတို့သည် မမြော်လင့်သောတိုက်ခိုက်မှုတခုကို ခံလိုက်ကြရ၏။ ထိုတိုက်ခိုက်မှုကား

တရားမျှတသော ပြည်တော်ကြိုက်အစိုးရ၏ လေတပ်များသည် လေကြောင်းမှလာ၍ မိမိတို့အား အပြင်းအထန် တိုက်ခိုက်နေကြခြင်းပင်ဖြစ်၏။ တပြိုင်နက်လိုလိုပင် ခြေလျင်တပ်ကုန်းတပ်တို့ကလည်း ဝိုင်းဝန်း တိုက်ခိုက်ကြ၏။

ဗိုလ်မှူးချုပ်လုံးညီတို့၏ဘက်မှ အထိအခိုက်များစွာနှင့် အလူးအလိမ့်ခံနေကြရ၏။ လေယာဉ်ပျံတို့မှ လွှတ်လိုက်သော ပစ်ဒုံးများ မီးလောင်ဗုံးငယ်များသည် ဗိုလ်မှူးချုပ်လုံးညီတို့၏ဘက်သို့ အထိအခိုက်နာစေ၏။

ထိုစဉ်ဗိုလ်မှူးကြီး ငတူရွှင်းက လေယာဉ်ပျံများသို့၄င်း. . . အပြင်မှဝိုင်းရံထားသော ပြည်တော်ကြိုက်အစိုးရ၏တပ်များရှိရာသို့၄င်း၊ ကြိုးမဲ့ကြေးနန်းဖြင့်လည်း ကျေညာ၏။ အသံချဲ့ စက်ဖြင့်လည်းကျေညာ၏။

ထိုကျေညာချက်၌ အနုမြူသိုလှောင်သော ကန်သည် အမြောက်ဒဏ်နှင့် ရှော့ကတ်၏ ဒဏ်ကို ကာကွယ်နိုင်စွမ်းမရှိ ဤအနုမြူသိုလှောင်ကန်ပေါက်ကွဲလျှင် ရွှေဝါပြည်တပြည်လုံးရှိ အနုမြူသိုလှောင်ကန်တို့ကို တခုပြီးတခု ကူးစက်ပေါက်ကွဲနိုင်သော အကွာအဝေးတို့၏ အတွင်း ၌ တည်ဆောက်ထားမိလျက်ရှိ၏။ ထို့ကြောင့် အမြောက်ဖြင့်ပစ်ခတ်တိုက်ခိုက်ခြင်း ရှော့ကတ်ဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းမျိုးမပြုပါရန် မေတ္တာရပ်ခံသည်ဟူသော အချက်များပါဝင်၏။

ယင်းသို့ကျေညာနေစဉ်၌ပင် ထူးဆန်းသောအဖြစ်တရပ်ကို တွေ့ကြရ၏။ တိုက်လေယာဉ် များနှင့် ကုန်ပစ္စည်းတင်လေယာဉ်အချို့တို့သည် ရုတ်တရက်ရောက်ရှိလာပြီးနောက် အခြားလေ ယာဉ်တို့ကို ခပ်ရမ်းရမ်းတိုက်ခိုက်ကြ၏။ ကောင်းကင်တနေရာ၌ လေယာဉ်ချင်းဝင်တိုက်သော ကြောင့် နှစ်စင်းစလုံး မီးလောင်ပျက်စီးကျလာသောနေရာသည် အနုမြူသိုလှောင်ကန်နှင့် အလွန် နီးကပ်လှ၏။ ပျက်စီးသော လေယာဉ်အတွင်းရှိ လေထီးဖြင့်ခုန်ချလာသူနှစ်ယောက်အနက် တယောက်ကား ငဆိုးထက်ခိုင်ပင်ဖြစ်လေသည်။

ဗိုလ်မှူးချုပ်ထက်မြက်သည် ငဆိုးထက်ခိုင်ကျလာရာသို့ ပြေးခေါ်၏။ လေထီးကို ကူညီဖြုတ်၏။ နိမ့်လွန်းသောကြောင့် လေထီးကောင်းစွာမပွင့်သဖြင့် လေးငါးလိမ့်လိမ့်သွားရ၏။

'ကျနော်ကိုကိစ္စမရှိပါဘူး ဒီလေယာဉ်တွေဒီဝင်းကြီးထဲမှာ ဆင်းမယ် ဟောဟိုကွက်လပ် ရှည်ကြီးကို မြန်မြန်ရှင်းပေးမှ. . .

ဝင်းထဲရှိ ရဲဘော်တွေအလုပ်များသွားကြ၏။ သို့သော် ကျယ်သောဝင်းကြီးအတွင်း၌ လေယာဉ်အားလုံး ဆင်းနိုင်၏။ ကုန်တင်လေယာဉ်ကြီးများအတါင်း၌ လေယာဉ်ပစ်အမြောက်များ ရိက္ခာများ၊ စွန့်စားယူလာသည့်ခါတ်ဆီပုံများ ပါလာသောကြောင့် အတော်တောင့်တောင့်တင်း တင်းဖြစ်လာ၏။

ထို့ပြင်ငဆိုးထက်ခိုင်သည် မိမိမယား အိုထက်လှနှင့်တကွ သမီးအိုဖြူလွစသည်တို့ကို လည်း အပါခေါ်ခဲ့သေး၏။

ဤကဲ့သို့သော အချိန်မျိုးကို ရောက်တိုင်း ဆူဆူညံညံပြုတတ်ပေါ်လာတတ်သော ငဆိုး ထက်ခိုင်ကိုတွေ့ရသောအခါ အားလုံးကဝမ်းသာကြ၏။

ဝမ်းသာစရာလည်းကောင်း၏။ မိမိကြိုက်တတ်သော အရက်မှစ၍ အခြားသူများ အတွက်ပါ ပစ္စည်းစုံ၊ လက်နက်စုံပါလာ၏။ ထို့ပြင် ဒီစစ်ပွဲကျနော်တို့ နိုင်ရမည်ဟုလည်း အော်ကျယ်အော်ကျယ်ပြောသေး၏။

ထို့နောက် စာရွက်တရွက်ကို အိတ်ထဲကထုတ်ပြ၏။

'ကျနော်တို့ ဟောဒီစာရွက်တရွက်ကို ရွှေဝါပြည်ရဲ့နေရာအနှံ့အပြားမှာ တော်တော်များ များ ကျဲချလာခဲ့တယ်ဗျ ကျနော်က ဟိုတနေ့က ဗိုလ်မှူးကြီးငတူရှင်း ရှင်းပြတဲ့နိုင်ငံခြားရောင်း ဘို့ ကုန်ထုတ်လုပ်ရေးအကြောင်းထဲက အနုမြူသိုလှောင်ကန်တွေဟာ အထားအသိုမှားနေလို့ သိုလှောင်တခုပေါက်ကွဲရင် ကျန်သိုလှောင်ကန်တွေကို တခုပြီးတခုကူးစက်ပြီး ရွှေဝါပြည်ကြီး တပြည်လုံး ပျောက်သွားနိုင်တယ်၊ ဒါကြောင့်အနုမြူသိုလှောင်ကန်တွေကို တခုနဲ့တခုကူးစက် ပေါက်ကွဲခြင်းမဖြစ်နိုင်အောင် နေရာရွှေ့ထားမှဖြစ်မယ်ဆိုတာကို သတိရတယ်ခင်ဗျ။ အဲဒါကြောင့် ကျနော်ဒီကျေညာစာတမ်းတွေကို တိတ်တဆိတ်ရိုက် လေတပ်ကို ဗိုလ်ကြီးငရွှေစင် ကိုသတိရပြီး တွေ့အောင်လိုက်ရှာ စစ်လေယာဉ်ကွင်းကို အတင်းဝင်စီး အသင့်ယူလာတဲ့ပစ္စည်း တွေနဲ့ အခုလာကြတာဘဲ၊ ကျနော်တို့မှာ လေကြောင်းတိုက်ပွဲဖြစ်လိမ့်မယ်ဆိုတာသိတယ်၊ ဒါ့ကြောင့်တချို့က စာရွက်တွေကိုလိုက်ကျဲတုန်း ကျနော်တို့ကသာ ဒီရောက်နှင့်နေကြတာ။

အားရှိဘွယ်ကောင်းသည်ကား ဗိုလ်မှူးကြီးငရွှေစင်၏လေကြောင်းတပ်ဖွဲ့သားများနှင့် သယ်ယူလာသော တိုက်လေယာဉ်တို့ကား အကုန်လိုလိုဖြစ်နေ၏။

ကျေညာသောစာရွက်ကလည်း ပျက်စီးသော အချောင်သမားအစိုးရနှင့် အပေါင်းပါတို့ လက်နက်အမြန်ချ၍ အဖမ်းဆီးခံကြမခံလျှင် ရွှေဝါပြည်တပြည်လုံးကို သိုလှောင်ထားသော အနုမြူများနှင့် ဖောက်ခွဲပစ်မည်ဟူသော ကျေညာစာရွက်ဖြစ်၏။

ထို့နောက် ငဆိုးထက်ခိုင်တို့ပြောပြ၍သိရသည်ကား၊ တောတွင်းဆူပူသူအချို့ ရန်နိုင် မြို့ပေါ်သို့ရောက်နေကြပြီဆို၏။

ထိုသူတို့က သွားလေသူလူလတ်တန်းစား စစ်အစိုးရ၏ ကွပ်ညှပ်နိုပ်စက်မှုမျိုးကိုအားလုံး ဖျက်ချေလျက် ရွှေဝါပြည်သူလူထုက ထောက်ခံသော ရွှေဝါပြည်အုပ်ချုပ်ရေးကို ရေးဆွဲအုပ်ချုပ် မည်ဟု ကျေညာသည်ဟုဆို၏။

ထိုအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးကံပေးက နာယကအဖြစ်နှင့်ဆောင် ရွက်၍ ယာယီအုပ်ချုပ်ရေးစနစ်ကို ရေးဆွဲနေကြပြီဆို၏။

ကျောင်းအားလုံးတို့ကိုလည်း ပြန်ဖွင့်လိုက်ပြီးလျှင် ငယ်နေသောကျောင်းသားများကို ပြင်းထန်ကြီးလေးသော ပညာရပ်များကို အတင်းအကြပ်သင်ကြားစေခြင်း ကျောင်းသားတို့လုပ် ရန်မဟုတ်သော အလုပ်များကိုအတင်းစေခိုင်း လုပ်ဆောင်စေခြင်းသည် စစ်အစိုးရ၏အပြုအမူ ဖြစ်သည်။ ထို့ကြောင့်ကျောင်းသားများသည် နေ့ဝက်သာပညာသင်ကြားရမည်။ ယခင်က ကျောင်းပိတ်ရက်များ အပြင် ဝါဆိုလ သီတင်းကျွတ်လနှင့် ဒီဇင်ဘာလတို့ကိုလည်း တလလုံးလုံး စီအပြည့်ကျောင်းပိတ်ပေးရမည်ဟု ကျေညာလိုက်သည်ဆို၏။ ကျေညာသူသည် ပြည်တော်ကြိုက် အစိုးရအဖွဲ့ဝင် ပြန်ကြားရေးဝန်ကြီး ဦးကျော်ကောင်ကိုယ်တိုင် ဖြစ်သည်ဟုပြောပြ၏။ ထို့ကြောင့်လည်း ဗိုလ်ချုပ်ကြီး သန်မာတို့ကထိုအလံကိုကြားဘူးနေကြခြင်းဖြစ်လေသည်။

ရွှေဝါပြည်၏ ကုန်ပစ္စည်းပေါများရေးကို ရည်ရွယ်လျက်တိုင်းရင်းသားအားလုံး မိမိတို့ ရောင်းလိုသော ကြိုက်ကုန်ကို နိုင်ငံခြားတိုင်းပြည်များမှ အကန့်အသတ်မရှိ ကြိုက်သလို တင်သွင်းခွင့်ပြုမည်ဟု ကျေညာလိုက်သည်ဆို၏။

လယ်ယာကိုင်းကျွန်း စပါးအမြောက်အများထွက်လာရေးကိုသာ မူတည်လျက် ကြိုက် သလိုလုပ်ကိုင်နိုင်ကြသည်။ ယခုပြည်တော်ကြိုက် အစိုးရကလုံးဝ စွက်ဖက်ခြင်းမပြုဟု ကျေညာ လိုက်၏။

ထိုသို့ငဆိုးထက်ခိုင် အားပါးတရပြောပြနေစဉ် ရေဒီယိုနှင့်တကွ ကြိုးမဲ့ကြေးနန်းစက်မှ အသံတခုပေါ်လာ၏။

လက်ဝဲဖက်ဆစ်အစိုးရခေါင်းဆောင်များသည် အနုမြူသို့လှောင်ကန်အမှတ်တစ်၏ ဝိုင်းထဲ၌စခန်းချတပ်စွဲနေသည်ဟု သိရသည်။ လက်ဝဲဖက်ဆစ်ခေါင်းဆောင်တို့သည် ဖက်ဆစ်ပြီ ပြီ အနုမြူသိုလှောင်ကို ဖောက်ခွဲပစ်မည်ဟုခြိမ်းခြောက်ကြသည်။ တရားမျှတသော ပြည်တော် ကြိုက်အစိုးရသည် ဤသို့သောခြိမ်းခြောက်မှုကို ကြောက်ရွံ့လိမ့်မည်မဟုတ် ပြည်သူလူထုနှင့် အတူ အမြဲတမ်းရပ်တည်လျက်ရှိသည်။ ထို့ကြောင့် ဤကျေညာချက်ကို ပြည်သူလူထုသိပါရန် ရေဒီယိုမှပြန်ကြားလိုက်သည်။

ဗိုလ်ချုပ်ကြီးသန်မာသည် စိတ်တိုစွာဖြင့် လက်ကိုဆုပ့်ရမ်းလိုက်၏။

ဟေ့မင်းတို့ဟာတွေပိတ်ထားလိုက်စမ်းကွာ ကဲ ကိုငဆိုးထက်ခိုင်ပြောစမ်းပါအုံး။

အဲဒါ ရွှေဝါပြည်သူပြည်သားတွေက သိပ်သဘောကျနေကြတယ်ခင်ဗျ. . . ခုတက်လက်တဲ့ အစိုးရမှ နာမည်နဲ့လိုက်တဲ့တကယ့်ပြည်တော်ချစ်အစိုးရလို့ ပြောနေကြတယ်၊ ဘာကြာသေးလဲ အခုရက်ပိုင်းကလေးအတွင်းမှာဘဲ လမ်းဘေးဆိုင်တွေမှာ

နိုင်ငံခြားစီးကရက်မျိုးစုံပစ္စည်းမျိုးစုံ ရောက်လာတော့တာဘဲ၊ မိန်းကလေးတွေ ယောက်ျားကလေးတွေဆိုယင် ရွှေဝါပြည်သားတွေနဲ့ မတူတော့ဖူး၊ မြို့တော်ရဲ့ ခမ်းမကျယ်ကြီးတိုင်းမှာ အရက်ဆိုင်ကြီးတိုင်းမှာ ပွတ်သဘင်တွေပေါ် လာကြပြီး နေ့ညမခွဲတော့ဘူး အမြဲဖွင့်ထားတယ် အမြဲရှိနေကြတယ်။

ဟာ သိပ်ပျော်ပီး နေ့မှန်းညမှန်းမသိတော့ဖူး ပွဲခင်းတွေဆိုယင် လမ်းထောင့်တိုင်းမှာရှိနေ ကြတယ်။ ပွဲကြည့်တဲ့လူတိုင်းဟာ ရွှေဝါပြည်ငွေတကျပ်ပေးလိုက်ယင် မင်းသမီးနဲ့တွဲပြီး မိနစ်ဝက် ကနိုင်တယ်၊ အမူးသမားတွေအားကြီးကတာဆဲ့။ နတ်ပွဲတွေကလဲ ကြည့်ချင်ပွဲတွေနဲ့အပြိုင်ဘဲ၊ လူတွေဟာ နေ့ညမရှိဘူးအမြဲတန်း လမ်းပေါ်မှာစီနေတာပဲ အမူအခင်းတွေကလဲမိနစ်ပိုင်းမှာလို တနေရာမဖြစ် တနေရာဖြစ်နေတာပဲ ဒါပေမဲ့ အသွားအလာမပျက်ဖူး လူတွေကဘယ်သူမှဂရု မစိုက်ဖူး သွားမြဲသွားပျော်မြဲပျော်နေကြတာဘဲ။

'အေး. . ကောင်းတယ် ဒို့တိုင်းပြည်ဟာ ဒါမျိုးနဲ့ဘဲတန်တယ်'

ဗိုလ်ချုပ်ကြီးသန်မာ၏ စကားဆုံးသည်နှင့် ပြည်တော်ချစ်အစိုးရ၏တိုက်စစ်ဘက်မှ ပစ်လွှတ်လိုက်သော အမြောက်ဆံသည် အနုမြူသိုလောင်ကန်ကြီးကို တိုက်ရိုက်လာရောက်ထိမှန် ၏။

ထို့နောက် ရွှေဝါပြည်ကြီးသည် မိနစ်ပိုင်းအတွင်း တပြည်လုံး ဆက်ကာဆက်ကာပေါက် ကွဲပြီးနောက် အလွန်လှပစွာ ပျောက်ကွယ်သွား၏။ ကမ္ဘာပေါ်တွင်အကြီးမားဆုံးနှင့် အလှဆုံး ပေါ်ပေါက်လာသော မီးခိုးလုံးကြီး ပျောက်ကွယ်သွားသောအခါ ထိုနေရာ၌ ရေပြင်ကြီးကျန်ရစ်ခဲ့ သည်။

ထိုနေရာကား အချို့က ဘင်္ဂလားပင်လယ်အော်ကြီး နေရာဖြစ်မှာပေါ့ဟုဆိုကြ၏။

လူကြီးတွေအတွက်ပြောသော ရွှေဝါပြည်ပုံပြင်ကား ပြီးဆုံးပါပြီ။

ရန်ကုန်ဘဆွေ